တောင်ငူမြို့အပိုင် မြို့လှမြို့နေ

ဓမ္မကထိက ဆရာကြီး ဦးချစ်အောင် ရေးသား၍

သက္ကရာဇ် ၁၂၉၀ ပြည့်က ပထမအကြိမ်ရိုက်နှိပ်၍

ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့သော

# သတိပဋ္ဌာနဒီပနီကျမ်း

နှင့်

# ဝိပဿနာသံခိပ်ရှုဖွယ်ကျမ်း

ဓမ္မဒါန

( ဒုတိယ အကြိမ် )

တောင်ငူမြို့သားပိုင် မြို့လှမြို့ဝန်

ဓမ္မကထိက ဆရာကြီး ဦးချစ်အောင် ရေးသား၍

သက္ကရာဇ် ၁၂၉၀ ပြည့်က ပထမအကြိမ်ရိုက်နှိပ်၍

ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့သော

# သတိပဋ္ဌာနဒီပနီကျမ်း

# နှင့်

# ဝိပဿနာသံခိပ်ရှုဖွယ်ကျမ်း

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၂၄၈/၉၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၀/၉၃ (၁၁)

တန်ဖိုး မမှတ်ပါ

အကြိမ် ဒုတိယအကြိမ်

ခုနှစ် ၁၉၉၃–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ ၄၀၀

အဖုံးရိုက် – ရတနာ့ဂုဏ်ရည်

ပုံနှိပ်သူ ဒေါ်ဆေးအေးသန်း (၀၂၀၃၂)
ရတနာ့ဂုဏ်ရည်ပုံနှိပ်တိုက်
၅၂၊ ဗိုလ်ချိုလမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဦးမြသန်း၊ (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
၃၅၊ သမာဓိလမ်း၊ ငွေစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။



ဇေတဝန်ဆရာတော် (စစ်ကိုင်း/သထုံ)



**ကမ္မဋ္ဌာန်းဆရာကြီး ဦးစံထွန်း၏ ပုံ**

ကျမ်းပြုပုဂ္ဂိုလ်၏ ပဓာနာစရိယ၊ မြို့လှ၊ ဒိုက်ဦး၊ ပျော်ဘွယ်
စသည်များ၌

# ဝိပဿနာတရားကို ဟောကြားပြသသူ



ဆရာကြီး ဦးချစ်အောင်၏ပုံ

ကျမ်းပြုပုဂ္ဂိုလ် ဓမ္မကထိက၊ မြို့လှမြို့၊

# မာတိကာ


| ဦးရေ | မာတိကာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်းကို ပြဆိုခြင်း | .... | ၁ |
| ၂။ | ရတနတ္တယ ပဏာမကိုပြဆိုခြင်း | .... | ၃ |
| ၃။ | အဘိယာစကနှင့် ကျမ်း၏အမည်ကို ပြဆိုခြင်း | .... | ၅ |
| ၄။ | ဝိပဿနာသံခိပ်ကျမ်း | .... | ၈ |
| ၅။ | မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ဆုထူးကြောင့် တရားဦးတွေ့ပုံ ဒေသစာရီ ကြွပုံကို ပြဆိုခြင်း | .... | ၂၀ |
| ၆။ | သတိပဋ္ဌာန်ဟောရာဌာနနှင့် သတိအထူးဟောပုံ သမထနှင့် ဝိပဿနာခွဲပုံကို သိသာရုံပြဆိုခြင်း | .... | ၂၄ |
| ၇။ | ကမ္မဋ္ဌာန်းဆရာရှာဖွေရာ ဘုရားရှင် မိန့်တော်မူပုံနှင့် သတိပဋ္ဌာန်ရှုသူတို့၏ အကျိုးထူးကိုပြဆိုခြင်း | .... | ၃၄ |
| ၈။ | ယခုကာလ မဂ်ဖိုလ်ကိုမရဟု-ဘုရားရှင်စွပ်စွဲရာ လောကူပမာနှင့် ပါဠိတော်အလာကို မိန့်မှာကာပြဆိုခြင်း | .... | ၄၀ |
| ၉။ | ဒွိဟိတ် တိဟိတ်ခွဲပုံနှင့် ကျွတ်ဘန်းရောက်-မရောက်ကို ဝမ်းမြောက်ရန် ပြဆိုခြင်း | .... | ၄၅ |
| ၁၀။ | ပိဋကတ်မတတ်သော်လည်း ကမ္မဋ္ဌာန်းအားထုတ်ဖူးက နည်းယူရန် ပိဋကတ်တတ်သော်လည်း ကမ္မဋ္ဌာန်း အားမထုတ်ဖူးက နည်းမယူရန် ပြဆိုခြင်း | .... | ၄၇ |
| ၁၁။ | ဒိဋ္ဌိဘေးကြီး အရေးကြီးပုံနှင့် ကမ္မဋ္ဌာန်းအားထုတ်ပြီးမှ တရားဟောဆရာပြုလုပ်ရာ ဘုရားရှင်မိန့်မှာတော် မူပုံကိုပြဆိုခြင်း | .... | ၅၁ |
| ၁၂။ | ပိဋကတ်တတ်သောရဟန်းက ပိဋကတ်မတတ်သော ရဟန္တာကို နှိပ်စက်မည် အယူနှင့် ဘုရားရှင်စစ်ကူတော်မူပုံ စာနှင့်တရားနှစ်ခုထား၍ ခြားနားသောအစဉ်ကို ဧရွှေအိုးပမာတင်၍ ပြဆိုခြင်း | .... | ၆၂ |
| ၁၃။ | မာနထောင်လွှားက ဤတရားနှင့် လားလားမျှမချော် ဘုရားရှင်ကဲ့ရဲ့တော်မူပုံကို ပြဆိုခြင်း | .... | ၇၀ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ငါးပါးသီလနှင့် နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ကို သိလွယ်ရန်ပြဆိုခြင်း | .... ၇၃ |
| ၁၅။ | အဝိဇ္ဇာသည် ဆိုးကောင်းအစုံ ရုပ်နာမ်တို့၏ ဖြစ်ပုံ ငါပါပုံ-ငါကွာပုံကို ဆောင်ပုဒ်နှင့်တကွ ပြဆိုခြင်း | .... ၇၉ |
| ၁၆။ | သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်နှင့် ကာလသုံးပါးကို ထင်ရှားစွာ ပြဆိုခြင်း | .... ၈၈ |
| ၁၇။ | ခြောက်ဒွါရ ခြောက်အာရုံက ကိလေသာဝင်ပုံကို ပါဠိတော်အစုံနှင့် ဝိတ္ထာရလာပုံကို ပြဆိုခြင်း | .... ၉၇ |
| ၁၈။ | ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာဝင်ပုံကို ပါဠိတော် အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်း | .... ~~၁၃၀~~ ၁၁၆ |
| ၁၉။ | သဘာဝဣဋ္ဌာရုံ-သဘာဝအနိဋ္ဌာရုံတို့ကို အဋ္ဌကထာလာပုံနှင့် နှစ်ဝါဒအာရုံကို ပြဆိုခြင်း | .... ၁၃၀ |
| ၂၀။ | ရတနာသုံးပါးကို ကြည်ညိုရာ၌ ငါပါပုံ-ငါကွာပုံကို ပရမတ်အာရုံနှင့် ပြဆိုခြင်း | .... ၁၄၃ |
| ၂၁။ | ယုတ်သည်-မြတ်သည် ဤနှစ်လီလောကီလိုက်စား၍ သံသရာ၌ မျောပါပုံကို ပြဆိုခြင်း | .... ၁၅၂ |
| ၂၂။ | ဝိပဿနာသည် ကလာပ်အပေါင်းအစည်းတစ်ခုတည်း ရှုပုံ သဘာဝ အာရုံကို လောကီပမာပုံနှင့် ပြဆိုခြင်း | .... ၁၅၅ |
| ၂၃။ | အသိနှစ်မျိုး အမှတ်နှစ်မျိုး ပါဠိတော်ကိုး၍ အဋ္ဌကထာ တစ်မျိုးနှင့် ပြဆိုခြင်း | .... ၁၆၁ |
| ၂၄။ | ခြောက်ဒွါရက ကျသမျှအာရုံကို မိုးပေါက်ပမာပုံနှင့် ပြဆိုခြင်း | .... ၁၆၅ |
| ၂၅။ | ဣန္ဒြိယ သံဝရသီလခေါ်ပုံ ဒါရုစီရိယ ပရိဗိုဇ်၏ အတ္ထုပ္ပတ္တိနှင့် ကမ္မဋ္ဌာန်းပေးအပ်သည်ကို ပြဆိုခြင်း | .... ၁၇၃ |
| ၂၆။ | သတိပဋ္ဌာန်လေးပါးကို တိက္ခမန္တတို့မြင်ရာ ခြောက်ဝသောဌာနနှင့် အဋ္ဌကထာအလာကို ပြဆိုခြင်း | .... ၁၈၀ |
| ၂၇။ | အသိကျဲပုံ အသိစိတ်ပုံနှင့် အပ္ပမာဒတရား ဘုရားရှင် ဟောကြားတော်မူပုံကို ပြဆိုခြင်း | .... ၁၉၂ |
| ၂၈။ | ယောဂီတို့၏အာရုံ သမာဓိဖြစ်ပုံကို ပါဠိတော် အာဂုံနှင့် အဋ္ဌကထာ လာပုံကို ပြဆိုခြင်း | .... ၂၀၃ |
| ၂၉။ | အဓမ္မနှင့်ဓမ္မ ဓမ္မနှင့်အဓမ္မ နိရိယကျပုံကို ဥဒါဟရုဏ်ပုံစံနှင့် ထုတ်ပြန်ကာ ပြဆိုခြင်း | .... ၂၁၆ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | ဒါနဆိုတာ သံသရာ၌ ကျင်လည်သည့်စကား ဝေါဟာရများပုံကို ပါဠိတော် အာဂုံနှင့် အဋ္ဌကထာ လာပုံကို ပြဆိုခြင်း | .... ၂၂၃ |
| ၃၁။ | သုဒ္ဓိသုံးပါးစသောအစဉ်တို့သည် ဝိမုတ္တိ၌ ပါဝင်ပုံကို ဝါကျိဗ္ဗပမာတင်၍ ထင်မြင်အောင် ပြဆိုခြင်း | .... ၂၄၀ |
| ၃၂။ | ဘုရားဆုပန်သူနှင့် ဝိပဿနာယောဂီတို့၏ အာရုံယူပုံကို ပြဆိုခြင်း | .... ၂၅၂ |
| ၃၃။ | အရှင်မဟာဗုဒ္ဓဃောသ၏ အတ္ထုပ္ပတ္တိကို သိသာရန် ပြဆိုခြင်း | .... ၂၅၈ |
| ၃၄။ | နာမရူပ ပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟကို သခေ်ပပြဆိုခြင်း | .... ၂၆၂ |
| ၃၅။ | သမ္မသနဉာဏ်ကို ကာလသုံးပါး၌ ရှုပုံကို ပြဆိုခြင်း | .... ၂၆၇ |
| ၃၆။ | သမ္မသနဉာဏ် ရင့်သန်က ဒိဋ္ဌိ ဝိစိကိစ္ဆာကွာပုံ ပုဗ္ဗဘာဂ မဂ်ပါပုံကို နေအရုဏ်ပမာထား၍ ဘုရားရှင် ဟောကြားတော်မူသည်ကို ပြဆိုခြင်း | .... ၂၇၀ |
| ၃၇။ | ဥဒယဗ္ဗယဉာဏ်၌ အန္တရာယ်ဝင်ပုံ အနိစ္စထင်ပုံ ပါဠိတော်လာပုံကို အဋ္ဌကထာအာဂုံနှင့် ပြဆိုခြင်း | .... ၂၈၈ |
| ၃၈။ | ဘင်္ဂဉာဏ်ပျက်ပုံကို ပါဠိတော်အစုံနှင့် ယောဂီတို့၏ မြင်ပုံကို ပြဆိုခြင်း | .... ၃၀၉ |
| ၃၉။ | ဘယဉာဏ် အာဒီနဝဉာဏ်တွဲစပ်၍ တစ်ဖန်ယောဂီတို့ ထင်ဟန်ကို သိသာရန် ပြခြင်း | .... ၃၂၂ |
| ၄၀။ | အာဒီနဝဉာဏ်အချက်ကို ကျမ်းဂန်ရအထွက်နှင့် မိန့်မြွက်ခါ ပြဆိုခြင်း | .... ၃၃၃ |
| ၄၁။ | နိဗ္ဗိဒါဉာဏ်ကို ကျမ်းဂန်ရအလိုနှင့် ယောဂီတို့၏ အာရုံကို ပြဆိုခြင်း | .... ၃၃၇ |
| ၄၂။ | မုဉ္စိတုကမျတာဉာဏ် လွတ်လိုသည်ဖြစ်ဟန်ကို ထောင်ကျသည်ပုံစံနှင့် ထုတ်ပြန်ကာ ပြဆိုခြင်း | .... ၃၄၃ |
| ၄၃။ | ပဋိသင်္ခါဉာဏ် ဝိတ္တာရမြင်ရန် ငါးဖမ်းသည် ပုံစံနှင့် ဥပမာလာဟန်ကို ထုတ်ပြန်ကာ ပြဆိုခြင်း | .... ၃၄၉ |
| ၄၄။ | သင်္ခါရုပေက္ခာဉာဏ်ကို ဝိတ္တာရလာဟန် ပင်လယ်ပျံကာကနှင့် ဥပမာတင်ဆ၍ မြင်လောက်အောင် ပြဆိုခြင်း | .... ၃၅၇ |
| ၄၅။ | အနုလောမဉာဏ် ဂေါတြဘူဉာဏ်ကို သိသာရန် ရှင်းလင်း မျက်စဉ်းပမာသွင်း၍ အဆင်းမြင်ပုံကို ပြဆိုခြင်း | .... ၃၇၃ |

| ဦးရေ | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | ပဋ္ဌိပဒါလေးတန်ကို ကျမ်းဂန်ရ အထွက်သစ္စာဉာဏ် လေးချက်နှင့် မိန့်မြွက်ခါအစဉ် ဆီမီးပမာတင်၍ မြင်လောက်အောင် ပြဆိုခြင်း | .... ၃၇၀ |
| ၄၇။ | သတ္တက္ခတ္တုပရမ-ကောလံကောလ ကေမိဇနှင့် သုံးဝသောတာ ကျမ်းဂန်ရအလာကို မိန့်မှာကာ ပြဆိုခြင်း | .... ၄၀၃ |
| ၄၈။ | သောတာပန်တို့သည် ပယ်အပ်သော တရား ကျမ်းဂန်ရ စကားနှင့်ခြားနားစွာပြဆိုခြင်း | .... ၄၂၀ |
| ၄၉။ | ဗဟိအဇ္ဈ-အာသန္နနှင့်စသည်အပြား (၁၁) ပါးသည် လောကီ တရား နိဗ္ဗာန်နှင့် လားလားမျှ မဆက်ဆံသည်ကို ပြဆိုခြင်း | .... ၄၃၂ |
| ၅၀။ | သဥပါဒိသေသနိဗ္ဗာန်အနုပါဒိသေသနိဗ္ဗာန်ကို တွဲစပ်ပုံ တစ်ပါး ခွဲအပ်ပုံတရားနှင့် ခြားနားစွာ ပြဆိုခြင်း | .... ၄၃၇ |
| ၅၁။ | ကျမ်းပြီးနိဂုံးကို သိသာရန် ပြဆိုခြင်း | .... ၄၅၀ |

# (၁) နိဒါန်းကိုပြဆိုခြင်း

ဇယျတု။ ။ပတ္တမြားဝေဘူ၊ သပြေငုဝယ်၊ ရေတူစံရှား နှစ်ပါးမရှိ၊ ထွန်းလင်းဘိ၍၊ ကျွန်း၏ကျက်သရေ၊ ကနက်ဝေဖြာ၊ မင်းမင်းများကေရာ၊ ဒေဝါနတ်သွင်၊ ဘုန်းရောင်ဆင်လျက်၊ ဘုရင်တစ်ဆူ၊ ဘွဲ့ဖြူထီးဆောင်း၊ ခဝတ်ညောင်းလျက်၊ ထောင်သောင်းမကွာ၊ မင်းတကာတို့၊ ပဏ္ဏာတော်တင်၊ ဆက်သရာအစဉ်၊ ဥက္ကဋ္ဌနွယ်ဝင်၊ ဆင်ဖြူများသခင်၊ လက်နက်စကြာရှင်၊ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးနှင့်တကွ၊ တောင်နန်းစံဒေဝီမဟေသီ စသူ၊ များဗိုလ်လူတို့သည်၊ အလေးဂရု အရေးပြုရသော၊ ရန်အောင်မြို့၊ ပွဲ့ကန်ရွာ တိပိဋကဓရခေါ်၊ သုံးပုံပြန်ပထမကျော်၊ ဆရာတော်ဘုရားကြီး၏၊ သိပ္ပန္တေဝါသိက၊ ပထမခံယူပြီးမှ၊ မန္တလေးမြို့၊ ဘုရားကြီးဆရာတော်ဦး ရန်ကုန် ဆရာတော်၊ မိုးတားဆရာတော်၊ မိုင်းကိုင်ဆရာတော်၊ အတုမရှိ-သမုတိသာသနာပိုင် ဆရာတော်ဘုရားကြီးတို့၏ အထံမှ၊ ပရိယတ္တိဉာဏ်ကို၊ နိယံမပြတ် အထပ်ထပ်သောနည်း၊ ဆယ်နှစ်ခန့်မှီး၍၊ အသီးသီးယူပြီးနောက်၊ စစ်ကိုင်းတောင် မင်းကွန်းတိုက်၊ ဂူကလေးချောင်၊ ဇေတဝန်ဆရာတော်ဘုရားကြီးသည်၊ ယောဂီတို့အား လွန်သနား၍ ဟောကြားပြသ၊ ဓမ္မကထာ ဒေသနာအရပ်ရပ်၊ ပိဋကတ်တစ်ဆူ ပါရဂူမြောက်၊ ဝိပဿနာ၌ ဝိဇ္ဇာဉာဏ်ပေါက်သောကြောင့်၊ အံ့လောက်ထူးဆန်း ဝိပဿနာလမ်းကို အခန်းခန်းပြ၊ လက်ထပ်ရ၍၊ ယထာဘူတ သဘာဝကို၊ မုချအမှန် အမြင်သန်က၊ မဂ်ဉာဏ်သို့ဆိုက်ကြောင်း၊ ကောင်းမြတ်သောတရား ကရုဏာဒွေထား၍၊ ဆရာကြီး-ဦးချစ်အောင် ရေးသားစီရင်လိုက်သောသတိပဋ္ဌာန ဒီပနီမည်သော-ကျမ်းအဆီကို ဆုံးခန်းတိုင်အောင် ရေးသားစီရင်ပေအံ့။

ဤ သတိပဋ္ဌာန ဒီပနီမည်သော ကျမ်းအဆီသည် ဝိပဿနာသံခိပ် ရှုဖွယ်ကျမ်းငယ်၌လာသော၊ မထင်မမြင်သော ကဗျာလင်္ကာစုကိုသာလျှင်၊ ထင်မြင်အောင် ပြဆိုခြင်းနှင့်တကွ၊ ရှေးအရိယာတို့ ကြွရာ၊ လမ်းကြောင်း လမ်းကောင်းအစဉ်ကို၊ ကောင်းကောင်းကြီး-ထင်မြင်အောင်ပြဆိုပေအံ့။

ရတနာ့ဂုဏ်ရည် (၁)

သုဒုလ္လဘံ လဘိတွာန၊ န ရ တ္တံ ဇိနသာသနေ၊
သီလာဒိသင်္ဂဟံ ခေမံ၊ ဥဇုံမဂ္ဂံ ဝိမုတ္တိယာ၊
ယထာဘူတံ အဇာနန္တာ၊ ဝိမုတ္တိကာမာပိယေဣဓ၊
ဝိမုတ္တိံနာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

ဇိနသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ သုဒုလ္လဘံ၊ အလွန်အကျူး အထူးရခဲလှသော။ န ရ တ္တံ၊ သာသနာတွင်းလူဖြစ်ခြင်းကို။ လဘိတွာန၊ ရကြ၍။ ဝိမုတ္တိယာ၊ ကိလေသာဘေး လွတ်ခါဝေးသောနိဗ္ဗာန်၏။ သီလာဒိသင်္ဂဟံ၊ သီလအစ - သမာဓိအလယ် - ပညာအဆုံးထား၍ ရေတွက်အပ်သော။ ခေမံ၊ ကိလေသာဘေး လွတ်ခါဝေးသော။ ဥဇုံ၊ ဖြောင့်ဖြောင့်မှန်မှန် နိဗ္ဗာန်သို့ ရောက်စေတတ်သော။ မဂ္ဂံ၊ ရှေးအရိယာတို့ ကြွသွားရာ လမ်းကောင်း-လမ်းကြောင်း လမ်းဟောင်းကြီးကို။ ဣဓ၊ ဤ မြတ်စွာဘုရား သာသနာတော်၌။ ယောဂိနော၊ ယောဂီပုဂ္ဂိုလ်တို့သည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အဇာနန္တာ၊ သဲလွန်အစ ရှာမရ၍ မသိနိုင်ကြလေသောကြောင့်။ ဝိမုတ္တိကာမာ၊ နိဗ္ဗာန်ကို လိုချင် ရောက်ချင်ကြသည်ဖြစ်၍။ ဝါယမန္တာပိ၊ လုံ့လမယုတ်-နေ့ရောညဉ့်ပါ အားထုတ်ရှာကြကုန်သော်လည်း။ ဝိမုတ္တိံ၊ ကိလေသာဘေး လွတ်ခါဝေး၍ အေးသောနိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ သဲလွန်အစ-ရှာမရ၍ မသိနိုင်ကြပေကုန်။

ဝိနာဝတ္တာလင်္ကာရေန၊ ပုရိသောနာပိသောဘတိ။
တထာနိဒါနလင်္ကာရေန၊ ဂန္ထောစာပိနသောဘတိ။

ပရိသမဇ္ဈေ၊ ပရိသတ်တို့၏အလယ်၌။ ဝသန္တော၊ နေသော။ ပုရိသော၊ ယောကျာ်းသည်။ ဝတ္တာလင်္ကာရေန၊ အဝတ်တန်ဆာ ဆင်ယင်ခြင်းနှင့်။ ဝိနာ၊ ကင်းကွာ၍။ နသောဘတိယထာ၊ မတင့်တယ်သကဲ့သို့။ တထာ၊ ထို့အတူ။ သာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဂန္ထော၊ ကျမ်းသည်။ နိဒါနလင်္ကာရေန၊ နိဒါန်းဟူသော တန်ဆာဆင်ခြင်းနှင့်။ ဝိနာ၊ ကင်းကွာ၍။ နသောဘတိ၊ မတင့်တယ်ပေ။

(၁) နိဒါန်းကိုပြဆိုခြင်း ပြီး၏။



# သတိပဋ္ဌာန ဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## (၂) ရတနတ္တယပဏာမဂါထာကိုပြဆိုခြင်း

ဝိစိတ္တဓမ္မဒေသကံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
နတွာဟံ၊ ဓမ္မဉ္စ၊ သံဃဉ္စ၊ ဒက္ခိဏေယျံ နိရင်္ဂဏံ။
ပရိယတ္တိဝိသာရဒံ၊ ဂုရုံ ဂါရဝဘာဇနံ။
သက္ကစ္စံ အဉ္ဇလိံ ကတွာ၊ အဟံ ဝန္ဒာမိ သိရသာ။

အဟံ၊ ရုပ်နာမ်နှစ်ခု အပေါင်းအစု၌ ငါဟုသမုတ်အကျွန်ုပ်သည်။ ဝိစိတ္တဓမ္မဒေသကံ၊ အထူးသဖြင့် ဆန်းကြယ်သော တရားစကားကို ဟောကြားတော်မူတတ်ထသော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ သမ္ဗုဒ္ဓပူဇိတံ၊ ဘုရားရှင်သည် ပူဇော်အပ် မြတ်နိုးအပ်ပေသော။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော တရားတော်မြတ်ကိုလည်းကောင်း။ ဒက္ခိဏေယျံ၊ မြတ်သော အလှူကို ခံတော်မူထိုက်ထသော။ သံဃဉ္စ၊ ဘုရားရှင်၏ရှေ့ရင်တော်နှစ်-သားတော်စစ်ဖြစ်ကြပေကုန်သော သံဃာတော်အပေါင်းကို လည်းကောင်း။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ပရိယတ္တိဝိသာရဒံ၊ ပိဋကတ်အလာ ပရိယတ်အရာ၌ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းရှိထသော။ နိရင်္ဂဏံ၊ ရွံရှာခြင်း ယုံမှားခြင်းကင်းထသော။ ဂါရဝ ဘာဇနံ၊ ရိုသေလေးမြတ် ဂုဏ်အထပ်ထပ်တို့၏တည်ရာ ဖြစ်တော်မူထသော။ ဂရုံဂုရုစ၊ ပိဋကတ်အလာ ပရိယတ်အရာ၌ လိမ္မာယဉ်ကျေး သွန်သင်၍ပေးကြသော ဆရာတော်ဘုရားများကို

လည်းကောင်း။ သက္ကစ္စံ၊ ရိုသေလေးမြတ်စွာ။ အဉ္ဇလိံ၊ လက်အုပ်ချီခြင်းကို။ ကတွာ၊ ပြု၍။ သိရသာ။ ဦးခေါင်းကို ညွတ်ပြောင်းသဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးလိုက်ပါ၏။

ယမှာ မေ့ ဝိဇာနေယျ။ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံ ဝ ဗြာဟ္မဏော။

ယမှာ အာစရိယာ၊ အကြင် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးအထံတော်မှ။ သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမှန်ကို။ ဝိဇာနေယျ၊ သိရတွေ့ရပါပေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဗြာဟ္မဏော။ ပုဏ္ဏားအပေါင်းသည်။ အဂ္ဂိဟုတ္တံ၊ မီးပူဇော်ခြင်းကို။ သက္ကစ္စံ၊ ရိုသေလေးမြတ်စွာ။ နမဿတိဣဝ၊ ရှိခိုးကြသကဲ့သို့။ ဧဝံတထာ၊ ထိုနည်းတူစွာဥပမာဖြင့်။ တံ-အာစရိယံ၊ ထိုမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးကို။ သက္ကစ္စံ၊ ရိုသေလေးမြတ်စွာ။ နမဿေယျံ၊ ကာယဝစီ - မနောချီ၍ - သုံးလီဒွါရ - ဂါရဝဖြင့်-တုပ်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

စစ်ကိုင်း ဩတ္ထနဂရေ၊ မင်းကွန်းတိဝှယေ-ဝိဿုတော။
သော မေ သတ္ထာစ ပကာရော။ ဣတရော မမ ဝန္ဒနော။

စစ်ကိုင်းဩတ္ထနဂရေ၊ စစ်ကိုင်းမြို့ဟု အမည်ပြုသော။ မင်းကွန်းတိဝှယေ။ မင်းကွန်းခေါ်သော တိုက်တော်ကြီး၌။ ဝိဿုတော၊ ပိဋကတ်အလာ ဝိပဿနာအရာ၌။ စူးရှထင်ပေါ် အလွန်ကျော်သော။ မေ၊ ငါ၏။ သတ္ထာစ။ ဝိပဿနာအရာ-အားထုတ်နည်းအဖြာဖြာကို ခါခါမလတ် လက်ထပ်ပြပေသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးကို လည်းကောင်း။ နိသေသော၊ အမြဲမပြတ်ဆည်းကပ် အပ် သည် ဖြစ် ၍။ သောပကာရော၊ ထိုဝတ်စားတန်ဆာ ဘယ်ခါမလတ်-ပရိယတ်နှင့်။ တတ်အပ်ယဉ်ကျေးသွန်သင်၍ပေးပေသော။ မမ၊ ငါ၏။ သတ္ထာစ၊ အစ်ကိုဖြစ်သော သာဂရ ဆရာတော်ဘုရားကြီးကို လည်းကောင်း။ ဣတရော၊ ဤမှတစ်ပါး-နေ့ဝါ-ညဝါ-အဖြာဖြာကို မကွာသင်၍ ပေးကြသော ဆရာတော်ဘုရားကြီးများကို လည်းကောင်း။ ဝန္ဒနော၊ ဝန္ဒနာမိ-အောက်မေ့မြတ်နိုး-လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

(၂) ရတနတ္တယပဏာမပြီး၏။

❁ ❁ ❁

## (၃) အဘိယာစကနှင့်ကျမ်း၏-အမည်ကိုပြဆိုခြင်း

သုဂမ္ဘီရံ သုဒုဒ္ဒသံ၊ သမာဒါယော နယံ။
တုမှေ ဣဒါနိ ယံဂန္ထံ၊ သတိပဋ္ဌာနဒီပနိံ။
ဂစ္ဆန္တေဟေတ္ထ သာဓူဟိ၊ ဘိက္ခုဇနေဟိ ယာစိတော။
ဒီပယိဿံသမာသေန၊ တံ နိသာမေထ သာဓဝေါ။

ဧတ္ထ၊ ဤဆရာနေသော မြို့လှမြို့၌။ ဂစ္ဆန္တေ၊ နေ့ရောညဉ့်ပါရောက်၍ လာကြကုန်သော။ သာဓူဟိ၊ မဂ်ဖိုလ်လိုလား အမျိုးကောင်းသား ဖြစ်ကြပေကုန်သော။ ဘိက္ခုဇနေဟိ၊ ရဟန်းရှင်လူ ပြည်သူအပေါင်း သူတော်ကောင်းတို့သည်။ ယာစိတော၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ရေးပါရေးပါ-တောင်းပန်လာသည်ဖြစ်၍။ သုဂမ္ဘီရံ၊ နက်နဲခက်ခဲစွာထသော။ သုဒုဒ္ဒသံ၊ ထင်နိုင်မြင်နိုင်ခဲသသော။ သတိပဋ္ဌာနဒီပနိံ။ သတိပဋ္ဌာနဒီပနီ အမည်ရှိသော။ နယံ၊ ပါဠိတော်လာ-အဋ္ဌကထာ၌ ပါသောနည်းကို။ သမာဒါယော၊ ကောင်းစွာယူ၍သာလျှင်။ သမာသေန၊ အကျဉ်းအားဖြင့်။ ယံဂန္ထံ၊ အကြင်သတိပဋ္ဌာနဒီပနီမည်သောကျမ်းကို။ ဣဒါနိ၊ ယခုအခါ၌။ ဒီပယိဿံ၊ ပြဆိုရေးသားပေအံ့။ တံ၊ ထိုပြဆိုလတ္တံ့သော သတိပဋ္ဌာနဒီပနီမည်သော ကျမ်းအဆီကို။ သာဓဝေါ၊ သူတော်ကောင်း ဖြစ်ကြပေကုန်သော။ တုမှေ၊ သင်မဂ်ဖိုလ်လိုလား အမျိုးကောင်းသားတို့သည်။ နိသာမေထ၊ ကြည့်ရှုမှတ်သား သဒ္ဓါပွား၍ မျှားမျှားကြီးအားထားကြပါကုန်လော့။

ယောနိသော မနသိကတွာ၊ နာဒါ ဝိရုဒ္ဓမညိတံ။
သာဓဝေါတံ သုဏာယန္တု၊ မယာပိမန္ဒဗုဒ္ဓိနော။

မယာပိ၊ ငါသည်လည်း။ မန္ဒဗုဒ္ဓိနော၊ ပရိယတ္တိအလာ ဝိပဿနာအရာ၌ ပညာနုံ့နှေး၍ အားမထုတ်သေးကြကုန်သော။ ဝါ၊ စိန္တာမယအတွေးနှင့် အားထုတ်သေးကြကုန်သော။ သာဓဝေါ၊ မဂ်ဖိုလ်လိုလား အမျိုးကောင်းသားတို့သည်။ ယောနိသော၊ ဟုတ်မှန်သောအားဖြင့်။ မနသိကတွာ၊ နှလုံးသွင်းကြ၍။ ဝိရုဒ္ဓမညိတံ၊ ပါဠိတော်လာ အဋ္ဌကထာနှင့်ဆန့်ကျင်၏ဟု ထင်မှတ်သောအရာကို။ ဝါ၊ မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးမကြိုက် မနှစ်သက်သော အယူဝါဒကို။ အနာဒါ-အနာဒါယ၊ မမှတ်မယူ-မရေးမထည့်မူ၍။ တံ၊ ထိုသတိပဋ္ဌာနဒီပနီမည်သောကျမ်းအဆီကို။ သုဏာယန္တု၊ သဒ္ဓါကြည်ဖြူ အာရုံမူ၍ နာယူကြမေကုန်လော့။

အရှင်မဟာဗုဒ္ဓဃောသသည်၊ သီဟိုဠ်ကျွန်း၌၊ မဂဓဘာသာပါဠိသဒ္ဒါကို၊ မြန်မာဘာသာ-ပြန်ဆိုရေးသားရခြင်းသည်၊ မြန်မာအမျိုးသားတို့၏ အကျိုးအလို့ငှာ၊ ရေးသားတော်မူခဲ့ပေသတည်း။

လောက၌ လူတို့ခေါ်ဝေါ်သုံးစွဲပြောဆိုကြသော အနက်သဘောဖြင့် သဒ္ဒါသည် အနက်သို့အစဉ်လိုက်မြဲ မလွဲမှန်တော့သည်ဟု ကျမ်းဂန်တို့၌ ပြဆိုပေသည်။ လောကေနမနျတေသိဒ္ဓါ၊ လောကသိဒ္ဓသဘာဝတော။ (ဘေဒစိန္တာပါဠ်)။ ။

လောကသိဒ္ဓသဘာဝတော၊ လောကလူ၌ပြီးသော သဘောအားဖြင့်။ ဝါ၊ လူ၌ပြီးသော အနက်အားဖြင့်။ သဒ္ဒသာ၊ ဝါစကသဒ္ဒါ၏။ သိဒ္ဓါ၊ ပြီးခြင်းကို။ လောကေန၊ လူသည်။ မနျယတေ၊ သိအပ်မှတ်အပ်ပေ၏။

အဓိပ္ပာယ်ကား....လောက၌ ခေါ်ဝေါ်ပြောဆိုကြသော အနက်သဘောအားဖြင့်၊ ဝါစကသဒ္ဒါ၏ပြီးခြင်းကို၊ လူများအပေါင်းသည်၊ ကောင်းကောင်းသိမှတ်အပ်ပေ၏၊ ၎င်းပါဠိသွား အနက်လာသဘောမှထောက်၍၊ ယခုအခါဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား အမျိုးကောင်းသမီး များတို့သည်၊ ပါဠိသဒ္ဒါမသိမတတ်ပါ၍၊ ငါတို့မှာမဂ်ဖိုလ်၌ ဝေးကွာပြီဟု၊ အမှတ်ကြီးတစ်ခုပြုကြပြီးလျှင်။ တရားကိုမသက်ဝင်။ စိတ်ပျက်ခါ နောက်ငင်၍။ ဘုရားရှင်မဟောဘဲ၊ ဤအလွဲကိုရှောင်ဖဲ၍၊ တရားကိုအားခဲက၊ မဂ်ဖိုလ်ကိုရမြဲ၊ စိတ်အာရုံစွဲသူ၊ ကျွတ်တမ်းကို ယူနိုင်ကြောင်း၊ ပညာရှိ အပေါင်းတို့သည်၊ သတိကောင်းရကြစေကုန်လော။

မြန်မာလူမျိုးတို့သည်၊ အနက်သဘောကိုသာ ပြောဆိုသုံးစွဲကြကုန်သည်။ ပါဠိသဒ္ဒါကိုသုံးစွဲသော အမျိုးသားမဟုတ်ပေကုန်။ အနောက်နိုင်ငံသီဟိုဠ်ကျွန်းစသောသူတို့သည်၊ ပါဠိသဒ္ဒါကို ပြောဆိုသုံးစွဲကြကုန်သည်၊ မြန်မာဘာသာသုံးစွဲသော အမျိုးသားမဟုတ်ပေကုန်၊ တရားအားထုတ်ကြရာ၌။ သီဟိုဠ်ကျွန်းစသောသူတို့မှာ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူသော မဂဓဘာသာ ပါဠိသဒ္ဒါနှင့် ကျင့်ကြကုန်သည်။ မြန်မာလူမျိုးတို့မှာ၊ မြင်သည်-ကြားသည်-နံသည်-စားသည်-ထိသည်-သိသည်ဟု မြန်မာဘာသာအနက်သဘောနှင့် ကျင့်ကြ ကုန်သည်။ မိမိတို့ဘာသာနှင့်၊ ကျင့်အပ်ကျင့်ထိုက်ကြောင်းကို၊ အဋ္ဌကထာကျမ်းကြီးတို့၌ ပြဆိုတော်မူသတည်း။

စာတတ်မှ မဂ်ဖိုလ်ရသည်၊ စာမတတ်ကမဂ်ဖိုလ်မရဟူသော အယူဝါဒကို၊ မယူသင့်ပေကုန်၊ စာမတတ်သူတို့ မဂ်ဖိုလ်ရပုံကို၊ ပြဆိုလတ္တံ့သော ၉-တိုင်း

ဌ-၅၁၃၊ သာသနာပြုအခန်းမှာ ကြည့်ကြကုန်လော၊ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ အားထုတ်မှ မဂ်ဖိုလ်ကိုရကြမည်။ ထို့ကြောင့်၊ ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး ဟောတော်မူသည်မှာ။

ယထာအတ္ထော တထာသဒ္ဒေါ၊ သဒ္ဒေါ အတ္ထာနုဗန္ဓိတော။
အတ္ထောနတ္ထောနသန္ဒေဟော၊ အတ္ထော တထောတု၊ သဒ္ဒေါဇု။

ယထာ၊ အကြင်အခြင်းဖြင့်။ အတ္ထော၊ အနက်သင့်၏။ တထာ၊ ထိုအနက်သင့်သောအခြင်းဖြင့်။ သဒ္ဒေါ၊ သဒ္ဒါသင့်၏။ သဒ္ဒေါ၊ သဒ္ဒါကို။ အတ္ထော၊ အနက်သို့။ အနုဗန္ဓိတော၊ အစဉ်လိုက်စေအပ်၏။အတ္ထော၊ အနက်ဟုတ်သလော။ နအတ္ထော၊ အနက်မဟုတ်သလော။ ဣတိ၊ ဤသို့။ နသန္ဒေဟော။ မယုံမှားလင့်။ အတ္ထော၊ အနက်သည်။ တထောတု၊ မှန်သည်ရှိသော်ကား။ သဒ္ဒေါ၊သဒ္ဒါသည်။ ဥဇု၊ ဖြောင့်မှန်၏။ ဝါ၊ ဖြောင့်ဖြောင့်မှန်မှန် လိုက်ရပြန်၏။

ဤကား ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးအနက်ပေးပုံ။

**အဓိပ္ပာယ်ကား**....အကြင် အခြင်းအရာအားဖြင့် အနက်သဘောသင့်၏၊ ထိုအနက်သဘောသင့်သော အခြင်းအရာဖြင့်၊ သဒ္ဒါသင့်ရပေ၏၊ သဒ္ဒါကို၊ သဒ္ဒါသည်၊ အနက်သဘောသို့ အစဉ်လိုက်စေအပ်၏၊ အနက်ဟုတ်သလော၊ အနက်မဟုတ်သလော၊ ဤသို့ မယုံမှားကြပါလင့်။ အနက်သည် ဟုတ်မှန်သည်ရှိသော်၊ သဒ္ဒါသည် အနက်သဘောသို့ ဖြောင့်ဖြောင့်လိုက်ရပေ၏။ ဤင်းအဋ္ဌကထာကို ထောက်၍ မြန်မာသာသာ အနက်ကိုသာ သိမြင်စေခြင်းငှာ ပြဆိုသောကျမ်းဖြစ်သတည်း။

## (၃) အဘိယာစကနှင့် ကျမ်း၏အမည်ကို ပြဆိုခြင်းပြီး၏။

# ဝိပဿနာ သံခိပ် ရှုဖွယ်ကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။**

၁ ဗုဒ္ဓံ–ဓမ္မံ၊ မြတ်သံဃံ၊ အဟံ ဦးညွတ်ခါ။
၂ မင်းကွန်းဟုကျော် ဆရာတော် ပူဇော်ဖူးမျှော်ကာ။
၃ မဂ်ဖိုလ်ရလို၊ များထိုထို၊ လူဗိုလ်တောင်းပန်ကာ။
၄ သတိပဋ္ဌာန်၊ မြတ်ကျမ်းဂန်၊ ဗုဒ္ဓံဟောခဲ့ရှာ။
၅ ပါဠိတော်လာ၊ ဋ္ဌကထာ ဋီကာပြသည်သာ။
၆ ယထာဘူတာ၊ ဟုတ်မှန်ရာ၊ ဆရာတွေ့အောင်ရှာ။
၇ ဆရာမပြ၊ နည်းမကျ၊ အပြီးမရပါ။
၈ မိမိသဘော၊ ပညတ်နှော၊ ရော၍မရှုရာ။
၉ ဓမ္မသဘော၊ တရားဟော၊ တွေးတောမရှုံရာ။
၁၀ သမထလမ်း၊ ဈာန်အခန်း၊ စံမြန်းဗြဟ္မာရွာ။
၁၁ ဝိပဿနာ၊ ရှုကြပါ၊ မဂ်ဖိုလ်ရမည်သာ။
၁၂ စက္ခုပါလ၊ ဈာန်မကြွ၊ မဂ်ဖိုလ်ရသည်သာ။
၁၃ ဝိသာခါမ၊ ဈာန်မကြွ၊ မဂ်ဖိုလ်ရသည်သာ။
၁၄ ဒေဝဒတ်ကို၊ ဈာန်ရဆို၊ မဂ်ဖိုလ်ဝေးသည်သာ။
၁၅ ဈာန်ရ မရ၊ ဤနှစ်ဝ၊ သိကြရဟန္တာ။
၁၆ ဝိပဿနာ၊ ရှုကြပါ၊ ရရာပစ္စက္ခာ။
၁၇ ကိလေသာက၊ ငိုဒေါသ၊ ကာယဒုက္ခကွာ။
၁၈ မဂ်ဉာဏ်နိဗ္ဗာန်၊ ရအမှန်၊ ဗုဒ္ဓံဟောခဲ့ရှာ။
၁၉ ကျိုးအာနိသံ၊ ခုနစ်တန်၊ သတိပဋ္ဌာန်မှာ။
၂၀ ဝိပတ္တိဆို၊ ဒိဋ္ဌိတ်ဆို၊ အဆိုများသည်သာ။
၂၁ ပါရမီခံ၊ မရှိပြန်၊ အမှန်ပြောကြရာ။
၂၂ ဘုရားစွပ်စွဲ၊ ပြစ်မလွဲ၊ ဖြစ်မြဲငရဲမှာ။
၂၃ သာသနာခေတ်၊ မကုန်လစ်၊ စင်စစ်မဂ်ရကာ။
၂၄ ပဋိဘာဂ၊ သမထ၊ ထင်ကြတိဟိတ်ပါ။
၂၅ ဝိပဿနာ၊ ဖြစ်ပျက်ခါ၊ ထင်လာတိဟိတ်ပါ။

၂၆ ဘုရားဗျာဒိတ်၊ မိန့်ကာညိတ်၊ မဆိတ်အရိယာ။
၂၇ ကမ္မဋ္ဌာန်းမူ၊ ပေါက်ရောက်သူ၊ နည်းကိုယူမှသာ။
၂၈ ပိဋကတ်တတ်၊ သညာမှတ်၊ ပညတ်ဟောတတ်ပါ။
၂၉ ပညတ်ဆိုတာ၊ သက္ကာယာ၊ ဘယ်ခါမလွတ်ပါ။
၃၀ သက္ကာယရှိ၊ စွဲဒိဋ္ဌိ၊ ငြိ၍အပါယ်မှာ။
၃၁ ဒိဋ္ဌိဘေးကြီး၊ အရေးကြီး၊ စောထီးမိန့်ခဲ့ရှာ။
၃၂ တရားဟောလမ်း၊ ကမ္မဋ္ဌာန်း၊ ယူမြန်းရှေးဦးစွာ။
၃၃ ခြောက်ကျိပ်ရဟန်း၊ ကမ္မဋ္ဌာန်း၊ ဆုံးခန်းကျင့်သည်သာ။
၃၄ တရားဟောမြွက်၊ ဓမ္မစက်၊ ထွက်၍ဟောကြရှာ။
၃၅ ဤသို့ကြောင်းပြု၊ များဗိုလ်ထု၊ ကျွတ်မှုရကြရှာ။
၃၆ ကမ္မဋ္ဌာန်းခွင်၊ ပေါက်ရောက်လျှင်၊ အမြင်ဟောတတ်ပါ။
၃၇ ကမ္မဋ္ဌာန်းခွင်၊ မပေါက်လျှင်၊ အထင်ဟောတတ်ပါ။
၃၈ တရားအရ၊ စာနှင့်ပြ၊ ဗုဒ္ဓဟောသည်သာ။
၃၉ ဝိမုတ္တိခေတ်၊ ရသာမြတ်၊ မှတ်ကြတစ်ခုသာ။
၄၀ သုံးပိဋကတ်၊ အဆုံးသတ်၊ အမြတ်တစ်ခုသာ။
၄၁ စာနှင့်တရား၊ နှစ်ခုထား၊ ခြားနားသိကြပါ။
၄၂ တရားဆတ်ဆတ်၊ ပရမတ်၊ စာကပညတ်ပါ။
၄၃ ပရိယတ်နှင့်၊ ပဋိပတ်၊ သိမှတ်ဝေဖန်ရာ။
၄၄ မာနထောင်လွှား၊ ဤတရား၊ လားလားမဖြစ်ပါ။
၄၅ ပေါဋ္ဌိလအား၊ သက်သေထား၊ ဘုရားဟောသည်သာ။
၄၆ ဂါရဝေါစ၊ နိဝါတ၊ ရှိမှရမည်သာ။
၄၇ ငါးပါးသီလ၊ မြဲခါမှ၊ မဂ်ဖိုလ်ရမည်သာ။
၄၈ နှစ်ရာ့နှစ်ဆယ်၊ ခုနစ်သွယ်၊ မြဲဖွယ်ရဟန်းမှာ။
၄၉ အဝိဇ္ဇာကား၊ ဆိုးကောင်းထား၊ နှစ်ပါးရှိသည်သာ။
၅၀ ဆိုးကောင်းနှစ်ဖြာ၊ သံသရာ၊ သူ့ကိုမှတ်ကြပါ။
၅၁ သူ့ကိုမသတ်၊ ရမ်း၍ဖြတ်၊ မပြတ်သံသရာ။
၅၂ စိတ္တက္ခဏော။ အသင်္ချေ၊ ဖြစ်လေသံသရာ။
၅၃ ဝိဇ္ဇာဉာဏ်ကား၊ ဆိုးကောင်းထား၊ လားလားမရှိပါ။
၅၄ ရုပ်နာမ်နှစ်တန်၊ ဖြစ်အောင်ကြံ၊ အမှန်လောဘသာ။

၅၅ ရုပ်နာမ်နှစ်တန်၊ ပျက်အောင်ကြံ၊ အမှန်ဒေါသပါ။
၅၆ ဖြစ်ပျက်နှစ်တန်၊ မသိပြန်၊ အမှန်မောဟပါ။
၅၇ အဟောင်းကိုပြန်၊ အသစ်ကြံ၊ နှစ်တန်ပယ်လိုက်ပါ။
၅၈ စိန္တာမယံ၊ သုတဉာဏ်၊ အမှန်မရှုသာ။
၅၉ ဘာဝနာဉာဏ်၊ ပစ္စုပ္ပန်၊ အမှန်ရှုမှသာ။
၆၀ ရှေးနောက်ကြပြန်၊ ဤနှစ်တန်၊ အမှန်မပြုရာ။
၆၁ အာရုံခြောက်တွင်၊ အပြစ်ဝင်၊ ဖြစ်လျှင်ဤကသာ။
၆၂ အာရုံခြောက်တွင်၊ စောင့်ရှောက်လျှင်၊ လွတ်လျှင်ဤကသာ။
၆၃ အာရုံခြောက်ပါး၊ ခြောက်တံခါး၊ များများထွက်ဝင်ကာ။
၆၄ အထွက်အဝင်၊ မသိလျှင်၊ အစဉ်ကိလေသာ။
၆၅ အထွက်အဝင်၊ သိကြလျှင်၊ အစဉ်ကိလေကွာ။
၆၆ သံသရာက၊ လွတ်ချင်လှ၊ မှတ်ကြဤသို့ပါ။
၆၇ မြင်မြင်သမျှ၊ အဆင်းရှု၊ သိမှုကိလေကွာ။
၆၈ ကြားကြားသမျှ၊ အသံရှု၊ သိမှုကိလေကွာ။
၆၉ နံ့နံ့သမျှ၊ အနံ့ရှု၊ သိမှုကိလေကွာ။
၇၀ စားစားသမျှ၊ ရသာရှု၊ သိမှုကိလေကွာ။
၇၁ ထိထိသမျှ၊ သိတိုင်းရှု၊ သိမှုကိလေကွာ။
၇၂ သိသိသမျှ၊ သိတိုင်းရှု၊ သိမှုကိလေကွာ။
၇၃ ခြောက်ပါးအာရုံ၊ ကောင်းပြန်တုံ၊ အကုန်လောဘသာ။
၇၄ ခြောက်ပါးအာရုံ၊ မကောင်းတုံ၊ အကုန်ဒေါသပါ။
၇၅ လောကလူလုံး၊ ပေါင်း၍ကျုံး၊ ဆိုးကောင်းသုံးကြရှာ။
၇၆ ဘုရားမြင်က၊ သဒ္ဓါကြွ၊ ငါကပါတော့သာ။
၇၇ တရားဟောသံ၊ ကောင်းလှုံးပြန်၊ အမှန်ငါပါကာ။
၇၈ ငါပါသမျှ၊ ငါ့ဘဝ၊ ငါ့ကြောင့်ဖြစ်သည်သာ။
၇၉ ရင်းအကျိုး၊ လူနတ်မျိုး၊ တန်ခိုးရှိသည်သာ။
၈၀ အဆင်းဟူက၊ တစ်ခုပြ၊ ဗုဒ္ဓဟောသည်သာ။
၈၁ အသံဟူက၊ တစ်ခုပြ၊ ဗုဒ္ဓဟောသည်သာ။
၈၂ အကြွင်းလေးပါး၊ သတိထား၊ အပြားမရှိပါ။
၈၃ ဝက္ကလိဆို၊ ဘုရားကို၊ ကြည်ညိုပယ်သည့်သာ။
၈၄ အယုတ်အမြတ်၊ လောကီမှတ်၊ ပညတ်ဝေါဟာရ။

၇၅ ရွှေပြည့်နိဗ္ဗာန်၊ ယုတ်မြတ်ဟန်၊ နှစ်တန်ပယ်လိုက်ပါ။
၇၆ အဆင်းမှတ်ငြား၊ စိတ်ရုပ်အား၊ နှစ်ပါးပျက်သည်သာ။
၇၇ အသံမှတ်ငြား၊ စိတ်ရုပ်အား၊ နှစ်ပါးပျက်သည်သာ။
၇၈ အနံ့မှတ်ငြား၊ စိတ်ရုပ်အား၊ နှစ်ပါးပျက်မည်သာ။
၇၉ ရသာမှတ်ငြား၊ စိတ်ရုပ်အား၊ နှစ်ပါးပျက်မည်သာ။
၈၀ အထိမှတ်ငြား၊ စိတ်ရုပ်အား၊ နှစ်ပါးပျက်မည်သာ။
၈၁ အသိမှတ်ငြား၊ စိတ်ချင်းထား၊ စိတ်ကားပျက်သည်သာ။
၈၂ ရုပ်နာမ်နှစ်စုံ၊ ဓမ္မာရုံ၊ အကုန်မှတ်လိုက်ပါ။
၈၃ စိတ်ပျက်ကိုယ်သိ၊ ရုပ်ပျက်ဘိ၊ အသိဉာဏ်မြင်လာ။
၈၄ စိတ်ပျက်မသိ၊ ရုပ်ပျက်ကြည့်၊ အသိမဆိုသာ။
၈၅ ကေပ္ပါဒါ၊ နိရောဓာ၊ ဖြစ်လျှင်ပျက်တူကာ။
၈၆ ရူပတဏှာ၊ မြင်သာယာ၊ လောဘဆိုသည်သာ။
၈၇ သဒ္ဒတဏှာ၊ ကြားသာယာ၊ လောဘဆိုသည်သာ။
၈၈ ဂန္ဓတဏှာ၊ နံ့သာယာ၊ လောဘဆိုသည်သာ။
၈၉ ရသတဏှာ၊ စားသာယာ၊ လောဘဆိုသည်သာ။
၁၀၀ ဖောဋ္ဌဗ္ဗမှာ၊ ထိသာယာ၊ လောဘဆိုသည်သာ။
၁ ဓမ္မတဏှာ၊ ထိသာယာ၊ လောဘဆိုသည်သာ။
၂ နာမ်ရုပ်နှစ်ဖြာ၊ ငါသာယာ၊ ဓမ္မတဏှာပါ။
၃ ဓမ္မာရုံစိတ်၊ ပဋ္ဌပိတ်၊ ကျိတ်၍သူချည့်သာ။
၄ စက္ခုရူပေ၊ သံဝါသေ၊ ဗုဒ္ဓေဟောခဲ့ရှာ။
၅ မမြင်ချင်တာ၊ မြင်ရရှာ၊ ဒေါသဆိုသည်သာ။
၆ မကြားချင်တာ၊ ကြားရရှာ၊ ဒေါသဆိုသည်သာ။
၇ မနံ့ချင်တာ၊ နံ့ရရှာ၊ ဒေါသဆိုသည်သာ။
၈ မစားချင်တာ၊ စားရရှာ၊ ဒေါသဆိုသည်သာ။
၉ မထိချင်တာ၊ ထိရရှာ၊ ဒေါသဆိုသည်သာ။
၁၁၀ မသိချင်တာ၊ သိရရှာ၊ ဒေါသဆိုသည်သာ။
၁ အမနာပေ၊ အနိဋ္ဌေ၊ ဗုဒ္ဓေဟောခဲ့ရှာ။
၂ အဆင်းကိုမှတ်၊ အကြွင်းခတ်၊ ကလာပ်အကုန်ပါ။
၃ ကလာပ်အပေါင်း၊ စုကာလောင်း၊ ရှုကြောင်းတစ်ခုမှာ။
၄ သဘောတူလျှင်၊ သူ့အစဉ်၊ ပါဝင်လိုက်တော့သာ။

၅ မတူလျှင်ပင်၊ သူ့အစဉ်၊ ပယ်လျှင်ကြွင်းတော့သာ။
၆ စိတ်အမူရာ၊ ကြံကြရှာ၊ ကြံတိုင်းသိကြပါ။
၇ စိတ်ထွက်သွားပြန်၊ တားဆီးရန်၊ အမှန်မပြုရာ။
၈ အုပ်စိုးနိုင်ပင်၊ ပိုင်အရှင်၊ သခင်မရှိပါ။
၉ အစိုးမရ၊ အနတ္တ၊ မှတ်ကြသူ့ကိုသာ။
၁၂၀ စိတ်သွားတိုင်းသာ၊ သိကြပါ၊ သိတိုင်းကိလေကွာ။
၁ ၎င်းစိတ်မှာ၊ ငါမပါ၊ ဘာသာသူ့ချည့်သာ။
၂ ဓမ္မပဒ၊ အကျယ်ပြ၊ ဗုဒ္ဓဟောသည်သာ။
၃ ရှေ့စိတ်သွားဘိ၊ နောက်စိတ်သိ၊ သိတိုင်းကိလေကွာ။
၄ လောဘဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းကိလေကွာ။
၅ ဒေါသဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းကိလေကွာ။
၆ မောဟဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းကိလေကွာ။
၇ သတိပဋ္ဌာန်၊ မြတ်ကျမ်းဂန်၊ အမှန်ညွှန်သို့သာ။
၈ တိရစ္ဆာန်ကား၊ အသိထား၊ ငါကားပါတော့သာ။
၉ လောကလူများ၊ အသိထား၊ ငါကားပါတော့သာ။
၁၃၀ ငါပါဟူသမျှ၊ သက္ကာယ၊ မှတ်ကြဒိဋ္ဌိပါ။
၁ ညွှန်တရားမူ၊ ရှုသောသူ၊ ငါဟူကွာတော့သာ။
၂ အဋ္ဌကထာ၊ ညွှန်အရာ၊ အကျယ်ပြသည်သာ။
၃ သတိနှဲ့ယှဉ်၊ သမ္ပဇဉ်၊ အစဉ်ကိလေကွာ။
၄ ခြောက်ဒွါရက၊ ကျသမျှ၊ စိတ်ကစောင့်ရှောက်ပါ။
၅ ဣန္ဒြိယ၊ သံဝရ၊ သီလသူ့ကိုသာ။
၆ အဇိတအား၊ သက်သေထား၊ ဘုရားဟောသည်သာ။
၇ ဥရုဝေလ၊ ကဿပ၊ ပေါင်းထတစ်ထောင်မှာ။
၈ အာရုံခြောက်စုံ၊ ကျင့်ကြတုံ၊ အကုန်ကျွတ်သည်သာ။
၉ ပရိယာယ၊ အာဒိတ္တ၊ ကျမ်းကပြသည်သာ။
၁၄၀ အာရုံခြောက်ပါး၊ အကျဉ်းထား၊ စိတ်ကားတစ်ခုပါ။
၁ ရေကန်၌ကား၊ နွားကျောင်းသား၊ စောင့်ငြားပမာပါ။
၂ အသိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။
၃ အတိတ်နာဂါမ်၊ ရှုကြရန်၊ အစဉ်ကော်၌သာ။
၄ ၎င်းညာဏ်မှာ၊ ရင့်ပြန်လာ၊ ပစ္စုပ္ပန်၌သာ။

၅ သမ္မသန၊ ဉာဏ်အရ၊ ကျမ်းကများသည်သာ။
၆ ကိုယ်အမူရာ၊ လှုပ်ကြွကာ၊ လှုပ်တိုင်းသိကြပါ။
၇ နှုတ်အမူရာ၊ ပြောဆိုကာ၊ ပြောတိုင်းသိကြပါ။
၈ လှုပ်ကြွကိုင်းစင်၊ ယူအင်၊ သိလျှင်ပစ္စုပ္ပန်။
၉ သွားစဉ်ရပ်စဉ်၊ ထိုင်အိပ်စဉ်၊ သိလျှင်ပစ္စုပ္ပန်။
၁၅၀ ကွေးစဉ်ဆန့်စဉ်၊ လှုပ်ရှားစဉ်၊ သိလျှင်ပစ္စုပ္ပန်။
၁ စားစဉ်ဝါးစဉ်၊ ယူအင်၊ သိလျှင်ပစ္စုပ္ပန်။
၂ နှုတ်ခမ်းလှုပ်စဉ်၊ လျှာလိမ်းစဉ်၊ မျိုစဉ်ပစ္စုပ္ပန်။
၃ မြင်ကြားနံစဉ်၊ စားထိစဉ်၊ သိလျှင်ပစ္စုပ္ပန်။
၄ ပစ္စုပ္ပန်တွင်၊ သိကြလျှင်၊ အစဉ်ကိလေကွာ။
၅ ဘာဝနာဉာဏ်၊ ပစ္စုပ္ပန်၊ အမှန်သူ့ကိုသာ။
၆ ရှေ့နောက်ကျပြန်၊ ဉာဏ်နှစ်တန်၊ လမ်းမှန်မပြုသာ။
၇ ခြေတစ်လှမ်းကြွ၊ မြေသို့ချ၊ ခြောက်ဝဌာနသာ။
၈ မဟာနာဂ၊ ရှုပုံပြ၊ ကျမ်းကရှိသည်သာ။
၉ ဝိသုဒ္ဓိမှာ၊ ကျမ်းအလာ၊ အကျယ်ပြသည်သာ။
၁၆၀ အတိတ်နာဂံ၊ ကြွင်းကိုဉာဏ်၊ အမှန်မရှုရာ။
၁ အသိစိတ်လျှင်၊ ကိလေစဉ်၊ ထင်မြင်နာမ်ရုပ်မှာ။
၂ အသိကြဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရုပ်မှာ။
၃ များစွာမှတ်ဘိ၊ သမာဓိ၊ ရရှိဉာဏ်ကိုသာ။
၄ သမာဓိရ၊ ပညာက၊ ထင်ကြနာမ်ရုပ်သာ။
၅ နာမ်ရုပ်ထင်ညား၊ ဉာဏ်ဝင်သွား၊ မဂ်အားဝင်တော့သာ။
၆ အသိလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟာ။
၇ ၎င်းအရ၊ သဘာဝ၊ တူမျှတစ်ခုသာ။
၈ သမ္မယုတ်မှာ၊ ဉာဏ်ဆိုတာ၊ ကိလေကွာသည်သာ။
၉ ဝိပ္ပယုတ်မှာ၊ ဉာဏ်ဆိုတာ၊ ကိလေပါသည်သာ။
၁၇၀ ကိလေသာပါ၊ သံသရာ၊ ခါခါဖြစ်တော့သာ။
၁ ကုသိုလ်ပြုလျှင်၊ အသိဝင်၊ ကိလေစင်တော့သာ။
၂ ကိလေသာစင်၊ ရုပ်နာမ်မြင်၊ မဂ်ဖိုလ်ဝင်မည်သာ။
၃ သမ္မယုတ်မူ၊ ကုသိုလ်ယူ၊ တလူရှားသည်သာ။
၄ ဝိပ္ပယုတ်မူ၊ ကုသိုလ်ယူ၊ ဇမ္ဗူများသည်သာ။

၅ သမ္မယုတ်ကျိုး၊ သူ့တန်ခိုး၊ မဂ်မျိုးနိဗ္ဗာန်မှာ။
၆ ဝိပ္ပယုတ်ကျိုး၊ သူ့တန်ခိုး၊ လူမျိုးနတ်တို့ရွာ။
၇ ကုသိုလ်ပြုကာ၊ ဉာဏ်ကိုရှာ၊ ငါသာပါတော့သာ။
၈ ခယဝယ၊ သင်္ခါရ၊ ငါသာထင်တော့သာ။
၉ နိဗ္ဗာန်လမ်းကြောင်း၊ ဆုယူတောင်း၊ ကောင်းကောင်း ငါပါကာ။
၁၀၀ ငါနှင့်ရင်နှီး၊ နိဗ္ဗာန်ကြီး၊ ဝေးကြီးဝေးတော့သာ။
၁ ဒါနပြုတာ၊ သံသရာ၊ ရှည်တာကျမ်းမှာမပါပါ။
၂ ဒါနဆိုတာ၊ သံသရာ၊ ကျမ်းမှာမရှိပါ။
၃ အဗျာကတ၊ လူ့ဒါန၊ ငါကပါတော့သာ။
၄ ငါပါ၍သာ၊ သံသရာ၊ ခါခါဖြစ်တော့သာ။
၅ ခရီးလမ်းမှား၊ ဆိုးသည်အား၊ လားလားတူတော့သာ။
၆ လမ်းကမမှား၊ လူကမှား၊ အများသိကြပါ။
၇ သုဒ္ဓိသုံးဖြာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၈ သိက္ခာသုံးဖြာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၉ သုံးသာသနာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၁၉၀ သုံးရတနာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၁ သုံးလက္ခဏာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၂ နာမ်ရုပ်နှစ်ဖြာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၃ ငါးပါးခန္ဓာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၄ ငါးပါးဣန္ဒြေ၊ ကိလေက္ခေ၊ မှတ်လေစိတ်၌သာ။
၅ ငါးပါးဗိုလ်မှာ၊ ကိလေက္ခာ၊ မှတ်ရာစိတ်၌သာ။
၆ ဣဒ္ဓိပါဒ်လေးထွေ၊ ကိလေက္ခေ၊ မှတ်လေစိတ်၌သာ။
၇ သတိပဋ္ဌာန်၊ သမဋ္ဌာန်၊ မှတ်ရာစိတ်၌သာ။
၈ ခုနစ်သုဒ္ဓိ၊ ဗောဇ္ဈင်ရို၊ မှတ်ဘိဤစိတ်မှာ။
၉ မဂ္ဂင်ရှစ်ဖြာ၊ ကိလေက္ခာ၊ မှတ်ပါဤစိတ်မှာ။
၂၀၀ ဝိပဿနာ၊ ပေါင်း၍သာ၊ ရှုရာသိကြပါ။
၁ ခွဲခြမ်းစိတ်ဖြာ၊ ရှုကြရာ၊ ငါသာပါတော့သာ။
၂ ငါပါသမျှ၊ သက္ကာယ၊ မှတ်ကြဒိဋ္ဌိပါ။
၃ အဋ္ဌကထာ၊ ဤအရာ၊ အကျယ်ပြသည်သာ။
၄ သမ္မသနံ၊ ဉာဏ်အမှန်၊ ရုပ်နာမ်မြင်မှသာ။

# ဝိပဿနာသံခိပ် ရှုဖွယ်ကျမ်း

၅ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိခွာ၊ ဤမှာအစပါ။
၆ ဉာတအရာ၊ ပရိညာ၊ မှတ်ပါဤဉာဏ်မှာ။
၇ သုံးဆယ်တစ်ဘုံ၊ အကုန်ခြုံ၊ နှစ်စုံနာမ်ရုပ်မှာ။
၈ ပုဗ္ဗဘာဂ၊ မဂ်အရ၊ အစဤကသာ။
၉ လောကီမဂ်မှာ၊ ဆိုကြရာ၊ သူ့ကိုမှတ်ကြပါ။
၂၁၀ သတိပဋ္ဌာန်၊ မဂ်ဆိုပြန်၊ အမှန်သူ့ကိုသာ။
၁ ရှေးအရိယာ၊ ပြည်ခေမာ၊ ကြွရောက်ဤကသာ။
၂ နိဗ္ဗာန်လမ်းကြောင်း၊ ခရီးကောင်း၊ ပေါင်းရျှဤကသာ။
၃ ဥဒယဉာဏ်၊ ဖြစ်ပျက်ရန်၊ နှစ်တန်နာမ်ရုပ်မှာ။
၄ ခြောက်ပါးအာရုံ၊ တွေ့ပြန်ကြုံ၊ နှစ်စုံဖြစ်ပျက်ခါ။
၅ တိရဏမှာ၊ ပရိညာ၊ သုံးပါးလက္ခဏာ။
၆ သမ္မသန၊ ဥဒယ၊ နှစ်ဝဉာဏ်ထဲမှာ။
၇ ၎င်းဉာဏ်ရ၊ အနိစ္စ၊ ဒိဋ္ဌမြင်တော့သာ။
၈ သုခအတ္တ၊ မရှိမှု၊ သိကြအနိစ္စာ။
၉ တစ်ပါးမြင်လျှင်၊ နှစ်ပါးဝင်၊ အစဉ်သူ့ဘာသာ။
၂၂၀ မေဃိယအား၊ သက်သေထား၊ ဘုရားဟောသည်သာ။
၁ လက္ခဏာခေါ်၊ သုံးပါးနော်၊ ဦးတော်မရှုရာ။
၂ ဦးတော်ရှုရာ၊ ငါသာပါ၊ မကွာကိလေသာ။
၃ အန္တရာယ်ကား၊ ဆယ်ပါးထား၊ မှတ်သားဤဉာဏ်မှာ။
၄ မာနတဏှာ၊ ဒိဋ္ဌိမှာ၊ တွယ်တာဆယ်ပါးမှာ။
၅ ဆယ်ပါးကိုဝယ်၊ အန္တရာယ်၊ တကယ်ပယ်လိုက်ပါ။
၆ သုံးပါးအကျယ်၊ အန္တရာယ်၊ တစ်သွယ်မှတ်လိုက်ပါ။
၇ ပုဂ္ဂိုလ်တိုင်းဝယ်၊ အန္တရာယ်၊ တကယ်မတွေ့ပါ။
၈ ယေဘုယျေန၊ အပ္ပက၊ ကျမ်းကပြသည်သာ။
၉ ဘင်္ဂဉာဏ်ပင်၊ အပျက်ထင်၊ ရုပ်နာမ်မြင်တော့သာ။
၂၃၀ ခြောက်ဒွါရက၊ ကျသမျှ၊ ပျက်ကြသူ့ဘာသာ။
၁ ယိမ်းယိုင်ပြိုဘိ၊ တအိအိ၊ ကျသည့်ပမာပါ။
၂ ဘင်္ဂဉာဏ်စ၊ ပဟာန၊ ဆိုက်ကြဉာဏ်ကုန်ပါ။
၃ ဘယဉာဏ်ပင်၊ ဘေးကြီးထင်၊ ရုပ်နာမ်မြင်တော့သာ။
၄ အာရုံခြောက်ပင်၊ ဘေးကြီးထင်၊ ရုပ်နာမ်မြင်တိုင်းသာ။

၅ ရန်သူ့လက်တွင်း၊ ရောက်ပြန်ခြင်း၊ အလျင်းဘိတော့သာ။
၆ ခြောက်အာရုံရှိ၊ ထင်မြင်ဘိ၊ အာဒိနဝပါ။
၇ အာဒိနဝ၊ ထင်သမျှ၊ မြင်ကြအဖြစ်သာ။
၈ ယောဂီရုပ်ပုံ၊ ဆတ်ဆတ်တုံ၊ အကုန်ကြောက်တော့သာ။
၉ ကြောက်လန့်ဖန်ဖန်၊ လွတ်လိုက်ပြန်၊ ဉာဏ်မှန်မတက်ပါ။
၂၄၀ မလွတ်ထင်မြင်၊ အားထားလျှင်၊ ဉာဏ်စဉ်မဂ်ဝင်ကာ။
၁ လောကမကြောက်၊ ရုပ်နာမ်ကြောက်၊ ထောက်၍သိကြပါ။
၂ ပုဂ္ဂိုလ်တိုင်းမှာ၊ မကြောက်ပါ၊ ကျမ်းမှာရှိသည်သာ။
၃ မရွှင်မလန်း၊ စိတ်ကုန်ခမ်း၊ ညှိုးနွမ်းနိဗ္ဗိန္ဒာ။
၄ သွားယိုင်-ရပ်ယိုင်၊ ထိုင်အိပ်ယိုင်၊ အကုန်ယိုင်တော့သာ။
၅ အာရုံခြောက်တွင်၊ ပျော်မရွှင်၊ ထင်မြင်နာမ်ရုပ်မှာ။
၆ ရုပ်နာမ်နှစ်ခု၊ မုဉ္စိတုကမျှ၊ လွတ်မှုမြင်တော့သာ။
၇ ခြောက်ပါးအာရုံ၊ တွေ့ပြန်ကြုံ၊ အကုန်လွတ်လိုက်ပါ။
၈ ရုပ်နာမ်ထိတိုင်း၊ လှည့်ကာဝိုင်း၊ တံတိုင်းကာသို့သာ။
၉ ရွှေပြည်နိဗ္ဗာန်၊ အားကိုးပြန်၊ အမှန်မသိပါ။
၂၅၀ အကျယ်ဖြန့်ကြည့်၊ ရုပ်နာမ်သိ၊ ပဋိသင်္ခါပါ။
၁ ငါးကိုစမ်းရာ၊ မြွေဖမ်းလာ၊ ရုပ်နာမ်ပမာပါ။
၂ မြွေကိုမကြိုက်၊ လွတ်မည်ကိုက်၊ အားစိုက်တူလှပါ။
၃ ရုပ်နာမ်မကြိုက်၊ လွတ်မည်ခိုက်၊ လိုက်၍ပါတော့သာ။
၄ သင်္ခါရပစ်၊ လျစ်လျူပြစ်၊ မုန်းချစ်မရှိပါ။
၅ မုန်းချစ်နှစ်ဝ၊ ဖြစ်သမျှ၊ လောကမှတ်ကြပါ။
၆ အာရုံခြောက်တွင်၊ တွေ့ကြုံစဉ်၊ သိလျှင်နောက်သို့ခွာ။
၇ ပဒုမ္မာရှိ၊ ရှက်ရေထိ၊ မငြိပမာပါ။
၈ သင်္ခါရဉာဏ်၊ အားထုတ်သံ၊ မဂ်ဉာဏ်ဝင်မည်သာ။
၉ အားထုတ်မသံ၊ နောက်ဆုတ်မှန်၊ ရုပ်နာမ်ပြန်ကျကာ။
၂၆၀ အောက်ကိုးပါးရှိ၊ ထက်ဗောဓိ၊ သိဘိနုလောမာ။
၁ အနုလောမ၊ ဉာဏ်ကိုရ၊ မချမဂ်ဝင်ကာ။
၂ အာရုံခြောက်တန်၊ အကြောင်းခံ၊ ရရန်မဂ်သောတာ။
၃ အဆင်းမြင်လျှင်၊ မဂ်ကိုဝင်၊ ကျမ်းတွင်ရှိသည်သာ။
၄ အသံကြားလျှင်၊ မဂ်ကိုဝင်၊ ကျမ်းတွင်ရှိသည်သာ။

၅ အကြွင်းလေးတန်၊ ဝေကာ၊ အမှန်တူတော့သာ။
၆ အနိမိတ္တံ၊ အနိစ္စံ၊ နိဗ္ဗာန်မဂ်တူကာ။
၇ အပ္ပဏိဟိတံ၊ ဒုက္ခမှန်၊ နိဗ္ဗာန်မဂ်တူကာ။
၈ သုညတမှန်၊ အနတ္တံ၊ နိဗ္ဗာန်မဂ်တူကာ။
၉ အနိစ္စမှန်၊ ထင်လာပြန်၊ သဏ္ဍာန်ကွယ်ပျောက်ခါ။
၂၇၀ ဒုက္ခတဖန်၊ ထင်လာပြန်၊ ကွယ်ရန်တောင်းဆိုတာ။
၁ အနတ္တမှာ၊ သဦးဆိုတာ၊ ပုဂ္ဂိုလ်သတ္တဝါ။
၂ ရုပ်နာမ်မသဦး၊ ထင်မြင်သဦး၊ နှလုံးသူ့စိတ်မှာ။
၃ နိဗ္ဗာန်ဒွါရံ၊ ဝင်ကြရန်၊ သုံးတန်ဤကသာ။
၄ ဤကားဒုက္ခံ၊ ဤနိဗ္ဗာန်၊ အမှန်ပိုင်းသိကာ။
၅ အသိရောက်လျှင်၊ မသိစင်၊ ခေါ်လျှင်သမုပါ။
၆ အသိနှိုက်ပင်၊ ကြောင်းကျိုးစဉ်၊ ထင်မြင်နိရောဓာ။
၇ ကြောင်းကျိုးနှစ်ဝ၊ ရှိသမျှ၊ လောကမှတ်ကြပါ။
၈ သိသောသဘော၊ မဂ်ဟုပြော၊ ခေါ်ဝေါ်ပွားဆိုတာ။
၉ သစ္စာလေးချက်၊ တပြိုင်နက်၊ ရလျက်မဂ်သောတာ။
၂၈၀ အတိတ်နာဂံ၊ ပစ္စုပ္ပန်၊ မဂ်ဉာဏ်မရပါ။
၁ ဝိသုဒ္ဓိမှာ၊ ကျမ်းအလာ၊ အကျယ်ပြသည်သာ။
၂ မဂ်ကလေးတန်၊ လေးသစ္စံ၊ ဒုက္ခံကြီးမှူးပါ။
၃ တေဘူမ္မကံ၊ ဝဋ္ဋဒုက္ခံ၊ ဗုဒ္ဓံဟောခဲ့ရှာ။
၄ မဂ်စိတ်ချုပ်လျှင်၊ ဖိုလ်စိတ်ဝင်၊ အစဉ်သုဘာသာ။
၅ တိက္ခသုံးကြိမ်၊ မာန်နှစ်ကြိမ်၊ တစ်ကြိမ်ဖိုလ်ဇောမှာ။
၆ ဖိုလ်ဇောချုပ်ပျောက်၊ ဘဝင်ကောက်၊ လာရောက်အာရုံမှာ။
၇ ဗဟိအဇ္ဈ၊ အာသန္န၊ ဓူရတစ်ဖြာပါ။
၈ ဟိနပဏီ၊ သြဠာရိ၊ ဟောတိသုခုမာ။
၉ အတိတ်နာဂံ၊ ပစ္စုပ္ပန်၊ သုံးတန်ကာလပါ။
၂၉၀ ဆယ့်တစ်အမှန်၊ ကင်းစေရန်၊ နိဗ္ဗာန်အရပါ။
၁ အောက်မဂ်ကိုရ၊ ထက်တဝ၊ ကျင့်ကြနောက်နည်းသာ။
၂ ထက်မဂ်ကိုပင်၊ ကျင့်လိုချင်၊ ဆရာကင်းနိုင်ပင်။
၃ သဥပါဒိ၊ သေသာနိ၊ ကြွင်းရှိခန္ဓာမှာ။

၄ ကိလေသာကင်း၊ ခန္ဓာကြွင်း၊ ရှင်းရှင်းယူကြပါ။
၅ ဘုရားခန္ဓာ၊ ရဟန္တာ၊ မဂ်ဖိုလ်စိတ်ခန္ဓာ။
၆ ၎င်းခန္ဓံ၊ အာရုံခံ၊ အမှန်နိဗ္ဗာန်မှာ။
၇ နိဗ္ဗာန်တစ်ပါး၊ ခန္ဓာခြား၊ နှစ်ပါးယူကြပါ။
၈ ခန္ဓာကြွင်းပြန်၊ ပစ္စုပ္ပန်၊ အမှန်သိကြပါ။
၉ ဝိသုဒ္ဓိမှာ၊ ကျမ်းအလာ၊ အကျယ်ပြသည်သာ။
၁၀၀ အနုပါဒိ၊ သေသာနိ၊ မရှိခန္ဓာမှာ။
၁ အသင်္ခတ၊ နိရောဓ၊ နိဗ္ဗာန်တူတော့သာ။
၂ ဘုရားသခင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓာ။
၃ ပရိနိဗ္ဗာန်၊ စံလွန်ပြန်၊ အမှန်နိရောဓာ။
၄ ရဟန္တာပင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓာ။
၅ ဝိသာခါပင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓာ။
၆ မဂ်ဖိုလ်ရခိုက်၊ ထင်မြင်လိုက်၊ ဆိုက်၍နိရောဓာ။
၇ ဤကျမ်းရှုမြင်၊ အားထားလျှင်၊ အစဉ်နိရောဓာ။
၈ နိဗ္ဗာန်တရား၊ အမည်ပြား၊ ကျမ်းကားများသည်သာ။
၉ စိတ္တလက္ခဏာ၊ သိပါမှ၊ ဒွိဟကင်းမည်သာ။
၁၁၀ တိမ်၍နက်တယ်၊ ကျဉ်း၍ကျယ်၊ တကယ်ဤကျမ်းမှာ။
၁ လွယ်၍ခက်တယ်၊ ကျင့်နိုင်ဖွယ်၊ တကယ်ဤကျမ်းမှာ။
၂ ရာကုဋေကောက်၊ သဒ္ဓါပေါက်၊ တစ်ယောက်ထွက်ခဲ့ပါ။
၃ ရဟန်းပုဂ္ဂိုလ်၊ လူထိုထို၊ စာကိုကျင့်သုံးကာ။
၄ သမထမှာ၊ ဆိတ်ငြိမ်ရာ၊ စိတ်သာတည်တော့သာ။
၅ ပလိဗောဓ၊ ဆယ်ကြောင့်ကြ၊ ဖျက်ရသေးသည်သာ။
၆ နေ့ရာအပြစ်၊ တစ်ဆယ့်ရှစ်၊ စင်စစ်ရွေးရပါ။
၇ အင်္ဂါငါးဖြာ၊ ပြည့်စုံရာ၊ ကျမ်းမှာရှိသည်သာ။
၈ စရိုက်ခြောက်ဆို၊ ရွေးကြလို၊ သင်္ဂြိုဟ်ကျမ်း၌လာ။
၉ ကာမဂုဏ်ငါး၊ တွေ့ကြုံငြား၊ ပျက်ပြားခဏသာ။
၁၂၀ အပါယ်ဘေး၊ မလွတ်သေး၊ ဝေးဝေးမထင်ရာ။
၁ သမထလုပ်၊ နာမ်နှင့်ရုပ်၊ အဟုတ်မသိပါ။
၂ စိန္တာမယ၊ သမထ၊ ပညတ်မှတ်ကြပါ။
၃ သာသနာပ၊ သမထ၊ လုပ်ရသေးသည်သာ။

၄ ဗြဟ္မာတို့ရွာ၊ ငါတို့မှာ၊ ခါခါရောက်သည်သာ။
၅ ဤကျမ်းရှုမြင်၊ ဒွိဟထင်၊ အလျင်မေးသင့်ပါ။
၆ တရားခင်မင်၊ ကျင့်လိုချင်၊ အလျင်မေးသင့်ပါ။
၇ လာခွင့်မသင့်၊ အကြောင်းဖင့်၊ ပင့်၍လိုက်နိုင်ပါ။
၈ မေးခွင့်မသင့်၊ အကြောင်းဖင့်၊ ပင့်၍လိုက်နိုင်ပါ။
၉ ပင့်၍လိုက်မြဲ၊ ကျင့်စိတ်စွဲ၊ ငါးယောက်မနည်းရာ။
၁၁၀ တရားနာချင်၊ ပင့်လာလျှင်၊ အစဉ်မလိုက်ပါ။
၁ ဦးမှာအစ၊ ပဌမ၊ ရေးကြဤကသာ။
၂ ပိယာဇိတာ၊ အနက်မှာ၊ ဆရာအမည်ပါ။
၃ နဂရံပါ၊ အနက်လာ၊ လ,မှာ ဟ,ထောက်ပါ။
၄ ဋင်းမြို့မှာ၊ ကျမ်းဆရာ၊ မကွာနေသည်သာ။
၅ အရိယာထုံး၊ စိတ်နှလုံး၊ ကျင့်သုံးနေထိုင်ကာ။
၆ ဝိပဿနာ၊ ဤကျမ်းစာ၊ ပြီးရာနိဋ္ဌိတာ။

ဝိပဿနာသံခိပ် ရှုဖွယ်ကျမ်း ပြီး၏။

# (၄) မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး ဆုထူးကြောင့် တရားဦးတွေ့ပုံ—ဒေသစာရီကြွပုံကို ပြဆိုခြင်း

ရဟန္တာကြီး အရှင်မဟာကစ္စည်း ဟောတော်မူသော ပေဋကော ပဒေသ ပါဠိတော်ကြီးကို။ ဗုဒ္ဓမတည ဖြစ်တော်မူကြသော အရှင် မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ စသော အရှင်မြတ်တို့သည် ၎င်းပါဠိတော်ကြီးကို အဋ္ဌကထာ ရေးသားစီရင်ရန် အားထားတော် မမူခဲ့ကြပေ။ ထိုအရှင်တို့၏ နောက်ကိုလည်း တစ်ပါးတစ်ဦး အထူးမပေါ်ပေါက်ပေ။ ယခုအခါ မြန်မာပြည်တွင် ထင်ရှား ကျော်စောတော် မူသော စစ်ကိုင်းမြို့၊ မင်းကွန်းတိုက်၊ ဂူကလေးချောင် ဇေတဝန် ဆရာတော် ဘုရားကြီးသည် ၎င်း ပါဠိတော်ကြီးကို အဋ္ဌကထာ စီရင်ရေးသား၍ (၁၂၈၈)ခု၊ နတ်တော်လတွင် အောင်မြင်ပြီးစီးတော် မူပေ သတည်း။ ၎င်းကျမ်းကြီး၌ ဝိပဿနာလမ်း အခန်းခန်းပါရှိတော်မူသတည်း။

မင်းကွန်း ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာန်ပါဠိတော်၊ နေတ္တိ ပါဠိတော်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်များအရ နှုတ်ဝမှာထား၍ အနုလုံပဋိလုံ အဖန် တလဲလဲ ဆင်ခြင်တော်မူရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်း လမ်း ဟောင်းအစစ် ဝိပဿနာကျင့်ရာ အမြစ် မူလဘူတ သဘာဝမှ ဖြစ်ကြီးဖြစ် သည်ဟု ယုံကြည်လေးမြတ်စွာ ကိုယ်တော်မြတ်ကြီး၏ဉာဏ်တော်မှာ ထင်ရှားစွာ ပေါ်လာတော်မူပေသတည်း။

၎င်းပါဠိတော်များကို သက်သေထား၍ အာရဒ္ဓဝီရိယ မပြတ်သောလုံ့လဖြင့် စက္ခုပါလ အရှင်မြတ်ကဲ့သို့ မမဲ့သဲ့ စိတ်မှာစွဲသောခဏ၌ ရှုတိုင်းမှတ်တိုင်း ပွားများအားထုတ်တိုင်း ဉာဏ်ဝမှာ ခဏမစဲ တသဲသဲနှင့်၊ မမြဲသောသဘာဝ၊ ယထာဘူတ ရရှိသည်အမှန်၊ ၎င်းအာသီသအတိုင်း တစ်ဖန်အားထုတ်ပြန်သဖြင့်၊ သမ္မသန-ဥဒယနှင့်၊ စသည်မခြား၊ ဉာဏ်ဆယ်ပါးကို၊ တဖွားဖွားမြင်၊ ခါးတွင် အဝတ်၊ အမြဲစွတ်သကဲ့သို့၊ မချွတ်သဘော၊ ဘုရားဟောမှန်၊ သစ္စာဉာဏ်ကို၊ ဖန်ဖန်စူးစူး၊ ရှေးဆုထူးကြောင့်၊ ရဘူးတာဝ၊ ဂဏန်းချလျှင်၊ (၁၂၇၁)ခု၊ အစပြု၍၊ ရမှုတရား၊ဝေနေများကို၊ ထွေထွေသနား၍၊ တရားရေအေး၊ အမြိုက် ဆေးကို၊ တိုက်ကျွေးတော်မူပေသတည်း။

ကညွတ်ကွင်းမြို့၊ ဦးမေဓာဝီ အရှင်သူမြတ်သည် ဝိပဿနာ လမ်းကြောင်း၊ လမ်းဟောင်းအစဉ်ကို ကောင်းကောင်းထင်မြင်အောင်၊ မဂ်ဉာဏ်သို့ ပို့ဆောင်နိုင်သူ အရှင်ကောင်း တစ်ဆူကို ရှာယူလေရာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့ကဲ့သို့ "ယထာဘူတေန၊ သတ္ထာ ပရိယေသိတဗ္ဗာ" ဟူသော ပါဠိတော်နှင့်အညီ အလီလီသော မြို့ကြီးမြို့ငယ် အသွယ်သွယ်တို့၌ တစ်ပါးတစ်ဦး အထူးမတွေ့သဖြင့်၊ ရွှေ့ကာရွှေ့ကာ စစ်ကိုင်းတောင်ရိုးသို့ ရောက်လာရာ အမျိုးမျိုးသော ကမ္မဋ္ဌာန်း အခန်းခန်း ပြသော်လည်း အားမရ၊ တင်းမတိမ်၊ မငြိမ်စိတ်ပျက်၊ မနှစ်သက် ဖြစ်ရလေသတည်း။

တစ်ချက်ထပ်ကာ ရွှေ့ပြောင်းခွာသော် မင်းကွန်းတိုက် ဂူကလေးချောင် ဇေတဝန်ဆရာတော်ဘုရားကြီး ခြေတော်ရင်းသို့ (၁၂၇၂)ခုနှစ်၊ တော်သလင်းလဆုတ် (၁၂)ရက်နေ့၊ နာရီပြန်နှစ်ချက်၌ ရောက်သဖြင့်၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့သည် ဘုရားရှင်နှင့် တွေ့ဆုံသောအခါ မိမိတို့ကိုယ်အသက်ကို မငဲ့မကွက် ရက်ရက်စက်စက် အပ်နှင်း လှူဒါန်းသကဲ့သို့ မင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီးအား ကိုယ့်အသက်ကို မငဲ့မကွက် ရက်ရက်စက်စက် အပ်နှင်းလှူဒါန်းလေ၏။

ရှိသေလေးမြတ်စွာ လျှောက်ကြားဝံ့ပါသည် ဆရာတော် အရှင်မြတ်ဘုရား၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအမှန်ကို အမြန်ရလို ရောက်လိုကြောင်း ခွင့်တောင်း အသနားတော်မြတ် ခံပါသည်အရှင်ဘုရား။ မင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီးသည် ဥပမာစံပြလျှင် အဘိုးအနဂ္ဃ ထိုက်လှစွာသော ပတ္တမြားရတနာကို ရောင်းလိုသည့်ဆန္ဒ ဝယ်ယူသူမရ၍ စိတ်ချကာနောက်ဆုတ်အားယုတ်တော်မူဆဲတွင် ပတ္တမြားရတနာနှင့် တူလှစွာသော သတိပဋ္ဌာန်ရတနာကို ရောင်းရ ဟောရပေတော့မည်ဟု ရွှင်ပြုံးသော စိတ်နှလုံးဖြင့် ဘုရားရှင်ဆုံးမတော်မူသော အဆုံးအမ ဩဝါဒကို ဟောကာပြတော်မူသည်မှာ-

> ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။
> အာတာပီ သမ္ပဇာနော၊ သတိမာ ဝိနေယျ လောကေ၊
> အဘိဇ္ဈာဒေါမနဿံ။ ။ (သတိပဋ္ဌာန်ပါဠိတော်။ )

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ လောကေ၊ ဤမြတ်စွာဘုရား သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော

ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ မလစ်စေမူ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ရူပုပ္ပါဒါနက္ခန္ဓာ၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ ရူပကာယကို အဖန်တလဲလဲ ရှုသည် မှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေရနေအပ်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့....ဤ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မလစ်စေမူ သတိပြုသည်ဖြစ်၍၊ ကိုယ်ဟူသောရုပ်ခန္ဓာ၌ နှစ်သက်ခြင်း လောဘ၊ နှလုံး မသာမယာခြင်း ဒေါသကို ပယ်ခွာလှင့်ပျောက်၍ ဤခန္ဓာကိုယ်ရုပ်ကြီး၌ စွဲစွဲမြဲမြဲ မဲမဲသဲသဲ အားကုန်ခဲ၍ ရှုမှတ်ပွားများ အားထား၍နေလေလော့။ ။

ထိုကိုယ်အမူအရာ၌ စိတ်ကျရောက်ခဲ့သော် ကွေးတိုင်း-ဆန့်တိုင်း-လှုပ်တိုင်း-ကြွတိုင်း-မတိုင်း-ယူတိုင်း-ကိုင်တိုင်း-ထိတိုင်း-လှတ်တိုင်း-ဆုတ်တိုင်း-ရုတ်တိုင်း-ရှုမှတ်ပွားများ အားထုတ်အပ်ပေ၏။ ဝိပဿနာအရာ၌။ ဘိက္ခဝေ၊ ဘိက္ခုဆိုရာ၌ ရဟန်းတစ်ခုတည်းကို မမှတ်မယူအပ်ပေ။ တရားတော် အားထုတ်သူဟူသမျှကို ဘိက္ခဝေ-ဘိက္ခုဆိုသည်။

> ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ။
>
> စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ။
>
> ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ။ ။

ဝေဒနာ၌ စိတ်ကျရောက်ခဲ့သော် ပူတိုင်း-အေးတိုင်း-ကိုက်ခဲတိုင်း-နာကျင်တိုင်း - ဒုက္ခဖြစ်တိုင်း - သုခဖြစ်တိုင်း - ဥပေက္ခာဖြစ်တိုင်း-ဝေဒနာကျရောက်လာတိုင်း မှတ်အပ်၏။ စိတ္တာနုပဿနာ၌ စိတ်ကျရောက်ခဲ့သော် ရှေ့စိတ်က လောဘဖြစ်လျှင် နောက်စိတ်က မှတ်၊ ရှေ့စိတ်က ဒေါသဖြစ်လျှင် နောက်စိတ်က မှတ်၊ ရှေ့စိတ်က မောဟဖြစ်လျှင် နောက်စိတ်ကမှတ်။ လောဘ-ဒေါသ-မောဟ ဖြစ်ပြီးသောစိတ်သည် ချုပ်ပျောက်၍ မရှိခြင်းကြောင့် နောက်ပေါ်သောစိတ်ကို သာ မှတ်ကြလေလော့။ စိတ်ကို မပျောက်စေရန် "စိတ္တံ ရက္ခေယျ မေဓာဝီ" ပါဠိကို ထောက်ရှုပါလေ။

ဓမ္မာနုပဿနာ၌ စိတ်ကျရောက်ခဲ့သော် မြင်မြင်သမျှ အဆင်းရုပ်၊ ကြား ကြားသမျှ-အသံရုပ်၊ နံနံသမျှ-အနံ့ရုပ်၊ စားစားသမျှ-ရသာရုပ်၊ ထိထိသမျှ-ဖောဋ္ဌဗ္ဗာရုပ်၊ သိသိသမျှ-သဘောဓမ္မာရုံ။ ကာမစ္ဆန္ဒနီဝရဏ စသောတရားတို့ကို ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း မတွေးမဆ - မကြံမစည်၊ မမျှော် မလင့်၊ စဉ်းစားခြင်းကိုကင်း၍ သဲသဲမဲမဲ-အားကုန်ခဲ၍၊ စွဲမြဲစွာ၊ ပစ္စုပ္ပန်အတွင်း ရှေ့နောက်မကျအောင် သတိပဋ္ဌာန် ပါဠိတော်၌ ဘုရား ဟောတော်မူသော အတိုင်း သတိကိုစွဲမြဲစေလျက် မဇ္ဈိမပဋိပဒါဟူသော ရှေးအရိယာတို့ ကြွသွားရာ လမ်းကြောင်း လမ်းဟောင်းကို ကောင်းကောင်းကြီး ရောက်လဟ္တံ့သတည်း။

ထိုအခါ ဦးမေဓာဝီအရှင်သူမြတ်သည် ဆရာတော်ဘုရားကြီး၏ တရားသံကို ကြားနာရသော် အဖိုးအနဂ္ဃ ထိုက်လှစွာသော ပတ္တမြားရတနာကို ကောက်ရဘိ သကဲ့သို့ ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒကို၊ မသွေမလှန်-အာမဘန္တေ ခံယူပြီးလျှင် (၁၂၇၂)ခုနှစ်၊ တော်သလင်းလဆုတ် (၁၃)ရက်နေ့က အစပြု၍ ဘုရားဟောတော်မူသော အာရဒ္ဓဝီရိယ၊ မပြတ်မလပ်သော လုံ့လဝီရိယဖြင့် မြဲမြဲစွဲစွဲ အားကုန်ခဲတော်မူပေသတည်း။ သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့၊ ည ဆယ်နာရီ အချိန်ခန့်လောက် နာမ်–ရုပ်—ဓမ္မ—သဘာဝတို့ကို ယထာဘူတ ဟုတ်တိုင်းမှန်စွာ လက္ခဏာရေး သုံးပါးနှင့်တကွ ထင်မြင်သဖြင့် ဉာဏ်အစဉ် အတိုင်း မဆိုင်းမတွ ရတော်မူပေသတည်း။

ထို့နောက် မကြာမီ ဦးမေဓာဝီ အရှင်သူမြတ်သည် သပြဟ္မစာရီသဘော ညီတူမျှ ကလျာဏမိတ္တဖြစ်သော မြို့လှ မြို့နေ အဆွေဦးစံထွန်းကို အရှင်သာရိ ပုတ္တရာအလောင်း ဥပတိဿသည် အရှင်အဿဇိထံမှ တရားအမှန်ကို ရသဖြင့် အရှင် မဟာမောဂ္ဂလ္လာန်အလောင်း ကောလိတအား တစ်ဆင့် ကြားသကဲ့သို့၊ လျင်မြန်စွာ အကြောင်းကြားတော်မူလေလျှင် ဦးစံထွန်းသည် သီလရှင်အများ နှင့် စစ်ကိုင်းတောင် မင်းကွန်းတိုက် ဂူကလေးချောင် ဇေတဝန် ဆရာတော် ဘုရားကြီးအထံတော်၌ ၁၂၇၄-ခုနှစ်သို့ ရောက်သဖြင့် ဦးမေဓာဝီသို့ပေးသော ကမ္မဋ္ဌာန်းအတိုင်း ဆရာတော်ဘုရားကြီးက ပေးအပ်လေသော် ဦးစံထွန်းသည် ကိုးလတိုင်တိုင် ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲခံပြီးမှ ဦးမေဓာဝီအတိုင်း တရား ရပြန်သဖြင့် နေရင်းဖြစ်သော မြို့လှမြို့သို့ ပြန်လေ၏။

ထို့နောက်မကြာ တပည့်အများတို့က မြို့လှမြို့သို့ ဆရာတော်ဘုရားကြီးကို ပင့်ကြလေရာ (၁၂၇၆)ခုနှစ်၊ ဝါဆိုလဆန်း ၂-ရက်၊ နံနက် ၆-နာရီရထားနှင့်

ဆိုက်ရောက်တော်မူသဖြင့် ရဟန်းရှင်လူအပေါင်း သူတော်ကောင်းတို့ကို တရားရေအေး အမြိုက်ဆေးဖြင့် ၂-နှစ်ပတ်လုံး တိုက်ကျွေးတော်မူပြီးလျှင် (၁၂၇၈) ခုနှစ်သို့ ရောက်တော်မူသောအခါ သထုံမြို့၊ ပဲခူးမြို့၊ ဒိုက်ဦးမြို့၊ ရွှေကျင်မြို့၊ ပဲနွယ်ကုန်းမြို့၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ မအူပင်၊ နတ်တလင်း၊ မြို့လှမြို့၊ ရွှေမြို့၊ ပျော်ဘွယ်မြို့၊ မန္တလေး၊ စစ်ကိုင်း စသော အမြို့မြို့-အရွာရွာတို့၌ ဓမ္မရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးလှည့်လည်တော်မူပေသတည်း။

(၅) မင်းကွန်းဆရာတော်ဘုရားကြီးဆုထူးကြောင့် တရားဦးတွေ့ပုံ ဒေသစာရီကြွပုံကို ပြဆိုခြင်းပြီး၏။

## (၆) သတိပဋ္ဌာန် ဟောရာဌာနနှင့်။ သတိအထူးဟောပုံ၊ သမထနှင့် ဝိပဿနာခွဲပုံကို သိသာရုံပြဆိုခြင်း

ရတနာခုနစ်ပါးနှင့် ပြည့်စုံသော သူဌေးသည်။ ထိုရတနာတို့ကို ထည့်သွင်း၍ ရွှေသေတ္တာ၌ထားရသကဲ့သို့။ ထို့အတူ သူဌေးနှင့်တူတော်မူသော မြတ်စွာဘုရားသည်။ ရတနာခုနစ်ပါးနှင့်တူသော သတိပဋ္ဌာန်ပါဠိတော်ကို ထည့်သွင်း၍ ထားရာဖြစ်သော ရွှေသေတ္တာနှင့်တူသော ပုဂ္ဂိုလ်ကို ဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူလေသော် ကုရုတိုင်း ပြောက်ကျားသော ခြေရှိသော လူသားစား ပေါရိသာဒကို ဆုံးမရာဖြစ်သောကြောင့် ကမ္မာသဒမ္မနိဂုံး ခေါ်သတည်း၊ ထိုနိဂုံးသားတို့ကို မြင်တော်မူ၍ ကြွတော်မူပြီးလျှင် သတိပဋ္ဌာန် ပါဠိတော်ကို ဟောတော်မူသတည်း။

လဒ္ဓပေါသောသုမဥ္ဇူသံ ရတနာနိစ နိဒ္ဓဟေ၊
ဧဝံ ဒေသေသိ ဂမ္ဘီရံ ဘဂဝါကုရုဝါသိနံ။
ကေ ဝိသတိ ဌာနေသု အရဟာတ္တေ သုခေဝိယ၊
သောကာ ဒုပဒ္ဒဝဍ္ဍာတံ ဝိသုဒ္ဓါဒိဌမာဝဟံ။
ပဏ္ဍုကမ္ဗလ ဝေဿောဝ သတ္တဝဏ္ဏံ ပကာသယံ၊
စရိတာဒိ နုလောမေန စတုဓာ တံ ဘဏာမ ဟေ။

သဓနော၊ ဥစ္စာကြွယ်ဝ ပေါများလှသော။ ပေါသော၊ ဥစ္စာပေါထင်ပစ္စည်းရှင်သည်။ သုမဥ္ဇူသံ၊ ရွှေဖြင့်တစ်နည်း လုပ်၍ပြီးသော သေတ္တာကြီးကို။

လဒ္ဓါ၊ ရသည်ရှိသည်ဖြစ်၍။ ဠာစ သုမဥ္ဇူသော၊ ဤရွှေဖြင့် တနည်း လုပ်၍ ပြီးသော သေတ္တာကြီး၌။ ရတနာနိ၊ ရတနာခုနစ်ပါးတို့ကို။ နိဒ္ဓဟေ ယထာ၊ ထည့်ကာအပြီး သိုမှီး၍ထားရသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သဓနပေါသ-သဒိသော၊ ဥစ္စာပေါ်ထင် ပစ္စည်းရှင်နှင့်တူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သုမဥ္ဇူသဒိသံ၊ ရွှေဖြင့်တနည်း လုပ်၍ပြီးသော သေတ္တာကြီးနှင့် တူလှစွာသော။ ကုရုဝါသီနံ၊ ကုရုတိုင်းသား လူအများကို။ လဒ္ဓါ၊ တရားဟောခြင်းငှာ ရသည်ဖြစ်၍—

ပဏ္ဍုကမ္ဗလဝေဿာ၊ ရိုးရှဲရောင်စွေ ထွေထွေနီမြန်းသော ကမ္ဗလာကုန်သည်သည်။ ဝဏ္ဏံ၊ ကမ္ဗလာ၏ အဆင်းဂုဏ်ကို။ ပကာသယံ-ပကာသယ-မိဝ၊ ဆွဲကာ ကိုင်ကာ ဖြန့်ကာပြသကဲ့သို့။ သတ္တဝဏ္ဏံ၊ သတ္တာနံဝိသုဒ္ဓိယာ စသော ခုနစ်ပါးသော ဂုဏ်ကို။ ပကာသယံ - ပကာသယန္တော၊ လင်းလင်းထင်ပေါ် မြင်အောင် ဟောတော် မူလျက်။

ကေဝီသတိဋ္ဌာနေသု၊ နှစ်ဆယ့်တစ်ပါးသော အရာဌာနတို့၌။ ကမ္မဋ္ဌာနံ၊ သတိပဋ္ဌာန်၌လာသော ဝိပဿနာကမ္မဋ္ဌာန်းကို။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ သုခေပိယ၊ ကောင်းစွာထည့်သွင်း၍။ သောကာဒုပဒ္ဒဝဂ္ဂဿ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း ကိုယ်၏ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်း ဟူသော လေးပါးသော ဥပဒ္ဒဝေါကို ပယ်ဖျောက်စေနိုင်ထသော။ ဝိသုဒ္ဓါဒိဋ္ဌမာဝဟံ၊ ကိလေသာမှ စင်ကြယ်ခြင်း၊ အရိယာမဂ်ကိုရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဟူသော သုံးပါးသော အကျိုးကို ရွက်ဆောင်နိုင်ထသော။ ဂမ္ဘီရံ၊ နက်နဲခက်ခဲစွာ ထသော။ ရတနသဒိသံ၊ ရတနာခုနစ်ပါးနှင့်တူသော။ ယံသတိပဋ္ဌာနသုတ္တံ၊ အကြင်သတိပဋ္ဌာန်သုတ် ပါဠိတော်ကို။နိဒ္ဓါနဝသေန၊ ထည့်သွင်းသိုမှီးလိုသည်၏ အစွမ်းဖြင့်။ စရိတာဒိနုလောမေန၊ တိက္ခပုဂ္ဂိုလ်မန္ဒပုဂ္ဂိုလ်တို့၏ စရိုက်အားလျော်စွာ။ စတုဓာ၊ လေးပါးသောအပြားဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒေသေသိ၊ ကုရုတိုင်းသား လူအများကို ဟောကြားတော်မူပေ၏။ တံ၊ ဘုရား ဟောဖော် သတိပဋ္ဌာန်သုတ်ပါဠိတော်ကို။ ဟေ-အိုသူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ညီညီညာညာ ရွတ်ဆိုကြပါကုန်စို့။

**အစိပ္ပာယ်ကား**။ ဥစ္စာကြွယ်ဝ ပေါများလှသော ယောကျ်ားသည်၊ ရွှေဖြင့်ပြီးသော သေတ္တာကို-ရှိသည်ရသည်ဖြစ်၍၊ ထိုရွှေသေတ္တာ၌ ရတနာ ၇-ပါးတို့ကို

ထည့်သွင်း သိုမှီး၍ ထားရသကဲ့သို့။ ထိုနည်းတူစွာ ဥပမာဖြင့်၊ ဉစ္စာရှင်နှင့် တူလှစွာသော မြတ်စွာဘုရားသည်။ ရွှေသေတ္တာနှင့် တူလှစွာသော သဒ္ဓါတရား ကြွယ်ဝချမ်းသာကြသော၊ ကုရုတိုင်းသား လူအများကို တရားဟောခြင်းငှာ အခွင့်အခါရသည်ဖြစ်၍ ရိုးရဲရောင်စွေ ထွေထွေနီးမြန်းသော ကမ္ဗလာကုန်သည် သည် ကမ္ဗလာ၏ ကောင်းမြတ်သော အဆင်းဂုဏ်ကို ဝယ်လိုသူတို့ ထင်ရှား သိမြင်စေခြင်းငှာ ဆွဲကာ-ကိုင်ကာ-ဖြန့်ကာပြရ၏။ ထို့အတူ-သတ္တာနံဝိသုဒ္ဓိယာ စသော ၇-ပါးသောဂုဏ်ကို ဒုက္ခသမုဒယ နိရောဓနှင့်-မဂ္ဂသစ္စာ၊ ဤလေးဖြာ တို့ကို လင်းလင်းထင်ပေါ် မြင်အောင်ဟောတော်မူလျက် အာနာပါနစသော ၂၁-ပါးသော အရာဌာနတို့၌ ဘာဝနာကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ်၌ ကောင်းစွာ ထည့်သွင်း၍ စိုးရိမ်ခြင်း။ ၁။ ငိုကြွေးခြင်း၊ ၂။ ဆင်းရဲခြင်း၊ ၃။ စိတ်နှလုံး မသာယာခြင်း၊ ၄။ ၎င်း ၄-ပါးကို ပယ်ဖျောက်စေနိုင်၏။ ကိလေသာမှစင်ကြယ် ခြင်း၊ ၁-အရိယာမဂ်ကိုရခြင်း၊ ၂-နိဗ္ဗာန်ကို ယခုဘဝ၌ မျက်မှောက် ပြုရခြင်း၊ ၃-၎င်း-၃-ပါးသော အကျိုးထူးတရားကို ရွက်ဆောင်ခြင်း၊ နောက်က ၄-ပါးနှင့် ပေါင်းသော် ၇-ပါးဖြစ်၏။

ပါဠိ၏နက်နဲခြင်း၊ အနက်၏ နက်နဲခြင်း၊ ဒေသနာ၏ နက်နဲခြင်း၊ အသိ ဉာဏ်၏ နက်နဲခြင်း ရတနာ ၇-ပါးနှင့် တူလှစွာသော အကြင်သတိပဋ္ဌာန်ပါဠိ တော်ဟူသောရတနာကို ရွှေသေတ္တာနှင့်တူလှစွာသော ကုရုတိုင်းသား လူအများ တို့၏ သဏ္ဍာန်၌ ထည့်သွင်းသိုမှီးလိုသည်၏အစွမ်းဖြင့် တိက္ခပုဂ္ဂိုလ်၊ မန္ဒပုဂ္ဂိုလ် တို့၏ စရိုက်အားလျော်စွာ ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် လေးပါး အပြားဖြင့် မြတ်စွာဘုရားသည် ကုရုတိုင်းသား လူအများတို့ကို။ ဟောကြား တော်မူပေ၏ ဤသို့ဟောကြား၍။ ။

တိံသမတ္တာနံ ဘိက္ခုသဟဿာနံ၊ အနုပါဒါယ အာသဝေဟိ
စိတ္တာနိ ဝိမုစ္စိံသု။ ။ (သတိပဋ္ဌာန်အဋ္ဌကထာ)

တိံသမတ္တာနံ ဘိက္ခုသဟဿာနံ၊ သုံးသောင်း မျှလောက်ကုန်သော ရဟန်းတို့အား။ အနုပါဒါယ၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်း မရှိသည် ဖြစ်၍။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ စိတ္တာနိ၊ စိတ်တို့ကို။ ဝိမုစ္စိံသု၊ လွတ်လေ ကျွတ်လေကုန်၏။

ဤသတိပဋ္ဌာန်တရားကို သဒ္ဓါကြွယ်ဝချမ်းသာကြသော သူတို့သာလျှင် အားထုတ်နိုင်ကြပေကုန်၏။ သဒ္ဓါဆင်းရဲ၍ သဒ္ဓါမဲ့သောသူတို့နှင့် အရာမဟုတ် အားမထုတ်နိုင်ကြပေကုန်။ ဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းတို့သည်။ မီးခဲပြာဖုံး၍ နေသူတွေရှိကြပေသည်။ တရားတော်ကို မရှာကြဘဲ သဲလွန်စ မရလေသော ကြောင့် တဝဲလည်လည် နေ့ရက်သာ ကုန်တော့သည်။

ပျဉ်းမနားမြို့အနီး ဓမ္မကထိက ဆရာကြီးတစ်ဦးသည် တပည့်များကို တရားဟောရာ။အနိစ္စ-ဒုက္ခ-အနတ္တ-ဟူသည်။မမြဲခြင်း-ဆင်းရဲခြင်း-အစိုးမရခြင်း ဟု စာကဆိုသည်။ ငါတို့မှာ အမှန်မသိပေ ဟောပြောတိုင်း ဝန်ခံပေသည်။တရား တော်ကို အားထုတ်လိုသော စိတ်ကောင်း သဒ္ဓါကောင်းရှိပါလျက် တရားတော် ၏ သဲလွန်အစရှာမရ၍ အားမထုတ်နိုင်ပေ၊ ဆရာကြီး၏ တပည့်တစ်ဦးက တရား အထူးကို အားမထုတ်ရလျှင်မနေနိုင်၊ တောသို့ ယခုထွက်သွားမည်ဟု ဆရာကြီး ကို ပန်ကြားသဖြင့် ဆရာကြီးက တောသို့ရောက်လျှင် ဘာကိုနှလုံးသွင်းမည်နည်း မေး၏။ တပည့်က ယခုလို နေ့ရက်တွေကုန်ဆုံး၍ အလကားချည့်မနေနိုင်၊ ထင်ရာ ကို လုပ်မည်ဟုဆိုသတည်း။ ထိုသူတို့လည်း တရားကို အားမထုတ်လိုက်ရ သေဆုံး ကြလေကုန်ပြီ သတိရကြပါကုန်လော။

သတိ-ဟူသည် ပြဋ္ဌာန်းခြင်းအနက်အကြီးအမှူးပြုခြင်းအနက် ရှေ့ဆောင် ရှေ့သွားခြင်းအနက် စသည်တို့၌ ဟောတော်မူသည်။ တနည်းမှာ-သတိသည် အလုံးစုံသော ဟင်းလျာတို့၌ ဆားနှင့်ကင်း၍ မဖြစ်နိုင်သကဲ့သို့ ထို့အတူ သတိ သည် အလုံးစုံသော တရားတို့၌ သတိနှင့်ကင်း၍ မဖြစ်နိုင်ဟု အဋ္ဌကထာဆရာ မိန့်မှာတော်မူပေသတည်း။

> အပ္ပမာဒေါ ခေါ မဟာရာဇ၊ ဧကော ဓမ္မော ဥဘော အတ္ထေ
> သမာဓိဂ္ဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စ၊
> သေယျထာပိ မဟာရာဇ ယာနိကာနိစိ ဇင်္ဂလာနံ ပါဏာနံ၊
> ပဒဇာတာနိ သဗ္ဗာနိ တာနိ ဟတ္ထိပဒေ သမောဓာနံ ဂစ္ဆန္တိ၊
> ပဒါနံ တေသံ အဂ္ဂမက္ခာယတိ။ ။(သံယုတ်ပါဠိတော်)

မဟာရာဇ၊ မြတ်သောကောသလမင်းကြီး။ ခေါ၊ စင်စစ်။ အပ္ပမာဒေါ၊ သတိဖြင့် မမေ့မလျော့သော။ ဧကောဓမ္မော၊ တစ်ခုသောတရားသည်။ ဒိဋ္ဌဓမ္မိ ကဉ္စေဝအတ္ထံ၊ မျက်မှောက်၌ဖြစ်သော အကျိုးစီးပွားကိုလည်းကောင်း။သမ္ပရာယိ ကဉ္စအတ္ထံ၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားကိုလည်းကောင်း။ ဥဘော-

အတ္တေ၊ နှစ်ပါးစုံသော အကျိုးစီးပွား တို့ကို။ သမာဓိဂ္ဂယှ၊ ကောင်းစွာယူ၍။ တိဋ္ဌတိ၊ တည်၏။

မဟာရာဇ၊ မြတ်သော ကောသလမင်းကြီး။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဇင်္ဂလာနံ၊ မြေ၌သွားလာကြကုန်သော။ ပါဏာနံ၊ သတ္တဝါ တို့၏။ ယာနိကာနိစိ၊ အမှတ်မရှိကုန်သော။ ပဒဇာတာနိ၊ ခြေရာအပေါင်းတို့ သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ တာနိ၊ ထိုခြေရာအပေါင်း တို့သည်။ ဟတ္ထိပဒေ၊ ဆင်၏ခြေရာထဲ၌။ သမောဓာနံ၊ ပေါင်းဆုံ၍ ဝင်ရခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေသံပဒါနံ၊ ထိုခြေရာ အပေါင်းတို့တွင်။ ဟတ္ထိပဒံ၊ ဆင်ခြေရာကို။ အဂ္ဂံ၊ အကြီးဆုံးဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အက္ခာ- ယတိ၊ ဟောတော်မူ၏။

အဓိပ္ပာယ်အကျဉ်းကား။ ။မြတ်သော ကောသလမင်းကြီး၊ စင်စစ် သော်ကား၊ သတိဖြင့် မမေ့မလျော့ တစ်ခုသော သတိတရားသည်၊ မျက်မှောက် ၌ဖြစ်သော အကျိုးစီးပွား၊ တမလွန်၌ဖြစ်သော အကျိုးစီးပွား၊ နှစ်ပါးသော အကျိုးစီးပွားကို ရ၏။ မင်းကြီး-ဥပမာသော်ကား မြေ၌သွားလာကြကုန်သော၊ သတ္တဝါအပေါင်းတို့၏ ခြေရာသည်ရှိကြကုန်၏။ ထိုသို့ရှိကြကုန်သော်လည်း ဆင် ၏ခြေရာအတွင်းသို့ ဝင်ရောက်ကြသကဲ့သို့ ထို့အတူ အလုံးစုံသော တရားဟူသမျှ သည်။ သတိဟူသော တရားအတွင်းသို့၊ ဝင်ရောက်ရလေတော့သည်။

ထိုသတိဟူသောပုဒ်၌။ ။သတိယော ပဋ္ဌာနံ-သတိပဋ္ဌာနံ။ ။သတိ- ယော၊ မှတ်ခြင်းသတိသည်ပင်လျှင်။ ပဋ္ဌာနံ၊ ရှေ့သွားတည်း။ ဝါ၊ ပြဋ္ဌာန်း သည်တည်း။ သတိပဋ္ဌာနံ၊ မှတ်ခြင်းသတိပင်လျှင် ရှေ့သွား၊ ဝါ၊ သတိပင်လျှင် ပြဋ္ဌာန်း။ ။၎င်းအဋ္ဌကထာ၌ မှတ်ခြင်းသတိ ပြဋ္ဌာန်းသည်။ သတိရှေ့သွားသည် ဆိုရာ၌ သတိတစ်ခုတည်းကို မယူမူ၍ အသိဉာဏ်ပညာကို မှတ်ယူရမည်ဟု ဆိုလို ရင်း ဖြစ်ပေသည် ထို့ကြောင့်—

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ၊ ဓာရဏဋ္ဌေတ္ထ သလ္လက္ခဏံ။

(ဝိသုဒ္ဓိမဂ်)

ဟိသစ္စံ၊ မှန်၏။ သတိ၊ မှတ်ခြင်းသတိကို၊ ဓာရဏာတိ၊ ရှေ့သွားခြင်း၊ ဆောင်ခြင်းဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ တ္ထေ၊ ဤသတိကို ဓာရဏာဟူ၍ပြရာ၌။ ဓာရဏဋ္ဌ၊ ရှေ့သွားခြင်း၊ ဆောင်ခြင်းဟူသည်ကား။ သလ္လက္ခဏံ၊ ကောင်းစွာ မှတ်ခြင်းတည်း။

အထဝါ-

ဥပမာရေတဗ္ဗန္တိ သတိပုဗ္ဗင်္ဂမာယ ပညာယ။

ဥပလက္ခေတဗ္ဗံ၊ န ဟိ သတိ ရဟိတာ ပညာ အတ္ထိ။ (ဝိသုဒ္ဓိမဂ်)

အထဝါ၊တနည်းကား။ ဥပမာရေတဗ္ဗန္တိ၊ မှတ်အပ်ကုန်၏ ဟူသည်ကား။ သတိပုဗ္ဗင်္ဂမာယ၊ မှတ်ခြင်းသတိသည် ရှေ့သွား ရှေ့ဆောင်ရှိသော။ ပညာယ၊ အသိ အလိမ္မာဉာဏ်ပညာဖြင့်။ ဥပလက္ခေတဗ္ဗံ၊ မှတ်အပ်၏။ ဟိသစ္စံ၊ မှန်ပါ၏၊ သတိရဟိတာ၊ သတိမှလွတ်ကင်းသော။ ပညာ၊ အသိအလိမ္မာ ဉာဏ်ပညာသည်။ နအတ္ထိ၊မရှိ။

သတိယာ-ပဋ္ဌာနံ-သတိပဋ္ဌာနံ။ ။သတိယာ၊ မှတ်ခြင်းသတိ၏။ ပဋ္ဌာနံ၊ တည်ရာတည်း။ သတိပဋ္ဌာနံ၊ မှတ်ခြင်း၏တည်ရာ။

သတိစ သာ ပဋ္ဌာနဉ္စာတိ သတိပဋ္ဌာနံ။ ။သတိစ၊မှတ်ခြင်း သတိလည်း ဟုတ်ပါ၏။ သာ၊ထိုမှတ်ခြင်းသတိ ဟုတ်ပါ၏ဟူသည်။ ပဋ္ဌာနဉ္စ၊ တည်ရာပဋ္ဌာန လည်းဟုတ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ သတိပဋ္ဌာနံ၊ သတိ ပဋ္ဌာန်မည်၏။

ကေဝဠ္ဌုံ စတုဓာ ဆိန္ဒန္တော ဝိယ။ ။~~ဥကေဝဠ္ဌုံ၊ တစ်ခုသောဝါးကို။ စတုဓာ၊ လေးပိုင်းပြု၍။ ဆိန္ဒန္တော ဝိယ~~။ ကေဝဠ္ဌုံ၊ တစ်ခုသောဝါးကို ။စတုဓာ၊ လေးပိုင်းပြု၍။ ဆိန္ဒန္တော ဝိယ–ဖြတ်သကဲ့သို့။ သတိံ၊ သတိ ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဒေသနာနည်းအားဖြင့် သတိပဋ္ဌာန်သည် ၄-ပါးရှိ၏၊ ကျင့်စဉ်အားဖြင့်။ သတိတစ်ခုပင်တည်း။ ဝါးတစ်လုံးကို ၄-ပိုင်းဖြတ်သကဲ့သို့ သတိပဋ္ဌာန် ၄-ပါးတို့ သည် သတိအဆုံးရှိခြင်းကြောင့် သတိသည် တစ်ခုပင်တည်း။

မိလိန္ဒမင်းကြီးက ရဟန္တာတို့သည် သတိဖြင့် တွေ့ဝေပါသလောဟု ရှင်နာ ဂသိန်ကိုလျှောက်ထားရာ ဘုရားရှင် ပညတ်တော်မူသော သိက္ခာပုဒ်တော်မှာ။ လောကဝဇ္ဇသိက္ခာပုဒ်၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့သည် ရှိကုန်၏။ ထိုသိက္ခာပုဒ်တို့၌ အချို့သော ရဟန္တာတို့သည် သိမြင်ကြကုန်၏၊ အချို့သော ရဟန္တာတို့သည် မသိမမြင်ကြပေကုန်။ ထိုမသိမမြင်ကြသော ရဟန္တာတို့သည် သတိဖြင့် တွေ့ဝေ ကြကုန်၏။ သတိဖြင့်တွေ့ဝေ၏ဆိုရာ၌ ဝိစိကိစ္ဆာ၏ ယုံမှားမျိုးမဟုတ်ပေ ပညတ် အရာ-ဝေါဟာရဒေသနာ၌၊ ကုန်စင်အောင် မသိမမြင်နိုင်သည်ကို၊ တွေ့ဝေသည် ဟု ဆိုလိုသည် ရဟန္တာတိုင်း ပိဋကတ်ကို မတတ်ပေကုန်။

ဝိဂတသမ္မောသာ-မဟာရာဇ အရဟန္တော နတ္ထိ၊
အရဟန္တာနံ သတိသမ္မောသောတိ။ (မိလိန္ဒပဉှာ)

မဟာရာဇ၊ မြတ်သောမင်းကြီး၊၊။ အရဟန္တော၊ ရဟန္တာအရှင်တို့သည်။ ဝိဂတသမ္မောသာ၊ သတိတွေဝေခြင်းကင်းကြကုန်၏။ အရဟန္တာနံ၊ ရဟန္တာအရှင်တို့အား။ သတိသမ္မောသော၊ သတိတွေဝေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဟောတော်မူအပ်၏။

သတိံ စ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကန္တိ ဝဒါမိ။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊စင်စစ်။သတိံ စ၊ မမေ့မလျော့သောသတိကိုလည်း။ သဗ္ဗတ္ထိကန္တိ၊ အလုံးစုံသောအရာဌာန၌ အလိုရှိအပ်၏ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ဝဒါမိ၊ ဟောတော်မူ၏။

အဓိပ္ပာယ်ကား။ ချစ်သားတို့။ စင်စစ်သော်ကား။ သတိပဋ္ဌာန်၌ လာသောအတိုင်း သတိကို အခါခပ်သိမ်း အလိုရှိအပ်၏ ဟူ၍ သင်တို့ဆရာ ငါဘုရား ဟောတော်မူသည်။

သတိဒေါဝါရိကော ဘိက္ခဝေ အရိယသာဝကော
အကုသလံ ပဇဟတိ၊ ကုသလံ ဘာဝေတိ သာဝဇ္ဇံ ပဇဟတိ။
အနဝဇ္ဇံ ဘာဝေတိ၊ သုဒ္ဓမတ္တာနံ ပရိဟာရတီတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ သတိဒေါဝါရိကော။ သတိဟူသော တံခါးစောင့်ရှိသော။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သားသည်။ အကုသလံ၊ အကုသိုလ်ကို။ ပဇဟတိ၊ ပယ်စွန့်၏။ ကုသလံ၊ ကုသိုလ်ကို။ ဘာဝေတိ၊ ပွားများ၏။ သာဝဇ္ဇံ၊ အပြစ်ရှိသည်ကို။ ပဇဟတိ၊ ပယ်စွန့်၏။ အနဝဇ္ဇံ၊ အပြစ်မရှိသည်ကို။ ဘာဝေတိ၊ ပွားများ၏။ သုဒ္ဓံ၊ စင်ကြယ်စွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟာရတိ၊ ရွက်ဆောင်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ။
သမ္ပဇာနော အယံ ခေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ချစ်သားတို့။သတော။ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ ဝိဟရေယျ၊ နေရ၏။ သတိယာ။ သတိနှင့်။ ဝိပ္ပဝါသော၊ ကင်းကွာ၍။ မာဝိဟရေယျ။ မနေကြပါလင့်။ သမ္ပဇာနော၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရေယျ၊ နေရ၏။ ပညာယ။ အသိအလိမ္မာ ဉာဏ်ပညာနှင့်။ ဝိပ္ပဝါသော၊

ကင်းကွာ၍။ မာဝိဟာရေယျ၊ မနေကြပါလင့်။ အယံခေါ၊ ဤသည်ကား။ အမှာ ကံ၊ ငါဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမပေတည်း။ ။

သတိပဋ္ဌာန်နှင့်ကင်း၍ မဂ်ဖိုလ်မရကောင်းပေ။ သတိပဋ္ဌာန် ကိုသာ ပွားများ အားထားကြကုန်လော့ဟု ဟောတော်မူသည်မှာ။

ဣမေသံ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ သိက္ခာ ဒုဗ္ဗလျာနံ၊
ပဟာနာယ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။
(အင်္ဂုတ္တရနဝကနိပါတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်၊ သိက္ခာဒုဗ္ဗလျာနံ၊ သိက္ခာပုဒ်ကို အားနည်းစေတတ်ကုန်သော။ ဣမေသံပဉ္စန္နံ၊ ဤ ပါဏာတိပါတစသော ကံ ငါးပါးတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရောသတိပဋ္ဌာနာ၊ ၄-ပါး ကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

ဣမေသံ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ နီဝရဏာနံ ပဟာနာယ၊
စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ရှင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါး ကုန်သော။ နီဝရဏာနံ၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွား များအပ်ကုန်၏။ ။

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ ကာမဂုဏာနံ ပဟာနာယ။
စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ရှင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့၊ ခေါ၊ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါး ကုန်သော။ ကာမဂုဏာနံ၊ ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ် တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

ဣမေသံ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ ပဟာနာယ။
စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ရှင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ။ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ ဟူသော ပဉ္စုပါဒါနက္ခန္ဓာ တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

ဣမေသံ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ ဂတီနံ ပဟာနာယ၊
စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ငင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးကုန်သော။ ဂတီနံ၊ နိရယဂတိ။ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ ဒေဝဂတိ၊ မနုဿဂတိ-ဟူသော ဂတိငါးပါးတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ၊ စတ္တာရောသတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

ဣမေသံ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ ဩရမ္ဘာဂိယ သံယောဇနာနံ
ပဟာနာယ၊ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ငင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးကုန်သော။ ဩရမ္ဘာဂိယ သံယောဇနာနံ၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ကာမစ္ဆန္ဒ သံယောဇဉ်၊ ဗျာပါဒသံယောဇဉ် ဟူသော ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ။ ရှုမှတ်ပွားများအပ်ကုန်၏။ငင်းငါးပါးကို သောတာပန်၊သကဒါဂါမ်၊အနာဂါမ် သုံးဦးတို့ပယ်သည်ကိုယူ။ ။ဥဒ္ဓမ္ဘာဂိယ သံယောဇဉ်ကား။ ရူပ၊ အရူပ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ ဤသံယောဇဉ်ငါးပါးကိုယူ။

ဣမေသံ၊ ခေါ ဘိက္ခဝေ၊ ပဉ္စန္နံ စေတောခိလာနံ ပဟာနာယ။
စတ္တာရောသတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။ ။ငင်းပါဠိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးကုန်သော။ စေတောခိလာနံ။ ဘုရား-တရား-သံဃာ-အကျင့် သိတင်းသုံးဖော်ငါးပါးတို့၌ ယုံမှားခြင်းဟူသော ငြောင့်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ စတ္တာရောသတိ ပဋ္ဌာနာ။ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

**အဓိပ္ပါယ်ကား။** ။ ဘုရားဟုတ်မှန်သလော။ တရားဟုတ်မှန်သလော။ သံဃာဟုတ်မှန်သလော။ သိက္ခာအကျင့် ဟုတ်မှန်သလော။ သီတင်းသုံးဖော်တို့၌ မဂ်ဖိုလ်ရသည်ဟုတ်မှန်သလော။ ဤပြောင့်ငါးစင်းတို့ကို မစူးရအောင်။ သတိပဋ္ဌာန်ကို ရှုမှတ်ကြလောဟု ဟောတော်မူသည်။

သမထကမ္မဋ္ဌာန်း–၄၀ တို့တွင် စရိုက်အားလျော်စွာ တစ်ခုခုသော ကမ္မဋ္ဌာန်းကိုယူ၍ စိတ်မပျံ့မလွင့်ရအောင်၊ မိမိနှလုံးသွင်းသော ကမ္မဋ္ဌာန်း၌၊ စိတ်ကို စူးစိုက်၍ ထားလိုက်ရ၏။ အာရုံကား ပညတ်အာရုံတည်း။ စိတ်၏ သဘောကား။ငါ့သဘောပေတည်း။ ပညတ်အာရုံ-ငါ့သဘောဖြစ်၍ ချမ်းလမ်း-ပြဟ္မာလမ်းကိုသာ ရတော့ ရောက်တော့ပေသည်။ ၃၂–ပါးသော ဒွတ္တိံသ ကမ္မဋ္ဌာန်းကို အနုလုံ ပဋိလုံ စီးဖြန်းရာ၌လည်း သမထအာရုံ- ပညတ်အာရုံ- ငါ့သဘော အစစ်အမှန် ဖြစ်တော့ပေသည်။

**ဝိပဿနာဟူသည်ကား။** ။ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဟူ၍ ၄-ပါးရှိ၏၊ ထို ၄-ပါးတို့တွင်၊ ကာယာနုပဿနာ၌ စိတ်ကျရောက်သော် သွားသောအခါ ညာကလှမ်းလျှင် လှမ်းသည်ဟုမှတ်၊ ဘယ်ကလှမ်းလျှင် လှမ်းသည်ဟုမှတ်၊ လှမ်းတိုင်း-လှမ်းတိုင်းမှတ်၊ ရပ်လျှင်-ရပ်သည်ဟုမှတ်၊ ထိုင်လျှင်-ထိုင်သည်ဟုမှတ်၊ အိပ်လျှင်-အိပ်သည်ဟုမှတ်၊ ကွေးတိုင်း ဆန့်တိုင်း–လှုပ်တိုင်း–ကြွတိုင်း–ကိုင်တိုင်း–ယူတိုင်း-ထိတိုင်း–မတိုင်း- စသည်ဖြင့် ကိုယ်အမူအရာ ဖြစ်ပေါ်တိုင်း မှတ်အပ်၏။

ဝေဒနာနုပဿနာ၌ အေးလျှင်-အေးသည်ဟုမှတ်၊ ပူလျှင်-ပူသည်ဟုမှတ်၊ နာလျှင်-နာသည်ဟုမှတ်၊ ကိုက်လျှင်-ကိုက်သည်ဟုမှတ်၊ ယားလျှင်-ယားသည်ဟုမှတ်၊ ဤသို့စသည်ဖြင့် ဝေဒနာဖြစ်ပေါ်တိုင်း မှတ်အပ်၏။

စိတ္တာနုပဿနာ၌၊ လောဘဖြစ်လျှင် ဖြစ်သည်ဟုမှတ်။ ဒေါသဖြစ်လျှင်၊ ဖြစ်သည်ဟုမှတ်၊ မောဟဖြစ်လျှင် ဖြစ်သည်ဟုမှတ်၊ ဤသို့စသည်ဖြင့်၊ ရှေ့စိတ်ဖြစ်တိုင်း နောက်စိတ်က မှတ်အပ်၏။

ဓမ္မာနုပဿနာ၌၊ မြင်မြင်သည်ဟု အဆင်းတစ်ခုကိုမှတ်၊ ကြားကြားသည်ဟု အသံတစ်ခုကိုမှတ်၊ နံ နံသည်ဟု အနံ့တစ်ခုကိုမှတ်၊ စားစားသည်ဟု အရသာတစ်ခုကိုမှတ်၊ ထိ ထိသည်ဟု အထိတစ်ခုကိုမှတ်၊ သိ သိသည်ဟု အသိတစ်ခုကိုမှတ်။

ထိုသို့ မှတ်သောအခါ ဖြစ်ပေါ်သောခဏ၌ ရှေ့မကျ နောက်မကျ ရအောင် ပစ္စုပ္ပန်အတွင်း တစ်ချက်ကိုသာ မိမိရရမှတ်လိုက်ရ၏၊ ဤကဲ့သို့ပြဆိုခဲ့သော ဓမ္မတာသဘာဝတို့သည် ယထာဘူတဖြစ်၍ ပညတ်သဘော ငါ့သဘောမှ လွတ်၍ ဝိပဿနာသဘော ပရမတ်သဘောဟူ၍ မှတ်ယူကြပါကုန်လော့။

၎င်းမဂ်ဖိုလ်လမ်းစ အာရုံမျိုးကို ပြဆိုခဲ့သောအတိုင်း အားထုတ်၍၊ မဂ်ဖိုလ်သို့ ဆိုက်သောသူကို သုက္ခဝိပဿကပုဂ္ဂိုလ်ဟု ခေါ်ဆိုရပေသည်။ ထိုပုဂ္ဂိုလ်မျိုးကား ဝိသာခါ၊ အနာထပိဏ်၊ စူဠရထ္ထ၊ မဟာရထ္ထ၊ အနေကဝဏ္ဏ သိကြားမင်း နာဂဒတ္တ-စက္ခုပါလစသောအရှင်တို့သည် သုက္ခဝိပဿက ပုဂ္ဂိုလ်မျိုးတို့ပေးတည်း။

ပညာရှိတို့ အထူးသတိပြုရန် အချက်မှာ၊ ဘုရားရှင် ဟောတော်မူသော ပါဠိတော်ကို-ဗုဒ္ဓဘာသိတ ခေါ်သည်။ ရဟန္တာဟော၍ ဘုရားသာဓုခေါ်သော ပါဠိတော်ကို-အာဟစ္စဘာသိတခေါ်သည်။ ရဟန္တာကားဟော၏ ဘုရားသာဓု မခေါ်သောပါဠိတော်ကို-သာဝကဘာသိတခေါ်သည်။ ၎င်းပါဠိတော် သုံးမျိုးကို၊ သင်္ဂါယနာတင်အပ်၏။ သာဝကဘာသိတ ပါဠိတော်ကို ရွေးချယ်သင့်လျှင်၊ ရွေးချယ်ရပေ၏။ ကြွင်းသောပါဠိတော်နှစ်မျိုးကို မရွေးချယ်ရပေ၊ ပုထုဇဉ်တို့ ရေးသောကျမ်းကား များစွာရွေးချယ်ရပေသတည်း။

၅ သတိပဋ္ဌာန်ဟောရာဌာနနှင့် သတိအထူးဟောပုံ သမထနှင့် ဝိပဿနာခွဲပုံကို သိသာရုံပြဆိုခြင်းပြီး၏။

### ၆ ကမ္မဋ္ဌာန်းဆရာရှာဖွေရာ ဘုရားရှင် မိန့်တော်မူပုံနှင့် သတိပဋ္ဌာန်ရှုသူတို့၏ အကျိုးထူးကို ပြဆိုခြင်း။

ယထာဘူတေနသတ္ထာ ပရိယေသိတဗ္ဗော။ ။ယထာဘူတေန၊ ဟုတ်တိုင်းမှန်စွာ။ သတ္ထာ၊ ကမ္မဋ္ဌာန်းဆရာကို။ ပရိယေသိတဗ္ဗော၊ စုံစမ်းရှာဖွေရာ၏။ ။ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းဆရာ ရှာဖွေရန်အရေးကြီးလှ၍ ကြိမ်ဖန်များစွာ မိန့်တော်မူသည်မှာ။ ယထာဘူတံဉာဏာယ အပ္ပမာဒေါ ကရဏီယော။ ။ စသည်ဖြင့် ယထာဘူတဉာဏ်ကို ရစေခြင်းငှာ။ မမေ့ကြနှင့် ရအောင်ပြုကြလော့ဟု စသည်ဖြင့်-၅၂၈-ကြိမ်တိုင်တိုင် ဘုရားရှင်က နှိုးဆော် တိုက်တွန်းတော်မူခဲ့သည့်အတိုင်း၊ ငါတို့သည် မေ့မေ့ လျော့လျော့ နေပါက၊ ဘုရားရှင်ကိုလည်း

အားမနာ၊ မိမိကိုယ်ကိုလည်း မသနား၊ ပေါက်လွှတ် ပေါက်စား အချည်းနှီး မထားသင့်ချေ။

ပိဋကတ်တတ်သော အင်းဝမြို့ အရှင်သဒ္ဓမ္မာလင်္ကာရ၊ အရှင်ဝိသုဒ္ဓါစာရ၊ အရှင်နှစ်ပါးတို့သည်။ အမြို့မြို့ အရွာရွာ တို့၌။ ယထာဘူတေန သတ္တာ ပရိယေသိတဗ္ဗာ။ ။ဘုရားဟောအရ ကမ္မဋ္ဌာန်းဆရာ ရှာဖွေကြရာ သုံးနှစ်ခန့်ရှိခဲ့သော် ဝိပဿနာကမ္မဋ္ဌာန်းကို ပြတတ်သောဆရာ မတွေ့ပါ၍ စစ်ကိုင်းတောင်ပဘာချောင်၌ သမထကမ္မဋ္ဌာန်းကို ပြတတ်သော ဆရာသာတွေ့ရှိရပေ၏၊ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ၊ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းကောလိတ ထိုအရှင်တို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ရှာဖွေကြလေကုန်၏။

ပဉ္စဝဂ္ဂီငါးဦးတို့တွင် အငယ်ဆုံးဖြစ်သော အဿဇိရဟန်းသည် ရာဇဂြိုဟ်ပြည်ကြီးသို့ ဆွမ်းခံဝင်တော့အံ့ဟု။ ။ပတ္တစီဝရမာဒါယ၊ သမ္ပဇာနကာရီဟူသော ပါဠိတော်နှင့်အညီ။ သပိတ်သင်္ကန်းတို့ကို အသိအမှတ်နှင့် ကိုင်ယူဝတ်ရုံပြီးလျှင်။

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊
အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီဟောတိ၊
သမိဉ္ဇိတေပသာရိတေ သမ္ပဇာနကာရီဟောတိ။

ဟူသောပါဠိတော်နှင့်အညီ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ စောင်း၍ကြည့်ခြင်း။ တည့်တည့်ကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းတို့၌ အသိအမှတ်ထား၍ ဆွမ်းခံလာသဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်ရောက်လေ၏။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် တွေ့ဆုံကြလေရာ၊ အရှင်သာရိပုတ္တရာအလောင်းက၊ အရှင်အဿဇိကိုမြင်လေလျှင် ဤအရှင်သည် မနှေးမမြန် လှမ်းကြွသော ကိုယ်ဣန္ဒြေရှိပါပေ၏။ ဥက္ခိတ္တစက္ခု အောက်သို့ချသော မျက်နှာရှိပါပေ၏။ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ဆင်နိုင်ပါပေ၏။ ကိုယ်အမူအရာကြည့်ပါက ကြည်ညိုဖွယ်သော အမူအရာလည်းရှိ၏။ ထိုအရှင်၏ အဇ္ဈတ္တအတွင်း၌ မကင်းသောတရားအနှစ်လည်းရှိ၏။ ဤသို့အောက်မေ့ဆင်ခြင်ပြီးလျှင် အနားသို့ ချဉ်းကပ်၍ အရှင်သည် အဘယ်ကိုရည်မှတ်၍ ရဟန်းပြုပါသနည်းဟုမေး၏။

ငါသည် ငါတို့ဆရာ ဘုရားရှင်ကို ရည်မှန်း၍ ရဟန်းပြုသတည်းဟု ပြောကြား၏။ သင်တို့ဆရာကား အဘယ်သို့ အမည်ရှိသနည်းဟုမေး၏။ ဘုံသုံးပါး၌ အတုမရှိ သမ္မာသမ္ဗုဒ္ဓ အမည်တော်ရသော မြတ်စွာဘုရားဟုပြော၏။ သင်တို့၏

ဆရာကား အဘယ်အယူဝါဒ ရှိသနည်းဟုမေး၏။ ငါသည်သာသနာတော်ထမ်း ရဟန်းပြုသည်ကား မကြာခဏရှိ၍ ငါတို့ဆရာ အယူဝါဒဟူသမျှကို သင့်အား အကျယ် ဝိတ္ထာရ ဟောပြခြင်းငှာ မစွမ်းနိုင်ချေ။ အကျယ်ကို မလိုပါ အကျဉ်း သခေ်ပကိုသာ ဟောပြောပါလော့ဟုဆိုလျှင်။ ဟောတော်မူသည်မှာ—

ယေဓမ္မာ ဟေတုပ္ပ ဘာဝါ တေသံ ဟေတုံ၊ တထာ ဂတော အာဟ။
တေသဉ္စယောတဿနိရောဓော၊ ဧဝံဝါဒီမဟာသမဏော။

ယေဓမ္မာ၊ အကြင် ဒုက္ခသစ္စာ တရားတို့သည်။ ဟေတုပ္ပဘာဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာလျှင် အမှန်ရှိကုန်၏။ တေသံ၊ ထိုဒုက္ခသစ္စာ တရားတို့၏။ ဟေတုံ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ တထာဂတော၊ ငါတို့ဆရာမြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသဉ္စ၊ ထိုဒုက္ခ သစ္စာ-သမုဒယသစ္စာ နှစ်ပါးတို့၏လည်း။ ယောနိရောဓော၊ အကြင်ချုပ်ရာ ကုန်ရာ ငြိမ်းရာ ဖြစ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုနိရောဓသစ္စာကို လည်းကောင်း။ တဿ၊ ထိုနိရောဓ သစ္စာ၏။ ဟေတုဥ္စ၊ အကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်းကောင်း။ တထာဂတော၊ ငါတို့ ဆရာမြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဟာသမဏော။ ရဟန်းမြတ်စွာတို့ဆရာသည်။ ဝါ၊ တစ်ထောင်သော ရဟန်းအပေါင်းတို့တွင် အကြီးဆုံးဖြစ်တော်မူသော ငါတို့ ဆရာမြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ဤသို့အယူဝါဒရှိတော်မူ၏။

အဿဇိ ရဟန်းဟောပြောသော တရားတော်၏အဆုံး၌။ အရှင်သာရိ ပုတ္တရာအလောင်း ဥပတိဿသည်။ သောတာပတ္တိမဂ်-သောတာပတ္တိဖိုလ်၌ တည်လေ၏။

ယထာဘူတာ၊ ဟုတ်မှန်ရာ၊ ဆရာတွေ့အောင်ရှာ။
ဆရာမပြ၊ နည်းမကျ၊ အပြီးမရပါ။ ။(သံခိပ်)။

ရှင်သာရိပုတ္တရာအလောင်း-ဥပတိဿသည်။အရှင်အဿဇိကိုရှိခိုးပြီးလျှင်၊ ဆရာသိဥ္စည်းထံသို့ ပြန်သွားလေရာ ရှင်မောဂ္ဂလ္လာန်အလောင်း ကောလိတသည်။ နေနှင့် လ,ကို တောင့်တသကဲ့သို့ နေဆဲတွင် အရှင်သာရိပုတ္တရာအလောင်း ဥပ တိဿသည် ရောက်လာသဖြင့် ကိုယ်အမူအရာကို မြင်ကာမျှနှင့် တရားရလာပြီဟု သိမြင်လေလျှင် တရားပြပါလောဟု တောင်းပန်၍ တရားပြခြင်းငှာ။

ယေ ဓမ္မာ ဟေတုပ္ပဘာဝါ တေသံ ဟေတုံ၊ တထာဂတောအာဟ။
တေသဉ္စ ယော တဿ နိရောဓော ဧဝံဝါဒီ မဟာသမဏော။

အရှင် အဿဇိ ပေးသော တရားကို ပြောပြ လေလျှင် တရားတော်၏။ အဆုံး၌ အရှင်မဟာမောဂ္ဂလ္လာန်အလောင်း၊ ကောလိတသည် သောတာပတ္တိမဂ်-သောတာပတ္တိဖိုလ်သို့ ရလေ ရောက်လေ၏။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ။ အရှင်မောဂ္ဂလ္လာန်အလောင်း ကောလိတတို့သည်၊ ဆရာဖြစ်သော သိဥ္စည်းကို ပန်ကြား၍၊ တပည့်အများနှင့် တကွ ရာဇဂြိုဟ်ပြည်သို့သွားကြ၍ ရောက်သဖြင့် ဘုရားရှင်က တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူသည်မှာ။

ထေ ဘိက္ခဝေ သမ္မာစရထ ဗြဟ္မစရိယံ။ သမ္မာဒုက္ခဿ အန္တကိရိယာယာဟု ဟောက္ခု ခေါ်တော်မူလျှင် အဝါ ခြောက်ဆယ်ရပြီးသော ရဟန္တာကြီးတို့ ကဲ့သို့ သပိတ်သင်္ကန်းနှင့်တကွ၊ ရဟန္တာဖြစ်ကြလေကုန်၏။ အရှင်သာရိပုတ္တရာ-အရှင် မောဂ္ဂလ္လာန်တို့သည် ရဟန်း၏အသွင်သာ ဖြစ်ကြကုန်သည်။ ရဟန္တာ မဖြစ်ကြ ကုန်သေး၊ တပည့်အများ ရဟန္တာဖြစ်၍ ခုနစ်ရက်ရှိမှ အရှင်မောဂ္ဂလ္လာန် ရဟန္တာဖြစ်သည် အရှင်သာရိပုတ္တရာမှာ။ တပည့်အများ ရဟန္တာဖြစ်၍-၁၅ ရက် သို့ ရောက်မှ ရဟန္တာဖြစ်လေသည်။

တရားအားထုတ်ရာ။ မဂ်ဖိုလ်ကို ရရာ၌ ပညာကြီးသောသူ ပညာနည်း ပါးသောသူ နှစ်ဦးတို့သည်။ ပညာကြီးသောသူတို့မှာ။ နောက်ကျတတ်သည် အဘယ့်ကြောင့်ဆိုသော် ပညာကြီးသော သူတို့သည် ဉာဏ်ကြီးတိုင်းတွေးဆ-ဆင်ခြင်စဉ်းစား၍။ ဉာဏ်အမြင်များသောကြောင့်တည်း။ အရှင် သာရိပုတ္တရာက ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ တပည့်တော်တို့၏ အကြီးအမှူး ဖြစ်သော သိဥ္စည်းဆရာကြီးသည် တရားထူးတရားမွန်ရဖို့ရန်။ အရှင်ဘုရားထံသို့ ခေါ်ဆောင်ရာ၊ ငါသည် အိုးစရိုက်ကြီးဖြစ်ပြီးမှ အိုးစရိုင်ယ်ပြုလုပ်ရန် မဖြစ်နိုင် တော့ပေဟု-ပြောဆိုပါကြောင်း မြတ်စွာဘုရားအား လျှောက်ကြားလေသော်။

အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ။ မိစ္ဆာသင်္ကပ္ပဂေါစရာ။ (ဓမ္မပဒပါဠိတော်)

ယေ၊ အကျင်သူတို့သည်။ အသာရေ၊ အနှစ်သာရမရှိသောတရား၌။ သာရမတိနော၊ အနှစ်သာရရှိ၏ဟု ယူကြကုန်၏။ သာရေ၊ အနှစ်သာရရှိသော နိဗ္ဗာန်၌။ အသာရဒဿိနော၊ အနှစ်သာရမရှိဟု ယူကြကုန်၏။ မိစ္ဆာသင်္ကပ္ပဂေါ စရာ၊ မိစ္ဆာဉာဏ်၏ ကြံရာ ကျက်စားရာ ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သာရံ၊ အနှစ်သာရရှိသော နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မသိ မယူနိုင်ကြပေကုန်။

အဓိပ္ပာယ်ကား။ ။လွယ်၏။

အရှင် သာရိပုတ္တရာ၊ အရှင် မောဂ္ဂလ္လာန် တို့ကို။ သက်သေထား၍လည်းကောင်း ပြဆိုခဲ့သောဘုရားရှင်၏ အမိန့်တော်ကို ရိုသေလေးမြတ်စွာ နာခံသည်ဖြစ်၍လည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာစုံစမ်းရှာဖွေရာ အရေးကြီးလှ ပေကုန်သည်။ ကမ္မဋ္ဌာန်းဆရာရှာဖွေ၍ တရားတော်ကို အားမထုတ်ပါက၊ ဘုရားရှင်၏ အမိန့်တော်ကို မရိုမသေ မလေးမမြတ်မနာခံရာသို့ ရောက်ကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော။

ယထာ အရိဟိ ပရိယုဒ္ဓေါ ဝိဇ္ဇန္တေ၊ ဂမနေ ပထေန ပလာယတိ၊
ပုရိသောနသောဒေါသော အဥ္ဇသဿသော။
ဝံ ကိလေသပရိယုဒ္ဓေါဝိဇ္ဇာမာနေ သိဝေ ပထေ နဂဝေသေတိ။
တံမဂ္ဂံနသောဒေါသော သိဝမဥ္ဇသေ။

အရိဟိ၊ အကြံမတူ၍ မာန်မူကြသော ရန်သူတို့သည်။ ပရိယုဒ္ဓေါ၊ လက်နက်မျိုးစုံ-ဝိုင်းအုံ၍ နေကြသော။ ပုရိသော၊ အကြံမထား ဉာဏ်မသွား၍ ရန်များလှသော ယောကျ်ားသည်။ ဂမနေ၊ ဘေးရန်ကင်းကွာ သွားလာရာဖြစ်သော။ ပထေ၊ လမ်းကြောင်း-လမ်းဟောင်း-လမ်းကောင်း ခရီးသည်။ ဝိဇ္ဇန္တေ၊ အမြင်မမှားရအောင် အထင်အရှား ရှိပါလျက်။ နပလာယတိ၊ ဘေးရန်ဝေးအောင် မပြေးမရှောင်ပေ။ သောဒေါသော၊ ထိုဘေးရန်ဝေးအောင် မပြေး မရှောင်သောအပြစ်သည်။ အဥ္ဇသဿ၊ အပြီးမကွာ ခရီးလမ်းတာ၏။ န ဒေါသော ယထာ၊ တစ်စုံတစ်ခုအနည်းမျှ ခရီးလမ်းတာကို အပြစ်ရှာ၍မရသကဲ့သို့။

ဧဝံတထာ၊ ထို့နည်းတူစွာ ဥပမာဖြင့်။ ကိလေသ ပရိယုဒ္ဓေါ။ လောဘကိလေသာ။ ဒေါသကိလေသာ၊ မောဟကိလေသာဖြင့် ထိုးကျင့်နှိပ်စက်အပ်သည်ဖြစ်၍။ သိဝေ။ ကိလေသာဘေး-လွတ်ခါဝေး၍ အလွန်အေးလှပေသော။ ပထေ။ ဂင်္ဂါဝါဠု သဲစုထောင်သောင်း မရေကောင်းသော အရှင်မြတ် အပေါင်းတို့၏ လမ်းကြောင်း-လမ်းဟောင်း-ခရီးသည်။ ဝိဇ္ဇာမာနေ၊ အမြင်မမှားရအောင် အထင်အရှားရှိပါလျက်။ တံမဂ္ဂံ၊ ထိုဂင်္ဂါဝါဠု သဲစုထောင်သောင်း မရေကောင်းသော အရှင်မြတ်အပေါင်းတို့၏ လမ်းကြောင်း-လမ်းဟောင်း ခရီးကို။ နဂဝေသေတိ၊ မဂ်ဖိုလ်ခရီး ရက်တိုနှင့် နီးရအောင် မရှာမှီးကြပေ။ သော ဒေါသော၊ ထိုမဂ်ခရီး မရှားမှီးသောအပြစ်သည်။ သိဝမဥ္ဇသေ-သိဝမဥ္ဇသဿ၊အပြီး

မဂ္ဂါ ခရီးလမ်းတာ၏။န ဒေါသော၊ တစ်စုံတစ်ခုအနှုမြူမျှ-မဂ်ဖိုလ်ခရီးကို အပြစ်ရှာ၍မရပေ။

ယထာပိ ဗျာဓိတော ပုရိသော၊ ဝိဇ္ဇာမာနေ တိကိစ္ဆကေ၊
နတိကိစ္ဆာပေတိ တံဗျာဓိံ န သော ဒေါသော တိကိစ္ဆကေ၊
ဧဝံ ကိလေသဗျာဓီဟိ။ ဒုက္ခိတော ပရိပီဠိတော။
နဂဝေသေတိ အာစရိယံ၊ န သော ဒေါသော ဝိနာယကေ။

ဗျာဓိတော၊ ရောဂါမပြတ်-ထပ်ခါ ထပ်ခါ-ကပ်ရောက်လာသော။ ပုရိသော၊ အကြံမထား-ဉာဏ်မသွား၍-ရောဂါ များလှသော ယောကျ်ားသည်။ တိကိစ္ဆကေ၊ ကုစားနိုင်ကြောင်း သမားကောင်းသည်။ဝိဇ္ဇာမာနေ၊ အမြင်မမှား ရအောင်-အထင်အရှားရှိပါလျက်။ တံဗျာဓိံ၊ ထိုရောဂါမပြတ် ထပ်ခါ-ထပ်ခါ ကပ်ရောက်လာသော ဝေဒနာကို။နတိကိစ္ဆာပေတိ၊ဂရုမထား၍ မကုစားကြပေ။ သောဒေါသော၊ ထိုဂရုမထား၍ မကုစားသော အပြစ်သည်။ တိကိစ္ဆကေ-တိကိစ္ဆကဿ။ ကုစားနိုင်ကြောင်း သမားကောင်း၏။ နဒေါသောယထာ၊ တစ်စုံတစ်ခုအနှုမြူမျှ ဆရာအပေါ်က အပြစ်ရှာ၍မရသကဲ့သို့။

ဧဝံတထာ၊ ထို့နည်းတူစွာ ဥပမာဖြင့်။ ကိလေသာဗျာဓီဟိ၊ လောဘ ကိလေသာ။ ဒေါသကိလေသာ၊မောဟကိလေသာဟူသော အနာရောဂါတို့ဖြင့်။ ဒုက္ခိတော၊ ဆင်းရဲလှသည်ဖြစ်၍။ ပရိပီဠိတော၊ နှိပ်စက်ကျင်နာလှသည်ဖြစ်၍။ အာစရိယံ၊ ကျမ်းဂန်အလာ လမ်းမှန်ကိုပြရှာသောကမ္မဋ္ဌာန်းဆရာကို။ နဂဝေ-သေတိ၊ မရှာမှီးကြပေ။ သောဒေါသော၊ ထိုကမ္မဋ္ဌာန်းဆရာကို မရှာမှီးသော အပြစ်သည်။ ဝိနာယကေ၊ ဝိနာယကဿ၊ လမ်းညွှန်ပြကာ ကမ္မဋ္ဌာန်းဆရာ၏။ နဒေါသော၊ တစ်စုံတစ်ခုအနှုမြူမျှ ကမ္မဋ္ဌာန်းဆရာအပေါ်က အပြစ်ရှာ၍မရပေ။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ
သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊
ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ။
ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ (သတိပဋ္ဌာန် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ ယေ-သတိ ပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ တဒိဒံ တေ ဣမေ သတိပဋ္ဌာနာ၊ ထိုသတိပဋ္ဌာန် တို့တည်။ ကောယနော၊ နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသော လမ်းခရီးသည်။ ဟောတိ၊ ဖြစ်၏။ သတ္တာနံ၊ သတ္တ

ဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာမှ စင်ကြယ်ခြင်းငှာ။ သောကပရိဒေဝါနံ။ စိုးရိမ်ခြင်း၊ ငိုကျွေးခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှာ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း။နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းသို့ရောက်ခြင်းငှာ။ ဉာယဿ၊အရိယာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့။ လေးပါးကုန်သော အကြင် သတိပဋ္ဌာန်တို့သည် ရှိကုန်၏။ ထိုသတိပဋ္ဌာန်တို့သည် နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသော လမ်းခရီးသည်ဖြစ်ပေ၏။ သတ္တဝါတို့ ကိလေသာမှ စင်ကြယ်ခြင်း-၁။ စိုးရိမ်ခြင်း-၂။ ငိုကျွေးခြင်း-၃။ ဆင်းရဲခြင်း-၄။ နှလုံးမသာယာခြင်း-၅။ အရိယာမဂ်ကို ရခြင်း-၆။ နိဗ္ဗာန်ကိုယခုဘဝမျက်မှောက်ပြုခြင်း ရခြင်း ၇။ အကျိုးထူး ၇-ပါးရ၏ဟု သတိပဋ္ဌာန်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်၍။ ဗုဒ္ဓဘာသာဝင် လူရှင်အပေါင်းတို့သည်။ သတိကောင်းကောင်း ရသင့်ပေကုန်သတည်း။ ။

ကိလေသောက၊ ငိုဒေါသ၊ ကာယဒုက္ခက္ခာ။
မဂ်ဉာဏ်နိဗ္ဗာန်၊ ရအမှန်၊ ဗုဒ္ဓံဟောခဲ့ရှာ။
ကျိုးအာနိသံ၊ ခုနစ်တန်၊ သတိပဋ္ဌာန်မှာ။ ( သံ၀ိဝ )

(၆) ကမ္မဋ္ဌာန်းဆရာ-ရှာဖွေရာ၊ ဘုရားရှင်မိန့်မှာတော်မူပုံနှင့် သတိပဋ္ဌာန်ရှုသူတို့၏ အကျိုးထူးကို ပြဆိုခြင်းပြီး၏။

## (၇) ယခုကာလ မဂ်ဖိုလ်ကိုမရဟု ဘုရားရှင်စွပ်စွဲရာ လောကူပမာနှင့် ပါဠိတော်အလာကို မိန့်မှာကာပြဆိုခြင်း။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက။ ငါ၏သာသနာတော် မကုန်သမျှကာလပတ်လုံး မဂ်ဖိုလ်ကို ရနိုင် ရောက်နိုင်သည်ဟု သတိပဋ္ဌာန် ပဋ္ဌိသမ္ဘိဒါမဂ်သံယုတ်ပါဠိတော်စသည်တို့၌ များစွာဟောပြပါလျက်နှင့် ယခုကာလ ရဟန်းရှင်လူတို့က မဂ်ဖိုလ်ကိုမရနိုင်ဟု ဘုရားရှင်ကို ခုခံရန်တွေ့၍ သာသနာတော်မြတ်ကြီးကို ဖျက်ဆီးရာ ကျရောက် ပေတော့သည်။ ရဟန်းတော် အရှင်များမှာ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ဝတ်စားရသည်လည်းတစ်ကြောင်း၊ သာသနာ

တော်စေဝင့် ဖြစ်ကြသည်လည်း တစ်ကြောင်း၊ သို့အတွက် သာသနာကြီးပွား အောင် အားပေးသင့်ပေသည်။

အတ္တနာ ဒုဂ္ဂဟိတေန အမ္ဘေစဝေ အဗ္ဘာစိက္ခတိ အတ္တာနဉ္စ ခနတိ။
ဗဟုဉ္စ အပုညံ ပသဝတိ။ ။ (မူလပဏ္ဏာသ ပါဠိတော်)

အတ္တနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ မကောင်းသောအယူကို ယူသဖြင့်။ ဝါ၊ မှားသောအယူကို ယူသဖြင့်။ အမ္ဘေစဝေ၊ သင်တို့ဆရာ-ငါဘုရားကိုလည်း။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲဆဲရေးလေ၏။ အတ္တာနဉ္စ၊ မိမိကိုယ်ကိုလည်း။ ခနတိ၊ တူးဖြို ဖျက်ဆီးလေ၏။ အပုညံ၊ မကောင်းမှုသည်။ ပသဝတိ၊ နေ့ရောညဉ့်ပါ ယိုစီးပွားများလေ၏။

ယထာဘူတဉာဏ်ကို မရလျှင် ဘုရားရှင်ကို စွပ်စွဲ တတ်သည်။ ၎င်းဉာဏ် ကို အမှန်ရပါမှ တရားတော်ကို ယုံကြည်နိုင်သည်။ တရားတော်ကို ယုံကြည် ပါမှ ဘုရားကို စွပ်စွဲလွတ်မည်။ တရားဟောဆရာကို စွပ်စွဲလွတ်မည်။ ယထာ ဘူတဉာဏ်ကို မရလျှင် မယုံကြည်နိုင်ပုံမှာ—

ဘိက္ခဝေ၊ ချစ်သားတို့။ မေမယာ၊ သင်တို့ဆရာ ငါဘုရားသည်။ ပုဗ္ဗေဝ၊ ရှေးဦးပဌမ ဘုရားဖြစ်တော်မူစက ပင်လျှင်။ ဧသော၊ ဤကောင်းကင်၌သွားလာ ၍နေသော အရိုးစုပြိတ္တာကို။ ဒိဋ္ဌော၊ လင်းလင်းထင်ပေါ် မြင်တော်မူသည်။ အဟောသိ၊ ဖြစ်လေပြီ။ အပိစ၊ စင်စစ်မကွာ မြင်ပါသော်လည်း။ အဟံ၊သင်တို့ ဆရာ ငါဘုရားသည်။နဗျာကာသိ၊မပြောမဟောနိုင်သေး။အဟံ၊ငါဘုရားသည်။ တံ၊ ဤအရိုးစုပြိတ္တာကို။ ပရေသံ၊ သူတစ်ပါးတို့အား။ စေ ဗျာကရေယျ၊ အကယ်၍ပြောဟောငြားအံ့။ ပရေသံ၊ တစ်ပါးသောသူတို့သည်။ မေ၊ ငါဘုရား ၏။ ဗျာကရဏံ၊ ပြောဟောခြင်းကို။ နသဒ္ဒဟေယျုံ၊ မယုံကြည်နိုင်ကြပေကုန် ရာ။ တေသံ၊ ထိုမယုံကြည်ကြသောသူတို့အား။ တံ တေန၊ ထိုသို့မယုံကြည်ကြ ခြင်းကြောင့်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော သံသရာ ကမ္ဘာအဆက်ဆက်ကာလ ပတ်လုံး။ အဟိတာယ၊စီးပွားမဲ့ယုတ်ခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲရောက်ခြင်းငှာ။ အဿ ဘဝေယျ၊ ဖြစ်ရပေ၏။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး က ဘုရားရှင် ဟောတော်မူသော တရားတော်ကို မယုံကြည် ကြသောကြောင့်

ယထာဘူတ သဘာဝဓမ္မ ဝိပဿနာ၏ သဲလွန်စကို ကွယ်ပျောက်သည်ကား နှစ်ပေါင်းအားဖြင့် ( ၂၇၀ )ရှိခဲ့လေပြီဟု မိန့်တော်မူသတည်း။

ကျေးဇူးရှင် ဆရာတော် ဘုရားကြီး သဲလွန်စရ၍ ဟောခဲ့သည်ကား (၇၀)ပြည့်နှစ်ကစ၍မနေမနား၊ဝေနေများကို ထွေထွေသနားသဖြင့် ဟောကြား တော်မူပေသတည်း။

ယော ဟိ ကောစိ ဘိက္ခဝေ၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ။
ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ။
အညတရံ ဖလံ ပါဋိကင်္ခံ၊ ဒိဋ္ဌေဝဓမ္မေ အညာသတိဝါ
ဥပါဒိသေသေ အနာဂါမိတာ။ (သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊ အမှတ်မရှိ မည်သူမဆို တစ်စုံ တစ်ယောက်သောသူသည်။ သတ္တဝဿာနိ၊ ၇-နှစ်တိုင်ပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤလေးပါးသော သတိပဋ္ဌာန်တို့ကို။ ဧဝံ၊ ဤသို့။ ဘာဝေယျ၊ ပွားများငြားအံ့။ တဿ၊ ထိုသတိပဋ္ဌာန်ကို ပွားများသောသူအား။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ မျက်မှောက်၌သာလျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်အကြွင်းသည်။ ဝါ၊ ခန္ဓာကြွင်း သည်။ သတိ၊ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိဖိုလ်သည် မူလည်း။ ဘဝိ ဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

အဓိပ္ပာယ်ကား။ ။ငါ၏ချစ်သားတို့။ အမှတ်မရှိ မည်သူမဆို။ တစ်စုံ တစ်ယောက်သော သူသည် ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို ၇-ရက် ပတ်လုံး ပွားများငြားအံ့။ ထို သတိပဋ္ဌာန်တို့ကို ပွားများသောသူအား ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ အရဟတ္တဖိုလ်သည်မူလည်း ဖြစ်လတ္တံ့။ ခန္ဓာကြွင်း ပြန်သည်ရှိသော် အနာဂါမိဖိုလ်သည်မူလည်း ဖြစ်လတ္တံ့။ ဤသို့ နှစ်ပါးသော အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့တွင် တစ်ပါးပါးသောဖိုလ်ကို အလိုရှိအပ်၏ဟူ၍ ဟောတော်မူသည်ကို ထောက်၍ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်ကြောင်းကို ကောင်းကောင်းကြီးသိမြင်ကြ ပါကုန်လော။ ခုနစ်နှစ်၊ ခုနစ်ရက်ဟောတော်မူသည်မှာ အလယ်-အလတ်-မဇ္ဈိမ ဖြစ်သော ပုဂ္ဂိုလ်ကိုရည်၍ ဟောတော်မူသည်ဟု အဋ္ဌကထာ၌ဆိုသည်။

သဗ္ဗမ္ပိ စေတံ ဝေနေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ။ ။(အဋ္ဌကထာ)

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ စေတံ၊ ဤ ၇-နှစ်၊ ၇- ရက်ပိုင်းခြား၍ ဟောတော်မူခြင်းကို။ မဇ္ဈိမဿ၊ ပါရမီအလယ် အလတ်ဖြစ်သော။ ဝေနေယျ ပုဂ္ဂလဿ၊ ကျွတ်ထိုက်သော ပုဂ္ဂိုလ်၏။ ဝသေန၊ အစွမ်းဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။၇-နှစ် ဟောတော်မူသည်မှာ အလွန်ဆုံး အကြာဆုံးကို ဟောတော်မူခြင်း ဖြစ်သည်။ ၁၅-ရက်၊ ၇-ရက် မျှနှင့်လည်း ရနိုင်ကြောင်းကို ဟောတော်မူသော ပါဠိတော်ရှိသည်။ ။ သတ္တဝဿာနိ၊ ၇-နှစ်။ ဆဝဿာနိ၊ ၆-နှစ်။ ပဉ္စဝဿာနိ၊ ၅-နှစ်။ စတ္တာရိ ဝဿာနိ၊ ၄-နှစ်။ တီဏိဝဿာနိ၊ ၃-နှစ်။ ဒွေဝဿာနိ၊ ၂-နှစ်။ ဧကဝဿံ၊ တစ်နှစ်။ သတ္တမာသာနိ၊ ခုနစ်လ။ ဆမာသာနိ၊ ၆-လ။ ပဉ္စမာသာနိ၊ ၅-လ။ စတ္တာရိမာသာနိ၊ ၄-လ။ တီဏိမာသာနိ၊ ၃-လ။ ဒွေမာသာနိ၊ ၂-လ။ ဧကမာသံ၊ ၁-လ။ အဍ္ဎမာသံ၊ လခွဲ။ ဤသို့ ပြဆိုခဲ့သော အတိုင်း၊ မဂ်ဖိုလ် ရနိုင်ကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေသည်။

တိဋ္ဌတု ဘိက္ခဝေ အဍ္ဎမာသံ။ ယော ဟိကောစိ ဘိက္ခဝေ၊
ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဧဝံ ဘာဝေယျ သတ္တာဟံ။
တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ။
ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ၊ ဥပါဒိသေသေ အနာဂါမိတာ။ ။
(သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ အဍ္ဎမာသံ၊ လခွဲသည်။ ဝါ၊ ၁၅-ရက်သည်။ တိဋ္ဌတု၊ မရရှိပါစေဦး။ ဘိက္ခဝေ၊ ချစ်သားတို့။ ယောဟိကောစိ၊အမှတ်မရှိမည်သူ မဆို တစ်စုံတစ်ယောက်သောသူသည်။သတ္တာဟံ၊ခုနစ်ရက်တို့ပတ်လုံး။ဣမေစတ္တာ ရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ရှုမှတ် ပွားများငြားအံ့။ တဿ၊ ထိုရှုမှတ် ပွားများသော သူအား။ ဒိဋ္ဌေဝဓမ္မေ၊ ယခုဘဝ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန် တရားအကြွင်းသည်။ သတိ၊ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမ်၏အဖြစ်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တစ်ပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိ အပ်၏။

ယခုအခါ သာသနာတော်ကြီးနှင့် တွေ့ဆုံကြသောအခါ မဂ်ဖိုလ်လိုလား အမျိုးကောင်းသားတို့သည်၊ တစ်လဖြစ်စေ၊ ၁၅-ရက်ဖြစ်စေ သတိပဋ္ဌာန်နည်း လမ်းအတိုင်းကို စီးဖြန်းသင့်လှ ပေကုန်သည်။ ၇-နှစ် ၇-ရက် ဟောတော်မူသည် မှာ နေယျပုဂ္ဂိုလ်ကိုရည်၍ ဟောတော်မူသည်။ နေယျပုဂ္ဂိုလ်သည်လည်း တိက္ခ-မဇ္ဈိ - မန္ဒဟူ၍ သုံးမျိုးရှိရာတွင်၊ မဇ္ဈိနှင့် မန္ဒကိုရည်၍ ၇-နှစ် ၇-ရက် ဟောတော်မူသည်၊ အယုတ်အလွန်လည်း ရှိသေး၏။ တိက္ခနေယျမှာ—

သာယံ အနုသိဋ္ဌော၊ ပါတော ဝိသေသံ အဓိဂမိဿတိ၊
ပါတော အနုသိဋ္ဌော၊ သာယံ ဝိသေသံ အဓိဂမိဿတီတိ ဝုတ္တံ။
(ဒီဃနိကာယ်-မဇ္ဈိမနိကာယ်တို့၌ လာသည်။)

သာယံ၊ ညချမ်းသောအခါ၌။ အနုသိဋ္ဌော၊ ဆရာက ဆုံးမ၍ ကမ္မဋ္ဌာန်း ပေးလိုက်သည်ရှိသော်။ ပါတော၊ နံနက်စောစောအခါ၌။ ဝိသေသံ၊ မဂ်ဖိုလ် အထူးကို။ အဓိဂမိဿတိ၊ ရလိမ့်သတည်း။ ပါတော၊ နံနက်အခါ၌။ အနုသိဋ္ဌော၊ ဆရာကဆုံးမ၍ ကမ္မဋ္ဌာန်းပေးလိုက်သည်ရှိသော်။ သာယံ၊ ညချမ်းသောအခါ၌။ ဝိသေသံ၊ မဂ်ဖိုလ်အထူးကို။ အဓိဂမိဿတိ၊ ရလိမ့်သတည်း။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ
အသုညော လောကော အရဟန္တေဟိ အဿ။ ။ (သုတ်မဟာဝါပါဠိတော်)

သုဘဒ္ဒ၊ သုဘဒ်ရဟန်း။ ဣမေဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ ဖြောင့်မှန်စွာ။ ဝိဟရေယျုံ၊ ကျင့်၍နေကုန်ငြားအံ့။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့ဖြင့်။ အသုညော၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

သစေ သမ္မာ ဝိဟရေယျုံ၊ သတိပဋ္ဌာနေ ယထာတထံ။
ပါပုဏေယျုံ ဖလဂ္ဂံပိ အစိရံ ဣဓ သာသနေ။

သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်ပါဠိတော်၌။ ယထာတထံ၊ အနက်အဓိပ္ပာယ် လာသောအတိုင်း။ သစေ သမ္မာဝိဟရေယျုံ၊ တကယ်ကျင့်၍ နေကုန်ငြားအံ့။ ဣဓ သာသနေ၊ ဤသာသနာတော်ကြီး၌။ ဝါ၊ ယခုဘဝ၌။ အစိရံပိ၊ မကြာ ခင်လည်း။ ဖလဂ္ဂံပိ၊ အရဟတ္တဖိုလ်သို့မူလည်း။ ပါပုဏေယျုံ၊ ရောက်နိုင် ရနိုင် ကုန်ရာ၏။ အဓိပ္ပာယ်ကား သိသာပြီ။

မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို လျှောက်ကြားသည်မှာ။ အရှင်ဘုရား သာသနာ(၅၀၀၀)ကို အပိုင်းအခြားနှင့် မြတ်စွာဘုရားဟောတော်မူ၏။ သုဘဒ်ရဟန်းကြီးကိုအကြောင်းပြု၍။ ရဟန်းတို့သည်တရားကိုအားထုတ်ကြပါက လောက၌ ရဟန္တာမဆိတ်မကွယ်ပါဟု။ သာသနာတော်ကို အပိုင်းအခြားမထားဘဲဟောတော်မူ၏။ ဤစကားနှစ်ရပ်သည် ဆန့်ကျင်သည် မဟုတ်ပါလောဟု လျှောက်ကြားလေ၏။ ထိုအခါ။ အရှင်နာဂသိန်က၊ မင်းကြီး မဆန့်ကျင်ပေ။ သာသနာ(၅၀၀၀)ဟောတော်မူသည်မှာ။ ပရိယတ္တိဓမ္မသာရှိ၍၊ ပဋိပတ္တိ-ပဋိဝေဓဓမ္မ မရှိခဲ့သော် သာသာနာတော်သည် (၅၀၀၀)မျှသာ တည်လတ္တံ့၊ ပဋိပတ္တိ-ပဋိဝေဓဓမ္မ ရှိခဲ့သော် သာသနာတော်(၅၀၀၀)ကပိုလွန်၍ လောက၌ ရဟန္တာမဆိတ်ကြောင်းကို သုဘဒ်ရဟန်းကြီးအား ကာလအပိုင်းအခြားမထားဘဲ ဟောတော်မူ၏။ ဥပမာကား၊ရေကန်ကြီးတစ်ခု၌ မိုးမရွာခြင်း၊ ရေမစီးမဝင်ခြင်းရှိခဲ့သော်။ နွေ့လ၊ အပိုင်းအခြားနှင့်တကွ ကုန်ခန်းခြင်းသို့ ရောက်ရပေ၏။ မိုးရွာခြင်း ရေစီးဝင်ခြင်းရှိခဲ့သော်၊ အပိုင်းအခြားမရှိ ရေကန်ကြီး တည်နေနိုင်ဘိသကဲ့သို့ မှတ်ယူသင့်လှပေကုန်သည်။ ပရိယတ္တိသည် ရေကန်ကြီးနှင့်တူ၏။ ပဋိပတ် ပဋိဝေဓသည် မိုးရွာ၍ ရေစီးဝင်ခြင်းနှင့် တူ၏။

သာသနာခေတ်၊ မကုန်လစ်၊ ငင်စစ်မဂ်ရကာ။ (သံခိပ်)

(၇) ယခုကာလ မဂ်ဖိုလ်မရဟု၊ ဘုရားရှင်စွပ်စွဲရာ လောကုပမာနှင့် ပါဠိတော်အလာကို၊ မိန့်မှာကာ ပြဆိုခြင်းပြီး၏။

(၈) ဒိဋ္ဌိဟိတ်-တိဟိတ်-ခွဲပုံနှင့်၊ ကျွတ်တမ်းရောက်မရောက်ကို ဝမ်းမြောက်ရန်ပြဆိုခြင်း၊

ဒွိဟိတ်-တိဟိတ်ဆိုရာ၌။ အရှင်အာနန္ဒာစိုးရိမ် ပူဆွေး ငိုကြွေးမြည်တန်းသည်ကို အကြောင်းပြု၍။ အာနန္ဒာ ငါဘုရား ဟောကြားတော် မူခဲ့သောဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်တို့သည်၊ ငါဘုရား မရှိသည့်နောက်၊ သင်တို့၏ ကိုးကွယ်ရာဆရာဟု မှတ်လေလော။ ငါဘုရားမရှိသော်လည်း တရားတော်ကို အားထုတ်ကြပါက မဂ်ဖိုလ်ကိုရလတ္တံ့ဟု ဟောတော်မူသည်။

ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။
သော ဝေါ မမစ္စယေန သတ္ထာတိ။ ။(ပရိနိဗ္ဗာနသုတ်)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ၊ စစ်စစ်။ မယာ၊ ငါဘုရားသည်။ ယောဓမ္မောစ၊ အကြင် သုတ်အဘိဓမ္မာကိုလည်း။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ယောဝိနယောစ၊ အကြင်ဝိနည်းကိုလည်း။ ပညတ္တော၊ပညတ်တော်မူအပ်ပြီ။ သောဓမ္မော၊ ထိုတရားသည်။ မမစ္စယေန၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့်။ ဝေါ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ ဆုံးမ ဟောကြားသောဆရာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစ၊မိန့်တော်မူ၏။

ဤဒေသနာတော်ကို ထောက်ဆဆင်ခြင်၍ သာသနာတော်ကြီး တည်ရှိသမျှ ကာလပတ်လုံး သတိပဋ္ဌာန်၌လာသောအတိုင်း တရားတော်ကိုအားထုတ်ပါလျှင် မဂ်ဖိုလ်သို့ရောက်နိုင်ကြောင်းကို ဘုရားရှင် ဗျာဒိတ်ပေးတော်မူခဲ့သည်ကို လေးမြတ်စွာ ယုံကြည်သင့်လှ ပေသတည်း။ ထိုဘုရားရှင် ဗျာဒိတ်တော်အတိုင်း သာသနာတော်ကြီးနှင့် ကြုံကြိုက်ကြသော ဗုဒ္ဓဘာသာဝင်သူ ရှင်လူအပေါင်း သူတော်ကောင်းတို့မှာ ဒွိဟိတ် တိဟိတ်နှစ်မျိုးမှာ တိဟိတ် များသောအားဖြင့် ရှိကြကုန်သတည်း။

မုချအမှန် သိလိုပါလျှင် သမထလမ်းက အားထုတ်လျှင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် သုံးပါးတို့တွင် ပဋိဘာဂနိမိတ် ထင်မြင်ပါက၊ တိဟိတ်ပုဂ္ဂိုလ်ပင်တည်း။ ဝိပဿနာကိုအားထုတ်လျှင် ဥဒယဗ္ဗယဉာဏ်ကိုထင်မြင်ပါက တိဟိတ်ပုဂ္ဂိုလ်ပေတည်း။ ဤဒေသနာတော်ကို တွေ့ရှိ သိမြင်ကြကုန်သော အမျိုးကောင်းသား-သမီးတို့သည် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါစိတ်ဖြစ်ပွား၍ များများကြီး အားထားသင့်လှ ပေကုန်သတည်း။ ပါရမီ အရင့်-အနု-ဒွိဟိတ် တိဟိတ်ကို မအောက်မေ့ဘဲ သဒ္ဓါစိတ်မြဲမြဲနှင့် အားခဲသင့်လှပေကုန်သည်။ ဒွိဟိတ်ဖြစ်ပါလျှင် ပါရမီရင့်ဖို့ရာ တိဟိတ်ဖြစ်ပါလျှင် မဂ်ဖိုလ်ရဖို့ရာ အရေးတကြီး အားထားသင့်လှပေကုန်သည်။

ဘုရားဗျာဒိတ်-မိန့်ကာညိတ်-မဆိတ်အရိယာ။ ။ (သံခိပ်)

စတုဝီသတိ အသင်္ချေယျေ၊ သဋ္ဌိစ သတသဟဿ ကောဋိယော၊
ပါဏော သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။
(သောတတ္တကီကျမ်း)

မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို လျှောက်ကြားသည်မှာ။ အရှင်ဘုရား သာသနာ(၅၀၀၀)ကို အပိုင်းအခြားနှင့် မြတ်စွာဘုရားဟောတော်မူ၏။ သုဘဒ်ရဟန်းကြီးကိုအကြောင်းပြု၍။ ရဟန်းတို့သည်တရားကိုအားထုတ်ကြပါက လောက၌ ရဟန္တာမဆိတ်မကွယ်ပါဟု။ သာသနာတော်ကို အပိုင်းအခြားမထားဘဲဟောတော်မူ၏။ ဤစကားနှစ်ရပ်သည် ဆန့်ကျင်သည် မဟုတ်ပါလောဟု လျှောက်ကြားလေ၏။ ထိုအခါ။ အရှင်နာဂသိန်က၊ မင်းကြီး မဆန့်ကျင်ပေ။ သာသနာ(၅၀၀၀)ဟောတော်မူသည်မှာ။ ပရိယတ္တိဓမ္မသာရှိ၍၊ ပဋိပတ္တိ-ပဋိဝေဓဓမ္မ မရှိခဲ့သော် သာသာနာတော်သည် (၅၀၀၀)မျှသာ တည်လတ္တံ့၊ ပဋိပတ္တိ–ပဋိဝေဓဓမ္မ ရှိခဲ့သော် သာသနာတော်(၅၀၀၀)ကပိုလွန်၍ လောက၌ ရဟန္တာမဆိတ်ကြောင်းကို သုဘဒ်ရဟန်းကြီးအား ကာလအပိုင်းအခြားမထားဘဲ ဟောတော်မူ၏။ ဥပမာကား၊ ရေကန်ကြီးတစ်ခု၌ မိုးမရွာခြင်း၊ ရေမစီးမဝင်ခြင်းရှိခဲ့သော်။ နွေ့,လ၊ အပိုင်းအခြားနှင့်တကွ ကုန်ခန်းခြင်းသို့ ရောက်ရပေ၏။ မိုးရွာခြင်း ရေစီးဝင်ခြင်းရှိခဲ့သော်၊ အပိုင်းအခြားမရှိ ရေကန်ကြီး တည်နေနိုင်ဘိသကဲ့သို့ မှတ်ယူသင့်လှပေကုန်သည်။ ပရိယတ္တိသည် ရေကန်ကြီးနှင့်တူ၏။ ပဋိပတ် ပဋိဝေဓသည် မိုးရွာ၍ ရေစီးဝင်ခြင်းနှင့် တူ၏။

သာသနာခေတ်၊ မကုန်လစ်၊ စင်စစ်မဂ်ရကာ။ (သံခိပ်)

(၇) ယခုကာလ မဂ်ဖိုလ်မရဟု၊ ဘုရားရှင်စွပ်စွဲရာ လောကုပမာနှင့် ပါဠိတော်အလာကို၊ မိန့်မှာကာ ပြဆိုခြင်းပြီး၏။

❁ ❁ ❁

## (၈) ဒွိဟိတ်–တိဟိတ်-ခွဲပုံနှင့်၊ ကျွတ်တမ်းရောက်မရောက်ကို ဝမ်းမြောက်ရန်ပြဆိုခြင်း၊

ဒွိဟိတ်-တိဟိတ်ဆိုရာ၌။ အရှင်အာနန္ဒာစိုးရိမ် ပူဆွေး ငိုကျွေးမြည်တန်းသည့်ကို အကြောင်းပြု၍။ အာနန္ဒာ ငါဘုရား ဟောကြားတော် မူခဲ့သောဓမ္မခန္ဓာ ရှစ်သောင်းလေးထောင်တို့သည်၊ ငါဘုရား မရှိသည့်နောက်၊ သင်တို့၏ ကိုးကွယ်ရာဆရာဟု မှတ်လေလော။ ငါဘုရားမရှိသော်လည်း တရားတော်ကို အားထုတ်ကြပါက မဂ်ဖိုလ်ကိုရလတ္တံ့ဟု ဟောတော်မူသည်။

၇-နှစ်အရွယ် ရှင်သူငယ်သာမဏေထံ၌၊ ခယဝပ်တွား အသနားခံ၍ ကမ္မဋ္ဌာန်းယူရကြောင်း၊ သာမာဝတီ မိဖုရားကြီးသည် ကျွန်မဖြစ်သော ခုဇ္ဇုတ္တရာထံ၌ တရားတောင်းပန်ရကြောင်း။ ဤသို့စသော ကမ္မဋ္ဌာန်းနည်းယူပုံကို ထောက်ဆဆင်ခြင်၍ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ ကမ္မဋ္ဌာန်းနည်းရရှိသော ဆရာထံ၌ အလျင်အမြန် ယုံကြည်လေးမြတ်စွာ တောင်းယူသင့်လှပေသည်။

မြန်မာဘာသာဖြင့်လည်း ကျွန်ုပ်ကိုကမ္မဋ္ဌာန်း ပေးသနားတော်မူပါဟု ဆိုလျှင် ပြီးစီးနိုင်တော့သည်။ထိုသို့ကမ္မဋ္ဌာန်းကိုတောင်းယူလျှင်ဆရာ၏ကမ္မဋ္ဌာန်း တရားစကားကို မသွေမလှန်အာမဘန္တေခံယူ၍ ကျင့်ကြံလိုက်နာယူရမည် ဆရာ၏ စကားသည် ဘုရားရှင် တရားစကားဖြစ်ခြင်းကြောင့် ဘုရားကဲ့သို့ ယုံကြည် လေးမြတ်စွာ ရိုသေကိုင်းရှိုင်းရမည်။ ပေါဋ္ဌိလမထေရ်ကြီးသည် ရှင်သူငယ်၌ ယုံကြည်လေးမြတ်စွာ ရိုသေပုံကိုထောက်ဆ၍ နည်းခံယူသင့်လှပေသည်။ဤကဲ့သို့ ဂါရဝ-နိဝါတ မရှိပါက မင်္ဂဖိုလ်၏အန္တရာယ် ဖြစ်တတ်ပေသည်။

ပိဋကတ်သုံးပုံနှုတ်ငုံပင်ရသော်လည်း ကမ္မဋ္ဌာန်းအားမထုတ်ဘူးကရုပ်-နာမ် ဓမ္မ သဘာဝတို့ကို ယထာဘူတ ကျနမှန်ကန်စွာ ကမ္မဋ္ဌာန်းနည်း မပေးမပြနိုင်ပေ။ အနာဂါမ်ဟုခေါ်ဝေါ်သမုတ်ကြသောစတုဂီရိတောင်လေးလုံးဆရာတော်ဘုရားကြီးက သက္ကာယရှိသော ဆရာများထံ၌ ကမ္မဋ္ဌာန်းမယူရဟု မိန့်တော်မူသတည်း၊ သက္ကာယ ကွာဖူးမှ တရားထူးသိကြမည်။ ပိဋကတ်တတ်သော်လည်း ပရမတ်နှင့်မဆိုင်ပေ၊ ပေါဋ္ဌိလမထေရ်ကြီးကိုထောက်၍ သိမြင်လောက်ပေပြီ။ ကမ္မဋ္ဌာန်းအားမထုတ်ဘူးက နည်းယူရန်နည်းပေးရန် မသင့်လျော်ပေ။ ။လောကပမာဆိုသော် ငွေမရှိသောသူထံ၌ ငွေချေးကူးယူဖို့ရန် မရနိုင်သကဲ့သို့ မှတ်ယူသင့်လှပေသည်။ ပရမတ်ဖြစ်သော ရုပ်နာမ် ဓမ္မသဘာဝတို့သည် ယထာဘူတကျနမှန်ကန်စွာ သိနိုင်ဖို့ရာမှာ တရားကိုအားထုတ်၍ ကိလေသာကွာမှ သိမြင်နိုင်သော သဘောမျိုး ဖြစ်ပေသည်။ ပိဋကတ်တတ်၍ သိမြင်သော အသိမျိုးသည် စာသိ-ငါသိ-ပညတ်သိဟူ၍ မှတ်ယူကြပါကုန်လော့။ ထို့ကြောင့်—

သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ ပန ဝဇ္ဇမာနာယ။
ပညတ္တိံ သမတိက္ကမိတွာ၊ သဘာဝေယေဝ တိဋ္ဌတိ။

ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်းမစီးဖြန်းခင် ရှေးအဖို့ကာလတို့၌။ ဂယှတိပန ပညတ်ကိုယူသည်ကား။ သစ္စံ၊ မှန်ပါ၏။ ဘာဝနာယ၊ ဝိပဿနာဘာဝနာကို။ ဝဇ္ဇမာနာယ၊ ရှုမှတ်ပွားများသည် ရှိသော်။ ပညတ္တိံ၊ ရှေးကယူ၍မှတ်၍

ထားသော စာသိ-ငါသိ ပညတ်သိကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ သဘာဝေယေဝ၊ သဘောဆတ်ဆတ် ပရမတ်၌သာလျှင်။ စိတ္တံ၊ မှတ်သောစိတ်သည်။ တိဋ္ဌတိ၊ တည်လေ နေလေ၏။

**အဓိပ္ပာယ်ကား**။ ။ကမ္မဋ္ဌာန်း မစီးဖြန်းခင်က စိန္တာမယဉာဏ်နှင့် တွေးတောကြံစည်စဉ်းစား၍ စာသိ-ငါသိ-ပညတ်သိကို ယူသည်ကား အမှန်ပင်ဖြစ်၏။ နောင်အခါ ဝိပဿနာကို ပွားများသည်မှတ်သည်ရှိသော်၊ ရှေးက မှတ်ယူ၍ထားကြသော၊ စိန္တာမယအသိ-စာသိ-ငါသိ-ပညတ်သိတို့ကို လွန်မြောက်၍။ တရားသဘော ဆတ်ဆတ်ပရမတ်အာရုံ၌သာလျှင် စိတ်သည်တည်နေလေ၏။ ပညတ်သိစာသိ-ငါသိများကို မဂ်ဖိုလ်နှင့်မဆိုင်၍ ပရိယတ်တွင်မနေ။ ပဋိပတ်ပဋိဝေဓသို့ရောက်အောင် အားထုတ်သင့်လှပေသတည်း၊ သာသနာတော်သုံးရပ်ကို ခွဲဝေ၍ သိမြင်ကြစေကုန်လော။

ဇိနော ဇယန္တော ပိဋကတ္တယမ္ဟိ နုပဏ္ဍိတော သဟာဿဝါစာ နစရိယာ။
အယုတ္တဒါနေ နဒါနံ ပဋိဂ္ဂြိယာနိ သံဝရော ဘိက္ခုဝေ သစ္စာဝါဒီ။
ဓမ္မံ စရေယျ-ပရိသုဒ္ဓိဓမ္မံ ဒါနံ။

ဇိနော၊ ရန်အပေါင်းကို။ ဇယန္တော၊ အောင်ပါလျက်၊ နသူရော။ သူရဲကောင်းမမည်။ လူစွမ်းကောင်းမမည်။ ပိဋကတ္တမ္ဟိ၊ ပိဋကတ်သုံးပုံကို ဆောင်ပါလျက်လည်း။နုပဏ္ဍိတော၊ပညာရှိမမည်။သဟာဿဝါစာ၊တစ်ထောင်သောအမေးပုစ္ဆာကိုဖြေဆိုနိုင်ပါလျက်။နစရိယာ၊ စကားတတ်မမည်။ အယုတ္တဒါနေ၊မသင့်မလျော်သောဒါန၌။ဝါ၊ အဝိဇ္ဇာပါသောဒါန၌။ နဒါနံ၊ဒါနမမည်။ဘိက္ခုဝေ၊ ချစ်သားတို့။ပဋိဂ္ဂြိယာနိ၊ငါးပါးကုန်သော ဣန္ဒြေတို့ကို။ သံဝရော၊စောင့်ရှောက်နိုင်သော သူသည်။သူရော၊ သူရဲကောင်းမည်၏။ ဝါ၊ လူစွမ်းကောင်း မည်၏။ သစ္စာဝါဒီ၊ တည်ကြည်မှန်ကန်သောသူသည်။ ခိရာ၊ စကားတတ်မည်၏။ ဓမ္မံ၊ သတိပဋ္ဌာန်၌ လာသောတရားကို။ စရေယျ၊ကျင့်သောသူသည်။ ပဏ္ဍိတော၊ ပညာရှိမည်၏။ပရိသုဒ္ဓိဓမ္မံ၊စင်စင်ကြယ်ကြယ်အသိအလိမ္မာ-ဉာဏ်ပညာနှင့်လှူခြင်းသည်။ ဒါနံ။ ဒါနမည်၏။

လူမိုက်အလှူ၊ ပေးပါမူ၊ ရွယ်ခြူဖိုလ်မဂ်၊ မပန်ထိုက်ဟုဆိုကြကုန်၏။

တစ်ခုသော တောအုပ်၌။ ငါးရာသော ရဟန်းတို့သည် သီတင်းသုံးနေကြရာ၊ ပိဋကတ်သုံးပုံတတ်သော ပုထုဇဉ်ရဟန်းတစ်ပါးသည် ရဟန်းတို့ကို

တရားဟောပြော ပြသဆုံးမ၍နေသောအခါ၊ ထိုတော၌ နေသော နတ်တို့သည် ၎င်းရဟန်းဟောသော တရားသံကို အဖန်ဖန် ကြားရသော်လည်း ကောင်းကြီး သာခု မခေါ်နိုင်ကြပေ။ ရဟန္တာဖြစ်သော ကေုဒါန မထေရ် ဟောပြောမှ ကောင်းကြီးသာခုခေါ်ကြပေကုန်သတည်း။

န တာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟုဘာသတိ။
ယော အပ္ပမ္ပိ သုတွာန ဓမ္မံ ကာယေန ပဿတိ သဝေ ဓမ္မဓရော
ဟောတိ၊ ယော ဓမ္မံ နပ္ပမဇ္ဇတိ။ (ဓမ္မပဒပါဠိတော်)

ယာဝတာ၊အကြင်မျှလောက်ဖြင့်။ဗဟု၊များစွာ။ ဘာသတိ၊ ပြောဟော နိုင်၏။ တာဝတာ၊ ထိုပြောဟော နိုင်ကာမျှဖြင့်။ ဓမ္မဓရော၊ တရားကို ဆောင်သည် မည်သည်။ ဝါ၊ တရားကိုကျင့်သည် မည်သည်။ နဟောတိ၊ မဖြစ်။ ယောစ၊အကြင်သူသည်လည်း။အပ္ပံ၊ အနည်းငယ်သော။ဝါ၊တစ်ပုဒ်နှစ်ပုဒ်သော။ ဓမ္မံ၊ တရားကို။ သုတွာန၊ ကြားနာရ၍။ ကာယေန၊ ကိုယ်စိတ်ဖြင့်၊ ပဿတိ၊ ရှုမှတ်၏။ယော၊ အကြင်တရားကို ရှုမှတ်သောသူသည်။ဓမ္မံ၊ တရားကို။နပ္ပမဇ္ဇတိ၊ မမေ့မလျော့။ သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ ဓမ္မဓရော။ တရားကိုဆောင် သောသူမည်၏။ ဝါ၊ တရားကိုကျင့်သောသူမည်၏။ ။အဓိပ္ပာယ်ကားလွယ်၏။

န သာသဘာ ယတ္ထ နသန္တိ၊ သန္တော သန္တော-နတေယေ န ဘဏန္တိ။
ဓမ္မံ ရာဂဉ္စ ဒေါသဉ္စ မောဟဉ္စ ပဟာယ ဓမ္မံ၊ ဘဏန္တာဝ ဘဝန္တိ သန္တော။

ယတ္ထ၊ အကြင်တရားသဘင် အစည်းအဝေး၌။ သန္တော၊ သူတော် ကောင်းတို့သည်။ နသန္တိ၊ တစ်ယောက်တလေမှ မရှိမပါကုန်။ သာ သဘာ၊ ထိုတရားသဘင် အစည်းအဝေးသည်။ နသဘာ၊ တရားသဘင် အစည်းအဝေး မမည်။ယေ၊ အကြင်သူတို့သည်။ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ နဘဏန္တိ၊ မဟောပြောနိုင်ကုန်။ တေ၊ ထိုတရားဟောဆရာတို့သည်။ နသန္တော၊ သူတော်ကောင်းမမည်ကုန်။ရာဂဉ္စ၊ ရာဂကိုလည်းကောင်း။ ဒေါသဉ္စ၊ ဒေါသကို လည်းကောင်း။မောဟဉ္စ၊မောဟကိုလည်းကောင်း။ပဟာယ၊ပယ်၍၊ ဓမ္မံ၊နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို၊ ဘဏန္တာဝ၊ ဟောနိုင်ပြောနိုင်သော သူတို့သည်သာလျှင်။သန္တော၊သူတော်ကောင်းမည်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

ပိဋကတ်တတ်၊ သညာမှတ်၊ ပညတ်ဟောတတ်ပါ။
ပညတ်ဆိုတာ၊ သင်္ကာယာ၊ ဘယ်ခါမလွတ်ပါ။
သင်္ကာယရှိ၊ စွဲဒိဋ္ဌိ၊ ငြိ၍အပါယ်မှာ။ (သံခိပ်)

ဤသို့ မြတ်စွာဘုရားသခင် ဟောကြား ခဲ့သော ဒေသနာ တော်ကို ထောက်၍ ပရိယတ်တွင် မနေ။ ပဋိပတ် ပဋိဝေဓ တရားတော် မြတ်ကို ဆောဆောလျှင်လျှင် ရောက်သင့်ရသင့်လှပေကုန်သတည်း။

(၉) ပိဋကတ်မတတ်သော်လည်း ကမ္မဋ္ဌာန်းအားထုတ်ဖူးက နည်းယူရန်။
ပိဋကတ်တတ်သော်လည်း ကမ္မဋ္ဌာန်းအားမထုတ်ဖူးက
နည်းမယူရန် ပြဆိုခြင်းပြီး၏။

## (၁၀) ဒိဋ္ဌိဘေးကြီးအရေးကြီးပုံနှင့် ကမ္မဋ္ဌာန်းအားထုတ်ပြီးမှ တရားဟောဆရာ ပြုလုပ်ရန် ဘုရားရှင် မိန့်မှာတော်မူပုံကိုပြဆိုခြင်း

ဒိဋ္ဌိဟူသည် တရားကိုယ်အားဖြင့် တစ်ပါးသာတည်း။ ကျမ်းဂန်၌ကား သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟုနှစ်ပါးရှိ၏။ အကျယ်အားဖြင့် ၆၂-ပါးရှိ၏။ အလုံးစုံသော ဒိဋ္ဌိတို့သည် ၆၂-ပါး၌သာ အတွင်းဝင်ကုန်၏။ မိစ္ဆာဒိဋ္ဌိ- ဖောက်ပြန်သောအားဖြင့်ယူခြင်း။ ယူအပ်သောဝတ္ထု၏ထင်ရှားရှိခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော် ကမ္မဗထမြောက်၍အပါယ်သို့ကျ၏။ ထိုကံမြောက်သော ဒိဋ္ဌိတို့ကား။

တတ္ထ နတ္ထိကာ ဟေတုက အကိရိယဒိဋ္ဌိဟိဝေ ကမ္မပထဘေဒေါ
ဟောတိ။ နအညဒိဋ္ဌိဟိ။ ။မဏိသင်္ဂဟအဋ္ဌကထာ။

တတ္ထ၊ ထိုဒိဋ္ဌိအယူ၌။ နတ္ထိကာဟေတုက အကိရိယ ဒိဋ္ဌိဟိဝေ၊နတ္ထိကဒိဋ္ဌိ။ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ တို့ဖြင့်သာလျှင်။ ကမ္မပထဘေဒေါ။ ကမ္မပထ အထူးသည်။ ဟောတိ၊ ဖြစ်၏။ အညဒိဋ္ဌိဟိ၊ တစ်ပါးသော ဒိဋ္ဌိတို့ဖြင့်။ ကမ္မပထ ဘေဒေါ၊ ကမ္မပထအထူးသည်။ နဟောတိ၊ မဖြစ်။

(ထိုသုံးပါးကုန်သော ဒိဋ္ဌိတို့၏အထူးကား)။ ။ဧတေသု ပုရိမဝါဒေါ၊ ဗန္ဓနမောက္ခာနံ ဟေတုံ ပဋိသေဓေတိ၊ ဒုတိယော ကမ္မံ၊ တတိယော ဝိပါကန္တိ၊ အယမေတေသံ ဝိသေသော။ (မူလဋီကာ)

ဧတေသု၊ ထိုသုံးပါးကုန်သော အယူဝါဒတို့တွင်။ ပုရိမဝါဒေါ၊ ရှေး-ဖြစ်သော အဟေတုကဝါဒသည်။ ဗန္ဓနမောက္ခာနံ၊ နှောင်ဖွဲ့ခြင်း လွတ်ခြင်းတို့၏။ ဟေတုံ၊ အကြောင်းကို။ ပဋိသေဓေတိ၊ တားမြစ်၏။ ဒုတိယဝါဒေါ၊

နှစ်ခုမြောက်သော အကိရိယဝါဒသည်။ ကမ္မံ။ကုသိုလ်ကံအကုသိုလ်ကံ၏ ဖြစ်ခြင်းကို။ ပဋိသေဓေတိ၊ တားမြစ်၏။ တတိယော၊ သုံးခုမြောက်သော နတ္ထိကဝါဒသည်။ ဝိပါကံ၊ ကုသိုလ်အကျိုး၊ အကုသိုလ်အကျိုးနှစ်ပါးကို။ ပဋိသေဓေတိ၊ တားမြစ်၏။

ထိုသုံးယောက်သော ဒိဋ္ဌိတို့တွင်။ ပူရဏကဿပဒိဋ္ဌိကား ကံကိုပယ်၏။ အဇိတကေသကမ္ဗလ ဒိဋ္ဌိကား အကျိုးကိုပယ်၏။ မက္ခလိဂေါသာလ ဒိဋ္ဌိကား ကံ-အကျိုးနှစ်ပါးစုံကို ပယ်၏။ ပဌမဒိဋ္ဌိကား အကိရိယဒိဋ္ဌိမည်၏။ ဒုတိယဒိဋ္ဌိကား နတ္ထိကဒိဋ္ဌိမည်၏။ တတိယဒိဋ္ဌိကား အဟေတုက ဒိဋ္ဌိမည်၏။ သက္ကာယဒိဋ္ဌိတို့သည် ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ၌ အတွင်းဝင်၏။ ထိုသို့အတွင်းဝင်သော်လည်း သက္ကာယဒိဋ္ဌိသည် မဂ်တရားကိုသာ တားမြစ်၏။နတ်ပြည်ကို မတားမြစ်နိုင်။ ဝိပဿနာအရာဖြစ်၍ဒိဋ္ဌိကို အကျယ်မလို။

တာဒိဋ္ဌိယောမဂ္ဂဝရဏာ၊ ဝိပရိတဒဿနဘာဝတော၊ နသဂ္ဂါဝရဏာ၊

အကမ္မပထပတ္တတ္တာ။ ။ (အဋ္ဌသာလိနီယောဇနာ)

တာဒိဋ္ဌိယော၊ ထိုသက္ကာယဒိဋ္ဌိတို့သည်။ မဂ္ဂဝရဏာ၊ မဂ်ကိုတားမြစ်တတ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား၊ ဝိပရိတဒဿနဘာဝတော၊ ဖောက်ပြန်သော မြင်ခြင်း ရှုခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ သဂ္ဂဝရဏာ၊ နတ်ပြည်ကို တားမြစ်တတ်ကုန်သည်။ န၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အကမ္မပထပတ္တတ္တာ၊ ကမ္မပထသို့ မရောက်သည်၏ အဖြစ်ကြောင့်တည်း။

သက္ကာယဒိဋ္ဌိနှင့်အတ္တဝါဒုပါဒါန်သည် သဘောအားဖြင့် အတူတူ၊ သဒ္ဒါမျှသာ ကွဲပြားသည်၊ လောက၌ ခေါ်ဝေါ်ပြောဆိုကာမျှနှင့် သက္ကာယဒိဋ္ဌိမဖြစ်နိုင်ပေ၊ အာဂတ္တိုရ်အဋ္ဌကထာ၌ကား သက္ကာယဒိဋ္ဌိသည် နတ်ပြည် မဂ်တရားနှစ်ပါးစုံတားမြစ်၏ဟုဆိုသည်။ ရေ၌ကျသော ကျောက်စရစ်ခဲသည် ပေါ်ရိုးမရှိနစ်စေတတ်သော သဘောမျိုးသာရှိ၏ဟု နှစ်ဝါဒလာ၏။ ပဌမအလိုကား ကမ္မပထမှုကိုမြောက်သောကြောင့် ဇနက အကြောင်း မဟုတ်သည်ကို ရည်၍ပြ၏။ ဒုတိယဝါဒကား ပကတူပနိဿယကြောင့် ဖြစ်သည်ကိုရည်၍ပြ၏။ ဤသို့ယူမှ အဋ္ဌကထာ၌ ရှေ့နောက်ညီညွတ်မည်။ အဋ္ဌသာလိနီနှင့်လည်း မဆန့်ကျင်ပေ။

သက္ကာယ၏ ဖြစ်ခြင်းအကြောင်းကား ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ထိုသုံးပါးတို့၏ ဖြစ်ခြင်းသည် သက္ကာယ၏ အကြောင်းတရား မည်၏ဟု

မြတ်စွာဘုရား ဟောတော်မူသည် သက္ကာယဒိဋ္ဌိဖြစ်သည်အရာကား ခန္ဓာငါးပါး ကို အတ္တဟူ၍ စွဲလမ်းခြင်းတည်း။ စွဲလမ်းပုံကား—

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ။
အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။ ။ဝေဒနံ သညံ-
သင်္ခါရေ ဝိညာဏံ ဝိညာဏသ္မိံ ဝါ အတ္တာနံ ဧဝံ ခေါ
အာဝုသော ဝိသာခ သက္ကာယဒိဋ္ဌိ ဟောတိ။ ။ (စူဠဝေဒလ္လသုတ်)

ရူပံ၊ ရုပ်ကို။ အတ္တတော၊ ကိုယ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ကိုယ်ကို။ ရူပဝန္တံ ဝါ၊ ရုပ်ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ ကိုယ်ကိုလည်း။ ရူပံ၊ ရုပ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ရူပသ္မိံ ဝါ၊ ရုပ်၌လည်း။ အတ္တာနံ၊ ကိုယ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ဝိညာဏ်ကို။ အတ္တတော၊ကိုယ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ အတ္တာနံ၊ ကိုယ်ကို။ ဝိညာဏဝန္တံ ဝါ၊ဝိညာဏ်ရှိ၏ဟူ၍လည်း။ သမနုပဿတိ၊ ရှု၏။ အတ္တနိ ဝါ၊ ကိုယ်၌လည်း။ ဝိညာဏံ၊ ဝိညာဏ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝိညာဏသ္မိံ ဝါ၊ ဝိညာဏ်၌လည်း။ အတ္တာနံ၊ ကိုယ်ကို။ သမနုပဿတိ၊ ရှု၏။ အာဝုသော ဝိသာခ၊ ငါ့ရှင်ဝိသာခ။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အကြောင်းဖြင့်။ ခန္ဓပဥ္စကေ၊ ခန္ဓာငါးပါး အပေါင်းကို။ ပရိဂ္ဂဟိတေ၊ သိမ်းဆည်းသည်ရှိသော်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ ဟောတိ၊ ဖြစ်၏။

သက္ကာယဟူသည် အာရုံ။ သက္ကာယဒိဋ္ဌိကား အာရမ္မဏိက၊ ဤသို့ ပိုင်းခြား၍မှတ်။ သန္တော ကာယော သက္ကာယော။ ။သက္ကာယေ ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ။ ။သန္တော။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ခန္ဓာငါးပါး အပေါင်းတည်း။ သက္ကာယော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောခန္ဓာငါးပါး အပေါင်း။ သက္ကာယေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာပါးပါး အပေါင်း၌။ ဒိဋ္ဌိ၊ ဖေါက်ပြန်သောအားဖြင့် ရှုခြင်းတည်း။ သက္ကာယဒိဋ္ဌိ၊ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ ဖောက်ပြန်သောအားဖြင့် ရှုခြင်း။

ထိုပြဆိုခဲ့သော ဒိဋ္ဌိအပေါင်းတို့တွင် သက္ကာယဒိဋ္ဌိသည် အားနည်း အားသေးသော ဒိဋ္ဌိမျိုးဖြစ်ပေသည်။ ထိုအားနည်းသော သက္ကာယဒိဋ္ဌိပင်

ဖြစ်သော်လည်း အခွင့်ရရှိပါက အပါယ်သို့ချနိုင်သည်။ ၎င်းဒိဋ္ဌိကိုမျှ မဖြစ်ရအောင် သတိရစေခြင်းငှာ၊ အရှင်မဟာဗုဒ္ဓဃောသ စီရင်သော အဂုတ္တိုရ်အဋ္ဌကထာ၌ ပြဆိုခဲ့ပြီ။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနေ၀ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
(သံယုတ်ပါဠိတော်)

သတ္တိယာ၊ မြမြထက်သောလှံသွားနှင့်။ ဩမဋ္ဌောဝိယ။ ရင်ဝ၌စူးသကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်း၌။ ဍယှမာနေ၀၊ ထိန်ထိန်ပြောင်ပြောင် မီးလောင်၍နေသကဲ့သို့ လည်းကောင်း။ သက္ကာယဒိဋ္ဌိ၊ ဖောက်ပြန်စွဲလမ်းခြင်းစသော အတ္တဒိဋ္ဌိသက္ကာယကို။ ပဟာနာယ၊ ပယ်ခွာစွန့်ပစ်ခြင်းငှာ။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်သည်။ သတော၊ သတိပဋ္ဌာန်၌လာသော သွားခြင်း ရပ်ခြင်း စသော အမူအရာ ဟူသမျှ၌ မမေ့မလျော့သည် ဖြစ်၍။ ပရိဗ္ဗဇေ၊ ကျင့်ရာ၏။

**အဓိပ္ပာယ်ကား။** ။မြမြထက်သောလှံသွားဖြင့် ရင်ဝ၌စူးသကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးလောင်၍နေသကဲ့သို့လည်းကောင်း၊ ထိုလှံကိုနုတ်မှု၊ မီးကိုငြိမ်းမှုတို့ကို လွန်စွာ အရေးကြီးလှပေသည်။ ထိုအရေးကြီးမှု ထက်၊ သက္ကာယဒိဋ္ဌိ ငြောင့်စူးဝင်မှုသည်၊ လွန်ကဲပိုမို၍ အရေးကြီးကြောင်းကို မြတ်စွာဘုရားဟောကြားတော်မူသည်။ ။အဘယ့်ကြောင့်ဆိုသော် လှံစူးခြင်း မီးလောင်ခြင်းကြောင့် အပါယ်သို့မလားမရောက်နိုင်ပေ။ သက္ကာယဒိဋ္ဌိလှံစူးမှုသာလျှင်၊ အပါယ်သို့ရောက်တတ်ပေသည်၊ ထိုသံသရာဘေးကို ရှုလေ့ရှိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်သွားခြင်း ရပ်ခြင်းစသော အမူအရာတို့၌ မမေ့မလျော့သော သတိရှိကြသည်ဖြစ်၍၊ သတိပဋ္ဌာန်၌ လာသောအတိုင်း ဆောဆောလျင်လျင် အမြန်အားထုတ်ကြရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ လျင်မြန်ပုံမှာ–

ပဋိကစ္စေဝ ကရေယျ၊ ဇညာယ ဟိတမတ္တနော။
နသာကဋိကစိန္တာယ၊ မန္ဒာ ဓီရော ပရက္ကမေ။
ယထာသာကဋိကောနာမ၊ သမံ ဟိတွာ မဟာပထံ၊
ဝိသမံ မဂ္ဂမာရုယှ၊ အက္ခစ္ဆိန္နောဝ ဈာယတိ။
ဧဝံဓမ္မာ အပက္ကမ၊ အဓမ္မံ အနုဝတ္တိယ။
မန္ဒော မစ္စုမုခံ ပတ္တော၊ အက္ခစ္ဆိန္နောဝ သောစတိ။ (ပါဠိတော်)

အတ္တနော၊ မိမိ၏။ ဟိတံ၊ အကျိုးစီးပွားကို။ ဣစ္ဆန္တော၊ အလိုရှိသော။ ဓီရော၊ ပညာရှိအပေါင်းသူတော်ကောင်းသည်။ ပရက္ကမေ၊ လုံ့လမယုတ်တရားတော်ကို အားထုတ်ရာ၌။ ပဋိကစ္ဆော၊မအိုမိမနာမိမသေမိရှေးဦးစွာ စောစောက ပင်လျှင်။ ဇညာ၊ အသိအလိမ္မာ ဉာဏ်ပညာ ရှိကြသည်ဖြစ်၍။ ကရေယျ၊ ဆောဆောလျှင်လျှင် ပြုလိုက်ကြရာ၏။ သာကဋိကစိန္တာယ၊ လှည်းကုန်သည်၏ ကြံမှိုင်းခြင်းဖြင့်။ မန္ဒာ၊ နှေးနှေး-လေးလေး။ နကရေယျ၊ မပြုရာ။ ။ယထာ နာမ၊ ဥပမာမည်သည်ကား။ ။သာကဋိကော၊ လှည်းကုန်သည်သည်။ သမံ၊ ပြေပြစ်ညီညွတ်သော။မဟာပထံ၊ ခရီးလမ်းမကြီးကို။ ဟိတွာ၊ ပယ်စွန့်၍။ ဝိသမံ၊ မပြေမပြစ်မညီမညွတ်သော။ မဂ္ဂံ၊ ခရီးလမ်းသို့။ အာရုယှ၊ တက်၍။ ဂတတ္တာ၊ သွားသည် မောင်းသည်အဖြစ်ကြောင့်။ အက္ခစ္ဆိန္နောဝ၊ လှည်းဝင်ရိုး ကျိုးလျက် သာလျှင်။ ဈာယတိယထာ၊ ရွာနှင့်မနီး တစ်ယောက်ထည်းတည်း တောကြီးထဲ၌ ကြံမှိုင်၍နေရသကဲ့သို့။ ။ဧဝံတထာ၊ ထို့အတူ။ မေ့ာ၊ သတိပဋ္ဌာန်၌လာသော နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှ။ အပက္ကမ၊ ဖဲ့၍ လွဲ၍ ရှောင်၍။ အဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမဟုတ်မမှန်သည်ကို။ အနုဝတ္တိယ၊ မိရိုးဖလာ အရှင်လိုက်ရှာ၍။ စရိတတ္တာ၊ ကျင့်ကြသည်၏အဖြစ်ကြောင့်။ မစ္စုမုခံ၊ သေမင်း၏ ခံတွင်းသို့။ ပတ္တော၊ ရောက်ကြသည်ရှိသော်။ အက္ခစ္ဆိန္နောဝ၊ လှည်းဝင်ရိုးကျိုးသကဲ့သို့သာလျှင်။ သောမန္ဒော၊ ထိုနှေးနှေး-လေးလေးပြုသော သူမိုက်သည်။ သောစတိ၊ စိုးရိမ်ကြောင့်ကြ ပူပန်ရလေ၏။

တရားတော်ကို အားထုတ်ကြရာ၌ နေ့ညအချိန်မရွေး ဆောဆောလျှင်လျှင် ကမ္မဋ္ဌာန်းခွင်သို့ ဝင်ရောက် အားထုတ်သင့်လှ ပေကုန်သည်။ အဘယ့်ကြောင့်ဆိုသော် သေခြင်းတရား၌ အစိုးမရ အနတ္တဖြစ်သည်ကို အကျဉ်းမျှ ဝတ္ထုထုတ်၍ပြဦးအံ့။

ဗာရာဏသီပြည်က မဟာဓန ကုန်သည်ကြီးသည် ကုန်ပေါင်းများစွာနှင့် သွားလာရာ သာဝတ္ထိပြည်သို့ ရောက်သဖြင့် ငါ၌ပါသော ကုန်တို့သည် မိုးလေးလ ပတ်လုံး ရောင်းချလျှင် ကုန်နိုင်၏။ ထိုမိုးလေးလမှ မကုန်နိုင်သော် ဆောင်းလေးလ-နွေလေးလတို့၌ ကုန်ရာ၏ဟု တွေးတောကြံစည်၍ နေဆဲတွင် ဘုရားရှင် ဆွမ်းခံဝင်ခိုက်၌ ကြံကြိုက်သိမြင်၍ ပြုံးတော်မူလေလျှင် အရှင်အာနန္ဒာက အကြောင်းကို လျှောက်ကြားသဖြင့် ဘုရားရှင်သည် မဟာဓနကုန်သည်ကြီးသည် ရောင်းချရန်၌ တွေးတောကြံစည်၍ နေလေသည်။ ခုနစ်ရက်သို့ ရောက်လျှင် သေရမည် ကောန်အမှန် မသိရှာပေဟု မိန့်တော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် လွန်စွာသနားလှ၍ ကုန်စင်အောင် ပြောကြားလေသော်၊မဟာဓနကုန်သည်ကြီးသည်ယူကျုံးမရဘုရားရှင်ခြေတော်ကို ဖက်၍ အသက်ကို ကယ်တော်မူပါဘုရားဟု လျှောက်ကြားလေလျှင် ကုသိုလ်တရား ပွားများ အားထုတ်လေလော့ဟု မိန့်ကြားတော်မူလေ၏။ ဘုရားရှင်နှင့်တကွ သံဃာတော်များကို၊ လှူဒါန်းကျွေးမွေးပြီးလျှင် တရားတော်ကို ကြားနာရသည် အဆုံး၌ သောတာပန်တည်၍ ခုနစ်ရက်သို့ရောက်လျှင် မဟာဓနကုန်သည်ကြီးသည် ဦးရင်ခေါင်းကိုက်ရောဂါနှင့် သေ၍ တုသိတာနတ်ပြည်သို့ ရောက်ရလေသည်။

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။

ဣတိ ဗာလော ဝိစိန္တေသိ အန္တရာယံ န ဗုဇ္ဈတိ။ ။ (ဓမ္မပဒပါဠိတော်)

ဣဓ၊ ဤသာဝတ္ထိပြည်၌။ ဝဿံ၊ မိုးလေးလပတ်လုံး။ ဝသိဿာမိ၊ ရောင်း၍နေဦးအံ့။ ဣဓ၊ ဤသာဝတ္ထိပြည်၌။ ဟေမန္တဂိမှိသု၊ ဆောင်းလေးလ–နွေလေးလတို့၌။ ဝသိဿာမိ၊ ရောင်း၍နေဦးအံ့။ ဣတိ၊ ဤသို့။ ဗာလော၊ မိုက်သောသူသည်။ ဝိစိန္တေသိ၊ ရောင်းရေးထွေထွေ ကြံစည်၍နေလေ၏။ အန္တရာယံ၊ ခုနစ်ရက်အတွင်း သေရမည့်အန္တရာယ်ကို။ နဗုဇ္ဈတိ၊ မသိမမြင်လေ။

လူတို့သည် ရောင်းရေးဝယ်ရေး စီးပွားရေးတို့ကိုသာ လုပ်ကိုင်ကြံစည်၍ နေကြကုန်၏။ သေမင်းက အရိပ်ကဲ့သို့ နောက်ကအမြဲပါလိုက်၍ နေကြသည်ကို မသိမမြင်ကြကုန်ပေ။ သို့အတွက် တရားတော်ကို အားထုတ်ရန် အရေးကြီးသင့်လှပေကုန်သည်။

ဒိဋ္ဌိဘေးကြီး-အရေးကြီး-ဓောထီးမိန့်ခဲ့ရှာ။ ။ (သံခိပ်)

ယသသူဌေးကြီးသည် လောကီစည်းစိမ်ချမ်းသာအမျိုးမျိုးတို့ကို စုံလင်စွာ ခံစားစံစား၍နေသောအခါ အပါး၌အခစားဟူသမျှတို့သည် မိန်းမများသာ အမြဲခစားရ၏။ ထိုလောကီရသာတို့ကို ခံစားစံစား၍နေဆဲတွင် အကာလ–ညအခါ၌ ခစားသောမိန်းမတို့ အိပ်ပျော်၍ နေသည်ကို မြင်သဖြင့် ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်၍ သတိသံဝေဂများစွာရသည်ဖြစ်သောကြောင့် သားမယားကိုလည်း မညှာတာ။ မိဘကိုလည်း မသနား။ စည်းစိမ်ဆိုသည်မှာ အလကား။ မိမိကိုယ်ကို အသုဘထား၍ အောက်မေ့ဆင်ခြင်သည်မှာ–

ဣဓ ဥပဒ္ဒုတံ ဝတ ဘော, ဣဓ ဥပသဋ္ဌံ ဝတ ဘော။

ဘော၊ အိုအချင်းတို့။ ဣဓ သဗ္ဗကာယဇာတံ၊ ဤအလုံးစုံကိုယ်၌စက်ဆုပ်ရွံ့ရှာဖွယ် ဖြစ်ရခြင်းသည်ကား။ ဥပဒ္ဒုတံဝတ၊ ဧကန်နှိပ်စက်လေစွတကား။ ဘော၊ အိုအချင်းတို့။ ဣဓ သဗ္ဗကာယဇာတံ၊ ဤအလုံးစုံကိုယ်၌ စက်ဆုပ်ရွံ့ရှာဖွယ်ဖြစ်ရခြင်းသည်ကား။ ဥပသဋ္ဌံဝတ၊ ဧကန်ညှဉ်းဆဲလေစွတကား။

ဤဂါထာဖြင့် ရွတ်ဆိုပြီးလျှင် အကာလ-ညအခါ၌ တစ်ကိုယ်ထည်းတည်း ခြေနင်းစကြာဖြင့် စီးနင်း၍ မိဂဒါဝုန်တောသို့ ရောက်လေလျှင်၊ ဘုရားရှင်နှင့် တွေ့ကြုံရာ ယသသူဌေးကြီးက ဖြစ်သမျှ အလုံးစုံ ကုန်စင်အောင် လျှောက်ရာတွင်—

ဣဓံ ခေါ ယသ အနုပဒ္ဒုတံ အနုပသဋ္ဌံ။
ဧဟိ ယသ နိသီဒ ဓမ္မံ ဒေသိဿာမိ။

ယသ၊ယသသူဌေး။ ခေါ၊ စင်စစ်။ ဣဓံ အမတံ၊ ဤအမြိုက်နိဗ္ဗာန်သည်။ အနုပဒ္ဒုတံ၊မနှိပ်စက်အပ်။ ဣဓံ အမတံ၊ ဤအမြိုက်နိဗ္ဗာန်သည်။ အနုပသဋ္ဌံ၊ မညှဉ်းဆဲမရွံ့ရှာအပ်။ ယသ၊ ယသသူဌေး။ ဧဟိ၊ လာခဲ့ဦးလော့။ နိသီဒ၊ထိုင်ဦးလော့။ တေ၊ သင့်အား။ ဓမ္မံ၊ တရားကို။ ဒေသိဿာမိ၊ ပြောဟောပေအံ့။

သေယျထာပိ နာမ သုဒ္ဓံ ဝတ္ထံ အပဂတ ကာဠကံ။
သမာဒေဝ ရဇနံ့ပဋိဂ္ဂဏှေယျ ဧဝမေဝ ယသဿ။
ကုလပုတ္တဿ တသ္မိံယေဝ အာသနေ။
ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ။
ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။ ။(ဝိနည်းမဟာဝါပါဠိတော်)

သုဒ္ဓံ၊ စင်ကြယ်သော။ အပဂတကာဠကံ၊ အညစ်အကြေးမရှိသော။ ဝတ္ထံ၊ အဝတ်ပုဆိုးသည်။ သမာဒေဝ၊ ကောင်းစွာသာလျှင်။ရဇနံ၊ ဆိုးရည်ကို။ ပဋိဂ္ဂဏှေယျ သေယျထာပိ၊ ခံယူသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ယသဿ၊ ယသသူဌေးဟု အမည်ပြုသော။ ကုလပုတ္တဿ၊ အမျိုးကောင်းသားအား။တသ္မိံယေဝ အာသနေ၊ ထိုတရားဟောသော နေရာ၌ပင်လျှင်။ ယံကိဉ္စိ၊ တစ်စုံတစ်ခုသော။သမုဒယဓမ္မံ၊ တဏှာဟူသောအကြောင်းခံတရားသည်။ အတ္ထိ၊

ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော အကြောင်းခံတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ငြိမ်းသော သဘောရှိ၏။ ဣတိ၊ ဤသို့။ ဝိရဇံ၊ ကိလေသာဟူ မြူမရှိထသော။ ဝီတမလံ၊ အညစ်အကြေး ကင်းဝေးထသော။ မမ္မစက္ခုံ၊ တရားဟူသော မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြင်လာ၏။

ထို့နောင်။ ဝိမလသူဌေး၊ သုဗာဟုသူဌေး၊ ပုဏ္ဏဇိသူဌေး၊ ဂဝမ္ပတိသူဌေး၊ ၄-ဦးတို့သည် ယသသူဌေးကို အမှီပြု၍ တရား ရကြပြန်၏။ ပဥ္စဝဂ္ဂီနှင့်ပေါင်းသော် တစ်ကျိပ်ဖြစ်၏။ ထို့နောင် ငါးကျိပ်ကုန်သော မိတ်ဆွေတို့သည် ရောက်ပြန်၏။ ပဌမတစ်ကျိပ်နှင့် နောက်ငါးကျိပ်ကို ပေါင်းသော် ခြောက်ကျိပ်သော ရဟန်းတို့သည်ဖြစ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားက ခြောက်ကျိပ်ကုန်သော ငါ၏ချစ်သား ရဟန်းများတို့ တရားအစုံ ကုံလုံကြွယ်ဝ ရရှိကြလေကုန်ပြီ။ အမြို့မြို့နိုင်ငံ အရပ်ရပ် အရွာရွာတို့၌ တရားဟော ဒေသစာရီ လှည့်လည်ကြကုန်လော့။ တစ်ကြောင်းတည်းသော ခရီးကို တစ်ပါးတည်းသာ သွားကြလေကုန်လော့ဟု စေလွှတ်တော်မူသည်မှာ—

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ၊
လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ၊
ဒေဝမနုဿာနံ မာ ဧကေန ဒွေ အဂမိတ္ထ။

ဘိက္ခဝေ၊ ခြောက်ကျိပ်သော ရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ စာရိကံ၊ တရားဟော ဒေသစာရီ လှည့်လည်ခြင်းကို။ စရထ၊ သွားကြလေကုန်လော။ ဗဟုဇနဟိတာယ၊ များစွာသော လူအပေါင်းတို့၏ အကျိုးငှာ။ ဗဟုဇနသုခါယ၊ များစွာသောလူအပေါင်းတို့၏ ချမ်းသာခြင်းငှာ။ လောကာနုကမ္ပာယ၊ လောကကို သနားခြင်းငှာ။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ၊ စီးပွားအလို့ငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဧကေန မဂ္ဂေန၊ တစ်ကြောင်းတည်းသော ခရီးဖြင့်။ ဒွေဒွေဟုတ္វာ၊ နှစ်ပါးနှစ်ပါးပြု၍။ မာအဂမိတ္ထ၊ မသွားကြလင့်။ ။အဓိပ္ပာယ်ကားလွယ်၏။

ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ။
သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ၊ အဿဝနတာယ ပ ရိဟာယန္တိ။
ဘဝိဿန္တိ ဓမ္မဿ အညာတာရော ဣတိ ဟုတ္វာ ပေမသေတိ။

ဘိက္ခဝေ၊ ခြောက်ကျိပ်သော ရဟန်းတို့။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအမှန်ကို။ ဒေသေထ၊ ဟောကြပါကုန်လော့။ အာဒိကလျာဏံ၊ အစ၏ကောင်းခြင်းဟူသော အဓိသီလသိက္ခာကို။ မဇ္ဈေကလျာဏံ၊ အလယ်၏ ကောင်းခြင်းဟူသော အဓိစိတ္တသိက္ခာကို။ ပရိယောသာနကလျာဏံ၊ အဆုံး၏ ကောင်းခြင်းဟူသော အဓိပညာသိက္ခာကို။ သာတ္ထံ၊ အနက်နှင့်တကွသော။ သဗျဉ္ဇနံ၊ သဒ္ဒါနှင့်တကွသော။ပရိသုဒ္ဓံ၊ကိလေသာမှ စင်ကြယ်သော။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ပကာသေထ၊ ဟောပြောကြကုန်လော့။ ။အပ္ပရဇက္ခဇာတိကာ၊ကိလေသာဟူ မြူနည်းပါးကြကုန်သော။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ဓမ္မံ၊ နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းအမှန်ကို။ အဿဝနတာယ၊ မကြားမနာရလေသောကြောင့်။ ပရိဟာယန္တိ၊ မဂ်ဖိုလ်မှ ဆုတ်ယုတ်ကြလေကုန်၏။ ဓမ္မဿ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအမှန်ကို။ အညာတာရော၊ သိနိုင် ရနိုင် ကြကုန်သော သူတို့သည်။ ဘဝိဿန္တိ၊ ရှိသည် ဖြစ်ကုန်လတ္တံ့။ ဣတိဟုတွာ၊ ဤသို့ဖြစ်၍။ ပေသေသိ၊ တရားဟော လွှတ်တော်မူ၏။ ။ခြောက်ကျိပ်သော ရဟန်းတို့ကို အကြောင်းပြု၍ များစွာအကျွတ်တရားရကြကုန်၏။

တရားဟောလမ်း၊ ကမ္ဘဋ္ဌာန်း၊ ယူမြန်းရှေးဦးစွာ။
ခြောက်ကျိပ်ရဟန်း၊ ကမ္မဋ္ဌာန်း၊ ဆုံးခန်းကျင့်သည်သာ။
ဘုရားဟောမြွက်၊ ဓမ္မစက်၊ ထွက်၍ဟောကြရှာ။
ဤသို့ကြောင်းပြု၊ များဗိုလ်ထု၊ ကျွတ်မှုရကြရှာ။ ။(သံခိပ်)

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ခြောက်ကျိပ်သော ရဟန်းတို့ကို ဘုရားရှင်က တရားဟောလွှတ်သကဲ့သို့ တပည့်များကို စေလွှတ်တော်မူသည်မှာ–

ဂန္တွာ ကသ္မီရဂန္ဓာရံ၊ ဣသိမဇ္ဈန္တိကော တဒါ။
ဒုဋ္ဌံ နာဂံ ပသာဒေတွာ၊ မောစေသိ ဗန္ဓနာ ဗဟူ။
(ပါရာဇိကဏ်အဋ္ဌကထာ)

တဒါ၊ ထိုအခါ၌။ ဣသိမဇ္ဈန္တိကော၊ ဣသိမဇ္ဈန္တိက မထေရ်မြတ်သည်။ ကသ္မီရဂန္ဓာရံ၊ ကသ်ပြည်၊ တရုတ်ပြည်သို့။ ဂန္တွာ၊ ကောင်းကင်က ကြွသွား၍။ ဒုဋ္ဌံ၊ လူအများကိုဖျက်ဆီး၍နေသော။ နာဂံ၊ နဂါးကို။ ပသာဒေတွာ၊ ကြည်ညို

စေ၍။ ဗဟူ၊ လူအများတို့ကို။ ဗန္ဓနာ၊ အဝိဇ္ဇာဟူသော အနှောင်အဖွဲ့မှ။ မောစေ သိ၊ လွတ်စေ၏။ ။လူပေါင်း ရှစ်သောင်းကျွတ်သည်။ တစ်သိန်း ရဟန်း ပြုသည်။ ။ (၁)

ဂန္တွာန မဟိံသ ရဋ္ဌံ၊ မဟာဒေဝေါ မဟိဒ္ဓိကော။

စောဒေတွာ ဒေဝဒူတေဟိ၊ မောစေသိ ဗန္ဓနာ ဗဟူ။

မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ မဟာဒေဝေါ၊ မဟာဒေဝ မထေရ် သည်။ မဟိံသရဋ္ဌံ၊ မဟိံသတိုင်း၊ ဝါ၊ အဿကတိုင်း၊ ဝါ၊ ပေါတန်ပြည်၊ ပထန်ပြည်သို့။ ဂန္တွာန၊ ကြွသွား၍။ ဒေဝဒူတေဟိ၊ ဒေဝဒူတသုတ်တို့ဖြင့်။ စောဒေတွာ၊ တိုက်တွန်းနှိုးဆော်၍။ ဗဟူ၊ လူအများတို့ကို။ ဗန္ဓနာ၊ အဝိဇ္ဇာ ဟူသော အနှောင်အဖွဲ့မှ။ မောစေသိ၊ လွတ်စေ၏။ ။လူပေါင်း လေးသောင်း ကျွတ်သည်။ လေးသောင်း ရဟန်းပြုသည်။ (၂)

ဂန္တွာန ရက္ခိတထေရော၊ ဝနဝါသိံ မဟိဒ္ဓိကော။

အန္တလိက္ခေ ဌိတော တတ္ထ၊ ဒေသေသိ အနမတဂ္ဂိယံ။

မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ ရက္ခိတထေရော၊ ရက္ခိတမထေရ်သည်။ ဝနဝါသိံ၊ ဝနတိုင်း မဂိုပြည်သို့။ ဂန္တွာန၊ ကြွသွား၍။ တတ္ထ၊ ထိုတိုင်း၌။ အန္တ လိက္ခေ၊ ကောင်းကင်ပြင်၌။ ဌိတော၊ ရပ်လျက်။ အနမတဂ္ဂိယံ၊ အနမတဂ္ဂိယ သုတ်ကို။ ဒေသေသိ၊ ဟောတော်မူ၏။ ။လူပေါင်း ခြောက်သောင်း ကျွတ်သည်။ ခုနစ်သောင်းရဟန်းပြုသည်။ (၃)

အပရန္တံ ဝိဂါဟိတွာ၊ ယောနကော ဓမ္မရက္ခိတော။

အဂ္ဂိခန္ဓူပမေနေတ္ထ ပသာဒေသိ ဇနေ ဗဟူ။

ယောနကော၊ ယောနကမည်သော။ ဓမ္မရက္ခိတော၊ ဓမ္မရက္ခိတ မထေရ် သည်။ အပရန္တံ၊ သုနာပရန္တတိုင်း၊ ငါတို့မြန်မာပြည်သို့။ ဝိဂါဟိတွာ၊ သက်ဝင် ကြွလာတော်မူ၍။ ဧတ္ထ၊ ဤငါတို့မြန်မာပြည်၌။ အဂ္ဂိခန္ဓူပမေန၊ အဂ္ဂိခန္ဓူပမ သုတ်ဖြင့်။ ဇနေ၊ လူအများတို့ကို။ ပသာဒေသိ၊ ကြည်ညိုစေ၏။ ။လူပေါင်း ၇ သောင်းကျွတ်သည်။ မင်းမျိုးယောကျ်ား တစ်ထောင်။ မိန်းမခြောက်ထောင် ရဟန်းပြုသည်။ (၄)

မဟာရဋ္ဌံ ဂန္တွာန၊ ဣသိ ဧသော မဟာရက္ခိတော။
ဇာတကံ ကထယိတွာန၊ ပသာဒေသိ မဟာဇနံ။

ဣသိ၊ မြတ်တော်မူသော။ သော မဟာရက္ခိတော၊ ထိုမဟာရက္ခိတမထေရ်သည်။ မဟာရဋ္ဌံ၊ ဝံသတိုင်းကြီးသို့။ ဂန္တွာ၊ ကြွတော်မူ၍။ ဇာတကံ၊ နာရဒဇာတ်တော်ကြီးကို။ ကထယိတွာန၊ ဟောတော်မူ၍။ မဟာဇနံ၊ လူများအပေါင်းကို။ ပသာဒေသိ၊ ကြည်ညိုစေ၏။ ။လူပေါင်း ရှစ်သောင်း လေးထောင် ကျွတ်သည်။ တစ်သောင်းသုံးထောင် ရဟန်းပြုသည်။ (၅)

ယောနကရဋ္ဌံ တဒါ ဂန္တွာ၊ သော မဟာရက္ခိတော ဣသိ။
ကာဠကာရာမသုတ္တေန၊ တေ ပသာဒေသိ ယောနကေ။

တဒါ၊ ထိုအခါ၌။ သော မဟာရက္ခိတော ဣသိ၊ ထိုမဟာရက္ခိတမထေရ်မြတ်သည်။ ယောနကရဋ္ဌံ၊ ယောနကတိုင်း၊ ဂျာမနီပြည်၊ ဣတလီ၊ ပြင်သစ်ပြည်သို့။ ဂန္တွာ၊ ကြွတော်မူ၍။ ကာဠကာရာမသုတ္တေန၊ ကာဠကာရာမ သုတ်ဖြင့်။ တေ ယောနကေ၊ ထိုယောနကတိုင်းသားတို့ကို။ ပသာဒေသိ၊ ကြည်ညိုစေ၏။ လူပေါင်းတစ်သိန်း ခုနစ်သောင်းကျွတ်သည်။ တစ်သောင်းရဟန်းပြုသည်။ (၆)

ဂန္တွာန မဇ္ဈိမထေရော၊ ဟိမဝန္တံ ပသာဒယိ။
ယက္ခသေနံ ပကာသေန္တော၊ ဓမ္မစက္ကပဝတ္တနံ။

မဇ္ဈိမထေရော၊ မဇ္ဈိမ မထေရ်သည်။ ဟိမဝန္တံ၊ ဟိမဝန္တာ ရုယုပြည်သို့။ ဂန္တွာန၊ ကြွတော်မူ၍။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစကြာတရားတော်ကို။ ပကာသေန္တော၊ မြင်အောင်ဟောတော်မူလျက်။ ယက္ခသေနံ၊ လူနှင့်တကွ နတ်ဘီလူးတို့ကို။ ပသာဒယိ၊ ကြည်ညိုစေ၏။ ။လူပေါင်း ရှစ်ကုဋေကျွတ်သည်။ ငါးသိန်း ရဟန်းပြုသည်။ (၇)

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယျုံ။

မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော။ သောဏုတ္တရာ၊ သောဏမထေရ် ဥတ္တရမထေရ်တို့သည်။ သုဝဏ္ဏဘူမိံ၊ ကမ္ဘောဇတိုင်း၊ သထုံပြည်သို့။ ဂန္တွာန၊ ကြွသွားတော်မူ၍။ ပိသာစေ၊ လူကိုဖမ်းစား၍ နေသော ဘီလူးမငါးရာတို့ကို။ နိဒ္ဓမိတွာန၊ နှင်ထုတ်၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်တော်ကို။ အဒေသယျုံ၊ ဟောကုန်၏။ လူပေါင်း ခြောက်သောင်းကျွတ်သည်။ ယောကျ်ားသုံးထောင်ငါးရာ၊ မိန်းမ တစ်ထောင်ငါးရာ ရဟန်းပြုသည်။ (၈)

ဂန္တွာန မဟိန္ဒထေရော၊ လင်္ကာဒီပံ ဒိပုတ္တမံ။
ပေတဝတ္ထုံ ကထယိတွာန၊ ပသာဒေသိ ဇနေ ဗဟူ။
(ပါရာဇိကဏ်အဋ္ဌကထာ)

မဟိန္ဒထေရော၊ မဟိန္ဒမထေရ်သည်။ဒိပုတ္တမံ၊ ကျွန်းငယ်တို့တွင်အမြတ်ဆုံး ဖြစ်သော။ လင်္ကာဒီပံ၊ သီဟိုဠ်ကျွန်းသို့။ဂန္တွာန၊ ကြွသွားတော်မူ၍။ ပေတဝတ္ထုံ၊ ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ သမစိတ္တသုတ်၊ အာသိဝိသောပမသုတ်ကို။ ကထယိတွာန၊ ဟောတော်မူ၍။ ဇနေဗဟူ၊ များစွာသော လူနတ်ဗြဟ္မာတို့ကို။ ပသာဒေသိ၊ ကြည်ညိုစေ၏။ ။နတ်ဗြဟ္မာတို့သည် အသင်္ချေယျ မဂ်ဖိုလ်ကို ရကြသည်။ လူပေါင်းနှစ်ထောင်ငါးရာ မဂ်ဖိုလ်ရကြသည်။ နောက်ကို ရဟန်းပြုကြ၍ မဂ်ဖိုလ်ရသည်မှာ အသင်္ချေယျ မရေတွက်နိုင်ပေ။ (၉)

ဤသို့ ၉-တိုင်း၉-ဌာန၊ သာသနာပြုစေလွှတ်တော်မူသည်ကို ထောက်၍ ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက တပည့်များကို ကမ္မဋ္ဌာန်းယူပြီးမှ တရားဟောကြဟု မိန့်တော်မူပေသတည်း။ ကမ္မဋ္ဌာန်းအား မထုတ်ဖူးဘဲနှင့်တရားဟောပြောကြရာ၊ မသာက လက်ဘက်ကိုယူ၍ လက်ဆောင် ပေးသည်နှင့်တူသည် ဟူ၍ မိန့်တော်မူသတည်း။

ဒိဋ္ဌိဘေးကြီးအရေးကြီးပုံနှင့် ကမ္မဋ္ဌာန်းအားထုတ်ပြီးမှ တရားဟော ဆရာပြုလုပ်ရာ ဘုရားရှင် မိန့်မှာတော်မူပုံကို ပြဆိုခြင်းပြီး၏။ (၁၀)

✿ ✿ ✿

**ပိဋကတ်တတ်သောရဟန်းက ပိဋကတ်မတတ်သောရဟန္တာကို နှိပ်စက်မည်အယူနှင့်ဘုရားရှင်စစ်ကူတော်မူပုံစာနှင့် တရားနှစ်ခုထား၍ ခြားနားသောအစဉ်ကို ရွှေအိုးပမာတင်၍ ပြဆိုခြင်း**

ပိဋကတ်တတ်သောရဟန်းက ပိဋကတ်မတတ်သော ရဟန္တာကို နှိပ်စက်မည်အယူနှင့် ဘုရားရှင်သိတော်မူ၍ စစ်ကူရပုံမှာ ထိုရဟန်းတို့ရှိရာသို့ ကြွတော်မူ၍ ပိဋကတ်တတ်သောရဟန်းကို မေးတော်မူလျှင် မေးတိုင်း မေးတိုင်း ဖြေဆိုလေ၏။ ကောင်းကြီးသာဓုခေါ်တော်မမူပေ၊ ရဟန္တာကို မဂ်ဖိုလ်ကိစ္စနှင့် ယှဉ်သောတရားကို မေးတော်မူလျှင်။ မေးတိုင်း ဖြေဆို၍ ကောင်းကြီးသာဓု ခေါ်တော်မူပြီးလျှင်—

ဗဟုမ္ပိ စေ သံဟိတံ ဘာသမာနော၊ န တက္ကရော ဟောတိ။
နရော ပမတ္တော၊ ဂေါပေါ ဂါဝေါ ဂဏယံ ပရေသံ။
နဘာဂဝါ၊ သာမညဿ ဟောတိ။ ။(ဓမ္မပဒ)

ယော နရော၊ အကြင်သူသည်။ သံဟိတံ၊ လောကီလောကုတ် မယုတ်တိုးပွား အကျိုးများပြားခြင်းကို။ ဗဟုံ၊ များစွာ။ဘာသမာနောပိ၊ ဟောတတ်ပြောတတ် ပါသော်လည်း။ ပမတ္တော၊ သတိပဋ္ဌာန်ကို မေ့မေ့လျော့လျော့တက္ကရော၊ အနိစ္စစသည်ဖြင့် နှလုံးသွင်းခြင်းကိုပြုသည်။ စေနဟောတိ၊ အကယ်၍မဖြစ်ငြားအံ့။ ။သော နရော၊ ထိုသူသည်။ ဂေါပေါ၊ အခစားရသောနွားကျောင်းသားသည်။ ဂါဝေါ၊ နွားအပေါင်းကို။ ဂဏယံ-ဂဏယန္တော၊ ရေတွက်သည်ဖြစ်၍။ ပရေသံ၊ နွားရှင်တို့အား။ နိယျာဒေတိ၊ အပ်နှင်းရ၏။ ။ထည့်သောပါဠိ။ ။သောနရော၊ ထိုသူသည်။ သာမညဿ၊ မဂ်ဖိုလ်၏။ ဘာဂဝါ၊ အဖို့ရှိသည်။ နဟောတိ၊ မဖြစ်။ အဓိပ္ပာယ်ကား လွယ်၏။

အပ္ပံပိ စေ သံဟိတံ၊ ဘာသမာနော ဓမ္မဿ ဟောတိ။
အနုဓမ္မစာရီ ရာဂဉ္စ၊ ဒေါသဉ္စ ပဟာယ မောဟံ။
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော၊ အနုပါဒိယာနော ဣဓဝါ
ဟုရံ ဝါ။ သဘာဂဝါ သာမညဿ ဟောတိ။ ။(ဓမ္မပဒပါဠိတော်)

ယောနရော၊ အကြင်သူသည်။ သံဟိတံ၊ လောကီ လောကုတ် မယုတ်တိုးပွား အကျိုး များပြား ခြင်းကို။ အပ္ပံ၊ အနည်းငယ်မျှ။ ဝါ၊ တစ်ပုဒ်တလေမျှ။ ဘာသမာနောပိ၊ ပြောဟောတတ်ပါသော်လည်း။ ဓမ္မဿ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအား။ အနုဓမ္မစာရီ၊ လျော်စွာကျင့်လေ့ရှိသည်။ စေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သောနရော၊ ထိုသူသည်။ ရာဂဉ္စ၊ ရာဂကိုလည်းကောင်း။ ဒေါသဉ္စ၊ ဒေါသကို လည်းကောင်း။ မောဟဉ္စ၊ မောဟကိုလည်းကောင်း။ ပဟာယ၊ ပယ်ခွာ၍။ သမ္မပ္ပဇာနော၊ ကောင်းစွာဆင်ခြင်သည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊ ကောင်းစွာ ကိလေသာမှ လွတ်သောစိတ်ရှိသည်ဖြစ်၍။ ဣဓဝါ၊ ဤလူ့ပြည်၌လည်းကောင်း။ ဟုရံဝါ၊ နတ်ပြည်၌လည်းကောင်း။ အနုပါဒိယာနော၊ တဏှာ မာန ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ သောနရော၊ ထိုသူသည်။ သာမညဿ၊ မဂ်ဖိုလ်၏။ ဘာဂဝါ၊ အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်အကျဉ်းကား။ ။အကြင်သူသည် လောကီလောကုတ် မယုတ်တိုးပွား အကျိုးများပြားခြင်းကို အနည်းငယ်တစ်လုံး တစ်ဂါထာ-တစ်ပုဒ်ကိုမျှ ဟောပြော နိုင်သော်လည်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအမှန်ကို ကျင့်သည်ဖြစ်ပါအံ့၊ လောဘ,ဒေါသ,မောဟတို့ကို ပယ်ခွါ၍ ဆင်ခြင်သိမြင်သဖြင့် ကောင်းစွာ ကိလေသာမှ လွတ်သောစိတ်ရှိသည်ဖြစ်၍ ခန္ဓာအကြွင်းရှိခဲ့သော် လူ့ပြည်နတ်ပြည်တို့၌ ဖြစ်သောအခါ တဏှာ မာန ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်းမရှိသည်ဖြစ်၍ ထိုသူသည် မဂ်ဖိုလ်၏ အဖို့ရှိသည် ဖြစ်သည်မှတ်လေ။

သာသနာဟူသည်ကား။ ။ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ ခြားနားစွာမှတ်သား၍ တစ်ပါးစီ သိမြင်ကြစေ။ စာနှင့်တရား နှစ်ခုထား၍ ခြားနားပုံမှာ၊ တရားဟူသော ပရမတ်ကို ပိဋကတ်စာဟူသော ပညတ်နှင့် ထင်မြင်အောင် ပြဆိုရပေသည်။ ဆလိန်ကိုရေးချ-ဝစ္စပေါက်လျှင်၊ ဆားဟူ၍ ခေါ်ဝေါ်ရပေသည်။ ၎င်းစာနှင့်ရေး၍ ထားသောဆားကို လျက်၍ ကြည့်ပါလျှင် ငင်စစ်မငန်နိုင်ပေ။ ဆားစစ်ကိုလျက်၍ ကြည့်ပါက လျက်တိုင်း ငန်သောသဘောကို အမှန်တွေ့ရှိနိုင်ပါသည်။ စာနှင့်ရေး၍ထားသောဆားကား ပိဋကတ်စာနှင့်တူသည်၊ငန်သောသဘောအရသာကား ပရမတ်ဆတ်ဆတ် တရားတော်မြတ်နှင့်တူပေသည်။ထိုငန်သောအရသာသဘောသည် စာနှင့်ကင်း၍ မဖြစ်နိုင်ပေ။ တစ်ခုစီ ကတ္တားခြား၍ မှတ်သားလိုက်ကြကုန်။

တရားအရ၊ စာနှင့်ပြ၊ ဗုဒ္ဓဟောသည်သာ။ ။(သံခိပ်)

၎င်းတရားရှုမှတ်ပွားများသောသူကို။ ။ပဋိပတ္တိ ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိသင်္ချံ ဂစ္ဆတိယေဝ။ ။

(သမ္မောအဋ္ဌကထာ)

ဟိသစ္စံ၊ ပြဆိုခဲ့သောစကားသည် မှန်ပါ၏။ ပဋိပတ္တိ၊ ရှုမှတ်ပွားများအပ်သောတရားကို။ ပဋိပန္နကော၊ ရှုမှတ်ပွားများသည်ရှိသော်။ ဒေဝေါ ဝါ၊ နတ်သည်မူလည်း။ ဟောတု၊ ဖြစ်ပါစေ။ မနုဿော ဝါ၊ လူသည်မူလည်း။ ဟောတု၊ ဖြစ်ပါစေ။ ဘိက္ခုတိသင်္ချံ၊ ရဟန်းဟူသော အရေအတွက်သို့။ ဂစ္ဆတိယေဝ၊ ရောက်သည်သာလျှင်တည်း။

ဘိက္ခုတိ မနုဿော ဝါ ဒေဝေါ ဝါ ဓမ္မံ စရန္တော

ဘိက္ခုတိသင်္ချံ ဂစ္ဆတိ။ ။(သုတ်မဟာဝါအဋ္ဌကထာ)

ဘိက္ခုတိ၊ ရဟန်းဟူသည်ကား။ ခမ္ဗိ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ စရန္တော၊ ကျင့်သော။ ဝါ၊ ရှုမှတ်ပွားများသော။ မနုဿောဝါ၊ လူကိုလည်းကောင်း။ ဒေဝေါဝါ၊ နတ်ကိုလည်းကောင်း။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ သင်္ချံ၊ ရဟန်းဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

မှတ်ရမည်ဆိုသောစကားသည် ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာ မဝင်ရအောင် မြင်တိုင်း ကြားတိုင်း မှတ်ရပေမည်။ တစ်ခါမြင်၍ တစ်ခါမှတ်လျှင် တစ်ခါကိလေသာကွာ။ ဆယ်ခါမှတ်လျှင် ဆယ်ခါကိလေသာကွာ။ တစ်ခါကြား၍ တစ်ခါမှတ်လျှင် တစ်ခါကိလေသာကွာ။ ဆယ်ခါကြား၍ ဆယ်ခါမှတ်လျှင် ဆယ်ခါကိလေသာကွာ။ နံမှု စားမှု ထိမှု သိမှုတို့၌လည်း နည်းတူ သိမြင်ကြစေ။ ။ဤသို့ ကိလေသာ ကွာသောအခါ မြင်ဆဲပစ္စုပ္ပန်ခဏ၌ အဆင်းရုပ်တစ်ခုသာ သိမြင်လာသည်။ ကြားဆဲပစ္စုပ္ပန်ခဏ၌ အသံရုပ်တစ်ခုသာ သိမြင်လာသည်။ နံဆဲခဏ၌ အနံ့ရုပ်တစ်ခုသာ သိမြင်လာသည်။ စားဆဲခဏ၌ ရသာရုပ်တစ်ခုသာ သိမြင်လာသည်။ ထိဆဲခဏ၌ ဖေါဋ္ဌဗ္ဗခေါ်သော အထိရုပ်တစ်ခုသာ သိမြင်လာသည်။ သိဆဲခဏ၌ သဘောအသိတစ်ခုသာ သိမြင်လာသည်။

အဆင်းကား-ရုပ်၊ မှတ်တာက-စိတ်၊ စိတ် ရုပ်နှစ်ပါးကို သူ့အလိုလို သိမြင်လာသည်။ သိမြင် လာသောအခါ တစ်ခါမြင်လျှင် တစ်ခါအနိစ္စ၊ ဆယ်ခါမြင်လျှင် ဆယ်ခါအနိစ္စ၊ တစ်ခါကြားလျှင် တစ်ခါအနိစ္စ၊ ဆယ်ခါကြားလျှင် ဆယ်ခါအနိစ္စ။ ဤသို့ ကိလေသာ ကွာသောအခါ ယထာဘူတ ကျနမှန်ကန်စွာ ပရမတ်၏ ဖြစ်ဟန်ကို ကိလေသာကွာသော ဝိဇ္ဇာဉာဏ်က သိမြင်မှသာလျှင် ပရမတ်အစစ်၊ တရားအစစ်ကို အမြစ်အရင်းနှင့်တကွ သိမြင်နိုင်ကြပေမည်။ ထိုဝိဇ္ဇာဉာဏ်မျိုး မရမရှိခဲ့လျှင် ပညတ်သိ၊ သညာသိ၊ စသိ၊ ငါသိဟူ၍ မှတ်ယူကြပါကုန်လော။ အဘယ့်ကြောင့်ဆိုသော် ကိလေသာက ကပ်၊ ပညတ်က ပါ၊ ငါမကွာသောကြောင့်တည်း။ ပစ္စုပ္ပန်ကာလ စိတ္တက္ခဏကို သိမြင်ကြမှ ကိလေသာကွာမည်။

ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန၊ ခဏတ္တယံ ဧကစိတ္တက္ခဏံနာမ။

ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန၊ ဥပါဒ်-ဌီ-ဘင်တို့၏ အစွမ်းအားဖြင့်။ ခဏတ္တယံ၊ ခဏငယ်တို့၏ သုံးခုတို့၏ အပေါင်းသည်။ ဧကစိတ္တက္ခဏံနာမ၊ တစ်ခုသော စိတ္တက္ခဏ မည်၏။ ဝါ၊ တစ်ခုသောစိတ်သက်မည်၏။

ကေစိတ္တက္ခဏံ သတ္တာနံ ဇီဝိတံ တသ္မိံ စိတ္တက္ခဏေ
နိရုဒ္ဓေ သတ္တော နိရုဒ္ဓေါတိဝုစ္စတိ။ (ဝိသုဒ္ဓိမဂ်)

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ ကေစိတ္တက္ခဏံ၊ တစ်ခုသော စိတ္တက္ခဏတည်း။ ဝါ၊ တစ်ခုသောစိတ်သက်တည်း။ တသ္မိံစိတ္တက္ခဏေ၊ ထို စိတ္တက္ခဏသည်။ နိရုဒ္ဓေ၊ ချုပ်သည် ပျောက်သည်ရှိသော်။ သတ္တော၊ သတ္တဝါသည်။ နိရုဒ္ဓေါတိ၊ ချုပ်လေ ပျောက်လေ၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပါဒ်အစကို ဇာတိ ခေါ်သည်၊ ပဋ္ဌိသန္ဓေ ခေါ်သည်၊ ဌီ-ခေါ်သော အလယ်ကို ဇရာ ခေါ်သည် ရင့်သည်၊ အိုသည် ခေါ်သည်။ ဘင်အဆုံးကို မရဏ ခေါ်သည် သေသည်၊ ပျောက်သည်၊ ကုန်သည် စသည်ဖြင့်ခေါ်သည်။ ထိုစိတ္တက္ခဏ တစ်ခါချုပ်လျှင် သတ္တဝါတစ်ယောက် ချုပ်သည်၊ သေသည်ဟု မှတ်ယူရမည်။ ထို ဥပါဒ်၊ ဌီ၊ ဘင်ဟူသော စိတ္တက္ခဏတစ်ချက် ပစ္စုပ္ပန် အတွင်း၌ အဆင်းရုပ်ကို မြင်ဆဲခဏ မြင်သည်ဟု မှတ်သည်ရှိသော် အဆင်းရုပ်သည် ဖြူသည်၊ နီသည်၊ ဝါသည်၊ ကောင်းသည်၊ ဆိုးသည်၊ သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟု စသည်ဖြင့် တစ်စုံတစ်ခု အနုမြူမျှ စွဲလမ်းစရာမရှိ။ အဆင်းရုပ်ဟုခေါ်သော သဘောလုံး ပရမတ်တစ်ခုသာ ရှိသည်။

ထို သဘောလုံး ပရမတ်ကို သိမှတ်သော စိတ်သည်လည်း သူ့စိတ်၊ ငါ့စိတ်၊ ယောကျ်ားစိတ်၊ မိန်းမစိတ် စသည်ဖြင့် တစ်စုံတစ်ခု အနုမြူမျှ စွဲလမ်းစရာမရှိ။ စိတ်ဟုခေါ်သော သဘောလုံး ပရမတ်တစ်ခုသာ ရှိပေသည်။ အထည် ဒြပ်ဝတ္ထုသဏ္ဌာန် မရှိနိုင်ပေ။ ထိုအဆင်းရုပ်၌ မြင်ကာ သိကာမျှသာ တန့်နား ရပ်ဆိုင်း၍ ဟုတ်တိုင်းသဘောသာ ထင်မြင်တော့သည်။ အသံရုပ်၊ အနံ့ရုပ် စသည်တို့၌လည်း အဆင်းရုပ်ကို အစဉ်မှီး၍ ဤနည်းအတိုင်း သိမြင်ကြစေကုန်လော့။

ပြဆိုခဲ့ပြီးသော သဘောလုံး ပရမတ်ကို တပ်အပ်ကျ သိမြင်လိုပါလျှင် ရှင်းနည်းအတိုင်း ကျနမှန်ကန်စွာ အားထုတ်ပါလျှင် ကိလေသာကွာ၊ ဝိဇ္ဇာ ညဏ်ပေါ်လာ ရရှိမှ ယထာဘူတ သဘာဝကို မုချအမှန် အမြင်သန်၍ မဂ် ဉာဏ်သို့ ဆိုက်ကြောင်း ကောင်းကောင်းကြီး ယုံကြည်သင့်လှပေသည်။ ဓမ္မ သဘောကို အတက္ကာဝစရော၊ ကြံစည်စဉ်းစား တွေးတောဆင်ခြင်၍ ရနိုင်

သိနိုင်သောသဘောမျိုး မဟုတ်ပေ။ သတ္တဝါတို့သည် အဝိဇ္ဇာဖုံးအုပ်၍ ထား သောကြောင့် သိမြင်ကြသည်ဆိုရာ၌ ပညတ်သိ၊ သညာသိ၊ စာသိ၊ ငါသိဟူ၍ မှတ်ကြကုန်လော။

ဇဝတျာဝိဇ္ဇာမာနေဝ၊ နာဝိဇ္ဇာ ဝိဇ္ဇမာနကေ။
တသ္မာ တံ နာမကော မောဟော၊ တဏှာပိစ တဒန္ဒိဒါ။

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အဝိဇ္ဇာမာနေဝ၊ ထင်ရှားမရှိသော ယောကျ်ား မိန်းမ ပညတ်အာရုံ၌သာလျှင်။ ဇဝတိ၊ စောကြ၏။ ဝိဇ္ဇမာနကေ၊ ထင်ထင် ရှားရှားရှိသော ရုပ်နာမ် ဓမ္မ-ပရမတ္ထ သဘာဝ၌။ နဇဝတိ၊ မစောနိုင်ကြ။ တသ္မာ၊ ထို့ကြောင့်။ မောဟော၊ မောဟသည်။ တံနာမကော၊ ထို အဝိဇ္ဇာ ဟူသော အမည်ရ၏။ တဏှာပိစ၊ တဏှာလောဘသည်လည်း။ တဒန္ဒိဒါ၊ ထိုမောဟနောက်သို့ အစဉ်တစိုက် လိုက်ရပြန်လေ၏။

**အဓိပ္ပာယ်ကား။** ။ထင်ရှားမရှိသော ယောကျ်ား မိန်းမ စသော ပညတ်အာရုံ၌သာလျှင် အာရုံပြုကြ၊ စောကြလေသည်။ ထင်ထင်ရှားရှားရှိသော ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝ၌ အာရုံမပြု၊ မစောနိုင်ကြပေ။ ထို့ကြောင့် မောဟသည် အဝိဇ္ဇာဟူသော အမည်ရ၏။ တဏှာလောဘသည်လည်း ထို မောဟနောက်သို့ အစဉ်တစိုက် လိုက်ပြန်၏။ ထို့ကြောင့် ကျေးဇူးရှင် ဖြစ် တော်မူသော မင်းကွန်း ဆရာတော်ဘုရားကြီးက လောဘသည်လည်း မေ့တဲ့ သဘော၊ ဒေါသသည်လည်း မေ့တဲ့သဘော၊ မောဟသည်လည်း မေ့တဲ့သဘော၊ မေ့တဲ့သဘောကို မမေ့ကြနှင့်ဟူ၍ ဆုံးမတော်မူပေသည်။

ဘိဇ္ဇမာနေသု ခန္ဓေသု၊ သင်္ဂါရတ္တာ မမာယိတာ။
နာရီ ပုမာဒိ သညာယ၊ ဝိပရိတာအနာဒိကေ။

ဘိဇ္ဇမာနေသု၊ ပျက်ဆဲဖြစ်ကုန်သော။ ခန္ဓေသု၊ ရုပ်နာမ်ဓမ္မ ပရမတ္ထ သဘာဝတို့၌။ နာရီ ပုမာဒိ သညာယ၊ မိန်းမ ယောကျ်ားစသော အမှတ်သညာ ဖြင့်။ မမာယိတာ၊ ငါ့ဟာ-ငါ့ဟာ-ငါ့ဥစ္စာဟု အမှတ်ပြုကြကုန်လျက်။ အနာ ဒိကေ၊ အစမထင်သော ဘုံသုံးခွင်၌။ ဝါ၊ အစမရှိသော ဘုံသုံးခွင်၌။ ဝိပရိတာ၊ ဖောက်ပြန် ချို့ယွင်းခဲ့ကြလေပြီ။

**အဓိပ္ပာယ်ကား။** ။ပျက်ဆဲ ဖြစ်ကုန်သောဟု ဆိုရာ၌ ကွေးဆဲခဏ ပစ္စုပ္ပန်၌ တစ်ခါကွေးလျှင် တစ်ခါပျက်သည်၊ တစ်ခါဆန့်လျှင် တစ်ခါပျက်သည်၊ တစ်ခါမြင်လျှင် တစ်ခါပျက်သည်၊ တစ်ခါကြားလျှင် တစ်ခါပျက်သည်၊ ဤသို့ စသည်ဖြင့် ပျက်ကြောင်းသဘောကို သိမြင်သင့်လှပေသည်။ ။ထိုရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝ၌ ယောကျ်ားမိန်းမစသော အမှတ်သညာဖြင့် ငါ့ဟာ, ငါ့ဟာ-ငါ့ဥစ္စာဟု အမှတ်ပြုကြကုန်လျက်၊ အစမထင်သော၊ အစမရှိသော ဘုံသုံးခွင်၌ ယခုထက်တိုင် ဖောက်ပြန်မှားယွင်းခဲ့ကြလေပြီ။

အသန္တေယေဝ လဂ္ဂန္တာ၊ န မုစ္စန္တိ ဘဝတ္တယာ။
နတ္ထိ သန္တေသု လဂ္ဂန္တာ၊ ရူပက္ခန္ဓာဒိကေသွိဓ။

ဣဓ၊ ဤမြတ်စွာဘုရား သာသနာတော်၌။ အသန္တေယေဝ၊ ထင်ရှားမရှိသော ယောကျ်ား-မိန်းမစသော ပညတ်အာရုံ၌သာလျှင်။ လဂ္ဂန္တာ၊ ကပ်ငြိကြကုန်သည် ဖြစ်၍။ ဘဝတ္တယာ၊ ဘုံသုံးပါးမှ။ န မုစ္စန္တိ၊ မလွတ်နိုင်ကြကုန်။ သန္တေသု၊ ထင်ထင်ရှားရှား ရှိကုန်သော။ ရူပက္ခန္ဓာဒိကေ၊ ရူပက္ခန္ဓာစသော ရုပ်နာမ်ဓမ္မ ပရမတ္ထသဘာဝတို့၌။ လဂ္ဂန္တာ၊ ကပ်ငြိကြကုန်သော သူတို့သည်။ န သန္တိ၊ မရှိကြကုန်။

**အဓိပ္ပာယ်ကား။** ။ဤမြတ်စွာဘုရား သာသနာတော်၌ ထင်ရှားမရှိသော ယောကျ်ားမိန်းမစသောပညတ်အာရုံ၌သာလျှင် ကပ်ငြိနှစ်သက်စုံမက်ကြကုန်သည်ဖြစ်၍ ဘုံသုံးပါးမှ ယခုထက်တိုင် မလွတ်မထွက်နိုင်ကြကုန်။ ထင်ထင်ရှားရှားရှိသော ရုပ်နာမ်ဓမ္မ-ပရမတ္ထသဘာဝ၌ အာရုံပြု၍ ကပ်ငြိနိုင်သော သူတို့သည် မရှိကြကုန်ဟု ဟောတော်မူသည်။

စာနှင့်တရား နှစ်ခုထား၍ ခြားနားသောအစဉ်ကို ရွှေအိုး ပမာတင်ပုံမှာ—

ယထာ နိဓိယာ ဇာနနတ္ထာယ ပါသာဏပိဋ္ဌေ အက္ခရေသု
ဥပနိဗန္ဓေသု ယာဝ အက္ခရာနိ ဓရန္တိ၊ နိဓိကုမ္ဘဋ္ဌာနံ နာမ ဟောတိ။
ဧဝမေဝ ပရိယတ္တိယာ ဓရမာနာယ သာသနံ
အန္တရဟိတံနာမ န ဟောတိ။ (သာရတ္ထဒီပနီ)

နိဓိယာ၊ ရွှေအိုးကို။ ဇာနနတ္ထာယ၊ သိမြင်စေခြင်းငှါ။ ပါသာဏပိဋ္ဌေ၊ ကျောက်ဖျာအပြင်၌။ အက္ခရာနိ၊ ရွှေအိုး ဟူသော အက္ခရာအမည်တို့ကို။ ဥပနိဗန္ဓေသု၊ အနီး၌ ဖွဲ့ထား ရေးထား အပ်ကုန်သည် ရှိသော်။ ယာဝ၊ အကြင်မျှ

လောက်သော ကာလပတ်လုံး။ အက္ခရာနိ၊ ရေး၍ထားသော အက္ခရာတို့သည်။ ဓရန္တိ၊ ထင်ရှားရှိကုန်၏။ တာဝ၊ ထိုထင်ရှားရှိသမျှသော ကာလပတ်လုံး။ နိမိကုမ္ဘဋ္ဌာနံနာမ၊ ရွှေအိုးထားရာ အရပ်မည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဝါ၊ ရှိသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ပရိယတ္တိယာ၊ ပရိယတ္တိသည်။ ဓရမာနာယ၊ ထင်ရှားရှိသည် ရှိသော်။ သာသနံ၊ သာသနာတော်သည်။ အန္တရဟိတံနာမ၊ ကွယ်သည်၊ ပ-သည် မည်သည်။ န ဟောတိ၊ မဖြစ်။

**အဓိပ္ပာယ်ကား။** ။ရွှေအိုးထားရာဌာနကို သိစေခြင်းငှါ ကျောက်ဖျာအပြင်၌ ရွှေအိုးဟူသော အက္ခရာကိုရေး၍ ရွှေအိုးအပေါ်က တင်ထား၏။ အကြင် မျှလောက်သော ကာလပတ်လုံး အက္ခရာတို့သည် ထင်ရှားရှိကုန်၏။ ထိုမျှလောက်သော ကာလပတ်လုံး ရွှေအိုးရှိသကဲ့သို့။ ထို့အတူ ပရိယတ္တိသာသနာ ရှိခဲ့သော်၊ ပဋိပတ္တိ-ပဋိဝေဓသောသာသနာသည် ကွယ်ပသည်မဖြစ်နိုင်ကုန်။ ။ ကျောက်ဖျာအပေါ်၌ ရေး၍ထားသော အက္ခရာသည် ပရိယတ္တိသာသနာတော်နှင့်တူ၏။ ရွှေအိုးသည် ပဋိပတ္တိသာသနာတော်နှင့် တူ၏။ ရွှေသည် ပဋိဝေဓ သာသနာတော်နှင့် တူ၏။ ကျောက်ဖျာအပေါ်က အက္ခရာကို ဖတ်ရွတ်နေသမျှ ကာလပတ်လုံး ရွှေကို မရနိုင်ပေကုန်။ အားထုတ်၍တူးပါမှ ရွှေကိုရသကဲ့သို့၊ ထို့အတူ ပရိယတ်ကို နေ့ညမစဲ အမြဲရွတ်ဖတ်၍ နေသမျှကာလပတ်လုံး ရွှေနှင့်တူသော မဂ်ဖိုလ်ကို မရနိုင်ပေကုန်။ ဝိပဿနာကို အားထုတ်ပါမှ ရွှေနှင့်တူသော မဂ်ဖိုလ်ကို သုံးဆောင်ခံစားကြရပေကုန်မည်။ ။ပညာရှိတို့သည် သတိအထူးရကြပေကုန်လော၊ အချို့သောသူတို့က ဝိပဿနာကို အားထုတ်လျှင် ပရိယတ္တိသာသနာကွယ်တတ်သည်ဟုဆိုရာ၌ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ပေါ်ဒွိလကိုတရားအားမထုတ်၍ ဗုဒ္ဓက-တုစ္ဆဟု မိန့်ဟတော်မူသည်ကို ထောက်၍ ဘုရားဟောတော်မူသော တရားနှင့် ညီညွတ်မှ အပြစ်လွတ်ကြမည်ကို သတိပြုကြကုန်လော။

စာနှင့်တရား၊ နှစ်ခုထား၊ ခြားနားသိကြပါ။
တရားဆတ်ဆတ်၊ ပရမတ်၊ စာကပညတ်ပါ။ (သံ၁၆)

(၁၁) ပိဋကတ်တတ်သော ရဟန်းက ပိဋကတ်မတတ်သော ရဟန္တာကို နှိပ်စက်မည်အယူနှင့် ဘုရားရှင်စစ်ကူတော်မူပုံ စာနှင့်တရား နှစ်ခုထား၍ ခြားနားသောအစဉ်ကို ရွှေအိုးပမာတင်၍ ပြဆိုခြင်းပြီး၏။

❀ ❀ ❀

## (၁၂) မာနထောင်လွှားက ဤတရားနှင့် လားလားမျှမလျော် ဘုရားရှင် ကဲ့ရဲတော်မူပုံကို ပြဆိုခြင်း

မာနတရားကို သတ္တဝါအများတို့သည် အသက်ကဲ့သို့ ငဲ့ကွက်ညှာတာ မစွန့်မခွာနိုင်ဘဲ အမြဲအစွဲ အကျိတ်အခဲ ပြုလုပ်၍ ငါသာတတ်သည်။ ငါသာ မြတ်သည်ဟု စသည်ဖြင့် သိမ်းပိုက်မွေးယူ၍ ထားကြပေသည်။ ထိုမာနသည် သီလရှိသောဂုဏ်၊ သမာဓိရှိသောဂုဏ်၊ စာတတ်သောပညာဂုဏ်၊ ရာဇဂုဏ်၊ မြတ်သောဂုဏ်၊ ထင်ပေါ်ကျော်စောသောဂုဏ် စသည်တို့ဖြင့် ဂုဏ်များသောသူ၊ ဂုဏ်ကြီးကျယ်သောသူတို့၏ အပေါ်၌သာလျှင် များသောအားဖြင့် မာနတရား မွေ့လျော် ပျော်ပါးကျက်စား၍ နေတတ်ပေသည်။ လောကစကားကိုလည်း အနိုင်ယူတတ်သည်။ ဓမ္မတရားကိုလည်း အနိုင်ယူတတ်သည်။ ထိုသူကို သူယုတ် သူမိုက် မဂ်ဖိုလ်နှင့်မထိုက်ဟူ၍ ဟောတော်မူသည်။

ဂုဏံ ပဋိစ္စ ဂုဏီနံ၊ အဟံ မာနော သမုဋ္ဌဟော။ ။ ဂုဏီနံ၊ အတတ်ပညာ ဥစ္စာကြွယ်ဝ ဂုဏ်ကြီးကျယ်လှသောသူတို့အား။ ဂုဏံ၊ မိမိဂုဏ်ကို။ ပဋိစ္စ၊ စွဲ၍။ အဟံမာနော၊ ငါပါတကားဟု ထောင်လွှားပြုသော မာနသည်။ သမုဋ္ဌဟော၊ ဖြစ်ကြလေ၏။

ပဏ္ဍိတာနံ မလံ မာနော၊ သောတ္တုက္ကံသေန ပါကဋော၊
မာ ခေါ အတ္တာနံ မုက္ကံသေ၊ မာဝိဘာဂေ သကံ မလံ။

မာနော၊ မာနသည်။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့၏။ မလံ၊ အညစ်အကြေး အပြစ်တွေပေတည်း။ သော မာနော၊ ထိုမာနသည်။ အတ္တုက္ကံသေန၊ မိမိကိုယ်ကို ချီးမွမ်းပြောပခြင်းကြောင့်။ ပါကဋော၊ ထင်ပေါ်ကျော်စော လေ၏။ အတ္တာနံ၊ မိမိကိုယ်ကို။ မာဥက္ကံသေ၊ မချီးမွမ်း မပြောပြကောင်း။ သကံမလံ၊ မိမိအညစ်အကြေး အပြစ်တွေကို။ မာဝိဘာဂေ၊ ထင်စွာခွဲ၍ မပြော မပြရာ။ အဓိပ္ပါယ်ကားလွယ်၏။

ဝတ္ထုကား ငါတို့ဘုရားရှင် လက်ထက်တော်က၊ ငါးရာသောပုဏ္ဏား တို့သည် ဗေဒင်အရာ၌ ပါရဂူမြောက် ကမ်းတစ်ဘက်ရောက်အောင် တတ်ကြ ကုန်၏။ မြတ်စွာဘုရား တရားတော်ကို ကြားနာကြရ၍ ကာမဂုဏ်၏အပြစ် တွေကို မြင်ကြသဖြင့် ဘုရားရှင်ထံ၌ ရဟန်းပြုကြလေကုန်၏။ ထိုရဟန်းတို့သည် ပိဋကတ်သုံးပုံကို သင်ကြားသဖြင့် မကြာမြင့်မီ ပိဋကတ်သုံးပုံကို တတ်ကြ၍ ထိုပိဋကတ်တော်ကို အမှီပြု၍ မာနတရား ထောင်လွှားကြသဖြင့် ဘုရားရှင်

ဟောတော်မူသောအတိုင်း သိမြင်၍တတ်ကြကုန်၏။ ဘုရားရှင် တရားစကား တော်သည် လိင်သုံးပါး၊ ပုဒ်လေးပါး၊ ဝိဘတ်ခုနစ်သွယ်တို့မှ ကင်းလွတ်၍ ဟောတော်မမူ၊ ဘုရားရှင် ဟောတော်မူတိုင်း ငါတို့သည် ခက်ရာခက်ဆစ်မရှိ တတ်သိကြကုန်၏။ ထိုအခါ မြတ်စွာဘုရား၌၊ ရိုသေကိုင်းရှိုင်းခြင်း၊ ဆည်းကပ် ခြင်း၊ တရားနာခြင်းမရှိကြကုန်ပြီ။ ထိုငါးရာသော ရဟန်းတို့၏ ယုတ်မာသော အကျင့်စိတ်ကို သိမြင်တော်မူ၍—

ဘဂဝါ တေသံ-တံစိတ္တစာရံ ဉတွာ၊ အဘဗ္ဗော ဣမေ။
ဣမံ မာနခိလံ အနုပဟစ္စ မဂ္ဂံဝါ ဖလံဝါ သစ္ဆိကာတုန္တိ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုငါးရာသော ရဟန်းတို့၏။ တံစိတ္တစာရံ၊ ထိုစိတ်အကျင့်ယုတ်ကို။ ဉတွာ၊ သိမြင်တော်မူ၍။ ဣမေဘိက္ခူ၊ ဤငါးရာသောရဟန်းတို့သည်။ ဣမံမာနခိလံ၊ ဤမာနတန်သင်းကို။ ဝါ၊ မာန တည်းဟူသော ငြောင့်ကို။ အနုပဟစ္စ၊ မနှုတ်မပယ်မူ၍။ မဂ္ဂံဝါ၊ မဂ်ကို လည်းကောင်း။ ဖလံဝါ၊ ဖိုလ်ကိုလည်းကောင်း။ သစ္ဆိကာတုံ၊ မျက်မှောက် ပြုခြင်းငှာ။ အဘဗ္ဗော၊ မထိုက်ပေ။

မာနသည် တဏှာဒိဋ္ဌိနှင့် ပေါင်းစပ်သော် သံသရာကို ချဲ့ထွင်တတ်သော ကြောင့် ပပဉ္စတရားသုံးပါးဟု ဆိုရသည်။ ၎င်းသုံးပါးတို့သည် သတ္တဝါတိုကို၊ စုန်း-နတ်တို့ကဲ့သို့ ဖမ်းစားတတ် ပေသည်ဖြစ်၍ ဝေးစွာ ရှောင်ကွင်းကြလေ ကုန်လော့။

ပြည်မြို့က သက်တော် (၆၀) ဝါတော် (၄၀) ခန့်ရှိသော ဆရာတော် ဘုရားကြီးသည် တောင်ငူမြို့နယ်တွင် သံဃာအစည်းအဝေး၌ တွေ့ဆုံကြရာ၊ ဆရာတော်ဘုရားကြီးက ဒကာ-ဘယ်တရားကို နှလုံးသွင်းပါသနည်းဟု မေး၏။ သတိပဋ္ဌာန်ပါဠိတော်အတိုင်း နှလုံးသွင်းရပါသည်ဘုရားဟုလျှောက်၏။ ဆရာ တော်ဘုရားကြီးနှလုံးသွင်းသော တရားကိုမိန့်တော်မူပါလောဟု လျှောက်ထား လေသော် ငါတို့မှာ ဓာတ်ကြီးလေးပါးကို အားထားသည်ဟု မိန့်တော်မူ၏။ အားထုတ်နည်းကို မိန့်တော်မူပါလော့ဟု လျှောက်လေသော်။ ဆရာတော် ဘုရားကြီးက ပထဝီဆိုတာ ကြမ်းတမ်းမှု၊ အာပေါဆိုတာ ဖွဲ့စည်းမှု စသည်ဖြင့် နှလုံးသွင်းသည်ဟု မိန့်တော်မူလျှင်၊ အရှင်ဘုရားမိန့်တော်မူရာ၊ တရားမဟုတ်ပါ တကားဟု လျှောက်ထားရာ၊ ဆရာတော်ဘုရားကြီးနှင့်တကွ သံဃာပရိသတ်

တို့သည် အတန်ငယ်ဆိတ်ဆိတ်နေပြီးမှ ဆရာတော်ဘုရားကြီးက လယ်တီဆရာတော်ဘုရားကြီး ရေးသားသော ဘာဝနာဒီပနီဟာ မှားတာပေါ့ ဆရာရယ်ဟု မိန့်တော်မူ၏။

အရှင်ဘုရား မှားသည်မဟုတ်ပါ၊ လယ်တီဆရာတော်ဘုရားကြီးက ပထဝီသည်ကြမ်းတမ်းခြင်း၊အာပေါသည်ဖွဲ့စည်းခြင်းစသော ဓာတ်ကြီးလေးပါးတို့၏ သဘောကို သိစေခြင်းငှာ ဖော်ပြရေးသားတော်မူပါသည်။ တရားအားထုတ်စေရန် ရေးသည်မဟုတ်ပါဟု လျှောက်ထားလေလျှင်–ဆရာတို့နှလုံးသွင်းသော တရားကို ပြောကြားပါလောဟု မိန့်တော်မူလျှင် အရှင်ဘုရား ယထာဘူတ သဘာဝဓမ္မကို အလိုရှိပါက၊ ၄-ရက်၊ ၅-ရက်စသောအားဖြင့် အရှင်ဘုရားထံကို ခေါ်၍ နှလုံးသွင်းတော်မူပါဟု မေတ္တာ ရှေ့ထား၍ လျှောက်ကြားလေ၏။

ထိုအခါ သဘောတော်မရ လယ်တီဆရာတော်ဘုရားကြီးထံကြွ၍ အရှင်ဘုရားမြို့လှဆရာကြီးက-အရှင်ဘုရားရေးသားသော ဘာဝနာဒီပနီသည်မှားသည်ဟုဆိုပါသည်။ လယ်တီဆရာတော် ဘုရားကြီးက ဘုန်းကြီး လူဆိုတာ အမျိုးမျိုးရှိသည်ဟု မိန့်တော်မူလိုက်၏။ ဆရာကို လယ်တီဆရာတော်ဘုရားကြီးကခေါ်၍ မေးလျှင် ဖြေရှင်းမည်ဟုအားထား၍နေရာ မဖြေရှင်းရပါကြောင်း၊ ဤသို့လျှင် ပြည်မြို့က ဆရာတော်ဘုရားကြီး၏သဘောကို၊ တွေးတောရန်ရှိပါကြောင်း။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက သဒ္ဓါတရားနည်းသောသူတို့အား သဒ္ဓါတရားများလေအောင်၊ သဒ္ဓါတရားများသောသူတို့အား များသည်ထက်များလေအောင် ဟောပြောကြကုန်လော၊ ရှင်သာရိပုတ္တရာစသော အရှင်တို့ကဲ့သို့ ကြည်ညိုဖွယ်ကိုဆောင်၍ ဟောပြောကြကုန်။ တစ်ပါးသူတို့က ငြင်းဆံခုခံခဲ့သော် မာနကိုဝေးဝေး ဂါရဝ နိဝါတဟူသော မဂ်လာတရားရှေ့ပြေး၍ မိမိက အရှုံးပေးနိုင်မှ ဘုရားရှင်သားတော်–ဖြစ်ကြီးဖြစ်ကြမည်ဟု ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသတည်း။ ။

မာနထောင်လွှား၊ ဤတရား၊ လားလားမဖြစ်ပါ။ (သံခိပ်)

(၁၂) မာနထောင်လွှား၊ ဤတရားနှင့်၊ လားလားမျှမလျော်။

ဘုရားရှင်ကဲ့ရဲ့တော်မူသည်ကို ပြဆိုခြင်းပြီး၏။

## (၁၃) ငါးပါးသီလ နှင့် နှစ်ရာ့နှစ်ဆယ်-ခုနစ်သွယ်ကို သိလွယ်ရန်ပြဆိုခြင်း

ငါးပါးသီလမြဲပါမှ-ဟုဆိုရာ၌ လူတို့၏ ဝိနည်းတရားဖြစ်၍ ဝိပဿနာ၏ အခြေ၊ ပုဗ္ဗဘာဂ ြစ်သောပရိကံအရာ၌ အမြဲမပြတ်လုံခြုံအောင် စောင့်ရှောက်အပ်သော ဂရုဓမ္မသီလမျိုးဖြစ်၏။ အရိယာတို့၏ နှစ်သက်မြတ်နိုးအပ်သော သီလမျိုးဖြစ်၏။ ထိုသီလသည် အရိယာတို့၌ ဖြစ်လေရာရာ ဘဝအဆက်ဆက်တို့၌လည်း အမြဲရရှိကြ၍ မြတ်စွာဘုရားက စတူဟိ အင်္ဂေဟိ သမ္မန္နာဂတော ဟု ဟောတော်မူရာ၌ ငါးပါးသီလဟူသော ဂရုဓမ္မတရားမြဲခြင်း၊ ဘုရား၌ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သံဃာ၌ယုံကြည်ခြင်း၊ ဤလေးပါးကို ဟောတော်မူသတည်း။

အလှူပေးရာ၌လည်း ပုထုဇဉ် လှူရသောသူထက် သောတာပန် လှူရခြင်းသည် မြတ်၏။ သောတာပန်ထက် သကဒါဂါမ် အနာဂါမ် ရဟန္တာ သာ၍မြတ်၏။ ရဟန္တာထက် ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါထက် မြတ်စွာဘုရား လှူရခြင်းသည် မြတ်၏။ မြတ်စွာဘုရားထက် ဘုရားနှင့်တကွ ဗုဒ္ဓပမုခသံဃိကကို လှူရခြင်းသည် မြတ်၏။ ဗုဒ္ဓပမုခသံဃိကထက် သရဏဂုံ၊ သရဏဂုံထက် ငါးပါးသီလ၊ ငါးပါး သီလထက် ရှစ်ပါးသီလ ဤသို့ ဆင့်ကဲဆင့်ကဲ မြတ်ကြကုန်၏။

ာဒ္ဓေါ ဟောတိ-အပ္ပါဗာဓော အမာယာဝီ ဝီရိယော ပညဝါဟောတိ၊
ဣမေ ပဉ္စ ပဓာနိယင်္ဂါနမကာ ယေဟိ ဓမ္မေဟိ သမ္မန္နာဂတာနံ၊
ပဓာနံ ပဋိပဇ္ဇတိ။ (မဇ္ဈိမပဏ္ဏာသပါဠိတော်)

သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ အနာရောဂါကင်းကွာသည်။ ဟောတိ၊ ဖြစ်၏။ အမာယာဝီ၊ ဖြူဖြောင့်ရိုးစင်း လှည့်ပတ်သွယ်ဝိုက်ခြင်းမှ အလျှင်းကင်းရှင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝီရိယော၊ ‌ကြွလုံ့လဝီရိယရှိသည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ သိမြင်သော ဉာဏ်ပညာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂါနမကာ၊ ပဓာနိယအင်္ဂါမည်ကုန်၏။ ယေဟိဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမ္မန္နာဂတာနံ၊ ပြည့်စုံကုန်ေ သူတို့အား။ ပဓာနံ၊ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်စီးဖြန်းခြင်းသည်။ ပဋိပဇ္ဇတိ၊ ပြီးစီးပြည့်စုံ၏။ ။ဎင်းပါဠိ၌ အမာယာဝီအရ ယောဂီပုဂ္ဂိုလ်တို့မှာ ဖြူဖြောင့်ရိုးစင်းလှည့်ပတ်သွယ်ဝိုက်ခြင်း အလျှင်းကင်းမှ မဂ်ဖိုလ်ကို ရနိုင်ကြပေမည်။ ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက ဖြူဖြောင့် ရိုးစင်း လှည့်ပ ခြင်း အလျှင်းကင်းကြစေဟု မိန့်တော်မူသတည်း။

ဣဓ ဘိက္ခဝေ အရိယသာဝကော ဗုဒ္ဓေ အဝေစ္စ ပသာဒေန
သမန္နာဂတော ဟောတိ၊ ဓမ္မေ အဝေစ္စ ပသာဒေန
သမန္နာဂတော ဟောတိ၊ သံဃေ အဝေစ္စ ပသာဒေန
သမန္နာဂတော ဟောတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤငါဘုရား၏သာသနာတော်၌။ အရိယသာဝကော၊ ငါ၏တပည့်သားသည်။ ဗုဒ္ဓေ၊ ငါဘုရား၌။ အဝေစ္စပသာဒေန၊ မဂ်နှင့်ယှဉ်ကာ မတုန်မလှုပ်အမြဲပါသော သဒ္ဓါတရားနှင့်။သမန္နာဂတော။ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မေ၊ တရားတော်၌။ အဝေစ္စပသာဒေန၊ မဂ်နှင့်ယှဉ်ကာ မတုန်မလှုပ် အမြဲပါသောသဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ သံဃာတော်၌။ အဝေပစ္စပသာဒေန၊ မဂ်နှင့်ယှဉ်ကာ မတုန်မလှုပ်၊ အမြဲပါသော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

အရိယကန္တေဟိ သီလေဟိ သမန္နာဂတော ဟောတိ
အခဏ္ဍေဟိ အဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ
ဘုဇိဿေဟိ ဝိညူပသတ္ထေဟိ အပရာမဋ္ဌေဟိ
သမာဓိ သံဝတ္တနိကေဟိ ဣမေဟိစတူဟိ
အင်္ဂေဟိ သမန္နာဂတော ဟောတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

အရိယကန္တေဟိ၊ အရိယာတို့သည် နှစ်သက် မြတ်နိုး အပ်ကုန်သော။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ အဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အသဗလေဟိ၊ မပြောက်ကုန်သော။ အကမ္မာသေဟိ၊ မကြားကုန်သော။ ဘုဇိဿေဟိ၊ တဏှာ၏ ကျွန်မဖြစ် တော်လှန်ကုန်သော။ဝိညူပသတ္ထေဟိ၊ အရိယာပညာရှိတို့သည် ချီးမွမ်း အပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ စိတ်ငြစ်မကပ် မသုံးသပ်အပ်ကုန်သော။ သမာဓိ သံဝတ္တနိကေဟိ၊ သမာဓိကို ဖြစ်စေတတ်ကုန်သော။ သီလေဟိ၊ ဂရုဓမ္မတရား ငါးပါးသီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ စတူဟိ၊ ဘုရား၌ ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သံဃာ၌ ယုံကြည်ခြင်း၊ ဂရုဓမ္မတရားငါးပါးသီလ ဘဝတိုင်းမြဲခြင်းဟူသော ၄-ပါးကုန်သော။ အင်္ဂေဟိ၊ ပြဆိုခဲ့သော ၄-ပါးသောအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ဘဝတိုင်း ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

သီလမကျိုးမပေါက် မပြောက် မကြားကုန်။

အရိယကန္တေဟိတိ ပဉ္စဟိ သီလေဟိ၊ တာနိ ဟိ အရိယာနံ ကန္တာနိ၊ ယာနိ၊ ဘဝန္တရဂတာပိ အရိယာ၊ တာနိ န ဝိဇဟန္တိ တသ္မာ အရိယကန္တာနီတိ ဝုစ္စန္တိ၊ (နိဒါနဝဂ္ဂသံယုတ် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာတို့၌လာသည်။)

အရိယကန္တေဟိတိ၊ အရိယာတို့ နှစ်သက်အပ် မြတ်နိုးအပ် ဟူသည့်ကား။ ပဉ္စဟိ၊ ၅-ပါးကုန်သော။ သီလေဟိ၊ ဂရုဓမ္မသီလတို့နှင့်။ ဟိသစ္စံ၊ မှန်ပါ၏။ တာနိ၊ ထိုဂရုဓမ္မတရား ၅-ပါးသီလတို့ကို။ အရိယာနံ၊ အရိယာတို့သည်။ ကန္တာနိ၊ နှစ်သက်မြတ်နိုးကြပေကုန်၏။ ပိယာနိ၊ ချစ်ခင်စုံမက်ကြပေကုန်၏။ အရိယာ၊တို့သည်။ဘဝန္တရဂတာပိ၊ဘဝတစ်ပါးသို့ ကူးသွားကြကုန်သော်လည်း။ တာနိ၊ ထိုဂရုဓမ္မတရား ၅-ပါး သီလတို့ကို။ နဝိဇဟန္တိ၊ မပစ်မခွာ မစွန့်ကြပေကုန်။ တသ္မာ၊ ထို့ကြောင့်။ အရိယကန္တာနီတိ၊ အရိယာတို့သည် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သည်ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ပေကုန်၏။

အရိယာတို့ နှစ်သက်မြတ်နိုးကြပေကုန်၏။ ပုထုဇဉ်တို့မှာ သာလွန်၍ မြတ်နိုးထိုက်ကြောင်း ကောင်းကောင်းသိမြင်ကြစေကုန်လော။

အချို့သောသူတို့က သိရမည်ဆိုလျှင်၊ သူ့အသက်ကို အသိအမှတ်နှင့် သတ်မည်၊ အသိအမှတ်နှင့်ခိုးမည် စသည်အားဖြင့် ဒိဋ္ဌိတို့၏ ကြံဆခြင်းစကားကို ပယ်ပျောက်လွတ်ငြိမ်းစေခြင်းငှါ ဝိပဿနာ သံခိပ်ရှုဖွယ်၌ သိသာထင်ရှားအောင် ရေးသားလိုက်ပေသည်။

ငါးပါးသီလ၊ မြဲပါမှ၊ မင်္ဂဖိုလ်ရမည်သာ။ (သံခိပ်)

သီလတော သုခိတာဟု ဟောတော်မူခြင်းကြောင့် သီလရှိသောသူသည် ကိုယ်စိတ်နှစ်ပါးချမ်းသာမှ ဝိပဿနာကို အားထားနိုင်သည်။ သီလရက္ခိတတို့ ဆောက်တည်သောသီလမျိုး၊ အသက်အသေခံ၍ အနိဝတ္တန၊ နောက်သို့ မဆုတ်မနစ်သော သီလမျိုး ဖြစ်မေသည်။ ယခုအခါ ဤသီလမျိုးနှင့်ပြည့်စုံသောသူတို့သည် လွန်စွာ ရှားလှကုန်သတည်း။ ဖြူဖြောင့်ရိုးစင်းလှည့်ပတ်ခြင်း မကင်းရှင်းသောသူ၊ သိယောင် တတ်ယောင် ဆောင်ခြင်းစသော သူတော်မဟုတ်သူယုတ်တို့၏ အသုံးအနှုန်းကို လုံးလုံးကြီး မပျောက်မစွန့်ပါက မာနတရားရှိခြင်းကြောင့် မင်္ဂဖိုလ်နှင့် ဝေးကွာ၍ မဟာသိဝ မထေရ်ကြီးကဲ့သို့ နှစ်ပေါင်း ၂၅-နှစ် ကြန့်ကြာခဲ့ယင်း ဆင်းရဲခြင်းအမျိုးမျိုးတို့ တွေ့ရတတ်ပေသတည်း။

စျာန်မဂ်ဖိုလ်နတ်ရွာတို့၏ အန္တရာယ်ကား-ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ ဥပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်ဟူ၍ ငါးပါးရှိ၏။ ထိုငါးပါးတို့တွင် အမိကိုသတ်ခြင်း၊ အဘကိုသတ်ခြင်း၊ ရဟန္တာကိုသတ်ခြင်း၊ ဘုရားကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာအချင်းချင်း ကွဲပြားအောင် သင်းခွဲခြင်း၊ သံဃာကွဲပြားခြင်းကံမှာ လူတို့၌မထိုက်၊ ၎င်းကံငါးပါးသည် ကမ္မန္တရာယ်မည်၏ ပဋ္ဌာနန္တရိယကံလည်း မည်၏။ ။ထိုကံလွန်ကျူးလျှင်၊ စျာန်မဂ်ဖိုလ် နတ်ရွာသို့ မရောက်မရသဖြင့် သေလျှင် အဝီစိငရဲသို့ ရောက်ရလေ၏။ ထိုငါးပါးတို့တွင် မိဘနှစ်ပါးတို့ကို လွန်ကျူးရာ၌ အဇာတသတ်ကဲ့သို့ သတိသံဝေဂရသဖြင့် ဒါနသီလစသောကုသိုလ်တရားကို အားထုတ်ပါက အဝီစိငရဲက လွတ်၍ လောဟကုမ္ဘီငရဲသို့ ကျရောက်ရပေ၏၊ ဘိက္ခုနီမကို ဖျက်ဆီးရာ၌လည်း မဋ္ဌာနန္တရိယကံနှင့် အလားတူကျမ်းဂန်၌ မိန့်ဆိုတော်မူသတည်း။ (၁)

ကိလေသန္တရာယ်ကား၊ နောက်၌ပြဆိုခဲ့သော အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ ဤဒိဋ္ဌိသုံးမျိုးတို့သည် ငရဲ၌မြေကြီးသဖွယ်၊ သစ်ငုတ်သဖွယ် အမြဲခံရလေ၏၊ ဤစကြာဝဠာမှ ကမ္ဘာမီးလောင်သော် အခြားသောစကြာဝဠာ၌ ရွှေ့ပြောင်း၍ ခံရပြန်၏။ ထိုနိယတ မိစ္ဆာဒိဋ္ဌိမျိုးသည် ပဋ္ဌာနန္တရိယကံထက် အားကြီးလေ၏။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိစသော ဒိဋ္ဌိအမျိုးမျိုး တို့သည် ဤဒိဋ္ဌိကြီးသုံးပါးက ပေါက်ဖွားသော သားသမီးတို့ဟူ၍ မှတ်ယူသင့် ပေသည်။ (၂)

ဝိပါကန္တရာယ်ကား- ဒုဂ္ဂတိ၊ တိရစ္ဆာန်၊ ပဋိသန္ဓေအခါက အင်္ဂါ မစုံ၍ မျက်စိကန်း၊ နားပင်း၊ ဆွံ့ အသောသူ၊ ပဏ္ဍုက် ဥဘတောဗျည်း စသော သုဂတိပုဂ္ဂိုလ်၊ အင်္ဂါကြီးငယ် စုံလင်သော ဒွိဟိတ်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေစိတ်ကပင် တားဆီးပိတ်ပင်ခြင်းကြောင့် ဝိပါကန္တရာယ်ဖြစ်၍ စျာန်မဂ် ဖိုလ်ကိုမရနိုင်ပေ။ ကုသိုလ်တရားတို့ကို အားထုတ်ပါက လူကောင်း,နတ်ကောင်း ဖြစ်၍ ဒုတိယဘဝ၌ မဂ်ဖိုလ်ကို ရနိုင်ပေသည်။ (၃)

ဥပဝါဒန္တရာယ်ကား- အရိယာဖြစ်သော ရဟန်းရှင်လူတို့ကို စွပ်စွဲဆဲရေး ပုတ်ခပ်ရှုတ်ချခြင်းတို့သည် စျာန်မဂ်ဖိုလ် နတ်ရွာတို့ကိုမရ။ တားမြစ်တတ်၏။ သေလျှင်ငရဲသို့ ကျရောက်မြဲပေတည်း။ သတိရ၍၊ ဂါရဝ၊ နိဝါတတရားနှင့် ကောင်းမွန်စွာ ရှိခိုးဝပ်တွား အသနားခံ၍ ကန်တော့ခဲ့ပါလျှင် စျာန်မဂ်ဖိုလ် တရားကို ရနိုင်ပေ၏။ (၄)

အာဏာ ဝီတိက္ကမန္တရာယ်ကား- မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို စေတနာနှင့်တကွ ကျူးလွန်ခဲ့သော် ဈာန်မဂ်ဖိုလ်တရားကို မရနိုင်ပေ။

ပြဆိုခဲ့သော ငါးပါးသောအန္တရာယ်တို့တွင် ပဋ္ဌာနန္တရိယ ကံလွတ်ကင်းပါလျှင် ဗုဒ္ဓဘာသာအမျိုးသားများမှာ ကိလေသန္တရာယ် ငြိတွယ်ရန် မရှိသင့်ပေ။ အင်္ဂါစုံသော ဒွိဟိတ်ပုဂ္ဂိုလ်ဆိုရာ၌ ဝိပါကန္တရာယ် အတွက်နှင့် စိုးရိမ်ဖွယ်မရှိသင့်ပေ။ ဒွိဟိတ်လော တိဟိတ်လော၊ ယုံမှားဖွယ် မရှိသင့်ပေ။ ဒွိဟိတ်ဖြစ်ခဲ့ပါလျှင်။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ် တို့ကိုရသဖြင့် စူဠသောတာပန်ဖြစ်၍ ဒုတိယဘဝ၌နိဗ္ဗာန်ကို ရမြဲမလွဲမှန်တော့ပေသတည်း။

အထက်၌ ပုဂ္ဂိုလ်လေးမျိုးပြဆိုရာ ဒွိဟိတ်အခန်းမှာ ကြည့်ပါလေကုန်လော။

ယခုအခါ သာသနာတော်ကြီး ထင်ရှားရှိသောကြောင့် တိဟိတ်ပုဂ္ဂိုလ်များကြောင်းကို အောက်၌ပြဆိုခဲ့လေပြီ။ တိဟိတ်ပင် ဖြစ်သော်လည်း ဒိဋ္ဌိအမျိုး၌ဖြစ်သေး၏။ အထူး သတိပြုရန်မှာ။ ငါးပါးသီလကို ကတ္တားခြား၍ ပြဆိုရာ၌ ဒေသနာက္ကမ အစဉ်ကို သိမြင်စေခြင်းငှါ ပြဆိုသောအရာ ဖြစ်ပေသည်။

> ပဉ္စသီလာနိ ဟိ အရိယသာဝကာနံ ကန္တာနိ ဟောန္တိ။
> ဘဝန္တရေပိ အဝိဇဟနတော တာနိ သန္ဓာယေတံ ဝုတ္တံ
> သဗ္ဗောပိ ပနေတ္ထ သံဝရော လဗ္ဘတိယေဝ။ (နေတ္တိပါဠိတော်)

ပဉ္စသီလာနိ၊ ငါးပါးသီလ တို့ကို။ အရိယသာဝကာနံ၊ ဘုရားရှင်သားတော် အရိယာတို့အား။ ကန္တာနိ၊ နှစ်သက်မြတ်နိုးကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘဝန္တရေပိ၊ ဘဝတစ်ပါးပြောင်းသွားရာ၌လည်း။ အဝိဇဟနတော၊ မပစ်မခွာမစွန့်သောကြောင့်တည်း။ တာနိ၊ ထိုငါးပါးသီလတို့ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဧတံဝစနံ၊ ဤအရိယကန္တေဟိဟူသောစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပန၊ အထူးကိုဆိုဦးအံ့။ သဗ္ဗောပိ သံဝရော၊ အလုံးစုံစောင့်ရှောက်ခြင်းကို။ ဧတ္ထ၊ ဤငါးပါးသီလကို ပြဆိုရာ၌။ လဗ္ဘတိယေဝ၊ ရအပ်သာလျှင်တည်း။

အဓိပ္ပာယ်ကား။ ။ငါးပါးသီလတို့ကို ဘုရားရှင်သားတော် ဖြစ်ကြကုန်သော အရိယာတို့အား နှစ်သက် မြတ်နိုးကြသည် ဖြစ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် ဖြစ်လေရာရာဘဝ၌လည်း ငါးပါးသီလကို မပစ်မခွာ မစွန့်သောကြောင့်တည်း။ထိုငါးပါးသီလတို့ကို ရည်ရွယ်၍ အရိယာတို့ နှစ်သက်သော ငါးပါး သီလဟူသောစကားကို ဘုရားရှင်ဟောတော်မူပေသည်။ အထူးအားဖြင့်ကား မှတ်သောစိတ်တစ်ချက်၌ ပါဝင်ပြီးစီးပေ၏။ ဒေသနာနည်းအားဖြင့် သိစေခြင်းငှါ ရေးသားဖော်ပြပေသတည်း။

ယတော ခေါ မဟာနာမ ဥပါသကော။
ပါဏာတိပါတာ ပဋိဝိရတော ဟောတိ-
အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ။
ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ။
မုသာဝါဒါ ပဋိဝိရတော ဟောတိ။
သုရာမေရယ မဇ္ဇ ပ္ပမာဒဋ္ဌာနာ ပဋိဝိရတောဟောတိ။
ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော။
သီလသမ္ပန္နော ဟောတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

မဟာနာမ၊ မဟာနာမ်မင်းကြီး။ ယတော၊ အကြင့်ကြောင့်။ ဥပါသကော၊ ဥပါသကာသည်။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါနာ၊ ခိုးယူခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ ကာမေသုမိစ္ဆာစာရာ၊ အစောင့်အရှောက်ရှိသောမိန်းမမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒါ၊ မဟုတ်စကား လှည့်စားပြောဆိုခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယ မဇ္ဇ ပ္ပမာဒဋ္ဌာနာ၊ ယစ်မျိုးကို သောက်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဟောတိ၊ ဖြစ်၏။ ဧတ္တာဝတာ၊ ဤမျှအပိုင်းအခြားဖြင့်။ ဥပါသကော၊ ဥပါသကာသည်။ သီလသမ္ပန္နော၊ ငါးပါးသီလနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ငါးပါးသီလနှင့် နှစ်ရာနှစ်ဆယ် ခုနစ်သွယ်ကို

(၁၃) သိလွယ်ရန်ပြဆိုခြင်း ပြီး၏။

## (၁၄) အဝိဇ္ဇာသည် ဆိုးကောင်းအစုံ-ရုပ်နာမ်တို့၏ ဖြစ်ပုံ၊ ငါပါပုံ၊ ငါကွာပုံကို၊ ဆောင်ပုဒ်နှင့်တကွပြဆိုခြင်း

အဝိဇ္ဇာ ဆိုးကောင်းအစုံနှင့် ရုပ်နာမ်တို့၏ဖြစ်ပုံကို ယထာဘူတ ကျနမှန်ကန်စွာ၊ မသိမြင်ကြ၍၊ ငါမြင်၊ ငါကြား၊ ငါနံ၊ ငါစား၊ငါထိ၊ငါသိ၊ ဟူ၍မှတ်ယူစွဲလမ်းကြကုန်ပေသည်။ ဥပမာဆိုသော် နတ်ပူးလျှင် နတ်စကား၊ ကျတ်ပူးလျှင်ကျတ်စကား၊ စုံးပူးလျှင် စုံးစကား တို့ကဲ့သို့၊ ထို့အတူ လောဘပူးလျှင် လောဘစကား၊ ဒေါသပူးလျှင် ဒေါသစကား၊ မောဟပူးလျှင် မောဟစကား၊ မာနပူးလျှင် မာနစကား၊ ဒိဋ္ဌိပူးလျှင် ဒိဋ္ဌိစကား လောက၌ ဖြစ်ပွားပုံကို လွန်စွာထင်ရှား ခြားနား၍ သိသာလှပေကုန်သတည်း။

**အကျဉ်းဝတ္ထုသော်ကား။** ။ပင်လယ်ကူးသင်္ဘောပျက်၍ ပျဉ်ချပ်နှင့်ကူးကြရာ တစ်ခုသောဆိပ်ကမ်း၌ ဘီလူးတို့နေရာသို့ ရောက်ကြသဖြင့် ဘီလူးတို့သည် လူတို့၏အသွင်ကိုဖန်ဆင်း၍ အချို့ကားရေခပ်ခြင်း၊ အချို့ကား ထမင်းချက်ခြင်းစသည်တို့ဖြင့် အသီးအသီး အနည်းနည်း ဖန်ဆင်းကြရာ သင်္ဘောသားတို့သည် ဘီလူးတို့ကို လူ၏အသွင်ထင်မှတ်ကြ၍ တည်းခိုဝင်အောင်းလျက်နေ့ရက်များစွာ နေကြရာတွင် တစ်နေ့တစ်ခြား ဘီလူးတို့စား၍ သင်္ဘောသားအများပျက်စီး၍ သွားကြသကဲ့သို့၊ ထို့အတူ အဝိဇ္ဇာဘီလူး နေ့ညဉ့်ပူး၍ အထူးမသိကြသမျှ ကာလပတ်လုံး အဆိုးအကောင်းနှင့်တကွ အကျိုးအကြောင်းကို ခံစား၍ နေကြသည်ကို ထင်ရှားလှပေကုန်သည်၊ နိဗ္ဗာန် လမ်းကြောင်းကား အဆိုးအကောင်းနှင့် အကျိုးအကြောင်းမရှိပေကုန်။

ယေန ကာဟန္တိ ဩဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
ဗျသနန္တေ ဂမိဿန္တိ၊ ယက္ခာသီဟိဝ ဝါဏိဇာ။

ယေနရာ၊ အကြင်သူတို့သည်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟော၍ ပြော၍ ပြခဲ့သော။ ဩဝါဒံ၊ အဆုံးအမဩဝါဒကို။ နကာဟန္တိ၊ ရိုသေလိုက်နာ အားထုတ်ခြင်းကို မပြုနိုင်ကြကုန်။ တေနရာ၊ ထိုသူတို့သည်။ ယက္ခာသီဟိ၊ ဘီလူးမသည်။ ပလောဟိတာ၊ ဖြားယောင်း လှည့်ပတ်ကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့သည်။ မဟာဝိနာသံ၊ ကြီးစွာသော ပျက်စီးခြင်းသို့။ ဂမိံသုဣဝ၊ ရောက်ကြကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ။အဝိဇ္ဇာနှင့်တူသော ဘီလူးဖမ်းစား၍ ဘုရားရှင်ဩဝါဒကို မလိုက်နာသောသူဟူ၍ မှတ်ယူကြပေကုန်လော။

ယေ ကာယန္တိ ဩဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
သောတ္ထိံ ပါရံ ဂမိဿန္တိ၊ ဝလဟေနေဝ ဝါဏိဇာ။

ယေနရာ၊ အကြင်သူတို့သည်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောပြော၍ ပြခဲ့သော။ ဩဝါဒံ၊ အဆုံးအမကို။ ကာယန္တိ၊ လိုက်နာခြင်းကို ပြုကြကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဝလာဟေနေဝ၊ ဝလာဟက နတ်မြင်းပျံ ဖြင့်သာလျှင်။ အာဂစ္ဆထ၊ လာကြလိုက်ကြပါကုန်လော။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ နတ်မြင်းပျံက ခေါ်ဆိုသည်ရှိသော်။ တဿ၊ ထိုနတ်မြင်းပျံ၏။ ဝစနကာရေန၊ စကားကိုလိုက်နာခြင်းကို ပြုကြကုန်သော။ ဝါဏိဇာဣဝ၊ ကုန်သည်တို့ကဲ့သို့ ချမ်းသာစွာ။ပါရံ၊ ဤမှာဘက်ကမ်းမှ-ထိုမှာဘက်ကမ်းသို့။ ဂမိဿန္တိ၊ရောက်ကြ ကုန်လတ္တံ့။ ။အဝိဇ္ဇာနှင့်တူသော ဘီလူးလက်ကလွတ်၍ ဘုရားရှင်တရားတော် ကို လိုက်သောသူဟူ၍ မှတ်ယူကြကုန်လော့။ ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဇေဝန်ဆရာတော် ဘုရားကြီးသည် အဝိဇ္ဇာဘီလူးပူး၍ နေကြသောသူ များကို အထူးချွတ်လွှဲ၍ ပေးတော်မူကြောင်း ဘုရားရှင်၏ ဩဝါဒကို-မလိုက် နာမယူနိုင်ကြသည်မှာ။

ဝဋ္ဋသ္မိံ သတ္တေ သံယောဇေန္တိ၊ ဗန္ဓန္တီတိ သံယောဇနာ။

ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ သတ္တေ၊ သတ္တဝါတို့ကို။သံယောဇေန္တိ ဗန္ဓန္တိ၊တုတ်နှောင်ဖွဲ့ချည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ သံယောဇနာ၊ သံယောဇဉ် မည်ကုန်၏။ ။ဝဋ်ဆင်းရဲက မထွက်မလွတ်ရအောင် တုပ်နှောင် ဖွဲ့ချည်တတ် သောကြောင့် သံယောဇဉ်ဟု ခေါ်ဆိုရပေသည်။

သိထိလံဗန္ဓနံ ဒုပ္ပမုဉ္စံ။ ။သိထိလဗန္ဓနံ၊ တုပ်နှောင် ဖွဲ့ချည်ရခြင်းကား။ လျော့လှပါပေ၏။ ဒုပ္ပမုဉ္စံ၊ အဖြေကား လွန်စွာ ခက်ခဲ-နက်နဲ လှပေ၏။ ထို သံယောဇဉ်ကား ဆယ်ပါးဟု ဟောတော်မူသည်မှာ—

စက္ခုဒွါရေ တာဝ အာပါထဂတံ ဣဋ္ဌာရမ္မဏံ
ကာမဿာဒဝသေန အဿာဒယတော။
အဘိနန္ဒယတော ကာမရာဂသံယောဇနံ ဥပ္ပဇ္ဇတိ။ (၁)

တာဝ၊ ရှေးဦးစွာ။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အာပါထဂတံ၊ ထင်ခြင်း သို့ရောက်သော။ ဣဋ္ဌာရမ္မဏံ၊ အလိုရှိအပ်သောအာရုံကို။ ကာမဿာဒဝသေန၊

ကာမဂုဏ်၌သာယာသည်၏ အစွမ်းဖြင့်။ အဿာဒယတော၊ တပ်မက်သော သူအား။ အဘိနန္ဒိယတော၊ နှစ်သက်သောသူအား။ ကာမရာဂသံယောဇနံ၊ ကာမရာဂ သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၁)

အနိဋ္ဌာရမ္မဏံ ကုဇ္ဈတော၊ ပဋိဃသံယောဇနံ ဥပ္ပဇ္ဇတိ။ (၂)

အနိဋ္ဌာရမ္မဏံ၊ အလိုမရှိအပ်သောအာရုံကို။ ဒိသွာ၊ မြင်၍။ ဝါ၊ မြင်သော ကြောင့်။ ကုဇ္ဈတော၊ နှလုံးမသာယာသောသူ, အမျက်ထွက်သောသူအား။ ပဋိဃသံယောဇနံ၊ ပဋိဃသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၂)

ဌပေတွာ မံ န ကောစိ အညော၊ ဝိဘာဝေတုံ သမတ္ထော။
နတ္ထိတိ မညတော မာန-သံယောဇနံ ဥပ္ပဇ္ဇတိ။ (၃)

မံ၊ ငါ့ကို။ ဌပေတွာ၊ ထား၍။ အညော၊ ငါမှတစ်ပါးသော။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ဝိဘာဝေတုံ၊ထင်ရှားဝေဖန်ခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သည်။ နတ္ထိ၊ မရှိ။ ဣတိမညတိ၊ ဤသို့ မှတ်ထင်သောသူအား။ မာန သံယောဇနံ၊ မာနသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၃)

တံ ရူပါရမ္မဏံ နိစ္စံ ဓုဝန္တိ ဂဏှတော။
ဒိဋ္ဌိသံယောဇနံ ဥပ္ပဇ္ဇတိ။ (၄)

တံ ရူပါရမ္မဏံ၊ ဤရူပါရုံသည်။ နိစ္စံ၊ မြဲ၏။ ဓုဝံ၊ အမြဲတည်၏။ ဣတိ- ဂဏှတော၊ ဤသို့မှတ်ယူသောသူအား။ ဒိဋ္ဌိသံယောဇနံ၊ ဒိဋ္ဌိသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၄)

တံ ရူပံ သတ္တော နုခေါ သတ္တဿ နုခေါတိ၊
ဝိစိကိစ္ဆတော ဝိစိကိစ္ဆာသံယောဇနံ ဥပ္ပဇ္ဇတိ။ (၅)

တံ ရူပံ ဤရုပ်သည်။ သတ္တောနုခေါ၊ သတ္တဝါပဲ ဖြစ်လေသလော။ သတ္တဿ၊ သတ္တဝါ၏။ ရူပံနုခေါ၊ ရုပ်ပဲဖြစ်လေသလော။ ဣတိဝိစိကိစ္ဆတော၊ ဤသို့ယုံမှားသောသူအား။ ဝိစိကိစ္ဆာသံယောဇနံ၊ ဝိစိကိစ္ဆာသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၅)

သတ္တိဘဝေ ဝတ နော ဣဒံ သုလဘံ ဇာတန္တိ။
ဘဝံ ပတ္ထေန္တဿ ဘဝရာဂသံယောဇနံ ဥပ္ပဇ္ဇတိ။ (၆)

သမ္ပတ္တိဘဝေ၊ ပြည့်စုံသောဘဝ၌။ ဝတ၊ စင်စစ်။ နေ့ဘအမှာက်၊ ငါတို့အား။ ဣဒံ၊ ဤကောင်းမြတ်သောအာရုံကို။ သုလဘံ၊ ကောင်းစွာရခြင်းသည်။ ဇာတံ၊ ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ ဘဝံ၊ ဘဝကို။ ပစ္စဝေက္ခတော၊ တောင့်တသောသူအား။ ဘဝရာဂသံယောဇနံ၊ ဘဝရာဂသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၆)

အာယတိမ္ပိ ဝေရူပံ သီလဗ္ဗတံ သမာဒိယိတွာ။
သက္ကာ လဒ္ဓုံတိ သီလဗ္ဗတံ သမာဒိယန္တဿ။
သီလဗ္ဗတ ပရာမာသ သံယောဇနံ ဥပ္ပဇ္ဇတိ။ (၇)

ဝေရူပံ၊ ဤသို့သဘောရှိသော။ သီလဗ္ဗတံ၊ နွား ခွေး စသည်တို့၏ အကျင့်ကို။ သမာဒိယိတွာ၊ ကျင့်သုံးဆောက်တည်ခြင်းကြောင့်။ အာယတိမ္ပိ၊ နောင်အခါ၌လည်း။ ဣဒံအာရမ္မဏံ၊ ဤအာရုံကို။ လဒ္ဓုံ၊ ရခြင်းငှာ။ သက္ကာတိ၊ တတ်နိုင်၏ဟူ၍။ သီလဗ္ဗတံ၊ နွား ခွေးစသည်တို့၏ အကျင့်ကို။ သမာဒိယန္တဿ၊ ကျင့်သုံး ဆောက်တည်သောသူအား။ သီလဗ္ဗတ ပရာမာသ သံယောဇနံ၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၇)

အဟောဝတေတံ ရူပါရမ္မဏံ အညေသံ န လဘေယျုံတိ၊
ဥဿူယတော ဣဿာသံယောဇနံ ဥပ္ပဇ္ဇတိ။ (၈)

တံ ရူပါရမ္မဏံ၊ ဤရူပါရုံကို။ အညေသံ၊ ငါမှတစ်ပါးကုန်သော သူတို့သည်။ န လဘေယျုံ၊ မရပါကုန်မူကား။ အဟောဝတ၊ ကောင်းပါလေစွတကား။ ဣတိ၊ ဤသို့။ ဥဿူယတော၊ ငြူစူသောသူအား။ ဣဿာသံယောဇနံ၊ ဣဿာသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၈)

အတ္တနာ လဒ္ဓံ ရူပါရမ္မဏံ အညဿ
မစ္ဆရိယတော မစ္ဆရိယသံယောဇနံ ဥပ္ပဇ္ဇတိ။ (၉)

အတ္တနာ၊ မိမိသည်။ လဒ္ဓံ၊ ရအပ်ပြီးသော။ ရူပါရမ္မဏံ၊ ရူပါရုံကို။ အညဿ၊ ငါမှတစ်ပါးသော သူအား။ မစ္ဆရိယတော၊ ဝန်တိုသောသူအား။ မစ္ဆရိယသံယောဇနံ၊ မစ္ဆရိယသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၉)

သဗ္ဗေဟေဝ သဟဇာတဿ အညာဏဝသေန
အဝိဇ္ဇာသံယောဇနံ ဥပ္ပဇ္ဇတိ။ (၁၀)

သမ္ဗေဟော၊ အလုံးစုံသော ကာမရာဂစသော ၉-ပါးသော သံယောဇဉ် တို့နှင့်သာလျှင်။ သဟ၊ တကွ။ အညာဏဝသေန၊ မသိမမြင်အောင် ဖုံးလွှမ်း သည်၏ အစွမ်းဖြင့်။ ဇာတဿ၊ ဖြစ်သောသူအား။ အဝိဇ္ဇာသံယောဇနံ၊ အဝိဇ္ဇာသံယောဇဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (၁၀)

ထိုပြဆိုခဲ့သော သံယောဇဉ် (၁၀) ပါးတို့တွင် ကာမရာဂ သံယောဇဉ် ခေါ်သော လောဘ၊ ဗျာပါဒသံယောဇဉ်ခေါ်သော ဒေါသ၊ အဝိဇ္ဇာသံယော ဇဉ် ခေါ်သော မောဟ၊ ၎င်း ၃-ပါးကကြွင်းသော သံယောဇဉ် ၇-ပါးတို့မှာ လောဘ၊ ဒေါသ၊ မောဟ ဟူသော ဤ ၃-ပါးအတွင်းသို့ ဝင်ရောက် ကြလေ ကုန်၏။ သံယောဇဉ် ၁၀-ပါးတို့သည် မြင်မှု၌ ၁၀-ပါး၊ ကြားမှု၌ ၁၀-ပါး၊ နံမှု၌ ၁၀-ပါး၊ စားမှု၌ ၁၀ ပါး၊ ထိမှု၌ ၁၀-ပါး၊ သိမှု၌ ၁၀-ပါး၊ ပေါင်း သံယောဇဉ် ခြောက်ဆယ်ရှိ၏ဟု သိမြင်ကြစေကုန်လော။

ထိုသံယောဇဉ် ၁၀-ပါးတို့သည် အကျဉ်းအားဖြင့် လောဘ သံယော ဇဉ်၊ ဒေါသ သံယောဇဉ်၊ မောဟ သံယောဇဉ်၊ ၃-ပါးတည်း။ သဘောတရား အားဖြင့်ကား လောဘ သံယောဇဉ်သည် မေ့တဲ့သဘောဖြစ်၍ အဝိဇ္ဇာသံယော ဇဉ်မည်၏။ ဒေါသသံယောဇဉ်သည် မေ့တဲ့သဘောဖြစ်၍ အဝိဇ္ဇာသံယောဇဉ် မည်၏။ ဝိပဿနာအားဖြင့် မြင် မြင်သည် စသည်ဖြင့် ရှုမှတ်ပွားများသော စိတ်တစ်ချက်၌ ဝိဇ္ဇာဉာဏ် အသိဆိုက်ရောက်လာသဖြင့် မသိသော အဝိဇ္ဇာ သံယောဇဉ်သည် ကင်းပျောက်လေသောကြောင့် ထိုအဝိဇ္ဇာ သံယောဇဉ်နှင့် ဖြစ်အတူ ပျက်အတူ ဖြစ်သော (၁၅၀၀) ကိလေသာနှင့်တကွ ချုပ်ငြိမ်းရုပ်သိမ်း ကြောင်းကို ပညာရှိအပေါင်းသူတော်ကောင်းတို့သည် သိမြင်ကြကုန်လော။

ဣဓ ဘိက္ခဝေ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ ရူပေစ
ပဇာနာတိ ယဉ္စ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ
တဉ္စ ပဇာနာတိ။ (သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုဉ္စ၊ စက္ခုကိုလည်း။ ပဇာနာတိ၊ သိ၏။ ရူပေစ၊ ရူပါရုံတို့ကို လည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ထိုစက္ခုရူပါရုံနှစ်ပါးစုံကို။ ပဋိစ္စ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ ယဉ္စသံယောဇနံ၊ အကြင် ကာမရာဂစသော သံယောဇဉ် ဆယ်ပါးသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကာမရာဂစသော သံယောဇဉ် ဆယ်ပါးကိုလည်း။ ပဇာနာတိ၊ သိ၏။

အကျယ်ကိုသိလိုမူ သတိပဋ္ဌာန် ပါဠိတော်ကို ကြည့်ပါလေ။ သောတ-ဃာန-ဇိဝှါ-ကာယ-မနတို့မှာ စက္ခုနှင့်နည်းတူ မြင်ကြစေကုန်လော၊ သံယောဇဉ်ဖွဲ့ချည်ခြင်း၌ ခိုင်ခန့်ပုံကို ပြခြင်းငှာ–

ဒဠှံ နတံ ဗန္ဓန မာဟု ဓိရာ ယဒါယသံ ဒါရုဇံ ပပ္ဗဇဉ္စ သာရတ္တရတ္တာ
မဏိကုဏ္ဍလေသု ပုတ္တေသု ဒါရေသုစ ယာပေက္ခာ။ (ဓမ္မပဒပါဠိတော်)

အယသံ၊ သံဖြင့်ပြီးသော။ ယံဗန္ဓနဥ္စ၊ အကြင်သံကြိုးဟူသော အနှောင်အဖွဲ့သည်လည်းကောင်း။ ဒါရုဇံ၊ သစ်သားဖြင့်ပြီးသော။ ယံဗန္ဓနဥ္စ၊ အကြင်ထောင်ဟူသော အနှောင်အဖွဲ့သည်လည်းကောင်း၊ ပပ္ဗဇံ၊ မြက်လျှော်ရှော်ဖြင့်ပြီးသော။ ယံဗန္ဓနဥ္စ၊ အကြင်ကြိုးဟူသော အနှောင်အဖွဲ့သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံဗန္ဓနံ၊ ထိုပြဆိုခဲ့သော အနှောင်အဖွဲ့မျိုးကို။ ဒဠှံ၊ မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့မျိုးဟူ၍။ဓိရာ၊ပညာရှိအပေါင်းသူတော်ကောင်းတို့သည်။နအာဟု၊ မဆိုကြကုန်။ မဏိကုဏ္ဍလေသုစ၊ ပတ္တမြားနားတောင်းတို့၌လည်းကောင်း။ ဝါ၊ ပတ္တမြားနားတောင်းကို ဝတ်ဆင်ကြကုန်သော။ ပုတ္တေသုစ၊ သားသမီးတို့၌လည်းကောင်း။ ဒါရေသုစ၊ မယားတို့၌လည်းကောင်း။ သာရတ္တရတ္တာ၊ အလွန်နှစ်သက်မြတ်နိုးကြသည်ဖြစ်၍။ ယာပေက္ခာ၊ အကြင်ငဲ့ကွက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုငဲ့ကွက်ခြင်းကို။ ဒဠှံ၊ မြဲမြံခိုင်ခန့်သော။ ဗန္ဓနံ၊ အနှောင်အဖွဲ့ဟူ၍။ ဓိရာ၊ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကြကုန်၏။

**အဓိပ္ပာယ်လိုရင်းကား။** ။သံကြိုး ဟူသော အနှောင်အဖွဲ့၊ သစ်သားဖြင့် ပြုလုပ်သော ထောင်ဟူသော အနှောင်အဖွဲ့၊ ကြိုးဟူသော အနှောင်အဖွဲ့ ထိုအနှောင်အဖွဲ့ကို ပညာရှိတို့သည် အနှောင်အဖွဲ့ဟူ၍ မဆိုကြကုန်၊ ပတ္တမြားနားတောင်းဖြင့် ဝတ်ဆင်ကြကုန်သော သား,မယားတို့၌ လွန်စွာနှစ်သက်မြတ်နိုး၍ ငဲ့ကွက်ကြ၏။ ထိုနှစ်သက်ငဲ့ကွက်ခြင်းရှိသောသူကို မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့သည် ဆိုကြကုန်၏။ သံယောဇဉ်နှောင်ဖွဲ့ပုံကို သိမြင်ကြစေကုန်လော။

ပျဉ်းမနားမြို့နယ်၌ ဘုန်းတော်ကြီးတစ်ပါး လူအများနှင့် တွေ့ဆုံရာ ဝိပဿနာတရားဟောပါဟု မိန့်တော်မူလျှင် အာရုံခြောက်ပါး စောင့်ရှောက်ပါက ကိလေသာကွာပုံ၊ ငါကွာပုံကို လျှောက်ထားလေလျှင် သဘောတော်ကျလှသဖြင့် အရှင်ဘုရား သဘောကျပါလျှင် အားထုတ်မည်လောဟု လျှောက်ထားရာ၊ သံယောဇဉ်တွေ များလှ၍ ယခုဆဲဆဲ အားမထုတ်နိုင်ပါ ဆိုသဖြင့်

သံယောဇဉ်ဆိုသည် အဘယ်နည်းဟုလျှောက်လေလျှင်၊ ကျောင်းသားတွေဟု မိန့်တော်မူလေ၏။ အရှင်ဘုရား မြတ်စွာဘုရားက အဝိဇ္ဇာ သံယောဇဉ် စသော သံယောဇဉ်သာ ဟောပါတကား၊ ကျောင်းသား သံယောဇဉ်မပါ·ပါတကား ဟု လျှောက်ထားလေလျှင် များစွာရယ်မောကြလေ၏။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက ယခု အခါ တရားအားထုတ်ကြရာ ဟောပြောကြရာ၌ ငါနှင့် မလွတ်ကြ ပေကုန်၊ ရှေးအခါက-မိဘနှစ်ပါးမှာ သားတစ်ယောက် ခွေးနက်ကြီး တစ်ကောင်ရှိရာ၊ အမိက အမောင် ထမင်းတစ်စလယ်ချက်လော့ဟု မှာထားခဲ့ပြီး တစ်ပါးသို့ သွားကြလေရာ၊ သားငယ်က တွေးတော ကြံစည် ဆင်ခြင်သည်မှာ အမေ တစ်စလယ်၊ ငါတစ်စလယ်၊ အဖေတစ်စလယ်၊ ငါတစ်စလယ်၊ ခွေးနက်ကြီး တစ်စလယ်၊ ငါတစ်စလယ်ဟု ကလေး၏ကြံစည်ရာ၌ အလုံးစုံ ငါပါအောင် ထည့်၍ ရေတွက်သကဲ့သို့၊ ထိုနည်းတူစွာ ယခုအခါ တရားကိုအားထုတ်ကြရာ ဟောပြောကြရာ၌ ငါသဘောမျိုးသာ ပါ၍နေကြပေသည်။ ငါနှင့်လွတ်ကင်း အောင် အားထုတ်ခြင်း၊ ဟောပြောခြင်းတို့ကို လွန်မင်းစွာ ခက်ခဲ၍ နေကြပေ ကုန်သည်။

အဝိဇ္ဇာသည် သတ္တဝါတို့၌ ဖုံးအုပ်၍ထားသောကြောင့် အနိစ္စကို နိစ္စ ထင်၊ ဒုက္ခကို သုခထင်၊ အနတ္တကို အတ္တထင်၊ အဆိုးကို အကောင်းထင်၊ ဤကား အဝိဇ္ဇာမြင်ပုံ၊ ဝိဇ္ဇာ ဉာဏ်ကား ဆိုးကောင်း မရှိပေကုန်။

မဂ္ဂေ ပရိယုဋ္ဌိတ စောရော အဒ္ဓိကေဝိယစ ကုသလစိတ္တံ
ပရိသုဋ္ဌာတိ ဂဏှာတိ ဝိလုပ္ပတိတိ အဝိဇ္ဇာ ပရိယုဋ္ဌာနံ။

(သမ္မောအဋ္ဌကထာ)

မဂ္ဂေ၊ လမ်းခရီး၌။ ပရိယုဋ္ဌိတစောရော၊အနိုင်အထက်လုယက်တတ်သော ခိုးသူကြီးသည်။အဒ္ဓိကေ၊ ခရီးသွားလမ်းလာသောသူတို့ကို။ပရိယုဋ္ဌာဝိယ၊အနိုင် အထက်လုယက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ကုသလစိတ္တံ၊ နိဗ္ဗာန်သို့ ရောက်စေတတ် သော ကုသိုလ်စိတ်ကို။ ဂဏှာတိ၊ ကိုင်ယူ၏။ ဝိလုပ္ပတိ၊ ဖျက်ဆီး၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပရိယုဋ္ဌာနံ၊ ပရိယုဋ္ဌာန်မည်၏။

**အဓိပ္ပာယ်ကား။** ။လမ်းခရီး၌ အနိုင်အထက် လုယက်တတ်သော သူခိုးကြီး သည် ခရီးသွားလမ်းလာသောသူတို့ကို အနိုင်အထက် လုယက် ဖျက်ဆီးသကဲ့သို့၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော ကုသိုလ်စိတ်ကို မသွားမရောက်အောင် ခိုးသူ

ကြီးနှင့်တူသော အဝိဇ္ဇာက နိဗ္ဗာန်လမ်းကြောင်း ဓကာင်းကောင်းသွားသော ကုသိုလ်စိတ်ကို အဝိဇ္ဇာက မသွားရအောင် ကိုင်ယူ၍ထား၏။ ဖျက်ဆီး၍ ပစ်လိုက်၏။ ထို့ကြောင့် အဝိဇ္ဇာသည် ပရိယုဋ္ဌာန်ဟုခေါ်ဆိုရသည်။ ခိုးသူကြီး ဟု ဆိုရသည်။ တစ်နည်းမှာ—

ယထာ နဂရဒွါရေ ပလိဃဿခါတာယ လင်္ဂိယာ ပတိတာယ

အန္တော နဂရေ မနုဿာနံ ဗဟိနဂရဂမနမ္ပိ ဗဟိနဂရေမနုဿာနံ။

အန္တောနဂရ ပဝေသနမ္ပိ ပစ္ဆိဇ္ဇတိ ဧဝမေဝ၊ ယဿ သက္ကာယနဂရေ။

အယံပတိတာ တဿ နိဗ္ဗာန သမ္ပာပကံ ဉာဏဂမနံ။

ပစ္ဆိဇ္ဇတီတိ အဝိဇ္ဇာ လင်္ဂိနာမ ဟောတိ။ (သမ္မောအဋ္ဌကထာ)

နဂရဒွါရေ၊ မြို့တံခါး၌။ ပလိဃဿခါတာယ၊တံခါးတိုင်ဟုဆိုအပ်သော။ လင်္ဂိယာ၊ တံခါးချင်၏။ ပတိတာယ၊ ကျသည်ပိတ်သည်ရှိသော်။အန္တောနဂရေ၊ မြို့တွင်း၌။ ဝါ၊ မြို့တွင်းက။ မနုဿာနံ၊ လူတို့၏။ ဗဟိနဂရဂမနမ္ပိ၊ မြို့ပသို့ သွားခြင်း ထွက်ခြင်းသည်လည်းကောင်း။ ဗဟိနဂရေ၊ မြို့ပ၌။ ဝါ၊ မြို့ပက။ မနုဿာနံ၊ လူတို့၏။ အန္တောနဂရပဝေသနမ္ပိ၊ မြို့တွင်းသို့ ဝင်ခြင်းသည် လည်းကောင်း။ ပစ္ဆိဇ္ဇတိယထာ၊ အထွက်အဝင် အစဉ်ပြတ်သကဲ့သို့။ ဧဝမေဝ၊ ဤနည်းတူစွာ ဥပမာဖြင့်သာလျှင်။ ယဿ၊ အကြင်သူ၏။ သက္ကာယနဂရေ၊ ခန္ဓာ ကိုယ်ဟူသော သက္ကာယမြို့၌။ အယံ၊ ဤအဝိဇ္ဇာသည်။ ပတိတာ၊ ကျလာ၏။ ဝါ၊ ပိတ်လာ၏။ တဿ၊ထိုအဝိဇ္ဇာကျလာ ပိတ်လာသောသူ၏။ နိဗ္ဗာနသမ္ပာပကံ၊ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်မှန်မှန် ရောက်စေရစေတတ်သော။ ဉာဏဂမနံ၊အသိဉာဏ် ဝိဇ္ဇာ သွားလာခြင်းသည်။ ပစ္ဆိဇ္ဇတိ၊ ပြတ်လေကင်းလေ၏။ ဣတိ၊ ဤသို့။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ လင်္ဂိနာမ၊ တံခါးချင်မည်၏။

**အဓိပ္ပာယ်ကား။** ။မြို့တံခါး၌ တံခါးတိုင်ဟူသော တံခါးချင်ပိတ်၍ နေသော်မြို့တွင်းက လူတို့သည် မြို့ပသို့မထွက်နိုင်၊ မြို့ပက လူတို့သည် မြို့တွင်းသို့ မဝင်နိုင်၊ အထွက်အဝင် အစဉ်ပြတ် ကင်းသကဲ့သို့၊ ဤဥပမာဖြင့် အကြင်သူ၏ခန္ဓာ ကိုယ်မြို့၌ အဝိဇ္ဇာကျ၍ ပိတ်သောသူ၏ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်မှန်မှန် ရောက်စေ ရစေတတ်သော ဤအသိဉာဏ် ဝိဇ္ဇာသွားလာခြင်းသည် ပြတ်ကင်းလေ၏။ ထို့ကြောင့် အဝိဇ္ဇာကိုတံခါးချင်ဟုခေါ်ဆိုရပေ၏။ ဤပါဠိသွား အဓိပ္ပာယ်ကို

ထောက်ထား၍ အဝိဇ္ဇာမကွာသမျှ နာမ်ရုပ်ဓမ္မကို ယထာဘူတ သဘာဝအမှန် သိမြင်ရန်မရပေဟု ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှပေကုန်သည်။ စာသိ- ငါသိ ပညတ်သိမှာ အဝိဇ္ဇာနယ်တွင်းက ငါနှင့်မကင်းသော အသိမျိုးပေတည်း။

ဓမ္မသဒ္ဒါသည် နာဂေါဟူသောပုဒ်ကဲ့သို့။ နာဂေါ၊ ရဟန်းလောင်း။ နာဂေါ၊ ဆင်ပြောင်ကြီး။ နာဂေါ၊ ကံ့ကော်ပင်။ နာဂေါ၊ နဂါးမင်း အရာဌာနလိုက်၍ အနက်ပေးရသည်။ ရဟန်းခံသော အရာမှာ။ နာဂေါ၊ ရဟန်း လောင်းဟု အနက်ပေး။ နာဂေါ၊ ဆင်ပြောင်ကြီးဟု အနက်မပေးသင့်ပေ။ ။ ထိုနည်းတူစွာ ဓမ္မသဒ္ဒါသည်။ ဓမ္မာ၊ ပရိယတ္တိဟူသောအနက်။ ဓမ္မာ၊ ပညာ ဟူသောအနက်။ဓမ္မာ၊ ပကတိဟူသောအနက်။ ဓမ္မာ၊ ဥဇု ယျမံ ဟူသောအနက်။ ဓမ္မာ၊ ဆိတ်ချင်းဟူသောအနက်။ ဓမ္မာ၊ ကုသိုလ်ကောင်းမှုဟူသော အနက်။ ဓမ္မာ၊ သိက္ခာ၊ အာပတ်ဟူသောအနက်။ ဓမ္မာ၊ သဘောတရား ဟူသော အနက်။ ဤကား အနက်ဆယ်ချက်၊ ၎င်းဆယ်ချက်သောအနက်တို့သည် မြတ်စွာ ဘုရား အလိုတော်သို့ကျအောင်ပေးနိုင်မှ၊ သဘာဝဓမ္မကို ထိခိုက်မည်၊ ဓမ္မသဒ္ဒါကို မိမိအလိုသို့ ဆွဲငင်ကွယ်ဝိုက်၍ အနက်မပေးရာ။ ဝိပဿနာအရာ၌ ဓမ္မသဒ္ဒါကို တရားသဘောဟု အနက်ပေလေ။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက အနက် ဆွဲလွဲတတ်သည်ဟု မိန့်တော်မူသတည်း။ ဆရာတော်ဘုရားကြီးအထံ၌ ကမ္မဋ္ဌာန်း တရားကို ကြိုးပမ်းအားထုတ်လိုသော ရဟန်းရှင်လူတို့သည် ငါပါလျှင် ငါ ချင်း၊ငါကွာလျှင် ကွာချင်း။ရှင်းရှင်း လင်းလင်း သိစေခြင်းငှာ ယောဂီတို့အား လွန်သနား၍ ဆောင်ပုဒ်ပေးထားတော်မူသည်မှာ–

ရုပ်နာမ်နှစ်တန်၊ ဖြစ်အောင်ကြံ၊ အမှန်လောဘသာ။
ရုပ်နာမ်နှစ်တန်၊ ပျက်အောင်ကြံ၊ အမှန်ဒေါသပါ။
ဖြစ်ပျက်နှစ်တန်၊ မသိပြန်၊ အမှန်မောဟပါ။
အဟောင်းကိုပြန်၊ အသစ်ကြံ၊ နှစ်တန်ပယ်လိုက်ပါ။ (သံခိဝ်)

သဘာဝဓမ္မ၊ အသဘာဝဓမ္မ ခြားနားစွာသိကြ ၍ ဖြစ်အောင်ကြံလျှင်၊ ငါကအလိုရှိ၍ လောဘ၊ ပျက်အောင်ကြံလျှင် ငါကအလိုမရှိ၍ ဒေါသ၊ အမြဲ ဖြစ်ပျက်၍နေသော ရုပ်နာမ်ဓမ္မသဘာဝကို မသိကြလျှင် မောဟ၊ ဖြစ်ခြင်း

ပျက်ခြင်း ထင်လင်းရှိပါလျက် ငါသဘောနှင့် ဖြစ်အောင် ပျက်အောင် ပြုခြင်း သည် ဓမ္မသဘောမှတ်။ ငါ့သဘောဟုတ်ကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြကုန်လော့။

အဟောင်းကိုမပြန်ရ၊ အသစ်ကိုမကြံရ၊ ဖြစ်ပျက်နှစ်တန်၊ အမှန် မြင်အောင်ရှု။

အဟောင်းကိုပြန်လျှင် အတိတ်ကာလဖြစ်၍ ချုပ်ပျက်ကုန်ဆုံးခဲ့လေပြီ၊ အသစ်ကိုကြံလျှင် အနာဂတ်ကာလဖြစ်၍ ထင်ရှားမရှိသောကြောင့် မရှုမမှတ်သာ ပေ။ပစ္စုပ္ပန်ခဏကာလအတွင်း၌ မြင်ဆဲခဏ မြင်တယ်မှတ်၊ ကြားဆဲခဏ ကြား တယ်မှတ်၊ နံဆဲခဏ နံတယ်မှတ်၊ စားဆဲခဏ စားတယ်မှတ်၊ ထိဆဲခဏ ထိ တယ်မှတ်၊ သိဆဲခဏ သိတယ်မှတ်၊ ဤသို့စသောအားဖြင့် ပစ္စုပ္ပန်ကာလထင်ရှား ရှိသောခဏ တစ်ချက်ကိုသာလျှင် မဲမဲသဲသဲ မြဲမြဲစွဲစွဲ အားကုန်ခဲ၍ ရှုမှတ်ပွားများ အားထားလိုက်ကြကုန်လော့။

(၁၄) အဝိဇ္ဇာသည် ဆိုးကောင်း အစုံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ၊ ငါပါပုံ ငါကွာပုံကို ဆောင်ပုဒ်နှင့်တကွ ပြဆိုခြင်း ပြီး၏။

## (၁၅) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်နှင့် ကာလသုံးပါးကို ထင်ရှားစွာပြဆိုခြင်း

သုတမယဉာဏ်ဆိုသည်ကား ပိဋကတ်သုံးပုံကို သင်အံလေ့ကျက် ဆောင် ရွက်ခြင်းကြောင့် သိမြင်ခြင်း၊ တရားဟောခြင်း၊ တရားနာခြင်းကြောင့် သိမြင် ခြင်း၊ တစ်ဦးမှသည်တစ်ဦး အဆင့်အဆင့်ပြောကြား၍ သိမြင်ခြင်း၊ ၎င်းသိမှတ် ခြင်းတို့သည် သုတမယဉာဏ် ပရိယတ္တိသာသနာဟူ၍ ဆိုအပ်ပေသည်။ ဗုဒ္ဓ ဘာသာဝင် လူရှင်အပေါင်းတို့သည် သုတမယဉာဏ် ပရိယတ္တိသာသနာတော်နှင့် ကင်းလွတ်သောသူ ဟူ၍ မရှိနိုင်ကြပေ။ အချို့သော သူတို့က ဘုန်းတော်ကြီး ကျောင်းကိုသွား၍ သင်ကြား တတ်မြောက်မှ ပရိယတ္တိ သာသနာတော်ဟု ထင်မှတ်ကြကုန်သည်၊ ထိုပရိယတ္တိတတ်မြောက်မှ တရားတော်ကို အားထုတ် တတ်သည်၊ အားထုတ်နိုင်သည်ဟူ၍ ထင်မှတ်ကြကုန်၏။ တစ်ပုဒ်တစ်ဂါထာကို တတ်သောသူ သည်လည်း၊ တရားတော်ကို အားမထုတ်လျှင် ယထာဘူတ

သဘာဝဆတ်ဆတ် ပရမတ်ကို မသိမမြင်နိုင်ပေ။ ပိဋကတ်သုံးပုံ နှုတ်ငုံရသော သူသည်လည်း တရားတော်ကို အားမထုတ်ပါက ယထာဘူတ သဘာဝဆတ်ဆတ် ပရမတ်ကို မသိမမြင်နိုင်ပေ။

အဘယ့်ကြောင့်ဆိုသော် ယထာဘူတ သဘာဝဖြစ်သော ပရမတ်မျိုးသည် သတိပဋ္ဌာန်၌ လာသောအတိုင်း ဝိပဿနာကို အားထုတ်၍ ကိလေသာကွာမှ သိမြင်နိုင်သော အမျိုးဖြစ်သောကြောင့်တည်း။ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် မဟာနာဂမထေရ်၊ မဟာသိဝမထေရ်၊ ပေါဋ္ဌိလမထေရ်စသော အရှင်တို့ကို ထောက်ဆ ဆင်ခြင်၍ ယုံကြည်သင့်လှပေကုန်သည်။ ပိဋကတ်တတ်သောသူ၊ မတတ်သောသူတို့သည် တရားကိုအားထုတ်မည်ဟု ကမ္မဋ္ဌာန်းဆရာထံ၌ လာရောက်ကြရာ၊ ဆရာက ပေးသော နည်းလမ်း တစ်ခုကိုသာ မှတ်သား၍ အားထားရပေသတည်း။ စာတတ်သောသူကို ကမ္မဋ္ဌာန်းတစ်မျိုးပေး၊ စာမတတ်သောသူကို ကမ္မဋ္ဌာန်းတစ်မျိုးပေး ဤသို့ ကမ္မဋ္ဌာန်း နှစ်မျိုးပေးနည်းကိုလည်း မြတ်စွာဘုရား ဟောတော်မမူပေ။ ဤကား စာတတ်သောသူ စာမတတ်သောသူ နှစ်ဦးတို့၏ တူမျှပုံတည်း။

စာတတ်သောသူသည် ပရိယတ္တိအရာ၊ ပညတ်သိအရာတို့၌ လွန်စွာ ဗဟုသုတ များပြားလှခြင်းကြောင့် ထင်ပေါ် ကျော်စောခြင်း၊ ဂုဏ်အသရေ ကြီးကျယ်ခြင်း၊ အများသူတို့ ရိုသေ(ကို)င်းရှိုင်းခြင်း၊ ဘဝတစ်ပါး၌လည်း လူကောင်း နတ်ကောင်း ဖြစ်ရခြင်းဟူသောလောကီအကျိုးတရား များပြားလှပေကုန်သည်။ စာမတတ်သောသူမှာ၊ စာတတ်သောသူလောက် လောကီ၌ အကျိုးစီးပွား မများလှပေ။ ဤကား စာတတ်သောသူ စာမတတ်သောသူ နှစ်ဦးတို့၏ မတူပုံတည်း။

စာမတတ်ဘဲနှင့် တရားရပုံမှာ နောက်က ပြဆိုခဲ့သော ၉-တိုင်း၊ ၉-ဌာနသို့ ရဟန္တာအရှင်မြတ်တို့ကြွသွား၍ တရားတော်၏အဆုံး၌ အကျွတ်တရားရကြသည်မှာ အရေအတွက်နှင့်တကွ ပြဆိုခဲ့ပြီ။ ထိုတိုင်းသူ တိုင်းသားတို့သည် စာတတ်မည်ဝေး၍ ရဟန်းသံဃာတော်များကိုကြွရောက်တော်မူလာမှတွေ့မြင်ဖူး ရပေသည်။စာမတတ်ဘဲနှင့်မဂ်ဖိုလ်ရကြသည်မှာ၊ အသင်္ချေယျ၊ အပ္ပမေယျ မရေမတွက်နိုင်ကြောင်းကို ကျမ်းပေါင်းအစောင်စောင်တို့၌ရှိပေသည်။

သုတမယညာဏဂေါစရောစ ယော ပရိယတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ။
(နေတ္တိအဋ္ဌကထာ)

သုတမယညာဏဂေါစရော၊ သုတမယညာဏ်၏ အာရုံဖြစ်သော။ ယောစ ဓမ္မော၊ အကြင်တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ သောဓမ္မော၊ ထိုတရားကို။ ပရိယတ္တိသဒ္ဓမ္မောတိ၊ ပရိယတ္တိသဒ္ဓမ္မဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ ပရိယတ္တိသာသနာဟူ၍ ဆိုအပ်၏။ အဓိပ္ပာယ်လိုရင်းမှာ သုတမယညာဏ်၏ အာရုံကား ပိဋကတ်သုံးပုံ၌ လာသော အာရုံမျိုး၊ အာစရိယ ပရံပရအာရုံမျိုး၊ ပရတော ဃောသ အာရုံမျိုးထိုအာရုံမျိုးကို ပရိယတ္တိသာသနာဟူ၍ ဆိုအပ်ပေသည်။

စိန္တာမယညာဏဂေါစရောစ၊ ယော အာကာရပရိဝိတက္က
ဒိဋ္ဌိနိဇ္ဈာနခန္တိဟိ ဂဟေတဗ္ဗာကာရော ဝိမုတ္တာယတန
ဝိသေသော ပဋိပတ္တိသဒ္ဓမ္မောတိ ဝုစ္စတိ။ (နေတ္တိအဋ္ဌကထာ)

စိန္တာမယညာဏဂေါစရော၊ စိန္တာမယညာဏ်၏အာရုံဖြစ်သော။ အာကာရပရိဝိတက္က ဒိဋ္ဌိ နိဇ္ဈာန ခန္တိဟိ၊ အခြင်းအရာကို ကြံစည်သဖြင့် နှစ်သက်ခြင်း သိမြင်သဖြင့်နှစ်သက်ခြင်း ရှုသဖြင့် နှစ်သက်ခြင်းတို့ဖြင့်။ ဂဟေတဗ္ဗာကာရော၊ ယူအပ်သော အခြင်းအရာရှိသော။ ဝိမုတ္တာယတနဝိသေသော၊ နိဗ္ဗာန်၏အကြောင်းထူးဖြစ်သော။ ယောစ ဓမ္မော၊ အကြင်တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ သော ဓမ္မော၊ ထိုတရားကို။ ပဋိပတ္တိသဒ္ဓမ္မောတိ၊ ပဋိပတ္တိသဒ္ဓမ္မဟူ၍။ ဝါ၊ ပဋိပတ္တိသာသနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပာယ်ကား။** စိန္တာမယညာဏ်၏ အာရုံဆိုသည်မှာ ရုပ်နာမ်တို့၏ အခြင်းအရာသဘောကို တွေးတောကြံစည် ဆင်ခြင်စဉ်းစား၍ နှစ်သက်မြတ်နိုးခြင်း၊ ရုပ် နာမ်တို့ကို တွေးတောကြံစည် ဆင်ခြင်စဉ်းစား၍ သိမြင်လာသောအခါ နှစ်သက်မြတ်နိုးခြင်း၊ ရုပ်နာမ်တို့ကို ပွားများရှုဆင်ခြင်သဖြင့် နှစ်သက် မြတ်နိုးခြင်း၊ မှတ်ယူအပ်သော အခြင်းအရာရှိသော၊ နိဗ္ဗာန်၏ အကြောင်းထူးဖြစ်သော အကြင်တရားသည် ရှိ၏။ ထိုတရားကို ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသာသနာဟူ၍ ဆိုအပ်ပေသည်။

ဝိပဿနာဉာဏာဒိသဟဂတော၊ ဘာဝနာ မယညာဏဂေါစရောစ
ယော ပဋိဝေဓ သဒ္ဓမ္မောတိ ဝုစ္စတိ။ ။(နေတ္တိအဋ္ဌကထာ)

ဝိပဿနာဉာဏာဒိသဟဂတော၊ ဝိပဿနာဉာဏ် အစရှိသည်တို့နှင့် တကွဖြစ်သော။ ဘာဝနာမယညာဏဂေါစရော ဘာဝနာမယညာဏ်၏ အာရုံဖြစ်

သော။ ယောစ ဓမ္မော၊ အကြင်တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ သောဓမ္မော၊ ထိုတရားကို။ ပဋိဝေဓသဒ္ဓမ္မောတိ၊ ပဋိဝေဓသဒ္ဓမ္မဟူ၍။ ဝါ၊ ပဋိဝေဓသာသနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပာယ်ကား။** ။ဝိပဿနာဉာဏ် အစရှိသည်တို့နှင့် တကွဖြစ်သောဟု ဆိုရာ၌ ဝိပဿနာဉာဏ်ဆယ်ပါးတို့၏ သဘောသည် ကိလေသာတို့နှင့် မရောမနှော၊ သန့်ရှင်း စင်ကြယ်သောဉာဏ်ဟု ဆိုလိုသည်။ အာဒိသဒ္ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ယူရမည်ဟု ဆိုလိုသည်။ ဝိပဿနာဘာဝနာ၌ ပွားများအားထုတ်အပ်သော အာရုံ၏ သဘောတရားသည် ရှိ၏။ ထိုသဘောတရားကို ပဋိဝေဓသဒ္ဓမ္မဟူ၍။ ဝါ၊ ပဋိဝေဓသာသနာဟူ၍ ဆိုအပ်ပေသည်။

သုတမယ်၊ စိန္တာဉာဏ်၊ အမှန်မရှုသာ။
ဘာဝနာဉာဏ်၊ ပစ္စုပ္ပန်၊ အမှန်ရှုမှသာ။ (သံခိပ်)

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သုံးရပ်တို့၏ လိုရင်း အကျဉ်းချုပ်မှာ ပိဋကတ်တော်ကို သင်အံလေ့ကျက်ခြင်း၊ တရားနာခြင်း၊ တရားဟောခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ သရုပ် သချ်ာအမည်တို့ကို မသိလျှင် သိအောင် ကြံစည် အောက်မေ့ခြင်း၊ ကမ္မဋ္ဌာန်း လေးဆယ်တို့ကို ရသမျှ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ၃၂-ပါးသော ကောဋ္ဌာသတို့ကို အနုလုံ ပဋိလုံ ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အနိစ္စ-ဒုက္ခ-အနတ္တတို့ကို အသီးအခြားပြုလုပ်၍ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း တို့သည်လည်းကောင်း။ တစ်ဖန် ခန္ဓာ ငါးပါးတို့ကို အနိစ္စ-ဒုက္ခ-အနတ္တသို့တင်၍ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အနိစ္စကောင်-ဒုက္ခ-ကောင်-အနတ္တကောင် ထင်အောင် နှလုံးသွင်းဟူ၍ လည်းကောင်း၊ အနိစ္စတုံး-ဒုက္ခတုံး-အနတ္တတုံး-အသုံးမကျမင်း ဟူ၍ လည်းကောင်း၊ လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာ့ဘုံ အကုန်မှတ်ကြ အနိစ္စ။ ဤသို့ စသည်ဖြင့် ရွတ်ဖတ်ခြင်းသည် ပရိယတ္တိသာသနာ၊ သုတမယဉာဏ်ဟူ၍ မှတ်ယူကြကုန်လော။ ၎င်းသဘော အသိအမြင်မျိုးတို့သည် ကိလေသာမကွာ၊ ငါပါခြင်းကြောင့် မဂ်ဖိုလ်နှင့်မဆိုင် လူကောင်း နတ်ကောင်း အကျိုးတို့ကိုပေးသည်။

ပဋိသမ္ဘိဒါအရာ၌။ ။ဓမ္မပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ ၄-ပါးရှိ၏။ ထို ၄-ပါးတို့တွင် ပါဠိသဘောကို သိခြင်းသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။ အနက်ကို သိခြင်းသည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။ သဒ္ဒါအရာ၌ သိခြင်းသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။

ပြဆိုခဲ့သော ၃-ပါးတို့၏ အပေါင်းကို မတွေ့မဝေ-မကြံမဆ၊ ဝစီဘေဒ-ပြော လိုသောနှုတ်ဝဲ၌ ဒေသနာ၏ အစွမ်းဖြင့် ပေါ်ပေါက် သိမြင်၍လာခြင်းသည် ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်မည်၏။ (၄) ဤကား ပဋိသမ္ဘိဒါ ၄-ပါးတည်း။

ထို ပဋိသမ္ဘိဒါ ၄-ပါးရပုံမှာ ပုဗ္ဗယောဂ၊ ရှေးကာလက ဝိပဿနာ အားထုတ်ခြင်း။ သဝဏ၊ တရားနာခြင်း။ အဓိဂမ၊ မဂ်ကိုရခြင်း။ ပရိပုစ္ဆာ၊ မေးမြန်းခြင်း ဤ ၄-ပါးနှင့်ပြည့်စုံမှ ပဋိသမ္ဘိဒါ ၄-ပါးကို ရနိုင်ကြပေကုန် သည်။ အရိယာဖြစ်တိုင်း မရနိုင်ကြကုန်။ သောတာပန်၊ ရဟန္တာဖြစ်တိုင်း စာမတတ်ကုန်။ ခုဇ္ဇုတ္တရာ၊ အရှင်အာနန္ဒာတို့မှာ ပရိယတ်အရာ၌ ဘုရားရှင်နှင့် ထပ်တူထပ်မျှ ဟောပြတတ်ပေကုန်သည်။ သောတာပန်ဖြစ်လျှင် ဓမ္မပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ ၂-ပါး ရမြဲပေတည်း။ စာမတတ်သော သောတာပန်ကို ဆိုလိုသည်။ သောတာပန်ဖြစ်လျှင် ဟေဝိပဿိကဂုဏ်ထူးနှင့် ပြည့်စုံခြင်းကြောင့် သူတစ်ပါးတို့ကို လွန်စွာသနားခြင်း၊ ကရုဏာရှေ့ထား၍ ဟောကြား ပြသ လိုသောစိတ် ရှိကြပေကုန်သည်။ သဘာဝဓမ္မဖြစ်ပုံမှာ—

> ယာဝ ဗျာတိ နိမ္မိဿတိ၊ ကောဋိလက္ခဏာ တဟိံ ခဏေ၊
> ခန္ဓာဝ ဘိဇ္ဇန္တိ အနိစ္စာ၊ နာမ-တေ တတော။

ယာဝ ယတ္တကေ ခဏေ၊ အကြင်မျှလောက်သောခဏ၌။ ဗျာတိ၊ မျက်စိ ဖွင့်၏။ နိမ္မိဿတိ၊ မျက်စိမှိတ်၏။ တာဝ တတ္တကေ ခဏေ၊ ထို မျက်စိဖွင့်စဉ်၊ မျက်စိမှိတ်စဉ်ခဏ၌။ ကောဋိလက္ခဏာ၊ ကုဋေတစ်သိန်း အတိုင်းအရှည် ရှိကုန် သော။ ခန္ဓာဝ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကြ လေကုန်၏။ တတော၊ ထိုသို့ပျက်လေသောကြောင့်။ တေ၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ အနိစ္စာနာမ၊ အနိစ္စမည်ကြကုန်၏။ ။ဤကား သဘာဝ ဓမ္မဖြစ်ပုံတည်း။ ထိုပါဠိအနက် အဓိပ္ပာယ်တို့ကို တွေးတော ကြံစည်ဆင်ခြင် စဉ်စား၍ အကြင်မျှလောက်သော မျက်စိတစ်ခါမှိတ်၊ မျက်စိတစ်ခါဖွင့်၌ ကုဋေ တစ်သိန်းကုန်သော ရုပ်နာမ်တို့သည် သူ့အလိုလိုပျက်ကြကုန်၏။ထိုသို့သူ့အလိုလို ပျက်ခြင်းကြောင့် အမြဲမရှိခြင်း ဆင်းရဲခြင်း အစိုးမရခြင်းဟု ဟုတ်မှန်သော အတိုင်း သိမြင်သဖြင့် ဤကား မဂ်ဖိုလ်နိဗ္ဗာန်သို့ ပေါက်ရောက်နိုင်သောတရားဟု သဒ္ဓါစိတ်ဖြစ်ပွါး၍ ယုံကြည်ခြင်း၊ မြတ်နိုးခြင်း၊ နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း တို့ကို စိန္တာမယဉာဏ် ပဋိပတ္တိသာသနာဟူ၍ မှတ်ယူကြကုန်လော။ ။ငင်းစိန္တာ မယဉာဏ် ပဋိပတ္တိ အသိအမြင်မျိုး တို့သည် ကိလေသာမကွာ ငါပါခြင်းကြောင့်

မဂ်ဖိုလ်နှင့်မဆိုင် လူကောင်း နတ်ကောင်း အကျိုးကို ပေးသည်။ ယခုကာလ စာတတ်ကြသော ပုဂ္ဂိုလ်တို့သည် စာကိုတရားဟု အထင်ပြု၍ နေကြသည်ကား များပေကုန်၏။

ကေသိဉ္စိ ဟိ အစ္ဆရာက္ခဏေ အနေကာနိ-စိတ္တကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ။ (နိဒါနဝါရအဋ္ဌကထာ)

ဟိသစ္စံ၊ မှန်ပေ၏။ ကေသိဉ္စိ အစ္ဆရာက္ခဏေ၊ လက်ဖျစ်တစ်တွက် ခဏ၌။ အနေကာနိ၊ များစွာကုန်သော။ စိတ္တကောဋိသတသဟဿာနိ၊ ကုဋေတစ်သိန်း ကုန်သော စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြလေကုန်၏။ ။အဓိပ္ပာယ်ကား- လက်ဖျစ်တစ်တွက်၌ များစွာကုန်သော ကုဋေတစ်သိန်းကုန်သော စိတ်တို့သည် ဖြစ်ကြလေကုန်၏ဟု ဆိုရာ၌ ဝိပဿနာ အားထုတ်သော ယောဂီတို့၏ အမြင် မဟုတ်ပေ၊ စိတ်တို့၏ဖြစ်စဉ်-ဘုရားရှင်တို့၏ အမြင်ကို ပြဆိုပေသော အရာ ဖြစ်သည်။ သာဝကတို့နှင့် မဆိုင်ပေ။

န ဟိ ရူပါရူပဓမ္မာနံ အာယုပရိမာနသခါတဿ
ခဏဿ ဝသေန သမ္မသန္နာမ သဗ္ဗညုဗုဒ္ဓါနံ
ဝေ ဝိသယော သိယာ န သာဝကာ။

ဟိသစ္စံ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တို့၏။ အာယုပရိမာနသခါတဿ၊ အသက် အတိုင်း အရှည်ဟု ဆိုအပ်သော။ ခဏဿ၊ ဥပါဒ် ဌီ ဘင်ဟူသော စိတ္တက္ခဏတစ်ချက်၏။ ဝသေန၊ အစွမ်းဖြင့်။ သမ္မသန္နာမ၊ သုံးသပ်ခြင်း မည်သည်။ သဗ္ဗညုဗုဒ္ဓါနံဝေ၊ မြတ်စွာဘုရားရှင်တို့၏သာလျှင်။ ဝိသယော၊ အရာတော်သည်။ သိယာ၊ ဖြစ်ရာ၏။ သာဝကာနံ၊ တပည့်သာဝကတို့၏။ ဝိသယော၊ အရာသည်။ နသိယာ၊ မဖြစ်နိုင်ရာ။

**အဓိပ္ပာယ်ကား။** ။ထိုစကားသည် မှန်၏။ ရုပ် နာမ် ဓမ္မ သဘာဝ တို့၏ အသက်အတိုင်းအရှည်ဟု ဆိုအပ်သော စိတ္တက္ခဏ တစ်ချက် ဖြစ်တိုင်း ဖြစ်တိုင်း စိတ္တက္ခဏ၏အစွမ်းဖြင့် မျက်စိတစ်မှိတ်၌ ကုဋေတစ်သိန်းတိုင်အောင် ဖြစ်ပျက်မှုကို သုံးသပ်ခြင်း ရှုမြင်ခြင်းတို့သည် မြတ်စွာဘုရားတို့၏ အရာတော်ဖြစ်ပေသည်။ တပည့်သား သာဝကတို့၏ အရာမဟုတ်ပေဟု ယုံကြည်သင့်လှပေသည်။ အချို့ သောပုဂ္ဂိုလ်တို့က မျက်စိတစ်မှိတ်၌ ကုဋေတစ်သိန်းဖြစ်ပျက်သည်ကို သိမြင်နိုင်မှ

ဝိပဿနာဖြစ်သည်ဟု အယူရှိကြပေသည်။ ၎င်းကို သိမြင်မှ မဂ်ဖိုလ်ကိုရမည် ဆိုပါလျှင် ဘုရားရှင်မှတစ်ပါး အခြားသော တပည့်သား သာဝကတို့ကို မဂ်ဖိုလ်သို့ မရောက် မရနိုင်ဟု ဆိုရာရောက်တော့ပေသည်။

အတီတံ နုဓာဝန် စိတ္တံ ဝိက္ခေပါ နုပတိတံ၊ တံ ဝိဝဇ္ဇယိတွာ၊
ကေဋ္ဌာနေ သမာဒဟတိ၊ ဧဝံ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။
အနာဂတံ ပဋိကင်္ခံ စိတ္တံ ဝိကမ္ပိတံ ဝိဝဇ္ဇယိတွာ၊
တတ္ထေဝ အဓိမောစေတိ၊ ဧဝံပိ စိတ္တံ န ဝိက္ခေပံ ဂစ္ဆတိ။

အတီတံနုဓာဝန်၊ အတိတ်၌ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါ နုပတိတံ၊ပျံ့လွင့်ရာသို့ ကျရောက်လေ၏။ တံ၊ ထိုအတိတ်ကာလကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ရှောင်၍။ ကေဋ္ဌာနေ၊ ပစ္စုပ္ပန်တစ်နေရာတည်း၌။ ဝါ။ ပစ္စုပ္ပန်တစ်ခုတည်း၌။ သမာဒဟတိ၊ တည်ထား၏။ ဝါ၊ တည်နေရ၏။ ဧဝံပိ၊ ဤသို့လည်း။ စိတ္တံ၊ ပစ္စုပ္ပန်၌တည်သောစိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတံ ပဋိကင်္ခံ၊ အနာဂတ်ကိုအလိုရှိသော။ စိတ္တံ၊ စိတ်သည်။ ဝိကမ္ပိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ်ကာလကို။ ဝိဝဇ္ဇယိတွာ၊ ကြဉ်ရှောင်၍။ တတ္ထေဝ၊ ထိုပစ္စုပ္ပန် တစ်ချက်၌သာလျှင်။ အဓိမောစေတိ၊ နှလုံးသွင်းရ၏။ ဧဝံပိ၊ ဤသို့လည်း။ စိတ္တံ၊ ပစ္စုပ္ပန်၌မှတ်သော စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်နိုင်ပါ။ ဝိပဿနာ ရှုမှတ်ရာ၌ အတိတ် အနာဂတ်ကို မလိုက်ရ။

မြတ်စွာဘုရားသည် နတ်တို့ကို နာမ်ရုပ်တရားနှစ်ပါး ဟောကြားရာ၌ မသိမမြင်ကြ၍ အဘိဓမ္မာဟောပြောရာ အကြားအကြား၌ သုတ္တန်ကိုထည့်သွင်း၍ နားလည်အောင် ဟောပြောရပေသတည်း။ ဟောဟန်ကား-

မာတရံ ကာယသက္ခိကတွာ၊ အဘိဓမ္မာကထံ ကထေန္တော။
ဂမ္ဘီရံ နိပုဏံ တိလက္ခဏာဝဟတံ၊ ရူပါ ရူပပရိစ္ဆေဒံ။
တံ ပဋိဝိဇ္ဈိတုံ အသက္ကောန္တော။ ဒေဝတာနံ သံဝေဂ ဇနနံ နတ္ထိ
အန္တရန္တရာ ဘဒ္ဒေကရတ္တဿ ဥဒ္ဒေသဥ္စ ဝိဘင်္ဂဥ္စ အဒေသိ။
(ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်)

မာတရံ၊ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို။ ကာယသက္ခိကတွာ၊ မယ်တော် နတ်သားကို သက်သေပြု၍။ အဘိဓမ္မာကထံ၊ အဘိဓမ္မာ တရားကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ ဂမ္ဘီရံ၊ နက်နဲသော။ နိပုဏံ၊ နူးညံ့သိမ်မွေ့သော။တိလက္ခဏာဝဟတံ၊ သုံးပါးသောလက္ခဏာရေးကို ဆောင်သော။

ရူပါရူပပရိစ္ဆေဒံ၊ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသော။ တံ၊ ထိုအဘိဓမ္မာဒေသနာကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍သိမြင်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်ကြသည်ဖြစ်၍။ ဒေဝတာနံ၊ နတ်တို့အား။ သံဝေဂဇနနံ၊ ထိတ်လန့်ခြင်း၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ အန္တရန္တရာ၊ အဘိဓမ္မာ၏ အကြားအကြား၌။ ဘဒ္ဒေကရတ္တဿ၊ ဘဒ္ဒေကရတ္တိသုတ်၏။ ဥဒ္ဒေသဉ္စ၊ ဥဒ္ဒေသကိုလည်းကောင်း။ ဝိဘင်္ဂဉ္စ၊ ဝေဖန်ခြင်းကို လည်းကောင်း။ အဒေသိ၊ ဟောတော်မူလေ၏။ ဟောဟန်ကား—

> အတီတံ နန္ဝာဂမေယျ၊ န ပဋိကင်္ခေ အနာဂတံ။
> ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
>
> (ဥပရိပဏ္ဏာသဘဒ္ဒေကရတ္တိသုတ်)

ဝိဒ္ဒါ၊ ပညာရှိသောသူသည်။ အတီတံ၊ လွန်လေပြီးသော ရုပ်နာမ်ကို။ နန္ဝာဂမေယျ၊ လိုက်၍မမှတ်မရှုရာ။ အနာဂတံ၊ မဖြစ်မပေါ် လာသေးသော ရုပ်နာမ်ကို။ နပဋိကင်္ခေ၊ အလိုမရှိရာ။ အတီတံ၊ လွန်လေပြီးသော။ ယံဓမ္မံ၊ အကြင်ရုပ်နာမ် တရားသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုရုပ်နာမ်တရားသည်။ ပဟီနံ၊ ကွယ်ပျောက်ပြီ။ အနာဂတံ၊ မဖြစ်သေးသော အကြင်ရုပ်နာမ်တရားသည်။ အတ္ထိ၊ ရှိ၏။ တံဓမ္မံ၊ ထိုရုပ်နာမ် တရားသည်။ အပ္ပတ္တဉ္စ၊ မိမိမျက်မှောက်ရောက်လည်း မရောက်လာသေး။

**အဓိပ္ပာယ်ကား**။ ။ပညာရှိသော ယောဂီ ပုဂ္ဂိုလ်သည် လွန်လေပြီးသောရုပ်နာမ်ကို လိုက်၍မမှတ်မရှုရာ။ မဖြစ်ပေါ်လာသေးသော ရုပ်နာမ်ကို အစဉ်လိုက်၍ အလိုမရှိရ မမှတ်ရ။ အကြင်ရုပ်နာမ်တရားသည်ရှိ၏။ ထိုရုပ်နာမ်တရားသည် ကွယ်ပျောက်လေပြီ။ မဖြစ်မပေါ်လာသေးသော ရုပ်နာမ်တရားတို့သည် မိမိမျက်မှောက်၌ ထင်ရှားစွာ မရောက် မရှိခြင်းကြောင့် မရှုမမှတ်အပ်ပေ၊ ရှုမှတ်အပ်သော တရားကား—

> ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
> အသံဟီရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။ (၎င်းပါဠိ) (၂)

တတ္ထ တတ္ထ ခဏေ၊ ထိုထိုသို့သော ခဏ၌။ ပစ္စုပ္ပန္နံ၊ မြင်ဆဲ ကြားဆဲစသော။ ယဉ္စဓမ္မံ၊ အကြင် ရုပ်နာမ် တရား နှစ်ပါးကို။ ဝိပဿတိ၊ ထင်မြင်အောင် ရှုမှတ်

အပ်၏။ တံမဲ့၊ ထိုရုပ်နာမ်တရား နှစ်ပါးကို။ အသံ့ဟီရံ၊ မပြောင်းမရွှေ့ခင်။ အသက်ပွံ၊ မပျောက်မပျက်ခင်။ ဝိဒ္ဒါ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ အနုပြုဟယေ၊ ထင်မြင်အောင် ရှုမှတ်အပ်၏။

အဓိပ္ပါယ်ကား။ ။ထိုထိုခဏဆိုသည်မှာ မြင်ဆဲခဏပစ္စုပ္ပန်၊ ကြားဆဲခဏပစ္စုပ္ပန် စသည်ကိုဆိုသည်။ နာမ်ရုပ်ဆိုသည်မှာ မြင်ဆဲခဏ၌-အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ ကြားဆဲခဏ၌ အသံရုပ်နှင့် မှတ်တဲ့စိတ် စသည်ကို နာမ်ရုပ်တရားနှစ်ပါးဟုဆိုသည်။ ၎င်းနာမ်ရုပ်နှစ်ပါးကို မပြောင်းမရွှေ့ခင် မပျောက်မပျက်ခင် ပညာရှိသော ယောဂီပုဂ္ဂိုလ်သည် ထင်အောင်-မြင်အောင် သတိဖြင့် စွဲမြဲစေ၍ ရှုမှတ်ပွားများလိုက်ကြဟု မြတ်စွာဘုရားဟောကြားတော် မူသည်ကို သောက်၍ ပညာရှိတို့သည် သတိရကြကုန်လော၊အတိတ်အနာဂတ်ကို ရှောင်ကြဉ်၍ မြင်ဆဲခဏ-ကြားဆဲခဏစသော ပစ္စုပ္ပန်တစ်ချက်ကိုသာ ရှုမှတ်ကြလေ။

အဇ္ဇေဝ ကိစ္စံ အာတပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရန္တေန၊ မဟာသေနေန မစ္စုနာ။ (၎င်းပါဠိ) (၃)

အဇ္ဇေဝ၊ ယနေ့ညဥ့်ပင်လျှင်။ အာတပံ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လကို။ ကိစ္စံကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေရခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိမြင်နိုင်ပါအံ့နည်း။ ဟိသစ္စံ၊ မှန်ပါ၏။ မဟာသေနေန၊ များစွာသော စစ်သည်ဗိုလ်ပါ ၉၆-ဖြာ ဝေဒနာရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။သင်္ဂရံ၊အချိန်းအချက်နေ့ရက်သည်။ နတ္ထိ ၊ မရှိ။

၎င်းပါဠိ၌အချို့က အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံဟု ရွတ်ကြသည် မသင့်မမှန်ချေ။ အာတပံကား ကံ။ ကိစ္စံကား ကြိယာဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာ၌။

အာတပ္ပန္တိ ကိလေသာနံ အာတပန ပရိတာပနေန
အာတပန္တိ လဒ္ဓနာမံ ဝီရိယံ၊ ကိစ္စန္တိ ကာတဗ္ဗံ။

ဟုလာသည်။ အချို့က ကာတဗ္ဗံပုဒ်ဟု ထင်မှတ်ကြ၍ ကိစ္စံကို ကံပြု၍။ ကိစ္စံ၊ ဒါနသီလစသောကောင်းမှုကို။ကာတဗ္ဗံ၊ ပြုအပ်၏ဟု အနက်ပေးကြသည်။ မသင့်ချေ။

အချို့က အာတပံပုဒ်ကို။ ကိစ္စံ၊အသုဘမရဏာနုဿတိစသော ကုသိုလ်ကို။အာတပံ၊အဆောတလျင်ပြုအပ်၏ဟုအနက်ပေးကြသည်၊မသင့်ချေ။ အဇ္ဇေဝ

ကိစ္စ အာတပဟူရှုတ်၊ သုံးခုမြောက် ဟောတော်မူသည်။ ၎င်းပါဠိ အဓိပ္ပာယ်မှာ- ဝိပဿနာဉာဏ်ဖြင့် ကိလေသာကို ပူပန်စေတတ်သော ကြိုးစားသော အာတာပီ၊ အာရဒ္ဓဝီရိယ၊ မပြတ်မလတ်သော လုံ့လပြု၍ ယနေ့ညဉ့်အတွင်း ဆောဆော လျင်လျင် မဂ်ဖိုလ်ကိစ္စပြီးစီးအောင် အားထုတ်ရမည်ဟု ဟောတော်မူသော ဂါထာဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ချီးမွမ်းတော်မူသည်မှာ—

ဧဝံ ဝိဟာရိ အာတာပိ၊ အဟောရတ္တ မတန္ဒိတံ။

တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။ (၄)

ဧဝံ၊ ဤသို့။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍။ ဝိဟာရိ၊ နေလေ့ရှိသော။ အဟောရတ္တံ၊ တစ်ညဉ့်ပတ်လုံး။ အတန္ဒိတံ၊ မပျင်းမရိသော။ တံ၊ ထိုသူကို။ ဝေ၊ စင်စစ်အမှန်။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသောညဉ့် ရှိသောသူဟူ၍။ သန္တော၊ ငြိမ်းအေးတော်မူသော။ မုနိ၊ မြတ်စွာဘုရားသည်။ အာစိက္ခတေ၊ ဟောတော်မူ၏။

၎င်းဂါထာ၌ အဟောရတ္တံ ။လ။ ဘဒ္ဒေကရတ္တောတိ၊ ဟူသောပါဠိ၌ အဟောရတ္တံကား ညဉ့်ကိုဟောသောပါဠိ ဖြစ်ပေသည်။ ဘဒ္ဒေကရတ္တောတိ ဟူသော ပါဠိ၌ ရတ္တောတိကား ညဉ့်ကို ဟောသောပါဠိ ဖြစ်ပေသည်။ အဟောရတ္တံ၊ တစ်ညဉ့်ပတ်လုံး ။လ။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသောညဉ့် ရှိသောသူဟူ၍ အနက်ရရှိပေသည်။ အချို့ဆရာများက အဟောရတ္တံ၊ နေ့ညဉ့် ပတ်လုံး။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသောညဉ့် ရှိသောသူဟူ၍ အနက်ပေး ကြသည်ကား အထူးသတိပြုကြကုန်လော့။ တရားမှာ အနက်လွဲ၍ အကျင့်လွဲက ငရဲ၌ပုံသေ၊ ဆေးကျမ်းမှာ ဆေးလွဲက သေရမည်ပုံသေ သိမြင်ကြစေကုန်လော့။

(၁၅) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်နှင့် ကာလ သုံးပါးကို ထင်ရှားစွာ ပြဆိုခြင်းပြီး၏။

## (၁၆) ခြောက်ဒွါရ၊ ခြောက်အာရုံက ကိလေသာဝင်ပုံကို ပါဠိတော် အစုံနှင့် ဝိတ္ထာရလာပုံကို ပြဆိုခြင်း။

သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ၊ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊

ကတ္ထ နိဝိသမာနာ နိဝိသတိ။ (သတိပဋ္ဌာန်ပါဠိတော်)

ဣဒံ သော တဏှာ၊ ဤတဏှာသည်ကား။ သေယျထာကတမာ၊ အဘယ် နည်း။ ကာမတဏှာ၊ ကာမဘုံ၌ တပ်တတ်သော တဏှာလည်းကောင်း။ ဘဝ

တဏှာ၊ ရူပဘုံ အရူပဘုံ၌ တပ်တတ်သောတဏှာ လည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ လည်းကောင်း။ ဣတိသော၊ ဤတဏှာ သုံးပါးပင်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ သာခေါ်ပနေသာတဏှာ၊ ထိုတဏှာ သည်။ ကတ္ထ၊အဘယ်အာရုံ၌။ဥပ္ပဇ္ဇမာနာ၊ဖြစ်သည်ဖြစ်၍။ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ နိဝိသမာနာ၊ တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်သနည်း။

စက္ခု လောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ
ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ (သတိပဋ္ဌာန်ပါဠိတော်)

လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ စက္ခု၊ မျက်စိသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ် သောသဘောရှိသော အာရုံတည်း။ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သောအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော အာရုံ၌။ နိဝိသမာနာ၊ အဖန်တလဲလဲ တည်သည်ဖြစ်၍။ နိဝိသတိ၊ အဖန်တလဲလဲတည်လေ၏။

အကြွင်းငါးပါးနည်းတူ။ရူပံ လောကေ။လ။ဓမ္မာ လောကေ၊နည်းတူ။ စက္ခုဝိညာဏံ လောကေ ။လ။ မနောဝိညာဏံ လောကေ။ နည်းတူ။

စက္ခုသမ္ဖဿော လောကေ။လ။မနောသမ္ဖဿော လောကေ။ နည်းတူ။ စက္ခုသမ္ဖဿဇာဝေဒနာ လောကေ ။လ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ နည်းတူ။

မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါဝိယ။
သော ပလဝတီ ဟုရာဟုရံ၊ ဖလမိစ္ဆံ ဝ ဝနသ္မိံ ဝါနရော။ (ဓမ္မပဒ)

ပမတ္တစာရိနော၊ မေ့မေ့လျော့လျော့ နေလေ့ရှိသော။ မနုဇဿ၊ သတ္တဝါအား။ တဏှာ၊ ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်လာသော တဏှာ သည်။ မာလုဝါဝိယ၊ မာလောနွယ်ကဲ့သို့။ ဝဍ္ဎတိ၊ ပွားလေများလေ၏။ သော၊ ထိုသူသည်။ ဝနသ္မိံ၊ တောကြီးထဲ၌။ ဖလံ၊ သစ်သီးကို။ ဣစ္ဆံ ဣစ္ဆန္တော၊ အလို ရှိသော။ ဝါနရော ဣဝ၊ မျောက်ကဲ့သို့။ ဟုရာဟုရံ၊ ဤဘဝမှ ထိုဘဝသို့။ ပလဝတိ၊ ပြေးရ လွှားရ သွားရလေ၏။

အဓိပ္ပာယ်ကား။ ။တရားတော်ကို မေ့မေ့ လျော့လျော့ နေသော သူအား ခြောက်ပါးသော တဏှာသည် ခြောက်ပါးသော အာရုံ၌ ကျရောက် လေ၏။ သစ်ပင်ရှိရာသို့ အစဉ်လိုက်၍ နွယ်ခြင်း ရစ်ပတ်ခြင်းကိုပြုသော မာလော

နွယ်ကဲ့သို့၊ တဏှာသည် ခြောက်ဒွါရ ခြောက်အာရုံ၌ ရစ်ပတ်ခြင်းကိုပြု၍ ပွားလေများလေ ရှည်လေ၏။ တောကြီးထဲ၌ သစ်သီးကိုအလိုရှိ၍ ဤသစ်ပင်မှ ထိုသစ်ပင်သို့ ဤတောမှ ထိုတောသို့၊ သွားသော မျောက်ကဲ့သို့။ ဤဘဝမှ ထိုဘဝသို့၊ နတ်ဗြဟ္မာဘဝမှ လူ့ဘဝသို့၊ လူ့ဘဝမှ အပါယ်လေးပါးဘဝသို့ ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ ပြောင်းရ ရွှေ့ရ လွှဲရသည်ကို ပြေးသည် လွှားသည်ဟု ဆိုရပေသည်။

ယေ ရာဂရတ္တာ နုပတန္တိ သောတံ သယံကတံ
မက္ကဋကောဝ ဇာလံ တေမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
နပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။ (ဓမ္မပဒပါဠိတော်)

ယေ၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ ရာဂရတ္တာ၊ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်လာသော တဏှာတို့ကို တပ်မက်နှစ်သက်ကြလေကုန်၏။ တေ၊ မည်သူမဆို ထိုပုဂ္ဂိုလ်တို့သည်။ မက္ကဋကော၊ အိမ်ကိုလုပ်ဆောင်ပင့်ကူကောင်သည်။ သယံကတံ၊ စိမ်ကြိုးကုတ် မိမိပြုလုပ်၍ထားသော။ ဇာလံ၊ ပိုက်ကွန်နှိုင်းချိန် ပင့်ကူအိမ်သို့။ အနုပတတိဣဝ၊ အဖန်တလဲလဲ ကျသကဲ့သို့။ ဝါ၊ ဖမ်းယူကိုက်စား-မျို၍သွားသကဲ့သို့။ ဝေံတထာ၊ ထိုနည်းတူစွာဥပမာဖြင့်။ သယံကတံ၊ စိမ်ကြိုးကုတ် မိမိပြုလုပ်၍ထားသော။ သောတံ၊ ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်လာသော တဏှာ၏ အယဉ်တို့သည်။ အနုပတန္တိ၊ အဖန်တလဲလဲ ကျရောက်လေကုန်၏။ ဝါ၊ ဖမ်းယူကိုက်စားမျို၍သွားလေကုန်၏။ ဓီရာ၊ ပညာရှိအပေါင်း သူတော်ကောင်းတို့သည်။ တေမ္ပိ၊ ဤခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်လာသော တဏှာ၏အယဉ်တို့ကိုလည်း။ ဆေတွာန၊ မြင် မြင်သည် စသည်ဖြင့်ဖြတ်၍။ ဝါ၊ မှတ်၍။ အနပေက္ခိနော၊ ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍။ သဗ္ဗဒုက္ခံ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းကို။ ပဟာယ၊ ပယ်ခွါ၍။ ဝဇန္တိ၊ သွားကြလေကုန်၏။

**အဓိပ္ပာယ်ကား။** ။အကြင်သူတို့သည် ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်လာသော တဏှာတို့ကို သာယာနှစ်သက်ကြလေကုန်၏။ ထိုသာယာနှစ်သက်သောသူတို့သည် ပင့်ကူကောင်ကြီးသည် မိမိစိမ်ကြိုးကုတ် ပြုလုပ်၍ထားသော ပင့်ကူအိမ်ကြီးသို့ ထိလာ ငြိလာ မိလာသော ပိုးကောင်အမျိုးမျိုးတို့ကို ဖမ်းယူကိုက်စား မျို၍သွားသကဲ့သို့ ထိုနည်းတူစွာ ဥပမာဖြင့် ပင့်ကူနှင့်

တူသောစိတ်သည် ပင့်ကူအိမ်ကြီးနှင့် တူလှစွာသော မိမိ စီမံကြိုးကုတ်ပြုလုပ်၍ ထားသော ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်လာသော တဏှာတို့၏ တည်နေပုံမှာ။

ရူပတဏှာ၏ တည်နေရာသည် အဆင်း၊ သဒ္ဒတဏှာ၏ တည်နေရာသည် အသံ၊ ဂန္ဓတဏှာ၏ တည်နေရာသည် အနံ့၊ ရသတဏှာ၏ တည်နေရာသည် အရသာ၊ ဖောဋ္ဌဗ္ဗတဏှာ၏ တည်နေရာသည် အတွေ့၊ ဓမ္မတဏှာ၏ တည်နေရာ သည် သဘော၊ တဏှာခြောက်ပါး၏ တည်နေရာကို အမြဲအစွဲ မှတ်သားကြ၍ ရူပတဏှာသည် အဆင်း၌တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့်တူသောစိတ် သည် စက္ခုဒွါရ တံခါးပေါက်ကထွက်၍ ဖမ်းယူကိုက်စား မျို၍သွားလေ၏။ သဒ္ဒတဏှာသည် အသံ၌တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့်တူသောစိတ် သည် သောတဒွါရ တံခါးပေါက်ကထွက်၍ ဖမ်းယူကိုက်စား မျို၍သွားလေ၏။

ဂန္ဓတဏှာသည် အနံ့၌တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့်တူသော စိတ်သည် ဃာနဒွါရ တံခါးကထွက်၍ ဖမ်းယူကိုက်စား မျို၍သွားလေ၏။ ရသာတဏှာသည် အရသာ၌တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့်တူသော စိတ်သည် ဇိဝှါဒွါရတံခါးပေါက်ကထွက်၍ ဖမ်းယူကိုက်စား မျို၍သွားလေ၏။ ဖောဋ္ဌဗ္ဗတဏှာသည် အထိ၌ တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့်တူသော စိတ်သည် ကာယဒွါရ တံခါးပေါက်ကထွက်၍ ဖမ်းယူကိုက်စား မျို၍သွားလေ ၏။ ဓမ္မတဏှာသည် အသိသဘော၌တည်၍ ကပ်ငြိလေသော် ပင့်ကူကောင်နှင့် တူသောစိတ်သည် မနောဒွါရ တံခါးပေါက်က ထွက်၍ ဖမ်းယူကိုက်စားမျို၍ သွားလေ၏။

တံခါးခြောက်ပေါက်ကို အစွဲပြု၍ စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ် စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ် စိတ်ဟု ခြောက်ပါးပြဆိုရသတည်၊ သဘောအားဖြင့်ကား စက္ခုဝိညာဏ်သည် စိတ်မှာဆုံးသည်။လ။မနောဝိညာဏ်သည် စိတ်မှာဆုံးသည်၍သို့စိတ်မှာဆုံးသည် ကိုထောက်၍ စိတ်တစ်ခုကိုသာ မှတ်ယူသင့်လှပေကုန်သည်၊ စိတ်ခြောက်ခုမယူသင့် ပေကုန်၊ ဝိမုတ္တိသဘောကိုလည်း သိမြင်ကြစေကုန်လော့။

စိတ်သည် ဟဒယဝတ္ထုရုပ်ကိုမှီတွယ်၍ စက္ခုစသော တံခါးပေါက်တို့၌ မျောက်ကဲ့သို့ လှည့်လည်ကျက်စားပျော်မါး၍ နေပုံကို သိမြင်စေခြင်းငှါ။

မက္ကဋ္ဌော ပဉ္စဒွါရာယံ ကုဋ္ဌိကာယံ ပသက္ကိယ ဒွါရေ
နာနုစရိယေတိ၊ ဃဋ္ဌယန္တော မုဟုံ မုဟုံ ထေ ဂဏှထ
ဝါရေထ မက္ကဋ္ဌံ ကုဋ္ဌိသံာယိနံ ယောနေတံ ဂဏ္ဍိတုံ သက္ကာ
သော ဒုက္ခာ န ပမုစ္စတိ။ ထေ ဂဏှထ ဝါရေထ မက္ကဋ္ဌံ
ဒွါရစာရိနံ ယောစေတံ ဂဏ္ဍိတုံ သက္ကာ သော သုခါ န ဝိဟာယတိ။

မက္ကဋ္ဌော၊ မျောက်တည်းဟူသောစိတ်သည်။ ပဉ္စဒွါရာယံ၊ တံခါးငါးပေါက်ရှိသော။ ကုဋ္ဌိကာယံ၊ ကုဋ္ဌိပမာ ခန္ဓာအိမ်သာ၌။ ပသက္ကိယ၊ ခိုဝင်မှီအောင်း၍။ မုဟုံ မုဟုံ၊ အဖန်တလဲလဲ။ ဃဋ္ဌယန္တော၊ ခန္ဓာငါးပါး အာရုံခြောက်ပါးနှင့် ထိစပ်ပျော်ပါးလျက်။ ဒွါရေနု၊ တံခါးခြောက်ပေါက်ဖြင့်။ အနုစရိယေတိ၊ လှည့်လည်ပျော်ပါး ကျက်စား၍နေလေ၏။ကုဋ္ဌိသာယိနံ၊ကုဋ္ဌိပမာခန္ဓာအိမ်သာ၌ အိပ်၍နေသော။ မက္ကဋ္ဌံ၊ မျောက်တည်းဟူသောစိတ်ကို။ ထေ၊လာကြကုန်လော၊ ဂဏှထ၊ ဖမ်းယူကြပါကုန်လော။ ဝါရေထ၊ တားမြစ်ကြပါကုန်လော။ ယော၊ အကြင်သူသည်။ တေံ၊ ဤစိတ်ကို။ ဂဏ္ဍိတုံ၊ ဖမ်းယူခြင်းငှါ။ နသက္ကာ၊ မတတ်မ နိုင်ကြ။ သော၊ ထိုသူသည်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲအပေါင်းမှ။ နပမုစ္စတိ၊ မလွတ် မကျွတ်နိုင်။ ဒွါရစာရိနံ၊တံခါးခြောက်ပေါက်၌ လှည့်လည်ပျော်ပါး ကျက်စား၍နေသော။ မက္ကဋ္ဌံ၊ မျောက်တည်းဟူသောစိတ်ကို။ ထေ၊ လာကြပါကုန်လော။ ဂဏှထ၊ ဖမ်းယူကြပါကုန်လော။ ဝါရေထ၊ တားမြစ်ကြပါကုန်လော။ ယောစ၊ အကြင်သူသည်လည်း။ တေံ၊ ဤစိတ်ကို။ ဂဏ္ဍိတုံ၊ ဖမ်းယူခြင်းငှာ။ သက္ကာ၊ တတ်နိုင်၏။ သော၊ ထိုသူသည်။ သုခါ၊ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ချမ်းသာမှ။ နဝိဟာယတိ၊ မစွန့်မခွါနိုင်ပေ။ အဓိပ္ပာယ်ကားလွယ်၏။

ဤစိတ်ကို မသိမမိသမျှ ကာလပတ်လုံး သုံးဆယ့်တစ်ဘုံတွင်းက မလွတ်မကင်း၍ ပဋိစ္စသမုပ္ပါဒ်စက်တွင်းသို့ ဝင်ရောက်ရပြန်လေသည်။ ထိုပဋိစ္စသမုပ္ပါဒ်စက်ကို အရှင်အာနန္ဒာက ဘုန်းတော်ကြီးတော်မူလှသော အရှင်ဘုရား ပဋိစ္စသမုပ္ပါဒ်ဟူသော တရားသည် ခက်ခဲနက်နဲခြင်းမရှိဟူ၍ ထင်မှတ်ကြောင်းကို လျှောက်ကြားလေသော်—

မာဟေဝံ အာနန္ဒ အဝစ ဂမ္ဘီရောစာယံ အာနန္ဒ
ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရောဘာသောစ ဧတဿ အာနန္ဒ ဓမ္မဿ
အညာဏာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာ
ကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇဘူတာ အပါယံ
ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဧဝံ၊ ဤသို့။ ဟိ၊ စင်စစ်။ မာအဝစ၊ မနက်နဲ တိမ်တိမ်ပဲဟူသောစကားကို မဆိုလေလင့်။ အယံပဋိစ္စသမုပ္ပါဒေါ၊ ဤ ပဋိစ္စသမုပ္ပါဒ် တရားသည်။ ဂမ္ဘီရောစ၊ နက်လည်းနက်နဲ၏။ ဂမ္ဘီရော ဘာသောစ၊ နက်နဲသော အရောင်အဆင်းလည်း ရှိ၏။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဧတဿဓမ္မဿ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားကို။ ယာဝ၊အကြင်မျှလောက်။ အယံပဇာ၊ ဤသတ္တဝါအပေါင်းသည်။ အညာဏာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်သည်ကို မသိမမြင်ကြ။ အနနုဗောဓာ၊ အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်သည်ဟု မသိမမြင်ကြ။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိမမြင်နိုင်ကြ။ တာဝ၊ ထိုမျှလောက်။ တန္တာကုလကဇာတာ၊ ကြွက်ကိုက်သော ရက်ကန်းထွေးကဲ့သို့ ရှုပ်ထွေး၍နေကြလေ၏။ ကုလဂဏ္ဍိကဇာတာ၊ ချည်ဝင်အူပေါက်ကဲ့သို့ ရှုပ်ထွေး၍နေကြလေ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ပတော်ညိုမြက်ကြိုးဆွေး, ဆင်ငိုမြက်ကြိုးဆွေး ကဲ့သို့ ရှုပ်ထွေး၍ နေကြလေ၏။ အပါယံ၊ ချမ်းသာကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရောက်ရာ ဖြစ်သော။ သံသာရံ၊ သံသာရာဟူသော ပဋိစ္စသမုပ္ပါဒ်ကို။ နာတိဝတ္တတိ၊ မလွန်နိုင် မလွတ်နိုင်ကြချေ။

အဓိပ္ပာယ်ကား။ ။ချစ်သားအာနန္ဒာ ဤသို့စင်စစ် မနက်နဲ တိမ်တိမ်ပဲ ဟူသောစကားကို မဆိုလေလင့် အကြင်ပဋိစ္စသမုပ္ပါဒ်တရားသည် လေးသင်္ချေ နှင့်ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ကျင့်မှ ရသောတရားဖြစ်၍ နက်လည်း နက်နဲပေ၏၊ နက်နဲခက်ခဲသော အရောင် အဆင်းလည်းရှိပေ၏။ ချစ်သား အာနန္ဒာ ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို အကြင်မျှလောက် သတ္တဝါအပေါင်း တို့သည် အဝိဇ္ဇာဖြစ်ခြင်းကြောင့် ကုသိုလ် အကုသိုလ်သင်္ခါရ ဖြစ်သည်ကို မသိ မမြင်ကြ၊ အဝိဇ္ဇာချုပ်လျှင် ကုသိုလ် အကုသိုလ်သင်္ခါရချုပ်သည်ဟု မသိမမြင် ကြ၊ ထိုးထွင်း၍ အသိအလိမ္မာဉာဏ်ပညာ ဝိဇ္ဇာဉာဏ် မရသမျှ ကာလပတ်လုံး ဘဝသံသရာဟူသော ပဋိစ္စသမုပ္ပါဒ် စက်တွင်းက လွတ်ကင်း ထွက်မြောက်ဖို့ရန် အစရှာ၍ မတွေ့မမြင်ပုံမှာ—

ကြွက်ကိုက်သော ရက်ကန်းထွေးကဲ့သို့ အစရှာ၍မရနိုင်ကြ၊ ချည်ဝင်အူ ပေါက်ကဲ့သို့ အစရှာ၍ မရနိုင်ကြ၊ ပတော်ညိုမြက်ကြိုးဆွေး ဆင်ငိုမြက်ကြိုးဆွေး ကဲ့သို့ အစရှာ၍ မရနိုင်ကြ။ ဘဝသံသရာဟူသောပဋိစ္စသမုပ္ပါဒ်စက်ကို အစရှာ၍ မရသည်ရှိသော် ချမ်းသာကင်းသော မကောင်းသူတို့၏ လားရာဖြစ်သော

ပျက်စီး၍ကျရောက်ရာဖြစ်သော ဘဝသံသရာဟူသော ပင်္ဂလွှစွာသမုပ္ပါဒ်စက်တွင်းက လွတ်ကင်းထွက်မြောက်ရာ မမြင်နိုင်ပေဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ
အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ
သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

ဘိက္ခဝေ၊ ချစ်သားတို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂသစ္စာ ဤ ၄-ဖြာတို့ကို။အနနုဗောဓာ၊ မသိမမြင်နိုင်ခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ထိုးထွင်း၍ မသိမမြင်နိုင်သောကြောင့်။ မမဉ္စေဝ၊ သင်တို့ဆရာ ငါဘုရားသည်လည်းကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည် လည်းကောင်း။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤဘဝကမ္ဘာ သံသရာအဆက်ဆက် ကာလပတ်လုံး။ သန္ဓာဝိတံ သံသရိတံ၊ ဘုံသုံးပါး၌ တပြောင်းပြန်ပြန် အမှန် ကျင်လည်ခဲ့ကြရလေပြီ။ အဓိပ္ပာယ်ကား သိသာလေပြီ။

ယခုအခါ၌ ဒါနကို ၅၀၀-၁၀၀၀-ကုန် ပြုနိုင်ကြပေသည်၊ သီလကို နေ့ ရက် များစွာ ဆောက်တည်နိုင်ကြပေကုန်သည်။ ပိဋကတ်သုံးပုံ နှုတ်ငုံသင်ကြား ပြသနိုင်ကြပေကုန်သည်၊ ဝိပဿနာတရားကို အားမထားနိုင်ကြပေကုန်။ ထို့ ကြောင့် ရှေးသူတော်ကောင်းတို့က ရာကုဋေ ရှာဖွေပတ်နှောက်၊ သဒ္ဓါပေါက်၍ တစ်ယောက်ရရဲ ထွက်နိုင်ခဲ၏ ဟု မိန့်ဆိုကြသတည်း။

ငါတို့မြတ်စွာဘုရား ပွင့်တော်မမူမီ တစ်ထောင်ကုန်သော အမျိုးသား တို့သည် လူ၏ဘောင်မှ ထွက်ခွာ၍ ရသေ့ပြုပြီးလျှင် ကာယကံ၌လွန်ကျူးမှု၊ ဝစီ ကံ၌လွန်ကျူးမှုတို့ကား ထင်ရှားသိသာကြ၏။မနောကံ၌လွန်ကျူးမှုကား မထင် ရှားမသိမမြင်နိုင်ကြ၍ထိုမနောကံဖြင့်လွန်ကျူးသောသူကိုဖက်ရှက်ခန့်မျှလောက် သဲကို ယူဆောင်၍ ဤအရပ်၌ စုပုံထားရမည်ဟု ကတိကဝတ် ပြုကြကုန်၏။ အကြင်အခါ၌ မနောကံဖြင့် ကြံမိတိုင်း ကြံမိတိုင်း ထိုအခါ၌ သဲကိုယူဆောင်၍ ဤအရပ်၌ ပုံရပြန်၏၊ ထိုသို့ မနောကံဖြင့် ကြံမိတိုင်း သဲကိုယူဆောင်၍ ပုံရဖန် များခြင်းကြောင့် ဥရုဝေဠတောဟု ထင်ရှားဖြစ်လာသတည်း။ ထိုအခါ မြတ်စွာ ဘုရားသည် ကြီးစွာသော သဲစုသဲပုံရှိသော ဥရုဝေဠတော၌ ဥရုဝေဠကဿပ အမည်ရှိသော ရသေ့တစ်ထောင်နှင့် နေတော်မူ၍ ရသေ့တို့ကို ဟောတော် မူသည်မှာ—

စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တမ္ပိ အာဒိတ္တံ။ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။

(အာဒိတ္တပရိယာယသုတ်)

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခု၊ မျက်စိသည်။ အာဒိတ္တံ၊ ရဲရဲတောက် လောင်၏။ ရူပါ၊ အဆင်းတို့သည်။ အာဒိတ္တာ၊ ရဲရဲတောက်လောင်ကုန်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ စက္ခု သမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ အာဒိတ္တော၊ ရဲရဲတောက်လောင်၏။ စက္ခု သမ္ဖဿပစ္စယာ၊ စက္ခုသမ္ဖဿကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်းမဟုတ်သော။ ယမိဒံဝေဒယိတံ၊ အကြင်ခံစားခြင်း သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အာဒိတ္တံ၊ ရဲရဲတောက် လောင်၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက် လောင်သနည်း။ ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ ဒေါသဂ္ဂိနာ၊ ဒေါသ မီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ မောဟဂ္ဂိနာ၊ မောဟမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းဖြင့်။ ဇရာယ၊ အိုခြင်းဖြင့်။ မရဏေန၊ သေခြင်းဖြင့်။ သောကေဟိ၊ စိုးရိမ်ခြင်းတို့ဖြင့်။ ပရိဒေဝေဟိ၊ ငိုကြွေး ခြင်းတို့ဖြင့်။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့ဖြင့်။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်း တို့ဖြင့်။ ဥပါယာသေဟိ၊ ပြင်းစွာပင်ပန်းခြင်းတို့ဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက် လောင်၏။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

အဓိပ္ပာယ်လိုရင်းကား။ ။ငါ၏ချစ်သားတို့ စက္ခုသည် ရဲရဲတောက် လောင်၏။ အဆင်းရုပ်သည် ရဲရဲတောက်လောင်၏။ စက္ခုဝိညာဏ်သည် ရဲရဲ တောက်လောင်၏။ စက္ခု၌ တွေ့ထိခြင်းဟူသော အကြောင်းကြောင့် ခံစား အပ်သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည် ဖြစ်ရ၏။ ထိုခံစား သမျှ ဝေဒနာသည်လည်း ရဲရဲတောက်လောင်၏။ အဘယ်တရားဖြင့် ရဲရဲတောက် လောင်ပါသနည်း၊ အဆင်းရုပ်၌ သာယာခြင်းကြောင့် ရာဂမီးတောက်လောင် သည်၊ အဆင်းရုပ်၌ နှလုံးမသာယာခြင်းကြောင့် ဒေါသမီး တောက်လောင်

သည်၊ အဆင်းရုပ်၌ မေ့၍ မသိ၍ မမှတ်ခြင်းကြောင့် မောဟမီးတောက်လောင်သည်။ ထိုမီးသုံးပါး တောက်လောင်ခြင်းကြောင့် ပဋိသန္ဓေ နေရသောမီး၊ အိုရသောမီး၊ သေရသောမီး၊ စိုးရိမ်ရသောမီး၊ ငိုကြွေးရသောမီး၊ ဒုက္ခရောက်ရသောမီး၊ စိတ်နှလုံးမသာယာသောမီး။ သက်ကြီးရှိုက်ငင် အလွန်ပင်ပန်းရသောမီး ဤ ၁၁-ပါးသောမီးတို့သည် မြင်မှု၌ ၁၁-မီး၊ ကြားမှု၌ ၁၁-မီး၊ နံမှု၌ ၁၁-မီး၊ စားမှု၌ ၁၁-မီး၊ ထိမှု၌ ၁၁-မီး၊ သိမှုသဘော၌ ၁၁-မီး ဤခြောက်ဆယ့်ခြောက်မီးတို့သည် အပြီးမပြတ် အမြဲ ထပ်ခါ-ထပ်ခါ လောင်ကြောင်းကို ငါဘုရားဟောတော်မူသည်။

စက္ခုကို ပြဆိုသဖြင့် သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတို့မှာ နည်းတူမှတ်ယူကြကုန်လော။ (မနကို ပြဦးအံ့)။

မနော အာဒိတ္တော ဓမ္မာ အာဒိတ္တာ မနောဝိညာဏံ
အာဒိတ္တံ မနောသမ္ဖဿော အာဒိတ္တော ယမိဒံ
မနောသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ
သုခံဝါ ဒုက္ခံဝါ အဒုက္ခမ သုခံဝါ တမ္ပိ အာဒိတ္တံ၊
ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ၊
ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ
ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တမ္ပိ ဝဒါမိ။

(အာဒိတ္တပရိယာယသုတ်)

မနော၊ နှလုံးသည်။ အာဒိတ္တော၊ ရဲရဲတောက်လောင်၏။ ဓမ္မာ၊သဘောတို့သည်။ အာဒိတ္တာ၊ ရဲရဲတောက်လောင်ကုန်၏။ မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ မနောသမ္ဖဿော၊ မနောသမ္ဖဿသည်။ အာဒိတ္တော၊ ရဲရဲတောက်လောင်၏။ မနောသမ္ဖဿပစ္စယာ၊ သဘောဖြင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ်ချမ်းသာသည်လည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည် ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အာဒိတ္တံ၊ ရဲရဲတောင်လောင်၏။ ကေန၊ အဘယ်တရားဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက် လောင်သနည်း။

ရာဂဂ္ဂိနာ၊ ရာဂမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ ဒေါသဂ္ဂိနာ၊ ဒေါသမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ မောဟဂ္ဂိနာ၊ မောဟမီးဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းဖြင့်။ ဇရာယ၊ အိုခြင်းဖြင့်။ မရဏေန၊ သေခြင်းဖြင့်။ သောကေဟိ၊ စိုးရိမ်ခြင်းတို့ဖြင့်။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့ဖြင့်။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့ဖြင့်။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်း တို့ဖြင့်။ ဥပါယာသေဟိ၊ ပြင်းစွာပင်ပန်းခြင်း တို့ဖြင့်။ အာဒိတ္တံ၊ ရဲရဲတောက်လောင်၏။ဣတိ၊ဤသို့။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။

အကြွင်းငါးပါးမှာ။ စက္ခုနှင့်နည်းတူ သိမြင်ကြကုန်လော။ ။တရားတော်အဆုံး၌ မဂ်ဖိုလ်ရကြကုန်၏။

ဥရုဝေလ၊ ကဿပ၊ ပေါင်းထတစ်ထောင်မှာ။
အာရုံခြောက်စုံ၊ ကျင့်ပြန်တုန်၊ အကုန်ကျွတ်သည်သာ။ ။ (သံခိပ်)

ကဿပဘုရားရှင် လက်လက်တော်၌ ရဟန်းငယ်တစ်ပါးသည်။ လှေစီးရာ၌ လှေ၏အဟုန်ဖြင့် လျှင်မြန်လျက် ပြိန်းမြက်ကို ဆွဲကိုင်သဖြင့် ပြတ်၍သွားရာ၊ ငါ့အား အာပတ်သင့်ပြီဟု ကုက္ကုစ္စနှင့်သေဆုံးရာ ထိုမြင်တွင် နဂါးဖြစ်၍ နှလုံးမသာရှိရကား ဘုရားပွင့်တော်မူလျှင် တွေ့လိုသိလိုရကား မိမိပါးပျဉ်းအပေါ်၌ သမီးကိုတင်ထား၍ ငါ၏အမေးပုစ္ဆာကို ဖြေဆိုနိုင်သောသူရှိပါလျှင် ငါ၏သမီးနှင့် ငါ၏ စည်းစိမ်ကို ယူကြပါလောဟု ကြွေးကြော်လေ၏။

ကိံသု အဓိပတိရာဇာ၊ ကိံသုရာဇာ ရဇ္ဇိဿရော။
ကထံသု ဝိရဇော ဟောတိ ကထံ ဗာလောတိ ဝုစ္စတိ။

ဤဂါထာကို သီချင်းသံဖြင့် ကောင်းစွာဆို၍ သမီးကိုကစေ၏။

ကိံသု၊ အဘယ်သို့လျှင်။ အဓိပတိ၊ အစိုးရသောသူသည်။ ရာဇာ၊ မင်းမည်ပါသနည်း။ ကိံသု၊ အဘယ်သို့လျှင်။ ရာဇာ၊ မင်းသည်။ ရဇ္ဇိဿရော၊ ကိလေသာဟူ မြူကိုအစိုးရပါသနည်း။ ကထံသု၊ အဘယ်သို့လျှင်။ ဝိရဇော၊ ကိလေသာဟူ မြူကင်းပါသနည်း။ ကထံ၊ အဘယ်သူကို။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုထိုက်ပါသနည်း။

ဤဂါထာကို လခွဲတစ်ကြိမ်ရွတ်ဆို၍ ကသဖြင့် ဇမ္ဗူဒိပ်ကျွန်းသားတို့သည် သမီးနှင့် စည်းစိမ်ကို ယူအံ့ဟုသွား၍ များစွာဖြေဆိုရာတွင် တစ်ဦးတစ်ယောက်မျှ မဖြေမဆိုနိုင်ကြသဖြင့် ငါတို့ ဘုရားရှင် ပွင့်တော်မူ၍ ဇမ္ဗူဒိပါ

ကျွန်းသားတို့သည်။ နဂါးမထံသို့ သွားကြကုန်သော လူအပေါင်းတို့ကို ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလေလျှင် ဥတ္တရလုလင်ကိုမြင်၍ ခေါ်တော်မူပြီးလျှင် အဖြေဂါထာကို သင်ကြားပေးတော်မူသည်မှာ—

ဆဒ္ဒွါရာ ဓိပတိရာဇာ ရဇ္ဇမာနော ရဇိဿရော။
အရဇ္ဇံ ဝိရဇော ဟောတိ ရဇ္ဇံ ဗာလောတိ ဝုစ္စတိ။ (၂)

ဤဂါထာကို သင်ကြား၍ မင်္ဂဖိုလ်ကိုရပြီးမှ နဂါးမ ထံသို့ ဖြေဆိုအံ့သောငှါ မြတ်စွာဘုရားက စေလွှတ်လိုက်လေ၏။

ဆဒ္ဒွါရာဓိပတိ၊ ခြောက်ဒွါရ ခြောက်အာရုံကို အစိုးရသောသူသည်။ ရာဇာ၊ မင်းတကာအပေါင်းတို့ထက် မင်းကောင်း မင်းမြတ်မည်၏။ ရဇ္ဇမာနော၊ တပ်မက်မောသောသူသည်။ ရဇိဿရော၊ ကိလေသာဟူသောမြူကို အစိုးရ၏။ အရဇ္ဇံ အရဇ္ဇန္တော၊ ခြောက်ဒွါရ ခြောက်အာရုံတို့၌ မတပ်မက်သောသူသည်။ ဝိရဇော၊ ကိလေသာဟူသောမြူကင်းသည်။ ဟောတိ၊ ဖြစ်၏။ ရဇ္ဇံရဇ္ဇန္တော၊ ခြောက်ဒွါရ ခြောက်အာရုံတို့၌ တပ်မက်သောသူကို။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုဂါထာကို ပရိသတ်အလယ်သို့ဝင်၍ နဂါးမ (က) ဆဲခဏတွင် ဖြေဆိုလေ၏။ နဂါးက တစ်ဖန်မေးပြန်သည်မှာ—

ကေနဿု ဝုယှတိ ဗာလော၊ ကထံ နုဒတိ ပဏ္ဍိတော။
ယောဂက္ခေမောပိတေ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ (၃)

ကေန၊ အဘယ်ဖြင့်။ ဗာလော၊ သူမိုက်သည်။ ဝုယှတိ၊ ကိလေသာ၌နစ်မွန်းမြောပါးသနည်း။ (အဿုကာ နိပါတ်ပုဒ်။)ကထံ၊ အဘယ်သို့လျှင်။ ဝုယှန္တံ၊ ကိလေသာ၌ နစ်မွန်းမြောပါးသော။ ဗာလံ၊ သူမိုက်ကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ နုဒတိ၊ ထုတ်ဆယ် ကယ်တင်ပါသနည်း။ ကထံ၊ အဘယ်သို့လျှင်။ ယောဂက္ခေမောပိ၊ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ ဟူသော လေးပါးသော ယောဂတို့၏ ကုန်ခြင်း သည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ မေ၊ ငါ၏။ ပုစ္ဆိတော၊ မေးမြန်းသော။ တံ၊ ထိုပုစ္ဆာကို။ တော၊ သင်သည်။ အက္ခာဟိ၊ ဖြေဆိုကြပါလော။ ။ဥတ္တရလုလင်က တစ်ဖန်ဖြေဆိုလိုပြန်၍။

ဩဃေန ဝုယှတိ ဗာလော၊ ယောဂေ၊ နုဒတိ ပဏ္ဍိတော၊
သဗ္ဗယောဂဝိသံယုတ္တော ယောဂက္ခေမောတိ ဝုစ္စတိ။ (၄)

ဩဃေန၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော ရေအယဉ်ဖြင့်။ ဗာလော၊ သူမိုက်သည်။ ဝုယှတိ၊ နစ်မွန်းမြောပါး၏။ ယောဂေ၊ သမ္မာနသင်္ခါတေန ယောဂေန၊ လေးပါးသော သမ္မာန လုံ့လ ယောဂဖြင့်။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ တံဗာလံ၊ ထိုသူမိုက်ကို။ နုဒတိ၊ ထုတ်ဆယ်ကယ်တင်၏။ သဗ္ဗယောဂ ဝိသံယုတ္တော။ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌယောဂ၊ အဝိဇ္ဇာယောဂ ဟူသော လေးပါးသောယောဂနှင့် မယှဉ်သောသူကို။ ယောဂက္ခေမောတိ၊ ယောဂလေးပါး ကုန်သောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ငင်းပဌမပုစ္ဆာ၏အဓိပ္ပာယ်ကား။ ။အဘယ်ကဲ့သို့သော သူသည် အစိုးရသောမင်း မည်ပါသနည်း။ အဘယ်ကဲ့သို့သောမင်းသည် ကိလေသာဟူသော မြူကို အစိုးရပါသနည်း။ အဘယ်ကဲ့သို့သောသူသည်။ ကိလေသာဟူသော မြူမှ ကင်းပါသနည်း။ အဘယ်ကဲ့သို့သောသူကို သူမိုက်ဆိုပါသနည်း။ ငင်းအမေး။

အဖြေကား။ ။မြင်မြင်သမျှ၌ အဆင်းကိုမှတ်ခြင်း ကြားကြားသမျှ၌ အသံကိုမှတ်ခြင်း၊ နံနံသမျှ၌ အနံ့ကိုမှတ်ခြင်း၊ စားစားသမျှ၌ အရသာကိုမှတ်ခြင်း၊ ထိထိသမျှ၌ အထိကိုမှတ်ခြင်း၊ သိသိသမျှ၌ အသိသဘောကို မှတ်ခြင်း၊ ဤကဲ့သို့ ခြောက်ဒွါရ ခြောက်အာရုံ၌ လုံခြုံအောင် စောင့်ရှောက်နိုင်သော သူသည် အစိုးရသောမင်း မည်၏။

ပြဆိုခဲ့သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အသိဟူသော အာရုံခြောက်ပါးတို့ကို သာယာနှစ်သက်သောသူသည် ကိလေသာဟူသော မြူကို အစိုးရသောသူမည်၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အသိ ဟူသော အာရုံခြောက်ပါးတို့ကို စောင့်ရှောက်၍ မှတ်သောသူသည် ကိလေသာဟူသော မြူကင်းသောသူမည်၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အသိ ဟူသော အာရုံခြောက်ပါးတို့ကို သာယာနှစ်သက်သောသူကို သူမိုက်ဟူ၍ ဆိုအပ်ပါသည်ဟု ဖြေဆိုလေ၏။

ဒုတိယပုစ္ဆာ၏ အဓိပ္ပာယ်ကား။ ။အဘယ်သို့လျှင် သူမိုက်သည် ကိလေသာဟူသော မြူက နစ်မွန်းမြောပါးပါသနည်း။ အဘယ်သို့လျှင် ကိလေသာဟူသောမြူက နစ်မွန်းမြောပါးသော သူမိုက်ကို ပညာရှိသောသူက ထုတ်ဆယ်

ကယ်တင်ပါသနည်း။ အဘယ်သို့လျှင် ကာမယောဂ၊ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ ဟူသော ယောဂလေးပါးတို့ ကုန်ခြင်းသည် ဖြစ်ပါသနည်း ငါ၏ အမေးပုစ္ဆာကို ဖြေဆိုပါဦးလော။

ဂုဏ်းဒုတိယအမေးပုစ္ဆာကို ဥတ္တရလုလင်က ဖြေဆိုသည်မှာ။ ။ကာမော ဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော ဩဃလေးပါး ဟူသော ရေအယဉ်ဖြင့် သူမိုက်သည် နစ်မွန်းမြောပါး၍လာ၏၊ လေးပါးသော သမ္ပဓာန လုံ့လရှိသော ပညာရှိသည် မိုက်သောသူကို ထုတ်ဆယ် ကယ်တင် နိုင်ပါ၏။ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟူသော ယောဂလေးပါး နှင့် မယှဉ်သောသူကို ယောဂလေးပါးမှ ကုန်သောသူဟူ၍ ဆိုအပ်ပါ၏။ ထိုဂါထာကိုဖြေဆိုနိုင်သဖြင့် ဘုရားပွင့်တော်မူသည်ကို သိ၍သွားပြီးလျှင် တရား နာကြားရာ ရှစ်သောင်း လေးထောင်သော ပရိသတ်တို့သည် အကျွတ်တရား ရကြလေကုန်၏။

သန္တိဘိက္ခဝေ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ၊
ပိယရူပါ ကာမူပသညိတာ ရဇ္ဇနိယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ။
အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု။
ဂိဋ္ဌဗလိသော မာရဿ အနယံ အာပန္နော ဗျသနံ အာပန္နော၊
ယထာကာမံ ကရဏီယော ပါပိမတော။

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဋ္ဌာ၊ နှစ်လိုအပ်ကုန်သော။ ကန္တာ၊ နှစ်သက် အပ်ကုန်သော။ မနာပါ၊ မြတ်နိုးအပ်ကုန်သော။ ပိယရူပါ၊ ချစ်အပ်သော သဘောရှိကုန်သော။ ကာမူပသညိတာ၊ ကာမဂုဏ်နှင့် စပ်ယှဉ်အပ်ကုန်သော။ ရဇ္ဇနိယာ၊ တပ်မက်အပ်ကုန်သော။ စက္ခုဝိညေယျာ၊ အမြင်ဖြင့် သိအပ်မှတ်အပ် ကုန်သော။ ရူပါ၊ အဆင်းရုပ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တံရူပံ၊ ထိုအဆင်း ရုပ်ကို။ ဘိက္ခု၊ ရဟန်းသည်။ စေအဘိနန္ဒတိ၊ အကယ်၍ နှစ်သက်သည်ဖြစ်အံ့။ စေအဘိဝဒတိ၊ အကယ်၍ ချီးမွမ်းပြောဆိုသည်ဖြစ်အံ့။စေအဇ္ဈောသာယတိဋ္ဌတိ၊ အကယ်၍ တပ်မက်၍ တည်သည်ဖြစ်အံ့။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံဘိက္ခု၊ ဤရဟန်းကို။မာရဿ၊ မာရ်မင်း၏။ ဂိဋ္ဌဗလိသော။ ငါးမျှားချိပ်ကို မျိုသော သူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အနယံ၊ အကျိုးမဲ့သို့။ အာပန္နော၊ ရောက်သော

သူဟူ၍။ ဗျသနံ၊ ပျက်စီးခြင်းသို့၊ အာပန္နော၊ ရောက်သောသူဟူ၍။ ပါပိမတော၊ မာရ်ယုတ်၏။ ယထာကာမံ၊ အလိုအတိုင်း။ ကရဏီယော၊ ပြုသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပာယ်ကား။ ။ငါ၏ချစ်သားတို့ နှစ်လိုအပ် မြတ်နိုးအပ်ကုန်သော နှစ်သက် စုံမက်အပ်ကုန်သော ချစ်အပ် သာယာအပ်ကုန်သော ကာမဂုဏ်နှင့် စပ်ယှဉ်ကုန်သော တပ်မက်မောအပ်ကုန်သောမျက်စိဖြင့်သိအပ်မှတ်အပ်ကုန်သော အဆင်းရုပ်တို့သည်ရှိကုန်၏။ ထိုအဆင်းရုပ်တို့ကို အကယ်၍ နှစ်သက်သည်ဖြစ်အံ့။ အကယ်၍ချီးမွမ်းပြောဆိုသည်ဖြစ်အံ့၊ အကယ်၍တပ်မက်သည်ဖြစ်အံ့။ဤသို့သော ရဟန်းကို ကိလေသာဟူသော မာရ်မင်း၏ ငါးမျှားချိပ်ကို မျိုးသောသူဟူ၍ အကျိုးမဲ့သို့ ရောက်သောသူဟူ၍ ပျက်စီးခြင်းသို့ ရောက်သောသူဟူ၍ ကိလေသာဟူသောမာရ်ယုတ်၏ အလိုအတိုင်း ပြုသောသူဟူ၍ ဆိုအပ်ဆိုထိုက်ပေ၏။

တစ်ခါမြင်၍ တစ်ခါနှစ်သက်သာယာလျှင် တစ်ခါငါးမျှားချိပ်ကို မျိုသည် တစ်ခါမြင်၍ တစ်ခါနှလုံးမသာယာလျှင် တစ်ခါငါးမျှားချိပ်ကို မျိုသည်၊ တစ်ခါမြင်၍ တစ်ခါမသိမမှတ်ဘဲ မေ့လျော့နေလျှင် တစ်ခါငါးမျှားချိပ်ကို မျိုသည်။ မြင်မှု၌သုံးမျိုး၊ ကြားမှု၌သုံးမျိုး၊ နံမှု၌သုံးမျိုး၊ စားမှု၌သုံးမျိုး၊ ထိမှု၌သုံးမျိုး၊ သိမှု၌သုံးမျိုး၊ သုံးခြောက်လီ ၁၈-ပါး ဖြစ်သတည်း။ ၎င်း-၁၈ ပါးသည် ခဏမစဲ တသဲသဲအမြဲ မိနစ်နာရီမခြား၊ တစ်ဖွားဖွားမျို၍ နေကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

> စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
> တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊
> ဝေဒနာ ပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနာ၊
> ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊
> ဇာတိ ပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ
> ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊
> ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

စက္ခုံစ၊ မျက်စိကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ရူပေစ၊ အဆင်းရုပ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိသော်။ ဖဿော၊ ဖဿသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿ

ဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနာ၊ ဥပါဒါန်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသောအကြောင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ပြင်းစွာ ပင်ပန်းခြင်းတို့သည်။သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ကေဝလဿ၊ ချပ်းသာမဖက် မရောယှက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ကြောင်းတရားသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။(၁)စက္ခုပသာဒ(၂)အဆင်းရုပ်(၃)စက္ခုဝိညာဏ် ထိုသုံးပါးတို့ ပေါင်းဆုံမိသည်ရှိသော် တွေ့ထိသော ဖဿသည်ဖြစ်၏။ ဖဿဖြစ်ခြင်းကြောင့် ခံစားသော ဝေဒနာသည်ဖြစ်၏။ ဝေဒနာ ဖြစ်ခြင်းကြောင့် သာယာနှစ်သက်သော တဏှာသည်ဖြစ်၏၊ တဏှာဖြစ်ခြင်းကြောင့် စွဲလမ်းသော ဥပါဒါန်သည်ဖြစ်၏၊ ဥပါဒါန်ဖြစ်ခြင်းကြောင့် အပါယ်ဘဝ လူနတ်ပြဟ္မာဘဝ ဖြစ်ရ၏၊ ဘဝဖြစ်ခြင်းကြောင့် အပါယ်ပဋိသန္ဓေ လူနတ်ပြဟ္မာ ပဋိသန္ဓေနေရ၏။ ပဋိသန္ဓေနေရခြင်းဟူသော အကြောင်းကြောင့် အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာ ပင်ပန်းရခြင်းတို့သည် ဖြစ်ရကုန်၏။

ဤသို့ ဖြစ်ရခြင်းသည်ကား ချမ်းသာဟူက မြူမျှမဖက် ဆင်းရဲသက်သက်သာတည်း။ ၎င်းတရားစုတို့သည် မြင်ဆဲခဏ သာယာသော စိတ်တစ်ချက်၌ ဖြစ်ပေါ်လာရပုံကို မှတ်ယူကြပေကုန်လော့၊ ဤဒေသနာကိုထောက်၍ ပဋိစ္စသမုပ္ပါဒ်စက်တွင်းသို့ ဝင်ရောက်ပုံကို သိမြင်ကြစေကုန်။ ဤကားစက္ခု၌ ဖြစ်ရပုံတည်း။ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့မှာ စက္ခုနှင့်နည်းတူ မှတ်ယူကြပေကုန်လော့။

မုတ္တောဟံ ဘိက္ခဝေ သဗ္ဗပါသေဟိ၊ ယေဒိဗ္ဗာ ယေစမာနုသိကာ။
တုမှေပိ ခေါ ဘိက္ခဝေ မုတ္တာ၊ သဗ္ဗပါသေဟိ ယေဒိဗ္ဗာ ယေစ မနုဿာ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကြကုန်သော။ ယေပါသာ၊ အကြင် ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ မာနုသိကာ၊ လူ၌ဖြစ်ကြကုန်သော။ ယေပါသာ၊ အကြင် ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ သဗ္ဗပါသေဟိ၊ အလုံးစုံကုန်သော တဏှာ၏ ကျော့ကွင်းတို့မှ။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ မုတ္တော၊ လွတ်တော်မူလေပြီ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဒိဗ္ဗာ၊ နတ်၌ဖြစ်ကြကုန်သော။ ယေပါသာ၊ အကြင် ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ မနုဿာ၊ လူ၌ဖြစ်ကြကုန်သော။ ယေပါသာ၊ အကြင် ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေဟိသဗ္ဗပါသေဟိ၊ ထိုအလုံးစုံသောတဏှာ၏ ကျော့ကွင်းတို့မှ။ တုမှေပိ၊ သင်ချစ်သားတို့သည်လည်း။ မုတ္တာ၊ သင်တို့ဆရာ ငါဘုရားကဲ့သို့ လွတ်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့.... နတ်၌ ဖြစ်ကြကုန်သော အကြင် ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သောတဏှာ၏ ကျော့ကွင်းတို့သည် ရှိကြကုန်၏။လူ၌ဖြစ်ကြကုန်သော အကြင်ခြောက်ဒွါရခြောက်အာရုံ၌ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည် ရှိကြကုန်၏။ အလုံးစုံသော တဏှာ၏ ကျော့ကွင်းတို့မှ သင်တို့ဆရာ ငါဘုရားသည် လွတ်တော် ကျွတ်တော်မူလေပြီ၊ ချစ်သားတို့ နတ်၌ဖြစ်ကြကုန်သော ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည် ရှိကြကုန်၏။ လူ၌ဖြစ်သော ခြောက်ဒွါရ ခြောက်အာရုံ၌ ကျရောက်ကုန်သော တဏှာ၏ ကျော့ကွင်းတို့သည် ရှိကြကုန်၏ ထိုတဏှာဟူသော ကျော့ကွင်းတို့မှ သင်ချစ်သားတို့သည် ငါဘုရားကဲ့သို့ လွတ်ကြ ကျွတ်ကြပါကုန်လော။

ဘိက္ခဝေ ဣမေသံ ပဉ္စန္နံကာမဂုဏာနံ ပဋိစ္စ ဥပ္ပဇ္ဇတိ
သုခံ သောမနဿံ အယံဝုစ္စတိ၊ ကာမသုခံ မိဠ္ဟသုခံ
ပုထုဇ္ဇနိကသုခံ အနရိယသုခံ အနတ္တသံဟိတံ၊
နသေဝိတဗ္ဗံ ဘာယိတဗ္ဗံ ဧတဿသုခဿာတိ ဝဒါမိ။

(ဥပရိပဏ္ဏာသပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣမေသံကာမဂုဏာနံ၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို။ ပဋိစ္စ၊ စွဲ၍။ ယံ သုခံသောမနဿံ၊ အကြင်တဏှာနှင့်ယှဉ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ ဣဒံ သုခံ သောမနဿံ၊ ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းကို။ ကာမသုခံ၊ ပြဆိုခဲ့သော ကာမဂုဏ် ချမ်းသာမျိုးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

မိဠှသုခံ၊ မစင်ဘင်ပုပ်နှင့်တူသော ချမ်းသာမျိုးဟူ၍။ ပုထုဇနိကသုခံ၊ ကိလေသာယှဉ် ပုထုဇဉ်ချမ်းသာမျိုးဟူ၍။ အနရိယသုခံ၊အရိယာမဟုတ် ပုထုဇဉ်ယုတ်တို့၏ ချမ်းသာမျိုးဟူ၍။ အနတ္ထသံဟိတံ၊စီးပွားမဲ့ယုတ်သော ချမ်းသာမျိုးဟူ၍။နသေဝိတဗ္ဗံ၊ သူတော်ကောင်းတို့ မမှီဝဲအပ်သောချမ်းသာမျိုးဟူ၍။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။ တေသ သုခဿ၊ ထိုချမ်းသာမျိုးကို။ ဘာယိတဗ္ဗန္တိ၊ ကြောက်အပ်လန့်အပ်သော ချမ်းသာမျိုးဟူ၍။ ဝါ၊ ငရဲသို့ ကျရောက်စေတတ်သော ချမ်းသာမျိုး ချမ်းသာဆိုးဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။ အဓိပ္ပာယ် ကား လွယ်၏။

တသ္မိံ စေ သမယေ ကာလံ ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ
ယံ ဒွိန္နံ ဂတီနံ အညတြဂတိံ ဂစ္ဆေယျ
နိရယံဝါ တိရစ္ဆာနယောနိံဝါ။ (သံယုတ်ပါဠိတော်)

တသ္မိံသမယေ၊ ထိုယောကျ်ား,မိန်းမစသော အမှတ်ကို မှတ်ယူသော ကာလခဏ၌။ ကာလံ၊ သေခြင်းကို။ စေကရေယျ၊အကယ်၍ပြုငြားအံ့။နိရယံဝါ၊ ငရဲဘုံသို့ လားရခြင်းသည်လည်းကောင်း။ တိရစ္ဆာနယောနိံဝါ၊ တိရစ္ဆာန်ဘုံသို့ လားရခြင်းသည်လည်းကောင်း။ ဒွိန္နံဂတီနံ၊ နှစ်ပါးသော ဂတိတို့တွင်။ အညတြ ဂတိံ၊ တစ်ပါးပါးသောဂတိသို့။ ယံယသ္မာ၊ အကြင်ကြောင့်။ ဂစ္ဆေယျ၊ လားရာ၏။ ဧတံဌာနံ၊ ဤသို့လားရခြင်း၏ အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ တံတသ္မာ၊ ထို့ကြောင့်။ နိမိတ္တသာဒဂဓိတံဝါ၊ ယောကျ်ား မိန်းမစသော အာရုံကို မှတ်ယူခြင်း၌ သာယာနှစ်သက် မြတ်နိုးခြင်းသည်လည်းကောင်း။ အနုဗျဉ္ဇနသာဒဂဓိတံဝါ၊ လက်ခြေအင်္ဂါစသော အာရုံကိုမှတ်ယူခြင်း၌ သာယာ

နှစ်သက်မြတ်နိုးခြင်းသည်လည်းကောင်း၊ နတ္ထေဝဝရံ၊ မမြတ်တော့သည်သာလျှင်တည်း။ ဝါ၊ ရဲရဲပူလောင်သော သံချောင်းဖြင့် မျက်လုံးကို ထိုးဖောက်မွှေနှောက်၍ သေဆုံးရခြင်းသည် မြတ်လှပေသေး၏။

အဓိပ္ပာယ်ကား။ ။ယောကျ်ား မိန်းမ လက်ခြေ အင်္ဂါ စသော နိမိတ်အာရုံကို မှတ်ယူ၍ သာယာနှစ်သက် မြတ်နိုးသောကာလခဏ၌ သေခြားအံ့ငရဲဘုံသို့ လားရခြင်း၊ တိရစ္ဆာန်ဘုံသို့ လားရခြင်း နှစ်ပါးသော ဂတိတို့တွင် တစ်ပါးပါးသော ဂတိသို့လားရ ရောက်ရခြင်း၏ အကြောင်းသည် ရှိ၏။ ထို့ကြောင့်ယောကျ်ား မိန်းမစသော နိမိတ်အာရုံကို မှတ်ယူ၍ သာယာနှစ်သက်မြတ်နိုးခြင်း၊ ခြေလက်အင်္ဂါစသော နိမိတ်အာရုံကို မှတ်ယူ၍ သာယာနှစ်သက်မြတ်နိုးခြင်းသည် ရဲရဲပူသော သံချောင်းဖြင့် မျက်စိကိုထိုး၍ သေရခြင်းကား မြတ်သေး၏။

ဝရံ ဘိက္ခဝေ တတ္တာယ အယောသလကာယ
အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ
စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ နတ္တွေဝ စက္ခုဝိညေယျေသု
ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ တတ္တာယ၊ လောလော ပူလောင်သော။ အာဒိတ္တာယ၊ ပြောင်ပြောင် တောက်လောင်သော။ သမ္ပဇ္ဇလိတာယ၊ အလျှံပြောင်ပြောင်တောက်လောင်သော။ သဇောတိဘူတာယ၊ အခိုးအလျှံနှင့်တကွတောက်လောင်သော။ အယောသလကာယ၊ သံချောင်းဖြင့်။စက္ခုန္ဒြိယံ၊ မျက်စိဖြင့်သာယာ နှစ်သက်ခြင်း၌ အစိုးရခြင်းကို။ သမ္ပလိမဋ္ဌံ၊ မျက်စိကို ထိုးဖောက်မွှေနှောက်သဖြင့် သေဆုံးရခြင်းသည်။ ဝရံ၊ မြတ်လှသေး၏။ စက္ခုဝိညေယျေသု၊ မြင်၍သိအပ်မှတ်အပ်ကုန်သော။ ရူပေသု၊ အဆင်းရုပ်တို့၌။ အနုဗျဉ္ဇနသော၊ လက်ခြေ အင်္ဂါ စသော ကိုယ်အင်္ဂါ အစိတ် နိမိတ် အာရုံကို မှတ်ယူခြင်းသည်လည်းကောင်း။ နိမိတ္တဂ္ဂါဟော၊ ယောကျ်ား,မိန်းမဟူသော မှတ်ယူခြင်းသည်လည်းကောင်း။ နတ္တွေဝဝရံ၊ မမြတ်သည်သာလျှင်တည်း။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့ လောလော ပူလောင်သော ပြောင်ပြောင်တောက်လောင်သော အလျှံပြောင်ပြောင် တောက်လောင်သော အခိုးအလျှံနှင့်တကွ တောက်လောင်သော သံချောင်းဖြင့် မျက်စိ၌ သာယာနှစ်သက်

ခြင်း၌ အစိုးရသော မျက်စိကို ထိုးဖောက်မွှေနှောက်၍ သေဆုံးရခြင်းသည် မြတ်လှသေး၏။ မြင်တိုင်း မြင်တိုင်းကုန်သော အဆင်းရုပ်တို့၌ လက်ကိုမြင်မှု ခြေကိုမြင်မှု မျက်နှာကိုမြင်မှု မျက်ခုံး မျက်လုံးမြင်မှု၊ ရင်ဝမြင်မှု၊ နှုတ်ခမ်းမြင်မှု၊ ကိုယ်အင်္ဂါအစုစုတို့၌ တစ်ခုခုကို မြင်တိုင်း မြင်တိုင်း သာယာနှစ်သက် စုံမက်မြတ်နိုးခြင်းလည်းကောင်း။ ယောကျ်ားဟူသောအမှတ်၊ မိန်းမဟူသော အမှတ်တို့ကို မှတ်ယူစွဲလမ်း၍ သာယာနှစ်သက် စုံမက်မြတ်နိုးခြင်းလည်းကောင်း။ ဤသို့သောသူသည် ဘယ်အခါမှ မမြတ် ယုတ်ညံ့သိမ်ဖျင်း မကောင်း ခြင်းသို့ ရောက်တော့သည် သာလျှင်တည်း။

သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနတို့မှာ စက္ခုနှင့် နည်းတူမှတ်ယူကြကုန်လော့။

အာရုံခြောက်တွင်၊ အပြစ်ဝင်၊ ဖြစ်လျှင် ဤကသာ။ ။ (သံဒိဗ်)

ဗာရာဏသီပြည် ဥဒယမင်းလက်ထက် မြောက်တံခါး၌နေသော ရေထမ်းသမားယောကျ်ားသည် တစ်ပဲထက်ဝက် ဥစ္စာရှိ၏။ မယားဦးလည်း တစ်ပဲထက်ဝက်ဥစ္စာရှိ၏။ ထိုယောကျ်ား၏ ဥစ္စာသည် တစ်ဆယ့်နှစ်ယူဇနာ ကွာဝေးသောအရပ်၌ မြုပ်နှံ၍ထားသဖြင့် ထိုဥစ္စာကို ယူအံ့သောငှာ မွန်းတည့်ရှိန်ရှိန်ကမ္ဘာမီးကျီးကဲ့သို့ ပူလောင်လျက် မြေပူကိုနင်းလျက် ဖန်ရည်စွန်းသော အဝတ်ပုဆိုးကို ဝတ်ခြုံ၍ ထမ်းရွက် နားတောင်းကိုဝတ်လျက် သီးချင်းဆို၍ သွားရာ နန်းတော်၏ အနီးသို့ရောက်သဖြင့် ဥဒယမင်းက နေပူမြေပူတို့သည် သင့်အား မပူလောင်သလောဟု မေးသည်မှာ—

အင်္ဂါရဇာတာ ပထဝီ၊ ကုက္ကုဠာနုဂတာ မဟီ။
အထ ဂါယသိ ဝတ္တာနိ၊ န တံ တပတိ အာတပေါ။

အမ္ဘောပုရိသ၊ အို-ယောကျ်ား။ ပထဝီ၊ မြေကြီးသည်။ အင်္ဂါရဇာတာ၊ မီးကျီးကဲ့သို့ ပူလောင်သည်ဖြစ်လေ၏။ မဟီ၊ မြေကြီးသည်။ ကုက္ကုဠာနုဂတာ၊ ပြာပူသဖွယ်ဖြစ်၍ ပူလောင်လေ၏။ အထ၊ ထိုသို့ ပူလောင်ပါလျက်။ ဝတ္တာနိ၊ အဝတ်ပုဆိုးတို့ကို။ အာရောပေတွာ၊ တင်၍။ ဝါ၊ ခြုံ၍။ ဂါယသိ၊ သီချင်းဆိုနိုင်ပေ၏။ တံ၊ သင့်ကို။ အာတပေါ၊ အပူသည်။ နတပတိ၊ မပူလောင်လေသလော။

ဥဒ္ဓံ တပတိ အာဒိစ္စော၊ အဓော တပတိ ဝါလုကာ။
အထ ဂါယသိ ဝတ္တာနိ၊ န တံ တပတိ အာတပေါ။

ဥဒ္ဓံ၊ အထက်၌။ ဝါ၊ အထက်က။ အာဒိစ္စော၊ နေမင်းသည်။ တပတိ၊ ပူလောင်လေ၏။ အဓော၊ အောက်၌။ ဝါ၊ အောက်က။ ဝါလုကာ၊ သဲပူသည်။ တပတိ၊ ပူလောင်လေ၏။ အထ၊ထိုသို့ ပူလောင်သည်ဖြစ်ပါလျက်။တွံ၊သင်သည်။ ဝတ္တာနိ၊ အဝတ်ပုဆိုးတို့ကို။ အာရောပေတွာ၊ တင်၍။ ဝါ၊ ခြုံ၍။ ဂါယသိ၊ သီချင်းဆိုနိုင်ပေ၏။ တံ၊ သင့်ကို။ အာတပေါ၊ နေပူသည်။ နတပတိ၊ မပူလောင်လေသလော။ ရေထမ်းသမားယောကျ်ား ဆင်းရဲသားက။

နမံ အာတပေါ အာတပါ၊ တပတိ တပယန္တိ မံ။
အတ္ထာဟိ ဝိဝိဓာ ရာဇာ၊ တေ တပန္တိ န အာတပါ။

ရာဇာ၊ မင်းမြတ်။ မံ၊ အကျွန်ုပ်ကို။ အာတပေါ၊ နေပူမြေပူသည်။ နတပတိ၊ မပူလောင်ပါ။ မံ၊ အကျွန်ုပ်ကို။ အာတပါ၊ ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်လာသော ကိလေသာဟူသော အပူတို့သည်။ တပယန္တိ၊ နေ့ရောညဉ့်ပါ ပူလောင်လေကုန်၏။ အတ္ထာ၊ ခြောက်ဒွါရ ခြောက်အာရုံကို မှီ၍ ဖြစ်ကုန်သော ကိလေသာအမှု တို့သည်။ ဝိဝိဓာ၊ အထူးထူး အပြားပြားများလှကုန်၏။ တေ၊ ထိုနေပူ မြေပူတို့သည်။ မံ၊ အကျွန်ုပ်ကို။ အာတပါ၊ အပူတို့သည်။ နတပယန္တိ၊ မပူလောင်ကုန်။ အဓိပ္ပာယ်ကား လွယ်၏။

(၁၆) ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာဝင်ပုံကို
ပါဠိတော်အစုံနှင့် ဝိတ္ထာရလာပုံကို ပြဆိုခြင်းပြီး၏။

(၁၇) ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာဝင်ပုံကို
ပါဠိတော်အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်း။

အနမတဂ္ဂ မသိအပ်သော အစရှိသော ဘဝသံသရာ၌ စက်ရဟတ်ကဲ့သို့ ထပ်ခါ ထပ်ခါ ကျင်လည်ရာ၌ အဝိဇ္ဇာကို အကြီးအမှူးထား၍ သိမြင်စေခြင်းငှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပါဒ်ကို ဟောတော်မူရပေသည်။ အဝိဇ္ဇာဟူသော မောဟကို ရှေးဦးစွာ ဖျက်ဆီးရမည် မဟုတ်ပါလောဟု မေးသည်ရှိသော် သံသရာ၌ ကျင်လည်သောအခါ အဝိဇ္ဇာကို အကြီးအမှူးပြု၍ ဟောတော်မူသည်။ အဝိဇ္ဇာကို ရှေးဦးစွာ ဖျက်ဆီးရန် ဟောတော်မူသည် မဟုတ်ပေ။ လောဘ ဒေါသကို ဖျက်ဆီးပြီးမှ အဝိဇ္ဇာဟူသော မောဟကို အဆုံးတိုင် အစပျောက်အောင် ဖျက်ဆီးပုံကို မဟာသတိပဋ္ဌာန်၌ မြတ်စွာဘုရားဟောတော်မူသည်မှာ။

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ
အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ
အဘိဇ္ဈာ ဒေါမနဿံ။ (သတိပဋ္ဌာန်ပါဠိတော်)

ဘိက္ခဝေ-တို့။ ဣဓ၊ ဤသာသနာတော်၌။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ရုပ်ပုံဒါနက္ခန္ဓာဟူသောလောကဝ၌။အဘိဇ္ဈာဒေါမနဿံ၊ လောဘဖြစ်ခြင်း ဒေါသဖြစ်ဖြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ကာယေ၊ ရုပကာယ၌။ ကာယာနုပဿီ၊ ရုပကာယကို အဖန်တလဲလဲ ရှုသည် မှတ်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

**အဓိပ္ပာယ်ကား**။ ။ငါ၏ချစ်သားတို့ သာသနာတော်၌ ရဟန်းသည် ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ မလစ်မလပ်စေမူ သတိပွါးသည်ဖြစ်၍ ရုပ်ပုပ္ပါဒါနက္ခန္ဓာဟူသော လောက၌ လောဘ ဖြစ်ခြင်း၊ ဒေါသ ဖြစ်ခြင်းကို မဖြစ်ရအောင် ပယ်ဖျောက်၍ မိမိကိုယ်၌ သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ လှုပ်တိုင်း၊ ကြွတိုင်း စသည်တို့ဖြင့် အဖန်တလဲလဲရှု၍မှတ်၍ နေရမည်ဟု ဟောတော်မူသည်။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ
ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမဿံ။ (၂) ရင်းပါဠိ။

အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ဝေဒနုပါဒါနက္ခန္ဓာ ဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဖန်တလဲလဲ ရှုသည် မှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

**အဓိပ္ပာယ်ကား**။ ။ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍ သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ မလစ်မလပ်စေမူ သတိပွါးသည်ဖြစ်၍ ဝေဒနုပါဒါနက္ခန္ဓာဟူသော လောက၌ လောဘဖြစ်ခြင်း

ဒေါသဖြစ်ခြင်းကို ပယ်ဖျောက်၍ ပူသည်၊ အေးသည်၊ ကိုက်သည်၊ ခဲသည် စသည်ဖြင့် အဖန်တလဲလဲ ဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း ရှု၍ မှတ်၍ နေရမည်ဟု ဟောတော်မူသည်။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ
ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ (၃) ၎င်းပါဠိ

အာတာပီ၊ ကိလေသာကို ပူပန် စေတတ်သော လုံ့လရှိသည် ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ဝိညာဏုပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ စိတ္တေ၊ လောဘဖြစ်သောစိတ် စသည်၌။ စိတ္တာနုပဿီ၊ လောဘဖြစ်သော စိတ်စသည်ကို အဖန်တလဲလဲရှုသည် မှတ်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဓိပ္ပာယ်ကားနည်းတူ။

ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ
လောကေ အဘိဇ္ဈာ ဒေါမနဿံ။ (၄) (သတိပဋ္ဌာန်ပါဠိတော်)

အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာ အဆင်ခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ သတိမာ၊သတိနှင့်ပြည့်စုံသည်ဖြစ်၍။ လောကေ၊ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဓမ္မေသု၊ နီဝရဏစသော တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏစသောတရားတို့ကို အဖန်တလဲလဲ ရှုသည် မှတ်သည် ဖြစ်၍။ ဝိဟရတိ၊ နေရ၏။

အဓိပ္ပါယ်ကား။ ။ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍ ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာအဆင်ခြင်နှင့် ပြည့်စုံသည် မလစ်မလပ်စေမူ သတိပြုသည်ဖြစ်၍။ သညုပါဒါနက္ခန္ဓာ-သင်္ခါရုပါဒါနက္ခန္ဓာ ဟူသောလောက၌ လောဘဖြစ်ခြင်း ဒေါသဖြစ်ခြင်းကို ပယ်ဖျောက်၍ မြင်ဆဲခဏ အဆင်းရုပ်ကိုမှတ်၊ ကြားဆဲခဏ အသံရုပ်ကိုမှတ်၊ နံ့ဆဲခဏ အနံ့ရုပ်ကိုမှတ်၊ စားဆဲခဏ ရသာရုပ်ကိုမှတ်၊ ထိဆဲခဏအထိရုပ်ကိုမှတ်၊ သိဆဲခဏ အသိသဘောကိုမှတ်၊ ဤသို့ ရှုမှတ်ရမည်ဟု ဟောတော်မူသည်။ ၎င်းလောဘ ဒေါသတို့ကို

အရင်းမူလထား၍ ပယ်သတ်ရမည်ကို မြတ်စွာဘုရား ဟောကြားတော် မူခြင်း ကြောင့်ပညာရှိတို့သည် ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှပေကုန်သတည်း။ ဤကားအကျဉ်းစကားတည်း။

ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်လေးပါးကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ် တို့သည် ခြောက်ဒွါရ ခြောက်အာရုံတို့ကနေ၍ စိတ်ကျရောက်ရာကိုစောင့်ရှောက် ရမည်။ စိတ်ကျရောက်ပုံမှာ ကိုယ်အမူအရာကို စိတ်ရောက်လျှင် ကိုယ်အမူအရာ ဖြစ်ပေါ်တိုင်းမှတ်၊ နှုတ်အမူအရာကို စိတ်ရောက်လျှင် စကား ပြောတိုင်း ပြောတိုင်းမှတ်။ စိတ်အမူအရာကို စိတ်ရောက်လျှင် လောဘဖြစ်လျှင် နောက်စိတ် ကမှတ်၊ ဒေါသဖြစ်လျှင် နောက်စိတ်ကမှတ်၊ စိတ်က တွေးတော ကြံစည်လျှင် တွေးတော ကြံစည်တိုင်းမှတ်၊ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက် လာတိုင်းမှတ်လေ။

သတိပဋ္ဌာန်လေးပါးကို ခန္ဓာငါးပါးနှင့်ရေတွက်သော် ရူပက္ခန္ဓာသည် ကာယာနုပဿနာ သတိပဋ္ဌာန် ဝေဒနာက္ခန္ဓာသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဝိညာဏက္ခန္ဓာသည် စိတ္တာနုပဿနာ သတိပဋ္ဌာန် သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ နှစ်ပါးသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဤကားအထူးမှတ်။

သဝန္တိ သဗ္ဗဓိ သောတာ၊ လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ။
တဉ္စ ဒိသွာ လတာ ဇာတံ၊ မူလံ ပညာယ ဆိန္ဒထ။ (ဓမ္မပဒပါဠိတော်)

သဗ္ဗဓိ၊ ခပ်သိမ်းသော အာရုံခြောက်ပါးတို့၌။ သောတာ၊ တဏှာ ဟူသောအယဉ်တို့သည်။ သဝန္တိ၊ယိုစီးကုန်၏။ လတာ၊ တဏှာဟူသောနွယ်သည်။ ဥပ္ပဇ္ဇ၊ ခြောက်အာရုံတို့၌။ တိဋ္ဌတိ၊ တည်နေလေ၏။ ဇာတံ၊ဖြစ်ပေါ်လာသော။ တဉ္စလတာ၊ ထိုလတာနွယ်နှင့်တူသော တဏှာကို။ ဒိသွာ၊ မြင်ကြ၍။ မူလံ၊ ခြောက်ဒွါရ ခြောက်အာရုံတို့၌ ကျရောက်သောတဏှာ၏ အမြစ်အရင်းကို။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ဆိန္ဒထ၊ ဖြတ်ကြကုန်လော။

**အဓိပ္ပာယ်ကား။** ။ခပ်သိမ်းဥဿုံ အလုံးစုံသော ခြောက်ဒွါရခြောက် အာရုံတို့၌ ကျရောက်၍လာသော တဏှာဟူသော အယဉ်တို့သည် မိနစ် နာရီ မခြား ယိုစီးကြလေကုန်၏။ ဥတုဗီဇအားဖြင့် သစ်ပင်ရှိရာသို့သွား၍ ဖွဲ့စည်း ရစ်ပတ်တတ်သော လတာနွယ်နှင့်တူသော တဏှာသည် ခြောက်ဒွါရခြောက် အာရုံတို့၌ဖြစ်၍ တည်နေလေ၏။ ။အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊

အသိတို့၌ နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းတို့ဖြင့် ဖြစ်ပေါ်လာသော လတာနွယ်နှင့်တူသော တဏှာ မြင်ကြ၍ ခြောက်ဒွါရ ခြောက်အာရုံဟူသော အမြစ်အရင်းက စောင့်ရှောက်ရှုမှတ်ပွားများ အားထား၍ နေသည်ရှိသော် တဏှာဟူသော အယဉ်တို့သည် မဝင်နိုင်ပေ။

ဝိပဿနာပညာဖြင့် မြင်မြင်သမျှအဆင်း၊ ကြားကြားသမျှအသံ၊ နံနံသမျှအနံ့၊ စားစားသမျှ အရသာ၊ ထိထိသမျှအထိ၊ သိသိသမျှ ဓမ္မသဘောအသိ၊ သူ့အာရုံနှင့် သူ့ဝိညာဏ်အတိုင်း ဖြစ်ပေါ်လာသောအခါ ပစ္စုပ္ပန်၏အတွင်း ရှေ့နောက်မကျရအောင်၊ သတိဖြင့် စွဲစွဲ မြဲမြဲ မဲမဲ သဲသဲ ခဲ၍ မှတ်ကြ ရှုကြ တားကြ ဆီးကြ ပိတ်ကြ ဆို့ကြ စောင့်ရှောက်ကြ ကာကွယ်ကြ နှလုံးသွင်းကြ အာရုံပြုကြ ပယ်ကြ ခွါကြ စွန့်ပစ်ကြ ခုတ်ကြ ဖြတ်ကြ စသော စကားအမျိုးမျိုးတို့သည် ဝိပဿနာအရာ၌ အတူတူဟူ၍မှတ်ယူကြပါကုန်လော့။

တစ်ထောင့်ငါးရာ ကိလေသာတို့၏ ထွက်ဝင်ရာအရပ်ဌာနမှာ ခြောက်ဒွါရ ခြောက်အာရုံတို့ကသာ ထွက်ဝင်ရာ အရပ်ဌာန မူလ အမြစ်အရင်းဖြစ်ပေသည်။ ၎င်းအမြစ်အရင်းကသာ ကိလေသာ မဝင်ရအောင် ယောဂီပုဂ္ဂိုလ်တို့သည် ဝိပဿနာဉာဏ်နှင့် စောင့်ရှောက်ရမည်ကို မြတ်စွာဘုရားက(မူလံ ပဋ္ဌာယ ဆိန္ဒထ) ဟု ဟောတော်မူသော ပါဠိတော်ကိုထောက်၍ မညာရှိတို့သည် ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှ ပေကုန်သည်။ လောက၌ ဤအရပ်က ခိုးသူဝင်၏။ ထိုခိုးသူဝင်ရာအရပ်က မဝင်ရလေအောင် လုံခြုံစွာပိတ်ဆို့ကာကွယ်ရခြင်းကို ပြုရသကဲ့သို့ မှတ်ယူကြကုန်လော့။

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေ မာ ဥပစ္စကာ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။ (ဓမ္မပဒပါဠိတော်)

ပစ္စန္တံ၊ ပစ္စန္တရစ် အနီးအပါး၌ နေကြသော။ နဂရံ၊ မြို့၌။ သန္တရဗာဟိရံ၊ မြို့တွင်း မြို့ပနှင့်တကွ။ ဂုတ္တံယထာ၊ လုံခြုံအောင် စောင့်ရှောက် ရသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အတ္တာနံ၊ အဝိဇ္ဇာထူ အလွန်ပူလှသော မိမိခန္ဓာကိုယ်မြို့ကို။ သန္တရဗာဟိရံ၊ အဇ္ဈတ္တိက အာယတနခြောက်ပါး ဗာဟိရအာယတနခြောက်ပါး၊နှင့်တကွ။ ဂုတ္တံ၊ လုံခြုံအောင်။ ဂေါပေထ၊ စောင့်ရှောက်ကြလေကုန်လော့။ ခဏော။ မဂ်ဖိုလ်ရကြောင်း အလွန်ကောင်းသော ယခုကာလ

သာသနာတော်ကြီး၏ ထင်ရှားရှိသော ခဏအခါသည်။ ဝေ၊ စင်စစ်အမှန်မလွဲ။ မာဥပစ္စကာ၊ နေ့ရက်ကာလ အချိန်ကိုမလွန်ကြ မကုန်ကြစေ ကုန်လင့်။ ခဏာတီတာ၀၊ မဂ်ဖိုလ်မရ အချိန်ကာလကို လွန်ကြကုန်သော သူတို့သည်သာ လျှင်။ နိရယမှိ၊ ငရဲ၌။ သမပ္ပိတာ၊ ကျရောက်ကြကုန်သည် ဖြစ်၍။ သောစေန္တိ၊ စိုးရိမ်ကြောင့်ကြ ပူပန်ရလေကုန်၏။

**အဓိပ္ပာယ်ကား။** ။ပစ္စန္တရစ် အနီးအပါး၌ နေသော ခိုးသူဓားပြ အလွန်ထကြွသောမြို့၌ မြို့တွင်း-မြို့ပြင်နှင့် တကွ လုံခြုံအောင် စောင့်ရှောက်၍ ထားရသကဲ့သို့။ထို့အတူ အဝိဇ္ဇာထူ အလွန်ပူလှသော မိမိခန္ဓာကိုယ်မြို့ကို။ စက္ခာ ယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာ ယတန ဟူသော အဇ္ဈတ္တိကအာယတန ၆-ပါး၊ ရူပါယတန၊ သဒ္ဒါယတန၊ဂန္ဓာ ယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန ဟူသော ဗာဟိရအာယတန ၆-ပါးနှင့်တကွ မြင်မြင်သမျှ အဆင်းကိုမှတ်၊ ကြားကြားသမျှ အသံကိုမှတ်၊ နံ့နံ့ သမျှအနံ့ကိုမှတ်၊ စားစားသမျှ အရသာကိုမှတ်၊ထိထိသမျှအထိကိုမှတ်၊သိသိသမျှ အသိသဘောကိုမှတ်။ ဤသို့သူ့အာရုံနှင့်သူ့ဝိညာဏ်တို့သည် ဖြစ်ပေါ်လာတိုင်း မှတ်ရမည်ကို။ ဂုတ္တံ၊ လုံခြုံအောင်။ ဂေါပေထ၊ စောင့်ရှောက်ကြလေကုန်လော ဟု မြတ်စွာဘုရားဟောတော်မူသည်။ သာသနာတော်ကြီးထင်ရှားရှိသမျှ ကာလ ပတ်လုံး မဂ်ဖိုလ်ကို ရနိုင်သည်ဟု ဘုရားရှင်၏ ဗျာဒိတ်တော်အရ ဝိပဿနာကို အားထုတ်ကြကုန်လော။ နေ့ရက် နာရီ မိနစ် အချိန် တွေကို မကုန်ကြ မလွန်ကြ မဖြုန်းကြပါနှင့် ငါဘုရား ဟောတော်မူသောအတိုင်း ကျင့်ကြ အားထုတ်ကြပါ ကုန်လော၊ မဂ်ဖိုလ်ကိုမရ လွန်၍ သွားကြကုန်သော သူတို့သည် ငရဲပြည်၌ ကျရောက်သည်ဖြစ်၍ နောင်တ တစ်ဖန် စိုးရိမ်ကြောင့်ကြ ပူပန်ရပေကုန်၏။

စက္ခုန္ဒြိယေန သံဝုန္နာ ရာဂတောစ ပမုစ္စတိ။
မဟာအတ္ထ ပူရော သောစ၊ မယံ တေန ကရော မ တံ။

(ရာဟုလောဝါဒသုတ်)

စက္ခုန္ဒြိယေန၊ စက္ခုန္ဒြေနှင့်။ သံဝုန္နာ၊ ပြည့်စုံခြင်းကြောင့်။ ရာဂတောစ၊ ရာဂစသောဘေးမှလည်း။ ပမုစ္စတိ၊ လွတ်လေ၏။ သောစ၊ ထိုရာဂစသောဘေးမှ လွတ်သောသူသည်လည်း။ မဟာအတ္ထပူရော၊ ကြီးမြတ်သောအကျိုးနှင့် ပြည့်စုံ

လေ၏။ တေန၊ ထို့ကြောင့်။ မယံ၊ ငါတို့သည်။ တံ၊ ထိုစက္ခုန္ဒြေနှင့် ပြည့်စုံခြင်းကို။ ကရောမ၊ သံဝရိဿာမ၊ စောင့်ရှောက်၍ နေကြကုန်အံ့။

အဓိပ္ပာယ်ကား။ ။စက္ခုန္ဒြေနှင့် ပြည့်စုံခြင်း ဆိုသည်မှာ မြင်ဆဲခဏ အဆင်းကိုမှတ်၊ ကြားဆဲခဏအသံကိုမှတ်၊ နံဆဲခဏ အနံ့ကိုမှတ်၊ စားဆဲခဏ ခဲဆဲခဏ သောက်ဆဲခဏ လျက်သောခဏ အရသာကိုမှတ်၊ ဝါးဆဲခဏ၌လည်း ဝါးတိုင်း ဝါးတိုင်းမှတ်ရ၏။ ထိဆဲခဏ အထိကိုမှတ်၊ သိဆဲခဏ အသိသဘောကို မှတ်၊ ဤသို့မှတ်သည်ကို စက္ခုန္ဒြေနှင့် ပြည့်စုံသည်ဟု ဆိုရပေ၏။

ၚင်းစက္ခုန္ဒြေနှင့် ပြည့်စုံခြင်းကြောင့် ရာဂစသောဘေးမှ လွတ်လေ၏။ ထိုရာဂစသောဘေးမှ လွတ်သောသူသည် မြတ်သောမဂ်ဖိုလ်ဟူသော အကျိုးကို ရလေ၏။ ထို့ကြောင့် ငါတို့သည် စက္ခုန္ဒြေနှင့်ပြည့်စုံခြင်းကို စောင့်ရှောက်၍ နေကြကုန်အံ့ဟု ဆိုရသတည်း။ (အကြွင်းငါးပါးနည်းတူ) ဤကား ဣန္ဒြိယ သံဝရဖြစ်ပုံတည်း။

မြင်ကာခဏ အဆင်း၊ ကြားကာခဏ အသံ၊ နံကာခဏ အနံ့၊ စားကာခဏ အရသာ၊ ထိကာခဏ အတွေ့၊ သိကာခဏ သဘောအသိ၊ အဆင်းအမျိုးမျိုး၊ အသံအမျိုးမျိုးစသည်တို့ကို မလိုက်ရ မမှတ်ရပေ။ ဝိပဿနာအရ ပရမတ္ထသဘာဝမှာ အမည်သညာ သရုပ်သဏ္ဍာ မပါရပေ၊ မြင်ဆဲခဏ ပစ္စုပ္ပန်တစ်ချက်ကိုသာ သိရ မှတ်ရပေသည်။ အထက်၌လည်း ပြဆိုလတ္တံ့။

စက္ခုံ ဘိက္ခဝေ အဘိဇာနာမိ၊ ရူပါ အဘိဇာနာမိ။
စက္ခုဝိညာဏံ အဘိဇာနာမိ။

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခုံ၊ မျက်စိကို။ အဘိဇာနာမိ၊ သိအပ်၏။ ရူပါ၊ အဆင်းတို့ကို၊ အဘိဇာနာမိ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းကို။ အဘိဇာနာမိ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။ပစ္စုပ္ပန်၌ စိတ်ကိုထား၍ မြင်သောကာလ မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဏ်က မြင်သည်၏ အစွမ်းဖြင့် မြင်၏ဟု သတိထင်အောင်မှတ်၍သာနေ၏။ မျက်စိအဆင်း ရုပ်၊ မြင်တာက နာမ်ဟု အမှတ်မပြု၊ မပြုသော်လည်း သူ့အလိုလိုထင်မြင်၍လာ၏။ ထင်မြင်သောကြောင့်သာ မျက်စိဖြင့် အဆင်းကိုမြင်သည်ဟု ပြောဆိုရပေ၏။

သောတံ အဘိညေယျံ၊ သဒ္ဒါ အဘိညေယျာ။

သောတဝိညာဏံ အဘိညေယျံ။

သောတံ၊ နားကို။ အဘိညေယျံ၊ သိအပ်၏။ သဒ္ဒါ၊ အသံတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ သောတဝိညာဏံ၊ ကြားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

ကြားသောကာလ၊ နား၌အသံထင်သည်။ နားကကြားသည်၏အစွမ်းဖြင့် ကြား၏ဟု သတိထင်အောင် မှတ်၍သာနေ၏။ နားအသံရုပ်၊ ကြားတာက နာမ်ဟု အမှတ်မပြု၊ မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏။ ထင်မြင်သောကြောင့်သာ နားဖြင့်အသံကို ကြားသည်ဟု ပြောဆိုရပေ၏။

ဃာနံ အဘိညေယျံ၊ ဂန္ဓာအဘိညေယျာ။

ဃာန ဝိညာဏံ အဘိညေယျံ။

ဃာနံ၊ နှာခေါင်းကို။ အဘိညေယျံ၊ သိအပ်၏။ ဂန္ဓာ၊ အနံ့တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ဃာနဝိညာဏံ၊ နံခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။နံသောကာလ နှာခေါင်း၌ အနံ့ထင်သည်။ ဃာနဝိညာဏ်က နံသည်၏အစွမ်းဖြင့်။ နံ၏ဟု သတိထင်အောင် မှတ်၍သာ နေ၏။ နှာခေါင်းအနံ့ ရုပ်၊ နံတာက နာမ်ဟု အမှတ်မပြု မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏ ထင်မြင်သောကြောင့်သာ နှာခေါင်းဖြင့် အနံ့ကို နံသည်ဟု ပြောဆိုရပေ၏။

ဇိဝှါအဘိညေယျာ ရသာအဘိညေယျာ။

ဇိဝှါ ဝိညာဏံ အဘိညေယျံ။

ဇိဝှါ၊ လျှာကို။ အဘိညေယျာ၊ သိအပ်၏။ ရသာ၊ အရသာတို့ကို။ အဘိညေယျာ။ သိအပ်ကုန်၏။ ဇိဝှါဝိညာဏံ၊ စားခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။စားသောကာလ လျှာ၌ အရသာထင်သည်။ ဇိဝှါဝိညာဏ်က စားသည်၏ အစွမ်းဖြင့် စား၏ဟု သတိထင်အောင်မှတ်၍သာနေ၏။

လျှာ အရသာ ရုပ်၊ စားတာက နာမ်ဟု အမှတ်မပြု မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏ ထင်မြင်သောကြောင့်သာ လျှာဖြင့်အရသာကို စားသည်ဟု ပြောဆိုရပေ၏။

ကာယော အဘိညေယျော၊ ဖေါဋ္ဌဗ္ဗာ အဘိညေယျာ။
ကာယဝိညာဏံ အဘိညေယျံ။

ကာယော၊ ကိုယ်ကို။ အဘိညေယျော၊ သိအပ်၏။ ဖောဋ္ဌဗ္ဗာ၊ အတွေ့တို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ ကာယဝိညာဏံ၊ ထိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။ထိသောကာလ ကိုယ်အတွေ့ ထင်သည်၊ ကာယဝိညာဏ်က ထိသည်၏အစွမ်းဖြင့် ထိ၏ဟု သတိထင်အောင်သာ မှတ်၍နေ၏။ ကိုယ်အတွေ့ရုပ် ထိတာက နာမ်ဟု အမှတ်မပြု၊ မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏၊ ထင်မြင်သောကြောင့်သာ ကိုယ်ဖြင့်အတွေ့ကို ထိသည်ဟု ပြောဆိုရပေ၏။

မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ။
မနောဝိညာဏံ အဘိညေယျံ။

မနော၊ နှလုံးကို။ အဘိညေယျော၊ သိအပ်၏။ ဓမ္မာ၊ သဘောတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ မနောဝိညာဏံ၊ သိခြင်းကို။ အဘိညေယျံ၊ သိအပ်၏။

အဓိပ္ပာယ်ကား။ ။သိသောကာလ နှလုံး၌သဘောထင်သည်၊ မနောဝိညာဏ်က သိသည်၏အစွမ်းဖြင့် သိ၏ဟု သတိထင်အောင် မှတ်၍သာနေ၏။ နှလုံးသဘောရုပ်၊ သိတာက နာမ်ဟု အမှတ်မပြု မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏။ ထင်မြင်သောကြောင့်သာ စိတ်ဖြင့်သဘောကို သိသည်ဟု ပြောဆိုရပေ၏။

ဝင်းပါဠိတော်အရ။ မနော၊နှလုံးဆိုရာ၌ မနောအရ နှလုံးရုပ်ကိုယူလေ၊ ပြဆိုခဲ့သော စက္ခုရုပ်၊ သောတ ရုပ်၊ ဃာန ရုပ်၊ ဇိဝှါ ရုပ်၊ ကာယ ရုပ်၊ မနော နှလုံးရုပ်ဟု ဤအရာ၌ ယူအပ်၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ နှလုံး ၎င်း ၆ ပါးတို့သည် ဒွါရမည်ကုန်၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊

သဘော၊ ၎င်း ၆-ပါးတို့သည် အာရုံမည်ကုန်၏။ မြင်ခြင်း၊ ကြားခြင်း၊နံခြင်း၊ စားခြင်း၊ ထိခြင်း၊ သိခြင်း ၎င်း ၆-ပါးတို့သည် ဝိညာဉ်မည်ကုန်၏။ ပြဆိုခဲ့သော အသီးအသီး ၃-ပါးစီ တစ်တွဲ တစ်တွဲ ပေါင်းဆုံမိကြသော မျက်စိ၊ အဆင်း၊ မြင်ခြင်း ၃။ နား၊ အသံ၊ ကြားခြင်း ၃။ နှာခေါင်း၊ အနံ့၊ နံခြင်း ၃။ လျှာ၊ အရသာ၊ စားခြင်း ၃။ ကိုယ်၊ အတွေ့၊ ထိခြင်း ၃။ နှလုံး သဘော သိခြင်း ၃။ သူ့ဒွါရ သူ့အာရုံ သူ့ဝိညာဉ် ၃-ပါးစီတွဲပါလေ။

ဒွါရ၊ အာရုံ၊ ဝိညာဉ် ဤ ၃-ပါးသော တရားသည် တစ်ကြိမ်တည်းဖြစ်သော စိတ်၏ တစ်ပြိုင်နက် အာရုံမဖြစ်ကောင်း ဤ ၃-ပါးသော တရားကို တစ်ကြိမ်တည်းဖြစ်သော စိတ်ဖြင့် မသိသောသူသည် ဝိပဿနာကို မဖြစ်မရနိုင်ပေ။ တစ်ကြိမ်တည်းဖြစ်သောစိတ်ဖြင့် သိသောသူသည်သာလျှင် ဝိပဿနာဉာဏ်ကိုရနိုင် ဖြစ်နိုင်ပေ၏။ ဝိပဿနာဉာဏ်ကို ရခြင်းငှာ အလိုရှိသောသူသည် ဒွါရ၌ အာရုံထင်သည် ဝိညာဉ်က သိသည်၏အစွမ်းဖြင့် သတိထင်အောင် အမှတ်ပြု၍သာ နေ၏။

လာသောအာရုံ၊ သွားသောဝိညာဉ်ကို အမှတ်မပြုသော်လည်း သူ့အလိုလို ထင်မြင်၍လာ၏။ စိတ်လည်း မပျံ့လွင့်၊ ကိုယ်စိတ်လည်း ခန့်၏။ ဝိပဿနာအညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံအစည်လည်းငြိမ်း၏။ ပရိယုဋ္ဌာန်သံယောဇဉ်လည်းပျောက်၏ အနုသယလည်းပျက်စီး၏ ဝိပဿနာဉာဏ်အထူးကိုလည်းရ၏။ အစဉ်အတိုင်း တစ်ဆင့်တစ်ဆင့်တက်၍ အထက် ဝိပဿနာဉာဏ်အထူး မဂ်ဉာဏ်အထူးကိုလည်းရ၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏ဟူ၍ ဟောတော်မူသည်။ အကျယ်ကို အလိုရှိကြမူ ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး စီရင်ရေးသားသော အာရမ္မဏဝိဓိဝိသဇ္ဇနာကျမ်းကြီးမှာ ယူပါလေ။

ယထာ ဘူတံ ဘူတတော ပဿိယမာနေ ဒိဋ္ဌေ သတိ။
ပဿာမီတိ သလ္လက္ခဏံ ကရောတိ တထာ ဘူတံ
ဘူတတော ပဿတိ ကာ ကထာ အာယသ္မာ ဘူတံ
ဘူတတော ပဿတီတိ၊ ယထာဘူတံ ဉာဏ ဒဿနေန
စက္ခုမာ ပဿိတုံ ဒုက္ခံ ပရိညာယ၊ သမုဒယံ ပဟာနာယ။
နိရောဓံ သစ္ဆိကိရိယာယ မဂ္ဂံ ဘာဝနာယောတိ။

(ကျေးဇူးရှင် ဆရာတော်ဘုရားကြီး စီရင်သော ပေဋကောပဒေသ အဋ္ဌကထာပါဠိ။)

ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဘူတံ၊ ထင်ခြင်းကို။ ဘူတတော၊ ထင်ခြင်းဟူ။ ပဿိယမာနေ၊ မြင်ခြင်းကြောင့်။ ဒိဋ္ဌေ၊ မြင်သည်။ သတိ၊ ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သလ္လက္ခဏံ၊ အမှတ်ကို။ ကရောတိ၊ ပြု၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဘူတံ၊ ထင်သည်ကို။ ဘူတတော၊ ထင်၏ဟု ပဿတိ၊ မြင်၏။ ဣတိ၊ ဤသို့။ ယထာဘူတဉာဏဒဿနေန၊ ယထာဘူတ ဉာဏ်အမြင်ဖြင့်။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ အာယသ္မာ၊ ဤအရှင်သည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိညာယ၊ ပိုင်းခြား၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာယ၊ ပယ်၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြု၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာယ၊ ပွား၍။ ပဿိတုံ၊ မြင်ခြင်းငှာ။ ကာ ကထာ၊ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

အဓိပ္ပာယ်ကား။ ။အကြင်အခြင်းအရာဖြင့် အဆင်းရုပ် ထင်ခြင်းကို ထင်ခြင်းဟု မြင်ခြင်းကြောင့် အဆင်းရုပ်ကို မြင်သည်ရှိသော် မြင်၏ဟူ၍ အမှတ် ပြု၏ ထိုအမှတ်ပြုသော အခြင်းအရာဖြင့် ထင်သည်ကို ထင်၏ဟု သိမြင်၏၊ ဤသို့ ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်ဖြင့် ပညာမျက်စိ အမြင်ရှိသော ဤအရှင် သည်။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်ခြင်းငှာ သမုဒယသစ္စာကို ပယ်၍ သိမြင် ခြင်းငှာ နိရောဓသစ္စာကို မျက်မှောက်ပြု၍ သိမြင်ခြင်းငှာ မဂ္ဂသစ္စာကိုပွား၍ သိမြင်ခြင်းငှာ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဓမ္မသဘာဝဝိမုတ္တိအရ ပဋိပတ္တိက္ကမ ကျင့်စဉ် သစ္စာလေးပါး ပါဝင်ပုံမှာ မြင်မြင်သည်ဟု မှတ်သောစိတ်တစ်ချက်၌ ကိလေသာတို့သည် ကာလဝိမုတ်ဖြစ်၍ နောင်ဘဝတစ်ဖန် ဖြစ်ခွင့်မရ ဒုက္ခပိုင်းခြား၍သိခြင်းကို ဒုက္ခသစ္စာဟုဆိုသည်။ သိသောသဘော၌ မသိပယ်ပျောက်ခြင်းကို သမုဒယသစ္စာဟုဆိုသည်။ သိသော သဘော၌ အကြောင်းကင်း၍ အကျိုးချုပ်ငြိမ်းခြင်း မျက်မှောက် ပြုသည်ကို နိရောဓသစ္စာဆိုသည် သိသောသဘော ပွားခြင်းကို မဂ္ဂသစ္စာဆိုသည် ဤကား မှတ်သောစိတ်တစ်ချက်၌ သစ္စာလေးပါး ပါဝင်ပုံတည်း။

အထခေါ ဒါနိ ဒုက္ခဿ သမုဒယောတိ ပါကဋ္ဌမတ္တော၀
တထာ အနာဂတော ပစ္စုပ္ပန္နောပိ၊ ကသ္မာ အတီတော အနာဂတော
ပစ္စုပ္ပန္နောတိ ဘ၀စက္ကဿ အန္တရေ အဒ္ဓါနံ ကာလတ္တယေ
သင်္ဂဟိတတ္တာ။ (ပေဋကောပဒေသအဋ္ဌကထာပါဠိ)

အထခေါ၊ စင်စစ် သော်ကား။ ဒါနိဒုက္ခသာ၊ ယခုဒုက္ခ၏။ သမုဒယော၊ သမုဒယတည်း။ ဣတိ၊ ဤသို့။ ပါကဋမတ္တော၀၊ ထင်ရှားမျှသာလျှင်တည်း။ တထာ၊ ထို့အတူ။ အနာဂတောပိ သမုဒယော၊ အနာဂတ် သမုဒယကို လည်းကောင်း။ ပစ္စုပ္ပန္နောသမုဒယောပိ၊ ပစ္စုပ္ပန်သမုဒယကို လည်းကောင်း။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဉာဏဂေါစရော၊ သိသောအင်္ဂါဖြင့်လည်းကောင်း။ ဝိပဿနာမဂ္ဂေန၊ ဝိပဿနာမှလာသော မဂ်ဖြင့်လည်းကောင်း။ အထခေါ၊ စင်စစ်သော်ကား။ ဒါနိဒုက္ခသာ၊ယခုဒုက္ခ၏။ သမုဒယော၊ သမုဒယတည်း။ ဣတိ၊ ဤသို့။ ပါကဋမတ္တော၀၊ ထင်ရှားမျှသာလျှင်တည်း။ ကသ္မာ၊ အဘယ် ကြောင့်နည်း။ အတီတော အနာဂတော ပစ္စုပ္ပန္နောတိ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍။ဘဝစက္ကဿ၊ ဘဝစက်၏။ အန္တရေ၊ အတွင်း၌။အဒ္ဓါနကာလတ္တယေ၊ အဓွန့်ကာလ သုံးပါးတို့၏ အပေါင်း၌။ သင်္ဂဟိတတ္တာ၊ ပေါင်း၍ ရေတွက် အပ်သည်၏ အဖြစ်ကြောင့်တည်း။

**အဓိပ္ပာယ်လိုရင်းမှာ။** ။စင်စစ်ကား ယခုဒုက္ခသည် သမုဒယအကြောင်း ဤသို့ ထင်ရှားမျှသာတည်း။ ထို့အတူ အနာဂတ်သမုဒယ၊ ပစ္စုပ္ပန်သမုဒယဖြင့် ဝိပဿနာ၏ သိသောအင်္ဂါဖြင့် လည်းကောင်း။ ဝိပဿနာမှ လာသောမဂ်ဖြင့် လည်းကောင်း။ ယခုဒုက္ခသည် သမုဒယဟု ထင်ရှားမျှသာ အဘယ့်ကြောင့်ဆိုသော် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ ဘဝစက်၏ အတွင်း၌သာ ကာလသုံးပါးကို ရေတွက်အပ်ပေသည်။ မှတ်သောစိတ်၌ ကိလေသာကင်းခြင်းသည် ကာလသုံးပါး ကလွတ်၍ ကင်းခြင်းကြောင့် ကာလဝိမုတ်ဆိုရသည်။

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝရော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ (ဓမ္မပဒပါဠိတော်)

စက္ခုနာ၊ မျက်စိဖြင့်။ သံဝရော၊ မြင်တိုင်းမြင်တိုင်း စောင့်ရှောက်ခြင်း သည်။ သာဓု၊ ကောင်း၏။ သောတေန၊ နားဖြင့်။ သံဝရော၊ ကြားတိုင်း ကြားတိုင်း စောင့်ရှောက်ခြင်းသည်။ သာဓု၊ ကောင်း၏။ ဃာနေန၊ နှာခေါင်း ဖြင့်။ သံဝရော၊ နံ့တိုင်း နံ့တိုင်း စောင့်ရှောက်ခြင်းသည်။ သာဓု၊ ကောင်း၏။

ဇိဝှါယ၊ လျှာဖြင့်။ သံဝရော၊ စားတိုင်း စားတိုင်း စောင့်ရှောက်ခြင်းသည်။ သာခု၊ ကောင်း၏။ ကာယေန၊ ကိုယ်ဖြင့်။ သံဝရော၊ ထိတိုင်း ထိတိုင်း စောင့်ရှောက်ခြင်းသည်။ သာခု၊ ကောင်း၏။

ဝါစာယ၊နှုတ်ဖြင့်။ သံဝရော၊ ပြောတိုင်း ပြောတိုင်း စောင့်ရှောက်ခြင်းသည်။ သာခု၊ ကောင်း၏။ မနသာ၊ စိတ်ဖြင့်။ သံဝရော၊ သိတိုင်း သိတိုင်း စောင့်ရှောက်ခြင်းသည်။ သာခု၊ ကောင်း၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ခြောက်အာရုံတို့၌။ သံဝရော၊ စောင့်ရှောက်ခြင်းသည်။ သာခု၊ ကောင်း၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ခြောက်အာရုံတို့၌။ သံဝုတော၊ စောင့်ရှောက်သော။ ဘိက္ခု၊ ရဟန်းသည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ ပမုစ္စတိ၊ လွတ်လေကျွတ်လေ၏။

စတ္တာရော သတိပဋ္ဌာနာ၊ ဘာဝိတာ ဗဟုလီကတာ ဣန္ဒြိယ

သံဝရသီလံ ပရိပူရေန္တိ။ (မဟာဝဂ္ဂသံယုတ်)

စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ဘာဝိတာ၊ ရှုမှတ် ပွားများသည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ လေ့လာသည်ရှိသော်။ ဣန္ဒြိယသံဝရသီလံ၊ ဣန္ဒြိယသံဝရ သီလသည်။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏။

တဿ သံဝရာယ ပဋိပဇ္ဇထ ရက္ခထ စက္ခုန္ဒြိယံ။

စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇထ။ (သံယုတ်ပါဠိတော်)

တဿ၊ ထိုစက္ခုန္ဒြေကို။ သံဝရာယ၊ စောင့်ရှောက်ခြင်းငှါ။ ပဋိပဇ္ဇထ၊ မြင်တိုင်း မြင်တိုင်း မှတ်ကြ ကျင့်ကြ လေကုန်လော။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခထ၊ မြင်တိုင်း မြင်တိုင်း စောင့်ရှောက်ကြ မှတ်ကြ လေကုန်လော။ စက္ခုန္ဒြိယေ၊စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်ရှောက်ခြင်း မှတ်၍နေခြင်းသို့။အာပဇ္ဇထ၊ ရောက်ကြလေကုန်လော။

အဓိပ္ပာယ်ကား။ ။ထိုစက္ခုန္ဒြေကို စောင့်ရှောက်ခြင်းမှတ်၍ နေခြင်းငှာ မြင်တိုင်း မြင်တိုင်း အဆင်းကို မှတ်ကြ လေကုန်လော။ စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်း မှတ်၍နေခြင်းသို့ ရောက်ကြပါကုန်လော့။

ဤကျမ်း၌ မှတ်ရမည်ဆိုသော စကားသည် သညာသိ၊ ဝိညာဏ်သိ၊ ပညာသိဟူ၍ သုံးမျိုးရှိရာတွင် သညာသိသည် ကလေးသိနှင့်တူ၏။ ကလေးသည် ရွှေကိုသိမြင်သောအခါ ဝင်းသည် ဝါသည်ကို သိသာ၏။ အချိန်နှင့်တကွ အဖိုး တန်ရွှေဟူသော အမည်ကို မသိနိုင်ပေ။ ဝိညာဏ်သိသည် အမိနှင့်တူ၏။ အမိသည် ရွှေကို တွေ့မြင်သောအခါ ရွှေဟူသော အမည်ကိုလည်းသိ၏၊ အချိန်ပမာနကို လည်း မှန်းဆ၍သိနိုင်၏။ ဇမ္ဗူရာဇ်ရွှေ၊ သိင်္ဂီရွှေ ဘယ်နှစ်မူးရေ ဘယ်နှစ်မတ်ကဲ စသောအားဖြင့် ခွဲခြား၍ မသိနိုင်ပေ။ ပညာသိသည် ရွှေပန်းထိမ်နှင့် တူ၏၊ ရွှေပန်းထိမ်သည် ရွှေကိုတွေ့မြင်သောအခါ အချိန်ပမာနနှင့်တကွ ရွှေ၏အမည် ကို အလုံးစုံ အကုန်ခွဲခြား၍ သိနိုင်ပေ၏။

ကမ္မဋ္ဌာန်းယောဂီပုဂ္ဂိုလ်သည် အာထုတ်စအခါကာလဖြစ်၍ ကလေးသိ နှင့်တူသော သညာသိကနေ၍ ကမ္မဋ္ဌာန်းအရှယ်သို့ မရောက်ခင် ခြောက်ဒွါရ ခြောက်အာရုံတို့ကို တွေ့ရောက်တိုင်း အမှတ်နှင့်သာ နေရမည်ဟု ဆိုလိုသည်။ အရွယ်သို့ ရောက်သောအခါ သညာသိကိုပယ်ခွါ၍ သူ့အလိုလို အမိနှင့်တူသော ဝိညာဏ်သိ၊ ရွှေပန်းထိမ်နှင့်တူသော ပညာသိဟူသော အသိမျိုးတို့သည်။ သူ့အလို လို မဂ်ဖိုလ်သို့တိုင်အောင် သိမြင်လာမည်ဖြစ်၍ အမှတ်နှင့်သာ အားထုတ်ရမည် အသိနှင့် အားမထုတ်ရပေ၊ အသိမှာ ကိလေသာ ကွာသောအခါ သူ့အလိုလို သိ၍လာသည်၊ အသိသည် အားထုတ်ဖို့ အလုပ်တစ်ခုမဟုတ်ပေ။

စက္ခုံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇာဟထ တံ ဝေါပဟီနံ၊
ဟိတာယ သုခါယ ဘဝိဿတိ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခုံ၊ မျက်စိသည်။ နတုမှာကံ၊ သင်တို့၏ ဥစ္စာ မျက်စိမဟုတ်။ တံ၊ထိုသင်တို့၏ ဥစ္စာမဟုတ်သော မျက်စိကို။ ပဇဟထ၊ ငါ့မျက်စိ ဟူသော အယူဝါဒကို စွန့်ကြ ပစ်ကြ ခွါကြ ကုန်လော။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော မျက်စိကို။ ပဟီနံ၊ ပယ်သည် ခွါသည် စွန့်သည်ရှိသော်။ ဟိတာယ၊ လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများပြားစေခြင်းငှာ။ သုခါယ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့.... မျက်စိသည် သင်တို့၏ ဥစ္စာမျက်စိ မဟုတ်ပေ။ ထိုသင်တို့၏ ဥစ္စာမဟုတ်သော မျက်စိကို ငါကမြင်သည် ဟူသော အယူဝါဒကို စွန့်ကြ ပစ်ကြ ခွါကြပါကုန်လော။ ထိုသို့ စွန့်ခွါသည် ရှိသော်

လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများခြင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့သည် ဖြစ်ကုန်လတ္တံ့။ သောတ ဃာန ဇိဝှါ ကာယ မနတို့မှာ စကျွန်နှင့်နည်းတူ မှတ်ယူကြကုန်လော။

စိတ္တံနိယမေ ဆဒ္ဒွါရေသု သတိပဋ္ဌာန ဝရုတ္တမေ။ (မိလိန္ဒပဉှာ)

ဆဒ္ဒွါရေသု၊ ခြောက်ပါးသော ဒွါရတို့၌။ စိတ္တံ၊ စိတ်သည်။ နိယမေ၊ အမှတ်ရှိငြားအံ့။ တတ္ထ၊ ထိုမှတ်ရာ၌။ ကိလေသာ၊ကိလေသာတို့သည်။စေ လဂ္ဂါ၊ အကယ်၍ ကပ်ငြိငြားအံ့။ ဝိပဿနာ၊ မှတ်လေ့ ရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ဥတ္တမေ၊ မြင့်မြတ်သော။ သတိပဋ္ဌာနဝရံ၊ သတိပဋ္ဌာန်တည်း ဟူသော တံခါးကွန်ရှက်ကို။ ကတွာ၊ ပြု၍။ တေ၊ ထိုကိလေသာတို့ကို။ ဟန္တပ္ပါ၊ သတ်အပ်ပယ်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပာယ်ကား။** ။ခြောက်ဒွါရ ခြောက်အာရုံတို့၌ မိမိစိတ်ကို မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သိတိုင်း မှတ်ရှု၍နေငြားအံ့။ ထိုသို့မှတ်ရှု၍နေရာ၌ အကယ်၍ ကိလေသာကပ်ငြိသည်ဖြစ်အံ့ ဝိပဿနာကို ရှုမှတ်လေ့ရှိသောရဟန်းသည် မှတ်တိုင်း ရှုတိုင်း မြင့်မြတ်သော သတိပဋ္ဌာန်ဟူသော တံခါးကွန်ရှက်ကို ဖွင့်သည် ပြုသည်ဖြစ်၍ ထိုကိလေသာတို့ကို ပတ်သတ်ကုန်၏ ဟု ဟောတော်လေသတည်း။

တသ္မိံ ခဏေ ဒိဋ္ဌေ သတိ ပဿာမီတိ သလ္လက္ခဏံ
ကရောန္တောပန ဝိပဿနာယ ဧဝ ဘူတ မိဒန္တိ ပဿတိ။
တတော သော ဝ အာရမ္မဏ ဘူတေ ဝိပဿနာယ
ဉာဏဂ်ေန နဝံ ဒါနိ အနုပ္ပဇ္ဇနာ ရဟတော။
ဝဋ္ဋမူလ သမုဒယေန အမိဿိတံ ဒုက္ခံ ပရိဇာနာတိ နာမ။

ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး စီရင်သော ပေဋကောပဒေသ အဋ္ဌကထာပါဌ်။

တသ္မိံခဏေ၊ ထိုမှတ်၍ ထင်သောခဏ၌။ ဒိဋ္ဌေ၊ မြင်သည်။ သတိ၊ ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သလ္လက္ခဏံ၊ အမှတ်ကို။ ကရောန္တောပန၊ ပြုသော်ကား။ ဝိပဿနာယဧဝ၊ ဝိပဿနာဖြင့်သာလျှင်။ ဣဒံ၊ ဤသည်ကား။ ဘူတံ၊ ထင်ခြင်းတည်း။ ဣတိ၊ ဤသို့။ ပဿတိ၊ မြင်၏။ တတော၊ ထိုသို့ မြင်ခြင်းကြောင့်။ သော ဝ၊ ထိုမြင်သောသူသည်သာလျှင်။ အာရမ္မဏဘူတေ၊

ထင်မြင်သောအာရုံ၌။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဉာဏေန၊ သိသောဉာဏ်ဖြင့်။ နဝံ၊ အသစ်။ ဒါနိ၊ ယခု။ အနုပ္ပဇ္ဇနာရဟတော၊ ဖြစ်ခြင်းငှာ မထိုက်သောကြောင့်။ ဝဋ္ဋမူလသမုဒယေန၊ ဝဋ္ဋမြစ်သမုဒယနှင့်။ အသမိဿိတံ၊ မရောနှောအပ်သည်ရှိသော်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိနာမ၊ ပိုင်းခြားသည်မည်၏။

**အဓိပ္ပာယ်ကား။** ။ထိုအဆင်းရုပ်ကိုမှတ်၍ ထင်သောခဏ၌ မြင်သည်ရှိသော် မြင်၏ဟူ၍ အမှတ်ပြုသော်ကား ဝိပဿနာဉာဏ်ဖြင့် သာလျှင် ဤကား ထင်မြင်ခြင်းတည်း။ ဤသို့ ထင်မြင်ခြင်းကြောင့် ထိုထင်မြင်သော သူသည် သာလျှင် ထင်မြင်သောအာရုံ၌ ဝိပဿနာ၏ သိသောဉာဏ်ဖြင့် အသစ်ယခုဘဝ၌ ဖြစ်ခြင်းငှာ မထိုက်သောကြောင့် ဝဋ္ဋမြစ်ဖြစ်သော သမုဒယနှင့် မရောနှော အပ်သည်ရှိသော် ဒုက္ခသစ္စာကို ပိုင်းခြားသည်မည်၏။

**ဂုဏ်းစကားနှင့်အဆက်ကား။**

> တတော အယံနာမ ပုနဗ္ဘဝေါ၊ ဒုက္ခေန အမိဿိတ
> ဝဋ္ဋမူလ သမုဒယတော နဝံ န ဟောတိ။
> ဘူတံဟိ ဒုက္ခံ သမုဒယေန အမိဿိတော ကေတ္တံ။
> သမုဒယောဟိ နဝံ ဒါနိ အနုပ္ပဇ္ဇနာရဟော ဝိပဿနာယ
> ဉာဏေန အနုပ္ပါဒ နိရောဓော။ ။ (ပေဋကော ပဒေသအဋ္ဌကထာ)

တတော၊ ထို့ကြောင့်။ အယံနာမ ပုနဗ္ဘဝေါ၊ ဤမည်သော တစ်ဖန်ဘဝသည်။ ဒုက္ခေန၊ ဒုက္ခသစ္စာနှင့်။အမိဿိတဝဋ္ဋမူလသမုဒယတော၊ မရောနှောအပ်သော ဝဋ္ဋမြစ်သမုဒယကြောင့်။ နဝံ၊ အသစ်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်ပါ၏။ ဘူတံ၊ ဝိပဿနာဉာဏ်ဖြင့်ထင်သော။ ဒုက္ခံ၊ ဒုက္ခသည်။ သမုဒယေန၊ သမုဒယသစ္စာနှင့်။ အမိဿတော၊ မရောနှောခြင်းကြောင့်။ ကေတ္တံ၊ သမုဒယ အဖော်ကင်း တစ်ကိုယ်တည်းခြင်း မည်၏။ ဟိသစ္စံ၊ မှန်ပါ၏။ သမုဒယော၊ သမုဒယသည်။ နဝံ၊ အသစ်။ ဒါနိ၊ယခု။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဉာဏေန၊ သိသောဉာဏ်အင်္ဂါဖြင့်။ အနုပ္ပဇ္ဇနာရဟော၊ ဖြစ်ခြင်းငှာ မထိုက်။ အနုပါဒ နိရောဓော၊ မဖြစ်သောချုပ်ခြင်းတည်း။

**အဓိပ္ပာယ်ကား။** ။ထို့ကြောင့် ဤမည်သော တစ်ဖန်ဘဝသည် ဒုက္ခသစ္စာနှင့် မရောနှော အပ်သော ဝဋ္ဋမြစ်ဖြစ်သော သမုဒယကြောင့် အသစ်ဘဝ မဖြစ်တော့ပေ။ ပြဆိုခြင်းသည် မှန်ပါ၏။ ဝိပဿနာဉာဏ်ဖြင့် ထင်မြင်သော

ဒုက္ခသည် သမုဒယသစ္စာနှင့် မရောနှောရခြင်းကြောင့် သမုဒယအဖော်ကင်းသဖြင့် တစ်ကိုယ်တည်းခြင်းမည်၏။ ပြဆိုခြင်းသည် မှန်ပါ၏။ သမုဒယသည် ဘဝအသစ် ယခု ဝိပဿနာ၏ သိသောဉာဏ်အင်္ဂါဖြင့် သမုဒယသည် ဖြစ်ခြင်းငှာ မထိုက်သောကြောင့် မဖြစ်သော ချုပ်ခြင်းဟု ဆိုရပေသည်။

တသ္မိံ ဒိဋ္ဌေ သတိ၊ ပဿာမီတိ သလ္လက္ခဏံ၊
ကရောန္တောပန၊ ဝိပဿနာယ ဧဝ ဘူတ
မိဒန္တိ ပဿတိ တဒါဟာရ သမ္ဘဝန္တိ ဝိပဿတိ။
တတော ဝိပဿနာယ အန္တေ ဝိပဿနာ
ဂမန မဂ္ဂေန တဒါဟာရနိရောဓာ ယံဘူတံ
တံ နိရောဓ ဓမ္မန္တိ ပဿတိ။ (ပေဋကောပဒေသအဋ္ဌကထာ)

တသ္မိံခဏေ၊ ထိုခဏ၌။ ဒိဋ္ဌေ၊ မြင်သည်။ သတိ၊ ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သလ္လက္ခဏံ၊အမှတ်ကို။ ကရောန္တောပန၊ ပြုသော်ကား။ ဝိပဿနာယ ဧဝ၊ ဝိပဿနာဉာဏ်ဖြင့်သာလျှင်။ ဣဒံ၊ ဤသည်ကား။ ဘူတံ၊ ထင်ခြင်းတည်း။ ဣတိပိ၊ ဤသို့လည်း။ ပဿတိ၊ မြင်၏။ တံ၊ ထိုမြင်ခြင်းသည်။ အာဟာရသမ္ဘဝံ၊ အကြောင်းကြောင့် ဖြစ်ခြင်းတည်း။ ဣတိပိ၊ ဤသို့လည်း။ ပဿတိ၊ မြင်၏။ တတော၊ ထို့ကြောင့်။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်ဖြင့်။ အန္တေ၊ အဆုံး၌။ ဝိပဿနာမဂ္ဂေန၊ ဝိပဿနာမှလာသော မဂ်ဖြင့်။ ယံခန္ဓပဉ္စကံ၊ အကြင်ခန္ဓာ ပဉ္စကသည်။ ဘူတံ၊ ထင်၏။ တံခန္ဓပဉ္စကံ၊ ထိုခန္ဓာပဉ္စကကို။ အာဟာရနိရောဓာ၊ အကြောင်း ချုပ်ခြင်းကြောင့်။ တံခန္ဓပဉ္စကံ၊ ထိုခန္ဓာပဉ္စကသည်။ နိရောဓဓမ္မံ၊ ချုပ်သော သဘောတည်း။ ဣတိပိ၊ ဤသို့လည်း။ ပဿတိ၊မြင်၏။

အဓိပ္ပာယ်ကား။ ။ထိုမှတ်သောခဏ၌ မြင်သည်ရှိသော် မြင်၏ဟူ၍ အမှတ်ပြုသော်ကား။ ဝိပဿနာဉာဏ်ဖြင့်သာလျှင် ဤကား ထင်မြင်ခြင်းတည်း ဤသို့လည်း ထင်မြင်ပေ၏။ ထိုသို့ ထင်မြင်ခြင်းသည်။ အကြောင်းကြောင့် ထင်မြင်ခြင်းပေတည်း။ ဤသို့လည်း ထင်မြင်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်၏ အဆုံး၌ ဝိပဿနာမှ လာသောမဂ်ဖြင့် အကြင်ခန္ဓာငါးပါး အပေါင်းသည် ထင်၏။ ထိုခန္ဓာငါးပါးအပေါင်းကို အကြောင်းခံချုပ်ရခြင်းကြောင့် ထိုခန္ဓာငါးပါးအပေါင်းသည် ချုပ်ရခြင်း သဘောပေတည်း။ ဤသို့ ထင်မြင်ပေ၏။ ရှင်းစကားနှင့် အဆက်ကား။

ဧတ္ထပန အာဟာရော ဟိ သရူပတော စတုဗ္ဗိဓောပိ၊
ယဿ အာဟာရဿ နိရောဓေန ယောဂတော
ပဟာနေ ကဋ္ဌ ဝသေန ဘဝစက္ကဿ ယာဝ ဝဋ္ဋမူလ
သမုဒယ နိရောဓံ ပရံ ပရ ပစ္စယ နိရောဓော။
အာဟာရ နိရောဓောတိ ဝုစ္စတိ။ (ပေဋကောပဒေသအဋ္ဌကထာ)

ဧတ္ထပနဌာနေ၊ ဤအရာ၌ကား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ အာဟာရော၊ အာဟာရသည်။ သရူပတော၊ သရုပ်အားဖြင့်။ စတုဗ္ဗိဓောပိ၊ လေးပါးအပြားရှိသော်လည်း။ ယဿအာဟာရဿ၊ အကြင်အာဟာရ၏။ နိရောဓေန၊ ချုပ်ခြင်းနှင့်။ ယောဂတော၊ ယှဉ်ခြင်းကြောင့်။ ပဟာနေကဋ္ဌဝသေန၊ သမုဒယပဟာနေကဋ္ဌ၏အစွမ်းဖြင့်။ ဘဝစက္ကဿ၊ ဘဝစက်၏။ ယာဝ ဝဋ္ဋမူလ သမုဒယ နိရောဓံ၊ အကြင်ဝဋ္ဋ်မြစ်သမုဒယချုပ်သည်တိုင်အောင်။ ပရံ ပရပစ္စယ နိရောဓော၊ အဆက်ဆက်အကြောင်း ချုပ်ခြင်းကို။ အာဟာရနိရောဓောတိ။ အာဟာရ နိရောဓ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

**အဓိပ္ပာယ်ကား။** ။ပြဆိုခဲ့သောအရာ၌ အကြင့်ကြောင့် အာဟာရသည် သရုပ်အားဖြင့် လေးပါးရှိသော်လည်း အကြင် အာဟာရ၏ ချုပ်ခြင်းနှင့်ယှဉ်ခြင်းကြောင့် သမုဒယအကြောင်းခံပယ်သည်၏အစွမ်းဖြင့် ဘဝစက်ကြီး၏ ဝဋ္ဋ်မြစ်ဖြစ်သော သမုဒယ ချုပ်ငြိမ်းသည် တိုင်အောင် အဆက်ဆက် အကြောင်းခံချုပ်ငြိမ်းခြင်းကို အာဟာရချုပ်သည်ဟူ၍ ဆိုအပ် ဆိုထိုက်ပေ၏။

ပညာယ အနုသယာ ပဟိယန္တိ အနုသယေသု ပဟိနေသု၊
ပရိယုဋ္ဌာနာ ပဟိယန္တိ ကိဿအနုသယဿ ပဟိနတ္တာ။

ပညာယ၊ ပညာဖြင့်။ အနုသယာ၊ အနုသယတို့သည်။ ပဟိယန္တိ၊ ပယ်ပျောက်ကုန်၏။ အနုသယေသု၊ အနုသယတို့သည်။ ပဟိနေသု၊ ပယ်ပျောက်ကုန်သည်ရှိသော်။ ပရိယုဋ္ဌာနာ၊ ပရိယုဋ္ဌာန်တို့သည်။ ပဟိယန္တိ၊ ပယ်ပျောက်ကုန်၏။ ကိဿ၊ အဘယ့်ကြောင့်။ ပရိယုဋ္ဌာနာ၊ ပရိယုဋ္ဌာန်တို့သည်။ ပဟိယန္တိ၊ ပယ်ပျောက်ကုန်သနည်း။ အနုသယဿ၊ အနုသယ၏။ ပဟိနတ္တာ၊ ပယ်ပျောက်သည်၏အဖြစ်ကြောင့်။ ပရိယုဋ္ဌာနာ၊ ပရိယုဋ္ဌာန်တို့သည်။ ပဟိယန္တိ၊ ပယ်ပျောက်ကုန်၏။

အဓိပ္ပာယ်ကား။ ။သတိပဋ္ဌာန်ကို ရှုမှတ်ပွားများ အားထားသည် ရှိသော်။ ပညာဖြင့် အနုသယကို ပယ်ပျောက်ကုန်၏။ အနုသယ ပယ်ပျောက်ကုန်သည်ရှိသော် ပရိယုဋ္ဌာန်ပယ်ပျောက်ရပေကုန်၏။ အဘယ့်ကြောင့် အနုသယ ပယ်ပျောက်ကုန်သော် ပရိယုဋ္ဌာန် ပယ်ပျောက်ရပါ ကုန်သနည်း။ နာမ်ရုပ် ဖြစ်သည်ရှိသော်။ အနုသယဖြစ်ရသည် အနုသယ ဖြစ်သည်ရှိသော် ပရိယုဋ္ဌာန် ဖြစ်ရ၏။ ထို့ကြောင့် နာမ်ရုပ်၌ အနုသယတည်သည် အနုသယ၌ ပရိယုဋ္ဌာန် တည်သည်။ ပညာဉာဏ်ဖြင့် နာမ်ရုပ်ကို ကိလေသာနှင့် မရောနှောရအောင် ပိုင်းခြားသည် ရှိသော် နာမ်ရုပ်၌တည်သော အနုသယ နာပ်ရုပ်နှင့် မရောနှော ရ၍ ပယ်ပျောက် လေတော့သည် အထူးသတိပြု၍ ဥပမာဖြင့် သိမှတ်ကြ ကုန်လော့။

တံ ယထာ ခန္ဓဝန္တဿ ရုက္ခဿ အနဝသေသ မူလုဒ္ဓရဏေ ကတေ။

ပုပ္ဖ ဖလ ပလ္လဝင်္ကုရ သန္တတိ၊ သမုစ္ဆိန္နာ ဘဝတိ ဧဝံ အနုသယေသု

ပဟိနေသု ပရိယုဋ္ဌာန သန္တတိ သမုစ္ဆိန္နာ ဘဝတိ။

တံ၊ ထိုဥပမာသည်။ ယထာကတမံ၊ အဘယ်ကဲ့သို့နည်း။ ခန္ဓဝန္တဿ၊ ပင်လုံး ပင်စည်ရှိသော။ ရုက္ခဿ၊ သစ်ပင်၏။အနဝသေသ မူလုဒ္ဓရဏေ၊ အကြွင်း အကျန်မရှိ အမြစ်ကုန်အောင် နုတ်ခြင်းကို။ ကတေ၊ ပြုသည်ရှိသော်။ ပုပ္ဖ ဖလ ပလ္လဝင်္ကုရ သန္တတိ သမုစ္ဆိန္နာ၊အပွင့်အသီး အခက်အရွက် အညွန့် အစဉ်ပြတ်သည်။ ဘဝတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အနုသယေသု၊ အနုသယ အမြစ်မူလသည်။ ပဟိနေသု၊ ပယ်ပျောက်သည် ရှိသော်။ ပရိယုဋ္ဌာနသန္တတိ သမုစ္ဆိန္နာ၊ အပင်၏ အကိုင်း အခက် အရွက် အလက် အညွန့် ပရိယုဋ္ဌာန် အစဉ်ပြတ်သည်။ ဘဝတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ခန္ဓာနာမ်ရုပ်သည် သစ်ပင်နှင့်တူသည်။ အနုသယ ကိလေသာသည် ရေသောက်မြစ်နှင့် တူသည်၊ ပရိယုဋ္ဌာန် ကိလေသာသည် သစ်ပင်၏ အကိုင်း အခက် အရွက် အလက် အပွင့် အသီး အညွန့်နှင့်တူသည်။ ရေသောက်မြစ်ပြတ်သည်ရှိသော် အကိုင်း အခက် အရွက် အလက် အပင် အသီး အညွန့်တို့သည် အစဉ်ပြတ်သကဲ့သို့ ထို့အတူ အနုသယမူလ ရေသောက်မြစ်ပယ် ပျောက်သည်ရှိသော် အပင်၏ အကိုင်း အခက် အရွက်အလက် အပွင့်အသီး အညွန့်ဟူသော ပရိယုဋ္ဌာန်အစဉ်ပြတ်ခြင်း ဖြစ်ရလေတော့၏။

ယခုအခါ မင်္ဂလိုလ်လိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးများတို့သည် ဤကျမ်း၌ လာသောအတိုင်း ယုံကြည် လေးမြတ်စွာ ရှုမှတ်ပွားများအားထားကြပါလျှင် ပြဆိုခဲ့သော အနုသယကိလေသာ ပရိယုဋ္ဌာန်ကိလေသာတို့သည် ချုပ်ငြိမ်း၍ ခန္ဓာနာမ်ရုပ် ဇာတ်သိမ်းနိုင်ကြောင်းကို သတိကောင်း ရကြစေကုန်လော။

စက္ခုန္ဒြိယ သံဝရ သံဝုတော ဝိဟရတီတိ ဧတ္ထ
စက္ခုမေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ၊ သံဝရဏတော သံဝရော
ပိဒဟနတော ထက္ကနတောတိ ဝုတ္တံ သတိယာ ဧတံ အဓိဝစနံ။
(အင်္ဂုတ္တိုရ်အဋ္ဌကထာ)

စက္ခုန္ဒြိယသံဝရသံဝုတောဝိဟရတီတိဧတ္ထ၊ စက္ခုန္ဒြိယ ။ လ။ ဧတ္ထ၊ မျက်စိလုံခြုံအောင် စောင့်ရှောက်၍နေရ၏ ဟူသောစကား၌။ စက္ခုမေဝ၊ မျက်စိဖြင့်သာလျှင်။ ဣန္ဒြိယံ၊ အဆင်းကိုမြင်ခြင်း၌ အစိုးရသည်တည်း။ စက္ခုန္ဒြိယံ၊ အဆင်းကိုမြင်ခြင်း၌ အစိုးရသောမျက်စိ။ သံဝရဏတောသံဝရော၊ စောင့်ရှောက်ခြင်း။ ပိဒဟနတော ထက္ကနတော၊ ပိတ်ဆို့ခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ၊ ဤစက္ခုန္ဒြေကို စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းဟူသော အမည်သည်။ သတိယာ၊ သတိ၏။ ဝါ၊ မှတ်ခြင်း၏။ အဓိဝစနံ၊ အမည်တည်း။

**အဓိပ္ပာယ်ကား။** ။မျက်စိဖြင့် လုံခြုံအောင် စောင့်ရှောက်ရမည် မှတ်ရမည် ဟူသောစကား၌ မျက်စိဖြင့် မြင်မြင်သမျှ အဆင်းကိုအစိုးရသည်။ အဆင်းကိုမှတ်ခြင်း စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းတို့ကို ဆိုလိုသည်။ ဤစက္ခုန္ဒြေကို မှတ်ခြင်း စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းဟူသော အမည်သည် သတိ၏ မှတ်ခြင်း၏ ဥပစာအမည်ဟူ၍ မှတ်ယူကြကုန်လော။

ဧထ တုမှေ ဘိက္ခဝေ ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ။
(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ တို့။ ဧထ၊ လာကြကုန်လော။ တုမှေ၊ သင်တို့သည်။ ဣန္ဒြိယေသု၊ စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရာ၊ လုံခြုံသော တံခါးရှိအောင်။ ဝိဟရထ၊ ပိတ်ဆို့၍ နေကြကုန်လော။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့ လာကြကုန်လော။ သင်ချစ်သားတို့သည် စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌ ဆိုးကောင်းအစုံ ဣဋ္ဌာရုံ

အနိဋ္ဌာရုံဟူသော ကိလေသာ မဝင်ရအောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သိတိုင်း မှတ်၍ စောင့်ရှောက်၍ နေကြပါကုန်လော ဟူ၍ ဟောတော်မူသည်။ ဤကား ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာ မဝင်ပုံ။

စက္ခုံ ဘိက္ခဝေ အဘိညေယျံ ရူပါ အဘိညေယျာ။
စက္ခုံ ဝိညာဏံ အဘိညေယျံ စက္ခုသမ္ဖဿော
အဘိညေယျော ယမ္ပိဒံ စက္ခု သမ္ဖဿ ပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ မသုခံဝါ။
တမ္ပိ အဘိညေယျံ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဘိက္ခဝေ၊ တို့။ စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ သိအပ်၏။ ရူပါ၊ အဆင်းတို့ကို။ အဘိညေယျာ၊ သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်သည်ကို။ အဘိညေယျံ၊ သိအပ်၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့်မြင်ခြင်း၏ အဆင်းနှင့် တွေ့သည်ကို။ အဘိညေယျော။ သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာ သည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲ သည်လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော။ ယမ္ပိဒံဝေဒယိတံ၊အကြင် ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ သိအပ်၏။

အဓိပ္ပာယ်လိုရင်းအကျဉ်းကား။ ။စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ငါးပါးခုကို သိရမည်ဆိုရာ၌ မြင်မြင်သည်ဟု မှတ်သော စိတ်တစ်ချက်၌ ပါဝင်ပြီးစီးလေတော့သည်။ တစ်ပါးစီခွဲ၍ ရှုမှတ်ရမည်မဟုတ်ပေ။ ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက စက္ခုကလဲကြည်၊ အဆင်း ကလဲထင်၊ ဝိညာဏ်ကလဲသိ၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ဤငါးပါးစုံ ပေါင်းဆုံမိကြတဲ့အခါ ကုန်တာဘဲ ကုန်ဆိုတာ အနိစ္စဘဲဟု ဟောတော်မူသည်။ ဒုက္ခ-အနတ္တနည်းတူ ဤကား စက္ခုံအဘိညေယျံစသော ပါဠိတော်အလိုတည်း။

စက္ခုလောကေ ပိယရူပံ သာတရူပံ။ ဧတ္ထေသာ တဏှာ ပဟီယမာနာ
ပဟီယတိ ဧတ္ထ နိရုဇ္ဈ မာနာ နိရုဇ္ဈတိ။ (သတိပဋ္ဌာန်ပါဠိတော်)

စက္ခုံလောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော အာရုံ၌။ သော တဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပယ်ပျောက်၏။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

ရူပါလောကေ ။လ။ ဓမ္မလောကေ၊ နည်းတူ။
စက္ခုဝိညာဏံ လောကေ ။လ။ မနောဝိညာဏံ လောကေ။ နည်းတူ။
စက္ခုသမ္ဖဿောလောကေ ။လ။ မနောသမ္ဖဿောလောကေ။ နည်းတူ။
စက္ခုသမ္ဖဿဇာ ဝေဒနာလောကေ။လ။ မနောသမ္ဖဿဇာ ဝေဒနာ လောကေ။ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ (သတိပဋ္ဌာန်ပါဠိတော်)

လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ် သာယာအပ်သော အာရုံ၌။ သောတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပယ်၏။ ဧတ္ထ၊ ဤအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ။ ချုပ်၏။

**အဓိပ္ပာယ်လိုရင်းအကျဉ်းကား။** ။စက္ခု၊ ရူပါရုံ၊ စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ၎င်းငါးပါးတို့ကို ပယ်ချုပ်သည်ဆိုရာ၌ မြင်မြင်သည်ဟု မှတ်သောစိတ် တစ်ချက်၌ ပါဝင်ပြီးစီး၍ ချုပ်ငြိမ်း ရုပ်သိမ်းလေတော့သည်။ ပြဆိုခဲ့သော ငါးပါးတို့ကို တစ်ခုစီခွဲ၍ ရှုမှတ်ရမည် မဟုတ်ပေ။

(အာရုံခြောက်တွင်၊ စောင့်ရှောက်မြင်၊ လွတ်လျှင် ဤကသာ။ (သံဒိဝ်)

(၁၇) ခြောက်ဒွါရ ခြောက်အာရုံတို့က ကိလေသာ ဖြစ်ဝင်ပုံကို ပါဠိတော် အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်း ပြီး၏။

## (၁၈) သဘာဝဇ္ဈာနရုံ သဘာဝအနိဋ္ဌာရုံ တို့ကို အဋ္ဌကထာလာပုံနှင့် နှစ်ဝါဒအာရုံကို ပြဆိုခြင်း

ဣဋ္ဌာရုံ အနိဋ္ဌာရုံက လွတ်မှ ဝိပဿနာဖြစ်သည်။ ထို့ကြောင့်၊ ဓမ္မသဘာဝ ယထာဘူတ ဣဋ္ဌ အနိဋ္ဌကို ပြဆိုပေအံ့။

အကုသလကမ္မဇဝသေန အနိဋ္ဌာ ပဉ္စကာမဂုဏာ ဝိဘတ္တာ။
ကုသလကမ္မဇံ ပန အနိဋ္ဌံနာမ နတ္ထိ။
သဗ္ဗံ ဣဋ္ဌမေဝ ယထာ ကမ္မဇေသု ဧဝံ ဥတုသမုဋ္ဌာနာဒီသုပိ။
ဣဋ္ဌာ နိဋ္ဌတာ အတ္ထိဝေ။ (သမ္မောဟအဋ္ဌကထာပါဠိ)

အကုသလ ကမ္မဇ ဝသေန၊ အကုသိုလ်ကံကြောင့် ဖြစ်သည်၏အစွမ်းဖြင့်။ အနိဋ္ဌာ၊ အလိုမရှိအပ်ကုန်သော။ ပဉ္စကာမဂုဏာ၊ ငါးပါးသော ကာမဂုဏ်တို့ကို။ ဝိဘတ္တာ၊ ဝေဖန်အပ်ကုန်၏။ ကုသလကမ္မဇံပန၊ ကုသိုလ်ကံကြောင့် ဖြစ်သော ရုပ်သည်ကား။ အနိဋ္ဌံနာမ၊ အနိဋ္ဌာရုံမည်သည်။ နတ္ထိ၊ မရှိ။ သဗ္ဗံ၊ အလုံးစုံသည်။ ဣဋ္ဌမေဝ၊ ဣဋ္ဌာရုံသည်သာလျှင်တည်း။ ကမ္မဇေသု၊ ကမ္မဇရုပ်တို့၌။ ဣဋ္ဌာနိဋ္ဌာ၊ ဣဋ္ဌာရုံအဖြစ် အနိဋ္ဌာရုံအဖြစ်သည်။ အတ္ထိယထာ၊ ရှိသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ဥတုသမုဋ္ဌာနာဒီသုပိ၊ ဥတုသမုဋ္ဌာနရုပ် အစရှိသည်တို့၌လည်း။ ဣဋ္ဌာနိဋ္ဌာ၊ ဣဋ္ဌာရုံအဖြစ် အနိဋ္ဌာရုံ အဖြစ်သည်။ အတ္ထိဝေ၊ ရှိသည်သာလျှင်တည်း။

အဓိပ္ပာယ်ကား လွယ်၏။ ဋ္ဌင်းစကားဋီကာ၌ ပြဆိုဦးအံ့။

သတ္တသန္တာနပရိယာပန္နေသု ကမ္မဇံ ဝိသိဋ္ဌန္တိ။
ကမ္မဇဝသေနာတိ ဝုတ္တံ။ (မူလဋီကာ)

သတ္တသန္တာနပရိယာပန္နေသု၊ သတ္တဝါတို့၏ သန္တာန်၌ အကျုံးဝင်သော တရားတို့တွင်။ ကမ္မဇံ၊ ကမ္မဇရုပ်သည်။ ဝိသိဋ္ဌံ၊ ထူး၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကမ္မဇဝသေနာတိ၊ ကမ္မဇဝသေနဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ မိန့်ဆိုပေ၏။

န ကမ္မဇ ဝသေနေဝ ရူပါဒီနိ ဝိဘတ္တာနိ သဗ္ဗေသံ ပန
ဣန္ဒြိယဗဒ္ဓါနံ ဝသေန ဝိဘတ္တာနီတိ ဝိညာယန္တိ။ (မူလဋီကာ)

ကမ္မဇဝသေနေဝ၊ ကမ္မဇရုပ်၏ အစွမ်းဖြင့်သာလျှင်။ ရူပါဒီနိ၊ ရူပါရုံ အစရှိသည်တို့ကို။ဝိဘတ္တာနိ၊ဝေဖန်အပ်ကုန်သည်။ န မဟုတ်ကုန်သေး။သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဣန္ဒြိယဗဒ္ဓါနံ၊ ဣန္ဒြေနှင့်စပ်သော တရားတို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဝိဘတ္တာနိ၊ ဝေဖန်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိညာယန္တိ၊ သိအပ်ကုန်၏။

ငင်းကျမ်းဂန်တို့ကို ထောက်၍ ကုသိုလ်၏ အကျိုးတရားကို၊ သဘာဝ ဣဋ္ဌာရုံဟုမှတ်။ အကုသိုလ်၏ အကျိုးတရားကို သဘာဝ အနိဋ္ဌာရုံဟုမှတ်၊ ဤကား သမာနဝါဒီဆရာတို့၏ အဆုံးအဖြတ်တည်း။ တစ်နည်း ဝါဒကို ပြဆိုဦးအံ့။

တိပိဋကစူဠာဘယထေရော နာမာဟ။လ။ ဇဝံ ဣဋ္ဌာနိဋ္ဌာနာမ
ကေန္တတော ဝိပါက ဝသေနေဝ ပရိစ္ဆိဇ္ဇတိတိ ဝေဒိတဗ္ဗံ။
(သမ္မောအဋ္ဌကထာ)

တိပိဋကစူဠာဘယထေရောနာမ၊ ပိဋကတ်သုံးပုံ ဆောင်သော တိပိဋက စူဠာဘယထေရ်မည်သည်။ အာဟ၊ မိန့်ဆို၏။ ဣဋ္ဌာနိဋ္ဌာနာမ၊ အလိုရှိအပ်သော အာရုံ၊ အလိုမရှိအပ်သော အာရုံ မည်သည်ကား။ ဝိပါကဝသေနေဝ၊ ဝိပါက်၏အစွမ်းဖြင့်သာလျှင်။ ပရိစ္ဆိဇ္ဇတိ၊ ပိုင်းခြားအပ်၏။ ဝါ၊ ဝေဖန်အပ်၏။ ဇဝနဝသေန၊ ဇော၏အစွမ်းဖြင့်။ နပရိစ္ဆိဇ္ဇတိ၊ မပိုင်းမခြားအပ်။ ဝါ၊ မဝေဖန်အပ်။ ဇဝံပန၊ ဤဇောသည်ကား။ သညာဝိပလ္လာသဝသေန၊ အမည်သညာ ဖောက်ပြန်သည်၏ အစွမ်းဖြင့်။ ဣမသ္မိံယေဝ၊ ဤဣဋ္ဌာရုံ၌သာလျှင်။ ရဇ္ဇတိ၊ တပ်နှစ်သက်တတ်၏။ ဣမသ္မိံယေဝ၊ ဤဣဋ္ဌာရုံ၌သာလျှင်။ ဒုဿတိ၊ အမျက်ထွက်တတ်၏။ အနိဋ္ဌာသ္မိံယော၊ အနိဋ္ဌာရုံ၌သာလျှင်။ ရဇ္ဇတိ၊ တပ်နှစ်သက်တတ်၏။ အနိဋ္ဌာသ္မိံယေဝ၊ အနိဋ္ဌာရုံ၌သာလျှင်။ ဒုဿတိ၊ အမျက်ထွက်တတ်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆို၏။ ဝိပါကဝသေနေဝ၊ ဝိပါက်၏ အစွမ်းဖြင့် သာလျှင်။ ဇတံ၊ ဤဣဋ္ဌာရုံ အနိဋ္ဌာရုံကို။ ကေန္တတော၊ စင်စစ်အားဖြင့်။ ပရိစ္ဆိဇ္ဇတိ၊ ပိုင်းခြား ဝေဖန်အပ်၏။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ဝိပါကစိတ္တံ၊ ဝိပါက်စိတ်ကို။ ဝဉ္စေတုံ၊ လှည့်ပတ်သွယ်ဝိုက်ခြင်းငှာ။ နသက္ကာ၊မတတ်ကောင်း။ အာရမ္မဏံ၊ အာရုံသည်။ ဣဋ္ဌံ၊ ဣဋ္ဌာရုံသည်။ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ကုသလဝိပါကံ၊ ကုသလဝိပါက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အာရမ္မဏံ၊ အာရုံသည်။ အနိဋ္ဌံ၊ အနိဋ္ဌာရုံသည်။ သစေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။အကုသလ ဝိပါကံ၊ အကုသလဝိပါက်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။

ဝိပါကဝသေနေဝ၊ ဝိပါက်၏အစွမ်းဖြင့်သာလျှင်။ တော၊ ဤဋ္ဌာရုံ အနိဋ္ဌာရုံကို။ ဧကန္တတော၊ စင်စစ်အားဖြင့်။ ပရိစ္ဆိဇ္ဇတိ၊ ပိုင်းခြားအပ်၏။ ဝါ၊ ဝေဖန်အပ်၏။ ဟိသစ္စံ၊ မှန်၏။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိတို့သည်။ ဗုဒ္ဓံဝါ၊ ဘုရားကိုလည်းကောင်း။ သံဃံဝါ၊ သံဃာကို လည်းကောင်း။ မဟာစေတိယာဒီနိ၊ မဟာစေတီတော် အစရှိကုန်သော။ ဥဋ္ဌာရာနိ၊ မွန်မြတ်ကုန်သော။ အာရမ္မဏာနိဝါ၊ အာရုံတို့ကိုလည်းကောင်း။ ဒိသွာ၊ မြင်၍။ အက္ခီနိ၊ မျက်စိတို့ကို။ ကိဋ္ဌာပိတက္ကေန္တိ၊ အကယ်ကားပိတ်ကုန်၏ရှင့်။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသို့။ ကိဋ္ဌာပိအာပဇ္ဇန္တိ၊ အကယ်၍ကား ရောက်ကုန်၏ရှင့်။ ဓမ္မသဒ္ဒံ၊ တရားဟောသောအသံကို။ သုတွာ၊ ကြားရ၍။ ကဏ္ဏေ၊ နားတို့ကို။ ကိဋ္ဌာပိတက္ကေန္တိ၊ အကယ်၍ကားပိတ်ကုန်၏ရှင့်။ ပန။ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ နေသံ၊ ထိုးဖောက်ပြန်သောသူတို့၏။ စက္ခုဝိညာဏသောတဝိညာဏာဒီနိ၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်စသည်တို့သည်။ ကုသလဝိပါကဝသေနေဝ၊ ကုသလဝိပါက်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအရာ၌ ဝိပါက်၏အာရုံမှာ ဋ္ဌ၊ ဇော၏အာရုံမှာ ဖောက်ပြန်သော ဝိပရိတ အနိဋ္ဌဟုမှတ်ယူလေ။

ဂူထသုကရာဒယော၊ ဂူထဂန္ဓံ ဃာယိတွာ ခါဒိတုံ
လဘိဿာမာတိ သောမနဿ ဇာတာဝ။
ကိဋ္ဌာပိဟောန္တိ ပန နေသံ ဂူထ ဒဿနေ။
စက္ခု ဝိညာဏဥ္စ တဿ ဂန္ဓံ ဃာယနေ
ဃာနဝိညာဏဥ္စ ရသံ သာယနေ ဇိဝှါ ဝိညာဏဥ္စ
အကုသလ ဝိပါကမေဝ ဟောတိ။ (အဋ္ဌသာလိနီ)

ဂူထသုကရာဒယော၊ မစင်ကိုစားသောဝက် အစရှိသည်တို့သည်။ ဂူထဂန္ဓံ၊ မစင်နံ့ကို။ ဃာယိတွာ၊ နမ်း၍။ ခါဒိတုံ၊ ခဲစားခြင်းငှာ။ လဘိဿာမ၊ ရကုန်အံ့။ ဣတိ၊ ဤသို့။ သောမနဿဇာတာဝ၊ ဝမ်းမြောက်ခြင်း ရှိကုန်သည်သာလျှင်။ ကိဋ္ဌာပိဟောန္တိ၊ အကယ်၍ကားဖြစ်ကုန်၏ရှင့်။ ပနတထာပိ၊ ထိုသို့ပင်ဖြစ်ကုန်သော်လည်း။ နေသံ၊ ထိုဝက်အစရှိသည်တို့၏။ ဂူထဒဿနေ၊ မစင်ကိုမြင်ခြင်း၌။ စက္ခုဝိညာဏဥ္စ၊ စက္ခုဝိညာဏ်သည်လည်းကောင်း။တဿ၊ ထိုမစင်၏။ ဂန္ဓံ၊ အနံ့ကို။ ဃာယနေ၊ နမ်းခြင်း၌။ ဃာနဝိညာဏဥ္စ၊ ဃာနဝိညာဏ်သည်လည်းကောင်း။ ရသံ၊ ရသာရုံကို။ သာယနေ၊ လျက်ခြင်း၌။ ဇိဝှါဝိညာဏဥ္စ၊

ဇိဝှါဝိညာဏ်သည်လည်းကောင်း။ အကုသလဝိပါကမေဝ၊ အကုသိုလ်၏ အကျိုးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤအရာ၌။ ဝိပါက်၏ အာရုံမှာ။ ဘာဝအနိဋ္ဌ၊ ဇော၏အာရုံမှသာ၊ ဖောက်ပြန်သော ဝိပရိတဣဋ္ဌဟု မှတ်ယူလေ။

ဗန္ဓိတွာ ဝရ သယနေ သယာပိတ သုကရော။
ကိဥ္စာပိ ဝိရဝတိ ပနဿ ဇဝနသ္မိံ ယေဝ။
ဒေါမနဿံ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ ကုသလဝိပါက
မေဝ ဟောတိ။ အာရမ္မဏဿ ဣဋ္ဌတာယ။ (အဋ္ဌသာလိနီ)

ဗန္ဓိတွာ၊ ဝက်ကိုဖွဲ့ချည်၍။ ဝရသယနေ၊ မြတ်သောအိပ်ရာ၌၊ သယာပိတသုကရော၊ အိပ်စေအပ်သောဝက်သည်။ ကိဥ္စာပိဝိရဝတိ၊ အကယ်၍ကားအော်၍ မြည်၏ရှင့်။ ပနတထာပိ၊ ထိုသို့ပင်မြည်သော်လည်း။ အဿ၊ ထိုဝက်၏။ ဇဝနသ္မိံယေဝ၊ ဇော၌သာလျှင်။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကာယဝိညာဏံ၊ ကာယဝိညာဏ် စိတ်သည်။ ကုသလဝိပါကမေဝ၊ ကုသိုလ်၏ အကျိုးဆက်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အာရမ္မဏဿ၊ အာရုံ၏။ ဣဋ္ဌတာယ၊ အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

ဤအရာ၌။ ဝိပါက်၏ အာရုံမှာ။ သဘာဝဣဋ္ဌ၊ ဇော၏အာရုံမှာ၊ ဖောက်ပြန်သော ဝိပရိတအနိဋ္ဌဟုမှတ်လေ။

အပိစ ဝုတ္တေ ဒွါရဝသေနပိ ဣဋ္ဌာနိဋ္ဌတာ-
ဝေဒိတဗ္ဗာဟိ သုခသမ္ဖဿံ ဂူထကလံလံ-
စက္ခုဒွါရ ဃာနဒွါရေသု အနိဋ္ဌံ ဟောတိ-
ကာယဒွါရေ ဣဋ္ဌံဟောတိ စက္ကဝတ္တိနော-
မဏိရတနေန ပေါထိယ မာနဿစ-
သုဝဏ္ဏ သုလေ- ဥတ္တာသိ တဿစ-
မဏိရတန သုဝဏ္ဏသုလာနိ စက္ခုဒွါရေ-
ဣဋ္ဌာနိ ဟောန္တိ ကာယဒွါရေ-
အနိဋ္ဌာနိ ဟောန္တိ မဟာ ဒုက္ခဿ-
ဥပ္ပါဒနတော ဧဝံ ဣဋ္ဌာ နိဋ္ဌံ ကေန္တတော
ဝိပါကေနေဝ ပရိစ္ဆိဇ္ဇတီတိ ဝေဒိတဗ္ဗံ။ (အဋ္ဌသာလိနီပါဠိ)

အပိစ၊ တစ်နည်း တစ်ပါးကိုလည်း။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုဦးအံ့။ ဒွါရဝသေနပိ၊ ဒွါရ၏အစွမ်းအားဖြင့်လည်း။ ဝဋ္ဌာနိဋ္ဌတာ၊ ဣဋ္ဌ အဖြစ် အနိဋ္ဌအဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဟိ၊ ထိုစကားကို အကျယ် ချဲ့၍ ပြဦးအံ့။ သုခသမ္မတံ၊ ချမ်းသာသော အတွေ့ရှိသော။ ဂူထကလလံ၊ မစင်ညွန်ပြောင်းသည်။ စက္ခုဒွါရ-သောတဒွါရေသု၊ စက္ခုဒွါရ သောတဒွါရတို့၌။ အနိဋ္ဌံ၊ အလိုမရှိအပ် သော အနိဋ္ဌာရုံသည်။ ဟောတိ၊ ဖြစ်၏။ ကာယဒွါရေ၊ ကာယဒွါရ၌။ ဣဋ္ဌံ၊ အလိုရှိအပ်သော ဣဋ္ဌာရုံသည်။ ဟောတိ၊ ဖြစ်၏။ စက္က ဝတ္တိနော၊ စကြာဝတေးမင်း၏။ မဏိရတနေန၊ ပတ္တမြားရတနာဖြင့်။ ပေါထိယ မာနဿစ၊ ပုတ်ခပ်သောသူအား လည်းကောင်း။ ဝါ၊ ရိုက်နှက်သော သူအား လည်းကောင်း။ သုဝဏ္ဏသုလေ၊ ရွှေတံကျင်၌။ ဝါ၊ ရွှေလှံ၌။ ဥတ္တာသိတဿစ၊ လျှိုသောသူအား လည်းကောင်း။ ဝါ၊ ထိုးသောသူအား လည်းကောင်း။ မဏိရတနသုဝဏ္ဏသုလာနိ၊ ပတ္တမြားရတနာ ရွှေတံကျင်တို့သည်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဣဋ္ဌာနိ၊ အလိုရှိအပ်သော ဣဋ္ဌာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာယဒွါရေ၊ ကာယဒွါရ၌။ အနိဋ္ဌာနိ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ မဟာဒုက္ခဿ၊ ကြီးစွာသော ဆင်းရဲ၏။ ဥပ္ပါဒနတော၊ ဖြစ်ခြင်းကြောင့်တည်း။ ဧဝံ၊ ဤသို့။ ဣဋ္ဌာနိဋ္ဌံ၊ ဣဋ္ဌာရုံ-အနိဋ္ဌာရုံကို။ ဧကန္တတော၊ စင်စစ်အားဖြင့်။ ဝိပါကေနေဝ၊ ဝိပါက်ဖြင့်သာလျှင်။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြားဝေဖန်အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိ တဗ္ဗံ။ သိအပ်၏။

တိပိဋကစူဠာဘယ မထေရ်ဝါဒ၌။ ဣဋ္ဌာရုံ-အနိဋ္ဌာရုံကို။ ဝိပါက်အကျိုး တရားဖြင့် ပိုင်းခြားဝေဖန်၍ မှတ်ယူရမည်ဟူ၍လည်းကောင်း၊ ဒွါရ၏ အစွမ်း ဖြင့် သိအပ်သည်ဟူ၍လည်းကောင်း ပြဆိုသည်။ ထိုသို့ပြဆိုရာ၌လည်း အဓိပ္ပာယ် မကွဲမပြား ဒွါရဖြင့် သိရမည် မှတ်ရမည် ပြဆိုရာ၌ ဝိပါက်ဖြင့်ပင် ဣဋ္ဌာရုံ အနိဋ္ဌာရုံကို ပိုင်းခြား ဝေဖန်သည်ဟု မှတ်ယူကြလေ။

ဤသို့ပြဆိုခဲ့သော နှစ်ဝါဒတို့တွင်၊ ပဌမဝါဒ၌ ဣန္ဒြေနှင့် စပ်သော တရားကိုသာလျှင်။ ဣဋ္ဌာရုံ-အနိဋ္ဌာရုံကို ပိုင်းခြားဝေဖန်၍ပြသည်။ တိပိဋကစူဠာ ဘယမထေရ်ဝါဒမှာ ဣန္ဒြေနှင့်စပ်သောတရားကို ဣဋ္ဌာရုံ-အနိဋ္ဌာရုံ ပိုင်းခြား ဝေဖန်၍ ပြဆိုရာမှာ ဥပလက္ခဏနည်းဟု မှတ်ယူရမည်။ အဘယ့်ကြောင့်နည်း ဟူမူကား ဣန္ဒြိယ-ဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ နှစ်ပါးကိုပင် ဣဋ္ဌာရုံ-အနိဋ္ဌာရုံပိုင်းခြား ဝေဖန်အပ်သောကြောင့်တည်း။

ဝေဖန်ပုံမှာ။ ။အရှင် မောဂ္ဂလ္လာန် ငရဲပြည် ကြွ၍ တရားဟောရာ။ အရှင်မောဂ္ဂလ္လာန်ကိုမြင်ရသောအခါ ကုသလဝိပါက် စက္ခုဝိညာဏ်၊ တရားသံကို ကြားရသောအခါ ကုသလဝိပါက် သောတဝိညာဏ်၊ သက်နံ့းကို နမ်းရသော အခါ ကုသလဝိပါက်ဃာနဝိညာဏ်၊ ငရဲမီးကို ငြိမ်းစေခြင်းငှာ၊ မိုးရွာစေ၍ ရေကိုသောက်ရသောအခါ ကုသလဝိပါက် ဇိဝှါဝိညာဏ်၊ လေညှင်းလာစေ၍ ကိုယ်၌ အအေးထိရသောအခါ ကုသလဝိပါက် ကာယဝိညာဏ် ဖြစ်လေ၏။

အဋ္ဌသာလိနီကျမ်း၌ ပြဆိုသည်မှာ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ် တို့၏ အာရုံသည် ဣဋ္ဌဝိယဗဒ္ဓရုပ်ဟုမှတ်၊ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယ ဝိညာဏ်တို့၏အာရုံသည် အနိဋ္ဌဝိယဗဒ္ဓရုပ်ဟုမှတ်၊ လိုရင်းကား။ ဣဋ္ဌဝိယဗဒ္ဓရုပ် ဖြစ်စေ၊ အနိဋ္ဌဝိယဗဒ္ဓရုပ်ဖြစ်စေ၊ ဣဋ္ဌာရုံကိုခံစားရာ၌ ကုသိုလ်ကံ၏အကြောင်းခံ အကျိုးပေးတရားဟုမှတ်၊ အနိဋ္ဌာရုံကို ခံစားရာ၌ အကုသိုလ်ကံ၏အကြောင်းခံ အကျိုးပေးတရားဟုမှတ်၊ ပြဆိုခဲ့သော ဣဋ္ဌာရုံ-အနိဋ္ဌာရုံတို့သည် ရှုမှတ်ပွားများ သောစိတ်၌ မဖြစ်နိုင်ပေကုန်။

(၁၈) သဘာဝ ဣဋ္ဌာရုံ သဘာဝအနိဋ္ဌာရုံတို့ကို အဋ္ဌကထာလာပုံနှင့် နှစ်ဝါဒအာရုံကို ပြဆိုခြင်းပြီး၏။

## (၁၉) ရတနာသုံးပါးကို ကြည်ညိုရာ၌ ငါးပါးပုံ ငါးပွားပုံကို ပရမတ်အာရုံနှင့် ပြဆိုခြင်း

ဘုရားတရားသံဃာဟူသော ရတနာသုံးပါးတို့ကိုကြည်ညိုကြရာ၌ သဒ္ဓါ သည် နိဗ္ဗာန်တိုင်အောင် အကျိုးပေးမည်ဟု ယုံကြည်ပေ၏။ ထိုသို့ ယုံကြည် ရာ၌ သဒ္ဓါ ရုစိ အနုဿဝ အာကာရပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ ဟူ၍ ငါးပါးရှိ၏။ ထိုငါးပါးတို့တွင် ရတနာသုံးပါးဂုဏ်ကို ယုံကြည် လေးမြတ်ခြင်းသည် သဒ္ဓါ မည်၏။ တရားတော်ကို နှစ်သက်လေးမြတ်ခြင်းသည် ရုစိမည်၏။ တရားတော် ကို ပြောဟောခြင်းသည် အနုဿဝမည်၏။ တရားတော်ကို စဉ်းစားကြံစည် တွေးတောဆင်ခြင်ခြင်းသည် အာကာရပရိဝိတက္ကမည်၏။ တရားတော်ကို ဉာဏ် အမြင်ဖြင့် တစိမ့်စိမ့်ရှု၍ နှစ်သက်ခြင်းသည် ဒိဋ္ဌိနိဇ္ဈာနက္ခန္တိမည်၏။ ၎င်းငါးပါး တို့သည် မဂ်ဖိုလ်နှင့်မဆိုင်ပေ လူကောင်း နတ်ကောင်းမျှသာ ဖြစ်ရပေ၏။

အဘယ့်ကြောင့်ဆိုသော် ပစ္စုပ္ပန်အခိုက်အတန့်လည်းမပါ ရှေ့နောက်လည်းကျကိလေသာလည်းမကွာ အတ္တကာလဲအမြဲပါ အနတ္တမှာ ဗလာဖြစ်သောကြောင့်တည်း။ ဘုရား တရား သံဃာဟူသော အမည်သည် ပညတ်အာရုံဖြစ်သောကြောင့် ဘုရားရှင် ကိုယ်တော်မြတ်သည် ပရမတ်အာရုံနှင့် မထိ မစပ် မငြိကပ်သည်ဖြစ်၍ အထပ်ထပ်ပယ်တော်မူသည်မှာ—

သံဃာဋိကဏ္ဏေ စေပိ ဘိက္ခဝေ ဘိက္ခု ဂဟေတွာ။
ပိဋ္ဌိတော အနုဗန္ဓော အဿ ပါဒေ ပါဒံ နိက္ခိပန္တော
သော စ ဟောတိ အဘိဇ္ဈာလု ကာမေသု
တိဗ္ဗသာရာဂေါ ဗျာပန္နစိတ္တော ပါကိန္ဒြိယော။
အထခေါ သော အာရကာဝ မယှံ အဟဉ္စ တဿ တံ
ကိဿဟေတု။ (မဟာဝါပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့.... ဘိက္ခု၊ ရဟန်းသည်။ သံဃာဋိကဏ္ဏေ၊ ငါဘုရား ဒုကုဋ်သင်္ကန်းတော်၏ အစွန်း၌။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ ပါဒေပါဒံ နိက္ခိပန္တော၊ ငါဘုရား ခြေတော်ရာကို အစဉ်ထပ်နင်းလျက်။ ပိဋ္ဌိတော၊ နောက်မှ နောက်က။ အနုဗန္ဓော၊ အစဉ်လိုက်၍နေသည်။ စေပိအဿ၊ အကယ်၍လည်း ဖြစ်ငြားအံ့။ သော စ၊ ထိုသူသည်လည်း။ အဘိဇ္ဈာလု၊ လောဘဖြစ်ခြင်းသည်။ ကာမေသု၊ ကာမဂုဏ်တို့၌။ တိဗ္ဗသာရာဂေါ၊ အလွန်နှစ်သက်ခြင်း ရှိသည်။ ဗျာပန္နစိတ္တော၊ မငြိမ်မသက်သောစိတ်ရှိသည်။ ပါကိန္ဒြိယော၊ ပကတိကြမ်းတမ်းသော ဣန္ဒြေရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ချစ်သားတို့.... အထခေါ၊ စင်စစ်သော်ကား။ သော၊ ထိုသူသည်။ မယှံ၊ ငါဘုရားမှ။ ဝါ၊ ငါဘုရားနှင့်။ အာရကာဝ၊ ဝေးကြီးဝေးသည်သာလျှင်တည်း။ အဟဉ္စ၊ ငါဘုရားသည်လည်း။ တဿ၊ ထိုတရားတော်ကို အားမထားသောသူမှ။ ဝါ၊ အားမထားသောသူနှင့်။ အာရကာဝ၊ ဝေးကြီး ဝေးသည်သာလျှင်တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ တံ၊ ထိုငါဘုရားနှင့် ဝေးကွာရခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။

ဓမ္မံဟိသော ဘိက္ခဝေ ဘိက္ခု နပဿတိ ဓမ္မံ အပဿန္တော
မံ နပဿတိ။ မဟာဝါပါဠိတော်။ ဣတိဝုတ်ပါဠိတော်တို့မှလာသည်။

ဟိသစ္စံ၊ မှန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ တရားကို။ နပဿတိ၊ မရှုမမြင်။ ဓမ္မံ၊ တရားကို။ အပဿန္တော၊ မရှုမမြင်သောသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဖူးမမြင်ရ။

ယောဇနသတေ စေ ပိ ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သောစ ဟောတိ။ အနဘိဇ္ဈာလု ကာ နတိဗ္ဗသာရာဂေါ အဗျာပန္နစိတ္တော အပဒုဋ္ဌ မနသင်္ကပ္ပေါ ဥပဋ္ဌိတသတိ သမာဟိတော ဧကဂ္ဂစိတ္တော။

သံဝုတိန္ဒြိယော အထခေါ သော သန္တိကေဝ မယှံ အဟဉ္စ တဿ တံ ကိဿဟေတု ဓမ္မံဟိ သော ဘိက္ခဝေ ဘိက္ခု ပဿတိ ဓမ္မံ ပဿန္တော မံ ပဿတိ။ (မဟာဝါပါဠိတော် ဇာတိဇုတ်ပါဠိတော်တို့၌လာသည်။)

ဘိက္ခဝေ၊ ချစ်သားတို့။ ဘိက္ခု၊ ရဟန်းသည်။ ယောဇနသတေ၊ ယူဇနာတစ်ရာကွာသောအရပ်၌။ စေပိဝိဟရေယျ၊ အကယ်၍လည်းနေငြားအံ့။ သောစ၊ ထိုသူသည်လည်း။ အနဘိဇ္ဈာလု၊ လောဘဏ္ဍဋ္ဌာရုံ ဖြစ်ခြင်းမရှိသည်။ ကာမေသု၊ ကာမဂုဏ်တို့၌။ နတိဗ္ဗသာရာဂေါ၊ အလွန်နှစ်သက်ခြင်း မရှိသည်။ အဗျာပန္နစိတ္တော၊ ငြိမ်သက်တည်ကြည်သောစိတ်ရှိသည်။ အပဒုဋ္ဌမနသင်္ကပ္ပေါ၊ ပြစ်မှားလိုသောစိတ်မရှိသည်။ ဥပဋ္ဌိတသတိ၊ မမေ့မလျော့မလွတ်သော သတိရှိသည်။ ဟောတိ၊ ဖြစ်၏။ သမ္ပဇာနော၊ သစ္စာလေးပါးတိုင်အောင် သိသော ဉာဏ်နှင့်ပြည့်စုံသည်။ သမာဟိတော၊တည်ကြည်သောစိတ်ရှိသည်။ဧကဂ္ဂစိတ္တော၊ တစ်ခုတည်းသော စိတ်အာရုံရှိသည်။ သံဝုတိန္ဒြိယော၊ အာရုံခြောက်ပါးတရားကို စောက်ရှောက်ခြင်းရှိသည်။ ဘိက္ခဝေ၊ ချစ်သားတို့။ အထခေါ၊ စင်စစ် သော်ကား။ သော၊ ထိုသူသည်။ မယှံ၊ ငါဘုရား၏။ သန္တိကေဝ၊ ငါဘုရား၏ အနီးအနား ထံတော်ပါး၌ နေသည်သာ လျှင်တည်း။ အဟဉ္စ၊ ငါဘုရား သည်လည်း။ တဿ၊ ထိုသူ၏။ သန္တိကေဝ၊ အနီး၌ နေသည်သာလျှင်တည်း။ တံ၊ ထိုငါဘုရား၏ အနီးအနား ထံတော်ပါး၌ နေရခြင်းသည်။ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်နည်း ဟူမူကား။ ဟိသစ္စံ၊ မှန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ ရှု၏။ ဓမ္မံ၊ တရားကို၊ ပဿန္တော၊ ရှုမြင်သောသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။ အဓိပ္ပာယ်လွယ်၏။

ရတနာ့ဂုဏ်ရည် (၁)

ဗုဒ္ဓ ရူပရတိံ ဥတွာ တဒါ ဩဝါဒိ မံ ဇိနော အလံ ဝက္ကလိ ကိံ ရူပေ ရမသေ ဗာလနံ ဓိကေ ယောဟိ ပဿတိ သဒ္ဓမ္မံ သောမံပဿတိ ပဏ္ဍိတော အပဿမာနော သဒ္ဓမ္မံ မံ ပဿတိ န ပဿတိ။ (ၛင်းပါဠိ)

ဇိနော၊ မြတ်စွာဘုရားသည်။ ဝက္ကလိထေရဿ၊ ဝက္ကလိမထေရ်၏။ ဗုဒ္ဓ ရူပရတိံ၊ ဘုရားရှင်၏ အဆင်းတော် အရောင်တော်၌ မွေ့လျော်ခြင်း နှစ်သက်ခြင်း စုံမက်ခြင်း မြတ်နိုးခြင်းကို။ ဥတွာ၊ သိမြင်တော်မူ၍။ တဒါ၊ ထိုအခါ၌။ မံ၊ ငါဘုရားသည်။ ဩဝါဒိ၊ ဝက္ကလိကို ဆုံးမတော်မူ၏။ ။ဝက္ကလိ၊ ဝက္ကလိ ရဟန်း။ အလံ၊ တန်တော့။ ကိံ၊ အဘယ့်ကြောင့်၊ တွံ၊ သင်သည်။ ဗာလနံ ဓိကေ၊ တရားမလိုက် ငါဘုရားမကြိုက်သော။ ရူပေ၊ ငါဘုရား၏ အဆင်းတော် အရောင်တော်၌။ ရမသေ၊ အလွန်စုံမက် မခွာရက်အောင် နှစ်သက်မွေ့လျော် စံပျော်၍ နေဘိသနည်း။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ဟိသစ္စံ၊ မှန်၏။ ယောပဏ္ဍိတော၊ အကြင်ပညာရှိသည်။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ အပဿမာနော၊ မရှုမမြင်သောသူသည်။ မံ၊ ငါဘုရားကို။ ပဿံပဿန္တောပိ၊ နေ့ရောညဉ့်ပါ ခါခါမလပ် ဆည်းကပ် ရှုမြင်၍နေသော်လည်း။ နပဿတိ၊ ငါဘုရားကို မဖူးမမြင်ရ။

ဝက္ကလိဆို ဘုရားကို၊ ကြည်ညိုပယ်သည်သာ။ (သံခိပ်)

ကထံဘန္တေတထာဂတဿ သရီရေ ပဋိပဇ္ဇာမာတိ၊ (ပရိနိဗ္ဗာနသုတ်)

ဘန္တေ၊ မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ တထာဂတဿ၊ အရှင်ဘုရား၏။ သရီရေ၊ အလောင်းတော်၌။ မယံ၊ တပည့်တော်တို့သည်။ ပဋိပဇ္ဇာမ၊ ဘယ်လိုကျင့်ရ သင့်ဂိုဟ်ရပါအံ့နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ အရှင်အာနန္ဒာက လျှောက်ကြားလေ၏။

အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ
သရီရပူဇာယ ဣင်္ဃ တုမှေ အာနန္ဒ သာရတ္ထေ ဃဋထ။
သာရတ္ထေ အနုယုဥ္ဇထ သာရတ္ထေ အပ္ပမတ္တာ၊
အာတာပိနော ပဟိတတ္တာ ဝိဟရထ။ (ၛင်းပါဠိ)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တုမှေ၊ သင်တို့သည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇာယ၊ အလောင်းတော်ကိုပူဇော်ခြင်း၌။ အဗျာဝဋာ၊

ကြောင့်ကြပူပန်ခြင်းမရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြလေကုန်လော။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဿ၊ တိုက်တွန်းခဲ့၏။ တုမှေ၊ သင်တို့သည်။ သာရတ္ထေ၊ အနှစ်သာရရှိသောနိဗ္ဗာန်၌။ ဃဋထ၊ စပ်ကြယှက်ကြကုန်လော။ သာရတ္ထေ၊ အနှစ်သာရရှိသောနိဗ္ဗာန်၌။ အနုယုဉ္စထ၊ လုံ့လစိုက်ကြကုန်လော။ သာရတ္ထေ၊ အနှစ်သာရရှိသောနိဗ္ဗာန်၌။ အပ္ပမတ္တာ၊ မမေ့ မလျော့ကြသည်ဖြစ်၍။ အတာပိနော၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ ပဟိတတ္တာ၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရထ၊ တရားနှင့်နေကြကုန်လော။

သန္တာနန္ဒ ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ။
ဂဟပတိပဏ္ဍိတာပိ တထာဂတေ အဘိပ္ပသန္နာ။
တေ တထာဂတဿ သရီရပူဇံ ကရိဿန္တိ။ ၎င်း။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တထာဂတဿ၊ ငါဘုရားအား။ အဘိပသန္နာ၊ အလွန် ကြည်ညိုကြ ကုန်သော။ ခတ္တိယပဏ္ဍိတာပိ၊ မင်းမျိုးပညာရှိတို့သည် လည်းကောင်း။ ဗြာဟ္မဏပဏ္ဍိတာပိ၊ ပုဏ္ဏားမျိုး ပညာရှိတို့သည် လည်းကောင်း။ ဂဟပတိပဏ္ဍိတာပိ၊သူကြွယ်မျိုး ပညာရှိတို့သည်လည်းကောင်း။ သန္တိ၊ ရှိကြကုန်၏။ တေ၊ ထိုသူသည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇံ၊ အလောင်းတော်ကို ပူဇော်ခြင်းကို။ ကရိဿန္တိ၊ သူ့ထက်ငါပြုကြပါကုန်လတ္တံ့။

မဟာရာဇ အကမ္မံဟေတံ ဇိနပုတ္တာနံ ယဒိဒံပူဇာ
သမ္မသနံ သင်္ခါရာနံ ယောနိသော မနသိကရော။
သတိပဋ္ဌာနာနုပဿနာ ရမ္မဏာသာရဂ္ဂါဟော။
ကိလေသယုဒ္ဓံ သဒတ္ထမနုယုဉ္စနာ။
ဧတံ ဇိနပုတ္တာနံ ကရဏီယံ အဝသေသာနံ
ဒေဝမနုဿာနံ ပူဇာကရဏီယာ။ (မိလိန္ဒပဉှာ)

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဟိ၊ စင်စစ်သော်ကား။ ယဒိဒံ ယံဣဒံ ပူဇံ၊ အကြင်ပူဇော်ခြင်းသည်။ အတ္ထိ ၊ရှိ၏။ တဒိဒံ တံဣဒံပူဇံ၊ ထိုပူဇော်ခြင်းသည်။ ဇိနပုတ္တာနံ၊ ဘုရားရှင်သားတော်တို့၏။ အကမ္မံ၊ ပြုကောင်းသောအမှုမဟုတ်။ သင်္ခါရာနံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို။ ယံသမ္မသနံ၊ အကြင်သုံးသပ်ခြင်းသည်လည်းကောင်း။ ယောမနသိကရော၊ အကြင် နှလုံးသွင်းခြင်းသည်လည်းကောင်း။ ယောသတိပဋ္ဌာနာနုပဿနာရမ္မဏာသာရဂ္ဂါဟော၊ အကြင်

သတိပဋ္ဌာန်ကို ရှု၍ မှတ်၍ အနုစ်သာရ ဟူသော မဂ်ဖိုလ်ကို ယူခြင်းသည် လည်းကောင်း။ ယံကိလေသယုဒ္ဓံ၊ အကြင်ကိလေသာကို စစ်ထိုးခြင်းသည် လည်းကောင်း။ ယာသဒတ္ထမနုယုဥ္ဇနာ၊ အကြင် မိမိအကျိုးဟူသော မဂ်ဖိုလ်ကို ရအောင် အားထုတ်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤနိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို။ ဇိနပုတ္တာနံ၊ ဘုရားရှင် သားတော်တို့၏။ ကရဏီယံ၊ပြုကောင်းသောအမှုဒပတည်း။ အ၀သေသာနံ၊ ဘုရားရှင်သားတော်မှ ကြွင်းကုန်သော။ ဒေ၀မနုဿာနံ၊ နတ်လူတို့၏။ ပူဇံ၊ အလောင်းတော်ကိုပူဇော် ခြင်းကို။ ကရဏီယံ၊ ပြုကောင်းသော အမှုပေတည်း။

> ယဒေတံ မဟာရာဇ တထာဂတော နာဘဏေယျ။
> ပတ္တစီ၀ရံပိ အတ္တနော ပရိယာဒါပေတ္ဘာ ဘိက္ခူ။
> ဗုဒ္ဓပူဇံယေ၀ ကရေယျုန္တိ။ (မိလိန္ဒပဥှာ)

မဟာရာဇ၊ မြတ်သောမိလိန္ဒမင်းကြီး။ တထာဂတော၊ ဘုရားရှင်သည်။ ယဒိ၊ အကယ်၍။ ဧတံ၀စနံ၊ ဤသို့သောစကားကို။ နာဘဏေယျ၊ မဟော မပြောဘဲနေငြားအံ့။ ဘိက္ခူ၊ ရဟန်းအပေါင်းသည်။ အတ္တနော၊ မိမိ၏။ ပတ္တစီ၀ရံ၊ သပိတ်သင်္ကန်းရှိသမျှကို။ ပရိယာဒါပေတ္ဘာ၊ ကုန်စေခန်းစေ၍။ ဗုဒ္ဓပူဇံယေ၀၊ ငါဘုရားရှင်အား ပူဇော်ခြင်းကိုသာလျှင်။ ကရေယျ၊ ပြုရာ၏။ ဣတိ၊ ဤသို့။ အ၀ေါစ၊ မိန့်တော်မူ၏။

> ဓမ္မဒါယာဒါ ဘိက္ခ၀ေ ဘ၀ထ မေ အာမိသ ဒါယာဒါ။
> (ပရိနိဗ္ဗာနသုတ် ရာဟုလာအမွေတောင်းခန်းကို ထောက်ကြလေ)

ဘိက္ခ၀ေ၊ ချစ်သားတို့။ ဓမ္မဒါယာဒါ၊ တရားဟူသောအမွေကို။ ဘ၀ထ၊ ရှုမှတ်ပွားများ၍ ယူကြပါကုန်လော။ အာမိသဒါယာဒါ၊ လောကီပစ္စည်း နှင့်စပ်သော အမွေကို။ နောဘ၀ထ၊ မပွားများကြကုန်လင့်။ ၀ါ၊ မယူကြ ကုန်လင့်။

**အဓိပ္ပာယ်လိုရင်းကား။** ။မြတ်သောမိလိန္ဒမင်းကြီး စင်စစ်သော်ကား ဘုရားရှင် အလောင်းတော်ကို ပူဇော်ခြင်းရှိ၏။ ထိုအလောင်းတော်ကို ပူဇော် ခြင်းသည်။ ဘုရားရှင်သားတော်တို့၏ ပြုကောင်းသော အမှုမဟုတ် ရဟန်းတို့ ပြုကောင်းသောအမှုမှာ။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို။ အကြင်သုံးသပ်ခြင်းသည် လည်းကောင်း၊ နှလုံးသွင်း၍ ရှုမှတ်ခြင်းသည် လည်းကောင်း၊ အကြင်သတိ

ပဋ္ဌာန်ကို ရှုမှတ်၍ အနှစ်သာရရှိသောမဂ်ဖိုလ်ကို ယူခြင်းသည် လည်းကောင်း၊ အကြင်ကိလေသာကို နိုင်အောင် စစ်ထိုးရခြင်းသည်လည်းကောင်း၊ မိမိကိုယ်ကျိုးဟူသော မဂ်ဖိုလ်ကို ရအောင် အားထုတ် ပွားများ ရခြင်းသည် လည်းကောင်း ရှိ၍ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ပွားများအား ထုတ်ခြင်းသည် ဘုရားရှင်သားတော်တို့၏ ပြုကောင်းသော အမှုမျိုးပေတည်း။

ဘုရားရှင် သားတော်မှ ကြွင်းကုန်သော နတ်လူတို့မှာ အလောင်းတော်ကို ပြုကောင်းသော အမှုမျိုးဟုဆိုရာ၌ နတ်လူတို့သည် တရားတော်ကို အားထုတ်နိုင်ရန် အခါအခွင့် မရသေးသော သူတို့ကို အလောင်းတော်ကို ပူဇော်ရန် ခွင့်ပြုတော်မူပေသည်။ တရားတော်ကို အားထုတ်နိုင်ကြပါက ထိုနတ်လူတို့လည်း အလောင်းတော်ကို ပူဇော်ခြင်းငှာ မပြုသင့်ပေ။ အလောင်းတော်ကို ပူဇော်မြတ်နိုးကြည်ညို၍ စိုးရိမ်ပူဆွေးငိုကြွေးကြသော နတ်လူတို့မှာ မဂ်ဖိုလ်နှင့်မဆိုင်ပေ။

ခတ်တော်ဝေဖန်ခန်း၌ ခုနစ်ပြည်ထောင်သော မင်းတို့ကို ဆရာဖြစ်သော ဒေါနပုဏ္ဏားက ဝေဖန်၍ပေးရာ၌ ရဟန်းသံဃာ တစ်ပါးမျှ မပါရှာ ဘုရားရှင် အမိန့်တော်ကို လိုက်နာ ရိုသေကြ၍ တရားအမွေကိုသာ ယူကြပေကုန်သည် ဘုရားအမိန့်တော်ကို နားထောင်က လောကုတ္တရာ အမွေကိုရမြဲ မိဘစကား နားထောင်က လောကီအမွေကို ရမြဲတည်း။ သဒ္ဒါသည် တဏှာနှင့် နှီးစပ်၍ပူးကပ်လျက်ရှိသည်မှာ—

ရာဂယက္ခော ဗဟုမာယော သဒ္ဒါမေတ္တာတိဝေသဝါ။
ရာဂမ္ပိ ကုသလံမညိ၊ ဇနောတေနေဝ ဝဥ္စိတော။

ဗဟုမာယော၊ များစွာ ဖြားယောင်း လှည့်ပတ်ခြင်းရှိသော။ ရာဂယက္ခော၊ ရာဂဟူသောဘီလူးသည်။ သဒ္ဒါမေတ္တာတိဝေသဝါ။ သဒ္ဒါယောင်ယောင် မေတ္တာယောင်ယောင် အသွင်ကိုဆောင်တတ်၏။ တေနေဝ၊ ထိုရာဂဘီလူးသည်ပင်လျှင်။ ဝဥ္စိတော၊ ဖြားယောင်း လှည့်ပတ်သည် ဖြစ်၍။ ဇနော၊ လူများအပေါင်းသည်။ ရာဂမ္ပိ၊ ရာဂကိုလည်း။ ကုသလံမညိ၊ ကုသိုလ်ဟု အမှတ်ပြု၍ ထင်ကြပေ၏။

အဓိပ္ပာယ်ကား။ ။များစွာဖြားယောင်း လှည့်ပတ် သွယ်ဝိုက်ခြင်း ရှိသော။ ရာဂဟူသော ဘီလူးသည် သဒ္ဒါယောင်ယောင် မေတ္တာယောင်ယောင်

အသွင်ဟန်ပန်ဆောင်တတ်၏။ ထိုရာဂဟူသော ဘီလူးသည်ပင်လျှင် ဖြားယောင်းလှည့်ပတ်သည်ဖြစ်၍ လူများအပေါင်းသည် ရာဂကိုလည်း ကုသိုလ်ဟူ၍ မှတ်ထင်ကြပေ၏။

ပြဆိုခဲ့သော ဘုရား တရား သံဃာဟူရာ၌ ဘုရားဟူသောအမည်သည် ပညတ် ထိုပညတ်နယ်၏အတွင်းမှာ အတုမရှိ ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တ လူနတ်ပြဟ္မာတို့သည် တူဘက်၍ မရနိုင်သောကြောင့် သတ္တဝါအများ သဒ္ဓါစိတ်ရွှေထား၍ ဘုရားဟောဂုဏ်တော်ကို များစွာဆည်းကပ်ကြရပေသည် ထိုသို့ ဆည်းကပ်ရန်အစုံ ကြည်ညိုသူ အဖုံဖုံတို့မှာ။ ပညတ်အာရုံသာ ရရှိကြပေသည်။

ဘုရားမြင်က သဒ္ဓါကြွ ငါကပါတော့သာ။
တရားဟောသံ ဩောင်းတုံပြန် အမှန်ငါပါကာ။
ငါပါသမျှ ငါ့ဘဝ ငါ့ကြောင့်ဖြစ်သည်သာ။ (သံနိဝ်)

ထိုသဒ္ဓါသည်။ ဗလဝသဒ္ဓေါမန္ဒပညောအဝတ္ထုသ္မိံ ပသီဒတိ။ ။ဟူသော အဋ္ဌကထာနှင့်အညီ သဒ္ဓါအားကြီး၍ ပညာနည်းပါးခဲ့သော် ရတနာသုံးပါး မဟုတ်သည်ကို ကြည်ညိုတတ်ပေသည်။ ပညာအားကြီး၍ သဒ္ဓါအားနည်းခဲ့သော် ကောက်ကျစ် စဉ်းလဲ တတ်ပေသည်။ သမာဓိအားကြီး၍ ဝီရိယအားနည်းခဲ့သော် ပျင်းရိသောအဖို့သို့ ရောက်တတ်ပေသည်။ ဝီရိယကအားကြီး၍။ သမာဓိက အားနည်းခဲ့သော် ပျံ့လွင့်သောအဖို့သို့ ရောက်တတ်ပေသည်။ သဒ္ဓါနှင့်ပညာ သမာဓိနှင့် ဝီရိယတူမျှမှသာလျှင် မဂ်ဖိုလ်သို့ ရောက်ကြောင်းကို အဋ္ဌကထာတို့၌ ပြဆိုပေသည်။ ဘုရားဟူသော အဆင်းတော်သည် ပရမတ်။

သံဃာဟူသော အဆင်းတော်သည် ပရမတ် ထိုသံဃာတော်ကို မြင်ရာ၌ မြင်မြင်သည်ဟု မြင်ကာမျှသာ မှတ်ရှု၍နေပါလျှင် သူ့သံဃာ ငါ့သံဃာဟူ၍ စွဲလမ်းစရာ မရှိသည်ကို။ နစကိဉ္စိလောကေဥပါဒိယတိ ဟု ဟောတော် မူသည်။ လောကေ၊ လောက၌။ ကိဉ္စိ၊ တစ်စုံတစ်ခုကိုမျှ။ နဥပါဒိယတိ၊ စွဲလမ်းစရာ မရှိပေ။

မြင်မြင်သည်ဟု အမှတ်တစ်ခုကိုသာ ရှု၍နေသော ယောဂီပုဂ္ဂိုလ်မှာ မြင်ကာမျှသာ တန့်နားရပ်ဆိုင်း၍ ဟုတ်တိုင်းမှန်စွာ ပရမတ္ထ အာရုံတစ်ခုကိုသာ ထင်မြင်တော့သည်။

အဆင်းဟူက တစ်ခုပြ ဗုဒ္ဓဟောသည်သာ။
အသံဟူက တစ်ခုပြ ဗုဒ္ဓဟောသည်သာ။ (သံဒိဝ်)

ယောခေါ် အာနန္ဒ ဘိက္ခုဝါ ဘိက္ခုနီဝါ ဥပါသကောဝါ၊ ဥပါသိကာဝါ။
ဓမ္မာနု ဓမ္မပဋိပန္နော သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ။
မာနေတိ ပူဇေတိ၊ ပရမာယ ပူဇာယာတိ။ (သုတ်မဟာဝါပါဠိတော်)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ယောဘိက္ခုဝါ၊ အကြင်ရဟန်းယောကျ်ား သည်လည်းကောင်း။ ယာဘိက္ခုနီဝါ၊ အကြင်ရဟန်းမိန်းမသည်လည်းကောင်း။ ယောဥပါသကောဝါ၊ အကြင် ဥပါသကာ ယောကျ်ားသည် လည်းကောင်း။ ယာဥပါသိကာဝါ၊ အကြင် ဥပါသိကာ မိန်းမသည်လည်းကောင်း။ ဓမ္မာနု ဓမ္မပဋိပန္နော၊ မဂ်ဖိုလ်နှင့်လျော်သော ဝိပဿနာ အကျင့်သည်။ ဟောတိ၊ ကျင့်သည်ဖြစ်၏။ သောဓမ္မာနုဓမ္မပဋိပန္နော၊ ထိုမဂ်ဖိုလ်နှင့် လျော်သောဝိပဿနာ ကို ကျင့်သောသူသည်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ၊ အရိုအသေ ပြုသည်မည်၏။ ဂရုံကရောတိ၊ အလေးအမြတ် ပြုသည်မည်၏။ မာနေတိ၊ မြတ်နိုးကိုးကွယ်သည်မည်၏။ ပရမာယ၊ မြတ်လှစွာသော။ ပူဇာယ၊ ဓမ္မဟူသော ပူဇော်ခြင်းဖြင့်။ ဝါ၊ တရားဟူသော ပူဇော်ခြင်းဖြင့်။ ပူဇေတိနာမ၊ ပူဇော် သည်မည်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သား အာနန္ဒာ၊ ရဟန်းယောကျ်ား၊ ရဟန်း မိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာ မိန်းမတို့သည် မဂ်ဖိုလ်နှင့်လျော် သော ဝိပဿနာအကျင့်ကို ကျင့်သည်ဖြစ်အံ့။ ထိုတရားကို ကျင့်သောသူသည် ငါဘုရားကို အရိုအသေ ပြုသည်မည်၏။ အလေးအမြတ် ပြုသည်မည်၏။ မြတ်နိုး ကိုးကွယ်သည်မည်၏။ မြတ်လှစွာသော ပူဇော်ခြင်းမည်၏။

ရတနာသုံးပါး ဒါန သီလ သမထ ပရိယတ္တိတို့ကို ပစ်ပယ်ရမည်မဟုတ် ဝိပဿနာ အားထုတ်ဆဲခဏ၌သာ ၎င်းပြဆိုခဲ့သော ရတနာသုံးပါး စသည်တို့ သည် ပညတ်အာရုံဝိပဿနာ၏ အန္တရာယ်ဖြစ်၍ ရှောင်ခွါရပေသည်။

(၁၉) ရတနာသုံးပါး ကြည်ညိုရာ၌ ငါပါပုံ ငါကွာပုံကို
ပရမတ်အာရုံနှင့်ပြဆိုခြင်းပြီး၏။

❀ ❀ ❀

## (၂၀) ယုတ်သည် မြတ်သည် ဤနှစ်လီ၊ လောကီလိုက်စား၍ သံသရာ၌ မျှောပါပုံကို ပြဆိုခြင်း

ဟီနအယုတ်၊ ပဏီတအမြတ်၊ ဂုဏ်ဒြပ်ကိုလိုက်စား၍ မိုက်မှားခြင်းကြောင့် ဘုံသုံးပါး၌ မျှောပါကြရပေသည်။ အယုတ်အမြတ်၊ အဆိုးအကောင်း၊ အကျိုးအကြောင်းပြတ်မှ မဂ်ဖိုလ်သို့ နီးကပ်ကြမည်။

လောကလူလုံး၊ ပေါင်း၍ကျုံး၊ ဆိုးကောင်းသုံးကြရှာ။ (သံဒိဝ်)

တောင်ရိုးပေါ်က ရှမ်းလူမျိုးတို့လို၊ တန်ခိုးကြီးသောဘုန်းကြီး၊ တန်ခိုးကြီးသောဘုရား ရှိခိုးပူဇော်ကြပေကုန်သည်။ မန်းစက်တော်ဘုရားက ပြန်လာသူနှင့် ကမ္မဋ္ဌာန်းကျောင်းက ပြန်လာသူတို့ ဘူတာရုံ တွေ့ဆုံကြရာ၊ မန်းစက်တော်သမားက ငါတို့ဘုရားဖူးခဲ့ရသည်၊ အမျှအမျှ သာဓုယူကြ ပေးရာတွင် ကမ္မဋ္ဌာန်းသမားက ရယ်မော၍ ငါတို့က ပေးရမည်ကို သင်တို့က ဘယ့်ကြောင့်ပေးရသနည်းဟု ဆိုသတည်း။ လောကဓံတရား ရှစ်ပါးကိုထောက်၍ ဘုံသုံးပါး၌ ဆန့်ကျင်ဘက်အကုန်၊ ဒွယံအစုံ–နှစ်ပါးရှိပုံကို သိမြင်ကြကုန်လော။

တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ၊ အန္ဓံ အစက္ခုကံ အဇာနန္တံ၊
အပဿန္တံ၊ ကိံ တိ ကရောမိ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ပုနပ္ပုန်၊ အဖန်တလဲလဲ။ ဇာနိတုံ၊ သိစေခြင်းငှါ။ ပဿိတုံ၊ မြင်စေခြင်းငှာ။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဒေသိယမာနေသု၊ ဟောပါလျက်။ ပကာသိယမာနေသု၊ ထင်အောင်မြင်အောင်ပြပါလျက်။ပုထုဇ္ဇနံ၊ ပုထုဇဉ်ဖြစ်သော။ အန္ဓံ၊ ကန်းသော။ အစက္ခုကံ၊ ပညာမျက်စိမရှိသော။တံဗာလံ၊ ထိုတရားမလိုက် ငါဘုရားမကြိုက်သော သူမိုက်ကို။ ကိံ တိ ကရောမိ၊ အဘယ်သို့ တရားရအောင် ငါဘုရား ပြုနိုင်တတ်နိုင်ပါအံ့နည်း။ နကရောမိ၊ ငါဘုရားသော်မှ မတတ်နိုင်၍ လက်မှိုင်ချကာ နေရပေ၏။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက တရားဟောပြောသောအခါ နူးနူးညံ့ညံ့-သိမ်သိမ်မွေ့မွေ့ ကြားနာသူတို့ သဒ္ဓါတရားဖြစ်ပွားကြလေအောင်။ အပ္ပသန္နာနံ ပသန္နာယ၊ ပသန္နာနံ ဘိယျောဘာဝါယ-ဟူသော ဘုရားရှင်အမိန့်တော်အတိုင်း၊ မကြည်ညိုသေးသော သူတို့သည် ကြည်ညိုအောင်၊ ကြည်ညိုပြီးသော သူတို့သည် ကြည်ညိုသည်ထက် ကြည်ညိုလေအောင် ဟောပြောပြသကြကုန်လောဟု မိန့်တော်မူသတည်း။ ဓမ္မနှင့်ဂုဏ်ပြိုင်လျှင် ငရဲသို့

ကျတတ်သည်။လောကနှင့်ဂုဏ်ပြိုင်လျှင် အမွဲသို့ကျတတ်သည်။ တရားဟောပြော ကြရာ၌ ရဟန်း-ရှင်-လူ မည်သူမဆို ဟောလိုသောသူထံ။ ခုဇ္ဇုတ္တရာစသော သူတို့၏ ဝတ္ထုကိုထောက်သဖြင့် ကောင်းမွန်ရိုသေလေးမြတ်စွာ နာယူသင့်လှပေကုန်သည်။

ရာဇာဝိယ သမ္မာသမ္ဗုဒ္ဓေါ၊ ရာဇပဏ္ဏံဝိယ တေပိဋကံ ဗုဒ္ဓဝစနံ။

ရာဇာဝိယ၊ မင်းကဲ့သို့။ သမ္မာသမ္ဗုဒ္ဓေါ၊မြတ်စွာဘုရားကို။ဒဋ္ဌဗ္ဗော၊ မှတ် အပ်၏။ ရာဇပဏ္ဏံဝိယ၊ မင်း၏ဥပဒေအာဏာကဲ့သို့။ တေပိဋကံ ဗုဒ္ဓဝစနံ၊ ပိဋက သုံးပုံ အလုံးစုံသော ဘုရားရှင်စကား တရားတော်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အဓိပ္ပာယ်ကား—အစိုးရမင်းကဲ့သို့ မြတ်စွာဘုရားကို မှတ်အပ်၏။ မင်း၏ ဥပဒေ အာဏာကဲ့သို့ ပိဋကသုံးပုံ အလုံးစုံသော ဘုရားရှင်စကား တရားတော်ကို မှတ်ယူ အပ်ပေ၏။

ယောကောစိ ဓမ္မံ ဒေသေတု ပကာသေတု ဝါ သဗ္ဗော သော
သတ္ထာရာ ဒေသိတော ပကာသိတော နာမ ဟောတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ယောကောစိ၊ မည်သူမဆို တစ်စုံတစ်ယောက်သော သူသည်။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ ဒေသေတုဝါ၊ ဟော သည့်မူလည်း ဖြစ်စေ။ ပကာသေတုဝါ၊ ထင်စွာမူလည်း ပြသည်ဖြစ်စေ။ သော- သဗ္ဗော၊ ထိုအလုံးစုံသောတရားတော်ကို။သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဒေသိ- တောနာမ၊ ဟောသည်မည်သည်။ ပကာသိတောနာမ၊ ထင်စွာပြသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။မည်သူမဆို ဘုရားတရားတော်ကို ဟောသူအား နာယူသောသူတို့က ရိုသေလေးမြတ်စွာ နာယူကြရမည်။ ဟောပြောသူ၏ တရား မဟုတ်၊ဘုရားတရားတော်ပေတည်း။ ဟောပြောသူတို့နှင့် မဆိုင် မပိုင်ပေ။မင်း၏ အမိန့်အာဏာကို ဖတ်သောသူအား ပြည်သူတို့က ရိုသေလေးမြတ်စွာ လိုက်နာ ယူကြရပေသည်။ ဖတ်သောသူ၏ အမိန့်အာဏာမဟုတ်။ မင်း၏အမိန့်အာဏာ ပေတည်း။ဖတ်သောသူနှင့် မဆိုင်မပိုင်ပေ။ ဘုရားအမိန့်တော်မြတ်ကို ယောကျ်ား ဖြစ်စေ၊ မိန်းမဖြစ်စေ ပြောဟောပြသသောသူတို့ထံ၌ တရားကိုရည်မှန်း၍ ရိုသေ လေးမြတ်စွာ နာယူကြရမည်။ သစ်သား ရုပ်တုတော်၊ အုတ်စေတီတော်တို့ကို ရှိခိုး ကြသကဲ့သို့မှတ်လေ။ လောကဂုဏ်ကို မလိုက်စားရာ။

မမေတ မဟာမတ္တာတိ၊ ပပဉ္စာနံ ဝသာနုယောဂေါ၊
ဂဏှန္တော ဘဝပင်္ကမှိ၊ နိမ္မုဂ္ဂေါ ဘယာနကေ။

တေ၊ ဤဝတ္ထုကား။ မမ၊ ငါ့ဥစ္စာတည်း။ အဟံ၊ ငါတစ်ယောက်တည်း ပေတည်း။ ဝါ၊ ငါသာလျှင်အမြတ်ဆုံးပေတည်း။ အတ္တာ၊ ငါ့ကိုယ်ပင်တည်း။ ဣတိ၊ ဤသို့။ ပပဉ္စာနံ၊ တဏှာမာနဒိဋ္ဌိတို့၏။ ဝသာနုယောဂေါ၊ သူတို့အလိုသို့ လိုက်လျက်။ ဂဏှန္တော၊ ယူသောသူသည်။ ဘယာနကေ၊ ကြောက်ဖွယ် လန့်ဖွယ် ကောင်းသော။ ဘဝပင်္ကမှိ၊ ဘုံသုံးပါးဟူသောညွန်တွင်း၌။ နိမ္မုဂ္ဂေါ၊ စုံးစုံးလုံး လုံး နစ်မြုပ်တော့သည်သာလျှင်တည်း။

တဏှာတဿိ-မမေတန္တိ၊ မာနောမညိ အဟန္တိစ။
ပဿိ ဒိဋ္ဌိစ အတ္တာတိ၊ ပပဉ္စာ နမိမေ တယော။

တဏှာ၊ တဏှာသည်။ တေ၊ ဤဝတ္ထုကာမသည်။ မမ၊ ငါ့ဥစ္စာတည်း။ ဣတိ၊ ဤသို့။ တဿိ၊ တပ်မက်မော၏။ မာနောစ၊ မာနကလည်း။ အဟန္တိ၊ ငါသာ အတတ်-ငါသာအမြတ်ဟူ၍။ မညိ၊ အောက်မေ့မှတ်ထင်လေ၏။ ဒိဋ္ဌိစ၊ ဒိဋ္ဌိကလည်း။ အတ္တာတိ၊ ငါ၏ကိုယ်ဟူ၍။ ပဿိ၊ ရှုမြင်၏။ ဣမေတယော၊ ဤ တဏှာ,မာန,ဒိဋ္ဌိ သုံးပါးတို့သည်။ ပပဉ္စာနာမ၊ သံသရာ၌ ကြာကြာကြီးနေရ အောင် ချဲ့ထွင်တတ်သော ပပဉ္စတရားမည်ကုန်၏။

ပပဉ္စယန္တိ သံသာရံ၊ တသ္မာ-ပပဉ္စာ နာမကာ။
ဘဝယန္တေ ပယောဇေန္တာ၊ မောက္ခံ နာဒံသု တေ စိရံ။

ယေမေ၊ အကြင် တဏှာ, မာန, ဒိဋ္ဌိတို့သည်။ သံသာရံ၊ သံသရာကို။ ပပဉ္စယန္တိ၊ ကြာကြာကြီးနေရအောင် ချဲ့ထွင်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပပဉ္စာနာမကာ၊ ပပဉ္စအမည်ရှိကုန်၏။ ဝါ၊ ပပဉ္စတရားသုံးပါး ခေါ်ကုန်၏။ တေ-ထိုပပဉ္စတရား သုံးပါးတို့သည်။ ဘဝ ယန္တေ၊ ဘုံသုံးပါး ဟူသော စက် ယန္တရား၌။ ပယောဇေန္တာ၊ တပ်ယှဉ်ကုန်လျက်။ စိရံ၊ ဘဝသံသရာ ကမ္ဘာအဆက် ဆက်။ မောက္ခံ၊ ကျွတ်ခွင့်လွတ်ခွင့်ကို။ နဒံသု၊ ဘယ်အခါမှ မပေးနိုင်ကုန်။

**အဓိပ္ပာယ်ကား။** ။အကြင် တဏှာ,မာန,ဒိဋ္ဌိ တို့သည် ဘဝသံသရာ၌ ကြာကြာကြီးနေရအောင် ချဲ့ထွင်တတ်ကုန်၏။ ထို့ကြောင့် တဏှာ,မာန,ဒိဋ္ဌိ သုံး ပါးတို့ကို။ ပပဉ္စတရားဟူ၍ မှတ်ယူကြကုန်လော။ ထိုတရားသုံးပါးတို့သည် ဘုံသုံး

ပါးဟူသော စက်ယန္တရား၌ တပ်ယှဉ်လျက်။ ကမ္ဘာအဆက်ဆက် ခံနေကြရကုန်သည်ဖြစ်၍ ကျွတ်လွတ်ခွင့် မရနိုင်ကြပေကုန်။

ပပဉ္စာဘိရတော မိဂေါဝိယ နိဗ္ဗာနံ ဝိရာဓယိ။

ပပဉ္စာဘိရတော၊ တဏှာ,မာန,ဒိဋ္ဌိ ဟူသော ပပဉ္စာတရားသုံးပါးနှင့် ပျော်မွေ့လေ့ရှိသော။ ယော၊ အကြင်သူသည်။ မိဂေါဝိယ၊ တရားမမြင် အစားခင်သော တောသမင်ကဲ့သို့။သော၊ထိုသူသည်။နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ဝိရာဓယိ၊လွဲကြီးလွဲလေ၏။

အယုတ်အမြတ် လောကီမှတ်၊ ပညတ်ဝေါဟာပါ၊
ရွှေပြည်နိဗ္ဗာန်၊ ယုတ်မြတ်ဟန်၊ နှစ်တန်ပယ်လိုက်ပါ။ (သံခိပ်)

(၂၀) ယုတ်သည်မြတ်သည် ဤနှစ်လီ၊ လောကီလိုက်စား၍
သံသရာ၌ မျောပါပုံကို ပြဆိုခြင်း ပြီး၏။

* * *

## (၂၁) ဝိပဿနာသည် ကလာပ်အပေါင်းအစည်း တစ်ခုတည်းရှုပုံ သဘာဝအာရုံကို လောကီပုမာပုံနှင့် ပြဆိုခြင်း

**ဝိပဿတီတိ ဝိပဿနာ။** ။ယာဓမ္မဇာတိ၊ အကြင် သဘောတရားသည်။ ဝိပဿတိ၊ အထူးထူးအပြားပြား မြင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အထူးထူး အပြားပြား မြင်တတ်သော သတ္တိကြောင့်။ သာဓမ္မဇာတိ၊ ထိုသဘောတရားသည်။ ဝိပဿနာ၊ ဝိပဿနာ မည်၏။

**အဓိပ္ပာယ်ကား။** ။ယောဂီပုဂ္ဂိုလ်သည် အကြင် ရုပ်နာမ်ဓမ္မ သဘာဝတို့ကိုသာ ရှုမှတ်သောအခါ ကိလေသာကွာသဖြင့် တစ်သက်လုံး တစ်ကမ္ဘာလုံး စွဲသုံးယူမှတ် ကျက်၍ထားသော အသိမျိုး၊ အလိမ္မာမျိုး၊ အတတ်မျိုး၊ အမှတ်မျိုးစသည်တို့မှ ပက္ခယ်ပျောက်ဆုံး၍ အရိယာတို့၏ အသုံးအနှုန်း အာရုံမျိုးကို မြင်တတ်သိတတ်သောကြောင့် ထိုသဘောတရားမျိုးကို ဝိပဿနာဟူ၍ မှတ်ယူကြပါကုန်လော။

ဝိပဿနာရှုကြရာ၌ အချို့သောဆရာတို့က သုဒ္ဓိ ၇-ပါး တို့တွင်၊ သီလဝိသုဒ္ဓိက ရှေးဦးစွာ ကျန်းဂန်ကပြသောကြောင့်၊ သီလစင်ကြယ်အောင် ရှေးဦးစွာစောင့်ရှောက်ရမည်၊ ၎င်းနောက် သမာဓိကို ထူထောင်ရမည်၊ ၎င်းနောက် ဒိဋ္ဌိဝိသုဒ္ဓိအရ နောက်ဆုံးမှ ဝိပဿနာကို အားထုတ်ရမည်ဟု ပြောဟောကြသည်။

လေ့ကားသုံးထစ်ရှိရာမှ အစဉ်အတိုင်း နင်းကြတက်ကြဟု ပြောဟောကြသည်ကို ထောက်လျှင် ကသိုဏ်းဆယ်ပါး၌ ပထဝီကသိုဏ်းကစ၍ ရှေးဦးစွာ ကျင့်ရမည်။ ခုံကျော်၍ မကျင့်ကောင်းရာ ရောက်တော့သည်၊ အနုဿတိဆယ်ပါးတို့တွင် ဗုဒ္ဓါနုဿတိကစ၍ ရှေးဦးစွာကျင့်ရမည်။ ခုန်ကျော်၍ မကျင့်ကောင်းရာ ရောက်တော့သည်။ ဥဒ္ဒုမာတကံမှာနည်းတူ—ကေသာ,လောမာ စသော (၃၂) ပါးမှာ နည်းတူ။

သတိပဋ္ဌာန်ပါဠိတော် ဣရိယာပထ၌၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိဟု-ဟောတော်မူခြင်းကြောင့်၊ သွားသည်ကစ၍ ရှေးဦးစွာ ကျင့်ရမည်။ ရပ်သည်၊ ထိုင်သည်၊ အိပ်သည်ကို ခုန်ကျော်၍ မကျင့်ကောင်းရာ ရောက်တော့သည်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌၊ စက္ခုံ့အဘိညေယျံ-သောတံအဘိညေယျံ စသည်ဖြင့် ဟောတော်မူရာ၌၊ စက္ခုကစ၍ ရှေးဦးစွာ ကျင့်ရမည်။ ခုန်ကျော်၍ မကျင့်ကောင်းရာ ရောက်တော့သည်။ ဤကဲ့သို့လည်း ဘုရားဟောတော်မမူ။ ကျမ်းဂန်၌ အစဉ်အတိုင်းရေး၍ ထားခြင်းသည်ကား အရကျက်မှတ်သောအခါ လွယ်လင့်တကူရစေခြင်းငှာ ဒေသနာနည်းအားဖြင့် ရေး၍ထားသော အစဉ်ဖြစ်ပေသည်၊ တရားကျင့်စေရန် ရေး၍ထားသော အစဉ်မဟုတ်ပေ။

ဝိပဿနာဟူသော တရားသဘောကျင့်စဉ်သည် ဘယ်ကစ၍ ဘယ်သို့တိုင်အောင် အစဉ်အတိုင်း ကျင့်ရမည်ဟု ကျမ်းဂန်တို့၌ မပါမလာပေ။ စိတ်ရောက်ရာ၊ ကျရာကိုသာ အမှတ်အသားထား၍ သတိပဋ္ဌာန် ၄-ပါးကို ပွားများရပေသည်။ ထိုသို့ပွားရာ၌ ဝိပဿနာသည် ကိလေသာအာရုံမှ လွတ်သောသဘောမျိုးဖြစ်၍ ဝိမုတ္တိဆိုသည်။ ထို ဝိမုတ္တိသည်လည်း နှစ်ပါး-သုံးပါး စသည်ဖြင့် ပြားကောင်းသော တရားမျိုးမဟုတ်ပေ။ တစ်ပါးသာလျှင် အားထား၍ ရကောင်းသောတရားကို ဝိမုတ္တိရသဟူ၍ ဟောတော်မူသည်။

တဒေတံ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ၊ ရသဝသေန ဧကဝိဓံ၊
ယံဟိ ဘဂဝတာ အနုတ္တရံ သမ္မာ သမ္ဗောဓိံ—
အဘိသမ္ဗုဇ္ဈိတွာ၊ ယာဝအနုပါဒိသေသာယ—
ပရိနိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗာယတိ၊

ဧတ္ထန္တရေ ပဥ္စတ္တာလီသ ဝဿာနိ၊
ဒေဝ မနုဿ နာဂ ယက္ခာဒယော၊ အနုသာသန္တေန
ပဥ္စဝေက္ခန္တေန ဝါ ဝုတ္တံ၊ သဗ္ဗံ ဧကရသံ၊ ဝိမုတ္တိရသ
မေဝ ဟောတိ ဧဝံ ရသဝသေန ဧကဝိဓံ။

(သမန္တပါသာဒိက အဋ္ဌကထာ)

သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ တဒေတံ တံဝေါ ဗုဒ္ဓဝစနံ၊ ထို ဘုရားရှင် စကားတော်သည်။ ရသဝသေန၊ ရသ၏အစွမ်းဖြင့်။ ဧကဝိဓံ၊ တစ်ပါးသောအဖို့ရှိသည်။ ကထံဟောတိ၊အဘယ်သို့ဖြစ်သနည်း။ ဟိ၊ ထိုစကားကို ထင်စွာပြဆိုဦးအံ့။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ အနုတ္တရံ၊ အတု မရှိသော။ ယံသမ္မာသမ္ဗောဓိံ၊ အကြင် သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗု ဇ္ဈိတွာ၊ ထိုးထွင်း၍သိတော်မူပြီး၍။ ယာဝ၊ အကြင်မျှလောက်။ အနုပါဒိသေ သာယ ပရိနိဗ္ဗာနဓာတုယာ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ ။တာဝ၊ ထိုမျှ လောက်။ ဧတ္ထန္တရေ၊ ဤအတွင်း ဤအကြား၌။ ပဥ္စတ္တာလီသဝဿာနိ၊ ၄၅-ဝါတို့ပတ်လုံး။ ဒေဝမနုဿနာဂယက္ခာဒယော၊ နတ်-လူ-နဂါး-ဘီလူး အစ ရှိကုန်သော သတ္တဝါအပေါင်းတို့ကို။ အနုသာသန္တေနဝါ၊ တရားဓမ္မ ဟောပြ ဆုံးမတော်မူသဖြင့် လည်းကောင်း။ ပစ္စဝေက္ခန္တေနဝါ၊ ဆင်ခြင်တော်မူသဖြင့် လည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သဗ္ဗံ၊ ပိဋကတ်သုံးပုံ အလုံးစုံ သော တရားစကားတော်သည်။ ဧကရသံ၊ တစ်ခုသောရသ ရှိ၏။ ဝိမုတ္တိရ- သမေဝ၊ ဝိမုတ္တိရသသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ရသဝ သေန၊ ရသ၏အစွမ်းဖြင့်။ ဧကဝိဓံ၊ တစ်ပါးသောအဖို့ရှိ၏။

အဓိပ္ပာယ်ကား။ ။အလုံးစုံလည်းဖြစ်သော မြတ်စွာဘုရားတရားစကား တော်သည် ရသ၏အစွမ်းဖြင့် တစ်ပါးသာ အဖို့ရှိ၏ဟူသည် အဘယ်နည်း။ ထိုစကားကို ထင်စွာပြဦးအံ့၊ မြတ်စွာဘုရားသခင်သည် အတုမရှိသော သဗ္ဗ ညုတ ဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူပြီး၍ အကြင်မျှလောက် ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံလွန် တော်မူ၏၊ ထိုမျှလောက် ဘုရားဖြစ်တော်မူသော နေ့ကစ၍ ပရိနိဗ္ဗာန် စံလွန် တော် မူသောနေ့အထိ ဤအတွင်း ဤအကြား၌ (၄၅)ဝါတို့ ကာလပတ်လုံး လူ-နတ်-နဂါး-ဘီလူး အစရှိကုန်သော သတ္တဝါတို့ကို တရားဓမ္မဖြင့် ဟောပြ

ဆုံးမတော်မူသဖြင့် လည်းကောင်း၊ ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်တော်မူသဖြင့် လည်းကောင်း ထိုပိဋကတ်သုံးပုံ အလုံးစုံသော ဘုရားရှင် တရားစကားတော်သည် တစ်ခုသော အရသာရှိသည်ဟု မှတ်ယူကြကုန်လော့၊ ဝိမုတ္တိရသာ ဖြစ်ပေသည်။

(၃၇)ပါးသော ဗောဓိပက္ခိယ မဂ်လေးပါး - ဖိုလ်လေးပါး - နိဗ္ဗာန် ဤကိုးပါးသော လောကုတ္တရာတရားသည် ဓမ္မရသာဟုမှတ်။ ထိုလောကုတ္တရာ တရားကိုးပါးတို့တွင် အရဟတ္တဖိုလ် ချမ်းသာတစ်ခုသည် ဝိမုတ္တိရသာဟုမှတ်။ ဤကား ဝိမုတ္တိနှင့် ရသာအထူးကိုမှတ်လေ။ လောကီအရသာသည် သံသရာ၏ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သည်။ တရားတော်၏အရသာသည် နိဗ္ဗာန်သို့ ရောက်စေတတ်သည်။ အရသာနှစ်ပါးကို ခွဲခြား၍ မှတ်သားကြပါကုန်လော့။

သဗ္ဗေ ခန္ဓရသာဒယော ပိ၊ ရသဥဂ္ဂသတော
ဒေဝတာနံ သုဓာဘောဇနရသောပိ၊ သံသာရဝဋ္ဋေ
ပါတေတွာ ဒုက္ခာနုဘဝနဿေဝ ပစ္စယော။
ပနေသော သတ္တတိံသ ဗောဓိပက္ခိယဓမ္မသင်္ခါတော စ၊
ဓမ္မရသော အယမေဝ၊ သဗ္ဗရသာနံ သေဋ္ဌော
တေန ဝုတ္တံ၊ သဗ္ဗရသံ ဓမ္မရသံ ဇိနာတီတိ။

(ဓမ္မပဒအဋ္ဌကထာ)

သဗ္ဗေ၊ အလုံးစုံကုန်သော။ ခန္ဓရသာဒယော၊ ပင်စည် အရသာ အစ ရှိကုန်သော။ ရသောပိ၊ အရသာသည်လည်းကောင်း။ ဥဂ္ဂသတော၊ အလွန် အားဖြင့်။ ဒေဝတာနံ၊ နတ်တို့၏။ သုဓာဘောဇနရသောပိ၊ သုဓာဘုတ် ဘောဇဉ်ဟုဆိုအပ်သော အရသာသည်လည်းကောင်း။ ဟောတု၊ ရှိသည်ဖြစ် ပါစေ။ ပန၊ စင်စစ်သော်ကား။ သော ဧသော၊ ဤ လူနတ်တို့၏ အရသာ သည်။ သံသရာဝဋ္ဋေ၊ သံသရာဝဋ်ဆင်းရဲ၌။ ပါတေတွာ၊ ကျစေရောက်စေ၍။ ဒုက္ခာနုဘဝနဿေဝ၊ ဆင်းရဲခြင်း၏အဖြစ်ကို ခံစားရခြင်း၏သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တတိံသဗောဓိပက္ခိယဓမ္မသင်္ခါတော၊ ၃၇-ပါးသော ဗောဓိပက္ခိယဟု ဆိုအပ်သော။ ဓမ္မရသောစ၊ တရားအရသာ သည်လည်းကောင်း။ နဝလောကုတ္တရဓမ္မသင်္ခါတော၊ ကိုးပါးသော လော ကုတ္တရာဟု ဆိုအပ်သော။ ဓမ္မရသောစ၊ တရားအရသာသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယမေဝ၊ ဤတရား အရသာသည်သာလျှင်။ သဗ္ဗရသာနံ၊

အလုံးစုံသော နတ် လူတို့၏ အရာသာတို့ထက်။ သဗ္ဗော၊ တရားအရသာက သာလွန်၍ မြတ်တော်မူပေ၏။ တေန၊ ထို့ကြောင့်။ သဗ္ဗရသံ ဓမ္မရသံ ဇိနာတီတိ၊ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။

**အဓိပ္ပာယ်ကား။** ။အလုံးစုံသော အသီး အရွက် အပွင့် အမြစ် ပင်စည်တို့ကဖြစ်သော အဆီအရသာသည်လည်းကောင်း၊ လွန်စွာမွန်မြတ်၍ လူတို့နှင့်မထိုက်မတန်သော နတ်တို့၏ ဘောဇဉ်အရသာသည် လည်းကောင်း ရှိသည်ဖြစ်ပါစေ။ စင်စစ်သော်ကား ထို လူနတ်တို့၏ အရသာသည်ကား သံသရာ၏ ဝဋ်ဆင်းရဲ၌ ကျရောက်စေ၍ ဒုက္ခဟူသောဆင်းရဲ၏ ခံစားခြင်းသည်သာလျှင် အကြောင်းရင်းဖြစ်ပေသည်။

၃၇-ပါးသော ဗောဓိပက္ခိယဟုဆိုအပ်သော တရားအရသာသည်လည်းကောင်း၊ မဂ်လေးပါး-ဖိုလ်လေးပါး-နိဗ္ဗာန် ဤကိုးပါးသော လောကုတ္တရာဟုဆိုအပ်သော တရားအရသာသည် လည်းကောင်း၊ ဤ တရားအရသာသည်သာလျှင် အလုံးစုံသော နတ် လူတို့၏ အရသာတို့ထက် တရားအရသာက သာလွန်၍ မွန်မြတ်ပေသည်။ ထို့ကြောင့် သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ ဟူ၍ ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူသည်။

တဒေတံ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ဟူသော ပဋ္ဌမပါဠိအရမှာ ခြောက်အာရုံ၊ ခြောက်ဒွါရတို့တွင် စက္ခုသည် မြင်ဆဲခဏ ပစ္စုပ္ပန်အတွင်း၌ အဆင်းကို အမှတ်ပြု၍နေသော ယောဂီပုဂ္ဂိုလ်သည် ဆိုးသည်, ကောင်းသည် စသည်ဖြင့် အမည်သညာတို့ကို မမှတ်မယူဘဲ မြင် မြင်သည်ပင်၊ တန့်နား ရပ်ဆိုင်းသဖြင့် ဟုတ်တိုင်းမှန်စွာ ကိလေသာကင်း၍ ပရမတ်ကိုသာ ထင်မြင်တော့ပေသည်။ ထိုသို့ ထင်မြင်ခြင်းကို ဝိမုတ္တိဆိုသည်။

၎င်းဝိမုတ္တိသဘောမှာ မြင်သောအခါ အဆင်းကိုမှတ်သော စိတ်တစ်ခုကိုသာ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ထင်မြင်တော့သည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသာ၊ ဩဇာ ၎င်းရုပ်ကလာပ်တို့ကို အာရုံမပြုပေ၊ ထိုသို့အာရုံမပြုသော်လည်း အဆင်း၌ ပါဝင်ပြီးစီးတော့ပေသည်။

အဘယ့်ကြောင့်ဆိုသော် ၎င်းအဋ္ဌကလာပ်ရုပ် ရှစ်ခုတို့ကို အဝိနိဗ္ဘောဂရုပ်ဟူ၍ အမည်ရသည်။ ထို အဝိနိဗ္ဘောဂရုပ်ရှစ်ခုသည် တစ်ခုနှင့်တစ်ခု ခွဲခြား၍

မရကောင်းပေ၊ ဖြစ်အတူ ပျက်အတူဟူ၍ မှတ်ယူကြကုန်လော့။ ကြွင်းသော အာရုံငါးပါးတို့မှာ စက္ခုနှင့်နည်းတူ ထိုက်သင့်သည်အားလျော်စွာ မှတ်ယူကြလေကုန်လော့။

ဥပမာဆိုသည်ရှိသော် ဟင်းချိုဟင်းချက်ရာ၌ ငရုတ်-ကြက်သွန်-ဆား-ငန်ပြာရည်-ဆီ-ရေ-ပုဇွန်ခြောက်-ခရမ်းချဉ်သီး မှုန့်ဆံ-မှိုခြောက် ဝင်းစုကို ကျနကောင်းမွန်စွာ ချက်၍ကျက်သဖြင့် သောက်သောသူမှာ ချိုသောအရသာ တစ်ခုကိုသာ တွေ့ရှိခံစားရပေသည်။ ငရုတ်-ကြက်သွန်စသော ဝတ္ထုတို့သည် ချိုသောအရသာ၌ ပါဝင်ပြီးစီးသကဲ့သို့ အဆင်းကို မှတ်သောအခါ သဘောတူ ရုပ်ကလာပ်တို့ ပါဝင်ပုံကို သိမြင်ကြစေကုန်လော့။ ထိုဥပမာပုံပြင်ကို ပြဆိုရခြင်းသည်ကား ထင်လွယ် မြင်လွယ်စေခြင်းငှာ မြတ်စွာဘုရားလည်း ဟောတော်မူပေသည်။

ဥပမံ တေ ကရိဿာမိ၊ ဥပမာယပိ ဣဓေကစ္စေ—
ဝိညူပုရိသာ၊ ဘာသိတဿ အတ္ထံ ဇာနန္တိ။

တေ၊ ထိုတရားတော်ကို ကြားနာကြသောသူအား။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဥပမံ၊ လောက၌ ထင်လွယ်မြင်လွယ်စေသော ဥပမာကို။ ကရိဿာမိ၊ ပြုပေ ပြပေ ဟောပေအံ့။ ဣဓ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ဝိညူပုရိသာ၊ ပညာရှိသော ယောကျ်ားတို့သည်။ ဥပမာယပိ၊ ဥပမာပုံ ကြားနာရုံမျှဖြင့်လည်း။ ဘာသိတဿ၊ ဟောပြောသော တရားစကား၏။ အတ္ထံ၊ ထင်လွယ်မြင်လွယ်သော အနက်သဘောကို။ ဇာနန္တိ၊ လွယ်လင့်တကူ သိမြင်နိုင်ကြပေကုန်၏။

**အဓိပ္ပာယ်ကား။** ။ထိုတရားတော်ကို ကြားနာကြကုန်သော သူတို့အား သင်တို့ဆရာ ငါဘုရားသည် လောက၌ ထင်လွယ် မြင်လွယ်စေသော ဥပမာကို ဟောပြောပေအံ့။ လောက၌ အချို့သောပညာရှိတို့သည် ဥပမာပုံကို ကြားနာရုံမျှဖြင့်လည်း ဟောပြော ပြသသောတရားစကား၏ ထင်လွယ်မြင်လွယ်သော အနက်အဓိပ္ပာယ်သဘောကို သိနိုင် မြင်နိုင်ကြကုန်၏ဟူ၍ ဟောတော်မူသည်။

(၂၁) ဝိပဿနာသည် ကလာပ်အပေါင်းအစည်း တစ်ခုတည်းရှုပုံ သဘာဝအာရုံကို လောကီပမာပုံနှင့် ပြဆိုခြင်းပြီး၏။

## (၂၂) အသိနှစ်မျိုး အမှတ်နှစ်မျိုး ပါဠိတော်ကိုး၍ အဋ္ဌကထာတစ်မျိုးနှင့် ပြဆိုခြင်း

အသိနှစ်မျိုး-အမှတ်နှစ်မျိုးဆိုရာ၌ လောကသိ၊ တရားသိ၊ ခြားနား၍ ရှိပေသည်။ တိရစ္ဆာန်သိ၊ လူသိ၊ ဝိပဿနာကိုရှုမှတ်သော ကလျာဏပုထုဇဉ် စသော သေက္ခပုဂ္ဂိုလ်တို့၏ အသိ၊ ရဟန္တာအသေက္ခတို့၏ အသိ ၎င်းအသိမျိုး တို့ကို ခြားနား၍မှတ်လေ။ အသိနှစ်မျိုးဆိုရာ၌ လောကသိ၊ တရားသိ နှစ်မျိုး တို့တွင် လောကသိမှာ ငါမြင်သည် - ငါကြားသည် - ငါနံသည် - ငါစားသည်- ငါထိသည် - ငါသိသည် - ငါသွားသည် - ငါရပ်သည်-ငါထိုင်သည်-ငါအိပ်သည် စသည်တို့ဖြင့် သိမှုအမျိုးမျိုးတို့သည် ငါနှင့်ရင်းနှီး၍သိသော အသိဟူ၍ မှတ်ယူ ကြလေကုန်လော့။

ကလျာဏပုထုဇဉ်စသော သေက္ခပုဂ္ဂိုလ်၊ ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့၏ အသိမျိုးမှာ ရုပ်နာမ်ဓမ္မသဘာဝတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင် သည်ကို တရားသိဟူ၍ မှတ်ယူကြကုန်လော့။ အမှတ်နှစ်မျိုးဆိုရာ၌ လောက၏ အမှတ်မျိုးမှာ မြင်သောအခါ အဆင်းကိုမမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ် သည်။ ကြားသောအခါ အသံကိုမမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ်သည်။ နံသောအခါ အနံ့ကိုမမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ်သည်။ စားသောအခါ အရသာကိုမမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ်သည်။ ထိသောအခါ အထိကို မမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ်သည်။ သိသောအခါ သဘောအသိကို မမှတ်ဘဲ အမည်၏ဝတ္ထုကို ငါမှတ်သည်။ ငါသွားသည် - ငါရပ်သည် - ငါထိုင် သည်-ငါအိပ်သည်ဟု စသည်ဖြင့်မှတ်သည်။ နာမ်ရုပ်ကို မမှတ်မယူနိုင်ကြပေ။ ဤကား လောက၏ အမှတ်မျိုးပေတည်း။

ကလျာဏပုထုဇဉ်စသော သေက္ခပုဂ္ဂိုလ်၊ ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့၏ အမှတ်မျိုးကား မြင်ဆဲခဏ အဆင်းကိုမှတ်သည်။ ကြားဆဲခဏ အသံကိုမှတ် သည်။ နံဆဲခဏ အနံ့ကိုမှတ်သည်။ စားဆဲခဏ အရသာကိုမှတ်သည်။ ထိဆဲ ခဏ အထိကိုမှတ်သည်။ သိဆဲခဏ သဘော အသိကိုမှတ်သည်။ အမည် သညာ ဝတ္ထုတို့ကို မမှတ်မယူကြပေကုန်။

သွားသောအခါ နာမ်ရုပ်၊ ရပ်သောအခါ နာမ်ရုပ်၊ ထိုင်သောအခါ နာမ်ရုပ်၊ အိပ်သောအခါ နာမ်ရုပ် ဤသို့စသည်ဖြင့် ကိုယ်အမူအရာ ဖြစ်ပေါ်

တိုင်း နာမ်ရုပ်ကိုသာ မှတ်ယူလေ့ ရှိကြပေကုန်သည်။ ဤကား ကလျာဏ ပုထုဇဉ်စသော သေက္ခပုဂ္ဂိုလ်၊ ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့၏ အမှတ်မျိုးပေ တည်း။

တိရစ္ဆာန်တို့၏ အသိမျိုး အမှတ်မျိုးမှာ—

သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာဝါ—
ဂစ္ဆာမီတိ ပဇာနန္တိ။ ။(သတိပဋ္ဌာန်အဋ္ဌကထာ)

ဂစ္ဆန္တာ၊ သွားကြကုန်သော။ သောဏသိင်္ဂါလာဒယောပိ၊ အိမ်းခွေး-တောခွေး အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ဂစ္ဆာမိတိ၊ ငါတို့သွားကြကုန်၏ဟူ၍။ ဝါ၊ ငါတို့သွားကြကုန်အံ့ဟူ၍။ ပဇာနန္တိ၊ သိနိုင်ကြကုန်၏။

**အဓိပ္ပာယ်ကား**။ ။အိမ်ခွေး–တောခွေးစသော တိရစ္ဆာန်တို့သည် ငါ သွားသည်-ငါရပ်သည်-ငါထိုင်သည်-ငါအိပ်သည် စသည်ဖြင့် သိနိုင်ကြကုန်၏။ ဤအရာ၌ လောကလူတို့၏ အမှတ်မျိုးသည် တိရစ္ဆာန်တို့ကဲ့သို့ များသော အားဖြင့် အသိအမှတ် ရှိတတ်ကြပေကုန်သည်။

နပနေတံ ဧဝရူပံ၊ ပဇာနန္တာပိ ဇာနနံ သန္ဓာယ ဝုတ္တံ။
(သတိပဋ္ဌာန်အဋ္ဌကထာ)

ပန၊ လောကသိ၊ တိရစ္ဆာန်သိကိုပြဆိုဦးအံ့။ ပဇာနန္တာပိ၊ လောကသိ၊ တိရစ္ဆာန်တို့ သိကြကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဇာနနံ၊ လောကသိ၊ တိရစ္ဆာန်သိကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတံဝစနံ၊ ဤ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟူသော သတိပဋ္ဌာန် ပါဠိတော်စကားကို။ နဝုတ္တံ၊ ငါဘုရား ဟောတော်မူသည် မဟုတ် ပေ။

**အဓိပ္ပာယ်ကား**။ ။လောကလူတို့၏ အသိအမှတ်မျိုး၊ တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးကို ရည်ရွယ်၍မဟော။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ၊
ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ၊
နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ၊
သယာနောဝါ သယာနောမှီတိ ပဇာနာတိ။

သွားသိ-ရပ်သိ-ထိုင်သိ-အိပ်သိဟူသော ပါဠိတော်စကားကို ငါဘုရား ဟောတော်မူသည်မဟုတ်ပေ။ ကလျာဏပုထုဇဉ်စသော သေက္ခပုဂ္ဂိုလ်၊ ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ သိမှတ်စေခြင်းငှာ ဂစ္ဆန္တောဝါဂစ္ဆာမီတိပဇာ နာတိ-ဟူသော ပါဠိတော်စကားကို ဟောကြားတော်မူသည်ဟု မဲမဲသဲသဲ- နှလုံးမှာစွဲ၍ အမြဲမှတ်ယူကြပါကုန်လော။

> ဝေရူပံ ဇာနနံ နသတ္တူပ လဒ္ဓိံ ပဇဟာတိ၊ နအတ္တသညံ–
> သမုဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံဝါ-သတိပဋ္ဌာနဘာဝနာဝါ—
> နဟောတိ။ ။ (သတိပဋ္ဌာန်အဋ္ဌကထာ)

ကသ္မာ၊ အဘယ့်ကြောင့် လောကလူတို့၏ အသိအမှတ်၊ တိရစ္ဆာန်တို့၏ အသိအမှတ်ကို ဟောတော်မမူပါသနည်း။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ ဇာနနံ၊ လောကလူတို့၏ အသိအမှတ်၊ တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးသည်။ သတ္တုပလဒ္ဓိံ၊ ပုဂ္ဂိုလ်သတ္တဝါဟူသော အယူဝါဒကို။ နပဇဟာတိ။ မစွန့်မပြစ် နိုင်။သတ္တသညံ၊ငါ့ကိုယ်ပဲငါပဲဟူသော အသိအမှတ်သညာကို။ နသမုဂ္ဃာဋေတိ၊ မပယ်မခွာ မစွန့်နိုင်။ ကမ္မဋ္ဌာနံဝါ၊ သမထ ကမ္မဋ္ဌာန်း ပွားများခြင်းသည် လည်းကောင်း။ သတိပဋ္ဌာနဘာဝနာဝါ၊ သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ ပွားများခြင်းသည်လည်းကောင်း။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဇာနနံ၊ လောကလူတို့၏ အသိအမှတ် တိရစ္ဆာန် တို့၏ အသိအမှတ်မျိုးကို။သန္ဓာယ၊ ရည်ရွယ်၍။ဂစ္ဆန္တောဝါဂစ္ဆာမီတိပဇာနာတိ၊ ဂစ္ဆန္တောဝါဂစ္ဆာမိဟူသော သတိပဋ္ဌာန် ပါဠိတော်စကားကို။ နဝုတ္တံ၊ လောကလူ တို့၏ အသိအမှတ်တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးကို ငါဘုရားဟောတော်မူသည် မဟုတ်ပေ။

**လိုရင်းအဓိပ္ပာယ်ကား။** ။အဘယ့်ကြောင့် လောက လူတို့၏အသိအမှတ် တိရစ္ဆာန်တို့၏ အသိအမှတ်မျိုးကို မြတ်စွာဘုရား ဟောတော် မမူပါသနည်း၊ ဤသို့ သဘောရှိသော လောကလူတို့၏ အသိအမှတ် တိရစ္ဆာန်တို့၏ အသိအမှတ် မျိုးသည် နာမ်ရုပ်ကို မသိမမြင်ကြ၍ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ငါကိုယ်ပဲ ငါပဲ ယောကျ်ားပဲ မိန်းမပဲ လူပဲ နတ်ပဲဟု မဲမဲသဲသဲ အမြဲအစွဲထား၍ သိမှတ်ကြ ကုန်သည်။ အတ္တတ္တစွဲမြဲသဖြင့် ဗဟိဒ္ဓဆိုရာမရှိကြပေ။ ထိုသူတို့၏ အသိအမှတ် မျိုးသည် သမထကမ္မဋ္ဌာန်းကို ပွားများရာမရောက် သတိပဋ္ဌာန် ဝိပဿနာကို ပွားများရာ မရောက်ကြောင်းကို သိမြင်ကြကုန်လော။

ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တုပလဒ္ဓိံ ပဇဟတိ။
အတ္တ သညံ သမုဂ္ဃာဋေတိ ကမ္မဋ္ဌာနဉ္စေဝ။
သတိပဋ္ဌာန ဘာဝနာစ ဟောတိ။ (သတိပဋ္ဌာန်အဋ္ဌကထာ)

ပန၊ ကလျာဏ ပုထုဇဉ်စသော သေက္ခပုဂ္ဂိုလ် ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့၏ အသိအမှတ်မျိုးကို ပြဆိုဦးအံ့။ ဣမဿ၊ ဤသတိပဋ္ဌာန် ဝိပဿနာကို ပွားများသော။ ဘိက္ခုနော၊ ရဟန်း၏။ ဇာနနံ၊ အသိအမှတ်မျိုးသည်။ သတ္တုပလဒ္ဓိံ၊ ပုဂ္ဂိုလ် သတ္တဝါဟူသော အယူဝါဒကို။ ပဇဟတိ၊ စွန့်ပစ်၏။ အတ္တသညံ၊ ငါ့ကိုယ်ပဲ ငါပဲဟူသော အသိအမှတ်သညာကို။ သမုဂ္ဃာဋေတိ၊ ပယ်ခွာလေ၏။ ကမ္မဋ္ဌာနဉ္စေဝ၊ သမထ ကမ္မဋ္ဌာန်း ပွားများ ခြင်းသည် လည်းကောင်း။ သတိပဋ္ဌာနဘာဝနာစ၊ သတိပဋ္ဌာန်ဝိပဿနာဘာဝနာ ပွားများခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်လိုရင်းကား။** ။ကလျာဏ ပုထုဇဉ်စသော သေက္ခ ပုဂ္ဂိုလ် ရဟန္တာ အသေက္ခပုဂ္ဂိုလ်တို့၏ အသိအမှတ်မျိုးဆိုရာ၌ သတိပဋ္ဌာန်ဝိပဿနာကို ပွားများ အားထုတ်သော ပုဂ္ဂိုလ်တို့၏ အသိအမှတ်မျိုးသည် ပုဂ္ဂိုလ် သတ္တဝါဟူသော အယူဝါဒကို စွန့်ကြသည်။

ငါ့ကိုယ်ပဲ ငါပဲ ယောကျ်ားပဲ မိန်းမပဲ လူပဲ နတ်ပဲ ဟူသော အသိမှတ်သညာကို ပယ်ခွာ၍ ယထာဘူတ သဘာဝ ဆတ်ဆတ်ပရမတ်ကိုသာလျှင် သိကြ မှတ်ကြကုန်ပေသည်။ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမ လူနတ်တို့သည် ထင်ရှား မရှိသောကြောင့် မသွားတတ် မရပ်တတ် မထိုင်တတ် မအိပ်တတ် မမြင် မကြား မနံမစား မထိမသိတတ်ပေ။

တိရစ္ဆာန်ကား အသိထား ငါကားပါတော့သာ။
လောကလူများ အသိထား ငါကားပါတော့သာ။ (သံခိပ်)

သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတီတိ ဝုစ္စတိ။
အတ္ထတော ပနကောစိ ဂစ္ဆန္တော ဝါ တိဋ္ဌန္တော ဝါ နတ္ထိ။ (အဋ္ဌကထာ)

သတ္တော၊ သတ္တဝါသည်။ ဂစ္ဆတိ၊ သွား၏။ သတ္တော၊ သတ္တဝါသည်။ တိဋ္ဌတိ၊ ရပ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ခေါ်ဆိုကြ၏။ အတ္ထတောပန၊ အနက်သဘော အားဖြင့်ကား။ ဂစ္ဆန္တော ဝါ၊ သွားသောသူသည် လည်းကောင်း။ တိဋ္ဌန္တော ဝါ၊ ရပ်သောသူသည်လည်းကောင်း။ နတ္ထိ၊ မရှိ။

အဓိပ္ပါယ်လိုရင်းကား။ ။သတ္တဝါ သွားသည် သတ္တဝါ ရပ်သည် ငါသွားသည် ငါရပ်သည်ဟု ဆိုကြကုန်၏။ သဘောအားဖြင့် သွားတတ်သူ ရပ်တတ်သူ မြင်တတ်သူ ကြားတတ်သူဟူ၍ မရှိပေ။ နာမ်ရုပ်တို့သည်သာလျှင် သွားတတ် ရပ်တတ် မြင်တတ် ကြားတတ်ပေကုန်သည်။

ဂေါဏော ပန သကဋ္ဌေ ယောဇေတွာ သာရထိမှိ။
ပါဇေန္တေ သကဋ္ဌော ဂစ္ဆတိ တိဋ္ဌန္တော သကဋ္ဌော တိဋ္ဌတီတိ
ဝေါဟာရမတ္တံ ဟောတိ။ (အဋ္ဌကထာ)

သာရထိမှိ၊ ရထားထိန်းသည်။ ဝါ၊ ရထားမောင်းသော သူသည်။ ဂေါဏေ၊ နွားတို့ကို။ သကဋ္ဌေ၊ လှည်း၌။ ယောဇေတွာ၊ကၡ်၊ ဝါ၊ ကောက်၍၊ ဝါ၊ တပ်၍။ ပါဇေန္တေ၊ နှင်သည်ရှိသော်။ ဝါ၊ မောင်းသည်ရှိသော်။ သကဋ္ဌော၊ လှည်းသည်။ ဂစ္ဆတိ၊ သွား၏။ တိဋ္ဌန္တော၊ ရပ်သည်ရှိသော်။ သကဋ္ဌော၊ လှည်းသည်။ တိဋ္ဌတိ၊ ရပ်၏။ ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ်ကာမျှ စကားသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်လိုရင်းကား။ ။ရထားထိန်း ရထားမောင်းသော သူသည်။ နွားတို့ကို လှည်း၌ကၡ် ကောက်၍ တပ်၍ ဆိုကြသည်။ ထိုနွားကို မောင်းသည် နှင်သည်ရှိသော် လှည်းသွားသည် လှည်းရပ်သည်ဟုခေါ်ဆိုကြ၏။ စင်စစ်သော်ကား လှည်းမသွားတတ် လှည်းမရပ်တတ် နွားသွားသည် နွားရပ်သည်ဟုမဆိုနိုင်ကြသကဲ့သို့ ထို့အတူ ငါသွားသည် ငါရပ်သည် ငါမြင်သည် ငါကြားသည်ဟု စွဲယူကြကုန်သည်။ စိတ်ရုပ် သွားသည် ရပ်သည် မြင်သည် ကြားသည်ကို လုံးလုံးကြီး မစွဲယူနိုင်ကြ မမြင်နိုင်ကြကုန်ပေ။

(၂၂) အသိနှစ်မျိုး အမှတ်နှစ်မျိုး ပါဠိတော်ကိုး၍
အဋ္ဌကထာတစ်မျိုးနှင့် ပြဆိုခြင်းပြီး၏။

## (၂၃) ခြောက်ဒွါရက ကျသမျှအာရုံကို မိုးပေါက်
## ပမာပုံနှင့်ပြဆိုခြင်း

ခြောက်ဒွါရ၌ ကျရောက်လာသော ကိလေသာ အာရုံတို့သည် ခဏမစဲ အမြဲယိုစီး စိုစွတ်ခြင်းကို ခံ၍နေကြရသည်မှာ မသိမမြင်ကြပေကုန်၊ သိမြင်ကြ

ပါသော်လည်း ကိလေသာဟူသော မိုးရေကို မစိုစွတ်ရအောင် ရှောင်ခွာလွတ်ကင်းရန် အမှန်မတတ်နိုင်ကြပေကုန်။ ကိလေသာ ဝင်ပုံမှာ စက္ခု၌ မသိသည်ရှိသော် အဆင်း၌ မသိသည်ရှိသော် စက္ခုဝိညာဏ်၌ မသိသည်ရှိသော် ဖဿ အတွေ့၌ မသိသည်ရှိသော် ဝေဒနာခံစားခြင်း၌ မသိသည်ရှိသော်။ တဏှာက သာယာစုံမက် နှစ်သက်၍ ကိလေသာမိုး စိုစွတ်ခြင်းကို ခံကြရလေကုန်၏။ သောတ ဃာန ဇိဝှါ ကာယ တို့မှာ နည်းတူ။

စက္ခုသ္မိံ သာရဇ္ဇတိ ရူပေသု သာရဇ္ဇတိ။
စက္ခုဝိညာဏေ သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ
သာရဇ္ဇတိ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ
ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ
တသ္မိံပိ သာရဇ္ဇတိ၊ တဿ သာရတ္တဿ သံယုတ္တဿ
သံမူဠ္ဟဿ အဿာဒါနုပဿိ နော ဝိဟရတော အာယတိံ
ပဉ္စုပါဒါနက္ခန္ဓာ ဥပစယံ ဂစ္ဆန္တိ။ (ဥပရိပဏ္ဏာသပါဠိတော်)

စက္ခုသ္မိံ၊ မျက်စိ၌။ သာရဇ္ဇတိ၊ တပ်မက်၏။ ရူပေသု၊ အဆင်းရုပ်တို့၌။ သာရဇ္ဇတိ၊ တပ်မက်၏။ စက္ခုဝိညာဏေ၊ မြင်ခြင်း၌။ သာရဇ္ဇတိ၊ တပ်မက်၏။ စက္ခုသမ္ဖဿေ၊ မျက်စိနှင့်အတွေ့၌။ သာရဇ္ဇတိ၊ တပ်မက်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိနှင့်တွေ့ခြင်းဟူသော အကြောင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်းမဟုတ် ချမ်းသာသည်လည်း မဟုတ်သော။ ယမ္ပိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်း သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းကိုလည်း။ သာရဇ္ဇတိ၊ တပ်မက်၏။ ။သာရတ္တဿ၊ တပ်မက်သည်ဖြစ်၍။ သံယုတ္တဿ၊ သံယောဇဉ်နှင့် ယှဉ်သည်ဖြစ်၍။ သံမူဠ္ဟဿ၊ တွေဝေသည် မသိသည်ဖြစ်၍။ အဿာဒါနုပဿိနော၊ သာယာဖွယ်ဟု ရှုလေ့မှတ်လေ့ရှိသည် ဖြစ်၍။ ဝိဟရတော၊ နေသော၊ တဿ၊ ထိုသူအား။ အာယတိံ ပဉ္စုပါဒါနက္ခန္ဓာ၊ နောင်တစ်ဖန် ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ ဥပစယံ၊ ဘဝအသစ်ဖြစ်ရခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ရလေကုန်၏။

အဓိပ္ပာယ်ကား။ ။လွယ်၏။

မနသ္မိံ သာရဇ္ဇတိ ဓမ္မေသု သာရဇ္ဇတိ မနောဝိညာဏေ
သာရဇ္ဇတိ မနောသမ္ဖဿေ သာရဇ္ဇတိ။

ယမ္ပိဒံ မနောသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ
သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တသ္မိံပိ သာရဇ္ဇတိ။
တဿ သာရတ္တဿ သံယုတ္တဿ သံမူဠ္ဟဿ အဿာ
ဒါနုပဿိနော ဝိဟရတော အာယတိံ ပဉ္စုပါဒါ
နက္ခန္ဓာ ဥပစယံ ဂစ္ဆန္တိ။ ရှင်းပါဠိ။

မနသ္မိံ၊ နှလုံး၌။ သာရဇ္ဇတိ၊ တပ်မက်၏။ ဓမ္မေသု၊ သဘောတို့၌။ သာရဇ္ဇတိ၊ တပ်မက်၏။ မနောဝိညာဏေ၊ အသိ၌။ သာရဇ္ဇတိ၊ တပ်မက်၏။ မနောသမ္ဖဿေ၊ စိတ်အတွေ့၌။ သာရဇ္ဇတိ၊ တပ်မက်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်နှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်း မဟုတ်သော။ ယမ္ပိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်း သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံပိ၊ ထိုခံစားခြင်း၌လည်း။ သာရဇ္ဇတိ၊ တပ်မက်၏။ သာရတ္တဿ၊ တပ်မက်သည် ဖြစ်၍။ သံယုတ္တဿ၊ သံယောဇဉ်နှင့် ယှဉ်သည်ဖြစ်၍။ သံမူဠ္ဟဿ၊ တွေဝေသည်မသိသည်ဖြစ်၍။ အဿာဒါနုပဿိနော၊ နှစ်သက်ဖွယ်ဟု ရှုလေ့ မှတ်လေ့ ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေသော။ တဿ၊ ထိုသူအား။ အာယတိံပဉ္စုပါဒါနက္ခန္ဓာ၊ နောင်တစ်ဖန် ဥပါဒါန်၏အာရုံ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည်။ ဥပစယံ၊ ဘဝအသစ် ဖြစ်ရခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ရလေကုန်၏။ အဓိပ္ပာယ်ကားလွယ်၏။

ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဆရာတော် ဘုရားကြီးက ယောဂီတို့အား လွန်သနား၍ ဟောကြားတော်မူသည်မှာ မိုးရေမိုးပေါက် တွေနှင့် ပမာတူလှစွာသော ခြောက်ဒွါရခြောက်အာရုံက ကျရောက် ယိုစီး၍ လာသော ကိလေသာ မိုးပေါက်တို့ကို မိမိတို့၌ မစိုမစွတ်ရလေအောင် သတိကို စွဲမြဲ၍ မဲမဲသဲသဲအားခဲ၍ မှတ်လိုက်ကြပေကုန်လော။

လုံ့လဝီရိယဖြင့် မယုတ်မလွန်ရအောင် မျှတညီညွတ်စေ၍ စိတ်မှာမပင် မပန်း မချမ်းမမြွမမေ့မပေါ့ဘဲ ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းကို ရှောင်ကြဉ် ၍ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ သက်သက်သာသာနှင့်သာ မှတ်၍တရားကို တွေ့လိုလျှင် တွေ့စေ၊ မတွေ့လိုလျှင်နေစေ။ သတိသာ စွဲစွဲမြဲမြဲ ထားကြပါလျှင် တရားသဘောကို တွေ့ရှိရကြပေမည်ဟု ဆရာတော်ဘုရားကြီးက မိန့်ကြား တော်မူသတည်း။

မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ
ဉာဏကရဏီ ဥပသမာယ အဘိညာယ
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ တထာဂတေန၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ အထူးသဖြင့် သိမြင်တော်မူအပ်သော။ စက္ခုကရဏီ၊ ပညာမျက်စိဖြင့် ထင်ထင်သိမြင်သည်ကို ပြုတတ်သော။ ဉာဏကရဏီ၊ ပညာဖြင့် သိမြင်သည်ကို ပြုတတ်သော။ မဇ္ဈိမာ၊ အယုတ်အမြတ်ကင်း၍ အလယ်လမ်း ဖြစ်သော။ ပဋိပဒါ၊ မဂ်ဖိုလ်ရခြင်း ဟူသော အကျင့်သည်။ ဥပသမာယ၊ ကိလေသာဟူသော ပူပန်ခြင်းကို ငြိမ်းခြင်းငှာ။ အဘိညာယ၊ သစ္စာလေးပါး မြတ်တရားကို ရခြင်းငှာ။ သမ္ဗောဓာယ၊ မဂ်ဖိုလ်ကိုရခြင်းငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို ရခြင်းငှာ၊ သံဝတ္တတိ၊ ဖြစ်လေ၏။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့။ သင်တို့ဆရာ ငါဘုရားသည်။ အထူးသဖြင့် သိမြင်တော်မူသော ပညာမျက်စိ ဉာဏ်အမြင်တို့ဖြင့် သိမြင်ခြင်းကို ပြုတတ်သော အယုတ်အမြတ်ကင်း၍ အလယ်လမ်းဖြစ်သော အကျင့်သည် ကိလေသာဟူသော ပူပန်ခြင်းကို ငြိမ်းခြင်းငှာ သစ္စာလေးပါးကို ရခြင်းငှာ နိဗ္ဗာန်ကိုရခြင်းငှာ ဖြစ်သည်ဟု ဟောတော်မူသည်။

အတိတ်ကိုလည်း မရှုမမှတ်ရ အနာဂတ်ကိုလည်း မရှုမမှတ်ရ။ မြင်ဆဲကြားဆဲစသော ပစ္စုပ္ပန်ခဏတစ်ချက်သာ ရှုမှတ်ပွားများ အားထားမှသာလျှင် တရားသဘောဆိုက်၍ မဇ္ဈိမပဋိပဒါလမ်းသို့ ရောက်ပေသည်။ ပစ္စုပ္ပန်ခဏနှင့် မဇ္ဈိမပဋိပဒါသည် အယုတ်အမြတ်နှင့် အတိတ် အနာဂတ်လွတ်၍ လောက၌ ချိန်ခွင်လျှာနှင့်တူသည်။

ချိန်ခွင်တို့သည် တစ်ဘက်ဘက်ကသာလျှင် သဘောမတူမညီမျှနိုင်ကြပေ ကုန် ချိန်ခွင်လျှာဘောင်ဝင်မှ သဘောတူညီမျှကြသကဲ့သို့ ထို့အတူ ပစ္စုပ္ပန်ခဏ မဇ္ဈိမပဋိပဒါ ကျမှသာလျှင် တရားဘောင် ဝင်ပေသည်။ ပြဆိုခဲ့သော လမ်းက မဆိုက်မရောက်လျှင် ရန်သူဝင်ကြောင်း ဟောတော်မူ၏။

ရာဂေါ ဘိက္ခဝေ အဇ္ဈတ္တရာပစ္စတ္ထိကော အဇ္ဈတ္တရာဝဓကော။
အဇ္ဈတ္တရာစောရော ဒေါသော အဇ္ဈတ္တရာပစ္စတ္ထိကော။
အဇ္ဈတ္တရာဝဓကော အဇ္ဈတ္တရာစောရော မောဟော
အဇ္ဈတ္တရာပစ္စတ္ထိကော အဇ္ဈတ္တရာဝဓကော အဇ္ဈတ္တရာစောရော။
(အင်္ဂုတ္တရတိကပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ရာဂေါ၊ ရာဂသည်။ အဇ္ဈတ္တရာပစ္စတ္ထိကော၊ ကိုယ်၏အတွင်း၌ရှိသော ရန်သူမည်၏။ အဇ္ဈတ္တရာဝဓကော၊ ကိုယ်၏အတွင်း၌ ရှိသောသူသတ်မည်၏။ အဇ္ဈတ္တရာစောရော၊ ကိုယ်၏ အတွင်း၌ရှိသော ခိုးသူ မည်၏။ ဒေါသော၊ ဒေါသသည်။ အဇ္ဈတ္တရာပစ္စတ္ထိကော၊ ကိုယ်၏ အတွင်း၌ ရှိသောရန်သူမည်၏။ အဇ္ဈတ္တရာဝဓကော၊ ကိုယ်၏ အတွင်း၌ရှိသော သူသတ် မည်၏။ အဇ္ဈတ္တရာစောရော၊ ကိုယ်၏အတွင်း၌ရှိသော ခိုးသူမည်၏။ မောဟော၊ မောဟသည်။ အဇ္ဈတ္တရာပစ္စတ္ထိကော၊ ကိုယ်၏အတွင်း၌ရှိသော ရန်သူမည်၏။ အဇ္ဈတ္တရာဝဓကော၊ ကိုယ်၏အတွင်း၌ရှိသော သူသတ်မည်၏။အဇ္ဈတ္တရာစောရော၊ ကိုယ်၏အတွင်း၌ရှိသော ခိုးသူမည်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့။ လောဘသည် ကိုယ်၏ အတွင်း၌ရှိသော ရန်သူမည်၏၊ သူသတ်မည်၏၊ ခိုးသူမည်၏၊ ဒေါသသည် ကိုယ်၏ အတွင်း၌ရှိသော ရန်သူမည်၏၊ သူသတ်မည်၏၊ ခိုးသူမည်၏၊ မောဟသည် ကိုယ်၏အတွင်း၌ ရှိသော ရန်သူမည်၏၊ သူသတ်မည်၏၊ ခိုးသူမည်၏။

ထိုလောဘ ဒေါသ မောဟဟူသော ရန်သူမဝင်ရအောင် သူသတ် မဝင်ရအောင် ခိုးသူမဝင်ရအောင် ခြောက်ဒွါရ ခြောက်အာရုံတို့က သတိ ဟူသောတရားနှင့် တားမြစ်ကြ ကာကွယ်ကြ ပိတ်ဆို့ကြ စောင့်ရှောက်ကြ လုံခြုံကြ နှလုံးသွင်းကြ အာရုံပြုကြ ပွားများကြ အားထားကြ မှတ်ကြစသည် တို့ဖြင့် ကျမ်းဂန်တို့၌လာသော အရပ်ရပ်စကားသည် အတူတူပင်ဖြစ်၍ ကမ္မဋ္ဌာန်း ဝိပဿနာအရာ၌ အမှတ်တစ်ခုကိုသာ အသုံးအနှုန်းပြုကြဟု ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်။

ကေန တေ သံဝုတာနိဝါရိတာ သတိ အာရက္ခေန တေနာဟ
ဘဂဝါ သတိ တေသံ နိဝါရနန္တိ။ (နေတ္တိပါဠိတော်)

ကေန၊ အဘယ်တရားဖြင့်။ တေ၊ ထို ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်သော တဏှာတို့ကို။ သံဝုတာနိဝါရိတာ၊ စောင့်ရှောက်တားမြစ်ရပါ ကုန်သနည်း။ သတိအာရက္ခေန၊ သတိဟူသော အစောင့်အရှောက်ဖြင့်။ တေ၊ ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်သောတဏှာတို့ကို။ သံဝုတာနိဝါ ရိတာ၊ စောင့်ရှောက် တားမြစ်အပ် ကုန်၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊

မြတ်စွာဘုရားသခင်သည်။ သတိတေသံနိဝါရနန္တိ၊ သတ္တိတေသံနိဝါရနံ ဟူ၍။ အာဟ၊ ဟောတော်မူ၏။

အဓိပ္ပာယ်ကား။ ။အဘယ်တရားဖြင့် ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ယိုစီးလာသော တဏှာတို့ကို စောင့်ရှောက်တားမြစ်ရပါကုန်သနည်း။ သတိဟူသော အစောင့်အရှောက်ဖြင့် ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ယိုစီးလာသော တဏှာတို့ကို သတိဖြင့် စောင့်ရှောက် တားမြစ်အပ်ကုန်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။

ယာနိသောတာနိ လောကသ္မိံ အဇိတာတိ ဘဂဝါ
သတိ တေသံ နိဝါရနံ သောတာနံ သံဝရံဗြူမိ
ပညာယေတေ ပိဓိယရေ။ (နေတ္တိပါဠိတော်)

အဇိတ၊ ချစ်သားအဇိတ၊ လောကသ္မိံ၊ လောက၌၊ ယာနိသောတာနိ၊ အကြင်ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ကုန်သော တဏှာတို့သည်။ သဝန္တိ၊ ယိုစီးကုန်၏။ သတိ၊ သတိသည်။ တေသံ၊ ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ယိုစီးသော တဏှာတို့ကို။ နိဝါရနံ၊ တားမြစ်တတ်၏။ သတိ၊ သတိကို။ သောတာနံ၊ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ယိုစီးသော တဏှာတို့၏။ သံဝရံ၊ အစောင့်အရှောက်ဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ပညာယ။ ပညာဖြင့်။ ဧတေ။ ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်သော တဏှာတို့ကို။ ပိဓိယရေ၊ ပိတ်ကြဆို့ကြလေကုန်လော။

အဓိပ္ပာယ်ကား။ ။ချစ်သားအဇိတ၊ လောက၌ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်လာသော တဏှာတို့သည် ယိုစီးကုန်၏ သတိဟူသော တရားသည်။ ထိုခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်ယိုစီးလာသော တဏှာတို့ကို။ မယိုစီးရအောင် မလာ မရောက် ရအောင် သတိဖြင့် စွဲမြဲ၍ စောင့်ရှောက်ကာကွယ်လေဟု ဟောတော်မူသည် ဝိပဿနာပညာ မဂ်ပညာဖြင့် ယိုစီးကျရောက်လာသော တဏှာတို့ကို ပိတ်ဆို့ကာကွယ်ကြလေကုန်လော။

ကမ္မဋ္ဌာန်းအရှယ်သို့ မရောက်မရင့်သေးသော ယောဂီ ပုဂ္ဂိုလ်သည်။ အမှတ်နှင့်သာ နှလုံး သွင်းရမည်။ အသိနှင့် နှလုံး မသွင်း ရပေ။ အမှတ်စိ၍ ကိလေသာကင်းသဖြင့် ဥဒယဗ္ဗယဉာဏ်သို့ ရောက်သောအခါ။ အမှတ်ပျောက်၍

အသိဉာဏ် အလိုလိုရောက်၍လာပေသည်။ အသိသည် အလုပ်တစ်ခုမဟုတ်ပေဟု ဆရာတော် ဘုရားကြီး မိန့်တော်မူသည်။

ပိဓိယရေ၊ ပိတ်ဆို့ခြင်း။ နိဝါရဏေ၊ တားမြစ်ခြင်း။ သံဝရ၊ စောင့်ရှောက်ခြင်း။ ဂုတ္တံ၊ လုံခြုံခြင်း။ နိယမေ၊ မှတ်ခြင်း။ ဂဏ္ဍာဝ၊ ဖမ်းယူခြင်း။ ဓမ္မ၊ ဆုံးမခြင်း။ ယောနိသော၊ နှလုံးသွင်းခြင်း။ အာရမ္မဏကတ္တာ၊ အာရုံပြုခြင်း။ ယုဥ္ဇထ၊ အားထုတ်ခြင်း။ ယောဓေထ၊ စစ်ထိုးခြင်း ဤသို့စသော ပါဠိအမျိုးမျိုးတို့သည်။ မှတ်ခြင်း သဘောတစ်ခုနှင့် နည်းတူယူကြကုန်လော။

ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် ပေါဠိလမထေရ်ကြီးသည် ဝိပဿနာအရာ၌ မသိမမြင်ခြင်းကြောင့် ၇-နှစ်အရွယ် ရှင်သာမဏေယ် အထံတော်၌ ရိုသေလေးမြတ်စွာ ကမ္မဋ္ဌာန်းတောင်းရာ၌ တောင်ပို့တစ်ခု၌ ငါးပေါက်ကိုပိတ်၊ တစ်ပေါက်ကစောင့်၍ ဖွတ်ကြီးကို မိအောင်ဖမ်းလောဟု ဆိုရာ၌ ဥပစာနည်း ဥပမာမှီး၍ ဆိုသောစကားဖြစ်ပေသည် မုက္ခနည်း ဥပစာနည်းကိုလည်း သိမြင်ကြစေကုန်လော။

စင်စစ်သော်ကား မျက်စိ-နား စသည်တို့ကို လက်နှင့် ပိတ်ဆို့ကာကွယ်ရမည်မဟုတ်ပေကုန်။ ဤသို့ပြုပါက ငါ့သဘောဖြစ်သည်။ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း စိတ်တစ်ခုကနေ၍ စောင့်ရှောက်ရမည်ကို ငါးပေါက်ကို ပိတ်ဟုဆိုလိုသည်။ စိတ်ကို ဖွတ်ကြီးဟု ဆိုလိုသည်။ ခန္ဓာကိုယ်ကြီးကို တောင်ပို့ဟုဆိုလိုပေသည်။

ဝိပဿနာအရာ၌ ဝိမုတ္တိသဘော ပဋိပတ္တိက္ကမ ကျင့်စဉ်နည်း တစ်ခုတည်းသော စိတ်အာရုံ၏ အရာဌာနဖြစ်၍ အဆင်းကိုမြင်မှုသည် စိတ်ပေါ်သို့ကျရောက်သည် အသံကို ကြားမှုသည် စိတ်ပေါ်သို့ ကျရောက်သည် အနံ့ကိုနံမှုသည် စိတ်ပေါ်သို့ ကျရောက်သည်။ အရသာကို စားမှုသည် စိတ်ပေါ်သို့ ကျရောက်သည်။ ထိမှုသည် စိတ်ပေါ်သို့ ကျရောက်သည်။

အာရုံငါးပါးတို့ကို စိတ်တစ်ခုကနေ၍ စောင့်ရှောက်သည်ကို တောင်ပို့၌ ငါးပေါက်ကိုပိတ် တစ်ပေါက်ကနေ၍ ဖွတ်ကြီးကို မိအောင်ဖမ်းလောဟု သာမဏေယ်၏ နည်းပေး လမ်းပြ ပေသည်။ နွားကျောင်းသား တို့သည် နွားပျောက်လျှင် ရေကန်က စောင့်၍ ဖမ်းယူသကဲ့သို့ ပေါ်လာသောအာရုံတို့ကို စိတ်ကဖမ်းကြလေ။

ရေကန်၌ကား နွားကျောင်းသား စောင့်ကြပ်ပမာပါ။ (သံ၃၆)

အချို့သောဆရာတို့က ဤအရာ၌ အာနာပါန ထွက်သက် ဝင်သက်ကို အယူရှိကြသည်။ အာနာပါနကမ္မဋ္ဌာန်းသည် သမထဖြစ်သည်။ ဝိပဿနာမဟုတ်ပေ။ သမထဆိုသည်ကား ပညတ်အာရုံ ငါ့သဘောဖြစ်သည်။ ထွက်သက်ကို မှတ်၍နေရခြင်းသည် ငါ့သဘော၊ ဝင်သက်ကို မှတ်၍နေရခြင်းသည် ငါ့သဘော၊ စိတ်ကိုမလေမလွင့်ရအောင် တားဆီးကန့်ကွက်၍ ထားရခြင်းသည် ငါ့သဘောဖြစ်သည်။ ပညတ်အာရုံ ငါ့သဘောဟူသမျှသည် မဂ်ဖိုလ်နှင့်မဆိုင်ပေ၊ ၎င်းအာရုံမျိုးသည် ဝိပဿနာနှင့် ဆန့်ကျင်ဘက်ဖြစ် ကြောင်းကို ကောင်းကောင်းကြီး မှတ်ယူကြပါကုန်လော့။

ပေါဋ္ဌိလမထေရ်ကြီးကို ငါးပေါက်က ပိတ်ဆို့ရမည် ဆိုသော စကား၌ ခြောက်ဒွါရ ခြောက်အာရုံတို့ကို လုံခြုံကြ၊ ကာကွယ်ကြ၊ စောင့်ရှောက်ကြ၊ တားမြစ်ကြ၊ ပိတ်ဆို့ကြ စသည်ဖြင့် အောက်၌လည်း ပြဆိုခဲ့လေပြီ။ စင်စစ် ပိတ်ဆို့ ထားရမည် ဆိုသည်မဟုတ်ပေ။

စက္ခုန္ဒြိယသံဝရ သံဝုတော ဝိဟရတီတိ ဧတ္ထ
စက္ခုမေဝ ဣန္ဒြိယံ စက္ခုန္ဒြိယံ သံဝရဏတော
သံဝရော ပိဒဟနတော ထက္ကနတောတိ ဝုတ္တံ
သတိယာ ဇေတံ အဓိဝစနံ။ (မူလပဏ္ဏာသ-အင်္ဂုတ္တိုရ်အဋ္ဌကထာ)

စက္ခုန္ဒြိယသံဝရ သံဝုတောဝိဟရတိတိဧတ္ထ၊ စက္ခုန္ဒြိယသံဝရ သံဝုတော ဝိဟရတိဟူသောပါဌ်၌။ စက္ခုမေဝ၊ မျက်စိဖြင့်သာလျှင်။ ဣန္ဒြိယံ၊ အဆင်းဟူသမျှကို အစိုးရသည်တည်း။ စက္ခုန္ဒြိယံ၊ အဆင်းဟူသမျှကို မြင်ခြင်း၌ အစိုးရသည်။ သံဝရဏတော-သံဝရော၊စောင့်ရှောက်ခြင်း။ ပိဒဟနတော-ထက္ကနတော၊ ပိတ်ဆို့ခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ၊ ဤစက္ခုန္ဒြေကို စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းဟူသော အမည်သည်။ သတိယာ၊ သတိ၏။ ဝါ၊ မှတ်ခြင်း၏။ အဓိဝစနံ၊ ဥပစာ အမည်သာတည်း။

အဓိပ္ပာယ်ကား။ ။စက္ခုန္ဒြေကို စောင့်ရှောက်ရမည် ဟူသောပါဌ်တော်၌ မျက်စိဖြင့်သာလျှင် အဆင်းဟူသမျှကို အစိုးရသည်။ စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းကို ဆိုလိုသည်။ စောင့်ရှောက်ခြင်း ပိတ်ဆို့ခြင်းဟူသော အမည်သည် သတိဖြင့်မှတ်ခြင်း၏ ဝေါဟာရစကား သာမညဥပစာဟူ၍ မှတ်ယူကြကုန်လော့။

ထေ တုမှေ ဘိက္ခဝေ ဣန္ဒြိယေသု
ဂုတ္တဒွါရံ ဝိဟာရထ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ထေ၊ လာကြကုန်လော၊ တုမှေ၊ သင်တို့သည်။ ဣန္ဒြိယေသု၊ စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌။ ဂုတ္တဒွါရံ၊ လုံခြုံသော တံခါးရှိလေအောင်။ ဝိဟာရထ၊ စောင့်ရှောက်ကြ ပိတ်ဆို့ကြ ပါကုန်လော။

(၂၃) ခြောက်ဒွါရက ကျသမျှအာရုံကို မိုးပေါက်
ပမာပုံနှင့် ပြဆိုခြင်း ပြီး၏။

❀ ❀

## (၂၄) ဣန္ဒြိယသံဝရ သီလခေါ်ပုံ ဒါရုစိရိယာပရိဗိုဇ်၏ အတ္ထုပ္ပတ္တိနှင့် ကမ္မဋ္ဌာန်း ပေးအပ်သည်ကို ပြဆိုခြင်း။

ဣန္ဒြိယသံဝရသီလ ခေါ်ဆိုရာ၌ ဣန္ဒြိယ ဟူသည်ကား အစိုးရခြင်းကို ဆိုသည်။ သံဝရဟူသည်ကား စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း၊ ပိတ်ဆို့ခြင်း၊ လုံခြုံခြင်း၊ စသည်တို့ကို ဆိုလိုသည်။ သီလ ဟူသည်ကား စင်ကြယ်ခြင်းကို ဆိုသည်။ မြင်ဆဲခဏ ပစ္စုပ္ပန်အတွင်း၌ အဆင်းကို မှတ်ခြင်းကို စက္ခုန္ဒြေဆိုသည်။ ထို့အတူ ကြားဆဲခဏ ပစ္စုပ္ပန်အတွင်း၌ အသံကိုမှတ်ခြင်းကို သောတိန္ဒြေဆိုသည် နံဆဲခဏ ပစ္စုပ္ပန်အတွင်း၌ အနံ့ကိုမှတ်ခြင်းကို ဃာနိန္ဒြေဆိုသည်။ စားဆဲခဏ ပစ္စုပ္ပန်အတွင်း၌ အရသာကို မှတ်ခြင်းကို ဇိဝှိန္ဒြေဆိုသည်။ ထိဆဲခဏပစ္စုပ္ပန်အတွင်း အထိကို မှတ်ခြင်းကို ကာယိန္ဒြေဆိုသည် သိဆဲခဏပစ္စုပ္ပန်အတွင်း၌ သဘောအသိကို မှတ်ခြင်းကို မနိန္ဒြေဆိုသည်။

ထိုမှတ်သောစိတ်၌ ကိလေသာ မပါမဝင်သည်ကို သီလစင်ကြယ်သည်ဟု ဆိုရပေသည်။ အလုံးစုံပေါင်းစပ်သည်ရှိသော် ဣန္ဒြိယသံဝရသီလဟူ၍ မှတ်ကြပါကုန်လော ထိုဣန္ဒြိယ သံဝရသီလ လုံခြုံမှ မဂ်ဖိုလ်ကို ရနိုင်သည်။ သီလဟူသမျှတို့တွင် ဣန္ဒြိယသံဝရသီလသည် အမြတ်ဆုံးဟူ၍ မှတ်ယူကြပါကုန်လော။

ဆဒွါရေ ဃဋ္ဋိတာရမ္မဏေသု အဘိဇ္ဈာဒီနံ
အနုပ္ပတ္တိဝသေန ဣန္ဒြိယ သံဝရံ ဟောတိ။ (ခုဒ္ဒကပါဠိ)

ဆဒ္ဒွါရေ၊ ခြောက်ဒွါရ၌။ ဃဋ္ဋိတာရမ္မဏေသု၊ ထိခိုက်သော အာရုံတို့၌။ အဘိဇ္ဈာဒီနံ၊ လောဘ အစရှိသည်တို့၏။ အနုပ္ပတ္တိဝသေန၊ မဖြစ်သည်၏အစွမ်းဖြင့်။ ဣန္ဒြိယသံဝရံ၊ ဣန္ဒြိယသံဝရသီလသည်။ ဟောတိ၊ ဖြစ်၏။

အစိပ္ပာယ်ကား။ ။စက္ခုဒွါရ၌ ရူပါရုံထိခိုက်မှု၊ သောတဒွါရ၌ သဒ္ဒါရုံထိခိုက်မှု၊ ဃာနဒွါရ၌ ဂန္ဓာရုံထိခိုက်မှု၊ ဇိဝှါဒွါရ၌ ရသာရုံထိခိုက်မှု၊ ကာယဒွါရ၌ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်မှု၊ မနောဒွါရ၌ ဓမ္မာရုံထိခိုက်မှု။ ထိုခြောက်ဒွါရ ခြောက်အာရုံတို့သည် ထိခိုက်လာသောအခါ လောဘကိလေသာ မဝင်ရအောင် ဒေါသကိလေသာ မဝင်ရအောင် မောဟကိလေသာမဝင်ရအောင်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အသိတို့ကို ရှေ့မကျ နောက်မကျရအောင် ပစ္စုပ္ပန် အတွင်း၌ မှတ်ယူသည်ကို ဣန္ဒြိယသံဝရသီလဟူ၍ မှတ်ယူကြကုန်လော့။

သံဝရောတိ စက္ခုသောတာဒိဘေဒေဟိ ရူပသဒ္ဒါဒိ ဂေါစရေ
အဘိဇ္ဈာဒေါမနဿာဒိပဝတ္တိ ဝိနိဝါရယေ နိက္ခမေယျ သကံစိတ္တံ
ကိဋ္ဌာဒိံ ဝိယ ဒုပ္ပသုံ သတိမာ သမ္ပဇာနောစ စရေ သဗ္ဗိရိယာပထေ။

သံဝရောတိ၊ ခြောက်ဒွါရ ခြောက်အာရုံ၌ စောင့်ရှောက်ခြင်း ဟူသည်ကား။ စက္ခုသောတာဒိဘေဒေဟိ၊ စက္ခုသောတစသည့် အပြားတို့ဖြင့်။ ရူပသဒ္ဒါဒိဂေါစရေ၊ ရူပါရုံ သဒ္ဒါရုံအစရှိသော အာရုံသည်။ အဘိဇ္ဈာဒေါမနဿာဒိပဝတ္တိ၊ လောဘဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း အစရှိသည်ကို။ ဝိနိဝါရယေ၊ မြင်-မြင်သည် ကြား-ကြားသည် စသည်ဖြင့် တားမြစ်ရပေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့။ နိဝါရယေ၊ မြင်-မြင်သည်၊ ကြား-ကြားသည် စသည်ဖြင့် တားမြစ်ရပါသနည်း။ ကိဋ္ဌာဒိံ၊ မကောင်းရောက်သွား ကောက်ပင်စပါးကို ဝင်၍စားတတ်သော။ ဒုပ္ပသုံ၊ မကောင်းညစ်ဆိုး နွားမိုက်မျိုးကို။ နိက္ခမေယျဝိယ၊ အလိမ္မာရှိအောင် ဖိ၍နှိပ်ရသကဲ့သို့။ တထာ၊ ထို့အတူ။ ကိဋ္ဌာဒိံ၊ ခြောက်ဒွါရ ခြောက်အာရုံက ဝင်၍ စားတတ်သော။ သကံစိတ္တံ၊ မိမိစိတ်ရူးစိတ်မိုက်ကို။ နိက္ခမေယျ၊ မြင်တိုင်း မြင်တိုင်း၊ ကြားတိုင်း-ကြားတိုင်း စသည်ဖြင့် နှိပ်အပ်၏။ သဗ္ဗိရိယာပထေ၊ ဘယ်ကလှမ်း-လှမ်းတယ်၊ ညာကလှမ်း-လှမ်းတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊ အိပ်-အိပ်တယ် ဟု ဆိုအပ်သော အလုံးစုံသော ဣရိယာပုထ်တို့၌။ သတိမာ၊ ထင်သော မှတ်သော သတိရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိမြင်သည်ဖြစ်၍။ စရေ၊ သဘိပဋ္ဌာန်၌ လာသောအတိုင်း ကျင့်ရ မှတ်ရပေ၏။

**အဓိပ္ပာယ်ကား။** ။ခြောက်ဒွါရ ခြောက်အာရုံက စောင့်ရှောက်ရမည်မှာ စက္ခုက ရူပါရုံ၊ သောတက သဒ္ဒါရုံ၊ ဃာနက ဂန္ဓာရုံ၊ ဇိဝှါက ရသာရုံ၊ ကာယက ဖောဋ္ဌဗ္ဗာရုံ၊ မနောက ဓမ္မာရုံ၊ သူ့ဒွါရနှင့် သူ့အာရုံတို့က လောဘကိလေသာ၊ ဒေါသကိလေသာ၊မောဟကိလေသာ မဝင်ရအောင် မြင်-မြင်သည်။ ကြား-ကြားသည်၊ နံ-နံသည်၊ စား-စားသည်၊ ထိ-ထိသည်၊ သိ-သိသည် ဟု တားမြစ်လိုက်ရမည်၊ မှတ်လိုက်ရမည်။

အဘယ်ကဲ့သို့ တားမြစ်လိုက်ရ-မှတ်လိုက်ရပါအံ့နည်း။ မကောင်းရောက်သွား ကောက်ပင်စပါးကို ဝင်၍စားတတ်သော နွားမိုက် နွားဆိုးကို လိမ္မာအောင်နှိပ်ကွပ်ရသကဲ့သို့ ထို့အတူ ခြောက်ဒွါရ ခြောက်အာရုံက ဝင်၍စားတတ်သော မိမိစိတ်ရှူးစိတ်မိုက်ကို မြင်၊မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ် ဟု မှတ်လိုက်ရမည်။

သဗ္ဗိရိယာပထေ-ဟူသောပါဠိအရမှာ—ဘယ်ကလှမ်း လှမ်းတယ်၊ ညာက လှမ်း-လှမ်းတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊ အိပ်-အိပ်တယ် ဟု အလုံးစုံသော ဣရိယာပုထ်တို့၌ ထင်သော မှတ်သော သတိရှိသည်ဖြစ်၍ ကောင်းစွာအပြားအားဖြင့် သိမြင်သည်ဖြစ်၍ သတိပဋ္ဌာန် ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူသော အတိုင်း ကျင့်ကြ မှတ်ကြကုန်လော။

ၚင်းဣရိယာပုထ် လေးပါးကို ကျေးဇူးရှင် မင်းကွန်း ဆရာတော်ဘုရားကြီး ဆုံးမတော်မူသည်မှာ၊ သွားချင်တယ် သွားတယ် သွားမှန်း သိတယ်၊ ရပ်ချင်တယ် ရပ်တယ် ရပ်မှန်းသိတယ်၊ ထိုင်ချင်တယ် ထိုင်တယ် ထိုင်မှန်းသိတယ်၊ အိပ်ချင်တယ် အိပ်တယ်၊ အိပ်မှန်းသိတယ် ဤသို့စသည်ဖြင့် ကိုယ်အမူအရာ ဖြစ်ပေါ်တိုင်း စိတ်ရင်းကို သိလေ မိလေအောင် ၚင်းအတိုင်း မှတ်ကြရမည်ဟု ဆုံးမတော် မူပေသည်။

သွားချင်တယ်ဆိုသောစကားသည် မသွားခင်ကဖြစ်ပေါ်သောစိတ်ရင်းဖြစ်ပေသည် သွားတယ် သွားမှန်းသိတယ် ဆိုသောစကားနှစ်ချက်သည် သွားသည်နှင့် သိသည်နှင့် တစ်ပြိုင်နက် မရှေးမနှောင်းဖြစ်၍ သွားတယ် သွားမှန်းသိတယ်ဆိုသော စကားကို နှစ်ခွခွဲ၍မယူအပ် မမှတ်အပ်ပေ။

ဒွါရစိရိယပရိဗိုဇ်၏ အဋ္ဌုပ္ပတ္တိမှာ— ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ လူအများတို့သည် သင်္ဘောနှင့်ကူးသန်းရောင်းဝယ်ကြရာ ပင်လယ်၌သင်္ဘောပျက်၍ သေဆုံးကြရာ တစ်ယောက်သောသူသည် ကျွတ်ထိုက်သော ပုဂ္ဂိုလ်

ဖြစ်၍ မသေဘဲ သုပ္ပဒါက သဘော်ဆိပ်သို့ ရောက်လာသဖြင့် အဝတ်မပါ အချည်းနှီးဆိုက်လာ၍ လျှော်တို့ကိုကျစ်၍ သစ်သားဖြင့် ချည်နှောင်ပြီးလျှင် ဝတ်ဆင်၍ ခွက်လက်စွဲ၍ တောင်းခံစားသောက်ရလေ၏။

ကျွတ်ထိုက်သောသူမှန်ပါလျှင် အရဟတ္တမဂ်-အရဟတ္တဖိုလ်ကို မရလျှင် တစ်စုံတစ်ခုသော အန္တရာယ်မျိုးနှင့် မသေကောင်းပေ။ သံကိစ္စ သာမဏေ၊ သောပါကသာမဏေ၊ ဗာကုလမထေရ်၊ အရှင်ဒဗ္ဗစသော ပုဂ္ဂိုလ်တို့ကို ထောက်၍ သိမြင်ကြစေကုန်၊ ထိုပျဉ်ချပ်ဝတ် ခွက်လက်စွဲ၍ တောင်းခံစားသော သူကို လူတို့မြင်ကြသဖြင့် ထိုအရှင်သည် ရဟန္တာဟု ထင်မှတ်ကြ၍ ကိုးကွယ်ဆည်းကပ်ကြလေကုန်၏။

ထိုသူသည် ကောင်းသော အဝတ်ပုဆိုးတို့ကို ဝတ်ဆင်သော အခါက လူတို့သည် ကိုးကွယ်ဆည်းကပ် လှူဒါန်းခြင်းကို မပြုကြကုန်၊ ပျဉ်ချပ်ဝတ်ကိုသာ သာလွန်၍ ကောင်းပါတကားဟု အောက်မေ့၍ ဝတ်မြဲတိုင်း ဝတ်ရုံလေ၏။ သစ်သားပျဉ်ချပ်ကို ဝတ်ရုံခြင်းကြောင့် ဒါရုစီရိယဟု ခေါ်ဝေါ်ကြလေသည်။

ကဿပဘုရားရှင် လက်ထက်တော် အခါက ရဟန်း ခုနစ်ဦး တို့သည် တစ်ခုသောတောင်ထိပ်၌ ခုနစ်ရက်အတွင်း တရားရအောင် အားထုတ်မည်ဟု ကတိကဝတ် စကားထား၍ အားထုတ်ကြရာ တစ်ပါးကား နှစ်ရက်မြောက်၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံယူတော်မူ၏ တစ်ပါးကား သုံးရက်မြောက်၌ အနာဂါမ်ဖြစ်၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်၏ ကြွင်းငါးဦးသားတို့သည် မဂ်ဖိုလ်ကိုမရ၍ ခုနစ်ရက်အတွင်း၌ပင် စုတေ၍ နတ်ပြည်၌ ဖြစ်ကြလေ၏။

တစ်ဖန် စုတေပြန်သော် ငါတို့ဘုရား လက်ထက်တော်၌ တစ်ယောက်ကား ပက္ကုသာတိက မင်းတည်း၊ တစ်ယောက်ကား ကုမာရ ကဿပတည်း။ တစ်ယောက်ကား မလ္လာမင်း၏သား အရှင်ဒဗ္ဗတည်း၊ တစ်ယောက်ကား သဘိယပရိဗိုဇ်တည်း တစ်ယောက်ကား ဒါရုစီရိယပရိဗိုဇ်တည်း၊ ထိုသုဒ္ဓါဝါသဘုံ၌ဖြစ်သော အနာဂါမ်ဗြဟ္မာကြီးသည် ရှေးအခါက အဆွေတော်ခဲ့ဘူးသော ဒါရုစီရိယထံသို့ ဆင်းသက်၍လာပြီးလျှင် ဆိုမသည်မှာ—

သင်သည် သာသနာတော်မှ အပဖြစ်သော ဒိဋ္ဌိတို့၏အကျင့်ကိုကျင့်သဖြင့် သင်၌မဂ်ဖိုလ်ဟူသောအကျင့်တရားသည် အဘယ်မှာရှိပါသနည်း။ အနည်းနည်း ဆုံးမ၍ ဤအရပ်က ယူဇနာ နှစ်ရာကွာဝေးသော မြောက်အရပ်၌ သာဝတ္ထိ ပြည်သည်ရှိ၏ ထိုပြည်၌ ဘုံသုံးပါး၌ အတုမရှိသော ဘုရားရှင်သည် ရှိ၏။

ထိုဘုရားရှင်ထံတော်၌ တရားကို အမြန်သွား၍ ယူလေလောဟု ဆုံးမပြီးလျှင် မိမိနေရာသို့ ပြန်လေ၏။

ထိုအခါ ဒါရုစိရိယသည် မြတ်ဗုဒ္ဓ၏ ဆုံးမသော တရားတော်ကို ကြားရသဖြင့် ကြီးစွာသော ထိတ်လန့်ခြင်းရှိရကား။ ယူဇနာနှစ်ရာ ကွာဝေးသော သာဝတ္ထိပြည်ကြီးကို တစ်ညဉ့်တည်း၌ပင်လျှင် ကျောင်းတော်သို့ရောက်သဖြင့် ဘုရားရှင်ကို မေးမြန်းရာ ဆွမ်းခံ ကြွတော်မူကြောင်းကို သိသဖြင့် အစဉ်တစိုက် ဆွမ်းခံရာသို့ လိုက်ပြန်လေလျှင် မြို့တွင်း လမ်းခရီး၌ တွေ့မြင်၍ အကြိမ်ကြိမ် တရားပေးသနားတော် မူပါလောဟု လျှောက်ထား လေလျှင် ဘုရားရှင်က–

တသ္မာတိဟ တေဗာဟိယ ဧဝံသိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
ဘဝိဿတိ သုတေ သုတမတ္တံ ဘဝိဿတိ မုတေ မုတမတ္တံ
ဘဝိဿတိ ဝိညာတေ ဝိညာတမတ္တံဘဝိဿတိ ဧဝဉှိတေ
ဗာဟိယသိက္ခိတဗ္ဗံ။ (ဉဒါန်းပါဠိတော်)

တသ္မာ၊ ထို့ကြောင့်။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ တေတယာ၊ သင်သည်။ ဧဝံဣမိနာမတ္တေန၊ဤမျှဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။တေ၊သင်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြား၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ မုတေ၊ နံတွေ့-စားတွေ့-ထိတွေ့ရာ၌။ မုတမတ္တံ၊ နံတွေ့-စားတွေ့-ထိတွေ့၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိ၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ ဣတိဧဝံဣမိနာမတ္တေန၊ ဤမျှဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်ရာ၏။

အဓိပ္ပာယ်ကား။ ။ထိုသို့ ကမ္မဋ္ဌာန်းတောင်းလာသော ဗာဟိယသည်။ ဤမျှဖြင့် ကျင့်ရမှတ်ရမည်။ ချစ်သား ဗာဟိယ သင်အား မြင်မြင်သမျှ၌။ မြင်၏ဟု အမှတ်တစ်ခုပြုရုံမျှသည် ဖြစ်ရာ၏၊ ကြားကြားသမျှ၌ ကြား၏ဟု အမှတ်တစ်ခု ပြုရုံမျှသည် ဖြစ်ရာ၏၊ နံနံသမျှ၌ နံ၏ဟု အမှတ်တစ်ခု ပြုရုံမျှသည် ဖြစ်ရာ၏၊ စားစားသမျှ၌ စား၏ဟု အမှတ်တစ်ခုပြုရုံမျှသည်ဖြစ်ရာ၏၊ ထိထိသမျှ၌ ထိ၏ဟုအမှတ် တစ်ခုပြုရုံမျှသည် ဖြစ်ရာ၏၊ သိသိသမျှ၌ သိ၏ဟု အမှတ်တစ်ခု

ပြုရုံမျှသည် ဖြစ်ရာ၏၊ ဤသို့ ဟောတော်မူသောအတိုင်း ကျင့်လေ မှတ်လေ လောဟုကမ္မဋ္ဌာန်း ပေးအပ်တော် မူလေ၏။

ထိုအခါ မြတ်စွာဘုရားသခင်၏ အကျဉ်းဖြစ်သော ဓမ္မဒေသနာဖြင့် ပျဉ်ချပ်သက်န်းဝတ်သော ဒါရုစိရိယ၏စိတ်သည် တရားတော်၏အဆုံး၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းမရှိသည်ဖြစ်၍ အာသဝေါတရားတို့မှ ကင်းလွတ်၍ အကျွတ်တရား ရလေ၏။

အထခေါ ဗာဟိယဿ ဒါရုစိရိယဿ ဘဂဝတော
ဣမာယ သံခိတ္တာယ ဓမ္မဒေသနာယ တာဝဒေဝ
အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ (ဥဒါန်းပါဠိတော်)

အထခေါ၊ ထိုအခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သံခိတ္တာယ၊ အကျဉ်းဖြစ်သော။ ဣမာယဓမ္မဒေသနာယ၊ ဤတရား ဒေသနာ တော်ဖြင့်။ ဒါရုစိရိယဿ၊ ပျဉ်ချပ်သက်န်းကို ဝတ်သော။ ဗာဟိယဿ၊ ဗာဟိယ၏။ စိတ္တံ၊ စိတ်သည်။ တာဝဒေဝ၊ ထိုတရား၏ အဆုံး၌သာလျှင်။ အနုပါဒါယ၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်း မရှိသည်ဖြစ်၍။ အာသဝေဟိ၊ အာသဝေါတရား တို့မှ။ ဝိမုစ္စိ၊ လွတ်လေကျွတ်လေ၏။

တရားရကြရာ၌ ဒါရုစိရိယသည် လျှင်မြန်သော ရခြင်းရှိ၍ တေဒဂ်ရ ပုဂ္ဂိုလ်ဖြစ်လေသည်။ အကြောင်းမှာ ကဿပဘုရား လက်ထက်က၊ ခုနစ်ရက် ခန့်သာ ဝိပဿနာတရားကို အားထုတ်ခဲ့ဘူးသော ကောင်းမှုကြောင့်၊ ငါတို့ ဘုရား လက်ထက်၌ တရားတော်ကို ကြားကာခဏ မဂ်ဖိုလ်ကိုရပေသည်။ ယခု အခါ ဒါရုစိရိယဟန္တာကဲ့သို့ အားထုတ်ကြပါက၊ မဂ်ဖိုလ်ကိုရနိုင်ပေသည်။ မရ သေးပါလျှင် နောက်ဘဝ၌ တရားတော်ကို ကြားကာမျှနှင့်ပင် မဂ်ဖိုလ်ကို ရနိုင်ရောက်နိုင်သည်ဟု ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှပေကုန်သည်။

ယခုအခါ ရဟန်းတော် အရှင်မြတ်တို့မှာ တရားတော် အားထုတ်ရန် လွန်စွာအရေးကြီးလှပေကုန်သည်။ အဘယ့်ကြောင့်ဆိုသော် လူတို့က လေးပါး သောပစ္စည်းတို့ဖြင့် လှူဒါန်းခြင်းကြောင့် ရဟန်းတို့က လူတို့အား ကျေးဇူး ဆပ်ကြလောဟု မိန့်တော်မူသည်မှာ—

ဗဟုပကာရာ ဘိက္ခဝေ ဗြာဟ္မဏ ဂဟပတိကာ တုမှာကံ
ယေတေ ပစ္စုပဋ္ဌိတာ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယ
ဘေသဇ္ဇပရိက္ခာရေဟိ။ (ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ယေတေ ဗြဟ္မဏဂဟပတိကာ။ အကြင်ပုဏ္ဏားသူကြွယ်တို့သည်။ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရေဟိ၊ သင်္ကန်း-ဆွမ်း-ကျောင်း-ဆေး ပစ္စည်းတို့ဖြင့်။ ပစ္စုပဋ္ဌိတာ၊ လုပ်ကျွေးပူဇော် ကြကုန်သည်ဖြစ်၍။ တုမှာကံ၊ သင်ချစ်သားတို့အား။ ဗဟုပကာရာ၊ များစွာ ကျေးဇူး ရှိကြပေကုန်၏။

တုမှေပိ ဘိက္ခဝေ ဗဟုပကာရာ ဗြဟ္မဏ ဂဟပတိကာနံ
ယံနေသံ ဓမ္မံ ဒေသေထ အာဒိကလျာဏံ-မဇ္ဈေကလျာဏံ
ပရိယောသာန ကလျာဏံ သတ္ထံ သဗျဉ္ဇနံ ကေဝလ ပရိပုဏ္ဏံ
ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ။ (ဇုတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ တုမှေပိ၊ သင်တို့သည်လည်း။ အာဒိကလျာဏံ၊ အစ၏ကောင်းခြင်း အဓိသီလသိက္ခာနှင့်ပြည့်စုံသော။ မဇ္ဈေကလျာဏံ၊ အလယ်၏ကောင်းခြင်း အဓိစိတ္တသိက္ခာနှင့်ပြည့်စုံသော။ ပရိယောသာနကလျာဏံ၊ အဆုံး၏ကောင်းခြင်း အဓိပညာသိက္ခာနှင့် ပြည့်စုံသော။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို။ နေသံ၊ ထိုပေးလှူသောသူတို့အား။ ယံယသ္မာ၊ အကြင်ကြောင့်။ ဒေသေထ၊ ဟောကြပြောကြကုန်လော။ သတ္ထံ၊ အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသော။ သဗျဉ္ဇနံ၊ ပုဒ်ပါဠိအက္ခရာသဒ္ဒါနှင့်ပြည့်စုံသော။ ပရိသုဒ္ဓံ၊ သန့်ရှင်းစင်ကြယ်စွာသော။ ဗြဟ္မစရိယံ၊ မြတ်သောတရားကို။ နေသံ၊ ထိုပေးလှူသူတို့အား၊ ယံယသ္မာ၊အကြင်ကြောင့်။ ပကာသေထ၊ ပြောပြကုန်ရာ၏။ တသ္မာ။ ထို့ကြောင့်။ တုမှေပိ၊ သင်ချစ်သားတို့သည်လည်း။ ဗြဟ္မဏဂဟပတိကာနံ၊ ပုဏ္ဏားသူကြွယ်တို့အား။ ဗဟုပကာရာ၊ များသောကျေးဇူးရှိကြပေကုန်၏။

ဝေမိဒံ ဘိက္ခဝေ အညမညံ နိဿာယ ဗြဟ္မစရိယံ
ဝုသတိ ဩဃဿ နိတ္ထရဏတ္ထာယ သမ္မာဒုက္ခဿ
အန္တကိရိယာယာတိ။ (ဇုတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဝေံ၊ ဤသို့။ ဥဘော၊ ရဟန်းနှင့်ဒကာ နှစ်ဦးသားတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿာယ၊ အမှီပြုကြ၍။ ဩဃဿ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ ဟူသော ဩဃကြီးကို။ နိတ္ထရဏတ္ထာယ၊ ကူးမြောက်ခြင်းအကျိုးငှာ၊ ဒုက္ခဿ၊ သံသရာဝဋ်ဆင်းရဲကြီး၏။ သမ္မာ၊ ကောင်းစွာ။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ ဣဒံဗြဟ္မစရိယံ၊ ဤမြတ်

**သောအကျင့်ကို**။ ဝုသတိ၊ သုံးအပ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

၎င်းပါဠိတော်အရ တောင်တွင်းကြီးမြို့၌ ကျောင်းဒါယကာ တစ်ဦးက မိမိကိုးကွယ်သော ဆရာတော်ကို တပည့်တော်တို့ ကျေးဇူးကို အရှင်ဘုရားတို့က ငါးပါးသီလ, ရှစ်ပါးသီလတို့နှင့် ဆပ်ပေးကြရာ ကျေနိုင်ပါမည်လောဟု လျှောက်ထားလျှင် ဆရာတော်ဘုရားကြီးက မကျေနိုင်ပါဟုဆိုလျှင် ဘယ်လိုမှ ကျေမည်နည်းဟု လျှောက်ထားပြန်လျှင် မဂ်ရောက်, ဖိုလ်ရောက်တရားနှင့်ဆပ်မှ ကျေမည်ဟု မိန့်တော်မူသတည်း။

**(၂၄) ဣန္ဒြိယသံဝရသီလခေါ်ပုံ၊ ဒါရုစိရိယပရိဗိုဇ်၏ အတ္တုပ္ပတ္တိနှင့် ကမ္မဋ္ဌာန်းပေးအပ်သည်ကို ပြဆိုခြင်းပြီး၏။**

**(၂၅) သတိပဋ္ဌာန်လေးပါးကို တိက္ခမန္ဒတို့မြင်ရာ ခြောက်ဝသောဌာနနှင့် အဋ္ဌကထာအလာကို ပြဆိုခြင်း**

**သတိပဋ္ဌာန်လေးပါးဟူသည်ကား**။ "ဣဓဘိက္ခဝေ ကာယေ ကာယာနုပဿီဝိဟရတိ စသည်ဖြင့် ပါဠိတော်၌ ဟောတော်မူခြင်းကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်ဟူ၍ လေးပါးဟောတော်မူရာ၌ သတိတစ်ခုသာလိုရင်း အချက် ဖြစ်ပေသည်။

ကာယာနုပဿနာသတိပဋ္ဌာန်သည် သတိဆိုးသည်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်သည်၊ သတိဆိုးသည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် သတိဆိုးသည်။ ထိုလေးပါးသော သတိပဋ္ဌာန်တို့သည် သတိတစ်ခုသာ အဆုံးရှိခြင်းကြောင့် ပဋိပတ္တိက္ကမ ကျင့်စဉ်အားဖြင့် သတိတစ်ခုကိုသာလျှင် မှတ်ယူသင့်လှပေကုန်သည်။ ဒေသနာနည်းအားဖြင့်ကား လေးပါးထားရပေသတည်း။ အောက်၌လည်း ပြဆိုခဲ့လေပြီ။

ပရိယတ် ဒေသနာနည်းနှင့် ပဋိပတ်ကျင့်စဉ်နည်းသည် ခရီး လွန်စွာဝေးကွာလေတော့သည်။ ခန္ဓာဒိနယံမာရဗ္ဘကလာပဝသေနသခ်ေပိတွာ၊ အနိစ္စခယ ဋ္ဌေန-စသော ပါဠိ၌ ခန္ဓာငါးပါးကိုဖွဲ့ တစ်ပါး တစ်ပါး၌ အနိစ္စ,ဒုက္ခ,အနတ္တ

တို့နှင့် သုံးသပ်လျှင် သမ္မာသနုဉာဏ်ဟု ဒေသနာနည်းစာကဆိုသည်။ ကျင့်စဉ်မှာ ကွေး-ကွေး သည်ဟု အမှတ်တစ်ခုပြုလျှင် မှတ်သောစိတ်တစ်ချက်၌ ခန္ဓာငါးပါး, လက္ခဏာရေးသုံးပါးစသော သဟဇာတေကဋ္ဌအားဖြင့် များစွာပါရှိကြကုန်၏။

တသ္မာ ပန ကာယဝေဒနာ စိတ္တဓမ္မေသု ယံကိဉ္စိဓမ္မံ
အနမသိကတွာ ဘာဝနာနာမ နတ္ထိ။

ပန၊ မှချအမှန်ကိုပြဆိုဦးအံ့။ ကာယဝေဒနာ စိတ္တဓမ္မေသု၊ ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့တွင်။ ကိဉ္စိဓမ္မံ၊ တစ်စုံတစ်ခုသော သတိပဋ္ဌာန်ကို။ အနမသိကတွာ၊ မသုံးသပ်သည်ရှိသော်။ ဘာဝနာနာမ၊ ဝိပဿနာဘာဝနာမည်သည်။ ယသ္မာ၊ အကြင့်ကြောင့်၊ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ကိဉ္စိဓမ္မံ၊ တစ်စုံတစ်ခုသော သတိပဋ္ဌာန်တရားကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

**အဓိပ္ပာယ်ကား။** ။သတိပဋ္ဌာန်လေးပါးတို့တွင် တစ်စုံတစ်ခုသော သတိပဋ္ဌာန်တရားကို မသုံးသပ်မမှတ်သည်ရှိသော်။ ဝိပဿနာ ဘာဝနာမည်သည်မဖြစ်နိုင်ပေ။ ထို့ကြောင့် တစ်စုံတစ်ခုသောသတိပဋ္ဌာန်တရားကို နှလုံးသွင်းလိုက်ကြ၊ မှတ်လိုက်ကြကုန်လော့။ အတိက္ကမစသော ခြောက်ဌာနကိုပြဆိုရာ၌—

အတိက္ကမေ ပဝတ္တံ ရူပံပဋိက္ကမံ အပတွာ တတ္ထေဝ နိရုဇ္ဈတိ။
တသ္မာ အနိစ္စံ ဒုက္ခံ အနတ္တာ။ (ဝိသုဒ္ဓိမဂ်)

အတိက္ကမေ၊ ရှေ့သို့တက်သောအခါ၌။ ပဝတ္တံ၊ ဖြစ်သော၊ ရူပံ၊ ရုပ်သည်။ ပဋိက္ကမံ၊ နောက်သို့ဆုတ်သောအခါသို့။ အပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ထိုရှေ့သို့တက်သောအခါ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ တသ္မာ၊ ထို့ကြောင့်။ တံရူပံ၊ ထိုရှေ့တို့တက်သောရုပ်သည်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။

**အဓိပ္ပာယ်ကား။** ။ဘယ်ကလှမ်း၍ တက်သော ရုပ်သည် ညာကလှမ်း၍ တက်သည့်သို့မပါ။ ထိုဘယ်ကလှမ်းသော ခဏ၌ပင်လျှင် ချုပ်ပျောက်လေ၏။ ထိုသို့ ချုပ်ပျောက်သောကြောင့် ဘယ်ကလှမ်းသော စိတ်ရုပ်သည် အမြဲမရှိခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဟု ဆိုသည်။

ပဋိက္ကမေ ပဝတ္တံ ရူပံ အတိက္ကမံ အပတွာ တတ္ထေဝ နိရုဇ္ဈတိ။
တသ္မာ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ ၎င်းပါဌ်။

ပဋိက္ကမေ၊ နောက်သို့ဆုတ်သောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊နောက်သို့ဆုတ်သောရုပ်သည်။ အဘိက္ကမံ၊ ရှေ့သို့တက်သောအခါသို့။ အပတွာ၊မရောက်မူ၍၊ တတ္ထေဝ၊ ထိုနောက်သို့ ဆုတ်စဉ်အခါ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုနောက်သို့ဆုတ်သောရုပ်သည်လည်း၊ အနိစ္စံ၊အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။ အဓိပ္ပါယ်ကား ပဌမပုဒ်နှင့်နည်းတူ သိမြင်ကြစေကုန်လော။

အာလောကနေ ပဝတ္တံ ရူပံ ဝိလောကနံ အပတွာ တတ္ထေဝ
နိရုဇ္ဈတိ တသ္မာ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ ၎င်းပါဠ်။

အာလောကနေ၊ တူရူတည့်တည့်ကြည့်သောအခါ၌၊ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ဝိလောကနံ၊ စောင်းငဲ့၍ကြည့်သောအခါသို့။ အပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထို တူရူတည့်တည့် ကြည့်စဉ်အခါ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ တသ္မာ၊ ထို့ကြောင့်။တမ္ပိ၊ ထိုတူရူတည့်တည့်ကြည့်သောရုပ်သည်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။

ဝိလောကနေ ပဝတ္တံ ရူပံ အာလောကနံ အပတွာ တတ္ထေဝ
နိရုဇ္ဈတိ တသ္မာ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ ၎င်းပါဠ်။

ဝိလောကနေ၊ စောင်းငဲ့၍ကြည့်သောအခါ၌။ ပဝတ္တံ၊ ဖြစ်သော၊ ရူပံ၊ ရုပ်သည်။ အာလောကနံ၊ တူရူတည့်တည့်ကြည့်သောအခါသို့။ အပတွာ၊မရောက်မူ၍၊ တတ္ထေဝ၊ ထိုစောင်းငဲ့၍ ကြည့်စဉ်အခါ၌ပင်လျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုစောင်းငဲ့၍ ကြည့်သောရုပ်သည်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။

သမိဉ္ဇိတေ ပဝတ္တံ ရူပံ ပသာရဏံ အပတွာ တတ္ထေဝ
နိရုဇ္ဈတိ တသ္မာ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ ၎င်းပါဠ်။

သမိဉ္ဇိတေ၊ ခြေလက်ဖြင့် ကွေးသောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ပသာရဏံ၊ ဆန့်သောအခါသို့၊ အပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထို ကွေးစဉ်အခါ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏။ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုကွေးသောရုပ်သည်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။

ပသာရဏေ ပဝတ္တံ ရူပံ သမိဉ္ဇနံ အပတွာ တတ္ထေဝ နိရုဇ္ဈတိ
တသ္မာ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တာ။ (ဝိသုဒ္ဓိမဂ်)

ပသာဒရူပေ၊ ခြေလက်ဖြင့်ဆန့်သောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ သမိဉ္ဇနံ၊ ခြေလက်ကွေးသောအခါသို့။ အပတွာ၊ မရောက်မူ၍။ တတ္ထေဝ၊ ထိုဆန့်စဉ် အခါ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်လေ၏၊ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုဆန့်သောရုပ်သည်လည်း။ အနိစ္စံ၊ အနိစ္စမည်၏။ ဒုက္ခံ၊ ဒုက္ခမည်၏။ အနတ္တာ၊ အနတ္တမည်၏။

ပြဆိုခဲ့သော အဘိက္ကမ-အစ၊ ပသာရဏအဆုံး ခြောက်ပါးရှိ၏။ ထိုခြောက်ပါးတို့တွင် အဘိက္ကမတစ်ပါး၌ ခြေဖဝါးတလှမ်းတွင် ဥဒ္ဓါရဏ၊ ဖဝါးကိုကြွခြင်း။ ၁။ အတိဟရဏ-ဖဝါးကိုရှေ့သို့ဆောင်ခြင်း၊ ၂။ ဝီတိဟရဏ-ဖဝါးလှုပ်ခြင်း-ရှောင်ခြင်း၊ ၃။ ဝေါသဇ္ဇန-ဖဝါးကို အောက်သို့ညွတ်အံ့ဟု ချခြင်း၊ ၄။ သန္နိက္ခေပန-ဖဝါးကို ချခြင်း၊ ၅။ သန္နိရုဇ္ဈန-တစ်ဖန် မြေ၌ နင်းခြင်း၊ ၆။ ၎င်း ၆-ပါးကို—

ခြေတစ်လှမ်းကြွ မြေသို့ချ ခြောက်ဝဌာနလာ။ (သံ၁၆)

ပဋိက္ကမစသော အကြွင်းငါးပါးတို့၌လည်း တစ်ပါးတစ်ပါး၌ ခြောက်ဌာနရှိကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော။ ဤကား—ဝိသုဒ္ဓိမဂ်ကျမ်း၌လာသော စကားတည်း။

ခြေတစ်လှမ်း၌ ခြောက်ဌာနပြသည်မှာ တိက္ခပုဂ္ဂိုလ်တို့၏ ထင်မြင်ချက်ပေတည်း။ မန္ဒပုဂ္ဂိုလ်များမှာ မိမိထင်မြင်သမျှ၌ပင်လျှင် မဂ်ဖိုလ်ကို ရနိုင်ပေသည်။

ယာ ဥဒ္ဓါရဏေ ပဝတ္တာ ဓာတုယောယာနိစ တဒုပ္ပါဒါယ
ရူပါနိသဗ္ဗေ တေဓမ္မာ အတိဟရဏံအပတွာ ဧတ္ထေဝ
နိရုဇ္ဈန္တိ တသ္မာတေ အနိစ္စာ ဒုက္ခာ အနတ္တာ။ (ဝိသုဒ္ဓိမဂ်)

ဥဒ္ဓါရဏေ၊ ဖဝါးကို ကြွသောအခါ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ယာဓာတုယောစ၊ အကြင် ဓာတ်လေးပါးတို့သည် လည်းကောင်း။ တဒုပ္ပါဒါယ၊ ထိုဓာတ်တို့ကို စွဲ၍ဖြစ်ကုန်သော။ ယာနိရူပါနိစ၊ အကြင် ရုပ်တို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ အတိဟရဏံ၊ ဖဝါးရှေ့သို့ ဆောင်သည် ရှောင်သည်တိုင်အောင်။ အပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤဖဝါးကြွသောအခါ၌သာလျှင်။

နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုဖဝါးကြွသောရုပ်တို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

အဓိပ္ပာယ်ကား။ ။ဖဝါးကြွသောအခါ၌ ဖြစ်ပေါ်၍ပါလာကုန်သော ဓာတ်လေးပါးတို့သည်လည်းကောင်း၊ ထိုဖဝါးကြွ၍ ပါလာကုန်သော ဓာတ်လေးပါးတို့ကို စွဲ၍ ဖြစ်ကုန်သော ဖဝါးကြွသော ရုပ်တို့သည်လည်းကောင်း ရှိကုန်၏။ အလုံးစုံသော ဖဝါးကြွသောရုပ်တို့သည် ဖဝါးရှေ့သို့ ဆောင်သည်တိုင်အောင် မရောက်မူ၍ ဖဝါးကြွသောအခါ၌သာလျှင် ချုပ်လေ ပျောက်လေကုန်၏။ ထို့ကြောင့် ကြွသောရုပ်သည် မမြဲခြင်း, ဆင်းရဲခြင်း, အစိုးမရခြင်း ဖြစ်ကုန်၏။ ဖဝါးကြွသောအခါ စိတ်သည် အမြဲပါခြင်းကြောင့် အထူးမပြ မဆိုပေကုန်။

ယာ အတိဟရဏေပဝတ္တာဓာတုယော ယာနိစ-
တဒုပ္ပါဒါယရူပါနိ သဗ္ဗေ တေ ဓမ္မာဝိတိဟရဏံ
အပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ။ တသ္မာ တေပိ
အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ငှင်းပါဌ်။

အတိဟရဏေ၊ ဖဝါးကို ရှေ့သို့ဆောင်သောအခါ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ယာဓာတုယော၊ အကြင်ဓာတ်လေးပါးတို့သည်လည်းကောင်း။ တဒုပ္ပါဒါယ၊ ထိုဓာတ်လေးပါးတို့ကိုစွဲ၍ ဖြစ်ပေါ်ကုန်သော။ ယာနိရူပါနိစ၊ အကြင်ရုပ်တို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဝိတိဟရဏံ၊ ဖဝါးလှုပ်သည် ရှောင်သည်တိုင်အောင်။ အပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤဖဝါးရှေ့သို့ လှုပ်သောရှောင်သောအခါ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုဖဝါးကြွသော ရုပ်တို့သည်လည်း။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

ယာ ဝိတိဟရဏေ ပဝတ္တာ ဓာတုယောယာနိစ
တဒုပ္ပါဒါယရူပါနိ သဗ္ဗေ တေ ဓမ္မာ ဝေါသဇ္ဇနံ
အပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ တသ္မာတေ
အနိစ္စာ ဒုက္ခာ အနတ္တာ။ ။ငှင်းပါဌ်။

ဝိတိဟရဏေ၊ ဖဝါးကို လှုပ်သောရှောင်သောအခါ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ယာဓာတုယောစ၊ အကြင်ဓာတ်လေးပါးတို့သည်လည်းကောင်း။

တဒုပ္ပါဒါယ၊ ထိုခါတ်လေးပါးတို့ကို စွဲ၍ဖြစ်ကုန်သော။ ယာနိရူပါနိစ၊ အကြင်ရုပ်တို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ ဝေါသဇ္ဇနံ၊ ဖဝါးညွတ်သည့်တိုင်အောင်။ အပတ္တာ၊ မရောက်မူ၍။ ဝေဌ္ဌာဝ၊ ဤဖဝါးလှုပ်သော ရှောင်သောအခါ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုဖဝါးလှုပ်သော ရှောင်သောရုပ်တို့သည်လည်း။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

ယာဝေါ သဇ္ဇနေ ပဝတ္တာ ဓာတုယော ယာနိစ
တဒုပ္ပါဒါယ ရူပါနိ သဗ္ဗေ တေဓမ္မာ-သန္နိက္ခေပနံ-
အပတ္တာ ဝေဌ္ဌာဝ နိရုဇ္ဈန္တိ။ တသ္မာတေပိ အနိစ္စာ-
ဒုက္ခာ-အနတ္တာ။ ။ငင်းပါဠိ။

ဝေါသဇ္ဇနေ၊ ဖဝါးကိုချအံ့ဟု ညွတ်သောအခါ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ယာဓာတုယောစ၊ အကြင်ဓာတ်လေးပါးတို့သည်လည်းကောင်း။ တဒုပ္ပါဒါယ၊ ထိုဓာတ်လေးပါးတို့ကို စွဲ၍ဖြစ်ကုန်သော။ ယာနိရူပါနိစ၊ အကြင်ရုပ်တို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ သန္နိက္ခေပနံ၊ ဖဝါးချသောအခါတိုင်အောင်။ အပတ္တာ၊ မရောက်မူ၍။ ဝေဌ္ဌာဝ၊ ဤဖဝါးညွတ်သောအခါ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုဖဝါးညွတ်သော ရုပ်တို့သည်လည်း။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

ယာသန္နိက္ခေပနေ ပဝတ္တာ ဓာတုယော ယာနိစ
တဒုပ္ပါဒါယ ရူပါနိ သဗ္ဗေ တေဓမ္မာ 'သန္နိရုဇ္ဈနံ
အပတ္တာ ဝေဌ္ဌာဝ နိရုဇ္ဈန္တိ တသ္မာ တေပိ အနိစ္စာ ဒုက္ခာ အနတ္တာ။
(ငင်းပါဠိ)

သန္နိက္ခေပနေ၊ ဖဝါးမြေသို့ချသောအခါ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ယာဓာတုယောစ၊ အကြင် ဓာတ်လေးပါးတို့သည် လည်းကောင်း။ တဒုပ္ပါယ၊ ထိုဓာတ်လေးပါးတို့ကို စွဲ၍ဖြစ်ကုန်သော။ ယာနိရူပါနိစ၊ အကြင် ရုပ်တို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊

ထိုတရားတို့သည်။ သန္နိရုဇ္ဈနံ၊ ဖဝါးတစ်ဖန် နင်းသည်တိုင်အောင်။ အပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤဖဝါးချသော အခါ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထို ဖဝါးမြှောက်ချသော ရုပ်တို့သည်လည်း။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

ယာသန္နိရုဇ္ဈနေ ပဝတ္တာ ဓာတုယော ယာနိစ
တဒုပ္ပါဒါယ ရူပါနိ သဗ္ဗေ တေဓမ္မာ
ပုနဥဒ္ဓါရဏံ အပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ
တသ္မာတေပိ အနိစ္စာ ဒုက္ခာ အနတ္တာ။ (ဝိသုဒ္ဓိမဂ်)

သန္နိရုဇ္ဈနေ၊ တစ်ဖန်လှမ်းအံ့ဟု ဖဝါးကိုနင်းသောအခါ၌။ ပဝတ္တာ၊ ဖြစ်ပြန်သော။ ယာဓာတုယောစ၊ အကြင်ဓာတ်လေးပါးတို့သည်လည်းကောင်း။ တဒုပ္ပါဒါယ၊ ထိုဓာတ်လေးပါးကို စွဲ၍ဖြစ်ကုန်သော။ ယာနိရူပါနိစ၊ အကြင်ရုပ်တို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ ပုန၊ တစ်ဖန်။ ဥဒ္ဓါရဏံ၊ ဖဝါးကြွသည်တိုင်အောင်။ အပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤ ဖဝါးနင်းသော အခါ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထို တစ်ဖန် ဖဝါးနင်းသော ရုပ်တို့သည်လည်း။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

**အဓိပ္ပါယ်ကား။** ။တဖန် လှမ်းအံ့ဟု ဖဝါးကို မြှောက် နင်းသော အခါ၌ ဖဝါး၌ ဖြစ်ပေါ်လာကုန်သော ဓာတ်လေးပါးတို့သည်လည်းကောင်း၊ ထိုဓာတ်လေးပါးတို့ကိုစွဲ၍ ဖြစ်ပေါ်လာကုန်သော ဖဝါးမြှောက်နင်းသော ရုပ်တို့သည်လည်းကောင်း ထင်ရှားရှိကုန်၏။ ထိုအလုံးစုံသော ဖဝါးမြှောက်နင်းသော ရုပ်တရားသည် တစ်ဖန် ဖဝါးကြွသည့်တိုင်အောင် မရောက်မူ၍ နင်းသောအခါ၌သာလျှင် ချုပ်ပျောက်လေ၏။ ထို့ကြောင့် ဖဝါးမြှောက်ချသော ရုပ်သည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဟု ဟောတော်မူသည်။ စိတ်မှာ အမြဲပါ၍ အထူးမဆိုလိုပေ။

ဣတိ တတ္ထတတ္ထ ဥပ္ပန္နာ ဣတရိတရံ ကောဋ္ဌာသံ အပတွာ
တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ

တတ္ထက ပါလေ ပက္ခိတ္တတိလာဝိယ တဋ္ဌ တဋ္ဌ ယန္တာ
သင်္ခါရာ ဘိဇ္ဇန္တိ တသ္မာ တေ အနိစ္စာ ဒုက္ခာ အနတ္တာ။
(ဝိသုဒ္ဓိမဂ်)

ဣတိ၊ ဤသို့။ တတ္ထ တတ္ထ၊ ထိုထိုသို့သော ဣရိယာပုထ်တို့၌။ ဥပ္ပန္နာ၊ ဖြစ်ပေါ်လာကုန်သော သင်္ခါရတို့သည်။ ဣတရိတရံကောဋ္ဌာသံ၊ ဤမှတစ်ပါး ဤမှတစ်ပါးသော အဖို့အစုသို့။ အပ္ပတွာ၊ မရောက်မူ၍။ တတ္ထ တတ္ထေဝ၊ ထိုထိုသို့သော အဖို့အစုတို့၌သာလျှင်။ ပဗ္ဗံ ပဗ္ဗံ၊ အဆင့်အဆင့်။ ဝါ၊ တစ်ပါး တစ်ပါးစီ။ သန္ဓိ သန္ဓိ၊ အစပ်အစပ်။ ဝါ၊ တခြားတခြားစီ။ ဩဓိ ဩဓိ၊ အပိုင်း အပိုင်း။ ဝါ၊ တစ်ခုစီတစ်ခုစီ။ ဟုတွာ၊ ဖြစ်၍။ တတ္တကပါလေ၊ လောလော ပူလောင်သောအိုးကင်း၌။ ပက္ခိတ္တတိလာ၊ ထည့်၍လှော်အပ်သော နှမ်းတို့သည်။ တဋ္ဌ တဋ္ဌယန္တာဝိယ၊ ဖျစ်ဖျစ်မည်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုဣရိယာပုထ်တို့၌ ဖြစ်ပေါ်ကြကုန်သော ရုပ်တရားတို့သည်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ အစိုးမရကုန်။

**အဓိပ္ပာယ်ကား။** ။ဤသို့ ထိုထိုဣရိယာပုထ်၌ဖြစ်ပေါ်လာကြကုန်သော သင်္ခါရတရားတို့သည် ကြွသောရုပ်က ရွှေဆောင်သည်ကိုမပါ၊ ဆောင်သော ရုပ်က လှုပ်သည် ရှောင်သည်ကိုမပါ၊ လှုပ်သော ရှောင်သောရုပ်က မြေသို့ ညွတ်သည်ကိုမပါ၊ ညွတ်သောရုပ်က မြေသို့ချသည်ကိုမပါ၊ မြေသို့ချသော ရုပ်က တဖန်နင်းသည်ကိုမပါ။ သူ့အဖို့ သူ့အစု၌ မရောမယှက် မရောက်မူ၍ သာလျှင် အဆင့်အဆင့်, တစ်ပါးတစ်ပါးစီ၊ အစပ်အစပ်, တစ်ခြားတစ်ခြားစီ၊ အပိုင်းအပိုင်း၊ တစ်ခုစီတစ်ခုစီဖြစ်ကြ၍ လောလောပူလောင်သော အိုးကင်း၌ ထည့်၍လှော်အပ်သော နှမ်းတို့သည်၊ ထိုသို့ ဖျစ်ဖျစ်ဖျစ်ဖျစ် မည်ကြကုန်သကဲ့သို့၊ ထို့အတူ သင်္ခါရတရားတို့သည် ခဏမစဲ အမြဲပျက်ကြလေကုန်၏။ ထို့ကြောင့် ဣရိယာပုထ်၌ ဖြစ်ပေါ်လာကြကုန်သော ရုပ်တို့သည် မမြဲ၍ဆင်းရဲခြင်း, အစိုး မရခြင်းဟူ၍ ဟောတော်မူသည်။

ပြဆိုခဲ့သော ဝိသုဒ္ဓိမဂ်ကျမ်းကို ထောက်လှမ်း၍ ကိုယ်အမူအရာက ဖြစ်ပေါ်သမျှတို့၌ လှုပ်တိုင်း ကြွတိုင်း ကိုင်ယူတိုင်း ထိတိုင်း စသည့်တို့ဖြင့် သတိကိုမလစ်စေဘဲ မြဲမြဲစွဲစွဲအားခဲ၍ ပစ္စုပ္ပန်အတွင်း၌ မှတ်လိုက်ကြကုန်လော့။

ယဿ သဒ္ဓါစ ဗလဝတိ ဝိပဿနာစ အာရဒ္ဓါ တဿ
ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိဒန္တဿ
နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဉ္ဇန္တဿ မဂ္ဂဖလပဋိဝေဓော
နာမ နဟောတီတိ နတ္ထိ။ ။ (ပုဂ္ဂလပညတ်အဋ္ဌကထာ)

ယဿ၊ အကြင်ယောဂီပုဂ္ဂိုလ်အား။ သဒ္ဓါစ၊ တရားတော်ကို ယုံကြည်ခြင်းသည်လည်း။ ဗလဝတိ၊ အားကြီး၏။ ဝိပဿနာစ၊ ဝိပဿနာတရားကိုလည်း။ အာရဒ္ဓါ၊ လုံ့လမယုတ် အားထုတ်လေ၏။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဂစ္ဆန္တဿ၊ သွားစဉ်သွားဆဲ။ တိဋ္ဌန္တဿ၊ ရပ်စဉ်ရပ်ဆဲ။ နိသိဒန္တဿ၊ ထိုင်စဉ်ထိုင်ဆဲ။ နိပဇ္ဇန္တဿ၊ အိပ်စဉ်အိပ်ဆဲ။ ခါဒန္တဿ၊ ခဲစဉ်ခဲဆဲ။ ဘုဉ္ဇန္တဿ၊ စားစဉ်စားဆဲ။ မဂ္ဂဖလပဋိဝေဓောနာမ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍ သိခြင်းမည်သည်။ နဟောတီတိ၊ မဖြစ်ဘူးဟူ၍။ နတ္ထိ၊ မရှိကောင်း။ အတ္ထိဧဝ၊ ရှိသည်သာလျှင်တည်း။

အဓိပ္ပာယ်လိုရင်းကား။ ။သဒ္ဓါတရားနှင့် ပြည့်စုံ၍ အားထုတ်သောပုဂ္ဂိုလ်အား။ ဘယ်ကလှမ်း-လှမ်းဆဲ၊ ညာကလှမ်း-လှမ်းဆဲ၊ ရပ်ဆဲ-ထိုင်ဆဲ-အိပ်ဆဲ - စားဆဲ - မျိုဆဲ စသော ပစ္စုပ္ပန်ခဏအတွင်း၌ အမှတ်ပြု၍နေသော ယောဂီပုဂ္ဂိုလ်အား မဂ်ဖိုလ်ကို ထိုးထွင်းသိမြင်၍ ရတော့ပေကုန်သတည်း။

နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမတာယ ဣရိယာပထံ ကပ္ပေတုကာမတာယ
သတိ ရူပံ ခါဒတိ ပိဝတိ ဗျာဟရတိ ဣရိယာပထံကပ္ပေတိ။
(ဝိသုဒ္ဓိမဂ်)

နာမဿ၊ နာမ်၏။ ခါဒိတုကာမတာယ၊ ခဲခြင်းစားခြင်းငှာ အလိုရှိသည်။ သတိ၊ ရှိသော်။ ပိဝိတုကာမတာယ၊ သောက်ခြင်းငှာ အလိုရှိသည်။ သတိ၊ ရှိသော်။ ဗျာဟရိတုကာမတာယ၊ စကားပြောခြင်းငှာ အလိုရှိသည်။ သတိ၊ ရှိသော်။ ဣရိယာပထံကပ္ပေတုကာမတာယ၊ ဣရိယာပုထ်ကို ရွေ့ပြောင်းခြင်းငှာ အလိုရှိသည်။ သတိ၊ ရှိသော်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ နာမ်ကခိုင်း၍ ခဲကာ စားကာပေးရ၏။ ရူပံ၊ ရုပ်သည်။ ပိဝတိ၊ နာမ်ကခိုင်း၍ သောက်ကာပေးရ၏။ ရူပံ၊ ရုပ်သည်။ ဗျာဟရတိ၊ နာမ်ကခိုင်း၍ စကားပြောရပေ၏။ ရူပံ၊ ရုပ်သည်။ ဣရိယာပထံကပ္ပေတိ၊ နာမ်ကခိုင်း၍ ဣရိယာပုထ်ကို သွားကာ ရပ်ကာ ထိုင်ကာ အိပ်ကာ ပြောင်းကာ ရွေ့ကာပေးရ၏။

ဧင်းပါဌ်ကိုထောက်၍ ခဲစားလိုသည် စိတ်ရင်းကိုမှတ်၊ ခဲစား-ခဲစားသည်ကိုမှတ်၊ သောက်လိုသည် စိတ်ရင်းကိုမှတ်၊ သောက်-သောက်သည်ကိုမှတ်၊ စကားပြောလိုသည် စိတ်ရင်းကိုမှတ်၊ စကားပြော-ပြောသည်ကိုမှတ်၊ သွားလို-ရပ်လို-ထိုင်လို-အိပ်လို စသော ကိုယ်အမူအရာက ဖြစ်သမျှကို စိတ်ရင်းနှင့်တကွ ပြုသမျှရုပ်ကို ရှုမှတ်ပါက မဂ်ဖိုလ်ကို ထိုးထွင်း၍ သိမြင်ရရှိကြပေမည်။

> မန္ဒဿ တဏှာစရိတဿ ဩဠာရိကံ ကာယာနုပဿနာ
> သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ တိက္ခဿ သုခုမံ ဝေဒနာနုပဿနာ
> သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ ဒိဋ္ဌိစရိတဿပိ မန္ဒဿ
> နာတိပ္ပဘေဒဂတံ စိတ္တာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ
> တိက္ခဿ အတိပ္ပဘေဒဂတံ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ
> ဝိသုဒ္ဓိမဂ္ဂေါ။ ။(အဋ္ဌကထာ)

မန္ဒဿ၊ နုံ့သော ပညာရှိသော။ တဏှာစရိတဿ၊ တဏှာစရိုက်ရှိသောသူအား။ ဩဠာရိကံ၊ ရုန့်ရင်းကြမ်းတမ်းသော အာရုံရှိသော။ ကာယာနုပဿနာ သတိပဋ္ဌာနံ၊ ကာယာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တိက္ခဿ၊ ထက်သော ဉာဏ်ပညာရှိသောသူအား။ သုခုမံ၊ သိမ်မွေ့သော အာရုံရှိသော။ ဝေဒနာနုပဿနာသတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ မန္ဒဿ၊ နုံ့ဓနုံးသော ပညာရှိသော။ ဒိဋ္ဌိစရိတဿပိ၊ ဒိဋ္ဌိစရိုက်ရှိသော သူအားလည်း။ နာတိပ္ပဘေဒဂတံ၊ အာရုံအပြား မများလွန်းသော။ စိတ္တာနုပဿနာသတိပဋ္ဌာနံ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာ စင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တိက္ခဿ၊ ထက်သော ပညာရှိသောသူအား။ အတိပ္ပဘေဒဂတံ၊ အာရုံအပြား များလွန်းသော။ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ကိလေသာ စင်ကြယ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။နုံ့နှေးသော ပညာရှိသော တဏှာလောဘစရိုက်ရှိသောသူအား၊ ရုန့်ရင်း ကြမ်းတမ်းသော အာရုံရှိသော ကာယာနုပဿနာ သတိပဋ္ဌာန်သည် ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ မဂ်ဖိုလ်ကို ရနိုင်ပေသည်။ ထက်သော ပညာရှိသောသူအား နူးညံ့သိမ်မွေ့သော အာရုံ

ရှိသော ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် ကိလေသာ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ မဂ်ဖိုလ်ကိုရနိုင်ပေသည်။

နုံ့နှေး၍ ပညာရှိသော ဒိဋ္ဌိစရိုက်ရှိသော သူအားလည်း အာရုံ အပြား မများလွန်းသော စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် ကိလေသာ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ မဂ်ဖိုလ်ကိုရနိုင်ပေသည်။ ထက်သော ပညာရှိသောသူသည် အာရုံအပြား များလွန်းသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းဖြစ်၍ မဂ်ဖိုလ်ကိုရနိုင်ပေသည်။

မဟာထေရဝတ္ထုနှာ ဒီပေတဗ္ဗံ ။ပ။ ယတော ပဋ္ဌာယ
အဟံ အာဝုသော ကမ္မဋ္ဌာနံ မနသိကာတုံ
အာရဒ္ဓေါ နမေ ကမ္မဋ္ဌာနံ မုစ္စိတ္ဂွာ ဟတ္ထော သမိဉ္ဇိ
တပုဗ္ဗော ဣဒါနိပန တုမှေဟိ သဒ္ဓိံ ကထယမာနေန
ကမ္မဋ္ဌာနံ မုဉ္စိတွာ သမိဉ္ဇိတော တသ္မာ
ပုန ယထာဌာနေ ဌပေတွာ သမိဉ္ဇေသိတိ။

မဟာထေရဝတ္ထုနှာ၊ မဟာထေရ်ကြီးဝတ္ထုဖြင့်။ ဒီပေတဗ္ဗံ၊ ပြဆိုအပ်၏။ ။ပ။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မနသိကာတုံ၊ နှလုံးသွင်းခြင်းငှာ။ အာရဒ္ဓေါ၊ အားထုတ်၏။ မေ၊ ငါသည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မုစ္စိတွာ၊ လွှတ်၍။ ဟတ္ထော၊ လက်ကို။ နသမိဉ္ဇိတပုဗ္ဗော၊ ဘယ်အခါမှ မကွေးစဘူး။ ဣဒါနိပန၊ ယခုအခါ၌ကား။ တုမှေဟိ၊ သင်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ကထယမာနေန၊ စကားပြောစဉ်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ မုစ္စိတွာ၊ လွှတ်၍။ ယသ္မာ၊ အကြင့်ကြောင့်။ သမိဉ္ဇိတော၊ ကွေးမိ၏။ တသ္မာ၊ ထို့ကြောင့်။ ပုန၊ တစ်ဖန်။ ယထာဌာနေ၊ ထားမြဲတိုင်းသောနေရာ၌။ ဌပေတွာ၊ ထား၍။ သမိဉ္ဇေသိ၊ ကွေး၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

သာဓုဘန္တေ ဘိက္ခုနာ နာမ ဧဝရူပေနဘဝိတဗ္ဗံ။ ။ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းလှပါပြီ။ ဘိက္ခုနာနာမ၊ အရှင်ဘုရားကဲ့သို့ ရဟန်းမည်သည်ကား။ ဧဝရူပေန၊ ဤသို့သဘောရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

ယောဟိကောစိ ဗုဒ္ဓေသု ဓရန္တေသုပိ
စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ
တဿ သဒ္ဓမ္မော အန္တရဟိတောနာမ

ဒေဝဒတ္တာနံဝိယ ဣတိဣမသ္မိံ သုတ္တေ
တသ္မ ပုဂ္ဂလဿေဝ ဓမ္မန္တရမာရနံ ကထိတံ။
(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ယောဟိကောစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ဗုဒ္ဓေသု၊ မြတ်စွာဘုရားတို့သည်။ ဓရန္တေသုပိ၊ ထင်ရှားရှိပါလျက်လည်း။ စတ္တာရော သတိပဋ္ဌာနေ၊ ၄-ပါးသော သတိပဋ္ဌာန်တို့ကို။ နဘာဝေတိ၊ မရှုမမှတ် မပွား များ။ တဿ၊ ထိုသူအား။ သဒ္ဓမ္မော၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားသည်။ အန္တရဟိတောနာမ၊ ကွယ်ပသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝဒတ္တာနံဝိယ၊ သာသနာတော်ကိုဖျက် ငါ့ဘုရားကိုနှိပ်စက်သော ဒေဝဒတ် ကဲ့သို့။ ဣမသ္မိံသုတ္တေ၊ ဤ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌။ ဝစနတော၊ ဘုရား ဟောတော်မူသောကြောင့်။ တဿပုဂ္ဂလဿေဝ၊ ထို ပုဂ္ဂိုလ်မျိုးကိုသာလျှင်။ ဓမ္မန္တရမာရနံ၊ သာသနာတော် ကွယ်ပခြင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ကထိတံ၊ ဟောတော်မူအပ်၏။

ပါဠိတော်၌ သမ္ပဇာနကာရီဟု ဟောတော်မူသည်မှာ အပြားအားဖြင့် သိတတ်သောဟုဆိုရာ၌ ပညာသိ သစ္စာလေးပါးတိုင်အောင် သိရမည်ဆိုသော အရာဖြစ်ပေသည်။ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ ဟူသောပါဠိတော်၌ ပဇာ နာတိဟူသော ပုဒ်သည်လည်း သမ္ပဇာနောဟူသော ပုဒ်နှင့်နည်းတူ သိမြင်ကြစေ ကုန်လော။ ၎င်းသမ္ပဇာနောဟူသောပုဒ်သည်—

သမ္ပဇာနန္တိတာဒိသမေဝဉာဏံ။ ။သမ္ပဇာနန္တိ၊ သမ္ပဇာန ဟူသည်ကား။ တာဒိသမေဝ၊ ထိုသစ္စာလေးပါးကို သိမြင်ခြင်းသည်သာလျှင်။ ဉာဏံ၊ ဉာဏ် မည်၏။ သမ္ပဇာနဟူသည်ကား သစ္စာလေးပါးကိုသိမြင်သော ဉာဏ်ပညာမျိုးကို ဆိုသည်၊ လောကသိမျိုးမဟုတ်ပေ။

သတိရှိစဉ်လျှင် သမ္ပဇဉ် အစဉ်ကိုလေသာ။ ။(သံနိဝ်)

(၂၅) သတိပဋ္ဌာန်လေးပါးကို တိက္ခမန္ဒတို့မြင်ရာ ခြောက်ဝသော
ဌာနနှင့် အဋ္ဌကထာအလာကို ပြဆိုခြင်းပြီး၏။

## (၂၆) အသိကျဲပုံ အသိစိတ်ပုံနှင့် အပ္ပမာဒတရား ဘုရားရှင် ဟောကြားတော်မူပုံကို ပြဆိုခြင်း

အသိကျဲပုံ အသိစိတ်ပုံမှာ — ကိုယ်အမူအရာ၌ အသိတေ၊ စားသည်ရှိသော်။ ပိတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်သိရမည်ဟု ဟောတော်မူခြင်းကြောင့်၊ အကယ်၍ ထမင်းစားခဲ့သော် ထမင်းကိုကြည့်ချင်တဲ့ စိတ်ရင်းကိုမှတ်၊ ထမင်းမြင်လျှင် မြင်သည်ကိုမှတ်၊ ထမင်းကိုမမှတ်ရ၊ အဆင်းတစ်ခုကိုသာမှတ်။

လက်ကြွချင်သည် စိတ်ကိုမှတ်၊ လက်ကြွ-ကြွသည်ကိုမှတ်၊ လက်သွားချင်သည် စိတ်ရင်းကိုမှတ်၊ လက်သွား-သွားသည်ကိုမှတ်။ ထမင်းနှင့်လက်နှင့် ထိချင်သည် စိတ်ရင်းကိုမှတ်၊ ထမင်းနှင့် လက်နှင့် ထိ-ထိသည်ကိုမှတ်၊ ထမင်းကို ယူချင်သည် စိတ်ရင်းကိုမှတ်၊ ထမင်းယူ-ယူသည်ကိုမှတ်၊ နှုတ်ခမ်းနှင့် လက်နှင့် ထိချင်သည် စိတ်ရင်းကိုမှတ်၊ နှုတ်ခမ်းနှင့် လက်နှင့် ထိ-ထိသည်ကိုမှတ်။

ပါးစပ်ဟာလိုသော စိတ်ရင်းကို မှတ်၊ ပါးစပ်ဟ - ဟာသည်ကို မှတ်၊ ထမင်းလုပ်ထည့်ချင်သည် စိတ်ရင်းကို မှတ်၊ ထမင်းလုပ်ထည့်-ထည့်သည်ကိုမှတ်၊ လက်နောက်ကို ဆုတ်ချင်သည် စိတ်ရင်းကိုမှတ်၊ လက်နောက်ဆုတ်-ဆုတ်သည်ကိုမှတ်၊ ထမင်းဝါးချင်သည် စိတ်ရင်းကိုမှတ်၊ ဝါး-ဝါးသည်ကိုမှတ်၊ တစ်ခါဝါးလျှင် တစ်ခါမှတ်၊ ဝါးတိုင်းဝါးတိုင်း မှတ်လေ။

မျိုချင်သည် စိတ်ရင်းကိုမှတ်၊ မျို-မျိုသည်ကိုမှတ်၊ လက်-နှုတ်ခမ်း-ပါးစပ်-ထမင်း စသောအမည်သညာတို့ကို မပါ မယူစေရပေ။ ဤကား ထမင်းတစ်လုပ်၌ စားရပုံ၊ ဟင်းရည်-ဟင်းဖတ်-ဇွန်းကိုင်ရခြင်းတို့ များစွာရှိသေး၏။ မဝမချင်း မှတ်လေ၊ အမှတ်မပါလျှင် လောဘကြီး၍ စားသောထမင်းမည်၏။

အသိစိတ်လျှင် ကိလေစင် ထင်မြင်နာမ်ရုပ်မှာ
အသိကျဲလျှင် ကိလေဝင် မမြင်နာမ်ရုပ်မှာ။ ။ (သံခိပ်)

ထိုသို့မှတ်ရပုံပမာကား ရက်ကန်းသည်တို့သည် ချည်ပင် တစ်ပင်နှင့် တစ်ပင် ထိအောင်ရက်သဖြင့် အထည်ဝတ္ထုရသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်တို့သည် ရှေ့အမှတ်နှင့် နောက်အမှတ်သည် ထိအောင် စိအောင်မှတ်လျှင် လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ စသော ထောင့်ငါးရာ ကိလေသာတို့သည် မဝင်နိုင်ပေကုန်။

ထမင်းကို ဝါးသည်ဟုမှတ်ရာ၌ စိတ်သည် ဝါးရာမှာနေသည်၊ ထမင်းရှိရာသို့ စိတ်မရောက်နိုင်ခြင်းကြောင့် ဝါးသည်ဟု မှတ်သောစိတ်ကား ဝိဇ္ဇာဉာဏ်ဟုမှတ်၊ ထမင်းကားပညတ်၊ ထိုဝါးသည်ဟုမှတ်သော ဝိဇ္ဇာဉာဏ် ပရမတ်စိတ်နှင့် ထမင်းဟူသောပညတ်သည် စကြဝဠာအနန္တ မက ဝေးကွာလှသည်ကို ပညာရှိတို့တွေးမိကြစေကုန်လော့။ မာတိကာရွာ၌ ရွာသူကြီးမယား ကျောင်းအမကြီးသည် ရဟန်းတို့ထံ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် ကေသာ လောမာ စသည်တို့ကို ရွတ်ဆိုသောအခါ သမာဓိကို ကောင်းစွာရရှိသဖြင့် ဝိပဿနာသို့ကူး၍ ဉာဏ်စဉ်အတိုင်း မဂ်ဖိုလ်သို့ဝင်ရောက်၍ အနာဂါမ်အဖြစ်၌ တည်လေ၏။ အရိုးစုကိုရှုသော တိဿမထေရ်ရဟန္တာဖြစ်ကြောင်း ဝတ္ထုသွားကိုလည်း စဉ်းစား၍ မာတိကာရွာ ကျောင်းအမကြီးကဲ့သို့ မှတ်ယူကြကုန်လောဟု ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူပေသတည်း။

သရာဂံ ဝါ စိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ
ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံစိတ္တန္တိ ပဇာနာတိ
သဒေါသံ ဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာနာတိ
ဝီတဒေါသံ ဝါ စိတ္တံ ဝီတဒေါသံစိတ္တန္တိ ပဇာနာတိ
သမောဟံ ဝါ စိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ
ဝီတမောဟံ ဝါ စိတ္တံ ဝီတမောဟံစိတ္တန္တိ ပဇာနာတိ။

(သတိပဋ္ဌာန်)

သရာဂံဝါ၊ ရာဂနှင့် တကွလည်းဖြစ်သော။ စိတ္တံ၊ လောဘစိတ်ကို။ သရာဂံစိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတရာဂံဝါ၊ ရာဂကင်းသည်လည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ်အဗျာကတစိတ်ကို။ ဝီတရာဂံစိတ္တန္တိ၊ ရာဂကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သဒေါသံဝါ၊ ဒေါသနှင့် တကွလည်းဖြစ်သော။ စိတ္တံ၊ ဒေါသစိတ်ကို။ သဒေါသံစိတ္တန္တိ၊ ဒေါသနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝီတဒေါသံဝါ၊ ဒေါသကင်းသည်လည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတဒေါသံစိတ္တန္တိ၊ ဒေါသကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။ သမောဟံဝါ၊ မောဟနှင့်တကွလည်း ဖြစ်သော။ စိတ္တံ၊ အကုသိုလ်စိတ် ၁၂-ခုကို။ သမောဟံစိတ္တန္တိ၊ မောဟနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

ဝီတမောဟံဝါ၊ မောဟကင်းသည်လည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတမောဟံစိတ္တန္တိ၊ မောဟကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

အဓိပ္ပာယ်ကား။ "လောဘဖြစ်လျှင် ဖြစ်မှန်းသိ၊ လောဘကင်းလျှင် ကင်းမှန်းသိ၊ ဒေါသဖြစ်လျှင် ဖြစ်မှန်းသိ၊ ဒေါသကင်းလျှင် ကင်းမှန်းသိ၊ မောဟဖြစ်လျှင် ဖြစ်မှန်းသိ၊ မောဟကင်းလျှင် ကင်းမှန်းသိဟု ဟောတော်မူရာ၌ လောဘဖြစ်လျှင် လောဘဖြစ်သည်ကို သိရမည်မဟုတ်ပေ။

လောဘဖြစ်သည်ကို သိရမည်ဆိုလျှင် အများပင် သိရှိကြပေသည်။ ဖြစ်ပြီးသော လောဘသည် ချုပ်ပျောက်၍ သွားလေပြီ။ အတိတ်ကာလ၌ လိုက်၍သိရပါလျှင် ပစ္စုပ္ပန်မဟုတ်၍ ဝိပဿနာမဖြစ်နိုင်ပေ။ လောဘဖြစ်ပြီး၍ ချုပ်ပျောက်ပြီးနောက် အသစ်ပေါ်လာသောစိတ်ကို အသိအမှတ်နှင့် တွဲစပ်၍ သိသည်ကို လောဘဖြစ်လျှင် နောက်စိတ်ကသိဟူ၍ ဟောတော်မူသည်။ အထူး သတိပြုကြပါကုန်လော။

ရှေ့စိတ်သွားဘိ နောက်စိတ်သိ၊ လောဘဖြစ်ဘိ နောက်စိတ်သိ၊
ဒေါသဖြစ်ဘိ နောက်စိတ်သိ၊ မောဟဖြစ်ဘိ နောက်စိတ်သိ၊
သိတိုင်းကိလေကွာ။ ။(သံခိပ်)

ကိုယ် နှုတ် စိတ် သုံးပါးသောအမူအရာကို စောင့်ရှောက်ရာ၌—

ယဿ ကာယေန ဝါစာယ မနသာ နတ္ထိ ဒုက္ကဋံ
သံဝုတံ တီဟိဌာနေဟိ တမဟံဗြူမိ ဗြာဟ္မဏံ။ ။(ဓမ္မပဒ)

ယဿ၊ အကြင်သူအား။ ကာယေနဝါ၊ ကိုယ်အမူအရာအားဖြင့် လည်းကောင်း။ ဝါစာယဝါ၊ နှုတ်အမူအရာအားဖြင့် လည်းကောင်း။ မနသာဝါ၊ စိတ်အမူအရာအားဖြင့်လည်းကောင်း။ ဒုက္ကဋံ၊ မကောင်းသောအမူအရာသည်။ နတ္ထိ၊ မရှိ။ တီဟိဌာနေဟိ၊ သုံးပါးသော ကိုယ်အမူအရာ-နှုတ်အမူအရာ-စိတ်အမူအရာတို့ဖြင့်။ သံဝုတံ၊ စောင့်ရှောက်၍နေသော။ တံပုဂ္ဂလံ၊ ထိုယောဂီပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုမှုအပ ပြုပြီးသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ဒုန္နိဂ္ဂဟဿ လဟုနော ယတ္ထကာမ နိပါတိနော
စိတ္တဿ ဒမ္မတော သာဓု စိတ္တံ ဒန္တံ သုခါဝဟံ။

(ဓမ္မပဒ)

ဘိက္ခဝေ၊ ချစ်သားတို့။ ဒုန္နိဂ္ဂဟဿ၊ ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ထသော။ လဟုနော၊ ပေါ့ပါးလျင်မြန်ခြင်းသို့ ရောက်ထသော။ ယတ္ထကာမနိပါတိနော၊ ဆိုးကောင်းအစုံ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ကျရောက်ထသော။ မေဓာဝီ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမနိုင်သောသူအား။ သာဓု၊ ကောင်းမြတ်ပေ၏။ စိတ္တံဒန္တံ၊ စိတ်ကိုဆုံးမနိုင်သောသူသည်။ သုခါဝဟံ၊ မဂ်ဖိုလ်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့.... စိတ်သည် ဆင်းရဲ ပင်ပန်းခြင်းသို့ ရောက်ထသော၊ ပေါ့ပါးလျင်မြန် ရောက်လိုရာ ရောက်ထသော၊ ဆိုးသော အနိဋ္ဌာရုံ၊ ကောင်းသောဣနိဋ္ဌာရုံတို့၌ ကျရောက်နေသောစိတ်ကို မကျမရောက် ရအောင် မိမိစိတ်ဖြစ်တိုင်း သိမှတ်သည်ကို ကောင်းမြတ်သည် ဆုံးမသည်ဟု ဆိုသည်။ ထိုစိတ်ကိုသိသော မှတ်သောသူသည် မဂ်ဖိုလ်ချမ်းသာကို ဆောင်ရွက်နိုင်သည်၊ ရနိုင်သည်ဟူ၍ ဟောတော်မူသည်။

သုဒုဒ္ဒသံ သုနိပုနံ ယတ္ထကာမနိပါတိနံ
စိတ္တံ ရက္ခေယျ မေဓာဝီ စိတ္တံ ဂုတ္တံသုခါဝဟံ။

(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ စိတ္တံ၊ စိတ်သည်။ သုဒုဒ္ဒသံ၊ ထင်မြင်နိုင်ခဲထသော။ သုနိပုနံ၊ နက်နဲ သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ ဆိုးကောင်းအစုံ။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ ကျရောက်ထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသောယောဂီသည်။ ရက္ခေယျ၊ ရှေ့စိတ်သွားတိုင်း နောက်စိတ်က မပျောက်ရအောင် စောင့်ရှောက်ရာ၏။ စိတ္တံ ဂုတ္တံ၊ စိတ်ကိုမပျောက်လုံခြုံအောင် စောင့်ရှောက်နိုင်သော ယောဂီပုဂ္ဂိုလ်သည်။ သုခါဝဟံ၊ မဂ်ဖိုလ်ချမ်းသာကို ရွက်ဆောင်နိုင်၏။

အဓိပ္ပာယ်ကား လွယ်၏။ ။စိတ်သည် သွားချင်တာက ဣဋ္ဌာရုံ၊ မသွားချင်တာက အနိဋ္ဌာရုံ၊ ရပ်ချင်တာက ဣဋ္ဌာရုံ၊ မရပ်ချင်တာက အနိဋ္ဌာရုံ၊ ထိုင်မှု-အိပ်မှု-ကွေးမှု-ဆန့်မှု စသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့၌ စိတ်ကအလိုရှိသမျှ ဣဋ္ဌာရုံ၊ စိတ်က အလိုမရှိသမျှ အနိဋ္ဌာရုံဟုမှတ်။ အနိစ္စကား စိတ်ကိုဆိုသည်။ ဒုက္ခကား စိတ်ကိုဆိုသည်။ အနတ္တကား စိတ်ကို ဆိုသည်။ စိတ်ကိုမသိလျှင် စိတ်ရုပ်တို့၏ဖြစ်ပျက်မှုကို မသိနိုင်ပေ။ နာမ်ရုပ်ကား

အဘယ်မှာနည်းဟု မေးလျှင် မေးသောအသံကား ရုပ်၊ ကြားတာက နာမ်၊ ဤကားနာမ်ရုပ်ခေါ်သည်။ အနိစ္စ-ဒုက္ခ-အနတ္တ နည်းတူ။

မိမိစိတ်ကို မိမိ သိကြပါ၏လောဟု မေးလျှင် သိပါ၏ဟု ဆိုကြပေလိမ့်မည်။ စင်စစ်မှုချ မသိနိုင်ကြပေ၊ အကယ်၍သိကြပါလျှင် သင်၏စိတ် ယခုမေးဆဲခဏ၌ အဘတ်မှာနေပါသနည်းဟု မေးလျှင် မပြောနိုင်ကြပေကုန်။ ကမ္မဋ္ဌာန်းယောဂီ ပုဂ္ဂိုလ်တို့မှာ အလျင်အမြန် ပြောနိုင်ပေသည်။ မိမိစိတ်ကို မိမိမသိသော ဝတ္ထုကိုထုတ်၍ အကျဉ်းသခင်ပကို ပြပေအံ့။

ရဟန္တာအရှင်မြတ်တစ်ပါးသည် ရွာကျောင်း ရဟန်းတစ်ပါးထံသို့ ကြွသွား၍ ရောက်သဖြင့် ရွာကျောင်းရဟန်းက ဖျင်တစ်စုံသင်္ကန်းအလို့ငှာ လှူဒါန်းသဖြင့် ပြန်၍ပေးရာ ရွာကျောင်းရဟန်းက ထိုဖျင်ပိုင်းကို ဒူးအောက်၌ဖိထား၍ ရဟန္တာကို ယပ်လေခတ်၍ပေးဆဲတွင် ငါ့အား ဖျဉ်ပိုင်းတွေ ရောင်းချ၍ ကြေးငွေစုပြီးလျှင် လူထွက်သားမယားယူ အိုးအိမ်ထူပြီးလျှင် သားငယ်ကို မောင်ရွှေဘိုးဟု အမည်ပြု၏။

ရဟန္တာကျောင်းသို့ ငါတို့ သားအမိ သားအဖသုံးယောက်တို့ လှည်းကို စီး၍ သွားရောက်သောအခါ လှည်းပြို၍ သားငယ်ကိုထိခိုက်မိရာ မိန်းမသည် လွန်စွာ ပေါ့လျော့ပါတကားဟု မယားကိုအမှတ်ပြု၍ ရဟန္တာဦးခေါင်းကို ယပ်နှင့်ရိုက်နှက်လေသော် ရဟန္တာအရှင်မြတ်က ထိုရဟန်း၏စိတ်ကို သိသဖြင့် မောင်ရွှေဘိုးအဖေရယ် သင့်မိန်းမကို မရိုက်၊ ငါ့အား အဘယ့်ကြောင့် ရိုက်သနည်းဟု ဆိုလေလျှင် ကျောင်းပေါ်က ခုန်ဆင်း၍ အတင်း ထွက်ပြေးရာ ရဟန်းတို့လိုက်၍ ရှာဖွေခေါ်ဆောင်ပြီးလျှင် ဘုရားရှင်ရှေ့တော်သို့ ရောက်လေ၏။

ဒူရင်္ဂမံ ဧကစရံ အသရီရံ ဂုဟာသယံ
ယေစိတ္တံ သံယမေဿန္တိ မောက္ခန္တိမာရဗန္ဓနာ။ ။ (ဓမ္မပဒ)

ဘိက္ခဝေ၊ ချစ်သားတို့။ စိတ္တံ၊ စိတ်သည်။ ဒူရင်္ဂမံ၊ ဝေးသောအရပ်သို့ ရောက်နိုင်ထသော။ ဧကစရံ၊ စိတ်တစ်ခုချုပ်လျှင် စိတ်တစ်ခုပြန်ဖြစ်ထသော။ အသရီရံ၊ သူမဟုတ်-ငါမဟုတ်-ကိုယ်မဟုတ်ထသော။ ဂုဟာသယံ၊ ဂု - လှိုဏ်ပမာ ဟဒယဝတ္ထုရုပ်၌ တည်နေစွာထသော။ ယေ၊ အကြင်သူတို့သည်။ စိတ္တံ၊ စိတ်ကို။ သံယမေဿန္တိ၊ စိတ်၌ဖြစ်ပေါ်တိုင်း စောင့်ရှောက် နိုင်ကြကုန်၏။

တော၊ ထိုစိတ်ဖြစ်ပေါ်တိုင်း စောင့်ရှောက်နိုင်ကြသောသူတို့သည်။ မာရဗန္ဓနာ၊ အဝိဇ္ဇာဟူသောမာရ်၏ အနှောင်အဖွဲ့မှ။ မောက္ခန္တိ၊ လွတ်လေကျွတ်လေကုန်၏။

အနဝဿိတစိတ္တဿ အနန္ဝာဟတစေတသော
ပုညပါပ ပဟီနဿ နတ္ထိ ဇာဂရတော ဘယံ။ (ဂုင်းပါဠိ)

အနဝဿိတစိတ္တဿ၊ ရာဂမိုး မစွတ်သော စိတ်ရှိသော။ အနန္ဝာဟတစေတသော၊ အစဉ်တစိုက်လိုက်၍ မဖျက်ဆီးနိုင်ထသော။ ပုညပါပ ပဟီနဿ၊ ကုသိုလ် အကုသိုလ်တို့ကို ပယ်ပြီးထသော။ ဇာဂရတော၊ ကိလေသာဟူသော အိပ်ရာမှနိုးသောသူအား။ ဘယံ၊ ဘေးဟူသည်။ နတ္ထိနသန္တိ၊ မရှိကုန်။

ကာယယောဂံ တိတိက္ခာယ စိတ္တယောဂံ စိကိစ္ဆတု
သုခိတော ကာယရောဂေပိ စိတ္တေ နိရုမယေ သတိ။

ကာယယောဂံ၊ ကိုယ်၌ဖြစ်သောရောဂါကို။ တိတိက္ခာယ၊ သည်းခံကြ၍။ စိတ္တရောဂံ၊ စိတ်၌ဖြစ်သော ရောဂါကို။ စိကိစ္ဆတု၊ ကုစားပါလေ။ စိတ္တေ၊ စိတ်သည်။ နိရုမယေ၊ ရောဂါကင်းသည်။ သတိ၊ ရှိခဲ့သော်။ ကာယရောဂေပိ၊ ကိုယ်၌စွဲကပ်သော ရောဂါသည်လည်း။ သုခိတော၊ အလိုလိုပျောက်ချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား**။ ။ကိုယ်၌စွဲကပ်သော ရောဂါတို့ကို ဆေးမကုစားဘဲ သည်းခံကြ၍၊ စိတ်၌စွဲကပ်သော အဝိဇ္ဇာရောဂါကို လျင်လျင်မြန်မြန် ကုစားပါကုန်လော့။ စိတ်၌ အဝိဇ္ဇာရောဂါ မစွဲမကပ်သည်ရှိသော် ကိုယ်၌စွဲကပ်သော ရောဂါသည် အလိုလို ပျောက်ကင်းချမ်းသာနိုင်လေ၏။

ကာယရောဂေ ဗဟူ ဝဇ္ဇာ ဗုဒ္ဓုတ္တိဝ မနောဂဒေ
ဣဓာပိ ကာယိကောသန္တော အနန္တာဝ မနောရုဇာ။

ကာယရောဂေ၊ ကိုယ်၌စွဲကပ်သော ရောဂါတို့ကို။ ဝဇ္ဇာ၊ ကုစားနိုင်သော ဆေးဆရာတို့သည်။ ဗဟူ၊ များစွာရှိကြကုန်၏။ မနောဂဒေ၊ စိတ်၌စွဲကပ်သော အဝိဇ္ဇာရောဂါကို။ ဝဇ္ဇော၊ ကုစားနိုင်သော ဆေးဆရာသည်။ ဗုဒ္ဓုတ္တိဝ၊ ဗုဒ္ဓဥတ္တိဝ ဘုရားရှင် တစ်ပါးသည်သာလျှင်တည်း။ ကာယရောဂေါ၊ ကိုယ်၌စွဲကပ်သော ရောဂါသည်။ ဣဓာပိ၊ ဤဘဝ၌လည်း။ သန္တော၊ အဆုံးရှိလေ၏။ မနောရုဇာ၊ စိတ်၌စွဲကပ်သော အဝိဇ္ဇာရောဂါသည်။ အနန္တာဝ၊ ဘဝသံသရာ ကမ္ဘာတိုင်အောင် မဆုံးနိုင်တော့သည်သာလျှင်တည်း။

အဓိပ္ပာယ်ကား။ ။ကိုယ်၌ စွဲကပ်သော ရောဂါကို ကုစားနိုင်သော ဆေးဆရာတို့သည် များစွာရှိကြပေကုန်၏။ စိတ်၌စွဲကပ်သော ဝေဒနာကို ကုစားနိုင်သောဆေးဆရာကား ဘုရားရှင်တစ်ပါးနှင့် ဘုရားရှင်တရားသာလျှင် တည်း။ ကိုယ်၌စွဲကပ်သောရောဂါသည် ဤဘဝ၌သာ ဆုံး၏ ကုန်၏။ စိတ်၌ စွဲကပ်သောရောဂါသည် ဘဝသံသရာ ကမ္ဘာအဆက်ဆက် အစဉ်လိုက်၍ နှိပ်စက်၍ မဆုံးနိုင်ပေကုန်သည်။

ကာယမလံ ဥပေက္ခာယ စိတ္တမလံစ ဓောဝတု
စိတ္တေဟိ နိမ္မလေ သန္တော ပုတိကာယောပိ ပူဇိတော။
(မဒ္ဒပဒပါဠိတော်)

ကာယမလံ၊ ကိုယ်၌စွဲကပ် ငြိတွယ်၍နေသော အညစ်အကြေးတွေကို။ ဥပေက္ခာယ၊ အလေးဂရု အရေးမပြုဘဲ လျစ်လျူရှု၍။ စိတ္တမလံ၊ စိတ်၌ရှိသော အဝိဇ္ဇာ အညစ်အကြေးကို။ ဓောဝတု၊ ဝိပဿနာဆေးနှင့် ဖွေးဖွေးဖြူအောင် ဖွပ်လျှော်ကြလေလော။ သစ္စံ၊ မှန်၏။ စိတ္တေ၊ စိတ်သည်။ နိမ္မလေ၊ အဝိဇ္ဇာ အညစ်အကြေး ကင်းသည်ရှိသော်။ သန္တော၊ အဝိဇ္ဇာမအောင်း သူတော်ကောင်းသည်။ ပုတိကာယောပိ၊ ပုပ်သောကိုယ် ရှိပါသော်လည်း။ ပူဇိတော၊ ပူဇော်မြတ်နိုး ရှိခိုးထိုက်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တသံသောဓကာ ပက္ကာ ကာယသံသောဓကာ နဝါ
သောဓေ စိတ္တံဝ ပက္ကတ္တံ နကာယံ ဘဝ ဘီရုကော။

စိတ္တသံသောဓကာ၊ ကမ္မဋ္ဌာန်းခွင်ဝင်စိတ်ကို ရှုမှတ်သုတ်သင်၍ နေခြင်းသည်။ ပက္ကာ၊ တစ်နေ့ထက်တစ်နေ့, တစ်ဆင့်ထက်တစ်ဆင့် ပါရမီရင့်ခြင်းသို့ ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာယသံသောဓကာ၊ ကိုယ်ကို လှပအောင် သုတ်သင်ခြင်းသည်။ နဝါ၊ ငယ်ရွယ်-နုနယ်-တကယ်မသိသော သူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စိတ္တံဝ၊ စိတ်ကိုသာလျှင်။ ပက္ကတ္တံ၊ တစ်နေ့ထက်တစ်နေ့ တစ်ဆင့်ထက်တစ်ဆင့် ပါရမီရင့်ခြင်းသို့ ရောက်အောင်။ သောဓေ၊ ကမ္မဋ္ဌာန်းခွင်ဝင်စိတ်ကို ရှုမှတ်သုတ်သင်၍နေရာ၏။ ဘဝ ဘီရုကော၊ ဘုံသုံးပါး ကြောက်လန့်ကြကုန်သော သူတို့သည်။ ကာယံ၊ ကိုယ်ကို။ နသောဓေ၊ လှပလေအောင် မသုတ်သင်ရာ။

ဇလေန ဘဝတိ ပင်္ဂံ ဇလေနေဝ ဝိသုဇ္ဈတိ
စိတ္တေန ဘဝတိ ပါပံ စိတ္တေနေဝ ဝိသုဇ္ဈတိ။
(ဓမ္မပဒပါဠိတော်)

ယံပငံ၊ အကြင်ရှိုးညွန့်ကို။ ဇလေန၊ ရေကြောင့်။ ဘဝတိ၊ ဖြစ်လေ၏။ တံပငံ၊ ထိုရှိုးညွန့်ကို။ ဇလေနေဝ၊ ရေဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်လေအောင် ဆေးရ၏။ ယံ ပါပံ၊ အကြင် မကောင်းမှုဟူသမျှသည်။ စိတ္တေန၊ စိတ်ကြောင့်။ ဘဝတိ၊ ဖြစ်ရလေ၏။ တံ ပါပံ၊ ထိုမကောင်းမှုဟူသမျှသည်။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်လေအောင်ဆေးရာ၏။

**အဓိပ္ပာယ်ကား။** ။အကြင် ရှိုးညွန့်သည် ရေကြောင့် ဖြစ်ရပေ၏၊ ထို ရှိုးညွန့်ကို ရေဖြင့်သာလျှင် စင်ကြယ်လေအောင် ဆေးရပေ၏၊ မကောင်းမှု ဟူသမျှသည် စိတ်ကြောင့် ဖြစ်ရပေ၏၊ ထို စိတ်ကြောင့်ဖြစ်သော မကောင်းမှု ဟူသမျှကို စိတ်ဟူသောကမ္မဋ္ဌာန်းဆေးနှင့် စင်ကြယ်လေအောင် ဆေးရပေ၏။

ဝါရိဇောဝ ထလေ ခိတ္တော ဩကမောကတ ဥဗ္ဘတော
ပရိဖန္ဒတိဒံ စိတ္တံ မာရဓေယျံ ပဟာတဝေ။

(ဓမ္မပဒပါဠိတော်)

ဝါရိဇော၊ ရေပိုး ရေမွှား ရေငါးဟူသမျှသည်။ ဩကမောကတော၊ ရေတည်းဟူသောတည်ရာမှ။ ဥဗ္ဘတော၊ ထုတ်နုတ်ဆယ်ယူ၍။ ထလေ၊ ကုန်း ပေါ်၌။ ခိတ္တော၊ ပစ်ချလိုက်သည်ရှိသော်။ ပရိဖန္ဒတိ၊ ရေကိုအောက်မေ့– တဆွ့ဆွ့ တုန်လေ-ခုန်လေကဲ့သို့။ မာရဓေယျံ၊ အဝိဇ္ဇာမာရ်သည် ဖွဲ့ချည်၍ ထားအပ်သော ကိလေသာဝဋ်ကို။ ပဟာတဝေ၊ ဝိဇ္ဇာဉာဏ်နှင့် ပယ်ခွာခြင်းငှာ။ ဣဒံစိတ္တံ၊ ဤစိတ်ကို။ ဩကမောကတော၊ အဝိဇ္ဇာအာရုံ ကာမဂုဏ်ဟူသော အရပ်မှ။ ထလေ၊ ဝိပဿနာဟူသောကုန်းထက်၌။ ခိတ္တော၊ ပစ်လိုက် ချလိုက် ထားလိုက်သည်ရှိသော်။ ပရိဖန္ဒတိ၊ အဝိဇ္ဇာငွေ့ - ကာမဂုဏ်ကိုအောက်မေ့၍ တဆွ့ဆွ့ တုန်လေ ခုန်လေ၏။

**အဓိပ္ပာယ်ကား။** ။ရေပိုး ရေမွှား ရေငါးဟူသမျှသည် ရေတည်းဟူသော တည်ရာနေရာမှ ထုတ်နုတ်၍ ကုန်းပေါ်သို့ ပစ်ချထားလိုက်သည်ရှိသော် ရေကို အောက်မေ့၍ တဆွ့ဆွ့ တုန်လေ ခုန်လေသကဲ့သို့ အဝိဇ္ဇာသည် ဖွဲ့ချည်၍ထားအပ်သော ကိလေသာဝဋ်ကို အသိဉာဏ်ဝိဇ္ဇာနှင့် ပယ်ခွာခြင်းငှာ၊ ဤစိတ်ကို အဝိဇ္ဇာအာရုံ ကာမဂုဏ်ဟူသောအရပ်မှ ဝိပဿနာဟူသော ကုန်းထက်၌ ပစ်လိုက်ချလိုက် နှလုံးသွင်းလိုက်သည်ရှိသော် အဝိဇ္ဇာငွေ့ ကာမဂုဏ်ကို အောက်မေ့၍ တဆွ့ဆွ့ တုန်လေခုန်လေ၏။

စိတ်ကို မမိနိုင်သောသူများမှာ စိတ်-စိတ်ချင်း၊ ထပ်ကာ—ထပ်ကာ ငါး‌ခါ-ခြောက်ခါ ထပ်၍မှတ်။ အချို့မှာ ဆယ်ခါထပ်၍ မှတ်နိုင်ကြပေကုန်သည်။ စိတ်သွားတိုင်းမှတ်မိစေ။

စိတ်ထွက်သွားပြန် တားဆီးရန် အမှန်မပြုရာ၊
အုပ်စိုးနိုင်ပင် ပိုင်အရှင် သခင်မရှိပါ၊
အစိုးမရ အနတ္တ မှတ်ကြ သူ့ကိုသာ။ ။(သံခိပ်)

အောက်အရပ်က တရားဟောဆရာ တစ်ဦးသည် ကမ္မဋ္ဌာန်းလာ၍ အားထုတ်လေရာ နေ့ရက်များစွာ ရှုမှတ်ပွားများအားထားပါလျက် သူများမှာ ရကြ တွေ့ကြကုန်သည်။ ငါအား အဘယ့်ကြောင့်မတွေ့ရပါသနည်းဟု ယူကြုံးမရ ပူဆွေး၍ ငိုကြွေးသဖြင့် ကမ္မဋ္ဌာန်းဆရာက တရားပြမှ သက်သာရာကို ရပါကြောင်း၊ ဤကဲ့သို့ဖြစ်ရသော ယောဂီပုဂ္ဂိုလ်များမှာ ပမာဒတရား မေ့လျော့၍ မိမိစိတ်ကို မသိသည်အတွက် အဝိဇ္ဇာ နှိပ်စက်ခြင်းကြောင့် မေ့လျော့သည်ကို ဘုရားရှင် ဟောတော်မူသည်မှာ—

မာပမာဒ မနုယုဉ္ဇေထ မာကာမ ရတိ သန္ထဝံ
အပ္ပမတ္တောပိ ဈာယန္တော ပပ္ပေါတိ ဝိပုလံ သုခံ။
((ဓမ္မပဒပါဠိတော်))

ပမာဒံ၊ မေ့မေ့လျော့လျော့နေခြင်းကို။ မာအနုယုဉ္ဇေထ၊ မဖြစ်ကြစေကုန်လင့်။ ကာမ ရတိ သန္ထဝံ၊ ဝတ္ထုကာမ ကိလေသာကာမ၌ မွေ့လျော်ပျော်ပါးခြင်းဟု ဆိုအပ်သော တဏှာသန္ထဝကို။ မာ ဝိန္ဒထ၊ မရကြစေကုန်လင့်။ ဟိ၊ သင့်စွ။ အပ္ပမတ္တော၊ မမေ့မလျော့ကြသည်ဖြစ်၍။ ဈာယန္တော၊ ဝိပဿနာကို ရှုမှတ်သောသူသည်။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြောသော။ သုခံ၊ မဂ်ဖိုလ်ဟူသော ချမ်းသာသို့။ ပပ္ပေါတိ၊ ရောက်ရလေ၏။

အဓိပ္ပာယ်ကား။ ။တရားတော်၌ မေ့မေ့လျော့လျော့နေခြင်းကို မဖြစ်ကြစေကုန်လင့်။ ဝတ္ထုကာမ ကိလေသာကာမတို့၌ မွေ့လျော်ပျော်ပါးခြင်းဟု ဆိုအပ်သောတဏှာကို မရကြပါစေကုန်လင့်။ ထိုစကားသည် သင့်မှန်လှပေ၏။ တရားတော်ကို မမေ့မလျော့ကြသည်ဖြစ်၍ ဝိပဿနာကို ရှုမှတ်သောသူသည် ကြီးကျယ် ပြန့်ပြောသော မဂ်ဖိုလ် ချမ်းသာကို ရကြ ရောက်ကြပေကုန်၏ဟု ဟောတော်မူသည်။

ပမာဒမပ္ပမာဒေန ယဒါ နုဒတိ ပဏ္ဍိတော
ပညာပါသာဒ မာရုယှ အသောကော သောကိနိံ ပဇံ
ပဗ္ဗတဋ္ဌောဝဘူမဋ္ဌေ ဓီရောဗာလေ အဝေက္ခတိ။
(ဓမ္မပဒပါဠိတော်)

ပဏ္ဍိတော၊ ပညာရှိသည်။ ယဒါ၊ အကြင်အခါ၌။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ ပမာဒံ၊ မေ့မေ့လျော့လျော့ နေခြင်းကို။ နုဒတိ၊ ပယ်ဖျောက်၏။ တဒါ၊ ထို ပယ်ဖျောက်သောအခါ၌။ ပညာပါသာဒံ၊ ဝိပဿနာဟူသော ပြာသာဒ်သို့။ အာရုယှ၊ တက်စီး၍။ အသောကော၊ စိုးရိမ်ခြင်းကင်းသည်ဖြစ်၍။ သောကိနိံ၊ စိုးရိမ်ခြင်းဟူသော ပြောင့်သည် စူးဝင်အပ်သော။ ပဇံ၊ သတ္တဝါအပေါင်းကို။ အဝေက္ခတိ၊ တဏှာညှောင့်စူး ဝင်၍နေသည်ကို မြင်ရ၏။ ပဗ္ဗတဋ္ဌော၊ တောင်ထိပ်က နေသောသူသည်။ ဘူမဋ္ဌေ၊ မြေ၌နေကြသော သူတို့ကို။ အဝေက္ခတိဣဝ၊ မြင်ရသကဲ့သို့။ ဓီရော၊ ပညာရှိအပေါင်း သူတော်ကောင်းသည်။ ဗာလေ၊ တရားမလိုက် ဘုရားမကြိုက်သော သူမိုက်တို့ကို။ အဝေက္ခတိ၊ တဏှာငြောင့်စူး၍နေသည်ကို မြင်ရပေ၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းနှစ်ပါးသည် ချစ်ခင်လေးမြတ်ကြ၍ တရားတော်ကို အားထုတ်ကြရာ တစ်ပါးသောရဟန်းက ရှင်သာမဏေတို့နှင့် စကားပြော ရယ်မော၍ နေ့ရက်သာကုန်လေ၏။ တစ်ပါးသောရဟန်းက အားထုတ်၍ မဂ်ဖိုလ်ကိုရလျှင် ဘုရားရှင် သိမြင်တော်မူလေ၏။

အပ္ပမတ္တော ပမတ္တေသု သုတ္တေသု ဗဟုဇာဂရော
အဗလဿံဝ သီဃဿော ဟိတွာ ယာတိ သုမေဓသော။
(ဓမ္မပဒပါဠိတော်)

သုတ္တေသု၊ အိပ်ပျော်၍ နေသောသူနှင့် တူကုန်သော။ ပမတ္တေသု၊ မေ့မေ့လျော့လျော့ နေသောသူတို့၌။ ဗဟုဇာဂရော၊ များစွာ နိုးကြားသော သူနှင့်တူသော။ အပ္ပမတ္တော၊ မမေ့မလျော့သော။ သုမေဓသော၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ သီဃဿော၊ လျင်မြန်သော မြင်းကောင်းသည်။ အဗလဿံ၊ ခွန်အားမရှိ မြင်းပိန်ချုံကို။ ဟိတွာ၊ ဝေးစွာအဓွန့် ပြေးခွာစွန့်ခဲ့၍။ ယာတိဣဝ၊ သွားလာသကဲ့သို့။ ပမတ္တံ၊ စကားလွန်ပြော ရယ်မောမေ့လျော့၍

နေသောသူကို။ ဟိတွာ၊ သံသရာအဝွန့် မြန်စွာစွန့်၍။ ယာတိ၊ နိဗ္ဗာန်ရွှေနန်း စံမြန်းတော်မူကြလေ၏။

အဓိပ္ပာယ်ကား။ ။အိပ်ပျော်သောသူနှင့် တူကုန်သော မေ့မေ့ လျော့လျော့ နေသောသူတို့၌၊ များစွာ နိုးကြားခြင်းရှိသော သူနှင့်တူသော မမေ့မလျော့သော ယောဂီပုဂ္ဂိုလ်သည် လျင်မြန်၍ အမည်ရသောမြင်းကောင်းသည် အမည်မရှိ မြင်းပိန်ချုံကို ပြိုင်သည်အရာ ဝေးကွာအဝွန့် ပြေးခွာစွန့်သကဲ့သို့ စကားလည်းပြော ရယ်မော၍ နေသောသူတို့ကို သံသရာအဝွန့် မြန်စွာစွန့်၍ နိဗ္ဗာန်ရွှေနန်း စံမြန်းတော်မူလေ၏။ ကမ္မဋ္ဌာန်းရှုသောအခါ မမေ့မလျော့လျှင် ကိလေသာမဝင်နိုင်ပေကုန်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်း သမားများကို ကိလေသာမဝင်ရန် စကားပြောခြင်း, ရယ်မောခြင်းကို တားမြစ်တော်မူလေသတည်း။

အပ္ပမာဒရတာ ဟောထ သစိတ္တံ အနုရက္ခထ
ဒုဂ္ဂါ ဥဒ္ဓရတတ္တာနံ ပင်္ကေသန္နောဝ ကုဉ္ဇရော။ ။(ဓမ္မပဒ)

အပ္ပမာဒရတာ၊ တရားတော်ကို မမေ့မလျော့ မွေ့လျော်သောအကျင့် ပြည့်စုံကုန်သည်။ ဟောထ၊ ဖြစ်ကြလေကုန်လော့။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခထ၊ မပျောက်ရအောင် စောင့်ရှောက်ကြလေကုန်လော့။ ပင်္ကေ၊ ရွှံ့ညွန်ပြောင်း၌။ သန္နော၊ နစ်မြုပ်၍နေသော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ ဒုဂ္ဂါ၊ ရွှံ့ညွန်ပြောင်းမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရတိဣဝ၊ အားကုန်ထုတ်၍ နုတ်လိုက်သကဲ့သို့။ တုမှေ၊ သင်ချစ်သားတို့သည်။ ဒုဂ္ဂါ၊ ကိလေသာဟူသော ရွှံ့ညွန်ပြောင်းမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရထ၊ အားကုန်ထုတ်၍ နုတ်လိုက်ကြပါကုန်လော့။

အဓိပ္ပာယ်ကား လွယ်၏။ ။ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက လောဘဖြစ်ရတာ၊ ဒေါသဖြစ်ရတာ၊ မောဟဖြစ်ရတာ မေ့တဲ့သဘော။ မမေ့လျှင် တရားဟု မိန့်တော်မူသတည်း။

(၂၆) အသိကျဲပုံ, အသိစိတ်ပုံနှင့် အပ္ပမာဒတရား ဘုရားရှင် ဟောကြားပုံကို ပြဆိုခြင်းပြီး၏။

❀ ❀ ❀

## (၂၇) ယောဂီတို့၏အာရုံ သမာဓိဖြစ်ပုံကို ပါဠိတော်အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်း

ယောဂီတို့၏ အာရုံသမာဓိဖြစ်ပုံမှာ ဝိသာခ သူဌေးကြီးက အရှင် ဓမ္မဒိန္နာ ရဟန္တာမကို မေးလျှောက်သည်မှာ သမာဓိတရားဟူသည် အဘယ်နည်း၊ သမာဓိ နိမိတ်ဟူသည် အဘယ်နည်း၊ သမာဓိ အခြံအရံဟူသည် အဘယ်နည်း၊ သမာဓိဘာဝနာဟူသည် အဘယ်နည်းဟု မေးလျှောက်လေသည်။

> ယာခေါ်အာဝုသောဝိသာခ စိတ္တဿကေဂ္ဂတာအယံသမာဓိ
> စတ္တာရောသတိပဋ္ဌာနာသမာဓိ နိမိတ္တာ စတ္တာရောသမ္မပ္ပဓာနာ
> သမာဓိ ပရိက္ခာရာ ယာတေသံ တေသံယေဝ ဓမ္မာနံ
> အာသေဝနာ ဘာဝနာ ဗဟုလီ ကမ္မံ အယံ ဧတ္ထ
> သမာဓိဘာဝနာ။ (မူလပဏ္ဏာသပါဠိတော်)

အာဝုသောဝိသာခ၊ ငါ့ရှင်ဒကာ ဝိသာခ။ စိတ္တဿ၊ စိတ်၏။ ယာ ကေဂ္ဂတာ၊ အကြင်စိတ်၏ တည်ကြည်သည်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစိတ်၏ တည်ကြည်သည်၏အဖြစ်သည်။ သမာဓိ၊ သမာဓိမည်၏။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးကုန်သောသတိပဋ္ဌာန်တို့သည်။ သမာဓိနိမိတ္တာ၊ သမာဓိ နိမိတ်မည်ကုန်၏။ စတ္တာရောသမ္မပ္ပဓာနာ၊ လေးပါးကုန်သောသမ္မဓာန်တို့သည်။ သမာဓိပရိက္ခာရာ၊ သမာဓိ၏ အခြံအရံမည်ကုန်၏။ တေသံ တေသံ ယေဝဓမ္မာနံ၊ ထိုထိုသို့သော တရားတို့ကို။ ယာအာသေဝနာ၊ အကြင် မှီဝဲခြင်းသည်။ ယာ ဘာဝနာ၊ အကြင်ပွားများခြင်းသည်။ ယံဗဟုလိကမ္မံ၊ အကြင် လေ့လာ အားထုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤသမာဓိဟူရာ၌။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာမည်၏။

**အဓိပ္ပာယ်ကား**။ ဒကာဝိသာခ စိတ်၏ မပျံ့မလွင့် တည်ကြည်သော အဖြစ်သည် သမာဓိမည်၏။ လေးပါးကုန်သော သတိပဋ္ဌာန်တို့သည် သမာဓိ၏ နိမိတ်အကြောင်းခံမည်ကုန်၏။ လေးပါးကုန်သော သမ္မပ္ပဓာန်တို့သည် သမာဓိ အခြံအရံမည်ကုန်၏။ လေးပါးကုန်သော သတိပဋ္ဌာန်တို့သည် မဂ်ကိစ္စလေးပါး ကို ပြီးစေတတ်သောကြောင့် သမာဓိနိမိတ် ဆိုသည်။ လေးပါးကုန်သော သမ္မပ္ပဓာန်တို့သည် မဂ်ကိစ္စ လေးပါးကို ပြီးစေတတ်သောကြောင့် သမာဓိ၏ အခြံအရံဆိုသည်။ တေသံ တေသံ ယေဝဓမ္မာနံ၊ ထိုထိုသို့သောတရားတို့ကိုဆိုရာ၌ မဂ်စိတ်နှင့် ယှဉ်သောတရားတို့ကိုယူ။ မှီဝဲခြင်း, ပွားများခြင်း, လေ့လာခြင်း

ဆိုရာ၌ ခြောက်ဒွါရ ခြောက်အာရုံတို့ကို ကျရောက် တိုက်ဆိုင်လာသောအခါ ဖစ္စုပ္ပန်အခိုက်အတန့်၌ မဲမဲသဲသဲ အားခဲ၍မှတ်သည်ကို မှိဝဲပွားများခြင်း, လေ့လာခြင်း ဆိုသည်။ ၎င်းမှတ်ခြင်း, ပွားများခြင်း, လေ့လာခြင်းကို သမာဓိဘာဝနာ ဆိုရသည်။

စတ္တာရော သတိပဋ္ဌာနာတိ မဂ္ဂက္ခဏေ စတုကိစ္စ
သာဓာရဏဝသေန ဥပ္ပန္နာသတိသမာဓိယာ
ပစ္စယဋ္ဌေန နိမိတ္တံ စတ္တာရော သမ္မပ္ပဓာနာတိ
စတုကိစ္စ သာဓာရဏဝသေန ဥပ္ပန္နံဝီရိယံ
ပရိဝါရဋ္ဌေန ပရိက္ခာရော ဟောတိ တေသံ
တေသံယေဝ ဓမ္မာနန္တိ တေသံမဂ္ဂသမ္ပယုတ္တ
ဓမ္မာနံ အာသေဝနာတိအာဒီသု ကေစိတ္တက္ခဏိကာဝ
အာသေဝနာဒယောဝုတ္တံ။

(မူလပဏ္ဏာသဋ္ဌကထာဝေဒလ္လသုတ်အဋ္ဌကထာ)

စတ္တာရော သတိ ပဋ္ဌာနာတိ၊ စတ္တာရော သတိ ပဋ္ဌာနာ ဟူသည်ကား။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ စတုကိစ္စသာဓာရဏဝသေန၊ လေးပါးသောမဂ်ကိစ္စနှင့် ဆက်ဆံသည်၏ အစွမ်းဖြင့်။ ဥပ္ပန္နာ၊ ဖြစ်သော။ သတိ၊ မှတ်ခြင်းသတိသည်။ ပစ္စယဋ္ဌေန၊ အကြောင်းဟူသော အနက်ကြောင့်။ နိမိတ္တံ၊ နိမိတ်မည်၏။ စတ္တာရောသမ္မပ္ပဓာနာတိ၊ စတ္တာရောသမ္မပ္ပဓာနာ ဟူသည်ကား။ စတုကိစ္စသာဓာရဏဝသေန၊ လေးပါးသောမဂ်ကိစ္စနှင့် ဆက်ဆံသည်၏ အစွမ်းဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝီရိယံ၊ ဝီရိယတည်း။ တံဝီရိယံ၊ ထိုဝီရိယသည်။ ပရိဝါရဋ္ဌေန၊ အခြံအရံဟူသောအနက်ကြောင့်။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဝါ၊ အခြံ အရံသည်။ ဟောတိ၊ ဖြစ်၏။ တေသံ တေသံ ယေဝ ဓမ္မာနန္တိ၊ တေသံ တေသံ ယေဝ ဓမ္မာနံဟူသည်ကား။ တေသံမဂ္ဂသမ္ပယုတ္တဓမ္မာနံ၊ ထို မဂ်လေးပါးနှင့် ယှဉ်သော သမ္ပယုတ်တရားတို့၏။ အာသေဝနာတိအာဒီသု၊ မှီဝဲခြင်း အစရှိသည်တို့၌။ ကေစိတ္တက္ခဏိကာဝ၊ တစ်ခုသော စိတ္တက္ခဏရှိသည် ဖြစ်၍သာလျှင်။ အာသေဝနာဒယော၊ မှီဝဲခြင်းအစရှိသည်တို့ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပာယ်ကား။** ။လေးပါးသော သတိပဋ္ဌာန်ဟူသည်ကား မဂ်ခဏ၌ လေးပါးသော မဂ်ကိစ္စနှင့် ဆက်ဆံသည် ယှဉ်သည်၏အစွမ်းဖြင့်ဖြစ်သော သတိသည် အကြောင်းဟူသော အနက်ကြောင့် နိမိတ်ဆိုသည် လေးပါးကုန်သော

သမ္မပ္ပဓာန်ဟူသည်ကား မင်္ဂခဏ၌ လေးပါးသောမင်္ဂကိစ္စနှင့် ဆက်ဆံသည် ယှဉ်သည်၏အစွမ်းဖြင့်ဖြစ်သော ဝီရိယကိုဆိုသည်။

ထိုဝီရိယသည် အခြံအရံဟူသော အနက်ကြောင့် ပရိက္ခာရ ဆိုသည်။ ထိုထိုသို့သော တရားဆိုသည်ကား မင်္ဂလေးပါးနှင့် ယှဉ်သောတရားကို ဆိုသည်။ အာသေဝနာတိအာဒီသု၊ မှီဝဲခြင်းအစရှိသည်တို့၌ အာဒိသဒ္ဒါနှင့် ပြဆိုသည်မှာ မြင်ဆဲခဏ-ပစ္စုပ္ပန်အတွင်း မြင်-မြင်သည်ဟုမှတ်သော စိတ်တစ်ချက်၌ မှီဝဲသည် - ပွားများသည် - လေ့လာသည်ဟု ဆိုပေသည်။ မဂ္ဂသမ္ပယုတ္တာနံအရကို ပြဆိုဦးအံ့။

မဂ္ဂသမ္ပယုတ္တဓမ္မာနန္တိ ဣမိနာ မဂ္ဂဓမ္မာနမ္ပိ ဂဟဏံ
နတံသမ္ပယုတ္တဖဿာဒီနံယေဝ။ ။ (ဋီကာပါဠိ)

မဂ္ဂသမ္ပယုတ္တဓမ္မာနန္တိ ဣမိနာ၊ မဂ္ဂသမ္ပယုတ္တ ဓမ္မာနံဟူသော ပါဌ်ဖြင့်။ မဂ္ဂဓမ္မာနံ၊ မင်္ဂနှင့် ယှဉ်သော တရားတို့ကိုလည်း။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တံသမ္ပယုတ္တဖဿာဒီနံယေဝ၊ ထိုမင်္ဂနှင့် ယှဉ်သော ဖဿ အစရှိသော တရားတို့ကိုသာလျှင်။ နဂဟိတာ၊ မယူအပ်။

ထို့နောက် ဝိသာခ အနာဂါမ် သူဌေးကြီးသည် အရှင် ဓမ္မဒိန္နာ ရဟန္တာမကို လောကုတ္တရာသမာဓိကို မေးသည်။

ကေစိတ္တက္ခဏိကံ မဂ္ဂသမာဓိံ သနိမိတ္တံသပရိက္ခာရံ
ပုစ္ဆန္တော ကတမောပနယျေတိအာဒိံ ။

(စူဠဝေဒလ္လသုတ်အဋ္ဌကထာ)

သနိမိတ္တံ၊ နိမိတ်နှင့်တကွသော။ သပရိက္ခာရံ၊ အခြံအရံနှင့်တကွသော။ ကေစိတ္တက္ခဏိကံ၊ တစ်ခုသောစိတ္တက္ခဏရှိသော။ မဂ္ဂသမာဓိံ၊ မင်္ဂနှင့်ယှဉ်သော သမာဓိကို။ ပုစ္ဆန္တော၊ မေးလိုရကား။ ကတမောပနယျေတိအာဒိံ၊ ကတမောပနယျေ အစရှိသောစကားကို။ အာဟ၊ မိန့်ဆို၏။

သမာဓိ ဗဟုဝိဓော နာနပ္ပကာရကော
ကုသလစိတ္တေကဂ္ဂတာ သမာဓိ။ ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

သမာဓိ၊ သမာဓိသည်။ ဗဟုဝိဓော၊ များသောအပြားရှိ၏။ နာနပ္ပကာရကော၊ အထူးအထူးအပြားပြား များ၏။ ကုသလစိတ္တေကဂ္ဂတာ၊ ကုသိုလ်စိတ်နှင့် ယှဉ်သောဧကဂ္ဂတာသည်။ သမာဓိ၊ သမာဓိမည်၏။

သမာဓာနဋ္ဌေနသမာဓိ ကိံ မိဒံသမာဓာနံနာမ
ဧကာရမ္မဏေ စိတ္တစေတသိကာနံ သမံသမ္မာစ
အာဓာနံ ဋ္ဌပနန္တိ ဝုတ္တံ ဟောတိ။ ။(ဋ္ဌင်းအဋ္ဌကထာ)

သမာဓာနဋ္ဌေန၊ ကောင်းစွာ ထားခြင်းဟူသော အနက်ကြောင့်။ သမာဓိ၊ သမာဓိမည်၏။ ဣဒံသမာဓာနံနာမ၊ ဤ ကောင်းစွာ ထားခြင်းဟူသည်။ ကိံ၊ အဘယ်နည်း။ ဧကာရမ္မဏေ၊ တစ်ခုတည်းသောအာရုံ၌။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်တို့ကို။ သမံ၊ အညီအမျှ။ ဝါ၊ အညီအညွတ်။ သမ္မာစ၊ ကောင်းစွာလည်း။ ဋ္ဌပနံ၊ ထားခြင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ အာနုဘော်တစ်ခိုးကြောင့် စိတ်တည်ကြည်ဖြောင့်မှန်ရ ပေကုန်သည်။

ယဿဓမ္မဿ အာနုဘာဝေန ဧကာရမ္မဏေ
စိတ္တစေတသိကာသမံ သမ္မာစ အဝိက္ခိပမာနာ
အဝိပ္ပကိဏ္ဏာစ ဟုတွာ တိဋ္ဌန္တိ ဣဒံသမာဓာ
နန္တိဝေဒိတဗ္ဗံ။ ။(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ယဿဓမ္မဿ၊ အကြင် သမာဓိတရား၏။ အာနုဘာဝေန၊ အာနုဘော်တန်ခိုးကြောင့်။ ဧကရမ္မဏေ၊ တစ်ခုတည်းသော အာရုံ၌။ စိတ္တစေတသိကာ၊ စိတ်စေတသိက်တို့ကို။ သမံ၊ အညီအမျှ။ ဝါ၊ အညီအညွတ်။ သမ္မာစ၊ ကောင်းစွာလည်း။ အဝိက္ခိပမာနာစ၊ မပျံ့လွင့်သည် ဖြစ်၍လည်းကောင်း။ အဝိပ္ပကိဏ္ဏာစ၊ စိတ်စေတသိက်တို့ကို ဖရိုဖရဲမရှိ တစ်လုံးတစ်ခုတည်း ရှိသည် ဖြစ်၍လည်းကောင်း။ ဟုတွာ၊ ဖြစ်ကြ၍။ တိဋ္ဌန္တိ၊ မှတ်သောစိတ်တစ်ချက်၌ တစ်လုံးတစ်ခုတည်း တည်နေကြလေကုန်၏။ ဣဒံ၊ ဤသို့ တည်နေခြင်းကို။ သမာဓာနန္တိ၊ ကောင်းစွာထားခြင်းဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

အဝိက္ခေပလက္ခဏော သမာဓိ ဝိက္ခေပဝိဒ္ဓံ သနရသော၊
အဝိကမ္ပနပစ္စုပဋ္ဌာနော သုခိနောစိတ္တံ သမာဓိယတီတိ
ဝစနတော သုခမဿပဒဋ္ဌာနံ။ (ဋ္ဌင်းအဋ္ဌကထာ)

သမာဓိ၊ သမာဓိသည်။ အဝိက္ခေပ လက္ခဏော၊ မပျံ့မလွင့် တည်ကြည်ခြင်း လက္ခဏာ ရှိ၏။ ဝိက္ခေပဝိဒ္ဓံသနရသော၊ မပျံ့မလွင့်ခြင်း မတည်ကြည်ခြင်းကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ အဝိကမ္ပနပစ္စုပဋ္ဌာနော၊ မတုန် မလှုပ်ခြင်းလျှင်

ထင်မြင်သော အချင်းအရာ ရှိ၏။ သုခိနောစိတ္တံ သမာဓိယတိတိ၊ ချမ်းသာသောစိတ်ဖြင့် တည်ကြည် သမာဓိရှိသောသူ ဟူ၍။ ဝစနတော၊ ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူသောကြောင့်။ သုခံ၊ ချမ်းသာခြင်းသည်။ အဿ၊ ထိုသမာဓိ၏။ ပဒဋ္ဌာနံ၊ အကြောင်းရင်း အကြောင်းခံ မည်၏။

ယောဂီပုဂ္ဂိုလ်တို့သည် သမာဓိကို များစွာ ထူထောင်ရရှိပါမှ သမာဓိ၏ အဟုန်ဖြင့် ရုပ်နာမ်ဓမ္မ သဘာဝတို့ကို အလိုလိုထင်မြင်၍လာလိမ့်မည်။ သမာဓိဟူသည်ကား— အနိစ္စာ နုပဿနာအနိမိတ္တသမာဓိ၊ ဒုက္ခာနုပဿနာ အပ္ပဏိဟိတသမာဓိ၊ အနတ္တာနုပဿနာသုညတ သမာဓိ၊ ဟီနသမာဓိ၊ မဇ္ဈိမသမာဓိ၊ ပဏီတသမာဓိ၊ ပုဂ္ဂိုလ်အားလျော်စွာ သမာဓိများပုံကို သိမြင်ကြပါကုန်လော။

ပြဆိုခဲ့သော သမာဓိတို့သည် ကျမ်းဂန်တို့၌ များပုံကို သိစေခြင်းငှာ ရေးသားလိုက်ရပေသည်။ အားထုတ်သော ယောဂီတို့မှာ သမာဓိအမျိုးမျိုး သိမှုကိုမလို များများပွားမှုသည်သာ လိုရင်းဖြစ်ပေသည်။

သမာဓိ ဘိက္ခဝေ ဘာဝေထ အပ္ပမတ္တော နိပကော-
သတော သမာဟိတော၊ ဘိက္ခု ယထာ
ဘူတံ ပဇာနာတိ။ (ပဋိသမ္ဘိဒါဝဂ်)

ဘိက္ခဝေ၊ ချစ်သားတို့။ အပ္ပမတ္တော၊ မမေ့မလျော့သော။ သတော၊ ထင်မြင်သော သတိရှိသည်ဖြစ်၍။ နိပကော၊ ရင့်ကျက်သော အသိဉာဏ်ရှိသည်ဖြစ်၍။ သမာဓိံ၊ သမာဓိကို။ ဘာဝေထ၊ များများပွားလိုက်ကြကုန်လော။ ဘိက္ခဝေ၊ ချစ်သားတို့။ သမာဟိတော- တည်ကြည်သောစိတ်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ရုပ်နာမ်ဓမ္မ သဘာဝတို့ကို ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့ မမေ့မလျော့ ထင်မြင်သော သတိရှိသည်ဖြစ်၍၊ ရင့်ကျက်သော အသိပညာ ရှိသည်ဖြစ်၍ ခြောက်ဒွါရ ခြောက်အာရုံတို့၏ တိုက်ဆိုင်သောအခါ စိတ်ကိုမပျံ့မလွင့်စေဘဲ မြင်-မြင်သည်၊ ကြား-ကြားသည် စသည်တို့ဖြင့် တည်ကြည်စွာ မှတ်နိုင်သော သမာဓိကို များများပွားလိုက်ကြ များများမှတ်လိုက်ကြကုန်လော။ ချစ်သားတို့ ပွားများမှတ် မှတ်သား၍ စိတ်တည်ကြည်သော ရဟန်းသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဟုတ်တိုင်းမှန်စွာ သူ့အလိုလို ထင်မြင်၍လာမည်ဟု ဟောတော်မူ၏။

ပုနစပရံ အာဝုသော ဘိက္ခု သမထ ဝိပဿနံ-
ယုဂနဒ္ဓံ ဘာဝေတိ တဿာတံ မဂ္ဂံသမထ ဝိပဿနံ
ယုဂနဒ္ဓံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ။
(ပဋိသမ္ဘိဒါမဂ်),

အာဝုသော၊ ငါ့ရှင်အာနန္ဒာ။ ပုနစ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သမထဝိပဿနံ-ယုဂနဒ္ဓံ၊ သမထဝိပဿနာအစုံကို။ ဘာဝေတိ၊ ပွားများ၏။ မဂ္ဂံ၊ မဂ်ဖြစ်သော။ တံသမထဝိပဿနံယုဂနဒ္ဓံ၊ ထိုသမထဝိပဿနာအစုံကို။ ဘာဝယတော၊ ပွားများသော။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ မဂ္ဂေါ၊ မဂ်သည်။ သဉ္ဇာယတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** ငါ့ရှင်အာနန္ဒာ တစ်ဖန်လည်း တစ်ပါးတုံ ရဟန်းသည် သမထဝိပဿနာအစုံကို ပွားများ၏။ ၎င်းသမထ ဝိပဿနာအစုံကို ပွားများဆိုရာ၌၊ မြင်-မြင်သည်ဟု စသည်ဖြင့်ရှုမှတ်သောစိတ်၌ သမထနှင့် ဝိပဿနာသည် ယုဂနဒ္ဓအစုံတွဲ၍ ရှေ့မကျ-နောက်မကျ တူမျှ-ညီမျှကြ၍ တစ်ပြိုင်နက်ဖြစ်သည်ကိုဆိုသည်။ မဂ်ဖြစ်သော ထိုဝိပဿနာအစုံကို ပွားများသောရဟန်းအား မဂ်ဖြစ်သည်ဟု ဟောတော်မူသည်ကို ထောက်၍ ဝိပဿနာကိုရှုမှတ်ပွားများရာ၌ သမထပါဝင်ပြီးစီးပုံကို အလုံးစုံ သိမြင်ကြကုန်လော။

မှတ်သောစိတ်၌ သမထနှင့် ဝိပဿနာအစုံပါဝင်ပုံကို အကျယ်သိလိုလျှင် ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး စီရင်သော အာရမ္မဏဝိဝိဓဝိဿဇ္ဇနာ ကျမ်းမှာ ယူပါလေ။ သမာဓိ ဘိက္ခဝေ ဘာဝေထ—ဟူသော ပါဠိတော်ကိုထောက်၍ သိမြင်ကြစေကုန်လော။

သမာဓိ ရတနမာလဿ ကု ဝိတက္ကာ နဇာယရေ။
နစဝိက္ခိပထေစိတ္တံ ဧတံ တုမှေပိဠန္ဓထာတိ။

ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဓိ ရတနာမာလဿ၊ သမာဓိဟူသော ရတနာပန်းကို ပန်ဆင်သော ယောဂီပုဂ္ဂိုလ်အား။ ကုဝိတက္ကာ၊ မကောင်းသော မိစ္ဆာ ဝိတက်တို့သည်။ နဇာယရေ၊ မဖြစ်ကုန်ရာ။ စိတ္တံ၊ မြင်တိုင်း ကြားတိုင်း စသည်တို့ဖြင့် မှတ်သောစိတ်သည်။ နစဝိက္ခိပထေ၊ ပျံ့လည်းမပျံ့လွင့်ပါ။ ဧတံ၊ ဤသမာဓိဟူသော ရတနာပန်းကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပိဠန္ဓထ၊ ပန်ဆင်ကြပါကုန်လော။ ဣတိ၊ ဤသို့။ ဘာသိတံ၊ ဟောတော်မူအပ်၏။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့ သမာဓိဟူသော ရတနာပန်းကို ပန်ဆင်သော ယောဂီပုဂ္ဂိုလ်အား မကောင်းသော မိစ္ဆာဝိတက်ဟူသမျှတို့သည် မဖြစ်မပေါ်လာကုန်။ မြင်တိုင်း ကြားတိုင်းစသည်တို့ဖြင့် မှတ်၍နေသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် သမာဓိဖြစ်၍ မပျံ့မလွင့်ပါ။ ဤသမာဓိဟူသော ရတနာပန်းကို သင်ချစ်သားတို့သည် များများကြီး ပန်ဆင်လိုက်ကြပါကုန်လော။

ဤပါဠိတော်အရ သမာဓိကို များများရရှိပါမှ ကိလေသာ ကွာမည်။ ကိလေသာကွာမှ နာမ်ရုပ်ဓမ္မ သဘာဝနှင့်တကွ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ထင်မြင်၍ ဉာဏ်စဉ်အတိုင်း မဂ်ဖိုလ်သို့ ဝင်ရောက်ရန် ဟောတော်မူသောအရာဖြစ်၍ ထိုယောဂီပုဂ္ဂိုလ်တို့အား နာမ်ရုပ်မတွေ့မီတွင် သမထအရာ၌သာ တည်ရှိသေးသည်။ ၎င်းဝိပဿနာသမာဓိသည် လောကုတ္တရာ သမာဓိသို့ ရှေးရှုသော သမထ သမာဓိမျိုး ဖြစ်ပေသည်။

ဥပမာဆိုသော် နှမ်းဟူသော ဝတ္ထုသည် ဆီကို ဖြစ်တတ်သော်လည်း တစ်လုံး နှစ်လုံးတည်းနှင့် ဆီကိုမဖြစ်စေနိုင်ပေ။ နှမ်းများမှ ဆီရနိုင်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက သမာဓိကို များများပွားလိုက်ကြဟု ထပ်ခါထပ်ခါ မိန့်ကြားတော်မူသည်။ ၎င်းသမထသမာဓိ တည်ကြည်တိုင်း အသိဉာဏ်ပညာက နာမ်ရုပ်နှင့်တကွ အနိစ္စ, ဒုက္ခ, အနတ္တ တို့ကို သိမြင်၍လာသည်။

များစွာမှတ်ဘိ သမာဓိ ရရှိဉာဏ်ကိုသာ။
သမာဓိရ ပညာက ထင်ကြနာမ်ရုပ်သာ။ ။(သံ၃၆)

ကိဉ္စ ယထာဘူတံ ပဇာနာတိ စက္ခုံ အနိစ္စန္တိ
ယထာဘူတံ ပဇာနာတိ ရူပါ အနိစ္စာတိ
ယထာဘူတံ ပဇာနာတိ စက္ခုဝိညာဏံ
အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ စက္ခု
သမ္ဖဿော အနိစ္စောတိ ယထာဘူတံ
ပဇာနာတိ ယမ္ပိဒံ စက္ခု သမ္ဖဿ
ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ-
အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။

ကိစ္စ၊ အဘာယ်သို့လျှင်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိပါသနည်း။ စက္ခုံ၊ မျက်စိသည်။ အနိစ္စန္တိ၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ ရူပေ၊ အဆင်းရုပ်တို့သည်။ အနိစ္စာတိ၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ အနိစ္စန္တိ၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ အနိစ္စောတိ၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုနှင့် တွေ့ထိခြင်းဟူသော အကြောင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခ မသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ်, ချမ်းသာသည်လည်း မဟုတ်သော။ ယမ္ပိဒံ ဝေဒယိတံ၊ အကြင် ခံစားခြင်းသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အနိစ္စန္တိ၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏။

အဓိပ္ပာယ်လိုရင်းအကျဉ်းကား။ ။စက္ခုပသာဒ - ရူပါရုံ -စက္ခုဝိညာဏ် တွေ့ထိခြင်း ဖဿ၊ ခံစားတတ်သော ဝေဒနာ ဤ ငါးပါးတို့သည် အဆင်းရုပ်ကို မြင်-မြင်သည်ဟုမှတ်သော စိတ်တစ်ချက်၌ အကုန်ပါဝင်၍ ပြီးစီးပေတော့ပေသည်။ ကျေးဇူးရှင်ဖြစ်တော်မူသော ဇေတဝန်ဆရာတော်ဘုရားကြီးက ပြဆိုခဲ့သော ငါးဌာနကိုဟောတော်မူသည်မှာ စက္ခုကလဲ ကြည်သတဲ့၊ အဆင်းကလဲ ထင်သတဲ့၊ ဝိညာဏ်ကလဲ သိသတဲ့၊ ဖဿကလဲ တွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့။ ဤငါးပါး ပေါင်းဆုံမိကြတော့ ကုန်ဆုံးကြတာပဲ၊ ကုန်ဆုံးဆိုတာက အနိစ္စပဲဟု ဟောတော်မူ၏။

အနိစ္စတော မနသိကရောတော
ခယတော သင်္ခါရ ဥပဋ္ဌဟန္တိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အနိစ္စတော၊ မမြဲဟု။ မနသိကရာတော၊ နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်အား။ ခယတော၊ ကုန်ဆုံး၏ဟု။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်မြင်ကုန်၏။ ဤကား ဆရာတော်ဘုရားကြီး ဟောကြားပုံ။ အကြွင်း ရှေးနည်းတူ သိမြင်ကြကုန်။

ပိဋ္ဌက်ရတိုဃ မည်သောတောင်၌ နေတော်မူသော အရှင် မဟာဓမ္မဒိန္န ရဟန္တာအရှင်မြတ်သည် စိတ်အကြံဖြစ်ရာ ငါ၏ကျေးဇူးရှင် ဖြစ်တော်မူသော

ဆရာဘုရားသည် ရဟန်း၏ကိစ္စ ကုန်ဆုံးပြီလော - မဆုံးလောဟု ဆင်ခြင်ရာ မကုန်ဆုံးသည်ကိုသိသဖြင့် ပုထုဇဉ်အဖြစ်နှင့်သေရမည်ကို မြင်တော်မူလေ၏။

မဟာနာဂထေရဿ သမဏဘာဝကိစ္စံ
မတ္ထကံ ပတ္တံ နောဝ အာဝဇ္ဇန္တော ပုထုဇ္ဇနဝ
ဘာဝမေဝ ပဿိတွာ မယံ အာဂစ္ဆန္တော
ပုထုဇ္ဇနကာလကိရိယမေဝ ကရိဿတိ။

မဟာနာဂထေရဿ၊ ဆရာဖြစ်သော မဟာနာဂထေရ်အား။ သမဏဘာဝကိစ္စံ၊ ရဟန်းအဖြစ်၌ ကျင့်အပ်သော ကိစ္စသည်။ မတ္ထကံ၊ အပြီးအဆုံး ရဟန္တာအဖြစ်သို့။ ပတ္တံ၊ ရောက်လေသလော။ နောဝ၊ မရောက်လေသလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇန္တော၊ ဆင်ခြင်သည်ရှိသော်။ အဿ၊ ထိုဆရာဖြစ်သော မဟာနာဂထေရ်၏။ ပုထုဇ္ဇနဘာဝမေဝ၊ ပုထုဇဉ်အဖြစ်ကိုသာလျှင်။ ဒိသွာ၊ မြင်တော်မူ၍။ မယံ၊ ငါကဲ့သို့သော တပည့်သည်။ အာဂစ္ဆန္တော၊ မသွားတဲ နေသည်ရှိသော်။ ပုထုဇ္ဇနကာလကိရိယမေဝ၊ ပုထုဇဉ်၏ သေခြင်းကိုသာလျှင်။ ကရိဿတိ၊ ပြုရလတ္တံ့။

ထိုအခါ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် မဟာနာဂမထေရ်၏ အနီးသို့ဆင်း၍ ရှိခိုးလျက်နေရာတွင် ဆရာက ငါ့ရှင် အခါမဟုတ်ဘဲ အဘယ့်ကြောင့် လာသနည်းဟုမေးရာတွင် ပုစ္ဆာတစ်ထောင်မေးလို၍ လာပါသည်ဟု လျှောက်ကြား၏။ သိလျှင် ဖြေဆိုမည် မေးလော့ဟုဆို၏။ တပည့် မဟာဓမ္မဒိန္န ရဟန္တာသည် မေး၍ မေးတိုင်းမေးတိုင်း လွယ်လင့်တကူဖြေဆို၏။ အရှင်ဘုရား ဤကဲ့သို့ သမာဓိတရားမျိုးကို ရသည်ကား အဘယ်မျှ ကြာပါသနည်းဟု လျှောက်ကြားရာ ယနေ့ကစ၍ နှစ်ပေါင်း ၆၀ ရှိလေပြီဟုဆို၏။

သမာဓိံ ဘန္တေ ဝလဉ္ဇထာတိ နဣဒံ ဘာရိယံ။

ဘန္တေ၊ အရှင်ဘုရား။ သမာဓိံ၊ သမာဓိကို။ ဝလဉ္ဇထ၊ သုံးဆောင် ဝင်စားပါသလော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးလျှောက်လေ၏။ အာဝုသော၊ ငါ့တပည့်။ ဣဒံ၊ ဤသမာဓိသည်။ နဘာရိယံ၊ ဝန်မလေးပါ။

သမာဓိကိုဝန်မလေးပါလျှင် ကြီးစွာသောဆင်ပြောင်ကြီးကို ဖန်ဆင်း၍ အရှင်ဘုရားနှင့် တပည့်တော်တို့ရှိရာသို့ ပြေးလွှား၍လာသည်ကို ပြပါလောဟု လျှောက်ကြားရာတွင် လျှောက်သောအတိုင်း ဖန်ဆင်း၍ ဆင်ပြောင်ကြီး

ပြေးလွှားရာတွင် မဟာနာဂထေရ်ကြီးသည် မိမိဖန်ဆင်းသော ဆင်ပြောင်ကြီးကို ကြောက်လန့်၍ ထွက်ပြေးမည်ပြု၏။ တပည့် မဟာဓမ္မဒိန္နက အရှင်ဘုရား.... ရဟန္တာတို့သည် ကြောက်လန့်ခြင်း ရှိပါသလောဆိုလေလျှင် ငါ့ရှင်မဟာဓမ္မဒိန္န ကယ်တော်မူပါ၊ ငါ့ရှင်ကိုသာ ကိုးကွယ်ရာ ရှိပါတော့သည်ဟုဆို၍ တပည့်၏ ခြေရင်း၌ ဝပ်စင်း၍နေလေ၏။

မဟာဓမ္မဒိန္န ရဟန္တာအရှင်က ဆရာ မဟာနာဂမထေရ်ကြီးကို ဘယ်က လှမ်း၊ ညာကလှမ်း စင်္ကြံကြွကမ္မဋ္ဌာန်းကို လှမ်းကြွတော်မူပါဟု လျှောက်ကြားလေသော် စိတ်ရင်းနှင့်တကွ လှမ်းကြွပုံမှာ ဖဝါးကြွခြင်းသည် စိတ်ရင်းကိုမှတ်၊ ကြွ-ကြွသည်ကိုမှတ် ဥဒ္ဓါရဏခေါ်သည်။ ၁-ဖဝါးရွှေဆောင်ခြင်းသည် စိတ်ရင်းကိုမှတ်၊ ဆောင်-ဆောင်သည်ကိုမှတ်၊ အတိဟရဏခေါ်သည်။ ၂-ဖဝါး လှုပ်ခြင်း, ရှောင်ခြင်းသည် စိတ်ရင်းကိုမှတ်၊ လှုပ်-လှုပ်သည်၊ ရှောင်-ရှောင်သည်ကိုမှတ်၊ ဝိတိဟရဏခေါ်သည်။ ၃-ဖဝါးမြေသို့ညွှတ်ခြင်းသည် စိတ်ရင်းကိုမှတ်၊ ညွှတ်-ညွှတ်သည်ကိုမှတ်၊ ဝေါဿဇ္ဇနခေါ်သည်။ ၄-ဖဝါးမြေ၌ နင်းထိခြင်းသည် စိတ်ရင်းကိုမှတ်၊ နင်းထိ-နင်းထိသည်ကိုမှတ်၊ သန္နိက္ခေပန ခေါ်သည်။ ၅-ဖဝါးကို တစ်ဖန် မြေ၌နင်းနှိပ်ခြင်းသည် စိတ်ရင်းကိုမှတ်၊ နင်းနှိပ်-နင်းနှိပ်သည်ကို မှတ်၊ သန္နိရုဇ္ဈန ခေါ်သည်။ ၆-ထို ခြောက်ဌာနတို့ကိုလည်း အောက်၌ပြဆိုခဲ့လေပြီ။ ဤကား ဘယ်လှမ်း၊ ညာလှမ်း၊ စင်္ကြံကြွကမ္မဋ္ဌာန်း၌ ခြေတစ်လှမ်းတွင် သိမှတ်ရပုံတည်း။

ဋင်းအမှတ်အသိမျိုးမှာ တိက္ခပုဂ္ဂိုလ်တို့သာ မှတ်နိုင်ပေသည်။ ထိုကဲ့သို့ မှတ်သိနိုင်မှ မဂ်ဖိုလ်ကို ရသည်မဟုတ်ပေ။ တစ်ချက်မှတ်၊ နှစ်ချက်မှတ် စသည် တို့၌လည်း မဂ်ဖိုလ်ကိုရပေ၏။ မဟာနာဂမထေရ်ကြီးသည် တပည့် မဟာဓမ္မဒိန္န ပေးသော ဘယ်လှမ်း၊ ညာလှမ်း၊ စင်္ကြံသွားကမ္မဋ္ဌာန်းကို စည်းကမ်းကျကျ နည်းလမ်းပြသည့်အတိုင်း မဲမဲသဲသဲအားခဲ၍ ခြေလှမ်းကို မှတ်၍လှမ်းလေသော် ခြောက်ဖဝါးအလွန် ခုနစ်ဖဝါးနှင့်ပင် ရဟန္တာဖြစ်လေ၏။

ယခုအခါ ကမ္မဋ္ဌာန်းကို အားထားကြရာ၌ ဆရာက ဘုရားဟော အတိုင်း ဟောပြသော်လည်း တပည့်က ပို၍သော်လည်း နေကြ၏။ လို၍သော် လည်း နေကြသည်။ ပို၍ လို၍ နေကြပါလျှင် ဆရာစကား နားထောင်ရာ မရောက်၊ ဆရာစကား နားမထောင်က ဘုရားစကား နားထောင်ရာ မရောက် ကြ၍ နေ့ရှည်လများ အားထားကြရပေကုန်သည်။

မဟာဓမ္မဒိန္န ရဟန္တာသည် ဆရာဖြစ်သော မဟာနာဂ မထေရ်ကြီးကို ဆုံးလမ်းတိုင်အောင် ကမ္မဋ္ဌာန်းပေးပြီးလျှင် စိတ္တလတောင် နိက္ကပေါဏက ပတာနုဿရ အရပ်၌နေသော စုလ္လသုမနမထေရ်ထံသို့ ချဉ်းကပ်၍ မဟာနာဂ မထေရ်နှင့်နည်းတူ ပုစ္ဆာတစ်ထောင်မေး၍ ဖြေဆိုလေ၏။ ဤတရားရသည်ကား အဘယ်မျှလောက် ကြာပြီနည်းဟုလျှောက်၏။ ဤနေ့ကစ၍ နှစ်ပေါင်း ၆၀ ရှိပြီဟုပြော၏။ တစ်ဖန် အရှင်ဘုရား ရေကန်တစ်ခု၌ ကြာငုံ ကြာရွက်တစ်ခု ပေါ်မှာ လှုပတင့်တယ် ရှုချင်ဖွယ်ကောင်းသော မာတုဂါမ တစ်ယောက် ကခုန်၍ သီချင်းသံဖြင့်ဆို၍ ဖန်ဆင်းလျက် အဖန်တလဲလဲ ရှုကြည့်ပါလောဟု လျှောက်ကြားလေ၏။

ထိုအခါ စုလ္လသုမန မထေရ်ကြီးသည် လျှောက်ကြားသောအတိုင်း ဖန်ဆင်း၍ တစိမ့်စိမ့်ကြည့်ရှုသော် အဝါခြောက်ဆယ် ကာလပတ်လုံး မငွေ့ မသန်းသော ကိလေသာတို့သည် မိမိဖန်ဆင်းသော ကချေသည်မကို မြင်ရာ၌ ကိလေသာတို့သည် ကြီးစွာတုန်လှုပ်၍လာလျှင် ငါ့ရှင်ဓမ္မဒိန္န ကယ်တော်မူပါဟု ခြေရင်း၌ဝပ်စင်း၍ ကမ္မဋ္ဌာန်းပေးပါလောဟု ဆိုလေသော် မဟာနာဂမထေရ် အတိုင်းပေး၍ ရဟန္တာဖြစ်လေ၏။

ဟာက်နက အရပ်၌နေသော မဟာဒတ္တမထေရ်ကြီးကိုလည်း မဟာနာဂ မထေရ်အတိုင်း ကမ္မဋ္ဌာန်းပေး၍ ရဟန္တာဖြစ်လေ၏။ မဟာဓမ္မဒိန္န ရဟန္တာသည် မိမိဆရာတွေ၏ ဂုဏ်ကျေးဇူးကို ကမ္မဋ္ဌာန်းနှင့် ပေးဆပ်တော်မူပေသတည်း။ မဟာဓမ္မဒိန္န မထေရ်ကို ထောက်၍ ဆရာပြုလုပ်ကြသော သူတို့သည် တပည့်၌ တရားရှိခဲ့သော် ရိုသေလေးမြတ်စွာ တရားတောင်းသင့်ပေ၏။

လောကီသမာဓိမျိုးသည် တစ်နေ့တစ်လလုံးတည်စေ၊ တစ်နှစ်တစ်သက်လုံး တည်ရှိစေ၊ တစ်ကမ္ဘာလုံး တည်ရှိစေ။ အာရုံငါးပါး-ကာမဂုဏ်တရားနှင့် ယခုတွေ့ကြုံလျှင် ယခုပင်ပျက်ကြလေ၏။ ရောဂါငုတ်ရှိသောသူတို့သည် မသင့် မတင့်သော အစာအညော်တို့နှင့် တွေ့ကြုံလျှင် မြုံ၍ထကြသကဲ့သို့ မှတ်ကြလေ။

နခေါပနတေ စုန္ဒ အရိယဿ ဝိနယေ
သံကိလေခါ ဝုစ္စန္တိ ဒိဋ္ဌဓမ္မသုခဝိဟာရာ
ဧတေ အရိယဿ ဝိနယေ ဝုစ္စန္တိ။ ။(မူလပဏ္ဏာသ)

စုန္ဒ၊ ချစ်သားစုန္ဒ။ ဧတေ၊ သမာဓိ အဘိညာဏ် သမာပတ်တို့ကို။ အရိယဿဝိနယေ၊ ငါဘုရား၏ အဆုံးအမ၌။ သံကိလေခါ၊ ကိလေသာကို

ပယ်ခွာတတ်သော သံကိလေခဟူ၍။ နဝုစ္စန္တိ၊ မဆိုနိုင်ကုန်။ ဧဝေ၊ ထိုသမာဓိ အဘိညာဏ် သမာပတ်တို့ကို။ အရိယဿ ဝိနယေ၊ ငါဘုရား၏ အဆုံးအမ၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာ၊ မျက်မှောက်၌ ချမ်းသာသော နေခြင်းဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော
ပဉ္စာဘိညဿပိ ဒိန္နဒါနတော သာသနေ
တိသရဏဿ ဒိန္နဒါနံ မဟပ္ဖလတရံ ဟောတိ။
(မူလပဏ္ဏာသအဋ္ဌကထာ)

ဗာဟိရကဿ၊ သာသနာပ၌ ဖြစ်သော။ အဋ္ဌသမာပတ္တိလာဘိနောပိ၊ ရှစ်ပါးသော သမာပတ်ကို ရသောပုဂ္ဂိုလ်အားလည်းကောင်း။ ပဉ္စာဘိညဿပိ၊ ငါးပါးသော အဘိညာဏ်ကိုရသော ပုဂ္ဂိုလ်အား လည်းကောင်း။ ဒိန္နဒါနတော၊ ပေးလှူရသောထက်။ သာသနေ၊ သာသနာတော်၌။ တိသရဏဿ၊ သရဏဂုံသုံးပါးကို ဆောက်တည်ရသောပုဂ္ဂိုလ်အား။ ဒိန္နဒါနံ၊ ပေးလှူရသော အလှူသည်။ မဟပ္ဖလတရံ၊ ကြီးမြတ်သောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဗာဟိရကေ ကာမေသု ဝီတရာဂေသု
ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ
ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ သောတာ
ပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ
ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ
ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ။(ဥပရိပဏ္ဏာသပါဠိတော်)

ဗာဟိရကေ၊ သာသနာပ၌။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဝီတရာဂေသု၊ ကင်းသော ရာဂရှိကုန်သော။ အဋ္ဌသမာပတ္တိသု၊ ရှစ်ပါးသော သမာပတ်ကို ရကုန်သော စျာန်ရပုဂ္ဂိုလ်တို့၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူ၍။ ကောဋိသတသဟဿဂုဏာ၊ ကုဋေ တစ်သိန်းမျှလောက်သော အဖိုးရှိသော။ ဒက္ခိဏာ၊ အလှူ၏အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း အကျိုးငှာ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေးလှူ၍။ အသင်္ချေယျာ၊ အပ္ပမေယျာ၊ မရေမတွက် မပိုင်းမခြားနိုင်သော။ ဒက္ခိဏာ၊ အလှူ၏ အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။

သေက္ခပုထုဇ္ဇနာနံ သမာပတ္တိတော ဝုဋ္ဌာယ
သမာဟိတေန စိတ္တေန ဝိပဿိဿာမာတိ။
ဘာဝယတာ ဝိပဿနာယ ပဋ္ဌာနတ္တာ
အပ္ပနာ သမာဓိ ဘာဝနာပိ သမ္ဗာဓေ-
ဩကာသာပိ ဂမဝသေန ဥပစာရ
သမာဓိဘာဝနာပိ ဝိပဿနာနိသံသာ ဟောတိ။ ။(ဝိသုဒ္ဓိမဂ်)

သေက္ခပုထုဇ္ဇနာနံ၊ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ သမာဟိတေန၊ တည်ကြည်သော။ စိတ္တေန၊ စိတ်ဖြင့်။ ဝိပဿိဿာမ၊ ရှုကုန်မှတ်ကုန်အံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဘာဝယတာ ဘာဝယန္တာနံ၊ပွားကုန်မှတ်ကုန်သောယောဂီပုဂ္ဂိုလ်တို့အား။ ဝိပဿနာယ၊ ဝိပဿနာ၏။ ပဋ္ဌာနတ္တာ၊ အကြောင်း၏အဖြစ်ကြောင့်။ အပ္ပနာသမာဓိဘာဝနာပိ၊ အပ္ပနာသမာဓိ ဘာဝနာသည်လည်း။ သမ္ဗာဓေ၊ ကျဉ်းမြောင်းသော အရာ၌။ ဩကာသာဓိဂမနဝသေန၊ အခွင့်ကိုရသည်၏ အစွမ်းဖြင့်။ ဥပစာရသမာဓိဘာဝနာပိ၊ ဥပစာရသမာဓိ ဘာဝနာသည်လည်း။ ဝိပဿနာနိသံသာ၊ ဝိပဿနာဟူသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ကမ္မဋ္ဌာန်း ၄၀-က ရရှိထူထောင်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ဤကျမ်း၌ ပြဆိုသောအတိုင်း ဝိပဿနာလမ်းကို အဆောတလျင် ကူးသင့်လှပေကုန်သည်။ ဝေဘူလတောင်သို့ ရောက်ပါလျက်နှင့် အဖိုးအနဂ္ဃ ထိုက်လှစွာသော ပတ္တမြားရတနာကို မကောက်ယူဘဲ မီးခတ်ကျောက်ကို အကောက်မှားသကဲ့သို့။ မမဲသဲ စိတ်မှာစွဲ၍ အမြဲစဉ်းစားတော် မူကြပါကုန်လော။

မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တောကျောင်းနေ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သီလရှိသူ-သမာဓိရသူ။ ဗဟုသုတရှိသူတို့သည်။ ရဟန္တာဖြစ်လိုမှုသည်။ မခက်ခဲပါဟုဘုရားရှင်လျှောက်ကြားရာ၌။

နသီလဗ္ဗတမတ္တေန ဗဟုသစ္စေန ဝါပန
အထဝါ သမာဓိ လာဘေန
ဝိဝိတ္တသယနေန ဝါ
ဖုသာမိတိ နေက္ခမသုခံ၊ အပုထုဇ္ဇနသေဝိတံ
ဘိက္ခုဝိဿာသံမာပါဒိ၊ အပတ္တော အာသဝက္ခယံ။

(ဓမ္မပဒပါဠိတော်)

သီလဗ္ဗတမတ္တေနဝါ၊ သီလအကျင့် ရှိကာမျှဖြင့် လည်းကောင်း။ ဗဟုသစ္စေန ဝါပန၊ အကြားအမြင်နှင့် ပြည့်စုံကာမျှဖြင့်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ သမာဓိလာဘေနဝါ၊ သမာဓိကိုရကာမျှဖြင့်လည်းကောင်း။ ဝိဝိတ္တသယနေနဝါ၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့် လည်းကောင်း။ အပုထုဇ္ဇနသေဝိတံ၊ ပုထုဇဉ်တို့ မမှီဝဲအပ်သော။ နေက္ခမသုခံ၊ အနာဂါမိဖိုလ်ချမ်းသာကို။ ဖုသာမိတိ၊ ရောက်၏ ရ၏ဟူ၍လည်းကောင်း။ ဘိက္ခု၊ ရဟန်း။ အာသဝက္ခယံ၊ အာသဝေါတို့ ကင်းရာ ကုန်ရာချုပ်ရာငြိမ်းရာဖြစ်သောအရဟတ္တဖိုလ်သို့။ အပတ္တော၊ မရောက်မရသေးဘဲ။ ဝိဿာသံ၊ ဝင်္ကြွင်း၌ခံစားခြင်းသို့။ ဝါ၊ ဝင့်ဆင်းရဲ၌ အကြုံးဝင်ခြင်းသို့။ မာပါဒိ၊ မရကြစေလင့်။

(၂၇) ယောဂီတို့၏ အာရုံသမာဓိဖြစ်ပုံကို – ပါဠိတော်အာဂုံ
နှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်းပြီး၏။

❀ ❀ ❀

## ၂၈။ အဓမ္မနှင့်ဓမ္မ ဓမ္မနှင့်အဓမ္မ နိရယကျပုံကို ဥဒါဟရဏ်ပုံစံနှင့် ထုတ်ပြန်ကာ ပြဆိုခြင်း

တရားမဟုတ်သည်၌ တရားဟုတ်သည်ဟု ပြောဟောခြင်း။ တရားဟုတ်သည်၌ တရားမဟုတ်ဟု ပြောဟောခြင်း။ ထိုသို့ပြောဟောကြရာ၌ အချို့သော ဆရာတို့သည် မိမိဂုဏ်ကိုငဲ့ကွက်၍ ရုပ်နာမ်ဓမ္မသဘာဝတို့ကို ကျနမှန်ကန်စွာ။ မသိဘဲလျက် သိလေယောင်ဆောင်၍ မိမိဘက်ကိုသာပါအောင် ငင်ဆောင်ဆွဲယူ၍ ပြောဟောခြင်းသည်၊ အဓမ္မ–တရားမဟုတ်သည်ကို၊ ဓမ္မ–တရားဟုတ်သည်ဟု ပြောဟောခြင်းမည်၏။

တရားဓမ္မဟုတ်သည်မှန်သည်ကို တရားမဟုတ်မမှန်ဟု မိစ္ဆာဉာဏ်ဝင်စား၍၊ မှောက်မှားသဖြင့် မိမိလည်းမယူနိုင်ပေ၊ သူတစ်ပါးကိုလည်း မယူစေရန် အားပေးသည်၊ ဓမ္မ-တရားဟုတ်မှန်သည်ကို၊ အဓမ္မ-တရားမဟုတ်မမှန်ဟု ပြောဟော ခြင်းမည်၏။

ယေတေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ။ ဗဟုဇနအသုခါယ ဗဟုဇနေဿဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုံ အပုညံ ပသဝန္တိ တေစိမံ သဒ္ဓမ္မံ အန္တရ ဓာပေန္တိ။ ။(အင်္ဂုတ္တိုရ်ကပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ယေတေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မဟုတ်မမှန်သည်ကို။ ဓမ္မောတိ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း ဟုတ်မှန်သည်ဟူ၍။ ဒီပေန္တိ၊ ဟောပြောပြသကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုဇနအဟိတာယ၊ များစွာသောလူအပေါင်းတို့အား စီးပွားယုတ်စေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြ ပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟုဇနအသုခါယ၊ များစွာသော လူအပေါင်းတို့အား ချမ်းသာမရစေခြင်းငှာ။ ဗဟုဇနေဿဇနဿ၊ များစွာသော လူအပေါင်းတို့အား။ အနတ္ထာယ၊ အကျိုးယုတ်စေခြင်းငှာ။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ အဟိတာယ၊ စီးပွားမဲ့ဖြစ်စေခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲဖြစ်စေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြ ပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုံ၊ များစွာ။ ဝါ၊ အတိုင်းမသိ။ အပုညံ၊ မကောင်းမှုအကုသိုလ်ကို။ ပသဝန္တိ၊ လဘန္တိ၊ ရကြလေကုန်၏။ တေစဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း။ ဣမံသဒ္ဓမ္မံ၊ ဤနိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို။ အန္တရဓာပေန္တိ၊ ကွယ်စေ-ပျောက်စေ-ပစေသည် မည်ကုန်၏။

ဤပါဠိတော်ကို ထောက်သဖြင့် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားကို ကွယ်ပျောက်အောင် စိတ်ရှိသည်ဖြစ်စေ၊ စိတ်မရှိသည်ဖြစ်စေ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် မဟုတ်သေးဘဲလျက် ဆိုက်ရောက်ပြီဟု အယူရှိခြင်း၊ ပြောဟောခြင်းတို့သည်၊ သူတော်ကောင်းတရားတို့ကို ကွယ်ပျောက်အောင်ပြုသည် မည်ကုန်၏။ အတိုင်းမသိ အကုသိုလ်ကို ရသည် မည်ကုန်၏။ ယခုအခါ ဤကဲ့သို့သော အယူကို ယူကြ၍ ပြောဟောခြင်းကား များကြကုန်၏။ ပညာရှိတို့သည် သတိ ရရှိပါကုန်လော့။ တရားတော်ကို အမှန်မသိပါလျှင် ဆိတ်ဆိတ်နေဘိ သမ္မောဓိဟူ၍ ရှေးသူတော်ကောင်းတို့ ဆိုရိုးစကားရှိပေသည်။

ယေ ပန တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ အဓမ္မောတိ ဒီပေန္တိ
ဓမ္မံ ဓမ္မောတိ ဒီပေန္တိ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနဟိတာယ
ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ-ဟိတာယ
သုခါယ ဒေဝမနုဿာနံ-တေ ဘိက္ခဝေ ဘိက္ခူ ပုညံ ပသဝန္တိ။
တေ စိမံ သဒ္ဓမ္မံ ဌပေန္တိ။ ။ (အင်္ဂုတ္တရတိကပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ယေဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မဟုတ်မမှန်သည်ကို။ အဓမ္မောတိ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်း မဟုတ်မမှန်ယူ၍။ ဒီပေန္တိ၊ ပြောဟောပြသကုန်၏။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းကို။ ဓမ္မောတိ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍။ ဒီပေန္တိ၊ ပြောဟောပြသကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုဇနဟိတာယ၊ များစွာသောလူအပေါင်းတို့အား စီးပွားဖြစ်စေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟုဇနသုခါယ၊ များစွာသော လူအပေါင်းတို့အား ချမ်းသာစေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟုနောဇနဿ၊ များစွာသော လူအပေါင်း၏။ အတ္ထာယ၊ အကျိုးငှာ။ ပဋိပန္နာ၊ ကျင့်ကြပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ဟိတာယ၊ စီးပွားအလို့ငှာ။ သုခါယ၊ ချမ်းသာစေခြင်းငှာ။ ပဋိပန္နာ၊ ကျင့်ကြ ပြောဟောကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ချစ်သားတို့။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဗဟုံ၊ များစွာ။ ဝါ၊ အတိုင်းမသိ။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ပသဝန္တိ၊ လဘန္တိ၊ ရကြကုန်၏။ တေစဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း။ ဣမံသဒ္ဓမ္မံ၊ ဤ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို။ ဌပေန္တိ၊ တစ်နေ့တခြား စည်ပင်ပြန့်ပွား၍ သာသနာတော်ကြီး တည်ကုန်လတ္တံ့။

ဤပါဠိတော်ကို ထောက်သဖြင့် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားကို ဟောကြားပြသနိုင်သော ဆရာကောင်းသည် လွန်စွာခဲယဉ်း၍ရနိုင်ခဲပေ၏။ သတိပြုကြကုန်။ တရားဟောဆရာက တရားလွဲမှားခဲ့လျှင် ငရဲသို့ကျတတ်သည်။ ဆေးဆရာက ဆေးလွဲခဲ့လျှင် လူနာဟူသမျှ သေတတ်သည်။ ပုထုဇဉ်တို့ အလေ့မှာ သီလမရှိဘဲနှင့် သီလရှိလေယောင်၊ သမာဓိမရှိဘဲနှင့် သမာဓိရှိလေ

ယောင်၊ ပညာမရှိဘဲနှင့် ပညာရှိလေယောင်၊ ဟန်ဆောင်၍ပြုတတ်သော အလေ့ရှိတတ်ပေကုန်သည်။ ဤအယောင်ဆောင်ကား မာနတရားဟု မှတ်ယူလေကုန်လော။

ဂဝံ စေ တရမာနာနံ ဇိမ္မံ ဂစ္ဆတိ ပုင်္ဂဝေါ
သဗ္ဗာ တာ ဇိမ္မံ ဂစ္ဆတိ၊ နေတ္တေ ဇိမ္မံ
ဂတေ သတိ။ ဧဝမေဝ မနုဿေသု၊
ယော ဟောတိ သေဋ္ဌသမ္မတော၊ သော စေ
အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။

(ရာဇောဝါဒဇာတ်)

တရမာနာနံ၊ မြစ်ကိုကူးကြကုန်သော။ ဂဝံ၊ နွားအပေါင်းတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်ရှေ့ကနွားလားသည်။ ဇိမ္မံ၊ ကောက်ကောက်ကွေ့ကွေ့။ စေဂစ္ဆတိ၊ အကယ်၍ သွားသည်ဖြစ်အံ့။ နေတ္တေ၊ ရှေ့ဆောင်ရှေ့ကနွားလားသည်။ ဇိမ္မံ၊ ကောက်ကောက်ကွေ့ကွေ့။ ဂတေ၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တာ၊ ထိုနွားမအပေါင်းတို့သည်။ ဇိမ္မံ၊ ကောက်ကောက်ကွေ့ကွေ့။ ဂစ္ဆန္တိယထာ၊ အစဉ်တစိုက်လိုက်ကြကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူများအပေါင်းတို့တွင်။ ယော၊ အကြင်သူသည်။ သေဋ္ဌသမ္မတော၊ အကြီးအချုပ်မြတ်သော တရားဟောဆရာဟူ၍ သမုတ်ကြလေသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ အဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းမဟုတ်မမှန်သည်ကို။ စေ စရတိ၊ အကယ်၍ ကျင့်သည် ပြောဟောသည်ဖြစ်အံ့။ ဣတရာ ပဇာ၊ ဤဆရာမှတစ်ပါးသော တပည့်အများတို့သည်။ ပဂေဝ၊ အဘယ်မှာလျှင် တရားမှန်နိုင် ရနိုင်ပါအံ့နည်း။

ဂဝံ စေ တရမာနာနံ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ
သဗ္ဗာ တာ ဝေ ဥဇုံ ယန္တိ နေတ္တေ
ဥဇုံ ဂတေ သတိ။ ဧဝမေဝ မနုဿေသု
ယော ဟောတိ သေဋ္ဌသမ္မတော
သော စေ သဒ္ဓမ္မံ စရတိ ပဂေဝ ဣတရာ ပဇာ။

(ရာဇောဝါဒ ဇာတ်)

တရမာနာနံ၊ မြစ်ကို ကူးကြကုန်သော။ ဂဝံ၊ နွားအပေါင်းတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင် ရှေ့က နွားလားသည်။ ဥဇုံ၊ ဖြောင့်ဖြောင့် မှန်မှန်။

စေဂစ္ဆတိ၊ အကယ်၍ သွားသည်ဖြစ်အံ့။ နေတ္တော၊ ရှေးဆောင် ရှေ့ကန္တွားလာသည်။ ဥဇုံ၊ ဖြောင့်ဖြောင့် မှန်မှန်။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ အလုံးစုံသော။ တာ၊ ထိုန္တွားမအပေါင်းတို့သည်။ ဝေ၊ စင်စစ်။ ဥဇုံ၊ ဖြောင့်ဖြောင့် မှန်မှန်။ ယန္တိယထာ၊ လိုက်ကြကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့နည်းအတူ။ မနုဿေသု၊ လူများအပေါင်းတို့တွင်။ ယော၊ အကြင်သူသည်။ သေဋ္ဌသမ္မတော၊ အကြီးအချုပ် မြတ်သော တရားဟောဆရာဟူ၍ သမုတ်ကြလေသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ သဒ္ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ စေစရတိ၊ အကယ်၍ ကျင့်သည် ပြောဟောသည်ဖြစ်ပါအံ့။ ဣတရာပဇာ၊ ဤဆရာမှ တစ်ပါးသော တပည့်များတို့သည်။ ပဂေဝ၊ အဘယ်မှာလျှင် တရား လွဲနိုင်မှားနိုင်ပါအံ့နည်း။

* * *

## ဝတ္ထုအမြွက်ကို ပြဆိုဦးအံ့

ကဿပဘုရားရှင် လက်ထက်တော်က ညီနောင် နှစ်ယောက်တို့သည် လူ၏ဘောင်မှ အပြစ်တို့ကိုမြင်၍ ရဟန်း ပြုကြလေကုန်၏။ နောင်တော်ကား အရှင် သာဂတ၊ ညီငယ်ကား ကပိလဟု တွင်လေ၏။ ထိုသူတို့၏ အမိကား သာဂတိခေါ်၏၊ နှမကား တာပနာခေါ်၏။ ထိုသူတို့သည် ဘိက္ခုနီမတို့၏ အထံ၌ ရဟန်းပြုကြလေကုန်၏။ နောင်တော် ရှင်သာဂတသည် ဝိပဿနာ တရားကို အားထုတ်၍ ရဟန္တာဖြစ်လေ၏။ ကဝိလရဟန်းမှာ ငယ်သေး၍ ပိဋကတ်သုံးပုံကို သင်ကြားတတ်မြောက်၍ အခြံအရံ တပည့်ပရိသတ်များသဖြင့် လွန်စွာကျော်ကြားလေ၏။

ထိုကပိလရဟန်းသည် ပိဋကတ်အရာ၌ မာနထောင်လွှား ငါတကားဟု အမှတ်ပြု၍ သိက္ခာသီလနှင့် ပြည့်စုံသော အရှင်ကောင်းတို့နှင့် တွေ့ကြုံသော အခါ ငါ့ရှင်ကပိလ—ဓမ္မ မှန်သောတရားကို အဓမ္မ မမှန်သောတရားဟု မဆိုပါလင့်။ အဓမ္မ မမှန်သောတရားကို ဓမ္မ မှန်သောတရားဟု မဆိုပါလင့်။ ကပိလရဟန်းက—သင်တို့သည် အဘယ်ကို သိကြကုန်သနည်း၊ အချည်းနှီးသော လက်ဆုပ်နှင့် တူကြကုန်၏ဟုဆို၏။ ရဟန်းတော် အရှင်ကောင်းတို့သည် ဓမ္မ ဝိနယကိုပြဆို၍ ဆုံးမတားမြစ်ပါသော်လည်း မရ၍ နောင်တော် အရှင်သာဂတ ရဟန္တာအား အကြောင်းကြားလေ၏။

အရှင်သာဂတသည် ကပိလရှိရာသို့ ကြွလာ၍ ငါ့ရှင်ကပိလ....အရှင်ကောင်းတို့ ဆိုဆုံးမသောတရားစကားကို ပယ်ရှား၍ သမာပဋိပတ် ကောင်းစွာကျင့်အပ်သော တရားတော်သည် သာသနာတော်ကြီး၏ အသက်မည်၏။

ထိုသာသနာတော်ကြီး၏ အသက်ဖြစ်သော သမာပဋိပတ်တရားတော်ကို အဘယ့်ကြောင့် ပယ်ရှားပါသနည်းဟု သုံးကြိမ်တိုင်တိုင် ဆုံးမ တားမြစ်ပါသော်လည်း မနာယူပေ။ အရှင်သာဂတရဟန္တာသည် ကပိလ–ငါဆုံးမသည်ကို မနာမယူပါလျှင် သင်ပြုသောအမှုသည် သင်၌ ကြီးစွာထင်ရှားပြလတ္တံ့ဟုဆို၍ ကြွတော်မူရလေ၏။ ရဟန်းတော် အရှင်ကောင်းတို့သည်လည်း ကပိလရဟန်းကို ပယ်စွန့်ကြလေကုန်၏။

ကပိလသည် မကောင်းသော ပရိသတ်တို့ ခြံရံလျက် ဘုရားရှင်၏ ပရိယတ္တိ သာသနာတော်ကြီးကို ကွယ်ပစေအောင် ပြုလေ၏။ အမိ ဘိက္ခုနီမ သာဂတိ၊ နှမ တာပနာ ဘိက္ခုနီမတို့သည် ကပိလအလိုလိုက်၍ ရဟန်းတော် အရှင်ကောင်းတို့ကို ဆဲရေးတိုင်းထွာကြ၍ သေသည်၏အဆုံး၌ သုံးယောက်သော သားအမိတို့သည် အဝီစိငရဲကြီးသို့ ကျရောက်ကြပေသတည်း။

ကပိလသည် ကဿပဘုရားရှင်တစ်ဆူ၏ အကြားကာလပတ်လုံး အဝီစိငရဲ၌ခံ၍ အကုသိုလ်အကျိုးကြွင်းကြောင့် မြစ်ထဲ၌ ရွှေအဆင်းရှိသောငါးကြီးဖြစ်လာ၍ ပုပ်သောခံတွင်းအနံ့ရှိ၏။ ထိုကပိလငါးသည် ပိုက်ကွန်တွင်းသို့မိ၍ လှေပေါ်၌တင်ထား၍ ကြည့်ရှုကြရာ များစွာအံ့သြကြသဖြင့် ပြည့်ရှင်မင်း၏ ဆုလာဘ်ကို ရစေတော့ဟုဆို၍ နန်းတော်သို့တင်ပို့လေ၏။

မင်းကြီးသည် ကြည့်ရှုပြီးလျှင် ဘုရားကျောင်းတော်သို့ ပို့ဆောင်၍ ဇေတဝန်ကျောင်းတော်ကို ခံတွင်းဖွင့်တိုင်း ပုပ်လေစေ၏။ မင်းကြီးက အရှင်ဘုရား....ဤငါးသည် ရွှေအဆင်းရှိပါလျက် အဘယ့်ကြောင့် ပုပ်ပါသနည်းဟု လျှောက်လေ၏။

မင်းကြီး....ဤငါးသည် ကဿပဘုရားရှင် လက်ထက်တော်က ကပိလရဟန်း ဖြစ်ခဲ့ပေသည်။ အခြံအရံလည်းများ၏၊ ပိဋကတ်အရာ၌ အကြားအမြင်များ၍ ထင်ပေါ်ကျော်ကြား၏။ လောဘတဏှာဖြင့် နှိပ်စက်၍ မိမိအလိုသို့ မလိုက်မယူသော ရဟန်းတို့ကို ဆဲရေး၏။

ကဿပဘုရားရှင် သာသနာတော်ကို ကွယ်ပလေအောင်၊ ဓမ္မတရားဟုတ်သည်ကို အဓမ္မတရားမဟုတ်၊ အဓမ္မတရားမဟုတ်သည်ကို ဓမ္မတရားဟုတ်သည်ဟု အယူမှား၍ အဝီစိ၌ကျပြီးလျှင် အကျိုးကြွင်းကြောင့် ငါးဖြစ်၍လာပေသည်။ ပိဋကတ်တော်ကို များစွာ သင်အံလေ့ကျက် ပို့ချဆောင်ရွက်ခဲ့သော ကုသိုလ်ကြောင့် ရွှေအဆင်းနှင့် တူစွာရပေသည်။ ရဟန်းတော် အရှင်ကောင်းတို့ကို ဆဲရေးလျက် ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မ ပြုလုပ်ခြင်းကြောင့် ခံတွင်းဖွင့်တိုင်း ပုပ်ရပေသည်။

မြတ်စွာဘုရားက သင်သည် ကပိလ မဟုတ်လောဟု မေးတော်မူ၏၊ ဟုတ်ပါ၏ဟု လျှောက်လေ၏။ သင်သည် အဘယ်က လာသနည်းဟု မေးတော်မူ၏၊ အဝီစိက လာပါသည်ဟု လျှောက်၏။ သင်၏နောင်တော် ရှင်သာဂတကား အဘယ်မှာနည်းဟု မေးတော်မူ၏၊ ပရိနိဗ္ဗာန် ယူတော်မူပါပြီဟု လျှောက်လေ၏။

သင်၏အမိ သာဂတိဘိက္ခုနီမ၊ သင်၏နှမ တာပနာ ဘိက္ခုနီမတို့ကား အဘယ်မှာနည်းဟု မေးတော်မူ၏၊ အဝီစိငရဲမှာ နေရပါသည်ဟု လျှောက်လေ၏။ သင်သည် ယခု အဘယ်ကိုသွားရမည်နည်းဟု မေးတော်မူ၏၊ အဝီစိငရဲသို့ သွားရမည်ဟု လျှောက်လေ၏။

ဤသို့ နှလုံးမသာဖြစ်ရကား ဦးခေါင်းဖြင့် လှေနံခတ်၍ ဖျတ်ဖျတ် ဖျတ်ဖျတ်မြည်၍ သေပြီးလျှင် အဝီစိငရဲသို့ကျရပြန်လေ၏။ ထိုအခါ ကပိလကို မြင်ကြကုန်သော ကောသလမင်းကြီးနှင့်တကွ များစွာသော လူအပေါင်းတို့သည် ကြီးစွာ သတိသံဝေဂ ရကြလေကုန်၏။

မဟာဇနော သံဝိဂ္ဂေါ အဟောသိ လောမဟဋ္ဌဇာတော။
(ဓမ္မပဒအဋ္ဌကထာ)

မဟာဇနော၊ လူများအပေါင်းသည်။ သံဝိဂ္ဂေါ၊ ထိတ်လန့်ကြောက်ရွံ့ခြင်းသည်။ လောမဟဋ္ဌဇာတော၊ ရှင်သောအမွေး ဖြစ်ခြင်းသည်။ ဝါ၊ ကြက်သီးမွေးညင်းထခြင်းသည်။ အဟောသိ၊ ဖြစ်ကြလေ၏။

(၂၀) အဓမ္မနှင့် ဓမ္မ၊ ဓမ္မနှင့် အဓမ္မ နိရယကျပုံကို ဥဒါဟရဏ်ပုံစံနှင့် ထုတ်ပြန်ကာပြဆိုခြင်း ပြီး၏။

## (၂၉) ဒါနဆိုတာ သံသရာ၌ ကျင်လည်သည့်စကား ဝေါဟာရများပုံကို ပါဠိတော်အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်း

ဒါနဆိုရာ၌ ဆေး-ကျောင်း-ဆွမ်း-သင်္ကန်း စသော အဗျာကတ ဝတ္ထု မျိုးက တစ်ခု၊ ပေးလှူတတ်သော စေတနာ - ကံ - စိတ် က တစ်ခု။ ဆေး-ကျောင်း-ဆွမ်း-သင်္ကန်းစသော ဝတ္ထုမျိုးသည် အဗျာကတဖြစ်၍ လူ နတ် နိဗ္ဗာန်ချမ်းသာကို မပေးနိုင်ပေ။ ပေးတတ် လှူတတ်သောစိတ်ကသာ မဂ်ဖိုလ် ချမ်းသာကို ရနိုင်ပေသည်။ ထို့ကြောင့်—

ဒေတီတိ ဒါနံ။ ။ပေးတတ်ခြင်း အနက်သဘောကြောင့် ဒါနဆိုရ သည်။ ဗျတိရေကနည်းဖြင့် မပေးတတ်လျှင် ဒါနစစ်မဖြစ်နိုင်ပေဟု အဓိပ္ပာယ် သွားကို စဉ်းစားကြလေ။

> ယေသဝိပါကဝဋ္ဋနိဿိတေနေဝ ဒါနာဒိဝသေန ပဝတ္တိတာ တေ ဟီနာတိ ကာတဗ္ဗာ တေဝိဝဋ္ဋနိဿိတဒါနာဒိဝသေန ပဝတ္တိတာ တေ ပဏီတာတိ ကာတဗ္ဗာ။ (မူလဋီကာ)

ဝဋ္ဋနိဿိတေနေဝ၊ ၌။ ဧဝသဒ္ဒါဖြင့် ဟီနကုသိုလ်ကိုယူ။ နောက်ပါဠိ၌ ပဏီတ ကုသိုလ်ကိုယူ။ ထိုကံသည်လည်း ပုညာဘိ သင်္ခါရ၊ ကာမကုသိုလ်။ အပုညာဘိသင်္ခါရ၊ အကုသိုလ်ကံ။ အာနေဉ္ဇာဘိသင်္ခါရ၊ ရူပကုသိုလ် အရူပ ကုသိုလ်ကံဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့၏ အရင်းမူလအကြောင်းကား—

> ယဿ ဟိ ဒုက္ခာဒိသု အဝိဇ္ဇာသင်္ခါတံ အညာဏံ အပဟီနံ ဟောတိ သော ဒုက္ခေ တာဝ ပုဗ္ဗန္တာဒိသုစ အညာဏေန သံသာရဒုက္ခံ သုခသညာယ ဂဟေတွာ တဿ ဟေတုဘူတေ တိဝိဓေပိ သင်္ခါရေ အာရဘတိ။ (သမ္မောအဋ္ဌကထာ)

ဟိ၊ ချဲ့ဦးအံ့။ ယဿ၊ အကြင်သူအား။ ဒုက္ခာဒိသု၊ ဒုက္ခ အစရှိသည် တို့၌။ အဝိဇ္ဇာသင်္ခါတံ၊ အဝိဇ္ဇာဟုဆိုအပ်သော။ အညာဏံ၊ မသိ မမြင်ခြင်း သည်။ အပဟီနံ၊ မပယ်နိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ ဒုက္ခေ၊ ဆင်းရဲ၌။ တာဝ၊ ရှေးဦးစွာ။ ပုဗ္ဗန္တာဒိသု၊ ပုဗ္ဗန္တ အစရှိသည်တို့၌။ အညာဏေန၊ မသိ မမြင်ခြင်းကြောင့်။ သံသာရဒုက္ခံ၊ သံသာရဒုက္ခကို။ သုခ သညာယ၊ ချမ်းသာ၏ ဟူသောအမှတ်ဖြင့်။ ဂဟေတွာ၊ မှတ်ယူ၍။ တဿ၊ ထိုသူ၏။ ဟေတုဘူတေ၊ အကြောင်းခံ၍ဖြစ်သော။ တိဝိဓေပိ၊ သုံးပါးအပြား

ရှိသည်လည်းဖြစ်သော။ ပုညာဘိသင်္ခါရေ၊ ပုညာဘိသင်္ခါရတို့ကို။ အာရဘတိ၊ အားထုတ်၏။

အဝိဇ္ဇာယကား။ ။ထိုစကားကို ချဲ့၍ပြဦးအံ့။ အကြင်သူအား ဒုက္ခ အစရှိသည်တို့၌ အဝိဇ္ဇာဟုဆိုအပ်သော မသိမမြင်ခြင်းကို မပယ်ခွာနိုင်သည် ဖြစ်၏။ ထိုသူသည် ရှေးဦးစွာ ပုဗ္ဗန္တာဒိသု၌ အာဒိသဒ္ဒါဖြင့် အဝိဇ္ဇာသည် အစ၌ ဖုံးလွှမ်းခြင်း-၁၊ အဆုံး၌ ဖုံးလွှမ်းခြင်း-၂၊ အလယ်၌ ဖုံးလွှမ်းခြင်း-၃၊ ပဋိစ္စသမုပ္ပါဒ်၌ ဖုံးလွှမ်းခြင်း-၄၊ ဒုက္ခသစ္စာ၌ ဖုံးလွှမ်းခြင်း-၅၊ သမုဒယသစ္စာ၌ ဖုံးလွှမ်းခြင်း-၆၊ နိရောဓသစ္စာ၌ ဖုံးလွှမ်းခြင်း-၇၊ မဂ္ဂသစ္စာ၌ ဖုံးလွှမ်းခြင်း-၈။ ဤသို့မှတ်အပ်၏။ အဝိဇ္ဇာသည် ဤရှစ်ပါးသော ဖုံးလွှမ်းခြင်းနှင့် ပြည့်စုံခြင်းကြောင့် ယထာဘူတ သဘာဝကို ကျနမှန်ကန်စွာ မသိမမြင်နိုင်ခြင်းကြောင့် သံသရာ၏ ဝဋ်ဆင်းရဲဒုက္ခကို သုခချမ်းသာ၏ဟူသော အမှတ်သညာဖြင့် မှတ်ယူ၍ ထိုသူ၏ အကြောင်းခံဖြစ်သော သုံးပါးအပြားရှိသော ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အနဉ္ဇာဘိသင်္ခါရတို့ကို အားထုတ်၍ပြုလေ၏။ ထို ပုညာဘိသင်္ခါရကုသိုလ် ဆိုသည်မှာ—

ဝိသေသတော ဇာတိဇရာ ရောဂ ဟရဏာဒိသု
အနေကာဒီနဝဝေါကိဏ္ဏံ ပုညဖလသင်္ခါတံ ဒုက္ခံ
ဒုက္ခတော အဇာနန္တော တဿ အဓိဂမာယ
ကာယဝစီ စိတ္တသင်္ခါရဘေဒံ ပုညာဘိသင်္ခါရံ
အာရဘတိ ဒေဝစ္ဆရ ကာမကောဝိယ မရုပဗ္ဗတံ။
(သမ္မောအဋ္ဌကထာ)

ဝိသေသတော၊ အထူးအားဖြင့်။ ဇာတိဇရာရောဂဟာရဏာဒိသု၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, ရောဂါတို့ဖြင့်ဆောင်ခြင်း အစရှိကုန်သော။ အနေ-ကာဒီနဝဝေါကိဏ္ဏံ၊ တစ်ပါးမက များလှကုန်သောအပြစ်တို့ဖြင့် ရောပြွမ်းကုန်သော။ ပုညဖလသင်္ခါတံ၊ ကုသိုလ်အကျိုးဟု ဆိုအပ်သော။ ဒုက္ခံ၊ ဆင်းရဲကို။ ဒုက္ခတော၊ ဆင်းရဲ၏ဟု။ အဇာနန္တော၊ မသိမမြင်သည်ဖြစ်၍။ တဿ၊ ထိုသူ၏။ အဓိဂမာယ၊ ရနိုးခြင်းဖြင့်။ ကာယဝစီစိတ္တသင်္ခါရဘေဒံ၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာဟု ဆိုအပ်သော အပြားရှိသော။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရကုသိုလ်ကို။ အာရဘတိ၊ အားထုတ်၏။ ဒေဝစ္ဆရကာမကော၊ နတ်သမီးကို အလိုရှိသောသူသည်။ မရုပဗ္ဗတံဝိယ၊ ဦးခေါင်း စောက်ထိုး, ခြေကား မိုးမျှော် တောင်ပေါ်က ဆင်းသောသူကဲ့သို့တည်း။

**အဓိပ္ပာယ်ကား**။ ။အထူးအားဖြင့် ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, ရောဂါဝေဒနာတို့ဖြင့် ဆောင်ခြင်း အစရှိကုန်သော၊ တစ်ပါးမက များလှကုန်သော အပြစ်တို့ဖြင့် ရောပြွမ်းသော၊ ကုသိုလ်အကျိုးဟု ဆိုအပ်သော ဆင်းရဲကို ဆင်းရဲ၏ဟုမသိမမြင်၍ ထိုသူ၏ရှိနိုးခြင်းဖြင့် ကာယကံနှင့်ရင်းနှီးသော ကုသိုလ်၊ ဝစီကံနှင့်ရင်းနှီးသော ကုသိုလ်၊ မနောကံနှင့်ရင်းနှီးသော ကုသိုလ်ဟု ဆိုအပ်သော သုံးပါးအပြားရှိသော ပုညာဘိသင်္ခါရကုသိုလ်ကို အားထုတ်၍ ပြု၏။

နတ်သမီးကို အလိုရှိသောသူသည် ဦးခေါင်း စောက်ထိုး, ခြေကား မိုးမျှော်, တောင်ထိပ်ပေါ်က ချသောယောကျ်ားသည် နတ်သမီးနှင့် မတွေ့ မမြင် မခံစားရစဉ်ကပင် သေခြင်းဆိုးနှင့် သေရသကဲ့သို့ ထိုနည်းတူစွာ ပုညာဘိသင်္ခါရအကျိုးသည် မခံစားရစဉ်က ပဋိသန္ဓေ နေရခြင်းစသော ငရဲမီးပမာ ကြီးစွာသောဒုက္ခကို ရှေးဦးစွာခံစားပြီးမှ အိုခြင်းဒုက္ခ, နာခြင်းဒုက္ခ စသော များစွာသော ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံ ခံစားရပုံကို ပညာရှိတို့သည် ဉာဏ်ကြီးသလောက် ခြင့်ထောက်၍ သိမြင်ကြပါကုန်လော့။

သုခသမတဿာပိ တဿ ပုညဖလဿ အန္တော
ပရိဠာဟဇနကံ ဝိပရိနာမဒုက္ခတံ အပ္ပဿာဒတဉ္စ
အပ္ပဿန္တောပိ တပစ္စယံ ဝုတ္တပကာရမေဝ ပုညာဘိ
သင်္ခါရံ အာရဘတိ သလပေါဝိယ ဒီပသိခါဘိနိပါတံ
မဓုဗိန္ဒုဂိဒ္ဓေါဝိယစ မဓုလိတ္တ သတ္ထတရလေပနံ။
(သမ္မောဟဝိနောဒနီအဋ္ဌကထာ)

သုခသမတဿာပိ၊ ချမ်းသာ၏ဟု သမုတ်အပ်သော်လည်း။ တဿ ပုညဖလဿ၊ ထိုပုညာဘိသင်္ခါရ ကုသိုလ်အကျိုး၏။ အန္တော၊ အဆုံး၌။ ပရိဠာဟဇနကံ၊ ပူပန်ခြင်းကိုဖြစ်စေတတ်သော။ ဝိပရိနာမဒုက္ခတဉ္စ၊ ဖောက်ပြန်ခြင်းကို ဖြစ်စေတတ်သော ဆင်းရဲကိုလည်းကောင်း။ အပ္ပဿာဒတဉ္စ၊ သာယာနှစ်သက်ခြင်းကို လည်းကောင်း။ အပ္ပဿန္တောပိ၊ မသိမမြင်သော သူအားလည်း။ တပစ္စယံ၊ ထိုပုညာဘိသင်္ခါရ ကုသိုလ်ဟူသောအကြောင်းကို။ ဝုတ္တပကာရမေဝ၊ ပြဆိုခဲ့ပြီးသည်သာလျှင်ဖြစ်သော။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရကုသိုလ်ကို။ အာရဘတိ၊ အားထုတ်၏။ ကေဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သလပေါ၊

ပိုးဖလံသည်။ ဒီပသိခါဘိနိပါတံဝိယ၊ ဆီမီးတောက်သို့ ရှေးရှုဆင်းခြင်းကဲ့သို့လည်းကောင်း။ မဓုဗိန္ဒုဂိဒ္ဓေါ၊ ပျားရည်ပေါက်ဖြင့် တပ်မက်သော။ မဓုလိတ္တသတ္ထတရလေပနံဝိယ၊ ပျားရည်ပေါက်ဖြင့် လိမ်းကျံသော သင်ဓုန်းသွားကို လျက်သောသူကဲ့သို့ လည်းကောင်း။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရကုသိုလ်ကို။ အာရဘတိ၊ အားထုတ်၏။

အဓိပ္ပါယ်ကား။ "ချမ်းသာ၏ဟု သမုတ်အပ်သော်လည်း ထိုပုညာဘိသင်္ခါရ ကုသိုလ်အကျိုး၏အဆုံး၌ ပူပန်ခြင်းကို ဖြစ်စေတတ်သော၊ ဖောက်ပြန်စေတတ်သော ဆင်းရဲဒုက္ခမျိုးကို လည်းကောင်း။ သာယာနှစ်သက် ခင်မင်စုံမက်ခြင်းကို လည်းကောင်း၊ ထိုဒုက္ခဆင်းရဲမျိုးကို မသိ မမြင်သောသူအားပုညာဘိသင်္ခါရကုသိုလ်မျိုးကို ပြဆိုခဲ့သောအတိုင်း အားထုတ်၍ပြု၏။

ဥပမာဆိုသော်။ ။သလဘေါ ဟူသောပုဒ်ကို သလဘော၊ ပိုးဖလံသည်။ ဝါ၊ ပိုးနံ့ကောင်သည်-ဟု စံကျောင်းဆရာတော်ဘုရားကြီး အနက်ပေးသည်။ ထိုပိုးဖလံသည် ဆီမီးတောက်ရှိရာသို့ ရှေးရှုဆင်းခြင်းကဲ့သို့ လည်းကောင်း၊ ပျားရည်ပေါက်ကို တပ်မက်မော၍ ပျားရည်ပေါက်ဖြင့် သုတ်လိမ်း၍ထားသော သင်ဓုန်းသွားကိုလျက်၍ လျှာဒႁပိုင်းပိုင်းပြတ်သော ယောကျ်ားကဲ့သို့လည်းကောင်း ပုညာဘိသင်္ခါရကုသိုလ်ကို အားထုတ်၏။

ထိုပုညာဘိသင်္ခါရကုသိုလ်မျိုးသည် အဝိဇ္ဇာကိုမပယ်မခွာတတ်၍ အဝိဇ္ဇာဖုံးအုပ်လွှမ်းမိုးခြင်းကြောင့် ငါ့အလှူ, ငါ့ဒါန သက္ကာယလမ်းပြနှင့် နိဗ္ဗာန်ကို မှန်းဆ၍ လှူဒါန်းကြသောအရာမှာ လူဗာလအန္ဓကို မျက်စိကန်း လမ်းမရသလို မှတ်ယူကြရမည်။

၅၀၀ ကုန်, ၁၀၀၀ ကုန် စိုက်ထုတ်၍ မဏ္ဍပ်ကို ဆောက်လုပ်ပြီးလျှင် ပညာရှိတို့ကို ပင့်ဖိတ်၍ ကျွန်ုပ်၏အလှူကို နိဗ္ဗာန်သို့ ရောက်လိုကြောင်း ခရီးကောင်းလမ်းမ ကျမ်းဂန်နှင့်ပြ၍ ဆုံးမတော် မူပါလောဟု အသနားခံတောင်းပန်လေသော် ဆရာဖြစ်သူက လူကောင်း နတ်ကောင်း မတောင်းရန်နိဗ္ဗာန်ကိုရည်သန် သမ္မာယုတ်ယှဉ်ဟန်နှင့် သင်္ခါရတင်ရန်မှာ အလှူခံ ခယတ္တေန အနိစ္စာ၊ ဘယတ္တေန ဒုက္ခာ၊ အသာရကတ္တေန အနတ္တာ။ အလှူဝတ္ထု ခယတ္တေန-အနိစ္စာ၊ ဘယတ္တေန-ဒုက္ခာ၊ အသာရကတ္တေန-အနတ္တာ။ အလှူရှင် ခယတ္တေန-အနိစ္စာ၊ ဘယတ္တေန-ဒုက္ခာ၊ အသာရကတ္တေန-အနတ္တာ။

အလှူခံပုဂ္ဂိုလ်-လှူဖွယ်ဝတ္ထု-အလှူရှင် မမြဲမှု-ဆင်းရဲမှု-အစိုးမရမှု သင်္ခါရ ပြု၍တင်။ နိဗ္ဗာန်ပင်မျက်မှောက်ပြု လိုသလိုတောင်းဆုနှင့် မင့်ကောင်းမှုနိဗ္ဗာန် အမှန်ပင် ရောက်ကြောင်း ကောင်းကောင်းကြီးဟော။ ဓမ္မကိုလည်း မသိ၊ သဘောကိုလည်း မရိပ်မိ၊ အတ္တနောမတိနှင့် စိတ်ရှိတိုင်းမဟောသင့်ပေ။

ခယ ဝယ၊ သင်္ခါရ၊ ငါကတင်တော့သာ၊
နိဗ္ဗာန်ရောက်ကြောင်း၊ ဆုယူတောင်း၊ ကောင်းကောင်း
ငါပါကာ။ (သံခိပ်)

ခယ ဝယ သင်္ခါရတင် သမ္မယုတ်ဉာဏ်ရှင် နိဗ္ဗာန်ပင် မျက်မှောက်ပြု။ ဤကောင်းမှုအလှူရှင်မှာ ပစ္စုပ္ပန်အခိုက်အတန့်လည်းမကျ ဣဋ္ဌာအနိဋ္ဌနှင့်တကွ အတ္တကအမြဲပါ။ အဝိဇ္ဇာကမက္ခာ အဖန်တလဲလဲ ခယ-ဝယ-သင်္ခါရ တင်သမျှကို ငါဟောငါတင်သည် အမှန်ဖြစ်ပေသည်။ နိဗ္ဗာန်ကို ဆုတောင်းက ကောင်း ကောင်းကြီးငါပါ။ နိဗ္ဗာန်နှင့်ဝေးကွာ မဂ်ဖိုလ်မှာဖီလာ။ အဝိဇ္ဇာကွာ-မက္ခာ ကို ငါပါပုံစဉ်းစား ခရီးသွားယောကျ်ား လမ်းမှားသည်စကားကို ငါမှားပုံ မသိ ဉာဏ်ရှိလျှင် ရိပ်မိစေ။

ဒါနဆိုတာ၊ သံသရာ၊ ကျမ်းမှာမရှိပါ၊
အဗျာကတ၊ လှူဒါန၊ ငါကပါတော့သာ။ (သံခိပ်)

သေယျထာပိ ဘိက္ခဝေ ဒသန္တဝါ ကဋ္ဌဝါဟနံ
ဝီသာယဝါ ကဋ္ဌဝါဟနံ တိံသာယဝါ
ကဋ္ဌဝါဟနံ စတုစတ္တာလီသာယဝါ ကဋ္ဌဝါဟနံ
မဟာအဂ္ဂိခန္ဓော ဇာလေယျ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ဒသန္တဝါ ကဋ္ဌဝါဟနံ၊ ဆယ်စီးကုန်သောထင်းတို့ဖြင့် တိုက်အပ်ကုန်သော လှည်း တို့၏ လည်းကောင်း။ ဝီသာယဝါ ကဋ္ဌဝါဟနံ၊ နှစ်ဆယ်ကုန်သော ထင်းတို့ဖြင့် တိုက်အပ်ကုန်သော လှည်းတို့၏ လည်းကောင်း။ တိံသာယဝါ ကဋ္ဌဝါဟနံ၊ သုံးဆယ်ကုန်သော ထင်းတို့ဖြင့် တိုက်အပ်ကုန်သော လှည်းတို့၏လည်းကောင်း။ စတ္တာလီသာယဝါ ကဋ္ဌဝါ ဟနံ၊ လေးဆယ်ကုန်သော ထင်းတို့ဖြင့် တိုက်အပ်ကုန် သော လှည်းတို့၏လည်းကောင်း။ မဟာအဂ္ဂိခန္ဓော၊ မီးပုံကြီးသည်။ ဇာလေယျ၊ တထိန်ထိန်တပြောင်ပြောင် ဘဝသံသရာကမ္ဘာတိုင်အောင် တောက်လောင်ရာ၏။ ရင်းစကား ဆက်၍ပြဦးအံ့။

တတြ ပုရိသော ကာလေနကာလံ၊ သုက္ခာနိစေဝ တိဏာနိ
ပက္ခိပေယျ၊ သုက္ခာနိစေဝ ဂေါမယာနိ ပက္ခိပေယျ။
သုက္ခာနိစေဝ ကဋ္ဌာနိ-ပက္ခိပေယျ။ (သံယုတ်ပါဠိတော်။)

တတြ၊ ထိုမီးပုံကြီး၌။ ပုရိသော၊ ယောကျ်ားသည်။ ကာလေနကာလံ၊ မပြတ်မလတ်အထပ်ထပ်။ သုက္ခာနိစေဝတိဏာနိ၊ သွေ့ခြောက်သော မြက်သစ်ရွက်တို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိစေဝ ဂေါမယာနိ၊ သွေ့ခြောက်သောနွားချေးတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိစေဝ ကဋ္ဌာနိ၊ သွေ့ခြောက်သော ထင်းတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ ၎င်းစကားကို ဆက်၍ပြဦးအံ့။

ဧဝံ ဟိ ခေါ ဘိက္ခဝေ မဟာအဂ္ဂိက္ခန္ဓော-
တဒါဟာရော၊ တဒုပါဒါနော-ဒီဃမဒ္ဓါနံ
ဇာလေယျ၊ ဧဝမေဝခေါ ဘိက္ခဝေ။
ဥပါဒါနိယေသု ဓမ္မေသု၊ အဿာ
ဒါနုပဿိနော ဝိဟရတော တဏှာ
ဝဍ္ဎတိ။ တဏှာပစ္စယာ ဥပါဒါနံ
ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ
ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ-
သောက-ပရိဒေဝ ဒုက္ခဒေါမနဿု
ပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော
ဟောတိ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံခေါ၊ ဤသို့လျှင်။ တဒါဟာရော၊ ထိုသို့ ထပ်ခါထပ်ခါ မီးစာကိုရသော။ တဒုပါဒါနော၊ ထိုသို့ အကြိမ်ကြိမ်မီးစာကို ထည့်လောင်းသော။ မဟာအဂ္ဂိက္ခန္ဓော၊ မီးပုံကြီးသည်။ ဒီဃမဒ္ဓါနံ၊ ဘဝသံသရာကမ္ဘာအဆက်ဆက် ကာလပတ်လုံး။ ဇာလေယျ သေယျထာပိ၊ တထိန်ထိန် တပြောင်ပြောင် ဘဝသံသရာကမ္ဘာတိုင်အောင် တောက်လောင်ရသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခဝေ၊ ချစ်သားတို့။ ဥပါဒါနိယေသု၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ အဿာဒါနုပဿိနော၊ နှစ်သက်ဖွယ် မြတ်နိုးဖွယ်ဟု-မှတ်ယူကြသည်ဖြစ်၍။ ဝိဟရတော၊ နေသောသူအား။

တဏှာ၊ ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်သောတဏှာသည်။ ဝဇ္ဇတိ၊ ပွါးများလေ၏။ တဏှာပစ္စယာ၊ ခြောက်ဒွါရ ခြောက်အာရုံက ကျရောက်လာသော တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါနံ၊ စွဲလမ်းခြင်းဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ စွဲလမ်းခြင်းဟူသောဥပါဒါန်ကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနေရခြင်းဟူသော အကြောင်းကြောင့်။ ဇရာ မရဏ–သောက ပရိဒေဝ-ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ဆင်းရဲရခြင်း၊ နှလုံးမသာရခြင်း၊ သက်ကြီးရှိုက်ငင်၊ ပင်ပင်ပန်းပန်းရှိရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာဟူက မြူမျှ မရောမရှက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ။အဓိပ္ပာယ်လွယ်၏။

ဓမ္မော ဒုဝိဓော၊ နိပ္ပရိယာယ ဓမ္မော၊ ပရိယာယဓမ္မောတိ။
ကထံ မဂ္ဂဖလနိဗ္ဗာနပ္ပဘေဒေါ ဟိ နဝဝိဓော လောကုတ္တရ
ဓမ္မော၊ နိပ္ပရိယာယ ဓမ္မောယေဝ၊ နကေနစိ ပရိယာယေန။
ကာရဏေနဝါ ဓမ္မော။ ။(ဇာတိဝုတ်အဋ္ဌကထာ)

ဓမ္မော၊ တရားသည်။ နိပ္ပရိယာယဓမ္မော၊ မုချဟောပြောရသော တရားလည်းကောင်း။ ပရိယာယဓမ္မော၊ မုချမဟုတ် ပရိယာယ်ထုတ်၍ ဟောပြောရသော တရားလည်းကောင်း။ဣတိ၊ ဤသို့။ဒုဝိဓော၊နှစ်ပါးအပြားရှိ၏။ဒုဝိဓော၊ နှစ်ပါးဟူသည်။ ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ဟိ၊ ထင်စွာပြဦးအံ့။ မဂ္ဂဖလနိဗ္ဗာနပ္ပဘေဒေါ၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး-နိဗ္ဗာန်ဟုပြားသော။ နဝဝိဓော၊ ကိုးပါးအပြားရှိသော။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရားသည်။ နိပ္ပရိယာယမေဝ၊ မုချတရား မည်သာလျှင်တည်း။ ကေနစိပရိယာယေန၊ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့်။ ကာရဏေနဝါ၊ အကြောင်းဖြင့်လည်း။ ဓမ္မော၊ တရားမည်သည်။ န၊ မဟုတ်။

ယံ ပန ဝိဝဋ္ဋုပနိဿိတကုသလံ သေယျထိဒံ
ဣမေကစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ သီလံ
သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ ဂန္ဓ
မာလာဒီဟိ ဝတ္ထုပူဇံ ကရောတိ ဓမ္မံ သုဏာတိ

ဒေသေတိ ဈာနသမာပတ္တိယော နိဗ္ဗတ္တေတိ ဧဝံ
ကရောန္တော အနုပုဗ္ဗေန အမတနိဗ္ဗာနံ ပဋိလဘတိ
အယံ ပရိယာယဓမ္မော။ (ဇာတိဝုတ်အဋ္ဌကထာ)

ပန၊ မုချတရားမှ တစ်ပါး ပရိယာယ်တရားကို ပြဦးအံ့။ ယံဝိဝဋ္ဋူပနိဿိတကုသလံ၊ အကြင်ဝဋ်ကို မမှီမစပ်သောကုသိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဝဋ်ကို မမှီမစပ်သော ကုသိုလ်သည်။ သေယျထာ၊ အဘယ် ကုသိုလ်မျိုးပေနည်း။ ဣဓ၊ ဤလောက၌။ ကေစ္စေ၊ အချို့သောသူသည်။ ဝိဝဋ္ဋံ၊ ဝဋ်၏ကင်းငြိမ်းခြင်းကို။ ပတ္ထေန္တော၊ တောင့်တလျက်။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းကို။ ကရောတိ၊ ပြု၏။ ဂန္ဓမာလာဒီဟိ၊ ပန်းနံ့သာစသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ရတနာသုံးပါးအား ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ ဓမ္မံ၊ တရားကို။ သုဏာတိ၊ နာယူ၏။ ဒေသေတိ၊ ဟောပြော၏။ ဈာနသမာပတ္တိယော၊ ဈာန်သမာပတ်တို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဧဝံ၊ ဤသို့။ ကရောန္တော၊ ပြုသည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်းဖြင့်။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်ကို။ ပဋိလဘတိ၊ ရ၏။ အယံ၊ ဤဝဋ်ကို မမှီမစပ်သော ကုသိုလ်မျိုးသည်။ ပရိယာယဓမ္မော၊ မုချမဟုတ် ပရိယာယ်ထုတ်၍ ဟောပြောသောတရားမည်၏။

အဓိပ္ပာယ်လွယ်၏။ ။အထူးမှာ ဝဋ်၌ ဖြစ်စေတတ်သော ကံမျိုးကို သဒ္ဓမ္မံ အန္တရဓာပေတိ၊ သူတော်ကောင်းတရား ကွယ်ပအောင် ပြုသည်မည်၏ဟု ဥပရိပဏ္ဏာသ၌ ပြဆို၏။

မဟာအဂ္ဂိက္ခန္ဓောဝိယ တယောဘဝါ တေဘူမကဝဋ္ဋံပိ
အဂ္ဂိဇဂ္ဂနက ပုရိသောဝိယ ဝဋ္ဋနိဿိတော ဗာလပုထုဇနော
ပုရိသဿ သုက္ခတိဏာဒီနိ ပက္ခိပနံဝိယ ဥပါဒါ
နိယေသု ဓမ္မေသု အဿာဒါနုပဿိနော ဗာလပုထုဇနဿ
တဏှာဒိဝသေန ဆဟိ ဒွါရေဟိ ဝဋ္ဋဂါမိ
ကုသလာကုသလကမ္မကရဏံ။ (သံယုတ်အဋ္ဌကထာ)

မဟာအဂ္ဂိက္ခန္ဓောဝိယ၊ မီးပုံကြီးကဲ့သို့။ တယောဘဝါ၊ သုံးပါးသော ဘဝတို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ တေဘူမကဝဋ္ဋံပိ၊ ဘုံသုံးပါးတို့၌ ဖြစ်သော ဝဋ်ဆင်းရဲကိုလည်း။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အဂ္ဂိဇနကပုရိသောဝိယ၊ မီးပုံကြီး၌ မပြတ် ထင်းကိုထည့်သော ယောကျ်ားကဲ့သို့။ ဝဋ္ဋနိဿိတော၊ ဝဋ်၌ပျော်၍ မှီ၍

နေသော။ ဗလပုထုဇနော၊ ဗာလပုထုဇဉ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ မဟာအဂ္ဂိခန္ဓေ၊ မီးပုံကြီး၌။ သုက္ခတိဏာဒီနိ၊ သွေ့ခြောက်ကုန်သော မြက်´ သစ်ရွက်အစရှိသည်တို့ကို။ ပုရိသဿ၊ ယောကျ်ား၏။ ပုနပ္ပုန္နံ၊ အဖန်တလဲလဲ။ ပက္ခိပနံဝိယ၊ ထည့်လောင်းသကဲ့သို့။ ဥပါဒါနိယေသု၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ အဿဒါနုပဿိနော၊ နှစ်သက်ဖွယ် မြတ်နိုးဖွယ်တို့ဖြင့် ရှု၍နေသော။ ဗာလပုထုဇနဿ၊ ဗာလပုထုဇဉ်၏။ တဏှာဒိဝသေန၊ တဏှာအစရှိသည်၏ အစွမ်းဖြင့်။ ဆဟိဒ္ဒါရေဟိ၊ ခြောက်ဒွါရတို့ဖြင့်။ ဝဋ္ဋဂါမိကုသလာကုသလကမ္မကရဏံ၊ ဝဋ်ဆင်းရဲ၌ ကျင်လည်စေတတ်သော ကုသိုလ် အကုသိုလ်နှစ်ပါးကို ပြုခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။ဝှင်းစကားဆက်၍ပြဦးအံ့။

ပုနပ္ပုန္နံ သုက္ခဘိဏာဒီနိ ပက္ခိပနေန အဂ္ဂိခန္ဓဿ ဝဍ္ဎနံဝိယ
ဗာလပုထုဇနဿ ဥဋ္ဌာယုဋ္ဌာယ-တဏှာဒိဝသေန
ဆဟိဒ္ဒါရေဟိ ကုသလာကုသလကမ္မာယုဟနေန။
အပရာပရံ ဝဋ္ဋဒုက္ခဿ နိဗ္ဗတ္တနံ။ (သံယုတ်အဋ္ဌကထာ)

ပုနပ္ပုန္နံ၊ အဖန်တလဲလဲ။ မဟာအဂ္ဂိခန္ဓေ၊ မီးပုံကြီး၌။ သုက္ခတိဏာဒီနိ၊ သွေ့ခြောက်သောမြက်သစ်ရွက်အစရှိသည်တို့ကို။ပက္ခိပနေန၊ထည့်ခြင်းကြောင့်။ အဂ္ဂိခန္ဓဿ၊ မီးပုံကြီး၏၊ ဝဍ္ဎနံဝိယ၊ ပွားများသကဲ့သို့။ ဗာလပုထုဇနဿ၊ ဗာလပုထုဇဉ်၏။ ဥဋ္ဌာယုဋ္ဌာယ၊ ထ၍ထ၍။ တဏှာဒိဝသေန၊ တဏှာအစရှိသည်တို့၏ အစွမ်းအားဖြင့်။ ဆဟိဒ္ဒါရေဟိ၊ခြောက်ပါးသောဒွါရတို့ဖြင့်။ ကုသလာကုသလကမ္မာယုဟနေန၊ ကုသိုလ်အကုသိုလ်တို့ကို အားထုတ်ခြင်းကြောင့်။ အပရာပရံ၊ ဘဝသံသရာကမ္ဘာအဆက်ဆက်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ နိဗ္ဗတ္တနံ၊ ဖြီးခြင်းကို။ ဝါ၊ ဖြစ်ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ။အမိပွါယ်ကား လွယ်၏။

ယထာပိနာမ ဇစ္စန္ဓော၊ နရော အပရိနာယကော၊
ဧကဒါ ယာတိ မဂ္ဂေန၊ ကုမ္မဂ္ဂေနာပိ ဧကဒါ၊
သံသာရေ သံသရံ ဗာလော၊ တထာ အပရိနာယကော၊
ကရောတိ ဧကဒါ ပုညံ၊ အပုညမပိ ဧကဒါ။
ယဒါစညတွာ သော ဓမ္မံ၊ သစ္စာနိ အဘိသမေဿတိ၊
တဒါ အဝိဇ္ဇူပသမာ၊ ဥပသန္တော စရိဿတီတိ။

(ဝိသုဒ္ဓိမဂ်-သဇ္ဇမ္မာအဋ္ဌကထာတို့၌လာသည်)

ဇစ္စန္ဓော၊ အမိဝမ်းတွင်းကန်းဖြစ်သော။ အပရိနာယကော၊ လမ်းညွှန်လမ်းပြမရှိသော။ နရော၊လူသည်။ ဧကဒါ၊ရံခါ။ မဂ္ဂေန၊မှန်သောလမ်းဖြင့်။အပိ

နာမယာတိယထာ၊ သွားသကဲ့သို့လည်းကောင်း။ ကေဒါ၊ ရံခါ။ ကုမ္မဂ္ဂေနာပိ၊ မှားသောလမ်းဖြင့်လည်း။ အပိနာမယာတိယထာ၊ သွားသကဲ့သို့လည်းကောင်း။ တထာ၊ ထို့အတူ။ အပရိနာယကော၊ သံသရာစက်မှ ထွက်မြောက်ရန် စခန်း လမ်းညွှန် လမ်းပြမရသော။သံသာရေ၊ သံသရာ၌။ သံသရံ၊ ကျင်လည်ရသော။ ဗာလော၊ သံသရာဘဝ လမ်းစကို မရသော အန္ဓသည်။ ကေဒါ၊ ရံခါ။ ပုညံ၊ ပုညာဘိသင်္ခါရကုသိုလ်ကို။ ကရောတိ၊ ပြု၏။ ယဒါ၊ အကြင်အခါ၌။ သော၊ ထိုသူသည်။ ဓမ္မံ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း သူတော်ကောင်းတရားကို။ ဉတွာ၊ သိပြီး၍။ သစ္စာနိ၊ သစ္စာလေးပါးမြတ်တရားတို့ကို။ အဘိသမေဿတိ၊ ထိုးထွင်း၍ သိမြင်ငြားအံ့။ တဒါ၊ ထိုသိမြင်သောအခါ၌။ အဝိဇ္ဇူပသမာ၊ အဝိဇ္ဇာပျောက် ဝိဇ္ဇာဉာဏ်ရောက်ခြင်းကြောင့်။ ဥပသန္တော၊ အဝိဇ္ဇာဘေး လွတ်ခါဝေး၍ အလွန် အေးငြိမ်းသည်။ စရိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အဓိပ္ပာယ်ကားလွယ်၏။

> စတ္တာရိမာနိ ဘိက္ခဝေ ကမ္မာနိ မယာ သယံ၊ အဘိညာယ သစ္ဆိကတွာ၊ ပဝေဒိတာနိ၊ ကတမာနိ စတ္တာရိ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှံ ကဏှဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ သုက္ကံ သုက္ကဝိပါကံ။ အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏှသုက္ကံ ကဏှသုက္ကဝိပါကံ၊ အတ္ထိ ဘိက္ခဝေ ကမ္မံ အကဏှအသုက္ကံ အကဏှအသုက္ကဝိပါကံ၊ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။ (စတုကနိပါတ် အင်္ဂုတ္တရပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရိ၊ ၄လေးပါးကုန်သော။ ဣမာနိ ကမ္မာနိ၊ ဤကံတို့ကို။ မယာ၊ သင်တို့ဆရာငါဘုရားသည်။ သယံ၊ အလိုလို။ အဘိညာယ၊ သိမြင်တော်မူ၍။ သစ္ဆိကတွာ၊မျက်မှောက်ပြု၍။ ပဝေဒိတာနိ၊ဟောကြားတော်မူအပ်ကုန်ပြီ။ စတ္တာရိ၊ လေးပါးသောကံတို့ဟူသည်။ ကတမာနိ၊ အဘယ်ကံတို့နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ကဏှံ၊ မည်းညစ်သောသဘောရှိသော။ ကဏှဝိပါကံ၊ မည်းညစ်သောအကျိုးရှိသော။ ကမ္မံ၊ အကုသိုလ်ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သုက္ကံ၊ ဖြူစင်သောသဘောရှိသော။ သုက္ကဝိပါကံ၊ ဖြူစင်သော အကျိုးရှိသော။ ကမ္မံ၊ ကုသိုလ်ကံသည်။ အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ကဏှသုက္ကံ၊ အမည်းအဖြူရောသော သဘောရှိသော။ ကဏှသုက္ကဝိပါကံ၊ အမည်းအဖြူရောသော အကျိုးရှိသော။ ကမ္မံ၊ ကုသိုလ် အကုသိုလ်ကံသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အကဏှအသုက္ကံ၊ အမည်းအဖြူမဟုတ်သော

သဘောရှိသော။ အကာဏာအသုက္ကဝိပါကံ၊ အမည်း, အဖြူ မဟုတ်သောအကျိုး ရှိသော။ ယံကမ္မံ၊ အကြင်မဂ္ဂင်ရှစ်ပါးဟူသော ကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုမဂ္ဂင်ရှစပါးဟူသော ကံသည်။ ကမ္မက္ခယာယ၊ မည်းညစ်သော အကုသိုလ်ကံ ဖြူစင်သောကုသိုလ်ကံ အမည်းအဖြူအကုသိုလ်နှင့် ကုသိုလ်ရောသော ကံသုံးပါး ကုန်ခြင်းငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်လေ၏။

အဓိပ္ပါယ်ကား။ ။ချစ်သားတို့ လေးပါးကုန်သော ကံတို့ကို သင်တို့ဆရာ ငါဘုရားသည် အလိုလို သိမြင်တော်မူ၍ ဟောတော်မူ၍ မျက်မှောက်ပြုတော်မူ၍ ဟောတော်မူကုန်ပြီ။ လေးပါးသော ကံတို့ဟူသည်ကား ချစ်သားတို့ မည်းညစ်သော အကုသိုလ်ကံသည် မည်းညစ်သော အကုသိုလ်အကျိုး ရှိ၏။ ဖြူစင်သော ကာမာဝစရကုသိုလ်ကံသည် ဖြူစင်သော ကုသိုလ်အကျိုး ရှိ၏။ အကုသိုလ်နှင့်ကုသိုလ် ရောနှောသော ကံသည် အကုသိုလ်နှင့်ကုသိုလ် ရောနှောသောအကျိုးရှိ၏။ အကုသိုလ်လည်းမဟုတ် ကုသိုလ်လည်းမဟုတ်သော ကံသည် အကုသိုလ် ကုသိုလ်အကျိုးမဟုတ်သော မဂ္ဂင်ရှစ်ပါးဟူသောကံသည် ရှိ၏။ ။

ထိုမဂ္ဂင်ရှစ်ပါး ဟူသော ကံသည် အကုသိုလ်ကံ-၁၊ ကုသိုလ်ကံ-၂၊ အကုသိုလ်နှင့် ကုသိုလ် ရောနှောနေသော မိဿကကံ-၃၊ ထိုသုံးပါးသောကံတို့ကို ကုန်ခန်းပျောက်ပျက်စေနိုင်ကုန်၏။ထိုမဂ္ဂင်ရှစ်ပါးဟူသော ကံအမျိုးကိုသာလျှင် ဘုရားရှင် အလိုရှိတော်မူသည်။ ကြွင်းသောကံသုံးပါးကို ဘုရားရှင်အလိုမရှိ၍၊ ပယ်တော်မူသည်။ ပယ်အပ်သောတရားကိုပွားများကြသည်။ ပွားများအပ်သော တရားကို ပယ်ကြသည့်အရာများကို မြတ်စွာဘုရားအား စွပ်စွဲရာ ရောက်မရောက် ခြင့်ထောက်၍ ပညာရှိတို့ ကြံမိကြစေကုန်လော။

ယေ ခေါ တွံ ဂေါတမိ ဓမ္မေ ဇာနေယျာသိ၊ ဣမေ ဓမ္မာ-
သရာဂါယ သံဝတ္တန္တိ၊ နော ဝိရာဂါယ၊
အာစယာယ သံဝတ္တန္တိ၊ နော အပစယာယ၊
ဧကံသေန ဂေါတမိ-ဓာရေယျာသိ၊ နေသော
ဓမ္မော၊ နေသော ဝိနယော၊ နေတံ သတ္ထု
သာသနန္တိ။ (စူဠဝါပါဠိတော်၊အင်္ဂုတ္တရအဋ္ဌနိပါတ်။ဥပရိပဏ္ဏာသ ပါဠိတော်တို့၌ လာသည်)၊

ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ သရာဂါယ၊ ရာဂပွားများစေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ နောဝိရာဂါယ၊ ရာဂကင်းစေခြင်း၊ ရာဂပျောက်စေခြင်းငှာ မဖြစ်စေနိုင်ကုန်။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ အာစယာယ၊ သံသရာဝဋ်တရားကို ပွားများစေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ နောအပစယာယ၊ သံသရာဝဋ်တရားကို ဖျက်ဆီးခြင်းငှာ မဖြစ်နိုင်ကုန်။ဣတိ၊ ဤသို့။ယေဓမ္မေ၊ အကြင်တရားတို့ကို။ တွံ၊ သင်မိထွေးတော် ဂေါတမီသည်။ ဇာနေယျာသိ၊ သိရမှတ်ရ၏။ ။ဂေါတမိ၊ မိထွေးတော် ဂေါတမီ။ ဧဝံ၊ ဤသို့။ ဇာနန္တာ၊ သိသော။ တွံ၊ သင်မိထွေးတော်ဂေါတမီသည်။ သော၊ ဤရာဂပွားများစေခြင်း၊ ဝဋ်ကိုပွားစေခြင်းသည်။ နဓမ္မော၊ တရား မဟုတ်။ သော၊ ဤရာဂပွားစေခြင်း၊ ဝဋ်ကို ပွားများစေခြင်းသည်။ န ဝိနယော၊ အကျင့်မဟုတ်။ တေ၊ ဤရာဂပွားများစေခြင်း၊ ဝဋ်ကိုပွားများ စေခြင်းသည်။ နသတ္ထုသာသနံ၊ ငါဘုရားရှင် သာသနာမဟုတ်။ ဣတိ၊ ဤသို့။ တေဓမ္မေ၊ ထိုရာဂပွားများကြောင်း ဝဋ်၏ ပွားများကြောင်း တို့ကို။ ဧကံသေန၊ စင်စစ် အမှန်အားဖြင့်။ ဇာနေယျာသိ၊ သိရ မှတ်ရ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

ယဒါ ပန သောတာပတ္တိဖလဿာပိ အနုစ္ဆဝိကံ ပဋိပဒံ
ပူရေတုံ အသက္ကောန္တာ သီလပါရိသုဒ္ဓိ မတ္တေဝ
ဌဿန္တိ တဒါ ပဋိပတ္တိသဒ္ဓမ္မော အန္တရဟိတောနာမ
ဘဝိဿတိ။ (နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ)

ယဒါပန၊ အကြင်အခါ၌ကား။ သောတာပတ္တိဖလဿာပိ၊ သောတာ ပတ္တိဖိုလ်အားလည်း။ အနုစ္ဆဝိကံ၊ လျောက်ပတ်သော။ ပဋိပဒံ၊ အကျင့်ကို။ ပူရိတုံ၊ ဖြည့်ကျင့်ခြင်းငှာ။ အသက္ကောန္တာ၊ မတတ်နိုင်ကြကုန်သည် ဖြစ်၍။ သီလပါရိသုဒ္ဓိမတ္တေဝ၊ သီလ စင်ကြယ်ကာမျှ၌သာလျှင်။ ဌဿန္တိ၊ တည်ကြ ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ပဋိပတ္တိသဒ္ဓမ္မော၊ မဂ်ဖိုလ်ရကြောင်း အကျင့် ကောင်းတရားသည်။ အန္တရဟိတောနာမ၊ ကွယ်ပသည်မည်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဓိပ္ပာယ်ကားလွယ်၏။

ဝဋ္ဋံနာမ တေဘူမကံ ဝဋ္ဋပါဒံနာမ ဝဋ္ဋပဋိ
လာဘာယ ကမ္မံ၊ ဝိဝဋ္ဋံ နာမ နဝ

လောကုတ္တရ ဓမ္မာ ဝိဝဋ္ဋ ပါဒံ နာမ
ဝိဝဋ္ဋပ္ပဋိလာဘာယ ကမ္မံ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဝဋ္ဋံနာမ၊ ဝဋ္ဋ မည်သည်ကား။ တေဘူမကံ၊ သုံးပါးဘုံ၌ ဖြစ်သော တရားတည်း။ ဝဋ္ဋပါဒံနာမ၊ ဝဋ္ဋ၏ အခြေအမြစ် မည်သည်ကား။ ဝဋ္ဋပ္ပဋိ-လာဘာယ၊ ဝဋ္ဋကိုရခြင်း၏။ ကမ္မံ၊ လောကီကံမျိုးတည်း။ ဝိဝဋ္ဋံနာမ၊ ဝဋ္ဋကင်းရာ တရားတို့ မည်သည်ကား။ နဝလောကုတ္တရဓမ္မာ၊ ကိုးပါးသော လောကုတ္တရာတရားတို့တည်း။ ဝိဝဋ္ဋပ္ပဋိလာဘာယ၊ ဝဋ္ဋကင်းရာ တရားကိုရခြင်း၏။ ကမ္မံ၊ မဂ်ကုသိုလ်ကံမျိုးတည်း။

ဓမ္မာယတနေ ဘိက္ခဝေ နေတံမမ
နေသော ဟမသ္မိ နမေသော
အတ္တာတိ သမာ ပညာယ ဒဋ္ဌဗ္ဗံ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧတံ၊ ဤဒါနကုသိုလ်သည်။ မမ၊ ငါ၏။ ကုသလံ၊ ကုသိုလ်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ နဥပါဒိယတော၊ မစွဲလမ်းအပ်။ ဝါ၊ မစွဲလမ်းကောင်း။ ဧသော၊ ဤဒါနကုသိုလ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ နဥပါဒိယတော၊ မစွဲလမ်းအပ်။ ဝါ၊ မစွဲလမ်းကောင်း။ ကသ္မာ၊ အဘယ့်ကြောင့်။ နဥပါဒိယတော၊ မစွဲလမ်းကောင်းပါသနည်း။ အတ္တာအတ္တာနံ၊ မိမိကိုယ်စသော အနက်သဘောတို့၏။ အဘာဝတော၊ ဘာတစ်ခုမျှ မရှိသောကြောင့်တည်း။ ဓမ္မာယတနေ၊ ဒါနစသော ဓမ္မာယတနသဘာဝ၌။ သမာပညာယ၊ ယထာဘူတသဘာဝကို ကျနမှန်ကန်စွာ သိမြင်သော ဝိဇ္ဇာဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ သိအပ်မှတ်အပ်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့... ဤ ဒါနကုသိုလ်သည် ငါ၏ ဒါနကုသိုလ်တည်း။ ဤသို့ တဏှာ မာန ဒိဋ္ဌိအားဖြင့် မစွဲလမ်းအပ်, မစွဲလမ်းကောင်း။ ဤဒါနကုသိုလ်သည် ငါ၏ကိုယ်တည်းဟု တဏှာ မာန ဒိဋ္ဌိအားဖြင့် မစွဲလမ်းအပ်, မစွဲလမ်းကောင်း။ အဘယ့်ကြောင့် မစွဲလမ်းအပ်, မစွဲလမ်းကောင်းပါသနည်းဟု ဆိုသော် ငါဆိုသည်, ကိုယ်ဆိုသည်, မိမိဆိုသည် ဘာတစ်ခု အနုမြူမျှ စွဲလမ်းစရာ အောက်မေ့စရာ မရှိ။ ဒါနစသော ဓမ္မာယတန ရုပ်နာမ်ဓမ္မ သဘာဝကို ယထာဘူတ ကျနမှန်ကန်စွာသိမြင်သော ဝိဇ္ဇာဉာဏ်မျိုးမှ သာလျှင် မဂ္ဂင်ရှစ်ပါးကံ၌ စီးဝင်၍ အကဏှ အသုက္က အမည်းအဖြူဟူသော

အကုသိုလ်ကံ ကုသိုလ်မှ ကင်းလွတ်၍ မဂ္ဂင်ကံသို့ ဆိုက်ရောက်ကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော့။ ဤကား ဘုရားရှင်ခွင့်ပြုတော်မူသော ဒါနမျိုးပေတည်း။

ကတမဉ္စ ဘိက္ခဝေ ကမ္မံ အကဏှအသုက္ကံ
အကဏှအသုက္ကဝိပါကံ ကမ္မံ ကမ္မက္ခယာယ
သံဝတ္တတိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ
သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊
ဣဒံ ဝုစ္စတိ ဘိက္ခဝေ ကမ္မံ အကဏှအသုက္ကံ
အကဏှအသုက္ကဝိပါကံ ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ။
(စတုကနိပါတ်အင်္ဂုတ္တရပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ အကဏှအသုက္ကံ၊ အမည်းအဖြူ မဟုတ်သော။ အကဏှ အသုက္ကဝိပါကံ၊ အမည်း အဖြူမဟုတ်သော အကျိုးရှိသော။ ယံကမ္မံ၊ အကြင်ကံသည်။ ကမ္မက္ခယာယ၊ အမည်းဟူသော အကုသိုလ်ကံ, အဖြူဟူသော ကုသိုလ်ကံ, အမည်းအဖြူ အကုသိုလ်နှင့် ကုသိုလ် ရောနှောသော မိဿကကံ သုံးပါးကုန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တံကမ္မံ၊ ထိုကံသည်။ ကတမဉ္စ၊ အဘယ်ကံပေနည်း။ သမ္မာဒိဋ္ဌိ၊ မှန်သောမြင်ခြင်း လည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ မှန်သောကြံခြင်း လည်းကောင်း။ သမ္မာဝါစာ၊ မှန်သောစကားကို ဆိုခြင်းလည်းကောင်း။ သမ္မာကမ္မန္တော၊ မှန်သောအမှုကိုပြုခြင်းလည်းကောင်း။ သမ္မာအာဇီဝေါ၊ မှန်သောအသက်မွေးခြင်းလည်းကောင်း။ သမ္မာဝါယာမော၊ မှန်သောအားထုတ်ခြင်းလည်းကောင်း။ သမ္မာသတိ၊ မှန်သောအောက်မေ့ခြင်း လည်းကောင်း။ သမ္မာသမာဓိ၊ မှန်သောတည်ကြည်ခြင်း လည်းကောင်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးကို။ အကဏှအသုက္ကံ၊ အမည်း အဖြူမဟုတ်သော။ အကဏှအသုက္ကဝိပါကံ၊ အမည်းအဖြူမဟုတ်သော အကျိုး ရှိသော။ ကမ္မံ၊ ကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဒံကမ္မံ၊ ဤ မဂ္ဂင်ရှစ်ပါး ဟူသောကံသည်။ ကမ္မက္ခယာယ၊ ကံသုံးပါးကုန်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။အကုသိုလ်စေတနာဖြစ်သော အပုညာဘိသင်္ခါရကံ ၁။ လူ့ဘုံ နတ်ဘုံသို့ ဖြစ်စေတတ်သော ကုသိုလ်ကံ စေတနာ ပုညာဘိသင်္ခါရ။ ဗြဟ္မာဘုံသို့ ဖြစ်စေတတ်သော အာနေဉ္ဇာဘိသင်္ခါရကံ။ ၂။ ကုသိုလ်အကုသိုလ်

နှင့် ရောနှော၍ပြုသော မိဿကကံ။ ၃။ ဤကံသုံးမျိုးကား စေတနာ စေတသိက်ဖြစ်ကြ၍ မဂ်ဖိုလ်နှင့်မဆိုင်ပေ။ မဂ္ဂင်ရှစ်ပါးဟူသောကံကိုထည့်လျှင် ကံလေးမျိုးရှိပေ၏။ ၎င်းမဂ္ဂင်ကံသည် စေတနာစေတသိက်ကို မယူအပ်ပေ။

မဂ္ဂင်ကံသည် ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့်ယှဉ်သော ပညာ ဝိတက် ဝိရတီ ၃ စေတသိက်သုံးခု။ ဝီရိယစေတသိက်, သတိစေတသိက်, ဧကဂ္ဂတာစေတသိက် ဤစေတသိက်တို့ကို ယူအပ်၏။ ၎င်းမဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သောကံသည် ပြဆိုခဲ့သောကံသုံးပါးတို့ကို ကုန်စေ-ခန်းစေ-ဖျက်ဆီးစေနိုင်၏။

အဘယ့်ကြောင့်ဆိုသော် မဂ္ဂင်ရှစ်ပါး၌ ပါဝင်၍လာသော ဝိပဿနာ ပညာ, မဂ်ဖိုလ်ဟူသောပညာသည် အသိဉာဏ်ဝိဇ္ဇာ မည်၏။ စေတနာကံက ဘုံသုံးပါးကို ဖြစ်စေတတ်သော မောဟဟူသော အဝိဇ္ဇာကို အသိပညာဝိဇ္ဇာ ဟူသောဉာဏ်က ကံသုံးပါးတို့ကို ဖျောက်ဖျက်ကုန်ခန်းစေနိုင်၏။ စေတနာကံ သုံးပါး အဝိဇ္ဇာအကြောင်းခံပျက်စီးလျှင် အကျိုးပေးဖြစ်သော ခန္ဓာနာမ်ရုပ် ချုပ်ငြိမ်း၍ ဇာတ်သိမ်းပြည်နိဗ္ဗာန်ဟူ၍ ပညာရှိတို့ သိမြင်ကြစေကုန်လော။

သုတ်ပါထေယျပါဠိတော်၌ အယုတ္တဒါနေ–နဒါနံဟု ဟောတော်မူရာ၌ အယုတ္တဒါနေ၊ မသင့်မတင့်အဝိဇ္ဇာနှင့် လှူသောအလှူသည်။ နဒါနံ၊ ဒါနမမည် ဟူ၍ ဟောတော်မူသည်ကို ထောက်ဆ၍ ဗျတ္တိရေကနည်းဖြင့် ပြန်၍သိရပုံမှာ အသိပညာဝိဇ္ဇာဉာဏ်နှင့် လှူကြဟူ၍ ဟောတော်မူပေသည်။

သုတ်ပါထေယျ ပါဠိတော်၌ ပရိသုဒ္ဓိမမ္ဗဒါနံ ဟု ဟောတော်မူရာ၌ ပရိသုဒ္ဓိမမ္ဗဒါနံ၊ စင်စင်ကြယ်ကြယ် အသိပညာဝိဇ္ဇာတရားနှင့် လှူခြင်းသည်။ ဒါနံနာမ၊ ဒါနမည်၏ဟူ၍ ဟောတော်မူသည်။ ပြဆိုခဲ့သော မဂ္ဂင်ရှစ်ပါးမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဤ မဂ္ဂင်သုံးပါးသည် သီလမဂ္ဂင် မည်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤ မဂ္ဂင်သုံးပါးသည် သမာဓိမဂ္ဂင်မည်၏။ သမ္မာသင်္ကပ္ပ, သမ္မာဒိဋ္ဌိ ဤ မဂ္ဂင်နှစ်ပါးသည် သမ္မာဒိဋ္ဌိ မဂ္ဂင်မည်၏ဟု မူလပဏ္ဏာသ-စူဠဝေဒလ္လသုတ် ပါဠိတော်၌ ဟောတော်မူသည်ကို ထောက်ဆ၍ မဂ္ဂင်ရှစ်ပါးသည် သီလ-သမာဓိ-ပညာဟူ၍ သုံးပါးသာရှိပေ၏။

ဘုရားရှင်ခွင့်မပြုသော သုတ်ပါထေယျပါဠိတော်၌လာသော အယုတ္တ ဒါနေ နဒါနံ၊ မသင့်မတင့် အဝိဇ္ဇာနှင့်လှူဒါန်းလျှင် ဒါနမမည်ဟု ဟောတော် မူခြင်းကြောင့် အလှူဒါန-လှူစဉ်-လှူဆဲ-လှူတုန်း ပစ္စုပ္ပန်အတွင်း အခိုက်အတန့်၌

မြတ်စွာဘုရား ဟောကြားတော်မူသော သတိပဋ္ဌာန် လေးပါးတို့ကို မှတ်ရှု၍ လှူဒါန်းပါမှ အဝိဇ္ဇာကွာပျောက်၍ အသိဉာဏ်ဝိဇ္ဇာ ရောက်ရတော့သည်။

မှတ်ပုံမှာ အောက်၌ ခြောက်ဒွါရ ခြောက်အာရုံ ကိလေသာကွာပုံက ပြဆိုခဲ့ပေပြီ။ အကျဉ်းသာမည ပြဆိုသော် ကိုယ်အမူအရာ၌ လှုပ်တိုင်း-ကြွတိုင်း-ကိုင်တိုင်း-ယူတိုင်း-ထိတိုင်း-ကွေးတိုင်း-ဆန့်တိုင်း-သွားတိုင်း-ရပ်တိုင်း-ထိုင်တိုင်း-အိပ်တိုင်း စသော အာရုံခြောက်ပါးနှင့်တကွ စိတ်ကျရောက်ရာကို မှတ်ရှု၍ လှူဒါန်းသင့်ပေကုန်သည်။

တေမာဒီနဝံ ဥတ္တာ၊ တဏှာ ဒုက္ခဿ သမ္ဘဝံ။
ဝိတတဏှော အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။
(ဝိသုဒ္ဓိမဂ်)

တဏှာ၊ နှစ်သက်တတ်သော တဏှာသည်။ ဒုက္ခဿ၊ ဆင်းရဲအပေါင်းကို။ သမ္ဘဝံ၊ ဖြစ်စေတတ်၏။ ဧတံ အာဒီနဝံ၊ ထို ဆင်းရဲအမျိုးမျိုးကို။ ဥတ္တာ၊ ရှုမှတ်သောဉာဏ်၌သိမြင်လာ၍။ ဝိတတဏှော၊ နှစ်သက်သာယာခြင်းမှ ကင်းသည်ဖြစ်၍။ အနာဒါနော၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်း မရှိသည်ဖြစ်၍။ သတော၊ ထင်မြင်သောသတိရှိသော။ ဘိက္ခု၊ သံသရာဘေး ရှုသောသူသည်။ ပရိဗ္ဗဇေ၊ ရှုမှတ်ပွားများ၍နေရာ၏။

ဤသို့ အသိအမှတ်နှင့် လှူဒါန်းပါမှ ကိလေသာကွာမည်။ ကိလေသာကွာမှ စွဲလမ်းခြင်းလွတ်မည်။ ထို့ကြောင့် ယော တတ္ထ သံဝရဋ္ဌော-ဟု ပဋိသမ္ဘိဒါမဂ်၌ လာခြင်းကြောင့် မိမိစိတ်ကို စောင့်ရှောက်ခြင်း အနက်သဘောသည် အဓိသီလ မဂ္ဂင်မည်၏။ ယော တတ္ထ အဝိက္ခေပဋ္ဌော၊ မိမိစိတ်ကို မပျံ့မလွင့်စေရ။ ဖြစ်ပေါ်တိုင်း မှတ်နိုင်သော အနက်သဘောသည် အဓိစိတ္တ မဂ္ဂင်မည်၏။ ယော တတ္ထ ဒဿနဋ္ဌော၊ မိမိစိတ်ကို မြင်တိုင်း-ကြားတိုင်း စသည်ဖြင့် ဖြစ်ပေါ်တိုင်း သိမြင်သောအနက်သဘောသည် အဓိပညာမဂ္ဂင်မည်၏။

ထိုသုံးပါးသော မဂ္ဂင်တို့သည် လှူစဉ်-လှူဆဲ-လှူတုန်း ပစ္စုပ္ပန် အခိုက်အတန့်အတွင်း၌ မှတ်ရှုသော စိတ်တစ်ချက်သည် ပါဝင်ပြီးစီးလေတော့သည်။ ဒါနအစ မဂ်ပထမ-သီလ ရှေးဦးစွာဟူ၍ ရှေးပညာရှိတို့ စပ်ဆိုကြရာ၌ မြင်မြင်သည်ဟု အဆင်းရုပ်ကိုမှတ်သော စိတ်တစ်ချက်၌။ လောဘ-ဒေါသ-မောဟ မပါဝင်၍ အလောဘ-အဒေါသ-အမောဟ ပါဝင်ခြင်းကြောင့် ၎င်းအဆင်း

ရုပ်ကိုမှတ်သော စိတ်တစ်ချက်၌ အလောဘကို ဒါနဟု ခေါ်ဆိုရပေသည်။ အဒေါသကို သီလဟု ခေါ်ဆိုရပေသည်။ အမောဟကို လောကီမဂ်ဟု ခေါ်ဆိုရပေသည်။ ဤသို့ လှုစဉ်-လှူဆဲ-လှူတုန်း ပစ္စုပ္ပန်အတွင်း မိမိ၌ဖြစ်ပေါ်နေသော ရုပ်နာမ်သင်္ခါရတို့ကို မှတ်၍နေသောသူအား....

ဥပါဒါနိယေသု ဘိက္ခဝေ ဓမ္မေသု အာဒီနဝါနုပဿိနော ဝိဟရတော တဏှာ နိရုဇ္ဈတိ တဏှာ နိရောဓာ ဥပါဒါနနိရောဓော ဥပါဒါနနိရောဓာ ဘဝနိရောဓော ဘဝနိရောဓာ ဇာတိနိရောဓော ဇာတိနိရောဓာ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ဧဝမေဝ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဥပါဒါနိယေသု၊ လောဘဒိဋ္ဌိဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်ကုန်သော။ ဓမ္မေသု၊ မိမိ၌ဖြစ်ပေါ်၍နေသော၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌။ အာဒီနဝါနုပဿိနော၊ နှစ်သက်ဖွယ်, မြတ်နိုးဖွယ်မရှိဟု ရှုမြင်သည်ဖြစ်၍။ ဝါ၊ မမြဲမှု-ဆင်းရဲမှု-အစိုးမရမှုဟု ရှုမြင်သည်ဖြစ်၍။ ဝိဟရတော၊ မှတ်၍ ရှု၍နေသောသူအား။ တဏှာ၊ မိမိလှူသောဒါန၌ သာယာနှစ်သက် စုံမက်-ခင်မင် ငြိတွယ်ခြင်းတဏှာသည်။ နိရုဇ္ဈတိ၊ ချုပ်လေပျောက်လေကုန်၏။ တဏှာနိရောဓာ၊ တဏှာ ချုပ်ပျောက်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဖားကိုမြွေခဲ-သည်ထက်မြဲသော ဥပါဒါန်ချုပ်ပျောက်သည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန် ချုပ်ပျောက်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝချုပ်ပျောက်သည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝချုပ်ပျောက်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ပဋိသန္ဓေချုပ်ပျောက်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ပဋိသန္ဓေ ချုပ်ပျောက်ခြင်းကြောင့်။ ဇရာ-မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ၊ အိုခြင်း-သေခြင်း-စိုးရိမ်ရခြင်း-ငိုကြွေးရခြင်း - ဆင်းရဲရခြင်း - နှလုံးမသာမယာခြင်း-သက်ကြီးရှိုက်ငင် ပင်ပင်ပန်းပန်း ရှိရခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်လေပျောက်လေကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာဟူက မြူမျှမရောယှက်သော။ တဿ-ဒုက္ခက္ခန္ဓဿ၊ ထို ဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ငြိမ်း ရုပ်သိမ်းသည်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ်ကားလွယ်၏။

အဝိဇ္ဇာတိက္ကမနတာယ၊ ဒါနာဒီနိစေဝ၊ ပုညကိရိယ ဝတ္ထူနိ ပူရေန္တ သာ၊ စသည်တို့ဖြင့် အဋ္ဌကထာကျမ်းတို့၌ မိန့်မှာတော်မူသည်အရ အဝိဇ္ဇာက လွန်မြောက် ထွက်မြောက်လေအောင် ဒါန အစရှိသည်တို့သာလျှင်ဖြစ်သော ပုညကိရိယဝတ္ထုတို့ကို ဖြည့်ကျင့်ကြ-ပြုစုကြ-အားထုတ်ကြဟု မိန့်ဆိုသည်အတိုင်း အဝိဇ္ဇာကွာမြောက်ရန် အလွန်အရေးကြီးသင့်လှပေကုန်သည်။

ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ ကမ္မဋ္ဌာန်းမှလွတ်သော တရားမည်သည်မရှိ။ လက္ခဏာဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ လက္ခဏာရေး ၃-ပါးမှ လွတ်သော တရားမည်သည် မရှိ။ စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊ သစ္စာ ၄-ပါးမှ လွတ်သောတရားမရှိ။

(၂၉) ဒါနဆိုတာ သံသရာ၌ ကျင်လည်သည့်စကား၊ ဝေါဟာရများပုံကို ပါဠိတော်အာဂုံနှင့် အဋ္ဌကထာလာပုံကို ပြဆိုခြင်းပြီး၏။

(၃၀) သုဒ္ဓိသုံးပါးစသော အစဉ်တို့သည် ဝိမုတ္တိ၌ပါဝင်ပုံကို ဝါဏိဇ္ဇပမာတင်၍ ထင်မြင်အောင်ပြဆိုခြင်း

ဝိပဿနာသံခိပ် ရှုဖွယ်ကျမ်း၌ သုဒ္ဓိသုံးပါး-သိက္ခာသုံးပါး-သာသနာသုံးပါး-လက္ခဏာရေး သုံးပါး စသော ဗောဓိပက္ခိယတရား ၃၇-ပါး တို့သည် ဝိမုတ္တိရသသဘော ဖြစ်ကြ၍ မှတ်သောစိတ်တစ်ချက်၌ ပါဝင်ပြီးစီးလေတော့သည်။ ၄၅-ဝါကာလပတ်လုံး ဟောတော်မူသော သုတ်-ဝိနည်း-အဘိဓမ္မာ ၃-ပါးတို့သည်လည်း သိက္ခာသုံးထပ်၌ ပါဝင်ကြ၍ မှတ်သောစိတ်တစ်ချက်၌ ပြီးစီးလေတော့သည်။ သာဓာရဏသဘော၊ အသာဓာရဏသဘော၊ ပဟာတဗ္ဗသဘော၊ အပဟာတဗ္ဗသဘော၊ ဘာဝေတဗ္ဗသဘော၊ အဘာဝေတဗ္ဗသဘောတို့ကိုလည်း သိမြင်ကြစေကုန်လော။

သဗ္ဗေ ခန္ဓရသာဒယောပိ ရသော ဥဂ္ဂံသတော ဒေဝတာနံ
သုဒ္ဓါဘောဇနရသောပိ သံသာရဝဋ္ဋေ ပါတေတွာ ဒုက္ခာ
နုဘာဝနသော ပစ္စယော ပနေသာ သတ္တတိံ သဗောဓိပက္ခိယ
ဓမ္မသင်္ခါတော နဝဝိဓလောကုတ္တရဓမ္မသင်္ခါတောစ

ဓမ္မရသော အယမေဝ သဗ္ဗရသာနံ သေဋ္ဌော တေန ဝုတ္တံ
သဗ္ဗရသံ ဓမ္မရသံ ဇိနာတီတိ။ (ဓမ္မပဒအဋ္ဌကထာ)

သဗ္ဗေ၊ အလုံးစုံကုန်သော။ ခန္ဓရသာဒယော၊ ပင်စည်၏ အဆီအရသာ အစရှိကုန်သော။ ရသောပိ၊ အရသာသည် လည်းကောင်း။ ဥဂ္ဂံသတော၊ အလွန်ဆုံး အကောင်းဆုံးအားဖြင့်။ ဒေဝတာနံ၊ နတ်တို့၏။ သုဓါဘောဇနရသောပိ၊ သုဓါဘုတ်ဘောဇဉ်ဟု ဆိုအပ်သော အရသာသည်လည်းကောင်း။ ဟောတု၊ ရှိသည်ဖြစ်ပါစေ။ ပန၊ စင်စစ်အမှန်ကား။ သောရသော၊ ဤလူနတ်တို့၏ အရသာသည်။ သံသာရဝဋ္ဋေ၊ သံသရာ၏ ဝဋ်ဆင်းရဲ၌။ ပါတေတွာ၊ ကျရောက်စေ၍။ ဒုက္ခာနုဘဝနဿေဝ၊ ဆင်းရဲကို ခံစားခြင်း၏သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တတိံသဗောဓိပက္ခိယဓမ္မသင်္ခါတော၊ (၃၇)ပါးသော ဗောဓိပက္ခိယတရားဟု ဆိုအပ်သော။ ဓမ္မရသောစ၊ တရားအရသာသည် လည်းကောင်း။ နဝဝိဓလောကုတ္တရဓမ္မသင်္ခါတော၊ ကိုးပါးသောလောကုတ္တရာဟု ဆိုအပ်သော။ ဓမ္မရသောစ၊ တရားအရသာသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယမေဝ၊ ဤတရားအရသာသည်သာလျှင်။ သဗ္ဗရသာနံ၊ အလုံးစုံသော အရသာမျိုးတို့ထက်။ သေဋ္ဌော၊ တရားအရသာက မြတ်လှပေ၏။ တေန၊ ထို့ကြောင့်။ သဗ္ဗရသံ-ဓမ္မရသံ ဇိနာတီတိ၊ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဓမ္မပဒပါဠိတော်၌ ဟောတော်မူပေ၏။

**အဓိပ္ပာယ်လိုရင်းကား။** လူတို့ သုံးဆောင် စားသောက် ကြသော အရသာဟူသမျှသည် လည်းကောင်း၊ အလွန်ဆုံး အကောင်းဆုံးအားဖြင့် နတ်ပြဟ္မာတို့ သုံးဆောင် စားသောက်ကြသော အရသာသည် လည်းကောင်း၊ စင်စစ်အမှန်အားဖြင့် ဤအရသာမျိုးတို့သည် သံသရာဝဋ်ဆင်းရဲ၌ ကျရောက်စေ၍ ဒုက္ခအကျိုး ခံစားခြင်းသည်သာလျှင် အကြောင်းဖြစ်၏။ (၃၇)ပါးသော ဗောဓိပက္ခိယဟုဆိုအပ်သော တရားအရသာသည် လည်းကောင်း၊ ကိုးပါးသော လောကုတ္တရာဟုဆိုအပ်သော တရားအရသာသည် လည်းကောင်း၊ ဤအရသာမျိုးတို့သည် အလုံးစုံသော လူနတ်ပြဟ္မာ အရသာမျိုးတို့ထက် တရားအရသာက မွန်မြတ်လှပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက သဗ္ဗရသံ ဓမ္မရသံ ဇိနာတိဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။ ထိုပါဠိတော်၌ ဟောတော်မူသည်မှာ....

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိံ ဇိနာတိ။ (ဓမ္မပဒပါဠိတော်)

သဗ္ဗဒါနံ၊ အလုံးစုံသော အလှူမျိုးတို့ထက်။ ဓမ္မဒါနံ၊ တရားဟူသော အလှူသည်။ ဇိနာတိ၊ အောင်၏။ သဗ္ဗရသံ၊ အလုံးစုံသော လူ နတ် ဗြဟ္မာ အရသာမျိုးတို့ထက်။ ဓမ္မရသံ၊ တရားအရသာသည်။ ဇိနာတိ၊ အောင်၏။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော် ပျော်ပါးရခြင်းတို့ထက်။ ဓမ္မရတိံ၊ တရားနှင့် မွေ့လျော်ပျော်ပါးရခြင်းသည်။ ဇိနာတိ၊ အောင်၏။

**အဓိပ္ပာယ်ကား။** ။အလုံးစုံသော အလှူမျိုးတကာထက် တရားဟူသော အလှူသည် မြတ်၏ဟုဆိုရာ၌ သဗ္ဗဒါနံ ဟူသောပုဒ်သည် လောက၌ ရှိရှိသမျှ အလုံးစုံအကုန် အလှူဟူသမျှကို ဆိုလိုသည်။ ဓမ္မဒါနံဟူသောပုဒ်၌ တရားအလှူ ဆိုသည်မှာ ယထာဘူတ သဘာဝဓမ္မကို ကျနမှန်ကန်စွာ အောက်၌ပြဆိုခဲ့သော ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်၍လာသော အာရုံတို့ကို ပစ္စုပ္ပန် အခိုက်အတန့်အတွင်း၌ စောင့်ရှောက်၍ ဣန္ဒြိယသံဝရ သီလတို့ကို လုံခြုံသဖြင့် အစဉ်အတိုင်း ဉာဏ်စဉ်နှင့်တကွ သစ္စာလေးပါးတိုင်အောင် ရရှိသိမြင်သော တရားတို့ကို ဓမ္မဒါနံ ဇိနာတိ အလုံးစုံသောအလှူမျိုးတို့ကို အောင်သည်နိုင်သည် ဟူ၍ မှတ်ယူသင့်လှပေကုန်သည်။

အချို့သောဆရာတို့က စာပေပိဋကတ်တို့ကို ငွေအားဖြင့် ဝယ်ယူလှူဒါန်း ကြရာ၌ ဓမ္မဒါနဟု ဟောပြောကြသည်မှာ ကိလေသာမကွာ ငါပါသမျှ အလှူမျိုးတို့သည် မဂ်ဖိုလ်နှင့်မဆိုင်။ လူကောင်း–နတ်ကောင်း အကျိုးကိုသာ ပေးမျိုးဖြစ်ပေသည်။ သို့သော်လည်း ၎င်းအလှူမျိုးသည် ဥပစာအားဖြင့် ဓမ္မဒါနဟူ၍ ရေတွက်သင့်လှပေသည်။ ဓမ္မဟူသောပုဒ်သည် စင်စစ်အားဖြင့် အပါယ်လေးဘုံ၌ မကျမရောက်စေခြင်း၊ လူနတ်ဗြဟ္မာဟူသော ဝဋ္ဋဆင်းရဲ၌ မကျမရောက်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ ဆောင်ခြင်း၊ ရောက်စေခြင်း သဘောကို ဓမ္မဟူ၍ မုချမှတ်ယူသင့်လှပေကုန်သည်။ ထို့ကြောင့်....

အတ္တာနံ ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသုစ
အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော စတုမဂ္ဂဖလနိဗ္ဗာန
ဝသေန နဝဝိဓော ဓမ္မော ပရိယတ္တိယာ သဟ ဒသဝိဓောဝါ
ဓမ္မော။

ယောသဘာဝေါ၊ အကြင်သဘောတရားသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ စတုသု၊ လေးပါးကုန်သော။ အပါယေသုစ၊ အပါယ်ဘုံတို့၌ လည်းကောင်း။ ဝဋ္ဋဒုက္ခေသုစ၊ ဝဋ်ဆင်းရဲတို့၌ လည်းကောင်း။ အပတမာနေ၊ မကျမရောက်စေသည်တို့ကို။ ကတ္ဝာ၊ ပြု၍။ ဓာရေတိ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ဓမ္မော၊ ဓမ္မမည်၏။ စတုမဂ္ဂဖလနိဗ္ဗာနဝသေန၊ မဂ်လေးပါး-ဖိုလ်လေးပါး-နိဗ္ဗာန်၏ အစွမ်းအားဖြင့်။ နဝဝိဓော၊ ကိုးပါးအပြားရှိသော။ ဓမ္မော၊ မုချတရားကို။ လဘတိ၊ ရ၏။ ဝါ၊ တစ်နည်းကား။ ပရိယတ္တိယာ၊ ပရိယတ်ဟူသောစာနှင့်။ သဟ၊ တကွ။ ဒသဝိဓော၊ ဆယ်ပါးအပြားရှိသော။ ဓမ္မော၊ ဥပစာတရားကို။ လဘတိ၊ ရ၏။ ဤကား သဗ္ဗဒါနံ ဓမ္မဒါနံဇိနာတိ အရပေတည်း။

သဗ္ဗရသံဟူသောပုဒ်သည် လောက၌ရှိရှိသမျှအရသာမျိုး အလုံးစုံအကုန်ယသ သူဌေးကြီးတို့ခံစားခြင်း စသောရသာမျိုးကို ဆိုလိုသည်။ ဓမ္မရသံဟူသောပုဒ်၌ တရားအရသာ ဆိုသည်မှာ ကာယာနုပဿနာ သတိပဋ္ဌာန်၌ အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိဟု ဟောတော်မူသည်မှာ.... အသိတေ၊ စားသည်ရှိသော်။ ပိတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍စားခြင်း စသည်တို့ကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

**အစီပွာယ်ကား။** ။ထမင်းစားသောအခါ ထမင်းကို ကြည့်ချင်-ကြည့်ချင်သည် စိတ်ရင်းကိုမှတ်။ ကြည့်-ကြည့်သည်မှတ်။ မြင်-မြင်သည်မှတ်။ လက်ခြွချင်-ခြွချင်သည် စိတ်ရင်းကိုမှတ်။ ခြွ-ခြွသည်မှတ်။ လက်သွားချင်သည် စိတ်ရင်းကိုမှတ်။ လက်သွား-သွားသည်ဟု ထမင်း၏အနီးသို့ ရောက်အောင်မှတ်။ ထမင်းကို ထိချင်သည် စိတ်ရင်းကိုမှတ်။ ထိ-ထိသည်မှတ်။ ထမင်းကိုင်ချင်သည် စိတ်ရင်းကိုမှတ်။ ကိုင်-ကိုင်သည်မှတ်။ ယူချင်သည် စိတ်ရင်းကိုမှတ်။ ယူ-ယူသည်ဟု ပါးစပ်၏အနီးသို့ ရောက်အောင်မှတ်။

ပါးစပ်ဟချင်သည် စိတ်ရင်းကိုမှတ်။ ဟ-ဟသည်မှတ်။ ထမင်းထိချင်သည် စိတ်ရင်းကိုမှတ်။ ထိ-ထိသည်မှတ်။ လက်နောက်ဆုတ်ချင်သည် စိတ်ရင်းကိုမှတ်။ ဆုတ်-ဆုတ်သည်မှတ်။ လက်ထားချင်သည် စိတ်ရင်းကိုမှတ်။ လက်ထား-ထားသည်မှတ်။ ထမင်းဝါးချင်သည် စိတ်ရင်းကိုမှတ်။ ဝါး-ဝါး

သည်မှတ်။ ဝါးတိုင်း-ဝါးတိုင်း-မညက်မချင်း ကုန်စင်အောင်မှတ်။ မျိုချင်သည် စိတ်ရင်းကိုမှတ်။ မျို-မျိုသည်မှတ်။

အချို့ယောဂီပုဂ္ဂိုလ်များမှာ ၄၅-ချက်ခန့်မျှ ရသည်။ အချို့မှာ ၅၀-ခန့်မျှ ရသည်။ ဝက်သား, ကြက်သား, ငါး, အမဲ စသော အာဟာရတို့ကို စားရာ၌လည်း ထမင်းနှင့်နည်းတူ မှတ်ယူ၍စားအပ်၏။ ထိုသို့မှတ်၍စားသော အခါ စိတ်သည် ဝါးရာမှာနေသည်။ ထမင်း ဟင်း ကြက်သား ဝက်သား စသော ဝတ္ထုမျိုး၌ စိတ်မရောက် မအောက်မေ့နိုင်ပါ။

စိတ်မအားမလပ် မှတ်၍ နေရသောကြောင့် စားသောခဏ၌ အဝိဇ္ဇာ ဟူသော အဆိုးအကောင်းသည် အကျိုးအကြောင်းနှင့်တကွ ပြတ်ရှင်း ကွယ်ပျောက်၍ အသိဉာဏ်ဝိဇ္ဇာရောက်တိုင်း ၃၇-ပါးသော ဗောဓိပက္ခိယ ဟူသော အရသာ၊ ကိုးပါးသော လောကုတ္တရာဟူသော အရသာ ရင်းအရသာမျိုးတို့သည် စားတိုင်းစားတိုင်း၊ မျိုတိုင်းမျိုတိုင်း သိမြင်ရရှိ သုံးဆောင်ခံစားရသော အရသာမျိုးတို့သည် ဖွဲ့ သစ်ရွက်ဝါးမျိုရသကဲ့သို့ အဆိုးအကောင်း မရှိပေ။ ထိုသို့ပင်မရှိသော်လည်း များစွာ စားသောက်နိုင်ပေသည်။ ဖျားနာ၍ အရသာ ပျက်မျိုးကို မယူအပ် မမှတ်အပ်ပေ။ ကြွင်းသော ပိတေ-ခါယိတေ-သာယိတေ ဟူသော သောက်ခြင်း-ခဲခြင်း-လျက်ခြင်း သုံးပါးတို့မှာ ပြဆိုခဲ့သော စားခြင်းနှင့်နည်းတူ မှတ်ယူသင့်လှပေကုန်သည်။

သဗ္ဗရတိံ ဟူသောပုဒ်သည် လောက၌ ရှိရှိသမျှ မွေ့လျော်ပျော်ပါးခြင်းအကုန်၊ သူဌေးကြီးသားလေးဦး၊ ဘဒ္ဒဝဂ္ဂီမင်းသားညီနောင်တို့ မွေ့လျော်ပျော်ပါးခြင်း စသည်တို့ကို ဆိုလိုသည်။ ဓမ္မရတိံ ဟူသောဒုပုဒ်၌ တရားနှင့် မွေ့လျော် ပျော်ပါးခြင်းဆိုသည်မှာ အောက်၌ ပြဆိုခဲ့သော ခြောက်ဒွါရ ခြောက်အာရုံတို့ကို စောင့်ရှောက်၍ ဣန္ဒြိယသံဝရသီလကို လုံခြုံသဖြင့် ဥဒယဗ္ဗယ ဉာဏ်အစ သစ္စာလေးပါးတို့ကို သိမြင် ရရှိသည်တိုင်အောင် အပ္ပမာဒ တရားဖြင့် သတိပဋ္ဌာန်၌ ဘုရားရှင်မိန့်ကြားတော်မူသောအတိုင်း မမေ့မလျော့ မပေါ့မတန် ယောဂီဉာဏ်ဝ၌ ထင်တိုင်း-မြင်တိုင်း သိရှိမှတ်ရှု၍ နေသည်ကို ဓမ္မရတိံ ဇိနာတိ၊ အလုံးစုံသော မွေ့လျော်ပျော်ပါးခြင်းတို့ကို အောင်သည် နိုင်သည်ဟု မှတ်ယူသင့်လှပေကုန်သည်။

ဧဝံ ဝိသေသတော ဉတွာ အပ္ပမာဒမှိ ပဏ္ဍိတာ·
အပ္ပမာဒေ ပမောဒန္တိ အရိယာနံဂေါစရေ ရတာ။
(ဓမ္မပဒပါဠိတော်)

အပ္ပမာဒေ၊ တရားတော်ကို မမေ့မလျော့ခြင်း၌။ ဌိတာ၊ တည်ကုန် နေကုန်သော။ ပဏ္ဍိတာ၊ ပညာရှိသော ယောဂီပုဂ္ဂိုလ်တို့သည်။ ဧဝံ၊ ဤသို့။ ဝိသေသတော၊ အထူးအားဖြင့်။ ဉတွာ၊ တရားတော်ကို သိမြင်ကြ၍။ အပ္ပမာဒေ၊ တရားတော်ကို မမေ့မလျော့ခြင်း၌။ ပမောဒန္တိ၊ မွေ့လျော်ကြကုန်၏။ အရိယာနံ၊ အရိယာအပေါင်း သူတော်ကောင်းတို့သည်။ ဂေါစရေ၊ သတိပဋ္ဌာန်အာရုံ၌။ ရတာ၊ မွေ့လျော်ပျော်ပါးခံစား၍ နေကြလေကုန်၏။ ။ အဓိပ္ပါယ်ကား လွယ်၏။

လောကီဒါန လောကုတ္တရာဒါန၊ လောကီရသာ လောကုတ္တရာရသာ၊ လောကီမွေ့လျော် လောကုတ္တရာမွေ့လျော် ၎င်း လောကီ လောကုတ္တရာ သဘောမျိုးမှာ ပြောင်းပြန်လှည့်၍ သိရှိမှတ်ယူသင့်လှပေကုန်သည်။

တဒေတံ သဗ္ဗံပိ ဗုဒ္ဓဝစနံ ရသဝသေန ဧကဝိဓံ
ယံ ဟိ ဘဂဝတာ အနုတ္တရံ သမ္မာသမ္ဗောဓိံ
အဘိသမ္ဗုဇ္ဈိတွာ ယာဝ အနုပါဒိသေသာယ
ပရိနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ ဧတ္ထန္တရေ
ပဉ္စစတ္တာလီသ ဝဿာနိ ဒေဝမနုဿနာဂ
ယက္ခာဒယော အနုသာသန္တေန ပစ္စဝေက္ခန္တေ
န ဝါ ဝုတ္တံ သဗ္ဗံပိ ဧကရသံ ဝိမုတ္တိရသမေဝ
ဟောတိ ဧဝံ ရသဝသေန ဧကဝိဓံ။
(သမန္တပါသာဒိကအဋ္ဌကထာ)

သဗ္ဗံပိ၊ ပိဋကတ်သုံးပုံ အလုံးစုံလည်း ဖြစ်သော။ တဒေတံ တံဧတံ ဗုဒ္ဓဝစနံ၊ ထိုမြတ်စွာဘုရားတရား စကားတော်သည်။ ရသဝသေန၊ ရသာ၏ အစွမ်းဖြင့်။ ဧကဝိဓံ၊ တစ်ပါးသောအဖို့ရှိ၏။ ဟိ၊ ထင်ရှားစွာပြဦးအံ့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုတ္တရံ၊ အတုမရှိသော။ ယံသမ္မာသမ္ဗောဓိံ၊ အကြင်သဗ္ဗညုတ ဉာဏ်တော်ကို။ အဘိသမ္ဗုဇ္ဈိတွာ၊ ထိုးထွင်း သိတော်မူပြီး၍။ ယာဝ၊ အကြင်မျှလောက်။ အနုပါဒိသေသာယ ပရိနိဗ္ဗာနဓာတုယာ၊ ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယတိ၊

ပရိနိဗ္ဗာန်စံလွန်တော်မူ၏။ တာဝ၊ ထိုမျှလောက်။ ဒွေန္တရေ၊ ဘုရားဖြစ်တော်မူသော နေ့ကစ၍ ပရိနိဗ္ဗာန်စံတော်မူသော နေ့တိုင်အောင် ဤအတွင်း ဤအကြား၌။ ပဉ္စစတ္တာလီသဝဿာနိ၊ (၄၅)ဝါတို့ကာလပတ်လုံး။ ဒေဝမနုဿနာဂ ယက္ခာဒယော၊ လူ နတ် နဂါး ဘီလူး အစရှိကုန်သော သတ္တဝါတို့ကို။ အနုသာသန္တေနဝါ၊ ဆုံးမတော်မူသဖြင့် လည်းကောင်း။ ပစ္စဝေက္ခန္တေနဝါ၊ ဆင်ခြင်တော်မူသဖြင့်လည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ သဗ္ဗံပိ၊ ပိဋကတ်သုံးပုံ အလုံးစုံသော ဘုရားရှင်စကား တရားတော်သည်လည်း။ ဧကရသံ၊ တစ်ပါးသောအရသာရှိ၏။ ဝိမုတ္တိရသမေဝ၊ ဝိမုတ္တိရသာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ရသဝသေန၊ ရသ၏အစွမ်းဖြင့်။ ဧကဝိဓံ၊ တစ်ပါးသောအဖို့ရှိ၏။

အဓိပ္ပာယ်ကား။ ။ပိဋကတ်သုံးပုံ အလုံးစုံသော မြတ်စွာဘုရား တရားစကားတော်သည် ရသ၏အစွမ်းဖြင့် တစ်ပါးသော အဖို့ရှိ၏။ အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီး၍ အကြွင်းမဲ့လောက် ဘုရားဖြစ်တော်မူသည်ကစ၍ ပရိနိဗ္ဗာန် စံလွန်တော်မူသည်တိုင်အောင် ဤအတွင်း အကြား၌ ၄၅-ဝါတို့ပတ်လုံး နတ် လူ နဂါး ဘီလူး စသော သတ္တဝါတို့ကို ဆုံးမတော်မူသဖြင့် လည်းကောင်း၊ ဆင်ခြင်တော်မူသဖြင့် လည်းကောင်း ဟောတော်မူသော ပိဋကတ်သုံးပုံ အလုံးစုံသော ဘုရားရှင်တရား စကားတော်သည် တစ်ခုသော အရသာရှိ၏။ ဝိမုတ္တိ ရသာသည်သာလျှင် ဖြစ်၏။ ဤသို့ ရသာ၏အစွမ်းဖြင့် ပိဋကတ်သုံးပုံ အလုံးစုံတို့သည် တစ်ပါးသော အဖို့ရှိ၏ဟု မှတ်ယူ ယုံကြည်သင့်လှပေကုန်သည်။

၃၇-ပါးသော ဗောဓိပက္ခိယ၊ ၉-ပါးသော လောကုတ္တရာ ဤတရား အပေါင်းတို့သည် ဓမ္မရသာဟု မှတ်ယူကုန်လော။ အရဟတ္တဖိုလ်ချမ်းသာသည် ဝိမုတ္တိရသာဟု မှတ်ယူကုန်လော။ တရားသဘောဟူက မုချ ဥပစာနှစ်ပါးကိုလည်း ပညာရှိတို့သည် သတိပြု၍ သိမြင်ကြစေကုန်လော။

ဝါဏိဇ္ဇူပမာတင်၍ ထင်မြင်အောင်ပြဆိုရသည်မှာ သဘောတူညီမျှသော လူဆယ်ဦးတို့မှာ တစ်ဦးလျှင် ၁၀၀ ပေါင်းစပ်ကြသဖြင့် (ငွေ ၁၀၁၀)ရရှိလျှင် ရင်း ငွေ ၁၀၀၀ ကို သဘောတူ ညီမျှကြသော မောင်ဖြူဆိုသူကို တစ်မြို့ တစ်နိုင်ငံသို့ ကုန်ရောင်းကုန်ဝယ်စေခိုင်းကြရာ မောင်ဖြူက ငွေ ၁၀၀၀ မြတ်ခဲ့ သော် ကိုးယောက်သောသူတို့သည် ၁၀၀ စီ မြတ်ကြပေ၏။ မောင်ဖြူက ငွေ

၁၀၀၀ ဆုံးရှုံးခဲ့ပြန်သော် ကိုးယောက်သော လူတို့သည် ၁၀၀ စီ ဆုံးရှုံးခဲ့ပြန်၏။

ဤအတူ သဘာဝဓမ္မတို့သည် ဖြစ်ရလျှင် အတူ၊ ပျက်ရလျှင် အတူ။ ဘာဝေတဗ္ဗတရား၊ ပဟာတဗ္ဗတရားများကို ပညာရှိတို့သည် အထူးပြု၍ သိမြင်ကြပါက ဝိမုတ္တိသဘော ဘုရားဟောအလိုနှင့် ညီညွတ်ကြပေကုန်မည်။

ဣတိ ဣမေသံသတ္တတိံသ ဗောဓိပက္ခိယဓမ္မာ
ပုဗ္ဗဘာဂေ လောကိယဝိပဿနာယ ဝတ္တမာနာယ
နာနာစိတ္တေသု လဗ္ဘန္တိ ဣမေသံပန စတုန္နံဉာဏာနံ
ဥပ္ပတ္တိကာလေ ဧကစိတ္တေ လဗ္ဘန္တိ။ (ဝိသုဒ္ဓိမဂ်)

ဣတိ၊ ဤသို့။ ဣမေသံသတ္တတိံသ ဗောဓိပက္ခိယဓမ္မာ၊ ဤ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ လောကိယဝိပဿနာယ၊ လောကီဖြစ်သော ဝိပဿနာသည်။ ဝတ္တမာနာယ၊ ဆိုအပ်သည်ရှိသော်။ နာနာစိတ္တေသု၊ အထူးထူးသောစိတ်တို့၌။ လဗ္ဘန္တိ၊ ရကုန်၏။ ဣမေသံပန စတုန္နံဉာဏာနံ၊ ဤလေးပါးသော မဂ်ဉာဏ်တို့၏။ ဥပ္ပတ္တိကာလေ၊ ဖြစ်သောအခါ၌။ ဧကစိတ္တေ၊ တစ်ခုသောစိတ်၌။ လဗ္ဘန္တိ၊ ရကုန်၏။

**အဓိပ္ပာယ်ကား။** ဤသို့ (၃၇)ပါးသော ဗောဓိပက္ခိယ တရားတို့ကို ရှေးအဖို့ လောကီဖြစ်သော ဝိပဿနာဟုဆိုအပ်သော အထူးထူးသောစိတ်တို့၌ ရအပ်ကုန်၏။ ဤလေးပါးသော မဂ်ဉာဏ်တို့၏ ဖြစ်သောအခါ၌ တစ်ခုသော စိတ်၌ ရအပ်ကြောင်းကို သိမြင်ကြလေကုန်လော။ ပြဆိုခဲ့သော ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့သည်။ မှတ်သောစိတ်တစ်ချက်၌၊ သိက္ခာသုံးပါးတို့နှင့် တကွ၊ ပါဝင်ပြီးစီးပုံမှာ။

ယော တတ္ထသံဝရဋ္ဌော-အယံ အဓိသီလသိက္ခာ။
ယော ယတ္ထ အဝိက္ခေပဋ္ဌော၊ အယံ အဓိစိတ္တသိက္ခာ။
ယော တတ္ထဒဿနဋ္ဌော၊ အယံ အဓိပညာသိက္ခာ။
ဣမာတိဿော သိက္ခာယော ၊ပ၊ အဘိညေယျံ။
အဘိဇာနန္တော သိက္ခတိ၊ ပရိညေယျံ ပရိဇာနန္တော သိက္ခတိ။
ပဟာတဗ္ဗံ ပဇဟန္တော သိက္ခတိ၊ သစ္ဆိကာတဗ္ဗံ။
သစ္ဆိကရောန္တော သိက္ခတိ၊ ဘာဝေတဗ္ဗံ ဘာဝေန္တော သိက္ခတိ။
(ပဋိသမ္ဘိဒါမဂ်)

တတ္ထ၊ ထိုသီလ၊ တို့၌။ ယောသံဝရဋ္ဌော၊ အကြင်စောင့်ရှောက်သော အနက် သဘောရှိ၏။ အယံ၊ ဤစောင့်ရှောက်သော အနက်သဘောသည်။ အဓိသီလ သိက္ခာ၊ အဓိသီလ သိက္ခာမည်၏။ ယောအဝိက္ခေပဋ္ဌော၊ အကြင်မပျံ့လွင့် ခြင်း အနက်သဘောရှိ၏။ အယံ၊ မပျံ့လွင့်သောအနက်သဘောသည်။ အဓိစိတ္တ သိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ထိုသီလတို့၌။ ယောဒဿနဋ္ဌော၊ အကြင်မြင်ခြင်းအနက်သဘော ရှိ၏။ အယံ၊ ဤမြင်ခြင်းအနက်သဘောသည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။ အဘိညေယျံ၊ သိမြင်အပ်သော နာမ်ရုပ်ဓမ္မသဘာဝကို။ အဘိဇာနန္တော၊ သိမြင်သည်ရှိသော်။ ဣမာတိဿော သိက္ခာ၊ ဤသုံးပါးသောသိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်သည်မည်၏။ ပရိညေယျံ၊ ပိုင်းခြားအပ်သော အနိစ္စ ဒုက္ခ အနတ္တကို။ ပရိဇာနန္တော၊ ပိုင်းခြားသည်ရှိသော်။ ဣမာတိဿော သိက္ခာယော၊ ဤသုံးပါးသောသိက္ခာတို့ကို။ သိက္ခတိ၊ ကျင့် သည် မည်၏။ ပဟာတဗ္ဗံ၊ ပယ်ခွာအပ်သော ကိလေသာကို။ ပဇဟန္တော၊ ပယ်ခွာသည်ရှိသော်။ ဣမာတိဿော သိက္ခာယော၊ ဤသုံးပါးသော သိက္ခာ တို့ကို။ သိက္ခတိ၊ ကျင့်သည် မည်၏။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို။ သစ္ဆိကရောန္တော၊ မျက်မှောက် ပြုသည် ရှိသော်။ ဣမာတိဿော သိက္ခာယော၊ ဤသုံးပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်သည် မည်၏။ ဘာဝေတဗ္ဗံ၊ ပွားများရှုမှတ်အပ်သော တရားကို။ ဘာဝေန္တော၊ ပွားများရှုမှတ် အပ်သည်ရှိသော်။ ဣမာတိဿော သိက္ခာယော၊ ဤသုံးပါးသော သိက္ခာတို့ကို။ သိက္ခတိ၊ ကျင့်သည်မည်၏။

**အဓိပ္ပာယ်ကား။** ။ထိုအဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ သုံးပါးတို့သည်။ ပဋ္ဌာကတ်သုံးပုံ၌ ပါဝင်သော ပြီးစီးသော သဘောမျိုးဖြစ်၍။ ခြောက်ဒွါရ ခြောက်အာရုံတို့၌။ စောင့်ရှောက်သော အနက် သဘောသည်၊ အဓိသီလသိက္ခာမည်၏။ ။ထိုသီလတို့၌ ခြောက်ဒွါရ ခြောက်အာရုံတို့၌ စိတ်ကို မပျံ့မလွင့် တည်ကြည်ဖြောင့်မတ်စွာ မှတ်နိုင်သော အနက်သဘောသည် အဓိ စိတ္တသိက္ခာမည်၏။ ။

ထိုသီလတို့၌ ခြောက်ဒွါရ ခြောက်အာရုံတို့၌ ရှုမှတ်သောအခါ အဆင်းကား ရုပ်၊ မှတ်ရှုခြင်းကား စိတ်၊ ထိုအဆင်းရုပ်နှင့် မှတ်ရှုသောစိတ်။ ၎င်းစိတ်ရုပ် နှစ်ပါးကို သိမြင်ခြင်းအနက်သဘောသည် အဓိပညာသိက္ခာ မည်၏။ ။ထို အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ သုံးပါးတို့သည် မှတ်ရှုသော

စိတ်တစ်ချက်၌ ရွှေမကျနောက်မကျ၊ တစ်ပြိုင်နက် ပါဝင်ပြီးစီးသော သဘာဝဓမ္မမျိုး ဖြစ်ပေသည်။

ခြောက်ဒွါရ ခြောက်အာရုံတို့၌ မှတ်ရှုသောအခါ သိမြင်အပ်သော နာမ်ရုပ်ဓမ္မ သဘာဝကို သိမြင်သည်ရှိသော် သိမြင်သော စိတ်တစ်ချက်၌။ သုံးပါးသော သိက္ခာတို့ကို ကျင့်သည်မည်၏။ ။ခြောက်ဒွါရ ခြောက်အာရုံ စသည်တို့၌ မှတ်ရှုသောအခါ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောတို့ကို ပိုင်းခြားအပ်သည်ရှိသော် ပိုင်းခြားသော စိတ်တစ်ချက်၌ သုံးပါးသော သိက္ခာတို့ကို ကျင့်သည်မည်၏။

ခြောက်ဒွါရ ခြောက်အာရုံစသည်တို့၌ မှတ်ရှုသောအခါ ပယ်ခွာအပ်သော ကိလေသာတို့ကို ပယ်ခွာသည်ရှိသော် ပယ်ခွာသောစိတ်တစ်ချက်၌ သုံးပါးသော သိက္ခာတို့ကို ကျင့်သည်မည်၏။ ။ခြောက်ဒွါရ ခြောက်အာရုံ စသည်တို့၌ မှတ်ရှုသောအခါ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ရှိသော် မျက်မှောက်ပြုသော စိတ်တချက်၌ သုံးပါးသော သိက္ခာတို့ကို ကျင့်သည်မည်၏။ ခြောက်ဒွါရ ခြောက်အာရုံ စသည်တို့၌ မှတ်ရှုသောအခါ ပွားများအပ်သော တရားကို ပွားများသည်ရှိသော် ပွားများသောစိတ်တစ်ချက်၌ သုံးပါးသော သိက္ခာတို့ကို ကျင့်သည်မည်၏ဟူ၍ ဟောတော်မူသည်။

ဋ္ဌင်းစကားကိုရည်၍ သီလအစ၊ မဂ်ပထမ၊ ဒါနရှေးဦးစွာ ဆိုရာ၌ မှတ်သော စိတ်တစ်ချက်၌ လောဘမပါ အလောဘပါ၍ ဒါန၊ ဒေါသမပါ အဒေါသပါ၍ သီလ၊ မောဟမပါ အမောဟပါ၍ လောကီမဂ် ဋ္ဌင်းသုံးပါ တစ်ပြိုင်နက်ယူ။

ယဿကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ
စေတသာ ဖုဋ္ဌော အန္တောဂတာ တဿ
ကုန္နဒီယော ယာကာစိ သမုဒ္ဒင်္ဂမာ
ဝေမေဝ ခေါ ဘိက္ခဝေ ယဿကဿစိ
ကာယဂတာသတိ ဘာဝိတာ
ဗဟုလီကတာ အန္တောဂတာ တဿ
ကုသလဓမ္မာ ယေကေစိ ဝိဇ္ဇာဘာဂိယာတိ။

(ဥပရိပဏ္ဏာသပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ယဿကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ သမုဒ္ဒေါ၊ သမုဒ္ဒရာကို။ စေတသာ၊ စိတ်ဖြင့်။ ဖုဋ္ဌော၊ တွေ့သည်ရှိသော်။ တဿ၊ ထိုသမုဒ္ဒရာ၏။ ယာကာစိ၊ ခပ်သိမ်းကုန်သော။ ကုန္နဒိယော၊ မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာတို့သည်။ သမုဒ္ဒင်္ဂမာ၊ သမုဒ္ဒရာသို့ ရေးရှုသွားကြလေကုန်၏။ အန္တောဂဓာ၊ သမုဒ္ဒရာ၏အတွင်းသို့ ဝင်ရောက်ကြလေကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝ၊ ဤနည်းအတူသာလျှင်။ ယဿကဿစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ ကာယဂတာသတိ၊ ကာယဂတာသတိပဋ္ဌာန်ကို။ ဘာဝိတာ၊ ရှုမှတ်ပွားများသည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာလေ့လာသည်ရှိသော်။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အန္တောဂဓာ၊ ကာယဂတာသတိပဋ္ဌာန်၏အတွင်းသို့ ဝင်ရောက်ကြကုန်သည်ဖြစ်၍။ တဿ၊ ထိုရှုမှတ်ပွားများသောသူ၏။ ဝိဇ္ဇာဘာဂိယာ၊ သစ္စာလေးပါးကိုသိမြင်သော ဝိဇ္ဇာဉာဏ်အဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

**အဓိပ္ပာယ်ကား။** "ချစ်သားတို့...အမှတ်မရှိ တစ်စုံ တစ်ယောက်သောသူသည် သမုဒ္ဒရာကို စိတ်ဖြင့်တွေ့ရှိသော် ထိုသမုဒ္ဒရာ၏ ခပ်သိမ်းကုန်သော မြစ်ကြီးငါးသွယ်, မြစ်ငယ်ငါးရာတို့သည် သမုဒ္ဒရာသို့ ရေးရှုသွားကြကုန်၏။ သမုဒ္ဒရာ၏အတွင်းသို့ ဝင်ရောက်ကြကုန်၏။

ချစ်သားတို့...ဤနည်းတူစွာပင်လျှင် အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည် ကာယဂတာသတိပဋ္ဌာန်ကို ရှုမှတ်ပွားများသည်ရှိသော် ကြိမ်ဖန်များစွာ လေ့လာရှုမှတ်သည်ရှိသော် ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့သည် ကာယဂတာ သတိပဋ္ဌာန်၏အတွင်းသို့ ဝင်ရောက်ကြကုန်သည်ဖြစ်၍ ထိုသတိပဋ္ဌာန်ကို ရှုမှတ်ပွားများသောသူ၏ သစ္စာလေးပါးကို သိမြင်သောအဖို့ရှိသည် ဖြစ်ရပေ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ထို့ကြောင့် သတိပဋ္ဌာန်ကို ဟောကြပြောကြဟု မိန့်တော်မူသည်။

ယေ ခေါ တုမှေ ဘိက္ခဝေ အနုကမ္ပေယျာထ
ယေ စ သောတဗ္ဗာ မညေယျုံ မိတ္တာဝါ မစ္စာဝါ
ဉာတိဝါ သလောဟိတာဝါ တေ တုမှေ စတူသု
သတိပဋ္ဌာနေသု သမ္မာ ဒပေတဗ္ဗာ နိဝေသေတဗ္ဗာ
ပတိဋ္ဌပေတဗ္ဗာ ယထာဘူတံဉာဏာယ။

ဘိက္ခဝေ၊ ချစ်သားတို့။ တုမှေ၊ သင်တို့သည်။ ခေါ၊ စင်စစ်။ ယေ၊ အကြင်သူတို့ကို။ အနုကမ္ပေယျာထ၊ ငါဘုရားကဲ့သို့ သနားကြပါကုန်လော။ သောတဗ္ဗာ၊ နာလိုကျင့်လိုသောသူတို့ကို။ မညေယျုံ၊ မှတ်ယူကြပါကုန်လော။ တေမိတ္တာဝါ၊ ထိုအဆွေခင်ပွန်းတို့ကို လည်းကောင်း။ တေမစ္စာဝါ၊ ထိုချစ်ကြွမ်းဝင်သော သူတို့ကို လည်းကောင်း။ တေဉာတိဝါ၊ ထိုဆွေမျိုးတို့ကို လည်းကောင်း။ တေသလောဟိတာဝါ၊ ထိုသဘောတူညီမျှသောသူတို့ကို လည်းကောင်း။ တုမှေ၊ သင်ချစ်သားတို့သည်။ စတူသု၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တို့၌။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉာဏာယ၊ သိစေမြင်စေခြင်းငှာ။ သမာဒပေတဗ္ဗာ၊ ကောင်းစွာ သတိပဋ္ဌာန်ကို ယူစေအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သတိပဋ္ဌာန်ကို နှလုံးသွင်းစေအပ်၏။ ပတိဋ္ဌပေတဗ္ဗာ၊ သတိပဋ္ဌာန်၌ တည်စေနေစေအပ်ကုန်၏။ ထိုပုဂ္ဂိုလ် လေးယောက်ကို ရှေးဦးစွာဟောကြဟု ဆုံးမတော်မူသတည်း။

တဿ ဝေံ ဣမံ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝယတော
စတ္တာရောပိ သတိပဋ္ဌာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
စတ္တာရောပိ သမ္မပ္ပဓာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
စတ္တာရောပိ ဣဒ္ဓိပ္ပါဒါ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
ပဉ္စပိ ဣန္ဒြိယာနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
ပဉ္စပိ ဗလာနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
သတ္တပိ ဗောဇ္ဈင်္ဂါနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ
တဿိ မေဓမ္မာ ယုဂနဒ္ဓါ ဝတ္တန္တိ။ (ဥပရိပဏ္ဏာသပါဠိတော်)

ဝေံ၊ ဤသို့။ ဣမံအရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ ဤ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို။ ဘာဝယတော၊ ပွားများအားထုတ်သော။ တဿ၊ ထို ယောဂီပုဂ္ဂိုလ်အား။ စတ္တာရောပိ၊ လေးပါးလည်းဖြစ်ကုန်သော။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတ္တာရောပိ၊ လေးပါးလည်းဖြစ်ကုန်သော။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတ္တာရောပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဣဒ္ဓိပ္ပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပဉ္စပိ၊ ငါးပါးလည်း ဖြစ်ကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ပဥ္စပိ၊ ငါးပါးလည်း ဖြစ်ကုန်သော။ ဗလာနိ၊ ဗိုလ်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ သတ္တပိ၊ ခုနစ်ပါးလည်း ဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါနိ၊ ဗောဇ္ဈင်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဒွေ၊ သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ယုဂနဒ္ဓါ၊ အစုံတို့သည်။ ဝတ္တန္တိ၊ တစ်ပြိုင်နက် ဖြစ်ကြကုန်၏။

**အဓိပ္ပာယ်ကား။** "ဤသို့မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ် မှတ်ရှုသော ယောဂီပုဂ္ဂိုလ်အား မဂ္ဂင်ရှစ်ပါးတို့သည် ခြောက်ဒွါရ ခြောက်အာရုံ စသည်တို့၌ ရှုမှတ်ပွားများသော စိတ်တစ်ချက်မှာ ပြည့်စုံကုန်၏။

ထိုနည်းတူစွာ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပ္ပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, ဗောဓိပက္ခိယ ၃၇-ပါးတို့သည် မှတ်သောစိတ်တစ်ချက်၌ ယထာရဟအားဖြင့် ပါဝင်ပြီးစီးကြပေကုန်၏။

သဟာဧကဋ္ဌ၊ ဖြစ်လျှင်လည်းအတူတူ။ ပဟာနေကဋ္ဌ၊ ပယ်လျှင်လည်းအတူတူဟု ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး မိန့်တော်မူသတည်း။

(၃၀) သုဒ္ဓိသုံးပါးစသော အစဉ်တို့သည် ဝိမုတ္တိ၌ ပါဝင်ပုံကို ဝါကျဝိဇ္ဇပမာတင်၍ ထင်မြင်အောင်ပြဆိုခြင်း ပြီး၏။

* * *

## (၃၁) ဘုရားဆုပန်သူနှင့် ဝိပဿနာယောဂီတို့၏ အာရုံယူပုံကို ပြဆိုခြင်း

ခြောက်ဒွါရ ခြောက်အာရုံတို့၌ ပေါ်ပေါက်ကျရောက်လာသော အာရုံတို့ကို မမဲသဲ စွဲစွဲမြဲမြဲ အားကုန်ခဲ၍ မှတ်ရှုပွားများသော် ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ် စသော ဉာဏ်စဉ်အတိုင်း မှတ်ရှုပွားများ၍ သိမြင်ခြင်းသို့ ရောက်သည်ရှိသော် ဣဋ္ဌာရုံ-အနိဋ္ဌာရုံကလွတ်ကင်း၍ ဇောမစောနိုင်ပေ။

ထိုဝီထိတို့သည် တဒါရုံအဆုံးရှိသော ဝီထိကို တဒါလမ္ဗဏဝါရ ခေါ်သည်။ ဇောအဆုံးရှိသော ဝီထိကို ဇဝနဝါရခေါ်သည်။ ဝုဋ္ဌောအဆုံးရှိသော ဝီထိကို ဝုဋ္ဌဗ္ဗနဝါရ ခေါ်သည်။ ဝီထိစိတ်မဖြစ်မူ၍ ဘဝင်တွင် အဆုံးရှိသော ဝီထိကို မောဃဝါရခေါ်သည်။

ထို ဝါရလေးပါးတို့တွင် ဝိပဿနာကို အားထုတ်၍ ဉာဏ်စဉ်အတိုင်း မှတ်ရှုသိမြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်မြင်ရရှိသော အသိဉာဏ်ဝိဇ္ဇာသည် လေးပါးသော ဝီထိတို့တွင် မှတ်သောစိတ်သည် မြင်ကာ မတ္တ-ဥပါဒ်-ဌီ-ဘင်။ ကြားကာ မတ္တ-ဥပါဒ်-ဌီ-ဘင်။ စိတ်တက္ခဏ တစ်ချက်အတွင်း၌ မှတ်ရသောကြောင့် ဇော တဒါရုံသို့ မကျ မရောက်ဘဲ ဝုဋ္ဌောဝါရ၌ပင် တန့်ရပ်ကုန်ဆုံးလျက် ဘဝင်စိတ် မူလအရင်းသို့ ပြန်လည်၍ ရောက်ရလေတော့သည်။

ၚင်းဝုဋ္ဌောဝါရသည် မှတ်ရှုသောစိတ်တစ်ချက်၌ ဣဋ္ဌ အနိဋ္ဌလွတ်ကင်း၍ ဣဋ္ဌာရုံဇော, အနိဋ္ဌာရုံဇော မပါမဝင်ခြင်းကြောင့် ဝုဋ္ဌောဝါရ၌ တန့်ရပ်ကုန်ဆုံးကြောင်းကို ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသတည်း။

ပြဆိုခဲ့သော ကံလေးပါးတို့တွင် အကဏှ၊ အမည်းမဟုတ်။ အသုက္က၊ အဖြူမဟုတ်။ အကဏှ-အသုက္က၊ အမည်း အဖြူမဟုတ်သော မဂ္ဂင်ကံကို ဆိုလိုသည်။ ထိုမဂ္ဂင်ကံမျိုးကိုရမှ သောတာပတ္တိမဂ် ရနိုင်သည်။ ၎င်း လောကီမဂ်, လောကုတ္တရာမဂ်ကို အထက်၌ အကျယ်ပြဆိုလတ္တံ့။

ဝိပဿနာ ယောဂီတို့၏ မှတ်ရှုသော စိတ်အစဉ်ကို ဉာဏ်စဉ်အတိုင်း ပြဆိုသော် ဥဒယဗ္ဗယဉာဏ်အစ အားထုတ်ရှုမှတ်၍ရသော ယောဂီပုဂ္ဂိုလ်တို့သည် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်သဖြင့် မဂ်ကိုရလတ္တံ့ဟု လက္ခဏာရေး သုံးပါးတို့တွင် တစ်ပါးပါးကို မှတ်ရှုထင်မြင်၍ မနောဒွါရဝဇ္ဇန်းစိတ်သည် ဖြစ်၏။

ထိုစိတ်နှင့် စပ်လျက် လက္ခဏာရေး သုံးပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၍ ပရိကံ-ဥပစာ-အနုလုံဟူ၍ ဇောသုံးခု ဖြစ်လာ၏။ ထိုဇောသုံးခုတို့သည် သဘောအားဖြင့် တစ်ခုတည်းဖြစ်ကြ၏။ ထိုအနုလုံသည် မိမိအောက်ဖြစ်သော ဥဒယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံး ရှစ်ပါးသောဉာဏ်တို့ကိုလည်း သင့်လျော် မှန်လျော်ပေ၏။

မိမိအထက်၌ဖြစ်လတ္တံ့သော (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကိုလည်း ဝိပဿနာဉာဏ် အဆင့်ဆင့်တို့ဖြင့် ရှုမှတ်ပွားများပါမှ ရသင့်ရောက်သင့်သည်ဟု လျှော်သည်-သင့်မှန်သည်ကို သိမြင်၏။ ထို့ကြောင့် အနုလောမဉာဏ်ခေါ်သည်။

ဘုရားဆုပန် ပုဂ္ဂိုလ်များမှာ နှေးညှဉ့်မပြတ် ကြောခြင်-ရိုးရေ-ကြွင်းကျန်စေ၍ ကုန်လေအသွေး - အသားရောက်အောင် အားထုတ်သော်လည်း အနုလောမဉာဏ်တိုင်ရုံ တန့်ရပ်၍ မဂ်ဖိုလ်သို့ မဝင်မရောက် မရနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ပန်ဆင်သောဘုရားဆုက တားမြစ်သောကြောင့်တည်း။

ထိုသို့ တားမြစ်သော်လည်း ဘဝတိုင်း ဉာဏ်ကြီးရှင် ပညာကြီးရှင်ဖြစ်လေအောင် သူတစ်ပါးတို့ထက် ပိုလွန်၍ အားထုတ်သင့်လှပေကုန်သည်။ ငါတို့ဘုရားအလောင်းမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ဖြစ်လေရာရာ ဘဝတိုင်း ဉာဏ်ကြီးရှင်, ပညာကြီးရှင် ဖြစ်ရသည်မှာ တရားတော်ကိုလွန်မင်းစွာ အားထုတ်ခဲ့ရသောကြောင့် ဖြစ်သည်ကို ပညာရှိတို့သည် သတိမူ၍ မှတ်ယူသင့်လှပေကုန်သည်။

ယခုအခါ ဘုရားဆုကို ပန်ဆင်ကြသောသူတို့သည် ဝိပဿနာကို အားထုတ်လျှင် မဂ်ဖိုလ်ကို ဝင်ရောက်ရရှိတော့မည်ဟု စိုးရိမ်ကြောင့်ကြ၍ အားမထုတ်ဘဲနေကြသော ဘုရားလောင်းတို့ကို ဆရာကိုယ်တိုင် တွေ့ရှိခဲ့ရပေသည်။ အားမထုတ်လျှင် ပညာပါရမီက အလိုလို လာ၍ မဖြည့်မစွက်ပေ။ ဤသို့သော အယူဝါဒမျိုးသည် ဘုရားဟောကျမ်းဂန်နှင့် မညီညွတ်၍ ဒိဋ္ဌိတို့သည် ကြံဆအပ်သော တရားမျိုးဟု မှတ်ယူကြကုန်လော့။ ဤကား ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လာသော စကားတည်း။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယဉာဏ် အစ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်သောပုဂ္ဂိုလ်သည် မဂ်ဖိုလ်သို့ မဝင်မရောက်သမျှ ကာလပတ်လုံး ဘုရားလောင်း၌ ပြဆိုခဲ့သောအတိုင်း မှတ်ယူသင့်လှပေကုန်သည်။

အနုလုံတိုင်ရုံဆိုသော စကားသည် အနုလုံ၏အနီး သင်္ခါရုပေက္ခာဉာဏ်ကိုယူ။ အနုလုံသည် ဆိပ်ကမ်းနှင့်တူသည်။ လှေသည် ဆိပ်ကမ်း၌သာ ရပ်နိုင်ပေသည်၊ ကုန်းပေါ်သို့ မရပ်နိုင်ပေ။ ဆိပ်ကမ်းကုန်းနှင့် တူသည်ဟု မှတ်ယူကြလေ့။

ဝှင်းယောဂီပုဂ္ဂိုလ်သည် မဂ်သို့ မဆိုက်မရောက် မဝင်သေးဘဲရှိခဲ့ပါလျှင် အနုလောမဉာဏ်၏အနီး သင်္ခါရုပေက္ခာဉာဏ်၌ တန့်နားရပ်ဆိုင်း၍ ဘဝင်သို့ လည်ရပြန်တော့သည်။ ဘုရားလောင်းမှာ တောင်းသောဆုထူးက တားမြစ် သောကြောင့် မဂ်ဖိုလ်သို့ မဝင်မရောက်ဘဲ သင်္ခါရုပေက္ခာဉာဏ်၌ တန့်နား ရပ်ဆိုင်း၍ ဘဝင်သို့ လည်ရလေ၏။

ပုဗ္ဗယောဂေါ်နာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ ယောဂါဝစရတာ
ဂတပစ္စာဂတိကဘာဝေန ယာဝ အနုလောမဂေါတြဘူသမီပံ
ပတ္တဝိပဿနာ နုယောဂေါ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ပုဗ္ဗယောဂေါ်နာမ၊ ပုဗ္ဗယောဂမည်သည်ကား။ ပုဗ္ဗဗုဒ္ဓါနံ၊ ရှေးဘုရားရှင် တို့၏။ သာသနေ၊ သာသနာတော်၌။ ယောဂါဝစရတာ၊ ဝိပဿနာကို ရှုမှတ် သော ယောဂီပုဂ္ဂိုလ်၏ အဖြစ်သည်။ ဂတပစ္စာဂတိကဘာဝေန၊ ကျောင်းမှ ရွာသို့ ဆွမ်းခံသွားသောအခါ၌ ကျင့်ရသောဝတ်, ရွာမှကျောင်းသို့ ပြန်သော အခါ ကျင့်ရသောဝတ်၏ အဖြစ်ဖြင့်။ ယာဝ၊ အကြင်မျှလောက်သော ကာလ ပတ်လုံး။ အနုလောမဂေါတြဘူသမီပံ၊ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်၏ အနီးသို့။ ပတ္တဝိပဿနာနုယောဂေါ၊ ရောက်သောဝိပဿနာဉာဏ်နှင့် ယှဉ်သော ပုဂ္ဂိုလ်တည်း။

**အဓိပ္ပာယ်ကား။** ။ပုဗ္ဗယောဂ ဟူသည်ကား ရှေးဘုရားရှင်တို့၏ သာ သနာတော်၌ ဝိပဿနာကို ရှုမှတ်သောဘုရားလောင်းသည် ကျောင်းမှ ရွာသို့ ဆွမ်းခံသွားသောအခါ ကျင့်အပ်သောဝတ်ရေး, ရွာမှ ကျောင်းသို့ ပြန်လာသော အခါ ကျင့်အပ်သောဝတ်ရေး၏အဖြစ်ဖြင့်။ အကြင်မျှလောက်သော ကာလပတ်လုံး အနုလောမဉာဏ် ဂေါတြဘူဉာဏ်၏ အနီးသို့ရောက်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သောပုဂ္ဂိုလ်ကို ဆိုလိုသည်။

အနုလောမဂေါတြဘူ သမီပန္တိ အနုလောမဂေါတြဘူနံ သမီပေ
အာသန္နေ ပဝတ္တံ သင်္ခါရုပေက္ခံ တဒ္ဓ နသဗ္ဗန္တိမံ
ဇဝနဝါရ ပရိယာပန္နံ့ တမ္ပတ္တဿ အနိဝတ္တနတော
တဿာ တေန မန္ဒ တိက္ခ တိက္ခတရဝသေန ပဝတ္တံ
မုဋ္ဌိတုကမျတာဒိ ဉာဏတ္တယံ ဝုတ္တံ ဟောတိ
မန္ဒ ပညောတိ တေသု ပဌမံ ပတ္တာ နိဝတ္တတိ
တိက္ခပညော ဒုတိယံ တိက္ခတရပညော တတိယံ ပတ္တာတိ။
(ပဋိသမ္ဘိဒါမဂ်ဋီကာ)

အနုလောမဂေါတြဘူသမီပဋ္ဌံ၊ အနုလောမဂေါတြဘူသမီပံ ဟူသည်ကား။ အနုလောမဂေါတြဘူနံ၊ အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့၏။ သမီပေအာသန္နေ၊ အနီး၌။ ပဝတ္တံ၊ ဖြစ်သော။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာဉာဏ်တည်း။ တဉ္စ၊ ထိုဉာဏ်သည်လည်း။ သဗ္ဗန္တိမံ၊ အလုံးစုံတို့၏ အဆုံး၌ဖြစ်သော။ ဇဝနဝါရပရိယာပန္နံ၊ ဇောဝါရ၌ အကျုံးဝင်သည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ တမ္ပတ္တဿ၊ ထိုအလုံးစုံတို့၏ အဆုံးဖြစ်သောဇောသို့ ရောက်သောယောဂီအား။ အနိဝတ္တနတော၊ ပုထုဇဉ် ပြန်၍မဖြစ်သောကြောင့်တည်း။ တသ္မာ တေန မန္ဒ တိက္ခ တိက္ခတရဝသေန၊ မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ်, တိက္ခတရပုဂ္ဂိုလ်တို့၏အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ မုဉ္စိတုကမျတာဒိဉာဏတ္တယံ၊ မုဉ္စိတုကမျတာ အစရှိသော ဉာဏ်သုံးခုတို့၏ အပေါင်းကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ချဲ့၍ပြဆိုဦးအံ့။ မန္ဒပညော၊ ဉာဏ်နုံ့သော လေးသောပုဂ္ဂိုလ်သည်။ တေသု၊ ထိုသုံးပါးသော ဉာဏ်တို့တွင်။ ပဌမံ၊ ရှေးဦးစွာသော မုဉ္စိတုကမျတာဉာဏ်သို့။ ပတွာ၊ ရောက်၍။ နိဝတ္တတိ၊ နစ်၏။ တိက္ခပညော၊ ဉာဏ်ထက်သော ပုဂ္ဂိုလ်သည်။ ဒုတိယံ၊ နှစ်ခုမြောက်သော ပဋိသင်္ခါဉာဏ်သို့။ ပတွာ၊ ရောက်၍။ နိဝတ္တတိ၊ နစ်၏။ တိက္ခတရပညော၊ ဉာဏ်အထက်ဆုံးဖြစ်သော ပုဂ္ဂိုလ်သည်။ တတိယံ၊ သုံးခုမြောက်သော သင်္ခါရုပေက္ခာဉာဏ်သို့။ ပတွာ၊ ရောက်၍။ နိဝတ္တတိ၊ နစ်၏။

အဓိပ္ပာယ်ကား။ ။အနုလုံ ဂေါတြဘူ ဆိုသည်ကား အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့၏ အနီးဖြစ်သော သင်္ခါရုပေက္ခာဉာဏ်ကို ယူရမည်။ အနုလောမဉာဏ်, ဂေါတြဘူဉာဏ် နှစ်ပါးသည် ဉာဏသမ္ပယုတ်ဖြစ်၍ သဘောအားဖြင့် တစ်ပါးကိုသာ ယူရမည်။ နှစ်ပါးမယူရပေ။

ထို သင်္ခါရုပေက္ခာဉာဏ်သည်လည်း အလုံးစုံတို့၏ အဆုံးဖြစ်သော မဂ်ဝီထိဇောဝါရ၌ အကျုံးဝင်သည် မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထို အလုံးစုံတို့၏ အဆုံးဖြစ်သော ဂေါတြဘူဇောသို့ ရောက်သောပုဂ္ဂိုလ်အား နောက်သို့တစ်ဖန် ပုထုဇဉ် ပြန်၍မဖြစ်နိုင်ပေ။

ထိုသို့ မဖြစ်နိုင်လေသောကြောင့် အညံ့ဆုံးဖြစ်သော မန္ဒပုဂ္ဂိုလ်။ အလတ်စားဖြစ်သော တိက္ခပုဂ္ဂိုလ်။ အထက်ဆုံးဖြစ်သော တိက္ခတရပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်သုံးဦးတို့၏ အစွမ်းဖြင့် မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ဤဉာဏ်သုံးခုတို့၏အပေါင်းကို ဆိုအပ်ပေ၏။

ထိုစကားကို ထင်စွာပြဆိုဦးအံ့။ ညာဏ်နုံ့သော မန္ဒပုဂ္ဂိုလ်မှာ ရှေးဦးစွာသော မုဋ္ဌိတုကမျှတာညာဏ်သို့ ဆိုက်ရောက်ပြီးမှ နောက်သို့ပြန်၍ နစ်ရပြန်၏။ ညာဏ်လတ်ဖြစ်သော တိက္ခပုဂ္ဂိုလ်မှာ နှစ်ခုမြောက်သော ပဋိသင်္ခါညာဏ်သို့ ဆိုက်ရောက်ပြီးမှ နောက်သို့ပြန်၍ နစ်ရပြန်၏။ ညာဏ်အထက်ဆုံးဖြစ်သော တိက္ခတရပုဂ္ဂိုလ်မှာ သုံးခုမြောက်သော သင်္ခါရုပေက္ခာညာဏ်သို့ ဆိုက်ရောက်ပြီးမှ နောက်သို့ပြန်၍ နစ်ရပြန်၏။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးက အနုလောမညာဏ်သည် လှေဆိပ်ကမ်းနှင့်တူသည်။ ယောဂီပုဂ္ဂိုလ်သည် လှေနှင့်တူသည်ဟု မိန့်တော်မူ၏။

အချို့သော ကျမ်းဂန်တို့၌ ဘုရားလောင်းသည် သုမေဓာဘဝကပင် လက်တော်သို့ ရောက်ပြီးသော ဂေါတြဘူစွန့်လွှတ်သည်ဆိုရာ၌ ဂေါတြဘူသည် ဈာန်ရှေ့၌ရှိသော ဂေါတြဘူ၊ မဂ်ရှေ့၌ရှိသော ဂေါတြဘူဟု နှစ်ပါးရှိရာတွင် မဂ်ရှေ့၌ရှိသော ဂေါတြဘူသို့ရောက်လျှင် မဂ်သို့ဝင်မြဲ။ သုမေဓာဘဝက စွန့်လွှတ်သော ဂေါတြဘူသည် ဈာန်ရှေ့က ဂေါတြဘူဟုယူလေ။

တတော ပူရိမပူရိမေသု ဟိ ဘဝေသု သဗ္ဗညုတ
ဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိပိဋကာနိ
ဥဂ္ဂဟေတွာ ဂတပစ္စာဂတဝတ္တံ အာရုယှကမ္မဋ္ဌာနံ
အနုလောမဂေါတြဘုံ အာဟစ္စဋ္ဌပေန္တိ။

(ပုဂ္ဂလပညတ်အဋ္ဌကထာ)

တတော၊ ထိုပစ္ဆိမဘဝမှ။ ပူရိမပူရိမေသု၊ ရှေးရှေး၌ဖြစ်ကုန်သော။ ဘဝေသု၊ ဘဝတို့၌။ သဗ္ဗညုတဗောဓိသတ္တာ၊ သဗ္ဗညု ဘုရားလောင်းသည်။ ဗုဒ္ဓသာသနေ၊ ဘုရားရှင်တို့၏ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ တီဏိပိဋကာနိ၊ သုံးပုံသောပိဋကတ်တို့ကို။ ဥဂ္ဂဟေတွာ၊ သင်ကြားလေ့ကျက်၍။ ဂတပစ္စာဂတဝတ္တံ၊ ကျောင်းမှ ရွာသို့ ဆွမ်းခံသွားသောအခါ ကျင့်ရသောဝတ်, ရွာမှ ကျောင်းသို့ပြန်သောအခါ ကျင့်ရသောဝတ်တရားကို။ အာရုယှ၊ သက်ဝင်၍။ ကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ အနုလောမဂေါတြဘုံ၊ အနုလောမ ညာဏ် ဂေါတြဘူညာဏ်သို့။ အာဟစ္စ၊ ဆိုက်ရောက်ရုံ။ ဌပေန္တိ၊ တန့်နားရပ်ဆိုင်းလေကုန်၏။

**အဓိပ္ပါယ်ကား။** ။ထိုပစ္စိမဘဝမှ ရှေးရှေး၌ ဖြစ်ကုန်သော ဘဝတို့၌ ဘုရားလောင်းတို့သည် ရှေးဘုရားရှင်တို့၏ သာသနာတော်၌ ရဟန်းပြုကြ၍ ပိဋကတ်သုံးပုံ အလုံးစုံတို့ကို သင်အံလေ့ကျက်၍ ကျောင်းမှ ရွာသို့ ဆွမ်းခံသွားသောအခါ ကျင့်ရသောဝတ်တရား, ရွာမှ ကျောင်းသို့ ပြန်သောအခါ ကျင့်ရသောဝတ်တရားတို့ကို နှလုံးသွင်းသက်ဝင်၍ ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်သောအာရုံကို အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ ဆိုက်ရောက်ရုံ ရှေ့သို့ မတက်ဘဲ ၎င်းဉာဏ်တို့၌ပင် တန့်နားရပ်ဆိုင်း၍ ဘဝင်သို့ ပြန်လည်ရပြန်လေ၏။

အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ဆိုက်ရောက်ရုံ တန့်နားသည်ဆိုရာ၌ ဂေါတြဘူဇောသည် ဉာဏသမ္ပယုတ်ဇော၏အာရုံ အဆုံးဇောဖြစ်၍။ ၎င်းဇောသို့ရောက်လျှင် နောက်သို့ ပြန်နစ်ခြင်းမရှိဟု ဆိုခဲ့သောကြောင့် ဂေါတြဘူ အနုလောမဉာဏ်၏အနီး သင်္ခါရုပေက္ခာဉာဏ်က တန့်နားရပ်ဆိုင်း၍ နောက်သို့ နစ်သည်-ပြန်သည်။ ဤကား ဆရာတော်ဘုရားကြီး၏ ဆုံးဖြတ်ချက်တည်း။

(၃၁) ဘုရားဆုပန်သူနှင့် ဝိပဿနာယောဂီတို့၏ အာရုံယူပုံကိုပြဆိုခြင်း ပြီး၏။

## (၃၂) အရှင်မဟာဗုဒ္ဓဃောသ၏ အတ္တုပ္ပတ္တိကို သိသာရန် ပြဆိုခြင်း။

အရှင်မဟာ ဗုဒ္ဓဃောသအကြောင်းမှာ။ ။သီဟိုဠ်ဘာသာဖြစ်သော ပရိယတ္တိသာသနာတော်ကို မြန်မာဘာသာအားဖြင့် အဘယ်သူ ပြန်ဆိုရေးသားနိုင်ပါအံ့နည်းဟု ရဟန္တာကြီးတစ်ပါး ဆင်ခြင်တော်မူလေသော် တာဝတိံသာ ဘုံ၌ ဃောသကနတ်သားကိုမြင်၍ သိကြားမင်းနှင့်တကွ တောင်းပန်၏။

ထိုနောက် မဟာဗောဓိပင်၏အနီး ဃောသကရွာ ကေသိပုဏ္ဏား၏မယား ကေသိနီပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေ၍ နေ့လအစေ့တွင် ထိုရွာ၌ လူအများတို့ကို ဘိတ်ကြားစည်းဝေး၍ စားသောက်ပျော်ပါး ကြွေးကြော်၍နေဆဲတွင် မွေးဖွားသောကြောင့် ဃောသကဟု အမည်ပေး၏။

၇-နှစ်အရွယ်ရှိလျှင်ဗေဒင်သုံးပုံကုန်၏။ ပဌမရဟန္တာကြီးနှင့်တွေ့ဆုံသဖြင့် ဗေဒင်ကိုမေးလေသော် ရဟန္တာကြီးကုန်စင်အောင် ဖြေဆိုပြီးလျှင် ရဟန္တာကြီးက ကုသလာဓမ္မာ အကုသလာဓမ္မာဟူသောဘုရားရှင်၏မန္တန်ကို မေးလေ၏။

ပုဏ္ဏားငယ်သည်မဖြေဆိုနိုင်၍ လွန်စွာအတိုင်းမသိ အဖိုးအနဂ္ဃ ထိုက်လှစွာသောမန္တန်ကို သင်ကြားလိုရကား ရဟန္တာကြီးထံ၌ ရှင်ရဟန်းပြု၍သင်ကြားရာ။ တစ်နေ့တစ်နေ့လျှင် ပုဒ်ပေါင်းခြောက်သောင်း ရရှိပေသတည်း တစ်လ၌ပင်လျှင် ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်တော်မူပေသတည်း။

တစ်နေ့သ၌ ဆိတ်ငြိမ်ရာ၌နေ၍ ဆင်ခြင်သည်မှာ ငါ၏ ဥပဇ္ဈာယ်ဆရာနှင့်ငါသည် ဘယ်သူက ပိဋကတ်တတ်ပါသနည်းဟု ဆင်ခြင်၍နေဆဲတွင် ဆရာရဟန္တာကခေါ်၍ သင်၏အကြံကို ငါမနှစ်သက်ဟုကဲ့ရဲ့သဖြင့် လွန်စွာထိတ်လန့်ရကား၊ ကန်တော့မည် ပြုရာတွင် သီဟိုဠ်သို့သွား၍ ပိဋကတ်တော်ကို မြန်မာဘာသာပြန်ဆိုရေးကူးမှ ငါသည်းခံနိုင်မည်ဟု ဆိုလေ၏။

ထိုအခါအရှင်မဟာ ဗုဒ္ဓဃောသသည်။ မိစ္ဆာအယူရှိသော မိဘနှစ်ပါးကို ဟောချွတ်ပြီးမှ သီဟိုဠ်သို့အသွားတွင် ပင်လယ်သို့ရောက်သဖြင့် သီဟိုဠ်ပြန်သင်္ဘောတွင် ပါလာသော အရှင်ဗုဒ္ဓဒတ်မထေရ်နှင့် တွေ့ဆုံသဖြင့် နတ်တို့၏အာနုဘော်ကြောင့် သင်္ဘောနှစ်စင်းတို့သည် အလိုလိုယှဉ်ပြိုင်၍ ရပ်လေသော်သင်္ဘော၌ပါလာသော ကုန်သည်တို့သည်ထိတ်လန့်ကြသဖြင့် ငိုကြွေးကြလေ၏။

ထိုအခါအရှင်ဗုဒ္ဓဒတ်မထေရ်က အကျွန်ုပ်စီရင်သော ဇိနာလင်္ကာရဋီကာကို သီဟိုဠ်ဆရာတို့အား အကြောင်းကို ပြောကြားလျှင် ပေါ့တော့သောကျမ်းဟုဆို၍ သီဟိုဠ်ပိဋကတ်တော် မရေးမကူးရပါ၊ အဋ္ဌလေးအမြွတ်ပြုသော အဋ္ဌကထာကျမ်းကိုရေးသားစီရင်ပါဟု မှာဆိုပြီးလျှင် သိကြားပေးလှူသောဖန်ခါးကြဇ့သီးနှင့်တကွ သံကညစ် ကညစ်သွေးသောကျောက်ကို အရှင်မဟာ ဗုဒ္ဓဃောသကိုပေးလိုက်ပြီးလျှင် သင်္ဘောနှစ်စင်းတို့သည် အလိုလိုပယ်ရှား၍သွားကြလေ၏။

အရှင်မဟာဗုဒ္ဓဃောသသည် သုံးရက်ကူးသော် သင်္ဘောနှင့်ရောက်သဖြင့် သံဃပါလမထေရ်ကို ဖူးမြင်ပြီးမှ ပိဋကတ်တော်ကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးလိုကြောင်းခွင့်တောင်းလေသော် သံဃပါလအရှင်မြတ်က သီလေပတိဋ္ဌာယစသော ဂါထာကို ပိဋကတ်သုံးပုံနှင့် ယှဉ်လျက် အနက်အဓိပ္ပာယ်နှင့်တကွ ကျမ်းပြုစီရင်ပါလောဟုဆို၏။

ထိုနေ့ထိုညဥ့်က အစပြု၍ ၎င်းဂါထာ၏ အဖွင့် ဝိသုဒ္ဓိမဂ် ရေးသားစီရင်တော်မူသဖြင့် ထိုညဥ့်၌ပင်လျှင် အပြီးသို့ရောက်၍ ပင်ပန်းလှသဖြင့် အိပ်လေသော် ထိုအရှင်၏ ဉာဏ်စွမ်းကို သိလို၍ ရေးပြီးသောကျမ်းကို သိကြားကဝှက်ထားလေ၏။

အိပ်ရာကနိုး၍ကျမ်းကိုမတွေ့သဖြင့် တစ်ဖန်ထိုညဥ့်၌ပင်လျှင် ရေးရပြန်၏။ သုံးကြိမ်တိုင်တိုင် သိကြားဝှက်ထားပြီးမှ ပြန်၍ထားခြင်းကြောင့် သုံးကျမ်းဖြစ်သတည်း။

ထိုသုံးကျမ်းကို သဃ်ပါလ အရှင်မြတ်ကို ပြသဖြင့် အားရနှစ်သက်ဝမ်းမြောက်တော်မူလှ၍ ပိဋကတ်တိုက်တော်ကို အပ်နှင်း၍ အလိုရှိသောအတိုင်း ရေးယူပါလောဟု ခွင့်ပြုလေလျှင် အရှင်သဃ်ပါလမထေရ်တောင်းပန်၍ ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးရပေသတည်း။ ဤကား ဗုဒ္ဓဃောသုပ္ပတ္တိ အလိုတည်း။

**တစ်နည်းမှာ။** ။မဟာဗောဓိပင်၏အနီး ပုဏ္ဏားရွာ၌နေ၍ ဗေဒင်သုံးပုံတို့ကို ကမ်းတစ်ဖက်ရောက်အောင် တတ်မြောက်သဖြင့် မေးခြင်းဖြေခြင်း၌ လွန်စွာအလိုရှိလှ၍ ဇမ္ဗူဒိပ်မြေပြင်အလုံး သိမ်းကြုံးလှည့်လည်၍ ဗေဒင်တတ်သူကိုရှာဖွေသော် တစ်ခုသောမြို့သို့ရောက်၍ ကျောင်းတိုက်တစ်ခု၌တည်းခို၍နေ၏။

ထိုကျောင်းနေ အရှင်ရေဝတမထေရ်ကို ဗေဒင်သုံးပုံကို မေးလေသော် မေးတိုင်းမေးတိုင်းဖြေဆိုပြီးလျှင် ထိုအရှင်က ပရမတ္ထတရားကိုမေးလျှင် မဖြေဆိုနိုင် ငေးမှိုင်၍နေရသဖြင့် အဘယ်အတတ်ပညာ မန္တန်ပါနည်းဟု မေးလေ၏။ ဗုဒ္ဓပညာမန္တန်ဟုပြော၏။

ထိုအခါ အကျွန်ုပ်အား သင်ကြားပါလောဟုဆို၍ ရှင်ရဟန်းပြုမှ သင်ကြားနိုင်မည်ဟုဆိုလျှင် ရှင်ရဟန်းပြုပြီးလျှင် ပိဋကတ်သုံးပုံကို ကုန်စင်အောင်သင်ကြားပြီးလျှင် ဘုရားကဲ့သို့ ဉာဏ်ပညာရှိလှ၍ ထင်ပေါ်ကျော်စောသောကြောင့် ဗုဒ္ဓဃောသဟုဆရာတို့က အမည်ပေးကြလေ၏။

ထိုအရှင်သည် ဆရာထံ၌နေ၍ ဉာဏောဒယကျမ်း၊ အဋ္ဌသာလိနီကျမ်းများကို စီရင်ပြီးမှ ပရိတ်အဋ္ဌကထာ ကျမ်းကို စီရင်မည့်ဆဲဆဲတွင် ဇမ္ဗူဒိပ်၌ ပါဠိတော်များသာ ရှိသေးသည်၊ အဋ္ဌကထာများ မရှိသေး၊ အာစရိယဝါဒများလည်း ကွဲပြားလျက်ရှိကြလေ၏။

အရှင်မဟာမဟိန္ဒဆောင်ယူခဲ့သော သီဟိုဠ်၌ရှိသော အဋ္ဌကထာသင်္ဂါယနာ သုံးတန်တင်သော ပါဠိတော် အရှင်သာရိပုတ္တရာစသော ရဟန္တာကြီးများ ဟောပြောသော အစဉ်တို့သည် သီဟိုဠ်၌သာရှိသည်ဖြစ်၍ သင်သွား၍ သီဟိုဠ်ဘာသာမှ မာဂဓမြန်မာဘာသာဖြင့် ရေးသားစီရင်ပါက များစွာသောသူတို့သည် အကျိုးစီးပွားဖြစ်လတ္တံ့ဟု ဆို၏။

ထိုအခါ အရှင်မဟာ ဗုဒ္ဓဃောသသွား၍ အနုရာဓပြည် မဟာဝိဟာရကျောင်းတိုက်သို့ဝင်၍ အရှင်သံဃပါလမထေရ်ထံ သီဟိုဠ်အဋ္ဌကထာနှင့်တကွ ထေရဝါဒအလုံးစုံတို့ကို ကြားနာပြီးမှ အဋ္ဌကထာများကို ရေးသားစီရင်အံ့သောငှာ တောင်းပန်လေ၏။

သီဟိုဠ် သံဃာအများတို့က သီလေ ပတိဋ္ဌာယ-စသောဂါထာ၌ အကျယ်ဝိတ္ထာရချဲ့၍ သင်၏ဉာဏ်ကို ပြပါဦးလောဟုဆိုကြ၍ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို အကျဉ်းရုံးစု၍ ဂါထာ-၁၄၀၀၀၀ ပမာဏရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကြီး စီရင်ရေးသားလေ၏။ နောက်ကနည်းအတိုင်း သိကြားဝှက်ထား၍ သုံးကျမ်းတိုင်အောင် ရေးသားစီရင်ရပေသတည်း။

ထိုဝိသုဒ္ဓိမဂ်ကျမ်းကို သံဃာတော်အများအား ပြသသဖြင့် အားရနှစ်သက်တော်မူကြ၍ ပိဋကတ်တိုက်တော်ကို အပ်နှင်းတော်မူကြလေ၏။ အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်တော်ကို ရေးကူးစီရင်ပြီးလျှင် ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူလေ၏ နေရပ်အမည်မပါပေ။

သုဝဏ္ဏဘူမိ တိုင်းသည် သီဟိုဠ်နှင့်သဘောလမ်း သင့်မြတ်လှပေသည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ ပြဆိုသည်။ အရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်တော်ကို ကူးယူ၍ သထုံပြည်သို့ ပြန်ကြွတော် မူကြောင်းကိုလည်း ဆိုသည်။ သီဟိုဠ်ဆရာများက အရှင်မဟာဗုဒ္ဓဃောသကို သီဟိုဠ်ကျွန်းသားဟု ဆိုသည်။ မန္တလေးမြို့ဘုရားကြီးဆရာတော်က ငါတို့ မြန်မာအမျိုးသားဟု မိန့်ဆိုသည်။

(၃၂) အရှင်မဟာဗုဒ္ဓဃောသ၏ အတ္တုပ္ပတ္တိကို
သိသာရန်ပြဆိုခြင်းပြီး၏။

* * *

## (၃၃) နာမရူပပရိစ္ဆေဒနှင့် ပစ္စယာပရိဂ္ဂဟကို သင်ပြဆိုခြင်း

ခန္ဓာငါးပါး-၁၊ဒွါရခြောက်ပါး-၂၊အာရုံခြောက်ပါး-၃၊ဝိညာဏ်ခြောက်ပါး-၄၊ ဖဿခြောက်ပါး-၅၊ ဝေဒနာခြောက်ပါး-၆၊ သညာခြောက်ပါး-၇၊ စေတနာခြောက်ပါး-၈၊ တဏှာခြောက်ပါး-၉၊ ဝိတက်ခြောက်ပါး-၁၀၊ ဝိစာရခြောက်ပါး-၁၁၊ ဓာတ်ခြောက်ပါး-၁၂၊ ကသိုဏ်းဆယ်ပါး-၁၃၊ ၃၂-ပါးသောကောဋ္ဌာသ-၁၄၊ အာယတနတစ်ဆယ့်နှစ်ပါး-၁၅၊ ဓာတ်တစ်ဆယ့်ရှစ်ပါး-၁၆၊ ဣန္ဒြေနှစ်ဆယ့်နှစ်ပါး-၁၇၊ ဤကား မာတိကာတည်း။

၎င်းတို့တွင် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးဟူသည်ကား ဣန္ဒြေခြောက်ပါး၊ ဇီဝိတိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ၃-ပါး၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊သောမနဿိန္ဒြေ၊ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ၅-ပါး၊ သဒ္ဓိန္ဒြေ၊ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ပညိန္ဒြေ-၅-ပါး၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ ၃-ပါးပေါင်း ၂၂-ပါး ဖြစ်၏။

ဓာတ်-၃ ပါး ၁၈။ ။၎င်းဓာတ်သုံးပါးကား၊ ကာမဓာတ်၊ ရူပဓာတ်၊ အရူပဓာတ်တို့တည်း။

ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညာဘဝ၊ အသညာဘဝ၊ နေဝသညာနာသညာဘဝ၊ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ၊ ဘဝ ၉-ပါး ၁၉၊ ဈာန်-၄-ပါး ၂၀၊ အပ္ပမညာ ၄-ပါး-၂၁၊ အရူပ ၄-ပါးခေါ်သော သမာပတ် ၄-ပါး-၂၂၊ ပဋိစ္စသမုပ္ပါဒ် ၁၂ (၂၃) ပါး၊ ဤသို့ပြဆိုခဲ့သော(၂၃)ပါးသော ကောဋ္ဌာသတို့သည် ဒွါရ-အာရုံ ဝိညာဏ်၏အရ၊ ယထာရဟ ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏။

၎င်းဒွါရ-အာရုံ-ဝိညာဏ်က-ကင်းလွတ်သော ကောဋ္ဌာသမရှိကောင်းပေ၊ ၂၃-ပါးသောကောဋ္ဌာသတို့သည်၊ဒေသနာက္ကမဒေသနာနည်းကိုသာ ဟောတော်မူသော အစဉ်ဖြစ်ပေသည်၊ ကျင့်အပ် အားထုတ်အပ်သော အစဉ်မဟုတ်ပေ၊ ဒွါရ-အာရုံ-ဝိညာဏ်ကိုသာ ကျင့်အပ် အားထုတ်အပ်၏။

ပြဆိုခဲ့သောနည်းဖြင့် အဆင့်ဆင့် ဝိပဿနာအထူး မဂ်ဉာဏ်အထူးကို ရခြင်းငှာ အလိုရှိသောသူသည် ဂေါတြဘူဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ် ၁၃-ပါးတို့တွင် အစဖြစ်သော နာမရူပ-ပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာ အားထုတ်လိုသော အာဒိကမ္မိကသုဒ္ဓ ဝိပဿနာယာနိက ပုဂ္ဂိုလ်ဖြစ်၍ ဒွါရဥ္စအာရုံထင်သည်၊ဝိညာဏ်

က သိသည်၏အစွမ်းဖြင့် သတိကို စွဲစွဲမြဲမြဲမဲမဲသဲသဲ ထင်မြင်အောင် မဖွဲ့မပဋ္ဌိပဒါ ဖြင့် စိတ်ကိုထား၍ ရှုမှတ်တိုင်း-ရှုမှတ်တိုင်း နာမ်ရုပ်ဓမ္မ သဘာဝတို့သည် ဟုတ်တိုင်းမှန်စွာ သူ့မြင်လာသောအခါ ယထာဘူတဉာဏ်ဖြင့် သိမြင်ခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ် မည်၏။

ယေယေဓမ္မာ အဘိညာတာ ဟောန္တိ တေတေဓမ္မာ

ဉာတာဟောန္တိ တံဉာတဋ္ဌေနဉာဏံ ပဇာနနဋ္ဌေနပညာ

တေနဝုစ္စတိ အဘိညာပညာ ဉာတဋ္ဌေဉာဏံ။

ယေယေဓမ္မာ၊အကြင်အကြင်ရုပ်နာမ်တရားနှစ်ပါးတို့သည်။အဘိညာတာ၊ ဖြစ်သော အခြင်းအရာ ထင်သောသဘောလက္ခဏာကို ကောင်းစွာမှတ်၍ အာရုံ သို့ ရှေးရှုသောပညာဖြင့် သိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုရုပ်နာမ်တရား နှစ်ပါးတို့သည်။ ဉာတာ၊ သိအပ်ကုန်သော အာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇံ၊ ဤသို့။ တံ၊ ထိုအာရုံကို သိမှတ်ခြင်းသည်။ ဉာတ ဋ္ဌေဉာဏံ၊ ဉာတဋ္ဌဉာဏ်လည်း ဖြစ်သည်မည်၏။ ပဇာနနဋ္ဌေပညာ၊ ပဇာနနဋ္ဌ ပညာလည်းမည်၏။ တေန၊ထို့ကြောင့်။အဘိညာ၊ပညာဖြစ်သော အခြင်းအရာ ထင်သောသဘောလက္ခဏာကို ကောင်းစွာမှတ်၍ အာရုံသို့ ရှေးရှုသောပညာကို။ ဉာတဋ္ဌေဉာဏံ၊ သိမှတ်အပ်သော အာရုံကို သိမှတ်သောဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပာယ်ကား။** ။အကြင်ရုပ်နာမ်တရားနှစ်ပါးတို့သည် ဖြစ်သောအခြင်း အရာ ထင်သောသဘောလက္ခဏာကို ကောင်းစွာမှတ်ရှု၍ အာရုံသို့ရှေးရှုသော ပညာဖြင့် သိအပ်ကုန်သည်ဖြစ်ကုန်ရာ၏။ ထိုထိုသို့သော ရုပ်နာမ်တရား နှစ်ပါး တို့သည် သိအပ်ကုန်သော အာရုံဖြစ်ကုန်၏။ ဤသို့ အာရုံကို သိမှတ်ခြင်းသည်။ ဉာတဋ္ဌဉာဏ်လည်း မည်၏ နာမရူပပရိစ္ဆေဒ ဉာဏ်လည်းမည်၏။ဟု ဆိုလိုသည်။

ဂုဏ်းပြင် ပဇာနနဋ္ဌပညာလည်းမည်၏။ ထို့ကြောင့် ဖြစ်သောအခြင်းအရာ ထင်သောသဘောလက္ခဏာကို ကောင်းစွာမှတ်၍ အာရုံသို့ ရှေးရှုသောပညာကို သိမှတ်သောဉာဏ်ဟူ၍ ဆိုအပ်ဆိုထိုက်ပေ၏။ နာမရူပပရိစ္ဆေဒ ဉာဏ်ဟု ဆိုလို သည်။ ဤကားရုပ်၊ ဤကားနာမ်ဟု ယထာဘူတ ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိမြင်သောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ဆိုလိုသည်။

တစ်နည်းအကျဉ်းအားဖြင့်။ ။ယောဂီပုဂ္ဂိုလ်တို့ဆောင်ပုဒ် အမြဲထားရသည်မှာ မြင်မြင်သည်ဟုမှတ်၊ မှတ်ထာကစိတ် မှတ်တဲ့စိတ်နှင့် အဆင်းရုပ်နှင့်ပျက်။ ကြားကြားသည်ဟုမှတ် မှတ်ထာကစိတ်၊ မှတ်တဲ့စိတ်နှင့် အသံရုပ်နှင့်ပျက်။

နံနံသည်ဟုမှတ်၊ မှတ်ထာကစိတ် မှတ်တဲ့စိတ်နှင့် အနံ့ရုပ်နှင့်ပျက်။ ။စားစားသည်ဟုမှတ်၊ မှတ်ထာကစိတ် မှတ်တဲ့စိတ်နှင့် ရသာရုပ်နှင့်ပျက်။ ။ထိထိသည်ဟုမှတ်၊ မှတ်ထာကစိတ် မှတ်တဲ့စိတ်နှင့် ထိတဲ့ရုပ်နှင့်ပျက်။ ။စိတ်ထွက်သွားထွက်သွားသည်ဟုမှတ်၊ မှတ်တာကစိတ်၊ မှတ်တဲ့စိတ်နှင့် ထွက်သွားသောစိတ်နှင့် စိတ်စိတ်ခြင်းပျက်။ ။ရုပ်မဲ့ရှာရုံ နည်းတူမှတ်လေ။

ဤသို့မှတ်သည်ရှိသော်၊ ပညတ်ပျောက်၍ ပရမတ်နာမ်ရုပ် ရောက်လာမည် ဤသို့အစဖြစ်သော 'နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာ အားထုတ်သော အာဒိကမ္မိကသုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်သည် သတိပဋ္ဌာန်လေးပါးကို အားထုတ်သောအခါ သတိဖြင့်စွဲမြဲစေ၍ ဒအမှတ်တစ်ခုနှင့်သာ နေသည်ရှိသော် စိတ်သည် မပျံ့လွင့် ကိုယ်စိတ်လည်းခန့်၏၊ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံအစည်လည်းငြိမ်း၏၊ ပရိယုဋ္ဌာန်လည်းပျောက်၏။ အနုသယလည်း ပျက်စီး၏၊ နာမရူပပရိစ္ဆေဒဉာဏ် အထူးကိုလည်းရ၏။ အမြင်လည်းသန့်၏။

နာမရူပါနံ ယထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ

နာမရူပါနံ၊ နာမ်ရုပ်တို့ကို။ ယထာဝဒဿနံ၊ ဟုတ်မှန်တိုင်း သိမြင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ပဉ္စသု ဥပါဒါနက္ခန္ဓေသု သတိ ပုဂ္ဂလော သတ္တောတိ
ဝေါဟာရမတ္တံ ဟောတိ။

ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည်။ သတိ၊ ရှိသော်။ ပုဂ္ဂလောသတ္တောတိ၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ်ကာမျှသည်။ ဟောတိ၊ ဖြစ်၏။

ပရမတ္ထတော ပုဂ္ဂလောသတ္တောနာမ နတ္ထိ နာမရူပမတ္တမေဝ
အတ္ထီတိ ဒဿနံ ယထာဘူတ ဒဿနံနာမ။

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ပုဂ္ဂလောသတ္တောနာမ၊ ပုဂ္ဂိုလ်သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ၊ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်။ အတ္ထီတိ၊ ရှိ၏ဟူ၍။ ဒဿနံ၊ မြင်ခြင်းသည်။ ယထာဘူတဒဿနံနာမ၊ ဟုတ်တိုင်းမှန်စွာ သိသောအမြင်မည်၏။

ဤပုဂ္ဂိုလ်သည် ဒွါရအာရုံထင်သည် ဝိညာဏ်ကသိသည်၏အစွမ်းဖြင့် သတိကို စွဲစွဲမြဲမြဲမမဲ့သဲ့ အမှတ်ပြု၍နေသောအခါ ဒွါရထင်သော အာရုံကားရုပ်၊ သိသောဝိညာဏ်ကားနာမ်၊ ဤနာမ်ရုပ်နှစ်ပါး၏ အကြောင်းကို သိမ်းဆည်းလိုသည်ရှိသော် နာမ်ရုပ်နှစ်ပါးသည် အကျိုးအားဖြင့် ၅-ပါးထင်ရှား၏။

ထင်ရှားပုံမှာ ဖြစ်ခိုက်ဖြစ်ခိုက် တစ်ပါးပါးသောဒွါရ၌ ထင်သောအာရုံကို သိသောအာရုံအကျိုး-၁၊ အာရုံသို့ သက်ဝင်သောနာမ်ရုပ်အကျိုး-၂၊ အာရုံထင်၍ ကြည်သောဒွါရအကျိုး-၃၊ အာရုံ၌ တွေ့သော ဖဿအကျိုး-၄၊ အာရုံကိုခံစားသော ဝေဒနာအကျိုး-၅၊ ဤသို့ နာမ်ရုပ်တရား နှစ်ပါးသည် အကျိုး-၅ ပါး ထင်ရှား၏။

အကြောင်း ၅-ပါးထင်ရှားပုံမှာ ပြဆိုခဲ့သော အကျိုး ၅-ပါး၏ မသိသော အဝိဇ္ဇာသည် အကြောင်း-၁၊ အကျိုး ၅-ပါး၏ အားထုတ်သော ကုသိုလ် အကုသိုလ် သင်္ခါရသည် အကြောင်း ၂၊ အကျိုး ၅-ပါး၏ တပ်မက်သောတဏှာသည် အကြောင်း-၃၊ အကျိုး ၅-ပါး၏ စွဲလမ်းသော ဥပါဒါန်သည်အကြောင်း ၄၊ အကျိုး ၅-ပါး၏ ပြုသော ကုသိုလ် အကုသိုလ်သည် အကြောင်း ၅၊ ဤသို့ အကြောင်း ၅-ပါး ထင်ရှား၏။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အကျိုး ၅-ပါးကို နာမ်ရုပ်ဟု မှတ်၍ ထင်ရှားသော အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန် အကြောင်း ၅-ပါးကို သိမ်းဆည်းလိုသည်ရှိသော် ဖြစ်ခိုက် ဖြစ်ခိုက် တစ်ပါးပါးသော ဒွါရ၌ အာရုံထင်သည် ဝိညာဏ်ကသိသည်၏ အစွမ်းဖြင့် သတိထင်အောင် အမှတ်ပြုသဖြင့် ရုပ်နာမ်သည် ထင်မြင်၍လာ၏။

တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သမ္ဘဝေ၊
မစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော။ (ဝိသုဒ္ဓိမဂ်)

တသ္မာ၊ ထို့ကြောင့်။ ကင်္ခါဝိတရဏတ္ထိကော၊ ယုံမှားခြင်းမှ လွတ်မြောက်လိုသော။ ဘိက္ခု၊ ရဟန်းသည်။ သဒါ၊ အခါခပ်သိမ်း၊ သတော၊ သတိပဋ္ဌာန်၌လာသောအတိုင်း သတိရှိသည် မှတ်သည်ဖြစ်၍။ သမ္ဘဝေ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ မစ္စယေ၊ အကြောင်းခံတရားကို။ ပရိဂ္ဂဏှေယျ၊ သိမ်းဆည်းရာ၏။

သော ဧဝံ ပစ္စယတော နာမရူပဿ ပဝတ္တိံ ဒိသွာ
ယထာ ဣဒံ ဧတရဟိ ဧဝံ အတီတေပိ။
အဒ္ဓါနေ ပစ္စယတော ပဝတ္တိတ္ထ အနာဂတေပိ။
အဒ္ဓါနေ ပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ )

သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ပစ္စယတော၊ အကြောင်းကြောင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပဝတ္တိံ၊ ဖြစ်သည်ကို။ ဒိသွာ၊ မြင်၍။ ဧတရဟိ၊ ယခုအခါ၌။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ်သည်။ ပဝတ္တိယထာ၊ ဖြစ်ရသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ အတီတေပိ အဒ္ဓါနေ၊ ရှေးအခါကလည်း။ ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တိတ္ထ၊ ဖြစ်ခဲ့လေကုန်ပြီ။ အနာဂတေပိ- အဒ္ဓါနေ၊ နောင်အခါ၌လည်း။ ပစ္စယတော၊ အကြောင်းကြောင့်။ ပဝတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ သမနုပဿတိ၊ ရှုမှတ်၏။

ဤသို့ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းသော ပုဂ္ဂိုလ်သည် မြင်ခိုက် ကြားခိုက် စသော တစ်ပါးပါးသော ဒွါရ၌ အာရုံထင်သည်။ ဝိညာဏ်က သိသည်၏ အစွမ်းဖြင့် သတိထင်အောင် အမှတ်ပြု၍နေသဖြင့် ဒွါရအာရုံ ဝိညာဏ်နာမ်ရုပ် ထင်မြင်၍လာ၏။ ။တစ်ဖန်၊ ဤနာမ်ရုပ်သည် အကြောင်း ကြောင့် ဖြစ်လာပေ၏ဟုမှတ်ရှု၏။ ရှုပြီး၍ တစ်ဖန် ဤနာမ်ရုပ်သည် ယခုလည်း အကြောင်းကြောင့် ဖြစ်သကဲ့သို့။ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်လေပြီ၊ နောင်လည်း အကြောင်းကြောင့် ဖြစ်လတ္တံ့ဟု ရှုမှတ်၍နေ၏။

ဤသို့ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား စိတ်လည်းမပျံ့လွင့်။ ကိုယ်စိတ် လည်းခန့်၏။ ဝိမဿနာ အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံအစည် လည်းငြိမ်း၏။ ပရိယုဋ္ဌာန်သံယောဇဉ်လည်းပျောက်၏။ အနုသယလည်းပျက်စီး ၏။ ပစ္စယပရိဂ္ဂဟဉာဏ် အထူးကိုလည်း ရပေ၏။

အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းနှင့်အကျိုး မျှသာရှိ၏။ အကြောင်း၌လည်း အကျိုးမရှိ၊ အကျိုး၌လည်း အကြောင်းမရှိ ပေ။ အကြောင်းကြောင့်သာ အကျိုးဖြစ်၏။ အကြောင်းကြောင့်သာ ဖြစ်ပြီး

ဖြစ်ဆဲ-ဖြစ်လတ္တံ့သော ရှိပေ၏။ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမ မရှိပေ။ ဤသို့ အကြောင်းကို သိမ်းဆည်းခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် မည်၏။

(၃၃) နာမရူပ-ပရိစ္ဆေဒနှင့်-ပစ္စယပရိဂ္ဂဟကို-သခေပ ပြဆိုခြင်းပြီး၏။

## (၃၄) သမ္မသနဉာဏ်ကို ကာလသုံးပါး၌ ရှုပုံကိုပြဆိုခြင်း

ယံကိဉ္စိ ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ
ဗဟိဒ္ဓံဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ
ပဏီတံဝါ ယံဒူရေ သန္တိကေဝါ သဗ္ဗံ ရူပံ အနိစ္စတော
ဝဝတ္ထပေတိ ဧကံ သမ္မသနံ ဒုက္ခတော ဝဝတ္ထပေတိ
ဧကံ သမ္မသနံ အနတ္တတော ဝဝတ္ထပေတိ ဧကံ သမ္မသနံ။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ယံရူပံ၊ အကြင်ရုပ်သည်။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်းဖြစ်၏။ ဗဟိဒ္ဓံဝါ၊ အပသန္တာန်၌လည်းဖြစ်၏။ ဩဠာရိကံဝါ၊ ရုံ့ရင်း ကြမ်းတမ်းစွာ လည်းဖြစ်၏။ သုခုမံဝါ၊ နူးညံ့သိမ်မွေ့စွာလည်း ဖြစ်၏။ ဟီနံဝါ၊ ယုတ်ညံ့စွာ လည်းဖြစ်၏။ ပဏီတံဝါ၊ မွန်မြတ်စွာလည်းဖြစ်၏။ ဒူရေဝါ၊ အဝေး၌လည်း ဖြစ်၏။ သန္တိကေဝါ၊ အနီး၌လည်း ဖြစ်၏။ တံသဗ္ဗံ ရူပံ၊ ထိုအလုံးစုံသော ရုပ်ကို။ အနိစ္စတော၊ မမြဲဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သမ္မသန ဉာဏ်သည်။ ဧကံ၊ တစ်ခု။ ဒုက္ခတော၊ ဆင်းရဲ၏ဟု။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သမ္မသနဉာဏ်သည်။ ဧကံ၊ တစ်ခု။ အနတ္တတော၊ အစိုးမရဟု။ ဝဝတ္ထ-ပေတိ၊ ပိုင်းခြား၏။ သမ္မသနံ၊ သမ္မသနဉာဏ်သည်။ ဧကံ၊ တစ်ခု။ ။ဝေဒနာ သညာ-သင်္ခါရ-ဝိညာဏ် အကြွင်းလေးပါးတို့ကို နည်းတူသိလေ။ ဤကား ခန္ဓာငါးပါး ရှုပုံတည်း-၁။

ငါးခန္ဓာငါးပါး၊ ဒွါရခြောက်ပါး၊အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး ဖဿ ခြောက်ပါး၊ ဝေဒနာ ခြောက်ပါး၊ သညာ ခြောက်ပါး၊ စေတနာ ခြောက်ပါး၊ တဏှာ ခြောက်ပါး၊ ဝိတက် ခြောက်ပါး၊ ဝိစာရ ခြောက်ပါး၊ ဓာတ်ခြောက်ပါး၊ ကသိုဏ်းဆယ်ပါး၊ ဒွတ္တိံသ-သုံးဆယ့်နှစ်ပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ ဣန္ဒြေနှစ်ဆယ့်နှစ်ပါး၊ ဓာတ်သုံးပါး၊

ဘာဝသုံးပါး၊ တစ်နည်း-ဘာဝသုံးပါး၊ တစ်နည်းဘာဝသုံးပါး၊ ဈာန်လေးပါး၊ အပ္ပမညာလေးပါး၊ သမာပတ်လေးပါး၊ ပဋိစ္စသမုပ္ပါဒ်-၁၂-ပါး၊ ၎င်း ၂၅ ပါးသော ကောဋ္ဌာသတို့ကို၊ သမ္မသနဉာဏ်ဖြင့် ရင့်သန်အောင်-အဖန်တလဲလဲ စွဲမြဲ၍ အတိတ်-အနာဂတ်-ပစ္စုပ္ပန်တို့၌၊ ပဌမပြဆိုခဲ့သော ပါဠိတော်အတိုင်း သုံးသပ်ရပေ၏။ ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိတော် သမ္မသနနိဒ္ဒေသ၌ အကျယ် ဝိတ္ထာရဖွင့်၍ ဟောတော်မူသည့် အစဉ်တည်း။

သမ္မသန ဉာဏ်အရ ကျမ်းက များသည်သာ။ (သံခိပ်)

ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး သည် ယောဂီတို့အား လွန်သနား၍ သမ္မသနဉာဏ်-တစ်ဉာဏ်တည်းကို ဝါတွင်း သုံးလပတ်လုံး နေ့စဉ်ဟောတော်မူသတည်း။

ပြဆိုခဲ့သော ၂၅-ပါးသော ကောဋ္ဌာသတို့တွင် ခန္ဓာငါးပါး ကောဋ္ဌာသ တို့ကိုသုံးသပ်လိုသည်ဖြစ်အံ့။အတီတံရူပံ အနိစ္စံ-ဒုက္ခံ-အနတ္တာဟူ၍လည်းကောင်း အနာဂတံရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာဟူ၍လည်းကောင်း။ ပစ္စုပ္ပန္နံရူပံ အနိစ္စံ ဒုက္ခံ အနတ္တာဟူ၍လည်းကောင်း။ အဇ္ဈတ္တံရူပံ-အနိစ္စံ-ဒုက္ခံ အနတ္တာဟူ၍လည်းကောင်း၊ ဗဟိဒ္ဓံရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာဟူ၍ လည်းကောင်း၊ ဩဠာရိကံရူပံ အနိစ္စံ-ဒုက္ခံ အနတ္တာဟူ၍လည်းကောင်း၊ သုခုမံရူပံအနိစ္စံ-ဒုက္ခံ-အနတ္တာ ဟူ၍လည်းကောင်း၊ ဟီနံရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာဟူ၍လည်းကောင်း။ပဏီတံရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာ ဟူ၍လည်းကောင်း၊ ဒူရေရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာဟူ၍လည်းကောင်း။ သန္တိကေ ရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာ ဟူ၍လည်းကောင်း။ ဤသို့ သုံးသပ်အပ်၏ ရူပံဟူသော နည်းကိုအစဉ်မှီး၍ ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့၌သိမြင်ကြစေ။

အတီတံ၊ အတိတ်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ ဖြစ်ပြီး၍ မရှိခြင်း သဘောကြောင့် အမြဲမရှိ။ ဒုက္ခံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက် သောကြောင့် ဆင်းရဲ၏။ အနတ္တာ၊ အလိုသို့ မလိုက်ခြင်းကြောင့် အစိုးမရ၊ အကြွင်းနည်းတူ သိမြင်ကြစေကုန်လော့။ ။ဤကား လက္ခဏာ ပိုင်းခြားပုံ စကားရပ်တည်း။

အတီတံရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန။ ။ အနာဂတံရူပံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ၊ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ပစ္စုပ္ပန္နံ ရူပံ အနိစ္စံခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနအစရှိသည် တို့ဖြင့် သုံးသပ်အပ်၏။

အတီတံ၊ အတိတ်ဖြစ်သော ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ဖြစ်ပြီး၍ကုန်ခြင်းသို့ ရောက်သောသဘောကြောင့်။ အနိစ္စံ၊ အမြဲမရှိ။ ဘယဋ္ဌေန၊ ဖြစ်ခြင်းပျက်ခြင်းတို့ ဖြင့် နှိပ်စက်ခြင်း ဟူသော ဘေးကို ပြုတတ်သော သဘောကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဖြစ်ခြင်း-ရင့်ခြင်း ပျက်ခြင်း-သဘောကို ကြောက်အပ် သောကြောင့် ဘေးဟုဆိုသည်။

ဉပ္ပါဒေါ ဘယန္တိ။ ဉပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဘယန္တိ၊ ဘေးဟူ၍စသည်ဖြင့်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသည်ကို ထောက်၍ သိအပ်၏။

အသာရကဋ္ဌေန၊ အနှစ်မရှိဟူသော သဘောကြောင့်။ အနတ္တာ၊ အလိုသို့ မလိုက် အစိုးမရ။ ဟောတုဝါရပြီး၏။

ထို့နောက်။ ။အတီတံ ရူပံ အနိစ္စံ။ သင်္ခတံ-ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ-ဝယဓမ္မံ ဝိရာဂဓမ္မံ-နိရောဓဓမ္မံ။ ။အနာဂတံရူပံ၊ အနိစ္စံ-သင်္ခတံ-ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ-ဝယ ဓမ္မံ-ဝိရာဂဓမ္မံ-နိရောဓဓမ္မံ။ ။ပစ္စုပ္ပန္နံရူပံ-အနိစ္စံ-သင်္ခတံ ပဋိစ္စသမုပ္ပန္နံ-ခယဓမ္မံ-ဝယ ဓမ္မံ-ဝိရာဂဓမ္မံ-နိရောဓဓမ္မံ။

အတီတံ၊ အတိတ်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ သင်္ခတံ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ပဋိစ္စ၊ အကြောင်းတရားတို့ကိုစွဲ၍။ သမုပ္ပန္နံ၊ အညီအညွတ်ဖြစ်ကြ၏။ ခယဓမ္မံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ၊ လွန်ခြင်းသဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်း သဘောရှိ၏။

ဝိရာဂသဒ္ဒါသည် သမတိက္ကမ၊ လွန်ခြင်းအနက်ကို ဟောသည်ဟု ပဋိသမ္ဘိဒါ မဂ် အဋ္ဌကထာ၌ ပြဆိုသည်။ ဟောတုပတိဋ္ဌာနဝါရပြီး၏။ အကြွင်းနည်းတူ သိမြင်လေ။

ထို့နောင်။ ။ပြဆိုခဲ့သော သမ္မသနကို မြဲမြဲစွဲစွဲဖြစ်စိမ့်သောငှာ ခန္ဓာ ငါးပါးကို ၄၀-သော အခြင်းအရာတို့ဖြင့် သုံးသပ်ဆင်ခြင်ရာ၏။ သုံးသပ် ပုံမှာ။ ။ပဉ္စက္ခန္ဓေ အနိစ္စတော၊ ဒုက္ခတော စသည်ဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှင့်အညီ သုံးသပ်အပ်၏။ ထို ၄၀-သော ဘာဝနာကို ဆရာတော်ဘုရားကြီး ရေးသားစီရင်သော အာရမ္မဏဝိဓိဝိသဇ္ဇနာကျမ်းကြီး၌ ယူပါလေ။ ကျယ်မည် စိုး၍ မရေးမထည့်လိုက်ပြီ။

(၃၄) သမ္မသနဉာဏ်ကို ကာလသုံးပါး၌ ရုပ်ကို
ပြဆိုခြင်း ပြီး၏။

## (၃၅) သမ္မသနဉာဏ်ရင့်သန်က၊ ဒိဋ္ဌိဝိစိကိစ္ဆာကင်းပုံ၊ ပုဗ္ဗာဘာဂမဂ်-ပါပုံကို နေအရုဏ်ပမာထား၍ ဘုရားရှင်ဟောကြားတော်မူသည်ကို ပြဆိုခြင်း

နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟာ၊ ၎င်းနှစ်ပါးတို့ ရင့်သန်သောအခါ အတိတ်အနာဂတ်ကို လွတ်၍၊ ပစ္စုပ္ပန်ဆဲဆဲ၌ ခြောက်ဒွါရ ခြောက်အာရုံ တို့သည်ကျရောက်တိုင်း-ကျရောက်တိုင်း ရှုမှတ်၍နေသောအခါ အတိတ်ကိုအောက်မေ့သော စိတ်လည်း၊ ပစ္စုပ္ပန်ကစိတ်။ အနာဂတ်ကို အောက်မေ့သော စိတ်လည်းပစ္စုပ္ပန်ကစိတ်၊ ပစ္စုပ္ပန်ကို အောက်မေ့သောစိတ်လည်း ပစ္စုပ္ပန်က စိတ်ပင်ဖြစ်လေတော့သည်။ ပစ္စုပ္ပန်၌ ဖြစ်ပေါ်၍နေသော မိမိစိတ်ကို သိမှသာလျှင် ဘာဝနာမယဉာဏ်ဖြစ်၍ ကိလေသာကင်းနိုင်မည်။

ပစ္စုပ္ပန်သည်လည်း ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ အဒ္ဓပစ္စုပ္ပန် သုံးပါးပြဆိုရာတွင်၊ ခဏပစ္စုပ္ပန်ကား၊ ဥပဒ်-ဌီ-ဘင်-ကို ဆိုသည်။ သန္တတိပစ္စုပ္ပန်ကား၊ သတ္တဋ္ဌဇဝနဝါရေ-ဟု အဋ္ဌကထာ၌ လာသောကြောင့် ဇော ၇-နှစ်ကြိမ်၊ ၇-ကြိမ်ကို၊ ရှစ်ကြိမ် ရှစ်ခါကာလ အတိုင်းအရှည် ပမာနကို သန္တတိပစ္စုပ္ပန်ဆိုသည်။

အပူကလာသောသူသည် အရိပ်သို့ ဝင်သောအခါ၊ အပူအခိုးမငြိမ်းခင်ကာလ၊ အအေးကထွက်သွားသောသူသည် အပူသို့ရောက်သောအခါ၊ အအေးအခိုးမငြိမ်းခင်ကာလ၊ ဤမျှလောက်ကာလကို သန္တတိပစ္စုပ္ပန် ဆိုသည်။

အဒ္ဓပစ္စုပ္ပန်ကား ယခုလူအများတို့ မှတ်၍ထားသော ပဋိသန္ဓေကစ၍ စုတိစိတ်ကျသည် တိုင်အောင် ဤအတွင်း ဤအကြားကို အဒ္ဓပစ္စုပ္ပန်ဟုဆိုသည်။ ၎င်းပစ္စုပ္ပန် သုံးပါးတို့တွင်၊ ဥပါဒ်-ဌီ-ဘင် ခေါ်သော ခဏ ပစ္စုပ္ပန် တစ်ခုသာဝိပဿနာအရာဖြစ်သည် ဤကား အဋ္ဌကထာကြီးတို့၌ လာသောစကားတည်း။

၎င်းသမ္မသနဉာဏ်ကို ရရှိအောင်မြင်သောယောဂီပုဂ္ဂိုလ်သည်။ ပစ္စုပ္ပန်အခိုက်အတန့်၌ ရှုမှတ်တိုင်း-ရှုမှတ်တိုင်း နာမ်ရုပ်ဓမ္မ သဘာဝတို့ကို ယထာဘူတဉာဏ်ဖြင့်အမြင်သန်၍ ပရိညာသုံးပါးတို့တွင် ဉာတ ပရိညာကို ရရှိလေ၏။ ထို့ကြောင့်-

ဓမ္မာနံ ပစ္စတ္တလက္ခဏ-သံလက္ခဏဝသေန
ပဝတ္တာပညာ ဉာတပရိညာနာမ၊ သင်္ခါရ
ပရိစ္ဆေဒတော ပဋ္ဌာယ ယာဝ ပစ္စယ
ပရိဂ္ဂဟာ ဉာတပရိညာယဘူမိ၊ တေသ္မိံဥ
အန္တရေ ဓမ္မာနံ-ပစ္စတ္တလက္ခဏပဋိဝေဓဝသေဝ
အဓိပစ္စယံ ဟောတိ။

ဓမ္မာနံ၊ ရုပ်နာမ်တရားနှစ်ပါးတို့၏။ ပစ္စတ္တလက္ခဏ-သံလက္ခဏဝသေန၊ အသီး အသီး လက္ခဏာကို ကောင်းစွာမှတ်သည်၏အစွမ်းဖြင့်၊ ပဝတ္တာပညာ၊ ဖြစ်သော ပညာသည်။ ဉာတပရိညာနာမ၊ ဉာတပရိညာမည်၏။ သန္နိရုပရိစ္ဆေဒတော၊ နာမ်ရုပ်တရားနှစ်ပါးကို ပိုင်းခြားသည်မှ။ ပဋ္ဌာယ၊ အစပြု၍။ ယာဝ၊ အကြင် မျှလောက်။ ပစ္စယပရိဂ္ဂဟာ၊ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းသည် တိုင်အောင်။ ဉာတပရိညာယ၊ ဉာတပရိညာ၏။ ဘူမိ၊ ဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်ပါ၏။ တေသံ အန္တရေ၊ ဤအတွင်း ဤအကြား၌။ ဓမ္မာနံ၊ နာမ်ရုပ်တို့၏။ ပစ္စတ္တလက္ခဏပဋိဝေဓဲဿေဝ၊ အသီးအသီး မိမိလက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းကိုသာလျှင်။ အဓိပစ္စယံ၊ အစိုးရသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား**။ ။ကွေးလိုသောစိတ်၊ ကွေးသောရုပ်၊ အသီး အသီး လက္ခဏာကို ကောင်းစွာမှတ်သည်၏ အစွမ်းဖြင့် ဖြစ်သောပညာသည်။ ဉာတ ပရိညာခေါ်၏။ နာမ်ရုပ်တရားနှစ်ပါးကို ပိုင်းခြားသည်မှစ၍ အကြင်မျှလောက် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းသည်တိုင်အောင် ဉာတပရိညာ၏ ဖြစ်ရာဘုံမည်၏။

ထိုစကားသည်မှန်၏။ ကွေးလိုသောစိတ်၊ ကွေးသောရုပ်၊ ဤနာမ်ရုပ်တို့ကို ပိုင်းခြားခြင်း သိမ်းဆည်းခြင်းအတွင်း၌ အသီးအသီးနာမ်ရုပ်၏ လက္ခဏာကို ထိုးထွင်း၍ သိမြင်ခြင်းကိုသာလျှင် အစိုးရသည်ဟု ခေါ်ဆိုရပေ၏။

သန္နိရုပရိစ္ဆေဒတောအရမှာ ကွေးလိုသောစိတ်၊ ကွေးသောရုပ် စသော နာမ်ရုပ်တရားနှစ်ပါးကို ပိုင်းခြား၍ သိမြင်ခြင်းကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်ကိုယူ။ ပစ္စယပရိဂ္ဂဟာအရမှာ၊ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်း၍ သိမြင်ခြင်း ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိနှစ်ပါးကိုယူ။

ပစ္စတ္တလက္ခဏပဋိဝေဓဿေဝ အရမှာ။ ကွေးလိုသောစိတ်၊ ကွေးသောရုပ် စသည်တို့ကို ရှုမှတ်ပွားများသဖြင့် အလိုလိုထိုးထွင်း၍ သိမြင်ခြင်းကိုယူလေ။ ဤကား ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဆရာတော် ဘုရားကြီး၏ အဆုံးအမဩဝါဒတည်း။

တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သဗ္ဗသော၊
ဗစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတဏတ္ထိကော။ (ဝိသုဒ္ဓိမဂ်)

တသ္မာ၊ ထို့ကြောင့်။ ကင်္ခါဝိတရဏတ္ထိကော၊ ယုံးမှားခြင်းကို လွန်မြောက်လိုသော။ ဘိက္ခု၊ ရဟန်းသည်။ သဒါ၊ အခါခပ်သိမ်း။ သတော၊ မမေ့မလျော့သတိနှင့် ပြည့်စုံသည်ဖြစ်၍။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်တရား နှစ်ပါး၏။ ပစ္စယေ၊ အကြောင်းတရားတို့ကို။ ပရိဂ္ဂဏှေယျ၊ ရှုမှတ်ပွားများအားထား၍ သိမ်းဆည်းရာ၏။ အဓိပ္ပာယ်ကား လွယ်၏။

သမ္မသနံ ဉာဏ်အမှန် ရုပ်နာမ်မြင်မှသာ။
ဝိစိကိစ္ဆာ ဒိဋ္ဌိကင်္ခာ ဤမှာအစပါ။
ဉာတအရာ ပရိညာ မှတ်ပါဤဉာဏ်မှာ။
သုံးဆယ့်တစ်ဘုံ အကုန်ခြုံ နှစ်စုံနာမ်ရုပ်မှာ။ (သံခိပ်)

နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဤသုံးပါးသောဉာဏ်တို့ကို ပရိညာ သုံးပါးတို့တွင် ဉာတပရိညာဟူ၍ မှတ်ယူကြပေကုန်လော။

ဓမ္မာနံ သာမညလက္ခဏံ အာရောပေတွာ ပဝတ္တာ
လက္ခဏာရမ္မဏိက ဝိပဿနာပညာ တီရန
ပရိညာနာမ ကလာပ သမ္မသနတော ပဋ္ဌာယ
ယာဝ ဥဒယဗ္ဗယာနုပဿနာ တီရနပရိညာယ
ဘူမိ ဧတသ္မိံ့ အန္တရေ သာမညလက္ခဏ
ပဋိဝေဓဝသေန အဓိပစ္စယံ ဟောတိ။

ဓမ္မာနံ၊ နာမ်ရုပ်တရားနှစ်ပါးတို့၏။ သာမညလက္ခဏံ၊ သာမညလက္ခဏာသို့။ ဝါ၊ အနိစ္စ-ဒုက္ခ-အနတ္တသို့။ အာရောပေတွာ၊ တင်၍။ ဝါ၊ ရှုမှတ်၍။ ပဝတ္တာ လက္ခဏာရမ္မဏိက ဝိပဿနာပညာ၊ ဖြစ်သောလက္ခဏာရေးသုံးပါးလျှင် အာရုံရှိသောဉာဏ်သည်။ တီရနပရိညာနာမ၊ တီရနပရိညာမည်၏။ ကလာပသမ္မသနတော၊ ရုပ်ကလာပ်-နာမ်ကလာပ်ကို သိမ်းဆည်းသည်မှ။ ပဋ္ဌာယ၊အစပြု၍။ ယာဝဥဒယဗ္ဗယာနုပဿနာ၊ အကြင်မျှလောက် အဖြစ်အပျက်ကို ရှုမှတ်သည် တိုင်အောင်။ တီရနပရိညာယ၊ တီရနပရိညာ၏။ ဘူမိ၊ ဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်ပါ၏။ ဧတသ္မိံ အန္တရေ၊ ဤအတွင်း ဤအကြား၌။ သာမည

လက္ခဏပဋိဝေဓေနာ၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာကို ထိုးထွင်း၍သိမြင်ခြင်းကိုသာလျှင်။ အာဓိပစ္စယံ၊ အစိုးရသည်။ ဝါ၊သိမြင်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ဓမ္မာနံဆိုသည်ကား ကွေးလိုသောစိတ်၊ ကွေးသောရုပ် စသောအားဖြင့် ဤနာမ်ရုပ်တရားနှစ်ပါးကို ဆိုလိုသည်။ သာမညဆိုသည်ကား။ လောက၌ ဆိုကြသော သာမညစကားမျိုး မဟုတ်ပေ။ အနိစ္စမမြဲခြင်း၊ ဒုက္ခ ဆင်းရဲခြင်း၊ အနတ္တအစိုးမရခြင်း လက္ခဏာရေးသုံးပါးကို သာမညဆိုသည်။

အာရောပေတွာ တင်၍ဆိုသည်မှာ ကွေးသည်ကို ရှုမှတ်သောအခါ။ ကွေးလိုးသောစိတ်၊ ကွေးလိုသော ရုပ်စသောအားဖြင့် ဤနာမ်ရုပ်တရား နှစ်ပါးကို မှတ်တိုင်း မှတ်တိုင်း ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ထင်မြင်သည်ကို ဆိုလိုသည်။ လက္ခဏာရေး သုံးပါးလျှင် အာရုံရှိသော အသိဉာဏ်ပညာကို တီရနပရိညာ ဆိုသည်။

ကလာပသမ္မသနတော၊ ရုပ်ကလာပ် နာမ်ကလာပ်ကို သုံးသပ်သည် ဆိုသည်ကား။ ကွေးလိုသောစိတ်၊ ကွေးသောရုပ်စသော ဤနာမ်ရုပ် တရားနှစ်ပါးကို ရှုမှတ်၍ သိမြင်သည်ကိုဆိုလိုသည်။ ၎င်းနာမ်ရုပ်ကို သုံးသပ်သည်ကစ၍ အဖြစ် အပျက်မြင်သည်တိုင်အောင်။ ဉဒယဗ္ဗယဉာဏ်ကို တီရနပရိညာဆိုသည်။ ပြခဲ့သော ကလာပသမ္မသနတောကို သမ္မသနဉာဏ်ကိုယူ။

ဉဒယဗ္ဗယာနုပဿနာ ဆိုသည်ကား။ ဉဒယဗ္ဗယဉာဏ်ကို ဆိုလိုသည်။ ထိုစကားသည် မှန်ပါ၏။ သမ္မသနဉာဏ်၊ ဉဒယဗ္ဗယဉာဏ်၊ ၎င်းနှစ်ပါးတို့၏ အတွင်းအကြား၌ အနိစ္စ ဒုက္ခ အနတ္တ ဤလက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍ သိမြင်ခြင်းကိုသာလျှင် အစိုးရသည်ဟု ဆိုလိုသည်။

> ဓမ္မေသု နိစ္စသညာဒိ ပဇဟန ဝသေန ပဝတ္တာ
> လက္ခဏာ ရမ္မဏိက ဝိပဿနာပညာ
> ပဟာန ပရိညာနာမ၊ ဘင်္ဂါနုပဿနံ အာဒိံ ကတွာ
> ဉပရိ ပဟာန ပရိညာယဘူမိ တတောပဋ္ဌာယ
> ။လ။နိစ္စသညာဒိ ပဇဟနသာဓိကာနံ
> သတ္တန္နံ အနုပဿနာနံ အာဓိပစ္စယံ။

ရတနာဂုဏ်ရည် (၃၅)

ဓမ္မေသု၊ နာမ်ရုပ်တရားနှစ်ပါးတို့၌။ နိစ္စသညာဒိပဇဟနဝသေန။ မြဲ၏ဟု မှတ်သော သညာကို ပယ်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ။ ဖြစ်သော။ လက္ခဏာရမ္မဏိကဝိပဿနာပညာ၊ လက္ခဏာရေးသုံးပါးလျှင် အာရုံရှိသော အသိဉာဏ်သည်။ ပဟာနပရိညာနာမ၊ ပဟာနပရိညာမည်၏။ ဘင်္ဂါနုပဿနံ၊ ဘင်္ဂဉာဏ်ကို။ ဝါ၊ ပျက်သောသဘော၌ ရှုမြင်ခြင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ ဥပရိ၊ အထက်ဖြစ်သော အနုလောမဉာဏ်တိုင်အောင်။ ပဟာနပရိညာယ၊ ပဟာနပရိညာ၏။ ဘူမိ၊ ဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုဘင်္ဂဉာဏ်မှ။ ပဋ္ဌာယ၊ စ၍။ နိစ္စသညာဒိပဇဟနသာဓိကာနံ၊ မြဲ၏ဟု မှတ်ထင်ခြင်း စသည်တို့၏ပယ်ခွာခြင်းကို ပြီးစေတတ်ကုန်သော။ သတ္တန္နံအနုပဿနာနံ၊ ၇-ပါးကုန်သောအနုပဿနာတို့ကို။ အာဓိပစ္စယံ၊ အစိုးရသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ကွေးလိုသောစိတ်၊ ကွေးသောရုပ်စသော။ ဤနာမ်ရုပ်တရားနှစ်ပါးတို့၌ မြဲသည် ချမ်းသာသည်။ အစိုးရသည်ဖြင့် မှတ်ထင်စွဲလမ်းသော အမှတ်သညာကို။ ပယ်ခွာသဖြင့် မှတ်ရှု၍ ဖြစ်သော။ လက္ခဏာရေးသုံးပါးလျှင် အာရုံရှိသော အသိအမြင်ဉာဏ်ကို ပဟာနပရိညာဆိုသည် ဘင်္ဂဉာဏ်ကစ၍ အထက်အနုလောဉာဏ်တိုင်အောင် ပဟာနပရိညာဆိုသည်။

ထိုဘင်္ဂဉာဏ်မှစ၍ မြဲသည် ချမ်းသာသည် အစိုးရသည်ဟူသော အမှတ်သညာတို့၌ ပယ်ခွာခြင်းကို ပြီးစေတတ်ကုန်သော။ အနိစ္စာ နုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိသဂ္ဂါနုပဿနာ၊ ဤအနုပဿနာ ၇-နှစ်ပါးကို ပဟာနပရိညာက အစိုးရသည်ဟု ဆိုသည်။ ၎င်းပြဆိုခဲ့သော ပရိညာ သုံးပါးတို့ကို ဉာဏ်စဉ်၌ သခေ်ပ အကျဉ်းအားဖြင့် ဤကားရုပ်၊ ဤကားနာမ်ဟု ယထာဘူတအတိုင်း၊ ပိုင်းခြား၍ သိမြင်ခြင်းသည်။ ပရိညာအားဖြင့် ဉာတပရိညာဟုမှတ် ဉာဏ်အားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်ဟုမှတ်။

မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ လက္ခဏာရေးသုံးပါးကို ပိုင်းခြား၍ သိမြင်ခြင်းသည်။ ပရိညာအားဖြင့် တီရဏပရိညာဟုမှတ်၊ ဉာဏ်အားဖြင့် ဥဒယဗ္ဗယဉာဏ်ဟုမှတ်။

နိစ္စမြဲသည်၊ သုခချမ်းသာသည်၊ အတ္တအစိုးရသည်ဟု မှတ်ထင်စွဲလမ်းသော အယူကို ပယ်ခွါခြင်းစသည်ဖြင့် ဘင်္ဂဉာဏ်ကစ၍ အထက်အနုလောမဉာဏ်တိုင်အောင် ပရိညာအားဖြင့် ပဟာနပရိညာဟုမှတ်၊ ဉာဏ်အားဖြင့် ဘင်္ဂဉာဏ်

ကစ၍ အထက် အနုလောမဉာဏ်တိုင်အောင် ဤဉာဏ်ရှစ်ပါးကို မှတ်ပါလေ။ ဤပရိညာသုံးပါးနှင့် ဉာဏ်စဉ်ပိုင်းခြားပုံမှာ အားထုတ်၍ ရှုမှတ်သော ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ ထင်မြင်ရရှိသည်ကို ပြဆိုခဲ့သော အရာဖြစ်ပေသည်။ တွေးတောကြံစည်စဉ်းစား၍ သိမြင်သောအရာ မဟုတ်ပေ။ ဤကား ပရိညာသုံးပါးနှင့် ဉာဏ်စဉ်ပိုင်းခြားပုံတည်း။

ပြဆိုခဲ့သော သမ္မသနဉာဏ်သည် သမ္မာဒိဋ္ဌိဉာဏ် အမြင်သန့်ခြင်းကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ခွာသည်ကစ၍ မဂ်မျိုးစေ့ကို ရရှိသော ယောဂီပုဂ္ဂိုလ်ကို ငါဘုရား၏ ကြွသွားရာလမ်းခရီးကို ရောက်သော ရသောသူဟူ၍ ဟောတော်မူသည်။

> ဣတိ ဣဒဉ္စနာမံ ဣဒဉ္စရူပံ ဣဒံနာမရူပန္တိ ဝုစ္စတီတိ ဘဂဝတော အဓိပ္ပါယေန ဒိဋ္ဌေ သတိ ပဿာမီတိ သလ္လက္ခဏံ ကရောန္တော သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိနာမ၊ ဣမသ္မိံ နာမရူပေ-ကေ ကာလေ ကေကွဏေ ဉပ္ပဇ္ဇနာရဟအတ္တဒိဋ္ဌိယာပဟာနေကဋ္ဌတ္တာ။
> ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး ရေးသားစီရင်သော။ (ပေဋကောပဒေသ အဋ္ဌကထာပါဠိ)

ဣတိ၊ ဤသို့။ ဣဒဉ္စနာမံ၊ ဤကားနာမ်။ ဣဒဉ္စရူပံ၊ ဤကားရုပ်။ ဣဒံ၊ ဤနာမ်ရုပ်ကို။ နာမရူပန္တိ၊ နာမ်ရုပ်တရား နှစ်ပါးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဓိပ္ပါယေန၊ အလိုတော်အားဖြင့်။ ဒိဋ္ဌေ၊မြင်သည်။ သတိ၊ရှိသော်။ ပဿာမီတိ၊ မြင်၏ဟူ၍။ သလ္လက္ခဏံ၊ အမှတ်ကို။ ကရောန္တော၊ ပြုသည်ရှိသော်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပေတိနာမ၊ ပိုင်းခြားသည်မည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဣမသ္မိံ နာမရူပေ၊ ဤပိုင်းခြားသော နာမ်ရုပ်၌။ ကေကာလေ ကေကွဏေ၊ တစ်ပြိုင်နက်သောကာလ တစ်ပြိုင်နက်သောခဏ၌။ ဉပ္ပဇ္ဇနာရဟအတ္တဒိဋ္ဌိယာ၊ ဖြစ်ခြင်းငှာထိုက်သော အတ္တဒိဋ္ဌိ၏။ ပဟာနေကဋ္ဌတ္တာ၊ ပဟာနေကဋ္ဌ၏ အဖြစ်ကြောင့်တည်း။ ဤကား ဆရာတော်ဘုရားကြီး၏ အနက်ပေးပုံတည်း။

**အဓိပ္ပာယ်ကား။** ။ဤကားနာမ်၊ ဤကားရုပ်၊ ဤနာမ်ရုပ်ကို နာမ်ရုပ်တရားနှစ်ပါးဟူ၍ ဆိုအပ်၏။ ဤသို့ မြတ်စွာဘုရားအလိုတော်အားဖြင့် မြင်သည်ရှိသော် မြင်၏ဟူ၍ အမှတ်ကို ပြုသည်ရှိသော် အကျဉ်းအားဖြင့်၊ နာမ်ရုပ်ကို

ပိုင်းခြားသည်မည်၏ အဘယ့်ကြောင့်ဆိုသော် မြင်မြင်သည်ဟု အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ ဤပိုင်းခြားသော နာမ်ရုပ်၌ တစ်ပြိုင်နက်သောကာလ၊ တစ်ပြိုင်နက်သောခဏ၌ ဖြစ်ခြင်းငှာထိုက်သော အတ္တဒိဋ္ဌိ၏မဖြစ်ရအောင် ဝိဇ္ဇာဉာဏ်က ပယ်ခွာလေသောကြောင့်တည်း။

အဆင်းရုပ်ခေါ်သော ဥပါဒါရုပ်၌။ စတ္တာရိမဟာဘူတာနိ-စတုန္နဉ္စမဟာဘူတာနံ ဥပါဒါယရူပံ။ စတ္တာရိမဟာဘူတာနိ၊ လေးပါးသော မဟာဘုတ်။ စတုန္နဉ္စမဟာဘူတာနံဥပါဒါယရူပံ၊ လေးပါးသောမဟာဘုတ်တို့၏ ဥပါဒါရုပ်။

**အဓိပ္ပာယ်ကား။** ။ပထဝီ-အာပေါ-တေဇော-ဝါယောဟူသောမဟာဘုတ်၊ ဤလေးပါးသော မဟာဘုတ်တို့၏ ဥပါဒါရုပ်ဟုဆိုရာ၌ ၎င်းမဟာဘုတ်လေးပါးက ကြွင်းသမျှ ၂၄-ပါးသော ရုပ်တို့ကို ဥပါဒါရုပ်ခေါ်သည်။ ၎င်းဥပါဒါရုပ်တို့သည် မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သောကြောင့် မဟာဘုတ်တို့၏ ဥပါဒါရုပ်ဟုဆိုသည်။ အဆင်းရုပ်စသော ဥပါဒါရုပ်ကို ရှုမှတ်တိုင်း မဟာဘုတ်ခေါ်သော ဓာတ်ကြီးလေးပါးတို့သည် အမြဲပါကြောင်းကို လေးမြတ်စွာ ယုံကြည်သင့်လှပေ ကုန်သည်။ဤကားဆရာတော်ဘုရားကြီး၏ အဆုံးအမသြဝါဒတည်း။

ဘူတံ ဘူတတော ပဿတိ၊ မူလပဏ္ဏာသပါဠိတော်။ ဘူတံ၊ ခန္ဓာငါးပါးကို။ ဘူတတော၊ ခန္ဓာငါးပါးဟု။ပဿတိ၊ ရှုမှတ်၏။ ဘူတန္တိခန္ဓပဉ္စကံဟု အဋ္ဌကထာဖွင့်၏။ ဘူတန္တိ၊ ဘူတံဟူသည်ကား။ ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါး အပေါင်းတည်း။ ဘူတံ၊ ကွေးသည်ကို။ ဘူတတော၊ ကွေးသည်ဟု။ ပဿတိ၊ ရှုမှတ်၏။ ကာယနုပဿနာ၊ ကိုယ်အမူအရာတို့၌ အလုံးစုံ ၎င်းပြဆိုသော အနက်သဘောအတိုင်း သင့်လျော်လှပေသည်။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ-
သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ-သမ္မာကမ္မန္တော-သမ္မာအာဇီဝေါ။
သမ္မာဝါယာမော သမ္မာသတိ-သမ္မာသမာဓိ။ (ပါဠိတော်)။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ဤရှေးအရိယာတို့ကြွသွားတော်မူသော လမ်းကြောင်းလမ်းဟောင်း ခရီးပင်လျှင်တည်း။ ဣဒံ၊ဤရှေးအရိယာတို့ ကြွသွားတော်မူသောလမ်းကြောင်း လမ်းဟောင်း ခရီးသည်။ သေယျထာကတမာ၊ အဘယ်လမ်းခရီးပါနည်း။ သမ္မာဒိဋ္ဌိ၊ မှန်သောမြင်ခြင်း လည်းကောင်း၊ သမ္မာသင်္ကပ္ပေါ၊ မှန်သော ကြံခြင်း လည်းကောင်း။ သမ္မာဝါစာ။ မှန်သောစကား လည်းကောင်း။

သမ္မာကမ္မန္တော၊ မှန်သောပြုခြင်းလည်းကောင်း။ သမ္မာအာဇီဝေါ၊ မှန်သော အသက်မွေးခြင်းလည်းကောင်း။ သမ္မာဝါယာမော၊ မှန်သော အားထုတ်ခြင်း လည်းကောင်း။ သမ္မာသတိ၊ မှန်သောအောက်မေ့ခြင်း လည်းကောင်း။ သမ္မာ သမာဓိ၊ မှန်သော တည်ကြည်ခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ အယမေဝ၊ ဤရှေးအရိယာတို့ ကြွသွားတော်မူသော လမ်းကြောင်း လမ်းဟောင်း ခရီး ပင်လျှင်တည်း။ ဤကား ဆရာတော်ဘုရားကြီး၏ အနက်ပေးပုံ။

မိစ္ဆာဒိဋ္ဌိ၊ မှားသောမြင်ခြင်း။ သမ္မာဒိဋ္ဌိ၊ မှန်သောမြင်ခြင်း အမှားရှိက အမှန်ရှိမြဲ မလွဲ ဆန့်ကျင်ဘက်ကို သိမြင်ကြလေ။

ဤမဂ္ဂင်ရှစ်ပါးကို တစ်ခုစီခွဲဝေ၍ မရှုမပွားရာ။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ ဤသုံးပါးသည် သီလမဂ္ဂင်မည်၏၊ သမ္မာဝါယာမ၊ သမ္မာ သတိ၊ သမ္မာသမာဓိ ဤသုံးပါးသည် သမာဓိမဂ္ဂင်မည်၏။ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ ဤနှစ်ပါးသည် ပညာမဂ္ဂင်မည်၏။ ဤမဂ္ဂင်ရှစ်ပါးသည် သီလ-သမာဓိ ပညာ ၃-ပါးသို့ ဝင်ရောက်ကြပေကုန်၏။

တီဟိစ ခေါ အာဝုသော ဝိသာခ ခန္ဓေဟိ အရိယော
အဋ္ဌင်္ဂိကောမဂ္ဂေါ သင်္ဂဟိတော၊ ယာစာဝုသော ဝိသာခ
သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ၊ ယောစ သမ္မာဝါယာမော
ယာစသမ္မာသတိ ယောစသမ္မာသမာဓိ ဣမေဓမ္မာ
သမာဓိက္ခန္ဓေ သင်္ဂဟိတာ၊ ယာစသမ္မာဒိဋ္ဌိ
ယောစ သမ္မာသင်္ကပ္ပေါ ဣမေဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။
(စူဠဝေဒလ္လသုတ်ပါဠိတော်)

အာဝုသောဝိသာခ၊ ဒကာဝိသာခါ။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်ကို။ ခေါ၊ စင်စစ်။ တီဟိခန္ဓေဟိ၊ သုံးပါးသောခန္ဓာတို့ဖြင့်။ သင်္ဂဟိတော၊ ပေါင်း၍ ရေတွက်အပ်ပေ၏။ အာဝု- သောဝိသာခ၊ ဒကာဝိသာခါ။ ယာစသမ္မာဝါစာ၊ အကြင်မှန်သောစကား လည်းကောင်း။ ယောစသမ္မာကမ္မန္တော၊ အကြင်မှန်သောပြုခြင်းလည်းကောင်း။ ယောစသမ္မာအာဇီဝေါ၊ အကြင်မှန်သော အသက်မွေးခြင်း လည်းကောင်း။ ဣမေဓမ္မာ၊ ဤမဂ္ဂင်သုံးပါးတို့သည်။ သီလက္ခန္ဓေ၊ သီလဂုဏ်ဘို့။ဝါ၊သီလက္ခန္ဓာဘို့။ သင်္ဂဟိတာ၊ ပေါင်း၍ ရေတွက်အပ် ကုန်၏။ ယောစသမ္မာဝါယာမော၊ အကြင်

မှန်သော အားထုတ်ခြင်း လည်းကောင်း။ ယာစသမ္မာသတိ၊ အကြင်မှန်သော အောက်မေ့ခြင်း လည်းကောင်း။ ယောစသမ္မာသမာဓိ၊ အကြင်မှန်သော တည်ကြည်ခြင်း လည်းကောင်း။ ဣမေဓမ္မာ၊ ဤမဂ္ဂင် သုံးပါးတို့သည်။ သမာဓိက္ခန္ဓေ၊ သမာဓိဂုဏ်၌။ ဝါ၊ သမာဓိခန္ဓာ၌။သင်္ဂဟိတာ၊ ပေါင်း၍ရေတွက် အပ်ကုန်၏။ ယာစသမာဒိဋ္ဌိ၊ အကြင်မှန်သော မြင်ခြင်းလည်းကောင်း။ ယောစ-သမ္မာသင်္ကပ္ပေါ၊ အကြင်မှန်သော အမှုကိုကြံခြင်း လည်းကောင်း။ ဣမေဓမ္မာ၊ ဤမဂ္ဂင်နှစ်ပါးတို့သည်။ပညာက္ခန္ဓေ၊ပညာဂုဏ်၌။ ဝါ၊ပညာက္ခန္ဓာ၌၊ သင်္ဂဟိတာ၊ ပေါင်း၍ ရေတွက်အပ်ကုန်၏။

**အဓိပ္ပာယ်လိုရင်းကား။** ။သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤ-၃ ပါးကား သီလမဂ္ဂင်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဤ၃-ပါးကား သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤ ၂-ပါးကား ပညာမဂ္ဂင်၊ ရင်းမဂ္ဂင် ၃-ပါးတို့သည်။ အပေါင်းအရေအတွက်ကို ပြဆိုသည်။

အဘယ့်ကြောင့်ဆိုသော် အဆင်းရုပ်ကိုမြင်-မြင်သည်ဟု မှတ်သောစိတ် တစ်ချက်၌ စောင့်ရှောက်ခြင်းသီလ၊ တည်ကြည်ခြင်းသမာဓိ ရုပ်နာမ်ကိုမြင်ခြင်း ပညာ ဤ ၃-ပါးတို့သည် မြင်သည်ဟု စသည်ဖြင့် မှတ်သောစိတ် တစ်ချက်၌ တစ်ပြိုင်နက် မရှေးမနှောင်းဖြစ်ကြသည်။

ထို့ကြောင့် ပညာမဂ္ဂင် တစ်ခုကိုသာယူသဖြင့် သီလသမာဓိမဂ္ဂင် နှစ်ပါးတို့သည် ပါဝင်ပြီးစီးပုံကို။ လေးမြတ်စွာ ယုံကြည်မှတ်ယူသင့်လှပေကုန်သည် မဂ္ဂင် ရှစ်ပါးကို။ တစ်ခုစီခွဲ၍ မရှုသင့်ပေ။ သုတ္တံသည် သီလက္ခန္ဓာ၊ဝိနည်းသည် သမာဓိက္ခန္ဓာ၊ အဘိဓမ္မာသည်၊ပညာက္ခန္ဓာ ရင်း ၃-ပါးကို စိတ်တစ်ချက်မှာယူ။

ယေ ဧဝံ ပဋိပဇ္ဇန္တိ နယံ ဗုဒ္ဓေန ဒေသိတံ
တေ ဒုက္ခဿန္တံ ကရိဿန္တိ သတ္ထုသာသနကာရကာ။

ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ယံနယံ၊ အကြင် ဟောတော်မူခဲ့သော ကျင့်စဉ်နည်းကို။ ဒေသိတံ၊ ဟောတော်မူအပ်၏။ တံနယံ၊ ထိုဟောတော်မူခဲ့သော ကျင့်စဉ်နည်းကို။ ယေ၊ အကြင်သူတို့သည်။ ဧဝံ၊ ဤသို့။ ပဋိပဇ္ဇန္တိ၊ကျင့်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ သတ္ထုသာသနကာရကာ၊ ဘုရားရှင် ဆုံးမတော်မူသောအတိုင်း ကျင့်ကြလေသောကြောင့်။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း၏။ အန္တံ၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿန္တိ၊ မျက်မှောက်ပြုကြကုန်လတ္တံ့။

ကတမော ဧကပုဂ္ဂလော သမ္မာဒိဋ္ဌိကော ဟောတိ။

အဝိပရီတဒဿနော သော မဟာဇနံ အသဒ္ဓမ္မာ ဝုဋ္ဌာပေတွာ

သဒ္ဓမ္မေ ပတိဋ္ဌာပေတိ၊ အယံ ခေါ ဘိက္ခဝေ။

ဧကပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ။

ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနောဇနဿ အတ္ထာယ

ဟိတာယ သုခါယ ဒေဝ မနုဿာနန္တိ။ (အင်္ဂုတ္တရဧကနိပါတ်ပါဠိတော်)

ဧကပုဂ္ဂလော။ တစ်ယောက်သောသူဟူသည်။ ကတမော၊ အဘယ်ပုဂ္ဂိုလ်မျိုးပေနည်း။ ယော၊ အကြင်သူသည်။ သမ္မာဒိဋ္ဌိကော၊ ဟုတ်မှန်သော အသိဉာဏ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဝိပရီတဒဿနော၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာသိမြင်ခြင်းရှိသည်။ ဟောတိ၊ဖြစ်၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။မဟာဇနံ၊ လူများအပေါင်းကို။ အသဒ္ဓမ္မာ၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရား မဟုတ်မမှန်သည်မှ။ ဝုဋ္ဌာပေတွာ၊ ထစေထွက်မြောက်စေ၍။ သဒ္ဓမ္မေ၊ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရား၌။ ပတိဋ္ဌာပေတိ၊ တည်စေနေစေရစေ၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဥပ္ပဇ္ဇမာနော၊ ဖြစ်ပေါ်လာသော။ ဧကပုဂ္ဂလော၊ တစ်ယောက်သောပုဂ္ဂိုလ်သည်။ ခေါ၊ စင်စစ်။ လောကေ၊ လောက၌။ ဗဟုဇနဟိတာယ၊ များစွာသော လူအပေါင်းတို့၏ စီးပွားကို ရှက်ဆောင်ခြင်းငှာ။ ဗဟုဇနသုခါယ၊ များစွာသော လူအပေါင်းတို့၏ ချမ်းသာကိုရွက်ဆောင်ခြင်းငှာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာရပေ၏။ ဗဟုနော၊ များစွာသော။ ဇနဿ၊ လူအပေါင်း၏။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အတ္ထာယ၊ အကျိုးငှာ၊ ဟိတာယ၊ စီးပွားအလို့ငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာရပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

အဓိပ္ပာယ်ကားလွယ်၏။ ဝင်းပါဠိတော်၌။ သမ္မာဒိဋ္ဌိကော အဝိပရီတဒဿနောအရမှာ နာမ်ရုပ်ဓမ္မသဘာဝတို့ကို ယထာဘူတ ဟုတ်တိုင်း မှန်တိုင်း မဖောက်မပြန် သိမြင်ရရှိသော။ သောတာပတ္တိမဂ်၏ ရှေ့ပြေး ပုဗ္ဗဘာဂမဂ် စသော မဂ်မျိုး နေမင်း၏ ရှေ့ပြေး အရုဏ်တက်၍ လာရသော အခါကဲ့သို့ မှတ်ယူကြလေကုန်လော။

သေယျထာပိ ဘိက္ခဝေ သူရိယဿ ဥဒယတော။
ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗနိမိတ္တံ ယဒိဒံ အရုဏုဂ္ဂံ။
ဧဝမေဝ ခေါ ဘိက္ခဝေ အရိယဿအဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ။
ဧတံ ပုဗ္ဗင်္ဂမံ ဧတံ ပုဗ္ဗနိမိတ္တံ ယဒိဒံ သမ္မာဒိဋ္ဌိ။
(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ယဒိဒံအရုဏုဂ္ဂံ၊ အကြင်အရုဏ်တက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤအရုဏ်တက်ခြင်းသည်။ ဥဒယတော၊ တက်ထွန်း၍လာသော။ သူရိယဿ၊ နေဝန်း၏။ ပုဗ္ဗင်္ဂမံ။ ရှေ့သွားရှေ့ပြေးသည်။ ဟောတိယထာ၊ ဖြစ်ရသကဲ့သို့။ ဧတံ၊ ဤအရုဏ်တက်ခြင်းသည်။ ပုဗ္ဗင်္ဂမနိမိတ္တံ၊ နေထွက်ခြင်း၏ ပုဗ္ဗနိမိတ်သည်။ ဟောတိယထာ၊ ဖြစ်ရသကဲ့သို့။ ဧဝမေဝ၊ဤအတူသာလျှင်။ ဘိက္ခဝေ၊ ချစ်သားတို့။ အရိယဿ အဋ္ဌင်္ဂိကဿမဂ္ဂဿ၊ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ယဒိဒံ သမ္မာဒိဋ္ဌိ။ အကြင်လောကီ သမ္မာဒိဋ္ဌိ ဖြစ်ခြင်းသည်။ ပုဗ္ဗင်္ဂမံ၊ သောတာပတ္တိမဂ်၏ ရှေ့သွား ရှေ့ပြေးတည်း။ ဧတံ၊ ဤလောကီသမ္မာဒိဋ္ဌိဖြစ်ခြင်းသည်။ ပုဗ္ဗင်္ဂမနိမိတ္တံ၊ သောတာပတ္တိမဂ်၏ ရှေ့သွား ရှေ့ပြေး နိမိတ်တည်း။ အဓိပ္ပာယ်ကား လွယ်၏။

ကောယနမဂ္ဂေါဟူသော သတိပဋ္ဌာန် ပါဠိတော်အရ၊ အောက်၌ပြဆိုခဲ့ရာ။ တစ်ကြောင်းတည်းသော လမ်းခရီးဆိုသည်မှာ။ ယခုပြဆိုခဲ့သော သောတာပတ္တိမဂ်၏ ရှေ့ပြေးရှေ့သွား ပုဗ္ဗဘာဂ လောကီမဂ်ကိုယူရမည်ဟု-မဟာသိဝမထေရ်မြတ်က မိန့်ဆိုတော်မူသည်။ ထိုမဟာသိဝမထေရ်မြတ်၏ အားကိုးရာပါဠိကား။

ကာယာဒိစတုခေရမ္မဏပဝတ္တော ဟိ။
ပုဗ္ဗဘာဂ သတိ ပဋ္ဌာနမဂ္ဂေါ။ ဣဓ
အဓိပ္ပေတော နလောကုတ္တရော။ (အဋ္ဌကထာ)။

ဟိသစ္စံ၊ ငါမဟာသိဝမထေရ်ဆိုသောစကားသည် မှန်ပါ၏။ ကာယာဒိ-စတုခေရမ္မဏပဝတ္တော၊ ကာယာ နုပဿနာစသော လေးပါးသော အာရုံ၌ ဖြစ်သော။ ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ၊ သောတာပတ္တိမဂ်၏ ရှေ့သွား ရှေ့ပြေး ဖြစ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်ကို။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ လောကုတ္တရော၊ လောကုတ္တရာမဂ်ကို။ န အဓိပ္ပေတော၊ အလိုမရှိအပ်။

အဓိပ္ပာယ်လိုရင်းကား။ ။ငါမဟာသိဝမထေရ်ဆိုသော စကားသည် မှန်ပါ၏၊ကိုယ်ကိုရှုမှတ်သော အာရုံ၊ ဝေဒနာကို ရှုမှတ်သောအာရုံ၊ စိတ်ကိုရှုမှတ်သော အာရုံ၊ ဓမ္မာနုပဿနာဟူသော အာရုံခြောက်ပါးကို ရှုမှတ်သောအာရုံ ဤအာရုံ မျိုးကို သောတာပတ္တိမဂ်၏ ရှေ့သွား ရှေ့ပြေးဖြစ်၍ ပုဗ္ဗဘာဂ သတိပဋ္ဌာန်မဂ်ကို ဤအရာ၌ ယူကြမှတ်ကြဟု ဆိုသည်။ လောကုတ္တရာမဂ်ကို မယူမမှတ်ကြနှင့်ဟု မိန့်မှာတော်မူသည်။

ပုဗ္ဗ ဘာဂ မဂ်အရ အစဤကပါ။
လောကီမဂ်မှာ ဆိုကြရာ သူ့ကိုမှတ်ကြပါ။
သတိပဋ္ဌာန် မဂ်ဆိုပြန် အမှန်သူ့ကိုသာ။ (သံခိပ်)

မြတ်စွာဘုရားသခင်သည် ရဟန်းတို့ကိုခေါ်တော်မူ၍ ချစ်သားတို့ ဤလမ်း ခရီးကား ဖြောင့်ဖြောင့်မှန်မှန် နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းဟု သိစေခြင်းငှာ။

မဂ္ဂါနံ အဋ္ဌင်္ဂိကော သေဋ္ဌော သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ ဒွိပဒါနဉ္စ စက္ခုမာ။ (ဓမ္မပဒပါဠိတော်)

မဂ္ဂါနံ၊ မဂ်ဟူသောခရီးတို့တွင်။အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ်သည်။ သေဋ္ဌော၊ အမြတ်ဆုံးဖြစ်ပေ၏။ သစ္စာနံ၊ သစ္စာတို့တွင်။ စတုရော ပဒါ၊ လေးပုဒ်ရှိသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ လေးပုဒ်တို့သည်။ သေဋ္ဌော၊ အမြတ်ဆုံးဖြစ်ပေ၏။ ဓမ္မာနံ၊ တရားအပေါင်း တို့တွင်။ ဝိရာဂေါ၊ ရာဂကင်းရာဖြစ်သော နိဗ္ဗာန်သည်။ သေဋ္ဌော၊ အမြတ်ဆုံး ဖြစ်ပေ၏။ ဒွိပဒါနံ၊ အခြေနှစ်ချောင်းရှိသော သူတို့တွင်။စက္ခုမာ၊ စက္ခုငါးပါး နှင့်ပြည့်စုံတော်မူသော ဘုရားရှင်သည်။ သေဋ္ဌော၊ အမြတ်ဆုံး ဖြစ်ပေ၏။

အယံ ဟိ ပုဗ္ဗဘာဂေ လောကီယော သတိပဋ္ဌာန
မဂ္ဂေါ ဘာဝိတော လောကုတ္တရမဂ္ဂဿ အဓိ
ဂမာယ သံဝတ္တတိ။ (သတိပဋ္ဌာန်အဋ္ဌကထာ)

ဟိသစ္စံ၊ မှန်ပါ၏။ ပုဗ္ဗဘာဂေ၊ သောတာပတ္တိမဂ် မရောက် မရမီရှေ့အဖို့၌။ ဘာဝိတော၊ ပွားများမှတ်ရှုအပ်သော။ လောကီယော၊ လောကီဖြစ်သော။

အယံသတိပဋ္ဌာနမဂ္ဂေါ၊ ဤရှေးဘုရားတို့ ကြွတော်မူသော သတိပဋ္ဌာန် မဂ်ခရီးသည်။ လောကုတ္တရမဂ္ဂဿ၊ လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်ပေ၏။

**အဓိပ္ပာယ်ကား။** ။ဤစကားသည် မှန်ပါ၏၊ သောတာပတ္တိ မဂ်ကို မရ မရောက်မီက မြင်မှု-ကြားမှု-နံမှု-စားမှု-ထိမှု-သိမှု-အာရုံခြောက်ပါး တို့နှင့်တကွ ကွေး-ကွေးသည်၊ ဆန့်-ဆန့်သည် စသည်တို့ဖြင့် ရှုမှတ်ပွားများ အားထုတ်အပ်သော လောကီဖြစ်သော ရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန်မဂ်ခရီးသည် လောကုတ္တရာမဂ်ကို ရခြင်းငှာ ဖြစ်ပေ၏။

အယံ မဂ္ဂေါ ဘာဝိတော အနုပုဗ္ဗေန
နိဗ္ဗာန သစ္ဆိကိရိယံ သာဓေတိ။ ၎င်းပါဌ်။

ဟိသစ္စံ၊ ယခု ပြဆိုသောအတိုင်း မှန်ပါ၏။ ဘာဝိတော၊ သောတာပတ္တိ မဂ်ကို မရ မရောက်မီက ပွားများရှုမှတ်သော။ အယံမဂ္ဂေါ၊ ဤရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန်မဂ် ခရီးသည်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ နိဗ္ဗာနသစ္ဆိကိရိယံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို။ သာဓေတိ၊ ပြီးစေနိုင်ပေ၏။

**အဓိပ္ပာယ်ကား။** ။ပြဆိုသောအတိုင်း မှန်ပါ၏ သောတာပတ္တိမဂ်ကို မရ မရောက်မီက ပြဆိုခဲ့သောအတိုင်း အာရုံခြောက်ပါး စသည်တို့ဖြင့် ပွားများ ရှုမှတ်သော ဤရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန် လမ်းခရီးသည် ပွားများ ရှုမှတ်အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဉာဏ်ဆယ်ပါးအစဉ်နှင့် တကွ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားသိမြင် နိဗ္ဗာန်ဝင် မျက်မှောက် ပြုရလေတော့သည်။

ယေ တေ ဘန္တေ အဟေသုံ အတီတမဒ္ဓါနံ-
အရဟန္တော သမ္မာ သမ္ဗုဒ္ဓါ သဗ္ဗေ
တေ ဘဂဝန္တော ပဥ္စနီဝရဏေ ပဟာယ
စေတသော ဥပက္ကိလေသေ ပညာယ
ဒုဗ္ဗလီကရဏေ စတူသုသတိပဋ္ဌာနေသု။
သုပတိဋ္ဌိတစိတ္တာ-သတ္တ သမ္ဗောဇ္ဈင်္ဂေ
ယထာဘူတံ ဘာဝေတွာ သမ္မာ သမ္ဗောဓိံ
အဘိသမ္ဗုဇ္ဈိံသု။ (သုတ်မဟာဝါပါဠိနိဗ္ဗာနသုတ်)

ဘန္တေ၊ မြတ်စွာဘုရား။ အတီတမဒ္ဓါနံ၊ လွန်ခဲ့ပြီးသောအခါ၌။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ အလုံးစုံသောတရားကို သိတော်မူတတ်ကုန်ထသော။ ယေတေဘဂဝန္တော၊ အကြင် ဘုရားရှင်တို့သည်။ အဟေသုံ၊ ပွင့်တော်မူကြလေကုန်ပြီ။ သဗ္ဗေ၊ အလုံးစုံကုန်သော။တေဘဂဝန္တော၊ ထိုဘုရားရှင်တို့သည်။ စေတသော၊ စိတ်တော်ကို။ ဥပက္ကိလေသေ၊ ငြစ်ငြူး ပူပန်စေတတ်ကုန်သော။ ပညာယ၊ သိမြင်သော ပညာ၏။ ဒုဗ္ဗလီကရဏေ၊ အားနည်းခြင်းကို ပြုတတ်ကုန်သော။ ပဉ္စနီဝရဏေ၊ ငါးပါးသော နီဝရဏ တို့ကို။ ပဟာယ၊ ပယ်ခွာ၍။ စတူသု၊ လေးပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တရားတို့၌။ သုပတိဋ္ဌိတစိတ္တာ၊ ကောင်းစွာတည်ကြည်တော်မူသော စိတ်ရှိကုန်သည်ဖြစ်၍။ သတ္တသမ္ဗောဇ္ဈင်္ဂေ၊ ၇-ပါးသော ဗောဇ္ဈင် တရားတို့ကို။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်ကန်စွာ။ ဘာဝေတွာ၊ ပွားများ အားထုတ်တော် မူကုန်၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတ ရွှေဉာဏ်တော် ကို။ အဘိသမ္ဗုဇ္ဈိံသု၊ ထိုးထွင်း၍ သိမြင်တော်မူကြလေကုန်ပြီ။ အဓိပ္ပာယ်ကား လွယ်၏။

ဣဓ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ
ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓ
နိဿိတံ ဝေါသဂ္ဂပရိဏာမိံ အယံဝုစ္စတိ
ဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ဤမြတ်စွာဘုရားသာသနာတော်ကြီး၌။ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ရာဂဆိတ်ခြင်းကိုမှီ၍နေသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီ၍ နေသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ငြိမ်း ရုပ်သိမ်းခြင်းကို မှီ၍နေသော။ ဝေါသဂ္ဂပရိဏာမိံ၊ နိဗ္ဗာန်သို့ညွတ်ခြင်း ကိုင်းခြင်း၌ စိတ်ရှိသော။ သမ္မာဒိဋ္ဌိံ၊ ဟုတ်တိုင်းမှန်တိုင်းကို သိမြင်သော သမ္မာဒိဋ္ဌိမဂ္ဂင်တရားကို။ ဘာဝေတိ၊ ပွားများအားထုတ် မှတ်ရှု၍နေလေ၏။ ဘိက္ခဝေ၊ ချစ်သားတို့၊ အယံ၊ ဤပွားများအားထုတ် ရှုမှတ်၍နေခြင်းကို။ အသင်္ခတဂါမိမဂ္ဂေါ၊အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤခရီးလမ်းကြောင်းမှတစ်ပါး။နိဗ္ဗာန်လမ်းကြောင်း မရှိပေဟူ၍၊ ယုံကြည် လေးမြတ်စွာ မှတ်ယူသင့်လှ ပေကုန်သတည်း။

နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်း ပေါင်း၍ ဤကသာ။
ရှေးအရိယာ ပြည်ခေမာ ကြွရာဤကသာ။ (သံခိပ်)

ဧသေဝမဂ္ဂေါနတ္ထညော ဒဿနဿဝိသုဒ္ဓိယာ ဧတဉှိ
တုမှေ ပဋိပဇ္ဇထ မာရဿေတံ-ပမောဟနံ။ (ဂုင်းပါဠိ)

ဧသေဝ ဧသော ဧဝ၊ ဤရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန် မဂ်ခရီးသည်ပင်လျှင်။ ဝိသုဒ္ဓိယာ၊ ကိလေသာမှ စင်ကြယ်သော နိဗ္ဗာန်ကို။ ဒဿနဿ၊ မြင်ခြင်း၏။ မဂ္ဂေါ၊ ရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန် မဂ်ခရီးပေတည်း။ အညော၊ ရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန် မဂ်ခရီးမှတစ်ပါးသော မဂ်ခရီးသည်။နတ္ထိ၊ ဘယ်ကျမ်းမှမရှိပါ။ ဧတဉှိ-ဧတံဧဝ၊ ဤပြဆိုခဲ့သော ခရီးသည်ပင်လျှင်။ တုမှေ၊ သင်ချစ်သားတို့သည်။ ပဋိပဇ္ဇထ၊ ဆောဆောလျှင်လျှင် ကျင့်ကြအားထုတ်ကြပါကုန်လော့။ ဧတံ၊ ဤခရီးသည်။ မာရဿ၊ မာရ်မင်း၏။ ပမောဟနံ၊ တွေဝေမိန်းမော မစောနိုင်ခြင်းပေတည်း။

ဧတဉှိ တုမှေ ပဋိပန္နာ ဒုက္ခဿန္တံ ကရိဿထ အက္ခာတော
ဝေါ မယာ မဂ္ဂေါ အညာယ သလ္လမန္တနံ။ (ဓမ္မပဒပါဠိတော်)

ဟိသစ္စံ၊ ပြဆိုသော စကားသည် မှန်ပါ၏။ တုမှေ၊ သင်ချစ်သားတို့သည်။ ဧတံ၊ ဤရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန်မဂ်ခရီးကို။ ပဋိပန္နာ၊ ကျင့်ကြအားထုတ်ကြသည်ရှိသော်။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း၏။ အန္တံ၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿထ၊ ယခုဘဝ၌ မျက်မှောက်ပြုကြကုန်လတ္တံ့။ ဝါ၊ ပြုကြကုန်လော့။ သလ္လမန္တနံ၊ ရာဂစသော ငြောင့်တို့၏ နုတ်သိမ်း ချုပ်ငြိမ်းရာ ဖြစ်သောနိဗ္ဗာန်ကို၊ အညာယ။ သိမြင်ကြ၍။ မဂ္ဂေါ၊ ရှေးဘုရားရှင်တို့ ကြွတော်မူသော သတိပဋ္ဌာန်မဂ်ခရီးကို။ ဝေါ၊ သင်ချစ်သားတို့အား။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အက္ခာတော၊ ဟောကြားတော်မူခဲ့လေပြီ။

တုမှေဟိ ကိစ္စမာတပ္ပံ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ ဈာယိနော မာရဗန္ဓနာ။ (ဓမ္မပဒပါဠိတော်)

တုမှေဟိ၊ သင်ချစ်သားတို့သည်။ အာတပ္ပံ၊ ပြုစရာဟူသမျှကို။ ကိစ္စံ၊ ဆောဆောလျှင်လျှင် ပြုလိုက်အပ်၏။ တထာဂတာ၊ လာခြင်းကောင်းသော ဘုရားရှင်တို့သည်။အက္ခာတာရော၊ရှေးဘုရားရှင်တို့ကဲ့သို့ ကောင်းစွာဟောကြားတော်မူ၏။ပဋိပန္နာ၊ ကျင့်ကြအားထုတ်ကြကုန်သော သူတို့သည်။ မာရဗန္ဓနာ၊ အဝိဇ္ဇာဟူသော အနှောင်အဖွဲ့မှ။ ပမောက္ခန္တိ၊ လွတ်ရထွက်ရကုန်၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့။ ပြုဖွယ်ကိစ္စ-ကျင့်ဖွယ်ကိစ္စ-တရား ဟူသမျှကို ဆောဆောလျှင်လျှင် ပြုလိုက်ကြ အားထုတ်လိုက်ကြ၊ လာခြင်းကောင်းသော ရှေးဘုရားရှင်တို့ကဲ့သို့ ငါဘုရား ဟောတော်မူ၏။ ရှုမှတ်ပွားများ အားထား၍ ကျင့်ကြကုန်သော သင်ချစ်သားတို့သည် အဝိဇ္ဇာဟူသော အနှောင်အဖွဲ့မှ လွတ်ရထွက်ရကုန်၏ဟု ဟောတော်မူသည်။

ဤပြဆိုခဲ့သော ပါဠိတော်လာ အဋ္ဌကထာစကားသည်။ ဂင်္ဂါဝါဠုသဲစု ထောင်သောင်း မရေကောင်းသော အရှင်မြတ်အပေါင်းတို့၏ ကြွတော်မူသော လမ်းကြောင်း လမ်းဟောင်းအစဉ်ကို ကောင်းကောင်း ထင်မြင်အောင် ပြဆိုသောအရာဖြစ်ပေသည်။ သင်တို့ဆရာငါဘုရားသည် ပြဆိုခဲ့သော လမ်းကြောင်း လမ်းဟောင်းကို မရရှာခဲ့၍ ထပ်ခါ ထပ်ခါ သံသရာ၌ ကျင်လည်ရလေပြီ။ တောလည်မုဆိုး ခရီးမှား၍ မင်းနေပြည်ကြီးကို ရောက်သွားသကဲ့သို့ ငါဘုရားလည်း မျှားစွာခရီးမှားခဲ့သဖြင့် ယခုမှ မင်းနေပြည်နှင့်တူစွာ နိဗ္ဗာန်ပြည်ကြီးကို ရောက်ရပေတော့သည်ဟု ဟောတော်မူသည်။

ဧဝမေဝ ခေါ ဟံ ဘိက္ခဝေ အဒ္ဒသံ-ပုရာဏမဂ္ဂံ ပုရာဏအဉ္ဇသံ။

ပုဗ္ဗကေဟိ သမ္မာသမ္ဗုဒ္ဓေဟိ အနုယာတံ။ (နိဒါနသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝမေဝ၊ ဤတောလည် မုဆိုးခရီးမှား၍ မင်းနေပြည်ကြီးကို ရောက်သွားသည်နှင့်တူစွာပင်လျှင်။ ခေါ၊ စင်စစ်။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ပုဗ္ဗကေဟိ၊ ရှေး၌ဖြစ်တော်မူကြကုန်သော။ ဝါ၊ ရှေးကပွင့်တော်မူကြကုန်သော။ သမ္မာသမ္ဗုဒ္ဓေဟိ၊ အလုံးစုံသောတရားတော်ကို သိမြင်တော်မူကြကုန်သော ဘုရားရှင်တို့သည်။ အနုယာတံ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ကြွတော် မူကြသော။ ပုရာဏမဂ္ဂံ၊ ရှေးဘုရားရှင်တို့ ကြွတော် မူကြသော လမ်းကြောင်းလမ်းဟောင်းကို။ ပုရာဏအဉ္ဇသံ၊ ရှေးဘုရားရှင်တို့ ကြွတော်မူကြသော လမ်းကြောင်း လမ်းဟောင်းအစဉ်ကို။ ဉာဏစက္ခုနာ၊ ပညာစက္ခုဉာဏ်တော်ဖြင့် ကြည့်ရှု၍။ အဒ္ဒသံ၊ လင်းလင်းထင်ပေါ် မြင်တော်မူပေ၏။

တမဟံ ဘိက္ခဝေ အနုဂစ္ဆိံ တမဟံ အနုဂစ္ဆန္တော အဒ္ဒသံ၊

ဇရာမရဏာ အဒ္ဒသံ ဇရာမရဏာ သမုဒယံ အဒ္ဒသံ ဇရာ

မရဏာ နိရောဓံ အဒ္ဒသံ ဇရာ မရဏာ နိရောဓ ဂါမိနိ ပဋိပဒံ။

ဘိက္ခဝေ၊ ချစ်သားတို့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ တံပုရာဏမဂ္ဂံ၊ ထိုရှေးဘုရားရှင်တို့ ကြွတော်မူသော လမ်းကြောင်းလမ်းဟောင်းကို။ အနုဂစ္ဆိံ၊ အစဉ်တစိုက်လိုက်တော်မူရပေ၏။ တံပုရာဏမဂ္ဂံ၊ ထိုရှေးဘုရားရှင်တို့ ကြွတော်မူသော လမ်းကြောင်းလမ်းဟောင်းသို့။ အနုဂစ္ဆန္တော၊ အစဉ်တစိုက်လိုက်တော်မူသည်ရှိသော်။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဇရာမရဏံ၊ အိုခြင်း-သေခြင်းဟူသော ဒုက္ခသစ္စာကို။ အဒဿံ၊ လင်းလင်းထင်ပေါ် မြင်တော်မူပေ၏။ ဇရာမရဏသမုဒယံ၊ အိုခြင်း-သေခြင်း၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ အဒဿံ၊ လင်းလင်းထင်ပေါ် မြင်တော်မူပေ၏။ ဇရာမရဏနိရောဓံ၊ အိုခြင်း-သေခြင်း၏ ချုပ်ငြိမ်းရပ်သိမ်းရာဖြစ်သော နိရောဓသစ္စာကို။ အဒဿံ၊ လင်းလင်းထင်ပေါ် မြင်တော်မူပါပေ၏။ ဇရာမရဏနိရောဓဂါမိနိပဋိပဒံ၊ အိုခြင်း-သေခြင်း၏ ချုပ်ငြိမ်း ရပ်သိမ်းရာ အကျင့်ဖြစ်သော မဂ္ဂသစ္စာကို။ အဒဿံ၊လင်းလင်းထင်ပေါ် မြင်တော်မူပေ၏။ အဓိပ္ပါယ်ကား လွယ်၏။

ဤသို့ ပြဆိုခဲ့သောမဂ်ဟူသော ပါဠိတော်စကားကို။ ပုဗ္ဗဘာဂမဂ် လောကီမဂ် သတိပဋ္ဌာနမဂ်ဟူ၍ ပြဆိုပေသည် ၎င်းသုံးပါး အမည်ရသော မဂ်သည်။ နာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်၊သမ္မသနဉာဏ်တို့ကစ၍ အဆုံးဖြစ်သော အနုလောမဉာဏ်တိုင်အောင် သုံးပါးသော အမည်ရသော မဂ်ဟူ၍ မှတ်ယူကြကုန်လော၊ ၎င်းမဂ်ကို သောတာပတ္တိမဂ်၏မျိုးစေ့ဟူ၍ ဟောတော်မူပေသည်။

အာယတိံ မဂ္ဂလာဘာယ ဗီဇံ ကရေယျ ဘာဝနံ။
ဗီဇာ ဘာဝေ ကုတော မဂ္ဂေါ မဂ္ဂ ဗီဇာဟိ ဘာဝနာ။

အာယတိံ မဂ္ဂလာဘာယ၊ နောင်အခါ သောတာပတ္တိမဂ်ကို ရခြင်းငှာ။ ဗီဇံ၊ ပုဗ္ဗဘာဂမဂ်မျိုးစေ့ကို။ ကရေယျ၊ ပြုရာ၏။ ဘာဝနံ၊ ဝိပဿနာဘာဝနာသည်။ ဗီဇာ၊ မဂ်၏မျိုးစေ့မဟုတ်ပါလော။ ဗီဇာဘာဝေ၊ မဂ်၏မျိုးစေ့မရှိခဲ့သော်။ ကုတောမဂ္ဂေါ၊ အဘယ်မှာမဂ်ကို ရနိုင်ပါအံ့နည်း။ ဘာဝနာ၊ ဝိပဿနာဘာဝနာသည်။ မဂ္ဂဗီဇာဟိ၊ မဂ်၏မျိုးစေ့ပေတည်း။

အဗီဇဿ တု သံသာရော ဒီဃောယေ၀ အနန္တကော
တသ္မာဟိ ဘာဝနံ ဗီဇံ ကရေယျ မောစနတ္ထိကော။

အဗီဇဿတု၊ ပုဗ္ဗဘာဂမဂ်၏ မျိုးစေ့မရှိသောသူအား။ သံသာရော၊ သံသရာသည်။ ဒီဃောယေဝ၊ ရှည်လျားတော့သည် သာလျှင်တည်း။ အနန္တကော၊ ဘယ်တော့မှ အဆုံးမရှိ၊ တသ္မာဟိတသ္မာဝေ၊ ထို့ကြောင့်သာလျှင်။ မောစ-

နတ္ထိကော၊ ဘဝသံသရာက လွတ်လိုထွက်လိုသောသူသည်။ ဗီဇ၊ ပုဗ္ဗဘာဂမဂ်၏ မျိုးစေ့ဖြစ်သော။ ဘာဝနံ- ဝိပဿနာဘာဝနာကို။ ကရေယျ၊ ဆောဆော လျှင်လျှင် ပြုလိုက်ကြရာ၏။

ပဌမပုဒ်အဓိပ္ပာယ်ကား။ ။သောတာပတ္တိမဂ်ကို အမြန်ရဖို့ရာ။ ပုဗ္ဗဘာဂမဂ်၊ လောကီမဂ်၊ သတိပဋ္ဌာနမဂ်ဟူသော။ သောတာပတ္တိမဂ်မျိုးစေ့ကို ရလေအောင် ဆောဆောလျှင်လျှင် အားထုတ်အပ်၏။ ဤကျမ်း၌ ပြဆိုခဲ့သော ဝိပဿနာ သည် သောတာပတ္တိမဂ်၏မျိုးစေ့ မဟုတ်ပါလော။ ၎င်းမျိုးစေ့မရှိမရခဲ့သော်။ အဘယ်မှာ မဂ်ရနိုင်ပါအံ့နည်း။ ဤကျမ်း၌ ပြဆိုခဲ့သော ဝိပဿနာသည်။ သောတာပတ္တိမဂ်၏ မျိုးစေ့ဟူ၍ မှတ်ယူကြပါကုန်လော။

ဒုတိယပုဒ်၏အဓိပ္ပာယ်ကား။ ။ပုဗ္ဗဘာဂမဂ်၊ လောကီမဂ်၊ သတိပဋ္ဌာနမဂ် ဤမဂ်မျိုးစေ့မရှိသောသူအား ဘဝသံသရာရှည်လျား၍ ဘယ်အခါမှမဆုံးနိုင်ပေ ထို့ကြောင့် ဘဝသံသရာ ဆုံးလို ကုန်လိုသောသူတို့သည် ပုဗ္ဗဘာဂမဂ်၊ လောကီ မဂ်၊ သတိပဋ္ဌာနမဂ်ကို ဆောဆောလျှင်လျှင်ရလေအောင် အားထုတ် လိုက်ကြ ဟူ၍ ဟောတော်မူသည်။ ပုဗ္ဗဘာဂမဂ်၊ လောကီမဂ်၊ သတိပဋ္ဌာနမဂ်၎င်းသုံးပါး တို့သည် အမည်သာကွဲသည် သဘောတစ်ခုတည်းပေတည်း။ ၎င်းမဂ်ကို ဆရာနှင့် တပည့် ဝိဝါဒရှိပုံကို သိသာရုံ ပြဆိုပေအံ့။

အောက်၌ ပြဆိုခဲ့သော သတိပဋ္ဌာန် ပါဠိတော်၌။ ကောယနော့အယံ- ဘိက္ခဝေမဂ္ဂေါ-ဟူသောပုဒ်၌ တပည့်ဖြစ်သော တိပိဋကစူဠနာဂ မထေရ်က ဝိပဿနာကိုရှုမှတ်ပွားများသော ယောဂီပုဂ္ဂိုလ်သည် သမ္မသန-ဥဒယဗ္ဗယစသော ဉာဏ်သို့ရောက်ရသောအခါ သောတာပတ္တိမဂ်၏ ရှေ့အဖို့က ရှုမှတ် ပွားများ အားထား၍ရသော ဝိပဿနာ အာရုံကို ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်ဟုလျှောက် ကြားလေ၏။

ဆရာဖြစ်သော တိပိဋကစူဠသုမနမထေရ်က။ အာဝုသော မိဿကမဂ္ဂေါ၊ ငါ့ရှင်ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်မဟုတ် မိဿကမဂ်ဟုဆို၏၊ ဝိပဿနာအာရုံသည် လောကီလောကုတ် နှစ်ပါးပြုလုပ်၍ ကျရောက်သော အာရုံမျိုးဟု ဆိုလိုသည်။

တပည့်က ပုဗ္ဗဘာဂေါ ဘန္တေ ဟု လျှောက်လေ၏။ ဆရာက အာဝုသော မိဿကမဂ္ဂေါဟု ဆိုလေ၏။ တပည့်သည် ဆရာကို နှုတ်လှန်ပြန်၍ မဝံ့ရကား ဆိတ်ဆိတ်နေပြီးမှ ကြွသွားကြလေ၏ ဆရာသည် သတိပဋ္ဌာန်ပါဠိတော်ကို အနု လုံ ပဋိလုံ ကြိမ်ဖန်များစွာ ဆင်ခြင်လေရာ။

ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော
သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ။

ဤပါဠိတော်ကို သတိရအောက်မေ့သဖြင့် လောကုတ္တရာမဂ်သည် ၇-ရက် ၇-နှစ်မတည်ကောင်းပေ၊ ငါဆိုသောစကားသည် မှားလေပြီဟု သတိရလေ၏။ ရှေးအခါကာလက ကျမ်းတတ်အပြီး မထေရ်ကြီးတို့သည် တရားနာခြင်း၊ တရားဟောခြင်း၌ လွန်စွာနှစ်သက်မြတ်နိုးကြ၍ အလှည့်ကြ တရားဟောရာ တပည့်ဖြစ်သော တိပိဋကစုလ္လနာဂမထေရ်၏ အလှည့်ကျရာ တရားဟော ပလ္လင်ပေါ်သို့ တက်၍ယပ်ကိုကိုင်လျက် တရားဟော၏။

ဆရာက နောက်အဖို့ကနေ၍ အတန်ကြာနာပြီးမှ ဆရာက တရားဟောရပ် ဦးလော ငါ၏အယူမှားချေပြီ သင်ပြောသော ပုဗ္ဗဘာဂ သတိပဋ္ဌာန မဂ်ကား မှန်၏ ငါ၏အယူကိုစွန့်ပြီဟု ပရိသတ်အလယ်၌ ပြောကြားလျှင် ကောင်းကြီး သာခု ခေါ်ကြလေ၏။ ယခုအခါ၌ ကျမ်းတတ်အမော် ပုဂ္ဂိုလ်ကျော်တို့မှာ လွဲချော်မှားယွင်းခဲ့သော် အယူကိုစွန့်ရန်ခဲရင်းလေစွတကား။

(၃၅) သမ္မသနဉာဏ်ရင့်သန်က ဒိဋ္ဌိဝိစိကိစ္ဆာကွာပုံ ပုဗ္ဗဘာဂမဂ်ပါပုံကို နေအရုဏ် ပမာထား၍ ဘုရားရှင် ဟောကြားတော်မူပုံကို ပြဆိုခြင်းပြီး၏။

## (၃၆) ဥဒယဗ္ဗယဉာဏ်၌ အန္တရာယ်ဝင်ပုံ အနိစ္စထင်ပုံ ပါဠိတော်လာပုံကို အဋ္ဌကထာ အာဂုံနှင့် ပြဆိုခြင်း

သမ္မသနဉာဏ်က ထက်သန်ကြီးပွား ထောင်မြင်၍လာသဖြင့်။ ဥဒယဗ္ဗယ ဉာဏ်သို့ ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ရှုမှတ်ပွားများ တိုင်း မြင်-ဖြစ်ပျက်၊ ကြား-ဖြစ်ပျက်၊ နံ-ဖြစ်ပျက်၊ စား-ဖြစ်ပျက်၊ ထိ-ဖြစ်ပျက်၊ သိ-ဖြစ်ပျက် စသည်တို့ဖြင့် စိတ်ကျရောက်ရာဌာန၌ အလုံးစုံ အကုန်ဖြစ်ပျက် ကိုသာ သိမြင်လေတော့သည်။

ပစ္စုပ္ပန္နံ ဓမ္မာနံ ဝိပရိဏာမာ နုပဿနေ ပညာ။
ဥဒယဗ္ဗယာ နုပဿနေ ဉာဏံ။

ပစ္စုပ္ပန္နံ၊ မြင်ဆဲ ကြားဆဲ စသည်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ်တို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖြစ်ခြင်း ပျက်ခြင်း မစဲဖောက်ပြန်မြဲဟု ရှုမှတ်ရာ၌။ ပညာ၊ သိမြင်သော ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ရာ၌။ ဉာဏံ၊ ဉာဏ်မည်၏။ ဝါ၊ ဥဒယဗ္ဗယဉာဏ် မည်၏။

ယတော ယတော သမ္မသတိ ခန္ဓာနံ ဥဒယဗ္ဗယံ လဘတိ
ပီတိပါမောဇ္ဇံ အမတန္တံ ဝိဇာနတံ။

ယတောယတော၊ အကြောင်းအကြောင်း ရှုမှတ်ရာ၌။ ခန္ဓာနံ၊ ရုပ်နာမ်ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ သမ္မသတိ၊ သုံးသပ်ရှုမှတ်၏။ တတော-တတော၊ ထိုထိုရှုမှတ်ရာ၌။ ဘိက္ခု၊ ရဟန်းသည်။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ တံ၊ ထိုနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းသည်။ ဝိဇာနတံ၊ ဝိပဿနာဉာဏ်အမြင်သန်၍ သိမြင်သောယောဂီပုဂ္ဂိုလ်တို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ ဟောတိ ဖြစ်၏။ အဓိပ္ပာယ်ကား လွယ်၏။

ၚင်းဥဒယဗ္ဗယဉာဏ် ကူးမြောက် ဆိုက်ရောက်သော ယောဂီ ပုဂ္ဂိုလ်ကို၊ တိဟိတ်ပုဂ္ဂိုလ်။ ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်ဟူ၍ မှတ်ယူကြ လေကုန်လော။ ဒွိဟိတ်ပုဂ္ဂိုလ်မှန်ခဲ့ပါလျှင်။ သမ္မသနဉာဏ်က အထက်ကို မကူးမဆိုက်ရောက်နိုင်ပေ။ ၚင်းဥဒဗ္ဗယဉာဏ်ကိုရသော ယောဂီပုဂ္ဂိုလ်ကို မြတ်စွာဘုရား ဟောတော်မူသည်မှာ—

ယော စ ဝဿသတံ ဇီဝေ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော ပဿတော ဥဒယဗ္ဗယံ။ (ဓမ္မပဒပါဠိတော်)

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မ သဘာဝတို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးဘဲ။ ဝါ၊ မမြင်သည်ရှိသော်။ ဝဿသတံ၊ အနှစ်တစ်ရာ ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တတော၊ ထိုအနှစ်တစ်ရာ နေရသောသူထက်။ ဧကာဟံ၊ တစ်ရက်မျှ။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပဿတော၊ မြင်သောသူ၏။ ဇီဝိတံ၊ တစ်နေ့ တစ်ရက် နေရသောသူ၏ အသက်သည်။ သေယျော၊ မြတ်လှပေ၏။ ။အဓိပ္ပာယ်ကားလွယ်၏။

ထိုဥဒယဗ္ဗယဉာဏ်၌ အန္တရာယ်တွေ့သည် ဆိုသော အရာမှာ ၎င်းဉာဏ်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်၊ ရောက်စ-ရောက်ဆဲ-အခါဖြစ်၍ နုသစ်စ ဖြစ်သော ကြောင့် ၎င်းဉာဏ်ကို တရုဏဝိပဿနာဉာဏ်ဟု ခေါ်ဆိုရပေသည်။ ရင့်ကျက်သော ဥဒယဗ္ဗယဉာဏ်မျိုးမဟုတ်ပေ။ ထိုရင့်ကျက်သော ဥဒယဗ္ဗယဉာဏ်မျိုးထဲ၌ အန္တရာယ်တွေ့ဖို့ရန် ခဲရင်းလှပေ၏။

ဤဉာဏ်ကို ရရှိသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ သိမှတ်သောစိတ် စွဲမြဲရရှိသောကြောင့် မြင်-ဖြစ်ပျက်၊ ကြား-ဖြစ်ပျက်၊ နံ-ဖြစ်ပျက်၊ စား-ဖြစ်ပျက်၊ ထိ-ဖြစ်ပျက်၊ သိ-ဖြစ်ပျက်၊ ကွေး-ဖြစ်ပျက်၊ ဆန့်-ဖြစ်ပျက် စသည်တို့ဖြင့် သိတိုင်း သိတိုင်း ဖြစ်ပျက်သဘော တစ်ခုသာ ရှိလေတော့သည် ၎င်း ဖြစ်ပျက်ထဲ၌ အန္တရာယ်တွေ့ဖို့ရန် လွန်စွာခဲရင်းတော့သည်။

တရုဏ ဝိပဿနာဉာဏ်မှာ အန္တရာယ်တွေ့ရသည်ကား။ ကိလေသာနည်းပါး၍ ဉာဏ်ကြည်လင်ခြင်းကြောင့် တွေ့ရပေသည်။ ကိလေသာထူပြော၍ ဉာဏ်မရှိသောသူတို့မှာ အရောင်အလင်း စသော အန္တရာယ်မျိုး မတွေ့ ကောင်းပေ။ ထိုအန္တရာယ်၌ နှစ်သက်မှုကား။ အားနည်းသော နိကန္တိ တဏှာမျိုးဖြစ်၏။ အားကြီးသော တဏှာမျိုး မဟုတ်ပေ။

ထိုအန္တရာယ်က လွတ်သည်ကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိခေါ်သည်။ ဗလဝဝိပဿနာလည်း ခေါ်သည်။ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည်။ ကိလေသာ စင်ကြယ်၏။ ထိုအာရဒ္ဓဝိပဿက ဗလဝဝိပဿနာ ပုဂ္ဂိုလ်သည်။ ကိလေသာ စင်ကြယ်သောအခါ ယထာဘူတသဘာဝမှကို မဖောက်မပြန် ဟုတ်တိုင်း မှန်စွာ သိမြင်၍လာသဖြင့် အန္တရာယ်ကား ဝေးကွာလေတော့သည်။

အချို့သောဆရာတို့က ဥဒယဗ္ဗယဉာဏ် ရင့်သန်ပါက ဆယ်ရပ် အန္တရာယ် ဆိုသောစကား၌။ သဘောယုတ္တိအားဖြင့် ပညာရှိတို့ တွေးမိကြ စေကုန်လော သတိပြုရန်အချက်မှာ ဥဒယဗ္ဗယဉာဏ်ရင့်သန်၍ အန္တရာယ်တွေ့ရလျှင် ဘင်ဉာဏ် စသော အထက်ဉာဏ်များကို တက်ဖို့ရာ ရောက်ဖို့ရာ ဘယ်ကနေ၍ တက်နိုင် ရောက်နိုင်မည်ကို ပညာရှိတို့ ကြံမိကြစေကုန်လော။

ဥဒယဗ္ဗယဉာဏ်က ရင့်သန်၍ နာမ်ရုပ်ဓမ္မသဘာဝအတိုင်း ဖြစ်ခြင်းပျက်ခြင်းကို ယောဂီဉာဏ်ဝ၌ ထင်မြင်နေသည်ကို လမ်းမှားသော အာရုံမျိုးဟူ၍မဆိုသင့်ပေ၊ တရုဏဝိပဿနာက-အန္တရာယ်အဖုံဖုံတွေ့ဆုံသော အာရုံကို လမ်းမှန်သော အာရုံမျိုးဟူ၍ မဆိုသင့်ပေ၊ ဤကားဆရာတော်ဘုရားကြီးအဆုံးအဖြတ်တည်း။

တ္တောဝတော နေန ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ။
ဥပ္ပန္နဥ္စ ဝယံ ဥပေတီတိ၊ ဣမိနာအာကာရေန။
သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ
ဥဒယဗ္ဗယာ နုပဿနံနာမ ပဌမံတရုဏ
ဝိပဿနာ ဉာဏံ အဓိဂတံ ဟောတိ။
ယဿ အဓိဂမာ အာရဒ္ဓဝိပဿကောတိ
သင်္ခံ ဂစ္ဆတိ။ (ဝိသုဒ္ဓိမဂ်)

တ္တောဝတော၊ ဤမျှအတိုင်းအရှည်ဖြင့်။ အနေန၊ ဤယောဂီ ပုဂ္ဂိုလ်သည်။ ဝယဓမ္မမေဝ၊ ပျက်ခြင်း သဘောသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နဥ္စ၊ ဖြစ်ခြင်းသဘောသည်လည်း။ ဝယံ၊ ပျက်ခြင်းသဘောသို့။ ဥပေတိ၊ မုချမသွေ ရောက်ရပေ၏။ ဣတိ၊ ဤသို့။ ဣမိနာအာကာရေန၊ ဤသို့သော အချင်းအရာ ဖြင့်။ သမပညာသလက္ခဏာနိ၊ အမျိုးငါးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသိမြင်၍။ ဌိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနံနာမ၊ ဥဒယဗ္ဗယာ-နုပဿနာမည်သော။ ပဌမံ၊ ရှေးဦးစွာရောက်စ ရောက်ဆဲဖြစ်သော။ တရုဏ ဝိပဿနာဉာဏံ၊ နုငယ်သေးသိမ်လှသော တရုဏဝိပဿနာဉာဏ်ကို။ အဓိဂတံ၊ ရအပ်ရောက်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ယဿ၊ အကြင် နုငယ်သေးသိမ်လှ သော တရုဏဥဒယဗ္ဗယ ဉာဏ်ကို။ အဓိဂမာ၊ ရခြင်း ရောက်ခြင်းကြောင့်။ အာရဒ္ဓဝိပဿကောတိ၊ အားထုတ်သန်သော ယောဂီပုဂ္ဂိုလ် ဟူ၍။ သင်္ခံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။

**အဓိပ္ပာယ်ကား။** ။ဤမျှအတိုင်းအရှည်ဖြင့်။ ယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်း သဘောသည်သာလျှင်ဖြစ်၏ ဖြစ်ခြင်းသဘောလည်း ပျက်ခြင်းသဘောသို့ရောက် ရပေ၏။ ဤသို့သောအချင်းအရာဖြင့် အောက်၌ပြဆိုခဲ့သော အမျိုးငါးဆယ်သော လက္ခဏာတို့ကို။ ထိုးထွင်းသိမြင်၍တည်သော။ ဥဒယဗ္ဗယာနုပဿနာမည်သော။ ရှေးဦးစွာ ဥဒယဗ္ဗယဉာဏ်သို့ ရောက်စ ရောက်ဆဲဖြစ်သော။ နုငယ်သေးသိမ်လှ သော ဝိပဿနာဉာဏ်ကို ရအပ် ရောက်အပ် သိအပ်သည်ဖြစ်ပေ၏။ အကြင်နုငယ် သေးသိမ်လှသော တရုဏဝိပဿနာဉာဏ်ကို ရခြင်းရောက်ခြင်းကြောင့် မပြတ် သော သတိဝီရိယ လုံ့လရှိသော ယောဂီပုဂ္ဂိုလ်ဟူ၍ ရေတွက်ခြင်းသို့ ရောက်ရ ပေ၏။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန်ဆရာတော် ဘုရားကြီးက တရုဏ ဥဒယဗ္ဗယဉာဏ်၌ အန္တရာယ် တွေ့ရသည်။ ထိုဥဒယဗ္ဗယဉာဏ်၌ တရုဏ ဟူသောပါဠိကိုထောက်၍ နုသောတရုဏဥဒယဗ္ဗယဉာဏ်၊ ရင့်သော ဥဒယဗ္ဗယ ဉာဏ်ဟု နှစ်ပါးရှိပေ၏ ထိုနှစ်ပါးတို့တွင် အန္တရာယ်တွေ့သည်ဟုဆိုရာ၌ အန္တရာယ် တို့သည် ရောက်သစ်စ သေးသိမ်နုငယ် လှသော တရုဏဥဒယဗ္ဗယဉာဏ်၌သာ အန္တရာယ်အမျိုးမျိုးတို့ကိုတွေ့ရပေသည်ဟု မိန့်တော်မူလေသတည်း။

အန္တရာယ်ဆယ်ပါးတွေ့ပုံမှာ။ ။ဩဘာသော ပီတိ ပဿဒ္ဓိ အဓိမောက္ခော စ ပဂ္ဂဟော သုခံ ဉာဏ မုပဋ္ဌာန မုပေက္ခာစ နိကန္တိတေ။

၎င်းအရ(၁) **ဩဘာသဆိုသည်ကား။** ။ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှ ထွက်ပေါ်လာသော အရောင်အလင်း၊ ၎င်းအရောင် အလင်းသည် အချို့မှာ တင်ပျဉ်ခွေအတွင်းလင်း၏ အချို့မှာတစ်ခန်းလုံး တစ်တိုက်လုံးလင်း၏ အချို့မှာ—တစ်ရွာလုံး တစ်မြို့လုံး၊ တစ်တောလုံး၊ တစ်တောင်လုံးလင်း၏။

အချို့မှာ-တစ်ဂါဝုတ်တို့ တစ်ယူဇနာ စသောအားဖြင့် အဆုံး မရှိအောင် အရောင်အလင်း ထွက်ပေါ်ကြ လေကုန်၏။ ထိုအရောင်း အလင်းကို မြင်ရာ၌ ပုဂ္ဂိုလ်အားလျော်စွာ တွေ့ကြမြင်ကြပေကုန်၏။ ၎င်းအရောင်း အလင်းသည် ဝိပဿနာအရာဖြစ်၍ အန္တရာယ်ဆိုသည် ထိုအရောင်ကို မဂ်ဟူ၍ အထင်မှား တတ်၏။

(၂) **ခုဒ္ဒကပီတိဆိုသည်ကား။** ။နှစ်သက်ခြင်း ဝိပဿနာ စိတ်နှင့်တကွ ဖြစ်သော ကြက်သီးမွေးညှင်းထ၍ ကိုယ်၌ရိုးရိုးရွရွစသော နှစ်သက်ခြင်းသည် ခုဒ္ဒကပီတိမည်၏။ ထိုပီတိကိုမဂ်ဟူ၍ အထင်မှားခြင်း ခဏိကပီတိ ဆိုသည်ကား လျှပ်ပြက်သကဲ့သို့၊ရံခါရံခါ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်း ထခြင်း၊ ဦးခေါင်း ကြီးခြင်း နှစ်သက်ခြင်းသည် ခဏိကပီတိမည်၏။ ထိုပီတိကိုမဂ်ဟူ၍ အထင်မှား ခြင်း။ ဩက္ကန္တိက ပီတိဆိုသည်မှာ သမုဒ္ဒရာ လှိုင်းတံပိုးသည် ကမ်းကိုလွှမ်း၍ သွားသကဲ့သို့ တစ်ကိုယ်လုံး လွှမ်းမိုး၍ သွားအောင် နှစ်သက်ခြင်းသည် ဩက္ကန္တိကပီတိ မည်၏။ ထိုပီတိကို မဂ်ဟူ၍ အထင်မှားခြင်း။ ဥဗ္ဗေဂါပီတိ ဆိုသည်မှာ တစ်ကိုယ်လုံး ထကြွခြင်း လဲဝါဂွမ်းကို လေဖြင့် ယူဆောင် ၍သွားသကဲ့သို့ အရပ်တစ်ပါးသို့ ရောက်နိုင်ခြင်းစသော နှစ်သက်ခြင်းသည်။ ဥဗ္ဗေဂါပီတိမည်၏။ ထိုပီတိကို မဂ်ဟူ၍ အထင်မှားခြင်း ဖရဏာပီတိ ဆိုသည်

မှာ မိုးရွာသောအခါ ချိုင့်ဝှမ်းရာအရပ်၌ ရေပြည့်သဖြင့် လွှမ်းမိုး၍သွားခြင်း လေဖြင့်ပြည့်သော သားရေအိတ်သည် ဖောင်းပွသကဲ့သို့ တစ်ကိုယ်လုံးလွှမ်းမိုး၍ စိမ့်ဝင်လေအောင် နှစ်သက်ခြင်းသည် ဖရဏာပီတိမည်၏ ထိုပီတိကို မဂ်ဟူ၍ အထင်မှားခြင်း။ ဤကား ပီတိငါးပါးဖြစ်ပုံတည်း။

(၃) **ပဿဒ္ဓိဆိုသည်ကား။** ။မိမိနှလုံးသွင်း၍နေသော အခိုက်အတန့်၌ ကိုယ်စိတ်နှစ်ပါးတို့သည် ခဏ ခဏ ငြိမ်း၍ ငြိမ်း၍ သွားခြင်းစသော ပဿဒ္ဓိ ထိုပဿဒ္ဓိကို မဂ်ဟူ၍အထင်မှားခြင်း။

(၄) **အဓိမောက္ခဆိုသည်မှာ။** ။လေးမြတ်စွာ ယုံကြည်ခြင်း အားကြီး လှသော သဒ္ဓါ၊ သဒ္ဓိန္ဒြေဟူသော ယုံကြည်ခြင်းစသောသဒ္ဓါ ထိုသဒ္ဓါကိုမဂ် ဟူ၍ အထင်မှားခြင်း။

(၅) **ပဂ္ဂဟဆိုသည်မှာ။** ။ထောက်ပံ့ခိုင်ခန့်စေခြင်း သမ္မပ္ပဓာန်လေးပါးကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ဟူသော ပဂ္ဂဟ။ ထိုပဂ္ဂဟကို မဂ်ဟုအထင် မှားခြင်း။

(၆) **သုခဆိုသည်မှာ။** ။ချမ်းသာခြင်း လွန်စွာမြင့်မြတ်သော ဝိပဿနာ စိတ်နှင့်ယှဉ်သော ကြီးစွာသော အထွတ်အမြတ်ဟူသော ချမ်းသာခြင်းသုခ၊ ထိုသုခကို မဂ်ဟု အထင်မှားခြင်း။

(၇) **ဉာဏဆိုသည်မှာ။** ။ဗဟုသုတ အရာ၌ လွန်စွာ အသိအမြင်များ လှသောဉာဏ် ထိုဉာဏ်သည် သိကြားမင်း၏ ဝရဇိန်လက်နက်နှင့် တူလှစွာသော အနိစ္စ-ဒုက္ခ-အနတ္တတို့ကို အထူးထူး စူးရှထင်မြင်အောင် မှတ်ရှုနိုင်သောဉာဏ် ထိုဉာဏ်ကိုမဂ်ဟု အထင်မှားခြင်း။

(၈) **ဥပဋ္ဌာနသတိဆိုသည်ကား။** ။ပေါ်ပေါက်လာရောက်သမျှ ခြောက်ဒွါရ ခြောက်အာရုံတို့ကို မလစ်စေရအောင် မှတ်ရှုနိုင်သောသတိ သတိပဋ္ဌာန် ဖြစ်၍ ဖြစ်သော ရှည်မြင့်စွာသော နေ့-လ-နှစ်တို့၌ ပြု၍ထားအပ်သော အမှု ဟူသမျှတို့ကို အောက်မေ့ သိမြင်နိုင်သော သတိ၊ ထိုသတိကို မဂ်ဟု အထင်း မှားခြင်း။

(၉) **ဥပေက္ခာဆိုသည်ကား။** ။လျစ်လျူရှုမြင်နိုင်ခြင်း မိမိနှင့်သဘောတူ သောတရားတို့ကို ညီညွတ်မျှတအောင် ဝိပဿနာနှင့်တကွ ဖြစ်သော ဥပေက္ခာ

သမ္မောဇ္ဈင်ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ မနောဒွါရ၌ အာဝဇ္ဇန်းစိတ်နှင့်တကွ ဖြစ်သော ဝေဒနုပေက္ခာ။ ဤဥပေက္ခာနှစ်ပါးကို ရှုမှတ်နိုင်သော ဥပေက္ခာ ထိုဥပေက္ခာကို မဂ်ဟု အထင်မှားခြင်း။

(၁၀) နိကန္တိဆိုသည်ကား။ ။နှစ်သက်ခြင်း မြတ်နိုးခြင်းကို ဆိုသည်။ ထိုနိကန္တိတဏှာသည် ပြဆိုခဲ့သော ဩဘာသစသော ၉-ပါးသော ဝိပဿနာ ဉာဏ်၏ ဘေးရန်ဖြစ်ပြုံးကြောင်း တို့သည် ဖြစ်ပေါ်လာကုန်သည် ရှိသော် ဩဘာသ-အရောင်၌ငြို၍ မိမိနှလုံးသွင်းသော နာမ်ရုပ်ကို လက်လွှတ်တတ်၏။

နိကန္တိတဏှာက ထိုအရောင်၌ မဂ်ဟု အမြင်မှား၍ နှစ်သက်ခြင်းမြတ်နိုးခြင်း၊ မာနက-ထိုဩဘာသအရောင်၌ မဂ်ဟု အမြင်မှား၍ ထောင်လွှားခြင်း၊ ဒိဋ္ဌိက ထိုဩဘာသ အရောင်၌ မဂ်ဟု အမြင်မှား၍ ငါ၏ကိုယ်ဟု စွဲလမ်းခြင်း ဖြစ်၏။ ပီတိ-ပဿဒ္ဓိ-အဓိမောက္ခ-ပဂ္ဂဟ-သုခ-ဉာဏ-သတိ-ဥပေက္ခာ ရှစ်ပါးတို့၌ လည်း ဩဘာသကဲ့သို့ တစ်ပါးတစ်ပါး၌ တဏှာ-မာန-ဒိဋ္ဌိ သုံးပါးစီ ပွားရ ကား ၂၇-ပါးသော အန္တရာယ်ကို သိမြင်စေကုန်လော။

(၂၇)ပါးကို ပြဆိုရာ၌ ဥပလက္ခဏာနည်းမျှသာ ဖြစ်ပေသည်။ အန္တရာယ် ကား များစွာရှိကုန်သတည်း။ အန္တရာယ်ကား ပုဂ္ဂိုလ်တိုင်းမတွေ့ပေကုန် ဉာဏ် နုံ့နှေး၍ မန္ဒဖြစ်သော ပုဂ္ဂိုလ်တို့သာ များသောအားဖြင့် အန္တရာယ်တွေ့တတ် ပေကုန်သည်။

ခြေတစ်လှမ်းနှင့် တရားရသောသူ၊ တစ်နာရီနှင့် တရားရသောသူ စသည်မှာ အန္တရာယ်မတွေ့နိုင်ကြပေကုန်။ ထိုတဏှာ-မာန-ဒိဋ္ဌိတို့ကား အန္တရာယ်မျိုးပေ တည်း။ ဩဘာသအစ ဥပေက္ခာအဆုံး ၉-ပါးသော တရားတို့သည် ဓမ္မသဘာဝ မျိုးဖြစ်ကြ၍ အန္တရာယ်ဟု မယူသင့်ပေကုန်။

အန္တရာယ်ကား ဆယ်ပါးထား မှတ်သားဤဉာဏ်မှာ။
မာန-တဏှာ ဒိဋ္ဌိမှာ တွယ်တာ-၉ ပါးသာ။
ဆယ်ပါးကိုဝယ် အန္တရာယ် တကယ်ပယ်လိုက်ပါ။
သုံးပါးအကျယ် အန္တရာယ် တစ်သွယ်မှတ်လိုက်ပါ။ (သံခိပ်)

ဧတံမမ-ဧသောဟမသ္မိ-ဧသောမေ အတ္တာတိ သမနုပဿတိ။

ဝေသော၊ ဤသြဘာသ-အရောင်အလင်းသည်။ မမ၊ ငါ၏အရောင်အလင်းတည်း။ ဣတိ၊ ဤသို့။ တဏှာဝသေန၊ နှစ်သက်မြတ်နိုးသော တဏှာ၏အစွမ်းဖြင့်။ သမနုပဿတိ၊ ရှုမှတ်၏။ ဝေသော၊ ဤသြဘာသ အရောင်အလင်းသည်။ အဟံ၊ ငါသည်။ ဒသ္မိ၊ ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ မာနဝသေန၊ တံခွန်အလားအလွန်ထောင်လွှားသော မာန၏အစွမ်းဖြင့်။ သမနုပဿတိ၊ ရှုမှတ်၏။ ဝေသော၊ ဤသြဘာသ အရောင်အလင်းသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဝါ၊ အစိုးတရ အတ္တပေတည်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိဝသေန၊ အထင်းမှား-အမြင်မှားသည်၏အစွမ်းဖြင့်။ သမနုပဿတိ၊ ရှုမှတ်၏။

နိကန္တိကိုချန်၍ ပီတိ-ပဿဒ္ဓိစသော အကြွင်းတို့၌ တစ်ပါး တစ်ပါးကို တဏှာ-မာန-ဒိဋ္ဌိ ၃-ပါးစီ ပွားပါလေ။

ကထံ ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ ဟောတိ အနိစ္စတော
မနသိကရောန္တဿ သြဘာသော ဥပ္ပဇ္ဇတိ သြဘာသ
ဓမ္မောတိ သြဘာသံ အာဝဇ္ဇတိ ဉာဏံ ဥပ္ပဇ္ဇတိ။
ဉာဏ ဓမ္မောတိ ဉာဏံ အာဝဇ္ဇတိ ပီတိ ဥပ္ပဇ္ဇတိ။
ပီတိဓမ္မောတိ ပီတိ အာဝဇ္ဇတိ ပဿဒ္ဓိ ဥပ္ပဇ္ဇတိ။
ပဿဒ္ဓိ ဓမ္မောတိ ပဿဒ္ဓိ အာဝဇ္ဇတိ သုခံ ဥပ္ပဇ္ဇတိ။
သုခဓမ္မောတိ သုခံအာဝဇ္ဇတိ အဓိမောက္ခော ဥပ္ပဇ္ဇတိ။
အဓိမောက္ခော ဓမ္မောတိ အဓိမောက္ခံ အာဝဇ္ဇတိ ပဂ္ဂဟော ဥပ္ပဇ္ဇတိ။
ပဂ္ဂဟောဓမ္မောတိ ပဂ္ဂဟံ အာဝဇ္ဇတိ ဥပဋ္ဌာနံ ဥပ္ပဇ္ဇတိ။
ဥပဋ္ဌာနဓမ္မောတိ ဥပဋ္ဌာနံ အာဝဇ္ဇတိ ဥပေက္ခာ ဥပ္ပဇ္ဇတိ။
ဥပေက္ခာဓမ္မောတိ ဥပေက္ခံ အာဝဇ္ဇတိ နိကန္တိ ဥပ္ပဇ္ဇတိ။
နိကန္တိ ဓမ္မောတိ နိကန္တိ အာဝဇ္ဇတိ တတော ဝိက္ခေပေါ ဥဒ္ဓစ္စံ။
တေနဥဒ္ဓစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော
ဥပဋ္ဌာနံ ယထာဘူတံ န ဇာနာတိ ဒုက္ခတော
အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ န ဇာနာတိ။ (ဝိသုဒ္ဓိမဂ်)

ဓမ္မုဒ္ဓစ္စဝိဂ္ဂဟိတမာနသံ၊ မဂ်ဟုဆင်ခြင်သော ဥဒ္ဓစ္စဖြင့် မဂ်ဟုအယူမှားသော စိတ်သည်။ ကထံဟောတိ၊ အဘယ်သို့ ဖြစ်ပါသနည်း။ အနိစ္စတော၊ မမြဲဟု။ မနသိကရောန္တဿ၊ နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား။ သြဘာသော၊ အရောင်

အလင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဩဘာသမ္ဗောဇ္ဈင်္ဂ မွောတိ၊ အရောင်အလင်း တရားဟူသည်ကား။ ဩဘာသံ၊ အရောင်အလင်းကို။ အာဝဇ္ဇတိ၊ဆင်ခြင်ပြန်၏။

ဉာဏံ၊ သိမြင်သောဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဉာဏဓမ္မောတိ၊ သိမြင်သောဉာဏ်တရားဟူသည်ကား။ ဉာဏံ၊ သိမြင်သောဉာဏ်ကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ ပီတိ၊ နှစ်သက်မြတ်နိုးခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ပီတိဓမ္မောတိ၊ နှစ်သက်မြတ်နိုးခြင်းတရားဟူသည်ကား။ ပီတိံ ၊ နှစ်သက်မြတ်နိုး ခြင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ ပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ပါးငြိမ်းခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ပဿဒ္ဓိဓမ္မောတိ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းခြင်းတရား ဟူသည်ကား။ ပဿဒ္ဓိံ ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းခြင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင် ပြန်၏။ သုခံ၊ ချမ်းခြေင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ သုခဓမ္မောတိ၊ ချမ်းသေ‌ာတရားဟူသည်ကား။ သုခံ၊ ချမ်းခြေင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင် ပြန်၏။ အဓိမောက္ခော၊ ယုံကြည်သောသဒ္ဓါသည်၊ ဥပ္ပဇ္ဇတိ ဖြစ်ပေါ်လာ၏။ အဓိမောက္ခောဓမ္မောတိ၊ ယုံကြည်သောသဒ္ဓါတရားဟူသည်ကား။ အဓိမောက္ခံ၊ ယုံကြည်သောသဒ္ဓါကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ ပဂ္ဂဟော၊ အားထုတ်သောဝီရိယသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ပဂ္ဂဟောဓမ္မောတိ၊ အားထုတ် သော ဝီရိယတရားဟူသည်ကား။ ပဂ္ဂဟံ၊ အားထုတ်သော ဝီရိယကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ ဥပဋ္ဌာနံ၊ မှတ်ရှုနိုင်သောသတိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဥပဋ္ဌာနဓမ္မောတိ၊ မှတ်ရှုနိုင်သော သတိတရားဟူသည်ကား။ ဥပဋ္ဌာနံ၊ မှတ်ရှု နိုင်သောသတိကို။အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ ဥပေက္ခာ၊ လျစ်လျူရှုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဥပေက္ခာဓမ္မောတိ၊ လျစ်လျူရှုနိုင်သော တရား ဟူသည်ကား။ ဥပေက္ခံ၊ လျစ်လျူရှုခြင်းကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။ နိကန္တိ၊ နှစ်သက်ခြင်း တဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ နိကန္တိဓမ္မောတိ၊ နှစ်သက်ခြင်း တရားဟူသည်ကား။နိကန္တိံ ၊ နှစ်သက်ခြင်းတဏှာကို။ အာဝဇ္ဇတိ၊ ဆင်ခြင်ပြန်၏။

တတော၊ ထိုသို့ဆင်ခြင်လေသောကြောင့်။ ဝိက္ခေပေါ၊ စိတ်၏ပျံ့လွင့်ခြင်း သည်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စမည်၏။ တေနဥဒ္ဓစ္စေန၊ ထိုပျံ့လွင့်သော ဥဒ္ဓစ္စဖြင့်။ ဝိဂ္ဂဟိတ- မာနသော၊ မင်္ဂဟုအယူမှားသော စိတ်သည်။ အနိစ္စတော၊ မမြဲဟု၊ ဥပဋ္ဌာနံ၊ ထင်တိုင်းမြင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်တိုင်း။ နပ္ပဇာနာတိ၊ မသိမမြင်။ ဒုက္ခတော၊ ဆင်းရဲဟု။အနတ္တတော၊ အစိုးမရဟု။ ဥပဋ္ဌာနံ၊ ထင်တိုင်းမြင်တိုင်း။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်တိုင်း။ နပ္ပဇာနာတိ၊ မသိမမြင်။

**အဓိပ္ပာယ်ကား။** ။သိသာထင်ရှားပြီး၊ ဤကားမဂ်ဟု အထင်အမြင်မှားပုံတည်း။

ကမ္မဋ္ဌာန်းဆရာတို့သည်။ ယောဂီပုဂ္ဂိုလ်တို့၏ အစစ်ခံချက်ကို လေးလေးနက်နက် ဘုရားရှင်၏မိန့်ချက် ကျမ်းဂန်၏အထွက်ကိုလည်းကောင်း၊ အာစရိယဝါဒ အဆုံးအမကိုလည်းကောင်း၊ ဦးထိပ်ထက်ပန်ဆင်၍ ဆောဆောလျှင်လျှင် မဆုံးဖြတ်ဘဲ ကြိမ်ဖန်များစွာ စစ်ဆေးပြီးမှ။ အန္တရာယ်ဆယ်ပါးကို နှုတ်ဝယ်အရထား၍ ဆုံးဖြတ်သင့်လှပေကုန်သည်။

အဆုံးအဖြတ်မှားခဲ့ပါလျှင် နောင်တဖန် အားမထုတ်ဘဲ ရှိတတ်ကြ၍ မဂ်ဖိုလ်ကို မရရှိတတ်သည်ဟု ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး ဩဝါဒ ပေးတော်မူသတည်း။

> တသ္မိံ ဥပ္ပန္နေ ယောဂါဝစရော န ဝတ မေ ဣတောပုဗ္ဗေ
> ဝေရူပေါ ဩဘာသော ဥပ္ပန္နပုဗ္ဗော အဒ္ဓါမဂ္ဂပတ္တောသ္မိ
> ဖလပတ္တောသ္မိတိ အမဂ္ဂမေဝ မဂ္ဂေါတိ အဖလမေဝ ဖလန္တိ။
> ဂဏှာတိ တဿ အမဂ္ဂံမဂ္ဂေါတိ အဖလံ ဖလန္တိ။
> ဂဏှတော ဝိပဿနာ ဝီထိ ဥက္ကန္တာနာမ ဟောတိ။
> သော အတ္တနော မူလကမ္မဋ္ဌာနံ ဝိသဇ္ဇေတွာ။
> ဩဘာသ မေဝ အဿာဒေန္တော နိသီဒတိ။ (ဝိသုဒ္ဓိမဂ်)

တသ္မိံ၊ ထိုဩဘာသဟူသော အရောင်အလင်းသည်။ ဥပ္ပန္နေ၊ ဖြစ်ပေါ်လာသည်ရှိသော်။ ယောဂါဝစရော။ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည်။ ဣတောပုဗ္ဗေ၊ ဤကမ္မဋ္ဌာန်း မစီးဖြန်းမီရှေးကာလ၌။ ဝေရူပေါ၊ ဤသို့ သဘောရှိသော။ ဩဘာသော။ အရောင်အလင်းသည်။ မေ၊ ငါ့အား။ န ဝတဥပ္ပန္နပုဗ္ဗော၊တရံတစ်ခါမျှမဖြစ်ဖူးပါတကား။ ဧကံ၊ အမှန်မချွတ်။ ဝါ၊ မလွဲ။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည် ရသည်။ အသ္မိ၊ ဖြစ်ပါပြီ။ ဖလပတ္တော၊ ဖိုလ်သို့ရောက်သည် ရသည်။ အသ္မိ၊ ဖြစ်ပါပြီ။ ဣတိ၊ ဤသို့။ အမဂ္ဂမေဝ၊ မဂ်မဟုတ်သည်ကိုပင်လျှင်။ မဂ္ဂေါတိ၊ မဂ်ဟုတ်သည် ရသည်ဟူ၍။ အဖလမေဝ၊ ဖိုလ်မဟုတ်သည်ကိုပင်လျှင်။ ဖလန္တိ၊ ဖိုလ်ဟုတ်သည် ဖိုလ်ရသည်ဟူ၍။ ဂဏှာတိ၊ စွဲစွဲမြဲမြဲ အားခဲ၍ ယူလေ၏။

အမဂ္ဂံ မဂ္ဂေါတိ၊ မဂ်မဟုတ်သည်ကို မဂ်ဟုတ်သည်ဟူ၍။ အဖလံ ဖလန္တိ၊ ဖိုလ် မဟုတ်သည်ကို ဖိုလ်ဟုတ်သည်ဟူ၍။ ဂဏှတော၊ စွဲစွဲမြဲမြဲအားခဲ၍ ယူသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ ဝိပဿနာ၊ ရှုမှတ်ပွားများသော ဝိပဿနာသည်။ ဝိထိဥက္ကန္တာနာမ၊ နှလုံးသွင်းသော အာရုံလွဲချော်ခြင်းမည်သည်။ ဝါ၊ အာရုံ တစ်ပါး ပြောင်းလွဲ၍ သွားခြင်းမည်သည်။ ဟောတိ၊ ဖြစ်လေ၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ မူလကမ္မဋ္ဌာနံ၊ ရှေးက နှလုံးသွင်း မှတ်၍နေသော အရင်းမူလဖြစ်သော နာမ်ရုပ်တရားနှစ်ပါးကို။ ဝိသဇ္ဇေတွာ၊ စွန့်လွှတ်လိုက်၍။ ဝါ၊ စွန့်လွှတ်ခြင်းကြောင့်။ ဩဘာသမေဝ၊ အရောင်အလင်း ကိုသာလျှင်။ အဿာဒေန္တော၊ သာယာနှစ်သက် မြတ်နိုးသည်ဖြစ်၍။ နိသီဒတိ၊ အရောင်အလင်းထဲ၌ စွဲမြဲအားခဲ၍ နေလေ၏။

**အဓိပ္ပာယ်လိုရင်းကား။** ။ထိုဩဘာသ အရောင်အလင်း ဖြစ်ပေါ်လာ သည်ရှိသော် ယောဂီပုဂ္ဂိုလ်သည်။ ကမ္မဋ္ဌာန်းမစီးဖြန်းမီ ရှေးအခါက ဤသို့ သဘောရှိသော အရောင်အလင်းသည်။ ငါ့အားတစ်ခါတစ်ရံမျှ မဖြစ်စဖူးပါ တကား။ ကေန်မုချမလွဲမဂ်သို့ရောက်ပြီရပြီ၊ ဖိုလ်သို့ ရောက်ပြီရပြီဟု ဤသို့မဂ် မဟုတ်သည်ကိုပင် မဂ်ဟုတ်သည်ဟူ၍ ဖိုလ်မဟုတ်သည်ကိုပင် ဖိုလ်ဟုတ်သည် ဟူ၍ စွဲစွဲမြဲမြဲယူ၍ထားသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာစိတ်သည် အာရုံတစ်ပါး ပြောင်းလွဲ၍သွားလေ၏။ ထိုယောဂီပုဂ္ဂိုလ်သည်။ မူလနှလုံးသွင်းရင်းဖြစ်သော ရုပ်နာမ် ဆတ်ဆတ် ပရမတ်ကို စွန့်လွှတ်၍ ဩဘာသ အရောင်အလင်းထဲ၌ သာလျှင် တဏှာအားဖြင့် သာယာနှစ်သက်၍ နေလေ၏။

ကြွင်းသောဉာဏ်၏ သိမြင်မှု ၁။ ပီတိ ၅-ပါး၏ နှစ်သက်မှု၊ ၂။ ပဿဒ္ဓိ ကိုယ်စိတ်နှစ်ပါးငြိမ်းမှု၊ ၃။ သုခ ချမ်းသာမှု၊ ၄။ အဓိမောက္ခ ယုံကြည်မှု။ ၅။ ပဂ္ဂဟ လုံ့လ ဝီရိယအားထုတ်နိုင်မှု၊ ၆။ သတိမလစ်ရအောင် ရှုမှတ်နိုင်မှု၊ ၇။ ဥပေက္ခာ လျစ်လျူရှုမှတ်နိုင်မှု၊ ၈။ ရှင်း ၈-ပါးတို့ကို ပြဆိုခဲ့သော ဩဘာသနှင့် နည်းတူ သိမြင်ကြစေကုန်လော။ ဤကဲ့သို့ အန္တရာယ်များသည်ကို ထောက်၍ ယခုအခါ တရားကိုအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းဆရာ နှင့်ကင်းကွာ၍ ဖြစ် မဖြစ်ကို စနစ်ကျ သိမြင်ကြပေကုန်လော။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး က မဂ်ဝင်ပုံကို မိန့်တော်မူသည်မှာ ကွေးခြင်းဆန့်ခြင်းစသောရုပ်၊ မြင်ခြင်း ကြား

ခြင်းစသောနာမ်၊ ဤနာမ်ရုပ်တစ်ခုခု၌ ဒုက္ခထင်မြင်၍ ဤကား ဒုက္ခဖြစ်ပျက်သောသဘော၊ ဤကားနိဗ္ဗာန် မဖြစ်မပျက်သောသဘောဟု မဂ်စိတ်ကျ၏။

ဤကား ဒုက္ခဟုထင်မြင်သောစိတ် ဝိပဿနာ၊ ဤကား နိဗ္ဗာန်ဟုထင်မြင်သောစိတ်၊ မဂ်အခိုက်မဂ်ဖြင့် လောကီခန္ဓာနာမ်ရုပ်မှာ ကိလေသာပယ်ပျောက်၏။ ဖြစ်ဆဲဖြစ်လတ္တံ့သော လောကီခန္ဓာနာမ်ရုပ်မှာ ကိလေသာ တဖန်မဖြစ်၍ ငြိမ်း၏။ ကိလေသာတဖန်မဖြစ်ငြိမ်းပါမှ နောင်တဖန် ဘဝသစ်ငြိမ်း၏။

လောကီခန္ဓာနာမ်ရုပ် ဒုက္ခငြိမ်းသော ကိလေသာ သမုဒယတဖန် မဖြစ်ငြိမ်းသော ကိလေသာ နောင်တဖန်အသစ်မဖြစ်သော ဘဝနိရောဓနိဗ္ဗာန် တဖန်ငြိမ်းသောကိလေသာ နောင်တဖန်အသစ်မဖြစ် ငြိမ်းသောဘဝကို ဤကား နိဗ္ဗာန်ဟုမြင်ပါမှ မဂ်ဝင် မဂ်ရသည်ဟု မိန့်တော်မူသတည်း။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက ဖြစ်သောသဘောကား ဥပါဒ်၊ တည်သောသဘောကား ဌီ၊ ပျက်သောသဘောကား ဘင်၊ အားထုတ်ပြုမြင် စီရင်သောသဘောကား သင်္ခါရ၊ စိတ်မှာထင်မြင်သောသဘောကား အာရုံနိမိတ်၊ ဤလက္ခဏာနှင့်မလွတ်၍ ထင်မြင်လျှင် မဂ်သို့မဝင် မရောက် မရပေ။ ပြဆိုခဲ့သော ဥပါဒ်-ဌီ-ဘင်-သင်္ခါရ-အာရုံ-နိမိတ်နှင့်လွတ်ကင်း၍ ထင်မြင်ပါမှ မဂ်ဖိုလ်တို့၏ ချုပ်သောအာရုံ အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ဟူ၍ ဆုံးဖြတ်တော်မူသတည်း။

န အတီတေ ကိလေသေ ပဇဟာတိ န အနာဂတေ
ကိလေသေ ပဇာဟာတိ န ပစ္စုပ္ပန္နေ ကိလေသေ ပဇဟာတိ။

အတီတေကိလေသေ၊ အတိတ်ကိလေသာတို့ကို။ နပဇဟာတိ၊ မစွန့်မပယ်။ အနာဂတေ ကိလေသေ၊ အနာဂတ် ကိလေသာတို့ကို။ နပဇဟာတိ၊ မစွန့်မပယ်။ ပစ္စုပ္ပန္နေကိလေသေ၊ ပစ္စုပ္ပန်ကိလေသာတို့ကို။ နပဇဟာတိ၊ မစွန့်မပယ်။

အဓိပ္ပာယ်ကား။ ။မဂ်ဖြင့် ကိလေသာကို ပယ်သည်ဆိုရာ၌ အတိတ်ကကိလေသာတို့ကိုမပယ်၊ အနာဂတ်ကကိလေသာတို့ကိုမပယ်၊ပစ္စုပ္ပန်က ကိလေသာတို့ကိုမပယ်၊ ၎င်းအတိတ်-အနာဂတ်-ပစ္စုပ္ပန်တို့သည် ကာလသုံးပါး အတွင်းက လောကီတရားများသာ ဖြစ်ပေသည်။ မဂ်ဖိုလ်တို့၏ အာရုံသည် လောကုတ္တရာဖြစ်ကြ၍၊ ကာလဝိမုတ်ဟု ဆိုရပေသည်။ အကျယ်ကို အလိုရှိကြမူ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ရေးသားစီရင်သော အာရမ္မာဝိဓိ ဝိသဇ္ဇနာကျမ်းကြီးမှာ ယူပါလေ။

မဂ္ဂသမင်္ဂိဿ ဉာဏံ ဒုက္ခေပေတံ ဉာဏံ။
ဒုက္ခသမုဒယေ ပေတံဉာဏံ ဒုက္ခနိရောေ
ဓေပေတံဉာဏံ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါယပေတံဉာဏံ။

မဂ္ဂသမင်္ဂိဿ၊ မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား။ ယံဉာဏံ၊ အကြင်ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခေပိဉာဏံ၊ ဒုက္ခသစ္စာကိုလည်းသိသော ဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ သမုဒယေပိဉာဏံ၊ သမုဒယသစ္စာ ကိုလည်းသိသောဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓေပိဉာဏံ၊ ဒုက္ခ၏ ချုပ်ရာ နိရောဓ သစ္စာကိုလည်း သိသောဉာဏ် မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါယပိဉာဏံ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းမဂ္ဂသစ္စာကိုလည်း သိသောဉာဏ်မည်၏။

ဤသစ္စာ ၄-ပါးကို မဂ်ရသောသူမှသာလျှင် ထင်နိုင် မြင်နိုင် ပေသည်။ ဉာဏ်ဆယ်ပါးရသောသူ မဂ်ဉာဏ်ကို ရသောသူတို့ကို ဆုံးဖြတ်ရာ၌ ယောဂီတို့ အစစ်ခံချက်အရ ဆရာက ဆုံးဖြတ်ရပေသတည်း။

ဇာတံ ရူပံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော။
ဝိပရိဏာမလက္ခဏံ ဝယော အနုပဿနာဉာဏံ။

ဇာတံ၊ ဖြစ်ဆဲသော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိက္ခလဏံ၊ ဖြစ်သောလက္ခဏာသည်။ ဥဒယော၊ဥဒယမည်၏။ ဝိပရိဏာမ လက္ခဏံ၊ ပျက်သောလက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ။ ဖြစ်သည် ပျက်သည်ကို ရှုမြင်ခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။

အဝိဇ္ဇာကြောင့် ရုပ်ဖြစ်သည်ကို ရှုမြင်ခြင်း ၁။ တဏှာကြောင့် ရုပ်ဖြစ်သည်ကို ရှုမြင်ခြင်း ၂။ ကံကြောင့် ရုပ်ဖြစ်သည်ကို ရှုမြင်ခြင်း ၃။ အာဟာရကြောင့် ရုပ်ဖြစ်သည်ကို ရှုမြင်ခြင်း ၄။ ဖြစ်ခြင်း လက္ခဏာကို ဥဒယဟုရှုမြင်၏ ၅။ ဤကား ရူပက္ခန္ဓာ၌ ဖြစ်ခြင်းလက္ခဏာ ၅-ပါးကို ရှုမြင်ခြင်း။

အဖြစ်ကို ရှုမြင်သဖြင့် အပျက်ကို ရှုမြင်မှုတို့ကိုနည်းတူ သိမြင်ကြကုန်လော။ အပျက်၌ ၅-ပါး။ ပေါင်း ၁၀-ပါး ဖြစ်၏။

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသလက္ခဏာနိ ပဿတိ၊

ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿန္တော၊ ရှုမြင်သည်ရှိသော်။ ဣမာနိဒသ လက္ခဏာနိ၊ ဤဆယ်ပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်သည်ကို ရှုမြင်ခြင်း ၁။ တဏှာ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်သည်ကို ရှုမြင်ခြင်း ၂။ ကံဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်သည်ကို ရှုမြင်ခြင်း ၃။ ဖဿာဖြစ်ခြင်းကြောင့် ဝေနာဖြစ်သည်ကို ရှုမြင်ခြင်း ၄။ ဖြစ်ခြင်း လက္ခဏာကို ဥဒယဟု ရှုမြင်၏ ၅။ ဤကား ဝေဒနာက္ခန္ဓာ၌ဖြစ်ခြင်းလက္ခဏာ ၅-ပါး။ အဖြစ်ကိုရှုမြင်သဖြင့် အပျက်ကိုရှုမြင်မှုကို နည်းတူမြင်ကြကုန်လော။ အပျက်၌ ၅-ပါး၊ ပေါင်း ၁၀-ပါးဖြစ်၏။

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသလက္ခဏာနိ ပဿတိ။

ဝေဒနာက္ခန္ဓဿ၊ဝေဒနာက္ခန္ဓာ၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿန္တော၊ ရှုမြင်သည်ရှိသော်။ ဣမာနိဒသလက္ခဏာနိ၊ ဤဆယ်ပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။

သညာက္ခန္ဓာ၌ အဖြစ် ၅-ပါး၊ အပျက် ၅-ပါး၊ ပေါင်း ၁၀-ပါး။ သင်္ခါရက္ခန္ဓာ၌ အဖြစ် ၅-ပါး၊ အပျက် ၅-ပါး၊ ပေါင်း ၁၀-ပါး။ ဝေဒနာက္ခန္ဓာနှင့် နည်းတူ သိမြင်ကြကုန်လော။

အဝိဇ္ဇာကြောင့် ဝိညာဏက္ခန္ဓာ ဖြစ်သည်ကို ရှုမြင်ခြင်း ၁။ တဏှာကြောင့် ဝိညာဏက္ခန္ဓာဖြစ်သည်ကို ရှုမြင်ခြင်း ၂။ ကံကြောင့် ဝိညာဏက္ခန္ဓာဖြစ်သည်ကို ရှုမြင်ခြင်း ၃။ နာမ်ရုပ်ကြောင့် ဝိညာဏက္ခန္ဓာဖြစ်သည်ကို ရှုမြင်ခြင်း ၄။ ဖြစ်ခြင်းလက္ခဏာကို ဥဒယဟု ရှုမြင်၏ ၅။ ဤကား ဝိညာဏက္ခန္ဓာ၌ ဖြစ်ခြင်း လက္ခဏာ ၅-ပါး အဖြစ်၌ ရှုမြင်သဖြင့် အပျက်၌ သိမြင်မှုကို နည်းတူ သိမြင်ကုန်လော အပျက်၌ ၅-ပါး၊ ပေါင်း ၁၀-ပါးဖြစ်၏။

ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသလက္ခဏာနိ ပဿတိ။

ဝိညာဏက္ခန္ဓဿ၊ဝိညာဏက္ခန္ဓာ၏။ ဥဒယဗ္ဗယံ၊ အဖြစ် အပျက်ကို။ပဿန္တော၊ ရှုမြင်သည်ရှိသော်။ ဣမာနိ ဒသလက္ခဏာနိ၊ ဤဆယ်ပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။ အကျယ်ကိုအလိုရှိကြမူ။ ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော် ဘုရားကြီး စီရင်သော ပေဠကောပဒေသအဋ္ဌကထာ အာရမ္ဘဝိဓိ ကျမ်းမှာယူပါလေ။

ပဉ္စာနံ ခန္ဓာနံ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စဝီသတိ လက္ခဏာနိ။
ပဿတိ ဝယံ ပဿန္တော ဣမာနိ ပဉ္စဝီသတိ လက္ခဏာနိ
ပဿတိ ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ပညာသ လက္ခဏာနိ ပဿတိ။

ပဋ္ဌာနံ ခန္ဓာနံ၊ ငါးပါးသော ခန္ဓာတို့၏။ ဥဒယံ၊ အဖြစ်ကို။ ပဿန္တော၊ ရှုမြင်သည်ရှိသော်။ ဣမာနိ ပဥ္စဝီသတိ လက္ခဏာနိ၊ ဤနှစ်ဆယ့် ငါးပါးသော လက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။ ဝယံ၊ အပျက်ကို။ ပဿန္တော၊ ရှုမြင်သည် ရှိသော်။ ဣမာနိပဥ္စဝီသတိလက္ခဏာနိ၊ ဤနှစ်ဆယ့်ငါးပါးသောလက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿန္တော၊ ရှုမြင်သည်ရှိသော်။ ဣမာနိပညာသလက္ခဏာနိ၊ ဤငါးဆယ်သော လက္ခဏာတို့ကို။ ပဿတိ၊ ရှုမြင်၏။

တံ ဉာတဋ္ဌေန ဉာဏံ ပဇာနနဋ္ဌေန ပညာ တေန ဝုစ္စတိ ပစ္စုပ္ပန္နာနံ။
ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။

ဧဝံ၊ ဤသို့။ တံ၊ ထိုပစ္စုပ္ပန်တရားတို့၏ အဖြစ်အပျက်ကို သိခြင်းသည်။ ဉာတဋ္ဌေနဉာဏံ၊ အာရုံကိုသိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ ပဇာနနဋ္ဌေနပညာ၊ ထင်သောအခြင်းအရာကိုသိသော အနက်ကြောင့် ပဇာနန ပညာလည်းမည်၏။ တေန၊ ထို့ကြောင့်။ ပစ္စုပ္ပန္နာနံ ဓမ္မာနံ၊ ပစ္စုပ္ပန်တရားတို့၏။ ဝိပရိဏာမာနုပဿနေဉာဏံ၊ အဖြစ်အပျက်ကို ရှုမြင်သောပညာကို။ ဥဒယဗ္ဗယာ နုပဿနေဉာဏံ၊ ဥဒယဗ္ဗယနုပဿနာဉာဏ်မည်၏။

**အဓိပ္ပာယ်ကား**။ ။ဤသို့ ပစ္စုပ္ပန်၌ ဖြစ်ဆဲသော ရုပ်နာမ်တို့၏ မြင်-ဖြစ်ပျက် ကြား-ဖြစ်ပျက်၊နံ-ဖြစ်ပျက်၊ စားဖြစ်ပျက်၊ ထိ-ဖြစ်ပျက်၊ သိ-ဖြစ်ပျက် ဖြစ်ပျက် ခြင်းကို သိခြင်းသည် အာရုံကို သိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ ထင်သောအခြင်းအရာကို သိသော အနက်ကြောင့် ပဇာနန ဉာဏ်လည်း မည်၏။ ထို့ကြောင့်ပစ္စုပ္ပန်မြင်ဆဲခဏ၌ အဆင်းနှင့် မှတ်တဲ့စိတ်၊ ကြားဆဲခဏ၌ အသံရုပ် နှင့်မှတ်တဲ့စိတ်စသည်တို့၏ အဖြစ်အပျက်ကို ရှုမြင်သောဉာဏ်ကို ဥဒယဗ္ဗယဉာဏ် ဟု ဆိုပေသည်။

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ ကာဓံ ဥဒယဗ္ဗယ
ပရိဂ္ဂဏှနံ အဘိနိဝေသောတိ ဒဿိတံ ယထာ ဥပဋ္ဌိတေ ပန ရူပါ
ရူပဓမ္မေ တေသဥ္စ ပစ္စယေ ပရိဂ္ဂဟေတွာ သခေ်ပေနေဝ ဝိပဿနာ
ဉာဏံ စာရေန္တောဉာဏုတ္တရော ယထာ နိသိန္နောဝ ဉာဏ
ပဋိပါဋိယာ ခိပ္ပမေဝ သစ္စာနိ ပဋိဝိဇ္ဈန္တော ကေပ္ပဟာရေန
ပဥ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိနာမ အညထာ ဧကေနေဝ လောကိယ
စိတ္တေန ပဋ္ဌာနံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒိနံ အသမ္ဘဝတော။

ယံ ကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံနိရောဓ ဓမ္မန္တိဝစနေန၊ ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗံနိရောဓ ဓမ္မံ ဟူသော စကားဖြင့်။ ဥဒယဗ္ဗယပရိဂ္ဂဏှနံ၊ အဖြစ်အပျက်ကို သိမ်းဆည်းခြင်းကို။ အဘိနိဝေသေသတိ၊ နှလုံးသွင်း၏ဟူ၍။ ကာမံဒဿိတံ၊ အကယ်၍ကားပြပေ၏။ ပန တထာပိ၊ ထိုသို့ပင်ပြသော်လည်း။ ယထာဥပဋ္ဌိတေ၊ ထင်တိုင်းကုန်သော။ ရူပါရူပဓမ္မေစ၊ ရုပ်နာမ်တရားတို့ကို လည်းကောင်း။ တေသံ၊ ထိုရုပ်နာမ်တရားတို့တို့၏။ပစ္စယေစ၊အကြောင်းတို့ကိုလည်းကောင်း။ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ သင်္ခေပေနေဝ၊ အကျဉ်းအားဖြင့်သာလျှင်။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်ကို။ စာရေန္တော၊ ဖြစ်စေလျက်။ ဉာဏုတ္တရော၊ ဉာဏ်ထက်သောသူသည်။ ယထာနိသိန္နေ၁ဝ၊ တထိုင်တည်းပင်လျှင်။ ဉာဏပဋိပါဋိယာ၊ ဉာဏ်စဉ်အတိုင်းဖြင့်။ ခိပ္ပမေဝ၊ လျှင်စွာသာလျှင်။ သစ္စာနိ၊ သစ္စာလေးပါး မြတ်တရားတို့ကို။ ပဋိဝိဇ္ဈန္တော။ ထိုးထွင်းလျက်။ ဧကပ္ပဟာရေန၊ တစ်ပြိုင်နက်ဖြင့်။ ပဉ္စဟိခန္ဓေဟိ၊ ငါးသော ခန္ဓာတို့မှ။ ဝုဋ္ဌာတိနာမ၊ ထသည်မည်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ အညဿ၊ ဝိပဿနာလောကီစိတ် တစ်ကြိမ်တည်းသော အခြင်းအရာကိုယူသည်မှ တစ်ပါးသော လောကီစိတ်တစ်ကြိမ်တည်းသော အခြင်းအရာကို ယူအပ်သည်ရှိသော်။ ဧကေနေဝလောကိယစိတ္တေန၊ လောကီစိတ် တစ်ကြိမ်တည်းဖြင့်သာလျှင်။ ပဉ္စန္နံ ခန္ဓာနံ၊ ငါးပါးသောခန္ဓာတို့ကို။ ပရိဂ္ဂဟပရိစ္ဆေဒနာနုဒီနံ၊ သိမ်းဆည်းခြင်း၊ ပိုင်းခြားခြင်း စသည်တို့၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

**အဓိပ္ပာယ်လိုရင်းကား။** ။ပါဠိတော်၌ အလုံးစုံဖြစ်ခြင်းတရား ပျက်ခြင်းတရားဟူသော စကား၌ မြင်-ဖြစ်ပျက်၊ ကြား-ဖြစ်ပျက်၊ သိမ်းဆည်းခြင်းကို။ နှလုံးသွင်း၏ဟု အကယ်၍ကားပြပေ၏။ ထိုသို့ပြသော်လည်း ထင်တိုင်းမြင်တိုင်းကုန်သော အဆင်းရုပ်နှင့်မှတ်တဲ့စိတ်၊ အသံရုပ်နှင့်မှတ်တဲ့စိတ် စသောနာမ်ရုပ်တို့ကို လည်းကောင်း၊ ထိုနာမ်ရုပ် တို့၏ အကြောင်းတို့ကို လည်းကောင်း၊ သိမ်းဆည်း၍ အကျဉ်းအားဖြင့်အားသုတ်သော ဝိပဿနာဉာဏ်ကိုဖြစ်စေလျက် ဉာဏ်ထက်သန်သောသူသည် တစ်ခါတစ်ထိုင်တည်း ပင်လျှင်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်စသော ဆယ်ပါးသော ဉာဏ်စဉ်အတိုင်း လျှင်မြန်စွာ သစ္စာလေးပါး မြတ်တရားတို့ကို ထိုးထွင်းလျက် တပြိုင်နက် ငါးပါးသောခန္ဓာတို့မှ ထမြောက်သည်မည်၏။

အဘယ့်ကြောင့်နည်း။ မှတ်သော ဝိပဿနာလောကီစိတ် တစ်ကြိမ်တည်းသော အခြင်းအရာကို ယူသည်မှ တစ်ပါးသော လောကီစိတ် တစ်ကြိမ်တည်းသော အခြင်းအရာကို ယူအပ်သည်ရှိသော် လောကီစိတ်တစ်ကြိမ်တည်း တစ်ခါတည်းဖြင့်သာလျှင် ငါးပါးသောခန္ဓာတို့ကို သိမ်းဆည်းခြင်း ပိုင်းခြားခြင်းစသည်တို့၏ မဖြစ်သင့်လေသောကြောင့်တည်း။ မဂ်စိတ်ကဲ့သို့ တစ်ခါတည်း တစ်ကြိမ်တည်း မထမြောက်-မအောင်နိုင်ပေ။

ပြဆိုခဲ့သော ဥဒယဗ္ဗယဉာဏ်ဖြင့် နှလုံးမသွင်းခြင်းကြောင့် ရုပ်နာမ်တို့သည် ဆီမီးအလျှံ-မြစ်ရေအယဉ်ဘိုကဲ့သို့ အစဉ်မပြတ် သန္တတိပညတ်ဖြင့် မပြတ်ဖုံးလွှမ်းအပ်သောကြောင့်အနိစ္စကို မထင်မမြင်နိုင်ကြကုန်။ရုပ်နာမ်တို့သည် ဉပါဒ်-ဌီ-ဘင်-အားဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဘယ်ကလှုမ်းသော ဣရိယာပုတ်ကို ညာကလှုမ်းသော ဣရိယာပုတ်က ဖုံးလွှမ်းသည်။ ညာကလှုမ်းသော ဣရိယာပုတ်ကို ဘယ်ကလှုမ်းသော အရိယာပုတ်က ဖုံးလွှမ်းသည်။

ဣရိယာပုတ်တို့သည် တစ်ခုနှင့်တစ်ခု အချင်းချင်းဖုံးလွှမ်းအပ်သောကြောင့် ဒုက္ခကို မထင်မမြင်နိုင်ကုန်။ အထူးထူးသောဓာတ်တို့ကို အသီးသီးဝေဖန်ပိုင်းခြားခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဃန-ဟူသော အတုံးအလုံး အဆိုင်အခဲ အမြဲဖုံးလွှမ်းအပ်သောကြောင့် အနတ္တကို မထင်မမြင်နိုင်ကြကုန်။

ဣရိယာပုတ် ဖုံးလွှမ်းခြင်း တို့ကို မဖုံးလွှမ်းရအောင် ကိုယ်အမူအရာကို လှုပ်တိုင်း-ကြွတိုင်း-ကွေးတိုင်း-ဆန့်တိုင်းစသော အမူအရာ စိအောင် ထိအောင် မှတ်၍ပေးလျှင် သန္တတိပညတ်-ဣရိယာပထဃနတို့သည် ကုန်စင်လွင့်ပျောက်၍ ယထာဘူတ သဘာဝတို့ကို ဟုတ်တိုင်းမှန်စွာ ရောက်တော့ရတော့ပေသည်။ ဤကား ဝိသုဒ္ဓိမဂ်ကျမ်း၌လာသော စကားတည်း။

ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ၊ သန္တတိယာ ဝိကောပိတာယ-
အနိစ္စလက္ခဏံ ယာထာဝသရသတော-ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ်)

ပန၊ မထင်မြင်သည်မှတစ်ပါး ထင်မြင်သည်ကို ပြဆိုဦးအံ့။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းရှုမှတ်၍။ သန္တတိယာ၊ ဆီမီးလျှံမြစ်ရေအယဉ်ကဲ့သို့ ဖြစ်၍နေသော ရုပ်နာမ်အစဉ်ကို။ ဝိကောပိတာယ၊ ဖျက်ဆီးသည်ရှိသော်၊ ဝါ၊ ရှုမှတ်သည်ရှိသော်။ အနိစ္စလက္ခဏံ၊ မမြဲသောလက္ခဏာသည်။ ယာထာဝသရသတော၊ မဖောက်မပြန် ဟုတ်မှန်သော ကိစ္စသဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်မြင်၏။

**အဓိပ္ပာယ်ကား။** ။ပြဆိုခဲ့သော မထင်မမြင်ခြင်း သုံးပါးမှတစ်ပါး ထင်မြင်သည်ကို ပြဆိုဦးအံ့။ ဖြစ်ခြင်း ပျက်ခြင်းကို သိမ်းဆည်းဆင်ခြင်၍ ဆိုသော အရာမှာ အောက်၌ပြဆိုခဲ့သော နာမရူပ-ပစ္စယပရိဂ္ဂဟ-သမ္မသနဉာဏ်တို့က အထူးအားထုတ်လာ၍ ကြီးစွာသော ကမ္မဋ္ဌာန်းအရှိန်အဟုန်ဖြင့် ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသဘောကို မှတ်သောစိတ်၌ အလိုလိုဉာဏ်ဝ၌ ထင်မြင်၍လာသည်ကို ဥဒယဗ္ဗယံ ပရိဂ္ဂဟေတွာ၊ ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်း၍ ဆိုပေသည်။

မိမိသဘောနှင့် ဖြစ်ခြင်း ပျက်ခြင်း ဥဒယဗ္ဗယဉာဏ်ကို သိမ်းဆည်းရမည် မဟုတ်ပေ။ ဤသို့ ရှုမှတ်သောအခါ ဆီမီးလျှံ မြစ်ရေအယဉ်ကဲ့သို့ အစဉ်ဖြစ်၍နေသော ရုပ်နာမ်ကို ဖျက်ဆီး၍ အနိစ္စလက္ခဏာ မမြဲခြင်းသည် မဖောက်မပြန် ဟုတ်မှန်သောသဘောအားဖြင့် သူ့အလိုလို ထင်မြင်လေတော့သည်။

အဘိဏှသမ္ဗုဒ္ဓိပိဋ္ဌန် မနသိကတွာ ဣရိယာပထေ ဥဋ္ဌျတိတေ
ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ်)

အဘိဏှသမ္ဗတိပိဋ္ဌန်၊ ဥပါဒ်-ဌီ-ဘင် တို့ဖြင့် မပြတ်နှိပ်စက်ခြင်းကို။ မနသိကတွာ၊ ရှုမှတ်နှလုံးသွင်း၍။ ဣရိယာပထေ၊ သွားခြင်းစသော ဣရိယာပုတ်ကို။ ဥဋ္ဌျာတိတေ၊ ပယ်သည် ခွာသည် မှတ်သည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဆင်းရဲသော ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ မဖောက်မပြန် ဟုတ်မှန်သဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်မြင်၏။

**အဓိပ္ပာယ်ကား။** ။ဥပါဒ်-ဌီ-ဘင်တို့ဖြင့် မပြတ်နှိပ်စက်ခြင်းကို ရှုမှတ်နှလုံးသွင်း၍နေသော် ဘယ်ကလှမ်းသော ဣရိယာပုတ်ကို ညာကလှမ်းသော ဣရိယာပုတ်က မဖုံးလွှမ်းနိုင်ပေ။ ညာကလှမ်းသော ဣရိယာပုတ်ကို ဘယ်ကလှမ်းသော ဣရိယာပုတ်က မဖုံးလွှမ်းနိုင်ပေ။ ကြွင်းသော ဣရိယာပုတ်တို့မှာ ၊ နည်းတူသိမြင်ကြစေကုန်လော။

ဤသို့ ကိုယ်အမူအရာတို့ ဖြစ်ပေါ်သောအခါ ရှေ့အမှတ်နှင့် နောက်အမှတ်သည် စိအောင် ထိအောင် မှတ်၍ပေးလျှင် သုခဟူက ဘာတစ်ခုမျှမရှိ။ ဆင်းရဲအတိပါတကားဟု ဉာဏ်ဝ၌ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သူ့အလိုလို ထင်မြင်လေတော့သည်။

နာနာဓာတုယော ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ
အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ်)

နာနာဓာတုယော၊ အထူးထူးသော ဓာတ်တို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ခွဲခြမ်းဝေဖန်၍။ ဃနဝိနိဗ္ဘောဂေ၊ အတုံးအလုံးအဆိုင်အခဲကို အသီးအသီးဝေဖန်ခြင်းကို။ ကတေ၊ ပြုသည် ရှုသည် မှတ်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ယာထာဝ သရသတော၊ မဖောက်မပြန် ဟုတ်မှန်သော သဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်မြင်၏။

အဓိပ္ပာယ်ကား။ ။အထူးထူးသော ဓာတ်ဆိုရာ၌ အပေါင်းအားဖြင့်။ ရုပ်ဓာတ် နာမ်ဓာတ် ၎င်းဓာတ်သည်။ အတ္တာနံ သဘာဝံ ဓာရေတီတိ ဓာတု၊ မိမိသဘောကိုဆောင်ခြင်းကြောင့် ဓာတ်ခေါ်သည်။ ရုပ္ပနလက္ခဏာ ဖောက်ပြန်ခြင်းသည် ရုပ်ဓာတ်မည်၏။ နမနလက္ခဏာ၊ အာရုံသို့ညွတ်ခြင်းသည် နာမ်ဓာတ်မည်၏။

ပထဝီဓာတ်သည် ကြမ်းတမ်းခြင်းလက္ခဏာကို ဆောင်သည်။ အာပေါဓာတ်သည် ယိုစီးခြင်း လက္ခဏာကို ဆောင်သည်။ တေဇောဓာတ်သည် ပူအေးခြင်း လက္ခဏာကိုဆောင်သည်။ ဝါယောဓာတ်သည် လှုပ်ရှားခြင်းကို ဆောင်သည်။ စက္ခုဓာတ်သည် မြင်ခြင်းကိုဆောင်သည်။အကြွင်းသည် သူ့အာရုံနှင့်သူဆောင်သည်။

၁၈-ပါးသော ဓာတ်တို့သည် မိမိတို့သဘောကို မိမိတို့ဆောင်ခြင်းကြောင့် ဓာတ်ခေါ်သည်။ ၎င်းဓာတ်သည် ဆောင်ခြင်းအနက်သဘော တစ်ခုကိုသာ စွဲစွဲမြဲမြဲမှတ်ယူသင့်လှပေကုန်သည်။ ဓာတ်ပေါ်၌ အာရုံတင်၍ မနေသင့်ပေကုန်။

အဆင်းရုပ်ကိုမြင်သည်ဟု မှတ်သောအခါ ပြဆိုခဲ့သောရုပ်ဓာတ်နာမ်ဓာတ်တို့သည် မြင်မှုတစ်ခု ဆောင်ခြင်း၌ ပါဝင်ပြီးစီးသည်ကို နာနာဓာတုယော ဝိနိဗ္ဘုဇ္ဇိတွာ၊ အထူးထူးသောဓာတ်တို့ကို။ ဝေဖန်ပိုင်းခြားခြင်းကို ဆိုလိုသည်။ ၁၈-ပါးသော ဓာတ်တို့ကို တစ်ခုစီ အရကျက်၍ အနက် အဓိပ္ပာယ်နှင့်တကွ ရွတ်ဖတ်သရဇ္ဈာယ်ရမည် ဆိုလိုသည်မဟုတ်ပေ။

မြင်မြင်သည်ဟု အဆင်းရုပ်ကို မှတ်သောအခါ အဆင်းရုပ်တစ်ခုနှင့် မှတ်တဲ့စိတ်တစ်ခုကိုသာ တွေ့ရှိခြင်းကြောင့် အတုံးအလုံးအဆိုင်အခဲမရှိသည်ကို အစိုးမရ အနတ္တလက္ခဏာဖြင့် မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့် သူ့အလိုလိုထင်မြင်သည်ကို ဆိုသည်။

ခြောက်ဒွါရ-ခြောက်အာရုံတို့၌ ကျရောက်လာသော နာမ်ရုပ် ဓမ္မသဘာဝတို့သည် ပျက်ခြင်း၌သာ ဧရဏတူမျှကြ၍ အနိစ္စလက္ခဏာဆိုသည် ၎င်းခြောက်ဒွါရ ခြောက်အာရုံတို့၌ ကျရောက်သော နာမ်ရုပ်တို့ကို အဖန်တလဲလဲရှုမှတ်သည်ကို အနိစ္စနုပဿနာဆိုသည်။ ၎င်းအနိစ္စာနုပဿနာ ရှုမှတ်သောအတိုင်း ယောဂီဉာဏ်ဝ၌ ထင်မြင်သည်ကို အနိစ္စနုပဿနာဆိုသည်။ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီတို့ကား အထူးသတိပြုရန် အချက်ပေတည်း။

စက္ခုံ ဘိက္ခဝေ အနိစ္စံ ရူပါ အနိစ္စာ စက္ခုဝိညာဏံ အနိစ္စံ။
စက္ခုသမ္ဖဿော အနိစ္စော၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ တမ္ပိ အနိစ္စံ။

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခုံ၊ မျက်စိသည်။ အနိစ္စံ၊ မမြဲ။ ရူပါ၊ အဆင်းတို့သည်။ အနိစ္စာ၊ မမြဲကုန်။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ အနိစ္စံ၊ မမြဲ။ စက္ခုသမ္ဖဿော၊ စက္ခုနှင့် တွေ့ခြင်းသည်။ အနိစ္စော၊ မမြဲ။ စက္ခု သမ္ဖဿပစ္စယာ၊ စက္ခုနှင့်တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်း ဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အနိစ္စံ၊ မမြဲ။ ဒုက္ခ အနတ္တမှာ စက္ခုနှင့်နည်းတူ။

စက္ခုံ ဘိက္ခဝေ အနိစ္စံ တတြ ဝေါ ရာဂေါ ပဟာတဗ္ဗော။

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခုံ၊ မျက်စိသည်။ အနိစ္စံ၊ မမြဲ။ တတြ၊ ထိုသို့ မမြဲသော မျက်စိ၌။ ရာဂေါ၊ တပ်နှစ်ဘက်သောရာဂကို။ ဝေါ၊ သင်ချစ်သားတို့သည်။ ပဟာတဗ္ဗော၊ ပယ်ခွာအပ်၏။ဝါ၊ ပယ်ခွာကြလေလော။ ဒုက္ခအနတ္တမှာနည်းတူ။

ဤသို့ အောက်၌ ပြဆိုခဲ့သော သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်၍ မှတ်ရှုရာ၌ ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သောအခါ စရိတာဒိနုလောမေန ဟူသောသတိပဋ္ဌာန်ပါဠိတော်၌ ဟောတော်မူသောကြောင့် စရိုက်အားလျော်စွာ အချို့မှာ အနိစ္စထင်မြင်၍ သစ္စာလေးပါးသို့ဝင်သောအခါ။ အနိမိတ္တမဂ်၊ အနိမိတ္တနိဗ္ဗာန် အမည်ရသည်။

တစ်ချို့မှာဒုက္ခထင်မြင်၍ သစ္စာလေးပါးသို့ ဝင်သောအခါ။ အပဏိဟိတမဂ် အပဏိဟိတနိဗ္ဗာန်အမည်ရသည်။ အချို့မှာအနတ္တထင်မြင်၍ သစ္စာလေးပါးသို့ ဝင်သောအခါ။ သုညတမဂ်၊ သုညတနိဗ္ဗာန် အမည်ရသည်။ ဝိပဿနာမဂ္ဂေနဟု အဋ္ဌကထာနှင့်အညီ မိမိအမည်ကိုမစွန့်ပေ။

လက္ခဏာရေးသုံးပါးတို့တွင် တစ်ခုခုကိုမျှ ဦးတော်၍ အာရုံမပြုရပေ။ မိမိသဘော ငါသဘော မပါရစေကုန်။ ထိုလက္ခဏာရေး သုံးပါးတို့ကို ယာဉ်သုံးပါးအကြောင်းပြု၍ ဟောတော်မူရာ၌ အောက်၌ ပြဆိုခဲ့သော ဝိမုတ္တိသဘော မျိုးဖြစ်၍ အနိစ္စထင်မြင်လျှင် ဒုက္ခ-အနတ္တ ပါဝင်ပြီးစီးတော့သည်။

တစ်ပါးထင်လျှင် နှစ်ပါးပါဝင် ပြီးစီးမြဲဖြစ်၍ ဝိမုတ္တိဆိုရပေသည်။ အနိစ္စ ထင်မြင်ခြင်းသည်။ သုခ-အတ္တ-မရှိခြင်းကြောင့် ထင်မြင်ပေသည်။ သုခ-အတ္တ ရှိခဲ့ပါလျှင် အနိစ္စ မထင်မမြင်နိုင်ပေ။

> အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ
>
> ဟောတိ၊ ဧတေသု ဟိ တီသု လက္ခဏေသု
>
> ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။ (နဝင်္ဂုတ္တရ အဋ္ဌကထာ)

အနိစ္စလက္ခဏေ၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ ထင်သည် မြင်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ဒိဋ္ဌမေဝ၊ ထင်မြင်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ ထိုစကားသည် မှန်ပါ၏။ တီသု၊ သုံးပါးကုန်သော။ ဧတေသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာတို့တွင်။ ဧကသ္မိံ၊ တစ်ခုသော လက္ခဏာကို။ ဒိဋ္ဌေ၊ ထင်သည် မြင်သည်ရှိသော်။ ဣတရဒွယံ၊ ဤမှတစ်ပါးသော လက္ခဏာနှစ်ခုအပေါင်းကို။ ဒိဋ္ဌမေဝ၊ ထင်မြင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။မြင်မြင်သည်ဟု ရှုမှတ်သောစိတ်၌ မမြဲ၍ပျက်သည်ကို ထင်မြင်သည်ရှိသော် ဒုက္ခ-အနတ္တသည် သူ့အလိုလိုထင်မြင်ပါဝင်၍ လာပေ၏။ ထိုစကားသည် မှန်လှပေ၏ လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စဖြစ်စေ၊ ဒုက္ခဖြစ်စေ၊ အနတ္တဖြစ်စေ၊ တစ်ပါးပါးကို ထင်မြင်သည်ရှိသော် နှစ်ပါးသော လက္ခဏာအပေါင်းသည် ပါဝင်ပြီးစီး၍ ထင်မြင်တော့သည်သာလျှင် ဖြစ်ပေ၏။

အနိစ္စထင်မြင်ပြီးမှ ဒုက္ခတစ်မျိုး၊ ဒုက္ခထင်မြင်ပြီးမှ အနတ္တတစ်မျိုး၊ ဤကဲ့သို့ အစဉ်အတိုင်း အားထုတ်ရသော သဘောမျိုးမဟုတ်ပေကုန်၊အနတ္တကို အရေးကြီးသည်ဟု ဆိုသောစကားသည် ငါ့သဘောဖြစ်ကြောင်းကို လွန်စွာထင်ရှားလှပေကုန်သည်၊ ပါရမီကံအားလျော်စွာ ဓမ္မသဘာဝဖြစ်ကြ၍ လက္ခဏာတစ်ခုထင်မြင်လျှင် အကြွင်းလက္ခဏာ ပါဝင်ကြကုန်၏။

## (၃၆) ဥဒယဗ္ဗယဉာဏ်ကို အန္တရာယ်ဝင်ပုံ အနိစ္စထင်ပုံ ပါဠိတော်လာပုံကို အဋ္ဌကထာအာဂုံနှင့် ပြဆိုခြင်းပြီး၏။

❀

## (၃၇) ဘင်ဉာဏ်ပျက်ပုံကို ပါဠိတော်အစုံနှင့် ယောဂီတို့၏ မြင်ပုံကို ပြဆိုခြင်း

ဥဒယဗ္ဗယဉာဏ်က ထက်သန်ကြီးပွားအောင်မြင်၍လာသဖြင့် ဘင်ဉာဏ်သို့ ဆိုက်ရောက် လာသောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ရှုမှတ် ပွားများတိုင်း မြင်-ပျက်၊ ကြား-ပျက်၊ နံ-ပျက်၊ စား-ပျက်၊ ထိ-ပျက်၊ သိ-ပျက်။ ညာကလှမ်းပျက်၊ ဘယ်ကလှမ်းပျက်၊ ရပ်ပျက်၊ ထိုင်ပျက်၊ ကွေးပျက်၊ ဆန့်ပျက် စသည်တို့ဖြင့် စိတ်ကျရောက်ရာဋ္ဌာနတို့၌ အလုံးစုံ အကုန်ပျက်လေတော့သည်။

**ဥပမာကား။** ။သဲကမ်းပါးစ၌ အိ၍ ကျသကဲ့သို့လည်းကောင်း၊ သစ်ပင်တို့သည် တအိအိတရွေ့ရွေ့ ပြိုကျဘိသကဲ့သို့လည်းကောင်း၊ ကိလေသာသန့်ရှင်းစင်ကြယ်လေသောကြောင့် ယောဂီဉာဏ်ဝ၌ လျင်မြန်သော ပျက်ခြင်းတစ်ခုကိုသာ ထင်မြင်လေတော့သည်။

ယေန စိတ္တေန တံ အာရမ္မဏံ ခယတော ဝယတော ဒိဋ္ဌံ တဿ
စိတ္တဿ အပရေန စိတ္တေန ဘင်္ဂံ အနုပဿတီတိ အတ္ထော။ (ဝိသုဒ္ဓိမဂ်)

ယေနစိတ္တေန၊ အကြင်ရှုမှတ်သော စိတ်ဖြင့်။ တံအာရမ္မဏံ၊ ထိုမြင် မြင်သည်ဟု ရှုမှတ်သော အဆင်းရုပ်ကို။ ခယတော၊ ကုန်ခမ်းပျောက်ဆုံးသောသဘောဟူ၍။ ဝယတော၊ ပျက်ခြင်းသေခြင်းသဘောဟူ၍။ ဒိဋ္ဌံ၊ ရှုမှတ်တိုင်း ထင်မြင်

လိုက်ပေ၏။ တဿ စိတ္တဿ၊ ထိုရှုမှတ်သော စိတ်၏။ ဘင်္ဂံ၊ အပျက်ကို။ အပရေန စိတ္တေန၊ တစ်ပါးသော ရှုမှတ်သောစိတ်ဖြင့်။ အနုပဿတိ၊ ရှုမှတ်လေ၏။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**အဓိပ္ပာယ်ကား**။ ။အကြင် ရှုမှတ်သော ဝိပဿနာစိတ်ဖြင့် ထိုမြင်-မြင်သည်ဟု ရှုမှတ်သော အဆင်းရုပ်ကို ကုန်ခမ်းပျောက်ဆုံးသော သဘောဟူ၍လည်းကောင်း။ ပျက်ခြင်း သေခြင်းသဘော ဟူ၍လည်းကောင်း ရှုမှတ်တိုင်း ထင်မြင်လိုက်ပေ၏။ ထိုရှုမှတ်သော ဝိပဿနာ စိတ်၏ ပျက်ခြင်းသဘောကို တစ်ပါးသော ရှုမှတ်သော စိတ်ဖြင့် အပျက်ကိုသာ ရှုမှတ်တိုင်း ထင်မြင်လေ၏။ နိစ္စ-သုခ-အတ္တမှ ကင်းကွာ၍ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း၌သာ ထင်မြင်လေတော့သည်။

> အနိစ္စတော အနုပဿတိ နောနိစ္စတော ,ဒုက္ခတော အနုပဿတိ
> နောသုခတော အနတ္တတော အနုပဿတိ နောအတ္တတော
> နိဗ္ဗိန္ဒတိ နောနန္ဒတိ ဝိရဇ္ဇတိ နောရဇ္ဇတိ နိရောဓေတိ
> နောသမုဒေတိ ပဋိနိဿဇ္ဇတိ နောအာဒိယတိ။

အနိစ္စတော၊ မမြဲဟု။ အနုပဿတိ၊ ရှုမြင်၏။ နိစ္စတော၊ အမြဲဟု။ နောအနုပဿတိ၊ မရှုမြင်။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿတိ၊ ရှုမြင်၏။ သုခတော၊ ချမ်းသာဟု။ နောအနုပဿတိ၊ မရှုမြင်။ အနတ္တတော၊ အစိုးမရဟု။အနုပဿတိ၊ ရှုမြင်၏။ အတ္တတော၊ အစိုးရဟု။ နောအနုပဿတိ၊မရှုမြင်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နောနန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ နောရဇ္ဇတိ၊ တပ်ခြင်းမရှိ။ နိရောဓေတိ၊ချုပ်စေ၏။ နောသမုဒေတိ၊ မဖြစ်စေ။ ပဋိနိဇ္ဇဿတိ၊တစ်ဖန်စွန့်၏။ နောအာဒိယတိ၊ တစ်ဖန်မယူ။

> အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ၊ ဒုက္ခတော
> အနုပဿန္တော သုခသညံ ပဇဟတိ၊ အနတ္တတော အနုပဿန္တော။
> အတ္တသညံ ပဇဟတိ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟတိ၊ ဝိရဇ္ဇန္တော ရာဂံ
> ပဇဟတိ၊ နိရောဓေန္တော သမုဒယံ ပဇဟတိ၊ ပဋိနိဿဇ္ဇန္တော
> အာဒါနံ ပဇဟတိ။

အနိစ္စတော၊ မမြဲဟု။ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။နိစ္စသညံ၊ အမြဲဟု မှတ်ထင်သော သညာကို။ ပဇဟတိ၊ ပယ်ပျောက်၏။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။ သုခသညံ၊ ချမ်းသာဟုထင်မှတ်သော သညာကို။ ပဇဟတိ၊ ပယ်ပျောက်၏။ အနတ္တတော၊ အစိုးမရဟု။အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။ အတ္တသညံ၊ အစိုးရဟုထင်မှတ်သော သညာကို။ ပဇဟတိ၊ ပယ်ပျောက်၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိံ၊တပ်မက်သောတဏှာကို။ ပဇဟတိ၊ ပယ်ပျောက်၏။ ဝိရဇ္ဇန္တော၊ တပ်မက်ခြင်း ကင်းသည်ရှိသော်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်ပျောက်၏။ နိရောဓေန္တော၊ ချုပ်သေသည် ရှိသော်။ သမုဒယံ၊ ဖြစ်ခြင်းသမုဒယကို။ ပဇဟတိ၊ ပယ်ပျောက်၏။ ပဋိနိဿဇ္ဇန္တော၊ တစ်ဖန်စွန့်သည်ရှိသော်။ အာဒါနံ၊တစ်ဖန်ယူခြင်းကို။ ပဇဟတိ၊ ပယ်ပျောက်၏။ အနုပဿနာ (၇) ပါး။

ကုသလော တီသုအနုပဿနာသု စတဿောစ ဝိပဿနာသု။
တယော ဥပဋ္ဌာနေ ကုသလတာ နာနာဒိဋ္ဌီသု နကမ္ပတီတိ။

တီသုအနုပဿနာသု၊ အာရုံ၏ အစွမ်းအားဖြင့်ရအပ်သော။ အနိစ္စာနုဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ ၃-ပါးတို့၌။ ကုသလော၊ လိမ္မာထသော။ စတဿောစဝိပဿနာသု၊ ဘာဝနာ၏ အစွမ်းအားဖြင့် ရအပ်သော။ နိဗ္ဗိဒါ၊ ဝိရာဂါ၊ နိရောဓာ၊ပဋိနိဿဂ္ဂါ ၄-ပါးတို့၌။ ကုသလော၊ လိမ္မာထသော။ အယံ၊ ဤပုဂ္ဂိုလ်သည်။ တယောဥပဋ္ဌာနေ၊ ခယဝယသုညတ၊ အထင်အမြင် ၃-ပါး၌။ ကုသလတာ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊အထူးထူးသောဒိဋ္ဌိတို့၌။ နကမ္ပတိ၊ မတုန်မလှုပ်။ ဤကား အနုပဿနာ ၇-ပါး အထူးမှတ်ကြလေကုန်။

စိတ်သည် အမြဲနိပျက် အနေးပျက် နှစ်ချက်မှာ—

မနော မနုဿဿ ယထာပိဂစ္ဆေ တတောပိဿ ခိပ္ပတရံ
အဟောသိ သော ပုဏ္ဏကော ကုရုနံ ကတ္တုသေဋ္ဌံ။
ဥပနယိ နဂရမိန္ဒပတ္တံ။ (ဝိဓုရဇာတ်ပါဠိတော်)

မနုဿဿ၊ လူ၏။ မနော၊ စိတ်သည်။ ယထာပိ၊ အကြင် အခြင်းအရာဖြင့်လည်း။ ဂစ္ဆေ၊ သွားရာ၏။ တတော၊ ထိုလူတို့စိတ်သွားသောထက်။ အဿ၊ ထိုမနောမယသိန္ဓောမြင်း၏။ မနံ၊ စိတ်သည်။ ခိပ္ပတရံ၊ အထူးသဖြင့် လျင်မြန်

သည်။ အဟောသိ၊ ဖြစ်၏။ သောပုဏ္ဏကော၊ ထိုပုဏ္ဏက နတ်ဘီလူးသည်။ ကုရုနံ၊ ကုရုတိုင်းသူ တိုင်းသားတို့၏။ ကတ္တုသေဋ္ဌ၊ အမတ်မြတ် ဖြစ်သော ဝိဓူရသုခမိန်ပညာရှိကို။ဣန္ဒပတ္တံ၊ ဣန္ဒပတ္တမည်သော။ နဂရံ၊ မြို့သို့။ ဉပနယိ၊ ဆောင်ဟူ၍သွားလေ၏။

တတ္ထ ယထာပိ ဂစ္ဆတိ မနောနာမ ကိဥ္စာပိ နဂစ္ဆတိ
ဒူရေ အာရမ္မဏံ ဂဏှန္တော ပန ဂတောတိ ဝုစ္စတိ။
တသ္မာ မနသာ အာရမ္မဏ ဂဟဏာတောပိ ခိပ္ပတရံ
တဿ မနောမယ သိန္ဓဝဿ ဂမနံ အဟောတိတိ
အယမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (ပါဠိတော်အဖွင့်အဋ္ဌကထာ)

တတ္ထ၊ ထိုမနောမနုဿစသော ဝိဓူရ ဇာတ်ပါဠိတော်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ မနောနာမ၊ စိတ်မည်သည်ကား။ ကိဥ္စာပိနဂစ္ဆတိ၊ အကယ်၍ကား စိတ်ထွက်၍ မသွားမှန်ပါ၏။ ပနတထာပိ၊ ထိုသို့ပင် စိတ်ထွက်၍ မသွားမှန်ငြားသော်လည်း။ ဒူရေ၊ ဝေးသောအရပ်၌။ ဝါ၊ ဝေးသောအရပ်က။ ဌိတံ၊ တည်ရှိသော။ အာရမ္မဏံ၊ အာရုံကို။ ဂဏှန္တောပန၊ ယူသည်ကိုကား။ ဂတောတိ၊ စိတ်သွားသည်ဟူ၍။ ယသ္မာ၊ အကြင့်ကြောင့်၊ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ မနသာ၊ စိတ်၏။ အာရမ္မဏဂဟဏာတောပိ၊ အာရုံကိုယူသည်နှင့်တကွ။ ဝါ၊ အာရုံကို ယူသည်ထက်လည်း။ ဝါ၊ အာရုံကို သိသည်ထက်လည်း။ တဿမနောမယ သိန္ဓဝဿ၊ထိုမနောမယမည်သောသိန္ဓောမြင်း၏။ ဂမနံ၊သွားခြင်းသည်။ခိပ္ပတရံ၊ အထူးသဖြင့် လျင်မြန်သည်။အဟောသိ၊ ဖြစ်၏။ ဧတ္ထ၊ ဤပါဠိတော် စကားရပ်၌။ အထမေဝအတ္ထော၊ ဤသို့သော အနက်ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အဓိပ္ပာယ်ကား။ ။လွယ်၏။ လူတို့စိတ်ထက် နတ်တို့စိတ်က လျင်မြန်ကြောင်းကို ဆိုသောစကားဖြစ်ပေသည် ရဟန်းတို့ သိက္ခာချရာ၌။

ဒေဝတာယ သန္တိကေ သိက္ခံ ပစ္စက္ခတိ
အပစ္စက္ခာတာ ဟောတိ သိက္ခာ။ (ဝိနည်းပါဠိတော်)

ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခတိ၊ ချအံ့။ သိက္ခာ၊ သိက္ခာသည်။ အပစ္စက္ခာ၊ မကျသည်။ ဟောတိ၊ ဖြစ်၏။

ဒေဝတာယ သန္တိကေတိ၊ ဘုမ္မဒေဝကံ အာဒိံ ကတွာ။
ယာဝ အကနိဋ္ဌဒေဝတာယ သန္တိကေ ပစ္စက္ခတာပိ၊
အပစ္စက္ခတာဝ ဟောတိ၊ ဒေဝတာယ သန္တိကေ
အတိဝိယ ဇာနနဘာဝေ ဒေဝတာနာမ မဟာပညာ၊
တိဟေတုက ပဋိသန္ဓိကာ အတိဝိယ ဇာနန္တိ။
(ပါဠိတော်ဖွင့် အဋ္ဌကထာ)

ဒေဝတာယ သန္တိကေတိ၊ ဒေဝတာယ သန္တိကေဟူသော ပါဠိတော်စကား၌။ ဘုမ္မဒေဝကံ၊ ဘုမ္မစိုးနတ်ကို။ အာဒိံကတွာ၊ အစပြု၍။ အကနိဋ္ဌ ဒေဝတာယ၊ အကနိဋ္ဌတိုင်အောင်သော ပြဟ္မာ၏။ သန္တိကေ၊ အထံ၌။ သိက္ခာ၊ သိက္ခာကို။ ပစ္စက္ခတာပိ၊ ချသော်လည်း။ အပစ္စက္ခတာဝ၊ မကျသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခာပစ္စက္ခာနံ၊ သိက္ခာချခြင်းသည်။ အတိဝိယ၊ အထူးသဖြင့် အလွန်လျင်မြန်စွာ။ ဇာနနဘာဝေန၊ သိနိုင်ခဲသည်၏ အဖြစ်ကြောင့်တည်း။ ဒေဝတာနာမ၊ နတ်တို့မည်သည်ကား။ မဟာပညာ၊ ကြီးသောပညာရှိကုန်၏။ တိဟေတုက ပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန္ဓေနေကြကုန်၏။ အတိဝိယ၊ အထူးသဖြင့် အလွန်လျင်မြန်စွာ။ ဇာနန္တိ၊ သိကြကုန်၏။

စိတ္တဉ္စ နာမေတံ၊ လဟု ပရိဝတ္တံ တသ္မာ စိတ္တလဟုကဿ
ပုဂ္ဂလဿ စိတ္တဝသေနေဝ မာ အတိဝိယ ဝိနာသော အဟောသီတိ၊
ဒေဝတာယ သန္တိကေ၊ သိက္ခာပစ္စက္ခာနံ ပဋိက္ခိပိ။ (၎င်းအဋ္ဌကထာ)

ဧတံ စိတ္တံနာမ၊ ဤစိတ်မည်သည်ကား။ လဟု ပရိဝတ္တံ၊ လျင်မြန်သော ဖြစ်ခြင်းရှိ၏။ တသ္မာ၊ ထို့ကြောင့်။ စိတ္တ လဟုကဿ၊ စိတ်လျင်မြန်ခြင်းရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ စိတ္တဝသေနေဝ၊ စိတ်၏ အစွမ်းဖြင့်သာလျှင်။ အတိဝိယ၊ အထူးသဖြင့် အလွန်လျင်မြန်စွာ။ ဝိနာသော၊ ကင်းသည်။ မာအဟောသိ၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခာပစ္စက္ခာနံ၊ ရဟန်းတို့၏သိက္ခာချခြင်းကို။ ပဋိက္ခိပိ၊ ဘုရားရှင် ပယ်တော်မူ၏။

ပုဏ္ဏကစီးသောမြင်းသည် လူတို့စီးသောမြင်းမျိုးမဟုတ်၊ နတ်မြင်း နတ်စိတ်ဖြစ်၍ အထူးသဖြင့် အလွန်လျင်မြန်သောကြောင့်၊ တစ်ဝီထိနှင့် တစ်ဝီထိအကြားမှာ ဘဝင်အနည်းငယ်မျှသာ ခြားကွာ၍ တစ်ဝီထိသို့ ကူးရလေသည်။

ပြဆိုခဲ့သော ခိပ္ပတရဟူသောပုဒ်၌ သဒ္ဒနယကိုထောက်သဖြင့် လူတို့စိတ်ထက် နတ်တို့စိတ်က အထူးသာလွန်၍ လျင်မြန်ကြောင်းကို ခိပ္ပတရဟူသော ပုဒ်ကို ထောက်၍ သိမြင်ကြစေကုန်လော။ ထူးခြင်းအနက်၊ လွန်ခြင်းအနက်တို့၌ တရ-တမ-ဣသိက-ဣယ-ဣဋ္ဌ ဤငါးခုတို့သည် ထူးခြင်းအနက်၊ လွန်ခြင်းအနက်တို့ကို ဟောသည်ဟု သိလေ။

ပညာရှိတို့ထက်-ပညာရှိသောသူကို ပဏ္ဍိတတရခေါ်သည်၊ ရဲရင့်သောသူထက် ရဲရင့်သောသူကို သူရတမ ခေါ်သည်၊ လျင်မြန်သောသူတို့ထက် လျင်မြန်သောသူကို သီဃတမ ခေါ်သည်၊ မြိန်မြက်သော နို့ရည်တို့ထက် မြိန်မြက်သော နို့ရည်ကို သမ္ပန္နခီရတမ ခေါ်သည်။ ပါဠိအားဖြင့်ကား—

ပါပတရော၊ ပါပတမော၊ ပါပိသိကော၊ ပါပိယော၊ ပါပိဋ္ဌော။
ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော၊ ဝစနတ္ထပြု။
ခိပ္ပာနံ ဝိသေသေန ခိပ္ပန္တိ ခိပ္ပတရော၊ ဝစနတ္ထပြု။

ခိပ္ပတရံဟူသောပုဒ်ကိုထောက်၍ လူတို့စိတ်ထက် နတ်တို့စိတ်က အထူးသဖြင့် သာလွန်၍ လျင်မြန်ကြောင်းကို ကောင်းစွာသိမြင်ကြစေကုန်လော။

ဘင်ဂျာက်ပျက်မှုသည် ပုဂ္ဂိုလ်အားလျော်စွာ အနှေးအမြန် အမှန်သိမြင်ကြစေ၊ ထို့ကြောင့် မနောမယစိတ်ဖြင့် ပြီးစီးသည်ဟု ဆိုလိုသည်။

မနသာ ပကတံ-မနောမယံ။ ။မနသာ၊ စိတ်ဖြင့်။ ပကတံ၊ ပြီးသည်တည်း။ မနောမယံ၊ စိတ်ဖြင့်ပြီးသည်။ ပုဏ္ဏကစီးသောမြင်းသည် တိရစ္ဆာန်မဟုတ်ပေ၊ စတုမဟာရာဇ်နတ်တို့ဖြစ်ကြောင်းကို ပါဠိအဋ္ဌကထာတို့၌ လာရှိပေသည်။ နတ်တို့ဘုံ၌ တိရစ္ဆာန်မရှိကောင်းပေကုန်၊ လူတို့မှာ မန္ဒပုဂ္ဂိုလ်ထက် တိက္ခပုဂ္ဂိုလ်က စိတ်လျင်မြန်သည်၊ တိက္ခပုဂ္ဂိုလ်ထက် တိက္ခတရပုဂ္ဂိုလ်က စိတ်လျင်မြန်သည်၊ လူတို့ထက် နတ်တို့က လျင်မြန်သည်၊ နတ်ဘုံမှာ အဆင့်ဆင့် လျင်မြန်သည်၊ နတ်တို့ထက် ဗြဟ္မာတို့က လျင်မြန်သည်။

လူတို့တစ်ခွန်းကို အရှင်အာနန္ဒာက ရှစ်ခွန်းရွတ်ဆိုနိုင်သည်၊ အရှင်အာနန္ဒာ တစ်ခွန်းကို ဘုရားရှင်က တစ်ဆယ့်ခြောက်ခွန်း ရွတ်ဆိုနိုင်သည်၊ လူတို့တစ်ခွန်းကို ဘုရားရှင်က (၁၂၈) ခွန်း ရွတ်ဆိုနိုင်သည်၊ ဇဝိညာဏ် သဒ္ဒရုပ်သည် စိတ္တဇရုပ်ဖြစ်၍ ဘုန်းပညာပါရမီလိုက်၍ လျင်မြန်ကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော။

ယာဝတာပိ လောကီယ မဟာဇနာ၊ ကေပဒံ-ကထေန္တိ၊
တာဝတာ အာနန္ဒထေရော အဋ္ဌပဒါနိ ကထေန္တိ၊
အာနန္ဒထေရေပန ဧကပဒံ ကထေန္တေယေဝ၊
ဘဂဝါ သောဠသ ပဒါနိ ကထေတိ။
ဣမိနာ နယေန လောကီယ မဟာဇနဿ၊
ဧက ပဒုစ္စာရက္ခဏေ - ဘဂဝါ အဋ္ဌဝီသတိ သတပဒါနိ ကထေသိ။

(မူလပဏ္ဏာသအဋ္ဌကထာ)

ယာဝတာပိ၊ အကြင်မျှလောက်လည်း။ လောကီယမဟာဇနာ၊ လူများအပေါင်းတို့သည်။ ကေပဒံ၊ တစ်ခွန်းသောစကားကို။ ကထေန္တိ၊ ဆိုကုန်၏။ တာဝတာ၊ ထိုမျှလောက်။ အာနန္ဒထေရော၊ အရှင်အာနန္ဒာမထေရ်သည်။ အဋ္ဌပဒါနိ၊ ရှစ်ခွန်းတို့ကို။ ကထေတိ၊ ရွတ်ဆိုနိုင်၏။ အာနန္ဒထေရေပန၊ အရှင်အာနန္ဒာမထေရ်သည်ကား။ ဧကပဒံ၊ တစ်ခွန်းကို။ ကထေန္တေယေဝ၊ ရွတ်ဆိုကာမျှဖြင့်သာလျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သောဠသပဒါနိ၊ တစ်ဆယ့်ခြောက်ခွန်းတို့ကို။ ကထေတိ၊ ရွတ်ဆိုနိုင်၏။ ဣမိနာနယေန၊ ဤသို့သောနည်းဖြင့်။ လောကီယ မဟာဇနဿ၊ လူများအပေါင်း၏။ ဧကပဒုစ္စာရက္ခဏေ၊ တစ်ပုဒ်တစ်ခွန်းကို ဆိုသောခဏ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌဝီသတိ-သတပဒါနိ၊ ၁၂၈ ပုဒ်တို့ကို။ ကထေတိ၊ ရွတ်ဆိုတော်မူနိုင်၏။ အမိပ္ပာယ်ကားလွယ်၏။

ဘုရားရှင်မှာ တစ်ဝီထိနှင့် တစ်ဝီထိအကြား ဘဝင်စိတ် နှစ်ကြိမ်သာကျ၍ တစ်ဝီထိသို့ ကူးပြောင်းလေသည်၊ ပညာကြီးလှသော ရှင်သာရိပုတ္တရာမှာ တစ်ဝီထိနှင့် တစ်ဝီထိအကြား ဘဝင်စိတ်ဖြစ်ပုံမှာ ၁၆ ကြိမ်ကျပြီးမှ တစ်ဝီထိသို့ကူးပြောင်းလေသည်။ ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာမှ ကြွင်းသောသူတို့သည် ဘဝင်စိတ်များစွာကျပြီးမှ ရှေ့ဝီထိသို့ ကူးသည်။

ဒွေဘဝင်္ဂါနိ ဗုဒ္ဓဿ သာရိပုတ္တဿ သောဠသ
အညေသံ ပန သတ္တာနံ-ဘဝင်္ဂါနိ ဗဟူနိပိ။ (မူလပဏ္ဏာသအဋ္ဌကထာ)

ဗုဒ္ဓဿ၊ ဘုရားရှင်အား။ ဒွေဘဝင်္ဂါနိ၊ နှစ်ကြိမ်သော ဘဝင်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာအား။ သောဠသ၊ တစ်ဆယ့်ခြောက်ကြိမ်ကုန်သော။ ဘဝင်္ဂါနိ၊ ဘဝင်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညေသံပန၊ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့မှ တစ်ပါးကုန်

သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘင်္ဂါနိ၊ ဘဝင်စိတ်တို့သည်။ ဗဟူနိပိ၊ များစွာတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

**အဓိပ္ပာယ်ကား။** ။ဘုရားရှင်မှာ ဘဝင်စိတ် နှစ်ကြိမ်သာကျသည်၊ အရှင်သာရိပုတ္တရာ ဘဝင်စိတ်ဖြစ်ပုံမှာ ၁၆ ကြိမ်ကျသည်၊ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့မှ ကြွင်းသောသတ္တဝါတို့သည် ဘဝင်စိတ်များစွာ ကျကုန်၏။

ဘင်္ဂဉာဏ်ပျက်ပုံကို အနေးနှင့်အမြန် သိသာရန်စကား ပုဂ္ဂိုလ်ကိုခွဲခြား၍ မှတ်သားရန် သင့်လှပေကုန်သတည်း။ ထိုဘင်္ဂဉာဏ်၏ အပျက်သည် ပုဂ္ဂိုလ်အားလျော်စွာ အချို့မြန်မြန်ပျက်သည်၊ အချို့နှေးနှေးပျက်သည်၊ အချို့မှာကုန်သွားသည်ထင်သည်၊ အချို့မှာ ပျောက်သွားသည်ထင်သည်။ အချို့မှာ သေသွားသည်ထင်သည်၊ ဤသို့စသည်ဖြင့် ထင်ကြရာ၌အနိစ္စတစ်ခုသာ မှတ်ယူရမည်၊ ဒုက္ခ-အနတ္တမှာ သူ့လက္ခဏာအတိုင်း သိမြင်ကြစေ။

ကာယာနုပဿနာအရ ဗိုက်ကပူသည် ပိန်သည်ကို မှတ်ရှု၍နေရာ စကောဝိုင်းသကဲ့သို့ လှည့်ကာလှည့်ကာ တအိအိဖြင့် သိမှတ်တိုင်း ရုပ်နာမ်တို့ ပျက်ခြင်းကို ထင်မြင်ပါသည်ဟု ကမ္မဋ္ဌာန်းဆရာထံ အစစ်ခံရာ ဆရာက အားရနှစ်သက်လှသဖြင့် ကြိုးစား၍ မှတ်ရှုပါလေဟု မိန့်တော်မူသတည်း။ ဗိုက်ပူသည် ပိန်သည် ရှုရာ၌ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဟူသော သတိပဋ္ဌာန် ပါဠိတော်ကို ထောက်၍ သိမြင်ကြစေကုန်လော။

ဘင်္ဂဉာဏ်အပျက်၏ လျင်မြန်ပုံမှာ မြတ်စွာဘုရားသည် မျက်စိတမှိတ် လျှပ်တပြက်၌ ကုဋေတစ်သိန်း ချုပ်ပျက်သည်ကို သိမြင်သောအရာမှာ ဘုရားရှင်ရွှေဉာဏ်တော်ဟု အောက်၌လည်း ပြဆိုခဲ့လေပြီ။ ဒုက္ခ အနတ္တ ထင်မြင်ပုံမှာ သူ့သဘောလက္ခဏာအတိုင်း အနိစ္စနှင့်နည်းတူ မှတ်ယူကြလေကုန်လော။

> တဿေဝံ သဗ္ဗသင်္ခါရာ ဘိဇ္ဇန္တိတိ အဘိဏှံ ပဿတော
> အဋ္ဌာနိသံသ ပရိဝါရံ ဘင်္ဂါနုပဿနာဉာဏံ ဗလပတ္တံ ဟောတိ။
> (အဋ္ဌကထာ)

ဧဝံ၊ ဤသို့ သဲကမ်းပါးစဉ် အိ၍ကျသကဲ့သို့ ပြဆိုခဲ့သောအတိုင်း။ သဗ္ဗသင်္ခါရာ၊ အလုံးစုံသော ရုပ်နာမ်ဓမ္မသဘာဝတို့သည်။ ဘိဇ္ဇန္တိတိ၊ ရှုမှတ်တိုင်းပျက်ကုန်၏ဟူ၍။ အဘိဏှံ၊ မပြတ်။ ပဿတော၊ မြင်သော။ တဿ၊ ထိုရှုမှတ်သော ယောဂီပုဂ္ဂိုလ်အား။ အဋ္ဌာနိသံသပရိဝါရံ၊ ရှစ်ပါးသော အကျိုးတရား

တို့ဖြင့် ခြံရံအပ်သော။ ဘင်္ဂနုပဿနာဉာဏ်၊ အပျက်ကိုသိမြင်သော ဉာဏ်သည်။ ဗလပတ္တံ၊ အားအစွမ်းသို့ရောက်သည်။ ဝါ၊ ကမ္မဋ္ဌာန်း အရှိန်အဟုန်ကြီးခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

တတြိမေ အင်္ဂါနိသံသာ ဘဝဒိဋ္ဌိပဟာနံ
ဇီဝိတနိကန္တိ ပရိစာဂေါ သဒါယုတ္တ ပယုတတ္တာ ဝိသုဒ္ဓဇီဝိတာ
ဥဿုကံ ပဟာနံ၊ ဝိဂတဘယတာ ခန္တိသောရစ္စ
ပဋိလာဘော၊ အရတိရတိသဟနတာတိ။ (အဋ္ဌကထာ)

တတြ၊ ထိုဘင်္ဂဉာဏ် အကျိုးတရားရှစ်ပါး ရဟန်းကို ပြဆိုရာ၌။ ဣမေ၊ ဤသည်တို့ကား။ အင်္ဂါနိသံသာ၊ ရှစ်ပါးတို့တည်း။ ဘဝဒိဋ္ဌိပဟာနံ၊ သဿတ ဒိဋ္ဌိကို ပယ်နိုင်ခြင်း တစ်ပါး။ ဇီဝိတနိကန္တိပရိစာဂေါ၊ အသက်၌ ခင်မင် တွယ်တာခြင်းကို စွန့်လွှတ်နိုင်ခြင်း တစ်ပါး။ သဒါယုတ္တပယုတ္တတာ၊ ဝိပဿနာ၌ အခါမပြတ် ကြိုးကြိုးပမ်းပမ်း အားထုတ်၍ မှတ်ရှုနိုင်ခြင်း တစ်ပါး။ ဝိသုဒ္ဓ ဇီဝိတာ၊ စင်ကြယ် သန့်ရှင်းသော အသက်မွေးနိုင်ခြင်း တစ်ပါး။ ဥဿုက ပဟာနံ၊ သမီးနှင့်သား ပစ္စည်းများနှင့် ဉာတိတခြား ပလိဗောဓ စသောတရား တို့ကြောင့်ဖြစ်သော စိုးရိမ် ကြောင့်ကြခြင်းကို ပယ်စွန့်နိုင်ခြင်းတစ်ပါး။ ဝိဂတ ဘယတာ၊ ကြောက်လန့်ခြင်းမှ ကင်းခြင်းတစ်ပါး။ ခန္တိသောရစ္စပဋိလာဘော၊ သည်းခံခြင်းဂုဏ်နှင့် နှလုံးပြည့်ဝ နူးညံ့သိမ်မွေ့ထသော ဂုဏ်ထူးကို ရခြင်း တစ်ပါး။ အရတိ ရတိသဟနတာ၊ မွေ့လျော်သင့်ရာ သူတော်ကောင်းတရား၌ မမွေ့လျော်သင့်ရာ မသူတော်တရား၌ မွေ့လျော်ခြင်းမရှိ၊ သည်းခံနိုင်ခြင်းတစ် ပါး။ ဣတိ၊ ဤသည်ကား။ အင်္ဂါနိသံသာ၊ ဘင်္ဂဉာဏ်ကို ရခြင်း၏ အကျိုးထူး ရှစ်ပါးတို့တည်း။ အဓိပ္ပာယ်ကား လွယ်၏။

အာရမ္မဏန္ဝယေန ဥဘော ဧက ဝဝတ္ထာ နိရောဓေ
အဓိမုတ္တတာ ဝယလက္ခဏာ ဝိပဿနာ။ (အဋ္ဌကထာ)

အာရမ္မဏန္ဝယေန၊ မြင်-မြင်သည်ဟု ပစ္စုပ္ပန်အခိုက်အတန့်၌ အစဉ်လိုက်၍ ရှုမှတ်သဖြင့်။ ဥဘောဥဘိန္နံ၊ အတိတ်အနာဂတ် အာရုံနှစ်ပါးတို့ကို။ ဧက-ဝဝတ္ထာ၊ ပစ္စုပ္ပန်နှင့် အတူပိုင်းခြင်း၍ ရှုမှတ်သည်လည်းကောင်း။ နိရောဓေ၊ ချုပ်နာမ်တို့၏ ချုပ်ပျက်ရာ၌။ အဓိမုတ္တတာ၊ အလေးပြု၍ ရှုမှတ်ခြင်းလည်း ကောင်း။ သော၊ ဤအတိတ်အနာဂတ်တို့ကို ပစ္စုပ္ပန်နှင့်အတူ မှတ်ယူ၍ရှုခြင်း သည်။ ဝယလက္ခဏာဝိပဿနာ၊ အပျက်ကိုရှုမြင်သော ဝိပဿနာဉာဏ်မည်၏။ ဝါ၊ ဘင်္ဂဉာဏ်မည်၏။

အဓိပ္ပာယ်လိုရင်းကား။ ။မြင်-မြင်သည်ဟု၊ ပစ္စုပ္ပန်ကိုအစဉ်လိုက်၍ ရှုမှတ်သဖြင့် အတိတ်အနာဂတ် အာရုံနှစ်ပါးတို့ကို ပစ္စုပ္ပန်အာရုံနှင့် နည်းတူပိုင်းခြား၍ ရှုမှတ်ရမည်ဆိုသော အဋ္ဌကထာ စကားအရမှာ အတိတ်အာရုံကိုသိမှုကား ပစ္စုပ္ပန်ကစိတ်ဖြစ်သည်၊ အနာဂတ်အာရုံကို သိမှုကား ပစ္စုပ္ပန်က စိတ်ဖြစ်သည်။ ပစ္စုပ္ပန်အာရုံသိမှုကား ပစ္စုပ္ပန်က စိတ်ဖြစ်သည်၊ အတိတ်အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလအားဖြင့်သာ သုံးပါးရှိပေသည်၊ စိတ်အားဖြင့် ပစ္စုပ္ပန်တစ်ခုသာ ရှိကြောင်းကို ကောင်းကောင်းကြီးသတိပြု၍ သိမြင်ကြလေကုန်လော့။

သမ္မသနဉာဏ်ကဲ့သို့ အတိတ်, အနာဂတ်ဟူသော ကာလအပေါ်၌တင်၍ မနေရ၊ မိမိစိတ်ကို မိမိသိမြင်ကြစေ။ ၎င်းအတိတ်အနာဂတ်အာရုံကို ပစ္စုပ္ပန်အတွင်းသို့ ဝင်ရောက်စေရမည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပေသတည်း။ ဤသို့ အတိတ်အနာဂတ် အာရုံနှစ်ပါးတို့ကို ပစ္စုပ္ပန်နည်းတူ မှတ်ယူခြင်းသည် အပျက်ကိုရှုမှတ်သော ဘင်္ဂဉာဏ်ဟူ၍ မှတ်ယူကြကုန်လော့။

> စက္ခုံ ဘိက္ခဝေ မရဏဓမ္မံ ရူပါ မရဏဓမ္မာ
> စက္ခုဝိညာဏံ မရဏဓမ္မံ စက္ခု သမ္ဖဿော
> မရဏ ဓမ္မော ယမိဒံ စက္ခုသမ္ဖဿပစ္စယာ
> ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ
> အဒုက္ခမ သုခံဝါ တမ္ပိ မရဏဓမ္မံ။ (ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ စက္ခုံ၊ မျက်စိသည်။ မရဏဓမ္မံ၊ သေတတ် ပျက်တတ်သော သဘောရှိ၏။ ရူပါ၊ အဆင်းရုပ်တို့သည်။ မရဏဓမ္မာ၊ သေတတ်ပျက်တတ်သော သဘောရှိကုန်၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ မရဏဓမ္မံ၊ သေတတ်ပျက်တတ်သော သဘောရှိ၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ မရဏဓမ္မော၊ သေတတ်ပျက်တတ်သောသဘောရှိ၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော၊ အဒုက္ခမ သုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ မရဏဓမ္မံ၊ သေတတ်ပျက်တတ်သော သဘောရှိ၏။ အဓိပ္ပါယ်ကား လွယ်၏။ ဤကား ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး အနက်ပေးပုံတည်း။ အကြွင်းငါးပါး နည်းတူ။

ကထံ ဘန္တေ ဇာနတော ပဿတော အဝိဇ္ဇာ
ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ (သံယုတ်ပါဠိတော်)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာနိုင်ပါသနည်း။ ဝိဇ္ဇာ၊ သိမြင်သော ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်နိုင်ပါနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်လေ၏။

စက္ခုံခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ ရူပေ အနိစ္စတော
ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ။
ဝိဇ္ဇာ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ အနိစ္စတော ဇာနတော
ပဿတော အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ
စက္ခုသမ္ဖဿော အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ ယမိဒံ စက္ခု
သမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ
အဒုက္ခမသုခံဝါ တမ္ပိ အနိစ္စတော ဇာနတော ပဿတော
အဝိဇ္ဇာ ပဟီယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။

(ငှင်းပါဠိတော်)

ဘိက္ခု၊ ရဟန်း။ ခေါ၊ စင်စစ်။ စက္ခုံ၊ မျက်စိသည်။ အနိစ္စတော၊ မမြဲဟု။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာ၏။ ဝိဇ္ဇာ၊ သိမြင်သောဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ရူပေ၊ အဆင်းရုပ်၌၊ အနိစ္စတော မမြဲဟု။ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာ၏။ ဝိဇ္ဇာ၊ သိမြင်သောဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ အနိစ္စတော၊ မမြဲဟု။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာ၏။ ဝိဇ္ဇာ၊ သိမြင်သော ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ အနိစ္စတော၊ မမြဲဟု၊ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊

မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာ၏။ ဝိဇ္ဇာ၊ သိမြင်သော ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ စက္ခုနှင့်တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာသည်လည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်းမဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော။ ယမိဒံဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။ အနိစ္စတော၊ မမြဲဟု။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ မသိမမြင်သော အဝိဇ္ဇာသည်။ ပဟီယတိ၊ ပယ်ခွာ၏။ ဝိဇ္ဇာ၊ သိမြင်သော ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အဓိပ္ပါယ်ကား လွယ်၏။

ဘင်ဉာဏ်ပင် အပျက်ထင် ရုပ်နာမ်မြင်တော့သာ
ခြောက်ဒွါရက ကျသမျှ ပျက်ကြသူ့ဘာသာ
ယိမ်းယိုင်ပြိုတိ တအိအိ ကျသည့်ပမာပါ။ သံခိဝ်။

ဘင်ဉာဏ် ရောက်သော ပုဂ္ဂိုလ်မှာ ကိလေသာ စင်ကြယ်သဖြင့် ပစ္စုပ္ပန်၌ ကျရောက်တိုင်း အပျက်ကိုသာ ထင်မြင်တော့သည်။

သံဝိဇ္ဇမာနမ္ဟိ ဝိသုဒ္ဓိဒဿနေ-တဒန္တယံ နေတိ အတီတာ
နာဂတေ သဗ္ဗေပိ သင်္ခါရ ဂတာ ပလောကိနော
ဥဿာဝ ဗိန္ဒု သူရိယော ဥဂ္ဂတေ။ (ဝိသုဒ္ဓိမဂ်)

သံဝိဇ္ဇမာနမ္ဟိ၊ ထင်ရှားသော ပစ္စုပ္ပန်နာမ်ရုပ်၌၊ ဝိသုဒ္ဓိဒဿနေ၊ စင်ကြယ်သော အမြင်ရှိသော ယောဂီပုဂ္ဂိုလ်သည်။ သူရိယေ၊ နေမင်းသည်။ ဥဂ္ဂတေ၊ တက်လာ ထွက်လာသည်ရှိသော်။ ဥဿာဝဗိန္ဒု၊ ဆီးနှင်းပေါက်သည်။ ပလုဇ္ဇတိ ဣဝ၊ ခဏမယွင်း ပျက်စီးရခြင်းကဲ့သို့။ တထာ၊ ထို့နည်းတူစွာ။ အတီတာနာဂတေ၊ အတိတ်အနာဂတ်၌။ ဥပ္ပန္နာ၊ ဖြစ်ကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သင်္ခါရဂတာ၊ ရုပ်နာမ်တရားတို့သည်။ ဝါ၊ ရုပ်နာမ်တရားတို့ကို။ ပလောကိနော၊ ပျက်စီးကုန်သည်ဖြစ်၍။ တဒန္တယံ၊ ထိုပစ္စုပ္ပန်နာမ်ရုပ်အတူ ပျက်ခြင်းသဘောသို့။ နေတိ၊ ဆောင်၏။

**အဓိပ္ပါယ်ကား။** ။ထင်ရှားရှိသော ပစ္စုပ္ပန်နာမ်ရုပ်၌ ကိလေသာစင်ကြယ်၍ အသိအမြင်ရှိသော ယောဂီပုဂ္ဂိုလ်သည်၊ နေမင်းသည် တက်လာထွက်လာသည် ရှိသော် ဆီးနှင်းပေါက်သည် ခဏမယွင်း ပျက်စီးရခြင်းကဲ့သို့ ထိုနည်းတူစွာ

အတိတ်အနာဂတ်၌ ဖြစ်ကြကုန်သော အလုံးစုံသော ရုပ်နာမ်တရားတို့သည် ပျက်စီးကြကုန်သည်ဖြစ်၍ ထိုပစ္စုပ္ပန်က နာမ်ရုပ်နှင့်အတူပျက်စီးရခြင်းသဘောသို့ ဆောင်လေ၏။ ဤကား ဘင်္ဂဉာဏ်ပျက်ပုံတည်း။

တသောဝံ သလ္လက္ခေတွာ ပုနပ္ပုန္နံ အနိစ္စံ ဒုက္ခံ အနတ္တာတိ
ရူပါရူပဓမ္မေ-တုလယတော-တိရယတော-တံဉာဏံ
တိက္ခံ ဟုတွာ ဝဟတိ သင်္ခါရာ လဟုံ လဟုံ ဥပဋ္ဌဟန္တိ—ဉာဏေ
တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ လဟုံ ဥပဋ္ဌဟန္တေသု
ဥပ္ပါဒံဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ နသမ္ပာပုဏာတိ ခယဝယ
ဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ၊ တဿ ဧဝံ ဥပ္ပဇ္ဇိတွာ
ဧဝံနာမ သင်္ခါရဂတံ နိရုဇ္ဈတိတိ ပဿတော ဧကသ္မိံ ဌာနေ
ဘင်္ဂါနုပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိမဂ်)

တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဧဝံ၊ ဤသို့။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ။ ဣတိ၊ ဤသို့။ ရူပါရူပ ဓမ္မေ၊ ရုပ်နာမ်တရားနှစ်ပါးတို့ကို။ တုလယတော၊ နှိုင်းယှဉ်သော။ တိရယတော၊ ပိုင်းခြားသောပုဂ္ဂိုလ်အား။ တံဉာဏံ၊ ထိုဉာဏ်သည်။ တိက္ခံ၊ ထက်သည်။ ဟုတွာ၊ ဖြစ်၍။ ဝဟတိ၊ ရွတ်ဆောင်၏။ သင်္ခါရာ၊ ရုပ်နာမ်တို့သည်။ လဟုံ လဟုံ၊ လျင်စွာ လျင်စွာ။ ဥပဋ္ဌဟန္တိ၊ ထင်မြင်ကုန်၏။ ဉာဏေ၊ ဉာဏ်သည်။ တိက္ခေ၊ ထက်သည်ဖြစ်၍။ ဝဟန္တေ၊ ဆောင်ကုန်သော။ သင်္ခါရေသု၊ ရုပ်နာမ်တို့သည်။ လဟုံ လဟုံ၊ လျင်စွာ လျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်မြင်ကုန်သည်ရှိသော်။ ဥပ္ပါဒံ ဝါ၊ ဥပါဒ်သို့လည်းကောင်း။ ဌိတိံ ဝါ၊ ဌီသို့လည်းကောင်း။ ပဝတ္တံ ဝါ၊ ဖြစ်စဉ်သို့လည်းကောင်း။ နိမိတ္တံ ဝါ၊ သင်္ခါရ နိမိတ်ဟု ဆိုအပ်သော အာရုံသို့ လည်းကောင်း၊ န သမ္ပာပုဏာတိ၊ မရောက်။ ခယဝယ ဘေဒနိရောဓေယေဝ၊ကုန်ခြင်း၊ ပျက်ခြင်း၊ပျောက်ကွယ်ချုပ်ငြိမ်းခြင်း၌သာလျှင်။ သတိ၊ မှတ်ခြင်းသတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်လေ၏။တဿ၊ထို ယောဂီပုဂ္ဂိုလ်အား။ ဧဝံ၊ဤသို့။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပြီး၍။ဧဝံနာမ၊ ဤသို့သဘောရှိသည်မည်သော။ သင်္ခါရဂတံ၊ ရုပ်နာမ်တရားသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုမြင်သော ပုဂ္ဂိုလ်အား။ ဧကသ္မိံ ဌာနေ၊ တစ်ခုသော ဌာန၌။ ဘင်္ဂါနုပဿနံနာမ၊ အပျက်ကိုရှုသည်မည်သော။ ဝိပဿနာ ဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘင်္ဂဉာဏ်ထင်ပုံ။

ရတနာ့ဂုဏ်ရည် (၄၁)

ကုသလော တီသု အနုပဿနာသု စတဿော ဝိပဿနာသု
တယော ဥပဋ္ဌာနေ ကုသလတာ နာနာဒိဋ္ဌိသု နကမ္ပတိ
ယထာ ပုဗ္ဗုဠကံ ပဿေ ယထာ ပဿေ မရီစိကံ
ဧဝံလောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ။ (အဋ္ဌကထာ)

တီသု အနုပဿနာသု၊ သုံးပါးသော အနုပဿနတို့၌ လည်းကောင်း။ စတဿော ဝိပဿနာသု၊ လေးပါးသော ဝိပဿနာတို့၌လည်းကောင်း။ ကုသလော၊ လိမ္မာ၏။ တယော ဥပဋ္ဌာနေ၊ သုံးပါးသော ထင်မြင်ခြင်း၌။ ကုသလတာ၊ လိမ္မာသည်၏ အဖြစ်နှင့်ယှဉ်သော ယောဂီပုဂ္ဂိုလ်သည်။ နာနာဒိဋ္ဌိသု၊ သဿတစသော အထူးထူးသော ဒိဋ္ဌိတို့ကြောင့်။ နကမ္ပတိ၊ မတုန်မလှုပ်နိုင်ပါ။ ပုဗ္ဗုဠကံ၊ ရေမြှုပ်ရေပွက်ကို။ ပဿေယထာ၊ ရှုမြင်သကဲ့သို့လည်းကောင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှုမြင်သကဲ့သို့ လည်းကောင်း။ ဧဝံ၊ ဤပြဆိုခဲ့သော နည်းအတူ။ လောကံ၊ လောကဟူသောနာမ်ရုပ်ကို။ အဝေက္ခန္တံ၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။ ဝါ၊ မညှဉ်းဆဲနိုင်။ လွယ်၏။ ဘင်ဉာဏ်အစ၌ ပြဆိုခဲ့သော အနုပဿနာ ၇ ပါးနှင့် နည်းတူ သိမြင်ကြကုန်လော့။

(၁၇) ဘင်ဉာဏ်ပျက်ပုံ ပါဠိတော်အစုံနှင့် ယောဂီတို့၏
မြင်ပုံကို ပြဆိုခြင်း ပြီး၏။

* * *

## (၁၈) ဘယဉာဏ် အာဒီနဝဉာဏ် တွဲစပ်၍ တစ်ဖန် ယောဂီထင်ဟန်ကို သိသာရန်ပြဆိုခြင်း

ဘင်ဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့် ဘယဉာဏ်သို့ ဆိုက်ရောက်သောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဲ၌ရှုမှတ်ပွားများတိုင်း မြင်ဘေးကြီး၊ ကြားဘေးကြီး၊ နံ့ဘေးကြီး၊ စားဘေးကြီး၊ ထိဘေးကြီး၊ သိဘေးကြီး၊ ညာကလှမ်း ဘေးကြီး၊ ဘယ်ကလှမ်း ဘေးကြီး၊ ရပ်ဘေးကြီး၊ ထိုင်ဘေးကြီး၊ အိပ်ဘေးကြီး၊ ကွေးဘေးကြီး၊ ဆန့်ဘေးကြီး စသည်တို့ဖြင့် စိတ်ကျရာဌာနတို့၌ အလုံးစုံ အကုန်သိမှတ်တိုင်း ဘေးကြီးသာ ထင်မြင်လေတော့သည်။

ဣမေသံ မမ ခန္ဓာနံ၊ ဥပ္ပါဒေါ ဘယံ ပဝတ္တံ ဘယံ
နိမိတ္တံ ဘယံ အာယူဟနာ ဘယံ နိဗ္ဗတ္တိ ဘယံ
ပဋိသန္ဓိဘယံ ဇာတိဘယံ ဇာဘယာ နုပဿနံ ဘယေ ဉာဏံ။

မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ ဤရုပ်နာမ် ခန္ဓာတို့၏။ ဥပ္ပါဒေါ၊ ယခုဘဝ ဖြစ်ရဖြစ်ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ပဝတ္တံ၊ ယခုဘဝမှအစ နောက် အဆုံးတိုင်အောင် အစဉ်မပြတ် ဖြစ်ရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ နိမိတ္တံ၊ သင်္ခါရခယနိမိတ်ထင်ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ အာယူဟနာ၊ အားထုတ်ရခြင်းသည်ကား၊ ဘယံ၊ ဘေးတည်း။ နိဗ္ဗတ္တိ၊ အကြောင်းကြောင့် အကျိုးဖြစ်ရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ပဋိသန္ဓိ၊ တစ်ဖန် ပဋိသန္ဓေ နေရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ဇာတိ၊ ဤသို့။ ဘယာနုပဿနံ၊ ဘေးဟု ရှုမြင်ခြင်းသည်။ ဘယေဉာဏံ၊ ဘယဉာဏ်မည်၏။ သိသာပြီ။

တစ်နည်းမှာ။ ။ယခုဘဝ အသစ် ဖြစ်ရခြင်းကား ဘေးအပြစ်သာတည်း။ ယခုဘဝမှအစ နောင်အဆုံးတိုင်အောင် အစဉ်မပြတ် ဖြစ်ရခြင်းကား ဘေးအပြစ်သာတည်း၊ ရုပ်နာမ်သင်္ခါရ ခယနိမိတ် ထင်မြင်ရခြင်းကား ဘေးအပြစ်သာတည်း။ ပြုလုပ်အားထုတ်မှုကား ဘေးအပြစ်သာတည်း။

တစ်ဖန် ပဋိသန္ဓေနေရခြင်းကားဘေး၊နောက်ဘဝသို့ သွားရခြင်းကားဘေး၊ အကြောင်းကြောင့် အကျိုးဖြစ်ရခြင်းကားဘေး၊ ယခု အကြောင်းတစ်စိတ် ကြောင့် နောင်အကျိုးတစ်စိတ်ဖြစ်ရခြင်းကားဘေး။ ဇာတိ-ဇရာ-ဗျာဓိ မရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသာ ဖြစ်ရခြင်းကား ဘေးအပြစ် သာတည်း။ ဤသို့ထင်မြင်သော ဉာဏ်သည် ဘယဉာဏ်မည်၏။

တဿ အတီတာသင်္ခါရာ နိရုဒ္ဓါ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ
အနာဂတေ နိဗ္ဗတ္တသင်္ခါရာပိ ဧဝမေဝ နိရုဇ္ဈိဿတီတိ။
ပဿတော ကေသွိံ ဌာနေ ဘယတုပဋ္ဌာန ဉာဏံနာမ ဥပ္ပဇ္ဇတိ။
(ဝိသုဒ္ဓိမဂ်)

တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အတီတာ၊အတိတ်၌ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျက်ကုန်ဆုံးခဲ့လေပြီ။ ပစ္စုပ္ပန္နာ၊ ပစ္စုပ္ပန်၌ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ် ဆဲ ပျက်ဆဲ ကုန်ဆုံးဆဲ။ အနာဂတေ၊ အနာဂတ်၌။ နိဗ္ဗတ္တသင်္ခါရာပိ၊ ဖြစ်သော

ရုပ်နာမ်မွေ သခ်ါရတို့သည်လည်း။ ဝေမေ့ဝ၊ ဤပြဆိုခဲ့သည်နှင့် အတူတူပင်လျှင်။ နိရုဇ္ဈိသာ၊ ချုပ်ပျက်ကုန်ဆုံးလတ္တံ့။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုမြင်သည်ရှိသော်။ ကေသိ္မံဌာနေ၊ တစ်ခုသောအရာ၌။ ဘယတုပဋ္ဌာန ဉာဏံနာမ၊ ဘေးဟု ထင်မြင်သော ဘယဉာဏ်မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ထိုယောဂီပုဂ္ဂိုလ်အား လွန်ခဲ့သောကာလ၌ ဖြစ်ကုန်သောရုပ်နာမ်တို့သည် ချုပ်ပျက်ကုန်ဆုံးခဲ့လေပြီ။ မြင်ဆဲ ကြားဆဲစသော ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော ရုပ်နာမ်တို့သည် ချုပ်ဆဲ ပျက်ဆဲ ကုန်ဆုံးဆဲ ဖြစ်လတ္တံ့သော အနာဂတ်ကာလ၌ ရုပ်နာမ်တို့သည်လည်း ပြဆိုခဲ့သော အတိတ်ကာလ ပစ္စုပ္ပန်ကာလနှင့် နည်းတူပင်လျှင် ချုပ်ပျက်ကုန်ဆုံးလတ္တံ့။ ဤသို့ ရှုမြင်သော တစ်ခုသောအရာဌာန၌ ဘေးဟုထင်သောဉာဏ်သည် ဘယဉာဏ်မည်၏။ သိမှတ်သောစိတ်၌ ဘေးနှင့်လွတ်ကင်းရာဌာန မရှိကောင်းပေဟု သိမြင်ကြစေကုန်လော့။

ယောဂီပုဂ္ဂိုလ်တစ်ဦးမှာ ရှုမှတ်ပွားများလေတိုင်း ဘေးဒုက္ခကြီးကို တွေ့ရှိလေသောကြောင့် မသက်သာ-မနေသာ၊ မခံသာ-ဘေးဒုက္ခကြီးလှ၍ ချမ်းသာနည်းသုခကို ရှာဖွေသော် အနုမြူမျှ မရ။ လွန်မင်းစွာပင်ပန်းလှ၍ ရှုမှတ်ပွားများသော ကမ္မဋ္ဌာန်းကို ခေတ္တခဏ စွန့်လွှတ်ရပေသတည်း။

သုခဝေဒနာဖြစ်ဘေး၊ ဒုက္ခဝေဒနာဖြစ်ဘေး၊ ဥပေက္ခာဝေဒနာဖြစ်ဘေး ဖြစ်၏။

ဒုက္ခီ သုခံ ပတ္ထယတိ သုခီ ဘိယျောပိ ဣစ္ဆတိ
ဥပေက္ခာ ပန သန္တတာ သုခံ ဗုဒ္ဓေန ဘာသိတာ။

(အဋ္ဌသာလိနီ)

ဒုက္ခီ၊ ဆင်းရဲသောသူသည်၊ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တလိုချင်၏၊ သုခီ၊ ချမ်းသာသောသူသည်။ ဘိယျောပိ၊ လွန်စွာလည်း။ ဣစ္ဆတိ၊ အလိုရှိ၏။ ဥပေက္ခာပန၊ ဥပေက္ခာကိုကား။ သန္တတာ၊ ငြိမ်သက်သည်၏ အဖြစ်ကြောင့်။ သုခံဝ၊ ချမ်းသာသည်ထက် ချမ်းသာကိုသာလျှင်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဘာသိတာ၊ ဟောတော်မူအပ်၏။

၎င်းသုခဝေဒနာ-ဒုက္ခဝေဒနာ-ဥပေက္ခာ ဝေဒနာဟူသော ဝေဒနာတို့၌ ခံစားခြင်းဝေဒနာသည် ကိလေသာ အခြံအရံနှင့် ခံစားသောဝေဒနာ။ ကိလေသာ

အခြံအရံကင်း၍ ခံစားသော ဝေဒနာ၊ ထိုနှစ်ပါးတို့တွင် သတိပဋ္ဌာန်၌လာသော အတိုင်းသုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာတစ်ခုခုတို့၌ မှတ်ရှု၍ ကိလေသာကွာသော အရှင်တို့သည် လည်းကောင်း၊ မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်ကြသော အရှင်တို့သည် လည်းကောင်း၊ ကိလေသာ အခြံအရံကင်းသော ဝေဒနာတို့ကို ခံစားမြဲ မလွဲအမှန် ဖြစ်ပေသည်။

> ဝေဒနာ ပစ္စယာစာပိ ယသ္မာ နာနုသယံ ဝိနာ ဟောတိ။
> တသ္မာ န သာ ဟောတိ ဗြာဟ္မဏဿ ဝုသိမတောတိ။
>
> (အဋ္ဌသာလိနီပါဠိ)

ယသ္မာ၊ အကြင်ကြောင့်။ ဝေဒနာပစ္စယာစာပိ၊ ဝေဒနာ ဟူသော အကြောင်းကြောင့်လည်း။ တဏှာ၊ တဏှာသည်။ အနုသယံ၊ အခြံအရံနှင့်။ဝိနာ၊ ကင်း၍။ န ဟောတိ၊ မဖြစ်ကောင်း။ တသ္မာ၊ ထိုသို့ တဏှာနှင့်ကင်း၍ မဖြစ်ကောင်းလေသောကြောင့်။ ဝုသိမတော၊ ကိလေသာ ကွာပြီးသုဉ်းပြီးသော။ ဗြာဟ္မဏဿ၊ရဟန္တာပုဂ္ဂိုလ်အား။ သာတဏှာ၊ထိုတဏှာ အခြံအရံနှင့်ခံစားသော တဏှာသည်။ န ဟောတိ၊ မဖြစ်ပေ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိကြမှတ်ကြလေ။

အဓိပ္ပာယ်ကား။ ။ဝေဒနာဟူသော အကြောင်းကြောင့် သာယာနှစ်သက် စုံမက်တတ်သော တဏှာသည် အနုသယ အခြံအရံနှင့်ကင်းကွာ၍ မဖြစ်ကောင်းပေ။ ထိုသို့မဖြစ်ကောင်းလေသောကြောင့် ဗြာဟ္မဏဿဝုသိမတောဟူသော ပုဒ်အရ ကိလေသာသုဉ်းပြီး ကင်းပြီးကွာပြီးသော အသေက္ခပုဂ္ဂိုလ် သာဓုရဏအား ဖြင့် သေက္ခပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်တို့သည် တဏှာအနုသယအခြံအရံနှင့်ကင်း၍ ခံစားကြလေကုန်၏။

အောက်၌ ပြဆိုခဲ့သော စက္ခု-အဆင်းရုပ်-မြင်သောဝိညာဏ်စိတ်-တွေ့သော ဖဿ၊ ခံစားသောဝေဒနာ။ ၎င်းငါးပါးတို့သည်။ မြင်သောစိတ်တစ်ချက်၌ ပါဝင်ပြီးစီးလေတော့သည်။

ထိုဝေဒနာအရာ၌ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်တော်၌ သုဓမ္မာဆရာတော်ဘုရားကြီးတို့ကို နန်းတော်သို့ပင့်ပြီးလျှင် ဆရာတော်ဘုရားတို့ ဒကာတော်ကို သနားတော်မူပါသဖြင့် ဝိမုတ္တိတရားတစ်ခုတည်း စိတ်ထား၍ ကျမ်းဂန်ရစကားနှင့် ဟောကြားတော်မူပါလောဟု လျှောက်ထားလေ၏။

ထိုအခါ ခေတ္တခဏ ဆိတ်ဆိတ်နေတော်မူပြီးမှ ဆရာတော်ကြီး တစ်ပါးက အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိ ဟူသော အဋ္ဌကထာအရ အဝိဇ္ဇာနှင့် တဏှာ မူလ အစထား၍ ရင်းနှစ်ပါးကို ထပ်ခါထပ်ခါ သတ်ဖြတ်ပါက မြတ်ရာမြတ် ကြောင်းလမ်းကောင်းအချက်ဟု မိန့်မြွက်တော်မူလေ၏။

ဘဝရှင် မင်းတရားကြီးက အရှင်ဘုရားတို့ စဉ်းစားတော်မူကြပါ၊ အဝိဇ္ဇာနှင့် တဏှာမူလ ထိုနှစ်ဝကို ဆရာတော်မိန့်ဆိုရာ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနာ၊ စသော ပဋိစ္စသမုပ္ပါဒ်-ဝိဘင်းပါဠိတော်။ ဘုရားရှင် မိန့်တော်မူရာ ဝေဒနာ ခံစားပြီးမှ တဏှာဖြစ်ရသည်မဟုတ်ပါလောဟု လျှောက်ကြားပြန်၏။ ဆရာတော်ဘုရားကြီးတို့သည် ဆိတ်ဆိတ်သာနေပြီးမှ ကြွတော်မူပေကုန်သတည်း။

ဧင်းအစည်းအဝေး၌ စလင်းဆရာတော်ဘုရားကြီးမပါ၊ မကြွလာသဖြင့် နောက်တစ်ရက်၌ နန်းတော်သို့ပင့်၍ ရှေးနည်းအတိုင်း လျှောက်ကြားပြန်လေ သော် ရှေးနည်းအတိုင်း ဖြေဆိုပြန်သဖြင့် ရှေးနည်းအတိုင်း လျှောက်ကြား ပြန်၏။

ဆရာတော်ဘုရား၊ သမ္မောစသော အဋ္ဌကထာများ၌ ဝေဒနာသည် မြွေဦး ခေါင်းပမာ ပြရာ၌ မြွေကိုသေစေလိုသောသူသည် အမြီးကိုမရိုက်ဘဲ ဦးခေါင်းကို ရိုက်ပါက သေခြင်းရောက်သကဲ့သို့၊ မြွေ၏ဦးခေါင်းနှင့် တူသော ဝေဒနာ နုပဿနာ တစ်ချက်ကို နာနာနှက်ပါက ဘုံသုံးပါးက ထွက်ရမည်အမှန်။ နိဗ္ဗာသို့ အမြန်ရောက်မည်မဟုတ်ပါလောဟု လျှောက်ကြားလေလျှင် ကောင်း ကြီးသာဝုခေါ်၍ ကျောင်းတော်သို့ ကြွလေသတည်း။ မင်းကြီးစကားသည် သတိပဋ္ဌာန်၌လာသော ဝေဒနာနုပဿနာ ဂမ္ဘီရ ဓမ္မဋ္ဌာန်းနှင့် ဆိုင်ပေ၏။

သော ဧကံဝေဒနံ-ဝေဒေတိ၊
ကာယိကံ နစေတသိကံ။ (ပါဠိတော်)

သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဧကံ၊ တစ်ခုသော။ ကာယိကံ၊ ကိုယ်၌ဖြစ် သော။ ဝေဒနံ၊ ဝေဒနာကို။ ဝေဒေတိ၊ ခံစား၏။ စေတသိကံ၊ စိတ်၌ဖြစ် သော။ ဧကံ၊ တစ်ခုသော။ ဝေဒနံ၊ ဝေဒနာကို။ နဝေဒေတိ၊ မခံစားပါ။

အဓိပ္ပာယ်ကား။ ။ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် အနိဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိလျှင် ကာယိက ဒုက္ခဝေဒနာဖြင့် ခံစား၏။ သုခသဟဂုတ် ကာယဝိညာဏ်သည် ဣဋ္ဌာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိလျှင် ကာယိကသုခ

ဝေဒနာဖြင့် ခံစား၏။ ထိုနှစ်ပါးကို သောတာပတ္တိမဂ်စသော လောကုတ္တရာ ကုသိုလ်စိတ်တို့ဖြင့် အကြောင်းတရားကို မပယ်နိုင်ကြပေကုန်၏။

ရဟန္တာပုဂ္ဂိုလ်သည် ကာယိကဝေဒနာကို ခံစား၏၊ စေတသိက ဒုက္ခဆိုရာ၌ စေတသိကဒုက္ခသည် ဒေါသမူဖြစ်၍ အနာဂါမိမဂ်သည် ပယ်အပ်သောကြောင့် ရဟန္တာတို့သည် အကြောင်းတရားကို ပယ်အပ်ပြီ၊ အကျိုးတရားဟူသမျှ အပဟာ တဗ္ဗမျိုး ဖြစ်၍ မပယ်နိုင်ကြပေကုန်။

ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ
ပဝတ္တံ ဘယန္တိ ၊ပ၊ နိမိတ္တံ ဘယန္တိ အာယူဟနာ ဘယန္တိ
ပဋိသန္ဓိ ဘယန္တိ ဂတိ ဘယန္တိ နိဗ္ဗတ္တိ ဘယန္တိ ဥပပတ္တိ ဘယန္တိ
ဇာတိ ဘယန္တိ ဇရာ ဘယန္တိ ဗျာဓိ ဘယန္တိ မရဏံ ဘယန္တိ
သောကော ဘယန္တိ ပရိဒေဝေါ ဘယန္တိ ၊ပ၊ ဥပါယာသော
ဘယန္တိ၊ ဘယတုပဋ္ဌာနေပညာ-အာဒီနဝေဉာဏံ။

ဥပ္ပါဒေါ၊ ယခုဘဝ ဖြစ်ရခြင်းသည်ကား၊ ဘယံ၊ ဘေးတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးထင်သောပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ် ထင်သော ဉာဏ်မည်၏။ ပဝတ္တံ၊ ယခုဘဝမှအစ နောင်အဆုံးတိုင်အောင် အစဉ် မပြတ် ဖြစ်ရခြင်းသည်ကား။ဘယံ၊ ဘေးတည်း။ ဣတိ၊ ဤသို့။ပ။ နိမိတ္တံ၊သခ်ါရ ခယနိမိတ်ထင်ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ အာယူဟနာ၊ အားထုတ်ရ ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ပဋိသန္ဓိ၊ တစ်ဖန် ပဋိသန္ဓေ နေရခြင်း သည်ကား။ ဘယံ၊ ဘေးတည်း။ ဂတိ၊ ယခုဘဝမှ နောင်ဘဝသို့ သွားရခြင်း သည်ကား။ ဘယံ၊ ဘေးတည်း။ နိဗ္ဗတ္တိ၊ အကြောင်းကြောင့် အကျိုးယခုဖြစ် ရခြည်းသည်ကား။ ဘယံ၊ ဘေးတည်း။ ဥပပတ္တိ၊ ယခု အကြောင်းတစ်စိတ် ကြောင့် နောင်အကျိုးတစ်စိတ်၊ ယခု ပြည့်စုံရခြင်းသည်ကား။ ဘယံ၊ ဘေး တည်း။ ဇာတိ၊ နာမ်ရုပ်တို့၏ ဖြစ်ရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ဇရာ၊ နာမ်ရုပ်တို့၏ ရင့်ရခြင်းသည်ကား။ဘယံ၊ ဘေးတည်း။ ဗျာဓိ၊ ရောဂါတို့၏ နှိပ်စက်ခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ မရဏံ၊ ရုပ်နာမ်တို့၏ သေရခြင်း သည်ကား။ ဘယံ၊ ဘေးတည်း။ သောကော၊ စိုးရိမ်ရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ပရိဒေဝေါ၊ ငိုကြွေးရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ဣတိ၊ ဤသို့။ပ။ ဥပါယာသော၊ ပင်ပန်းရခြင်းသည်ကား။ ဘယံ၊ ဘေးတည်း။ ဣတိ ဤသို့။ ဘယတုပဋ္ဌာနေပညာ၊ ဘေးဟုထင်သော ပညာသည်။ အာဒီနဝေ- ဉာဏံ၊ အပြစ်ထင်သော ဘယဉာဏ် မည်၏။

အဝိပ္ပာယ်ကား။ ။ယခုဘဝ ဖြစ်ရခြင်းသည်ကား ဘေးအပြစ်သာတည်း။ ဤသို့ ဘေးအပြစ်ကို ထင်မြင်သော ပညာသည် ဘယညာဏ်မည်၏။ ယခုဘဝအစ က-နောင်အဆုံးတိုင်အောင် အစဉ်မပြတ် ဖြစ်ရခြင်းသည်ကား ဘေးအပြစ်သာ တည်း။ ဤသို့။ပ။ သင်္ခါရ-ခယနိမိတ် ထင်မြင်ရခြင်းသည်ကား ဘေးအပြစ် သာတည်း။ ရုပ်နာမ်ဖြစ်အောင် အားထုတ်ရခြင်းသည်ကား ဘေးအပြစ်သာ တည်း။ တစ်ဖန် ပဋိသန္ဓေနေရခြင်းသည်ကား ဘေးအပြစ်သာတည်း။ နောင် ဘဝသို့ သွားရခြင်းသည်ကား ဘေးအပြစ်သာတည်း။ အကြောင်းခံကြောင့် အကျိုးဖြစ်ရခြင်းသည်ကား ဘေးအပြစ်သာတည်း။ ယခုဘဝ အကြောင်းတစ် စိတ်ကြောင့်၊ နောင်အကျိုးတစ်စိတ် ယခု ပြည့်စုံရခြင်းသည်ကား ဘေးအပြစ် သာတည်း။ နာမ်ရုပ်တို့၏ ရင့်ခြင်းသည်ကား ဘေးအဖြစ်သာတည်း။ နာမ်ရုပ် တို့၏ နာရခြင်းသည်ကား ဘေးအပြစ်သာတည်း။ နာမ်ရုပ်တို့၏ ပျက်ရခြင်း သေရခြင်းသည်ကား ဘေးအပြစ်သာတည်း။ စိုးရိမ်ရခြင်းသည်ကား ဘေး အပြစ်သာတည်း။ ငိုကြွေးရသည်ကား ဘေးအပြစ်သာတည်း။ ပင်ပမ်းရခြင်း သည်ကား ဘေးအပြစ်သာတည်း။ ဤသို့ ဘေးအပြစ်ကို ထင်မြင်သောပညာ သည် ဘယညာဏ် မည်၏။ ဤကား ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်း ဆရာတော်ဘုရားကြီး အနက်အဓိပ္ပာယ်တည်း။

တရားတော်ကို အားထုတ်သောအရာနှင့် စပ်လျဉ်း၍ တောင်ငူမြို့ မြောက် ဘက်၌ စာချပုဂ္ဂိုလ် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးသည် သက်တော် ၆၀ ခန့်၊ ဝါတော် ၄၀ ခန့်သော ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံရာ ဆရာတို့ တရားကို အားထုတ်သည်ဟု ကြားရသည်၊ ဟုတ်ပါ၏လောဟု မေးတော်မူရာ။ မှန်လှပါ တတ်အားသမျှ အားထုတ်ရပါသည်ဟု လျှောက်ကြားလေ၏။

ထိုအခါ ဆရာတော်ဘုရားကြီးက လယ်တီဆရာတော်ဘုရားကြီး ရေးသား သော ဘာဝနာဒီပနီသည် လွန်စွာကောင်းလှသည်ဟု မိန့်တော်မူ၏။ အရှင် ဘုရားကောင်း၍ ပြတော်မူပါလော၊ မပြနိုင်ပါလျှင် စာအုပ်ကိုယူ၍ ဖတ်ပြပါ လောဟု ရိုသေစွာ လျှောက်ကြားလေလျှင် ဦးခေါင်းတော် အောက်စိုက်၍ စံတော်မူသတည်း။

အရှင်ဘုရားက ကောင်း၍မပြပါလျှင် တပည့်တော်က ကောင်း၍ပြပါမည်။ နာတော်မူဦးလောဟု ရိုသေလေးမြတ်စွာ လျှောက်ကြားပြီးလျှင် သတိပဋ္ဌာန် ပါဠိတော်အရ ဣရိယာပထပဗ္ဗကို ကျနမှန်ကန်စွာ ယထာဘူတ သဘာဝအတိုင်း၊

ကိလေသာကဣာပုံ-နာမ်ရုပ်ပါပုံ။ အနိစ္စ-ဒုက္ခ-အနတ္တာ ပါပုံတို့ကို သိသာထင်ရှား ယုံမှားခြင်း ကင်းလေအောင် ထင်လင်းစွာ လျှောက်ကြားလေလျှင် ဦးခေါင်း တော်အောက်သို့စိုက်၍ စံမြဲစံတော်မူသဖြင့် စကားအဆုံးသတ်လိုက်ရ၏။

ထိုဆရာတော်ဘုရားကြီးကို ရဟန်းရှင်လူ ကြည်ဖြူအများ သဒ္ဓါစိတ်ဖြစ် ပွား၍ ရိုသေကြောက်ရွံခြင်းကြီးလှ၍ အထူးမရှိပါက တစ်ဦးတစ်ယောက်မျှ မလျှောက်ထားဝံ့ကြပေ။ ဘုရားဒကာ၊ ကျောင်းဒကာများက ကြောက် ရွံလျက် ဆရာတော်ဘုရားကြီးနှင့် တရားစကား ပြောဟောရာ ဘယ်ကဆရာပါ နည်းဟု လျှောက်ထားလျှင် မြို့လှကဆရာ မောင်ချစ်အောင်ဆိုတာ သူဘဲဟု မိန့်တော်မူ၏။ အရှင်ဘုရားက ဆရာကိုပြန်၍ မပြောခြင်းကား အဘယ့်ကြောင့် နည်းဟု လျှောက်လေလျှင် နင်တို့က ဘာမှန်းမှမသိကြ။ အလွန်စာတတ်၊ အလွန် စကားတတ်၍ မပြောလဲရှုံး၊ ပြောလဲရှုံးဟု မိန့်တော်မူသတည်း။

ဘယတုပဋ္ဌာနဉာဏံ ပန ဘာယတိ၊ နဘာယတီတိ န ဘာယတိ
တဥှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ-ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ
အနာဂတာ နိရုဇ္ဈိဿန္တီတိ၊ တီရဏာ မတ္တမေဝ ဟောတိ။

(ဝိသုဒ္ဓိမဂ်)

ဘယတုပဋ္ဌာန ဉာဏံပန၊ ဘေးဟုထင်မြင်သောဉာဏ်သည်ကား၊ ဘာယတိ၊ ကြောက်သလော။ နဘာယတိ၊မကြောက်ဘူးလော။ ဣတိအယံ၊ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ နဘာယတိ၊ မကြောက်ပါ။ ဟိသစ္စံ၊ ထိုစကားသည်မှန် လှပေ၏။ တံဉာဏံ၊ ထိုဘယဉာဏ်သည်။ အတီတာ၊ အတိတ်ဖြစ်ကုန်သော နာမ် ရုပ်တို့သည်။ နိရုဒ္ဓါ၊ ချုပ်ခဲ့လေကုန်ပြီ။ ပစ္စုပ္ပန္နာ၊ မြင်ဆဲကြားဆဲစသော နာမ် ရုပ်တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်ဆဲ။ အနာဂတာ၊ မဖြစ်မပေါ်မလာကုန်သေး သော နာမ်ရုပ်တို့သည်။ နိရုဇ္ဈိဿန္တိ၊ ချုပ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တီရဏာ- မတ္တမေဝ၊ စုံစမ်းဆင်ခြင်ခြင်းမျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား**။ ။ဘေးဟုထင်မြင်သော ဘယဉာဏ်သည် ကြောက်သ လော၊ မကြောက်ဘူးလောဟူသော အမေး၌။ မကြောက်ဘူးဟု ဖြေဆိုပေ၏။ ထိုစကားသည် မှန်လှပါ၏။ ထိုဘယဉာဏ်သည် အတိတ်၌ဖြစ်ကုန်သော နာမ်ရုပ် တို့သည် ချုပ်ခဲ့လေကုန်ပြီ။ ပစ္စုပ္ပန်မြင်ဆဲ ကြားဆဲစသော နာမ်ရုပ်တို့သည် ချုပ်ကုန်ဆဲ။ အနာဂတ်ဖြစ်ကုန်သော နာမ်ရုပ်တို့သည် ချုပ်ကုန်လတ္တံ့။ ဤသို့ စုံစမ်းဆင်ခြင် ခြင်းမျှသည်သာလျှင် ဖြစ်သည်ဟု ဆိုပေသည်။

ပြဆိုခဲ့သော ၎င်းပါဠိ၌ မကြောက်ဟုဆိုသော စကားမှာ အတိတ်ပစ္စုပ္ပန် အနာဂတ်တို့၌ ဖြစ်ကုန်သော နာမ်ရုပ်တို့သည် ချုပ်ပြီး-ချုပ်ဆဲ-ချုပ်လတ္တံ့ဟု ကာလသုံးပါးကို ပြဆိုသောစကားအရ ယောဂီပုဂ္ဂိုလ် နှလုံးသွင်းဆဲ၊ ရှုမှတ်ပွားများဆဲ ပစ္စုပ္ပန် အခိုက်အတန့်အတွင်း၌ ကြောက်သောအာရုံမျိုးမဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ဥဒယဗ္ဗယဉာဏ်ကစ၍ အနုလောမဉာဏ် အဆုံး ယောဂီပုဂ္ဂိုလ်တို့ ရှုမှတ် ပွားများသောအခါ အတိတ်-အနာဂတ်ကို လွှတ်၍ ပစ္စုပ္ပန်တစ်ခုကိုသာလျှင် ရှုမှတ်ပွားများ တွေ့ရှိထင်မြင်ကြောင်းကို ဥပရိပဏ္ဏာသ ပါဠိတော်စသည်တို့၌ မြတ်စွာဘုရားဟောတော်မူသည်ကို ထောက်၍ တရား ရှုမှတ်ပွားများသော ပစ္စုပ္ပန်အတွင်းသို့ မဆိုက်သဖြင့် ကိလေသာ ဟူသော ကြောက်ခြင်းဟူ၍ ယူသင့် ယူထိုက်ပေသည်။

အဋ္ဌကထာဆရာ ပြဆိုခဲ့သော ကာလသုံးပါးအဆက်။ ၎င်းအချက်မှာ-တီရဏမတ္တမေဝ၊ ဟူသောပါဠိ၌ အတိတ်-ပစ္စုပ္ပန် အနာဂတ်တို့၌ ဖြစ်ကုန်သော နာမ်ရုပ်တို့သည် ချုပ်ပြီး-ချုပ်ဆဲ-ချုပ်လတ္တံ့ဟု ဆိုရာ၌ ပစ္စုပ္ပန်တစ်ခုကနေ၍ အတိတ် အနာဂတ်တို့ကို သိမြင်ကြစေကုန်လော။ ဓမ္မသဘာဝ၌ ကြောက်ပြန် ရဲပြန်၊ ဤနှစ်တန် အမှန်ဒေါသဟူ၍ မှတ်ယူကြကုန်လော။

၎င်းဘယဉာဏ် · အာဒီနဝဉာဏ်သို့ ဆိုက်ရောက်သော ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်ပွားများသောအခါ ကမ္မဋ္ဌာန်း အရှိန်အဟုန် အားသေးလှ၍ ရှေ့ဉာဏ်သို့ မကူးမတက်ဘဲ တဝဲလည်လည် ဘယဉာဏ် - အာဒီနဝဉာဏ်၌သာ ရှုမှတ်ပွား များ၍ နေဆဲတွင် ရံခါရံခါ ကိလေသာဝင်၍လာသဖြင့် ကြောက်လန့်ပေသည်။ တချို့မှာ တကိုယ်လုံးတုန်လှုပ်အောင် ကြောက်လန့်သည်။ အချို့မှာ ထွက်၍ ပြေးမည် ဖြစ်သည်။ လှုပ်တိုင်း-ကြွတိုင်း-မတိုင်း စသည်ဖြင့် ကြောက်လန့်သည်။ ယောဂီပုဂ္ဂိုလ်ကို စစ်ဆေးမေးမြန်းလျှင် အစဉ်မပြတ်မှတ်တိုင်း ကြောက်လန့်ပေ သည်ဟု ဝန်ခံပေသည်။ ဤအရာ၌ ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက ဘယဉာဏ်-အာဒီနဝဉာဏ်တို့၌ ကြောက်လန့်သည် ဆိုသော အရာမှာ ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်ပွားများသောစိတ်၌ ကမ္မဋ္ဌာန်း အရှိန်အဟုန် အားသေး၍ ရှေးဉာဏ်သို့ မကူးမတက်ဘဲ ၎င်းဉာဏ်ထဲ၌သာ နေဆဲတွင် တစ်ခါတစ်ရံ ကိလေသာဝင်၍လာသဖြင့်၊ ကြောက်လန့်ပုံ အမျိုးမျိုးတို့ကို တွေ့မြင်ကြရပေသည်။

ဧင်းဉာဏ်တို့မှာ ကြောက်ဖွယ် လန့်ဖွယ်သော သဘောသာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် ကြောက်လန့်ကောင်းသည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် နာမ်ရုပ်ဓမ္မ သဘာဝတရားနှစ်ပါးကလွဲ၍ ဘာတစ်ခုမျှ မကောင်းသောကြောင့်တည်း။ ဝိပဿနာအရာ၌ နာမ်ရုပ်က ပိုလွန်၍ တစ်စုံတစ်ခု တွေ့မြင်ခဲ့လျှင် ကမ္မဋ္ဌာန်း၏ အန္တရာယ်ဟူ၍ မှတ်ယူကြပေကုန်လော။

အကယ်၍ ဧင်းဉာဏ်တို့ကို ကြောက်လန့်ရမည် အမှန်ဖြစ်ခဲ့ပါလျှင် ယောဂီပုဂ္ဂိုလ်တိုင်း ကြောက်လန့်ရပေလိမ့်မည်။ ဤကဲ့သို့လည်း မကြောက်လန့်ကြပေကုန်။ ကြောက်လန့်ခြင်းနှင့် မဂ်ဖိုလ်နှင့် မဆိုင်ပေ။ ကြောက်လန့်သောအခါ မဲမဲသဲသဲအားခဲ၍ ရှုမှတ်ပွားများ အားထားခဲ့ပါလျှင် ဉာဏ်စဉ်အတိုင်းတက်၍ မဂ်သို့ ဝင်ရောက်ရပေသတည်း။

ကြောက်လန့်၍ လွှတ်လိုက်လျှင် ရှေ့ဉာဏ်သို့ မကူးမတက်ဘဲ ဉာဏ်ကျ၍သွားတတ်ပေသည်။ ကြောက်လန့်သည်မှ ကိလေသာဝင်လာ၍မှတ်သော စိတ်၌ ရုပ်နာမ်ကို ကြောက်လန့်သည်။ ဗဟိဒ္ဓက-လောကအကြောက်မျိုးကို မကြောက်မလန့်ပေကုန်ဟု မိန့်တော်မူသတည်း။

> ဘယဉာဏ်ပင် ဘေးကြီးထင် ရုပ်နာမ်မြင်တော့သာ
> အာရုံခြောက်ပင် ဘေးကြီးထင် ရုပ်နာမ်မြင်တော့သာ
> ရန်သူလက်တွင်း ရောက်ပြန်ခြင်း အလျှင်းတူတော့သာ။ (သံခိပ်)

ဆရာတော်ဘုရားကြီးက ကြောက်လန့်သည့်အရာ ဥပမာပြသည်မှာ-ကြောက်လန့်သေလောက်အောင် မီးပုံကြီးသုံး ပုံရှိရာတွင် ပထမမီးပုံကြီးသို့ ဆင်းရပါလျှင် သေရမည်မလွဲ မှန်တော့ပေသည်။ ဒုတိယမီးပုံ-တတိယမီးပုံ ထို့နည်းအတူမှတ်ယူပါလေ။

ပစ္စုပ္ပန်နာမ်ရုပ်ကို သိမြင်သဖြင့် အတိတ်ကနာမ်ရုပ်တို့သည် ပစ္စုပ္ပန်က နာမ်ရုပ်တို့ကဲ့သို့ ကြောက်လန့်ဖွယ်ပါတကား၊ အနာဂတ်၌ ဖြစ်လတ္တံ့သော နာမ်ရုပ်တို့သည် ပစ္စုပ္ပန်က နာမ်ရုပ်တို့ကဲ့သို့ ကြောက်လန့်ဖွယ်ပါတကားဟု အတိတ်ကိုသိမြင်ခြင်းသည် ပစ္စုပ္ပန်ကစိတ်၊ အနာဂတ်ကိုသိမြင်ခြင်းသည် ပစ္စုပ္ပန်ကစိတ်၊ ပစ္စုပ္ပန်ကို သိမြင်ခြင်းသည် ပစ္စုပ္ပန်ကစိတ်၊ မီးပုံကြီးသုံးပုံကို တွေ့မြင်သဖြင့် ကြောက်လန့်ဖွယ်သော သဘောသာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် ကြောက်သည်လန့်သည် မဟုတ်ပေ။

တစ်နည်းမှာ။ ။ကြောက်လန့်သေလောက်အောင် ရင်ဝ၌တည့်တည့် ပဌမ-ရှားငြောင့်ကြီး၊ ဒုတိယ-ငွေငြောင့်ကြီး၊ တတိယ-ရွှေငြောင့်ကြီးသုံးခု တွေ့မြင်ရာတွင် ပဌမ ရှားငြောင့်ကြီးသည် ရင်ဝ၌ စူးဝင်ပါမူတကား သေရမည်မလွဲ မှန်တော့သည်။ ဒုတိယငြောင့်၊ တတိယ ငြောင့်တို့မှာ ပဌမ ငြောင့်နည်းတူ သိမြင်ကြကုန်လော့။

အတိတ်အနာဂတ် ပစ္စုပ္ပန်နည်းတူ မီးပုံကြီး ငြောင့်တို့ကို ပြဆိုရာ၌ ကြောက်လန့်သော သဘောကိုသာ ပြဆိုပေသည်။ စင်စစ်အားဖြင့် မကြောက်မလန့်ပေကုန်။ ဤကား ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး အဆုံးအမတည်း။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက ပိဋကတ်သုံးပုံ ကုန်စင်အောင် တတ်မြောက်သော်လည်း တရားနည်းကို အားမထုတ်ဘူး မယူဘူးက ထိုအရှင်တို့ ရေးသားသောကျမ်းကို စုံစမ်းဆင်ခြင်၍ ယူရမည်ဟု မိန့်တော်မူပေသတည်း။

ပေါဋ္ဌိလမထေရ်၊ မဟာနာဂမထေရ်၊ မဟာသိဝမထေရ် စသော အရှင်တို့သည် ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ဖြစ်ပါလျက် ဓမ္မသဘာဝယထာဘူတ မသိကြ၍ ကမ္မဋ္ဌာန်း ယူရပုံကို အောက်၌ပြဆိုခဲ့ပြီ။ မဟာသိဝအရှင်သည် ပုထုဇဉ်အခါက မြတ်စွာဘုရား အလောင်းတော်သည် မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေစွဲနေရာ မဟာကုသိုလ် ဉာဏသမ္ပယုတ် သောမနဿနှင့် ပဋိသန္ဓေ နေသည်ဟု ဆုံးဖြတ်လေသည်။

၎င်းစကားကို အဋ္ဌကထာဆရာတို့က သောမနဿမဟုတ်၊ ဥပေက္ခာဉာဏသမ္ပယုတ်နှင့် ပဋိသန္ဓေ စွဲနေသည်။ အရှင်မဟာသိဝဆိုသော စကားသည် ပုထုဇဉ်အခါက ဆိုသောစကားဖြစ်သည်။ နောက်မှ ရဟန္တာဖြစ်သည်။ ထို့ကြောင့် မဟာသိဝစကားကို အဋ္ဌကထာဆရာများက ပယ်ရှားလိုက်ကြပေသတည်း။

ယခုအခါ ကျမ်းတတ်အမော် ဆရာတော်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး အယူဝါဒကွဲပြားကြကုန်သတည်း။ ဝိပဿနာ အရာ၌လည်း လွန်မင်းစွာ အယူဝါဒများလှ၍ ပညာရှိတို့သည် သတိပြုကြပါမှ အထူးသိနိုင်ကြပေကုန်မည်။

(၃၈) ဘယဉာဏ်-အာဒီနဝဉာဏ် တွဲစပ်၍ တစ်ဖန် ယောဂီတို့၏
ထင်ဟန်ကို သိသာရန် ပြဆိုခြင်း ပြီး၏။

* * *

## (၃၉) အာဒီနဝဉာဏ် အချက်ကို ကျန်းဂန်ရ အထွက်နှင့် မိန့်မြွက်ခါ ပြဆိုခြင်း

ဘယဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့် အာဒီနဝဉာဏ်သို့ ဆိုက်ရောက်သောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဌ ရှုမှတ်ပွားများတိုင်း မြင်-အပြစ်၊ ကြားအပြစ်၊ နံအပြစ်၊ စားအပြစ်၊ ထိအပြစ်၊ သိအပြစ်၊ ညာကလှမ်း အပြစ်၊ ဘယ်ကလှမ်း အပြစ်၊ ရပ်အပြစ်၊ ထိုင်အပြစ်၊ အိပ်အပြစ်၊ ကွေးအပြစ်၊ ဆန့်အပြစ် စသည်တို့ဖြင့် စိတ်ကျရောက်ရာဌာနတို့မှ ရှုမှတ်ပွားများတိုင်း အလုံးစုံ အကုန်အပြစ်တွေ ရန်သူတွေသာ ထင်မြင်လေတော့သည်။

ဥပ္ပါဒေါ ဘယံ၊ ပဝတ္တံ ဘယံ ... (?)

ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ သာမိသံ
ပဝတ္တံ သာမိသံ နိမိတ္တံ သာမိသံ အာယူဟနာ သာမိသံ
နိဗ္ဗတ္တိ သာမိသံ ပဋိသန္ဓိ သာမိသံ
ဧဝံ အာဒီနဝါ နုပဿနံ အာဒီနဝေဉာဏံ။

မေ မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ ဤရုပ်နာမ် ခန္ဓာတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ရခြင်းသည်။ သာမိသံ၊ သေမင်း၏ အစာတည်း။ ပဝတ္တံ၊ ပဋိသန္ဓေနောင်-စုတိတိုင်အောင် အစဉ်မပြတ် ဖြစ်ရခြင်းသည်။ သာမိသံ၊ သေမင်း၏ အစာတည်း။ နိမိတ္တံ၊ သင်္ခါရခယနိမိတ် ထင်ခြင်းသည်။ သာမိသံ၊ သေမင်း၏ အစာတည်း။ အာယူဟနာ၊ လုပ်ကြံအားထုတ်ခြင်းသည်။ သာမိသံ၊ သေမင်း၏အစာတည်း။ နိဗ္ဗတ္တိ၊ အကြောင်းကြောင့် အကျိုးဖြစ်ရခြင်းသည်။ သာမိသံ၊ သေမင်း၏အစာတည်း။ ပဋိသန္ဓိ၊ တစ်ဖန် ပဋိသန္ဓေ နေရခြင်းသည်။ သာမိသံ၊ သေမင်း၏ အစာတည်း။ ဧဝံ၊ ဤသို့။ အာဒီနဝါနုပဿနံ၊ အပြစ်ကိုရှုမြင်ခြင်းသည်။ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ် မည်၏။

ဘယဉာဏ်နှင့် အာဒီနဝဉာဏ်သည် သဘောမကွဲကြသဖြင့် တွဲစပ်၍ပြခဲ့ပြီ။ ၎င်းဉာဏ်၏သဘောမှာ ရုပ်နာမ်ဓမ္မ သဘာဝအတိုင်း မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတို့သည် ခဏမစဲ အမြဲနှိပ်စက်၍နေသောကြောင့် ဤရုပ်နာမ်တို့ကို အပြစ်တွေ၊ ရန်သူတွေဟူ၍ သိမြင်ကြကုန်လော။

ဧဝမေဝါယံ ယောဂါဝစရော ဘင်္ဂါနုပဿနာ ဝသေန
သဗ္ဗသင်္ခါရေသု ဘယတော ဥပဋ္ဌိတေသု သမန္တတော
နိရသံ နိရဿာဒံ အာဒီနဝမေဝ ပဿတိ တဿေဝံ ပဿတော
အာဒီနဝဉာဏံ နာမ ဥပ္ပန္နံ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

ဝေမေဝ၊ ဤသို့သာလျှင်။ အယံယောဂါဝစရော၊ ဤယောဂီ ပုဂ္ဂိုလ်သည်။ ဘင်္ဂါနုပဿနာဝသေန၊ အပျက်ကို အဖန်တလဲလဲ ရှုမြင်သည်၏အစွမ်းဖြင့်။ သဗ္ဗ-သင်္ခါရေသု၊ အလုံးစုံသော ရုပ်နာမ်တို့သည်။ ဘယတော၊ ကြောက်လန့်ဖွယ်သောဘေးကြီးနှင့် တူကုန်၏ ဟူ၍။ ဥပဋ္ဌိတေသု၊ ထင်မြင်ကုန်သည်ရှိသော်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ နိရသံ၊ သာယာခြင်းမရှိသော။ နိရဿာဒံ၊ သက်သာစရာအကြောင်းမရှိသော။ အာဒီနဝမေဝ၊ အပြစ်တွေ့ကိုသာလျှင်။ ပဿတိ၊ ရှုမြင်၏။ ဇေ၀ံ၊ ဤသို့သောနည်းဖြင့်။ ပဿတော၊ ရှုမြင်သော။ တဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ အာဒီနဝဉာဏံ နာမ၊ အာဒီနဝဉာဏ်မည်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ဤသို့သော ယောဂီပုဂ္ဂိုလ်သည် အပျက်ကို အဖန်တလဲလဲ ရှုမြင်သည်၏အစွမ်းဖြင့် အလုံးစုံသောရုပ်နာမ်တို့သည် ကြောက်လန့်ဖွယ်သော ဘေးနှင့် တူကုန်၏ဟူ၍ ထင်မြင်ကုန်သည်ရှိသော် ထက်ဝန်းကျင်မှ သာယာခြင်းမရှိသော၊ သက်သာယာအကြောင်းမရှိသော အပြစ်တွေ့၊ ရန်သူတွေ့ကိုသာ ထင်မြင်၍နေခြင်းသည် အာဒီနဝဉာဏ် မည်၏။

အာဒီနဝ ထင်သမျှ မြင်ကြအပြစ်သာ
ခြောက်ပါးအာရုံ တွေ့ပြန်ကြုံ အကုန်အပြစ်ပါ
ယောဂီရုပ်ပုံ ဆတ်ဆတ်တုန် အကုန်ကြောက်တော့သာ
ကြောက်လန့်ဖန်ဖန် လွတ်လိုက်ပြန် ဉာဏ်မှာမတက်ပါ
မလွတ်ထင်မြင် အားထားလျှင် ဉာဏ်စဉ်မဂ်ဝင်ကာ။ (သံခိပ်)

ဥပ္ပါဒေါ ဒုက္ခန္တိ ဘယတုပဋ္ဌာနေပညာ အာဒီနဝေဉာဏံ
အနုပ္ပါဒေါ-သုခန္တိ သန္တိ ပဒေဉာဏံ ဥပ္ပါဒေါ ဘယန္တိ
ဘယတုပဋ္ဌာနေပညာ-အာဒီနဝေဉာဏံ အနုပ္ပါဒေါ
ခေမန္တိ သန္တိ ပဒေဉာဏံ။ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

ဥပ္ပါဒေါ၊ နာမ်ရုပ်တို့၏ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲရသော သဘောတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟုထင်မြင်ရာ၌။ ပညာ၊ သိမှတ်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သောဉာဏ် မြင်၏။ အနုပ္ပါ-ဒေါ၊ ယခုဘဝ အစမဖြစ်ရခြင်းသည်ကား။ ဝါ၊ နာမ်ရုပ်တို့၏ မဖြစ်ရခြင်းသည်ကား။ သုခံ၊ ချမ်းသာသောသဘောတည်း။ ဣတိ၊ ဤသို့၊ ဇာနနံ၊ သိမြင်ခြင်းသည်။ သန္တိပဒေဉာဏံ၊ ထင်မြင်သောဉာဏ်မည်၏။ ဥပ္ပါဒေါ၊ နာမ်ရုပ်

တို့၏ ဖြစ်ရခြင်းသည်။ ဘယံ၊ ဘေးဟူသော သဘောတည်း။ ဣတိ၊ ဤသို့။ ဘယတုပဋ္ဌာနေ၊ ဘေးဟုထင်မြင်ရာ၌။ ပညာ၊ သိမှတ်သော ပညာသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်မြင်သော ဉာဏ်မည်၏။ အနုပ္ပါဒေ၊ နာမ်ရုပ်တို့၏ မဖြစ်ရခြင်းသည်။ ခေမံ၊ ချမ်းသာသော သဘောတည်း။ ဣတိ၊ ဤသို့။ ဇာနနံ၊ သိမြင်ခြင်းသည်။ သန္တိပဒေဉာဏံ၊ ထင်မြင်သော ဉာဏ်မည်၏။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ အာယူဟနံ
ပဋိသန္ဓိဉာဏံ အာဒီနဝေဉာဏံ။ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

ဥပ္ပါဒဉ္စ၊ ဖြစ်ရခြင်းသည်ကား။ ဒုက္ခံ၊ ဒုက္ခတည်း။ ပဝတ္တဉ္စ၊ ပဋိသန္ဓိ နောင်စုတိတိုင်အောင် အစဉ်မပြတ် ဖြစ်ရခြင်းသည်ကား။ ဒုက္ခံ၊ ဒုက္ခတည်း။ နိမိတ္တံ၊ သင်္ခါရ-ခယ-ဝယ နိမိတ်ထင်ရခြင်းသည်ကား။ ဒုက္ခံ၊ ဒုက္ခတည်း။ အာယူဟနံ၊ လုပ်ကြံအားထုတ်ခြင်းသည်ကား၊ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ။ ဤသို့။ အပြစ်ကို ထင်မြင်ခြင်းတို့၌။ ဉာဏံ၊ သိခြင်းသည်။ အာဒီနဝေဉာဏံ၊ အပြစ်ထင်သော ဉာဏ်မည်၏။

အနုပ္ပါဒေါ အပဝတ္တံ အနိမိတ္တံ သုခန္တိစ
အနာယူဟနာ အပဋိသန္ဓိဉာဏံ သန္တိပဒေ ဣဒံ။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

အနုပ္ပါဒံ၊ ယခုဘဝ အစမဖြစ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အပဝတ္တံ၊ ယခုဘဝအစ-နောင်အဆုံးတိုင်အောင် အစဉ်ပြတ်ကင်း မဖြစ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အနိမိတ္တံ၊ သင်္ခါရခယနိမိတ် မထင်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အနာယူဟနံ၊ အမှန်အမှား တစ်ဖန်လာအောင် အားမထုတ်ရခြင်းသည်ကား။ သုခံ၊ သုခတည်း။ အပဋိသန္ဓိ၊ တစ်ဖန်ပဋိသန္ဓေ မနေရခြင်းသည်ကား။ သုခံ၊ သုခတည်း။ ဣတိ ဣမေသု ပဉ္စဋ္ဌာနေသု၊ ဤငါးပါးသောဌာနတို့၌။ ဣဒံသန္တိ ပဒေဉာဏံ၊ ဤသန္တိပဒဉာဏ်သည်။ ပဿတိ၊ ထင်မြင်၏၊ အာဒီနဝဉာဏ်သည် ငါးပါးသော ဌာနတို့၌။ ခေမသုခ၊ ထင်မြင်ပုံတည်း။

ဣဒံ အာဒီနဝေဉာဏံ-ပဉ္စဋ္ဌာနေသု ဇာယတိ
ပဉ္စဋ္ဌာနေ သန္တိပဒေ ဒသဉာဏေ ပဇာနာတိ
ဒွိန္နံဉာဏာနံ ကုသလတာ နာနာဒိဋ္ဌိသု နကမ္ပတီတိ။ (ငင်းပါဠိ)]

ဣဒံ အာဒီနဝဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဉ္စဌာနေသု၊ ငါးပါးသော ဌာနတို့၌။ ဇာယတိ၊ ဖြစ်၏၊ ဣဒံသန္တိပဒေဉာဏံ၊ ဤသန္တိ ပဒဉာဏ်သည်။ ပဉ္စဌာနေသု၊ ငါးပါးသောဌာနတို့၌။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယော၊ အကြင်သူသည်။ ဒသဉာဏေ၊ ဉာဏ်ဆယ်ပါးတို့ကို။ ပဇာနာတိ၊ သိ၏။ သော၊ ထိုသူသည်။ ဒွိန္နံဉာဏာနံ၊ အာဒီနဝဉာဏ်-သန္တိပဒဉာဏ်နှစ်ပါးတို့၌။ ကုသလတာ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊ အထူးထူးသော ဒိဋ္ဌိတို့၌၊ နကမ္ပတိ၊ မတုန်မလှုပ်။

**အဓိပ္ပာယ်ကား**။ ။အာဒီနဝဉာဏ်သည် ငါးပါးသော ဌာနတို့၌ ဖြစ်၏။ ဤသန္တိပဒဉာဏ်သည် ငါးပါးသောဌာနတို့၌ ဖြစ်၏။ ငါးပါးဆိုသည်ကား ပြဆိုခဲ့သော ဥပ္ပါဒ-ပဝတ္တ-နိမိတ္တ-အာယူဟန-ပဋိသန္ဓိ-ဤငါးပါး၌။ ဘယ-ဒုက္ခ-အာဒီနဝဉာဏ်၌ ထင်မြင်၏။

အနုပ္ပါဒ-အပဝတ္တ-အနိမိတ္တ-အနာယူဟန-အပဋိသန္ဓိ-ဤငါးပါး၌ ခေမသုခ သန္တိပဒဉာဏ်၌ ထင်မြင်၍ အကြင်ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ဆယ်ပါးတို့ကို သိမြင်သဖြင့် အာဒီနဝဉာဏ်-သန္တိပဒဉာဏ်နှစ်ပါးတို့၌ လိမ္မာသည်၏အဖြစ်ကြောင့် အထူးထူးသော ဒိဋ္ဌိတို့၌ မတုန်မလှုပ်ဟူ၍ ဆိုပေသည်။

> တံဉာတဋ္ဌေနဉာဏံ ပဇာနနဋ္ဌေနပညာ
>
> တေန ဝုစ္စတိ ဘယတုပဋ္ဌာနေ ပညာအာဒီနဝေဉာဏံ။ (ငင်းပါဠိ)

ဣတိဝေဝံ၊ ဤသို့။ တံ၊ ထိုဘေးထင်မြင်သည်။ ဉာတဋ္ဌေနဉာဏံ၊ အာရုံကိုသိသောအနက်ကြောင့် ဉာတဉာဏ်လည်း မည်၏။ ပဇာနနဋ္ဌေနပညာ၊ ထင်သော အခြင်းအရာကို-သိသောအနက်ကြောင့် ပဇာနနပညာလည်း မည်၏။ တေန၊ ထို့ကြောင့်။ ဘယတုပဋ္ဌာနေပညာ၊ ဘေးထင်သောပညာကို၊ အာဒီနဝေဉာဏံ၊ အာဒီနဝဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၃၉) အာဒီနဝဉာဏ်အချက်ကို ကျမ်းဂန်ရအထွက်နှင့် မိန့်မြွက်ခါ ပြဆိုခြင်း ပြီး၏။

## (၄၀) နိဗ္ဗိဒါဉာဏ်ကို ကျမ်းဂန်အလိုနှင့် ယောဂီတို့၏ အာရုံကိုပြဆိုခြင်း

အာဒီနဝဉာဏ်က ထက်သန်ကြီးပွား အောင်မြင်လာသဖြင့် နိဗ္ဗိဒါဉာဏ်သို့ ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်ဉာဏ်၏ဝ၌ ရှုမှတ်ပွားများတိုင်း မြင်-ငြီးငွေ့၊ ကြား-ငြီးငွေ့၊ နံ-ငြီးငွေ့၊ စား-ငြီးငွေ့၊ ထိ-ငြီးငွေ့၊ သိ-ငြီးငွေ့၊ ညာကလှမ်း-ငြီးငွေ့၊ ဘယ်ကလှမ်း-ငြီးငွေ့၊ ရပ်-ငြီးငွေ့၊ ထိုင်-ငြီးငွေ့၊ အိပ်-ငြီးငွေ့၊ ကွေး-ငြီးငွေ့ စသည်တို့ဖြင့်၊ စိတ်ရောက်ရာဌာနတို့၌ အလုံးစုံ အကုန်ရှုမှတ်တိုင်း၊ ပွားများတိုင်း ငြီးငွေ့လေတော့သည်။

ဣမေသံ မမ ခန္ဓာနံ ဘိဇ္ဇနံ နာမေတံ အဟောဝတ နိဗ္ဗိဒံ
အဟောဝတ ဇေကုစ္ဆံ အဟောဝတ ပဋိကုလံ
အဟောဝတ နာလယံ ဝံ-နိဗ္ဗိဒါနုပဿနံ-နိဗ္ဗိဒေဉာဏံ။

**မေ-မမ**။ ငါ၏။ ဣမေသံခန္ဓာနံ၊ ဤရုပ်နာမ်ခန္ဓာတို့၏၊ ဝေါဘိဇ္ဇနံနာမ၊ ဤသို့ ခဏမစဲတသဲသဲ အမြဲပျက်၍ နေရခြင်းကား။ အဟောဝတနိဗ္ဗိဒံ၊ သြော်-ငြီးငွေ့လေစွတကား။ အဟောဝတဇေကုစ္ဆံ၊ သြော်-စက်ဆုပ်ဖွယ်ပါတကား။ အဟောဝတပဋိကုလံ၊သြော်-ရွံ့ရှာဖွယ်ပါတကား။ အဟောဝတနာလယံ၊ သြော် မွေ့လျော်ရာ မရှိပါတကား။ ဝံ၊ ဤသို့။ နိဗ္ဗိဒါနုပဿနံ၊ ငြီးငွေ့ခြင်း၌ ရှုမှတ်ပွားများခြင်းသည်။ နိဗ္ဗိဒေဉာဏံ၊ နိဗ္ဗိဒါဉာဏ်မည်၏။

**အဓိပ္ပာယ်ကား**။ ။ငါ၏ ရုပ်နာမ်ခန္ဓာ၌ နာမ်ရုပ်တို့၏ ဖြစ်ရပုံမှာ မြင်ဆဲခဏ ကြားဆဲ ခဏ-နံဆဲ ခဏ-စားဆဲ ခဏ-ထိဆဲ ခဏ-သိဆဲ ခဏ-ညာကလှမ်းဆဲ ခဏ၊ ဘယ်ကလှမ်းဆဲခဏ-ရပ်ဆဲခဏ-ထိုင်ဆဲခဏ-အိပ်ဆဲခဏ-ကွေးဆဲခဏ - ဆန့်ဆဲခဏ စသည်တို့၌ ရှုမှတ်ပွားများတိုင်း ခဏမစဲ တသဲသဲ အမြဲပျက်၍နေရခြင်းကား မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကြောင့် သြော် ငြီးငွေ့လေစွတကား။ သြော် စက်ဆုပ်ဖွယ်ပါတကား၊သြော် ရွံ့ရှာဖွယ်ပါတကား၊ သြော် မွေ့လျော်ရာ မရှိပါတကား။

ငင်းငြီးငွေ့ဆိုသောစကားမှာ ရှုမှတ်ပွားများသော ပစ္စုပ္ပန် ခဏအတွင်း၌ မြင်ဆဲခဏ-အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ ကြားဆဲခဏ-အသံရုပ်နှင့် မှတ်တဲ့စိတ်၊ စသည်တို့ဖြင့် ရှုမှတ်ပွားများတိုင်း လက္ခဏာရေးသုံးပါး တစ်ပါးပါးနှင့် စိတ်ကျရောက်ရာဖြစ်ပေါ်၍နေသည်ကို ငြီးငွေ့သည်ဟု ခေါ်ဆိုရပေသည်။

တွေးတောကြံစည် စဉ်းစား၍ ငြိးငွေ့သော သဘောမျိုး မဟုတ်ပေ။ အောက်၌ ပြဆိုခဲ့သောဉာဏ်တို့၏ အမြင်ကိုလည်း ဤနည်းတူ မှတ်ယူသင့်လှပေကုန်သည်။ ဤငြိးငွေ့ခြင်း၌ ရှုမှတ်ပွားများခြင်းသည် နိဗ္ဗိဒါဉာဏ်ဟုဆိုရပေသည်။

မရွှင်မလန်း စိတ်ကုန်ခမ်း ညှိုးနွမ်းနိဗ္ဗိဒါ။ (သံခိ)

ရင်းနိဗ္ဗိဒါဉာဏ်ကို ကျမ်းဂန်သင်ကြားဖူးသော သူတစ်ယောက်ကို ဆရာက စုံစမ်းမေးမြန်းသောအခါ နိဗ္ဗိဒါဉာဏ်ဆိုသည်မှာ လွမ်းသည်ဆွေးသည်ကို နိဗ္ဗိဒါဉာဏ်ဟုပြောဆိုရာ၊ ဆရာက မိမိဆွေမျိုးဉာတိတို့ သေဆုံးသောအခါ လွမ်းသည် ဆွေးသည် မဖြစ်ပါလားဟု ဆရာကမေးသောအခါ ဖြစ်ပါ၏ဟု ဆိုလေသည်။ ဖြစ်ခဲ့ပါလျှင် နိဗ္ဗိဒါဉာဏ်ခေါ် ဆိုရမည်လောဟု ဆရာကမေးလေသော် ရယ်မောရှိသာ နေလေ၏။

တစ်ဦးသောသူကလည်း ကျွန်တော်သည် တရားကိုအားထုတ်၍ နိဗ္ဗိဒါဉာဏ်သို့ ဆိုက်ရောက် ရရှိနေပါပြီဟု အစစ်ခံ၏။ အဘယ်ကဲ့သို့ ရရှိပါသနည်းဟု မေး၏။ သိသောစိတ်၌ ရရှိသည်ဟု အစစ်ခံပြန်၏။ ဘာကိုသိပါသနည်းဟု ဆရာက မေးရပြန်၏။ နာမ်ရုပ်ကိုသိပါသည်ဟု ပြောဆိုပြန်၏။ ဘယ်နာမ်ရုပ်ကို သိပါသနည်းဟု မေးပြန်၏။ ကျွန်တော်နာမ်ရုပ်ကိုသိပါသည်ဟု ပြောပြန်၏။

ကျွန်တော် နာမ်ရုပ်ဆိုတာ အဘယ်မှာနည်း မေးရပြန်၏။ စဉ်းစားတိုင်း နာမ်ရုပ်တွေ ပေါ် ပေါက်၍လာသဖြင့် သားမယား ပစ္စည်းဥစ္စာနှင့် နှစ်သက်စုံမက်တွယ်တာခြင်း မရှိ။ အလွန်ငြိးငွေ့လှပါသည်ဟု ဆိုလေလျှင် တွေးတောကြံစည် စဉ်းစားသည်ကို ဝိပဿနာတရား ဖြစ်နိုင်ပါ၏လောဟု ဆရာက မေးလေလျှင် ကျွန်တော်သည် စာထဲကတွေ့၍ အောက်မေ့တာပါတကားဟု ပြောဆိုကာ ရယ်မော၍ နေလေ၏။

သော ဝေံ သဗ္ဗသင်္ခါရေ အာဒီနဝတော ပဿန္တော
သဗ္ဗဘဝယောနိ ဂတိ-ဝိညာဏ ဌိတိ သတ္တာဝါသ
ဂတေ သဘေဒကေ သင်္ခါရဂတေ နိဗ္ဗိန္ဒတိ
ဥက္ကဏ္ဌတိ နာဘိရမတိ။ (ဝိသုဒ္ဓိမဂ်)

သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေံ၊ ဤသို့။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသောရုပ်နာမ်တို့ကို။ အာဒီနဝတော၊ ဘေးအပြစ်အားဖြင့်။ ပဿန္တော၊ မြင်သည်ဖြစ်၍၊ သဗ္ဗဘဝယောနိဂတိဝိညာဏ ဌိတိသတ္တာဝါသ ဂတေ၊ အလုံးစုံဘဝ ယောနိဂတိ

ဝိညာဏဍ္ဍိတိ သတ္တဝါသတို့၌ ဖြစ်ကုန်သော။ သဘောဒကေ၊ အပြစ်နှင့်တကွသော။ သင်္ခါရဂတေ၊ နာမ်ရုပ်အပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဥက္ကဏ္ဌတိ၊ ဆန့်ကျင်၏။ နာဘိရမတိ၊ မမွေ့မလျော်။

ဧဝံပဿံ ရာဟုလ၊ သုတဝါ အရိယသာဝကော။
ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ
သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ
ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒံ ဝိရဇ္ဇတိ ဝိရာဂံ ဝိမုစ္စတိ။

ရာဟုလ၊ ချစ်သားရာဟုလာ၊ ဣမိနာဝုတ္တနယေန၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ပဿံ-ပဿန္တော၊ အနိစ္စ-ဒုက္ခ-အနတ္တကို ရှုမြင်သော။ သုတဝါ၊ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရား၏ သားတော်သည်။ ရူပသ္မိံပိ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်သော ရူပက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ အနိစ္စ-ဒုက္ခ-အနတ္တဖြစ်သော ဝေဒနာက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယပိ၊ အနိစ္စ-ဒုက္ခ-အနတ္တဖြစ်သော သညာက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သင်္ခါရေသုပိ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်သော သင်္ခါရက္ခန္ဓာတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏသ္မိံပိ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဖြစ်သော ဝိညာဏက္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိဒံ နိဗ္ဗိဒန္တော။ အနိစ္စ-ဒုက္ခ-အနတ္တအားဖြင့် ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်သည်။ ဝိရဇ္ဇတိ၊ တတ်ခြင်းကင်း၏။ ဝိရာဂံ ဝိရာဂေန၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာက လွတ်လေကျွတ်လေ၏။

**အဓိပ္ပာယ်ကား**။ ။နိဗ္ဗိန္ဒဉာဏ် မရှင်မလန်း စိတ်ကုန်ခမ်း၍ အနိစ္စ-ဒုက္ခ-အနတ္တနှင့် ငြီးငွေ့သည် ချစ်သားရာဟုလာ၊ ဤသို့ ဟောတော်မူသောနည်းဖြင့် အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေးသုံးပါးတို့တွင် တစ်ပါးပါးကို ရှုမြင်၍နေသော အကြားအမြင်နှင့်ပြည့်စုံသော ငါ၏ တပည့်သားသည် ရုပ်၌လည်း အနိစ္စ-ဒုက္ခ-အနတ္တအားဖြင့် ငြီးငွေ့၏၊ ဝေဒနာသညာသင်္ခါရ-ဝိညာဏက္ခန္ဓာ၌လည်း အနိစ္စ-ဒုက္ခ-အနတ္တအားဖြင့် ငြီးငွေ့သောသူသည် တပ်ခြင်း နှစ်သက်ခြင်းမှကင်း၏။ တပ်ခြင်း နှစ်သက်ခြင်းမှ ကင်းသောကြောင့် ကိလေသာက လွတ်လေကျွတ်လေ၏။

ဎင်းဉာဏ်သို့ ဆိုက်ရောက်သောအခါ လက္ခဏာရေးသုံးပါးတို့တွင် တစပါးပါး၌ ငြီးငွေ့သည်။ လောက၌ အားမရှိသောယောကျ်ားကဲ့သို့ ယောဂီပုဂ္ဂိုလ်

သည် မရှင်မလန်း စိတ်ကုန်ခမ်းခြင်းကြောင့် သွားယိုင်—ရပ်ယိုင်—ထိုင်ယိုင်-အိပ်ယိုင်-ခွေယိုင် ပျော့နုံး၍ မိမိကိုယ်ကို လုံးလုံးကြီး မသယ်နိုင်-မချီနိုင်-မ မနိုင်-မကိုင်နိုင်-မယူနိုင်—တခွေခွေသာမှိုင်၍ အနိုင်နိုင်သာ လှုပ်နိုင်ရှားနိုင်တော့သည်။

ယောဂီပုဂ္ဂိုလ်တစ်ဦးကို ဆရာကစစ်ဆေးသောအခါ ပစ္စုပ္ပန်အတွင်း၌ ရှုမှတ်ပွားများနေသောစိတ်သည် ရှုမှတ်ပွားများတိုင်း လွန်စွာစိတ်ကုန်ခမ်း၍ ပင်ပန်းလှသဖြင့် ယခုလည်း အိပ်ရာက-မကြွနိုင်-မထနိုင်-မမနိုင် စသည်နှင့် အစစ်ခံထွက်ချက်ကို ထင်စွာပြသဖြင့် ကမ္မဋ္ဌာန်းဆရာက နိဗ္ဗိန္ဒာဉာဏ်ရပြီးဟု ဆုံးဖြတ်ရပေသတည်း။

မရှင်မလန်း စိတ်ကုန်ခမ်း ညှိုးနွမ်းနိဗ္ဗိဒါ
သွားယိုင်—ရပ်ယိုင်၊ ထိုင်အိပ်ယိုင် အကုန်ယိုင်တော့သာ
အာရုံခြောက်တွင် ပျော်မရှင် ထင်မြင်နာမ်ရုပ်မှာ။ (သံခိပ်)

### ခန္ဓာငါးပါး၌ နိဗ္ဗိန္ဒာဉာဏ်ကို ယောဂီပုဂ္ဂိုလ်အား ထင်မြင်ပုံသဘောမှာ

ရူပံ ဘိက္ခဝေ အနိစ္စာ အတီတာနာဂတံ ကောပနဝါဒေါ
ပစ္စုပ္ပန္နဿ—ရူပဿ ဧဝံပဿံ ဘိက္ခဝေ သုတဝါ
အရိယသာဝကော အတီတသ္မိံ ရူပသ္မိံ အနပေက္ခော ဟောတိ။
အနာဂတံ-ရူပံနာဘိနန္ဒတိ၊ ပစ္စုပ္ပန္နဿ ရူပဿ-နိဗ္ဗိဒါယ-
ဝိရာဂါယ-နိရောဓာယ-ပဋိပ္ပန္နော ဟောတိ။ (ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ အတီတာနာဂတံ၊ အတိတ်အနာဂတ်၌ဖြစ်သော။ ရူပံ၊ ရုပ်တရားသည်။ ဝါ၊ ရူပက္ခန္ဓာသည်။ အနိစ္စာ၊ အမြဲမရှိ၊ ပစ္စုပ္ပန္နဿ၊ ယခုလက်ငင်းထင်ထင် ရှုမြင်ဆဲဖြစ်သော ရုပ်တရား၏။ ဝါ၊ ရူပက္ခန္ဓာ၏။ အနိစ္စဘာဝေါ၊ မမြဲသောအဖြစ်သည်။ ကောပနဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ၊ ဤသို့။ ပဿံ ပဿန္တော၊ အနိစ္စ-ဒုက္ခ-အနတ္တအားဖြင့် ရှုမြင်သော၊ သုတဝါ။ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရားသားတော်သည်။ အတီတသ္မိံ၊ အတိတ်ဖြစ်သော။ ရူပသ္မိံ၊ ရုပ်၌။ ဝါ၊ ရူပက္ခန္ဓာ၌။ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိသည်။ ဟောတိ- ဖြစ်၏။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ရူပံ၊ ရုပ်ကို။ ဝါ၊ ရူပက္ခန္ဓာကို။ နိဗ္ဗိဒါယ၊ အနိစ္စ-ဒုက္ခ-အနတ္တဟု ရှုမှတ်၍ မပျော်မွေ့ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကိလေသာမှ

ကင်းစေခြင်းငှါ၊ နိရောဓာယ၊ ချုပ်ငြိမ်း ရုပ်သိမ်းခြင်းငှါ။ ပဋိပ္ပန္နော၊ ကျင့်သည်။ ဝါ၊ ရှုမှတ်ပွားများသည်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ်ကား လွယ်၏။

ဝေဒနာ ဘိက္ခဝေ အနိစ္စာ အတီတာနာဂတာ ကောပနဝါဒေါ
ပစ္စုပ္ပန္နာယ ဝေဒနာယ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ
အရိယသာဝကော အတီတာသ္မိံ-ဝေဒနာသ္မိံ အနပေက္ခောဟောတိ၊
အနာဂတံ ဝေဒနံ နာဘိနန္ဒတိ၊ ပစ္စုပ္ပန္နာယ ဝေဒနာယ
နိဗ္ဗိဒါယ-ဝိရာဂယ နိရောဓာယ ပဋိပ္ပန္နော ဟောတိ။ (၎င်းပါဠိ)

ရူပနေရာ၌ ဝေဒနာထည့်၍ အနက်ပေး။
သညာဘိက္ခဝေ အနိစ္စာ အတီတာနာဂတာ ကောပနဝါဒေါ-
ပစ္စုပ္ပန္နာယ-သညာယ-ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ
အရိယသာဝကော အတီတာသ္မိံ-သညာသ္မိံ အနပေက္ခော ဟောတိ
အနာဂတံသညံ နာဘိနန္ဒတိ ပစ္စုပ္ပန္နာယ သညာယ
နိဗ္ဗိဒါယ ဝိရာဂါယ-ပဋိပ္ပန္နော ဟောတိ။ (၎င်းပါဠိ)

ဝေဒနာနေရာ၌ သညာထည့်၍ အနက်ပေးလေ။
သင်္ခါရာဘိက္ခဝေ အနိစ္စာ အတီတာနာဂတာ ကောပနဝါဒေါ
ပစ္စုပ္ပန္နာယ-သင်္ခါရာယ၊ ဧဝံ ပဿံ ဘိက္ခဝေ
သုတဝါ-အရိယသာဝကော အတီတသ္မိံ သင်္ခါရသ္မိံ
အနပေက္ခော ဟောတိ။ အနာဂတံ-သင်္ခါရံ နာဘိနန္ဒတိ
ပစ္စုပ္ပန္နာယ-သင်္ခါရသာ နိဗ္ဗိဒါယ–ဝိရာဂါယ
နိရောဓာယ ပဋိပ္ပန္နော ဟောတိ။ (၎င်းပါဠိ)

ဝေဒနာနေရာ၌ အင်္ခါရာထည့်၍ အနက်ပေးလေ။
ဝိညာဏံ ဘိက္ခဝေ အနိစ္စာ အတီတာနာဂတာ
ကောပနဝါဒေါ ပစ္စုပ္ပန္နာယ-ဝိညာဏာယ
ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော
အတီတသ္မိံ-ဝိညာဏသ္မိံ အနပေက္ခော ဟောတိ
အနာဂတံ ဝိညာဏံ နာဘိနန္ဒတိ။ ပစ္စုပ္ပန္နာယ-ဝိညာဏသာ
နိဗ္ဗိဒါယ-ဝိရာဂါယ-နိရောဓာယ–ပဋိပ္ပန္နော ဟောတိ။
(ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ အတီတာနာဂတံ၊ အတိတ်-အနာဂတ် ဖြစ်သော။ ဝိညာဏံ၊ သိမှတ်သောဝိညာဏ်သည်။ အနိစ္စာ၊ အမြဲမရှိ။ ပစ္စုပ္ပန္နာယ၊ ယခုလက်ငင်း ထင်ထင်ရှုမြင်ဆဲဖြစ်သော ဝိညာဏက္ခန္ဓာ၏။ အနိစ္စတာဝေါ၊ မမြဲသော အဖြစ်သည်။ ကောပနဝါဒေါ၊ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ၊ ဤသို့။ ပဿံ၊ ပဿန္တော၊ အနိစ္စ-ဒုက္ခ-အနတ္တ အားဖြင့် ရှုမြင်သော။ သုတဝါ၊ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ ငါဘုရားသားဘော်သည်။ အတီတသ္မိံ၊ အတိတ်ဖြစ်သော။ ဝိညာဏသ္မိံ၊ အသိဝိညာဏ်၌၊ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ အနာဂတံ၊ အနာဂတ်ဖြစ်သော။ ဝိညာဏံ၊ အသိဝိညာဏ်ကို။ ဝါ၊ ဝိညာဏက္ခန္ဓာကို၊ နာဘိနန္ဒတိ၊ မနှစ်သက်။ ပစ္စုပ္ပန္နဿ၊ ယခုလက်ငင်း ထင်ထင်ရှုမြင်ဆဲဖြစ်သော။ ဝိညာဏဿ၊ အသိဝိညာဏ်ကို။ ဝါ၊ ဝိညာဏက္ခန္ဓာကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ ကိလေသာမှ ကင်းစေခြင်းငှါ။ နိရောဓာယ၊ ချုပ်ငြိမ်း ရုပ်သိမ်းခြင်းငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဝါ၊ ရှုမှတ် ပွားမျာ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဤကား ခန္ဓာငါးပါး၌ ငြီးငွေ့ပုံ။ ဒုက္ခ-အနတ္တ တို့မှာ အနိစ္စနှင့် နည်းတူ သိမြင်ကြလေ။

ယာစ ဘယတုပဋ္ဌာနေ ပညာ ယဉ္စ အာဒီနဝေဉာဏံ
ယာစ နိဗ္ဗိဒါ ဣမေဓမ္မာ ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ။
(ပဋိသမ္ဘိဒါမဂ်)

ယာစ ဘယတုပဋ္ဌာနေ ပညာ၊ အကြောင် ဘေးထင်သော ပညာသည် လည်းကောင်း။ ယဉ္စ အာဒီနဝေဉာဏံ၊ အကြောင်အပြစ်ထင်မြင်သော ဉာဏ်သည် လည်းကောင်း။ ယာစ နိဗ္ဗိဒါ၊ အကြောင် ငြီးငွေ့ခြင်းသည် လည်းကောင်း။ ဣမေဓမ္မာ၊ ဤတရားသုံးပါးတို့သည်။ ဧကတ္ထာ၊ တူသောအနက် ရှိကြကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ ထူး၏။

(၄၀) နိဗ္ဗိဒါဉာဏ်ကို ကျမ်းဂန်ရအထွက်နှင့် မိန့်မြွက်ခါ ပြဆိုခြင်း ပြီး၏။

* * *

## (၄၁) မုဉ္စိတုကမျတာဉာဏ် လွတ်လိုသည် ဖြစ်ဟန်ကို ထောင်ကျသည် ပုံစံနှင့် ထုတ်ပြန်ကာ ပြဆိုခြင်း၊

နိဗ္ဗိဒါဉာဏ်က ထက်သန်ကြီးပွားအောင်မြင်၍ လာသဖြင့် မုဉ္စိတုကမျတာ ဉာဏ်သို့ ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ရှုမှတ်ပွားများတိုင်း မြင်လွှတ်ချင်၊ ကြားလွှတ်ချင်၊ နံလွှတ်ချင်၊ စားလွှတ်ချင်၊ ထိလွှတ်ချင်၊ သိလွှတ်ချင်၊ ညာကလှမ်း လွှတ်ချင်၊ ဘယ်ကလှမ်း လွှတ်ချင်၊ ရပ်လွှတ်ချင်၊ ထိုင်လွှတ်ချင်၊ အိပ်လွှတ်ချင်၊ ကွေးလွှတ်ချင်၊ ဆန့်လွှတ်ချင် စသည်တို့ဖြင့် စိတ်ကျရောက်ရာဌာနတို့၌ အလုံးစုံ အကုန်ရှုမှတ်ပွားများတိုင်း အလုံးစုံ အကုန် လွှတ်လို ထွက်လိုတော့သည်။

ဣမေသံ မမ ခန္ဓာနံ ဥပ္ပဇ္ဇနံ ဝါ ဘိဇ္ဇနံ ဝါ ဒုက္ခဒုက္ခံ အတိဒုက္ခံ
တတောကဒါ မုဉ္စေယျံ–သာဓုမုဉ္စနံ၊ သာဓုဝတအပဂမနံ
သာဓုဝတ နိဗ္ဗုတံ ဇဝံ မုဉ္စနာ နုပဿနံ-မုဉ္စိတုကမျတာဉာဏံ။

မေ-မမ၊ ရုပ်နာမ်နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ်၏။ ဣမေသံ ခန္ဓာနံ၊ ဤရုပ်နာမ်ခန္ဓာတို့၏။ ဥပ္ပဇ္ဇနံဝါ၊ ဖြစ်ရခြင်းသည် လည်းကောင်း။ ဘိဇ္ဇနံဝါ၊ ပျက်ရခြင်းသည် လည်းကောင်း။ ဒုက္ခဒုက္ခံ၊ ဆင်းရဲကြီးငယ် အသွယ်သွယ်ဖြစ်ရပေ၏။ အတိဒုက္ခံ၊ အလွန်အကြူး အထူး ဆင်းရဲရပေ၏။ အဟံ၊နာမ်ရုပ်နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ်သည်။ ကဒါ၊ ဘယ်အခါ ဘယ်ကာလမှ၊ မုဉ္စေယျံ၊ လွှတ်နိုင် ကျွတ်နိုင်ပါအံ့နည်း။ မုဉ္စနံ၊ စင်စစ် မချွတ် လွှတ်ရပါမူကား။ သာဓုဝတ၊ ဩော်-ကောင်းလေစွတကား။ အပဂမနံ၊ စင်စစ်မရှင်း နာမ်ရုပ်နှင့် ကင်းရပါမူကား။ သာဓုဝတ၊ ဩော်-ကောင်းလေစွ တကား။ နိဗ္ဗုတံ၊ ရုပ်နာမ်ခပ်သိမ်း ကင်းငြိမ်းရပါမူကား၊ သာဓုဝတ၊ ဩော်-ကောင်းလေစွတကား။ဇဝံ၊ ဤသို့။ ဝါ၊ ဤလို၊ မုဉ္စနာနုပဿနံ၊ လွှတ်လို ကျွတ်လိုခြင်းကို ရှုမြင်ခြင်းသည်။ မုဉ္စိတုကမျတာဉာဏံ၊ မုဉ္စိတုကမျတာဉာဏ် မည်၏။

ငါ၏ခန္ဓာကိုယ်၌ ရုပ်နာမ်တို့သည် မြင်ဆဲခဏ၊ ကြားဆဲခဏ၊နံဆဲခဏ၊စားဆဲခဏ၊ ထိဆဲခဏ၊ သိဆဲခဏ၊ ညာကလှမ်းဆဲခဏ၊ ဘယ်ကလှမ်းဆဲခဏ၊ ရပ်ဆဲခဏ၊ ထိုင်ဆဲခဏ၊ အိပ်ဆဲခဏ၊ ကွေးဆဲခဏ၊ ဆန့်ဆဲခဏ စသည်တို့၌ ရှုမှတ်ပွားများတိုင်း ခဏမစဲ တသဲသဲ အမြဲနာမ်ရုပ်တို့။ ဥပါဒ်-ဌီ-ဘင် အားဖြင့် အစဉ်မပြတ် ဖြစ်ခြင်း ပျက်ခြင်းဖြင့် အမြဲနှိပ်စက်ခြင်းကြောင့် ဆင်းရဲကြီးငယ် အသွယ်တို့ဖြင့် ဖြစ်ရပေ၏။ အလွန်အကြူး အထူးဆင်းရဲရပေ၏။

နာမ်ရုပ်နှစ်ခု အပေါင်းစု၌ ငါဟုပညတ် သမုတ်အပ်သော ငါသည် ဘယ်အခါ ဘယ်ကာလမှ ပြဆိုခဲ့သော နာရုပ်တို့က လွတ်နိုင်၊ ကျွတ်နိုင်၊ ထွက်နိုင်ပါအံ့နည်း။ စင်စစ်မချွတ် နာမ်ရုပ်တို့က လွတ်ရကျွတ်ရပါမူကား ဩော်ကောင်းလေစွတကား။

စင်စစ်မရှင်း နာမ်ရုပ်တို့နှင့် ကင်းရရှင်းရပါမူကား ဩော်-ကောင်းလေစွတကား။ ရုပ်နာမ်ခပ်သိမ်း ကင်းငြိမ်းရပါမူကား ဩော်-ကောင်းလေစွတကား။ ဤကဲ့သို့ ရှုမှတ်ပွားများတိုင်း လွတ်လို၊ ကျွတ်လို၊ ထွက်လိုခြင်းကို ရှုမြင်ခြင်းသည် မုဉ္စိတုကမျတာဉာဏ်ဟု ဆိုရပေသည်။

ထိုမုဉ္စိတုကမျတာဉာဏ်သို့ ကျရောက်ရရှိသော ယောဂီပုဂ္ဂိုလ်သည် ရှုမှတ်ပွားများတိုင်း နာမ်ရုပ်တို့သည် ခဏမစဲ တသဲသဲ အမြဲလှည့်ကာပတ်ခါ ထပ်ခါထပ်ခါ ဝိုင်း၍ မဆိုင်းမတွ မုချမကွာ နာမ်ရုပ်တို့သည် အမြဲပါ၍ နေလေသည်။

ပိုက်ကွန်၌မိသော ငါးကဲ့သို့လည်းကောင်း၊ ထောင်၌ ကျရောက်သော ယောကျ်ားကဲ့သို့ လည်းကောင်း၊ တစ်နေ့ တစ်နာရီ တစ်မိဇနာမျှ မပျော်မမွေ့ဘဲ ဆင်းရဲအတိသာ ဖြစ်ရ၍ ထောင်က—ပိုက်ကွန်က လွတ်လို ထွက်လိုသကဲ့သို့ ထိုနည်းတူစွာ ယောဂီပုဂ္ဂိုလ်မှာလည်း ရှုမှတ်ပွားများတိုင်း ပြဆိုခဲ့သော နာမ်ရုပ်တို့က လွတ်လိုကျွတ်လိုသတည်း။ရုပ်နာမ်တို့သည် ခဏမစဲ အမြဲအားဖြင့် ဥပါဒ်-ဌီ-ဘင်နှင့် အစဉ်မပြတ် နှိပ်စက်၍ နေသည်ကိုဆိုရာ၌ ယောဂီပုဂ္ဂိုလ်တို့သည် ရုပ်နာမ်တို့နှင့် အစဉ်မပြတ် ဖြစ်၍နေသည်ကို သိမြင်ပေသည်။ ဥပါဒ်—ဌီ-ဘင် သိနိုင် မြင်နိုင်သော သဘောမျိုး မဟုတ်ပေကုန်။

ရှုမှတ်ပွားများတိုင်း ပစ္စုပ္ပန် အခိုက်အတန့်၌ မြင်ဆဲခဏ၌ ကျရောက်လာသော အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ ကြားဆဲခဏ၌ ကျရောက်လာသော အသံရုပ်နှင့် မှတ်တဲ့စိတ် စသည်တို့ဖြင့် လည်းကောင်း။

သွားတဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ရပ်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ထိုင်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ အိပ်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ကွေးတဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ဆန့်တဲ့ရုပ်နှင့် မှတ်တဲ့စိတ် စသည်တို့ဖြင့် လည်းကောင်း ဤသို့ပြဆိုခဲ့သော နာမ်ရုပ်တို့နှင့် တွေ့ကြုံဆုံမိတိုင်း ဟိုနာမ်ရုပ်နှင့် နေ၍မဖြစ်၊ သည်နာမ်ရုပ်နှင့် နေ၍မဖြစ် ဘယ်နာမ်ရုပ်နှင့်မျှ နေ၍မဖြစ်နိုင်၊ မသက်သာနိုင်သောကြောင့် ခိုကိုးရာမရပေ။

ဟိုနေရာ၌ ကောင်းနိုးနိုး၊ သည်နေရာ၌ ကောင်းနိုးနိုး ထလိုက်၊ ထိုင်လိုက်၊ အိပ်လိုက်၊ ကွေးလိုက်၊ ဆန့်လိုက် စသည်တို့ဖြင့် အတည်မကျနေရာ သက်သာရာ ရှာ၍မရသဖြင့် အနုမာနမျက်ရမ်းဆ၍ ရှေးပြည်နိဗ္ဗာန် ရည်စိတ်သန်လျက် အမှန် တန်းတ လိုချင်လှ၍ ရှာမတွေ့သော် စိတ်ပေါ်သို့ပြန်ကျ၏။

အာရဒ္ဓနှင့် မပြတ်လုံ့လ ဤစိတ်မှာသာ ကိလေသာကွာရန် ပြည်နိဗ္ဗာန်ဟု မှတ်ရှုပွားများ၍ မမေ့အောင် အားထားရပေသတည်း။ ဤကား ယောဂီပုဂ္ဂိုလ် တို့၏ အာရုံ၌ တွေ့ကြုံပုံ ၎င်းပြဆိုရာစကား၌၊ ရှေ့ဉာဏ်သို့ မတက်မကူးခင် မုဉ္စို- တုကမျတာဉာဏ်၌ ကြာကြာနေ၍ ထင်မြင်ပုံ ပုဂ္ဂိုလ်တိုင်း မဟုတ်ပေ။

ဇာလာဒိတော မစ္ဆာဒိကာဝိယ တေဟိ တေဘူမက
ခမ္မေဟိ မုဉ္စိတု ကမျတာ ဝသေန ပဝတ္တံ
မုဉ္စိတုကမျတာဉာဏံ။ (ဋီကာပါဠိ)

ဇာလာဒိတော၊ ပိုက်ကွန်အစရှိသည်မှ။ မစ္ဆာဒိကာဝိယ၊ ကျ၍ မိ၍ နေ သောငါး အစရှိသည်ကဲ့သို့။ တေဟိ၊ ထိုရှုမှတ်ပွားများ၍နေသော ယောဂီ ပုဂ္ဂိုလ်တို့ဘည်။ တေဘူမက ခမ္မေဟိ၊ တေဘူမက နာမ်ရုပ်တရားတို့မှ။ မုဉ္စိတု- ကမျတာဝသေန၊ လွတ်လိုထွက်လိုသည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်ပေါ်ထင်မြင် ၍လာသောဉာဏ်သည်။ မုဉ္စိတုကမျတာဉာဏံ၊ မုဉ္စိတုကမျတာဉာဏ် မည်၏။

**အဓိပ္ပာယ်ကား။** ။ဇာလာဒိတောဟူသောပါဠ်၌ အာဒိသဒ္ဒါဖြင့် ပိုက်ကွန် ထောင် လုံခြုံရာအရပ် ကြိုးတို့ဖြင့် ဖွဲ့ချည်ခြင်းစသည်တို့ကို မှတ်ယူသင့်ပေကုန် သည်။

တေဟိ တေဘူမက ခမ္မေဟိ အရမှာ ယောဂီပုဂ္ဂိုလ်တို့သည် မြင်ဆဲခဏ၌ အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ အသံရုပ်နှင့် မှတ်တဲ့စိတ်၊ သွားတဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ရပ်တဲ့ရုပ်နှင့်မှတ်တဲ့စိတ်၊ ထိုင်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ အိပ်တဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ကွေးတဲ့ရုပ်နှင့် မှတ်တဲ့စိတ်၊ ဆန့်တဲ့ရုပ်နှင့် မှတ်တဲ့စိတ် စသည်တို့ဖြင့် ရှုမှတ်ပွား များ တွေ့ရှိသိမြင်သော နာမ်ရုပ်တို့ကို တေဘူမက တရားဟု ဆိုရပေသည်။

၎င်းနာမ်ရုပ်မှ လွတ်လိုထွက်လိုသည်၏ အစွမ်းဖြင့် ယောဂီဉာဏ်ဝ၌ သိရှိထင် မြင်သောဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဟူ၍ ခေါ်ဆိုရပေသည်။

မုဋ္ဌိတု ကမ္ဘျတာဉာဏ်ကို ရရှိဆိုက်ရောက်သော ယောဂီပုဂ္ဂိုလ်မှာ အလွန် အမင်း အပြင်းအထန် ရုပ်နာမ်က လွတ်လိုကျွတ်လို ထွက်လိုလှသည်ဖြစ်၍ ဘုရား ရှင်ဆုံးမတော်မူသောအတိုင်း မိမိတို့နာမ်ရုပ်ကို မငဲ့မကွက်မညှာမတာဘဲ နိဗ္ဗာန်ကို စိတ်စွဲ၍ မမဲ့သဲ့သဲ့ အားကုန်ခဲ၍ အမြဲနှလုံးသွင်းသင့်လှပေကုန်သတည်း။

ဝီရိယံ အာရဗ္ဘိတဗ္ဗံ အပ္ပတ္တဿ ပတ္တိတာယ အနာဓိ
ဂတဿ အဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယ။

သေယျတ္ထိကေန၊ မဂ်ဖိုလ်ကို လိုလားသော အမျိုးကောင်း သားသည်။ အပ္ပတ္တဿ၊မရောက်ရသေးသော မဂ်ဖိုလ်သို့။ ဝါ၊ မဂ်ဖိုလ်ကို၊ ပတ္တိတာယ၊ရောက် ခြင်းရခြင်းငှာ။ ဝီရိယံ၊ လုံ့လဝီရိယကို၊ အာရဗ္ဘိတဗ္ဗံ၊ နေ့ညမယုတ် အားထုတ် လိုက်အပ်၏။ အနာဓိဂတဿ၊ မရောက်မရသေးသော မဂ်ဖိုလ်ကို။ အဓိဂမာယ၊ ရောက်ခြင်း ရခြင်းငှာ။ ဝီရိယံ၊ လုံ့လဝီရိယကို။ အာရဗ္ဘိတဗ္ဗံ၊ နေ့ညမယုတ်အား ထုတ်လိုက်အပ်၏။ အသစ္ဆိကတဿ၊ မျက်မှောက်မပြုအပ်သေးသော မဂ်ဖိုလ်ကို။ သစ္ဆိကိရိယာယ၊ ယခုဘဝ မျက်မှောက်ပြုခြင်းငှာ။ ဝီရိယံ၊ လုံ့လဝီရိယကို။ အာရဗ္ဘိတဗ္ဗံ၊ နေ့ညမယုတ် အားထုတ်လိုက်အပ်၏။ အဓိပ္ပာယ်ကား လွယ်၏။

ကာမံ တစော နှာရုစ၊ အဋ္ဌိစ အဝသုဿတု သရီရေမေ
ဥပသုဿတု မံသလောဟိတံ ယံတံ ပုရိသထာမေန
ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ နတံ ပါပုဏိတွာ
ဝီရိယဿ သဏ္ဌာနံ သိထိလံ ဘဝိဿတိတိ။

ကထံယထာ၊ အဘယ်ကဲ့သို့ စိတ်ကိုထားရပါအံ့နည်း။ မေ၊ ငါ၏။ သရီရေ၊ ကိုယ်၌။ တစောစ၊ အရေသည် လည်းကောင်း၊ နှာရုစ၊ အကြောသည် လည်းကောင်း။ အဋ္ဌိစ၊ အရိုးသည် လည်းကောင်း။ အဝသုဿတု၊ ကြွင်းကျန် ပါစေ။ မံသလောဟိတံ၊ အသားအသွေးသည်။ ဥပသုဿတု၊ ခန်းခြောက်ပါ စေ။ပုရိသထာမေန၊ ယောကျ်ား၏အစွမ်းသတ္တိဖြင့်။ပုရိသဝီရိယေန၊ ယောကျ်ား ၏လုံ့လဖြင့်။ ပုရိသပရက္ကမေန၊ ယောကျ်ား၏ အားထုတ်ခြင်း အဟုန်ဖြင့်၊ ပတ္တဗ္ဗံ၊ ရောက်အပ် ရအပ်သော။ ယံ၊ အကြင်မဂ်ဖိုလ်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန်သို့။ အပတ္တဿ၊ မရောက်မရသေးသော သူသည်။ ဝီရိ ယဿ၊ ဝီရိယ၏။ သဏ္ဌာနသိထိလံ၊ လျော့ပေါ့သော ဝီရိယသည်။ နဘဝိဿတိ၊ မဖြစ်ရလတ္တံ့။ ဝါ၊ မဖြစ်ရာ၊

**အဓိပ္ပာယ်ကား**။ ။အဘယ်ကဲ့သို့ စိတ်ကိုထားရပါအံ့နည်း။ အရေသည် လည်းကောင်း၊ အကြောသည် လည်းကောင်း၊ အရိုးသည် လည်းကောင်း၊ ကြွင်းကျန်ပါစေ။ အသားအသွေးသည် ခမ်းခြောက်ပါစေ။ ယောကျ်ား၏ အစွမ်းသတ္တိဖြင့်၊ ယောကျ်ား၏ လုံ့လဖြင့်၊ ယောကျ်ား၏ အားထုတ်ခြင်း အဟုန်ဖြင့် ရောက်အပ် ရအပ်သော၊ ရောက်နိုင် ရနိုင်သော မဂ်ဖိုလ်နိဗ္ဗာန်သည် ရှိပါ၏။ ထိုနိဗ္ဗာန်ကို မရောက် မရသေးသောသူသည် မရောက်မရသေးသမျှကာလ ပတ်လုံး ဝီရိယ၏ လျော့ပေါ့နည်းပါးခြင်းသည် ဘယ်အခါမှ မဖြစ်ရာ။

၎င်းပြဆိုခဲ့သောစကား၌ လုံ့လဝီရိယအားထုတ်မှုအထူးကို သမ္မပဓာန်အရာ၌ ဆိုသော စကားဖြစ်သည်။ စင်စစ်သော်ကား သဒ္ဓါနှင့်ပညာ၊ သမာဓိနှင့် ဝီရိယ လေးပါးစုံညီမျှမှ မဇ္ဈိမပဋိပဒါဖြစ်၍ မဂ်ဖိုလ်ကို ရနိုင်ကြောင်းကို ဓမ္မစကြာ ပါဠိတော်၌ ဘုရားရှင် ဟောတော်မူသည်။ အဋ္ဌသာလိနီစသော အဋ္ဌကထာ တို့၌လည်း များစွာလာရှိပေကုန်သတည်း။

အရေ-အကြော-အရိုး-အသွေး အသားတို့ကို ကြွင်းကျန်ပါစေ၊ ခမ်းခြောက် ပါစေဟု ပြဆိုရာ၌ မိမိကိုယ်ကို ဆုတ်ယုတ်ပျက်စီးနစ်နာ သေကျေလေအောင် လုံ့လဝီရိယဖြင့် လွန်ကဲ၍ အားထုတ်ရမည်မဟုတ်ပေ။ ဝီရိယလွန်ကဲ၍ ငါ့အမြဲ မါပုံကို ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှပေကုန်သည်။

ဝီရိယ လွန်ကဲသူမှာ လွန်မင်းစွာ ပင်ပမ်း၍ အမောကြီးမောသဖြင့် ကမ္မဋ္ဌာန်း ပျက်စီးတတ်သည်။ သမ္မပ္ပဓာန် လုံ့လဝီရိယဆိုရာ၌ မှတ်သောအခါ ရှေ့အမှတ် နှင့် နောက်အမှတ်ကို စိအောင်-ထိအောင် မှတ်သဖြင့် သတိကို မလစ်စေခြင်း သည် သမ္မပ္ပဓာန် လုံ့လဝီရိယဟု ခေါ်ဆိုရပေသည်။ မဇ္ဈိမပဋိပဒါကျရောက် သော အမှတ်မျိုးကို ဆိုလိုသည်။

> အထဿ ဧဝံ သဗ္ဗသင်္ခါရေသု ဝိဂတာလယဿ
> သဗ္ဗသ္မာ သင်္ခါရဂတာ မုဉ္စိတု ကာမဿ ဥပ္ပဇ္ဇတိ
> မုဉ္စိတုကမျတာ ဉာဏန္တိ။ (ဝိသုဒ္ဓိမဂ်)

အထ၊ ထိုနိဗ္ဗိန္ဒဉာဏ် ဖြစ်သည်၏ အခြားမဲ့၌။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရတို့၌။ ဝိဂတာလယဿ၊ ကင်းသော တပ်ခြင်းရှိ သော၊ ဝါ၊ တပ်ခြင်းကင်းသော။ သဗ္ဗသ္မာ၊ အလုံးစုံသော၊ သင်္ခါရဂတာ၊ ရုပ်နာမ်အပေါင်းမှ။ မုဉ္စိတုကာမဿ၊ လွတ်ခြင်း ထွက်ခြင်းငှာ၊ အလိုရှိသော။

အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား၊ မုဋ္ဌိတုကမျတာညာဏံ၊ မုဋ္ဌိတုကမျတာညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ် မှတ်အပ်၏။

ရုပ်နာမ်နှစ်ခု မုဋ္ဌိတ္တုံ လွတ်မှုမြင်တော့သာ
ခြောက်ပါးအာရုံ တွေ့ပြန်တုံ အကုန်လွတ်လိုပါ
ရုပ်နာမ်သိတိုင်း လှည့်ကာဝိုင်း တံတိုင်းကာသို့သာ
ရှေ့ပြည်နိဗ္ဗာန် အားကိုးပြန် အမှန်မသိပါ။ (သံခိပ်)

သေယျထာပိ ဘိက္ခဝေ-အာဒိတ္တသီသော ဝါ
အာဒိတ္တ စေလော ဝါ-တဿေဝသီသဿ ဝါ
တဿေစေလဿ ဝါ နိဗ္ဗါပနာယ အဓိမတ္တော
ဆန္ဒောစ-ဝါယာမောစ-ဥဿာဟောစ-
ဥဿောဠီစ-သတိစ သမ္ပဇညဥ္စ ကရေယျ။

ဘိက္ခဝေ၊ ချစ်သားတို့။ အာဒိတ္တသီသော ဝါ၊ ဦးခေါင်း၌ မီးလောင်သော သူသည် လည်းကောင်း၊ အာဒိတ္တစေလော ဝါ၊ ခါးဝတ်ပုဆိုး၌ မီးလောင် သောသူသည်လည်းကောင်း၊ တဿေဝ သီ သဿ ဝါ၊ ဦးခေါင်း၌ လောင်သောမီး ကိုလည်းကောင်း၊ တဿေဝ စေလဿ ဝါ၊ ခါးဝတ်ပုဆိုး၌ လောင်သောမီးကို လည်းကောင်း။ နိဗ္ဗါပနာယ၊ သေစေငြိမ်းစေခြင်းငှာ။ အဓိမတ္တော။ လွန်ကဲစွာ သော။ ဆန္ဒောစ၊ မိမိအလိုကိုလည်း၊ ကရေယျသေယျထာပိ၊ ပြုရသကဲ့သို့လည်း။ အဓိမတ္တော၊ လွန်ကဲစွာသော။ ဝါယာမောစ၊ လုံ့လကိုလည်းကောင်း၊ ဥဿာ-ဟောစ၊ အားထုတ်ခြင်းကို လည်းကောင်း။ ဥဿောဠီစ၊ အားကုန်ထုတ်ခြင်း ကိုလည်းကောင်း။ သတိစ။ သတိပဋ္ဌာန်၌လာသောအတိုင်း မမေ့မလျော့ခြင်းကို လည်းကောင်း၊ သမ္ပဇညဥ္စ၊ အသိအမှတ်တို့ဖြင့် ဆင်ခြင်ခြင်းကိုလည်း ကောင်း။ ကရေယျ၊ ပြုလိုက်ရ၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့ ဦး ခေါင်း ၌ မီး လောင်သော သူ လည်းကောင်း၊ ခါးဝတ်ပုဆိုး၌ မီးလောင်သောသူ လည်းကောင်း၊ ၎င်းမီးကို သေစေငြိမ်းစေခြင်းငှာ လွန်မင်းစွာ မိမိအလိုကို ပြုရသကဲ့သို့ လွန်ကဲစွာသော လုံ့လကို လည်းကောင်း၊ အားထုတ်ခြင်းကို လည်းကောင်း၊ အားကုန်ခဲခြင်းကို လည်းကောင်း၊ သတိပဋ္ဌာန်ပါဠိတော်၌ လာသောအတိုင်း မမေ့မလျော့ခြင်း ကိုလည်းကောင်း၊ သစ္စာလေးပါးတိုင်အောင် မှတ်ခြင်း၊ ရှုခြင်း၊ သိခြင်းကို လည်းကောင်း လုံ့လမယုတ် အားထုတ်ခြင်းကို ပြုလိုက်ကြရ၏။

ယခုကာလ အရေးကြီးကြသည်မှာ ဒါနမှု၊ သီလမှု စသည်တို့ကို အရေးကြီးကြကုန်သည်။ ပြဆိုခဲ့သော အာဒိတ္တသိသောဝါစသော ဘုရားရှင်စကားတော်ကို ထောက်၍ တရားတော်ကို စောစောလျှင်လျှင် အားထုတ်လိုက်ကြဟု အရေးတကြီး မိန့်တော်မူပေသတည်း။

ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးက ဝီရိယလွန်ကဲရာ၌ တစ်ယောက်သော ယောကျ်ားသည် တောသို့သွား၍ ရောက်သဖြင့် တစ်ခုသောသစ်ပင်အောက်၌ အိပ်၍နေရာ၊ တောကြက်မသည် သားငယ်အပေါင်းတို့နှင့် တရွှေရွှေ ရွှေပြောင်း၍ အစာ စားလာရာ အိပ်၍နေသောလူ၏ အနီးသို့ ရောက်လာသဖြင့် အိပ်လျက်ကြည့်ကာ အားမရလှ၍ ထိုင်ထကာကြည့်လေသော် တစ်ကောင်မျှ မမြင်မရ ပျောက်ခြင်းမလှ ပျောက်သွားကြ၏။

ထိုနည်းတူစွာ ယောဂီပုဂ္ဂိုလ်တို့မှာလည်း သတိပဋ္ဌာန်၌ လာသောအတိုင်း ရှုမှတ်ပွားများ အားထား၍နေရာ နာမ်ရုပ်ဓမ္မ သဘာဝတို့သည် ယထာဘူတအတိုင်း အနိစ္စ-ဒုက္ခ-အနတ္တ တို့ကို ကျရောက်ထင်မြင်လာသောအခါ ဓမ္မသဘာဝအတိုင်းမထား ငါ့သဘာဝ ရွှေသွား၍ ဟုတ်လှပေပြီ—မှန်လှပေပြီ။ ယခုမှတွေ့ရပေပြီဟု အားရနှစ်သက် ဤဥပမာရုံရောဖက်၍ ရောက်ရက်ဆံဖြစ်သွား မှောက်မှားသည့်အလားကြောင့် တရားဟူက မြူမျှမရှိ၊ ပကတိပျောက်ပျက်၍ ရောက်ရက်ဆံဖြစ်သွား ဤဥပမာအားကို မိုးကြိုးသွားအလား ယောဂီဉာဏ်စံထား၍ များများကြီး မှတ်သားလိုက်ကြကုန်လော။

(၄၁) မုဉ္စိတုကမျတာဉာဏ် လွတ်လိုသည်ဖြစ်ဟန်ကို ထောင်ကျသည် ပုံစံနှင့် ထုတ်ပြန်ကာ ပြဆိုခြင်း ပြီး၏။

* * *

## (၄၂) ပဋိသင်္ခါဉာဏ် ဝိတ္ထာရမြင်ရန် ငါးဖမ်းသည်ပုံစံနှင့် ဥပမာလာဟန်ကို ထုတ်ပြန်ကာ ပြဆိုခြင်း

မုဉ္စိတုကမျတာ ဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့် ပဋိသင်္ခါဉာဏ်သို့ ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ ရှုမှတ်ပွားများတိုင်း အဆင်းရုပ်၌ ဆင်ခြင်ရှုမှတ်ခြင်း၊ အသံရုပ်၌ ဆင်ခြင်ရှုမှတ်ခြင်း၊ အနံ့ရုပ်၌ ဆင်ခြင်ရှုမှတ်ခြင်း၊ အရသာရုပ်၌ ဆင်ခြင်ရှုရှုတ်ခြင်း၊ အထိရုပ်၌ ဆင်

ခြင်ရှုမှတ်ခြင်း၊ အသိသဘော၌ ဆင်ခြင်ရှုမှတ်ခြင်း၊ ညာဏလှမ်း ဆင်ခြင်၊ ရှုမှတ်ခြင်း၊ ဘယ်ကလှမ်း ဆင်ခြင်ရှုမှတ်ခြင်း၊ ရုပ်မှု-ထိုင်မှု-အိပ်မှု-ကွေးမှု-ဆန့်မှုစသည်တို့၌ နည်းတူသိမြင် မှတ်ယူကြကုန်လော။

ပဋိသဒ္ဒါသည် ဆင်ခြင်ခြင်းအနက်ကို ဟောသည်။ သခ်ါသဒ္ဒါသည် နာမ်ရုပ်ကို ဟောသည်။ နှစ်ခုပေါင်းစပ်သော် ဆင်ခြင်သော နာမ်ရုပ် ဆိုလိုသည်။ ဆင်ခြင်ဆိုသောစကားသည် တွေးတောကြံစည်စဉ်းစား၍ ဆင်ခြင်သောစကား မျိုး မဟုတ်ပေ။ ပစ္စုပ္ပန်အခိုက်အတန့်၌ ရှုမှတ်ပွားများ၍ နာမ်ရုပ်ကိုသိမြင်ခြင်းတည်း။ ဤကား ဝိပဿနာဖြစ်၍ ပဋိသခ်ါဉာဏ်ကို ဆင်ခြင်ဟုဆိုရပေသည်။

ပဋိသခ်ါ နုပဿနာဟူသောပါဠိ၌ ဆင်ခြင်ရှုမှတ် ပွားများခြင်း အနက်ကို ယူရမည်။ ရှုမှတ်ပွားများသည်ဆိုရာ၌ အနိစ္စာ နုပဿနာ-ဒုက္ခာနုပဿနာ-အနတ္တာ နုပဿနာကို ဆိုပေသည်။

ဣမေ မေ ပဥ္စက္ခန္ဓာ ဓမ္မာ အနိစ္စန္တိကတော အနိစ္စာ
အဓူဝတော အနိစ္စာ-တာဝကာလိကတော အနိစ္စာ
ဥဒယဗ္ဗယပဋိစ္ဆိန္နတော အနိစ္စာ ဣမေမေပဥ္စက္ခန္ဓာ ဓမ္မာ
ဒုက္ခမတော ဒုက္ခာ အတာဏတော ဒုက္ခာ အလေဏတော ဒုက္ခာ
ဥဒယဗ္ဗယပိဠနတော ဒုက္ခာ ဣမေ မေ ပဥ္စက္ခန္ဓာ ဓမ္မာ။
ရိတ္တတော အနတ္တာ၊ တုစ္ဆတော အနတ္တာ သုညတော အနတ္တာ။
အသာရကတော အနတ္တာ ဧဝံပဋိသခ်ါ
နုပဿာနံ ပဋိသခ်ါနေဉာဏံ။

မေ-မမ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာဟု ဆိုအပ်ကုန်သော။ ဣမေ-ဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ အနိစ္စန္တိကတော၊ မမြဲခြင်းလျှင်အဆုံးရှိသော ကြောင့်။အနိစ္စာ၊ အနိစ္စာ မည်ကုန်၏။ အဓူဝတော၊ မမြဲသောသဘောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ တာဝကာလိကတော၊ အခိုက်အတန့်မျှသာ ဖြစ်လေ သောကြောင့်။ ဝါ၊ တစ်ခဏမျှသာ ဖြစ်လေသောကြောင့်။ အနိစ္စာ၊ အနိစ္စမည် ကုန်၏။ ဥဒယဗ္ဗယပရိစ္ဆိန္နတော၊ ဖြစ်ခြင်းပျက်ခြင်း အပိုင်းအခြား ရှိလေသော ကြောင့်။ အနိစ္စာ၊ အနိစ္စ မည်ကုန်၏။ မေမမ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ငါးပါး သောခန္ဓာဟု ဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ဒုက္ခ မတော၊ ဆင်းရဲခြင်းလျှင် အဆုံးရှိသောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အတာဏတော၊ အစောင့်အရှောက်မရသောကြောင့်။ ဝါ၊ စောင့်ရှောက်၍ မရ

ကောင်းသောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ပဌမ မင်းကွန်းဆရာတော်ဘုရားကြီးအနက်။ အလေဏာတော၊ ပုန်းအောင်းရာ မှီခိုရာမရှိသောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ဥဒယဗ္ဗယပိဠနတော၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် နှိပ်စက်လေသောကြောင့်။ ဒုက္ခာ၊ ဒုက္ခ မည်ကုန်၏။ မေ-မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာဟု ဆိုအပ်ကုန်သော။ ရူမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ရိတ္တတော၊ ပြတ်သောအနက်ကြောင့်။ ဝါ၊ အသုံးမကျရှာ၍ မရနိုင်သောကြောင့်။ အနတ္တာ၊ အနတ္တ မည်ကုန်၏။ ပဌမ မင်းကွန်းဆရာတော်ဘုရားကြီးအနက်။ တုစ္ဆတော၊ အချည်းနှီးဖြစ်သောကြောင့်။ အနတ္တာ၊အနတ္တမည်ကုန်၏။ သုညတော၊ ဆိတ်သောသဘောကြောင့်။ ဝါ၊ သုဉ်းသော သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ အသာရကတော၊ အနှစ်သာရမရှိသောကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဧဝံ၊ ဤသို့၊ ဝါ၊ ဤလို။ ပဋိသမ္ဘိဒါနုပဿနံ၊ အနိစ္စ-ဒုက္ခ—အနတ္တ ဟူသော လက္ခဏာရေး သုံးပါးကို ရှုမြင်ခြင်းသည်။ ပဋိသမ္ဘိဒါနုပဿနာဉာဏ်ဟူ၍ဉာဏ်၊ ပဋိသမ္ဘိဒါနုပဿနာဉာဏ် မည်၏။

**အဓိပ္ပာယ်ကား။** ။ငါ၏ခန္ဓာငါးပါးဟု ဆိုအပ်သော ရုပ်နာမ်တရားတို့သည်။ မြင်ဆဲခဏ။လ။ သိဆဲခဏ၊ ညာကလှမ်းဆဲခဏ၊ ဘယ်ကလှမ်းဆဲခဏ၊ ရပ်ဆဲခဏ၊ ထိုင်ဆဲခဏ၊ အိပ်ဆဲခဏ၊ ကွေးဆဲခဏ၊ ဆန့်ဆဲခဏ စသည်တို့၌ ရှုမှတ်ပွားများတိုင်း ခဏမစဲတသဲသဲ အမြဲဖြစ်ပေါ်၍နေသော နာမ်ရုပ်တို့သည် မမြဲခြင်းလျှင် အဆုံးရှိသောကြောင့် အနိစ္စမည်ကုန်၏။ မမြဲခြင်း သဘောတရားကြောင့် အနိစ္စမည်ကုန်၏။

တာဝကာလိကတောဆိုရာ၌ ဥပါဒ်-ဌီ-ဘင် ဟူသော အခိုက်အတန့် တစ်ခဏမျှသာရှိသောကြောင့်။ အနိစ္စမည်ကုန်၏။ ဖြစ်ခြင်းပျက်ခြင်းနှင့်တကွ အပိုင်းအခြားရှိသောကြောင့် အနိစ္စမည်ကုန်၏။

ငါ၏ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော ရုပ်နာမ်တရားတို့သည် မြင်ဆဲခဏ၊လ၊ သိဆဲခဏ၊လ၊ ကွေးဆဲခဏ-ဆန့်ဆဲခဏ စသည်တို့၌ ရှုမှတ်ပွားများတိုင်းခဏမစဲတသဲသဲ အမြဲဖြစ်ပေါ်၍နေသော နာမ်ရုပ်တို့သည် ဆင်းရဲခြင်းလျှင် အဆုံးရှိသောကြောင့် ဒုက္ခမည်ကုန်၏။

ဆင်းရဲပင်ပန်းခြင်းသဘောကြောင့် ဒုက္ခမည်ကုန်၏။ အစောင့်အရှောက်မရှိခြင်း၊ စောင့်ရှောက်၍ မရခြင်းကြောင့် ဒုက္ခမည်ကုန်၏။ ပုန်းအောင်းမှီခိုရာ မရ

သောကြောင့် ဒုက္ခမည်ကုန်၏။ ဥပါဒ်-ဌီ-ဘင်တို့ဖြင့် အစဉ်မပြတ် နှိပ်စက်သော ကြောင့် ဒုက္ခမည်ကုန်၏။

၎င်းဒုက္ခမျိုးနှင့် စပ်လျဉ်း၍ တောင်ငူမြို့မြောက်ဘက်၌ သက်တော် ၆၀ ဝါတော် ၄၀ ခန့်ရှိသော ပိဋကတ်တတ် စာချပုဂ္ဂိုလ် ဆရာတော်ဘုရားကြီးသည် ရဟန်းရှင်လူအများတို့ကို တရားဓမ္မဟောကြား၍နေဆဲ၌ ဆရာတော်ဘုရားကြီးက ဆရာ—ငါ၏အနီးသို့ လာဦးလေ့ဟု ခေါ်၍သွားရာ ဆရာတို့ အားထားသော ကမ္မဋ္ဌာန်းတရား ငါ့အား ပြောကြားပါလောဟု မိန့်ဆိုလေလျှင် အရှင်ဘုရား ရဟန်းပရိယတ်၊ လူပရိယတ်တို့သည် များလှ၍ သည်းခံတော်မူပါလောဟု အကြိမ်ကြိမ်တောင်းပန်ပါသော်လည်း မရပေ။ ဆရာတော်ဘုရားကြီးက တရား ဆိုသည်ကား ပရိယတ်နည်းသည် များသည်ကို မဆို၊ ဟောလိုသာဟောဟု မိန့်ဆိုတော်မူသဖြင့် ဟောပြောရမည် ဆိုပါလျှင် ဘုရားဟော ကျမ်းဂန်နှင့် ညီမညီ စဉ်းစား၍ နာတော်မူပါ၊ ကျမ်းဂန်နှင့်မညီပါက ပယ်ဖျက်တော်မူပါ အရှင်ဘုရားဟု လျှောက်ထားပြီးလျှင် ခြောက်ဒွါရ အာရုံက ကိလေသာဝင်ပုံ၊ ကိလေသာကွာပုံကို နာမ်ရုပ်တို့ ပါပုံနှင့် အနိစ္စ-ဒုက္ခ-အနတ္တ၊ ဗောဓိပက္ခိယ ၃၇-ပါး ပါဝင်ပုံ စသည်တို့ကို ဝိမုတ္တိသဘောနှင့် ပညတ်ကိုပယ်ရှား၍ ပရမတ်တရား ကွဲပြားကောင် လျှောက်ထားလေလျှင် ဆရာတော်ဘုရားကြီးက ဆရာဟော ကြားသောတရား ခြားနားအောင် နာကြား၍ ငါ့အား သဘောကျလှပါ ပေသည်။

သို့သော် မှတ်သောစိတ်တစ်ချက်၌ အနိစ္စပါဝင်ပုံ၊ ဒုက္ခပါဝင်ပုံ၊ အနတ္တပါဝင်ပုံ ပြောရာ၌ အနိစ္စနှင့် အနတ္တကို သဘောကျလှပါပေ၏။ ဒုက္ခဆိုတာ ဘယ်သူ ထင်နိုင်မြင်နိုင် ရနိုင်ပါအံ့နည်း။ ရဟန္တာအဖြစ်သို့ရောက်မှ အဆုံးတိုင် ထင်နိုင် မြင်နိုင် ရနိုင်သည် မဟုတ်ပါလောဟု မိန့်တော်မူလေလျှင် ဆရာတော်ဘုရားကြီး မိန့်တော်မူသော စကားအရ ကျမ်းဂန်ကပြသည်ကို မိန့်တော်မူသည်ကား မှန်လှ ပါပေသည်။

၎င်းကျမ်းဂန်က ပြသည်အရာမှာ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိ-ဝိပ္ပလ္လာသ သုံးပါး ဘုရားရှင် ဟောတော်မူရာ၌ အနိစ္စ၌ သညာဝိပ္ပလ္လာသ-စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ ၃ ပါး၊ ဒုက္ခ၌ ၃ ပါး၊ အနတ္တ၌ ၃ ပါး၊ အသုဘ၌ ၃ ပါး၊ ၃ ပါးလေးလီ ၁၂ ပါး ဟောတော်မူရာ၌ သောတာပန်များမှာ အနိစ္စ၌ နိစ္စဟူ၍ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ ၃ ပါး၊ စွဲလမ်းကပ်ငြိ ခြင်းမရှိ။ အနတ္တ၌ အတ္တဟူ၍ ၎င်း ၃ ပါးမရှိ။

ဒုက္ခ၌-သုခဟူ၍ ရံခါသညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ နှစ်ပါးရှိသေးပါသည်။ ဒိဋ္ဌိဝိပ္ပလ္လာသကား မရှိပါ။ အသုဘ၌ သုဘဟူ၍ ရံခါ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ နှစ်ပါးရှိပါသေးသည်။ ဒိဋ္ဌိဝိပ္ပလ္လာသကား မရှိပါ။

ထို့ကြောင့် သောတာပန်များမှာ ဒုက္ခသုခဟူ၍ ရံခါ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသနှစ်ပါး သုဘ၌ အသုဘဟူ၍ ရံခါ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ နှစ်ပါးပေါင်း၍လေးပါးသာ ကြွင်းကျန်ကပ်ငြိ ရံခါရှိတတ်ပါသည်။

၎င်းဒုက္ခကို အနာဂါမ် ရဟန္တာအဖြစ်သို့ ရောက်မှ အဆုံးတိုင် ထင်မြင်နိုင်သည်ဟု အရှင်ဘုရားစကားအရ ဝိသုဒ္ဓိမဂ်က ဒေသနာက္ကမနည်းကို ပြဆိုပါသည်။ ဝိမုတ္တိအရ ဓမ္မသဘာဝမှာ အနိစ္စထင်မြင်လျှင် ဒုက္ခအနတ္တ ပါဝင်မြဲ၊ တစ်ပါးထင်မြင်လျှင် နှစ်ပါးဝင်မြဲဟု နဝင်္ဂုတ္တရ အဋ္ဌကထာစသော ကျမ်းဂန်တို့၌ အထင်အရှား ရှိပါသည် ဘုရား၊ ပုံသက်သေတစ်ခုထား၍ ဆရာတော်ဘုရားကြီးအား နားလည်အောင် လျှောက်ကြားပါမည် အရှင်ဘုရား။

မြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတစ်ပါး ဂိဇ္ဈကုတ်တောင်က ဆင်းသက်၍ တောင်ခြေသို့ ရောက်လာရာ ရဟန်းတစ်ပါးနှင့် တွေ့ဆုံသဖြင့် အရှင်သည် ဘယ်အရပ်က ကြွလာပါသနည်း၊ ဂိဇ္ဈကုတ် တောင်က လာခဲ့သည်။ ဂိဇ္ဈကုတ်တောင်ပေါ်က ကြည့်ရှုလိုက်လျှင် ဘုရင်မင်းမြတ် စိုးစံတော်မူသော ထီးနန်းပြာသာဒ် ဥယျာဉ်ဗိမာန်မကျန်မကြွင်း ထင်လင်းစွာ မြင်ရပေသတည်းဟု ပြောဆို၏။

တောင်ခြေ၌တွေ့သော ရဟန်းက မဟုတ်သောစကားကို မပြောဆိုနှင့်ဟု ငြင်းခုံကြရာ ဘုရားရှင် ကြားတော်မူ၍ အလုံးစုံသော စကားကို ဖြစ်ပွားတိုင်း လျှောက်ကြားလေလျှင် ဘုရားရှင်က ငါ၏ချစ်သား မယုံလျှင် သွား၍ကြည့်လေလော့ဟု စေခိုင်းတော်မူ၍ ကြည့်ရှုပြီးလျှင် တပည့်တော် မှားပါပြီ။ ယခင်က ရဟန်းပြောဆိုတိုင်း မဆိုင်းမတွ အလုံးစုံ အကုန်မြင်ခဲ့ရပါသည်ဟု လျှောက်ကြားလေ၏။

ထိုနည်းတူစွာ ဆရာတော်ဘုရားကြီးမှာ ဂိဇ္ဈကုတ်တောင်နှင့် တူလှသော ဝိပဿနာတောင်ကိုမျှ ဆရာတော်ဘုရားကြီး မတက်ဘူးသေး၊ မရောက်ဘူးသေးဘဲနှင့် အဘယ့်ကြောင့် ဒုက္ခကို အရှင်ဘုရား ထင်နိုင်၊ မြင်နိုင်၊ ရနိုင်၊ သိနိုင်ပါအံ့

နည်းဟု ရိုသေလေးမြတ်စွာ လျှောက်ကြားလေသော် ရဟန်းတော်အရှင်မြတ်တို့နှင့်တကွ လူပရိသတ်အများတို့က ဟစ်အော်ကာ ရယ်မောကြကုန်သတည်း။

ဆရာတော်ဘုရားကြီးသည် လွန်မင်းစွာ စိတ်ပျက်လှ၍ ရွှေမျက်နှာတော်ညှိုးလျက်ကျသည်ကို မြင်ရသဖြင့် ဆရာတော်ဘုရား ပဋ္ဌမအစကဘဲ ဘုရားတပည့်တော် အကြိမ်ကြိမ် မဟောမပြောရအောင် တောင်းပန်ပါလျက်နှင့် ဆရာတော်ဘုရားကြီး၏ အာဏာစက်တော်ကို မလွန်ဆံဝံ့၍ ပြောဟောရပါသည်။ ဘုရားတပည့်တော် ကာယကံ-ဝစီကံ-မနောကံဟူသော ကံသုံးပါးတို့ဖြင့် ကန်တော့ပါသည် သည်းခံတော်မူပါလောဟု လျှောက်ကြားလေ၏။

ဆရာတော်ဘုရားကြီးက ကိစ္စမရှိလှပါဘူးကွယ်၊ နောင်ကို ဖြည်းဖြည်းမှ အေးအေးကြည်ကြည် ဆရာနှင့်ငါ နှစ်ယောက်တည်း တွေ့လိုပါသေးသည်ဟု မိန့်တော်မူလျှင် ကောင်းလှပါပြီ၊ သင့်မြတ်လှပါပြီ၊ အရှင်ဘုရား အလိုတော်ရှိသောနေ့ရက်ကို ခေါ်တော်မူပါဟု လျှောက်ကြားလိုက်ရပေသတည်း။

ပြဆိုခဲ့သော ပဋိသန္ဓေဉာဏ် ဒုက္ခအသက်၌ ငါ၏ခန္ဓာငါးပါးဟု ဆိုအပ်သော ရုပ်နာမ်တရားတို့သည် မြင်ဆဲခဏ။ လ။ သိဆဲခဏ၊ ညာကလှမ်းဆဲခဏ၊ ဘယ်ကလှမ်းဆဲခဏ၊ ရပ်ဆဲခဏ၊ ထိုင်ဆဲခဏ၊ အိပ်ဆဲခဏ၊ ကွေးဆဲခဏ၊ ဆန့်ဆဲခဏ။ စသည်တို့၌ ရှုမှတ်ပွားများတိုင်း ခဏမစဲ တသဲသဲ အမြဲဖြစ်ပေါ်၍နေသော နာမ်ရုပ်တို့သည် ပြတ်သောသဘော အသုံးမကျသော သဘောကြောင့် အနတ္တမည်ကုန်၏။

အချည်းနှီး ဖြစ်သောသဘောကြောင့် အနတ္တမည်ကုန်၏။ ဆိတ်သောသဘော သုဉ်းသောသဘောကြောင့် အနတ္တမည်ကုန်၏။ အနှစ်သာရ မရှိသောသဘော အဆိုင်အခဲ၊ အတုံးအခဲမရှိသောသဘောကြောင့် အနတ္တမည်ကုန်၏။

ဇွင်းသုညတောဟူသော ပုဒ်အရမှာ အချို့သောဆရာ၊ အချို့သောကျမ်းတို့၌ သုညသဒ္ဒါသည် ဆိတ်သုဉ်းခြင်းကိုယူ၍ ၁၂ ခုကိုကည်၊ ၁၂ ခုနှင့်စားလျှင် ၀ သုည ကြွင်း၍ ဘာတစ်ခုမျှ မကျန်၊ အလုံးစုံကုန်၍ ဘာမျှမရှိသည်ကို ယူကြ၊ ဆုံးဖြတ်ကြပေသည်။

သုညသဒ္ဒါသည် ဆိတ်ခြင်း သုဉ်းခြင်း စသည် ဆိုရာ၌ ပုဂ္ဂိုလ်-သတ္တဝါ ယောကျ်ား၊ မိန်းမ၊ လူနတ်ဗြဟ္မာစသော ဝေါဟာရပညတ်ကိုသာ သုဉ်းသည်။ ပရမတ်အမှန် ရုပ်နာမ်တို့ မသုံးပေကုန်။ ရုပ်နာမ်ခပ်သိမ်း အကုန်ငြိမ်း ဇာတ်

သိမ်းပြည်နိဗ္ဗာန်မှသာ ဆိတ်သုဉ်းခြင်းစသော သဘောကို သုညတနိဗ္ဗာန်ဟူ၍ မြတ်ဘုရား ဟောကြားတော်မူပေသည်။

ငင်းဆိတ်ခြင်းသုဉ်းခြင်း စသည်တို့ကို ထင်မြင်ကြရာ၌ ဉာဏ်ကြီးသော အရှင်သာရိပုတ္တရာစသော တိက္ခပုဂ္ဂိုလ်မျိုးမှသာ ဆိတ်သုဉ်းခြင်းစသော အနတ္တမျိုးကို ထင်မြင်ကြပေကုန်သည်။ မန္ဒပုဂ္ဂိုလ်မျိုးမှာ အနိစ္စသဘော၊ ဒုက္ခသဘောမျိုးကိုသာ ထင်မြင်နိုင်ကြပေကုန်သည်။

အနိစ္စ၌ ထင်မြင်သည်ကို အကြောင်းပြု၍ အနိမိတ္တမဂ်၊ အနိမိတ္တနိဗ္ဗာန်၊ ဒုက္ခ၌ထင်မြင်သည်ကို အကြောင်းပြု၍ အပ္ပဏိဟိတမဂ်၊ အပ္ပဏိဟိတနိဗ္ဗာန်၊ အနတ္တ၌ ထင်မြင်သည်ကို အကြောင်းပြု၍ သုညတမဂ် သုညတနိဗ္ဗာန် ငင်းဒွါရမုခ-နိဗ္ဗာန်ဝင် တံခါးသုံးပေါက်ကို ထောက်၍ အနတ္တကို အရေးကြီးသည်ဟုဆိုသောစကား အနိစ္စကိုထား၍ အနတ္တမြင်မှ မဂ်ကိုရသည်ဟု ဆိုသောစကားမှာ ပညာရှိတို့သည် သတိအထူးထားပါက ထင်ရှားစွာသိနိုင်မေသတည်း။

ငင်းပဋိသန္ဓေဉာဏ်သို့ရောက်သော ယောဂီပုဂ္ဂိုလ်သည် တဝဲလည်လည် ရှေ့ဉာဏ်သို့ မကူးမတက်သမျှ ကာလပတ်လုံး ရှုမှတ်ပွားများတိုင်း ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အကျယ်တဝင့် ထင်မြင်သဖြင့် ငါးဖမ်းသော ယောက်ျားကဲ့သို့ ငါးကိုဖမ်းရာ မြွေဖြစ်လာသဖြင့် အဖြစ်ကိုကြည့်ရှုရာ လည်ပင်း၌ အရစ်သုံးခုပါလာသောကြောင့် ငါ၏ရန်သူအစစ် ဖြစ်ကြီးဖြစ်ပြီဟု ယူကြုံးမရ လွှတ်၍ပြစ်ရမှာလည်း ငါ့အား ကိုက်လေတော့မည်၊ လုံ့လမယုတ် အမြဲအစွဲဆုတ်၍ ထားရမှာလည်း မတတ်နိုင်ပေ။

ထိုနည်းတူစွာ ယောဂီပုဂ္ဂိုလ်မှာ မကွေ့မကွာ နာမ်ရုပ်တွေ့ အမြဲပါသဖြင့် လွှဲဖယ်ရာမရ၊ အပြစ်ကိုပြရလျှင် မမြဲသောအရစ်၊ ဆင်းရဲသောအရစ်၊ အစိုးမရသောအရစ်၊ ဘယ်အခါမှ မနှစ်သက်၊ စုံမက်ရန်မရှိ၊ မြွေဖမ်းမိသောယောက်ျားကဲ့သို့ ပွားများတိုင်း ထင်မြင် ဉာဏ်ကြီးသူ အရှင်တို့ ဆင်ခြင်ကာစဉ်းစားဝိပဿနာအားထားမှ ပြဆိုခဲ့သောစကားကို ခြားနားစွာ သိနိုင်ပေသတည်း။

တောင်လေးလုံး ဆရာတော်ဘုရားကြီးက (ပရမတ်မသင် နားမဝင်၊ ပရမတ်မဝ နားမကျ၊ ပရမတ်သင်မှ နားဝင်မည်၊ ပရမတ်ဝမှ နားကျမည်) ဤတောင်လေးလုံး ဆရာတော်ဘုရားကြီးကို ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးနှင့်တကွ ရဟန်း,ရှင်,လူ, ပြည်သူအပေါင်းတို့က အနာဂါမ်ဟု

သမုတ်ကြကုန်၏။ ဆရာတော်ဘုရားကြီး ရေးစီရင်တော်မူသော စတုဂီရိ ကျမ်းကြီးကို ကြည့်ရှုပါက ကျေးဇူးအထူး အလွန်များလှပေကုန်သတည်း။

ဤင်းပြဆိုခဲ့သော ပဋိသမ္ဘိဒါဉာဏ် ရုပ်နာမ်က ကင်းလွတ်လေအောင် ငါဘုရားရှင် ဆုံးမတော်မူတိုင်း ဆောဆောလျှင်လျှင် ရှုမြင်ပွားများ အားထားပါက မကြာမြင့်ခင် မဂ်ဉာဏ်နှင့်ယှဉ်၍ နိဗ္ဗာန်သို့ဝင်ကြရောက်ကြဟု ဟောတော်မူခဲ့ပေသည်။

အရဟံ ဘိက္ခဝေ တထာဂတော သမ္မာသမ္ဗုဒ္ဓေါ ဩဝါဒဟာထ
ဘိက္ခဝေ သောတံ အမတအာဂမိတံ အဟံအနုသာသာမိ
အဟံ ဓမ္မံ ဒေသေမိ ယထာနုသိဋ္ဌံ တထာပဋိပဇ္ဇမာနာ
န စိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အာဂါရသ္မာ
အနာဂါရိယံ ပဋိပဇ္ဇန္တိ တဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ
ဒိဋ္ဌေဝဓမ္မေ သယံအဘိညာယ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရိဿထ။
(မဟာဝါပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ တထာဂတော၊ လာခြင်းကောင်းတော်မူသော။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ အရဟံ၊ ကိလေသာစက် ဓားသန်လျက်ဖြင့် ချိုးဖွဲ့ဖျက်ဆီးတော်မူသည်။ အသိ၊ ဖြစ်လေပြီ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားကို သိမြင်တော်မူသည်။ အသိ၊ ဖြစ်လေပြီ။ ဘိက္ခဝေ၊ ချစ်သားတို့။တုမှေ၊ သင်တို့သည်။ သောတံ၊ နားထောင်အပ်သည်ကို။ ဝါ၊ နာခံမှတ်သားသည်ကို။ ဝါ၊ နားထောင်သောသူကို။ဩဝါဒဟာထ၊ ဆုံးမတော်မူကုန်၏။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ အဓိဂတံ၊ ရလေရောက်လေပြီ။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ တုမှေ၊ သင်ချစ်သားတို့ကို၊ အနုသာသာမိ၊ ဆုံးမဟောကြားတော်မူပေအံ့။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ တုမှာကံ၊သင်ချစ်သားတို့အား။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ဒေသေမိ၊ ဟောကြားပေ၏။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ မယာ၊ သင်တို့ဆရာ ငါဘုရားသည်။ အနုသိဋ္ဌံ၊ ဆုံးမဟောပြောတော် မူအပ်ပေ၏။ တထာ၊ ထိုဆုံးမ ဟောပြောတော်မူတိုင်း။ ပဋိပဇ္ဇမာနာ၊ ဆောဆောလျှင်လျှင် ကျင့်ကြ လိုက်နာကြကုန်သော။ တုမှေ၊ သင်ချစ်သားတို့သည်။ နစိရဿေဝ နစိရံဧဝ၊ ဆောဆောလျှင်လျှင် မကြာမြင့်ခင်လျှင်၊ ဝါ၊ ယခုချက်ချင်း လက်ငင်းပင်လျှင်။ ယဿ၊ အကြင်မဂ်ဖိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ သမ္မဒေဝ၊ ငါဘုရားနှင့် တရားတော်ကို ကြည်ညိုမြတ်နိုး

အားကိုးကြကုန်သော။ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ အာဂါရသ္မာ၊ အာဂါရတော။ အိမ်ရာထောင်သော လူတို့ဘောင်က ခွာရှောင်ပြီးမှ။ နိက္ခမိတွာ၊ သားနှင့်သမီး-ပစ္စည်းမမက်-မငဲ့ထွက်ခွာ ငါ၏ထံသို့ အမြန်ရောက်လာကြ၍၊ ဝါ၊ သားနှင့်သမီး-ပစ္စည်းမမက်-မငဲ့ထွက်ခွါ ငါဘုရားရှိရာသို့ ရောက်လာကြ၍။ အနာဂါရိယံ၊ အိမ်ရာမထောင် လူတို့ဘောင်မှ ကြဉ်ရှောင်ထွက်ခွာ၊ သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို။ ဝါ၊ အိမ်ရာထောင်သောသူတို့နှင့် မဆက်မဆံ၊ လူ့သာမန်တို့ မထိုက်မတန်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို။ ပဗ္ဗိပဇ္ဇန္တိ၊ ရှုမှတ်ပွားများ အားသားကြကုန်၏။ အနုတ္တရံ၊အတုမရှိသော။ ဗြဟ္မစရိယ ပရိယောသာနံ၊ မြတ်သောအကျင့်၏ အဆုံးဟုဆိုအပ်သော။ တံ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန်ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဖြစ်သော ယခုဘဝ၊ ယခုကာလ၌သာလျှင်။ သယံ၊ သူ့အလိုလို။အဘိညာယ။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြ၍။ သစ္ဆိကတွာ၊ မျက်မှောက်ပြုကြ၍။ ဥပသမ္ပဇ္ဇပါပုဏိတွာ၊ ဆိုက်ရောက်ကြ၍။ ဝိဟရိဿထ၊ ရှုမှတ်ပွားများ အားထား၍ နေကြကုန်လတ္တံ့။ ဝါ၊ နေကြကုန်လော။ အဓိပ္ပာယ်ကား လွယ်၏။

## (၄၂) ပဋိသင်္ခါဉာဏ်ကို ဝိတ္ထာရ မြင်ရန် ငါးဖမ်းသည် ပုံစံနှင့် ဥပမာလာဟန်ကို ထုတ်ပြန်ကာ ပြဆိုခြင်း ပြီး၏။

❀

## (၄၃) သင်္ခါရုပေက္ခာဉာဏ်ကို ဝိတ္ထာရလာဟန် ပင်လယ်ပျံ ကာကနှင့် ဥပမာတင်ဆ၍ မြင်လောက်အောင် ပြဆိုခြင်း။

ပဋိသင်္ခါဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်ဝ၌ ရှုမှတ်ပွားများတိုင်း၊ နာမ်ရုပ်တို့ကို မယုတ်မလွန် အညီအမျှ ဖြစ်သော သဘောအတိုင်း မြင်လျစ်လျူ၊ ကြားလျစ်လျူ၊ နံလျစ်လျူ၊စားလျစ်လျူ၊ ထိလျစ်လျူ၊ သိလျစ်လျူ၊ ညာကလှမ်းလျစ်လျူ၊ ဘယ်ကလှမ်း လျစ်လျူ၊ ရပ်လျစ်လျူ၊ ထိုင်လျစ်လျူ၊ အိပ်လျစ်လျူ၊ ကွေးလျစ်လျူ၊ ဆန့်လျစ်လျူ စသည်တို့ဖြင့် စိတ်ကျရာ ဌာနတို့၌ ရှုမှတ်ပွားများတိုင်း၊အကုန်လျစ်လျူသာ ရှုမြင်တော့ပေသတည်း။

ယဿိန္ဒြိယာနိ သမထင်္ဂတာနိ အဿာယထာ
သာရထိနာ သုဒန္တာ ပဟီနမာနဿ
အနာသဝဿ ဒေဝါပိ တဿပိဟယန္တိ တာဒိနော။
(ဓမ္မပဒပါဠိတော်)

ယဿ၊ အကြင်သူ၏။စက္ခုန္ဒြိယာနိ၊ စက္ခုန္ဒြေစသည်တို့သည်။သာရထိနာ၊ ရထားထိန်းသည်။ ဝါ၊ ရထားမောင်းသောသူသည်။ သုဒန္တာ၊ ကောင်းစွာ ဆုံးမအပ်ကုန်သော။ အဿာယထာ၊မြင်းနှစ်ကောင်က ညီမျှကြသကဲ့သို့။ဂတာနိ၊ သွားကြကုန်၏။ ဝါ၊ တစ်နည်းကား၊ အဿာ၊ မြင်းနှစ်ကောင်တို့သည်။ ဂတာနိယထာ၊ အညီအမျှ သွားလာကြကုန်သကဲ့သို့။ ဝေံတထာ၊ ထို့အတူ၊ ပဟီနမာနဿ၊ ပယ်ခွာအပ်ပြီးသော မာန်ရှိထသော။ ဝါ၊ မာန်ကိုပယ်ခွာ အပ်ပြီးထသော။ အနာသဝဿ၊ အာသဝေါမရှိထသော။ ဝါ၊ ရှုမှတ်ပွားများ၍နေသော။ တာဒိနော၊ လောကဓံတရားနှင့် တွေ့ကြုံခြင်းကြောင့် ဖောက်ပြန်ခြင်း မရှိထသော၊ ဝါ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံမရှိထသော။ တဿ၊ ထိုသူအား၊ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြကုန်၏။

**အဓိပ္ပာယ်ကား။** ။အကြင် ယောဂီပုဂ္ဂိုလ်၏ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ ဟူသော ခြောက်ပါးသော ဣန္ဒြေတို့ကို တွေ့ကြုံဆုံမိသောအခါ မြင်ဆဲခဏ-အဆင်းရုပ်၊ ကြားဆဲခဏ-အသံရုပ်၊ နံ့ဆဲခဏ-အနံ့ရုပ်၊ စားဆဲခဏ-ရသာရုပ်၊ ထိဆဲခဏ-ဖောဋ္ဌဗ္ဗရုပ်၊ သိဆဲခဏ-သိသောသဘော။ ဤခြောက်ဒွါရ ခြောက်အာရုံတို့ကို ရှုမှတ်ပွားများ စောင့်ရှောက် လေတိုင်း။ ယိမ်းယိုင်ခြင်း၊ တုန်လှုပ်ခြင်းမရှိ ဣဋ္ဌ-အနိဋ္ဌ မငြိမကပ်ဘဲ ကိလေသာ ပြတ်စဲသဖြင့် စက္ခုန္ဒြေစသော ဣန္ဒြေခြောက်ပါး လုံ့ခြုံသည်ကို ဣန္ဒြေဟု ခေါ်ရပေသည်။

၎င်းခြောက်ပါး လုံခြုံသော ယောဂီပုဂ္ဂိုလ်သည် ဘယ်အခါ ဘယ်ကာလမှ ရုပ်နာမ်ဓမ္မ သဘာဝတို့ကို ယထာဘူတ ကျနမှန်ကန်စွာ မယုတ်-မလွန်-မချစ် မမုန်း လုံးလုံးချည်း ညီမျှလေအောင် ရှုမှတ်ပွားများ စိတ်ထားသည်ကို ဥပေက္ခာဟူ၍ ဆိုရပေသည်။

ထိုဥပေက္ခာမျိုးသည် နာမရူပ ပရိစ္ဆေဒ ဉာဏ်ကစ၍ တစ်စတစ်စ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် များသောအားဖြင့် သောမနဿ ဒေါမနဿ ဖြစ်ခဲ့သည်။ ၎င်းတို့က လွတ်ကင်းသောစိတ်ကို ယောဂီပုဂ္ဂိုလ်မှာ ရှုမှတ်ပွားများလေတိုင်း

ဥပေက္ခာ အဖြစ်များပေသည်။ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်လှပေကုန်သည်။

သီလဆောက်တည်သောအခါ အိုး-အိမ်-ပစ္စည်း စသည်တို့၌ ဥပေက္ခာပြုလုပ်၍ထားခဲ့သည်ဆိုသောစကား၊ အလှူဒါနပေးသောအခါ မည်သူပင် ယူယူ၊ မည်သူပင် စားစား ကျောင်းတော်သို့သွား၍ ဥပေက္ခာ လုပ်နေတော့မည်ဟု ပြောဆိုကြသော စကားတို့သည် လားလားမျှ ဥပေက္ခာနှင့်မဆိုင်၊ ငါ့ဟာငါ အနိုင်လုပ်၍ အပိုင်ဖြစ်နိုင်သော တရားသဘော မဟုတ်ကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော့။

ပြဆိုခဲ့သော ဥပေက္ခာ၏ ညီညွတ်မျှတသော ယောဂီပုဂ္ဂိုလ်၏စိတ်မှာ ရထားမောင်းသောသူသည် ကောင်းစွာယဉ်ကျေးအောင် ဆုံးမအပ်ကုန်သော မြင်းနှစ်ကောင် ကသွားသော ရထားမောင်းယောက်ျားသည် မယုတ်မလွန် အညီအမျှ သွားလိုသော ဆန္ဒဥဿုဟာကဲ့သို့၊ ထိုနည်းတူစွာ ကိလေသာမာရ် ပယ်အပ်ပြီးသော၊ ရှုမှတ်ပွားများ၍နေသော ယောဂီပုဂ္ဂိုလ်သည် လောကဓံတရားနှင့်တွေ့ကြုံခြင်းကြောင့် ဖောက်ပြန်ခြင်း၊ တုန်လှုပ်ခြင်းမရှိ။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ဖြင့် မကပ်မငြိသော ပုဂ္ဂိုလ်အား နတ်တို့သည် ချစ်မြတ်နိုးကြပေကုန်၏။

ဒေဝါပိဿ၊ ပိဟယန္တိဖြင့် ပေါင်းခြင်းအနက်ကို ဟောရကား ၎င်းပြဆိုခဲ့သော ပုဂ္ဂိုလ်ကို နတ်တို့သာလျှင် ချစ်မြတ်နိုးကြသည် မဟုတ်ကုန်သေး၊ ရဟန်းရှင်လူ ခပ်သိမ်းသူတို့လည်း ချစ်မြတ်နိုးကြကုန်သည်ဟု ဆိုလိုသည်။

တာဒိနော ဟူသော ပါဠ်၌ လောကဓံတရား၌ တွေ့ကြုံငြားသော်လည်း ဖောက်ပြန်ခြင်းမရှိ ဆိုရာ၌ လာဘော-အလာဘော၊ ယသော-အယသော၊ နိန္ဒာ-ပသံသာ၊ သုခံ-ဒုက္ခံ ဟူသော လာဘ်ရခြင်း၊ မရခြင်း၊ အခြံအရံ များခြင်း၊ နည်းပါးခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းများဖြစ်၏။

၎င်းရှစ်ပါးနှင့် တွေ့ကြုံငြားသော်လည်း ဖောက်ပြန်ခြင်း၊ တုန်လှုပ်ခြင်းမရှိ။ စိုးရိမ်ခြင်းမရှိ၊ ကိလေသာဟူသော မြူမရှိ၊ ဘေးမရှိဟု ဆိုရာ၌ ဤကျမ်း၌လာသောအတိုင်း ရှုမှတ်ပွားများ၍နေသော သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ်တို့သည် ဣဋ္ဌာရုံ- အနိဋ္ဌာရုံ မပါသဖြင့် ကိလေသာကင်းသောအခါကို ဆိုလိုသည်။

နိဗ္ဗာန်ဟူသောပုဒ်အရ၊ အတုလျ ဥပါသကာက မြတ်စွာဘုရားကို— အရှင်ဘုရား အရှင်ရေဝတမထေရ်သည် စကားမပြော တုဏှီဘောဖြင့် နေပါသည်။ အရှင်

သာရိပုတ္တရာသည် အဘိဓမ္မာတရား၌ လွန်စွာအပြောအဟော များလှပါသည်။ အရှင်အာနန္ဒာသည် သူ့အလိုလိုသာ နှိုင်းချိန်ဟောနေပါသည်ဟု ကဲ့ရဲ့ရှုတ်ချ သောစကားဖြင့် လျှောက်ထားရာတွင် ဘုရားရှင်က ဟောတော်မူ၏။

ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ
နိန္ဒန္တိ တုဏှိမာသိနံ နိန္ဒန္တိ ဗဟုဘာဏိနံ
မိတဘာဏိမ္ပိ နိန္ဒန္တိ နတ္ထိလောကေ အနိန္ဒိတော။ (ဓမ္မပဒပါဠိတော်)

အတုလ၊ အတုလ။ ဧတံ၊ ဤကဲ့ရဲ့ခြင်း ရှုတ်ချခြင်းသည်။ ပေါရာဏံ၊ ငါဘုရား လက်ထက်တော်၌သာ မဟုတ်သေး၊ ရှေးဘုရားရှင်လက်ထက်တော်၌ ကဲ့ရဲ့ရှုတ်ချ ကြပေသေး၏။ ဧတံ၊ ဤကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းသည်။ အဇ္ဇတ္တနာမိဝ၊ အဇ္ဇ- တနံဧဝ၊ ယခု ငါဘုရားလက်ထက်တော်မှသာလျှင်။ န၊ မဟုတ်ပါသေး။ တုဏှိ မာသိနံ၊ ဆိတ်ဆိတ်နေသောသူကို။ နိန္ဒန္တိ၊ ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ဗဟုဘာဏိနံ၊ များစွာပြောဟောတတ်သောသူကို။ နိန္ဒန္တိ၊ ကဲ့ရဲ့ရှုတ်ချကြကုန်၏။ မိတဘာဏိမ္ပိ၊ နှိုင်းယှဉ်၍ ဟောသောသူကိုလည်း။ နိန္ဒန္တိ၊ ကဲ့ရဲ့ကြကုန်၏။ လောကေ၊ လော က၌။ အနိန္ဒိတော၊ ကဲ့ရဲ့ခြင်းမှ လွတ်သောသူသည်။ နတ္ထိ၊ မရှိ။

နစာဟု န စ ဘဝိဿတိ နေတရဟိ စ ဝိဇ္ဇတိ
ဧကန္တံ နိန္ဒိတော ပေါသော ဧကန္တံဝါ ပသံသိတော။
(ဓမ္မပဒပါဠိတော်)

ဧကန္တံ၊ စင်စစ်၊ နိန္ဒိတော၊ ကဲ့ရဲ့ရှုတ်ချအပ်သော။ ဧကန္တံဝါ၊ စင်စစ်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်သော။ ပေါသော၊ ယောကျ်ားသည်။ နစအာဟု၊ ဖြစ် လည်း မဖြစ်စဘူး။ န စ ဘဝိဿတိ၊ ဖြစ်လည်းမဖြစ်လတ္တံ့။ ဧတရဟိ၊ ဤငါဘုရား လက်ထက်တော်အခါ၌။ နစဝိဇ္ဇတိ- ရှိလည်းမရှိပါ။

ယံ ဝေဝိညူပသံသန္တိ အနုဝိစ္စ သုဝေ သုဝေ
အစ္ဆိန္နဝုတ္တိံ မေဓာဝိ ပညာ သီလ သမာဓိတံ။ (ဓမ္မပဒပါဠိတော်)

အစ္ဆိန္နဝုတ္တိံ၊ ဤကျမ်း၌လာသောအတိုင်း ရှုမှတ်ပွားများ အားထားလေ့ ရှိထသော။ မေဓာဝိ၊ ပညာရှိထသော၊ ပညာ သီလ သမာဓိတံ၊ ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ် ရှိထသော။ တံပုဂ္ဂလံ၊ ထိုရှုမှတ်ပွားများ၍နေသော ပုဂ္ဂိုလ်ကို။ ဝိညူ၊ ပညာရှိတို့သည်။ ဝေ၊ စင်စစ်။ အနုဝိစ္စ၊ စင်စစ်ဆင်ခြင်၍။ သုဝေ သုဝေ၊ နေ့တိုင်းနေ့တိုင်း။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။

နိက္ခ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။ (ဓမ္မပဒပါဠိတော်)

တံ ပုဂ္ဂလံ၊ ထိုပြဆိုခဲ့သော ပုဂ္ဂိုလ်ကို။ ဇမ္ဗောနဒဿ၊ ဇမ္ဗူရာဇ်ရွှေ၏။ နိက္ခ-ဣဝ- တစ်နိက္ခကဲ့သို့၊ ဝါ၊ တစ်ပိဿာကဲ့သို့။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့ ရှုတ်ချခြင်းငှာ။ အရဟတိ၊ ထိုက်နိုင်ပါအံ့နည်း။ ဝါ၊ ပြောနိုင်ပါအံ့နည်း။ နံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းမြတ်နိုး ကြပေကုန်၏။ ဗြဟ္မုနာပိ၊ ဗြဟ္မာသည်လည်း။ ပသံသိတော၊ ချီးမွမ်းမြတ်နိုး ကြပေ၏။ အဓိပ္ပာယ်ကား လွယ်၏။

ဣမေ မေ ပဉ္စက္ခန္ဓာ ဓမ္မာ ရိတ္တာ တုစ္ဆာ သုညာ နိရတ္ထကာ
အတ္တေနဝါ အတ္တနိယေနဝါ န တေဟံ န တေ မမ
ဥဒါသိ နေန သင်္ခါရုပေက္ခာ နုပဿနံ သင်္ခါရုပေက္ခာဉာဏံ။

မေ-မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ငါးပါးသောခန္ဓာဟု ဆိုအပ်ကုန်သော။ ဣမေ-ဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ရိတ္တာ၊ အသုံးမကျချေပါတကား။ တုစ္ဆာ၊ အချည်းနှီးပါတကား။ သုညာ၊ သုဉ်းဆိတ်ချေပါတကား။ နိရတ္ထကာ၊ အကျိုး မရှိ အကာအတိပါတကား။ အတ္တေနဝါ၊ ငါ၏ကိုယ်အားဖြင့်လည်းကောင်း။ အတ္တနိယေနဝါ၊ ငါ၏ ဥစ္စာအားဖြင့် လည်းကောင်း။ တေဓမ္မာ၊ ထိုရုပ်နာမ် တရားတို့သည်။ န အဟံ၊ ငါမဟုတ်ပါတကား။ တေဓမ္မာ၊ ထိုရုပ်နာမ်တရား တို့သည်။ န မမ၊ ငါ၏ဥစ္စာမဟုတ်ပါတကား။ ဧဝံ၊ ဤသို့။ ဥဒါသိနေန၊ လျစ်လျူရှုခြင်းဖြင့်။ သင်္ခါရုပေက္ခာ နုပဿနံ၊ လျစ်လျူရှုမှတ် ပွားများခြင်း သည်။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ် မည်၏။ အဓိပ္ပာယ်ကား လွယ်၏။

ထိုသင်္ခါရုပေက္ခာဉာဏ်ကို မယားကွာသူပမာ ယူပုံမှာ၊ အကြင်ယောကျ်ား သည် ရှေးဦးအစ ပဌမက ချစ်ခင်နှစ်သက်စုံမက်လှသော မယားကို သိမ်းပိုက် မွေးယူ ကြည်ဖြူလုပ်ကျွေးလျက်နေစဉ် တစ်ပါးသော ယောကျ်ားတို့နှင့် မတင့် မတယ် နေထိုင်သည်ကို တွေ့မြင်သဖြင့် အခါခါဆုံးမ တရားနှင့်ပြသော်လည်း အဓမ္မကျင့်ကြံ သည်းမခံဒေါသ လွန်မင်းစွာထသောကြောင့် လွှတ်လိုမှန်ကြံဆ စွန့်ပစ်ရန်ဆန္ဒနှင့် စိတ်ချကာကွာရှင်း၍ အာရုံနှင့်ပြတ်ကင်းရာ မက်ခြင်းရာတစ်

ပါး၊ ယောကျ်ားများသော်လည်း စိတ်အာရုံမမှား ဥပေက္ခာတရားနှင့် ယောဂီ ဉာဏ်စိတ်သွားကို ဥပမာစံသား၍ ဉာဏ်များသလောက် သိမြင်ကြပါကုန်လော့။

နံ မမာတိ နဂဏှေယျ တတော ပဋ္ဌာယ တံ ယေန ကေနစိ
သဒ္ဓိံ ယံကိဉ္စိ ကုရုမာနံ ဒိသွာပိ နောကုပ္ပေယျ
ဒေါမနဿံ နအာပဇ္ဇေယျ အညဒတ္တု ဥဒါသိနော
မဇ္ဈတ္တတ္တော ဘဝေယျ ဧဝမေဝ အယံ သဗ္ဗသင်္ခါရေဟိ
မုဥ္စိတုကာမော ဟုတွာ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

နံ ဣတ္ထိံ၊ ထိုစွန့်ပြီး ကွာပြီးသော မိန်းမကို။ မမာတိ၊ ငါ့မိန်းမ၊ ငါ့မယား ဟူ၍။ န ဂဏှေယျ၊ မမှတ်မယူပါ။ ဝါ၊ မအောက်မေ့တော့ပါ။ တတော၊ ထို မမှတ် မယူ မအောက်မေ့သည်မှ။ ပဋ္ဌာယ၊ အစပြု၍။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ ယေနကေနစိ၊ မည်သူမဆို အမှတ်မရှိ တစ်စုံတစ်ယောက်သော ယောကျ်ားနှင့်။ သဒ္ဓိံ၊ အတူတကွ။ ယံ ကိဉ္စိ၊ အမှတ်မရှိသည်ကို။ ဝါ၊ အမှတ်မရှိသော အမှုကို။ ကုရုမာနံ၊ ပြုသည်ကို။ ဝါ၊ကျင့်သည်ကို။ ဒိသွာပိ၊လက်ငင်းတွေ့စဉ် ကိုယ်တိုင်ပင် မြင်သော်လည်း။ နကုပ္ပေယျ၊ အမျက်မထွက်ပါ၊ ဒေါမနဿံ၊ နှလုံးမသာယာ ခြင်းသို့။ ဝါ၊ စိတ်ဆိုးခြင်းသို့။ နအာပဇ္ဇေယျ၊ မရောက်ပါ။ အညဒတ္တု၊ စင်စစ် အမှန်မသော်ကား၊ ဥဒါသိနော၊ ဥပေက္ခာဖြစ်၍ ရှု၍နေသည်။ မဇ္ဈတ္တတ္တော၊ လျစ် လျူရှု၍နေသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဝါ၊ ဖြစ်ရသကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ အယံ၊ ဤသင်္ခါရုပေက္ခာဉာဏ်သို့ရောက်၍ ရှု၍နေသော ယောဂီပုဂ္ဂိုလ် သည်။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသောနာမ်ရုပ်ဓမ္မ သဘာဝတို့မှ။မုဉ္စိတုကာမော၊ လွတ်ခြင်း ထွက်ခြင်းငှာ အလိုရှိသည်။ ဟုတွာ၊ ဖြစ်၍။သဗ္ဗသင်္ခါရေဟိ၊ အလုံး စုံသော နာမ်ရုပ်ဓမ္မ သဘာဝတို့မှ။ ဥဒါသိနော၊ ဥပေက္ခာသည်။ မဇ္ဈတ္တတ္တော၊ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။စွန့်ကွာပြီးသော မိန်းမကို မမှတ်မယူ မအောက်မေ့ပါ။ မမှတ်-မယူ-မအောက်မေ့သည်က အစပြု၍ ထိုမိန်းမကို တစ်စုံတစ်ယောက်သော ယောကျ်ားနှင့် အတူတကွ၊ အမှတ်မရှိ တစ်စုံတစ်ခုသော အမှုကို ပြုသည်ကို ကိုယ်တိုင်ပင် မြင်သော်လည်း အမျက်ထွက်ခြင်း၊ နှလုံးမသာယာခြင်း မဖြစ်ပါ။ စင်စစ်အမှန်ကား လျစ်လျူပြုခြင်း၊ ဥပေက္ခာရှုခြင်း ဖြစ်သကဲ့သို့။ ထို့အတူ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်သည် နာမ်ရုပ် တရားတို့၌ သူမဆိုင် ငါမပိုင်သောကြောင့် ခြောက်ဒွါရခြောက်အာရုံတို့က ပစ္စုပ္ပန်အတွင်း၌

ကျရောက်လာသော အဆင်းရုပ်နှင့်မှတ်တဲ့စိတ် စသည်တို့ဖြင့် လည်းကောင်း။ လှမ်းတဲ့ရုပ်နှင့် မှတ်တဲ့စိတ်စသည်တို့ဖြင့် လည်းကောင်း။ ကွေးတဲ့ရုပ်နှင့် မှတ်တဲ့စိတ် စသည်တို့ဖြင့် လည်းကောင်း။ ပြဆိုခဲ့သော အလုံးစုံသော နာမ်ရုပ်တို့က လွတ်လို ထွက်လိုခြင်းငှာ အလိုရှိသည်ဖြစ်၍ ရှုမှတ်ပွားများတိုင်း မြင် လျစ်လျူရှု၊လ၊သိလျစ်လျူရှု၊ ညာကလှမ်းလျစ်လျူရှု၊လ၊ ဆန့်လျစ်လျူရှု၊ သိမှတ်တိုင်း အလုံးစုံအကုန် လျစ်လျူရှု၍သာ နေတော့ပေသည်။

ဧဝံ ဇာနတော ပဿတော တဿ တီသုဘဝေသု စတုသု
ယောနိသု ပဉ္စသုဂတိသု သတ္တသုဝိညာဏဋ္ဌိတိသု
နဝသုသတ္တာဝါသေသု စိတ္တံ ပဋိလိယတိ ပဋိကုဋတိ
ပဋိဝဋ္ဋတိ န သံပသာရိယတိ ဥပေက္ခာ ပဋိကုလျတာဝါ
သဏ္ဌာတိ သေယျာထာပိ ကုက္ကုဋပတ္တံ ဝါ ဗဒုမဖလာသေ
ဥဒကဖုသိတာနိ ပဋိလိယတိ ပဋိကုဋတိ
ပဋိဝတ္တဋ္ဋတိ န သမ္ပသာရိယန္တိ။ (အဋ္ဌကထာ)

ဧဝံ၊ ဤသို့။ ဇာနတော၊ သိသောအားဖြင့်။ ပဿတော၊ ရှုမြင်သောအားဖြင့်။ တဿ၊ ထိုသင်္ခါရုပေက္ခာဉာဏ်သို့ရောက်သော ပုဂ္ဂိုလ်၏။ တီသုဘဝေသု၊ သုံးပါးသော ဘဝတို့၌။ စတုသုယောနိသု၊ ပဋိသန္ဓေလေးပါးတို့၌။ ပဉ္စသုဂတိသု၊ လူ-နတ်-ငရဲ-တိရစ္ဆာန်-ပြိတ္တာဟူသော ငါးပါးသော ဂတိတို့၌။ သတ္တသုဝိညာဏဋ္ဌိတိသု၊ ၇ ပါးသော ဝိညာဏဋ္ဌိတိ၌။ နဝသုသတ္တာဝါသေသု၊ ၉ ပါးသော သတ္တာဝါသတို့၌၊ စိတ္တံ၊ သင်္ခါရုပေက္ခာစိတ်သည်။ ပဋိလိယတိ၊ ရှုမှတ်ပွားများတိုင်း တွန့်၏။ ပဋိကုဋတိ၊ ရှုမှတ်တိုင်း ရှုံ့၏ ကောက်၏။ ပဋိဝဋ္ဋတိ၊ ရှုမှတ်တိုင်း လိမ်၏။ နောက်သို့ နစ်၏။ န သံပသာရိယတိ၊ မပျံ့၊ ဝါ၊ မွေ့လျော်သောအားဖြင့် မပြေးဝင်။ ဥပေက္ခာ၊ ဥပေက္ခာသည်။ ပဋိကုလျတာဝါ၊ စက်ဆုပ်သည်၏ အဖြစ်သည်လည်း။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ ကုက္ကုဋပတ္တံ၊ စဉ်းငယ်ကိုင်းသော။ ဗဒုမဖလာသေ၊ ပဒုမ္မာကြာရွက်၌။ ဥဒကဖုသိတာနိ၊ ရေပေါက်တို့သည်။ ပဋိလိယတိယထာ၊ တွန့်သကဲ့သို့ လည်းကောင်း။ ပဋိကုဋတိယထာ၊ ရှုံ့သကဲ့သို့လည်းကောင်း။ ပဋိဝဋ္ဋတိယထာ၊ နောက်သို့ နစ်သကဲ့သို့ လည်းကောင်း။ နသံပသာရိယန္တိ။ မပျံ့ကုန်။ ဝါ၊ မွေ့လျော်သောအားဖြင့် မပြေးဝင်ကုန်။

**အဓိပ္ပာယ်လိုရင်းအကျဉ်းကား။** ။သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ရှိ ရရှိသော ပုဂ္ဂိုလ်သည် ပြဆိုခဲ့သော ဘဝ-ယောနိ-ဂတိ စသည်တို့ကို ကြောက်ရွံ့တုန်လှုပ်လေ

သောကြောင့် နာမ်ရုပ်ဓမ္မသင်္ခါရတို့၌ မြင်ဆဲခဏ၌ တွန့်သကဲ့သို့၊ ရှုံ့သကဲ့သို့၊ နစ်သကဲ့သို့။ ကြားဆဲခဏ၌ တွန့်သကဲ့သို့၊ ရှုံ့သကဲ့သို့၊ နစ်သကဲ့သို့၊ စသည်တို့ဖြင့် ဆိုရာ၌ ပြဆိုခဲ့သော နာမ်ရုပ်တို့၏ ပစ္စုပ္ပန်အခိုက်အတန့် တွေ့ကြုံဆုံမိသောအခါ ဏိလေသာ မကပ်မငြိ စင်ကြယ်ဘိ၍ သင်္ခါရုပေက္ခာ ဉာဏ်အမြင်မျိုးကို တွန့်သကဲ့သို့၊ ရှုံ့သကဲ့သို့၊ နစ်သကဲ့သို့ ဆိုလိုသည်။

န သံပသာရိယတိ-ဟူသော ပါဠိကိုထောက်၍ သိလောက်ပေပြီ။ စဉ်းငယ် အနည်းငယ် ကိုင်းသော ရှိုင်းသော ပဒုမ္မာကြာရွက်၌ ကျရောက်လာသော ရေပေါက်တို့သည် ရှေ့သို့မရောက် နောက်သို့ပြန်ကျ၍ တွန့်သကဲ့သို့၊ ရှုံ့သကဲ့သို့၊ နစ်သကဲ့သို့ ဆိုသည်။ ၎င်းစကား ထင်ရှားစွာ ပြဦးအံ့။

> သေယျထာပိ နာမ ကုက္ကုဋပတ္တံ ဝါ နဟာရု ဒဒ္ဒုလံ ဝါ အဂ္ဂိမှိ
> ပက္ခိတ္တံ ပဋိလိယတိ ပဋိကုဋတိ ပဋိဝဋ္ဋတိ နသမ္ပသာရိယတိ
> ဧဝမေဝ တီသုဘဝေသု စိတ္တံ ပဋိလိယတိ ပဋိကုဋတိ ပဋိဝဋ္ဋတိ
> နသမ္ပသာရိယတိ ဥပေက္ခာ ဝါ ပဋိကူလျတာ ဝါ သဏ္ဌာတိ
> ဣစ္စဿသင်္ခါရုပေက္ခာဉာဏံနာမ ဥပ္ပန္နံဟောတိ။ (ဝိသုဒ္ဓိမဂ်)

သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ ကုက္ကုဋပတ္တံဝါ၊ ကြက်တောင်ကို လည်းကောင်း၊ နဟာရု ဒဒ္ဒုလံဝါ၊ အကြောထုံးအကြောပြတ်ကို လည်းကောင်း၊ အဂ္ဂိမှိ၊ မီး၌။ ပက္ခိတ္တံ၊ ပစ်လိုက်ချလိုက်သည်ရှိသော်။ ပဋိလိယတိသေယျထာပိ၊ တွန့်သကဲ့သို့။ ပဋိကုဋတိသေယျထာပိ၊ ကောက်ကျစ်သကဲ့သို့။ ပဋိဝဋ္ဋတိသေယျထာပိ၊ လိမ်သကဲ့သို့။ န သမ္ပသာရိယတိသေယျထာပိ၊ မပျံ့သကဲ့သို့။ ဧဝမေဝ၊ ဤနည်းအတူသာလျှင်။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ တီသု၊ သုံးပါးကုန်သော။ ဘဝေသု၊ ဘဝတို့၌။ ပဋိလိယတိ၊ တွန့်၏။ ပဋိကုဋတိ၊ ကောက်၏။ ကျစ်၏။ ပဋိဝဋ္ဋတိ၊ လိမ်၏။ နသမ္ပသာရိယတိ၊ မပြန့်။ ဥပေက္ခာ ဝါ၊ လျစ်လျူရှုခြင်းသည် လည်းကောင်း။ ပဋိကူလျတာဝါ၊ စက်ဆုပ်ဖွယ်၏ အဖြစ်သည် လည်းကောင်း။ သဏ္ဌာတိ၊ ကောင်းစွာတည်လေ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ သင်္ခါရုပေက္ခာဉာဏံနာမ၊ သင်္ခါရုပေက္ခာဉာဏ် မည်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ။ ဖြစ်၏။

အဓိပ္ပာယ်အကျဉ်း လိုရင်းကား။ ။တွန့်သည် – ကောက်ကျစ်သည် - လိမ်သည်၊မပြန့်သည်ဆိုသော စကားအရမှာ ပစ္စုပ္ပန်အခိုက်အတန့်၌ မြင်မြင်သည်ဟု၊ ရှုမှတ်ဆဲအခါ ယောဂီပုဂ္ဂိုလ်စိတ်သည် တွန့်သကဲ့သို့-ကောက်ကျစ်သကဲ့သို့-လိမ်

သကဲ့သို့-မပြန့်မသွားပေ။ ကြက်တောင်ကို မီးပုံ၌ထည့်သကဲ့သို့ မှတ်ယူသင့်လှပေ ကုန်သည်။ ပဒုမ္မာကြာရွက်၌ ရေထိ၍ မငြိမကပ်သကဲ့သို့တည်း။ သမ်္ပဇဉ်ပေက္ခာ ဉာဏ်ဆိုသည်ကား မြင်ခဏစသော ရုပ်နာမ်တို့ကို မကပ်မငြိ လျစ်လျူရှုသည်ကို ဆိုလိုသည်။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး အထံ၌ ယောဂီ တစ်ဦးသည် နေ့လများစွာအားထုတ်ရာ၌လည်းကောင်း၊ သမ်္ပဇဉ်ပေက္ခာဉာဏ်သို့ ရောက်သော ရသောအခါ ဆရာတော်ဘုရားကြီးက စစ်ဆေးရာ ဘုရားတပည့် တော်မှာ ရှေးကထက် ထူးခြား၍ အရူးဖြစ်၍သွားပါပြီဟု အစစ်ခံ လျှောက် ကြားရာတွင် ရူးပုံကိုငါ့အား ရူး၍ပြပါဦးလောဟု မိန့်တော်မူ၏။

ဘုရားတပည့်တော် ရူးပုံမှာ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက်လာ သောနာမ်ရုပ်တို့ကို ပစ္စုပ္ပန်အတွင်း၌ ရှုမှတ်ပွားများ၍နေသောအခါ လူကိုမြင် သော်လည်း လူကိုမသိ၊ သိပြီးသောသူကိုလည်း အမည်မသိ၊ ပြောဆိုသောစကား သံကိုလည်း မသိနားမလည်ပါ။ မှိုင်းတိမှိုင်းတိုင်နှင့် လူရိုင်းအတိ အရူးဖြစ်မှန်း မသိ ဖြစ်ပါပြီဘုရားဟု လျှောက်ကြားလေ၏။

ဆရာတော်ဘုရားကြီးက ငါဟောပြော၍ ပြဆိုမည်၊ နာဦးလော။ ရူးသော သူတို့မည်သည်မှာ ငါရူးပြီဟုသိသောအရူးမျိုး မရှိနိုင်ပေ။ သင်အရူးတစ်ဦးသာ ကိုယ်ရူးသည်ကို ကိုယ်သိသည်ဟု ပြောနိုင်ကြောင်းကို ငါကြားဖူးရပေသည် ငါဟောပြော၍ပြမည် နာဦးလော။

ဘဝသံသရာ အမ္ဗာအဆက်ဆက်က မသိမမြင်လေအောင် အဝိဇ္ဇာမှောင် ဖုံးလွှမ်းသဖြင့် ပညတ်အာရုံ ကာမဂုဏ်လိုက်စား ပျော်ပါးကာနေလေ့ရှိသော စိတ်ရူးစိတ်မိုက် ပြတ်ကင်း၍ ပရမတ်အလင်းသို့ ဆိုက်သည်ရသည်ကို ရှေးကနှင့် မတူ အမူကွဲခြားမှ တရားတော်အမှန် သမ်္ပဇဉ်ပေက္ခာဉာဏ်ဟု ကျမ်းဂန်ကအထွက် ဝိသုဒ္ဓိမဂ်အရ ဆုံးဖြတ်ချက်ချတော်မူပေသတည်း။

သမုဒ္ဒိကာနံ ဒိသာကာကောဝိယ ယေ နာဝါယ ဝါဏိဇံ
အာစရန္တိ တေသံ ယတ္တိကာ သမုဒ္ဒိကာ ဝါဏိဇကာ
နာဝံ အာရောဟန္တာ ဒိသာကာကံ နာမ ဂဏှန္တိ
တေ ယဒါနာဝေါ ဝါတက္ခိတ္တာ ဝိဒေသံ ပက္ခန္ဒတိ
တီရံ နပညာယတိ တဒါဒိသာကာကံ ဝိသဇ္ဇန္တိ သစေ သော

ကူပကာ ယဋ္ဌိတော အာကာသံ လင်္ဃိတွာ သဗ္ဗာဒိသာ
ဝိဒိသာစ အနုဂန္တွာ တီရံပဿတိ တဒါဘိမုခေါဝ ဂစ္ဆတိ။
(ဝိသုဒ္ဓိမဂ်)

သမုဒ္ဒိကာနံ၊ သမုဒ္ဒရာကို ကူးကြကုန်သော သင်္ဘောသားတို့၏။ ဒိသာကာကောဝိယ၊ အရပ်မျက်နှာကို သိစေတတ်သော ကျီးကဲ့သို့။ ယေ၊ အကြင်သူတို့သည်။ နာဝါယ၊ လှေသင်္ဘောဖြင့်။ ဝါဏိဇံ၊ ကုန်သွယ် ရောင်းဝယ်ခြင်းကို။ အာစရန္တိ၊ သွားကြလေကုန်၏။ တေ၊ ထိုကုန်သည်တို့သည်။ သံယတ္တိကာ၊ သံယတ္တိကမည်ကုန်၏။

အဖွင့်ဋီကာ၌ကား သံယန္တိကာဟုရှိသည်။ သမုဒ္ဒိကာ၊ သမုဒ္ဒရာသို့ ကူးကြကုန်သော။ ဝါဏိဇကာ၊ ကုန်သည်တို့သည်။ နာဝံ၊ လှေသင်္ဘောသို့။ အာရောဟန္တာ၊တက်ကြကုန်သည်ရှိသော်။ဒိသာကာကံနာမ၊အရပ်မျက်နှာကိုသိသောကျီးမည်သည်ကို။ ဂဏှန္တိ၊ ယူ၍သွားကြကုန်၏။ တေ၊ ထိုကုန်သည်တို့သည်။ ယဒါ၊ အကြင်အခါ၌။ နာဝေါ၊ လှေသင်္ဘောသည်။ ဝါတက္ခိတ္တာ၊ လေ၏အဟုန်ဖြင့် လွင့်အပ်သည်ဖြစ်၍။ ဝိဒေသံ၊ အရပ်တစ်ပါးသို့။ ပက္ခန္ဒတိ၊ ပြေးသွားလေ၏။ တီရံ၊ ကမ်းနားသည်။ နပညာယတိ၊ မထင်မမြင်ပါ။ တဒါ၊ ထိုအခါ၌၊ ဒိသာကာကံ၊ အရပ်မျက်နှာကိုသိသော ကျီးကို။ ဝိသဇ္ဇန္တိ၊ ကမ်းကိုသိရအောင် လွှတ်လိုက်ကြကုန်၏။ သော၊ ထိုကျီးသည်။ ကူပကယဋ္ဌိတော၊လင်းယင်တိုင်အဖျားမှ။ အာကာသံ၊ ကောင်းကင်သို့။ လင်္ဃိတွာ၊ ပျံတက်၍။ သဗ္ဗာ၊ အလုံးစုံသော၊ ဒိသာစ၊ တူရူဖြစ်သောအရပ်သို့လည်းကောင်း။ ဝါ၊တည့်တည့်ဖြစ်သောအရပ်သို့လည်းကောင်း။ဝိဒိသာစ၊အထောင့်အကောက်ဖြစ်သော အရပ်သို့လည်းကောင်း။ အနုဂန္တွာ၊ အစဉ်အတိုင်းပျံသွား၍။ တီရံ၊ကမ်းနားကို။ သစေပဿတိ၊ အကယ်၍ တွေ့မြင်ငြားအံ့။ တဒါဘိမုခေါဝ၊ ထိုတွေ့မြင်ရာ အရပ်သို့ ရှေးရှုသာလျှင်။ ဂစ္ဆတိ၊ ကမ်းသို့ရောက်အောင်ပျံလေ၏။ ၎င်းအဆက်။

နောစေ ပဿတိ ပုနပ္ပုန္နံ အာဂန္တွာ ကူပကယဋ္ဌိညေဝ
အလ္လိယတိယထာ ဧဝမေဝ သင်္ခါရုပေက္ခာဉာဏံ
သန္တိပဒံ နိဗ္ဗာနံ သန္တတော သစေ ပဿတိ သဗ္ဗံသင်္ခါရ ပဝတ္တံ
ဝိသဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ နောစေ ပဿတိ
ပုနပ္ပုန္နံ သင်္ခါရ ရမ္မဏမေဝ ဟုတွာ ပဝတ္တတိ။ (ဝိသုဒ္ဓိမဂ်)

နောစေပဿတိ၊ အကယ်၍ ကမ်းကို မတွေ့မမြင်ငြားအံ့။ ပုနပ္ပုန္နံ၊အဖန်တလဲလဲ။ အာဂန္တွာ၊ သင်္ဘောသို့ ပျံလာခဲ့၍။ ကူပက ယဋ္ဌိဉ္စေဝ၊လင်းယင်တိုင်အဖျား ၌သာလျှင်။ အလ္လီယတိယထာ၊ ပြန်၍နားလာသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်၊သင်္ခါရုပေက္ခာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်သည်။ သန္တိပဒံ၊ ငြိမ်သက်သော။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။သန္တတော၊ ငြိမ်သက်သော်အားဖြင့်။ သစေပဿတိ၊ အကယ်၍ မြင်ငြားအံ့။ သဗ္ဗံ၊ အလုံးစုံသော၊ သင်္ခါရပဝတ္တံ၊ နာမ်ရုပ်ဟူသော သင်္ခါရ၌ဖြစ်သည်ကို။ ဝိသဇ္ဇတွာ၊ စွန့်လွှတ်ပယ်ခွာ၍။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်သို့သာလျှင်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။နောစေပဿတိ၊ အကယ်၍ နိဗ္ဗာန်ကိုမမြင်ငြားအံ့၊ ပုနပ္ပုန္နံ၊ အဖန်တလဲလဲ။သင်္ခါရာရမ္မဏမေဝ၊ နာမ်ရုပ်ဟူသော သင်္ခါရအာရုံသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍၊ ပဝတ္တတိ၊ နာမ်ရုပ်ထဲ၌ ပြန်၍လည်ရ ဖြစ်ရပြန်၏။အဓိပ္ပာယ်ကား သိသာပြီ။

သင်္ခါရုဉာဏ် အားထုတ်သန် မဂ်ဉာဏ်ဝင်မည်သာ။
အားထုတ်မသန် နောက်ဆုတ်မှန် ရုပ်နာမ်ပြန်ကျကာ။ (သံခိပ်)

ယာစ မုဉ္စိတုကမျတာ ယာစပ ဋိသင်္ခါ နုပဿနာ။
ယာစသင်္ခါရုပေက္ခာ၊ ဧကမေဝမွာ ကေတ္ထာ ဗျဉ္ဇနမေဝ နာနံ
(ပဋိသမ္ဘိဒါမဂ်)

ယာစမုဉ္စိတုကမျတာ၊ အကြင်မုဉ္စိတု ကမျတာဉာဏ်သည် လည်းကောင်း။ ယာစပဋိသင်္ခါနုပဿနာ၊ အကြင် ပဋိသင်္ခါ နုပဿနာဉာဏ်သည် လည်းကောင်း။ ယာစ သင်္ခါရုပေက္ခာ၊ အကြင်သင်္ခါရုပေက္ခာဉာဏ်သည် လည်းကောင်း။ ဧကမေဝမွာ၊ ဤတရားသုံးပါးတို့သည်။ ကေတ္ထာ၊ တူသောအနက်ရှိကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသာလျှင်။ နာနံ၊ ထူးကြ၏။

ပုထုဇနော သင်္ခါရုပေက္ခံ အဘိနန္ဒတိဝါ ဝိပဿတိဝါ
ပုထုဇနဿ ဧကမေဟိ ဒွိဟာကာရေဟိ သင်္ခါရုပေက္ခာယ
စိတ္တဿ အဘိနိဟာရော ဟောတိ။

ပုထုဇနော၊ ပုထုဇဉ်သည်။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အဘိနန္ဒတိဝါ၊ နှစ်လည်းနှစ်သက်၏။ ဝိပဿတိဝါ၊ ရှုလည်းရှုမှတ်၏။ ပုထုဇနဿ၊ ပုထုဇဉ်၏။ ဧကမေဟိ ဒွိဟာကာရေဟိ သင်္ခါရုပေက္ခာယ၊ ဤနှစ်ပါးသော အခြင်းအရာရှိသော သင်္ခါရုပေက္ခာဖြင့်။ စိတ္တဿ၊ စိတ်ကို။ အဘိနိဟာရော၊ ဆောင်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။ပုထုဇဉ်သည် သင်္ခါရုပေက္ခာကို နှစ်လည်း နှစ်သက်၏။ ရှုလည်း ရှုမှတ်၏။ ဤနှစ်ပါးသော အခြင်းအရာရှိသော သင်္ခါရုပေက္ခာဖြင့် စိတ်ကိုဆောင်သည် ဖြစ်ပေ၏။ ပုထုဇဉ် သင်္ခါရုပေက္ခာသဘော အကျယ် အလိုရှိမူ ဆရာတော်ဘုရားကြီးစီရင်သော အာရမ္မဏဝိဓိ ကျမ်းမှာယူလေ။

သေခေါ သင်္ခါရုပေက္ခံ အဘိနန္ဒတိ ဝါ ဝိပဿတိဝါ
ပဋိသင်္ခါယဝါ ဖလသမာပတ္တိံ သမာပဇ္ဇတိ သေက္ခဿ
ဣမေဟိ တီဟာကာရေဟိ သင်္ခါရုပေက္ခာယ
စိတ္တဿ အဘိနီဟာရော ဟောတိ။

သေခေါ၊ သေက္ခသည်။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အဘိနန္ဒတိဝါ၊ နှစ်လည်းနှစ်သက်၏။ ဝိပဿတိဝါ၊ ရှုလည်းရှုမှတ်၏။ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဖလသမာပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇတိဝါ၊ ဝင်လည်းဝင်စား၏။ သေခဿ၊ သေက္ခ၏။ ဣမေဟိ တီဟာကာရေဟိ သင်္ခါရုပေက္ခာယ၊ ဤသုံးပါးသော အခြင်းအရာရှိသော သင်္ခါရုပေက္ခာဖြင့်။ စိတ္တဿ၊ စိတ်ကို။ အဘိနီဟာရော၊ ဆောင်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။အရဟတ္တဖိုလ်ကြဉ်သော အောက်ပုဂ္ဂိုလ် ၇ ယောက်သည် သင်္ခါရုပေက္ခာကို နှစ်လည်း နှစ်သက်၏။ ရှုလည်းရှုမှတ်၏။ ဆင်ခြင်၍ ဖိုလ်လည်း ဝင်စား၏။ ၎င်းသေက္ခပုဂ္ဂိုလ် ၇ ယောက်၏ သုံးပါးသော အခြင်းအရာရှိသော သင်္ခါရုပေက္ခာဖြင့် စိတ်ကိုဆောင်သည်ဖြစ်ပေ၏။ သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့၏ သင်္ခါရုပေက္ခသဘော။

ဝီတရာဂေါ သင်္ခါရုပေက္ခံ ဝိပဿတိဝါ ပဋိသင်္ခါယဝါ
ဖလသမာပတ္တိံသမာပဇ္ဇတိ တဒဇ္ဈုပေက္ခိတွာ
သုညတ ဝိဟာရေနဝါ အနိမိတ္တဝိဟာရေနဝါ
အပ္ပဏိဟိတဝိဟာရေနဝါ ဝိဟရတိ·ဝီတရာဂဿ
ဣမေဟိ တီဟာကာရေဟိ သင်္ခါရုပေက္ခာယ
စိတ္တဿ အဘိနီဟာရော ဟောတိ။

ဝီတရာဂေါ၊ ရဟန္တာပုဂ္ဂိုလ်သည်။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ ဝိပဿ-တိဝါ၊ ရှုလည်း ရှုမှတ်၏။ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဖလသမာပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇတိဝါ၊ ဝင်လည်းဝင်စား၏။ တံ၊ ထိုသင်္ခါရုပေက္ခာကို။ အဇ္ဈု-

ပေက္ခိတွာ၊ အညီအညွတ်ရှုမှတ်၍။ သုညတဝိဟာရေနဝါ၊ သုညတဝိဟာရဖြင့်လည်းကောင်း။ အနိမိတ္တဝိဟာရေနဝါ၊ အနိမိတ္တဝိဟာရဖြင့် လည်းကောင်း။ အပ္ပဏိဟိတ ဝိဟာရေနဝါ၊ အပ္ပဏိဟိတဝိဟာရဖြင့်လည်းကောင်း။ ဝိဟရတိဝါ၊ နေလည်းနေ၏။ ဝိတရာဂဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ ဣမေဟိ တီဟာကာရေဟိ-သင်္ခါရုပေက္ခာယ၊ ဤသုံးပါးသော အခြင်းအရာရှိသော သင်္ခါရုပေက္ခာဖြင့်။ စိတ္တဿ၊ စိတ်ကို။ အဘိနီဟာရော၊ ဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာသဘော၊ အရဟတ္တဖိုလ် ရဟန္တာကို အသေက္ခပုဂ္ဂိုလ်ခေါ်သည်ဟု မှတ်လေ။

သစေ ဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတော ဒိဋ္ဌေဝဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ ဣစ္စေတံ ကုသလံ နောစေသက္ကောတိ သတ္တဘဝေသု ဒေတိ အာဝုသော။

(အင်္ဂုတ္တရနိကာယ် ဧကနိပါတ် အဋ္ဌကထာ၌ တိပိဋကာ စူဠနာဂ မထေရ်ဆိုသည်။)

အာဝုသော၊ ငါ့ရှင်တို့။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ အမှန်သိမြင်ခြင်းကို။ ဘာဝိတော၊ ရှုမှတ်ပွားများသည်ရှိသော်။ ဒိဋ္ဌေဝဓမ္မေ၊ ယခု ပစ္စုပ္ပန်ဘဝ၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပေတုံ၊ ရောက်ခြင်းငှာ၊ သစေသက္ကောတိ။ အကယ်၍ တတ်နိုင်သည် ဖြစ်ငြားအံ့။ ဣစ္စေတံ-ဣတိ-ဧတံ၊ ဤသို့ တတ်နိုင်ခြင်းသည်။ ကုသလံ သုန္ဒရံ၊ကောင်းလှပေ၏။ နောစေ သက္ကောတိ၊ အကယ်၍ မတတ်နိုင်သည် ဖြစ်ငြားအံ့။ သတ္တဘဝေသု၊ လူကောင်း နတ်ကောင်းဖြစ်သော သုဂတိ ၇ ဘုံတို့၌။ ဒေတိ၊ ပေးလေ၏။

အဓိပ္ပာယ်ကား။ ။ငါ့ရှင်တို့ ဝိပဿနာ အမှန်သိမြင်ခြင်းကို ဆိုရာ၌ အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ အသံရုပ်နှင့် မှတ်တဲ့စိတ် စသည်တို့ဖြင့် ရှုမှတ်ပွားများအားထားသည်ရှိသော်၊ ယခုဘဝ ယခုကာလ၌သော်လည်း အရဟတ္တဖိုလ်သို့ ရောက်ခြင်း ရခြင်းငှာ တတ်နိုင်ခဲ့သည်ဖြစ်ငြားအံ့ ကောင်းလှပါပေ၏။

အကယ်၍ မတတ်နိုင်၊ မရနိုင်သည်ဖြစ်ပါငြားအံ့ လူကောင်းနတ်ကောင်းဖြစ်သော သုဂတိ ၇ ဘုံ၌ ပဋိသန္ဓေနေရ ဖြစ်ရပေ၏။ ၎င်းပါဠ်၌ ဒိဋ္ဌေဝဓမ္မေ အရဟတ္တံ ဟူသော ပါဌ်ကိုထောက်၍ မဂ်ကိုမရောက်သေးသော မရသေးသော သင်္ခါရုပေက္ခာဉာဏ်၌ တန့်ရပ်၍နေသော ယောဂီပုဂ္ဂိုလ်ကို ဆိုလိုသည်။

ရတနာ့ဂုဏ်ရည် (၄၇)

ၚင်းစကားအရ မင်္ဂကိုမရောက်မရသေးသော ပုထုဇဉ်၏ သင်္ခါရုပေက္ခာဉာဏ် ဝိပဿနာသည် လူကောင်း နတ်ကောင်းဖြစ်သော သုဂတိ ၇ ဘုံ၌ ပဋိသန္ဓေ နေရခြင်း၏ အကြောင်းတရားဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ အရှင်သာရိ ပုတ္တရာလည်း ဟောတော်မူ၏။

ပုထုဇနဿ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ
ဘာဝနာယ ပရိပန္ထော ဟောတိ ပဋိဝေဓဿ အန္တရာယော
ဟောတိ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။

ပုထုဇနဿ၊ ပုထုဇဉ်၏။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အဘိနန္ဒတော၊ နှစ်သက်သောကြောင့်။ စိတ္တံ၊ စိတ်သည်။ ကိလိဿတိ၊ ညစ်နွမ်း၏။ ဘာဝနာယ၊ ဘာဝနာမှ။ ပရိပန္ထော၊ ကျုံသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဝေဓဿ၊ မဂ်ဖိုလ်၏။ အန္တရာယော၊ အန္တရာယ်သည်။ ဟောတိ၊ ဖြစ်၏။ အာယတိံ ပဋိသန္ဓိယာ၊ နောင် ပဋိသန္ဓေနေရခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုထုဇဉ် သင်္ခါရုပေက္ခာ ဉာဏ်သဘော။

သေက္ခဿပိ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ
ဘာဝနာယ ပရိပန္ထော ဟောတိ ဥတ္တရိ ပဋိဝေဓဿ
အန္တရာယော ဟောတိ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။

သေက္ခဿပိ၊ သေက္ခ၏လည်း။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အဘိနန္ဒတော၊ နှစ်သက်သောကြောင့်။ စိတ္တံ၊ စိတ်သည်။ ကိလိဿတိ၊ ညစ်နွမ်း၏။ ဘာဝနာယ၊ ဘာဝနာမှ။ ပရိပန္ထော၊ ကျုံသည်။ ဟောတိ၊ ဖြစ်၏။ ဥတ္တရိပဋိဝေဓဿ၊ အထက်မဂ်၏။ အန္တရာယော၊ အန္တရာယ်သည်။ ဟောတိ၊ ဖြစ်၏။ အာယတိံ ပဋိသန္ဓိယာ၊ ပဋိသန္ဓေနေရခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့၏ သင်္ခါရုပေက္ခာ သဘော။

ဧဝံ ပုထုဇနဿစ သေက္ခဿစ သင်္ခါရုပေက္ခာယ စိတ္တဿ
အဘိနိဝေသော ကေတ္တံ ဟောတိ အဘိနန္ဒနဋ္ဌေန။

ဧဝံ အဘိနန္ဒနဋ္ဌေန၊ ဤသို့ နှစ်သက်သောအနက်ကြောင့်။ ပုထုဇနဿစ၊ ပုထုဇဉ်၏လည်းကောင်း။ သေက္ခဿစ၊ သေက္ခ၏လည်းကောင်း။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာဖြင့်။ စိတ္တဿ၊ စိတ်ကို။ အဘိနိဝေသော၊ ဆောင်ခြင်းသည်။ ကေတ္တံ၊ တူသော သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

ပုထုဇဉ်နှင့်သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့၏ တူမျှပုံ။

ပုထုဇ္ဇနော၊သင်္ခါရုပေက္ခံ၊အနိစ္စတောပိ၊ဒုက္ခတောပိ၊အနတ္တတောပိ၊ဝိပဿတိ၊ သေခေါပိ သင်္ခါရုပေက္ခံ အနိစ္စတောပိ–ဒုက္ခတောပိ-အနတ္တတောပိ ဝိပဿတိ။ ဝီတရာဂေါပိ သင်္ခါရုပေက္ခံ အနိစ္စတောပိ၊ ဒုက္ခတောပိ၊ အနတ္တတောပိ၊ ဝိပ- ဿတိ။ ဧဝံပုထုဇ္ဇနဿစ၊ သေခဿစ၊ ဝီတရာဂဿစ၊ သင်္ခါရုပေက္ခာယ စိတ္တဿ၊ အဘိနီဟာရော ကေတ္တံ ဟောတိ အနုပဿနဋ္ဌေန ။

ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အနိစ္စတောပိ၊ မမြဲဟူ၍လည်းကောင်း။ ဒုက္ခတောပိ၊ ဆင်းရဲဟူ၍လည်းကောင်း။အနတ္တတောပိ၊ အစိုးမရဟူ၍ လည်းကောင်း။ ဝိပဿတိ၊ ရှု၏။ သေခေါပိ၊ သေက္ခသည်လည်း။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အနိစ္စတောပိ၊ မမြဲဟူ၍ လည်းကောင်း။ ဒုက္ခတောပိ၊ ဆင်းရဲဟူ၍ လည်းကောင်း။ အနတ္တတောပိ၊ အစိုးမရဟူ၍လည်း ကောင်း။ ဝိပဿတိ၊ ရှု၏။ ဝီတရာဂေါပိ၊ ရဟန္တာသည်လည်း။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။အနိစ္စတော၊မမြဲဟူ၍လည်းကောင်း။ ဒုက္ခတော၊ ဆင်းရဲဟူ၍ လည်းကောင်း။ အနတ္တတော၊ အစိုးမရဟူ၍ လည်းကောင်း။ ဝိပဿတိ၊ ရှု၏။ ဧဝံအနုပဿနဋ္ဌေန၊ ဤသို့ရှုသောအနက်ကြောင့်။ ပုထုဇ္ဇနဿစ၊ ပုထုဇဉ်၏ လည်းကောင်း။ သေခဿစ၊ သေက္ခ၏လည်းကောင်း။ ဝီတရာဂဿစ၊ ရဟန္တာ၏ လည်းကောင်း။ သင်္ခါရုပေက္ခာယ၊ သင်္ခါရုပေက္ခာဖြင့်။ စိတ္တဿ၊ စိတ်ကို။ အဘိ- နီဟာရော၊ ဆောင်ခြင်းသည်။ ကေတ္တံ၊ တူသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်ကား။** ။ပုထုဇဉ်သင်္ခါရုပေက္ခာသည်၊ ပစ္စုပ္ပန် အခိုက်အတန့်၌၊ ရှုမှတ်ပွားများဆဲဖြစ်သော အဆင်းရုပ်နှင့် မှတ်တဲ့စိတ်၊ အသံရုပ်နှင့် မှတ်တဲ့စိတ်၊ စသည်တို့ဖြင့် မမြဲဟူ၍လည်းကောင်း။ဆင်းရဲဟူ၍လည်းကောင်း။ အစိုးမရဟူ၍ လည်းကောင်း။ လက္ခဏာရေးသုံးပါးတို့တွင် တစ်ပါးပါးဖြင့် သဘာဝအတိုင်း ကျရောက်လာတိုင်း ရှုမှတ်၏။

၎င်းနည်းအတိုင်း သေက္ခပုဂ္ဂိုလ် ၇ ယောက်တို့လည်း ရှုမှတ်၏။ ၎င်းနည်း အတိုင်း ရဟန္တာ အသေက္ခပုဂ္ဂိုလ်လည်း မမြဲဟူ၍လည်းကောင်း။ ဆင်းရဲဟူ၍ လည်းကောင်း။ အစိုးမရဟူ၍လည်းကောင်း ရှုမှတ်၏။

ထိုသို့ ရှုမှတ်ပွားများ ထင်မြင်ကြသော အနက်သဘောမှာ ပုထုဇဉ်-သေက္ခ ရဟန္တာဖြစ်သော အသေက္ခ။ သင်္ခါရုပေက္ခာဉာဏ်ဖြင့် စိတ်ကိုဆောင်ခြင်းဆိုရာ၌ အနိစ္စ-ဒုက္ခ-အနတ္တ ဟူသော လက္ခဏာရေး သုံးပါးတို့၌ ထင်မြင်သည်ကို ဆိုလို သည်။

ထိုပြဆိုခဲ့သော ပုဂ္ဂိုလ်တို့သည် အနိစ္စ-ဒုက္ခ-အနတ္တတို့ကို ထင်မြင်ကြရာ၌ အတူတူပင် ထင်မြင်ကြပေကုန်သတည်း။ အနိစ္စသည် နှစ်မျိုးမရှိ၊ တစ်မျိုးသာရှိကြောင်းကို ကောင်းကောင်းကြီး သိမြင်ကြစေကုန်လော့။ ဒုက္ခ-အနတ္တ တို့မှာ နည်းတူမှတ်ကြလေ။

ပုထုဇဉ် သင်္ခါရုပေက္ခာမှာ ကုသိုလ်ဖြစ်သည်။ သေက္ခပုဂ္ဂိုလ် ၇ ယောက်။ သင်္ခါရုပေက္ခာမှာ ကုသိုလ်ဖြစ်သည်။ ရဟန္တာသင်္ခါရုပေက္ခာမှာ အဗျာကတဖြစ်သည် ဤကားမတူပုံ။

ပုထုဇနဿ သင်္ခါရုပေက္ခာ ကိဉ္စိကာလေ သုဝိဒိတာ ဟောတိ
ကိဉ္စိကာလေ န သုဝိဒိတာ ဟောတိ သေခဿပိ
သင်္ခါရုပေက္ခာ ကိဉ္စိကာလေ သုဝိဒိတာ ဟောတိ
ကိဉ္စိကာလေ န သုဝိဒိတာ ဟောတိ ဝီတရာဂဿ
သင်္ခါရုပေက္ခာ အစ္စန္တံ သုဝိဒိတာ ဟောတိ။

ပုထုဇနဿ၊ ပုထုဇဉ်၏။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာသည်။ ကိဉ္စိကာလေ၊ တစ်ခါတစ်ရံ၌။ သုဝိဒိတာ၊ ကောင်းစွာထင်သည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ တစ်ရံတခါ၌။ သုဝိဒိတာ၊ ကောင်းစွာထင်သည်။ န ဟောတိ၊ မဖြစ်။ သေခဿပိ၊ သေက္ခ၏လည်း။ သင်္ခါရုပေက္ခာ၊ သည်။ ကိဉ္စိကာလေ၊ တစ်ရံတစ်ခါ၌။ သုဝိဒိတာ၊ ကောင်းစွာထင်သည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ တစ်ရံတစ်ခါ၌။ သုဝိဒိတာ၊ ကောင်းစွာထင်သည်။ န ဟောတိ၊ မဖြစ်။ ဝီတ-ရာဂဿ၊ ရဟန္တာ၏။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာသည်။ အစ္စန္တံ၊ မပြတ်။ သုဝိဒိတာ၊ ကောင်းစွာထင်သည်။ ဟောတိ၊ ဖြစ်၏။ ဤကား မတူပုံ။

ပုထုဇနော သင်္ခါရုပေက္ခံ အတိတ္တတ္တာ ဝိပဿတိ။
သေခေါပိသင်္ခါရုပေက္ခံ အတိတ္တတ္တာ ဝိပဿတိ။
ဝီတရာဂေါ သင်္ခါရုပေက္ခံ တိတ္တတ္တာ ဝိပဿတိ။

ပုထုဇနော၊ ပုထုဇဉ်သည်။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အတိတ္တတ္တာ၊ မရောင့်ရဲနိုင်သည်၏ အဖြစ်ကြောင့်။ ဝါ၊ အားမရနိုင်သည်၏ အဖြစ်ကြောင့်။ ဝိပဿတိ၊ ရှုမှတ်၏။ သေခေါပိ၊ သေက္ခသည်လည်း။ သင်္ခါရုပေက္ခံ၊ သင်္ခါရုပေက္ခာကို။ အတိတ္တတ္တာ၊ မရောင့်ရဲနိုင်သည်၏ အဖြစ်ကြောင့်။ ဝါ၊ အားမရနိုင်သည်၏

အဖြစ်ကြောင့်။ ဝိပဿတိ၊ ရှုမှတ်၏။ ဝိတရာဂေါ၊ ရဟန္တာသည်။ သခ်ါရုပေက္ခံ၊ သခ်ါရုပေက္ခာကို။ တိတ္တတ္တာ၊ ရောင့်ရဲသည်၏အဖြစ်ကြောင့်။ ဝါ၊ အားရနိုင်သည်၏ အဖြစ်ကြောင့်။ ဝိပဿတိ၊ ရှုမှတ်၏။ အဓိပ္ပါယ်သိသာပြီ။

(၄၃) သခ်ါရုပေက္ခာဉာဏ်ကို ဝိတ္ထာရလာဟန် ပင်လယ်ပျံ ကာကနှင့် ဥပမာတင်ဆ၍ မြင်လောက်အောင် ပြဆိုခြင်း ပြီး၏။

* * *

## (၄၄) အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်ကို သိသာရန်ရှင်းလင်း မျက်စဉ်းပမာသွင်း၍ အလင်းမြင်ပုံကို ပြဆိုခြင်း

သခ်ါရုပေက္ခာဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့် အနုလောမဉာဏ်ဆိုက်ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဠ် ရှုမှတ်ပွားများလေတိုင်း မြင်လျော်-ကြားလျော်-နံလျော်-စားလျော်-ထိလျော်-သိလျော်-ညာကလှမ်းလျော်-ဘယ်ကလှမ်းလျော်- ရပ်လျော် - ထိုင်လျော် - အိပ်လျော် - ကွေးလျော်-ဆန့်လျော်စသည်တို့ဖြင့် စိတ်ကျရာဌာနတို့၌ ရှုမှတ်ပွားများတိုင်း အလုံးစုံအကုန်လျော်လေတော့သည်။

အနုလောမဉာဏ် ဟူသော ပါဠိစကားသည် လျော်ခြင်း-သင့်မြတ်ခြင်း–ဟုတ်မှန်ခြင်း-အစဉ်အတိုင်းသိခြင်း စသော အနက်တို့ကို ဟောသည်။ ဤ အနုလောမဉာဏ် လျော်ခြင်းဆိုရာ၌ ဝိပဿနာအရာဖြစ်၍ သိမြင်သည်ကို ဆိုလိုသည်။

၎င်းဉာဏ်လျော်ပုံမှာ အနုလောမဉာဏ်အောက် ဥဒယဗ္ဗယဉာဏ်အထိ အထက်ကိုဗောဓိပက္ခိယ ၃၇ ပါး၏ ၎င်းအောက်အထက် အလယ်ကနေ၍ လျော်ကန်သင့်မြတ်စွာ သိမြင်သည်ကို အနုလောမဉာဏ်ဟု ဆိုရပေသည်။ ဝိထိအစဉ်အားဖြင့်ကား- ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘူ-သောတာပတ္တိမဂ် ၎င်းငါးချက်တို့မှာ အနုလုံသည် မိမိအောက်ဖြစ်သော- ပရိကံ- ဥပစာ- မိမိအထက်ဖြစ်သော ဂေါ-တြဘူ-သောတာပတ္တိမဂ်- ၎င်းတို့၏ အလယ်ကနေ၍ လျော်ကန် သင့်မြတ်စွာ သိမြင်သည်ကို အနုလောမဉာဏ်ဟု ဆိုလိုသည်။

အနိစ္စာဒိ လက္ခဏဝိပဿနာတာယ ပဟဋ္ဌာပဝတ္တာနံ
အဋ္ဌန္နံ ဝိပဿနာဉာဏာနံ ဥဒ္ဓံမဂ္ဂက္ခဏေ အဓိဂန္တဗ္ဗာနံ
သတ္တတိံသ ဗောဓိပက္ခိယ ဓမ္မာနဉ္စ အနုလောမတော

မဂ္ဂဝီထိယံ ဂေါတြဘုတော ပုဗ္ဗေ ပဝတ္တံ သစ္စာနုလောမိက
ဉာဏာသင်္ခါတံ နဝမံ အနုလောမိက ဉာဏန္တိ။ (ဋီကာပါဠိ)

အနိစ္စာဒိလက္ခဏဝိပဿနာတာယ၊ အနိစ္စလက္ခဏာ အစရှိသည်ကို ရှုမှတ်ပွားများသည် အစွမ်းဖြင့်။ ဟေဋ္ဌာ၊ အနုလောမဉာဏ်၏အောက်၌။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ အဋ္ဌန္နံ၊ ဥဒယဗ္ဗယဉာဏ်အစ သင်္ခါရုပေက္ခာဉာဏ်အဆုံး ရှစ်ပါးကုန်သော။ ဝိပဿနာဉာဏာနံ၊ ရှစ်ပါးကုန်သော ဝိပဿနာဉာဏ်တို့အား။ ဥဒ္ဓံ၊ အနုလောမ ဉာဏ်အထက်၌။ မဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ အဓိဂန္တဗ္ဗာနံ၊ သိအပ်ရအပ်ကုန်သော။ သတ္တတိံသဗောဓိပက္ခိယဓမ္မာနဉ္စ၊ (၃၇)ပါးသော ဗောဓိပက္ခိယ တရားတို့လည်းကောင်း။ အနုလောမတော၊ လျော်သောကြောင့်။ မဂ္ဂဝီထိယံ၊ မဂ္ဂဝီထိ၌။ ဂေါတြဘုတော၊ ဂေါတြဘုမှ။ ပုဗ္ဗေ၊ ရှေး၌။ ပဝတ္တံ၊ဖြစ်သော။ သစ္စာနုလောမိကဉာဏသင်္ခါတံ၊ သစ္စာနုလောမိက ဉာဏ်ဟု ဆိုအပ်သော။နဝမံ၊၉-ခုမြောက်သော။ အနုလောမိကဉာဏဉ္စ၊ အနုလောမဉာဏ် လည်းကောင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

အဓိပ္ပာယ်လိုရင်းကား။ ။အနိစ္စ-ဒုက္ခ-အနတ္တ တို့ကို ရှုမှတ်ပွားများသဖြင့်၊ အနုလောမဉာဏ်၏ အောက်ဖြစ်သော ဥဒယဗ္ဗယဉာဏ်အစ၊ သင်္ခါရုပေက္ခာ ဉာဏ်အဆုံး ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ယထာဘူတသဘာဝအတိုင်း သိမြင်သည်ကိုလည်းကောင်း၊ မိမိအနုလောမဉာဏ်အထက် ရောက်လတ္တံ့သော (၃၇)ပါးသော ဗောဓိပက္ခိယတရားတို့ကို ဤဝိပဿနာဉာဏ်အဆင့်ဆင့်တို့ဖြင့် ရအပ်သည်ဖြစ်၍၊ ၎င်းဝိပဿနာဉာဏ်ရှစ်ပါးတို့နှင့် ဗောဓိပက္ခိယတရားတို့အား သင့်လျော်ညီညွတ်ကြ၏ဟု သိမြင်နစ်သက် လိုက်လျောသည်ကို အနုလောမဉာဏ် ဟူ၍ မှတ်ယူသင့်လှပေကုန်သည်။

အနုလောမဉာဏ်ကို ပဋ္ဌာန်းကျမ်းကြီး၌ အနုလောမဟူ၍ လည်းကောင်း၊ ဝေါဒါနဟူ၍လည်းကောင်း၊ ဂေါတြဘုဟူ၍လည်းကောင်း သုံးမျိုးခေါ်သည်။ ရထဝိနီတသုတ်၌ ပဋိပဒါန ဉာဏဒဿနဝိသုဒ္ဓိခေါ်သည်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် သုံးမျိုးခေါ်သည်။ သဂါထာဝဂ္ဂသံယုတ် သုသိမသုတ်တို့၌ ဓမ္မဋ္ဌိတိဉာဏ် ခေါ်သည်။ ဤအနုလောမဉာဏ်ကို ကျမ်းဂန်တို့၌ အမည်အမျိုးမျိုးကို များစွာဟောတော်မူသည်။

ယဒါဟဝေ မဂ္ဂေါဉပ္ပဇ္ဇိဿတိ တဒါတံ လက္ခဏာ
ရမ္မဏံကတွာ ပရိကမ္မံ ဝါ ဉပစာရံဝါ အနုလောမံဝါ
ဉပ္ပဇ္ဇိတွာ နိရုဇ္ဈတိ တံသမ္ပယုတ္တာဉာဏံ အနုလော
မဉာဏံ တတောပရံ နိဗ္ဗာနံ အာရမ္မဏံကတွာ
ဂေါတြဘူဉာဏံ ဉပ္ပဇ္ဇိတွာ နိရုဇ္ဈတိ တတောပရံ
သကိံယေဝ မဂ္ဂေါဉပ္ပဇ္ဇိတွာ နိရုဇ္ဈတိ တထာတတောပရံ
ဧကမေဝ ဒွိတိက္ခတ္တုံ ဖလံ ဉပ္ပဇ္ဇိတွာ နိရုဇ္ဈတိ
တတောပရံ ဘဝင် ပါတော ဟောတိ။

ဟဝေ၊ စင်စစ်အမှန်။ ယဒါ၊ အကြင်အခါ၌။ မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဉပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ထိုအခါ၌။ တံ၊ ထိုရှုမှတ် ပွားများအားထားသော ဝိပဿနာစိတ်သည်။ လက္ခဏာရမ္မဏံ၊ လက္ခဏာရေးသုံးပါးဟူသော အာရုံကို။ ကတွာ၊ အာရုံပြု၍။ ပရိကမ္မံဝါ၊ ပရိကံသည်လည်းကောင်း၊ ဉပစာရံဝါ၊ ဉပစာသည် လည်းကောင်း။ အနုလောမံဝါ၊ အနုလုံသည် လည်းကောင်း။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တံသမ္ပယုတ္တာဉာဏံ၊ ထိုပရိကံ ဉပစာ အနုလုံနှင့် ယှဉ်သော ဉာဏ်သည်။ အနုလောမဉာဏံ၊ အနုလောမဉာဏ် မည်၏။ တတောပရံ၊ ထိုအနုလောမ ဉာဏ်နောက်မှ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဂေါတြဘူဉာဏံ၊ ဂေါတြဘူဉာဏ်သည်။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတောပရံ၊ ထိုဂေါတြဘူဉာဏ်နောက်မှ။ သကိံယေဝ၊ တစ်ကြိမ်သာလျှင်။ မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတောပရံ၊ ထိုမဂ်စိတ်နောက်မှ။ တထာ၊ ထိုမဂ်နှင့်အတူ နိဗ္ဗာန်ကို အာရုံပြု၍။ ဧကမေဝ၊ စိတ်တစ်ခုတည်းသာလျှင်။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတော၊ ထိုနောက်မှ။ ဖလံ၊ ဖိုလ်သည်။ ဒွိတိက္ခတ္တုံ၊ နှစ်ကြိမ်-သုံးကြိမ်။ ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ တတောပရံ၊ ထိုဖိုလ်စိတ်နောင်မှ။ ဘဝင်ပါတော၊ ဘဝင်ကျသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။စင်စစ်အမှန်ကား အကြင်အခါ၌ သောတာပတ္တိမဂ်သည် ဖြစ်လတ္တံ့။ ထိုအခါ၌ ရှုမှတ်ပွားများ အားထုတ်သော ဝိပဿနာစိတ်သည် လက္ခဏာရေးသုံးပါးကို အာရုံပြု၍ ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့တွင် တစ်ခုခုသော စိတ်သည် ပရိကံ-ဉပစာ- အနုလုံ အစဉ်အတိုင်းဖြစ်၍ ချုပ်လေ၏။

ထို့နောင် နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဉာဏ်သည် ဖြစ်၍ ချုပ်လေ၏။ ထို့နောင် တစ်ကြိမ်သာလျှင် ဖြစ်သော မဂ်စိတ်သည် ဖြစ်၍ ချုပ်လေ၏။ ထို့နောင် မဂ်စိတ်နှင့်အတူ နိဗ္ဗာန်ကိုအာရုံပြု၍ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် နှစ်ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် သုံးကြိမ်၊ ဖိုလ်ဇောဖြစ်၍ ချုပ်လေ၏။ ထို့နောင် ဘဝင်ကျလေ၏။

ပြထိုခဲ့သော ပရိကံ ဉပစာ အနုလုံ ၎င်းသုံးပါးတို့သည် အနုလုံချည်းဖြစ်ကြ၏။ ဤအနုလုံတို့သည် ကိလေသာတို့ကို သန့်ရှင်းပယ်ခွာနိုင်၏။ နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်ပေ။ ဂေါတြဘူကား ကိလေသာကို မသန့်မရှင်း မပယ်မခွာနိုင်ပေ။ နိဗ္ဗာန်ကိုသာ အာရုံပြုနိုင်ပေ၏။ သောတာပတ္တိမဂ်ဉာဏ်၏ ရှေ့အဖို့ အာဝဇ္ဇန်းအရာ၌တည်လေ၏။

အမိဝမ်းတွင်းက တိမ်သလာစွဲ၍ ကန်းသောသူသည် လဝန်းကို ကြည့်လို မြင်လိုသောဆန္ဒကြောင့် မျက်စဉ်းဖြင့် နှစ်ကြိမ် သုံးကြိမ်ခပ်သော် ဖုံးအုပ်သော တိမ်သလာ ပျောက်ကင်း၍ အလင်းဟူသော လဝန်းကို မြင်ရသဖြင့် လွန်မင်းစွာ နှစ်သက်ခြင်းဖြစ်လာ၍ ကိုယ်စိတ်နှစ်ပါးတို့၏ညစ်နွမ်းပူအိုက်ခြင်းပျောက်ကင်း၍ ချမ်းသာခြင်းကို ရလေ၏။

ထိုနည်းတူစွာ ဘဝသံသရာက ထူပြောများပြား၍ လာသော (၁၅၀၀) ကိလေသာဟူသော တိမ်သလာတို့သည် သတ္တဝါတို့၏ ဂေါတြဘူဉာဏ် မဂ်ဉာဏ်ဟူသော မျက်စိကိုဖုံးအုပ်၍နေသည်ကို ကေန်ပျောက်ငြိမ်းလွတ်ကင်းစေနိုင်သော အနုလောမဉာဏ် မျက်စဉ်းဖြင့် နှစ်ကြိမ်သုံးကြိမ်ခပ်လျှင် ကိလေသာ ဟူသော တိမ်သလာတို့သည် သန့်ရှင်းပျောက်ကင်း၍ ငြိမ်းအေးချမ်းသာခြင်း သန္တိသဘောဖြစ်သော နိဗ္ဗာန်ဟူသော မမြင်ဘူးသော အလင်းဟူသော လဝန်းကဲ့သို့ လွန်မင်းစွာနှစ်သက်ခြင်းဖြစ်သော မဂ်ဉာဏ် ကိုယ်စိတ်တို့၏ပူအိုက်ခြင်းကဲ့သို့သော ကိလေသာဟူသော ပူအိုက်ခြင်းတို့ကို အလျှင်း ဖျောက်ဖျက် ပျက်စီးရလေသတည်း။

ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသည်ဟုဆိုရာ၌ သဘောတူညီမျှသော စိတ်တည်းဟူသော အာသေဝနပစ္စည်းကို မရသောကြောင့် နိဗ္ဗာန်ကို အာရုံပြုသောအခါ၊ မငြိမ်မသက် တုန်တုန်ခိုက်ခိုက်၊ လှုပ်လှုပ်ရှားရှား၊ အနိုင်အားသာ အာရုံပြုရပေသည်။ မဂ်ဉာဏ်ကဲ့သို့မပြုနိုင်ပေ။

ဝိထိအစဉ်မှာ။ ' ။ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘူ-မဂ်တစ်ကြိမ်၊ ဖိုလ်နှစ်ကြိမ်-သုံးကြိမ်။ ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘူတို့သည် တေဘူမ္မက သင်္ခါရအတွင်းကဖြစ်ကုန်၏။မဂ်စိတ်ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။ ဂေါတြဘူသည် မဂ်စိတ်နှင့်တစ်စပ်တည်း နီးစပ်လေသောကြောင့် နိဗ္ဗာန်ကိုအာရုံပြုသည်ဟု ဆိုရပေသည်။

ဂင်္ဂါယံ သဿံ တိဋ္ဌတိ၊ ဂင်္ဂါယံ ပေါသော တိဋ္ဌတိ။

ဂင်္ဂါယံ၊ ဂင်္ဂါမြစ်၌။ သဿံ၊ ကောက်စပါးပင်သည်။ တိဋ္ဌတိ၊ တည်နေ၏။ ဂင်္ဂါယံ၊ ဂင်္ဂါမြစ်၌။ ပေါသော၊ နွားကျောင်းသားသည်။ တိဋ္ဌတိ၊ တည်နေ၏။ ။ကောက်စပါးပင်သည် မြစ်ထဲ၌မတည်၊ မြစ်၏အနီး၌ တည်သည်ကို မြစ်ထဲ၌တည်သည်ဟုဆိုသကဲ့သို့၊ နွားကျောင်းသားသည် မြစ်၏အနီး၌ အိပ်သည်ကို မြစ်ထဲ၌အိပ်သည်ဟုဆိုသကဲ့သို့၊ထို့အတူ ဂေါတြဘူသည် မဂ်နှင့်တစ်စပ်တည်း နီးစပ်သောကြောင့် မဂ်ဉာဏ်အာရုံပြုသောနိဗ္ဗာန်ကို ဂေါတြဘူကလည်း အာရုံပြုသည်ဟု ဆိုရပေသည်။

အချို့သော ဆရာတော်ဘုရားကြီးများက ဂေါတြဘူသည် မဂ်ဉာဏ်ကဲ့သို့ နိဗ္ဗာန်ကို အမှန်အာရုံပြုသည်ဟု အယူရှိကြပေကုန်သည်။

သမ္မသနဉာဏ်အစ အနုလောမဉာဏ်အဆုံး၊ ထိုဉာဏ်တို့ကို အစဉ်အတိုင်း အမည်ဝေါဟာရ ကျမ်းဂန်တို့က ရေးသားပြဆိုရာ၌ သတိပဋ္ဌာန် ပါဠိတော်၌ ဟောတော်မူသောအတိုင်း ယောဂီပုဂ္ဂိုလ်သည် ရှုမှတ် ပွားများ အားထား၍ လာရာ၊ ကိလေသာနည်းနည်းကွာခြင်း များများကွာခြင်း ဖြစ်၏။

ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ တွေ့ရှိရရှိသောအာရုံကို အစွဲပြု၍ သမ္မသနဉာဏ်သို့ ရောက်ပြီရပြီ။လ။ အနုလောမဉာဏ်သို့ ရောက်ပြီရပြီဟု ဝေါဟာရ ခေါ်ဆို ကျမ်းဂန်တို့က အမည်ကို သိသာအောင်၊ ပြောဆိုတတ်အောင် ရေး၍ပြရပေသည်။

ထိုဉာဏ်တို့ကို အရကျက်အားထုတ်၍ ရွတ်ဖတ် သရဇ္ဈာယ်၊ ဆင်ခြင်စဉ်းစား၍ ကြံစည်အောက်မေ့ရသော ဉာဏ်မျိုး အစဉ်မျိုး မဟုတ်ပေ။ ခရီးသွားသောယောကျ်ားသည် အနီးသို့ရောက်ခြင်း၊ အဝေးသို့ရောက်ခြင်းကို အစွဲပြု၍ ဘယ်အရပ်သို့ဆိုက်ပြီ၊ ဘယ်အရပ်သို့ရောက်ပြီဟု ခေါ်ဝေါ် ပြောဆိုရသကဲ့သို့ မှတ်ယူသင့်လှပေကုန်သည်။

ယောဂီပုဂ္ဂိုလ်တို့ ကိုယ်ပိုင်ရရှိသောတရားကို သူတစ်ပါးကတွေ့၍ အရကျက် ပြောဟောခြင်းသည် မိမိနှင့်မဆိုင် ကိုယ်ပိုင်မဟုတ်ကြောင်း ကောင်းကောင်း ကြီး သိမြင်ကြစေ။

(၄၄) အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်ကို သိသာရန်ရှင်းလင်း မျက်စဉ်းပမာသွင်း၍ အလင်းမြပုံကို ပြဆိုခြင်းပြီး၏။

※ ※ ※

(၄၅) ပဋိပဒါလေးတန်ကို ကျမ်းဂန်အရအထွက် သစ္စာဉာဏ်လေးချက်နှင့် မိန့်မြွက်ခါအစဉ် ဆိမီးပမာတင်၍ မြင်လောက်အောင်ပြဆိုခြင်း

ဒုက္ခပဋိပဒါဒန္ဓာဘိညာ ၁။ ဒုက္ခပဋိပဒါခိပ္ပါဘိညာ ၂။ သုခပဋိပဒါ ဒန္ဓာဘိညာ ၃။ သုခပဋိပဒါခိပ္ပါဘိညာ ၄။ ပဋိပဒါ (၄)ပါး။ ဒုက္ခပဋိ ပဒါမှာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းဖြစ်သော အကျင့်မျိုးကို ဆိုသည်။ ဒန္ဓာဘိညာမှာ နှေးနှေးလေးလေးဖြင့် တရားကို ရရှိသိမြင်သည်ကို ဆိုသည်။ ဤကား ဒုက္ခပဋိပဒါဒန္ဓာဘိညာဖြစ်ပုံ ၁။

ဒုက္ခပဋိပဒါမှာ ပဌမနည်းအတိုင်း ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းဖြစ်သော အကျင့်မျိုးကိုဆိုသည်။ ခိပ္ပါဘိညာမှာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ခံရပြီးမှ တရားကို ရရှိသိမြင်သောအခါ လျင်လျင်မြန်မြန် တရားကို ရရှိသိမြင်သည်ကို ဆိုသည်။ ဤကား ဒုက္ခပဋိပဒါခိပ္ပါညာဖြစ်ပုံ ၂။

သုခပဋိပဒါမှာ ချမ်းချမ်းသာသာ အေးအေးကြည်ကြည် မပင်မပန်းသော အကျင့်မျိုးကို ဆိုသည်။ ဒန္ဓာဘိညာမှာ နှေးနှေးလေးလေးဖြင့် တရားကို သိမြင်ရရှိသည်ကို ဆိုသည်။ ဤကား သုခပဋိပဒါဒန္ဓာဘိညာဖြစ်ပုံ ၃။

သုခပဋိပဒါမှာ တတိယနည်းအတိုင်း အေးအေးကြည်ကြည် မပင်မပန်း သော အကျင့်မျိုးကို ဆိုသည်။ ခိပ္ပါဘိညာမှာ လျင်လျင်မြန်မြန် တရားကို ရရှိသိမြင်သည်ကို ဆိုသည်။ ဤကား သုခပဋိပဒါခိပ္ပါဘိညာဖြစ်ပုံ ၄။

ထိုပဋိပဒါလေးပါး အကျဉ်းသခ်ေပလိုရင်းကား ခြောက်ဒွါရ ခြောက်အာရုံ တို့က ကျရောက်လာသော အဆင်းရုပ်နှင့်မှတ်တဲ့စိတ်၊ အသံရုပ်နှင့်မှတ်တဲ့စိတ်

စသည်တို့ဖြင့် ရှုမှတ်ပွားများ အားထားသောအခါ ကိလေသာ မကွာမစဲ၊ လွန်ကဲအောင်ဆင်းရဲစွာ အားထုတ်၍ ကျင့်ရသည်ကို ဒုက္ခပဋိပဒါဟု ဆိုရပေသည်။

ချမ်းချမ်းသာသာ အေးအေးကြည်ကြည် ကျင့်၍ ကိလေသာ ကွာလွယ်သည်ကို သုခပဋိပဒါဟု ဆိုပေသည်။ မဂ်ဉာဏ်ကို နှေးနှေးလေးလေး တွေ့နိုင်ရနိုင်ခဲသည်ကို ဒန္ဓာဘိညာဟု ဆိုရပေသည်။ မဂ်ဉာဏ်ကို လျင်မြန်စွာ တွေ့လွယ် ရလွယ်သည်ကို ခိပ္ပါဘိညာဟု ဆိုရပေသည်။

အချို့သောယောဂီပုဂ္ဂိုလ်မှာ ကျင့်ဆဲ ကျင့်စဉ်အခါ၌ လွန်မင်းစွာ ဆင်းရဲပင်ပန်းရ၍ နေ့-လ-နှစ် များစွာရှိမှ သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်ပါသော်လည်း မဂ်သို့မဝင် တန့်နားရပ်ဆိုင်း၍ နေ့-လ များစွာရှိပါမှ နှေးနှေးလေးလေးနှင့် မဂ်သို့ ဝင်ရောက်ရပေသည်။ အချို့မှာ သင်္ခါရုပေက္ခာဉာဏ်က နောက်သို့လည်၍ ပြန်ကျကြပေကုန်သည်။

တရားတော်ကိုနှလုံးမသွင်းခင် ယုံမှားတတ်သည်ဖြစ်၍ စဉ်းစားကြပါကုန်။ စာတွေ့ ငါတွေ့ကိုလည်း သတိပြုကြကုန်လေ။ အချို့မှာ ကျင့်ဆဲကျင့်စဉ် အခါ၌ လွန်မင်းစွာ ဆင်းရဲပင်ပန်း ခံရပါသော်လည်း မဂ်သို့ဝင်သောအခါ လျင်လျင်မြန်မြန် ဝင်ရောက်ရပေသည်။

အချို့မှာ ကျင့်ဆဲကျင့်စဉ်အခါ၌ အေးအေးကြည်ကြည် ချမ်းချမ်းသာသာ နေ့ရက်အနည်းငယ်နှင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်၍ မဂ်သို့ဝင်ရောက်ခါနီး၌ နေ့ရက်များစွာရှိပါမှ နှေးနှေးလေးလေးနှင့် မဂ်သို့ဝင်ရောက်ရပေသည်။

အချို့မှာ ကျင့်ဆဲကျင့်စဉ်အခါ၌ အေးအေးကြည်ကြည် ချမ်းချမ်းသာသာ နေ့ရက်အနည်းငယ်နှင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်လျှင် စိတ္တက္ခဏ အစဉ်အတိုင်း မဂ်သို့ လျင်လျင်မြန်မြန် ဝင်ရောက်ရပေသည်။

ဋ္ဌင်းဉာဏ်၌ ဒုက္ခပဋိပဒါအရ ယောဂီပုဂ္ဂိုလ် တစ်ဦးမှာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ပိန်ချုံး ယူကျုံးမရ မြင်မလှအောင် ကမ္မဋ္ဌာန်းရုပ်ကျသဖြင့် မထနိုင် မကြွနိုင် သစ်ခွ၌ မျောက်အိုမှိုင်သကဲ့သို့ သွားယိုင် ရပ်ယိုင် ထိုင်အိပ် ယိုင်လျက် မနိုင်ကိုယ်လုံး မီးဖြင့်အုံးသို့ တဟုန်းဟုန်းပူ ဆူဆူပွက်ထ ရက်စွ ကိုက်ခဲ အူအသည်းလဲ ကြေကွဲပမာ နာမ်ရုပ်၏ဖြစ်ခါ ဒုက္ခ၏လက္ခဏာ ဆင်းရဲသည်အရာ သုခကိုရှာပါလျှင် နှမ့်မှာမရ၊ ဘေးဒုက္ခအစဉ် ကြီးလှသည်

ဖြစ်အင်ကို စဉ်းစားလျှင် ချမြင် ဉာဏ်ရှိတိုင်းဆင်ခြင်၍ သိမြင်တော်မူပါဟု ကမ္မဋ္ဌာန်းဆရာကို အစစ်ခံချက် ထွက်ဆိုလေသတည်း။

သက်တော် ခြောက်ဆယ်၊ ဝါတော် ၄၀-ခန့် ရရှိတော်မူသော တောကျောင်းနေ ဆရာတော်ကြီးတစ်ပါးသည် အရက် ၄၀-ကျော်ခန့် တရားကို အားထုတ်ရာ နာမ်ရုပ်တရားနှစ်ပါးကို မတွေ့ရှိမီအခါက ကိုယ်စိတ်နှစ်ပါးသည် ငြိမ်ဝပ် တည်ကြည်စွာဖြင့် ရှုမှတ်ပွားများ အားထုတ်၍လာရာ နာမ်ရုပ်ဓမ္မ သဘာဝတို့သည် ယထာဘူတ ကျနမှန်ကန်စွာ တွေ့ရှိ ရရှိသည်နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ မသွားနိုင်-မရပ်နိုင်-မထိုင်နိုင်-မအိပ်နိုင် ဖြစ်ပေါ်လာလေသည်။

မရှုမှတ်မပွားများဘဲ စိတ်ကလွတ်၍ အသာထားလိုက်သော် မတုန်မလှုပ် ငြိမ်ဝပ်တည်ကြည်စွာနေပြန်လျှင် တစ်ဖန် ပြန်၍ ရှုမှတ်ပွားများ အားထုတ်ခဲ့ပြန်သော် ရှေးကနည်းအတိုင်း တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ ဖြစ်မြဲဖြစ်ရပြန်၏။ ဤသို့ အကြိမ်ကြိမ် အားထုတ်ပါသော်လည်း မဖြစ်နိုင်လေအောင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ ဘေးဆိုး အန္တရာယ်ဆိုးနှင့် တွေ့ကြုံရလေသောကြောင့် မတတ်နိုင်၍ လက်မှိုင်ချကာ ပြန်ကြွတော်မူရပေသတည်း။

> ဣဓ ဘိက္ခု ပုဗ္ဗေ အကတာဘိနိဝေသော ပုဗ္ဗဘာဂေ
> ရူပပရိဂ္ဂဟေ ကိလမတိ အရူပပရိဂ္ဂဟေ ကိလမတိ
> ပစ္စယပရိဂ္ဂဟေ ကိလမတိ တီသုအဒ္ဓါသု ကိလမတိ
> မဂ္ဂါမဂ္ဂေ ကိလမတိ ဝေံပဋ္ဌသု ဌာနေသု ကိလမန္တော
> ဝိပဿနံ ပါပုဏာတိ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဣဓသာသနေ၊ ဤမြတ်စွာဘုရား သာသနာတော်၌။ ပုဗ္ဗေ၊ ရှေးဘဝ ရှေးအခါ၌။ အကတာဘိနိဝေသော၊ ရှုမှတ်ပွားများ နှလုံးသွင်းခြင်းကို အားမထားခဲ့ဘူးသော။ ဘိက္ခု၊ ရဟန်းသည်။ ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ဝါ၊ ရှေးအဖို့က။ ရူပပရိဂ္ဂဟေ၊ ရုပ်ကိုသိမ်းဆည်းရာ၌။ ကိလမတိ၊ ပင်ပန်းဆင်းရဲ၏။ အရူပပရိဂ္ဂဟေ၊ နာမ်ကိုသိမ်းဆည်းရာ၌။ ကိလမတိ၊ ပင်ပန်းဆင်းရဲ၏။ ပစ္စယာပရိဂ္ဂဟေ၊ ရုပ်နာမ်နှစ်ပါး အကြောင်းတရားကို သိမ်းဆည်းရာ၌။ ကိလမတိ၊ ပင်ပန်းဆင်းရဲ၏။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ အခွန့်ကာလတို့၌။ ကိလမတိ၊ ပင်ပန်းဆင်းရဲ၏။ မဂ္ဂါမဂ္ဂေ၊ မဂ်ဟုတ်သည်မဟုတ်သည်၌။ ကိလမတိ၊

ပင်ပန်းဆင်းရဲ၏။ ဧဝံ၊ ဤသို့။ ပဉ္စသုဌာနေသု၊ ငါးပါးသော အရာဌာနတို့၌။ ကိလမန္တော၊ ဆင်းရဲပင်ပန်းလျက်။ ဝိပဿနံ၊ ဝိပဿနာဉာဏ်သို့။ ပါပုဏာတိ၊ ရောက်လေ၏။

အဓိပ္ပါယ်ကား။ ။မြတ်စွာဘုရား သာသနာတော်၌ ရှုမှတ်ပွားများ နှလုံးမသွင်းခြင်းကို အားမထားခဲ့ဘူးသောသူသည် ရွှေအဖို့ဖြစ်သော ရုပ်ကို ရှုမှတ်ပွားများ သိမ်းဆည်း၍ အားထားရာ၌ ဆင်းရဲပင်ပန်းလေ၏။

၁။ နာမ်ကို ရှုမှတ်ပွားများ သိမ်းဆည်း၍ အားထားရာ၌ ပင်ပန်းဆင်းရဲလေ၏။

၂။ နာမ်ရုပ် နှစ်ပါး အကြောင်းတရားကို ရှုမှတ်ပွားများ သိမ်းဆည်း၍ အားထားရာ၌ ပင်ပန်းဆင်းရဲလေ၏။

၃။ ပဋိစ္စသမုပ္ပါဒ် ဟူသော အစအလယ်အဆုံး အခွန့်ကာလ သုံးပါးတို့၌ ဆင်းရဲပင်ပန်းလေ၏။

၄။ မဂ်ဟုတ်သည် မဟုတ်သည်၌ ဆင်းရဲ ပင်ပန်းလေ၏။

၅။ ဤသို့ ငါးပါးသော အရာဌာနတို့၌ လွန်မင်းစွာဆင်းရဲပင်ပန်းလျက် ဝိပဿနာဉာဏ်သို့ ဆိုက်ရောက်ရ ပေတော့သည်ဟု အဋ္ဌကထာအလို ပြဆိုတော်မူပေသည်။

ဣမေသု နဝသုဝိပဿနာဉာဏေသုပိ ကိလမိတ္ဂာဝ
လောကုတ္တရမဂ္ဂံ ပါပုဏာတိ တဿ သောလောကုတ္တရ
မဂ္ဂေါ ဧဝံဒုက္ခေန ဂရုဘာဝေန သစ္ဆိကတတ္တာ
ဒုက္ခပဋိပဒေါ ဒန္ဓာဘိညော နာမ ဇာတော။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဣမေသု နဝသု ဝိပဿနာဉာဏေသုပိ၊ ဤ ၉-ပါးသော ဝိပဿနာဉာဏ်တို့၌လည်း။ ကိလမိတွာဝ၊ ဆင်းရဲပင်ပန်း၍သာလျှင်။ လောကုတ္တရမဂ္ဂံ၊ လောကုတ္တရာမဂ်သို့။ ပါပုဏာတိ၊ ရောက်ရလေတော့၏။ တဿ၊ ထိုယောဂီ ပုဂ္ဂိုလ်၏။ သောလောကုတ္တရမဂ္ဂေါ၊ ထိုလောကုတ္တရာမဂ်သည်။ ဧဝံ၊ ဤသို့။ ဒုက္ခေန၊ ဆင်းရဲပင်ပန်းလှသဖြင့်။ ဂရုဘာဝေန၊ နှေးနှေးလေးလေး ဖင့်နွဲသည်၏ အဖြစ်ဖြင့်။ သစ္ဆိကတတ္တာ၊ မျက်မှောက်ပြုသည်၏ အဖြစ်ကြောင့်။ ဒုက္ခပဋိပဒေါဒန္ဓာဘိညောနာမ၊ ဒုက္ခပဋိပဒါဒန္ဓာဘိညာမည်သည်။ ဇာတော၊ ဖြစ်၏။

**အဓိပ္ပာယ်ကား**။ ။ဥဒယဗ္ဗဉာဏ် အစ အနုလောမဉာဏ် အဆုံး ၉-ပါး လုံးသောဉာဏ်တို့၌ အကုန်လွန်မင်းစွာ ဆင်းရဲပင်ပန်း၍သာလျှင် လောကုတ္တရာ မဂ်သို့ရောက်ရလေတော့၏။ ထိုယောဂီပုဂ္ဂိုလ်၏ မဂ်သည် ဤသို့ဆင်းရဲပင်ပန်းလှ သဖြင့် နှေးနှေးခလေးလေးဖင့်နွဲ၍ မျက်မှောက်ပြုရလေသောကြောင့် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာမည်သည် ဖြစ်ရလေ၏။

တံ ပန သိဃံ ကုရုမာနာ ခိပ္ပါဘိညာနာမ ဟောတီတိ ဝုတ္တံ
သဏှိကံ ကုရုမာနာ အယံသခ်ါရုပေက္ခာတိ ယောဇနာ။ (ဋီကာ)

ပန၊ အထူးကိုဆိုဦးအံ့။တံ၊ထိုသခ်ါရုပေက္ခာဉာဏ်သည်။သိဃံ၊လျင်မြန်စွာ။ ကုရုမာနာ၊ ပြုသော။ အယံသခ်ါရုပေက္ခာ၊ ဤသခ်ါရုပေက္ခာဉာဏ်သည်။ ခိပ္ပါ ဘိညာနာမ၊လျင်မြန်သောသိခြင်းမည်သည်။ဟောတိ၊ ဖြစ်၏။ ဣတိ၊ဤသို့။ဝုတ္တံ၊ ဆိုအပ်၏။ သဏှိကံ၊ နှေးနှေးလေးလေး။ ကုရုမာနာ၊ ပြုသော။ အယံ သခ်ါ ရုပေက္ခာ၊ ဤသခ်ါရုပေက္ခာဉာဏ်သည်။ ဒန္ဓာဘိညာနာမ၊ နှေးနှေးလေးလေး သိခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။ ယောဇနာ၊ အနက်ယောဇနာခြင်းတည်း။

**အဓိပ္ပာယ်လိုရင်းကား**။ ။အထူးပြဆိုရာ၌ ယောဂီ ပုဂ္ဂိုလ်သည် သခ်ါရု ပေက္ခာဉာဏ်ကိုရရာ၌ လျင်မြန်ခြင်း၊ နှေးခြင်းရှိသည်ဆိုလိုသည်။ ၎င်းဉာဏ်ကို လျင်မြန်စွာ အားထုတ်၍ပြုလျှင် လျင်မြန်စွာ သိခြင်းဖြစ်၏။ နှေးနှေးလေးလေး ပြုခြင်းရှိလျှင် နှေးနှေးလေးလေးသိခြင်းဖြစ်၏။ ဤကား ဋီကာဆရာအလို။

အယံသခ်ါရုပေက္ခာ အာဂမနိယဋ္ဌာနေ
ဌတွာဌတွာ အတ္တနော မဂ္ဂဿ နာမ ဒေတိ။

အဋ္ဌကထာဆရာ မိန့်မှာတော်မူသော အတိုင်း သခ်ါရုပေက္ခာ ဉာဏ်သည် မဂ်၏အရာ၌တည်၍ မိမိဟူသော သခ်ါရုပေက္ခာဉာဏ်က ဒုက္ခပဋိပဒါ ဆင်းရဲ သောအကျင့်ဖြင့် မဂ်ဝင်သောအခါ ဒန္ဓာဘိညာ၊ နှေးနှေးလေးလေး အသိဉာဏ် ဖြစ်ရ၏။ ၎င်းဉာဏ်က သုခပဋိပဒါ၊ ချမ်းသာသောအကျင့်ဖြင့် မဂ်ဝင်သောအခါ လျင်လျင်မြန်မြန် အသိဉာဏ်ဖြစ်ရ၏။ ၎င်းစကားဆက်၍ဆိုဦးအံ့။

တေန မဂ္ဂေါ စတ္တာရိ နာမာနိ၊ လဘတိ ပနသာယံ ကဿစိ
ဘိက္ခုနော နာနာ ဟောတိ၊ ကဿစိ ဘိက္ခုနော စတူသုပိ
မဂ္ဂေသု ဧကော၀ ဟောတိ ဗုဒ္ဓါနံ စတ္တာရောပိမဂ္ဂါ၊ သုခပဋိ
ပဒါခိပ္ပါ ဘိညာ၀ အဟေသုံ၊ တထာ ဓမ္မသေနာပတိဿ
စတ္တာရောပိ မဂ္ဂါ၊ သုခပဋိပဒါ ခိပ္ပါဘိညာ၀ မဟာမောဂ္ဂလ္လာန
ထေရဿ ပန ပဌမ မဂ္ဂေါ၊ သုခပဋိပဒေါ ခိပ္ပါဘိညော အဟောသိ၊
ဥပရိမတ္တယောမဂ္ဂါ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ အဟေသုံ။ (ဝိသုဒ္ဓိမဂ်)

တေန၊ ထိုပြဆိုပြီးသောအမည်ဖြင့်။မဂ္ဂေါ၊မဂ်သည်။စတ္တာရိနာမာနိ၊ဒုက္ခပဋိပဒါဒန္ဓာဘိညာစသော လေးပါးသောအမည်တို့ကို။ လဘတိ၊ရ၏။ပန၊ဆက်၍ပြဦးအံ့။ အယံပဋိပဒါ၊ဤအကျင့်သည်။ ကဿစိ၊အချို့သော။ ဘိက္ခုနော၊ရဟန်းအား။နာနာ၊အသီးသီး။ဝါ၊တစ်ခုတစ်ခုစီ။ဟောတိ၊ဖြစ်၏။ကဿစိ၊အချို့သော။ ဘိက္ခုနော၊ရဟန်းအား။စတူသုပိမဂ္ဂေသု၊လေးပါးသော မဂ်တို့၌လည်း။ဧကော၀၊ တစ်ခုတည်းသာလျှင်။ ဝါ၊တူမျှသည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ပန၊အထူးကိုပြဆိုဦးအံ့။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ စတ္တာရောပိမဂ္ဂါ၊ လေးပါးသော မဂ်တို့သည်လည်း။ သုခပဋိပဒါ၊ ချမ်းသာသော အကျင့်ရှိကုန်သည်။ ခိပ္ပါဘိညာ၀၊ လျင်မြန်သော သိခြင်းရှိကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ တထာ၊ ထိုဘုရားရှင်နှင့်အတူတူ။ ဓမ္မသေနာပတိဿ၊ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏။ စတ္တာရောပိမဂ္ဂါ၊ လေးပါးသော မဂ်တို့ သည်လည်း။ သုခပဋိပဒါ၊ချမ်းသာသော အကျင့်ရှိကုန်သည်။ ခိပ္ပါဘိညာ၀၊ လျင်မြန်သော သိခြင်းရှိကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ ပန၊ အရှင်သာရိပုတ္တရာမှ တစ်ပါး၊ အရှင်မောဂ္ဂလ္လာန်ကို ပြဆိုဦးအံ့။ မဟာမောဂ္ဂလ္လာနထေရဿ၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏။ ပဌမမဂ္ဂေါ၊သောတာပတ္တိမဂ်သည်။ သုခပဋိပဒေါ၊ ချမ်းသာသော အကျင့်ရှိသည်။ ခိပ္ပါဘိညော၊ လျင်မြန်သော သိခြင်းရှိသည်။ အဟောသိ၊ဖြစ်၏။ဥပရိမတ္တယောမဂ္ဂါ၊ အထက်မဂ်သုံးပါးတို့သည်။ ဒုက္ခပဋိပဒါ၊ ဆင်းရဲသော အကျင့်ရှိကုန်သည်။ ဒန္ဓာဘိညာ၊ နှေးနှေးလေးလေး အသိဉာဏ် ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

အဓိပ္ပာယ်ကား။ ။ပြဆိုခဲ့ပြီးသောအမည်ဖြင့် မဂ်သည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ စသော လေးပါးသောအမည်တို့ကို ရကုန်၏။ ထိုစကားကို ဆက်၍ပြဆိုပေအံ့။ ဤအကျင့်သည်ကား အချို့သောပုဂ္ဂိုလ်မှာ ပထမမဂ်၌ ဒုက္ခပဋိပဒါဒန္ဓာ

ဘိညာဖြစ်၏။ ဒုတိယမဂ်၌ ဒုက္ခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ တတိယမဂ်၌ သုခပဋိပဒါဒန္ဓာဘိညာ ဖြစ်၏။စတုတ္ထမဂ်၌ သုခပဋိပဒါခိပ္ပါဘိညာဖြစ်၏။ အသီးအသီး တစ်ခုတစ်ခုစီ ပုဂ္ဂိုလ်အားလျော်စွာ ဖြစ်ကြပေကုန်၏။

အချို့သောပုဂ္ဂိုလ်မှာ လေးပါးသောမဂ်တို့၌ တစ်ခုတည်းသော ပဋိပဒါဖြင့် သာလျှင်တူမျှ၍ ဖြစ်ကြပေကုန်၏။ အချို့သောပုဂ္ဂိုလ်မှာ ပဋိပဒါ လေးပါး တို့သည် ရောနှော၍ ဖြစ်ကြကုန်၏။ အထူးအားဖြင့်ကား မြတ်စွာဘုရားသခင်မှာ မဂ်လေးပါးအကုန်၊ သုခပဋိပဒါခိပ္ပာဘိညာ ဖြစ်တော်မူပေ၏။ အရှင်သာရိပုတ္တရာ မှာ ဘုရားရှင်နှင့်အတူ ဖြစ်တော်မူပေ၏။

အရှင်မဟာမောဂ္ဂလ္လာန်မှာ ပထမမဂ်၌ သုခပဋိပဒါခိပ္ပါဘိညာ ဖြစ်တော် မူပေ၏။ အထက်မဂ် သုံးပါးမှာ ဒုက္ခပဋိပဒါဒန္ဓာဘိညာ ဖြစ်တော်မူပေ၏။ ဤစကားအတိုင်း အဋ္ဌသာလိနီ-အဋ္ဌကထာ၌လည်း ပြဆိုပေ၏။ ထိုသောတာ ပတ္တိမဂ်ကို ရကြ ဝင်ကြရာ၌။

ဣဓေကစ္စော အဇ္ဈတ္တသင်္ခါရေသု အဘိနိဝိသတိ
။လ။ ဝေဿဝနယော ဗဟိဒ္ဓါအဘိနိဝိသိတွာ
ဗဟိဒ္ဓါစ အဇ္ဈတ္တာစ ဝုဋ္ဌာနေပိ။ (ဝိသုဒ္ဓိမဂ်)

ဣဓ၊ဤမြတ်စွာဘုရားသာသနာတော်၌။ကေစ္စော၊အချို့သောယောဂီပုဂ္ဂိုလ် သည်။ အာဒိတော၊ ရှုမှတ်ပွား များအားထားသော အစကပင်လျှင်။ အဇ္ဈတ္တ သင်္ခါရေသု၊ အဇ္ဈတ္တသင်္ခါရတို့၌။ အဘိနိဝိသတိ၊ ရှုမှတ်ပွားများ အားထား၍ နှလုံးသွင်း၏။ အဘိနိဝိသိတွာ၊ ရှုမှတ်ပွားများ အားထား၍။ တေအဇ္ဈတ္တ သင်္ခါရေ၊ ထိုအဇ္ဈတ္တသင်္ခါရတို့ကို။ ပဿတိ၊ ရှုမြင်၏။ ပန၊ ဆက်၍ပြဆိုပါဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ သုဒ္ဓအဇ္ဈတ္တသင်္ခါရဒဿန မတ္တေနေဝ၊ သက်သက်သော အဇ္ဈတ္တသင်္ခါရကို ရှုမှတ်ပွားများ အားထားခြင်းမျှသည်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ၊ အရိယာမဂ် ထမြောက်ခြင်းသည်။ နဟောတိ၊ မဖြစ်။ ဗဟိဒ္ဓါပိ၊ ဗဟိဒ္ဓသင်္ခါရ ကိုလည်း။ ဒဋ္ဌဗ္ဗမေဝ၊ မှတ်အပ်သည်သာလျှင်တည်း။ တသ္မာ၊ ထိုအဇ္ဈတ္တဗဟိဒ္ဓ နှစ်ပါးစုံ ရှုမှတ်ပွားများ အားထားရလေသောကြောင့်။ ပရဿ၊ သူတစ်ပါး၏။ ခန္ဓေပိ၊ ခန္ဓာတို့ကို လည်းကောင်း။ အနုပါဒိန္နသင်္ခါရေပိ၊ အသက်မရှိသော

အနုပ္ပါဒိန္နသင်္ခါရ တို့ကိုလည်းကောင်း။ အနိစ္စံ-ဒုက္ခံ-အနတ္တာတိ၊ အနိစ္စ-ဒုက္ခ-အနတ္တာဟူ၍။ ပဿတိ၊ ရှုမှတ် ပွားများ အားထားအပ်၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ကာလေန၊ ရံခါ။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသင်္ခါရကို။ သမ္မသတိ၊ ရှုမှတ်သုံးသပ်၏။ ကာလေန၊ ရံခါ။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသင်္ခါရကို။ သမ္မသတိ၊ ရှုမှတ်သုံးသပ်၏။ ဧဝံ၊ ဤသို့။ သမ္မသတော၊ ရှုမှတ်သုံးသပ်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသင်္ခါရကို။ သမ္မသနကာလေ၊ ရှုမှတ် သုံးသပ်သောအခါ၌။ ဝိပဿနာ၊ ဝိပဿနာသည်။ အရိယာမဂ္ဂေန၊ အရိယာမဂ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဃဋိယတိ၊ စပ်၏။ အယံ၊ ဤယောဂီပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသင်္ခါရကို။ အဘိနိဝိသိတွာ၊ ရှုမှတ်ပွားများ အားထား၍။ အဇ္ဈတ္တာ၊ အဇ္ဈတ္တသင်္ခါရမှ။ ဝုဋ္ဌာတိနာမ၊ ထသည်မည်၏။ ပန၊ ဆက်၍ပြဆိုဦးအံ့။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသင်္ခါရကို။ သမ္မသနကာလေ၊ ရှုမှတ်သုံးသပ်သောအခါ၌။ ဝိပဿနာ၊ ဝိပဿနာသည်။ မဂ္ဂေန၊ မဂ်နှင့်။ သစေဃဋိယတိ၊ အကယ်၍ စပ်သည်ဖြစ်ပါအံ့။ အယံ၊ ဤယောဂီပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသင်္ခါရကို။ အဘိနိဝိသိတွာ၊ရှုတ်ပွားများအားထား၍။ ဗဟိဒ္ဓါ၊ဗဟိဒ္ဓသင်္ခါရမှ။ ဝုဋ္ဌာတိနာမ၊ ထသည်မည်၏။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓသင်္ခါရကို။ အဘိနိဝိသိတွာ၊ ရှုမှတ်ပွားများ အားထား၍။ ဗဟိဒ္ဓါစ၊ ဗဟိဒ္ဓမှ လည်းကောင်း။ အဇ္ဈတ္တာစ၊ အဇ္ဈတ္တမှ လည်းကောင်း။ ဝုဋ္ဌာနေပိ၊ ထရာ၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင် နည်းရှိပေ၏။ ။အဓိပ္ပာယ်ကား လွယ်၏။

မြတ်စွာဘုရားသာသနာတော်၌ ရှေးရှေးဘဝက ကုသိုလ်ကိုအားထုတ်ခဲ့၍၊ ယခုဘဝ၌ ကျွတ်ထိုက်သောပုဂ္ဂိုလ် ဖြစ်ပါသော်လည်း ကုသိုလ်ပြုသောအခါက လောဘ-ဒေါသ-မောဟ ခြံရံ၍ပြုခဲ့လေသောကြောင့် အားကြီးသော လောဘ-ဒေါသ-မောဟ ရှိပေ၏။

ရှေးဘဝက သမထ-ဝိပဿနာ တို့ကို အားမထုတ်ခဲ့ ဘူးသဖြင့် သဒ္ဓိန္ဒြေစသော ၅-ပါးသောဣန္ဒြေတို့လည်း နုံ့ညံ့သောကြောင့်လည်းကောင်း၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့ကို ရှုမှတ်ပွားများအားထား၍ သိမ်းဆည်းဆင်ခြင်ရာ၌၊ မထင်မမြင် ပင်ပန်း၏။

နာမက္ခန္ဓာ ၄-ပါးတို့ကို ရှုမှတ်ပွားများ အားထား၍ ဆင်ခြင်ရာ၌ လည်းကောင်း၊ နာမ်ရုပ်တို့၏ အကြောင်းခံဖြစ်သော အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-

ကံအာဟာရ ဟူသော အကြောင်းတရားကို ရှုမှတ်ပွားများ အားထား၍ ဆင်ခြင်ရာ၌ လည်းကောင်း။

ပဋိစ္စသမုပ္ပါဒ် ဟူသော အစ-အဆုံး-အလယ် သုံးပါးတို့၌ ရှုမှတ်ပွားများ အားထား၍ ဆင်ခြင်ရာ၌လည်းကောင်း၊ မဂ်ရောက်ကြောင်း အကျင့်-ဟုတ် မဟုတ်သည်ကို ရှုမှတ်ပွားများ အားထား၍ ဆင်ခြင်ရာ၌ လည်းကောင်း၊ မထင်မမြင်နိုင်ဘဲ ဆင်းရဲငြိုငြင် ပင်ပန်းလေ၏။ ဤ ၅-ပါးသော အရာဌာန တို့၌ ဆင်းရဲငြိုငြင်ပင်ပန်းပြီးမှ ဝိပဿနာဉာဏ်သို့ ရောက်ရလေတော့၏။

၎င်းဝိပဿနာဉာဏ်သို့ ရောက် ရ ပြီး သည့် နောက် မဂ်သို့ မကူးမဝင်ဘဲ ဖင့်နွဲ၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ်အစ အနုလောမဉာဏ်အဆုံး ၉-ပါးလုံးသော ဉာဏ်တို့၌လည်း လွန်မင်းစွာ ဆင်းရဲ ပင်ပန်းပြီးမှ သောတာပတ္တိမဂ်သို့ ဝင်ရောက်ရလေတော့၏။ ထိုပုဂ္ဂိုလ်၏ရသော မဂ်ကို ဒုက္ခပဋိပဒါဒန္ဓာဘိညာဟူ၍ ခေါ်ဆိုရပေသည်။ ။ဤကား ပထမဒုက္ခ ပဋိပဒါဒန္ဓာဘိညာ၊ သုက္ခဝိပဿက ဖြစ်သော စက္ခုပါလ စသော ရဟန္တာ အရှင်မြတ်တို့ကဲ့သို့ မှတ်ယူအပ်ပေ၏။ ဆင်းရဲသော အကျင့်လေးလံဖင့်နွှဲသော အသိဉာဏ်ကို ဆိုလိုသည်။ (၁)

မြတ်စွာဘုရားသာသနာတော်၌ ရှေးရှေးဘဝက ကုသိုလ်ကို အားထုတ်ခဲ့၍ ယခုဘဝ၌ ကျွတ်ထိုက်သောပုဂ္ဂိုလ် ဖြစ်ပါသော်လည်း ကုသိုလ်ပြုသောအခါက လောဘ-ဒေါသ-မောဟ ခြံရံ၍ ပြုခဲ့လေသောကြောင့် အားကြီးသော လောဘ-ဒေါသ-မောဟ ရှိပေ၏။ ရှေးက ဝိပဿနာကို အားထုတ်ခဲ့ဘူးသဖြင့် သဒ္ဓိန္ဒြေ စသော ၅-ပါးသော ဣန္ဒြေတို့လည်း ထက်သန်ခဲ့ပေ၏။

ဝိပဿနာ၏ရှေ့အဖို့က ရုပ်တရားကို လည်းကောင်း၊ နာမ်တရားကို လည်းကောင်း၊ ရုပ်နာမ်၏အကြောင်းတရားကို လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်၌ အစ-အဆုံး-အလယ် သုံးပါးကိုလည်းကောင်း၊ မဂ်ရောက်ကြောင်း ဟုတ်သည် မဟုတ်သည်ကို လည်းကောင်း ဤငါးပါးတို့၌ ဆင်းရဲငြိုငြင် ပင်ပန်းလျက်၊ နောက်အဖို့၌ ၉-ပါးသော ဝိပဿနာဉာဏ်တို့၌ မပင်မပန်း ချမ်းချမ်းသာသာ အလွယ်နှင့်သာလျှင် မဂ်ဉာဏ်ကို မျက်မှောက်ပြုရပေ၏။ ထိုပုဂ္ဂိုလ်ရသော မဂ်သည် ရှေးအဖို့က လေးလံဖင့်နွှဲ ပင်ပန်းဆင်းရဲသော်လည်း မဂ်ဉာဏ်ကို ရသောအခါ လျင်မြန်စွာရခြင်းကြောင့် ဒုက္ခပဋိပဒါခိပ္ပာဘိညာဟူ၍ ခေါ်ဆို ရပေသည်။

ဤကား ဒုတိယ ဒုက္ခာပဋိပဒါခိပ္ပာဘိညာ၊ ခြေဖဝါး၌ အမွေးပေါက်ရောက်သော သောဏမထေရ်အရှင်မြတ်တို့ကဲ့သို့ မှတ်ယူအပ်ပေ၏။ ဆင်းရဲသောအကျင့်-လျင်မြန်သောအသိကို ဆိုလိုသည်။ (၂)

ရှေးရှေးသောဘဝက လောဘ-ဒေါသ-မောဟ မခြံရံ၍၊ ကုသိုလ်ပြုခဲ့လေသောကြောင့် ယခုဘဝ၌ လောဘ-ဒေါသ-မောဟ နည်းပေ၏။ သမထဝိပဿနာ ရှုမှတ်ပွားများ အားထားခြင်းမရှိ၊ သဒ္ဒိန္ဒြေစသော ၅-ပါးသောဣန္ဒြေ ညွံ့ဖျင်း နုံ့နွေးလေးလံ၏။

လောဘ-ဒေါသ-မောဟ အားနည်းသဖြင့်၊ ဝိပဿနာ၏ ရှေ့အဖို့၌ ဖြစ်သော ပြဆိုခဲ့သော ၅-ပါးသောဌာနတို့ကို ဉာဏ်ဖြင့် ရှုမြင် သိမ်းဆည်းခြင်းတို့၌ လည်းကောင်း၊ ပြဆိုခဲ့သော ၉-ပါးသော ဝိပဿနာဉာဏ်တို့၌လည်းကောင်း မပင်မပန်း ချမ်းချမ်းသာသာ အလွယ်နှင့်သာဖြစ်ရ၍၊ မဂ်ဉာဏ်ကို မျက်မှောက်ပြုသောအခါ နှေးနှေးလေးလေး ဖင့်နွဲ့လျက် ရလေသောကြောင့် သုခပဋိပဒါ ဒန္ဓာဘိညာဟူ၍ ခေါ်ဆိုလိုသည်။

ဤကားတတိယ၊ သုခပဋိပဒါဒန္ဓာဘိညာ၊ ပဌမ သောတာပတ္တိ မဂ်ဖိုလ်ကို ရသော အရှင်မဟာမောဂ္ဂလ္လာန်စသည် ထိုကဲ့သို့ မှတ်ယူအပ်ပေ၏။ ချမ်းသာသော အကျင့်၊ လေးလံဖင့်နွဲ့သောအသိဉာဏ်ကို ဆိုရပေသည်။ ဤကား စတုတ္ထနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသော စကားတည်း။

အရှင်မဟာမောဂ္ဂလ္လာန်သည် ပဌမသောတာပတ္တိ မဂ်ဉာဏ်ကို မျက်မှောက်ပြုရာ၌ သုခပဋိပဒါခိပ္ပာဘိညာ၊ ချမ်းသာသောအကျင့်ဖြင့် လျင်မြန်သောအသိ ဉာဏ်ရှိပေသည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌသာလိနီအဋ္ဌကထာတို့၌ ဆိုသည်။

အရှင်သာရိပုတ္တရာသည် အရှင်အဿဇိ ဟောတော်မူသော ယေဓမ္မာ ဟေတုပ္ပဘဝါ ဟူသော ဂါထာ၏အဆုံး၌ မဂ်ဉာဏ်ကို မျက်မှောက်ပြုတော်မူပေသည်။

ၚင်းဂါထာကို အရှင်သာရိပုတ္တရာက အရဆောင်ခဲ့၍ အရှင်မဟာမောဂ္ဂလ္လာန်ကို တစ်ဖန် ဟောကြားပြန်သော်၊ ထိုဂါထာ၏အဆုံး၌ပင်လျှင် သောတာပတ္တိ မဂ်ဉာဏ် မျက်မှောက်ပြုရသည်ကို ထောက်လျှင်၊ သုခပဋိပဒါခိပ္ပာဘိညာဟု မှတ်ယူသင့်လှပေကုန်သည်။

ၚင်းဂါထာအရနှင့်လည်း ဝိသုဒ္ဓိမဂ်-အဋ္ဌသာလိနီ-အဋ္ဌကထာ တို့နှင့်လည်း သင့်မြတ် ညီညွတ်လှ ပေကုန်သည်။ အရှင်သာရိပုတ္တရာလည်း ပဌမသောတာ

ပတ္တိမဂ်ဉာဏ်ကို မျက်မှောက်ပြုရာ၌ အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ သုခပဋိပဒါ ခိပ္ပာဘိညာဟု မှတ်ယူသင့်လှပေကုန်သည်။

ရှေးရှေး ဘဝက ကုသိုလ် ပြုသောအခါ လောဘ - ဒေါသ - မောဟ မခြံရံဘဲ ကုသိုလ်ပြုခဲ့၍ ယခုဘဝ၌ လောဘ-ဒေါသ-မောဟ နည်းပါး၏။ သမထဝိပဿနာကို ရှုမှတ်ပွားများ အားထားခဲ့ဘူးသောကြောင့်။ သဒ္ဓိန္ဒြေ စသော ၅-ပါးသော ဣန္ဒြေတို့ဖြင့် ထက်သန်သော ပုဂ္ဂိုလ်သည် ပြဆိုခဲ့သော အတိုင်း ရုပ်ကိုသိမ်းဆည်းခြင်းစသော ၅-ပါးသောအရာဌာနတို့၌ ဥဒယဗ္ဗယဉာဏ် အစ အနုလောမဉာဏ်အဆုံး ၉-ပါးသော ဝိပဿနာဉာဏ်တို့၌ မပင်မပန်း ချမ်းချမ်းသာသာ အလွယ်နှင့်သာ အသိဉာဏ်ဖြင့် ရှုမှတ်ပွားများ အားထား၍ လောကုတ္တရာမဂ်ဉာဏ်သို့ ရောက်လေရလေ၏။ ထိုသို့ရသောပုဂ္ဂိုလ်သည် သုခ ပဋိပဒါခိပ္ပာဘိညာဟူ၍ ခေါ်ဆိုရပေ၏။ (၃)

ဤကား စတုတ္ထ သုခပဋိပဒါခိပ္ပာဘိညာ၊ တရားတော်၏အဆုံး၌၊ ရဟန္တာ ဖြစ်ကြသော ကပ်လဝတ်ပြည်သား ဟစ်သောင်း၊ ကုရုတိုင်းသား သုံးသိန်း၊ ဘုရားရှင်ဟော၍ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ် သာဝကတို့ ဟော၍ ရဟန္တာ ဖြစ်ကြသော ပုဂ္ဂိုလ်စသည်တို့ကဲ့သို့ မှတ်ယူအပ်ပေကုန်၏။ ချမ်းသာသောအကျင့် ရှိ၍ လျင်မြန်သော အသိဉာဏ်ကို ဆိုလိုသည်။ (၄) ။ဤကား စတုကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လာသော စကားတည်း။

ဣမာသံ အာဝုသော စတုန္နံပဋိပဒါနံ ကတမန္တေ
ပဋိပဒံ အာဂမ္မ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ။

အာဝုသော၊ ငါ့ရှင်မောဂ္ဂလ္လာန်။ ဣမာသံစတုန္နံပဋိပဒါနံ၊ဤလေးပါးသော အကျင့်တို့တွင်။ ကတမံပဋိပဒံ၊ အဘယ်ပဋိပဒါအကျင့်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ အာသဝေဟိ၊ အာသဝေါ တရား လေးပါးတို့မှ။ အနုပါဒါယ၊ တဏှာမာနဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍။ ဝိမုတ္တံ၊ ကျွတ်လွတ်ပါသနည်း။

ဣမာသံ အာဝုသော စတုန္နံ ပဋိပဒါနံ ယာယံပဋိပဒါ ဒုက္ခခိပ္ပာဘိညာ
ဣမံပဋိပဒံ အာဂမ္မ အနုပါဒါယ အာသဝေဟိ စိတ္တံဝိမုတ္တံ။

အာဝုသော၊ငါ့ရှင်သာရိပုတ္တရာ။ ဣမာသံစတုန္နံပဋိပဒါနံ၊ ဤလေးပါးသော ပဋိပဒါ အကျင့်တို့တွင်။ ယာယံပဋိပဒါ၊ ဤအကျင့်သည်။ ဒုက္ခာ၊ ဆင်းရဲ

ခဲ့ပါ၏။ ခိပ္ပာဘိညာ၊ လျင်မြန်သောအသိဉာဏ်ရှိခဲ့ပါ၏။ ဣမံပဋိပဒံ၊ ဤဆင်းရဲခဲ့သောအကျင့်၊ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍။ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ။ အနုပါဒါယ၊ တဏှာမာနဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းမရှိသည်ဖြစ်၍။ စိတ္တံ၊စိတ်သည်။ ဝိမုတ္တံ၊ ကျွတ်လွတ်ပါ၏။

အရှင် သာရိပုတ္တရာက မေးသောအခါ အရှင် မဟာမောဂ္ဂလ္လာန်က ဒုက္ခပဋိပဒါခိပ္ပာဘိညာဖြင့် ရပါ၏ဟုဆိုရာ၌ ပဌမ မဂ်ရလွယ်သည်ကို ထောက်လျှင် အထက်မဂ်ကို ဒုက္ခပဋိပဒါ ရယူရမည်။ အရှင်သာရိပုတ္တရာရသော မဂ်သည် သုခပဋိပဒါခိပ္ပာဘိညာဖြင့် ရပါ၏ဟု ပြောဆိုပေ၏။

အကောင်းဆုံး ဖြစ်သော သုခပဋိပဒါခိပ္ပာဘိညာ ဖြစ်လိုကြပါလျှင် အောက်၌ ဒါနကထာက ပြဆိုခဲ့သော ဉာဏသမ္ဘယုတ် ပါရမီကုသိုလ်မျိုးကို ပြုခဲ့ပါလျှင် သုခပဋိပဒါ ဖြစ်ရပေ၏။ သမထဝိပဿနာကို ရှုမှတ်ပွားများအားကားလျှင် သဒ္ဓိန္ဒြေစသော ၅-ပါးသော ဣန္ဒြေတို့ ထက်သန်ပါက ခိပ္ပာဘိညာ ဖြစ်ရပေ၏။

နောင် တရားတော်ကို ရှုမှတ်ပွားကာမျှ၊ ကြားနာကာမျှ၌ သုခပဋိပဒါ ခိပ္ပာဘိညာ, အနတ္တလက္ခဏာနှင့်တကွ ထင်မြင်ခြင်းကိုရသဖြင့် ရဟန္တာအဖြစ်သို့ ရောက်၍ ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဟု ခေါ်ဆိုရပေသည်။ ဓမ္မစကြာသုတ် အနတ္တကို ဟောတော်မူရာ၌ သုခပဋိပဒါခိပ္ပာဘိညာနှင့်ပြည့်စုံ၍ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်သောကြောင့် အနတ္တကိုဟောတော်မူရသည်။ မိမိအလိုနှင့် အနတ္တကို မရကောင်းပေ။

ယဿ ပုဂ္ဂလဿ သဟ ဥဒါဟတ ဝေလာယ
ဓမ္မာဘိသမယောဟောတိ အယံဝုစ္စတိ ပုဂ္ဂလော ဥဃ္ဃဋိတညူ။
(စတုကနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဥဒါဟတဝေလာယ၊ တရားသံကို လှစ်ဖော်မြွက်ဟ ကြားကာမျှနှင့်။ သဟ၊ မဆိုင်းမတွတကွ။ ဓမ္မာဘိသမယော၊ အကျွတ်တရားကို ရသည်။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဥဃ္ဃဋိတညူ၊ ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ယေဓမ္မာ ဟေတုပ္ပဘာဝါဟူသော ဂါထာ၏အဆုံး၌ လည်းကောင်း။ သတိပဋ္ဌာန်လေးပါးခေါင်းစဉ်၏ အဆုံး၌လည်းကောင်း။ အရှင်သာရိပုတ္တရာ,

အရှင်မောဂ္ဂလ္လာန်စသော အရှင်တို့ကဲ့သို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်ကြသောအရှင်တို့သည် ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဟု ခေါ်ဆိုရပေသည်။

အယံ စတ္တာရောသတိပဋ္ဌာနာတိ အာဒိနာနယေန သံခိတ္တေန
မာတိကာယ ဌပိယမာနာယ ဒေသနာနုသာရေန ဉာဏံ ပေသေတွာ
အရဟတ္တံ ဂဏှိတုံ သမတ္ထော ပုဂ္ဂလော ဥဃ္ဃဋိတညူတိ ဝုစ္စတိ။
(ပုဂ္ဂလပညတ်အဋ္ဌကထာ)

စတ္တာရောသတိပဋ္ဌာနာတိအာဒိနာ၊ စတ္တာရောသတိပဋ္ဌာနာ အစရှိသော။ နယေန၊ နည်းဖြင့်။ သံခိတ္တေန၊ အကျဉ်းဆုံးဖြင့်။ မာတိကာယ၊ ခေါင်းစဉ်ဖြစ်သော မာတိကာကို။ ဌပိယမာနာယ၊ ထား၍ပြအပ်သည် ရှိသော်။ ဒေသနာနုသာရေန၊ ဟောတော်မူသော တရားဒေသနာသံကို အစဉ်ရှောက်သဖြင့်။ ဉာဏံ၊ သိမြင်နိုင်သော ဉာဏ်ကို။ ပေသေတွာ၊ စေလွှတ်၍။ ဝါ၊ သိမြင်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှိတုံ၊ ယူခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သော။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဥဃ္ဃဋိတညူတိ၊ ဥဃ္ဃဋိတညူ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏။

ယဿ ပုဂ္ဂလဿ ဝိတ္ထာရေန၊ အတ္ထေဝိဘဇ္ဇိယမာနေ
ဓမ္မာဘိသမယော ဟောတိ အယံဝုစ္စတိ ပုဂ္ဂလောဝိပဉ္စိတညူ။
(ပုဂ္ဂလပညတ်အဋ္ဌကထာ)

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အတ္ထေ၊ အနက်အဓိပ္ပာယ်တို့ကို။ ဝိဘဇ္ဇိယမာနေ၊ ဝေဖန်ပိုင်းခြား ဟောကြား၍ ပြအပ်သည်ရှိသော်။ ဓမ္မာဘိသမယော၊ အကျွတ်တရားကိုရသည်။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ဝိပဉ္စိတညူ၊ ဝိပဉ္စိတညူဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေ၏။

ဂါထာဖြစ်လျှင် အနက်အဓိပ္ပာယ် အကျယ်ကိုလည်းကောင်း။ စုဏ္ဏိယပါဠိဖြစ်လျှင် မာတိကာ, အကျယ်နိဒ္ဒေသ, ဝိတ္ထာရနှင့်တကွ အနက်အဓိပ္ပာယ်တို့ကို လည်းကောင်း ကြားနာရမှသာလျှင် အကျွတ်တရားကိုရသော ပုဂ္ဂိုလ်ကို ဝိပဉ္စိတညူဟူ၍ ခေါ်ဆိုရပေ၏။

ယဿပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော
မနသိကရောတော၊ ကလျာဏမိတ္တေ သေဝတော။

ဘာဇတော ပယိရုပါသတော၊ အနုပုဗ္ဗေန ဓမ္မာဘိသမယော
ဟောတိ၊ အယံဝုစ္စတိ ပုဂ္ဂလောနေယျော။

(ပုဂ္ဂလပညတ်အဋ္ဌကထာ)

ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဥဒ္ဒေသတောဝါ၊ တရားဒေသနာကို အဖန်တလဲလဲ ရွတ်ဖတ်သရဇ္ဈာယ်သည်ဖြစ်၍ လည်းကောင်း။ ပရိပုစ္ဆတောဝါ၊ ပိဋကတ်တတ်ပုဂ္ဂိုလ်မြတ်ကို အဖန်တလဲလဲ မေးမြန်းသည်ဖြစ်၍လည်းကောင်း။ ယောနိသောမနသိကရောတော၊ ဟုတ်မှန်တိုင်း နှလုံးသွင်းသည်ဖြစ်၍ လည်းကောင်း။ ကလျာဏမိတ္တေ၊ မဂ်ဖိုလ်လမ်းကြောင်း မစောင်းရအောင် ပြနိုင်ပေသော မိတ်ဆွေကောင်းတို့ကို။ သေဝတော၊ မြဲမြဲစွဲစွဲ မှီဝဲသည်ဖြစ်၍ လည်းကောင်း။ ဘဇတော၊ ရိုသေလေးမြတ် ဆည်းကပ်သည်ဖြစ်၍ လည်းကောင်း။ ပယိရုပါသတော၊ ကောင်းစွာ လုပ်ကျွေးမွေးယူရသည် ဖြစ်၍လည်းကောင်း။ အနုပုဗ္ဗေန၊ နာမရူပပစ္စယနှင့် သမ္မသန ဥဒယဗ္ဗယ စသော ကျင့်စဉ်ဖြင့်။ ဝါ၊ ကျင့်စဉ်အတိုင်း။ ဓမ္မာဘိသမယော၊ အကျွတ်တရားကို ရသည်။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ နေယျော၊ နေယျပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေ၏။

ယဿပုဂ္ဂလဿ ဗဟုံပိ ဘဏတော၊ ဗဟုံပိဝါစယတော-
န တာယ ဇာတိယာ၊ ဓမ္မာဘိသမယောဟောတိ၊ အယံဝုစ္စတိ
ပုဂ္ဂလောပဒပရမော။ (ပုဂ္ဂလပညတ်အဋ္ဌကထာ)

ယဿပုဂ္ဂဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဗဟုံပိ၊ ကြိမ်ဖန်များစွာလည်းဖြစ်သော။ ဘဏတောပိ၊ သင်ယူကျက်မှတ် ရွတ်ဖတ်သရဇ္ဈာယ်သော်လည်းကောင်း။ ဗဟုံ၊ ကြိမ်ဖန်များစွာ။ ဝါစယတောပိ၊ သင်ကြားပြသ ပို့ချသော်လည်းကောင်း။ တာယဇာတိယာ၊ ထိုယခုဘဝဖြင့်။ ဓမ္မာဘိသမယော၊ မဂ်ဖိုလ်ကို ရခြင်းသည်။ နဟောတိ၊ မဖြစ်နိုင်ပေ။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ ပဒပရမော၊ ကြားနာရသော ပုဒ်ဗျည်းလျှင် အဆုံးရှိသောကြောင့် ပဒပရမပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဓမ္မပဒါဓာရေန္တဿ၊ ဒေဝလောကူပ ပတ္တိနော သုခိနော
တတ္ထ ပလဝန္တိ တဿအနုညဗောဓိနော ဒန္ဓော တဿ
သတုပ္ပါဒေါ အထ ခိပ္ပံ ဝိသေသဂေါ။ (အင်္ဂုတ္တိုရ်)

ဓမ္မံ၊ဝိပဿနာတရားကို။ ဓာရေန္တဿ၊ ရှုမှတ်ဆောင်ရွက်သော။ သုဏန္တဿ၊ နာကြားရသော။ ဒေဝလောကူပပတ္တိနော၊ နတ်ပြည်၌ဖြစ်သော။ တဿ၊ ထိုသူအား။ တတ္ထ၊ ထိုနတ်ပြည်၌။ ဓမ္မပဒါ၊ တရားအစုတို့သည်။ အနုဿုတိနော၊ သူတစ်ပါးတို့သည် မပြောဟောဘဲ။ သုခိနော၊ ချမ်းသာခြင်းရှိသည်ဖြစ်၍။ ပလဝန္တိ၊ ကြေးမုံပြင်အား အရိပ်လားသကဲ့သို့ ထင်ရှားပေါ်လာကုန်၏။ သတုပ္ပါဒေါ၊ အောက်မေ့ခြင်းသတိ၏ ဖြစ်ပေါ်ခြင်းသည်။ ဒန္ဓော၊ နှေးနှေးလေးလေး ဖြစ်ရသေး၏။ အထ၊ ထိုနတ်ပြည်သို့ဖြစ်ရာ၌။ ခိပ္ပံ၊ လျင်စွာ။ ဝိသေသဂေါ၊ မဂ်ဖိုလ်ကိုရနိုင်သည်။ ဟောတိ၊ ဖြစ်ရပေ၏။ ဤကား ပဒပရမပုဂ္ဂိုလ်။

ထိုပုဂ္ဂိုလ် ၄-ပါးကိုပြဆိုရာ၌ ဣဓလောကေ စတ္တာရောပုဂ္ဂလာ ဟု ဟောတော်မူခြင်းကြောင့် ဣဓလောကေ၊ ဤလောက၌။ စတ္တာရောပုဂ္ဂလာ၊ လေးယောက်သော ပုဂ္ဂိုလ်တို့သည်။ အတ္ထိ-သန္တိ၊ ရှိကြကုန်၏ဟု ဟောတော်မူခြင်းကြောင့် မြတ်စွာဘုရားသာသနာတော် တည်ရှိသမျှကာလပတ်လုံး ပြဆိုခဲ့သော ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်းကို ကောင်းကောင်းကြီး မှတ်ယူသင့်လှပေကုန်သည်။

ဥဂ္ဃဋိတညူ ဝိပဉ္စိတညူပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်မျိုးကို အနည်းအများသာ မှတ်ယူသင့်ပေသည်။ ထိုပုဂ္ဂိုလ်မျိုးမရှိဟု မယူသင့်ပေကုန်။ မင်းကွန်းဆရာတော်ဘုရားကြီး မိန့်ဆိုချက်။

မဂ်ဖိုလ်ရကြောင်း အကျင့်ကောင်းကို မပြောမကြားရဟု စကားဖြစ်ပွားကြရာ၌ ဥပရိပဏ္ဏာသ ပါဠိတော်၌လည်း ပြောသင့် ပြောကောင်းကြောင်းကို ဟောတော်မူပေသည်။ ပါရာဇိကဏ်အဋ္ဌကထာ၌လည်း ရဟန္တာက သောတာပန်ကို သင်ကား၊ ငါရဟန္တာကို ပြစ်မှားသည်၊ အထက်မဂ်ဖိုလ်ကို အားထုတ်သော်လည်း မရနိုင်ပြီဟု ရဟန္တာကပြော၍ သောတာပန်က ရှိသေလေးမြတ်စွာ ကန်တော့ရပေသည်။ မပြောအပ်သောအရာ ရှိပါက ပြောအပ်သောအရာ ရှိပေသည်။

ဣမာသံ အာဝုသော စတုန္နံပဋိပဒါနံ ကတမဋ္ဌေ ပဋိပဒံ
အာဂမ္မအနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ။

အရှင်သာရိပုတ္တရာကမေးသောပါဠိ အနက်မှာရေးသားခဲ့ပေပြီ။

ဠမာသံ အာဝုသော စတုန္နံပဋိပဒါနံ ယာယံပဋိပဒါ
ဒုက္ခာဘိညာ ဠမံပဋိပဒံ အာဂမ္မ အနုပါဒါယ
အာသဝေဟိ စိတ္တံ ဝိမုတ္တံ။

အရှင်မဟာမောဂ္ဂလ္လာန်ဖြေသောပါဠိ အနက်မှာ ရေးသားခဲ့ပေပြီ။

အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန်တို့မှသော်လည်း တစ်ပါးနှင့်တစ်ပါး မေးမြန်းလျှင် ဖြေကြား ပြောကောင်းပေသည်။ ၎င်းသာဓကကို ထောက်ဆ၍ မဂ်ဖိုလ်တရား ရကြောင်းကို သဘောတူညီမျှ၍ သီတင်းသုံးဖော်ခြင်းဖြစ်ပါက ပြောကောင်း၏ဟု မှတ်ယူသင့်လှပေကုန်သည်။

တစ်နည်းမှာ သီရိဝဍ္ဎနသူဌေး, မာနဒိန္နသူဌေးတို့သည် အနာဂါမ်အဖြစ်သို့ ရောက်ကြသဖြင့် အရှင်အာနန္ဒာနှင့် ပြောဆိုပြီးလျှင် အနာဂါမ်သို့ ဆိုက်ရောက်ကြောင်း ဆုံးဖြတ်လေသည်။ ဤကား မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူသည်။ တစ်နည်းမှာ—

တသ္မိံ တသ္မိံ စေ ကာလက်တေ ဥပသင်္ကမိတွာ
ဧတမတ္ထံ ပဋိပုစ္ဆိဿထ ဝိဟေဿမေဿ အာနန္ဒ အဿ
တထာဂတဿ တသ္မာတိဟာနန္ဒ ဓမ္မာဒါသံနာမ
ဓမ္မပရိယာယံ ဒေသိဿာမိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တသ္မိံ တသ္မိံ၊ ထိုထိုအရိယာပုဂ္ဂိုလ်သည်။ ကာလက်တေ၊ သေသည်ရှိသော်။ မံ၊ ငါဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ပဋိပုစ္ဆိဿထ၊ မေးကြကုန်လတ္တံ့။ သောပရိပုစ္ဆာ၊ ဤသို့ မေးခြင်းသည်။ တထာဂတဿ၊ ငါဘုရားအား။ ဝိဟေသာ၊ ပင်ပန်းခြင်းသည်။ အဿ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣဟ၊ ဤအရိယာကို မေးရာ၌။ ဓမ္မာဒါသံ ဓမ္မာဒါသံနာမ၊ နည်းထားပုံစံ တရားမှန်မည်သော။ ဓမ္မပရိယာယံ၊ တရားပရိယာယ်ကို။ ဒေသိဿာမိ၊ ဟောပေအံ့။ ၎င်းအဆက်ပြဦးအံ့။

ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော
အတ္တာနာဝ အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ ခီဏ
တိရစ္ဆာနယောနိကော ခီဏပေတ္တိဝိသယော

ခီဏာသဝါယ ဒုဂ္ဂတိဝိနိပါတေဟ သောတာပန္နောဟမသ္မိ
အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော။
(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ယေနအင်္ဂေန၊ အကြင်အင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယ သာဝကော၊ ငါဘုရား၏ တပည့်သည်။ အာကင်္ခမာနော၊ ပြောကြားလိုသည် ရှိသော်။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာကရေယျ၊ ပြောကြားအပ်၏။ ကိံ ဗျာကရေယျ၊ အဘယ်သို့ပြောကြားအပ်သနည်း။ အဟံ၊ ငါသည်။ ခီဏနိရယော၊ ကုန်သောငရဲရှိသည်။ အမှိ၊ ဖြစ်ပြီ။ ခီဏတိရစ္ဆာနယော နိကော၊ ကုန်သော တိရစ္ဆာန်ဘဝရှိသည်။ အမှိ၊ ဖြစ်ပြီ။ ခီဏပေတ္တိဝိသယော၊ ကုန်သော ပြိတ္တာဘဝ ရှိသည်။ အမှိ၊ ဖြစ်ပြီ။ ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ အပါယ်ဒုဂ္ဂတိ အသူရကာယ်ဘဝ ကုန်သည်။ အမှိ၊ ဖြစ်ပြီ။ အဟံ၊ ငါသည်။ သောတာပန္နော၊ သောတာပန်သည်။ အသ္မိ၊ ဖြစ်ပြီ။ အဝိနိပါတဓမ္မော၊ ပုထုဇဉ် အဖြစ်သို့ တစ်ဖန်ပြန်ကျသော သဘောမရှိပြီ။ နိယတော၊ အရိယာအဖြစ်ဖြင့် မြဲပြီ။ သမ္ဗောဓိပရာယနော၊ အထက်မဂ်သုံးပါးလျှင် ကျင်လည်ရာ လည်း လျောင်းရာရှိပြီ။ ဣတိ၊ ဤသို့။ ဗျာကရေယျ၊ ပြောကြားအပ်၏။

**အဓိပ္ပာယ်ကား။** ။ဘုရား၌ ယုံကြည်ခြင်း-၁၊ တရား၌ ယုံကြည်ခြင်း-၂၊ သံဃာ၌ ယုံကြည်ခြင်း-၃၊ ငါးပါးသီလမြဲခြင်း-၄၊ အကြင်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ငါဘုရား၏တပည့်သားသည် သဘောတူညီမျှ၍ သိတင်းသုံးခြင်း ဖြစ်ပါက အရိယာအဖြစ်ကို ပြောကြားလိုသည်ရှိသော်၊ မိမိသည်ပင်လျှင် မိမိ ကိုယ်ကို ပြောကြားအပ်၏။ မိမိကိုယ်ကို ပြောကြားအပ်၏ဆိုရာ၌ ငါသည် အရိယာအဖြစ်သို့ ရောက်ပြီဟု သဘောတူညီမျှ၍ သိတင်း သုံးဖော်တို့အား ပြောကြားသည်ကို။ အတ္တနာဝ အတ္တာနံ ဗျာကရေယျဟု ဟောတော်မူသည်။

မိမိကိုယ်ကို မိမိ ပြောဆိုရာအကြောင်း မဟုတ်ပေ။ အချို့က မိမိကိုယ်ကို မိမိ ပြောသည်ဟု အယူရှိကြသည်။ ၎င်းစကား မသင့်ပေ။ အဘယ်ကဲ့သို့ ပြောကြား ပါသနည်း။ ငါသည် ငရဲဘဝ၌ ကုန်ဆုံးပြီ၊ တိရစ္ဆာန်ဘဝ၌ ကုန်ဆုံးပြီ၊ ပြိတ္တာ ဘဝ၌ ကုန်ဆုံးပြီ၊ အပါယ်ဒုဂ္ဂတိဘဝ၌ ကုန်ဆုံးပြီ။

ငါသည် သောတာပန်ဖြစ်လေပြီ၊ ပုထုဇဉ်အဖြစ်သို့ တစ်ဖန်ပြန်၍ ဖြစ်ခြင်း သဘောမရှိပြီ၊ အရိယာအဖြစ်သို့မြဲလေပြီ၊ အထက်မဂ်သုံးခုလျှင် ကျင်လည်ရာ-

လည်းလျှောင်းရာ ရှိလေပြီ။ ဤသို့သဘောတူ သိတင်း သုံးဘော် တို့အား ပြောကြားအပ်ပေ၏။ ဤကား- ပြောကြားအပ်ပုံတည်း။

သဘောမတူ- သီတင်းသုံးဘော် မဟုတ်သော သူတို့အား အခါခပ်သိမ်း မပြောမကြား အပ်ပေ။ ဤကား- မပြောမကြား အပ်ပုံ။ မပြောမကြား ကောင်းသောစကားရှိလျှင် ပြောကြားကောင်းသော စကားရှိ၏ဟု ဆန့်ကျင် ဘက်ကိုလည်း သိမြင်ကြစေကုန်လော။

ၚင်းအဆက်ပြဦးအံ့။ ဘုရား-၁၊ တရား-၂၊ သံဃာ-၃၊ မဆုတ်မနစ် လေးမြတ်စွာကြည်ညိုခြင်း။ ၅-ပါးသီလ၌ မကျိုး-မပေါက်-မပြောက်-မကြား မြဲခြင်း။ ၄။ ဤအင်္ဂါ ၄-ပါးနှင့် သောတာပန်တို့သည် ပြည့်စုံကြပေကုန်၏။ ၅-ပါးသီလမြဲပုံမှာ ဥတိန္နမင်းကြီးက· သာမာဝတီမိဖုရားကို ကြက်သတ်ခိုင်းသော ဝတ္ထုသွားသည်လည်း ထင်ရှားရှိပေသတည်း။

အရိယာတို့သည် သဘောတူ သီတင်းသုံးဘော်တို့အား မဂ်ဖိုလ်ရကြောင်း တရားကောင်း လမ်းမှန်ကို ပြောကြလေတော့ဟု ခွင့်ပြုတော်မူ ခြင်းကြောင့်၊ သီရိဝဍ္ဎနသူဌေး-မာနဒိန္နသူဌေး တို့သည် အနာဂါမ်အဖြစ်သို့ ရောက်ကြရကြ သည်ကို အရှင်အာနန္ဒာအား လျှောက်ထားကြောင်းကို မဟာဝဂ္ဂ သံယုတ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။

> အာယသ္မာတာ ဘန္တေ ပိဏ္ဍောလဘာရဒ္ဒါဇေန အညာ ဗျာကတာ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမီတိ။ (မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဘန္တေ၊ မြတ်စွာဘုရား၊ အာယသ္မာပိဏ္ဍောလဘာရဒ္ဒါဇေန၊ အရှင်ပိဏ္ဍောလ မထေရ်သည်။ အညာ၊ အရဟတ္တဖိုလ်ကို။ ဗျာကတာ၊ ပြောကြားပေ၏။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသိတံ၊ သုံးပြီ။ ကရဏီယံ၊ ၁၆-ချက်သော မဂ်ကိစ္စသည်။ ကတံ၊ ပြုလေပြီ။ အပရံပုန၊ တစ်ဖန်။ ဣတ္ထတ္တာယ၊၁၆-ချက်သောမဂ်ကိစ္စအကျိုးငှာ။ ကတံ၊ပြုဖွယ် ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့။ အညာ၊ အရဟတ္တဖိုလ်ကို။ ဗျာကာသိ၊ ပြောကြားလေ၏။

အဓိပ္ပါယ်ကား။ ။ပိဏ္ဍောလ မထေရ်သည် အရဟတ္တဖိုလ်ကို ရကြောင်း ရဟန်းတို့အား ပြောကြားလေ၍၊ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား အား လျှောက်ကြားသည်မှာ၊ အရှင်ဘုရား- အရှင်ပိဏ္ဍောလ မထေရ်သည် အရဟတ္တဖိုလ် ရကြောင်းကို ပြောကြားလေ၏။

ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ။ မြတ်သောအကျင့်ကိုသုံးပြီ။ ၁၆-ချက်သော မဂ်ကိစ္စသည် ပြု၍ပြီးပြီ။ နောင်တစ်ဖန် ၁၆-ချက်သောမဂ်ကိစ္စအကျိုးငှာ ပြုဖွယ် မရှိပြီ။ ဤသို့သိ၍ အရဟတ္တဖိုလ်ကို ရကြောင်း-ရောက်ကြောင်း သဘောတူ သီတင်းသုံးဘော်တို့အား ပြောကြားကြောင်းကို မြတ်စွာဘုရားအား ရဟန်း တို့က လျှောက်ကြားလေ၏။

မြတ်စွာဘုရားက ချစ်သားတို့ ပိဏ္ဍောလ မထေရ်သည် တရားတော်ကို ပွားများအားထားသည်ဖြစ်၍၊ ကြိမ်ဖန်များစွာ လေ့လာအားထုတ်သည်ဖြစ်၍၊ တရားထူးကို ရသောကြောင့် ပိဏ္ဍောလ မထေရ်သည် အရဟတ္တဖိုလ်ကို ရကြောင်း ကို ပြောကောင်းပြောအပ်ပေ၏ဟု ဟောတော်မူသည်။ လောကုတ္တရာ တရားကို ရကြကုန်သော အရိယာတို့သည် သဘောတူသီတင်းသုံးဘော်တို့အား ပြောကြား လေတော့ဟု မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူသည်။

သစ္စာ ၄-ပါးကိုဆိုရာ၌ဒုက္ခသစ္စာကို သိမြင်သဖြင့် ဒုက္ခ၏ချုပ်ငြိမ်း ရပ်သိမ်းရာ ဖြစ်သော နိရောဓသစ္စာကို မြင်ပေသည်။ ပယ်ခွာအပ်သော သမုဒယသစ္စာကို သိမြင်သဖြင့် ပယ်ခွာတတ်သော မဂ္ဂသစ္စာကို သိမြင်ပေသည်။ ဤကား သစ္စာ ၄-ချက်၏ အနက်သဘောတည်း။

ဥပမာပြဆိုသော် ဝန်ကိုတင်၍ထားသော လိမ္မာလှစွာသော လှေသူကြီး သည် လှေကိုလှော်သောအခါ ဤမှာဘက်ကမ်းကို စွန့်ခြင်းကိစ္စ။ ။၁။ ထိုမှာ ဘက်ကမ်းကို ရှေးရှုခြင်းကိစ္စ။ ။၂။ ရေကြောကို ဖြတ်ခြင်းကိစ္စ။ ။၃။ ဝန်ကို ရွက်ဆောင်ရခြင်းကိစ္စ။ ။၄။ ၎င်း ၄ ကိစ္စကို တစ်ချက်တည်း၌ လှေသူကြီး ရရှိလေ၏။

ထို့အတူ သောတာပတ္တိမဂ်ဉာဏ်သည် တစ်ချက်တည်း ဖြစ်ပါလျက် ဒုက္ခ သစ္စာ၌ ပရိညာကိစ္စ။ ၁။ သမုဒယသစ္စာ၌ ပဟာနကိစ္စ။ ၂။ နိရောဓ သစ္စာ၌ သစ္ဆိကရဏကိစ္စ။ ၃။ မဂ္ဂသစ္စာ၌ ဘာဝနာကိစ္စ။ ၄။ ဤသို့ သောတာပတ္တိ မဂ်ဉာဏ်သည် တစ်ချက်တည်းနှင့်ပင် တစ်ပြိုင်နက် ၄ ကိစ္စကို ရပေသတည်း။

ဂုင်းမဂ်ဉာဏ်သည် သဘောအားဖြင့် တစ်ခုတည်းဖြစ်ပေသည်။ အရေအတွက် အမည်အားဖြင့်သာ ၄-ပါးပြားရပေသတည်း။

ကေဃေဝဉာဏသ္မာ စတုကိစ္စသာဓနံ ပဒီပါဒီနံ ဝဋ္ဋဒါဟာဒိ-
စတုကိစ္စ ဒဿနတော- ယောဘိက္ခဝေ- ဒုက္ခံပဿတိ တျာဒိ
အာဂမာတောစ သမ္ပဋိစ္ဆိတဗ္ဗံ။

ပါဠိတော်အရ ဋီကာက ဖွင့်ပြပေသည်။

ကေဃေဝ၊ တစ်ခုတည်းသာလျှင် ဖြစ်သော။ ဉာဏဿ၊ မဂ်ဉာဏ်၏။ စတုကိစ္စသာဓနံ၊ လေးပါးသောကိစ္စကို ပြီးစေခြင်းကို။ ပဒီပါဒီနံ၊ ဆီမီးအစရှိသည်တို့၏။ ဝဋ္ဋဒါဟာဒိစတုကိစ္စ-ဒဿနတောစ၊ ဆီမီး လောင်ခြင်း အစရှိသော လေးပါးသောကိစ္စကို ပြခြင်းကြောင့်လည်းကောင်း။ ။ယောဘိက္ခဝေ၊ ဒုက္ခံပဿတိတိ-တျာဒိအာဂမတောစ- ယောဘိက္ခဝေဒုက္ခံပဿတိ။ ဤသို့ အစရှိသော ပါဠိတော်၌ ဟောတော်မူခြင်းကြောင့် လည်းကောင်း။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။

**အဓိပ္ပာယ်ကား**။ ။တစ်ခုတည်းသာလျှင် ဖြစ်သော မဂ်ဉာဏ်သည် ၄-ပါးသောကိစ္စကို ပြီးစေခြင်းကို ဆီမီးအစရှိသည်တို့၏ ဝဋ္ဋဒါဟာဒိစတု ကိစ္စဒဿနတောစ။ ။ဟူသောပါဌ်၌။ အာဒိသဒ္ဒါဖြင့်၊ ဆီမီးလောင်ခြင်းကိစ္စ။ ၁။ မီးတောက်ခြင်းကိစ္စ။ ၂။ မှောင်မိုက် ပျောက်ခြင်းကိစ္စ။ ၃။ အလင်းရောက်ခြင်းကိစ္စ။ ၄။ ဤ ၄ ကိစ္စကို ရရှိလေ၏။

ထို့အတူ မဂ်ဉာဏ်သည် တစ်ချက်တည်းဖြစ်ပေါ်လျက်၊ ဒုက္ခသစ္စာ၌ ပရိညာကိစ္စ။ ၁။ သမုဒယသစ္စာ၌-ပဟာနကိစ္စ။ ၂။ နိရောဓသစ္စာ၌-သစ္ဆိကရဏကိစ္စ။ ၃။ မဂ္ဂသစ္စာ၌-ဘာဝနာကိစ္စ။ ၄။ ဤသို့မဂ်ဉာဏ်သည် တစ်ချက်တည်းနှင့်ပင်။ တစ်ပြိုင်နက် ၄ ကိစ္စကို ရပေသတည်း။

ဓမ္မသဘော အကျဉ်း အားဖြင့်ကား မဂ်ဉာဏ် ဆိုသည်ကား အသိဉာဏ်ကို ဆိုလိုသည်။ ဒုက္ခဆိုသည်ကား- ဆင်းရဲသည်ကို ဆိုလိုသည်။ သစ္စာဆိုသည်ကား မှန်ကန်သည်ကိုဆိုသည်။ နှစ်ခုပေါင်းသော်၊ ဒုက္ခသစ္စာဟု ဆိုရပေသည်။

ဂုင်းမဂ်ဉာဏ်အသိထဲ၌ ဒုက္ခမပါမရှိသည်ကို ဒုက္ခသစ္စာ ပိုင်းခြားသည်ဟု ဆိုရပေသည်။ ဂုင်းမဂ်ဉာဏ်အသိထဲ၌ တဏှာ-မပါမရှိသည်ကို သမုဒယသစ္စာ

ပယ်သည်ဟု ဆိုရပေသည်။ ၎င်းမဂ်ဉာဏ်အသိထဲ၌ ကိလေသာခန္ဓာ နာမ်ရုပ် ချုပ်ငြိမ်းရုပ်သိမ်းသဖြင့်၊ အကြောင်းကင်းနိဗ္ဗာန်ဟု သိခြင်းသည် နိရောဓ သစ္စာဟု ဆိုရပေသည်။ ၎င်းမဂ်ဉာဏ်အသိထဲ၌ မသိပျောက်၍ အသိရောက်သော မဂ်ဉာဏ်ကို မဂ္ဂသစ္စာဟု ဆိုရပေသည်။

မဂ္ဂဘာဝေတဗ္ဗ-ဟု အဋ္ဌကထာပြဆိုရာ၌ မဂ်ဉာဏ် ပေါ်ပေါက် ရောက်လာ ရရှိသည်ကို မဂ်ကိုပွားသည်ဟု ဆိုရပေသည်။ ကမ္မဋ္ဌာန်းစီးဖြန်းရမည်ကိုမဆိုပေ။ မဂ်စိတ် တစ်ချက်ထဲ၌ ကမ္မဋ္ဌာန်းစီးဖြန်းနိုင်ရာ အခါအခွင့် မသင့်နိုင်ပေ။ ပြဆိုခဲ့သော ပရိကံ-ဥပစာ-အနုလုံ ၎င်းသုံးခုကို အနုလုံသုံးခုဟူ၍ အဋ္ဌကထာ၌ ပြဆိုပေသည်။

ယသ္မိံ မဂ္ဂဝုဋ္ဌာနံ ဟောတိ တသ္မိံမဇ္ဈိမပညဿ တိဏ္ဏိ
အနုလောမစိတ္တာနိ ဟောန္တိ စတုတ္ထံဂေါတြဘူ
ပဉ္စမံမဂ္ဂစိတ္တံ ဒွေဖလစိတ္တာနိ တတောဘဝင်္ဂေါတရဏံ။

(အဋ္ဌသာလိနီ)

ယသ္မိံဝါရေ၊ အကြင်ဝါရ၌။ ဝါ၊ အကြင်အကြိမ်အလှည့်၌။ မဂ္ဂဝုဋ္ဌာနံ၊ မဂ်စိတ်ဟူသော ထမြောက်အောင်မြင်ခြင်းသည်။ဟောတိ၊ဖြစ်၏။ တသ္မိံဝါရေ၊ ထိုဝါရ၌။ ဝါ၊ ထိုအကြိမ်အလှည့်၌။ မဇ္ဈိမပညဿ၊ ပညာမကြီးမငယ် အလယ် အလတ်ဖြစ်သော ပုဂ္ဂိုလ်အား။ တိဏ္ဏိ၊ သုံးပါးကုန်သော။ အနုလောမစိတ္တာနိ၊ အနုလုံစိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုတ္ထံ၊ လေးကြိမ်မြောက်။ ဂေါတြဘူ၊ ဂေါတြဘူစိတ်သည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စမံ၊ ငါးကြိမ်မြောက်၊ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ ဒွေ၊ နှစ်ကြိမ် ကုန်သော။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတောပရံ၊ ထိုမှနောင်၌။ ဘဝင်္ဂေါတရဏံ၊ဘဝင်ကျသည်။ ဟောတိ၊ ဖြစ်၏။အဓိပ္ပာယ်ကား လွယ်၏။

အရိယာမဂ်ကို ပြုပြင်တတ်သောကြောင့်၊ ပရိကံခေါ်၏။ မဂ်၏အနီး၌ ဖြစ်သောကြောင့်၊ ဥပစာခေါ်၏။ မဂ်၏ရှေးအဖို့၌ဖြစ်သော၊ ပရိကံ- ဥပစာ တို့အား လည်းကောင်း၊ အထက်၌ဖြစ်လတ္တံ့သော မဂ်၏အပ္ပနာအားဖြင့် လည်းကောင်း၊ လျော်သည်၏ အဖြစ်ကြောင့် အနုလုံခေါ်၏။ ပုထုဇဉ်တို့၏ အနွယ်ကိုနှိပ်စက်၍၊အရိယာတို့၏အနွယ်ကိုပွားစေတတ်သောကြောင့်၊ ဂေါတြဘူ ခေါ်၏။

မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ပရိကံ- ဥပစာ- အနုလုံ- ဂေါတြဘူ- မဂ်-ဖိုလ် နှစ်ကြိမ်၊ ၇-ကြိမ်အဆုံး၌ ဘဝင်ကျ၏။ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာ-အနုလုံ-ဂေါတြဘူ မဂ်-ဖိုလ် သုံးကြိမ်၊ ၇-ကြိမ်ဘဝင်ကျ၏။ ။ဤကား ဝိသုဒ္ဓိမဂ်အလို။

ယောဒုက္ခသစ္စံ ပရိဇာနာတိ၊ သောသမုဒယသစ္စံ
ပဇဟာတီတိ အာံမန္တာ။ (ယမိုက်ပါဠိတော်)

ယော၊ အကြောင်းသစ္စာလေးပါးကို ရသော ပုဂ္ဂိုလ်သည်။ ပရိဇာနာတိ၊ ပိုင်းခြား၍သိဆဲ။ သော၊ ထိုသစ္စာလေးပါးကိုရသော ပုဂ္ဂိုလ်သည်။ သမုဒယ သစ္စံ၊ သမုဒယသစ္စာကို။ ပဇဟာတိ၊ ပယ်ဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့ ဘုရားရှင် မေးတော်မူသည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ပယ်ဆဲပါ။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ယောဒုက္ခသစ္စံပရိဇာနာတိ၊ သောနိရောဓသစ္စံ
သစ္ဆိကရောတီတိ၊ အာံမန္တာ။ (ယမိုက်ပါဠိတော်)

ယော၊ အကြောင်းသစ္စာလေးပါးကိုရသောပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိဆဲ။ သော၊ ထိုသစ္စာလေးပါးကို ရသောပုဂ္ဂိုလ်သည်။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့ဘုရားရှင်အမေးတော်သည်။ သတိ၊ ရှိသော်။ အာမန္တာ၊ မျက်မှောက်ပြုဆဲပါ။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ယောဒုက္ခသစ္စံပရိဇာနာတိ၊ သောမဂ္ဂသစ္စံ
ဘာဝေတီတိ အာမန္တာ။ (ယမိုက်ပါဠိတော်)

ယော၊ အကြောင်းသစ္စာလေးပါးကို ရသောပုဂ္ဂိုလ်သည်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိဆဲ။ သော၊ ထိုသစ္စာလေးပါးကိုရသောပုဂ္ဂိုလ်သည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာဝေတိ၊ ပွားဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့ဘုရားရှင် အမေးတော်သည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ပွားဆဲပါ။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။ ။အဓိပ္ပာယ်ကား သိသာလေပြီ။

ထိုသစ္စာလေးပါးကို ပြဆိုရာ၌-

အရိယ ကရတ္တာ အရိယာနိ၊ တစ္ဆ ဘာဝတော
သစ္စာနိတိအရိယသစ္စာနိ။ (အဘိဓမ္မတ္ထဝိဘာဝနီ)

အရိယကရတ္တာ၊ အရိယာ၏အဖြစ်ကို ပြုတတ်သည်၏ အဖြစ်ကြောင့်။ အရိယာနိ၊ အရိယာမည်ကုန်၏။ တစ္ဆဘာဝတော၊ ဟုတ်မှန်သည်၏အဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့်။ သစ္စာနိ၊ သစ္စာမည်ကုန်၏။ဣတိတသ္မာ၊ထိုနှစ်ပါးသော သတ္တိကြောင့်။ အရိယသစ္စာနိ၊ အရိယာသစ္စာ မည်ကုန်၏။

မဂ်စိတ္တက္ခဏတစ်ချက်၌။ မဂ်ဉာဏ်ဖြင့် သိအပ်သော သစ္စာကို မှတ်ယူရပေမည်။ ပြအပ်ပြီးသော အရိယာသစ္စာလေးပါးကို ယူလေ။ ၎င်းမဂ်ဉာဏ်ကိုပြဆိုရာ၌—

ဧဝံ တီဏိလက္ခဏာနိ အာရောပေတွာ ပဋိပါဋိယာ
ဝိပဿနံ ပဝတ္တေန္တော သောတာပတ္တိမဂ္ဂံ ပါပုဏာတိ။
၊လ၊နဟိဿတသ္မိံသမယေ ဧဝံ ဟောတိ အဟံ ဒုက္ခံ
ပရိဇာနာမိတိဝါ သမုဒယံ ပဟာနာမိတိဝါ
နိရောဓံ သစ္ဆိကရောမိတိ ဝါ မဂ္ဂံ ဘာဝေတိ ဝါ
အပိစခွဿ အာရမ္မဏံ ကတွာ ပဋိဝေဓဝသေန နိရောဓံ
သစ္ဆိကရောတော ဧဝံ တံ ဉာဏံ ဒုက္ခံ ပရိညာ ကိစ္စံပိ
သမုဒယံ ပဟာနကိစ္စံပိ မဂ္ဂံ ဘာဝနာ ကိစ္စံပိ ကရောတိယေဝ
တဿ ဧဝံ ဥပါယေန ယောနိသော မနသိကရောတော
တီဏိ သံယောဇနာနိ ပဟီယန္တိ။ ။(မူလပဏ္ဏာသအဋ္ဌကထာ)

ဧဝံ၊ ဤသို့။ တီဏိလက္ခဏာနိ၊သုံးပါးသောလက္ခဏာတို့ကို။ အာရောပေတွာ၊ ထင်၍။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဝိပဿနံ၊ ရှုမှတ်ပွားများ အားထားသော ဝိပဿနာကို။ပဝတ္တေန္တော၊ ဖြစ်စေသော ယောဂီပုဂ္ဂိုလ်သည်။သောတာပတ္တိမဂ္ဂံ၊ သောတာပတ္တိမဂ်သို့။ ပါပုဏာတိ၊ ရောက်လေရလေတော့၏ ။လ။ ဟိ၊ ထင်ထင်ရှားရှားပြဆိုပေအံ့။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တသ္မိံသမယေ၊ ထိုမဂ်ရသော ရောက်သောခဏ၌။ ဧဝံဉာဏံ၊ ဤသို့သောဉာဏ်သည်။နဟောတိ၊မဖြစ်။ အဟံ၊ ငါသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပရိဇာနာမိ၊ ပိုင်းခြား၏။ ဣတိဝါဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။ နဟောတိ၊ မဖြစ်။ အဟံ၊ ငါသည်။ သမုဒယံ၊ သမုဒယသစ္စာကို။ ပဟာနာမိ၊ ပယ်၏။ ဣတိဝါဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။ နဟောတိ၊ မဖြစ်။ အဟံ၊ ငါသည်။ နိရောဓံ၊ နိရောဓသစ္စာကို။ သစ္ဆိကရောမိ၊ မျက်မှောက်ပြု၏။ ဣတိဝါဉာဏံ၊ ဤသို့သော ဉာဏ်သည်လည်း။ နဟောတိ၊မဖြစ်။ အဟံ၊ငါသည်။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝေမိ၊ ပွား၏။ ဣတိဝါ

ဉာဏ်၊ ဤသို့သောဉာဏ်သည်လည်း။ နဟောတိ၊ မဖြစ်။ အပိစခေါ၊ စင်စစ်သော်ကား။ အာရမ္မဏ်ကတ္ထာ၊ အာရုံပြု၍။ ပဋိဝေဓဝသေန၊ ထိုးထွင်းသည်၏အစွမ်းဖြင့်။ နိရောဓံ၊ နိရောဓ သစ္စာကို။သစ္ဆိကရောတော၊ မျက်မှောက်ပြုသော။အဿ၊ထိုယောဂီပုဂ္ဂိုလ်၏။ ဇဝံ၊ ဤသို့ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော။တံဉာဏ်၊ ထိုသောတာပတ္တိမဂ်ဉာဏ်သည်။ ဒုက္ခံ၊ ဒုက္ခာသစ္စာကို။ ပရိညာကိစ္စံပိ၊ ပိုင်းခြားခြင်းကိစ္စကိုလည်း။ ကရောတိယေဝ၊ ပြုသည်သာလျှင်တည်း။ သမုဒယံ၊သမုဒယသစ္စာကို။ ပဟာနကိစ္စံပိ၊ ပယ်သောကိစ္စကိုလည်း။ ကရောတိယေဝ၊ ပြုသည်သာလျှင်တည်း။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝနာကိစ္စံပိ၊ ပွားသောကိစ္စကိုလည်း။ ကရောတိယေဝ၊ ပြုသည်သာလျှင်တည်း။ ဇဝံ၊ ဤသို့နိဗ္ဗာန်ကို မျက်မှောက်ပြုသော။ ဥပါယေန ယောနိသော၊သင့်သောမဂ်ဉာဏ်အကြောင်းဖြင့်။ မနသိကရောတော၊ နိဗ္ဗာန်ဟုနှလုံးသွင်းမိသော။တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တီဏိသံယောဇနာနိ၊ သုံးပါးသော သံယောဇဉ်တို့သည်။ ပဟိယျန္တိ၊ ပယ်ပျောက်ကုန်၏။

အဓိပ္ပာယ်လိုရင်းကား။ ။ ဤသို့ လက္ခဏာရေးသုံးပါးသို့ တင်၍ဆိုရာ၌။ ခြောက်ဒွါရ ခြောက်အာရုံတို့က ကျရောက် ဖြစ်ပေါ်လာသော အဆင်းရုပ်ကို မြင်လျှင်မြင်သည်ဟု ရှုမှတ်ခြင်း အသံရုပ်ကိုကြားလျှင် ကြားသည်ဟု ရှုမှတ်ခြင်း စသည်တို့ဖြင့် ဖြစ်ပေါ်လာတိုင်း ရှုမှတ်ခြင်းကို။ တီဏိလက္ခဏာနိအာရောပေတွာ ဟု ဆိုပေသည်။

စဉ်းစားကြံစည်၍ တင်သောလက္ခဏာမျိုးမဟုတ်ပေ။ အစဉ်အတိုင်း ရှုမှတ်ပွားများအားထားသည်ကို။ ဖြစ်စေသော ယောဂီပုဂ္ဂိုလ်အား ထိုသောတာပတ္တိမဂ်သို့ ရောက်လေ ရလေတော့၏။

ထင်စွာပြဆိုပေအံ့။ ထိုယောဂီပုဂ္ဂိုလ်အား မဂ်ရသော ခဏအတွင်း၌ ဤသို့သောဉာဏ်သည် မဖြစ်ဆိုရာ၌ မဂ်ရသောခဏအတွင်း၌ ဝိပဿနာဉာဏ်မျိုးမဖြစ်သည်ကို ဆိုလိုသည်။

ငါသည် ဒုက္ခသစ္စာကိုပိုင်းခြား၏။ ဤသို့သောဝိပဿနာဉာဏ် သည်လည်း မဖြစ်၊ ငါသည် သမုဒယသစ္စာကိုပယ်၏။ဤသို့သော ဝိပဿနာ ဉာဏ်သည်လည်း မဖြစ်။ ငါသည် နိရောဓသစ္စာကို မျက်မှောက်ပြု၏။ ဤသို့သော ဝိပဿနာဉာဏ် သည်လည်း မဖြစ်။ ငါသည် မဂ္ဂသစ္စာကိုပွား၏။ ဤသို့သော ဝိပဿနာဉာဏ် သည်လည်း မဖြစ်ပေ။

ရတနာ့ဂုဏ်ရည် (၅၁)

စင်စစ်အမှန်ကား။ အာရုံပြု၍ ထိုးထွင်းသည်၏အစွမ်းဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုသော ယောဂီပုဂ္ဂိုလ်၏ ဤသို့နိဗ္ဗာန်ကို မျက်မှောက်ပြုသော သောတာပတ္တိမဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ သမုဒယသစ္စာကိုပယ်ခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စ၊ ဤသို့နိဗ္ဗာန်ကို မျက်မှောက်ပြုသောသင့်သော မဂ်ဉာဏ်၏အကြောင်းဖြင့် နိဗ္ဗာန်ကိုနှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ သုံးပါးတို့သည် ပယ်ကုန်၏။

ထိုပြဆိုခဲ့သော သစ္စာ ၄ ပါး၌ သစ္စာဉာဏ် ၄ ပါး၊ ကိစ္စဉာဏ် ၄ ပါး၊ ကတဉာဏ် ၄ ပါး၊ ဤ ၁၂ ပါးသော မဂ်ဉာဏ်တို့ကို သောတာပန်ဖြစ်သော ပုဂ္ဂိုလ်တို့သည် သိအပ်သိထိုက်သော တရားမျိုး ဖြစ်၍၊ အထူးသဖြင့် သိကြရမည်။

စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စာဉာဏံနာမ။

(သာရတ္ထဋီကာ)

စတူသု၊ လေးပါးကုန်သော။ သစ္စေသု၊ သစ္စာတို့၌။ ယထာဘူတဉာဏံ၊ ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်သည်။ သစ္စာဉာဏံနာမ၊ သစ္စာဉာဏ်မည်၏။

အဓိပ္ပာယ်ကား။ ။ဤတရားကား ဒုက္ခသစ္စာ၊ ဤတရားကား သမုဒယသစ္စာ၊ ဤတရားကား နိရောဓသစ္စာ၊ ဤတရားကား မဂ္ဂသစ္စာဟု သစ္စာ ၄ ပါးတို့၌ မရောမရှက်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်ကို သစ္စာဉာဏ်ဟု ဆိုရပေသည်။ ဤကား သစ္စာဉာဏ် ၄ ပါးတည်း။

ကာတဗ္ဗကိစ္စဇာနနဉာဏံ၊ ကိစ္စဉာဏံနာမ။ (သာရတ္ထဋီကာ)

ကာတဗ္ဗ ကိစ္စဇာနနဉာဏံ၊ ပြုအပ်သောကိစ္စကို သိမြင်သော ဉာဏ်သည်။ ကိစ္စဉာဏံနာမ၊ ကိစ္စဉာဏ်မည်၏။ အဓိပ္ပာယ်ကား- ပရိညေယျ၊ ပိုင်းခြားခြင်းကိစ္စ။ ပဟာတဗ္ဗ၊ ပယ်ခြင်းကိစ္စ။ သစ္ဆိကာတဗ္ဗ၊ မျက်မှောက်ပြုခြင်းကိစ္စ။ ဘာဝေတဗ္ဗ၊ ပွားခြင်းကိစ္စ။ ဤကား- ကိစ္စဉာဏ် ၄ ပါးတည်း။

ကတဘာဝဇာနနဉာဏံ၊ ကတဉာဏံနာမ။ (သာရတ္ထဋီကာ)

တဿ၊ ထိုပရိညေယျ စသောကိစ္စ၏။ ကတဘာဝဇာနနဉာဏံ၊ ပြုအပ်ပြီးသည်၏အဖြစ်ကို သိမြင်သောဉာဏ်သည်။ ကတဉာဏံနာမ၊ ကတဉာဏ်မည်၏။

သစ္စာဉာဏ်-ကိစ္စဉာဏ်တို့၏ ပြုအပ်ပြီးသည်ကို သိမြင်သောဉာဏ်သည် ကတဉာဏ်ဟု ဆိုရပေသည်။ ၎င်းကတဉာဏ်၌ မဂ် ၁ ဖိုလ် ၂၊ နိဗ္ဗာန် ၃၊ ပယ်ကြွင်းကျန် ၄။ ဤကား- ကတဉာဏ် ၄ ပါးတည်း။

(၄၅) ပဋိပဒါလေးတန်ကို ကျမ်းဂန်ရအထွက် သစ္စာဉာဏ်လေးချက်နှင့် မိန့်မြွက်ခါအစဉ် ဆီမီးပမာတင်၍ မြင်လောက်အောင် ပြဆိုခြင်းပြီး၏။

*  *  *

## (၄၆) သတ္တက္ခတ္တုပရမ၊ ကောလံကောလ၊ ဧကဗီဇနှင့်၊ သုံးဝသောတာ၊ ကျမ်းဂန်ရအလာကို၊ မိန့်မှာကာပြဆိုခြင်း

သင်္ခါရုပေက္ခာဉာဏ်က ထက်သန်ကြီးပွား အောင်မြင်၍လာသဖြင့်၊ သစ္စာလေးပါးတို့ကို ဖုံးအုပ်တတ်သော ကိလေသာတို့ကို၊ ပရိကံ-ဥပစာ-အနုလုံသုံးခုတို့က ပယ်ခွာသတ်ဖြတ်၍ ခန္ဓာငါးပါးတို့၌ စိတ်သည်မကပ်မငြိ၊ ပိန်းဖက်၌ ရေမငြိမကပ်သကဲ့သို့ နာမ်ရုပ်ဓမ္မသင်္ခါရဟူသော နိမိတ်ကိုလည်းကောင်း၊ နာမ်ရုပ်တို့၏ ဖြစ်ကြောင်း ပဋိသန္ဓေဟူသော ပဝတ္တကို လည်းကောင်း နှောင့်ရှက်ရှုပ်ထွေးသော အမှိုက်ကဲ့သို့ ထင်မြင်လေ၏။

နာမ်ရုပ်ဓမ္မသင်္ခါရတို့၏ ကင်းရာနိဗ္ဗာန်ကို ပြဆိုခဲ့သော ပင်လယ်ပျံကာက၊ ကမ်းစကိုရှာသလို၊ ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုရှာ၏။

သင်္ခါရ နိမိတ်မဟုတ်သော အနိမိတ္တ၊ သင်္ခါရတို့၏ ဖြစ်ခြင်း မဟုတ်သော။ အပဝတ္တ၊ သင်္ခါရတို့နှင့် အရှင်းပြတ်ကင်းသော။ ဝိသင်္ခါရ-အသင်္ခတ၊ သင်္ခါရတို့၏ ချုပ်ငြိမ်းရပ်သိမ်းရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုသော ပုထုဇဉ်အနွယ်မျိုးကလွန်မြောက်သော အရိယာတို့၏ အနွယ်အမျိုးထဲသို့ရောက်၍ နိဗ္ဗာန်ဟူသော အာရုံကို ရှေးဦးစွာ ပထမသုံးဆောင်ရသော မဂ်စိတ်အား အနန္တရ သမနန္တရ-အာသေဝန-ဥပနိဿယ-နတ္ထိ-ဝိဂတဟူသော ခြောက်ခုသောပစ္စည်းတို့ဖြင့် ကျေးဇူးပြု၍ အထွတ်အထိပ်သို့ရောက်သော အကြိမ်ကြိမ် ဖြစ်ခြင်းမရှိ။ တစ်ကြိမ်သာဖြစ်သော ဂေါတြဘူ ဉာဏ်သည်။ ပရိကံ-ဥပစာ-အနုလုံ ဟူသော သုံးခုသော အနုလုံနှင့် တစ်စပ်တည်း တည်လေ၏။

ထို့နောင် ဂေါတြဘူဉာဏ်သည် ယူအပ်သောနိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူနှင့် တစ်စပ်တည်း ဖြစ်သော ဘဝသံသရာ-ဘယ်အခါကာလမှ-မခွဲဘူးမဖောက်ဘူးသော လောဘတုံးကြီးကို ဖောက်ခွဲထုချေဖျက်ဆီး၍ ဂေါတြဘူဉာဏ်၏ အဆုံး၌ ဒုက္ခသစ္စာကို ပိုင်းခြားခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုပွားခြင်း၊ မဂ်ကိစ္စလေးချက်ကို တစ်ပြိုင်နက်ပြီးစေလျက် သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုလေ၏။

ဘဝကမ္ဘာသံသရာ အဆက်ဆက် အနမတဂ္ဂ-အစမထင်၊ မမြင်နိုင်အောင် တင်ခဲ့သော ၁၅၀၀-ကိလေသာ ဟူသော ကြွေးဟောင်း၊ ရှေးဖြစ်လတ္တံ့သော အစမထင် မမြင်နိုင်အောင် ဘဝသံသရာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော ကြွေးသစ်၊ ၎င်းကိလေသာဟူသော ကြွေးဟောင်း ကြွေးသစ်တို့ကို ဖျောက်ဖျက်ဖွဲ့ဆုတ်၍ မီးဖြင့် တိုက်ရှို့လိုက်သကဲ့သို့ မဂ်တည်းဟူသောမီးဖြင့် ကြွေးဟောင်းကြွေးသစ်နှင့် တူသော ဝိတိက္ကမ–ကိလေသာ၊ ပရိယုဋ္ဌာန–ကိလေသာ၊ အနုသယကိလေသာ ဟူသမျှတို့သည် မဂ်ခဏ၌ မြူမျှမကျန် အမှန်ပျောက်ပျက်ဖျက်ဆီးလိုက်ပေ၏။

အပါယ်တံခါးပိတ်ခြင်း၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးပယ်ခြင်း၊ သူတော်ဥစ္စာ ၇-ပါးကိုယ်ပိုင်ရခြင်း၊ အရိယာမဂ္ဂင် ရှစ်ပါးရခြင်း၊ မြတ်စွာဘုရား သားတော်ရှစ်ယောက်တို့တွင် တစ်ယောက်အဝင်အပါဖြစ်ရလေ၏။

ထို့နောင် သောတာပတ္တိမဂ်စိတ်နှင့် အကြားမရှိ၊ တစ်စပ်တည်းဖြစ်ပေသော သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်ကျလေ၏။ မြတ်စွာဘုရားသားတော် ရှစ်ယောက်တို့တွင် နှစ်ယောက်အပါအဝင် ဖြစ်ရလေ၏။

နကေဝလဠ္ဌေ သမဂ္ဂေါ လောဘက္ခန္ဓာဒီနံ နိဗ္ဗိဇ္ဈနမေဝ ကရောတိ
အပိစခေါ အနမတဂ္ဂသံသာရ ဝဋ္ဋဒုက္ခ သမုဒ္ဒံ သောသေတိ
သဗ္ဗအပါယဒွါရာနိ ပိဒဟတိ သတ္တန္နံအရိယဓနာနံသမ္မုခီဘာဝံ ကရောတိ။
(ဝိသုဒ္ဓိမဂ်)

ကေဝလဋ္ဌ၊ သက်သက်လည်း။ သောဝ-သောဝမဂ္ဂေါ၊ ဤ သောတာပတ္တိသည် ပင်လျှင်။ လောဘက္ခန္ဓာဒီနံ၊ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က နှစ်သက်ယူသုံး အဆုံးတိုင်အောင် မမုန်းနိုင်ကြသော လောဘတုံးကြီးကို လောဘခဲကြီးကို။ နိဗ္ဗိဇ္ဈနမေဝ၊ အဖော်သဟဲ မခေါ်ဘဲနှင့် တစ်ယောက်ထဲထဲ

ဖောက်ခွဲခြင်းကို သာလျှင်။ ကရောတိ၊ ပြုနိုင်သည်။ န၊ မဟုတ်ပါသေး။ အပိစခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ၊ ဘဝသံသရာကမ္ဘာ အဆက်ဆက်တွင် အစမထင် မမြင်နိုင်ကြသော ဝဋ်ဆင်းရဲသမုဒ္ဒရာ အဝိဇ္ဇာကြီးကို။ သောသေတိ၊ သမုဒ္ဒရာအနေ ကိလေသာတွေကို အလိုလို ခန်းခြောက်စေ၏။ သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်လေးပါး တံခါးဟူသမျှကို။ ပိဒဟတိ၊ ပိတ်လေဆို့လေ၏။ သတ္တန္နံ အရိယမဲနာနံ၊ အမြင်မမှား၍ အရှင်ဘုရား ပေးသနားတော်မူသော ၇-ပါးသော အရိယာတို့၏ ကိုယ်ပိုင်ဥစ္စာကို။ သမ္မုခီဘာဝံ၊ မျက်မှောက်ပြုသည်၏ အဖြစ်ကို။ ကရောတိ၊ ပြုရလေ၏။ ဝါ၊ ပြုကြလေလော။

အဓိပ္ပာယ်ကား။ ။ဤသောတာပတ္တိမဂ်သည် ဘဝသံသရာက မဖောက်ခွဲခဲ့ဖူးသော လောဘတုံးကြီးကို ဖောက်ခွဲထုချေ ဖျက်ဆီးခြင်း တို့ကိုသာလျှင် ပြုသည် မဟုတ်ပါသေး။ စင်စစ်သော်ကား ဘဝကမ္ဘာ သံသရာအဆက်ဆက် အနမတဂ္ဂ အစမထင် မသိမမြင်နိုင်သော ဝဋ်ဆင်းရဲအတိ ဒုက္ခသမုဒ္ဒရာကြီးနှင့် တူလှသော။ ဝိတိက္ကမ ကိလေသာတွေ, ပရိယုဋ္ဌာ ကိလေသာတွေ, အနုသယ ကိလေသာတွေကို မဂ်စိတ်က တစ်ချက်တည်း တစ်ကြိမ်တည်း ခန်းစေ ခြောက်စေ ပျောက်စေ ပျက်စေ ကုန်စေ၏။ အလုံးစုံ အပါယ်တံခါး ဟူသမျှ တို့ကို ပိတ်လေ ဆို့လေ၏။ ၇-ပါးသော အရိယာသူတော်ကောင်းတို့၏ဥစ္စာ ကိုယ်ပိုင်ရလေ၏။

မြတ်စွာဘုရားသားတော် ရှစ်ယောက်တို့တွင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် အဋ္ဌမသားတော် ဖြစ်ပေ၏။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်သည် သတ္တမသားတော် ဖြစ်ပေ၏။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်သည် ဆဋ္ဌမသားတော် ဖြစ်ပေ၏။ သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်သည် ပဉ္စမသားတော် ဖြစ်ပေ၏။ အနာဂါမိမဂ် ပုဂ္ဂိုလ်သည် စတုတ္ထသားတော် ဖြစ်ပေ၏။ အနာဂါမိဖိုလ် ပုဂ္ဂိုလ်သည် တတိယသားတော် ဖြစ်ပေ၏။ အရဟတ္တမဂ် ပုဂ္ဂိုလ်သည် ဒုတိယသားတော် ဖြစ်ပေ၏။ အရဟတ္တဖိုလ် ပုဂ္ဂိုလ်သည် ပဌမသားတော်ကြီး ဖြစ်ကြီးဖြစ်တော်မူပေ၏။

ပြဆိုခဲ့သော မဂ်စိတ်သည် နိဗ္ဗာန်သို့ ပြေးဝင်ရာ၌ ထင်ရှားစေခြင်းငှာ မာတိကာတိက္ကမ်မာ ပုရိသောဝိယ-ဟု အဋ္ဌကထာ ပြဆိုအပ်သည်နှင့် အညီ ကျယ်သောမြောင်းကို ခုန်လွှားလိုသော ယောကျ်ားသည် အားကုန်လွှဲ၍ ပြေးလာပြီးလျှင် ဤမှာဘက်ကမ်း၌ရှိသော သစ်ပင်၏ အကိုင်းတစ်ခုကို

ဆွဲကိုင်၍ ကိုယ်ကိုနွှဲပြီးလျှင် ပစ်လိုက်ပြီးသည်နောက် သစ်ကိုင်းကိုလွှတ်လိုက်၍ ထိုမှာဘက်ကမ်း၌ တုန်တုန်ခိုက်ခိုက် တည်ရောက်ရလေ၏။

ဘဝကမ္ဘာ သံသရာအဆက်ဆက် အနမတဂ္ဂ အစမထင် မသိမမြင်နိုင်သော ခန္ဓာငါးပါးဟူသော မြောင်းကြီးကို ခုန်လွှားလိုသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယစသော ဉာဏ်စဉ်အဟုန်တို့ဖြင့် ပြေးလွှား၍ ဤမှာဘက်ကမ်းဟူသော ဘဝ ယောနိ ဂတိ သတ္တဝါသတို့၌ ပေါက်ရောက် ကြီးပွား၍နေသော ခန္ဓာငါးပါးဟူသော သစ်ပင်ကြီး၌ ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ် ဟူသော အကိုင်း တစ်ခုခုကို အနိစ္စ-ဒုက္ခ-အနတ္တဟူ၍ အနုလောမဉာဏ်ဖြင့် မဲမဲသဲသဲ စွဲမြဲစွာကိုင်၍ သမာဓိဟူသောကိုယ်ကို ပစ်လွှတ်လိုက်၍ နိဗ္ဗာန်ဟူသော ထိုမှာ ဘက်ကမ်းသို့ ဂေါတြဘူဉာဏ်အာရုံဖြင့် တုန်တုန်လှုပ်လှုပ်ရောက်၍ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် ကောင်းစွာတည်လေ၏။

ပရိကံ–ဥပစာ–အနုလုံ–ဂေါတြဘူ–သောတာပတ္တိမဂ်၏အဆုံး၊ တိက္ခပုဂ္ဂိုလ် သုံးကြိမ်၊ မန္ဒပုဂ္ဂိုလ်နှစ်ကြိမ်၊ သောတာပတ္တိဖိုလ်ဖြင့် အဇ္ဈတ္တဗဟိဒ္ဓမှထသော မဂ်ပယောဂ၊ သမ္ပပ္ပဓာန်၊ ပဋိပဿဒ္ဓိပဟာန်ဖိုလ်အကျိုး ခံစားခြင်းငှာ နိဗ္ဗာန်ကို နှစ်ကြိမ်-သုံးကြိမ်အာရုံပြု၍ ဘဝင်ကျလေ၏။

ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အဆုံး၌ ငါသည် မဂ်ကိုရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏၊ ပယ်သောကိလေသာ၊ ကြွင်း သော ကိလေသာတို့ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သောသူလည်း ရှိ၏၊ မဆင်ခြင်သောသူလည်းရှိ၏၊ ပစ္စဝေက္ခဏာဉာဏ်၏ အဆုံး၌ ဘဝင်ကျလေ၏။

ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏။ တစ်ဖန် ဥဒယဗ္ဗယဉာဏ်ကစ၍ ဝိပဿနာကို အားထုတ်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်သည် ဖြစ်အံ့။ သင်္ခါရုပေက္ခာဉာဏ်၏အဆုံး ပရိကံ-ဥပစာ-အနုလုံ-ဂေါတြဘူ-သကဒါဂါမိမဂ်-သကဒါဂါမိဖိုလ် ပစ္စဝေက္ခဏာဉာဏ်စဉ်အတိုင်း ဖြစ်၏။ ပစ္စဝေက္ခဏာဉာဏ်၏အဆုံး ဘဝင်ကျလေ၏။

ဘဝင်မှထ၍ အာဝဇ္ဇန်း၏ အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်၏၊ လ၊ ဤသို့ သောတာပန်-သကဒါဂါမ်-အနာဂါမ်-ရဟန္တာ ဤလေးယောက်လုံးပင် မဂ်-ဖိုလ်-နိဗ္ဗာန်ကို ဆင်ခြင်ပြီး၍ ဥဒယဗ္ဗယဉာဏ်ဖြင့် တည်မြဲ တည်လေ၏။

သောတာပတ္တိမဂ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်ကို အကျိုးပေးရာမှာ–

အတ္တနော ဖလဒါနံ သန္ဓာယ နဿ ကာလောတိ အကာလော
အကာလောယေဝ အကာလိကော နပဉ္စာဟ ဆဋ္ဌာဟာဒိဘေဒံ
ကာလံ ခေပေတွာ ဖလံ ဒေတိ အတ္တနော ပန ပဝတ္တိ
သမနန္တရမေဝ ဖလံ ဒေတိ။ (ဝိသုဒ္ဓိမဂ်)

အဿ၊ ထိုမဂ်လေးပါးအား။ ဝါ၊ မဂ်ကိုရသောပုဂ္ဂိုလ်အား။ အတ္တနော၊ မိမိဟုဆိုအပ်သော မဂ်၏။ ဖလဒါနံ၊ ဖိုလ်ဟူသော အကျိုးပေးခြင်းကို။ သန္ဓာယ၊ ရည်ရွယ်၍။ ကာလော၊ ငံ့လင့်သော အခါကာလသည်။ ဝါ၊ ရပ်ဆိုင်း တန့်နား၍နေသော အခါကာလသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အကာလော၊ အကာလမည်၏။ အကာလောယေဝ၊ ငံ့လင့်သော ကာလမရှိသော မဂ်လေးပါးသည် သာလျှင်။ အကာလိကော၊ အကာလိက မည်၏။ ပဉ္စာဟဆဋ္ဌာဟာဒိဘေဒံ၊ ငါးရက် ခြောက်ရက် စသည် အပြားရှိသော။ ကာလံ၊ ငံ့လင့်သောအခါကာလကို။ ဝါ၊ ရပ်ဆိုင်း တန့်နား၍နေသော အခါကာလကို။ ခေပေတွာ၊ ကုန်ခမ်းပျောက်ဆုံးစေ၍။ ဖလံ၊ ဖိုလ်ကို။ နဒေတိ၊ မပေး။ အတ္တနောပန၊ မိမိဟူသောမဂ်၏ကား။ ပဝတ္တိသမနန္တရမေဝ၊ မဂ်ဖြစ်သည်၏ အခြားမရှိသော ကာလ၌သာလျှင်။ ဖလံ၊ ဖိုလ်ကို။ ဒေတိ၊ ပေး၏။

**အဓိပ္ပာယ်ကား။** ။မဂ်လေးပါးအား မိမိဟူသောမဂ်၏ ဖိုလ်ဟူသော အကျိုးပေးခြင်းကို ရည်ရွယ်၍ ငံ့လင့် ရပ်ဆိုင်း၍နေသော အချိန်ကာလမရှိ။ ထို့ကြောင့် အကာလောဟု ဆိုရပေ၏။ ငံ့လင့်ရပ်ဆိုင်း၍ အခါကာလမရှိသော မဂ်လေးပါးသည်သာလျှင် အကာလိကောဟု ဆိုရပေ၏။

ငါးရက် ခြောက်ရက် စသည်အပြားရှိသော ငံ့လင့်ရပ်ဆိုင်း တန့်နား၍ အခါကာလကို ကုန်စေ၍ ဖိုလ်ကိုမပေးနိုင်ပါ။ မဂ်ဖြစ်သည်၏ အခြားမရှိသော ကာလ၌သာလျှင် ဖိုလ်ကိုပေးရလေ၏။ ဒါန-သီလ-ဘာဝနာ ကုသိုလ်ကောင်းမှု ပြုကြလျှင် အကာလိကော အခါမလင့် အကျိုးကိုပေးသည်ဟု ဟောပြော ကြသည့်စကားမှာ မသင့်လျော်ချေ။ အကာလိကောအရမှာ ပြဆိုခဲ့သော အတိုင်း၊ မဂ်နှင့် ဖိုလ်၏အကြား အခြားမရှိ၊ တစ်စပ်တည်းဖြစ်ကြ၍ မဂ်ဆိုလျှင် ဖိုလ်သို့ကူးမြဲ မလွဲအမှန်ဖြစ်သည်ကို အကာလိကောဟူ၍ ယုံကြည်လေးမြတ်စွာ မှတ်ယူသင့်ကြပေကုန်လော။

သတ္တက္ခတ္တုပရမ သောတာပန်ကို မုဒိန္ဒြိယသောတာပန် ခေါ်သည်။ ကောလံကောလသောတာပန်ကို မဇ္ဈိန္ဒြိယသောတာပန်ဟု ခေါ်သည်။ ဧကဗီဇ သောတာပန်ကို တိက္ခိန္ဒြိယသောတာပန်ဟု ခေါ်သည်။

သတ္တက္ခတ္တုံ ပရမံ တေသာတိ သတ္တက္ခတ္တုပရမော။
(ပုဂ္ဂလပညတ်အဋ္ဌကထာ)

တေသ၊ ထိုမုဒိန္ဒြိယ သောတာပန်အား။ သတ္တက္ခတ္တုံ-သတ္တက္ခတ္တုဝါရေသု၊ ၇-ကြိမ်တို့၌။ ကာမသုဂတိယံ၊ ကာမသုဂတိ ၇-ဘုံ၌။ ပဋိသန္ဓိဂဟဏံ၊ ပဋိသန္ဓေယူခြင်း နေခြင်းသည်။ ပရမံ ပမာဏံ၊ အတိုင်းအရှည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုမုဒိန္ဒြိယသောတာပန်သည်။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန်မည်၏။

**အဓိပ္ပာယ်ကား**။ ။ထိုမုဒိန္ဒြိယသောတာပန်သည် ဉာဏ်နုံ့နှေးသော ဣန္ဒြေရှိသော သောတာပန်အား ၇-ကြိမ် ကာမသုဂတိဘုံ၌ပဋိပန္ဓေနေခြင်း, အတိုင်းအရှည်ရှိ၏။ မဇ္ဈိန္ဒြိယသောတာပန်သည် အလယ်အလတ်ဉာဏ်ပညာ ဣန္ဒြေရှိသော သောတာပန်အား ကောလံလောလဟု ခေါ်ဆိုရ၏။ နှစ်ဘဝက ခြောက်ဘဝ အထိ ပဋိသန္ဓေယူ၏။ တိက္ခိန္ဒြိယ သောတာပန်သည် ဉာဏ်ပညာထက်သော ဣန္ဒြေရှိသော သောတာပန်အား ဧကဗီဇ သောတာပန်ဟု ခေါ်ဆိုရ၏။ တစ်ဘဝ ပဋိသန္ဓေယူ၏။

ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးက ဥဃ္ဃာဋိတညူပုဂ္ဂိုလ်သည် ဧကဗီဇသောတာပန်ဟု ခေါ်ဆိုရ၏။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်သည် ကောလံကောလ သောတာပန်ဟု ခေါ်ဆိုရ၏။ နေယျပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန်ဟု ခေါ်ဆိုရ၏ဟု ဟောတော်မူသည်။

သောတာပန်တို့သည် အထက်ရူပဘုံ, အရူပဘုံတို့၌လည်း ဖြစ်နိုင်သေးပေသည်။

ရူပါရူပသုဂတိဘဝံပန သတ္တဝါရတော ပရံ ဂစ္ဆတီတိ အာစရိယာ ၎င်းပါဠ်ကို ထောက်၍ သိလောက်ပေပြီ။

သောတာပန်သုံးမျိုး ပြဆိုရာ၌ လူ့ပြည်မှာသက်သက် ၇-ဘဝ နေသည်။ နတ်ပြည်မှာသက်သက် ၇-ဘဝနေသည်။ ၎င်းသောတာပန် တစ်မျိုး၊ လူ့ပြည်

နတ်ပြည်ရောၡ် ၇ ဘဝနေသော သောတာပန်တစ်မျိုး။ ဝဋ္ဋာဘိရတ၊ ဝဋ်၌ပျော်မွေ့သော သောတာပန်တစ်မျိုး။ ထိုသုံးမျိုးတို့တွင် လူ့ပြည်,နတ်ပြည်ရောၡ် ၇-ဘဝ ခနသော သောတာပန်ကို သတ္တက္ခတ္တုပရမ သောတာပန်ဟု မှတ်ယူရပေမည်။ ဤကား ပုဂ္ဂလပညတ်အဋ္ဌကထာ၌ လာသောစကားပေတည်း။

သတ္တက္ခတ္တု ပရမော ဘဝူပပတ္တိ အတ္တဘာဝ ဂဟဏံ
အဿ တတောပရံ အဋ္ဌမံ နာဒိယတီတိ သတ္တက္ခတ္တု ပရမော။
(ပုဂ္ဂလပညတ် အဋ္ဌကထာ)

အဿ၊ ထိုသောတာပန်အား။ သတ္တက္ခတ္တုပရမော၊ ၇-ကြိမ်လျှင် အပိုင်းအခြားရှိသော။ ဘဝူပပတ္တိ၊ ပဋိသန္ဓေနေခြင်းသည်။ အတ္တဘာဝဂဟဏံ၊ အတ္တဘောကိုယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို ၇-ကြိမ် ဘဝထက်။ ပရံ၊ အလွန်၊ အဋ္ဌမံ၊ ရှစ်ကြိမ်ကို။ ဝါ၊ ရှစ်ဘဝကို။ နာဒိယတိ၊ န အာဒိယတိ၊ မယူ။ ဣတိတသ္မာ၊ ထို့ကြောင့်။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

အယံ ပန ကာလေန ဒေဝလောကဿ ကာလေန
မနုဿ လောကဿ ကာလေန မိဿကဘာဝေန
ကထိတောတိ ဝေဒိတဗ္ဗော။ (ပုဂ္ဂလပညတ်အဋ္ဌကထာ)

အယံပန၊ ဤသတ္တက္ခတ္တုပရမ သောတာပန်ကိုကား။ ကာလေန၊ ရံခါ။ ဒေဝလောကဿ၊ နတ်ပြည်၏လည်းကောင်း၊ ကာလေန၊ ရံခါ။ မနုဿလောကဿ၊ လူ့ပြည်၏ လည်းကောင်း။ ကာလေန၊ ရံခါ။ မိဿကဘာဝေန၊ နတ်ပြည်,လူ့ပြည်နှင့်ရောသော ဘဝဖြင့်။ ကထိတော၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤကား သတ္တက္ခတ္တု ပရမသောတာပန်တည်း။

ယောပိ မနုဿေသုယေဝ သံသရိတွာ အရဟတ္တံ
ပါပုဏာတိ ယောပိ ဒေဝလောကေ နိဗ္ဗတ္တော
ဒေဝေသုယေဝ သတ္တက္ခတ္တုံ အပရာပရံ
သံသရိတွာ အရဟတ္တံ ပါပုဏာတိ
ဣမေပိ ဣမ နဂဟိတာ။ (ပုဂ္ဂလပညတ်အဋ္ဌကထာ)

ယောပိ၊ အကြင် သောတာပန်သည်လည်း။ မနုဿေသုယေဝ၊ လူ့ပြည်တို့၌သာလျှင်။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သံသရိတွာ၊ ကျင်လည်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ ယောပိ၊ အကြင်သောတာပန်သည်လည်း။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တော၊ ဖြစ်စေလျက်။ ဒေဝေသုယေဝ၊ နတ်ပြည်တို့၌သာလျှင်။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ အပရာပရံ၊ အဆက်ဆက်။ သံသရိတွာ၊ ကျင်လည်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဣမေပိ၊ ဤသောတာပန်တို့ကိုလည်း။ ဣဓ၊ ဤသတ္တက္ခတ္တု ပရမသောတာပန်ကိုပြဆိုရာ၌။ နဂဟိတာ၊ မယူအပ် မယူထိုက်။

သတ္တက္ခတ္တုပရမ သောတာပန်ကိုရည်၍ နတေ ဘဝံ အဋ္ဌမံ မာဒိယန္တိဟု ရတနသုတ်၌ ဟောတော်မူ၏။ သတ္တမဘဝေပနံ ဇဝံ ဘဂဝါ၊ သတ္တက္ခတ္တုပရမဝသေန သံသရတနယာ ဂုဏံ။

သတ္တမဘဝေပန၊ ၇-ဘဝ၌ကား။ ဇဝံ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သတ္တက္ခတ္တုပရမဝသေန၊ သတ္တက္ခတ္တုပရမ သောတာပန်၏ အစွမ်းဖြင့်။ သံသရတနယာ၊ သံသာဂုဏ်ကို။ ဝုတ္တံ၊ မြတ်စွာဘုရားသည် ဟောတော်မူ၏။

သတ္တက္ခတ္တုပရမ သောတာပန်ကိုရည်၍ ပြဆိုရာ၌။ ဝဋ္ဋာဘိရတ၊ ဝဋ်၌ပျော်မွေ့သော သောတာပန်ရှိခြင်းကြောင့် ပြဆိုရပေသည်။

ကေစ္စော ဟိ သောတာပန္နော ဝဋ္ဋဇ္ဈာသယော ဟောတိ။
ဝဋ္ဋာဘိရတော ပုနပ္ပုနံ ဝဋ္ဋသ္မိံယေဝ ဝိစရတိ
သန္ဒိဿတိ အနာထပိဏ္ဍိကသေဋ္ဌိ ဝိသာခါ ဥပါသိကာ
စူဠရထ မဟာရထ ဒေဝပုတ္တာ အနေကဝဏ္ဏော ဒေဝပုတ္တော
သက္ကော ဒေဝရာဇာ နာဂဒတ္တော ဒေဝပုတ္တောတိ ဣမေဟိ
ဇွေ့ကာဇနာ ဝဋ္ဋဇ္ဈာသယာ ဝဋ္ဋာဘိရတာ အာဒိတော
ပဋ္ဌာယ ဆဒေဝလောကံ သောဓေတွာ အကနိဋ္ဌေ
ဌတွာ ပရိနိဗ္ဗာယိဿန္တိ၊ ဣမေ ဣဓ နဂဟိတာ။

(ပုဂ္ဂလပညတ်အဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ ကေစ္စော၊ အချို့သော။ သောတာပန္နော၊ သောတာပန်သည်။ ဝဋ္ဋဇ္ဈာသယော၊ ဝဋ်၌အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋာဘိရတော၊ ဝဋ်၌ပျော်မွေ့သည်။ ဟောတိ၊ ဖြစ်၏။ ပုနပ္ပုနံ၊ အဖန်တစ်လဲလဲ။ ဝဋ္ဋသ္မိံယေဝ-ဝဋ်၌သာလျှင်။ ဝိစရတိ၊ ကျင်လည်၏။ သန္ဒိဿတိ၊ ထင်၏။ အနာထပဏ္ဍိက

သေဋ္ဌိ၊ အနာထပိဏ်သူဌေး လည်းကောင်း။ ဝိသာခါ ဥပါသိကာ၊ ဝိသာခါမ လည်းကောင်း။ စူဠရတ္ထမဟာ ရတ္ထဒေဝပုတ္တာ၊ စူဠရတ္ထနတ်သား၊ မဟာရတ္ထ နတ်သားလည်းကောင်း။ အနေကဝဏ္ဏောဒေဝပုတ္တော၊ အနေကဝဏ္ဏနတ်သား လည်းကောင်း။ သက္ကောဒေဝရာဇာ၊ သိကြားမင်းလည်းကောင်း။နာဂဒတ္တော-ဒေဝပုတ္တော၊ နာဂဒတ္တနတ်သားလည်းကောင်း။ ဣတိ၊ ဤသို့။ဧတ္တကာ၊ ဤမျှ အတိုင်းအရှည်ရှိကုန်သော။ ဣမေဇနာ၊ ဤသူတို့သည်။ ဝဋ္ဋဇ္ဈာသယာ၊ ဝဋ်၌ အလိုရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝဋ္ဋာဘိရတာ၊ ဝဋ်၌ပျော်မွေ့ကြ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အာဒိတော၊ အစဖြစ်သော စတုမဟာရာဇ် ဘုံမှ။ ပဋ္ဌာယ၊ အစပြု၍၊ ဆဒေဝလောကံ၊ နတ်ပြည်ခြောက်ထပ်ကို။ သောဓေတွာ၊ အစဉ်အတိုင်း သုတ်သင်၍။ ဝါ၊ အစဉ်အတိုင်းနေ၍။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌။ ဌတွာ၊ တည်နေ၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့။ ဣမေ၊ ဤပြဆိုခဲ့သော အနာထပိဏ်သူဌေးစသော ၇-ယောက်သော သောတာ ပန်တို့ကို။ ဣဓ၊ ဤသတ္တက္ခတ္တုပရမ သောတာပန်ကိုပြဆိုရာ၌။ နဂဟိတာ၊ မယူ အပ်၊ မယူထိုက်ကုန်။

၎င်းပါဠ်၌ အနာထပိဏ်သူဌေးစသော ၇-ယောက်သော သောတာပန်တို သည် သတ္တက္ခတ္တုပရမသောတာပန်မျိုး မဟုတ်ပေ။ ကျေးဇူးရှင် ဖြစ်တော်မူ သော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက အနာထပိဏ်၊ ဝိသာခါမ စသော သောတာပန်မျိုးတို့သည် ဘဝကမ္ဘာ သံသရာလွန်မင်းစွာ ရှည်လျား များပြားလေတော့သည်။ ဘာတိုတိုနှင့် နိဗ္ဗာန်သို့ဝင်ရအောင် မဲမဲသဲသဲ အား ကုန်ခဲလိုက်ကြဟု မိန့်တော်မူသတည်း။ အနာထပိဏ်သူဌေး ဝိသာခါမစသော ၇-ယောက်သော သောတာပန်တို့မှာ ဘုံစဉ်စံဖြစ်ကြ၍ သုဒ္ဓါဝါသ-အကနိဋ္ဌဘုံ ရောက်လျှင် ပရိနိဗ္ဗာန်စံယူတော်မူကြကုန်လတ္တံ့။

သုဒ္ဓါနံ ဝါသော သုဒ္ဓဝါသော။ သုဒ္ဓါနံ၊ ကိလေသာတို့မှ စင်ကြယ်သော ပုဂ္ဂိုလ်တို့၏။ ဝါသော၊ နေရာတည်း။ သုဒ္ဓဝါသော၊ ကိလေသာတို့မှ စင်ကြယ် သော ပုဂ္ဂိုလ်တို့၏နေရာ။

၎င်းဘုံသို့ ရောက်ကြသော ပုဂ္ဂိုလ်တို့သည် အခြားဘုံသို့ မကူးမရောက် ကောင်း။ ဤသုဒ္ဓါဝါသဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်ယူမြဲ ဓမ္မတာဖြစ်ပေသည်။ ပြဆိုခဲ့ သော ၇-ယောက်သော သောတာပန်တို့သည် ဝဋ္ဋဇ္ဈာသယ-ဝဋ္ဋာဘိရတ ဟူသော ပါဠ်ကိုထောက်သဖြင့် အထက်အထက် အရူပဘုံသို့ ရောက်လိုသောဆန္ဒ

ရှိသင့်ပေသည်။ သုဒ္ဓါဝါသဘုံက အခြားဘုံသို့ မကူးမရောက်နိုင်သောကြောင့် သာ ၎င်းဘုံ၌ ပရိနိဗ္ဗာန်ယူကြပေကုန်သည်ဟု ဆရာတော်ဘုရားကြီးက မိန့်ကြား တော်မူပေသည်။

> သောတာပတ္တိ ဖလသစ္ဆိကိရိယတော ဟိ ပဋ္ဌာယ နိစ္စကုလေ
> ဥပ္ပတ္တိ နာမ နတ္ထိ မဟာဘောဂိ ကုလေသုယေဝ
> နိဗ္ဗတ္တတိ အတ္ထော။ (ပုဂ္ဂလပညတ်အဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ သောတာပတ္တိဖလသစ္ဆိကိရိယတော၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသည်မှ။ ပဋ္ဌာယ၊ အစပြု၍။ နိစ္စကုလေ၊ နှိမ့်ချယုတ်ညံ့သော အမျိုး၌။ ဥပ္ပတ္တိနာမ၊ ဖြစ်ရသည် မည်သည်။ နတ္ထိ၊ မရှိကောင်း။ မဟာဘောဂိ ကုလေသု ယေဝ၊ များသောစည်းစိမ်ရှိသော အမျိုး၌သာလျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်ရ လေ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

အဓိပ္ပာယ်ကား။ ။ထိုစကားသည် မှန်ပေ၏။ သောတာပတ္တိဖိုလ်ကို မျက် မှောက်ပြုသည်ကစ၍ ဖြစ်လေရာရာ ဘဝသံသရာတို့၌ နှိမ့်ချယုတ်ညံ့သောအမျိုး၌ ဘယ်ဘဝ ဘယ်အခါမှ မဖြစ်ကောင်းပေ။ များသောစည်းစိမ်ဥစ္စာ ရတနာတို့၌ ကြွယ်ဝချမ်းသာ၍ မြင့်မြတ်သော ရတနာသုံးပါးတို့၌ ရိုသေလေးမြတ်လှသော အမျိုးကောင်းဝမ်း၌ တည်နေ၍ ခံစားစံစားပြီးမှ ပရိနိဗ္ဗာန် စံတော်မူရပေ ကုန်သတည်း။

ကုလတော ကုလံ ဂစ္ဆတီတိ ကောလံ ကောလော။ ။ယော၊ အကြင် သော တာပန်သည်။ ကုလတော၊ မြင့်မြတ်သောအမျိုးမှ။ ကုလံ၊ မြင့်မြတ်သော အမျိုးသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထို သောတာပန်သည်။ ကောလံကောလော၊ ကောလံကောလမည်၏။

အယမ္ပိ မိဿကဝသေနေဝ ကထိတော။ ။အယမ္ပိ၊ ဤကောလံကောလ သောတာပန်ကိုလည်း။ မိဿကဝသေနေဝ၊ လူဘဝ,နတ်ဘဝ ရောသည်၏ အစွမ်းဖြင့်သာလျှင်။ ကထိတော၊ ဘုရားရှင် ဟောတော်မူအပ်၏။

အဓိပ္ပာယ်ကား။ ။ဤကောလံကောလ သောတာပန်သည် နှစ်ဘဝကစ၍ ခြောက်ဘဝအထိ လူဘဝ,နတ်ဘဝ တလှည့်စီနေသော သောတာပန်ကို ကော လံကောလ ခေါ်ဆိုရပေသည်။

ပါဠိတော်၌ ဒွေဝါ တီဏိဝါဟု နှစ်ဘဝ သုံးဘဝ ဟောတော်မူရာ၌ ဒေသနာ မတ္တမျှသာဖြစ်၍ နှစ်ဘဝကစ၍ ခြောက်ဘဝအထိ မှတ်ယူသင့်သည်။ ထို့ကြောင့်—

ဒေသနာ မတ္တမေဝ စေတံ ဒွေဝါ တီဏိဝါတိ ယာဝ ဆဋ္ဌမဘာဝါ
သံသရန္တောပိ ပန ကောလံကောလော ဟောတိ။ (အဋ္ဌကထာ)

ဒွေဝါတီဏိ ဝါတိစေတံ၊ ဒွေဝါ တီဏိဝါ၊ ဟူသော ပါဠိတော်စကားသည်။ ဒေသနာမတ္တမေဝ၊ ဟောတော်မူအပ်သော ဒေသနာမျှသာလျှင်တည်း။ ယာဝ ဆဋ္ဌမဘာဝါ၊ အကြင်ခြောက်ဘဝတိုင်အောင်။ သံသရန္တော၊ လူဘဝ,နတ်ဘဝ ရောနှော၍ ကျင်လည်ရသော သောတာပန်သည်လည်း။ ကောလံကောလော၊ ကောလံကောလ သောတာပန်သာလျှင်တည်း။

ယဿ ဟိ သောတာပန္နဿ ဧကံ ယေဝ ခန္ဓဗီဇံ
အတ္ထိ ဧကံ အတ္တဘာဝဂ္ဂဟဏံ သော ဧက ဗီဇီနာမ။

ဟိ၊ ထင်စွာပြဦးအံ့။ ယဿ၊ အကြင်သောတာပန်အား။ ဧကံယေဝ၊ တစ်ဘသာလျှင်ဖြစ်သော။ ခန္ဓဗီဇံ၊ ပဋိသန္ဓေဟူသော မျိုးစေ့သည်။ ဧကံ၊တစ်ကြိမ်သော။ အတ္တဘာဝဂ္ဂဟဏံ၊ အတ္တဘောကို ယူခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုသောတာပန်သည်။ ဧကဗီဇီနာမ၊ ဧကဗီဇသောတာပန်မည်၏။

ဧကဗီဇ သောတာပန်ကိုလည်း လူဘုံ၌ တစ်ဘဝသာဟု ဟောတော်မူသော် လည်း နတ်ပြည်၌ တစ်ဘဝဖြစ်သည်ကိုလည်း ယူအပ်၏။

မနုဿဘဝန္တိ ဣဒံ ပနေတ္ထ ဒေသနာမတ္တမေဝ
ဒေဝေ ဘဝံ နိဗ္ဗတ္တေတီတိပိ ဝတ္တုံ ဝဋ္ဋတိယေဝ။

ဧတ္ထ၊ ဤဧကဗီဇ သောတာပန်ကိုပြဆိုရာ၌။ မနုဿဘဝန္တိ ဣဒံ၊ မနုဿ ဘဝံဟူသော ဤစကားသည်။ ဒေသနာမတ္တမေဝ၊ ဒေသနာမျှသာလျှင်တည်း။ ဒေဝေဘဝံ နိဗ္ဗတ္တေတီတိ၊ ဒေဝေဘဝံ နိဗ္ဗတေတိ၊ ဟူ၍။ ဝတ္တုံ၊ အဋ္ဌကထာ ဆရာပြဆိုခြင်းငှာ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာလျှင်တည်း။ ဤကား အဋ္ဌ-ကထာအလိုတည်း။

သတ္တက္ခတ္တုပရမသောတာပန်၊ ကောလံကောလ သောတာပန်၊ ဧကဗီဇ သောတာပန် ဤသောတာပန် သုံးမျိုးကို အသီးအခြားထား၍ ဟောကြားတော်မူရာ၌ ဝိပဿနာကို ရှုမှတ်ပွားများ အားထားသောအခါ ဉာဏ်ထက်သန်

သည်အလျောက် ပြဆိုခဲ့သော မုဒိန္ဒြိယ၊ မဇ္ဈိန္ဒြိယ၊ တိက္ခိန္ဒြိယ အစဉ်အတိုင်း အမည်အားဖြင့် ဘုရားရှင် ဟောကြားတော်မူပေသည်။

ဤသောတာပန် သုံးမျိုးတို့သည် အမှတ်မရှိ ဝိပဿနာဉာဏ် ထက်သန်အား ကြီးသည်ကိုစွဲ၍ အမည်အားဖြင့် ဟောကြားတော်မူသတည်း။

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးက ဤသော တာပန်သုံးမျိုးထဲက အမှတ်မရှိ ဘယ်သောတာပန်မဆို ဝိပဿနာကို ရှုမှတ်ပွား များအားထားရာ၌ ဘတ္တေကရတ္တိသုတ်ပါဠိတော်၌ ဘုရားရှင် ဟောကြားတော်မူ သောအတိုင်း နေ့ညဉ့်မလပ် အာရဒ္ဓဝီရိယ မပျက်သောလုံ့လဖြင့် မဲမဲသဲသဲ အမြဲ စိတ်မှာစွဲ၍ အားခဲကာ ရှုမှတ်ပွားများအားထားကြပါလျှင် ယခုဘဝ၌ပင်လျှင် ဘယ်သောတာပန်မဆို အထက်အထက်မဂ်များကို ရောက်နိုင် ရနိုင်တော့ပေသည် ဟူ၍ ဟောကြားတော်မူပေသတည်း။

သစေဟိ ဥပရိတိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ ဗလဝတီ ဟောတိ
ကောဝိဇီနာမ ဟောတိ တတော မန္ဒတရာယ
ကောလံ ကောလော တတော မန္ဒတရာယ သတ္တက္ခတ္တု ပရမော။
(မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ)

ဟိယသ္မာ၊ အကြင်ကြောင့်၊ ဥပရိတိဏ္ဏံ မဂ္ဂါနံ၊ အထက်မဂ် သုံးပါးတို့၏။ ဝိပဿနာ ရှုမှတ်ပွားများ အားထားသော ဝိပဿနာ ဉာဏ်သည်။ ဗလဝတီ၊ ထက်သန်ကြီးပွားအားထားခြင်းများသည်။သစေဟောတိ၊အကယ်၍ ဖြစ်ပါအံ့။ ကောဝိဇီနာမ၊ ကောဝိဇသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုကောဝိဇအောက်။ မန္ဒတရာယ၊ နုံ့သော ရှုမှတ်ပွားများ အားထားသော ဝိပဿနာဖြင့်။ ကောလံကောလော၊ ကောလံကောလ သောတာပန်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုကောလံကောလအောက်။ မန္ဒတရာယ၊ နုံ့သော ရှုမှတ်ပွားများအားထားသော ဝိပဿနာဖြင့်။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တု ပရမသောတာပန်သည်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ်ကား လွယ်၏။

ဤသို့ ပြဆိုခဲ့သော သောတာပန် သုံးမျိုးတို့ကို ဘဝအပိုင်းအခြားနှင့်တကွ ဟောပြရခြင်းသည်ကား ကာမဘုံ၌ဖြစ်သော သောတာပန်ကို ရည်၍ ဟောတော် မူပေသည်။ ရူပဘုံ အရူပဘုံ တို့၌ ဖြစ်ကြကုန်သော သောတာပန်တို့သည်ကား ဘဝအရာ ဘဝအထောင် ဘဝအသောင်းမက ပဋိသန္ဓေ နေကြလေကုန်၏။

ဣမေတယော သောတာပန္နာ ကာမဘဝ ဝသေနဝုတ္တာ
ရူပါရူပဘဝေပန ဗဟုကာပိ ပဋိသန္ဓိယော ဂဏှန္တိ။
(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

တယော၊ သတ္တက္ခတ္တုပရမ၊ ကောလံကောလ၊ ဧကဗီဇ ဖြစ်ကြကုန်သော။ ဣမေသောတာပန္နာ၊ ဤသောတာပန်သုံးမျိုးတို့ကို။ ကာမဘဝ ဝသေန၊ ကာမဘုံ၌ဖြစ်သည်၏ အစွမ်းဖြင့်။ ဝုတ္တာ၊ ဘုရားရှင်ဟောတော်မူအပ်ကုန်၏။ ရူပါရူပဘဝေပန၊ ရူပဘုံအရူပဘုံ၌ကား ဗဟုကာပိ၊ ဘဝအရာ၊ ဘဝအထောင်အသောင်း မက များစွာလည်း ဖြစ်ကုန်သော။ပဋိသန္ဓိယော၊ ပဋိသန္ဓေတို့ကို။ ဂဏှန္တိ၊ ယူနိုင်ကြပေကုန်၏။ အဓိပ္ပာယ်ကား လွယ်၏။

အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။ ။အနာဂါမိနောပန၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား။ သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသဘုံတို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤသို့ အဋ္ဌကထာဆရာ အရှင်အနုရုဒ္ဓါက အနာဂါမ်တို့သည် သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြကုန်၏ ဆိုသော်လည်း သုဒ္ဓါဝါသဘုံမှကြွင်းသော ရူပဘုံ့အရူပဘုံတို့၌ ဖြစ်နိုင်ကြပေကုန်၏။

အနာဂါမိနောပန ရူပါ ရူပရာဂါနံ အပ္ပဟီနတ္တာ
အာကင်္ခမာနာ သေသရူပါရူပ ဘဝေသုပိ နိဗ္ဗတ္တိ
သုဒ္ဓါဝါသေ နိဗ္ဗတ္တာ ပန အညတ္ထ နိဗ္ဗတ္တိ။
(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

အနာဂါမိနောပန၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား။ ရူပါရူပရာဂါနံ၊ ရူပရာဂ အရူပရာဂတို့ကို။ အပဟီနတ္တာ၊ မပယ်မခွာအပ်ကုန်သေးသည်၏ အဖြစ်ကြောင့်။ အာကင်္ခမာနာ၊ အလိုရှိကုန်သည်ရှိသော်။ သေသရူပါ ရူပဘဝေသုပိ၊ သုဒ္ဓါဝါသ ဘုံမှကြွင်းကုန်သော ရူပဘုံ အရူပဘုံတို့၌လည်း။ နိဗ္ဗတ္တိ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သုဒ္ဓါဝါသေ၊ သုဒ္ဓါဝါသဘုံ၌။ နိဗ္ဗတ္တာပန၊ ဖြစ်သောအနာဂါမ်ပုဂ္ဂိုလ် တို့သည်ကား။ အညတ္ထ၊ တစ်ပါးသောဘုံ၌။ နနိဗ္ဗတ္တန္တိ၊ မဖြစ်နိုင်ကုန်။ အဓိပ္ပာယ်ကား လွယ်၏။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ မဖြစ်နိုင်ရခြင်းကား ကာမရာဂသံယော ဇဉ်ကိုပယ်ခွာ၍ ထားသောကြောင့်ပေတည်း။

တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ
အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိ ပရာယနော။
(သံယုတ်ပါဠိတော်)

သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တိဏ္ဏံသံယောဇနာနံ၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ် သုံးပါးတို့၏။ ပရိက္ခယာ၊ ကုန်ဆုံးခြင်းကြောင့်။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ အပါယ်လေးပါးသို့ ကျရောက်ခြင်း သဘောမရှိ။ နိယတော၊ မြဲသောဂတိ ရှိ၏။ သမ္ဗောဓိပရာယနော၊ အထက်မဂ်သုံးပါးကိုရခြင်းငှာ အားသားခြင်း လဲလျောင်းရာရှိပေ၏။

သောတာပတ္တိ မဂ္ဂေန ဟိ စတ္တာရိ ဒိဋ္ဌိဂတသမ္ပယုတ္တာနိ
ဝိစိကိစ္ဆာ သဟဂတန္တိ ပဉ္စစိတ္တာနိ ပဟီယန္တိ။
(အဋ္ဌသာလိနီ)

ဟိသစ္စံ၊ မှန်ပါ၏။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ ဝါ၊ သောတာပတ္တိမဂ်ဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တာနိ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့ကို လည်းကောင်း။ ဝိစိကိစ္ဆာ သဟဂတံ၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်လည်းကောင်း။ ဣတိ၊ ဤသို့၊ ပဉ္စ၊ ငါးပါးကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ ဝါ၊ စိတ်တို့သည်။ ပဟီယန္တိ၊ ပယ်ကုန်၏။

သကဒါဂါမိ မဂ္ဂေန စတ္တာရိ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တာနိ
ဒွေဒေါမနဿသဟဂတာနီတိ ဩဠာရိက ကာမရာဂ
ဗျာပါဒဝသေန ဆစိတ္တာနိ ပဟီယန္တိ။ (အဋ္ဌသာလိနီ)

သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်သည်။ စတ္တာရိ၊ လေးပါးကုန်သော။ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တာနိ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့ လည်းကောင်း။ ဒွေ၊ နှစ်ပါးကုန်သော။ ဒေါမနဿ သဟဂတာနိ၊ ဒေါမနဿသဟဂုတ် စိတ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဩဠာရိကကာမရာဂဗျာပါဒဝသေန၊ ရုန့်ရင်းသော ကာမရာဂဗျာပါဒ၏ အစွမ်းဖြင့်။ ဆ၊ ခြောက်ပါးကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ ဝါ၊ စိတ်တို့သည်။ ပဟီယန္တိ၊ ပယ်ကုန်၏။

**အဓိပ္ပာယ်ကား။** ။သကဒါဂါမိမဂ်သည် လေးပါးကုန်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့ လည်းကောင်း။ နှစ်ပါးကုန်သော ဒေါမနဿသဟဂုတ်စိတ်လည်းကောင်း။ ဤသို့ ရုန့်ရင်းသော ကာမ-ရာဂ-ဒေါသ၏ **အစွမ်းဖြင့်** ပြဆိုခဲ့သော

ခြောက်ပါးကုန်သော စိတ်တို့ကို ပယ်ခွာကုန်၏ဆိုသော်လည်း တနည်းအားဖြင့် နည်းပါးသည်ထက် နည်းပါးလေအောင် ပယ်သည်ခွါသည်ဟု ဆိုလိုသည်။

သောတာပန်ပုဂ္ဂိုလ်တို့သည် ငါ့ကိုယ်-ငါ့ဟာ-ငါ့လင်-ငါ့သား-ငါ့မယားဟု စွဲလမ်းမမှား အကျိတ်အခဲထား၍ မှတ်သားတတ်သော သက္ကာယဒိဋ္ဌိ ၂၀၊ ကုသိုလ်ကြောင့် ဘဝမြဲသည်၊ ဘဝပြတ်သည် စသည်တို့ဖြင့် အမြင်မှားသော အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါး။ ကုသိုလ်, အကုသိုလ် အကြောင်းကင်းလျက် ဘဝမြဲသည် ဘဝပြတ်သည်ဟု အမြင်မှားသော ဒိဋ္ဌိကြီး ၁၀ ပါး၊ ဤမျှားစွာသော ဒိဋ္ဌိတို့နှင့် ယှဉ်သောစိတ်ကို ပယ်ပြီး-ခွာပြီး--စွန့်ပြီး ဖြစ်ရလေ၏။

ထို့ကြောင့် ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာ-ငါ့လင်-ငါ့သား-ငါ့မယားဟု စွဲလမ်းယူမှား အကျိတ်အခဲမထားခြင်း စသည်တို့ဖြင့် လောကဝေါဟာရအတိုင်းမျှသာ ခေါ်ဝေါ်ပြောဆိုမြဲ လုပ်ကိုင်စားသောက်မြဲ စသည်တို့ဖြင့်သာ နေရှာရလေတော့သည်။ ဝိသာခါ၊ အနာထပိဏ် စသည်တို့ကိုထောက်၍ သိလောက် မြင်လောက်ပေပြီ။

ကုက္ကုဋ္ဌ မုဆိုးကတော်သည် ငယ်ရွယ်သောကာလကပင်လျှင် သောတာပန်ဖြစ်၍ မုဆိုးနှင့် အကြောင်းဆုံကြသဖြင့် လင်မုဆိုးအိမ်သို့ လိုက်ရ၍ သား ၇-ယောက်ရလေ၏။ ထိုသောတာပန်မသည် ဤမျှလောက်သောကာလပတ်လုံး လင်၏ လေး၊ လှံ၊ မြား၊ ပိုက်ကွန်တို့ကို ယူဆောင်၍ မုဆိုးသွားလာတိုင်း သောတာပန်မက ပြုရလေ၏။

မုဆိုးသည် တောသို့သွား၍ သတ္တဝါတို့ကို သတ်ဖြတ်၍ အိမ်သို့ဆောင်ယူခဲ့လေ၏။ ထိုအကြောင်းကိုသိ၍ ရဟန်းတို့က သောတာပန်တို့သည် သူ၏အသက်ကို သတ်သေးပါသလောဟု ရဟန်းတို့အချင်းချင်း ပြောဆိုကြလေ၏။

ကုက္ကုဋ္ဌမိတ္တဿ ဘရိယာ ကုမာရိကာလေယေဝ
သောတာပတ္တိဖလံ ပတ္တာ တဿ ဂေဟံ ဂန္တွာ သတ္တပုတ္တေ
လဘတိ ကိရ သာ တ္တေကံ ကာလံ သာမိကေန ဓနုံ အာဟရ
သတ္တိံ အာဟရ သရေ အာဟရ ဇာလံ အာဟရာတိ
ဝုစ္စမာနံ တာနိ အာဒါယ ဂန္တွာ ပါဏာတိပါတံ ကရောတိ
သောတာပန္နာ ပါဏာတိပါတံ ကရောန္တိ နုခေါ ကိံ'တိ
ဘိက္ခူ ကထံ သမုဋ္ဌာပေသုံ။ (ဓမ္မပဒအဋ္ဌကထာ)

ကုက္ကုဋ္ဌမိတ္တဿ၊ ကုက္ကုဋ္ဌမှုဆိုး၏။ ဘရိယာ၊ မယားသည်။ ကုမာရိ-ကာလေယေဝ၊ ငယ်ရွယ်စဉ်ကာလကပင်လျှင်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တာ၊ ရောက်၍ ရ၍။ တဿ၊ ထိုမုဆိုး၏။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ လိုက်ရ ရောက်ရ၍။ သတ္တပုတ္တေ၊ ၇-ယောက်သော သားတို့ကို။ လဘာ-တိကိရ၊ ရသတဲ့။ ဝါ၊ရှိသတဲ့။ သာ၊ ထိုမုဆိုးကတော် သောတာပန်မသည်။တွေ-ကံကာလံ၊ ဤမုဆိုးနှင့် နေရသမျှကာလပတ်လုံး။ သာမိကေန၊ လင်မုဆိုးသည်။ ဝါ၊ လင်မုဆိုးက။ ဓနုံ၊ လေးကို။ အာဟရ၊ ဆောင်ခဲ့ယူခဲ့ပါလော။ သတ္တိံ၊ မြမြထက်သော လှံကို။ အာဟရ၊ ဆောင်ခဲ့ယူခဲ့ပါလော။ သရေ၊ မျှားလှံ စွသော မြားတို့ကို။ အာဟရ၊ ဆောင်ခဲ့ယူခဲ့ပါလော။ ဇာလံ၊ ကွန်ကို။ ဝါ၊ ပိုက်ကို။ အာဟရ၊ ဆောင်ခဲ့ယူခဲ့ပါလော။ ဣတိ၊ ဤသို့။ ဝုတ္တမာနံ၊ မုဆိုးက ဆိုသည်ခိုင်းသည်ရှိသော်။ တာနိ၊ ထို လေး,လှံ,မြား,ပိုက်ကွန်တို့ကို။ အာဒါယ၊ မုဆိုးကတော် သောတာပန်မက ယူပေး၍။ ဂန္တွာ၊ တောသို့သွား၍။ ပါဏာတိ-ပါတံ၊ ပါဏာတိပါတကံမျိုးကို။ ကရောတိ၊ ပြုလေ၏။ သောတာပန္နာ၊ သောတာပန်တို့သည်။ ပါဏာတိပါတံ၊ ပါဏာတိပါတကံမျိုးကို။ ကရောန္တိ-နုခေါကိံ၊ ပြုကောင်းပါကုန်သလော။ ဣတိ၊ ဤသို့။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ၊ ပြောဆိုကြသော စကားကို။ သမုဋ္ဌာပေသုံ၊ ဥက္ကောတေယ၊ ဖြစ်ကြလေကုန်၏။

သတ္ထာ အာဂန္တွာ ဘိက္ခဝေ ဧတရဟိ ကာ ကထာ သန္နိသိန္နာ
အတ္ထာနုတိ ပုစ္ဆိတ္ဝာ ဣမာယ နာမာတိ ဝုတ္တေ ဘိက္ခဝေ
သောတာပန္နာ ပါဏာတိပါတံ န ကရောန္တိ သာပန သာမိကဿ
ဝစနံ ကရောမိတိ တထာ အကာသိ ဣဒံ ဂဟေတွာ သေ ဂန္တွာ
ပါဏာတိပါတံ ကရောတူတိ တဿာ စိတ္တံ နတ္ထိ ဟိ ပါဏိတသ္မိံ
ဝဏေ အသတိဝိသံ ဂဏှန္တဿ ဝိသံ အနုဒဟိတုံ နသက္ကောတိ ယထာ၊
ဧဝမေဝ အကုသလ စေတနာယ အဘာဝေန ပါပံ
ကရောန္တဿ ဓနုအာဒီနိ နီဟရိတွာ ဒဒတော ပါပံနာမ
နဟောတီတိ ဝတွာ ဝုတ္တံ။ (ဓမ္မပဒအဋ္ဌကထာ)

သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။ အာဂန္တွာ၊ ကြွလာတော်မူ၍။ ဘိက္ခ-ဝေ၊ ချစ်သားတို့။ ဧတရဟိ၊ ငါဘုရား ကြွလာတော်မူသောအခါ၌။ ကာက-ထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ အညီအညွတ် စည်းဝေး၍နေကြကုန်သည်။ အတ္ထာနု၊ ဖြစ်ကြကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးတော်မူ၍။

ဣမာယ နာမာတိ၊ ဤမုဆိုးကတော်ဖြစ်သော သောတာပန်မ၏ အကြောင်း စကားကို ပြောကြားပါသည် ဘုရားဟူ၍။ ဝုတ္တေ၊ နားတော်လျှောက်သည် ရှိသော်။ ဘိက္ခဝေ၊ ချစ်သားတို့။ သောတာပန္နာ၊ သောတာပန်တို့သည်။ ပါဏာတိပါတံ၊ ပါဏာတိပါတကံမျိုးကို။ ကရေန္တိ၊ ဘယ်ဘဝ၊ ဘယ်အခါ၊ ဘယ်နေရာမှ မပြုကြကုန်။ သာပန၊ ထိုမုဆိုးကတော် သောသာပန်မသည်ကား။ သာမိကဿ၊ အရှင်ဖြစ်သောလင်၏။ ဝစနံ၊ လင်၏စကားကို။ ကရောမီတိ၊ လိုက်နာရပါအံ့ဟူ၍။ တထာ၊ ထိုသို့ လင်၏ အခြင်းအရာစကားဖြင့်။ အ-ကာသိ၊ လင်ဝတ္တရားအတိုင်း ရှိသေလိုက်နာခြင်းကို ပြုရရှာပေ၏။ ဣဒံ၊ ဤလင် မုဆိုး၏ လေး,လုံ,မြား,ပိုက်,ကွန်ကို။ ဂဟေတွာ၊ မုဆိုးကတော် သောတာ ပန်မက ယူပေး၊ ကိုင်ပေးရ၍။ သေ-သော၊ ဤမုဆိုးသည်။ ဂန္တွာ၊ တောသို့ သွား၍။ ပါဏာတိပါတံ၊ သူ၏ အသက်သတ်ခြင်းကို။ ကရောတိ၊ ပြုလေ သတည်း။ တဿာ၊ ထိုမုဆိုးကတော် သောတာပန်မအား။ စိတ္တံ၊ သူ၏အသက်ကို သေစေလိုသောစိတ်သည်။ နတ္ထိ၊ ဘယ်အခါမှ မရှိပါ။ ဟိသစ္စံ၊ ထိုစကားသည် မှန်ပါ၏။ ပါဏိတသ္မိံ၊ လက်၌။ ဝဏော၊ အမာသည်။ အသတိ၊ မရှိခဲ့ပါသော်။ ဝိသံ၊ အဆိပ်ကို။ ဂဏှန္တဿ၊ ခံယူသောသူအား။ ဝိသံ၊အဆိပ်သည်။ အနုဒဟိတုံ၊ လောင်ခြင်းငှာ။ နသက္ကောတိယထာ၊ မတတ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ အကုသလ စေတနာယ၊ အကုသိုလ်စေတနာ၏။ အဘာဝေန၊ မရှိ ခြင်းကြောင့်။ ပ ံပံ၊ သူ့အသက်သတ်မှု မကောင်းစုကို။ ကရောန္တဿ၊ ပြုသော မုဆိုးကတော်သောတာပန်မအား။ ဓနုအာဒီနိ၊ လေးအစရှိသောလက်နက်တို့ကို။ နိဟရိတွာ၊ဆောင်ယူ၍။ ဒဒတောပိ၊ လင်မုဆိုးသို့ပေးပါသော်လည်း။ ပါပံနာမ၊ မကောင်းမှုဟူသမျှသည်။ နဟောတိ၊ မဖြစ်နိုင်ပါ။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့် တော်မူ၍။ ဝုတ္တံ၊ ဘုရားရှင် ဟောတော်မူအပ်၏။ ။အဓိပ္ပာယ်ကားလွယ်၏။

တစ်နေ့သ၌ မုဆိုးသည် လက်နက်တို့ဖြင့် ယူဆောင်၍သွားရာ တစ်ခုသော အရပ်၌ ပိုက်ကွန်ထောင်၍နေသောအခါ ဘုရားရှင်နှင့်တွေ့ဆုံရာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေလျှင် မုဆိုးသည် သောတာပန်အဖြစ်သို့ တည်လေ၏။

သား ၇-ယောက်၊ ချွေးမ ၇-ယောက်တို့သည်လည်း အဘဖြစ်သော မုဆိုးနှင့် တကွ တစ်ကျိပ်ငါးယောက်သောသူတို့သည် ဘုရားရှင်တရားတော်ကို ကြားနာ ကြရ၍ သောတာပန် တည်ကြလေကုန်၏။

ဤသောတာပန်တို့မည်သည်ကား ယခုဘဝကစ၍ ဖြစ်လေရာရာ ဘဝတို့၌ အရိယာအဖြစ်ကို မသိသော်လည်း အပါယ်သို့ကျရောက်စေတတ်သော ဒုစရိုက်ကံမျိုးကို ဘယ်အခါကာလမှ မပြုနိုင်တော့ပေဟု ခုဒ္ဒကပါဌ အဋ္ဌကထာစသည်တို့၌ ဆိုကြပေကုန်သတည်း။

(၄၆) သတ္တက္ခတ္တုပရမ ကောလံကောလ ကေဗီဇနှင့် သုံးဝသောတာ ကျမ်းဂန်ရအလာကို မိန့်မှာကာ ပြဆိုခြင်း ပြီး၏။

* * *

## (၄၇) သောတာပန်တို့သည် ပယ်အပ်သော တရား ကျမ်းဂန်ရ စကားနှင့် ခြားနားစွာ ပြဆိုခြင်း

အဋ္ဌကထာ၌ သောတာပတ္တိမဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ထိုသံယောဇဉ် ၃-ပါးတို့ကို သမုစ္ဆေဒအားဖြင့် ပယ်သတ်ပြီးဖြစ်၍ နောင်တစ်ဖန် ပေါ်ပေါက်ရန် အခွင့်မရှိနိုင်ပေကုန်။ မစ္ဆရိယတရားငါးပါးတို့၌လည်း ပယ်ခွာလေအောင် သတိပဋ္ဌာန်လေးပါးကို ရှုမှတ်ပွားကြလေလောဟု ဟောတော်မူသည်မှာ။

ဉ္စမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ မစ္ဆရိယာနံ ပဟာနာယ
စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။
(အင်္ဂုတ္တရနဝမကေနိပါတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ခေါ၊ စင်စစ်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ဉ္စမေသံ-မစ္ဆရိယာနံ၊ ဤငါးပါးကုန်သော မစ္ဆရိယတရားတို့ကို။ ပဟာနာယ၊ ပယ်ခွာခြင်းငှာ။ စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝေတဗ္ဗာ၊ ရှုမှတ်ပွားများအပ်ကုန်၏။

အဓိပ္ပာယ်ကား။ ။ချစ်သားတို့ စင်စစ်သော်ကား အိပ်ရာနေရာ၌ ဝန်တိုခြင်း အာဝါသ မစ္ဆရိယ၊ အမျိုး၌ ဝန်တိုခြင်း ကုလမစ္ဆရိယ၊ လာဘ်လာဘ၌ဝန်တိုခြင်း လာဘမစ္ဆရိယ၊ အဆင်း၌ဝန်တိုခြင်း ဝဏ္ဏမစ္ဆရိယ၊ တရား၌ဝန်တိုခြင်း ဓမ္မမစ္ဆရိယ၊ ပေါင်း ၅-ပါး ဖြစ်၏။

ဤမစ္ဆရိယငါးပါးတို့ကို ပယ်ခွာလေအောင် သတိပဋ္ဌာန်လေးပါးကို ရှုမှတ်ပွားများကြကုန်လောဟု ဟောတော်မူသည်။သောတာပန်တို့မှာ ၎င်းငါးပါးကို တွေ့ကြုံသဖြင့် ဤမစ္ဆရိယသံယောဇဉ်ငါးပါးတို့၌ သောတာပန်တို့သည် ကမ္မပထမြောက်အောင် မပြုကြပေကုန်။ ။ဤကား အဋ္ဌသာလိနီ အဋ္ဌကထာ၏ အလိုပေတည်း။

သစေ ဘိက္ခဝေ ဘိက္ခု ဘတ္တနဇာတော ကလဟဇာတော
ဝိဝါဒပန္နော အညမညံ မုခသတ္တီဟိ ဝိတုဒန္တော ဝိဇာရတိ
ပရိယုဋ္ဌိ စိတ္တောဝ ဟောတိ။ (ကောသမ္ဘိသုတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ဘတ္တနဇာတော၊ ငြင်းခုန်ကြသည်ဖြစ်၍။ ကလဟဇာတော၊ ခိုက်ရန်ဖြစ်ကြသည် ဖြစ်၍။ ဝါ၊ ရန်တွေ့ကြသည် ဖြစ်၍။ ဝိဝါဒပန္နော၊ တစ်ဦးနှင့်တစ်ဦး စွပ်စွဲခြင်းသို့ ရောက်ကြသည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ မုခသတ္တီဟိ ဝိတုဒန္တော၊ နင်ဘဲ ငါဘဲ တွင်တွင်လျှင်လျှင် နှုတ်လှန်ထိုးကြသည်ဖြစ်၍။ သစေဝိဟရတိ၊ တကယ်ပြောဆို၍ နေငြားအံ့။ ပရိယုဋ္ဌိစိတ္တောဝ၊ ပရိယုဋ္ဌာန်စိတ်ရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်သည်မဟုတ်ပါလော။ ဣတိ၊ ဤသို့။ ပဋိသဉ္ဇိက္ခတိ၊ ဆင်ခြင်၏။

သင်္ဂြိုဟ်ကျမ်းကို နှုတ်ငုံ အကုန်ရသော ဆရာကြီးတစ်ယောက်သည် သောတာပန်များမှာ ဆဲရေးတိုင်းထွာပါသေးသလောဟု ကမ္မဋ္ဌာန်းဆရာကိုမေးရာ ဘယ်သောတာပန်က ဆဲရေးပါသနည်းဟု ပြန်၍မေးလျှင် ကျွန်တော်တို့အိမ်၏ အနီး တရားကိုအားထုတ်ပြီး၍ သောတာပန်ဟု ထင်မှတ်ကြသော မောင်ဖြူသည် လွန်မင်းစွာ သူ၏ သားမယားကို ဆဲရေးတိုင်းထွာပါသည်ဟု ပြော၏။ ထိုအခါ ဆရာက သင်္ဂြိုဟ်ဆရာကြီး သောတာပန်တို့သည် မယား လင်ယူပါသေးသလောဟု ပြန်၍မေးလျှင် ယူပါသေးသည်ဟု ပြောပေ၏။ ဆရာက ယူပါလျှင် သောတာပန်တို့သည် မယားလင်ယူသည်နှင့် ဆဲရေး တိုင်းထွာခြင်းသည် ဘယ်ဟာကသာလွန်၍ ဆိုးပါသနည်းဟု သင်္ဂြိုဟ်ဆရာကြီးကို မေးလေလျှင် သင်္ဂြိုဟ် ဆရာကြီးက သတိရ၍ တော်ပြီ တော်ပြီဆရာ၊ ယခုမှ ကျွန်တော် အောက်မေ့မိ၍ သတိရပါပြီဟု ဆိုပေသတည်း။

ပဏ္ဍတ္တိယာ အကောဝိဒတ္တာ အယံကိလေသော
အသုကမဂ္ဂ ဝဇ္ဈောတိ ဣမိဿာ ပဏ္ဍတ္တိယာ
အကောဝိဒဿ ဟိ အရိယသာဝကဿပိ
ဧဝံ ဟောတိ။ (မူလပဏ္ဍာသအဋ္ဌကထာ)

ပဏ္ဏတ္တိယာ၊ ခေါ်ဝေါ်ပြောဆိုကြသော အမည်နာမပညတ်၌။ အကောဝိ-ဒတ္တာ၊ မသိ-မမြင်-မတတ်သည်၏အဖြစ်ကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရပေ၏။ ဟိသစ္စံ၊ ထိုစကားသည် အမှန်ဖြစ်ပါ၏။ အယံကိလေသော၊ ဤမည်သော ကိလေသာသည်။ အသုကမဂ္ဂဝဇ္ဈော၊ ဤမည်သောမဂ်ဖြင့် ပယ်ခွာ၏။ ဣတိ၊ ဤသို့။ ဣမိဿာပဏ္ဏတ္တိယာ၊ ဤခေါ်ဝေါ် ပြောဆိုကြသော အမည်နာမ ပညတ်၌။ အကောဝိဒဿ၊ မသိ-မမြင်-မတတ်သော။ အရိယသာဝကဿပိ၊ အရိယာသာဝကအားလည်း။ ဧဝံ၊ ဤသို့။ သန္ဒေဟော၊ ယုံမှားခြင်းသည်။ ဟောတိ၊ ဖြစ်ရပေ၏။

ဤသို့ ယုံမှားခြင်းကိုဆိုရာ၌ အရိယာတို့၏ ယုံမှားခြင်းသည် ဝိစိကိစ္ဆာမျိုးတို့၏ ယုံမှားခြင်း မဟုတ်ပေကုန်။ အကောဝိဒတ္တာပုဒ်အရ လောကဝေါဟာရ၌ ခေါ်ဝေါ်ပြောဆိုကြသော အမည်နာမ ပညတ်စကားတို့၏ အသုံးအနှုန်းတို့ကို ကုန်စင်အောင် မသိ-မမြင် မတတ်သော အရာဌာနမျိုး ဖြစ်ပေသည်။ ယုံမှားသော ဝိစိကိစ္ဆာမျိုး မဟုတ်ပေကုန်။

ဧဝံ သဗ္ဗေပိ ဉာဏေဟိ ယေသံ ဓမ္မာ အဇာနိတာ
တေဝေ ဓမ္မေသု ကင်္ခန္တိ ကိံသုကသ္မိံဝ ဘာတရော။
(သင္ဂာယတနသုတ်ပါဠိတော်)

ဘာတရော၊ ဗာရာဏသီမင်းကောင်း ဘုရားလောင်း၏သားတော် မင်းလေးဘော်တို့သည်။ ကိံသုကသ္မိံ၊ ရိုး-ရွက်-ပွင့်-သီး-ပေါက်ပင်ကြီး၌။ ကင်္ခန္တိ ဣဝ၊ သို့လော-သို့လော တွေးတောယုံမှားခြင်းကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ယေသံ၊ အကြင်ရဟန္တာကြီး လေးပါးတို့သည်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ ဖဿ-အာယတန-ဓာတ်စသော တရားတို့ကို။ အဇာနိတာ၊ မသိ-မမြင်-မတတ်ကြကုန်သည် ဖြစ်၍။ တေ၊ ထိုရဟန္တာကြီး လေးပါးတို့သည်။ ဓမ္မေသု၊ ဖဿ - အာယတန - ဓာတ် စသော တရားတို့၌။ ကင်္ခန္တိ၊ သို့လော သို့လော တွေးတောယုံမှား ကြပေကုန်၏။

အဓိပ္ပာယ်ကား။ ။ရဟန္တာကြီး လေးပါးတို့သည် အချင်းချင်း မဂ်ဖိုလ် ရကြရာ၌ ဆွေးနွေး မေးမြန်းကြရာ ရဟန္တာတစ်ပါးက ဖဿ-အတွေ့အထိနှင့် တရားရရှိလေသောကြောင့် ဖဿတရားမှတစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မရှိပေဟု ပြောလေ၏။

ရဟန္တာတစ်ပါးက အာယတန-ဟူသော ခြောက်ဒွါရ-ခြောက်အာရုံနှင့် တရားရရှိလေသောကြောင့် ခြောက်ဒွါရ ခြောက်အာရုံမှတစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မရှိပေဟု ပြောလေ၏။

ရဟန္တာတစ်ပါးက ဓာတ်တရားနှင့် ရရှိလေသောကြောင့် ဓာတ်တရားမှ တစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မရှိပေဟု ပြောလေ၏။

ရဟန္တာတစ်ပါးက ရုပ်တရားနှင့် ရရှိလေသောကြောင့် ရုပ်တရားမှတစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း မရှိပေဟု ပြောလေ၏။

ဤရဟန္တာကြီးလေးပါးတို့ ပြောဆိုကြသော စကားကို ဘုရားရှင်ကြား တော်မူ၍ ချစ်သားတို့ ဤရဟန္တာကြီးလေးပါးတို့သည် ယခု ငါဘုရားလက်ထက် တော်မှ ယုံမှားငြင်းခုံကြသည် မဟုတ်ပါသေး။ ရှေးကလည်း ယုံမှား၍ ငြင်းခုံ ကြသည်ဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါကာလက ငါဘုရား အလောင်းတော်သည် ဗာရာဏသီပြည်၌ မင်းပြုသောအခါ ငါ၏ သားတော် လေးယောက် ဖြစ်ကြပေကုန်၏။ တစ်နေ့ သ၌ သားတော်အကြီးကား တောကစားအလို့ငှာ ထွက်သွား၍ အသီး-အရွက်-အပွင့်ကင်းလျက် ရိုးတံသာရှိသော ပေါက်ပင်ကြီးကို တွေ့မြင်သဖြင့် ဤအပင် ကား အဘယ်နည်းဟု မေးလေသော် အရှင်သား ပေါက်ပင်ပါဟု လျှောက် ကြားပေ၏။ ပေါက်ပင်တို့မည်သည်ကား ရိုးတံတိတိ ခြောက်သွေ့သောသဘော ရှိပါတကားဟု အမှတ်ပြု၍သွားလေ၏။

တစ်ယောက်သော မင်းသားသည် ထွက်သွားပြန်၍ နီနီရဲရဲ အပွင့်ရှိသော ပေါက်ပင်ကြီးကို မြင်သဖြင့် ဤအပင်ကား အဘယ်နည်းဟု မေးလေသော် အရှင်သား ပေါက်ပင်ပါဟု လျှောက်ကြားပေ၏။ ပေါက်ပင်တို့မည်သည်ကား နီနီရဲရဲ ရှုချင်ဖွယ်ပါတကားဟု အမှတ်ပြု၍ သွားလေ၏။

တစ်ယောက်သော မင်းသားသည် ထွက်သွားပြန်၍ အသီးတွဲလွဲဆွဲသော ပေါက်ပင်ကြီးကို မြင်သဖြင့် ဤအပင်ကား အဘယ်နည်းဟု မေးလေသော် အရှင်သား ပေါက်ပင်ပါဟု လျှောက်ကြားပေ၏။ ပေါက်ပင်တို့မည်သည်ကား အသီးတွဲလွဲဆွဲ၍ ရှုချင်ဖွယ်ပါတကားဟု အမှတ်ပြု၍ သွားလေ၏။

တစ်ယောက်သော မင်းသားသည် ထွက်သွားပြန်၍ ရွက်အုပ်အမြိုး အရိပ် ကြီးသော ပေါက်ပင်ကိုမြင်သဖြင့် ဤအပင်ကား အဘယ်နည်းဟု မေးလေ

သော် အရှင့်သား ပေါက်ပင်ပါဟု လျှောက်ကြားပေ၏၊ ပေါက်ပင်တို့မည် သည်ကား ရွက်အုပ်အပြီး အရိပ်ကြီးလှ၍ ရှုချင်ဖွယ်တကားဟု အမှတ်ပြု၍ သွားလေ၏။

ထိုမင်းသားညီနောင်တို့သည် နန်းတော်၌ ဆုံမိကြသောအခါ ပေါက်ပင်၏ အကြောင်းစကားကို နောင်တော်အကြီးက ပေါက်ပင်တို့မည်သည်ကား အသီး အရွက် အပွင့်ကင်းလျက် ရိုးတံတိတိ ခြောက်သွေ့သော သဘောရှိပေသည်ဟု ဆိုလေ၏။

တစ်ယောက်သော မင်းသားက နီနီရဲရဲသဘောရှိပေသည်ဟု ဆိုလေလျှင်၊ တစ်ယောက်သောမင်းသားက အသီးတွဲလဲဆွဲသော သဘောရှိပေသည် ဆိုလေလျှင် တစ်ယောက်သော မင်းသားက ရွက်အုပ်အပြီး အရိပ်ကြီးသော သဘောရှိပေသည်ဟု ဆိုလေ၏။

ပေါက်ပင်၏ စကား-ငြင်းခုန်ခြင်း ဖြစ်ပွား၍ အဖ ခမည်းတော်မင်းကြီး ကြားလေသော် မင်းသားညီနောင် လေးယောက်တို့သည် အလုံးစုံသောစကားကို လျှောက်ကြားလေသော် အဖဖြစ်သော မင်းကြီးက သားတော်တို့ ငြင်းခုန် ဖြစ်ပွား ပေါက်ပင်၏ စကားမှာ တစ်ပင်တည်းထား၍ မှာ်သားကြပါကုန် လောဟု အတိတ်ဘဝကာလကလည်း ငါဘုရား ဖြေဆိုခဲ့ရလေပြီ။ ယခုအခါ လည်း ဖြေဆိုရပြန်၏။

ချစ်သားတို့ ပေါက်ပင်ကြီးသည် နိဗ္ဗာန်ကြီးနှင့် တူလှပေ၏။ ရိုးတံသည် ဖဿတရားနှင့် တူလှပေ၏။ နီနီရဲရဲအပွင့်သည် အာယတနဟူသော ခြောက်ဒွါရ ခြောက်အာရုံနှင့် တူလှပေ၏။ အသီးတွဲလဲဆွဲခြင်းသည် ဓာတ်တရားနှင့် တူလှ ပေ၏။ ရွက်အုပ်အပြီး အရိပ်ကြီးခြင်းသည် ရုပ်တရားနှင့် တူလှပေ၏။

ဤရိုးတံအပွင့်အသီး အရွက်လေးမျိုးတို့သည် ပေါက်ပင်ကြီးဟု ခေါ်ဝေါ် ပြောဆိုကြသကဲ့သို့ ထိုနည်းတူစွာ ဖဿ-အာယတန-ဓာတ်-ရုပ် ဤတရားလေး ပါးတို့ကို နိဗ္ဗာန်ရောက်ကြောင်းဟူ၍ မှတ်ယူကြပေကုန်လော။ ဤသို့ ရဟန္တာ ကြီးလေးပါးတို့သည် တရားတော်၌ ယုံမှားကြရာ ဝိစိကိစ္ဆာမျိုး မဟုတ်ပေ။

ပြဆိုခဲ့သော ပဏ္ဏတ္တိယာ အကောဝိဒတ္တာဟု မူလပဏ္ဏာသ အဋ္ဌကထာဆရာ မိန့်မှာတော်မူသောအတိုင်း လောကဝေါဟာရစကား၊ ပရိယတ် ပညတ်အများ

ကို မသင်မကြား အားထား၍ မလေ့လာသောကြောင့်ဟု အဋ္ဌကထာဆရာ မိန့်မှာတော်မူပေသည်ကို မှတ်ယူသင့်လှပေကုန်သတည်း။

မိလိန္ဒမင်းကြီး၏ ဝတ္ထုသွားကိုလည်း သတိထားသင့်ပေကုန်သည်။ ရဟန္တာကြီးတို့သည် မိလိန္ဒမင်းကြီး၏ အမေးကို မဖြေဆိုနိုင်၊ လက်မှိုင်ချ၍ ၁၂-နှစ်ပတ်လုံး မိလိန္ဒမင်းကြီး တိုင်းပြည်က ကွာခြား၍ ကြွသွားတော်မူသည်မှာ ရဟန္တာတို့သည် တရားယုံမှား၍ မဖြေဆိုနိုင်သည် မဟုတ်ပေကုန်။

> ပါဏာတိပါတော အဒိန္နာဒါနံ မိစ္ဆာစာရော
> မုသာဝါဒေါ ပိသုဏဝါစာ မိစ္ဆာဒိဋ္ဌိတိ ဣမေ တာဝ
> ဆ သောတာပတ္တိ မဂ္ဂေန ပဟီယန္တိ ဖရုသဝါစာ
> ဗျာပါဒေါတိ ဒွေ အနာဂါမိမဂ္ဂေန အဘိဇ္ဈာ သမ္ဖပ္ပလာပေါတိ
> ဒွေ အရဟတ္တ မဂ္ဂေန။ (တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ပါဏာတိပါတော၊ ပါဏာတိပါတကံ လည်းကောင်း။ အဒိန္နာဒါနံ၊ အဒိန္နာဒါနကံ လည်းကောင်း။ မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရကံ လည်းကောင်း။ မုသာဝါဒေါ၊ မုသာဝါဒကံ လည်းကောင်း။ ပိသုဏဝါစာ၊ ပိသုဏဝါစာကံ လည်းကောင်း။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကံ လည်းကောင်း။ ဣတိ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဣမေဆ၊ ဤခြောက်ပါးသော ဒုစရိုက်ကံတို့ကို။ ဝါ၊ ကံတို့သည်။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ ဝါ၊ မဂ်ဖြင့်။ ပဟီယန္တိ၊ ပယ်ကုန်၏။ ဖရုသဝါစာ၊ ဖရုသဝါစာကံလည်းကောင်း။ ဗျာပါဒေါ၊ ဗျာပါဒကံ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော ကံတို့ကို။ ဝါ၊ ကံတို့သည်။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်သည်။ ဝါ၊ မဂ်ဖြင့်။ ပဟီယန္တိ။ ပယ်ကုန်၏။ အဘိဇ္ဈာ၊ အဘိဇ္ဈာကံလည်းကောင်း။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပကံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော ကံတို့ကို။ ဝါ၊ ကံတို့သည်။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်သည်။ ဝါ၊ မဂ်ဖြင့်။ ပဟီယန္တိ၊ ပယ်ကုန်၏။

**အဓိပ္ပာယ်ကား**။ ။သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့မယားကို မှားယွင်းခြင်း၊ မုသားဆိုခြင်း၊ သူနှစ်ယောက်တို့၏ အချစ်ကို ကွဲပြားအောင် ဖျက်ဆီးခြင်း မှားသောအယူကို ယူခြင်း။ ဤခြောက်ပါးသော ဒုစရိုက်ကံတို့ကို ရှေးဦးစွာ သောတာပတ္တိမဂ်ဖြင့် ပယ်ကုန်၏။ ကြွင်းသောကံတို့ကို မပယ်

အပ်ကုန်သေးသော်လည်း အပါယ်သို့ရောက်ကြောင်း ကံမျိုးကို မပြုထိုက် မပြုကြပေကုန်။

ဝေတ္ထ စ ဖရုသဝါစာ ဒယောပိ အပါယဂမနီယာ
သောတာပတ္တိမဂ္ဂေနေဝ ပဟီယန္တီတိ ဒဋ္ဌဗ္ဗာ။ (ဋီကာ)

ဝေတ္ထ၊ ဤသောတာပတ္တိ မဂ်အရာ၌လည်း။ အပါယဂမနီယာ၊ အပါယ်သို့ လားစေရောက်စေတတ်ကုန်သော။ ဖရုသဝါစာဒယောပိ၊ ဖရုသဝါစာ အစရှိသော ကံတို့ကိုလည်း။ သောတာပတ္တိမဂ္ဂေနေဝ၊ သောတာပတ္တိမဂ်သည်သာလျှင်။ ပဟီယန္တိ၊ ပယ်ကုန်၏။

ရင်းဋီကာဆရာ အလိုအားဖြင့် ကြွင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်–၄၊ ဒေါသမူဒွေးဥဒ္ဓစ္စသဟဂုတ် စိတ်တို့၌ အပါယ်သို့ရောက်ကြောင်းပယ်အပ်သကဲ့သို့ဖြစ်သောကြောင့် ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ အဘိဇ္ဈာ၊ ဗျာပါဒတို့ကို ပြောဆိုကြံစည်ကြသော်လည်း အပါယ်သို့ လားစေရောက်စေတတ်သော ကံမျိုးမပြုကြပေကုန်။

ဖရုသဝါစာ၊ ဗျာပါဒနှစ်ပါးတို့သည် အနာဂါမိ မဂ်ဖြင့် အခါခပ်သိမ်း ပယ်ကုန်၏။ အဘိဇ္ဈာ၊ သမ္ဖပ္ပလာပ နှစ်ပါးတို့သည် အရဟတ္တမဂ်ဖြင့် အခါခပ်သိမ်း ကိလေသာဟူသမျှကို အလုံးစုံ အကုန်ပယ်လေကုန်၏။

သော ဒဿနသမ္ပန္နော ကိဉ္စာပိ သတိသမ္မောသေန ပမာဒဝိဟာရံ
အာဂမ္မ ယန္တိ ဘဂဝတာ လောကဝဇ္ဇံ သဉ္စိစ္စတိက္ကမနံ သန္ဓာယ
ဝုတ္တံ ယံ မယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ တံ မမ
သာဝကာနံ ဇီဝိတဟေတုပိ နာတိက္ကမန္တီတိ တံ ဌပေတွာ
အညာကုဋိကာရ သဟသေယျ ဒိဝါသေယျ ပဏ္ဏတ္တိဝီတိက္ကမ
သင်္ခါတံ ဗုဒ္ဓပတိကုဋ္ဌံပိ ကာယေန ပါပကံ ကရောတိ။
(သုတ္တနိပါတ်အဋ္ဌကထာ)

သော ဒဿနသမ္ပန္နော၊ ထိုနိဗ္ဗာန်ကို သိမြင်ပြီးသော သောတာပန်ပုဂ္ဂိုလ်သည်။ သတိသမ္မောသေန၊ သတိလွတ်ကင်း မေ့လျော့ခြင်းဖြင့်။ ပမာဒဝိဟာရံ၊ မေ့လျော့၍ အမှုမဲ့ အမှတ်မဲ့ နေခြင်းကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ အကြောင်းပြု၍၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယံ မယာ မမသာဝကာနံ သိက္ခာပဒံ ပညတ္တံ တံ မမသာဝကာ ဇီဝိတဟေတုပိ နာတိက္ကမန္တိတိ၊ နာတိက္ကမန္တိ ဟူ၍။ လောကဝဇ္ဇံ၊ လောက၌ အပြစ်ရှိသော သိက္ခာပုဒ်ကို။ ယံ သဉ္စိစ္စ တိက္က-

မနံ၊ အကြင်စေတနာနှင့်တကွ လွန်ကျူးလိုခြင်းကို။ သန္ဓာယ၊ ရည်၍။ ကိဋ္ဌာပိ-ဝုတ္တံ၊ အကယ်၍ကား ဟောတော်မူ၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ဟောတော်မူပါသော်လည်း။ တံ၊ ထိုလောကဝ္၌ အပြစ်ရှိသော သိက္ခာပုဒ်တော်ကို။ ဌပေ-တွာ၊ ပယ်ထား ချန်ထား၍၊ အညာ၊ တစ်ပါးသော။ ကုဋိကာရ သဟသေယျ ဒိဝါသေယျ ပဏ္ဏတ္တိ ဝိတိက္ကမနသင်္ခါတံ၊ အတိုင်းအရှည်ထက်လွန်သော ကုဋိကိုပြုခြင်း၊ လူသာမဏေတို့နှင့် သုံးညဥ့်လွန်၍ အိပ်ခြင်း၊ နေ့အခါ၌ တံခါးကို မပိတ်ခြင်းကြောင့်ဖြစ်သော သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော။ ဗုဒ္ဓပတိကုဋ္ဌံပိ၊ ဘုရားရှင် စက်ဆုပ်အပ်သည်လည်း ဖြစ်သော။ ပါပကံ၊ မကောင်းသောအမှုကို။ ကာယေန၊ ကိုယ်ဖြင့်။ ကရောတိ၊ ပြု၏။ ရှင်းဤစကားကို ဆက်၍ ပြဦးအံ့။

ပဒသောဓမ္မံ ဥတ္တရိ ဆပ္ပဉ္စဝါစာ ဓမ္မဒေသနာ သမ္ဖပ္ပလာပ
ဖရုသဝါစာဒိဝါစာ ဥဒ စေတသာဝါ ကတ္တစိ ကတ္တစိ လောဘ
ဒေါသုပ္ပါဒနဇာ ရူပါဒိသာဒယန စီဝရာဒိ ပရိဘောဂေသု
အပစ္စဝေက္ခဏာဒိ ပါပကမ္မံ ကရောတိ (၂ – ရှင်းပါဠိ)

ပဒသော ဓမ္မဥတ္တရိ ဆ ပဉ္စဝါစာ ဓမ္မဒေသနာ သမ္ဖပ္ပလာပ ဖရုသ ဝါစာဒိဝါစာ၊ လူသာမဏေတို့အား အသံပြိုင်၍ ရွတ်ဆိုခြင်း၊ ပိုချခြင်း၊ မိန်းမတို့အား ငါးပုဒ် ခြောက်ပုဒ်ထက်လွန်၍ တရားပြောဟောခြင်း၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ကြမ်းတမ်းယုတ်မာသော စကားကိုပြောဆိုခြင်းအစရှိသောစကားကို။ ဘာသတိ၊ ပြောဆို၏။ ဥဒ၊ ထို့မြို့။ စေတသာဝါ၊ စိတ်ဖြင့်လည်း။ ကတ္တစိ-ကတ္တစိ၊ အချို့အချို့သောအရာ၌။ လောဘဒေါသုပ္ပါဒနဇာ၊ လောဘ–ဒေါသ ဖြစ်သော။ ရူပါဒိသာဒယန-စီဝရာဒိ ပရိဘောဂေသု၊ အဆင်းကို သာယာခြင်း၊ သင်္ကန်းစသည်ကို သုံးဆောင် ခြင်းတို့၌။ အပစ္စဝေက္ခဏာဒိ ပါပကမ္မံ၊ ပစ္စ-ဝေက္ခဏာ မဆင်ခြင်ခြင်း အစရှိသော မကောင်းမှုကို။ ကရောတိ၊ ပြု၏။ ရှင်းစကားကို ဆက်၍ပြဦးအံ့။

အဘာဗ္ဗော သော တဿ ပရိစ္ဆာဒါယ န သော တံ ဣဒံ အကမ္မိယ
ကရဏီယန္တိ ဇာနိတွာ မဟုတ္တမ္ပိ ပဋိစ္ဆာဒေတိ တံခဏံ ယေဝ ပန
သတ္ထရိဝါ ဝိညူသု ဝါ သပြဟ္မစာရီသု အာဝီကတွာ ယထာဓမ္မံ
ပရိကရောတိ န ပုန ကရိဿာမိတိ
ဇဝံ သံဝရိတဗ္ဗံ သံဝရတိ။ ၃၊ (သုတ္တနိပါတ် အဋ္ဌကထာ)

သော၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကို။ ပဋိစ္ဆာ-ဒါယ၊ ဖုံးလွှမ်းလျှို့ဝှက်၍ထားခြင်းငှာ။ အဘဗ္ဗော၊ မထိုက်။ သော၊ ထိုသော တာပန်ပုဂ္ဂိုလ်သည်။ တံ၊ ထိုမကောင်းမှုကို။ ဣဒံ၊ ဤမကောင်းမှုသည်။ အကပ္ပိယ ကရဏီယန္တိ၊ မပြုအပ်သောအမှု၊ မအပ်သောအမှုဟူ၍။ ဇာနိတွာ၊ သိ၍။ မုဟုတ္တမ္ပိ၊တစ်ခဏ တအောင့်မျှလည်း။ န ပဋိစ္ဆာဒေတိ၊ ဖုံးလွှမ်း၍မထား။ တံခဏံယေဝ၊ ထိုလွန်ကျူးမိသောခဏ၌သာလျှင်။ သတ္ထရိဝါ၊ ဆရာအထံ၌ သော် လည်းကောင်း။ ဝိညူသု၊ ပညာရှိကုန်သော။ သဗြဟ္မစာရိသုဝါ၊ သီတင်း သုံးဘော်တို့၌သော် လည်းကောင်း။ အာဝီကတွာ၊ ထင်စွာပြု၍။ ဝါ၊ ထင်စွာ ပြော၍။ ယထာဓမ္မံ၊ အပြစ်ကြီးငယ်အားလျော်စွာ။ ပဋိကရောတိ၊ ကုစားရ၏။ န ပုန ကရိဿာမိတိ၊ နောက်တစ်ဖန် မပြုတော့ပါအံ့ဟူ၍။ ဧဝံ၊ ဤသို့။ သံဝရိ-တဗ္ဗံ၊ စောင့်ရှောက်အပ်သည်ကို။ သံဝရတိ၊ စောင့်ရှောက်၏။

**၁–အချက်အရ အဓိပ္ပာယ်ကား။** ။သောတာပန် ပုဂ္ဂိုလ်သည် သတိလွတ် ကင်းမေ့လျော့ခြင်း၊ အမှုမဲ့ အမှတ်မဲ့ နေခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရား သည်။ ယံ မယာ မမသာဝကာနံ သိက္ခာပဒံ ပညတ္တံ တံ မမသာဝကာ ဇီဝိတ ဟေတုံပိ နာတိက္ကမန္တိတိ—ဟူ၍ လောက၌အပြစ်ရှိသော သိက္ခာပုဒ်ကို အကြင် စေတနာနှင့်တကွ လွန်ကျူးလိုခြင်းကို ရည်ရွယ်၍ ဟောတော်မူ၏။

ထိုသို့ပင် ဟောတော်မူပါသော်လည်း လောက၌ အပြစ်ရှိသော လောက ဝဇ္ဇသိက္ခာပုဒ်ကို ချန်ထား၍ လောကဝဇ္ဇသိက္ခာပုဒ်ဆိုသည်မှာ ပါဏာတိပါတ စသော ဂရုဓမ္မကံမျိုးကို ဆိုပေသည်။ ၎င်းကံမျိုးသည် လောက၌ ရဟန်းရှင် လူတို့နှင့် အကုန်စပ်ဆိုင်သည်။ အပြစ်ရှိသည်ကို လောကဝဇ္ဇ သိက္ခာပုဒ်ဟု ဘုရားရှင် ပညတ်တော် မူရလေသည်။

၎င်းပါဏာတိပါတစသော ကံမျိုးကို လူသောတာပန်၊ ရဟန်းသောတာ ပန်တို့မှာ ဘယ်အခါ ဘယ်ကာလမှ မပြုကြပေကုန်။ အောက်၌ ပြဆိုခဲ့လေပြီ။ လူသောတာပန်တို့နှင့် မစပ်မဆိုင်ပေ။

ရဟန်းသောတာပန် စသော အရိယာ ရဟန်းတို့နှင့်သာ စပ်ဆိုင်သော ကုဋိကာရ သိက္ခာပုဒ်မှာ အတိုင်းအရှည်ပမာဏထက်လွန်သော ကုဋိကို ပြုခြင်း။ လူသာမဏေတို့နှင့် တစ်မိုး-တစ်ရံတည်းသော ကျောင်း, အိမ်, ဇရပ်, တဲ, နန်း, မဏ္ဍပ်စသော အိပ်ရာနေရာတို့၌ သုံးည၌ထက်လွန်၍ အိပ်လျှင် အပြစ်ရှိခြင်း။

နေ့အခါ၌ တံခါးမပိတ်ဘဲအိပ်လျှင် အပြစ်ရှိခြင်း၊ ဘုရားရှင်ပညတ်တော်မူသော သိက္ခာပုဒ်ကို လွန်ကျူးခြင်းဟူသော မြတ်စွာဘုရား စက်ဆုပ်ရွံရှာတော်မူသော မကောင်းမှုကို ကိုယ်ဖြင့်ပြု၏။

**၂-အချက်အရ အဓိပ္ပာယ်ကား။** ။လူသာမဏေတို့နှင့် ယှဉ်ပြိုင်၍ ရွတ်ဆိုခြင်း၊ ပို့ချခြင်း၊ သိကြားလိမ္မာသော ယောကျ်ားမပါဘဲ မိန်းမတို့အား ငါးပုဒ်ခြောက်ပုဒ်တို့ထက် ပိုလွန်၍ တရားစကား ဟောကြားလျှင် အပြစ်ရှိခြင်း၊ ပြိန်ဖျင်းသော ရွှေယုံနှင့် ရွှေကျား သက်ယယ်ရိပ် သွားစသော စကားမျိုးကို ပြောဆိုလျှင် အပြစ်ရှိခြင်း၊ ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆိုလျှင် အပြစ်ရှိခြင်း စသည်တို့ကို ပြောဆိုမိ၏။

စိတ်ဖြင့်လည်း အချို့ အချို့သောအရာ၌ လောဘ-ဒေါသ ဖြစ်ကြောင်းဖြစ်သော အဆင်းရူပါရုံကို သာယာနှစ်သက်ခြင်း သက်နိုးစသည်ကို ဝတ်ရုံသုံးဆောင်ခြင်းတို့၌ မဆင်ခြင်ခြင်းစသော မကောင်းမှုကို ပြု၏။

**၃-အချက်အရ အဓိပ္ပာယ်ကား။** ။ရဟန်းသောတာပန်စသော အရိယာဖြစ်ကြပေကုန်သော ပုဂ္ဂိုလ်တို့သည် မကောင်းမှုကို ဖုံးလွှမ်းလျှို့ဝှက်၍ ထားခြင်းငှာ မထိုက်ပေ။ ထိုပုဂ္ဂိုလ်တို့သည် မပြုအပ် မပြုကောင်းသော အမှုဟူ၍ သိသည်နှင့် တစ်ပြိုင်နက် တစ်ခဏခြင်း ဖုံးလွှမ်း၍ မထားကောင်းပေ။

ဆရာသမားထံ၌သော် လည်းကောင်း၊ သိကြားလိမ္မာသော သီတင်းသုံးဘော်တို့၌သော် လည်းကောင်း ထင်ရှားလောက်အောင် ပြောပြ၍ အပြစ်ကြီးအပြစ်ငယ်အားလျော်စွာ ဒေသနာကံ စသည်တို့ဖြင့် ကုစားအပ်ပေ၏။ ဤသို့နောင်တစ်ဖန်မပြုတော့ပါဟု အာယတိံ သံဝရဖြင့် စောင့်ရှောက်အပ်ပေကုန်၏။ ဤကား အဋ္ဌကထာ၌ လာသောစကားတည်း။

သောတာပန်တို့သည် သတိမေ့လျော့သဖြင့် အချို့သော သိက္ခာပုဒ်တို့၌ လွန်ကျူးမိ၏ဟုဆိုရာ၌ လောကဓမ္မတာအားဖြင့် အပြစ်ရှိသော ပါဏာတိပါတ၊ အဒိန္နာဒါနစသော ဂရုဓမ္မတချုး ငါးပါးသီလ သိက္ခာပုဒ်မျိုးကို မလွန်ကျူးကောင်း မလွန်ကျူးထိုက်ပေကုန်။

ဒိဋ္ဌိသမ္ပန္နော အရိယသာဝကော ကုန္ထကိ
ပိလ္လိကမ္ပိ ဇီဝိတာ န ဝေါရောပေတိ။

ဒိဋ္ဌိသမ္ပန္နော၊ အသိအမြင် မဂ်ဉာဏ်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ ဘုရားရှင် သားတော်ဖြစ်သော သောတာပန်ပုဂ္ဂိုလ်သည်။ ကုန္တကိပိလ္လိကမ္ပိ၊ ခြပုံးပရွက်ဆိတ်ကိုသော်လည်း။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝါ၊ အသက်မှ။ န-ဝေါ ရောပေတိ၊ မချမသတ်ပါ။

ကိဉ္စာပိ သော ကမ္မံ ကရောတိ ပါပကံ ကာယေန ဝါစာ
ဥဒ စေတသာ ဝါ အဘဗ္ဗော သော တဿ ပဋိစ္ဆာဒါယ
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။ (ရတနသုတ်)

သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ကာယေနဝါ၊ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယဝါ၊ နှုတ်ဖြင့်လည်းကောင်း။ ဥဒ၊ ထို့ပြင်။ စေတသာဝါ၊ စိတ်ဖြင့်လည်းကောင်း။ ပါပကံ၊ မကောင်းသော။ ကမ္မံ၊ အမှုကို။ ကိဉ္စာပိ၊ အကယ်၍လည်း။ ကရောတိ၊ ပြုမိ၏။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကို။ ပဋိစ္ဆာဒါယ၊ ဖုံးလွှမ်းလျှို့ဝှက်၍ ထားခြင်းငှာ။ အဘဗ္ဗော၊ မထိုက်ပြီ။ ဒိဋ္ဌပဒဿ၊ မြင်အပ်သိအပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်၏။ အဘဗ္ဗတာ၊ ဖုံးလွှမ်း လျှို့ဝှက်ခြင်းငှာ မထိုက်သည်၏ အဖြစ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ရတနသုတ်၌ထုတ်၍ ဟောတော်မူအပ်ပေ၏။

အဓိပ္ပာယ်ကား။ ။သောပန်တို့သည် ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းသောအမှုကို အကယ်၍ပြုမိငြားအံ့။ ဖုံးကွယ်လျှို့ဝှက်၍ ထားခြင်းငှာ မထိုက်ပြီ။ သိအပ်-မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်၏ မကောင်းမှုကို ဖုံးကွယ်လျှို့ဝှက်၍ ထားခြင်းငှာ မထိုက်သည်၏အဖြစ်ကို မြတ်စွာဘုရား ရတနသုတ်၌ ဟောတော်မူသည်။

သောတာပန်တို့အလေ့မှာ အပါယ်သို့ရောက်ကြောင်း မကောင်းမှုတို့ကို။ သောတာပတ္တိမဂ်ကစ၍ ပယ်ခဲ့လေပြီ။ အပါယ်သို့ရောက်ကြောင်း ကမ္မပထ မမြောက်သောအမှုတို့ကို အကယ်၍ ပြုမိခဲ့ငြားအံ့။ ဖုံးကွယ်လျှို့ဝှက်သောအလေ့ မရှိကြပေကုန်။ ပစ္စဝေက္ခဏာအားဖြင့် ဆင်ခြင်၍ နောင်ကိုတစ်ဖန် မလွန်ကျူးရအောင် စောင့်ရှောက်ကြပေကုန်သည်။

ပုထုဇဉ်တို့အလေ့မှာ မိမိပြုသော အကုသိုလ်ကို ဖုံးကွယ်လျှို့ဝှက်၍ ထားသော အလေ့ရှိကြပေသည်။ သောတာပန်တို့သည် ဘဝတစ်ပါးသို့ ပြောင်းသွားသည် ရှိသော် မိမိကိုယ်ကို သောတာပန်ဟု မသိငြားသော်လည်း သဘောအားဖြင့် အပါယ်သို့ရောက်ကြောင်း ကမ္မပထမြောက်သော အမှုတို့ကို မပြုကြကုန်ဟု

ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသတည်း။

ကြိုးကြာငှက်တို့ ရေကိုသောက်သည် မည်သည်မရှိပေ။ သောတာပန်တို့ သေကိုသောက်သည် မည်သည်မရှိပေ။ ကြိုးကြာငှက်တို့အား ရေနှင့် နို့ကိုရောရှ်၍ အကယ်၍ တိုက်သည်ဖြစ်ပါအံ့ နို့သည်သာလျှင် ဝင်၏။ ရေမဝင်၊ သောတာပန်တို့အား ရေနှင့်သေကို ရောရှ်၍တိုက်သည်ဖြစ်ပါအံ့ ရေဝင်သည်၊ သေမဝင်ဟု ပြောဆိုသောစကား လောကဒ္ဓ- ဝိဝါဒများ၍ အယူဝါဒ မတူကြသည်မှာ—

ကောဉ္စသကုဏာနံ ဥဒကပါနံနာမ နတ္ထိ သောတာပန္နာနဉ္စ သုရာမေရယပါနံနာမ နတ္ထိ သစေ ကောဉ္စသကုဏာနံ ဥဒကေန မိဿိတွာ ခီရံ ပါယေတိ ခီရမေဝ ပဝိသတိ န ဥဒကံ သောတာပန္နာနံ ဥဒကေန မိဿိတွာ သုရံ ပါယေတိ ဥဒကမေဝ ပဝိသတိ န သုရံ ဓမ္မတာ ယေဝေသာ။

(အင်္ဂုတ္တိုရ်ဧကနိပါတ် အဋ္ဌကထာ)

ကောဉ္စသကုဏာနံ၊ ကြိုးကြာငှက်ဘို့အား။ ဥဒကပါနံနာမ၊ ရေကိုသောက်သောမည်သည်။ နတ္ထိ၊ မရှိ၊ သောတာပန္နာနဉ္စ၊ သောတာပန်တို့အားလည်း။ သုရာမေရယပါနံနာမ၊ သုရာကိုသောက်သောမည်သည်။ နတ္ထိ၊ မရှိ။ ကောဉ္စ-သကုဏာနံ၊ ကြိုးကြာငှက်တို့အား။ ဥဒကေန၊ ရေနှင့်။ မိဿိတွာ၊ ရောရှ်၍။ ခီရံ ၊နို့ကို။ သစေ ပါယေတိ၊ အကယ်၍သောက်သည်ဖြစ်အံ့။ ခီရမေဝ၊ နို့သည်သာလျှင်။ ပဝိသတိ၊ ဝင်၏။ ဥဒကံ၊ရေသည်။ န ပဝိသတိ၊ မဝင်။ သောတာပန္နာနံ၊ သောတာပန်တို့အား။ ဥဒကေန၊ ရေနှင့်။ မိဿိတွာ၊ ရောရှ်၍။ သုရံ၊ သေကို။ သစေ ပါယေတိ၊ အကယ်၍ သောက်သည်ဖြစ်အံ့။ ဥဒကမေဝ၊ ရေသည်သာလျှင်။ ပဝိသတိ၊ ဝင်၏။ သုရာ၊ သေသည်။ နပဝိသတိ၊ မဝင်။ ဧသာ၊ ဤသို့ မဝင်ခြင်းသည်။ ဓမ္မတာယေဝ၊ သဘောသာလျှင်တည်း။

ဤကား ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးပေးသောအနက်။ ပြဆိုခဲ့သော ပါဠိအနက် အဓိပ္ပာယ်အထွက် ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်မှာ သူမိုက်တို့က သောတာပန်မှန်လျှင် သေနှင့်ရေကိုရောရှ်၍တိုက်၊ ရေဝင်၍ သေမဝင်လျှင် သောတာပန်ဖြစ်ပြီ။ သေဝင်လျှင် သောတာပန် မဖြစ်၊ ကြိုးကြာနည်းတူ သူမိုက်တို့ ကြံဆသောစကားကို အဋ္ဌ-ကထာဆရာ လိုက်၍သွားသည်။ သူမိုက်ဆိုသည်ကား သေသောက်ကြူးက ဆိုသောစကားဟု ဋီကာက ရောရှ်၍ လိုက်ပြန်သည်။

သူမိုက် သေသောက်ကြူးတို့က ဆုံးဖြတ်မှ သောတာပန်ဖြစ်နိုင်သည် မဟုတ်ပေ။ ၎င်းစကားအရ ပါဠိတော်၌လည်း မပါမရှိပေ။ သေနှင့် ရေကိုရော၍ကြံစည်ကာတိုက်သဖြင့် ဝင်ရမြဲမလွဲမှန်တော့သည်။ ဝင်သော်လည်း သေဟူသောအာရုံ၌ စိတ်မညွတ် မရောက်၍ အပြစ်မရှိပေ။

မျက်စိမမြင်သော စက္ခုပါလ ရဟန္တာ စင်္ကြံကြွ၍ ပုရွက်ဆိတ်တွေ သေကြရာ၌ စိတ်မရှိ၍ အပြစ်မထိုက်ကြောင်းကို ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။ သောတာပန်ကို ရှိပါစေဦး။ပဋိက္ကမ လုံ့လ သူတစ်ပါးတို့ပြုပါက ရဟန္တာအရှင်မောဂ္ဂလ္လာန်တို့သော်လည်း ခံရပေသေး၏။ ရဟန္တာမတစ်ဦးကို သူဌေးသားလွန်ကျူးသော ဝတ္ထုစသည်တို့၌ ပါဠိတော်များမှာ ထင်ရှားရှိပေသတည်း။

ဤကား ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး အဆုံးအမ ဩဝါဒပေတည်း။

(၄၇) သောတာပန်တို့သည် ပယ်အပ်သောတရား ကျမ်းဂန်ရ
စကားနှင့် ခြားနားစွာ ပြဆိုခြင်း ပြီး၏။

* * *

## (၄၈) ဗဟိအဇ္ဈ အာသန္နံနှင့် စသည်အပြား ၁၁-ပါးသည် လောကီတရား နိဗ္ဗာန်နှင့် လားလားမျှမဆက်ဆံသည်ကို ပြဆိုခြင်း

ဗဟိဆိုသည် အပ၊ အဇ္ဈဆိုသည် အတွင်း၊ နိဗ္ဗာန်သည် အပအတွင်း၌မရှိ။ အာသန္န၊ အနီး။ ဒူရ၊ အဝေး။ နိဗ္ဗာန်သည် အနီးအဝေး၌မရှိ။ ဟီန၊ အယုတ်။ ပဏီတ၊ အမြတ်၊ နိဗ္ဗာန်သည် အယုတ်အမြတ်၌ မရှိ။ ဩဠာရိက-ကြမ်းတမ်းခြင်း။ သုခုမ၊ သိမ်မွေ့ခြင်း။ နိဗ္ဗာန်သည် ကြမ်းတမ်းခြင်း သိမ်မွေ့ခြင်း၌မရှိ။ အတိတ်ဆိုသည် ဖြစ်ပြီး။ အနာဂတ်ဆိုသည် ဖြစ်လတ္တံ့။ ပစ္စုပ္ပန်ဆိုသည် ဖြစ်ဆဲ။ နိဗ္ဗာန်သည် ဖြစ်ပြီး-ဖြစ်ဆဲ-ဖြစ်လတ္တံ့တို့၌ မရှိ။

ဤသို့ ပြဆိုခဲ့သော ၁၁ ပါးတို့သည် လောကီတရားဟူ၍ မှတ်ယူသင့်လှပေကုန်သည်။ ၎င်း ၁၁-နှင့် ကင်းလွတ်ရာအရပ်သည် နိဗ္ဗာန်ဟူ၍ မှတ်ယူသင့်လှပေကုန်သည်။ထိုနိဗ္ဗာန်သည် ကိလေသာ ခန္ဓာနာမ်ရုပ်တို့ဖြင့်ချုပ်ငြိမ်း၍ ရုပ်သိမ်းခဲ့သော် တစ်စုံတစ်ခု အဏုမြူမျှရှာ၍ မရမရှိပေကုန်။

ထိုသို့ မရှိရာ၌ နိဗ္ဗာန်ကို အပအတွင်း၌ထား၍ မဖြစ်နိုင်ပေ။ အနီးအဝေး၌ ထား၍ မဖြစ်နိုင်ပေ။ နိဗ္ဗာန်ကို အယုတ်အမြတ်၌ ထား၍ မဖြစ်နိုင်ပေ။ ကြမ်းတမ်းသည်၊ နူးညံ့သည် ထား၍ မဖြစ်နိုင်ပေ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍လည်း ထား၍မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သည် လောကုတ္တရာဖြစ်သောကြောင့် ၁၁-ပါးသော လောကီ အာရုံအတွင်းက ရှင်းရှင်းလွတ်ကင်းလေသောကြောင့်တည်း။

နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ စတုမဂ္ဂဉာဏေန
သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဝါန သင်္ခါတာယ
တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

လောကုတ္တရ သင်္ခါတံ၊ လောကုတ္တရာဟု ဆိုအပ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။သစ္ဆိကာတဗ္ဗံ၊မျက်မှောက်ပြုအပ်သော်။မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။အာလမ္ဗဏဘူတံ၊ အာရုံပြု၍ဖြစ်သော။ နိဗ္ဗာနံပန၊ နိဗ္ဗာန်ကိုကား။ ဝါနသင်္ခါတာယ၊ သတ္တဝါတို့ကို သံသရာဝဋ္ဋဆင်းရဲမှ ချုပ်တတ် ဖွဲ့တတ်သည်၏ အဖြစ်ကြောင့် ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်ပေ၏။

**အဓိပ္ပါယ်ကား**။ ။လောကုတ္တရာဟု ဆိုအပ်သော လေးပါးသောမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်၍ဖြစ်သော နိဗ္ဗာန်ကိုကား သတ္တဝါတို့ကို သံသရာဝဋ္ဋဆင်းရဲမှ ချုပ်တတ်ဖွဲ့တတ်သည်၏ အဖြစ်ကြောင့် ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟူ၍ ခေါ်ဆိုအပ်ပေ၏။

ထိုနိဗ္ဗာန်သည် အစ္စုတံ၊ စုတိခြင်းမရှိ။ အစ္စန္တံ၊ သေခြင်းမှ လွန်မြောက်ခြင်း။ အသင်္ခတံ၊ တစ်စုံတစ်ခု ပြုမှုမရှိခြင်း။ အနုတ္တရံ၊ နိဗ္ဗာန်ထက်လွန်မြတ်သော တရားမရှိခြင်း။ နိဗ္ဗာနမိတိ၊ ပြဆိုခဲ့သောအတိုင်း နိဗ္ဗာန်ဟူ၍။ ဝါန-မုတ္တာ၊ တဏှာမှ လွတ်တော်မူကြကုန်သော။ မဟေသယော၊ ဘုရားရှင်တို့သည်။ ဘာသန္တိ၊ ဟောတော်မူကြပေကုန်၏။

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ
န ဥပ္ပဇ္ဇတိ နာဟံ ဂမနေန လောကဿန္တံ ဉာတေယျံ
ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။ (စတုက္ကနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်)

အာဝုသော၊ ရောဟိတနတ်သား။ ယတ္ထ၊ အကြင်လောက၏အဆုံး၌။ လောကော၊ လူအပေါင်းသည်။ နဇာယတိ၊ မဖြစ်။ နဇီယတိ၊ မအို။ နမီယတိ၊ မသေ။ နစဝတိ၊ မစုတေ။ နဥပ္ပဇ္ဇတိ၊ ပဋိသန္ဓေမနေ။ တံ၊ ထိုလောက၏အဆုံးသို့။ ဂမနေန၊ သွားသောသူသည်။ လောကဿ၊ လောက၏။ အန္တံ၊ အဆုံးကို။ ဉာတေယျန္တိ၊ သိအပ်၏ဟူ၍။ ဒိဋ္ဌေယျန္တိ၊ မြင်အပ်၏ ဟူ၍။ ပတ္တေယျန္တိ၊ ရောက်အပ်၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ။

**အဓိပ္ပာယ်ကား။** ။ရောဟိတနတ်သား အကြင်လောကီ၏ အဆုံးဖြစ်သော နိဗ္ဗာန်၌ လူအပေါင်းသည် မဖြစ်နိုင်၊ မအိုနိုင်၊ မသေနိုင်၊ မစုတိနိုင်၊ ပဋိသန္ဓေမနေနိုင်။ ထိုလောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ သွားသောသူသည် ထိုအဆုံးဖြစ်သော နိဗ္ဗာန်ကို သိအပ်၏ဟူ၍၊ မြင်အပ်၏ဟူ၍၊ ရောက်အပ်၏ဟူ၍ ငါဘုရားသည် ဟောတော်မမူပေ။

နစာဟ မာဝုသော အပ္ပတွာဝ လောကဿန္တ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ
အပိစာဟ မာဝုသော ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ
သသညိမှိ သမာနကေ လောကဉ္စ ပညာပေမိ လောက
သမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ
ပဋိပဒံ။ (၄င်းပါဠိ)

အာဝုသော၊ ရောဟိတနတ်သား။ လောကဿ၊ လောက၏။ အန္တံ၊ အဆုံးသို့။ အပ္ပတွာဝ၊ မရောက်ဘဲလည်း။ ဒုက္ခဿ၊ ဒုက္ခ၏။ အန္တကိရိယံ၊ အဆုံးကို ပြုသောသူဟူ၍။ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟောလည်းဟောတော်မမူ။ အာဝုသော၊ ရောဟိတနတ်သား။ အပိစ၊ စင်စစ်သော်ကား။ သမာနကေ၊ သဝိညာဏကဖြစ်သော။ သသညိမှိ၊ သညာနှင့်တကွဖြစ်သော။ ဗျာမ မတ္တေ၊ အရပ် တစ်လံမျှလောက်ဖြစ်သော။ ဣမသ္မိံ ကဠေဝရေ၊ ဤခန္ဓာကိုယ် အကောင်၌သာလျှင်။ လောကဉ္စ၊ ဘဝဒုက္ခလောကကိုလည်း။ အဟံ၊ ငါဘုရားသည်။ ပညာပေမိ၊ သိစေတော်မူ၏။ လောကသမုဒယဉ္စ၊ ဘဝဒုက္ခလောက၏ အကြောင်းသမုဒယကိုလည်း။ အဟံ၊ ငါဘုရားသည်။ ပညာပေမိ၊ သိစေတော်မူ၏။ လောကနိရောဓဉ္စ၊ ဘဝဒုက္ခလောက၏ ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိဗ္ဗာန်ကိုလည်း။ အဟံ၊ ငါဘုရားသည်။ ပညာပေမိ။ သိစေတော်မူ၏။ လောကနိရောဓ ဂါမိနိဉ္စ ပဋိပဒံ၊ ဘဝဒုက္ခလောက၏ ချုပ်ငြိမ်းရုပ်သိမ်းရာဖြစ်သော

နိဗ္ဗာန်သို့ရောက်သော အကျင့်မဂ်ကိုလည်း။ အဟံ၊ ငါဘုရားသည်။ ပညာပေမိ၊ သိစေတော်မူ၏။

**အဓိပ္ပာယ်ကား။** ။ရောဟိတနတ်သား လောက၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်ဘဲလည်း ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို ပြုသောသူ-ရသောသူဟူ၍ ငါဘုရားသည် ဟောတော်မမူပေ။ ရောဟိတနတ်သား၊စင်စစ်သော်ကား အသက် ဝိညာဏ်ဖြစ်သော အမှတ်သညာနှင့် တကွဖြစ်သော။ အရပ်တစ်လံမျှလောက်ဖြစ်သော ဤခန္ဓာကိုယ်၏သာလျှင် ဘဝ ဒုက္ခ လောကကိုလည်း ငါဘုရားသိစေတော်မူ၏။

ဘဝ ဒုက္ခ လောက၏အကြောင်းဖြစ်သော သမုဒယကိုလည်း ငါဘုရားသိစေတော်မူ၏။ ဘဝ ဒုက္ခ လောက၏ ချုပ်ငြိမ်းရပ်သိမ်းရာဖြစ်သော နိဗ္ဗာန်ကိုလည်း ငါဘုရား သိစေတော်မူ၏။ ဘဝ ဒုက္ခ လောက၏ ချုပ်ငြိမ်းရပ်သိမ်းရာဖြစ်သော မဂ်၏အကျင့်ကိုလည်း ငါဘုရား သိစေတော်မူ၏။

ဂမနေန နပ္ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ၊
နစ အပ္ပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။ (ငှင်းပါဠိ)

လောကဿ၊ လောက၏။ အန္တော၊ အဆုံးသို့။ ဂမနေန၊ သွားသောသူသည်။ ကုဒါစနံ၊ တရံတစ်ဆစ်မျှ။ နပ္ပတ္တဗ္ဗော၊ မရောက်အပ်။ လောကန္တံ၊ လောက၏ အဆုံးသို့။ အပ္ပတွာစ၊ မရောက်မရဘဲလည်း။ ဒုက္ခာ၊ ဆင်းရဲ အပေါင်းမှ။ ပမောစနံ၊ လွတ်ခြင်းဘည်။ နစအတ္ထိ၊ ရှိလည်းမရှိပေ။ ။အဓိပ္ပာယ်ကား လွယ်၏။

တသ္မာ ဟဝေ လောကဝိဒူ သုမေဓော လောကန္တဂူ
ဝုသိတဗြဟ္မစရိယော လောကဿန္တံ သမိတာဝီ
ဉတွာ နာသီသတိ လောကမိမံ ပရဉ္စ။ (ငှင်းပါဠိ)

တသ္မာ၊ ထို့ကြောင့်။ ဟဝေ၊ စင်စင်။ သုမေဓော၊ ကောင်းသောပညာရှိတော်မူထသော။ လောကန္တဂူ၊ လောက၏အဆုံးသို့ ရောက်တော်မူထသော။ ဝုသိတ ဗြဟ္မစရိယော၊ သုံးပြီးသော မဂ်သီတင်းကြီးတော်မူထသော။ သမိတာဝီ၊ ငြိမ်းအေးသော တဏှာ သိပြီးသော သစ္စာရှိတော်မူထသော။လောကဝိဒူ၊ လောကကို သိမြင်တော်မူသော ငါဘုရားသည်။ လောကဿ၊ လောက၏။ အန္တံ၊ အဆုံးကို။ ဉတွာ၊ သိမြင်တော်မူ၍။ ဣမဉ္စလောကံ၊ ဤယခု ပစ္စုပ္ပန်ဘဝကို

လည်း။ နာသီသတိ၊ မတောင့်တပေ။ ပရဉ္စလောကံ။ နောက်ကာလကိုလည်း။ နာသီသတိ၊ မတောင့်တပေ။

အဓိပ္ပာယ်ကား။ ။စင်စစ်သော်ကား ပညာရှိတော်မူသော လောက၏ အဆုံးသို့ ရောက်တော်မူသော။ ကိလေသာမှ ကုန်ပြီးသော မဂ်သီတင်း သုံးပြီးတော်မူသော၊ ငြိမ်းအေးပြီးသော၊ သစ္စာလေးပါး ရှိတော်မူသော၊ လောက၏ အဆုံး နိဗ္ဗာန်ကို သိမြင်တော်မူသော ငါဘုရားသည် လောက၏အဆုံး နိဗ္ဗာန်ကို သိမြင်တော်မူ၍ ယခု ပစ္စုပ္ပန်ဘဝကိုလည်း တောင့်တတော် မမူပေ။ နောက်ဘဝကိုလည်း တောင့်တတော် မမူပေ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ဓမ္မပဒပါဠိတော်၌ ပြုပြင်အပ်သော သင်္ခတဖြစ်သော ခန္ဓာငါးပါးတို့သည် မမြဲခြင်း၊ ဆင်းရဲခြင်းသဘော ဖြစ်ကြကုန်၏။ နိဗ္ဗာန်ဟူသည်ကား နိစ္စ-စုဝ-သုခ သဘော ဖြစ်ပေသည်။ မိစ္ဆာဒိဋ္ဌိတို့ ယူအပ်သော အတ္တကဲ့သို့ မဟုတ်ဟု သိမြင်စေခြင်းငှာ။ သဗ္ဗေ ဓမ္မာ အနတ္တာဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်။

ဓမ္မသဒ္ဒါသည် သင်္ခတဖြစ်သော ခန္ဓာငါးပါး၊ အသင်္ခတဖြစ်သော နိဗ္ဗာန် ပညတ်တို့ကို ဟောတော်မူသည်။ အတ္တဟူသည် အနုမြူမျှမရှိ၊ အနတ္တစင်စစ်ဖြစ်၍ ခန္ဓာငါးပါး၌ စွဲလမ်းခြင်း အားကြီး၍ အထင်မှားခြင်း ဖြစ်ကြပေသည်။ ထို့ကြောင့် နောက်ဂါထာ၌ သဗ္ဗေ ဓမ္မာ အနတ္တာအရမှာ နိဗ္ဗာန်သည် အနတ္တသဘောသို့ ပါဝင်ရောက်ရတော့သည်ဟု ဟောတော်မူသည်။

ထိုသို့ ဟောတော်မူသော်လည်း ပုထုဇဉ်တို့အာရုံ မဟုတ်သောကြောင့် အနတ္တဟု ဘယ်အခါမှ မစွဲလမ်းနိုင်ကြပေကုန်၊ ခန္ဓာငါးပါးကိုသာလျှင် အတ္တပြုလုပ်၍ မဲမဲသဲသဲ စွဲမြဲ၍ နေကြကုန်သည်။ ထို့ကြောင့် ဓမ္မအရကို။

သဗ္ဗေဓမ္မာတိ ပဉ္စက္ခန္ဓာဧဝ အဓိပ္ပေတာ။ (အဋ္ဌကထာ)

သဗ္ဗေဓမ္မာတိ၊ သဗ္ဗေဓမ္မာဟူသော ပါဠိတော်စကား၌။ ပဉ္စက္ခန္ဓာဧဝ၊ ငါးပါးသော ခန္ဓာတို့ကိုသာလျှင်။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

အဓိပ္ပာယ်ကား။ ။သဗ္ဗေဓမ္မာဟူသော ပါဠိတော်စကား၌ ပဉ္စက္ခန္ဓာဧဝ ဟူသော ပါဌ်အရ ဧဝသဒ္ဒါဖြင့် နိဗ္ဗာန်မှ တစ်ပါး ခန္ဓာငါးပါးကိုသာလျှင် ပုထုဇဉ်စွဲလမ်းခြင်းကို အလိုရှိအပ်ပေကုန်၏။

အနိစ္စာ သင်္ခတာ၊ ဒုက္ခာနတ္တာစ-လက္ခိတာ၊
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာဣတိ နိစ္ဆိတာ။
(ဝိနည်းပရိဝါပါဠိတော်)

သင်္ခတာ၊ ခပ်သိမ်းကုန်သော သင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာစ၊ အတ္တလည်း မဟုတ်ကုန်ဟူ၍။ လက္ခိတာ၊ မှတ်ယူအပ်ကုန်၏။ နိဗ္ဗာနဉ္စေဝ၊ နိဗ္ဗာန်ကိုလည်းကောင်း။ ပညတ္တိစ၊ ပညတ်ကိုလည်းကောင်း။ အနတ္တာဣတိ၊ အတ္တမဟုတ်-အနတ္တ ဟုတ်သည်ဟူ၍။ နိစ္ဆိတာ၊ ဆုံးဖြတ်အပ်၏။

**အဓိပ္ပာယ်ကား။** ။ခပ်သိမ်းကုန်သော ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ အနတ္တ အစိုးမရကုန်ဟူ၍ မှတ်ယူအပ်ကုန်၏။ နိဗ္ဗာန်ကိုလည်းကောင်း၊ ပညတ်ကိုလည်းကောင်း၊ အတ္တမဟုတ် အနတ္တ ဟုတ်သည်ဟူ၍ ဆုံးဖြတ်အပ်ပေ၏။ ။ဤကားပါဠိတော်အလိုတည်း။

ဤပြဆိုခဲ့သော ပါဠိတော်၌ နိဗ္ဗာန်ဟူသည်ကား ပညတ်ပင်တည်း။ ကိလေသာ ခန္ဓာနာမ်ရုပ်-ချုပ်ငြိမ်း ရုပ်သိမ်းခြင်းကား ပရမတ်ပင်တည်း၊ ထို့ကြောင့် ကျေးဇူးရှင် ဖြစ်တော်မူသော မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးက အနိစ္စထင်လျှင် နိစ္စကိုမြင်မှ မဂ်ဝင်တာပဲ၊ ဒုက္ခထင်လျှင် သုခမြင်မှ မဂ်ဝင်တာပဲ။ အနတ္တထင်လျှင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲ။ ။ဤကား ဆရာတော်ဘုရားကြီးဟောပုံတည်း။

(၄၈) ဗဟိအဇ္ဈ၊ အာသန္နနှင့် စသည်အပြား (၁၁) ပါးသည် လောကီတရား နိဗ္ဗာန်နှင့် လားလားမျှ မဆက်ဆံသည်ကို ပြဆိုခြင်းပြီး၏။

* * *

## (၄၉) သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသ နိဗ္ဗာန်ကို တွဲစပ်ပုံ တစ်ပါး ခွဲအပ်ပုံတရားနှင့် ခြားနားစွာပြဆိုခြင်း။

ခန္ဓာငါးပါးနှင့် နိဗ္ဗာန်ကို တွဲစပ်၍ သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။ ခန္ဓာငါးပါးနှင့် မတွဲမစပ်ဘဲ နိဗ္ဗာန်ချည်းသက်သက်ကို အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။

တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဥပါဒိသေသ
နိဗ္ဗာနဓာတု အနုပါဒိသေသနိဗ္ဗာန ဓာတုစေတိ
ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

တဒေတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သဘာဝတော၊ တရားသဘောအားဖြင့်။ ဧကဝိဓမ္ပိ၊ တစ်ပါးသော အဖို့ရှိသော်လည်း။ သဥပါဒိသေသနိဗ္ဗာနဓာတုစ၊ သဥပါဒိသေသနိဗ္ဗာနဓာတ်လည်းကောင်း။ အနုပါဒိသေသနိဗ္ဗာနဓာတုစ၊ အနုပါဒိသေသနိဗ္ဗာနဓာတ် လည်းကောင်း။ ဣတိ၊ ဤသို့။ ကာရဏပရိယာယေန၊ အကြောင်း၏ ပရိယာယ်အားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ထိုနိဗ္ဗာန်သည် သဘောတရားအားဖြင့်တစ်ပါးသာလျှင် ရှိပေ၏၊ ရှိသော်လည်း သဥပါဒိသေသနိဗ္ဗာန်၊အနုပါဒိသေသနိဗ္ဗာန် အကြောင်း၏ ပရိယာယ်စကားဖြင့် နှစ်ပါးအပြား ဖြစ်ရပေ၏၊ ထိုနှစ်ပါးတို့တွင် သဥပါဒိသေသဆိုရာ၌ ကိလေသာကင်း၍ ခန္ဓာအကြွင်း ရှိသည်ကို သဥပါဒိသေသ ဆိုသည်။

ကိလေသာကင်း၍ ခန္ဓာအကြွင်းရှိသည်ကား အဘယ်မှာနည်းဟု မေးခဲ့သော် ဘုရားခန္ဓာ၊ ရဟန္တာခန္ဓာ၊ မဂ်စိတ် ဖိုလ်စိတ်ခန္ဓာ၊ ၎င်းခန္ဓာတို့သည် ကိလေသာ လွတ်ကင်း၍ ပစ္စုပ္ပန်၌ ခန္ဓာကြွင်း ရှိသောကြောင့် သဥပါဒိသေသဟု ခေါ်ဆိုရပေသည်။

ဘုရား၊ ရဟန္တာ၊ မဂ်ဇောခဏ၊ ဖိုလ်ဇောခဏ၌ ကျရောက် ရရှိကြသော အရှင်တို့သည် ကိလေသာဟူသမျှကို အနုသယနှင့်တကွ လွတ်ကင်းကြ၍ သဥပါဒိသေသခန္ဓာကို ရရှိကြပေကုန်သည်။ ၎င်း သဥပါပါဒိသေသခန္ဓာကို ရရှိကြကုန်သော အရှင်တို့က နိဗ္ဗာန်ကို အာရုံပြုကြပေကုန်၏။

ထိုသို့ပြုရာ၌ နိဗ္ဗာန်ကား ခန္ဓာအကြွင်း မရှိသောကြောင့် အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။ နိဗ္ဗာန်ကား တစ်ခြားယူ၊ ၎င်းနိဗ္ဗာန်ကို အာရုံပြုသောအရှင်တို့သည် ပစ္စုပ္ပန်၌ခန္ဓာကား အကြွင်းရှိသေးသောကြောင့် ၎င်းခန္ဓာကို သဥပါဒိသေသခန္ဓာဟု ခေါ်ဆိုရပေသည်။ခန္ဓာကား တစ်ခြားယူ၊ နှစ်ပါးစုံပေါင်းစပ်သောအခါ သဥပါဒိသေသ နိဗ္ဗာန်ဟု ပေါ်ဆိုရပေသည်။ ဤကား ဝိသုဒ္ဓိမဂ်အလိုတည်း။

ဤသို့ ပြဆိုခဲ့ရာ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တို့မှာ မိမိတို့ ရရှိကြသော မဂ်ခဏ၊ ဖိုလ်ခဏ၌ နိဗ္ဗာန်ကို အာရုံပြုကြပေကုန်၏။ နိဗ္ဗာန်ကား အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။

ထိုနိဗ္ဗာန်ကိုအာရုံပြုသော အရှင်တို့သည် ပစ္စုပ္ပန်အတွင်း၌ ခန္ဓာကားအကြွင်း ရှိ၍ ကိလေသာကား အနုသယနှင့်တကွ လွတ်ကင်းကြ၍ ဤအရှင်တို့၏ ခန္ဓာကို သဥပါဒိသေသဟု ခေါ်ဆိုရပေသည်။ မဂ်ဇောခဏ-ဖိုလ်ဇောခဏကို ယူကြကုန်လော့။

ဧင်းသောတာပန်၊ သကဒါဂါမ်၊အနာဂါမ်တို့သည် ဖိုလ်ဇောချုပ်ပြီးနောက် ဘဝင်စိတ်သို့ လည်၍ကျသဖြင့် ကြွင်းသော ကိလေသာတို့က လာ၍ကပ်သည် ရှိသော် ထိုပုဂ္ဂိုလ်တို့၏ခန္ဓာကြွင်းကို သဥပါဒိသေသဟု မခေါ်မဆိုရပေကုန်။ ဘုရားရဟန္တာတို့ ခန္ဓာမှာ သဥပါဒိသေသဟု ထင်ရှား၏။

ဝတ္တမာနက္ခန္ဓ နိဿိတမဂ္ဂက္ခဏေစ သောပါ
ဒိသေသနိဗ္ဗာနဓာတု။ (ဝိသုဒ္ဓိမဂ်)

ဝတ္တမာနက္ခန္ဓ-နိဿိတ မဂ္ဂက္ခဏေစ၊ ပစ္စုပ္ပန်ဖြစ်ဆဲ ခန္ဓာကို မှီ၍ဖြစ်သော မဂ်ခဏ၌လည်း။ သောပါဒိသေသနိဗ္ဗာနဓာတု၊ ကိလေသာကင်း ခန္ဓာအကြွင်း ရှိသော သဥပါဒိသေသ နိဗ္ဗာနဓာတ်သို့။ ပတ္တဗ္ဗာ၊ ရောက်ကြလေကုန်၏။

**အဓိပ္ပာယ်ကား။** ။ပစ္စုပ္ပန်၌ဖြစ်ဆဲ ရှိဆဲခန္ဓာကို အမှီပြုရ၍ ဖြစ်ပေါ်ရရှိ **သော** မဂ်ခဏ၌လည်း ကိလေသာကင်းသော ခန္ဓာကြွင်းကို သဥပါဒိသေသဟု ခေါ်ဆိုရပေ၏။ ထိုခန္ဓာရှင်က အာရုံပြုသောနိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေ၏။ မဂ်ခဏကိုဆိုသဖြင့် ဖိုလ်ခဏ၌လည်း မဂ်ကဲ့သို့ သိမြင် သင့်လှ ပေကုန်သည်။

သဥပါဒိ သေသာနိ ကြွင်းရှိခန္ဓာမှာ။
ကိလေသာကင်း ခန္ဓာကြွင်း ရှင်းရှင်းယူကြပါ။
ဘုရားခန္ဓာ ရဟန္တာ မဂ်ဖိုလ်စိတ်ခန္ဓာ။
ဧင်းခန္ဓ အာရုံခံ အမှန်နိဗ္ဗာန်မှာ။
ခန္ဓာကြွင်းပြန် ပစ္စုပ္ပန် အမှန်သူ့ကိုသာ။
နိဗ္ဗာန်တစ်ပါး ခန္ဓာခြား နှစ်ပါးယူကြပါ။ (သံခိပ်)

ယေန ဘာဝနာယ ပတ္တံ တဿ ကိလေသဝူပသမံ၊
ဥပါဒိသေသဥ္စ ဥပါယ ပညာပနီယတ္တာ သဟ ဥပါဒိသေ
သေန ပညာပိယတီတိ သဉပါဒိသေသံ။ (ဝိသုဒ္ဓိမဂ်)

ယေန၊ အကြင်ရဟန္တာသည်။ ဘာဝနာယ၊ အရဟတ္တမဂ် ဘာဝနာဖြင့်။ အသခ်တံ၊ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်သို့။ ပတ္တံ၊ ရောက်ကြရကြလေပြီ။ တဿ၊ ထိုရဟန္တာ၏။ ကိလေသဝူပသမဥ္စ၊ ကိလေသာ၏ ချုပ်ငြိမ်းခြင်းကို လည်းကောင်း။ဥပါဒိသေသဥ္စ၊ခန္ဓာအကြွင်းရှိသည်ကိုလည်းကောင်း။ဥပါဒါယ၊ အစွဲပြု၍။ ပညာပနီယတ္တာ၊ ပညတ်အပ်သည်၏ အဖြစ်ကြောင့်။ ယံ၊ အကြင် နိဗ္ဗာန်ကို။ ဥပါဒိသေသေန၊ ခန္ဓာအကြွင်းနှင့်။ သဟ၊ တကွ။ ပညာပိယတိ၊ ပညတ်အပ်၏။ ဣတိ၊ ထို့ကြောင့်၊ တံ၊ ထိုနိဗ္ဗာန်သည်။ သဉပါဒိသေသံ၊ သဉပါဒိသေသ နိဗ္ဗာန်မည်၏။

တဿ တိဋ္ဌန္တေဝ-ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ
မနာပါမနာပံ-ပစ္စနုဘောတိ သုခံ-ဒုက္ခံ ပဋိသံဝေဒေတိ။
တဿ ယောရာဂက္ခယော-ဒေါသက္ခယော-မောဟက္ခယော။
အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသနိဗ္ဗာနဓာတု။
(ဣတိဝုတ်ပါဠိတော်)

တဿ၊ ထိုရဟန္တာအား။ ပဉ္စိန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့သည်။ တိဋ္ဌန္တေဝ၊ တည်ကုန်သလျှင်ကတည်း.၊ ယေသံ၊ အကြင်ငါးပါးသောဣန္ဒြေတို့၏။ အဝိဃာတတ္တာ၊ မပျောက်မပျက်သည်၏အဖြစ်ကြောင့်။ မနာပါမနာပံ၊ နှစ်သက် ဖွယ်-မနှစ်သက်ဖွယ်အာရုံကို။ ပစ္စနုဘောတိ၊ ခံစား၏။ သုခံဒုက္ခံ၊ ချမ်းသာ ဆင်းရဲကို။ ပဋိသံဝေဒေတိ၊ သိတော်မူ၏။ တဿ၊ ထိုရဟန္တာအား။ ရာဂက္ခယော၊ ရာဂကုန်၏။ ဒေါသက္ခယော၊ ဒေါသကုန်၏။ မောဟက္ခယော၊ မောဟကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤရာဂ-ဒေါသ-မောဟ-ကုန်ခြင်းကို။ သဉပါဒိ သေသနိဗ္ဗာနဓာတု၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပာယ်ကား**။ "ရဟန္တာတို့အား သဒ္ဓိန္ဒြေ-ဝီရိယိန္ဒြေ-သတိန္ဒြေ-သမာဓိ န္ဒြေ-ပညိန္ဒြေ-ငါးပါးသော ဣန္ဒြေတို့သည် တည်ရှိကုန်၏။ အကြင်ငါးပါးသော ဣန္ဒြေတို့၏ မပျောက်မပျက်သည်၏ အဖြစ်ကြောင့် နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံကို အကျိုးတရားရှိသောအတိုင်း ခံစားခြင်းကိုသိ၏။ ချမ်းသာဆင်းရဲကို

သိ၏။ ထိုရဟန္တာအား ရာဂ ကုန်၏၊ ဒေါသ ကုန်၏၊ မောဟ ကုန်၏။ ချစ်သားတို့-ဤရာဂ ဒေါသ မောဟ ကုန်ခြင်းကို ရဟန္တာမှာ ခန္ဓာအကြွင်း ရှိသေးသောကြောင့် သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုအပ်ပေ၏။

ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ-သဥပါဒိသေသာ-ဘဝနေတ္တိ
သင်္ခယာ။ (ဣတိဝုတ်ပါဠိတော်)

ဘဝနေတ္တိသင်္ခယာ၊ ဘဝတဏှာကုန်ဆုံးသော။ သဥပါဒိသေသာ၊ ခန္ဓာ အကြွင်းရှိသော။ ဧကာဟိဓာတု၊ တစ်ခုသောဓာတ်သည်။ ဣဓဒိဋ္ဌဓမ္မိကာ၊ ယခု ဘဝ ဒိဋ္ဌဓမ္မနိဗ္ဗာန်မည်၏။

**အဓိပ္ပာယ်ကား။** ဘဝတဏှာကုန်ဆုံးပြီးသော၊ ခန္ဓာအကြွင်းရှိသောတစ်ခု သောဓာတ်သည် ယခုဘဝ ပစ္စုပ္ပန်မျက်မှောက်၌ ရရှိသောနိဗ္ဗာန်သည် ရဟန္တာ ၏ လက်ရှိ ဒိဋ္ဌဓမ္မိက နိဗ္ဗာန်မည်၏။ လိုရင်းကား ရဟန္တာတို့သည် ခန္ဓာ အကြွင်းနှင့်တကွ-ရရှိသော နိဗ္ဗာန်ကို သဥပါဒိသေသ နိဗ္ဗာန်ဟု ခေါ်ရပေ၏။ ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟုလည်း ဆိုရပေ၏။

သောတာပန်-သကဒါဂါမ်-အနာဂါမ်တို့သည်လည်း မဂ်ရသော ခဏ-ဖိုလ် ရသောခဏ၌ ကိလေသာကင်း-ခန္ဓာအကြွင်း ရှိသောကြောင့် သာဓာရဏ အားဖြင့် ရဟန္တာနှင့် တူမျှကြ၍၊ သောတာပန်-သကဒါဂါမ်-အနာဂါမ်တို့ကို လည်း သဥပါဒိသေသ နိဗ္ဗာန်ဟု ခေါ်ဆိုရပေ၏။

အချို့သောကျမ်း၌ သဥပါဒိသေသနိဗ္ဗာန်ကို ရေးသားဆုံးဖြတ်ကြသည်မှာ ဝိသာခါ-အနာထပိဏ်-စသော သောတာပန်တို့သည် ခန္ဓာကြွင်း ဘဝကြွင်း သံသရာကြွင်းရှိသောကြောင့် ၎င်းပုဂ္ဂိုလ်တို့ကို သဥပါဒိသေသနိဗ္ဗာန်ဟု ဆုံးဖြတ် တော်မူကြပေသည်။

ဝိသာခါ-အနာထပိဏ်-စသော သောတာပန်တို့သည် မဂ်ရသောခဏ-ဖိုလ် ရသောခဏ-အခိုက်အတန့်၌သာ သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုရပေသည်။ မဂ်ဇော-ဖိုလ်ဇော-ချုပ်ပျောက်ကုန်ဆုံးပြီးနောက် ဘဝင်စိတ်ကျသဖြင့် ကြွင်း ကျန်သော ကိလေသာတို့လာ၍ ကပ်သောအခါ ၎င်းပုဂ္ဂိုလ်တို့၏ ခန္ဓာအကြွင်း ကို အလျှင် သဥပါဒိသေသနိဗ္ဗာန်ဟု မခေါ်မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆို သော် ကိလေသာမကင်းသောခန္ဓာ ဖြစ်ခြင်းကြောင့်တည်း။ သကဒါဂါမ်-အနာ

ဂါမ်တို့၏ သဥပါဒိသေသနိဗ္ဗာန်ကို သောတာပန်နှင့်နည်းတူ မှတ်ယူကြပေကုန်လော့။

ရှေးဆရာတော်ဘုရားကြီးတို့၏ အဆုံးအဖြတ်မှာ အခိုက်အတန့် မပါကြပေကုန်။ ပညာရှိတို့သည် သတိအထူးပြုကြပါကုန်လော့။ ပြဆိုခဲ့သော တဒေတံ သဘာဝတော ပါဠိကစ၍ ကုန်စင်အောင် အဖန်တလဲလဲရှုကြည့်ကာ သိမြင်မှု သဘောတို့ ပေါ်ပေါက်၍ လာပေလိမ့်မည်။ ဤကား သဥပါဒိသေသနိဗ္ဗာန် တည်း။

ယော စဿ သမုဒယပ္ပဟာနေန ဥပဟတာယ-တိကမ္မဖလဿ—
စရိမစိတ္တတော စ ဥဒ္ဓံ ပဝတ္တခန္ဓာနံ အနုပ္ပါဒနတော။ ဥပ္ပန္နာန ့ အန္တ
ရဓာနတော ဥပါဒိသေသာဘာဝေါ တံဥပါဒါယ ပညာပနီယတော
နတ္ထိ ဧတ္ထ ဥပါဒိသေသောတိ အနုပါဒိသေသံ။ (ဝိသုဒ္ဓိမဂ်)

အဿ၊ ထိုရဟန္တာ၏။ သမုဒယပ္ပဟာနေန၊ သမုဒယသစ္စာကို ပယ်သဖြင့်။ တိကမ္မဖလဿ၊ သုံးပါးသောကံ၏အကျိုး၏။ ဥပဟတာယစ၊ ပြတ်ကင်းခြင်းကြောင့်လည်းကောင်း။ စရိမစိတ္တတော၊ ပရိနိဗ္ဗာန်ပြုပြီးသော စုတိစိတ်အဆုံးမှ။ ဥဒ္ဓံ၊ အထက်၌။ ပဝတ္တိခန္ဓာနံ၊ အစဉ်မပြတ် စပ်သော ခန္ဓာတို့၏။ အနုပ္ပါဒနတောစ၊ မဖြစ်ခြင်းကြောင့်လည်းကောင်း။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော ခန္ဓာတို့၏။ အန္တရဓာနတောစ၊ ကွယ်ပျောက်ခြင်းကြောင့်လည်းကောင်း။ ယောစဥပါဒိသေသော၊ အကြွင်ခန္ဓာအကြွင်းသည်လည်း။ အဘာဝေါ၊ မရှိပေ။ တံ၊ ထိုခန္ဓာအကြွင်း မရှိသည်ကို။ ဥပါဒါယ၊ အစွဲပြု၍။ ပညာပနီယတောစ၊ ပညတ်ခြင်းကြောင့်လည်းကောင်း။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ ဥပါဒိသေသော၊ ခန္ဓာအကြွင်းသည်။ နတ္ထိ၊ မရှိပေ။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။ အနုပါဒိသေသံ၊ အနုပါဒိသေသနိဗ္ဗာန်မည်၏။

အဓိပ္ပာယ်ကား။ ။ရဟန္တာ၏ သမုဒယသစ္စာကို ပယ်သဖြင့် သုံးပါးသောကံ အကျိုး၏ ပြတ်ကင်းခြင်းကြောင့်လည်းကောင်း။ ပရိနိဗ္ဗာန်ပြုသော စုတိအဆုံးမှ အထက်၌ အစဉ်မပြတ် စပ်သော ခန္ဓာ၏ မဖြစ်ခြင်းလည်းကောင်း။ ဖြစ်ပြီးသောခန္ဓာတို့၏ကွယ်ပျောက်ခြင်းလည်းကောင်း အကြွင်ခန္ဓာအကြွင်းသည် မရှိပေ။ အကြွင်ခန္ဓာ အကြွင်းမရှိသည်ကို အစွဲပြု၍ ပညတ်ခြင်းကြောင့် လည်းကောင်း ဤနိဗ္ဗာန်၌ ခန္ဓာအကြွင်း မရှိပေ။ ထိုခန္ဓာအကြွင်း မရှိသော နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုအပ်ပေ၏။

တဿ အာယုက္ခယာ ဇီဝိတိန္ဒြိယာ ပရောဓာ ဠဒဍ္ဍ ဒုက္ခံ
နိရုဇ္ဈတိ အညဉ္စ ဒုက္ခံ နဉပ္ပဇ္ဇတိ ယော ဠမဿ ဒုက္ခဿ
နိရောဓော ဝူပသမော အညဿစ အပါတုဘာဝေါ
အယံ အနုပါဒိသေသနိဗ္ဗာနဓာတု။ (ဝိသုဒ္ဓိမဂ်)

တဿ၊ ထိုရဟန္တာ၏။ အာယုက္ခယာ၊ အသက်၏ ကုန်ဆုံးခြင်းကြောင့်။ ဇီဝိတိန္ဒြိယာပရောဓာ၊ ဇီဝိတိန္ဒြေ၏ ချုပ်ကွယ်ခြင်းကြောင့်။ ဠဒဍ္ဍဒုက္ခံ၊ ယခုဘဝ ဒုက္ခသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ အညဉ္စဒုက္ခံ၊ တစ်ပါးသော ဒုက္ခသည်လည်း။ နဉပ္ပဇ္ဇတိ၊ မဖြစ်။ ဠမဿ ဒုက္ခဿ၊ ယခုဘဝဒုက္ခ၏။ ယော နိရောဓော၊ အကြွင်းချုပ်ငြိမ်းခြင်းသည်။ အညဿ ဒုက္ခဿစ၊ တစ်ပါးသောဒုက္ခ၏လည်း။ ဝူပသမော၊ ကင်းငြိမ်း၏။ အပါတုဘာဝေါ၊ မထင်ရှားသော အဖြစ်။ အယံ၊ ဤတစ်ပါးသော ဒုက္ခ၏ မထင်ရှားသောအဖြစ် ကင်းငြိမ်းသော ရဟန္တာ၏ ယခုဘဝဒုက္ခ၏ ချုပ်ငြိမ်းခြင်းသည်။ အနုပါဒိသေသနိဗ္ဗာန-ဓာတု၊ အနုပါဒိသေသနိဗ္ဗာနဓာတ်မည်၏။ အဓိပ္ပာယ် သိသာပြီ။

ကတမာစ ဘိက္ခဝေ အနုပါဒိသေသနိဗ္ဗာနဓာတု ဠမ ဘိက္ခဝေ ဘိက္ခု
အရဟံ ဟောတိ ခီဏာသဝေါ ။လ။ တဿ ဠဓေဝ ဘိက္ခုဝေ—
သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိဘဝိဿန္တိ အယံ ဝုစ္စတိ
ဘိက္ခဝေ အနုပါဒိသေသနိဗ္ဗာနဓာတု။ (ဣတိဝုတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားတို့။ ကတမာစ၊ အဘယ်သို့လျှင်။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိသေသနိဗ္ဗာနဓာတ်မည်သနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဠမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဟံ၊ ရဟန္တာသည်။ ဟောတိ၊ ဖြစ်၏။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါရှိ၏။ လ။ ဘိက္ခဝေ၊ ချစ်သားတို့။ တဿ၊ ထိုရဟန္တာအား။ ဠဓေဝ၊ ဤယခုဘဝ၌ပင်လျှင်။ သဗ္ဗဝေဒယိတာနိ၊ အလုံးစုံ ခံစားအပ်သော အကျိုးတရားတို့သည်။ အနဘိနန္ဒိတာနိ၊ တောင့်တခြင်းကင်းကုန်သည်ဖြစ်၍။ သီတိဘဝိဿန္တိ၊ အေးငြိမ်သည် ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤခံစားအပ်သော အကျိုးအလုံးစုံ အကုန် ယခုဘဝက အေးငြိမ်းခြင်းကို။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိ-သေသ နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

**အဓိပ္ပာယ်ကား။** ။ချစ်သားတို့ အဘယ်သည်လျှင် အနုပါဒိသေသနိဗ္ဗာန ဓာတ်မည်သနည်း။ ချစ်သားတို့ ဤသာသနာတော်၌ ရဟန္တာဖြစ်၏။ ကုန်ပြီးသော အာသဝေါရှိ၏။ ချစ်သားတို့ ထိုရဟန္တာအား၊ ယခုဘဝ၌ပင်လျှင် အလုံးစုံ အကုန်ခံစားအပ်သော အကျိုးတရားတို့သည် နှစ်သက်ခြင်း တောင့်တခြင်း ကင်းကုန်သည်ဖြစ်၍ အေးငြိမ်းကုန်သည်ဖြစ်လတ္တံ့။ ချစ်သားတို့ ခံစားအပ်သော အကျိုးတရားအလုံးစုံအကုန် ယခုဘဝက အေးငြိမ်းခြင်းကို အနုပါဒိ သေသနိဗ္ဗာနဓာတ်ဟူ၍ ဆိုအပ်ပေ၏။

> အနုပါဒိသေသာ ပန သမ္ပရာယိကာ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ
> သဗ္ဗသော ယေ တေဒညာယပဒံ အသင်္ခတံ ဝိမုတ္တစိတ္တာ-
> ဘဝနေတ္တိသင်္ခယာ တေ ဓမ္မသာရာဓိဂမာ-ခယေရတာ-ပဟံသု
> တေ သဗ္ဗဘဝါနိ တာဒိနော။ (ဣတိဝုတ်ပါဠိတော်)

ဘဝနေတ္တိသင်္ခယာ၊ ဘဝတဏှာ ကုန်ဆုံးပြီးသော။ အနုပါဒိသေသာပန၊ ခန္ဓာအကြွင်းမရှိသည်ကား။ ကေဝလဓာတု၊ တစ်ခုသောဓာတ်သည်။ သမ္ပရာယိကာ၊ နောင်တမလွန် နိဗ္ဗာန်မည်၏။ ယမှိ အနုပ္ပါဒေ၊ အကြင်မဖြစ်ခြင်း၌။ ဘဝါနိ၊ ဘဝတို့သည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တာဒိနော၊ ထိုနိဗ္ဗာန်ဟူသော ကမ်းတစ်ဖက်သို့ ကူးတတ်ကုန်သော။ ယေအရိယာ၊ အကြင်အရိယာတို့သည်။ တေံ တောဒိသံ၊ထိုသို့မဖြစ်သောသဘောရှိသော။ အသင်္ခတံပဒံ၊ အသင်္ခတနိဗ္ဗာန်ကို။ အညာယ၊ သိမြင်ကြ၍။ ဝိမုတ္တစိတ္တာ၊ ကိလေသာမှလွတ်သော စိတ်ရှိကြလေကုန်ပြီ။ ဘဝနေတ္တိသင်္ခယာ၊ ဘဝတဏှာ ကုန်ကြလေကုန်ပြီ။ တာဒိနော၊ ထိုနိဗ္ဗာန်တည်းဟူသော ကမ်တစ်ဖက်သို့ကူးတတ်ကုန်သော။ တေအရိယာ၊ ထိုအရိယာတို့သည်။ ဓမ္မသာရံ၊ အသင်္ခတဓာတ် တရားတော်မြတ်ကို။ အဓိဂမာ၊ ရကြလေကုန်ပြီ။ ခယေ၊ ဘဝတဏှာကုန်ဆုံးသော နိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်ကြလေကုန်ပြီ။ တာဒိနော၊ ထိုနိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ကူးတတ်ကုန်သော။ တေအရိယာ၊ ထိုအရိတို့သည်။ သဗ္ဗဘဝါနိ၊ အလုံးစုံသောဘဝတို့ကို။ ပဟံသု၊ ပယ်ဖျောက်ကြလေကုန်ပြီ။

**အဓိပ္ပာယ်ကား။** ။ဘဝတဏှာ ကုန်ဆုံးပြီးသော ခန္ဓာအကြွင်း မရှိသော တစ်ခုသော အသင်္ခတဓာတ်သည် နောင်တမလွန် နိဗ္ဗာန်မည်၏၊ အကြင်မဖြစ်ခြင်း၌ ဘဝတို့သည် အချင်းခပ်သိမ်း ချုပ်ဆုံးကုန်၏၊ ထိုနိဗ္ဗာန်ဟူသော ကမ်းတစ်ဖက်သို့ ကူးမြောက်ကုန်သော အရိယာတို့သည် ထိုသို့မဖြစ်ခြင်းသဘော

ရှိကုန်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို သိမြင်ကြ၍ ကိလေသာမှ လွတ်သောစိတ် ရှိကြလေကုန်ပြီ။ ဘဝတဏှာမှ ကင်းကြလေကုန်ပြီ။

နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ကူးတတ်ကုန်သော အရိယာတို့သည် အသင်္ခတဓာတ်မြတ်သော နိဗ္ဗာန်ကို ရကြ ရောက်ကြလေကုန်ပြီ၊ ဘဝတဏှာကုန်ဆုံးပြီးသော နိဗ္ဗာန်၌ မွေ့လျော်ကြလေကုန်ပြီ၊ အလုံးစုံသော ဘဝတို့ကို ပယ်ဖျောက်ကြလေကုန်ပြီ။ ဤကား အနုပါဒိသေသနိဗ္ဗာန်တည်း။ ပြဆိုခဲ့သော အနုပါဒိသေသနိဗ္ဗာန်ကို အသင်္ခတဓာတ်လည်း ခေါ်၏။ နိရောဓလည်း ခေါ်၏။နိဗ္ဗာန်လည်းခေါ်၏" အမည်အားဖြင့် တစ်ပါးမက များလှပေကုန်၏။ သဘောတရားအားဖြင့် တစ်ပါးသာ ရှိပေ၏။

အနုပါဒိ သေသာနိ မရှိခန္ဓာမှာ။
အသင်္ခတံ နိရောဓံ နိဗ္ဗာန်တူတော့သာ။ (သံ၃၆)

မြတ်စွာဘုရားသိမြင်တော်မူသော နိဗ္ဗာန်ကား ဤနိဗ္ဗာန်ပင်တည်း၊ပရိနိဗ္ဗာန်စံတော်မူသည်ကား ဤနိဗ္ဗာန်ပင်တည်း၊ ရဟန္တာတို့ သိမြင်သော နိဗ္ဗာန်၊ ပရိနိဗ္ဗာန်စံတော်မူသော နိဗ္ဗာန်ကား ဤနိဗ္ဗာန်ပင်တည်း။ ဝိသာခါ-အနာထပိဏ်စသော သောတာပန်-သကဒါဂါမ်-အနာဂါမ်တို့ သိမြင်ကြသော နိဗ္ဗာန်ကား ဘုရားရှင် သိမြင်တော်မူသော နိဗ္ဗာန်ပင်တည်း။

နေတ္တိပါဠိတော်ကို ထောက်၍ သာဓာရဏ ဆက်ဆံသော သဘော, အသာဓာရဏ မဆက်ဆံသောသဘောကို သိမြင်ကြကုန်လော၊ သောတာပန်-သကဒါဂါမ်-အနာဂါမ်တို့မှာ မဂ်ခဏ-ဖိုလ်ခဏ အခိုက်အတန့်၌ သိမြင်ကြပုံကို မှတ်ယူသင့်လှပေကုန်သည်။

ဤကျမ်း၌ ပြဆိုသောအတိုင်း ပွားများရှုမြင် အားထားကြပါလျှင် ဝိသာခါ-အနာထပိဏ်စသောသူတို့ကဲ့သို့ မုချမသွေ ငါတို့လည်း မဂ်ဖိုလ်ကို ရပေ ရောက်ပေတော့မည်ဟု ယုံကြည်သော သဒ္ဓါစိတ်ရှေ့ထား၍ များများကြီး ပွားသင့်လှပေကုန်သည်။ ဤကား ဆရာတော်ဘုရားကြီး၏ အနက်သွားအဓိပ္ပာယ်လာ စကားဖြင့် ပြဆိုခဲ့သော အနုပါဒိသေသနိဗ္ဗာန်အရသဘောတည်း။

ဘုရားသခင် နိဗ္ဗာန်မြင် အစဉ်နိရောဓာ။
ပရိနိဗ္ဗာန် စံလွန်ပြန် အမှန်နိရောဓာ။
ရဟန္တာဂင် နိဗ္ဗာန်မြင် အစဉ်နိရောဓာ။

ဝိသာခါပင် နိဗ္ဗာန်မြင် အစဉ်နိုရောဓာ။
မင်္ဂဖိုလ်ရခိုက် ထင်မြင်လိုက် ဆိုက်၍ နိုရောဓာ။
ဤကျမ်းရှုမြင် အားထားလျှင် အစဉ်နိုရောဓာ။
နိဗ္ဗာန်တစ်ပါး အမည်ပြား ကျမ်းကားများသည်သာ။ (သံ၁၀)

သတိပဋ္ဌာနဒီပနီမည်သော ဤကျမ်းအဆိုသည် အလွန်တိမ်၏၊ အလွန်ကျဉ်း၏၊ အလွန်လွယ်၏။ အဘယ့်ကြောင့်ဆိုသော် သိမှတ်ရမည့် စိတ်တစ်လုံးဖြစ်သောကြောင့်တည်း။ ထိုသိမှတ်သော စိတ်တစ်လုံးကို တစ်မနက် ဖြစ်စေ၊ တစ်ရက်ဖြစ်စေ စသည်ဖြင့် သိမြင်၍ ကိလေသာ မငြိကပ်ခဲ့သော် အရိယာဇာတ်မြတ်သောနိဗ္ဗာနဓာတ်သို့ ရောက်ရမည်မသွေ အမှန်ပင် ဖြစ်ပေသည်။ အဝိဇ္ဇာကွာလျှင် တိမ်၏၊ ကျဉ်း၏၊ လွယ်၏။

သတိပဋ္ဌာနဒီပနီမည်သော ဤကျမ်းအဆိုသည် အလွန် နက်၏၊ အလွန်ကျယ်၏၊ အလွန်ခက်၏၊ အဘယ့်ကြောင့်ဆိုသော် သိမှတ်ရမည့် စိတ်တစ်လုံးကို မသိမမှတ်ကြလေသောကြောင့်တည်း။ ထိုစိတ်ကို မသိမမှတ်ကြ၍ ဂင်္ဂါဝါဠုသဲစုထောင်သောင်း မရေကောင်းသော ဘဝသံသရာ ကမ္ဘာအဆက်ဆက် အနမတဂ္ဂတိုင်အောင် ရှည်လျားခဲ့ကြလေပြီ။

လာလတ္တံ့သောဘဝ၌လည်း စိတ်ကိုမရှုမမှတ်-မပွားများဘဲ ရှောင်လွှဲ၍ နေခဲ့ကြပါက ယခုဘဝ ငါတို့ဘုရားကဲ့သို့ ဘုရားပေါင်း ဂင်္ဂါဝါဠု သဲစုထောင်သောင်း မရေကောင်းအောင် ပွင့်တော်မူသော်လည်း ကျွတ်ခွင့် လွတ်ခွင့်မရနိုင်ကြပေကုန်၊ အဝိဇ္ဇာမကွာလျှင် ခက်ခဲနက်နဲလှ၏။

ကိလေသာလည်းကုန် အသက်လည်းကုန် နှစ်ပါးစုံသော ပုဂ္ဂိုလ်၏ ထူးခြားပုံကို ပြဆိုလတ္တံ့သော အောက်ပါအတိုင်း သိမှတ်အပ်ပေ၏။

ကတမော ပုဂ္ဂလော သမသီသီ ယဿ အပုဗ္ဗံ အစရိမံ-အာသဝပရိယာဒါနဉ္စ ဟောတိ ဇီဝိတပရိယာဒါနဉ္စ အယံ ဝုစ္စတိ ပုဂ္ဂလော သမသီသီ။ (ပုဂ္ဂလပညတ်ပါဠိတော်)

ကတမော ပုဂ္ဂလော၊ အဘယ်ပုဂ္ဂိုလ်သည်။ သမသီသီ၊ သမသီသီ မည်ပါသနည်း၊ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်း။ ဝါ၊ တစ်ပြိုင်နက်။ အာသဝပရိယာဒါနဉ္စ၊ အာသဝေါတရားတို့၏ ကုန်ဆုံးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇီဝိတပရိယာဒါနဉ္စ၊ ဇီဝိတိန္ဒြေ အသက်၏ကုန်ဆုံး

ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ အယံပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သမသီသိ၊ သမသီသိပုဂ္ဂိုလ်ဟူ၍။ ဝါ၊ ဇီဝိတသမသီသိပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

အဓိပ္ပာယ်ကား။ ။အဘယ်ပုဂ္ဂိုလ်သည် သမသီသိ ပုဂ္ဂိုလ် မည်သနည်း၊ အကြင်ပုဂ္ဂိုလ်အား မရှေးမနှောင်း တစ်ပြိုင်နက် အာသဝေါတရားလည်း ကုန်ဆုံး၏၊ အသက်လည်း ကုန်ဆုံး၏။ ဤပုဂ္ဂိုလ်ကို ဇီဝိတသမသီသိ ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။

လိုရင်းကား။ ကိလေသာဦးခေါင်းဖြစ်သော အဝိဇ္ဇာဟူသော ကိလေသာသီသကို အရဟတ္တမဂ်ဉာဏ်က ကုန်ဆုံးစေသည်၊ ဝဋ္ဋဆင်းရဲတို့၏ ဦးခေါင်းဖြစ်သော ဇီဝိတိန္ဒြေဟူသော ပဝတ္တသီသကို စုတိစိတ်က ကုန်ဆုံးစေသည်။ ဤကိလေသာသီသ, ပဝတ္တိသီသ ၎င်းနှစ်ပါးစုံ ကုန်ဆုံးခြင်း တူမျှ ညီမျှသည်ကို ဇီဝိတသမသီသိပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရပေ၏။

ယဿ စေတံ သီသဒွယံ သမံ ပရိယာဒါနံ ဂစ္ဆတိ
သော ဇီဝိတသမသီသိနာမ ။လ။ ဣမာယ ဝါရသမတာယ
ဣဒံ ဥဘယသီသပရိယာဒါနံ သမံ ဟောတိ နာမ။
(ပုဂ္ဂလပညတ် အဋ္ဌကထာ)

ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဧတံ သီသဒွယံ၊ ဤကိလေသာသီသ, ပဝတ္တသီသ နှစ်ပါးစုံသည်။ သမံ၊ အညီအညွတ်။ ဝါ၊ အညီအမျှ။ ပရိယာဒါနံ၊ ကုန်ဆုံးခြင်းသို့။ ဂစ္ဆတိ၊ ရောက်လေ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဇီဝိတသမသီသိနာမ၊ ဇီဝိတသမသီသိ ပုဂ္ဂိုလ်မည်၏။ ကထံ၊ အဘယ်သို့လျှင်။ ဣဒံ၊ ဤကိလေသာသီသ,ပဝတ္တသီသနှစ်ပါးစုံ ကုန်ဆုံးခြင်းသည်။ သမံ၊ အညီအညွတ်။ ဝါ၊ အညီအမျှ။ ဟောတိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ စေပုစ္ဆေယျ၊ အကယ်၍ တစ်စုံတစ်ယောက်က မေးလာငြားအံ့။ ဝါရ-သမတာယ၊ ကိလေသာကုန် ဇီဝိတိန္ဒြေကုန်၊ နှစ်ပါးစုံ ကုန်ဆုံးသည်၏အဖြစ်ဖြင့်။ ဟောတိ၊ ဖြစ်ရပေ၏။ ဟိဝိတ္ထာရေမ်၊ အကျယ်ချဲ့၍ ပြဆိုဦးအံ့။ ယသ္မိံ ဝါရေ၊ အကြင်ညီမျှ တူမျှသောဝါရ၌။ မဂ္ဂဝုဋ္ဌာနံ၊ မဂ်ဟူသော အကြောင်းသည်။ ဝါ၊ မဂ်က ထမြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ သောတာပတ္တိမဂ္ဂေ၊ သောတာပတ္တိမဂ်၌။ ပဉ္စ၊ ငါးပါးကုန်သော။ ပစ္စဝေက္ခ-ဏာနိ၊ ပစ္စဝေက္ခဏာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သကဒါဂါမိမဂ္ဂေ

သကဒါဂါမိမဂ်၌။ ပဥ္စ၊ ငါးပါးကုန်သော။ ပစ္စဝေက္ခဏာနိ၊ ပစ္စဝေက္ခဏာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနာဂါမိမဂ္ဂေ၊ အနာဂါမိမဂ်၌။ ပဥ္စ၊ ငါးပါးကုန်သော။ ပစ္စဝေက္ခဏာနိ၊ ပစ္စဝေက္ခဏာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရဟတ္တမဂ္ဂေန၊ အရဟတ္တမဂ်ဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော။ ပစ္စဝေက္ခဏာနိ၊ ပစ္စဝေက္ခဏာဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဧကူနဝီသတိမေ၊ တစ်ဆယ့်ကိုးကြိမ်မြောက်သော။ ပစ္စဝေက္ခဏေ၊ ပစ္စဝေက္ခဏာဉာဏ်၌။ ပတိဋ္ဌာယ၊ တည်၍၊ တန့်၍၊ ရပ်၍။ ဘဝင်၊ ဘဝင်သို့။ ဩတရိတွာ၊ သက်၍ ရောက်၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်စံလွန်တော်မူလေ၏။ ဣမာယ ဝါရသမတာယ၊ ဤပစ္စဝေက္ခဏာဝါရ စတိဝါရတို့၏ တူ-ညီမျှသည်၏ အဖြစ်ဖြင့်။ ဣဒံဥဘယ-သီသပရိယာဒါနံ၊ ဤကိလေသာသီသ,ပဝတ္တသီသ နှစ်ပါးစုံတို့၏ ကုန်ဆုံးခြင်းသည်။ သမံ၊ တူမျှညီမျှသည်။ ဟောတိနာမ၊ ဖြစ်သည်မည်၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇေတဗ္ဗံ၊ ဖြေဆိုအပ်ပေ၏။

အဓိပ္ပာယ်ကား။ ။အကြင်ပုဂ္ဂိုလ်၏ ကိလေသာသီသ-ပဝတ္တသီသ နှစ်ပါးစုံ တူမျှညီမျှသည် ဆိုရာမှာ ကိလေသာကုန်ဆုံးခြင်းကို။ ကိလေသာ သီသခေါ်သည်၊ ကိလေသာဦးခေါင်းလည်းခေါ်သည်။ ဇီဝိတိန္ဒြေ အသက်၏ ကုန်ဆုံးခြင်းကို ပဝတ္တသီသခေါ်သည်၊ ဇီဝိတိန္ဒြေ၏ ဦးခေါင်းလည်းခေါ်သည်။ ထိုနှစ်ပါးစုံ ကုန်ဆုံးချုပ်ငြိမ်း၍ ဇာတ်သိမ်းသောပုဂ္ဂိုလ်ကို ဇီဝိတသမသီသ ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုအပ်ပေ၏။

အဘယ်သို့လျှင် ကိလေသာသီသပဝတ္တသီသ နှစ်ပါးစုံ ကုန်ဆုံးခြင်း တူမျှပါ ညီမျှပါသနည်း၊ ဤသို့ တစ်စုံတစ်ယောက်က မေးလာခဲ့သော် ကိလေသာကုန် ဇီဝိတိန္ဒြေကုန် နှစ်ပါးစုံတူမျှ၍ ကုန်ဆုံးခြင်းသို့ရောက်သော ပုဂ္ဂိုလ်ဟုဖြေဆိုလေ။

ထိုစကားကို အကျယ်ပြဆိုပေအံ့။ ကိလေသာ၏ ကုန်ဆုံးခြင်း အသက်၏ ကုန်ဆုံးခြင်း တူမျှညီမျှသောဝါရ၌ မဂ်ဟူသော အကြောင်းသည်ဖြစ်၏။ ထိုသောတာပတ္တိမဂ်၌ ငါးပါးကုန်သော ပစ္စဝေက္ခဏာ ဇောဝီထိတို့သည် ဖြစ်ကုန်၏။ သကဒါဂါမိမဂ်၌ ပစ္စဝေက္ခဏာဇောဝီထိငါးပါး အနာဂါမိမဂ်၌ ပစ္စဝေက္ခဏာဇောဝီထိငါးပါး အရဟတ္တမဂ်၌ ပစ္စဝေက္ခဏာဇောဝီထိလေးပါး ပေါင်း ၁၉-ပါးရှိ၏။

၁၉-ပါးကား သောတာပန် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်ခြင်း ၁။ သောတာပတ္တိဖိုလ်ကို ဆင်ခြင်ခြင်း။ ၂။ နိဗ္ဗာန်ကိုဆင်ခြင်ခြင်း။ ၃။ ပယ်

ပြီးသောကိလေသာကို ဆင်ခြင်ခြင်း။ ၄။ ကြွင်းသောကိလေသာ ဆင်ခြင်ခြင်း။ ၅။ သကဒါဂါမ်-ထို့အတူ။ ၅။ အနာဂါမ်-ထို့အတူ။ ၅။ အရဟတ္တမဂ် ပုဂ္ဂိုလ်မှာ ကိလေသာကုန်ခြင်းကြောင့် ကြွင်းသောကိလေသာ ဆင်ခြင်ဖို့ မရှိ။ ဖြစ်၍ ၄-ပါးသာ ရ၏။ ပေါင်းသော် တစ်ဆယ့်ကိုးပါး ဖြစ်သတည်း။

၎င်း တစ်ဆယ့်ကိုးကြိမ်မြောက် ပစ္စဝေက္ခဏာဉာဏ်၌ တည်တံ့ ရပ်နား၍။ ဘဝင်သို့သက်လေရောက်လေ၍ ပရိနိဗ္ဗာန် စံတော်မူရလေ၏။ ဤပစ္စဝေက္ခဏာ ဝါရ-စုတိဝါရတို့၏ တူမျှညီမျှသဖြင့် ကိလေသာသီသ, ပဝတ္တသီသ နှစ်ပါးစုံတို့၏ ကုန်ဆုံးချုပ်ငြိမ်းခြင်းကို ဖြေဆိုအပ်ပေ၏။

ထေရံ တမ္ဗပဏ္ဏိဒီပေ ပုတိလတာယ ဗန္ဓိတွာ နိပ္ပဇ္ဇာပေသုံ၊
သော ဝနဒါဝေ အာဂစ္ဆန္တေ ဝလ္လိံ အစ္ဆိန္ဒိတွာဝ၊
ဝိပဿနံ ပဋ္ဌပေတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ။ (ဝိသုဒ္ဓိမဂ်),

ထေရံ၊ မထေရ်တစ်ပါးကို။ တမ္ဗပဏ္ဏိဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပုတိလတာယ၊ နွယ်ပုပ်ဖြင့်။ ဝါ၊ ပုပ်သောနွယ်ဖြင့်။ စောရာ၊ ခိုးသူတို့သည်။ ဗန္ဓိတွာ၊ နှောင်ဖွဲ့၍။ ဝါ၊ ချည်နှောင်ခဲ့၍။ နိပ္ပဇ္ဇာပေသုံ၊ အိပ်စေကုန်၏။ ဝါ၊ အိပ်လျက်ထားခဲ့ကုန်၏။ သော၊ ထိုမဟာထေရ်မြတ်သည်။ ဝနဒါဝေ၊ တောမီးသည်။ အာဂစ္ဆန္တေ၊ လောင်၍ လာသည်ရှိသော်။ ဝလ္လိံ၊ ချည်နှောင်၍ ထားခဲ့သော နွယ်ပုပ်ကို။ အစ္ဆိန္ဒိတွာဝ၊ မဖြတ်မရှိုးမူ၍သာလျှင်။ ဝိပဿနံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ ဝါ၊ ရှုမှတ်ပွားများ အားထားလေ၍။ သမသီသီ၊ သမသီသီပုဂ္ဂိုလ်သည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်စံတော်မူလေ၏။

**အဓိပ္ပာယ်ကား။** ။မထေရ်မြတ် တစ်ပါးကို သီဟိုဠ်ကျွန်း၌ နွယ်ပုပ်ဖြင့် ပုပ်သောနွယ်ဖြင့် ခိုးသူတို့သည် ချည်နှောင်ခဲ့၍ အိပ်လျက် ထားခဲ့လေ၏။ ထိုမထေရ်မြတ်သည် တောမီးလောင်၍ လာသည်ရှိသော် ချည်နှောင်၍ ထားခဲ့သောနွယ်ပုပ်ကို မဖြတ်မရှိုးမူ၍ ဝိပဿနာကမ္မဋ္ဌာန်းကိုဖြစ်စေ၍။ ဝါ၊ ရှုမှတ်ပွားများ အားထားလေ၍ ကိလေသာကုန်ဆုံးခြင်း၊ အသက် ကုန်ဆုံးခြင်း နှစ်ပါး တူမျှညီမျှ၍ သမသီသီပုဂ္ဂိုလ်အဖြစ်နှင့် ပရိနိဗ္ဗာန် စံတော်မူရလေ၏။

(၄၉) သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ကို တွဲစပ် ပုံတစ်ပါး ခွဲအပ်ပုံတရားနှင့် ခြားနားစွာပြဆိုခြင်းပြီး၏။

* * *

## (၅၀) ကျမ်းပြီးနိဂုံးကို သိသာရုံပြဆိုခြင်း

ကာယာနုပဿနာ ကာယေ၊ ဝေဒနာယ ဝေဒနာနုပဿနာ၊
စိတ္တာနုပဿနာ စိတ္တေ၊ ဓမ္မေ ဓမ္မာနုပဿနာ၊
စတ္တာရော သတိပဋ္ဌာနာ၊ သမ္ဗုဒ္ဓေန သုဒေသိတာ၊
တေ ဘိက္ခု ဘာဝယန္တော၊ ဝိသုဒ္ဓိမဓိဂစ္ဆတိ။

(သတိပဋ္ဌာန်ပါဠိတော်)

ကာယေ၊ ရူပကာယ၌။ ကာယာနုပဿနာ၊ ရူပကာယကို အဖန်တစ်လဲလဲ ရှုခြင်း၊ မှတ်ခြင်း၊ ပွားများခြင်းလည်းကောင်း။ ဝေဒနာယ၊ သုခစသောဝေဒနာ၌။ ဝေဒနာနုပဿနာ၊ ဝေဒနာကို အဖန်တစ်လဲလဲရှုခြင်း၊ မှတ်ခြင်း၊ ပွားများခြင်းလည်းကောင်း။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿနာ၊ စိတ်ကိုအဖန်တစ်လဲလဲ ရှုခြင်း မှတ်ခြင်း၊ ပွားများခြင်းလည်းကောင်း။ ဓမ္မေ၊ နီဝရဏစသောတရား၌။ ဝါ၊ ရူပတဏှာစသော တရား၌။ ဓမ္မာနုပဿနာ၊ နီဝရဏစသောတရားကို အဖန်တစ်လဲလဲ ရှုခြင်း၊ မှတ်ခြင်း၊ ပွားများခြင်းလည်းကောင်း။ ဣတိ၊ ဤသို့၊ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသခင်သည်။ သုဒေသိတာ၊ ကောင်းစွာ ဟောကြားတော်မူအပ်ကုန်၏။ တေ၊ ဤလေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝယန္တော၊ ရှုမှတ်ပွားများ အားထားကြပေသော။ ဘိက္ခု၊ ရဟန်းသည်။ ဝိသုဒ္ဓိံ၊ ကိလေသာဘေး လွတ်ခါဝေး၍၊ အလွန်အေးသော နိဗ္ဗာန်သို့။ အဓိဂစ္ဆတိ၊ မုချမသွေ ရောက်ကြ ရကြလေ၏။

သာသနဝုဍ္ဎိံ ပတ္ထယိတွာ၊ ဣမံ ဂန္ထံ နိဋ္ဌာပိတံ၊
မမပုညာနုဘာဝေန၊ သဗ္ဗေသံ သမ္မာသက်ပ္ပံ၊
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

သာသနဝုဍ္ဎိံ၊ သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားကို။ ပတ္ထယိတွာ၊ တောင့်တလိုချင်လှ၍။ မယာ၊ ရုပ်နာမ်နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ်သည်။ ဣမံဂန္ထံ၊ ရှေးအရိယာတို့၏ ကြွသွားရာ လမ်းကြောင်း လမ်းဟောင်း အစဉ်ကို ကောင်းကောင်းထင်မြင်ရန် ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့် သတိပဋ္ဌာနဒီပနီမည်သော ဤကျမ်းအဆီကို။ နိဋ္ဌာပိတံ(၁၂၇၉)ခု တော်သလင်း လဆန်း ၈-ရက် နံနက် စနေနေ့၌ အပြီးအဆုံး နိဂုံးကမှတ် သတ်လိုက်ပြီ။ မမ၊

ရုပ်နာမ်နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ်၏။ ဣမိနာ ပုညာနုဘာဝေန၊ ဤသတိပဋ္ဌာနဒီပနီမည်သော ကျမ်းအဆီကို စီမံရေးရ ကုသလကြောင့်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ တုယှံ၊ ကြည့်ရှုကျင့်သူ သင်ဗိုလ်လူတို့အား။ သမ္မာ- သက်ပွံ့မဂ်ဖိုလ်နိဗ္ဗာန်ဖြောင့်ဖြောင့်မှန်မှန် ကြံနိုင်ကြသည်။ဣစ္ဆိတံ၊ အလိုရှိတိုင်း။ ပတ္ထိတံ၊ ကြံရွယ်တောင့်တတိုင်း။ ခိပ္ပမေဝ၊ ဆောလျင်စွာသာလျှင်။ သမိဇ္ဈတု၊ ယခုပြည့်စုံ ပါစေသတည်း။

ဣမိနာ လိခပုညေန၊ သဗ္ဗတ္ထ သဗ္ဗဒါ သမာ၊
ယထာ ဗုဒ္ဓေန ဒေသေတာ၊ တထာ ဘဝါမသေ ဣမံ။

ဣမိနာလိခပုညေန၊ ဤသတိပဋ္ဌာန ဒီပနီ ကျမ်းအဆီကို စီမံကြိုးကုတ် အားထုတ်ရေးသားရသော ကောင်းမှုကြောင့်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောဘဝတို့၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သမာ၊ မလွန့်မယုတ် ဟုတ်တိုင်းမှန်စွာ မဇ္ဈိမာပဋိပဒါနှင့် လျော်ညီစွာ။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသခင်သည်။ ယထာ၊ အကြင် အခြင်း အရာဖြင့်။ ဒေသေတာ၊ ဟောတော်မူအပ်ပေ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဣမံ၊ ဤသတိပဋ္ဌာနဒီပနီမည်သော ကျမ်းအဆီကို၊ ဘဝါမသေ၊ ရှုမှတ်ပွားများ အားထားရပါလို၏။ ဝါ၊ ရှုမှတ်ပွားများ အားထားနိုင်ကြပါစေသတည်း။

ဣမိနာ ပုညကမ္မေန၊ ပပ္ပေါမိ နိဗ္ဗာနပုရံ၊
ဣစ္ဆိတံ ပတ္ထိတံ သဗ္ဗာ၊ မမေသသာ သမိဇ္ဈတု။

ဣမိနာ ပုညကမ္မေန၊ ဤသတိပဋ္ဌာန ဒီပနီမည်သော ကျမ်းအဆီကို စီမံကြိုးကုတ် အားထုတ်ရေးသားရသော ကောင်းမှုကြောင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗဝန်ဟူသော မြို့ကြီးသို့။ ပပ္ပေါမိ၊ ဆောဆောလျင်လျင် ရောက်ရပါလို၏။ ဣစ္ဆိတံ၊ အလို ရှိတိုင်း။ ပတ္ထိတံ၊ တောင့်တတိုင်း။ သဗ္ဗာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ မမ၊ ရုပ်နာမ် နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ်၏။ သေအာသာ၊ ဤအလို ဆန္ဒအာသီသသည်။ သမိဇ္ဈတု၊ ယခုပြည့်စုံပါစေသတည်း။

လောကေ ဓမ္မံ သုရက္ခန္တု၊ သုခီ ဟောန္တု ဇနာ သဒါ။
ဝံသံ တဿ အနုဿယန္တု၊ သောနော အာဝိပတ္တနာ။

လောကေ၊ လောက၌။ ဇနာ၊ တိုင်းသူပြည်သူ ရှင်-လူ ဟူဟူသမျှ တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဓမ္မံ၊ ဤကျမ်း၌ ပြဆိုခဲ့သော ဝိပဿနာ လမ်းကြောင်း လမ်းဟောင်း လမ်းကောင်း အမှန်ကို။ သုရက္ခန္တု၊ ကောင်းစွာ နှေ့ည စောင့် ရှောက်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခီ၊ ကိုယ်စိတ် နှစ်ပါး ချမ်းသာများကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ တဿ၊ ထိုဝိပဿနာဂိုဏ်းဝင် သူတော်စင် အရှင်များ၏။ ဝံသံ၊ ဘဝတိုင်းဝယ် တရားကြွယ်၍ ဘုရားရှင်၏ အနွယ်သို့။ အနွာယန္တု၊ အစဉ်တစိုက် မဂ်ဖိုလ်သို့ ဆိုက်အောင် လိုက်နိုင်ကြပါစေကုန်သတည်း။ သော၊ ဤအလိုဆန္ဒ အာသီသကို ပြဆိုရခြင်းသည်ကား။ နော၊ ရုပ်နာမ်နှစ်ခု အပေါင်းစု၌ ငါဟုသမုတ် အကျွန်ုပ် တို့၏။ အဘိပတ္ထနာ၊ ကောင်းအောင်ရည်မှူ တောင်းသောဆုကို။ ခိပ္ပံ၊ ဆောဆော လျင်လျင်။ သမိဇ္ဈတု၊ ယခုပြည့်စုံပါစေသတည်း။

ကျမ်းပြီး နိဂုံးကို သိသာရုံ ပြဆိုခြင်းပြီး၏။

# သတိပဋ္ဌာန ဒီပနီကျမ်း ပြီး၏။

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ခ(မာတိကာ) | ၂၁ | မျှောပါ | မျှောပါး (လွင့်ပါး) |
| ဂ ။ | ၄၃ | ဌါးဖမ်း | ငါးဖမ်း |
| ဃ ။ | ၄၉ | အာသန္န | အာသန္နံ |
| ၁ | ၁၀ | ရန်ကုန်ဆရာတော် | ဦးရန်ကုန် |
| ၂ | ၄ | ဝိမုတ္တိ | ဝိမုတ္တံ |
| ၂ | ၆ | လူဖြစ် | လူ၏ဖြစ် |
| ၃ | အောက်ဆုံး | အလာ | အရာ |
| ၄ | ၄ | ဓမ္မ | ဓမ္မံ |
| ၄ | ၅ | အဂ္ဂိယုတ္တံ | အဂ္ဂိဟုတ္တံ |
| ၈ | ၉ | မရှုရာ | မရှိရာ |
| ၁၀ | ၇၇ | ကောင်းတုံးပြန် | ကောင်းတုံပြန် |
| ၁၂ | ၁၃,၃ | အာဒိတ္တ | အာဒိဌ |
| ၁၃ | ၆ | အမူရာ | အမူအရာ |
| ၁၃ | ၇ | အမူရာ | အမူအရာ |
| ၁၄ | ၅ | ယုတ်ကျိုး | ယုတ်အကျိုး |
| ၁၄ | ၆ | ယုတ်ကျိုး | ယုတ်အကျိုး |
| ၁၅ | ၂၁၁ | ကြွရောက် | ကြွရာ |
| ၁၆ | ၉ | ကြောက်လန် | ကြောက်လန့် |
| ၁၇ | ၂၇၂ | ရုပ်နာမ်မသည်း | ရုပ်နာမ်မတုံး |
| ၁၇ | ၂၇၂ | ထင်မြင်သည်း | ထင်မြင်တုံး |
| ၁၈ | ၃၁၂ | ထွက်ခဲ့ပါ | ထွက်ခဲ့ပါ။ |
| ၂၂ | ၂၈ | ချုပ်ပြောက် | ချုပ်ပျက် |
| ၂၉ | ၁၅ | ဥကဝေဋ္ဌုံ | ကေဝဋ္ဌုံ |
| ၃၇ | ၅ | လောလိတ | ကောလိတ |
| ၃၈ | ၅ | ဆရာရှာဖွေ၍ | ဆရာ မရှာဖွေ၍ |
| ၃၉ | ၂၆ | ယေ-သတိ | ယေဋ္ဌမေဿတိ |
| ၄၈ | ၂၀ | ငွေချောင်း | ငွေချဉ်း (ချဉ်းကပ်) |
| ၄၉ | ၁၃ | ပဉ္စိန္ဒြိယာနိ | ပဉ္စိန္ဒြိ |
| ၄၉ | ၁၆ | ပဋ္ဌကတ္ထာမှိ | ပဋ္ဌကတ္တယမှိ |
| ၅၁ | ၁၄ | ဒိဋ္ဌိဟိ | ဒိဋ္ဌိဟိ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၅၁ | ၁၅ | ဒိဋ္ဌိဟိ | ဒိဋ္ဌိဟိ |
| ၅၂ | ၂၅ | ပူရဏ | ပူရာဏ |
| ၅၂ | ၂၅ | ပထမကံမြောက် | ပထကံမမြောက် |
| ၆၀ | ၁၇ | ဒေသေတိ | ဒေသေသိ[ပါဠိတွင်သိ] |
| ၆၂ | ၂ | ပသာဒေဘိ | ပသာဒေသိ<br>(ပါဠိတွင်မှား) |
| ၆၃ | ၆ | မေ့မေ့လျော့လျော့ | မေ့မေ့လျော့လျော့<br>နေသည်ဖြစ်၍ |
| ၆၇ | ၁၂ | အာရုံသာ | အာရုံ၌သာ |
| ၆၉ | ၁၂ | ရေးထား | ရေး၍ထားသော |
| ၉၄ | ၇ | ဝစနာ | ဝနေစနာ |
| ၉၅ | ၁၅ | မဖြစ်သေးသော<br>အကြင် | မဖြစ်သေးသော<br>ယံ ဓမ္မံ အကြင် |
| ၉၅ | ၁၆ | ယံ ဓမ္မံ | တံ ဓမ္မံ |
| ၉၇ | ၁ | အာတပ | အာတပံ |
| ၉၇ | ၁၈ | ကောင်းသောညဉ့် | ကောင်းသော နေ့ညဉ့် |
| ၁၀၁ | ၁၃ | မတတ်။ | မတတ် (ပုဒ်ဖြုတ်ရန်) |
| ၁၁၇ | ၉ | ပုပါ | ပုပ္ပါ |
| ၁၁၇ | ၁၃ | ပုပါ | ပုပ္ပါ |
| ၁၁၇ | ၂၂ | ပုပါ | ပုပ္ပါ |
| ၁၂၅ | အောက်ဆုံး | နိရာဒံ | နိရောဓံ |
| ၁၄၈ | ၃ | အကြင်မိမိ | မိမိ |
| ၁၅၀ | ၁၁ | တောင်းတုံ | ကောင်းတုံ |
| ၁၅၃ | ၂၂/၂၃ | တတ်သောသူ | ဘတ်သောသူ |
| ၁၇၉ | ၂၆ | ဘဝတောဃ | ကဝမောဃ |
| ၁၉၁ | ၂၃ | သတိယှည် | သတိယှဉ် |
| ၁၉၈ | ၅ | စိတ်၌စွဲကပ် | စိတ်၌ အဝိဇ္ဇာ စွဲကပ် |
| ၁၉၈ | ၁၂ | သစ္စံ | ဟိ သစ္စံ |
| ၁၉၉ | ၁၆ | ခုန်လေကဲ့သို့ | ခုန်လေသကဲ့သို့ |
| ၂၀၀ | ၉ | အဘယ့်ကြောင့်မတွေ့ | အဘယ့်ကြောင့်မရ<br>မတွေ့ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၀၂ | ၅ | ယောဂီပုဂ္ဂိုလ် | ပညာရှိ ယောဂီပုဂ္ဂိုလ် |
| ၂၀၇ | ၂၆ | ပွားများမှတ်မှတ် | ပွားများမှတ် |
| ၂၂၃ | ၁၂ | ဟီနာတိ် | ဟီနာတိ |
| ၂၂၃ | ၁၃ | ဖဏီတာ | ဗဏီတာ |
| ၂၂၃ | ၂၂ | ခွဲဦးအံ့ | ခွဲ၍ပြဦးအံ့ |
| ၂၂၆ | ၈ | ဆင်းရဲဒုက္ခမျိုး | ဆင်းရဲမျိုးဒုက္ခ |
| ၂၄၅ | ၁/၆ | ဥတ္တာ | ညတ္တာ |
| ၂၄၈ | ၄ | မပျံ့လွင့် | ဤ မပျံ့လွင့် |
| ၂၅၅ | ၁၉ | ကျင့်အပ်သောတရား | ကျင့်အပ်သော ဝတ္တရား |
| | ၂၀ | ကျင့်အပ်သောတရား | ကျင့်အပ်သော ဝတ္တရား |
| ၂၅၆ | ၈ | မဖြစ်သော | မဖြစ်ကောင်းသော |
| ၂၆၃ | ၃ | သူမြင် | သိမြင် |
| ၂၆၉ | ၁၃ | နိရောဓမ္မ | နိရောဓ ဓမ္မ |
| ၂၈၉ | ၅ | ဥဒဗ္ဗ | ဥဒ ယဗ္ဗယ |
| ၃၁၇ | ၄ | တတြိမေ | တတြမေ |
| ၃၂၁ | ၆ | ညာဏော | ညာဏေ |
| ၃၂၂ | ၁၀ | ခေါင်းစဉ်နံပါတ် (၁၀) | ခေါင်းစဉ် နံပါတ် ၃၀ |
| ၃၂၆ | ၂၇ | ခံစား၏ | ခံစားကြ၏ |
| ၃၃၁ | ၃ | မကောင်း | မရှိကောင်း |
| ၃၃၇ | ၇ | စိတ်ရောက် | စိတ်ကူးရောက် |
| ၃၄၅ | ၁၃ | သောငါး | သော သားငါး |
| ၃၅၀ | ၂၂ | အနိစ္စာ | အနိစ္စ |
| ၃၅၁ | ၁၂ | ပဋိသင်္ခါနုပဿနာ ညာဏံ | ပဋိသင်္ခါနုပဿနာညာဏ် |
| ၃၅၃ | ၅ | သုဘဒ္ဒ | အသုဘဒ္ဒ |
| ၃၅၃ | ၅ | အသုဘ | သုဘ |
| ၃၅၃ | ၆ | ပေါင်း၍ | ပေါင်း၍လေးပါး |
| ၃၅၃ | ၈ | သေသနာက္က | ဒေသနက္က |
| ၃၅၄ | ၂၃ | ဆိတ်သုဉ်းခြင်း | ဆိတ်ခြင်း သုဉ်းခြင်း |
| ၃၅၅ | ၁ | ။ | ၊ |

| စာမျက်နှာ | စာကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၅၅ | ၄ | ။ | ။ |
| ၃၅၅ | ၁၁ | 'အနိစ္စကိုထား | အနိစ္စ ဒုက္ခကိုထား |
| ၃၅၅ | ၂၄ | အဆုံးတွင်ထည့်ရန် | ဤကား ပဋိသင်္ခါ ဉာဏ်မြင်ပုံ |
| ၃၅၆ | ၇ | အနုသာ | အနုသာသာ |
| ၃၅၆ | ၂၀ | ။ | ။ |
| ၃၅၇ | အောက်ဆုံး | ပွားများတိုင်းအကုန် | ပွားများတိုင်း အလုံးစုံ အကုန် |
| ၃၅၇ | ။ | ရှုချင် | ရှုမြင် |
| ၃၅၈ | ။ ဒုတိယ | ဖြစ်ခဲ့ | ဖြစ်ခဲ |
| ၃၅၉ | ၁ | ပေသည် | ပေသည်ဟု |
| ၃၆၀ | ၂ | နှိုင်းချိန်ဟော | နှိုင်းချိန်၍ဟော |
| ၃၆၂ | ၅ | ဒေါမဿံ | ဒေါမနဿံ |
| ၃၆၃ | ၁၁ | ပဒုမ ဖလာသေ | ပဒုမ ဖလာသေ |
| ၃၆၃ | ၂၄ | မလာသေ | ဖလာသေ |
| ၃၆၄ | ၁၇ | ရှိုင်းသော ပဒုမ္မာ | ရှိုင်းသော ညွတ်သော ပဒုမ္မာ |
| ၃၆၄ | ၁၃ | ပဋိတုလျ | ပဋိကုလျ |
| ၃၆၆ | ၂၂ | သာလျှောင် | သာလျှင် (လျှင်မှာ–ါ ပါနေ) |
| ၃၆၈ | | | |
| ၃၇၀ | ၆ | ဖလာ | ဖလ |
| ၃၇၀ | ၅ | အလင်းပြ | အလင်းမြင် |
| ၃၇၉ | ၁၅ | ခိပ္ပါညာ | ခိပ္ပါဘိညာ |
| | ၂၄ | ပန်းပန်းပိန်ချုံး | ပန်းပန်း ညှိုးနွမ်း ပိန်ချုံး |
| ၃၈၀ | ၅ | မတွေ့ရ | မတွေ့မရ |
| ၃၈၀ | ၆ | အားထုတ် | အားထား |
| ၄၀၅ | ၂၆ | တိက္ကမော | တိက္ကမမော |
| ၄၁၁ | ၆ | ဝဝဇ္ဈ | ဝဋ္ဋဇ္ဈာ |
| ၄၁၉ | ၁၁ | သေသော | သေ သော |
| ၄၃၄ | ၁၃ | ဗျာမမတ္ထ | ဗျာမ မတ္ထ |

# ဓမ္မဒါနပြုကြသူများ

ကွယ်လွန်လေပြီးကြကုန်သော

ဓမ္မကထိက ဆရာကြီး ဦးချစ်အောင်-ဒေါ်ဒေါ်ညွန့်၊

သား-ဦးဖိုးထွန်း-ဒေါ်အေး (တောင်ငူ)

သား-ဦးသိန်း-ဒေါ်မြမြ၊ ဒေါ်ကြည်၊ ဒေါ်လှမြင့် (ဘောက်ထော်)

တို့အားရည်စူး၍ သား-သမီး-မြေးများ ဖြစ်ကြသော

သမီး-ဒေါ်မမလေး-ဦးအုန်းမောင် (မြို့လှ)

သား-ဦးထွေးမောင်(ဒေါ်လှမြင့်) ဗိုလ်မှူးမောင်ကို (အငြိမ်းစား)

(ဒေါ်စမ်းရီ)

၃၁၁/၂၁ [illegible]

[illegible]

မြေးများ

-ဦးသန်း၊ ဒေါ်မြဝင်းနှင့် မြစ်များ

ဦးစံသိန်း၊ ဦးကျော်သိန်း-ဒေါ်အေးကြွယ်နှင့် မြစ်များ

အစ်ကိုထွေး၏ သားသမီး မြေးများ၊

ဦးမောင်ကိုရီ-ဒေါ်အေးခင်နှင့် မြစ်များ

ဒေါ်ကြည်ကြည်ညွန့်-ဦးရန်အောင်နှင့် မြစ်များ၊

ဦးစမ်းညွန့် (ခ) ဦးပျူးချို ဒေါ်နီနီညွန့်-ဦးဝင်းချိုနှင့် မြေး

ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးကိုမြတ်၊ ဒေါ်အေးအေးညွန့်